ကေန ဝုတ္တံ-ဟူသော အမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာသာ ရှိပါသလော။(အာဘော်) ကဒါ ဝုတ္တံ-ဟူသော အမေးပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာကား အဘယ်ပါနည်း။(ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေကြားတော်မူလိုသော အဋ္ဌကထာဆရာသည် (င) ဝါကျကိုမိန့်။ **အဓိပ္ပါယ်ကား--** (င)ဝါကျဖြင့် ကဒါ ဝုတ္တံ-ဟူသော အမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကို ငါပြဆိုပါ၏ဟူလို။

**(င) သို့/ စောဒနာတက်**။ ။ ဆရာ၊ ဆရာသည် (ယ) ဝါကျဖြင့် ကေန ဝုတ္တံ-ဟူသော အမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကို ပြဆိုတော်မူ၏။ ကေန ဝုတ္တံ-ဟူသော အမေး ပုစ္ဆာ၏ အဖြေဝိသဇ္ဇနာသာ ရှိပါသလော။ ကဒါ ဝုတ္တံ-ဟူသော အမေးပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာကား အဘယ်ပါနည်း။ အကယ်၍ ကဒါ ဝုတ္တံ-ဟူသော အမေးပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာကို မပြဆိုခဲ့သော် ဆရာ့အား စကားမပြန့်နှံ့သော အဗျာပိတဒေါသ၊ စကား မပြည့်စုံသော အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနေ့ာလိုသော အဋ္ဌကထာဆရာသည် (င)ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား--** (င)ဝါကျဖြင့် ကဒါ ဝုတ္တံ-ဟူသော အမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကိုလည်း ငါပြဆိုသည်ဖြစ်သောကြောင့် သင်တင်တိုင်းသော အဗျာပိတဒေါသ၊ အပရိပုဏ္ဏဒေါသ ငါ့အပေါ်မရောက် ကင်းစင်လွင့်ပျောက်ပါ၏ဟူလို။

**(င) သို့/ အဘိယာစတက်**။ ။ ဆရာ၊ ဆရာသည် (ယ) ဝါကျ ဖြင့် ကေန ဝုတ္တံ-ဟူသော အမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကို ပြဆိုတော်မူ၏။ ကဒါ ဝုတ္တံ-ဟူသော အမေး ပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကိုလည်း ပြဆိုတော်မူပါဦး။ ဤသို့ လျှောက်ထား တောင်းပန်ဖွယ်ရှိသောကြောင့် (င) ဝါကျကိုမိန့်။

### ➤ ဒေါသတောင် နိုယ်မျှား

* ဝိတ္ထာ သံခိပ်၊ ဥဒ် နိဒ် နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိတင်။
* အနုသန္ဓေပြ၊ ယင်းဝါကျ၊ ပုနရုတ္တိတင်။
* ပက္ခန္တရ၊ ဟူလက၊ အဗျာပိတတင်။
* ဥပန္យာသ၊ ဟူလက၊ အဗျာပိတတင်။
* ဝါကျာရမ္ဘ၊ ဟူလက၊ အဗျာပိတတင်။
* လက္ခဏာရစိ၊ ဝါကျရှိ၊ အဗျာပိတတင်။
* ဝိသေ ဝါကျ၊ ဟူလက၊ အတိဗျာပိတတင်။
* အတ္ထုဒ္ဓေသ၊ ဘိယေျ၊ တင်ကြတိဗျာပင်။
* အဓိဝစန်၊ နာမံ ဓိပ္ပေ၊ ဂဟဏော၊ တင်လေ တိဗျာပင်။
* ဒဋ္ဌိမည်ရှိ၊ ဝိရောဓိ၊ သတိမြဲမြဲယှဉ်။
* ကာရဏ ဒဋ္ဌိ၊ ဝိရောဓိ၊ တင်ဘိအပြစ်ပင်။

http://www.dhammadownload.com



* ဥဒ် နိဒ် နိဂမ၊ ဝိတ္ထာရ၊ ဒေါသဝိရောပင်။

* လဒ္ဓဂုဏ၊ ကျိုးဖလ၊ နိရုတ္တကတင်

➤ ၃။ (က) ဝါကျသည် မာတိကာပုဒ်များကို ထုတ်ဆောင်၍ အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ မည်၏။ ထိုဝါကျကိုထောက်၍ ဝုတ္တံ ယေန ယဒါ ယသ္မာ-အစရှိသော ဆိုခဲ့ပြီး နှစ်ဂါထာသည် ငုတ်ကျဉ်းသော မာတိကာပုဒ်များကို ပြသောကြောင့် သင်္ခေပဝါကျ မည်၏။ (ခ) ဝါကျသည် (က) ဝါကျ စကားရပ်၏ အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ မည်၏။ ထိုဝါကျကိုထောက်၍ (က) ဝါကျသည် အကျိုးကို ပြသောကြောင့် ဖလဝါကျ မည်၏။ (ဂ) ဝါကျသည် ရအပ်သော အကျိုးကိုပြသောကြောင့် လဒ္ဓဂုဏဝါကျ မည်၏။ ထိုဝါကျကိုထောက်၍ (ခ) ဝါကျသည် အကြောင်းယုတ္တိကို ပြသောကြောင့် လဒ္ဓဂုဏီယဝါကျ မည်၏။ (ဃ) ဝါကျသည် ပုစ္ဆာမှတစ်ပါး အဖြေဝိသဇ္ဇနာကို ပြသောကြောင့် ပက္ခန္တရဝါကျမည်၏။ ထိုကိုထောက်၍ (ဂ) ဝါကျသည် ပက္ခဝါကျမည်၏။ (င)ဝါကျသည် ကေန ဝုတ္တံ-ဟူသော ပုစ္ဆာ၏ အဖြေဝိသဇ္ဇနာမှ တစ်ပါး ကဒါ ဝုတ္တံ-ဟူသော ပုစ္ဆာ၏ အဖြေဝိသဇ္ဇနာဟူသော အဖို့တစ်ပါးကိုပြသောကြောင့် ပက္ခန္တရဝါကျမည်၏။ ထိုကိုထောက်၍ (ဃ) ဝါကျသည် ပက္ခဝါကျမည်၏။

➤ **စာစပ်** ။ ။ ဣဒံ ဝစနံ-ကား ကို--ကြောင့် ဝုတ္တံ-၌ သာမညဝုတ္တကံ။ ဝုတ္တံကား သာမညဝုတ္တကံ၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

ဝေမာဒိဝစနံကား ကို--ကြောင့် သန္ဒာယ-၌ ဝိသေသ အဝုတ္တကံ၊ သန္ဒာယကား ဝိသေသ အဝုတ္တကံ၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

**ဝါကျသင်္ဂဟ**

(၁) **သင်္ခေပ+ဝိတ္ထာရ**= ချဲ့ဦးအံ့။ (၂) **ဝိတ္ထာရ+သင်္ခေပ**= အကျဉ်းကိုဆိုအံ့၊ အကျဉ်းချုပ်ကား။

(၃) **ဒဠှီယ+ဒဠှီကရဏ**= မှန်၏။သင့်စွ။ (၄) **အပါကဋ+ ပါကဋီကရဏ**= ထင်ရှားအောင်ပြဦးအံ့။

(၅) **နိဂမနီယ+နိဂမန**=နိဂုံးကိုဆိုဦးအံ့။ (၆) **ဖလ+ကာရဏ**=ထို့ကြောင့်။ဟိ-အကျိုးကိုဆိုဦးအံ့။

(၇) **ယုတ္တိ (လဒ္ဓ ဂုဏီယ+လဒ္ဓဂုဏ)**=အကျိုးကိုဆိုအံ့။ တေန-တသ္မာ၊ထို့ကြောင့်။

(၈) **အယုတ္တိ (လဒ္ဓဒေါသီယ)+လဒ္ဓဒေါသ**=အပြစ်ကိုဆိုအံ့။ လဒ္ဓဒေါသထင်ရှားပြအံ့။

(၉) **အာရမ္ဘ+ဝါကျာရမ္ဘ/ ဥပနျာသ**=ဆက်ဦးအံ့။ (၁၀) **သာမည+ဝိသေသ**=အထူးကိုဆိုအံ့။

(၁၁) **ဝိသေသ+သာမည**=သာမညကိုဆိုအံ့။သာမညကား။

(၁၂) **အနွယ+ဗျတိရေက**=ဗျတိရိက်ကိုဆိုအံ့၊ ဗျတိရိက်ကား။

(၁၃) **ဗျတိရေက+အနွယ**=အနွယကား၊စင်စစ်သော်ကား၊ အလျော်ကိုဆိုအံ့။

(၁၄) **သမ္ဘာဝနာ+ ဂရဟာ** =ထိုသို့ပင်---သော်လည်း။

(၁၅) **ဂရဟာ+သမ္ဘာဝနာ** =ထိုသို့ပင်--သော်လည်း။

(၁၆) **ပက္ခ+ပက္ခန္တရ**=အဖို့တစ်ပါးကိုဆိုအံ့။ စ=သည်သာ မကသေး။

http://www.dhammadownload.com



➤ ၄။ အက္ခသေ ပတိ ပဝတ္တတီတိ **ပစ္စက္ခံ**။ ယံဝစနံ၊သည်။အက္ခသေ၊ဣန္ဒြေ၌။ ပတိ၊ရှေးရှု။ပဝတ္တတိ၊ဖြစ်တတ်၏။ဣတိ၊ကြောင့်။တံ ဝစနံ၊သည်။ပစ္စက္ခံ မည်၏။

အက္ခသေ ပတိ ပဝတ္တတိကား ဆဋ္ဌီအဗျယီဘောသမာသ်ဝိဂြိုဟ်၊ ပစ္စက္ခံကား ဆဋ္ဌီအဗျယီဘောသမာသ်ပုဒ်။ ပတိပုဒ်+အက္ခပုဒ်။

ဤ ပစ္စက္ခံ-ဟူ သော အဗျယီဘောသမာသ်၌ အက္ခ-ဟူသော ဝိသေသနပုဒ်အရကား ဣန္ဒြေသည် မုချအားဖြင့်ရ၏။ ထိုဣန္ဒြေ၏ ရှေးရှုဖြစ်သော စကားဒြဗ်နှင့် ဂုဏ်-ဂုဏော/ဝိသေသန-ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရအားဖြင့် ရ၏။ ပစ္စက္ခံဟူသော သမာသ်ပုဒ်လုံးအရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော ဣန္ဒြေ၏ ရှေးရှုဖြစ်သော စကားရ၏။ (ဝါ) မျက်မှောက်ဖြစ်သော စကားဒြဗ်ရ၏။

(တစ်နည်း) အက္ခသေ ပတိ **ပစ္စက္ခံ**။ အက္ခသေ၊ဣန္ဒြေ၏။ ပတိ၊ရှေးရှုကာလတည်း။ ပစ္စက္ခံ၊ဣန္ဒြေ၏ ရှေးရှုကာလ။ (ဝါ) မျက်မှောက်ကာလ။(အဗျယီဘော)

ဤ ပစ္စက္ခံဟူသော သမာသ်ပုဒ်၌ အက္ခဟူသော ဝိသေသန ပုဒ်အရကား ဣန္ဒြေသည် မုချအားဖြင့်ရ၏။ ထိုဣန္ဒြေတို့၏ ရှေးရှုကာလနှင့် ကာလဝန္တ-ကာလ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရအားဖြင့်ရ၏။ ပစ္စက္ခံဟူသော သမာသ်ပုဒ်လုံးအရကား ထို--သော ဣန္ဒြေ၏ ရှေးရှုကာလရ၏။ (ဝါ) မျက်မှောက်ကာလ ရ၏။

မာတာဝိယာတိ **မာတိကာ**။ မာတာဝိယ၊အမိကဲ့သို့တည်း။(ဝါ) အမိနှင့်တူသည်တည်း။ ဣတိ၊ကြောင့်။မာတိကာ၊မည်၏။မာတာဝိယာတိကား ဥပမာတဒ္ဓိတ်ဝိဂြိုဟ်၊ မာတိကာ ကား ဥပမာတဒ္ဓိတ်ပုဒ်၊ မာတုပုဒ်+ဏိကပစ္စည်း။

မာတု-ဟူသော တဒ္ဓိတ်ပုဒ်အရကား အမိဒြဗ်သည် မုချအားဖြင့်ရ၏။ထိုအမိဒြဗ်၏ အကျဉ်းဥဒ္ဒေသဒြဗ်နှင့် သဒိသ-သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရတ္ထ အားဖြင့်ရ၏။ ဏိကပစ္စည်းအရကား ထို မုချ ဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော အကျဉ်း ဥဒ္ဒေသ (မာတိကာ) ဒြဗ်ရ၏။

ပစ္စက္ခံ ကတွာ ဝုတ္တံ ဝစနံ **ပစ္စက္ခဝစနံ**။(အစိတ်) အတ္တနော ပစ္စက္ခဝစနံ **အတ္တပစ္စက္ခဝစနံ**။ (အပေါင်း) ပစ္စက္ခံ ကတွာ၊မျက်မှောက်ပြု၍။ဝုတ္တံ၊ဟောအပ်သော။ဝစနံ၊စကားတည်း။ ပစ္စက္ခဝစနံ၊--စကား။ အတ္တနော၊မိမိ၏။ပစ္စက္ခဝစနံ၊--စကားတည်း။အတ္တပစ္စက္ခဝစနံ၊မိမိ၏--စကား။ ဆဋ္ဌီတပ္ပုရိသ်သမာသ်၊ အတ္တပုဒ်+ ပစ္စက္ခဝစနပုဒ်။

အတ္တ-ဟူသော ဝိသေသနပုဒ်အရကား မိမိဟူသော မြတ်စွာဘုရားဒြဗ်သည် မုချ အားဖြင့်ရ၏။ ယင်း မိမိဟူသော မြတ်စွာဘုရားဒြဗ်၏ မျက်မှောက်ပြု၍ ဟောတော်မူ အပ်သော စကားဒြဗ်နှင့် ဇနက ဇည အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရတ္ထ အားဖြင့်ရ၏။ အတ္တပစ္စက္ခဝစန-ဟူသော သမာသ်ပုဒ်လုံးအရကား ထိုမုချ ဌာနူပစာရတ္ထ တို့ဖြင့် မှတ်အပ်သော မြတ်စွာဘုရား၏ မျက်မှောက်ပြု၍ ဟောတော်မူအပ်သော စကား

http://www.dhammadownload.com



ဖြစ် (ဝါ) ဘုရားရှင် ဟောတော်မူအပ်သော စကားဖြစ်ရ၏။

* ယထာပစ္စယံ တတ္ထ တတ္ထ ဒေသိတတ္တာ ပညတ္တတ္တာစ ဝိပ္ပကိဏ္ဏာနံ ဓမ္မဝိနယာနံ သင်္ဂဟေတွာ ဂါယနံ ကထနံ **သင်္ဂီတိ**။ (အကြောင်းအားလျော်စွာ ထိုထိုအရပ်၌ ဟောကြားအပ် ပညတ်အပ်သောကြောင့် ဖရိုဖရဲ ပြန့်ကြဲကုန်သော ဓမ္မဝိနယတို့ကို စုပေါင်း၍ ရွတ်ဆိုခြင်း) သံ+ဂေ+တိ။

သံဟူသော ဥပသာရ ပုဒ်အရကား စုပေါင်းခြင်း သင်္ဂဟနဘော (ဝါ) ဓာတွတ္ထ ဝိသေသကဘောဂုဏ်ရ၏။ ဂေဓာတ်အရကား ရွတ်ဆိုခြင်းကြိယာ (ဝါ) အကြောင်းအား လျော်စွာ ထိုထိုအရပ်၌ ဟောအပ် ပညတ်အပ်သောကြောင့် ဖရို ဖရဲ ပြန့်ကြဲကုန်သော ဓမ္မဝိနယတို့ကို စုပေါင်း၍ ရွတ်ဆိုခြင်းဟူသော ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာတို့၏ မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ တိပစ္စည်းအရကား ဘာဝ သာဓနတွင်သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ဆိုအပ်ခဲ့ပြီးသော ရွတ်ဆိုခြင်းကြိယာ (ဝါ) အကြောင်းအား(ပ) စိတ္တုပ္ပါဒ်ပင်ရ၏။

* သင်္ဂဟေတွာ ဂါယန္တိ ဧတ္ထာတိ သင်္ဂီတိ။ မဟတီ သင်္ဂီတိ မဟာသင်္ဂီတိ။ ပဉ္စမာ မဟာသင်္ဂီတိ **ပဉ္စမ မဟာသင်္ဂီတိ**။ ပဉ္စမာ၊ရှေးဦးစွာသော။မဟာ သင်္ဂီတိ၊ပူဇော်အပ်သော သင်္ဂါယနာ။ပဉ္စမမဟာသင်္ဂီတိ၊ရှေးဦးစွာသော ပူဇော်အပ်သော သင်္ဂါယနာ။ ပဉ္စမာပုဒ်+ မဟာသင်္ဂီတိပုဒ်။ ပဉ္စမာ-ဟူသော ဝိသေသန ပုဒ်အရကား ရှေးဦးစွာဟူသော ပဉ္စမတ္တ ဘောဂုဏ်သည် မုချ။ ယင်း၏ ပူဇော်အပ်သော သင်္ဂါယနာနှင့် ဂုဏ်-ဂုဏီ စပ် ဌာနူ။ ပဉ္စမ မဟာသင်္ဂီတိ-ဟူသော သမာသ်ပုဒ်လုံးအရကား ထိုမုချ ဌာနူပစာရတွက်တို့ဖြင့် မှတ် အပ်သော ရှေးဦးစွာသော ပူဇော်အပ်သော သင်္ဂါယနာ ဖြစ်ရ၏။

မဟိတဗ္ဗာ ပူဇိတဗ္ဗာ **မဟာတိ**။ ကလျန္တေ သချာယန္တေ အာယုပ္ပမာဏာဒယော အနေနာတိ **ကာလော**။ ပဉ္စမ မဟာသင်္ဂီတိ ကာလော **ပဉ္စမ မဟာသင်္ဂီတိကာလော**။

နိဒဒါတိ ဒေသနံ ဒေသကာလာဒိဝသေန အဝိဒိတံ ဝိဒိတံ ကတွာ ဒဿေတီတိ **နိဒါနံ**။ (ဒေသနံ ဒေသကာလာဒိဝသေန၊ဒေသကာလ စသည်တို့၏ အစွမ်းဖြင့်။အဝိဒိတံ၊ မထင်ရှားသည်ကို။ဝိဒိတံ ကတွာ၊ထင်ရှားအောင်ပြု၍။နိဒဒါတိ ဒဿေတိ၊ပြတတ်၏။)

ကုသလဿ ဘာဝေါ ကောသလ္လံ။ နိဒါနေ ကောသလ္လံ **နိဒါနကောသလ္လံ**။

ကိရတီတိ ကရုဏာ။ ကရုဏာယ နိယုတ္တော ကာရုဏိကော။ မဟန္တော ကာရုဏိကော **မဟာကာရုဏိကော**။ မဟန္တော၊ကရုဏာတော်ဖြင့် မြတ်သော။ ကာရုဏိကော၊ကရုဏာ၌ ယှဉ်တော်မူသော မြတ်စွာဘုရားတည်း။ဣတိ၊ကြောင့်။မဟာကာရုဏိကော၊က-မည်တော် မူ၏။ (ဝိသေသနပုဗ္ဗပဒ ကမ္မဓာရည်း သမာသ်ဝိဂြိုဟ်) မဟန္တပုဒ်+ ကာရုဏိကပုဒ်။

မဟန္တ-ဟူသော ဝိသေသနပုဒ်အရကား ကရုဏာတော်ဖြင့် မြတ်ခြင်း မဟန္တဘော ဂုဏ်သည် မုချ။ ယင်း မဟန္တဘောဂုဏ်၏ ကရုဏာ၌ယှဉ်တော်မူသော မြတ်စွာဘုရား

http://www.dhammadownload.com



ဒြဗ်နှင့် ဂုဏ်-ဂုဏေးစပ် ဌာနူပစာ။ ပုဒ်လုံးအရ- ထို--သော ကရုဏာဖြင့်မြတ်သော ကရုဏာ၌ ယှဉ်တော်မူသော မြတ်စွာဘုရားဖြစ်ရ၏။

➤ ၇။ **သင်္ဂီတိ/သင်္ဂီတိ** ။ ။ အတ္ထိ သက္ကာ လဗ္ဘာ က္ကစ္စေတေ ပဌမာယံ-ဟူသော ရူပသိဒ္ဓိနှင့်အညီ သက္ကာ-ကား ကတ္တုဝါစက အာချာတ ပဋိရူပက ပဌမန္တနိပါတ်ဖြစ်သည်။ ယင်းသက္ကာကိုငဲ့၍ ဓမ္မသင်္ဂီတိကား ပဌမန္တ ကတ္တားသာတည်း။ သက္ကာ-ဟူသော ပဓာနကြိယာကိုငဲ့၍ ပဌမန္တကတ္တားထားပြီးနောက် ကာတုံ-ဟူသော အပဓာနကြိယာကို ငဲ့၍ ဓမ္မသင်္ဂီတိ-ဟု ဒုတိယန္တ (အဝုတ္တကံ) အစီအရင် မဖြစ်သင့်သောကြောင့် ဓမ္မသင်္ဂီတိ-ဟု ပဌမန္တကတ္တားနှင့်ရှိသောပါဠိသာ ယုတ္တတရ ဖြစ်ပါသည်။

**သင်္ဂီတိ/သင်္ဂီတိ** ။ ။ သံပုဗ္ဗ ဂေဓာတ်၊ တိပစ္စည်း၊ သဗ္ဗတ္ထ ဂေ ဂီ (ကစ္စည်း) ဂေ ဂီ တတိသု (နီတိသုတ်) ဖြင့် ဂေဓာတ်ကို ဂီပြု။ (တစ်နည်း) ဂါပါနမိ (မောဂ်) ဖြင့် ဂါဓာတ်၏ အစိတ် အာကို ဤပြု၍ ရုပ်ပြီးသောကြောင့် သင်္ဂီတိ-ဟု မဇ္ဈေဒီဃနှင့်ရှိသော ပါဠိသာ သင့်ပါသည်။

**ဥပါလိတ္ထေရေန/ဥပါလိထေရေန** ။ ။ ရဿာကာရတော ပရံ ဝဂ္ဂဒုတိယေသု၊ ပဉ္စ ခန္ဓာ ပဉ္စက္ခန္ဓာ (ပ) ယသတ္ထေရော (ရူပသိဒ္ဓိ)ကိုထောက်၍ ရဿ နောက်ရှိ ဝဂ်၏ ဒုတိယ မြောက် အက္ခရာသည် အသဒိသဒွေဘော်ဌာနဖြစ်သောကြောင့် ဥပါလိတ္ထေရေန-သာ သင့်ပါသည်။

**ပဌမ/ပထမ** ။ ။ ပဌစရာ အမိမာ(မောဂ္ဂလာန်)သုတ်ဖြင့် ပဌဓာတ်နောင် အမပစ္စည်း ဖြင့် ရုပ်ပြီးသောကြောင့်ရင်း၊ ပဌတော အမော(နီတိသုတ်)ဖြင့် ပုထအာဒေသ ပဌ-သဒ္ဒါ နောင် အမပစ္စည်းသက်၍ ပြီးသောကြောင့်ရင်း ပဌမော-ဟု မုဒ္ဓဇ ဌ-အက္ခရာနှင့် ရှိသော ပါဠိသင့်ပါသည်။

ပုထသ ပုထု ပထာမော ဝါ (ကစ္စည်း) သုတ်ဖြင့် ပုထု-ဟူသော ပါဋိပဒိကပုဒ်ကို (တစ်နည်း) ပုထဓာတ်ကို ပထပြု၊ အမပစ္စည်းသက်၍ ရုပ်ပြီးသောကြောင့် ပထမော-ဟု ဒန္တဇ ထ-အက္ခရာနှင့်ရှိသော ပါဠိလည်းသင့်ပါသည်။

**ဝဝဋ္ဌပေတဗ္ဗော/ဝဝတ္ထပေတဗ္ဗော** ။ ။ ဝဝဋ္ဌပေတဗ္ဗောကား ဝိ+အဝ+ထပ+ဏေ+ တဗ္ဗပစ္စည်း၊ ဝိ-၌ ဣသရကိုချေ၊ ဝ-ကို အ-သို့ကပ်၊ ထကို ဌပြု၊ အသဒိသဒွေဘော် ဋပြု၍ ပြီးသောကြောင့် "ဝဝဋ္ဌပေတဗ္ဗော"ပါဠိ သင့်ပါသည်။ ဝိ+အဝ+ထာ+ဏာပေ+တဗ္ဗ။ ထ-ကို ဌ မပြန်ပဲ ပြီးသင့်သလို ပြီးသောကြောင့်ရင်း၊ ဝဝတ္ထာနံ ဝဝတ္ထိတံ-စသော ပုဒ်တို့ ကို မြင်ရသောကြောင့်ရင်း "ဝဝတ္ထပေတဗ္ဗော"ပါဠိလည်း သင့်ပါသည်။

**ပစ္စူသ/ပစ္စူသ** ။ ။ ပတိပုဗ္ဗ ဦသဓာတ် အပစ္စည်းဖြင့်ပြီးသောကြောင့် ပစ္စူသ သင့်ပါသည်။

**ယာဝဒေ/ယာဝဒေဝ** ။ ။ ယာဝဒေ-ကား ယာဝဒေဝနှင့် အနက်တူနိပါတ်ဖြစ်သော

http://www.dhammadownload.com



ကြောင့်ရင်း၊ ဋီကာတို့၌ ယာဝဒေဝ-ဟူသော ပါဌ်လည်းရှိကြောင်း ဆိုသောကြောင့်ရင်း၊ ယင်း ယာဝဒေဝပါဌ် မရှိသင့်ကြောင့် ဋီကာတို့၌ တားမြစ်ချက် မရှိသောကြောင့်ရင်း ၂-ပါဌ်လုံး သင့်ပါသည်။

**တဿ ကိမဿ/တဿ မေ ကိမဿ** ॥ ॥ တဿကိမဿ-ဟုရှိလျှင် တဿ အနုဂ္ဂဟ ဿ၊ထိုချီးမြှောက်ခြင်း၏။(တနည်း) တဿ မေ၊ ထိုငါ့အား-ဟု အနက်ပေးရသောကြောင့်ရင်း။ တဿ မေ-ဟုရှိလျှင် တဿ မေ၊ထိုငါ့အား-ဟု အနက်ပေးရသောကြောင့်ရင်း ၂-ပါဌ် လုံးသင့်ပါသည်။

**အာဏဏ္ဍံ/အာနဏ္ဍံ** ॥ ॥ ယင်းပုဒ်ကား နပုဒ်+ဣဏပုဒ်၊ နတ္ထိ ဣဏံ အဿာတိ အဏဏော-ဟု ဝစနတ္ထပြု၊ နကို အနပြု၊ တေသု ဝုဒ္ဓိသုတ်ဖြင့် န ကို ဏပြု၊ ဣကို အ-ပြု၍ "အဏဏ"ဟု ပြီးသည်။ အဏဏဿ ဘာဝေါ အာဏဏျံ-ဟု ဘာဝတဒ္ဓိတ်ဆင့်၍ အဏဏ+ဏျ-ဟု ပြီးသောကြောင့် အာဏဏျံ-ပါဌ် သင့်ပါသည်။

**သဒ္ဓမ္မသံဝဏ္ဏနံ/သံဝဏ္ဏနာ ကောဝိဓေဟိ** ॥ ॥ သံဝဏ္ဏိယတေ သံဝဏ္ဏနံ၊ သဒ္ဓမ္မဿ သံဝဏ္ဏနံ သဒ္ဓမ္မသံဝဏ္ဏနံ၊ သဒ္ဓမ္မသံဝဏ္ဏနေ ကောဝိဒါ သဒ္ဓမ္မ သံဝဏ္ဏနကောဝိဒါ-ဟု ဝစနတ္ထပြု၍ သံဝဏ္ဏန-သဒ္ဒါ နပုံလိင် အာကာရန္တဖြစ်သောကြောင့်ရင်း၊ သံဝဏ္ဏိယတေ တောယာတိ သံဝဏ္ဏနာ-ဟု ဝစနတ္ထပြု၍ သံဝဏ္ဏနာ-သဒ္ဒါ အာကာရန္တဖြစ်သော်လည်း ဆန္ဒာနုရက္ခဏအတွက် ရဿပြုထားသောကြောင့်ရင်း "သံဝဏ္ဏန"ဟု ရဿနှင့်ရှိသော ပါဌ်သာ သင့်ပါသည်။

**အဋ္ဌကထာ/အဋ္ဌကထာ** ॥ ॥ အတ္ထော ကထိယတိ တောယာတိ အတ္ထကထာ၊ သာယေဝ အဋ္ဌကထာ။ တ္ထကာရဿ ဋ္ဌကာရံ ကတွာ-ဟု သာရတ္ထ၌ ဆိုသောကြောင့်ရင်း၊ ပိဋကတ္တော စသည်၌ကဲ့သို့ တ္ထကို ဋ္ဌပြု၍ပြီးသောကြောင့်ရင်း အဋ္ဌကထာ- သင့်ပါသည်။

သဒ္ဒနီတိ သုတ္တမာလာ၌ "တထာနံ ဋ္ဌယုဂံ အဋ္ဌကထာ၊ အတ္ထကထာ ဝါ"ဟု ရှိသော ကြောင့် တ္ထကို ဋ္ဌ-မပြုလျှင် အတ္ထကထာပါဌ်လည်း သင့်ပါသည်။ ထို့ကြောင့် ၂-ပါဌ်လုံး သင့်သည်။

**သမ္မ/သမ္မာ သမာရဘိဿံ** ॥ ॥ သမ္မာ-သဒ္ဒါ အာကာရန္တ နိပါတ်ဖြစ်သော်လည်း ဣန္ဒဝဇိရာ ဂါထာဖြစ်၍ ဆန္ဒာနုရက္ခဏအလို့ငှာ ရဿပြုသောကြောင့် သမ္မ-သာ သင့်။

**အဋ္ဌကထာ အကံသု/ အဋ္ဌကထာ မကံသု** ॥ ॥ အကံသု-၌ မ-အာဂုံ မလာလျှင် အကံသု-သင့်ပါသည်။ မ-အာဂုံလာလျှင် မကံသု-သင့်ပါသည်။ (အနက်တူ)

➤ ၈။ **ဓမ္မသင်္ဂီတိ** ॥ ॥ န သက္ကာ ဓမ္မသင်္ဂီတိ ကာတုံ-၌ ဓမ္မသင်္ဂီတိ-ဟူသော နည်းသည် ဓမ္မသင်္ဂီတိ၊သုတ် အဘိဓမ္မာကို သင်္ဂါယနာတင်ခြင်းကို။ကာတုံ၊ပြုခြင်းငှာ။န သက္ကာ၊မတတ်ကောင်း။ဟူ၍ရင်း။ ဓမ္မသင်္ဂီတိ၊သည်။ကာတုံငှာ။န သက္ကာ၊မတတ်ကောင်း ဟူ၍ရင်း၊ဤသို့ ကာတုံ၊ န သက္ကာ နှစ်ပုဒ်ကိုင်ငဲ့သောကြောင့် ကာကောလောကနနည်း

http://www.dhammadownload.com



မည်၏။

**ကုသိနာရာယံ** ။ ။ အနီးရှိသော ကုသိနာရုံပြည်၏ "ကုသိနာရာယံ"ဟူသောအမည်ကို အနီးဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းတော အင်ကြင်းပင်အစုံတို့၏ အလယ်အရပ်၌တင် သမီပူပစာ။

**သုမုဋ္ဌာ ဖယံ တေန မဟာသမဏေန၊ ဥပဒ္ဒုတာ စ ယောမ ဣဓံ စေါ ကာပူတိ ဣဓံ စေါ နကာပူတိတိ—၌ နည်း**

မဟာသမဏေနပုဒ်သည် သုမုဋ္ဌာ၌ စပ်ခိုက် အပါဒါန်၊ ဥပဒ္ဒုတာ၌ စပ်ခိုက် ကတ္တား။ ယင်းသို့ နှစ်ပုဒ်ငဲ့သောကြောင့် ကာကောလောကနနည်း။

**ပံသုကူလာနိ** ။ ။ အစိတ်ဖြစ်သော ချည်မျှင် အစိတ်အများ၏ "ပံသုကူလာနိ"ဟူသောအမည်ကို အပေါင်းဖြစ်သော တစ်ထည်သော ပံသကူသင်္ကန်း၌တင် ဧကဒေသူ ပစာ။ ဥပလက္ခဏနည်း။

**ဥတ္တရိမနုဿဓမ္မ အလမရိယဉာဏဒဿနဝိသေသံ** ။ ။ အစိတ်ဖြစ်သော ဥတ္တရိမနုဿဓမ္မ၌ အတူထားခြင်း၏ "ဥတ္တရိ မနုဿဓမ္မေ အတ္တနာ သမသမဋ္ဌပနေန"ဟူသောအမည်ကို အပေါင်းဖြစ်သော ဥတ္တရိမနုဿဓမ္မ၌ အတူထားခြင်း ဩဝါဒပေးရာ တရားစကား ဟောပြောရာ၌ အတူထားခြင်း၌တင် ဧကဒေသူပစာ။/ဥတ္တရိမနုဿဓမ္မ၌ အတူထားခြင်းဟူသော အထင်ကိုဆိုသဖြင့် ဩဝါဒပေးရာ တရားစကားဟောပြောရာ အတူထားခြင်းဟူသော အလုံးစုံကိုလည်း ရသောကြောင့် နိဒဿနနည်း မည်၏။

**မဟာကာရုဏိကဿ** ။ ။ ဌာနဖြစ်သော မြတ်စွာဘုရား၏ "မဟာကာရုဏိက" ဟူသော အမည်ကို ဌာနီဖြစ်သော မဟာကရုဏာတော်၌တင်--ဌာနူပစာ။

မြတ်စွာဘုရားတည်းဟူသော ဌာနကိုဆိုသဖြင့် မဟာကရုဏာတည်းဟူသော ဌာနီကိုလည်း ရသောကြောင့် နာန္တရိကနည်းမည်၏။

**လောကဟိတာယ** ။ ။ အပေါင်းဖြစ်သော သတ္တလောက, သင်္ခါရလောက, ဩကာသလောက၏ "လောက"ဟူသောအမည်ကို အစိတ်ဖြစ်သော သတ္တလောက၌တင်--ဧကဒေသျူပစာ။ **လောကဟိတာယ**-ဟူသောနည်းသည် လောက-အရ သင်္ခါရလောက ဩကာသလောကတို့ကို မယူရ၊ သတ္တလောကကိုသာ ယူရမည်ဟု ဆောင်၍သိအပ်သော အနက်ရှိသောကြောင့် နေယျတ္ထနည်းမည်၏။ သတ္တလောက သင်္ခါရလောက ဩကာသလောကတည်းဟူသော ထိုင်၌ ထင်သောအားဖြင့် သတ္တလောကတည်းဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ရုဠ္ဌီနည်းမည်၏။

**ဗုဒ္ဓနိသေဝိတံ** ။ ။ အစိတ်ဖြစ်သော သဗ္ဗညုဘုရားရှင်၏ ဗုဒ္ဓ-ဟူသောအမည်ကို အပေါင်းဖြစ်သော သဗ္ဗညုဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၌တင်-- ဧကဒေသူပစာ။ သဗ္ဗညုဘုရားတည်းဟူသော ပြဓာန်းသည်ကိုဆိုသဖြင့် ပစ္စေကဗုဒ္ဓါ သာဝကတည်းဟူသော မပြဓာန်းသည်ကိုလည်းရသောကြောင့် ပဓာန နည်းမည်၏။

http://www.dhammadownload.com



**အဝါဘဝံ** ॥ ॥ အပေါင်းဖြစ်သော ကြီးသော ဘဝ, ငယ်သောဘဝတို့၏ "ဘဝ" ဟူသောအမည်ကို အစိတ်ဖြစ်သော ငယ်သော ဘဝ၌တင်-- ကေဒေသျူပစာ။

ဘဝ-ဟူသောနည်းသည် ဆိုလတံ့သော အဘဝ-အရ ကြီးသော ဘဝမှကြွင်းသော ငယ်သောဘဝကို ယူရသောကြောင့် ပါရိသေသနည်း မည်၏။ (ဖလာဖလ-စသည်နည်းတူ)

**သီလသမာဓိ** ॥ ॥ အစိတ်ဖြစ်သော ကေဂ္ဂတာဈာနင်၏ သမာဓိ-ဟူသော အမည်ကို အပေါင်းဖြစ်သော ကေဂ္ဂတာ ဈာနင်, ပဌမဈာန်စသည်တို့၌တင်--ကေဒေသူပစာ။

သမာဓိ-ဟူသောနည်းသည် ပြတ်နိုးသော ကေဂ္ဂတာဈာန်ဟူသော သမာဓိကို ဆိုသဖြင့် မပြတ်နိုးသော သမာဓိနှင့် သမ္ပယုတ်ဖြစ်သော ပဌမဈာန်စသည်ကိုလည်း ရသောကြောင့် ပဓာနနည်းမည်၏။

**ပညာဝိမုတ္တိဉာဏ** ॥ ॥ အပေါင်းဖြစ်သော မဂ်ပညာ, ဖိုလ်ပညာတို့၏ "ပညာ"ဟူသော အမည်ကို အစိတ်ဖြစ်သော မဂ်ပညာ၌တင်--ကေဒေသျူပစာ။

ပညာ-ဟူသောနည်းသည် ဆိုလတံ့သော ဝိမုတ္တိ-အရ ဖိုလ်ပညာမှကြွင်းသော မဂ်ပညာကို ယူရသောကြောင့် ပါရိသေသနည်း မည်၏။

**ဝိမုတ္တိဉာဏံ** ॥ ॥ တခုကိုချေ၍ တခုကြွင်းပြုသောနည်းသည် ကေသေသနည်းမည်၏။ ကား- ဝိမုတ္တိစ ဝိမုတ္တိဉာဏဥ္စ ဝိမုတ္တိဉာဏံ-တည်း။ ဤ-၌ ဝိမုတ္တိဉာဏံ-ဟူသောနည်းသည် ဝိမုတ္တိသဒ္ဒါတခုကိုချေ၍ ဝိမုတ္တိသဒ္ဒါတခုကြွင်းပြုသောကြောင့် ကေသေသနည်းမည်၏။

**စေတ္တံ** ॥ ॥ အတူဖြစ်သော လယ်၏ ခေတ္တ-ဟူသောအမည်ကို အတူရှိသော အရိယာ သံယာ၌တင်-- သဒိသူပစာ။နေယျတ္ထနည်း၊ ရုဠ္ဟီနည်း။

**ရတနတ္တယံ** ॥ ॥ အပေါင်းဖြစ်သော ရတနာသုံးပါးအပေါင်း၏ "ရတနတ္တယ"ဟူသော အမည်ကို အစိတ်ဖြစ်သော ရတနာ ၁-ပါး ၁-ပါး၌တင် ကေဒေသျူပစာ။

**ဟတန္တရာယ** ॥ ॥ အကြောင်းဖြစ်သော ပယ်သတ်အပ်သော ဥပပီဠက ဥပစ္ဆေဒက ကံတို့၏ "ဟတ"ဟူသောအမည်ကို အကျိုးဖြစ်သော ဒိဋ္ဌဓမ္မိကာဒိအနတ္ထ၌တင် ကာရဏူပစာ။ ဟတ-ဟူသောနည်းသည် ပယ်သတ်အပ်သော ဥပပီဠက, ဥပစ္ဆေဒကကံဟူသော အကြောင်းကိုဆိုသဖြင့် ဒိဋ္ဌဓမ္မိကာဒိအနတ္ထဟူသော အကျိုးကိုလည်းရသောကြောင့် နာနန္တရိကနည်း။

**ပုဗ္ဗစရိယာနုဘာဝံ** ॥ ॥ အကြောင်းဖြစ်သော ရှေးဆရာတို့၏ အစွမ်းသတ္တိ၏ "ပုဗ္ဗစရိယာနုဘာဝ"ဟူသော အမည်ကို အကျိုးဖြစ်သော အဋ္ဌကထာ၌တင်-ကာရဏူပစာ။

ပုဗ္ဗစရိယာနုဘာဝဟူသောနည်းသည် အကြောင်းဖြစ်သော ရှေးဆရာတို့၏ အစွမ်းသတ္တိထည်းဟူသော အကြောင်းကိုဆိုသဖြင့် အဋ္ဌကထာတည်းဟူသော အကျိုးကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

**မဟာဝိဟာရဝါသ** ॥ ॥ ဌာနဖြစ်သော ကျောင်းတိုက်၏ "မဟာဝိဟာရ" အမည်ကို

http://www.dhammadownload.com



ဌာနီဖြစ်သော ထိုကျောင်းတိုက်၌နေသော ရဟန်း, ထိုရဟန်းတို့နှင့် အယှဉ်ဝါဒတူသော ရဟန်းတို့၌တင်-- ဌာနူပစာ။ မဟာဝိဟာရဟူသောနည်းသည် ကျောင်းတိုက်တည်းဟူသော ဌာနကိုဆိုသဖြင့် ထိုကျောင်းတိုက်၌နေသော ရဟန်း, ထိုရဟန်းတို့နှင့် အယှဉ်ဝါဒတူသော ရဟန်းတည်းဟူသော ဌာနီကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

**သီဟဠဒီပဓကေန** ॥ ॥ အတူဖြစ်သော သီဟဠမင်းသား၏ သီဟဠ ဟူသောအမည်ကို အတူရှိသော ထိုမင်းသားနှင့် အနွယ်တူသူမင်းတို့၌တင်-သဒိသူပစာ။နေယျတ္ထနည်း၊ ရုဠှီနည်း။/ဌာနီဖြစ်သော သီဟဠမည်သူ မင်းတို့၏ "သီဟဠ" အမည်ကို ဌာနဖြစ်သော ကျွန်း၌တင်-- ဌာနျူပစာ၊နာနန္တရိကနည်း။

**သရီရံ** ॥ ॥ အတူဖြစ်သော သတ္တသန္တာန်၏ "သရီရ" အမည်ကို အတူရှိသော မဟာအဋ္ဌကထာကျမ်း၌တင်-- သဒိသူပစာ။နေယျတ္ထနည်း၊ ရုဠှီနည်း။

**မဟာပစ္စရိယံ** ॥ ॥ ဌာနဖြစ်သော ဖောင်၏ "ပစ္စရိ"ဟူသော အမည်ကို ဌာနီဖြစ်သော ထိုဖောင်ပေါ်မှာစီရင်သော အဋ္ဌကထာကျမ်း၌တင်-- ဌာနူပစာ၊ နာနန္တရိကနည်း။

**ကုရုန္ဒိနာမာဒိသု** ॥ ॥ ဌာနဖြစ်သော ကျောင်း၏ ကုရုန္ဒီဟူသော အမည်ကို ဌာနီဖြစ်သော ထိုကျောင်းမှာစီရင်သော အဋ္ဌကထာကျမ်း၌တင်--ဌာနူပစာ၊ နာနန္တရိကနည်း။

တစိတ်အားဖြင့် ခေါ်ဝေါ်အပ်သောနည်းသည် ဧကဒေသဝေါဟာရနည်း မည်၏။ ကား-- ကုရုန္ဒီတည်း။ ဤ၌ ကုရုန္ဒီဟူသောနည်းသည် ကုရုန္ဒီဝလ္လိဝိဟာရဟူသော အမည်ကို တစိတ်အားဖြင့် ခေါ်ဝေါ်အပ်သောကြောင့် ဧကဒေသဝေါဟာရနည်း။

➤ ၁၀။ **ခန္ဓာတရဏာဟာရနေတ္တိ** ॥ ॥ ဗုဒ္ဓေါ-၌ စတ္တာရိ သစ္စာနိ-ဟု ကံခံလျှင် ဗုဓဓာတ်အရ အရဟတ္တမဂ်ဉာဏ်စိတ္တုပ္ပါဒ်ရ၏။

ထိုအရဟတ္တမဂ်ဉာဏ်စိတ္တုပ္ပါဒ်တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ ဝေဒနာ သညာ-မှကြွင်းသော စေတသိက် စတုတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏။ အရဟတ္တမဂ်ဉာဏ်စိတ္တုပ္ပါဒ်သည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့ သုတ်၌လာသောတရားတို့ကို ခန္ဓာအားဖြင့် သွင်းခြင်းသည် **ခန္ဓာတရဏာဟာရ** မည်၏။

## ပါဠိ [၂]

(က) ကိဿ ပန ဓောရော ဗကေန္ဒန မဏာသီတိ?။

(ခ) အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသကရဏတ္ထံ။

(ဂ) တေန ဟာယသ္မတာ သဟာပိ ဝိနာပိ န သက္ကာ ဓမ္မသံဂီတိ ကာတုံ။

(ဃ) သော ဟာယသ္မာ သေက္ခော သကရဏီယော၊ တသ္မာ သဟာပိ န သက္ကာ။

(င) ယသ္မာ ပနဿ ကိဉ္စိ ဒသဗလဒေသိတံ သုတ္တဂေယျာဒိကံ ဘဂဝတော အသမ္မုခါ ပဋိဂ္ဂဟိတံ နာမ နတ္ထိ၊ တသ္မာ ဝိနာပိ န သက္ကာ။ (၄။၆။ မအူ-၁၊၇၂။ဘာသာဋီ-၁။၆၀)

http://www.dhammadownload.com



➤ ၁။ **စသေစက္ခော**၊သင်ဆဲ ကျင့်ဆဲဖြစ်၏။ (ဝါ) သင်လေ့ ကျင့်လေ့ရှိ၏။(ဝါ) အရိယာဇာတ်အားဖြင့် သိက္ခာသုံးပါးတို့၌ ဖြစ်ဆဲသော ဖြစ်၏။ (ဝါ) သောတာပတ္တိဖိုလ် သမ္မာဒိဋ္ဌိနှင့်သာ တကွဖြစ်၏။ (သဒ္ဒတ္ထ) **သကရဏီယော**၊အထက်မဂ်သုံးပါးဟူသော ပြုဖွယ်ကိစ္စနှင့်တကွဖြစ်၏။ (ဝါ) ပြုဖွယ်ကိစ္စရှိသေး၏။(သဒ္ဒတ္ထ)

➤ ၂။ (ဂ) **သို့/** ဆရာ၊ဆရာသည် (ခ)ဝါကျဖြင့် အရှင်အာနန္ဒာအား အခွင့်ကိုပြုခြင်းငှာ အရှင်မဟာကဿပသည် တစ်ယောက်ဖြင့် ယုတ်လျော့သည်ကိုပြုသောဟုဆို၏။ ထိုအရှင်အာနန္ဒာနှင့် တကွဖြစ်စေ, ကင်း၍ဖြစ်စေ သင်္ဂါယနာတင်ကောင်းသည်မဟုတ်ပါလော။ အဘယ့်ကြောင့် အရှင်အာနန္ဒာအား အခွင့်ကိုပြုပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။ **ကား**-(ဂ)ဖြင့် အရှင်အာနန္ဒာနှင့် တကွဝင်း၊ ကင်း၍ဝင်း သင်္ဂါယနာတင်ခြင်းငှာ မတတ်ကောင်းသောကြောင့် အရှင်အာနန္ဒာအား အခွင့်ကိုပြု၏ဟု ငါပြဆိုပါ၏ဟူလို။

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ အာယသ္မတော စသည်ဖြင့် အခွင့်ပြုခြင်းကို အကျဉ်းအားဖြင့် ပြပြီး၍ ဤယခုအခါ၌ အကျယ်အားဖြင့် ပြလို၍ (ဂ) ကိုမိန့်။

(ဃ) **သို့/** အဘယ့်ကြောင့် တကွသင်္ဂါယနာတင်ခြင်းငှာ မတတ်ကောင်းပါသနည်း။ စုဒ်ကြောင့် သောဟာယသ္မာ- စသည်ကိုမိန့်။

(င) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဃ)ဖြင့် အရှင်အာနန္ဒာနှင့်တကွလည်း သင်္ဂါယနာတင်ခြင်းငှာ မတတ်ကောင်းသည်၏အဖြစ်ကို ပြပြီး၍ ဤယခုအခါ၌ အရှင်အာနန္ဒာနှင့်ကင်း၍လည်း သင်္ဂါယနာတင်ခြင်းငှာ မတတ်ကောင်းသည်၏အဖြစ်ကို ပြလိုသော ဆရာသည် (င) ဝါကျကိုမိန့်။

➤ ၃။ (က)သည် အမေးပုစ္ဆာကို ပြသောကြောင့် ပုစ္ဆာဝါကျ။ (ခ)သည် အဖြေဝိသဇ္ဇနာကိုပြသောကြောင့် ဝိသဇ္ဇနာဝါကျ။ (တနည်း) (က)သည် အမေးပုစ္ဆာဟူသော အဖို့ကိုပြသောကြောင့် ပက္ခဝါကျ။ (ခ)သည် အဖြေ ဝိသဇ္ဇနာဟူသော အဖို့ တစ်မျိုးတစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ (တနည်း) (က)သည် ကိံ-သဒ္ဒါဖြင့် ပုစ္ဆာထုတ်သောကြောင့် အယုတ္တစောဒနာဝါကျ။ (ခ)သည် ယုတ္တိနှင့်တကွ အဖြေကို ပြသောကြောင့် ယုတ္တိပရိဟာရ ဝါကျ။ (ဂ)သည် ဩကာသကရဏ၏ အကြောင်းကိုပြသောကြောင့် ကာရဏဝါကျ။ ထိုကိုထောက်၍ (ခ)သည် အကျိုးကိုပြသောကြောင့် ဖလဝါကျ။

(ဃ-င) သည် (ဂ)ဝါကျပါ သဟာပိ န သက္ကာ ဝိနာပိ န သက္ကာတို့၏ အကြောင်းကိုပြသောကြောင့် ကာရဏဝါကျ။ ထိုကိုထောက်၍ (ဂ)သည် အကျိုးကိုပြသောကြောင့် ဖလဝါကျ။ (င)သည် သဟာပိ နသက္ကာ၏ အကြောင်းမှတစ်ပါးသော ဝိနာပိ န သက္ကာ၏ အကြောင်းကို ပြသောကြောင့် ပက္ခန္တရဝါကျ။ ထိုကိုထောက်၍ (ဃ) သည် သဟာပိ နသက္ကာ၏ အကြောင်းကိုပြသောကြောင့် ပက္ခဝါကျ။

**ဓာစဝ်** ။ ။ အဿ-ကား အား--ကြောင့် နတ္ထိ-၌ သမ္ဗန်။ နတ္ထိကား သမ္ဗန်၏

http://www.dhammadownload.com



ကြိယာ။ (တနည်း) အဿ-ကား သည်--ကြောင့် ပဋိဂ္ဂဟိတံ၌ အဝုတ္တကတ္တား၊ ပဋိဂ္ဂဟိတံ ကား အဝုတ္တကတ္တား၏ကြိယာ။ **သုတ္တဓောယျာ**ဒိကံကား ကို--ကြောင့် ပဋိဂ္ဂဟိတံ-၌ ဝုတ္တကံ၊ ပဋိဂ္ဂဟိတံ-ကား ဝုတ္တကံ၏ကြိယာ။ (တနည်း) ပဋိဂ္ဂဟိတံကား သည်--ကြောင့် နတ္ထိ-၌ ပကတိကတ္တား၊ နတ္ထိကား ပကတိကတ္တား၏ကြိယာ။

၄။ သိက္ခတီတိ **သေက္ခော**။ ယော အာနန္ဒော၊သည်။သိက္ခတ္တယံ၊သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို။သိက္ခတိ၊ကျင့်ဆဲ သင်ဆဲဖြစ်၏။ဣတိ၊ သော၊ သေက္ခော၊မည်၏။ သိက္ခတိ ကား ကတ္တုသာဓနေကိတ်ဝိဂြိုဟ်၊ သေက္ခောကား ကတ္တုသာဓနေကိတ်ပုဒ်၊ သိက္ခဓာတ်+ ဏပစ္စည်း။ သိက္ခဓာတ်အရကား သိက္ခာ သုံးပါးကို ကျင့်ဆဲဖြစ်သော ရှင်အာနန္ဒာ၏ သတိ ဝိရိယ ဉာဏ်စသည်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် မုချ အားဖြင့်ရ၏။ ရှေးရှေး၌ဖြစ်သော ယောနိသော မနသိကာရ သပ္ပုရိသူပနိဿယ သဒ္ဓမ္မ သဝန စသည်သည် ဖလူပစာရတ္ထအားဖြင့်ရ၏။ နောက်နောက်၌ဖြစ်သော ဝိပဿနာ ပါဒကစိတ်, အနာဂါမိမဂ်ဖိုလ်စိတ် စသည်သည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ဏပစ္စည်းအရကား ထိုမုချ ဖလူ ကာရဏူပစာရတ္ထတို့ဖြင့်မှတ်အပ်သော ရှင်အာနန္ဒာ မထေရ်ဒြဗ်ရ၏။

သိက္ခနံ သိက္ခာ (အစိတ်)။ သိက္ခာ သီလံ တဿာတိ **သေက္ခော** (အပေါင်း)။ တဿ၊ ထိုအရှင်အာနန္ဒာအား။သိက္ခာ၊ကျင့်ခြင်းဟူသော။သီလံ၊အလေ့သည်။ အတ္ထိ၊ရှိ၏။ ဣတိ သော သေက္ခော။ သိက္ခာ သီလံ တဿကား တဿီလတဒ္ဓိတ်ဝိဂြိုဟ်၊ သေက္ခောကား တဿီလတဒ္ဓိတ်ပုဒ်။ သိက္ခာပုဒ်၊ ဏပစ္စည်း။

သိက္ခာဟူသော တဒ္ဓိတ်ပုဒ်အရကား ကျင့်ခြင်းအလေ့သည် မုချအားဖြင့်ရ၏။ ယင်းကျင့်ခြင်း အလေ့၏ ရှင်အာနန္ဒာဒြဗ်နှင့် ဂုဏ်ဂုဏီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရတ္ထအားဖြင့်ရ၏။ ဏ-ပစ္စည်း၏အရကား ထိုမုချ ဌာနူပစာရတ္ထတို့ဖြင့် မှတ် အပ်သော ကျင့်ခြင်းအလေ့ရှိသော ရှင်အာနန္ဒာဒြဗ် ရ၏။

အရိယဇာတိယာ တီသု သိက္ခာသု ဇာတော ဘဝေါ ဝါ **သေက္ခော**။

အရိယဇာတိယာ၊အရိယာဇာတ်အားဖြင့်။တီသု၊သုံးပါးကုန်သော။သိက္ခာသု၊သီလ သမာဓိ, ပညာ သိက္ခာတို့၌။ဇာတော၊ဖြစ်သူတည်း။ဝါ၊ ဘဝေါ၊ဖြစ်ထွန်းကြီးပွားသူတည်း။ ဣတိ သော သေက္ခော။ သိက္ခာသု ဇာတော သေက္ခောကား ဇာတ(ဝါ)ဘဝတဒ္ဓိတ် ဝိဂြိုဟ်၊ သေက္ခောကား ဇာတ (ဝါ) ဘဝတဒ္ဓိတ်ပုဒ်။ သိက္ခ+ဏပစ္စည်း။ သိက္ခာဟူသော တဒ္ဓိတ်ပုဒ်အရကား သီလ သမာဓိ, ပညာ သိက္ခာ ၃-ပါးသည် မုချ။ ယင်းသိက္ခာ ၃-ပါး၏ ရှင်အာနန္ဒာဒြဗ်နှင့် ဂုဏ် ဂုဏီ စပ် ဌာနူ။ ဏပစ္စည်းအရကား ထို--သော အရိယာဇာတ်အားဖြင့် သိက္ခာ ၃-ပါးတို့၌ ဖြစ်ထွန်းကြီးပွားသော ရှင်အာနန္ဒာဒြဗ် ရ၏။

(သမာသ်) ဣက္ခတိ တေယာတိ ဣက္ခာ။ (အစိတ်) [တေယ၊ထိုမဂ္ဂဖလ သမ္မာဒိဋ္ဌိ

http://www.dhammadownload.com



ဖြင့်။ဣက္ခတိ၊ရှုတတ်၏။] သဟ ဣက္ခာယာတိ သေက္ခော။ ဣက္ခာယ သဟ ယော ဝတ္တတီတိ **သေက္ခော**။ (အပေါင်း) ယော အာနန္ဒော၊သည်။ဣက္ခာယ၊မဂ်ဖိုလ် သမ္မာဒိဋ္ဌိနှင့်။ သဟ၊တကွ။ဝတ္တတိ၊ဖြစ်တတ်၏။ဣတိ သော သေက္ခော၊မည်၏။ သဟ ဣက္ခာယဲကား သဟပုဗ္ဗပဒ ဗဟုဗ္ဗိဟိသမာသ်ဝိဂြိုဟ်၊ သေက္ခောကား --သမာသ်ပုဒ်။ သဟပုဒ် ဣက္ခပုဒ် ယပုဒ်။ သဟ ဣက္ခာ ဟူသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်လုံးအရကား မဂ်ဖိုလ်သမ္မာဒိဋ္ဌိနှင့် တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ် (ဝါ) တကွဖြစ်သော မဂ်ဖိုလ်သမ္မာဒိဋ္ဌိသည် မုချ၊ ထို သဟဝတ္တနဘောဂုဏ်၏ (ဝါ) မဂ်ဖိုလ်သမ္မာဒိဋ္ဌိ၏ ရှင်အာနန္ဒာဒြဗ်နှင့် ဂုဏ် ဂုဏော ရပ် ဌာန္ဓုး ယ-ဟူသော အညပုဒ် အရကား ထိုမုချ ဌာနူပစာရတ္တတို့ဖြင့် မှတ်အပ်သော မဂ်ဖိုလ်သမ္မာဒိဋ္ဌိနှင့်တကွဖြစ်သော ရှင်အာနန္ဒာဒြဗ်ရ၏။

➢ ၇။ **သေက္ခော/သေခေါ** ။ ။ ဥပေက္ခာ ဥပေခါ ပြယုဂ်ကဲ့သို့ သံယုဂ် က-ကို မချေလျှင် သေက္ခော၊ သံယုဂ် က-ကိုချေလျှင် သေခေါ-ဟု ရုပ်ပြီးသောကြောင့် နှစ်ပါဌ်လုံး သင့်ပါသည်။

➢ ၈။ **သုတ္တဂေယျာဒိကံ** ။ ။ ဤ၌ သုတ္တဂေယျာဒိကံ-ဟူသောနည်းသည် သုတ္တဂေယျာဒိကံ၊သုတ္တဂေယျ စသည်ကို။ပဋိဂ္ဂဟိတံ နာမ၊သင်အပ်သော မည်သည် ဟူ၍ရင်း၊ သုတ္တဂေယျာဒိကံ၊သည်။နတ္ထိ၊မရှိဟူ၍ရင်း ဤသို့ ပဋိဂ္ဂဟိတံ၊ နတ္ထိ နှစ်ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကနနည်းမည်၏။

➢ ၁၀။ **သေက္ခော-၌ ခါတ်အရ**-- သိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်သော အရှင် အာနန္ဒာ၏ သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

## ဓါတ္ထ [၃]

(က) ယဒိ ဇဂံ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အယံ။ (ခ) အထ ကသ္မာ န ဥစ္စိနတောတိ?။ (ဂ) ပရူပဝါဒဝိဝဇ္ဇနတော။

(ဃ) ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ။

(င) တထာဟိ နံ သိရသ္မိံ ပလိတေသု ဇာတေသုပိ "နဝါယံ ကုမာရကော မတ္တာ မညာသီ"တိ ကုမာရကဝါဒေန ဩဝဒတိ။

(စ) သကျကုလပ္ပသုတော စာယံ အာယသ္မာ တထာဂတဿ ဘာတာ စူဠပိတုပုတ္တော။

(ဆ). တတြ ဟိ ဘိက္ခူ ဆန္ဒာဂမနံ ဝိယ မညမာနာ "ဗဟူ အသေက္ခပဋိသမ္ဘိဒါ ပ္ပတ္တေ ဘိက္ခူ ဌပေတွာ အာနန္ဒံ သေက္ခပဋိသမ္ဘိဒါပ္ပတ္တံ ထေရော ဥစ္စိနီ"တိ ဥပဝဒေယျုံ။

(ဇ) တံ ပရူပဝါဒံ ပရိဝဇ္ဇေန္တော "အာနန္ဒံ ဝိနာ သင်္ဂီတိ န သက္ကာ ကာတုံ၊ ဘိက္ခူနံယေဝ အနုမတိယာ ဂဟေဿာမီ"တိ န ဥစ္စိနိ။

(ဌ၊၆။ မအဋ္ဌ၊၁၊၇၄၊ ဘာသာဋီ၊၁၊၆၂။)

http://www.dhammadownload.com



➤ ၁။ (က) **ယဒိဒံ—ဧသော နိယံနှင့်အညီ အနက်ပေး** ။ ။ တေန အာယသ္မတာ အာနန္ဒတ္ထေရေန၊နှင့်။ဝိနာပိ၊ကင်း၍လည်း။ဓမ္မသင်္ဂီတိ၊သုတ် အဘိဓမ္မာကို သင်္ဂါယနာ တင်ခြင်းသည်။(ဝါ)ကို။ကာတုံ၊ပြုခြင်းငှာ။ယဒိ န သက္ကာ၊အကယ်၍ မတတ်ကောင်းအံ့။ဧဝံ၊သို့။ကာတုံ၊ငှာ။အသက္ကောန္တေ၊မတတ်ကောင်းသည်။သတိ၊ရှိသော်။သေက္ခော၊သေက္ခသည်။သမာနောပိ၊ဖြစ်ပါသော်လည်း။ဓမ္မသင်္ဂီတိယာ၊သုတ်အဘိဓမ္မာကို သင်္ဂါယနာတင်ခြင်းအား။ဗဟုကာရတ္တာ၊များသောကျေးဇူးရှိသည်၏အဖြစ်ကြောင့်။ထေရေန၊သည်။ဥစ္စိနိတဗ္ဗော၊ရွေးချယ်ထိုက်သည်။အဿ၊ဖြစ်၏။

(င) **နဝါယံ ကုမာရကော မတ္တမညာသိ—ဝယ် ဝါသဒ္ဒါကို ပဒပူရဏတ္ထ၊ ဝိဘာသတ္ထကြံ၍အနက်ပေး** ။ ။ အယံ ကုမာရကော၊ဤသတို့သားသည်။(ဝါ) ဤသူငယ်သည်။(ဤပဒွင်း ငယ်သည်။) မတ္တံ၊မိမိအတိုင်းအရှည်ကို။(ကိုယ့်ပမာဏကို)။ န အညာသိ၊မသိတတ်။မသိတုံလေ။မသိတတ်လေစ။ (ဝါသဒ္ဒါ ပဒပူရဏတ္ထကြံ) အညာသိဝါ၊သိသည်လည်းရှိ၏။နဝါ အညာသိ၊မသိသည်လည်းရှိ၏။ (ဝါသဒ္ဒါ ဝိဘာသတ္ထကြံ)

➤ ၂။ (ဃ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဂ)ဖြင့် သူတစ်ပါးတို့ကဲ့ရဲ့ခြင်းမှ ကြဉ်တော်မူလိုသောကြောင့် အရှင်အာနန္ဒာကို ရွေးကောက်တော်မမူဟု ပြဆိုပြီး၍ ယခုအခါ၌ ထိုဆိုခဲ့ပြီးသော စကားရပ်ကိုပင်လျှင် အကျယ်ဖွင့်ပြလိုသော ဆရာသည် (ဃ)မိန့်။

(င) **သို့/** ဆရာ၊ ဆရာသည် (ဃ)ဖြင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာ၌ အလွန်အကျွမ်းဝင်သောဟု ဆို၏။ အရှင်အနုရုဒ္ဓါ အရှင်ဥပါလိထေရ် အစရှိသူတို့သည်လည်း အရှင်အာနန္ဒာကဲ့သို့ပင် အရှင်မဟာကဿပ၏ သမဂ္ဂသီတင်းသုံးဘော်ချည်း ဖြစ်ကြကုန်သည်မဟုတ်ပါလော။ ထိုသို့ ဖြစ်ပါလျက် အဘယ်သို့သော အကြောင်းယုတ္တိဖြင့် အရှင်မဟာကဿပ၏ အရှင်အာနန္ဒာ၌ အလွန်အကျွမ်းဝင်သည်၏အဖြစ်ကို သိအပ်ပါသနည်း။ အကြောင်းယုတ္တိကို မပြသော် -- ဝိရောဓိဒေါသ သင့်ရောက်ရာ၏။စုဒ် (င)မိန့်။

(စ) **သို့/** ဆရာ၊ ဆရာသည် (ဃ-င)ဝါကျတို့ဖြင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာနှင့် အလွန်အကျွမ်းဝင်သောကြောင့် သူတစ်ပါးတို့ စွပ်စွဲ ကဲ့ရဲ့စရာ ဖြစ်သောဟု ဆို၏။ အလွန်အကျွမ်းဝင်ခြင်းဟူသော အကြောင်းတစ်မျိုးကြောင့်သာ သူတစ်ပါးတို့ စွပ်စွဲကဲ့ရဲ့စရာ ဖြစ်နိုင်ပါသလော။ အဘယ်အကြောင်းကြောင့်လည်း စွပ်စွဲကဲ့ရဲ့စရာ ဖြစ်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (စ) မိန့်။

➤ ၃။ (က) ဝါကျကား စောဒက၏ နှလုံးသွင်း(အာဘောဂ)ကို ပြသောကြောင့် စောဒကာဘောဂဝါကျ။ (ဝါ) စောဒက၏ အကြောင်းအာဘော်ကို ပြသောကြောင့် စောဒကာဘောဂဟေတုဝါကျ။ (ခ)ကား အမေးကိုပြသောကြောင့် စောဒနာ (ဝါ) ပုစ္ဆာဝါကျ။ (ဝါ) စောဒကာဘောဂဖလဝါကျ။ (ဂ) ကား က-ခ ဝါကျတို့ကိုထောက်၍ ပရိဟာရပုဂ္ဂိုလ်၏ နှလုံးသွင်း(အာဘောဂ) (ဝါ)ယင်းပုဂ္ဂိုလ်၏ အကြောင်းပြချက်နှင့်တကွ

http://www.dhammadownload.com



အဖြေ ပရိဟာရကို ပြသောကြောင့် ပရိဟာရာဘောဂဟေတုနှင့်တကွ ပရိဟာရဝါကျ။ ယင်း(ဂ) ဝါကျသည်ပင် (ဃ)စသော အကျယ်ဝါကျကိုထောက်၍ အဖြေပရိဟာရ အကျဉ်းကိုပြသောကြောင့် သင်္ခေပ။ (ဃ) စသော ဝါကျသည် (ဂ)ဝါကျကိုထောက်၍ အဖြေ ပရိဟာရ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။ (င) ကား (ဃ) ဝါကျ စကားကို အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစေတတ်သောကြောင့် ယုတ္တိဒဠှီကရဏဝါကျ။ (စ) ကား စွပ်စွဲခြင်း၏ အကြောင်းအဖို့ တမျိုးတပါးကို ပြသောကြောင့် ပက္ခန္တရ။ ထိုကိုထောက်၍ (ဃ)သည် စွပ်စွဲခြင်း၏အကြောင်းအဖို့ကို ပြသောကြောင့် ပက္ခဝါကျ။ (ဆ) ကား (ပရူပဝါဒနှင့် ပရူပဝါဒဝိဝဇ္ဇနကို ဆက်၍ မဖွင့်ပြတော့ပြီလော) စောဒနာကို ပယ်လို၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ ထိုကိုထောက်၍ (စ)ကား အာရဒ္ဓဝါကျ။ (ဇ) ဝါကျာရမ္ဘ။

➤ ၄။ အာဘုသော နန္ဒေတိ ဉာတကေ ပမောဒေတီတိ **အာနန္ဒော**။

ယော၊အကြင်သူသည်။ဉာတကေ၊ဆွေမျိုးတို့ကို။အာဘုသော၊လွန်စွာ။နန္ဒေတိ ပမော ဒေတိ၊ဝမ်းမြောက်စေတတ်၏။ဣတိ တသ္မာ သော အာနန္ဒော။ (ဟေတုကတ္တုသာဓန) အာပုဗ္ဗ နန္ဒဓာတ်+အပစ္စည်း။ အာဥပသာရပုဒ်အရကား ဘုသတ္ထဘောဂဖြစ်ရ၏။

နန္ဒဓာတ်အရ သုဒ္ဓကတ္တုရုကြိယာကား ဆွေမျိုးတို့၏ ပီတိ သောမနဿပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ဟေတုကတ္တုရု ကြိယာအရကား ထိုဆွေမျိုးတို့၏ ပီတိ သောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အားတပ်သော အာနန္ဒာဖြစ်၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာရတ္တအားဖြင့်ရ၏။ အပစ္စည်း အရကား ထိုမုချ ဖလူပစာရတ္တတို့ဖြင့် မှတ်အပ် သော အာနန္ဒာဖြစ်ရ၏။

* ဗဟု ကာရော ဧတဿ အာယသ္မတော အာနန္ဒတ္ထေရဿာတိ **ဗဟုကာရော**။ တဿ ဘာဝေါ ဗဟုကာရတ္တံ။ (တသ္မာ) ဉပဝဒနံ ဉပဝါဒေါ။

ပရေသံ (ဘိက္ခူနံ) ဉပဝါဒေါ **ပရူပဝါဒေါ**။ ဝိဝဇ္ဇီယတေ ဝိဝဇ္ဇနံ။ ပရူပဝါဒဿ ဝိဝဇ္ဇနံ ပရူပဝါဒဝိဝဇ္ဇနံ။ ဇာယိသ္သတိ ဇာတာနိ။ ဝဒနံ ဝါဒေါ။

ကုမာရကောတိ ဝါဒေါ **ကုမာရကဝါဒေါ**။ သကျာနံ ကုလံ **သကျကုလံ**။ သကျကုလေ ပသုတော **သကျကုလပ္ပသုတော**။ (တနည်း) သကျကုလေန (သကျကုလဘာဝေန) ပသုတော (ပါကဋော) သကျကုလပ္ပသုတော။ စူဠော ပိတာ **စူဠပိတာ**။ စူဠပိတုဿ ပုတ္တော **စူဠပိတုပုတ္တော**။

➤ ၆။ (ဆ) ၌ ဘိက္ခုဖြင့် ပရူပဝါဒဝိဝဇ္ဇနတောဝယ် ပရသဗ္ဗနာမ်ပုဒ်သည် ရဟန်းတို့ဖြစ်ကို ခွဲသတည်းဟု သိစေသည်။ (သဗ္ဗနာမ်လိင်ပုဒ်အခွဲကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ) ဗဟူ အသေကာ (ပ) ဉပဝဒေယျဖြင့် ပရူပဝါဒ ဝိဝဇ္ဇနတော ဝယ် ပရူပဝါဒကို ပရ+ဉပဝါဒဟူ ပဒစ္ဆေဒ ပြုရမည်၏အဖြစ်ကိုရင်း (သန္ဓိလိင်္ဂပဒ) ဉပဝါဒ

http://www.dhammadownload.com



သဒ္ဒါ၏ ဝဒဓာတ်၏အဖြစ်ကိုရင်း (ဒုတိယဓာတုပဒ) ဥပဝါဒပုဒ်ကို ဥပဝဒနံ ဥပဝါဒေါ-ဟု ဘာဝသာဓနပြု၍ စွပ်စွဲခြင်းကြိယာကို ယူရမည်၏အဖြစ်ကိုရင်း (အဘိဓေယျတ္ထ) စွပ်စွဲပုံ ဥပဝဒနာကာရကိုရင်း (ဘာဝတ္ထ) သိစေသည်။

(စ) ၌ တံပရူပဝါဒံ ပရိဝဇ္ဇေန္တောဖြင့် ပရူပဝါဒဝိဝဇ္ဇနတောဝယ် ဝိဝဇ္ဇနပုဒ်ကို ဝိဝဇ္ဇေန္တောတိ ဝိဝဇ္ဇနော (ဝါ) ဝိဝဇ္ဇတီတိ ဝိဝဇ္ဇနော-ဟု ကာမတ္ထ ကတ္တုသာဓန ဝစနတ္ထ--ရင်း (အဘိဓာနတ္ထ) ယု-ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ပရူပဝါဒနှင့် ဝိဝဇ္ဇနကို ပရူပဝါဒဿ ဝိဝဇ္ဇနော ပရူပဝါဒဝိဝဇ္ဇနော-ဟု ကမ္မဒွဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

➤ ၇။ **ဗဟုကာရတ္တာ/ဗဟုပကာရတ္တာ** ။ ။ ဗဟုကာရတ္တာပါဌ် မှန်ပါသည်။ ဋီကာတို့၌ ဗဟုကာရတ္တာကို ဗဟုဥပကာရတ္တာ-ဟု ဖွင့်သောကြောင့်ရင်း၊ အပ္ပကမ္ပိ ကတံ ကာရံ၌ကဲ့သို့ ကာရသဒ္ဒါ ဥပကာရအနက်ဟောသောကြောင့်ရင်း-တည်း။

**ဥစ္စိနိတေန/ဥစ္စိနိ၊တေန** ။ ။ ဥစ္စိနိတေနာတိ ဥစ္စိနိတွာ ဂဟိတေန-ဟု ဋီကာတို့၌ ဆိုသောကြောင့်ရင်း၊ ဥစ္စိနိတေန၊ရွေးကောက်အပ် ရွေးချယ်အပ်ပြီးသော။(ဝါ) ရွေးချယ်၍ ယူအပ်ပြီးသော။တေန အာယသ္မာ၊ထိုအရှင်အာနန္ဒာနှင့်ဟု အနက်ရသင့်သောကြောင့်ရင်း၊ ဥစ္စိနိ၊ တေန-ဟု ဝါကျခြား၍ရှိက နောက် တေနာယသ္မတာ၌ တေန သဒ္ဒနာမ် ထပ်နေဖွယ် ရှိသောကြောင့်ရင်း ဥစ္စိနိတေန-ပါဌ်သာ မှန်ပါသည်။

**ပဟူတစသေနာသနံ/ပဟူတစသေနာသနံ** ။ ။ ပဟု သတ္တိယံ။တော၊ ဥကာရာဂမော။ ပပုဗ္ဗော ဟူ သတ္တာယံ ဝါ ရသော ပဟုတော။ပဟူတောပိ-ဟု သူစိ၌ လာသောကြောင့် ၂-ချက်သင့်ပါသည်။

**ဂိမ္ဟာနံ/ဂိမှာနံ** ။ ။ ဂိရဓာတ် မပစ္စည်း၊ ရကို ဟာပြု၊ ဟာနှင့် မ-ကို ဝဏ္ဏဝိပရိတ်ပြု၍ ဂိမှ-ဟုပြီးသောကြောင့် နံဝိဘတ်သက်၍ ဂိမှာနံ-ပါဌ်သာသင့်ပါသည်။

**ပဓွေါဓရေတွာ/ပဓွေါဓရေတွာ** ။ ။ ပ+ဖုဋ္ဌဓာတ် (တနည်း) ပ-ပုဋ္ဌ။ ဖုဋ္ဌ, ပုဋ္ဌဓာတ် နှစ်ပါးပင် ပဖွေါဋ္ဌန-ခါထွက်ခြင်း အနက်ကို ဟောနိုင်သောကြောင့် ၂-ချက်သင့်။

**မာဏဝေန/မာနဝေန** ။ ။ မနုနော အပစ္စံ မနုဿော။ ဇဝံ မာနဝေါ၊ မာဏဝေါ။ န ကာရဿ ဟိ ဏကာရေ ကတေ မာဏဝေါ ရူပံ သိဇ္ဈတိ-ဟု (နီတိ။ဓာတု။) ဆိုသောကြောင့် မာဏဝ/မာနဝ ၂-ပါဌ်သင့်ပါသည်။

**ဥက္ကာစပေါ/ဥက္ကလာစပေါ** ။ ။ ဥဋ္ဌိဒ္ဓေါ ကလာပေါ သမူဟော ဥက္ကာပေါ။ ဥဋ္ဌိဒ္ဓေါ၊ စွန့်ပစ်အပ်သော။ကလာပေါ သမူဟော၊အပေါင်းတည်း-ဟု အနက်ပေး။ ဥ+ကလာပ ဟူလိုလျက် က၌ အ-သရကိုချေ၊ က-ကို လာသို့ကပ်၍ ကွေသ သွေဟ တို့ကဲ့သို့ ဥက္ကလာပ-ဟုပြီးသည်။ထို့ကြောင့် ဥက္ကလာပေါ-ပါဌ်သင့်ပါသည်။

**ပရိဝေဏံ/ပရိဝေဏံ** ။ ။ ပရိ+ဝေဏ+အ။ ပရိစ္ဆေဒဝသေန ဝေဏီယတိ ဒိဿတီတိ

http://www.dhammadownload.com



ပရိဝေဏံ-ဟူသော သာရတ္ထကိုထောက်၍ ပရိဝေဏပါဌ်သာ သင့်ပါသည်။

**နိမုဋ္ဌိတ္ဝာ/နိမုဋ္ဌိတ္ဝာ** ။ ။ နိပုဗ္ဗ မုဋ္ဌဓာတ် ဩသိဒနတ္ထ၊ တတိယက္ခရာနှင့် နိမုဋ္ဌိတွာသင့်။

➤ ၈။ **ပဠ္ဍုပလာသ ဝိဝဋ္ဋနတော** ။ ။ ဌာနဖြစ်သော ရှင်မဟာကဿပ၏ "ပဠ္ဍုပလာသ ဝိဝဋ္ဋန" ဟူသောအမည်ကို ဌာနီဖြစ်သော ပဠ္ဍုပလာသမှ ရှောင်ကြဉ်လိုခြင်း သမ္ဗာဆန္ဒ၌တင်--- ဌာနူပစာ။ နာနန္တရိကနည်း။

**ဘာတာ စူဠပိတုပုတ္တော** ။ ။ အပေါင်းဖြစ်သော ကနိဋ္ဌဘာတာ, ဇေဋ္ဌကဘာတာတို့၏ ဘာတာ-ဟူသောအမည်ကို အစိတ်ဖြစ်သော ကနိဋ္ဌဘာတာ-၌တင် ဧကဒေသူပစာ။

**မဟာဂေါစရေ** ။ ။ အတူဖြစ်သော နွားစားကျက်၏ "ဂေါစရ" ဟူသော အမည်ကို အတူရှိသော ဆွမ်းခံရာအရပ်၌တင် သဒိသူပစာ။

**စာရိကံ ပက္ကာမိ** ။ ။ လှည့်လည်ခြင်းနှင့် ဖဲသွားခြင်းတို့ မပြားဘဲ ပြားသကဲ့သို့ "စာရိကံ" ပက္ကာမိ-ဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**ရာဇဂဟေ အဥ္ဇာရသဝိဟာရေ** ။ ။ အနီးရှိသော ရာဇဂြိုဟ်မြို့၏ "ရာဇဂဟ" ဟူသော အမည်ကို အနီးဖြစ်သော ရာဇဂြိုဟ်မြို့၏ ပတ်ဝန်းကျင်အရပ်၌တင်-- သမီပူပစာ။

**အာသဝဋ္ဌာနီယာ စိတ္တံ ဝိမုစ္စိ** ။ ။ အစိတ်ဖြစ်သော အာသဝတို့၏ "အာသဝေဟိ" ဟူသော အမည်ကို အပေါင်းဖြစ်သော အလုံးစုံသော ကိလေသာ, အလုံးစုံသော ပါပဓမ္မ၌တင် ဧကဒေသူပစာ။ အာသဝဟူသော အစိတ်ကိုမှတ်၍ဆိုသဖြင့် အလုံးစုံသော ကိလေသာ အလုံးစုံသော ပါပဓမ္မ အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။

➤ ၁၀။ **ဆန္နာဂမနံ-အရ** လောဘပြဌာန်းသော အကုသိုလ်စိတ် ရ၏။

➤ **(ဓာတောတရုဏာဟာရုနေဒွိ)** ပလိတ-အရ အဋ္ဌကလာပ်ရုပ် (၈)ခု ရ၏။ ထိုတွင် ရူပါရုံသည် ရူပဓာတ်မည် ၏။ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏။ ရသာရုံသည် ရသဓာတ်မည် ၏။ ပထဝီ တေဇော ဝါယောဓာတ်သုံးပါးအပေါင်းသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။ ဩဇာ-ဟုဆိုအပ်သော အာဟာရရုပ်နှင့် အာပေါဓာတ်သည် ဓမ္မဓာတ် မည်၏။

## ထိကျ [၆]

(က) **ကထံ ဓမ္မဝိနယာဝသေန ဒုဝိဓံ။**

(ခ) **သဗ္ဗမေဝ စေတံ ဓမ္မောစေဝ ဝိနယောစာတိ သင်္ချံ ဂစ္ဆတိ။**

(ဂ) **တတ္ထ ဝိနယပိဋ္ဌကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော။**

(ဃ) **တေနေဝါဟ "ယန္နူန မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမာ" တိ "အဟံ ဥပါလိံ ဝိနယံ ပုစ္ဆေယျံ၊ အာနန္ဒံ ဓမ္မံ ပုစ္ဆေယျန္တိ စ။**

(င) **ဧဝံ ဓမ္မဝိနယဝသေန ဒုဝိဓံ။** (ဌ၁၁၃။ မအ္ဂ၁၁၁၂၉။ ဘာသာဋီ၁၁ ၉၈။)

➤ ၁။ (စ) **ဓမ္မတာလင်္ကာ ရုံးညည်းဖြင့် အနက်မေးပုံ**--စ၊အဖြေကိုဆိုဦးအံ့။သဗ္ဗဝံ၊သော။တော်

H-4-B

http://www.dhammadownload.com



ဇုဒ္ဓဝစနံ၊ထိုဘုရားစကားတော်သည်။ယထာနုသိဋ္ဌံ၊ဆုံးမတော်မူတိုင်း။ပဋိပဇ္ဇမာနေ၊ကျင့်သူတို့ကို။အပါယပတနာဒိတော၊အပါယ်၌ကျခြင်းစသည်မှ။ဓာရဏေန၊ဆောင်ခြင်းကြောင့်။ ဓမ္မောတိစေဝ၊ ဓမ္မဟူ၍၎င်း။ (ကိလေသဝိနယနေန၊ ကိလေသာတို့ကို ပယ်ဖျောက်ခြင်းကြောင့်။) ဝိနယော တိစ၊ဝိနယဟူ၍၎င်း။သင်္ချံ၊ရေတွက်ခြင်းသို့။ဂစ္ဆတိ၊ရောက်၏။

➢ ၂။ (ဂ) သို့/ အနုသန္ဓေ ။။ ဤသို့ (ခ)ဝါကျဖြင့် အလုံးစုံသော ဘုရား စကားတော်သည် ဓမ္မဟူ၍လည်းကောင်း, ဝိနယဟူ၍လည်းကောင်း, ရေတွက်ခြင်းသို့ ရောက်၏ဟုပြဆိုပြီး၍၊ ယခုအခါ၌ ဤ၌အလိုရှိအပ်သော ဓမ္မ ဝိနယတို့ကို ထုတ်ပြခြင်းငှာ (ဂ) ဝါကျကို မိန့်။

(ဃ) သို့/ သာဓောတ္တ ။ ။ ဆရာ-သည်၊ (ဂ)ဝါကျဖြင့် ဓမ္မ ဝိနယနှစ်ပါးတွင် ဝိနယပိဋကသည် ဝိနယ, ယင်းမှကြွင်းသော ဘုရားစကားတော်သည် ဓမ္မမည်၏ဟု ပြဆိုတော်မူ၏။ ယင်းသို့ပြဆိုသော ဆရာ့စကားသည် ဒဠှိယ ဉပမ္မ သာဓ္ဓမ္မသာဖြစ်၍ ဥဒါဟရုဏ် အာဂုံပါဠိတော်တည်းဟူသော ဒဠှိကရဏ ဉပက သာကေတို့နှင့် ကင်း၍ မခိုင်မြဲရာသည်မဟုတ်ပါလော၊ ဆရာ့စကားကို ခိုင်မြဲစေတတ် ပြီးစေတတ်သော ဒဠှိကရဏ ဉပက သာကေတို့အား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ အနုသန္ဓေ ။ ။ဤသို့ (က-ခ-ဃ)ဝါကျတို့ဖြင့် ဓမ္မ ဝိနယကို အကျယ်ပြပြီး၍၊ ယခုအခါ၌ ယင်းဆိုအပ်ပြီးသောစကားရပ်တို့ကို အကျဉ်းချုံး၍ နိဂုံးအုပ်ပြလိုသော ဆရာ သည် (င)ဝါကျမိန့်။

➢ ၃။ (ခ)ဝါကျသည် ဝိသဇ္ဇနာ၊ပရိဟာရဝါကျ။ထိုကိုထောက်၍ (က)သည်ပုစ္ဆာ၊ စောဒနာဝါကျ။ (ဂ) ဝါကျသည် ဓမ္မနှင့်ဝိနယသရုပ် အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ ဝါကျ။ (ဃ) အာဂမဒဠှိကရဏဝါကျ။ (င) ဆိုခဲ့ပြီး (ခ-ဂ-ဃ) ဝါကျစကားရပ်တို့ကို အကျဉ်းချုံး၍ နိဂုံးအုပ်ပြသောကြောင့် နိဂမနဝါကျ။

➢ ၄။ ပိဋိယတိ သဒ္ဒိယတိ ပရိယာပုဏိယတိတိ ပိဋကံ။ (ယံ ဝိနယံ၊ကို။ သေယျတ္ထိကေန၊သည်။ပိဋိယတိ သဒ္ဒိယတိ ပရိယာပုဏိယတိ၊သင်ယူအပ်၏။ဣတိ၊ကြောင့်။ တံ ဝိနယံ၊သည်။ပိဋကံ၊မည်၏။) ပိဋဓာတ်အရ-ကတ္တုဋ္ဌကြိယာကား ဝိနည်းကိုသင်ယူသော သေယျတ္ထိကပုဂ္ဂိုလ်၏သန္တာန်၌ သင်သောအခြင်းအရာအားဖြင့်ဖြစ်သော သတိ ဝီရိယ ဉာဏ်စသည်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏။ ကမ္မဋ္ဌကြိယာအရကား-- ထို--အားတပ်သော ဝိနည်းပိဋကတ်ဒြဗ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာရတ္ထအား ဖြင့် ရ၏။ ဏျပစ္စည်းအရကား ထို--သော ဝိနည်းပိဋကတ်ဒြဗ်ရ၏။

ပိဋိယတိ သယ်ာဋိယတိ တံတဒတ္ထော ဇတ္ထာတိ ပိဋကံ။ (ဇတ္ထ၊ဤဝိနည်း၌။တံ တဒတ္ထော၊ထိုထိုအကျိုးစီးပွားကို (ဝါ) ထိုထိုအနက်ကို။ဘဂဝတာ၊သည်။ပိဋိယတိ သယ်ာဋိယတိ၊ပေါင်းအပ်၏။ဣတိ ပိဋကံ။) ပိဋဓာတ်အရ ကတ္တုဋ္ဌကြိယာကား ပေါင်းစပ်တော်

http://www.dhammadownload.com



မူသော မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ အဓိကရ ဏတ္ထ ကြိယာအရကား ထို--အားတပ်သော ဝိနည်းပိဋကတ်ဒြဗ်၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူ။ ဏ္ဍုပစ္စည်းအရကား ထို မုချ ဖလူပစာရတ္ထတို့ဖြင့်မှတ်အပ်သော ဝိနည်း ပိဋကတ်ရ၏။

ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယပတနာဒိတော ဓာရေတီတိ **ဓမ္မော**။ ယံဗုဒ္ဓဝစနံ၊ အကြောင်းဘုရားစကားတော်သည်။ယထာနုသိဋ္ဌံ၊ဆုံးမတော်မူသည့် အတိုင်း။ပဋိပဇ္ဇမာနေ၊ ကျင့်ကုန်သော သတ္တဝါတို့ကို။အပါယပတနာဒိတော၊အပါယ်ကျခြင်းစသည်မှ။ဓာရေတိ၊ ဆောင်တတ် ဆောင်နိုင်၏။ ဣတိ၊ တံ ဗုဒ္ဓဝစနံ၊ ဓမ္မော။ ကတ္တုသာဓနေ၊ ဓရ+ရမ္မ။

ဓရဓာတ်အရကား ဆုံးတော်မူသည့်အတိုင်း ကျင့်ကုန်သော သတ္တဝါတို့ကို ဆောင်တတ်သော ဗုဒ္ဓဝစန၏ ဥပါဒ်သည် မုချ၊ ရမ္မ-ပစ္စည်းအရ ဥပ္ပါဒဝန္တဖြစ်သော ဗုဒ္ဓဝစနရ၏။ (အဝိညာဏကပဥ္စတ္တိ ကတ္တုသာဓနကောက်)

(တစ်နည်း) ဓရဓာတ်အရကား မဂ်၏ သမုစ္ဆေဒပဟာနသတ္တိ၊ နိဗ္ဗာန်၏ နိဿရဏ သတ္တိသည် မုချ။ ဖိုလ်၏ ပဋိပ္ပဿမ္ဘနသတ္တိသည် ကာရဏူပစာရတ္ထ။ ပရိယတ္တိဓမ္မ၏ တဒင်္ဂပဟာန ပကတူပနိဿယသတ္တိသည် ဖလူပစာရ။ ရမ္မ-ပစ္စည်းအရ ထို--သော သတ္တိမန္တ ဖြစ်သော ဓမ္မဆယ်ပါးရ၏။ (၄-၁၄၁-နှင့်အညီ)

ဒွေ ဝိဓာ ပကာရာ ဧတဿ ဗုဒ္ဓဝစနဿာတိ **ဒုဝိဓံ**။

ဓမ္မောစ ဝိနယောစ ဓမ္မဝိနယော။ ဓမ္မဝိနယာနံ ဝသော **ဓမ္မဝိနယဝသော**။

➤ ၆။ (ဂ) ၌ ဝိနယပိဋကံဖြင့် ဓမ္မဝိနယံ-၌ ဝိနယ-အရ ဝိနည်းပိဋကတ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

အဝသေသံ ဗုဒ္ဓ ဝစနံဖြင့် ဓမ္မဝိနယ၌ ဓမ္မ-အရ ပုညဉာဏသမ္ဘာရနည်း၊ မဂ်ဖလိဗဒ္ဓနည်း၊ ပါရိသေသနည်း၊ ဧကဒေသျူပစာအားဖြင့် ဝိနည်းမှကြွင်းသော ဘုရားစကားတော်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➤ ၇။ **သခ်ိ/သချ်ိ** ။ ။ ခါ ပကထနေ ချာစ-ဟူသော (သဒ္ဒနီတိဓာတုမာလာ) ကို ထောက်၍ သံပုဗ္ဗ ခါဓာတ်ဖြင့် သခ်ိ၊ သံပုဗ္ဗ ချာဓာတ်ဖြင့် သချ်ိ-ဟု ရုပ်ပြီးသောကြောင့်ငင်း၊ ခါဓာတ် ချာဓာတ်တို့သည် ဓာတ်နက်တူဖြစ်သောကြောင့်ငင်း ၂-ပါဌ်လုံး သင့်သည်။

**နာ့ဓဆော/နာခဓာ** ။ ။ နာထ နာဓဣတိ ဓာတုဒ္ဓယံ ပဌန္တိ-ဟု သဒ္ဒနီတိ ဓာတုမာလာ၌ ဆိုသောကြောင့် ၂-ပါဌ်လုံးသင့်ပါသည်။

**အလတ္တံ/အလဒ္ဓံ** ။ ။ အလတ္တံကား အဟံကတ္တား၏ကြိယာ၊ အမှယောဂဖြစ်၍ လဘဓာတ်နောင် အဖ္ဖုတ္တနိ ဣဝိဘတ်သက်၊ လဘသွာ ဤဏ္ဍုံ ထ္တတ္တံဖြင့် ဣဝိဘတ်ကို ထွံပြု၊ အ-အက္ခရာလာ၍ပြီးရကား အလတ္တံ-သာသင့်။ အဟံ-ဟူသော ကတ္တားနှင့် မလျော်သောကြောင့် အလဒ္ဓံ-ကား မသင့်။

http://www.dhammadownload.com



➤ ၈။ (ဃ) **ဓမ္မဥ္စ** ။ ။ ဓမ္မဥ္စဟူသောနည်းသည် ယှဉ်ဘက်ဝိနယသဒ္ဒါ၏ အနက်ကို ချန်၍ သုတ် အဘိဓမ္မာကိုသာ ယူရသောကြောင့် ပုညာဏာသမ္ဗာရနည်း၊ ဂေါဗလိဗဒ္ဒနည်း၊ ပါရိသေသနည်းမည်၏။ အပေါင်းဖြစ်သော သုတ် အဘိဓမ္မာ ဝိနည်းတို့၏ ဓမ္မ-ဟူသော အမည်ကို အစိတ်ဖြစ်သော သုတ် အဘိဓမ္မာ၌တင်-- ဧကဒေသူပစာ။

**သဗ္ဗံ တံ ဧကရသံ ဝိမုတ္တိရသမေဝ ဟောတိ** ။ ။ အတူဖြစ်သော ရသာရုံ၏ "ရသ" ဟူသောအမည်ကို အတူရှိသော အရဟတ္တဖိုလ် အရသာ၌တင်-- သဒိသူပစာ။

**ဝါကျ [၅]**

(က) ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတော။

(ခ) ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓ ပါတိမောက္ခုဒ္ဒေသ ပါရာဇိကာဒိ သတ္တအာပတ္တိက္ခန္ဓမာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါ နယာ။

(ဂ) ဝိသေသဘူတာ ဒဠှီကမ္မ သိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ။

(ဃ) ကာယိက ဝါစသိကအဇ္ဈာစာရနိသေဓနတော စေသ ကာယံ ဝါစဉ္စ ဝိနေတိ။

(င) တသ္မာ ဝိဝိဓနယတ္တာ ဝိသေသနယတ္တာ ကာယဝါစာနဉ္စ ဝိနယနတော ဝိနယောတိ အက္ခာတော။ (စ) တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ --

"ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတော"တိ။

(၄။၁၅။ မအ္ဒ-၁၊၁၄၀၊ ဘာသာဋီ-၁၊၁၀၇။)

➤ ၁။ (စ) တေန ဝိဝိဓနေယတ္တာဒိဟေတုနာ၊ထို ဝိဝိဓနေယတ္တာ အစရှိသော ဟိတ်သုံးရပ်ဖြင့်။တေ၊ဤဂါထာစကားကို။ ဧတဿ၊ဤဝိနာသဒ္ဒါ၏။မယာ၊ငါ အဋ္ဌကထာဆရာသည်။(ကတ္တား) ဝုတ္တံ၊မိန့်အပ်ပြီ။

➤ ၂။ (စ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က)ဝါကျဖြင့် ဝိနယသဒ္ဒါ၏ ဝစနတ္ထကို အကျဉ်းအားဖြင့်ပြပြီး၍ ယခုအခါ၌ ယင်းဝစနတ္ထဂါထာ၏ အနက်ကို ထင်ရှားစွာချဲ့ပြလိုသော ဆရာသည် (ခ) စသည်ကိုမိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ)ဖြင့် ဝိဝိဓနေယတ္တာ-ဟူသော ဟိတ်ပုဒ်၏ အကျယ်ကို ပြဆိုတော်မူ၏၊ ဝိဝိဓနေယတ္တာ-ဟူသော ဟိတ်ပုဒ်၏ အကျယ်သာ ရှိပါသလော၊ ဝိသေသနယတ္တာ-ဟူသော ဟိတ်ပုဒ်၏အကျယ်ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

➤ ၃။ (ခ-ဂ-ဃ) ဝါကျတို့သည် (က)ဝါကျဂါထာကို ထင်ရှားစွာ ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (တစ်နည်း) တပ္ပါကဋီကရဏ။ ထိုတွင် (ခ)ဖြင့် ဝိဝိဓ နယတ္တာကို ချဲ့ပြသည်။ (ဂ)ဖြင့် ဝိသေသနယတ္တာကို ချဲ့ပြသည်။ (ဃ)ဖြင့် ဝိနယတော စေဝ ကာယဝါစာနံ-ကို

http://www.dhammadownload.com



ချဲ့ပြသည်။ (ခ-ဂ-ဃ) တို့သည် အချင်းချင်း ရှေ့နောက်ထောက်ဆ၍ ပက္ခ-ပက္ခန္တရ။ (င) ဖလဝါကျ၊ ထို-ကိုထောက်၍ (ခ-ဂ-ဃ)တို့သည် ကာရဏဝါကျ။ (တစ်နည်း) (င) ကား နိယမဝါကျ၊ ထို--ကို ထောက်၍ (ခ-ဂ-ဃ)တို့သည် အနိယမဝါကျ။ (စ) သည် (ခ-ဂ-ဃ-င)ဝါကျလာ စကားရပ်တို့ကို အကျဉ်းချုပ်၍ နိဂုံးအုပ်ပြသောကြောင့် နိဂမန၊ ထို-ကိုထောက်၍ (ခ-ဂ-ဃ-င)တို့သည် နိဂမနီယဝါကျ။ (တစ်နည်း) လဒ္ဓဂုဏဝါကျ။

➢ ၄။ (ခ) ၌ (**ဝိဝိဓနယတ္တာ နှင့်အညီ**) ဝိဝိဓာ နယာ ဧတ္ထာတိ **ဝိနယော**။ ဧတ္ထ၊ဤအတ္တ ပညတ်သည် ပါဠိအစဉ်ဟူသော ဝိနည်းပိဋကၵ၌။ဝိဝိဓာ၊အထူးထူး အပြားပြား များစွာကုန် သော။နယာ၊ငါးပါးသော ပါတိမောက္ခုဒ္ဒေသ, အာပတ် ခုနစ်ဖုံ, မာတိကာ, ဝိဘင်းစသည် အပြားရှိကုန်သော နည်းတို့သည်။သန္တိ၊ရှိကုန်၏။ဣတိ၊ ဝိနယော။ (တဂ္ဂုဏသံဝိညာဏ သတ္တမီ ဗဟုဗ္ဗီဟိ၊ ဝိပုဒ် နယပုဒ် ဧတပုဒ်) ဝိနယ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံး အရကား အထူးထူး အပြားပြား များကုန်သော ပါတိမောက္ခုဒ္ဒေသငါးပါး အာပတ်ခုစ်ပုံ မာတိကာ ဝိဘင်းစသည် အပြားရှိသော နည်းတို့သည် မုချ။ ထို--နည်းတို့၏ ဝိနည်း ပိဋကတ်ဖြစ်နှင့် ဂုဏ်-ဂုဏေးစပ်--ဌာန္။ ဧတ-အညပုဒ်အရကား ထို--သော--ဝိနည်း ပိဋကဖြစ်ရ၏။

(ဂ) **ဝိသေသနယတ္တာ နှင့်အညီ** ဝိသေသာ နယာ ဧတ္ထာတိ **ဝိနယော**။ ဧတ္ထ၌။ဝိသေသာ၊ ထူးကုန်သော။နယာ၊လောကဝဇ္ဇသိက္ခာပုဒ်တို့၌ မူလပညတ်ကို ခိုင်မြဲအောင်ပြုခြင်း, ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ မူလပညတ်ကို လျော့အောင်ပြုခြင်း အကျိုးရှိကုန်သော အနု ပညတ်နည်းတို့သည်။သန္တိ၊ရှိကုန်၏။(ပုဒ်ခွဲတူ) ဝိနယ-အရ-- ထူးကုန်သော လောကဝဇ္ဇ သိက္ခာပုဒ်တို့၌ မူလပညတ်ကို ခိုင်မြဲအောင်ပြုခြင်း, ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ မူလပညတ် ကို လျော့အောင်ပြုခြင်း အကျိုးရှိကုန်သော အနုပညတ်နည်းတို့ဖြစ်သည် မုချ။ထို-နည်း တို့ဖြစ်၏ ဝိနည်းပိဋကဖြစ်နှင့် ဂုဏ်-ဂုဏေးစပ် ဌာန္။ ဧတ-အညပုဒ်အရ ထို--သော ထူးကုန်သော လောကဝဇ္ဇသိက္ခာပုဒ်တို့၌ မူလပညတ်ကို ခိုင်မြဲအောင်ပြုခြင်း, ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့၌ မူလပညတ်ကို လျော့အောင်ပြုခြင်း, အကျိုးရှိကုန်သော အနုပညတ် နည်းတို့ရှိသော ဝိနည်းပိဋကတ်ဖြစ် ရ၏။

(ဃ) **ဝိနယနတော စေဝ ကာယဝါစာနံ နှင့်အညီ** -- ကာယဝါစဥ္စ ဝိနေတီတိ **ဝိနယော**။ ယံ ဝိနယ ပိဋကံ၊အကြင် ဝိနည်းပိဋကသည်။ကာယဉ္စ၊ကာယဒွါရကိုရင်း။ဝါစဥ္စ၊ဝစီဒွါရကိုရင်း။ဝိနေတိ၊ ဆုံးမတားမြစ်တတ်၏။ဣတိ တံဝိနယပိဋကံ ဝိနယော။(ကတ္တုသာဓနကိတ်ဝိဂြိုဟ်) ဝိပုဗ္ဗ နီဓာတ်+အပစ္စည်း။ ဝိ ဥပသာရပုဒ်-အရ ဓာတွတ္ထ ဝိသေသကဘောဂုဏ်ရ၏။ နီဓာတ်၏ အရကား ကာယနှင့် ဝါစာကို ဆုံးမ တားမြစ်တတ်သော ဝိနည်းပိဋက၏ ဥပါဒ်သည် မုချ။ ဏပစ္စည်းအရကား-- ဥပ္ပါဒဝန္တဖြစ်သော ဝိနည်းပိဋကရ၏။

(**အာဝဗ္ဗမာန်ပုစ် ညဉ်စကောက်**) ကာယံ ဝါစဥ္စ ဝိနေတီတိ ဝိနယော (ဝိ-နီ+ယု) ဝိ-

http://www.dhammadownload.com



အရ ဓာတွတ္ထဝိသေသကဘောဂုဏ်ရ၏။ နိဓာတ်အရကား ကိုယ် နှုတ်တို့ကို ဆုံးမ တား မြစ်တတ်သော ဝိနည်းပိဋကဏ် ဥပါဒ်ရ၏။ ယုပစ္စည်းအရကား ဥပ္ပါဒဝန္တဖြစ်သော ဝိနည်းပိဋကရ၏။ ထိုသို့ပင်ရခြားသော်လည်း ဝိနယနပုဒ်သည် ဤ၌ ဘာဝပ္ပဓာန ဘာဝ လောပပုဒ်ဖြစ်သောကြောင့် ဆုံးမခြင်းကြိယာဟူသော နိဓာတ်၏ အရသည်သာ ပဓာန အားဖြင့် ရ၏။

ဝိဝိဓဝိသေသာ နယာ ဧတ္ထာတိ **ဝိဝိဓဝိသေသနယော** ။ ။ ဧတ္ထ ဝိနယေ၊ဤဝိနည်း၌။ ဝိဝိဓဝိသေသာ၊အထူးထူး အပြားပြားကုန်သော ထူးကုန်သော။နယာ၊နည်းတို့သည်။သန္တိ၊ရှိ ကုန်၏။ဣတိ သော ဝိနယော ဝိဝိဓဝိသေသနယော။ သတ္တမီ ဗဟုဗ္ဗိဟိ။ ဝိဝိဓဝိသေသ ပုဒ်+နယပုဒ်+ဧတပုဒ်။ ပုဒ်လုံးအရကား အထူးထူး အပြားပြားကုန်သော နည်း, ထူးသော နည်းတို့ဖြစ်သည် မုချ။ယင်း၏ ဝိနည်းဖြစ်နှင့် ဌာနီ ဌာန, ဂုဏ် ဂုဏေးစပ် ဌာနူ။ ဧတ- အညပုဒ်အရကား ထို--သော အထူးထူး အပြားပြားကုန်သော နည်း၊ ထူးကုန်သော နည်းတို့ရှိသော ဝိနည်းရ၏။

ဝိဝိဓဝိသေသနယဿ ဘာဝေါ **ဝိဝိဓဝိသေသနယတ္တံ**။ တဒ္ဓိတ်ပုဒ်အရကား အထူးထူး အပြားပြားသောနည်း, ထူးသောနည်းတို့ရှိသော ဝိနည်းဖြစ်သည် မုချ၊ ယင်း၏ အထူးထူး အပြားပြားသောနည်း၊ ထူးသောနည်းတို့နှင့် ဌာန ဌာနီ၊ ဂုဏေး ဂုဏ် စပ် ဌာနူ။ တ္တ ပစ္စည်းအရကား- ထို--သော အထူးထူး အပြားပြားသောနည်း, ထူးသောနည်းတို့ရှိသော ဝိနည်းဖြစ်တို့ ရ၏။

➤ ၆။ (က) ဝိဝိဓနယတ္တာ-ဖြင့် ဝိနယော-၌ ဝိ-၏ ဝိဝိဓအနက်ဟောသည်၏-- ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော-ဟု သတ္တမီ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဝိသေသနယတ္တာ-ဖြင့် ဝိနယော-၌ ဝိ-၏ ဝိသေသအနက်ဟော--ရင်း (ဥပသဂ္ဂ လိင်္ဂတ္ထ) ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော-ဟု သတ္တမီဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထပြု-- ရင်း (အဘိဓာနတ္ထ၊သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဝိနယနတော-ဖြင့် ဝိနယော-၌ အ-ပစ္စည်း ကတ္တုသာဓနအနက်၌သက်-ရင်း (ဒု- ပစ္စယတ္ထ) ဝိနေတီတိ ဝိနယော-ဟု ကတ္တုသာဓနဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) သိ။

ကာယဝါစာနံ-ဖြင့် ဝိနယန-၌ ဆုံးမဟူသည် ကိုယ်နှုတ်တို့ကို (ဝါ) ကိုယ်နှုတ်တို့၌ ဖြစ်သော လွန်ကျူးမှုတို့ကို ဆုံးမသတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ခ) ဝိဝိဓာ ဧတ္ထ နယာဖြင့် ဝိနယော-ဝယ် ဝိသဒ္ဒါသည် အတိသယ, အဘာဝ- စသော အနက်တို့ကိုမဟော၊ ဝိဝိဓ-အထူးထူး အပြားပြားအနက်ကို ဟော--ရင်း (ဥပသဂ္ဂ လိင်္ဂတ္ထ) ဝိနယောပုဒ်ကို ဝိဝိဓော နယော ဝိနယော-ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထ ပြုရ၊ ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော-ဟု သတ္တမီ ဗဟုဗ္ဗိဟိသမာသ်--ရင်း (သမာသ

http://www.dhammadownload.com



လိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။ ပဉ္စဝိဓ (လ) ဝိဘင်္ဂါဒိပ္ပဘေဒါဖြင့် နယ-အရ ပါတိမောက္ခုဒ္ဒေသ ၅-မျိုး အာပတ်ခုနစ်ဖုံ မာတိကာဝိဘင်း စသည်ကို ယူရမည်ဟု သိစေ ပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ဝိသေသဘူတာ အနုပညတ္တိနယာဖြင့် ဝိနယော-၌ ဝိသဒ္ဒါသည် အတိသယ, အဘာဝ-စသောအနက်တို့ကိုမဟော၊ ဝိသေသ-အထူးအနက်ကိုဟော--ဂုဏ်း (ဥပသဂ္ဂ လိင်္ဂတ္ထ)ဝိနယောပုဒ်ကို ဝိသေသော နယော ဝိနယော-ဟု ကမ္မဓာရည်းသမာသ် ဝဓနတ္တ မပြုရ၊ ဝိသေသာ နယာ ဓဿာတိ ဝိနယော-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ်-ဂုဏ်း (သမာသ လိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ) နယ-အရ အနုပညတ်နည်းကို ယူ--ဂုဏ်း (သရုပ်ကြား အဘိ ဓေယျတ္ထ) သိစေသည်။

**ဒဠှီကမ္မသိထိလကရဏ ပယောဇနာ**ဖြင့် အနုပညတ်နည်းသည် လောကဝဇ္ဇသိက္ခာ ပုဒ်တို့၌ မူလပညတ်ကို ခိုင်မြဲအောင်ပြုခြင်း, ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် တို့၌ မူလပညတ်ကို လျော့အောင်ပြုခြင်း အကျိုးရှိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ)

(ဃ) ဝိနေတိဖြင့် ဝိနယော၌ အပစ္စည်းသည် ကမ္မသာဓန၌ မသက်၊ ကတ္တုသာဓန၌ သက်--ဂုဏ်း (ဒုတိယပစ္စယတ္ထ) ဝိနယောပုဒ်ကို ဝိနေတဗ္ဗောတိ ဝိနယော-ဟု ကမ္မသာဓန ဝဓနတ္တ မပြု၊ ဝိနေတီတိ ဝိနယော-ဟု ကတ္တုသာဓန--ဂုဏ်း (အဘိဓာနတ္ထ) သိစေသည်။

**စေသ ကာယံ ဝါစဉ္စ**ဖြင့် ဤဝိနည်းကား ကာယ ဝါစာ နှစ်မျိုးလုံးကို ဆုံးမသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ကာယိက ဝါစသိကအဇ္ဈာစာရဖြင့် ကာယံဝါစဉ္စ၌ ကာယ-အရ ဥပစာရတ္ထအားဖြင့်- ကာယဒွါရ၌ဖြစ်သော လွန်ကျူးမှုကိုယူ--ဂုဏ်း (သရုပ်ကြား အဘိဓေယျတ္ထ) ဝါစာ-အရ ဥပစာရတ္ထအားဖြင့် ဝစီဒွါရ၌ဖြစ်သော လွန်ကျူးမှုကို ယူရမည်၏ အဖြစ်ကိုဂုဏ်း သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) နိသေဓနတောဖြင့် ဝိနေတိ- ဆုံးမ၏ဟူသည် နိသေဓန- တားမြစ်မှုပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **သိထိလ/သထလ/သိဋ္ဌိလ** ။ ။ သဟ ခမာယံ သဟိဿ သိထတ္တံ သဟိတု မလန္တိ သိထိလံ၊ သဟာတတ် ကိလပစ္စည်း၊ သဟကို သိထပြု၍ သိထိလ-ဟု ပြီးသော ကြောင့် သိထိလ-သင့်။ သဟ သေဋ္ဌိလ္လေ၊ သထတိ၊ သထလော ဟိ ပရိဗ္ဗာဇော ဘိယျော အာကိရတေ ရဇံ၊ သိဋ္ဌိလောတိပိ ပါဠိ ဒိဿတိ၊ တဒါ ဋ္ဌိကာရော မုဒ္ဓဇော ဂဟေတဗ္ဗော-ဟူသော သဒ္ဒနီတိဓာတုမာလာကိုထောက်၍ သထလ၊ သိဋ္ဌိလပါဌ်တို့လည်းသင့်ပါသည်။

➤ ၈။ **ကာယံ ဝါစဉ္စ ဝိနေတိ/ကာယဝါစာနံ** ။ ။ ဌာနဖြစ်သော ကာယဒွါရ ဝစီဒွါရတို့၏ "ကာယံ ဝါစဉ္စ"ဟူသောအမည်ကို ဌာနီဖြစ်သော ကာယိကအဇ္ဈာစာရ, ဝါစသိက အဇ္ဈာစာရ၌တင်-- ဌာနူပစာ။ နာနန္တရိကနည်း။

**ကာယ**-ကား- ဌာန (အကြောင်း)ဖြစ်သော ကိုယ်-ကာယဒွါရ၏ "ကာယံ" ဟူသော အမည်ကို ဌာနီ(အကျိုး)ဖြစ်သော ကိုယ်၌ဖြစ်သော လွန်ကျူးမှု (ကာယိကအဇ္ဈာစာရ)

http://www.dhammadownload.com



၌တင်-- ဌာနူပစာ (ကာရဏူပစာ)

**ဝါစံ**-ကား- ဌာန (အကြောင်း) ဖြစ်သော နှုတ်(ဝစီဒွါရ) ၏ "ဝါစံ" ဟူသော အမည်ကို ဌာနီ (အကျိုး) ဖြစ်သော ဝါစသိကအဗ္ဗာစာရ၌ တင်-- ဌာနူပစာ၊ ကာရဏူပစာ။ နာနတ္ထရိကနည်း။ **အယံ ဝိနယော** ။ ။ အယံ ဝိနယော-ဟူသောနည်းသည် တစ်ပုဒ်တည်း ဖြင့် အယံ ဝိနယော၊ဤဝိနည်းသည်။ အယံ ဝိနယော ဣမဿ ဝိနယဿ၊ဤဝိနည်း၏ ဤသို့ အနက်နှစ်ခု ဟောစွမ်းနိုင်သောကြောင့် တန္တနည်း မည်၏။

**အယံ ဝိနယော**-ကား ဟိတ်ပုဒ်တို့၌စပ်ခိုက် သမ္ဗန်-သမ္ဗန္ဓီ။ အက္ခာတော-၌ စပ်ခိုက် ကမ္မ-ကမ္မီ။ ဤသို့ နှစ်ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကနနည်း မည်၏။

➢ ၁၀။ **(ပဒဋ္ဌာနဟာရနေတ္တိ) ဝိနယတ္ထဝိဒူဟိ-အရ** ဝိနယတ္ထဝိဒူပုဂ္ဂိုလ်တို့၏ ခန္ဓာငါးပါး ကိုယူ၍။ ထိုခန္ဓာငါးပါး၏ ပဒဋ္ဌာန်ကား သာမညအားဖြင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရတည်း။ ထိုခန္ဓာငါးပါးကား ပုညာပုည ဝိပါက၏ ပဒဋ္ဌာန်တည်း။ ထိုသုံးပါးတို့ တွင် ပုည၏ ပဒဋ္ဌာန်ကား ယောနိသော မနသိကာရတည်း၊ ထိုပုညကား ကုသလဝိပါက် ဣဋ္ဌာရုံ၏ ပဒဋ္ဌာန်တည်း။ အပုည၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရတည်း။ ထိုအပုညကား အကုသလဝိပါက် အနိဋ္ဌာရုံ၏ ပဒဋ္ဌာန်တည်း။ ဝိပါက်၏ ပဒဋ္ဌာန်ကား ပုညာပုညတည်း။ ထိုဝိပါက်ကား နာမ်ရုပ်၏ ပဒဋ္ဌာန်တည်း။ ထိုနာမ်ရုပ်ကား သဠာယတန ၏ ပဒဋ္ဌာန်တည်း။ ဤသို့ စသည်ဖြင့် ဩရုယှောရုယှ၊ အာရုယှာရုယှအားဖြင့် ပဒဋ္ဌာန်ကို ထုတ်ခြင်းသည် ပဒဋ္ဌာနဟာရနေတ္တိမည်၏။

**ဂါထာ [၆]**

(က) ဣတရံ ပန -- အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။ သုတ္တာဏာ သုတ္တသဘာဂတောစ သုတ္တန္တိ အက္ခာတံ။

(ခ) တဉှိ အတ္တတ္တပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ၊

(ဂ) သုဝုတ္တာ စေတ္ထ အတ္ထာ ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ။

(ဃ) သဝတိ စေတံ အတ္ထေ သဿမိဝ ဖလံ၊ ပသဝတီတိ ဝုတ္တံ ဟောတိ။

(င) သူဒတိ စေတံ ဓေနုဝိယ ခီရံ၊ ပဂ္ဃရတီတိ ဝုတ္တံ ဟောတိ။

(စ) သုဋ္ဌုစ နေ တာယတိ ရက္ခတီတိ ဝုတ္တံ ဟောတိ။ (ဆ) သုတ္တသဘာဂဉ္စေတံ။

(ဇ) ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ ဝိညူနံ။ ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖာနိ န ဝိကိရီယန္တိ န ဝိဒ္ဓံသိယန္တိ၊ ဧဝမေတေန သင်္ဂဟိတာ အတ္ထာ။ (ဈ) တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ --

အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။

သုတ္တာဏာ သုတ္တသဘာဂတောစ သုတ္တန္တိ အက္ခာတံ။ အက္ခာတံ။

(ဌ၊၁၅။ မအဋ္ဌ၊၁။၁၄၇။ ဘာသာဋီ၊၁၊၁၁၂။)

http://www.dhammadownload.com



➢ ၁။ (ဂ) **ဟိတ်အပြင်ထုတ်အနက်** ။ ။ စ၊ထိုမှတပါး၊အတ္တတ္ထပရတ္ထာဒိဘေဒေ၊မိမိစီးပွား, သူတပါးစီးပွား အစရှိသော အပြားရှိကုန်သော၊အတ္ထာ၊စီးပွားတို့ကို၊သုဝုတ္တာ၊ကောင်းစွာ ဟောတော်မူအပ်ကုန်ပြီ၊ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား၊ဝေနေယျဇ္ဈာသယာ နုလောမေန၊ဝေနေယျတို့၏ အဇ္ဈာသယအား လျော်သောအားဖြင့်၊ ဘဂဝတာ၊သည်၊ ဝုတ္တတ္တာ၊ဟောတော်မူအပ်ကုန်သည်၏အဖြစ်ကြောင့်တည်း။

(ဃ) **ဥပမာအတွင်းသွင်း/ ဖော ဖမေ ထင်ရှားအောင်ဖေး** ။ ။ စ၊ထိုမှတပါး၊သဿံ၊ကောက်သည်၊ ဖလံ၊အသီးကို၊သဝတိ ဝိယ၊သီးသကဲ့သို့၊(သဒ္ဒတ္ထ) ဖြစ်စေသကဲ့သို့၊ (အဓိပ္ပါယတ္ထ) တထာ၊ ထို့အတူ၊တေ သုတ္တံ၊ဤသုတ်သည်၊အတ္ထေ၊အကျိုးစီးပွားတို့ကို၊(ဝါ) အနက်တို့ကို၊ သဝတိ၊သီးတတ်၏၊ (သဒ္ဒတ္ထ) ဖြစ်စေတတ်၏၊ (အဓိပ္ပါယတ္ထ)

[**ဥပမာအပြင်ထုတ်/ ဖော န–အဖော န အစဉ်ကျအောင်ဖေး**] ။ ။ စ၊ထိုမှတပါး၊တေ သုတ္တံ၊သည်၊ အတ္ထေ၊တို့ကို၊(ဝါ)တို့ကို၊သဝတိ၊၏၊(ဝါ)၏၊ကိမိဝ၊အဘယ်ကဲ့သို့နည်းဟူမူကား၊သဿံ၊ သည်၊ဖလံ၊ကို၊သဝတိ ဣဝ၊သီးသကဲ့သို့တည်း၊ (ဝါ)ဖြစ်စေသကဲ့သို့တည်း။

➢ ၂။ **(စ)စသည်သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က)ဖြင့် သုတ္တ-သဒ္ဒါ၏ ဝစနတ္ထကို အကျဉ်းအားဖြင့် ပြပြီး၍ ယခုအခါ၌ ယင်းဝစနတ္ထပြ ဂါထာ၏အနက်ကို ထင်ရှားပြလိုသော ဆရာသည် (ခ)စသည်ကိုမိန့်။

(ခ) ဖြင့် အတ္ထာနံ သူစနတော၏ အကျယ်ကိုပြသည်။ (ဂ) ဖြင့် သုဝုတ္တတော-၏ အကျယ်ကိုပြသည်။ (ဃ) ဖြင့် သဝနတော-၏ အကျယ်ကိုပြသည်။ (င)ဖြင့် သူဒနတော-၏ အကျယ်ကိုပြသည်။ (စ) ဖြင့် သုတ္တာဏာ-၏ အကျယ်ကိုပြသည်။ (ဆ-ဇ) ဖြင့် သုတ္တသဘာဂတော-၏ အကျယ်ကိုပြသည်။

**(ဃ) သို့/** ဆရာ၊ ဆရာသည် သဝတိ စေတံ အတ္ထေဖြင့် အတ္ထတို့ကို သီးတတ် ဖြစ်စေတတ်သောဟု ဆို၏။ အဘယ်ကဲ့သို့ သီးတတ် ဖြစ်စေတတ်ပါသနည်း။ သုတ္တ-က အတ္ထတို့ကို သီးတတ် ဖြစ်စေတတ်ပုံကို ဥပမာဖြင့် မပြပြီလော။ စုဒ်ကြောင့် သဿမိဝ ဖလံမိန့်။ **ကား--** ကောက်သည် အသီးကို ဖြစ်စေတတ်သကဲ့သို့ သုတ္တံသည် အတ္ထတို့ကို သီးတတ်ဖြစ်စေတတ်၏ဟူလို။

**(ဆ) သို့/** ဆရာ၊ ဆရာသည် (ဆ)ဖြင့် သုတ္တန်ပိဋကသည် တမျဉ်းချည်, ပန်းသီတံ ချည်နှင့် တူ၏ဟုဆို၏။ အဘယ်သို့လျှင် သုတ္တန်ပိဋကသည် တမျဉ်းချည်, ပန်းသီတံချည် နှင့် တူပါသနည်း။ သုတ္တန်ပိဋက၏ တမျဉ်းချည်, ပန်းသီတံချည်နှင့် တူပုံခြင်းအရာ အကျယ်ကို ဆရာ မပြဆိုပြီလော။ စုဒါကြောင့် (ဇ) မိန့်။

**(ဇ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ ယထာ ဟိ တစ္ဆကာနံ အစရှိသော (ဇ-ဝါကျ ပထမပိုင်း) ဝါကျဖြင့် သုတ္တန်ပိဋက၏ တမျဉ်းချည်နှင့် တူပုံအကျယ်ကိုပြပြီး၍ ယခုအခါ၌ သုတ္တန် ပိဋက၏ ပန်းသီတံချည်နှင့် တူပုံအကျယ်ကို ပြတော်မူလိုသော ဆရာသည် ယထာစ--

http://www.dhammadownload.com



သုတ္တေန အစရှိသော (ဇ-ဒုတိယပိုင်း) ကိုမိန့်။

(တစ်နည်း) ဤသို့ ယထာ ဟိ အစရှိသည်ဖြင့် သုတ္တသဘာဂ-၏ အဖြစ်ကို ပြပြီး၍ ယခုအခါ၌၊ တပါးသောအပြားအားဖြင့် သုတ္တသဘာဂ-၏ အဖြစ်ကို ပြပြန်လို၍ ယထာ စ-အစရှိသည်ကိုမိန့်။ (မအ္ဘ)

➤ ၃။ (ခ) မှ (ဇ)တိုင်အောင် ဝိတ္ထာရ။ (တစ်နည်း) တပ္ပါကဋ္ဌ။ (တစ်နည်း) ဒဋ္ဌကရဏ။ ထိုတွင် (ဂ)သည် အတ္ထာန် သူစနတော-၏ အကျယ်မှတစ်ပါး သုဝုတ္တတော-၏ အကျယ်ကိုပြသောကြောင့် ပက္ခန္တရ။ ဝေနေယျ (လ) ဝုတ္တတ္တာကား အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ။ ထိုကိုထောက်၍ သုဝုတ္တာ စေတ္ထ အတ္ထာကား ဖလဝါကျ။ (ဃ)ကား ရှေ့ဟိတ် နှစ်ပါး၏ အကျယ်မှတစ်ပါး သဝနတောဟိတ်၏ အကျယ်ကိုပြသော ကြောင့် ပက္ခန္တရ။ထိုကို ထောက်၍ (ခ-ဂ)တို့ကား ပက္ခဝါကျ။ (ဃ) တွင် သဿမိဝ ဖလံ ကား နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် ဥပမာနဝါကျ။ ထိုကိုထောက်၍ သဝတိ စေတံ အတ္ထေကား နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ။ ပသဝတီတိ ဝုတ္တံ ဟောတိကား သဝတိ၌ သုဓာတ်၏ အနက်ငုပ်သည်ကို ဖော်ပြသောကြောင့် ဝိတ္ထာရ။ သဝတိ စေတံ အတ္ထေကား ဓာတွတ္ထငုပ်သောကြောင့် သခ်ေပ။ (တစ်နည်း) သဝတိ-၌ သုဓာတ်သည် သဝန=ကြားနာခြင်းအနက်ကို ဟောသလော ဟု ဓာတ်နက်လျှဉ်းပါးဖွယ်ရှိသဖြင့် ပသဝတိ- ဟု ဓာတွတ္ထပသင်္ဂကို ပယ်ဖြေလို၍ တက်လာသောကြောင့် ဝါကျာရမ္ဘဝါကျ။ သဝတိ (လ) အတ္ထေ-ကား အာရဒ္ဓ။ (င)ကား ရှေ့ဟိတ် ၃-ပါး၏ အကျယ်မှတစ်ပါး သူဒနတော ဟိတ်၏ အကျယ်ကိုပြသောကြောင့် ပက္ခန္တရ။ ထိုကိုထောက်၍ (ခ-ဂ-ဃ)တို့ကား ပက္ခ။ (ဆ) ကား ရှေ့ဟိတ် ၅-ပါး၏ အကျယ်မှတစ်ပါး သုတ္တသဘာဂတော ဟိတ်၏အကျယ်ကို ပြသောကြောင့် ပက္ခန္တရဝါကျ။ (ဇ) ကား (ဆ)၌ တမျဉ်းချည်နှင့်တူပုံကို အကျယ်ပြသော ကြောင့် ဝိတ္ထာရ။ထိုကိုထောက်၍ (ဆ) ကား သခ်ေပ။ ထိုတွင်- ယထာစ ဝါကျကား သုတ္တသဒ္ဒါ ပန်းသီတန်ချည်အနက်ဟော၍ ယင်းပန်းသီတန်ချည်နှင့်, တူပုံအကျယ်ကို ပြသောကြောင့် ပက္ခန္တရ။ ယထာ ဟိဝါကျကား သုတ္တသဒ္ဒါ တမျဉ်းချည်အနက်ဟော၍ ယင်းတမျဉ်းချည်နှင့် တူပုံအကျယ်ပြသောကြောင့် ပက္ခဝါကျ။

➤ ၄။ အတ္ထေ သူဓေတိတိ သုတ္တံ။ ယံ ပိဋကံ၊အကြင်ပိဋကသည်။အတ္ထေ၊အကျိုး စီးပွားတို့ကို (ဝါ) အနက်တို့ကို။သူစေတိ၊ပြတတ်၏။ဣတိ တံ ပိဋကံ သုတ္တံ။ (ကတ္တုသာဓန) သူစ+တ။ သူစဓာတ်-အရကား သုတ္တန် ပိဋကဟူသော အပေါင်းပညတ္တိသဒ္ဒါ၏ ဝါစက သတ္တိသည် မုချ။ သုတ်ဟူသော တံ- ဟူသော အစိတ် ပရမတ္ထသဒ္ဒါ၏ ပကာတူပနိသျသတ္တိ သည် ဖလူပစာ။ တ-ပစ္စည်းအရကား ထို--သော သုတ္တန်ပိဋကဖြစ် ရ၏။

* သမာနော ဘာဂေါ ဧတဿ သုတ္တဿာတိ သဘာဂံ။ သုတ္တေန သဘာဂံ သုတ္တ သဘာဂံ။ တဗ္ဗေဋ္ဌီတိ ဓာဋ္ဌကာ။ ပမိယတိ ဧတေန သုတ္တေနာတိ ပမာဏံ။ ဂယှိသူတိ

http://www.dhammadownload.com



ဂဟိတာနိ။ သမ္မာ ဂဟိတာနိ သင်္ဂဟိတာနိ။ (ပုပ္ဖာနိ)

➤ ၆။ (က) အတ္ထာနံ သူစနတောဖြင့် သုတ္တံ-၌ သူစဓာတ်၏--ရင်း (ဒု-ဓာတုပဒ) တ-ပစ္စည်း၏ ကတ္တုသာဓနအနက်သက်--ရင်း (ဒု-ပစ္စယတ္ထ) အတ္ထေ သူစေတီတိ သုတ္တံ-ဟု --ရင်း (အဘိဓာနတ္ထ) သိစေပါသည်။ သုဝုတ္တတောဖြင့် သုတ္တံပုဒ်ကို ဥစ္စိသူတိ ဥတ္တာ၊ သုဋ္ဌု ဥတ္တာ ဇေ္တာတိ သုတ္တံ-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ်--ရင်း (သမာသလိင်္ဂတ္ထ) (တစ်နည်း) ဥစ္စိသု ဇေ္တာတိ ဥတ္တံ၊ သုဋ္ဌု ဥတ္တံ သုတ္တံ။ (တစ်နည်း) သုဋ္ဌု ဥစ္စိသု ဇေ္တာတိ သုတ္တံ-ဟု အဓိကရဏသာဓန--ရင်း (အဘိဓာနတ္ထ) တပစ္စည်း၏ အဓိကရဏ--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

သဝနတောဖြင့် သုတ္တံ၌ သုဓာတ်--ရင်း (ဒု-ဓာတုပဒ) တပစ္စည်း သုဒ္ဓကတ္တုသာဓန အနက်၌ (တစ်နည်း) ဟေတုကတ္တုသာဓနအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သဝတီတိ သုတ္တံ-ဟု သုဒ္ဓကတ္တုသာဓနေ/ ဟေတုကတ္တုသာဓနပြု--ရင်း (အဘိဓာနတ္ထ) သိစေသည်။

➤ ၃။ (ခ-၁) သည် အမေးပုစ္ဆာကိုပြသောကြောင့် ပုစ္ဆာဝါကျ။ (ခ-၂) ကား အဖြေဝိသဇ္ဇနာကို ပြသောကြောင့် ဝိသဇ္ဇနာဝါကျ။ (ဝါ) ပရိဟာရ။ (ခ-၁+၂) ကား အနုလောမိက၏အဖြစ်ကို ထင်စွာချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။ (ဂ)ကား ယုတ္တိဒဋ္ဌိကရဏဝါကျ၊ ထို--၍ (ခ-၂) ကား,ယုတ္တိဒဋ္ဌိယ။ (တစ်နည်း) (ဂ)ကား ဝိတ္ထာရ၊ ထို--၍ (ခ-၂)ကား သခေ်ပဝါကျ။ (ဃ) ကား အာဂမဒဋ္ဌိကရဏဝါကျ။ ထို--၍ (ခ-၂)ကား အာဂမဒဋ္ဌိယဝါကျ။ (င)ကား ပစ္စက္ခသံဝဏ္ဏနာမှတစ်ပါး အတိဒေသသံဝဏ္ဏနာကို ပြသောကြောင့် ပက္ခန္တရဝါကျ။ (တစ်နည်း) မဇ္ဈိမနိကာယ စသည်တို့၏ ဝစနတ္ထကို အဘယ်သို့ သိအပ်ပါသနည်းဟူသော စောဒနာကို ပယ်လို၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (တနည်း) ယဿ ဝိတ္ထာရိတဿ အတ္ထဿ အတိဒေသောပိ ဝိတ္ထာရဋ္ဌာနေ ယေဝ တိဋ္ဌတိ-ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာအဖွင့်အရ ဝိတ္ထာရ။(တစ်နည်း) အတိဒေသ သံဝဏ္ဏနာဝါကျ။ (င) ကား (ခ) ဖြင့် ဒီဃနှင့် နိကာယတို့၌ မှတ်သားစရာတို့ကို ဖွင့်ပြခဲ့၍ မဇ္ဈိမနိကာယ-စသော ကြွင်းပုဒ်တို့၌ မှတ်သားစရာတို့ကို ဆရာ မဖွင့်ပြပြီလောဟု စောဒနာဖွယ်ရှိ၍ ဆက်လက်ဖွင့်ပြသောကြောင့် ဝါကျာရမ္ဘ။

➤ ၄။ ဒီဃံ ဧတေသံ အတ္ထိတိ **ဒီဃာနိ**။ နိဝ္ဗိသေသေန စိနောတိ အဝယဝေတိ **နိကာယော**။ (သမူဟတ္ထ) /နိဝ္ဗိသေသေန ကိုယတိ စယတိ အဝယဝေတိ **နိကာယော**။ (သမူဟတ္ထ) / နိစိယျတေ ဆာဒီယတေတိ **နိကာယော**။ (နိဝါသတ္ထ)

ဒီဃာနံ နိကာယော **ဒီဃနိကာယော**။ (ဒီဃာနံ၊ရှည်သော ပမာဏရှိကုန်သော သုတ်တို့၏။နိကာယော၊အပေါင်းတည်း။ (ဝါ) နိကာယော၊တည်နေရာတည်း။) ဆဋ္ဌီတပ္ပုရိသ်။ ဒီဃပုဒ်+နိကာယပုဒ်။ ဒီဃဟူသော ဝိသေသနပုဒ်အရကား ရှည်သော ပမာဏရှိကုန်သော သုတ်တို့ဒြဗ်သည် မုချ။ ယင်း၏ အပေါင်းဖြစ်သော နိကာယနှင့် အစိတ်အပေါင်းအဖြစ်ဖြင့် စပ်။ (ဝါ) ယင်း၏ တည်နေရာဖြစ်သော နိကာယနှင့် ဌာနီ-ဌာန၊ အဘေဒ-ဘေဒ စပ်--ဌာနူ။ ပုဒ်လုံးအရကား- ရှည်သော ပမာဏရှိကုန်သော သုတ်တို့၏ အပေါင်း (ဝါ) တည်နေရာ ရ၏။

သာဓေန္တီတိ **သာဓကာနိ**။ (ယာနိ ဥဒါဟရဏာနိ သက္ခီနိ ဝါ အဓိပ္ပေတတ္ထံ သာဓေန္တီတိ သာဓကာနိ။) ယာနိ ဥဒါဟရဏာနိ၊အကြင်ဥဒါဟရုဏ်တို့သည်။(ဝါ) ယာနိ သက္ခီနိ၊ အကြင်သက်သေတို့သည်။အဓိပ္ပေတတ္ထံ၊အလိုရှိအပ်သောအနက်ကို။သာဓေန္တိ၊ပြီးစေနိုင်ကုန်၏။ဣတိ တာနိ ဥဒါဟရဏာနိ သက္ခီနိ ဝါ သာဓကာနိ။ သာဓေတ်+ဏျုပစ္စည်း။

သာဓေတ်အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရကား အလိုရှိအပ်သော အနက်သည် မုချ။ ဟေတုကတ္တုဋ္ဌကြိယာအရ ကား ထိုအလိုရှိအပ်သော အနက်အားတပ်သော ဥဒါဟရုဏ်၊

http://www.dhammadownload.com



(ဝါ) သက်သေတို့၏ ဥပနိဿယကောဋ္ဌသတ္တိသည် ဖလူပစာ။ ဏွ-အရကား ထို--သော ဥဒါဟရုဏ် (ဝါ) သက်သေတို့ရ၏။

တယော ဝဂ္ဂါ အဿ သင်္ဂဟသာတိ **တိဝဂ္ဂေါ**။ အနုလောမေတီတိ **အနုလောမိကော**။ (တစ်နည်း) အတ္ထဿ အနုလောမံ နာမံ ဧတဿ အတ္ထီတိ အနုလောမိကော။ ဒီဃံ ပမာဏံ ဧတေသံ သုတ္တာနန္တိ **ဒီဃပ္ပမာဏာနိ**။ (ဧတေသံ) သမ္ဗူဟဿ ဘာဝေါ သမ္ဗူဟော။ (တတော) နိဝသန္တိ ဧတ္ထ နိကာယေတိ နိဝါသော။ နိဝါသဿ ဘာဝေါ **နိဝါသော**။ (တတော) ပေါဏိကာနံ (ပေါဏိကမည်သော မင်းတို့၏) နိကာယော (နိဝါသော၊နေရာတည်း) **ပေါဏိကနိကာယော**။ စိက္ခလ္လိကာနံ (စိက္ခလ္လိကမည်သော မင်းတို့၏) နိကာယော (နိဝါသော၊နေရာတည်း) **စိက္ခလ္လိကနိကာယော**။

➤ ၆။ (စ) ၌ ဒီဃပ္ပမာဏာနံ သုတ္တာနံဖြင့် ဒီဃနိကာယော-ဝယ် ဒီဃ-အရ ရှည်သောဂုဏ်ကို မယူရ၊ အရှည်ဂုဏ်အနက်ကိုလွန်၍ ရှည်သော ပမာဏရှိသော သုတ္တန် ဒြဗ်ကို ဂုဏူပစာအားဖြင့် ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(တစ်နည်း) ဒီဃပ္ပမာဏာနံဖြင့် ဒီဃသဒ္ဒါကို ဒီဃပ္ပမာဏာနိတိ ဒီဃာနိ-ဟု ပမာဏ တဒ္ဓိတ် ဝစနတ္ထပြု--ရင်း (ဝိဂြိုဟ်ပြ အဘိဓာနတ္ထ) ဏပစ္စည်း၏ ပမာဏတဒ္ဓိတ်အနက် ၌သက်--ရင်း (ပစ္စယတ္ထ) သိစေပါသည်။

(တစ်နည်း) ဒီဃပ္ပမာဏာနံဖြင့် ဒီဃသဒ္ဒါကို ဒီဃံ ဧတေသံ အတ္ထီတိ ဒီဃာနိ-ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (ဝိဂြိုဟ်ပြ အဘိဓာနတ္ထ) ဏ- ပစ္စည်း၏ အဿတ္ထိ တဒ္ဓိတ်အနက်၌သက်--ရင်း (ပစ္စယတ္ထ) ဒီဃပုဒ်နောင် ပမာဏပုဒ် ကျေနေသည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(စ) ၌ သုတ္တာနံဖြင့် ဒီဃနိကာယော-၌ ဒီဃ-အရ သုတ်တရားကို ယူရမည်ဟု သိစေ ပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(စ) ၌ သမ္ဗူဟတော နိဝါသတောစဖြင့် ဒီဃနိကာယောဝယ် နိကာယသဒ္ဒါသည် ရှင်း၏အစွမ်းဖြင့် သမ္ဗူဟအနက်, နိဝါသအနက်ကိုဟောသတည်းဟု သိစေပါသည်။ (နာမ လိင်္ဂတ္ထ၊ သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ)

(စ) တဝါကျလုံးဖြင့် ဒီဃနှင့် နိကာယကို ဒီဃောစ သော နိကာယောစာတိ ဒီဃ နိကာယောဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထ မပြုရ၊ ဒီဃာနံ နိကာယော ဒီဃနိကာယော ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (သမာသလိင်္ဂတ္ထ)

(င) ဖြင့် ဒီဃနိကာယောပုဒ်ကို ဒီဃာနံ နိကာယော ဒီဃနိကာယော-ဟု တပ္ပုရိသ် ပြုရာသကဲ့သို့ရင်း၊ နိကာယသဒ္ဒါသည် သမ္ဗူဟအနက် နိဝါသအနက်ကို ဟောသကဲ့သို့ ရင်း ကြွင်းကျန်ကုန်သော မဇ္ဈိမနိကာယ စသည်ကိုလည်း မဇ္ဈိမာနံ နိကာယော စသည် တပ္ပုရိသ်ပြု၊ ယင်းတို့၌ နိကာယ-သည် သမ္ဗူဟ, နိဝါသအနက်တို့ကို ဟောသတည်းဟု

http://www.dhammadownload.com



သိစေပါသည်။ (ဘာဝတ္ထ)

(တစ်နည်း) (င) ဖြင့် ဒီဃနိကာယောပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုသကဲ့သို့ မဇ္ဈိမနိကာယ စသည်တို့ကိုလည်း မဇ္ဈိမာနံ နိကာယော မဇ္ဈိမနိကာယော စသည်ဖြင့် ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုငင်း၊ ဒီဃနိကာယော-၌ပါသော နိကာယ-သဒ္ဒါ သမူဟတ္ထ နိဝါသတ္ထကို ဟောသကဲ့သို့ မဇ္ဈိမနိကာယ စသည်တို့၌ နိကာယ-သဒ္ဒါသည်လည်း သမူဟတ္ထ နိဝါသတ္ထကို ဟောသည်၏--ငင်း သိစေပါသည်။

**အာဓောဂါသံဝဏ္ဏနာများ (၄၂၃)**

(က) **သတေဟိ ပဥ္စဟိ ကတာ၊ ဇေန ပဥ္စသတာတိ စ။**

(ခ) **ထေရေဟေဝ ကတတ္တာစ၊ ထေရိကာတိ ပဝုစ္စတိ။** (၄၂၃)

(က) ၌ သတေဟိ ပဥ္စဟိ ကတာဖြင့် ပဥ္စသတာနိတိ ပဥ္စသတာနိ-ဟု အသမာဟာရဒိဂုသမာသ်ပြု-ငင်း (သမာသလိင်္ဂတ္ထ) ပဥ္စသတာပုဒ်၌ တဒ္ဓိတ် ဏီ၍ ပဥ္စသတာနိ ဝေါသော အတ္ထီတိ ပဥ္စသတာ-ဟုပြု--ငင်း (ဝိဂြိုဟ်ပြ အဘိဓာနတ္ထ) ဏပစ္စည်း၏ အသတ္ထိ၌သက်--ငင်း (ပစ္စယတ္ထ) (တစ်နည်း) ပဥ္စ သတေဟိ ကတာ (သင်္ဂီတာ)တိ ပဥ္စသတာ-ဟု ကတတဒ္ဓိတ်ပြု--ငင်း (ဝိဂြိုဟ်ပြ အဘိဓာနတ္ထ) ဏပစ္စည်း၏ ကတတဒ္ဓိတ်အနက်၌သက်--ငင်း (ပစ္စယတ္ထ) သိစေပါသည်။

(ခ) ၌ ထေရေဟေဝ ကတတ္တာဖြင့် ထေရိကပုဒ်ကို ထေရာ (မဟာကဿပါဒယော) ဝေါသော အတ္ထီတိ ထေရိကာ-ဟု အသတ္ထိတဒ္ဓိတ်ပြု--ငင်း၊ (ဝိဂြိုဟ်ပြ အဘိဓာနတ္ထ) ဣကပစ္စည်း၏ အသတ္ထိအနက်၌သက်--ငင်း (ပစ္စယတ္ထ) သိစေပါသည်။

(တစ်နည်း) ထေရေဟိ ကတာ(သင်္ဂီတာ)တိ ထေရိကာ ဟု ကတတဒ္ဓိတ်ပြု--ငင်း (ဝိဂြိုဟ်ပြ အဘိဓာနတ္ထ) ဣကပစ္စည်း၏ ကတ တဒ္ဓိတ်အနက်၌သက်--ငင်း (ပစ္စယတ္ထ) သိစေပါသည်။

* **ထေရိကာ**- ဝေါသော သင်္ဂီတိယာ၊အား။ထေရာ၊ရှင်မဟာကဿပ-စသော မထေရ်တို့သည်။အတ္ထိ သန္တိ၊ကုန်၏။ဣတိ သာ ထေရိကာ-ရှင်မဟာ ကဿပ-စသော မထေရ်တို့ရှိသော (ပါဝင်သော) သင်္ဂါယနာ။ ရှင်မဟာကဿပ-စသော မထေရ်တို့သည်ပြု (သင်္ဂါယနာတင်)အပ်သော သင်္ဂါယနာ။

➤ ၇။ (ဂ) **ဝုစ္စန္တိ/ ဝုစ္စတိ** ॥ ॥ (ဂ)၌ သမူဟနိဝါသာကား ကံပုဒ်ဖြစ်သည်၊ နိကာယောတိကား အာကာရပုဒ်ဖြစ်သည်၊ ကံကိုငဲ့လျှင် ဝုစ္စန္တိ-ဟု ဗဟုဝုစ်နှင့် ရှိရမည်။ အာကာရကို ငဲ့လျှင်ကား ဝုစ္စတိ-ဟု ဧကဝုစ်နှင့် ရှိရမည်။ ထို့ကြောင့် နှစ်ပါဌ်လုံးသင့်။

**သမူဟ/သမုဟ** ॥ ॥ သမ္ဗာ ဝိသေသေန စ ဦဟတေ ပုဥ္ဇီဘူတတ္တာတိ သမူဟော။ ဉေဏာ။ သမံ သဟာဝယဝေန ဦဟတိ တိဋ္ဌတီတိ ဝါ သမူဟော-ဟူသော အဘိဓာန်ဋီကာကို ထောက်၍ သံပုဗ္ဗ ဦဟဓာတ်၊ ဏပစ္စည်း (တစ်နည်း) သမံပုဗ္ဗ ဦဟဓာတ် ဏပစ္စည်းဖြင့်

http://www.dhammadownload.com



ပြီးသောကြောင့် သမ္မုဟ-ပါဌ်သာ သင့်ပါသည်။

**ဇမ္ဗုသိရိဝှယေ** (၅၊၂၄) ဇမ္ဗုသဒ္ဒါသော သိရိမန္တော အဝှယော နာမံ ယဿ ဒီပဿ-ဟူသော ဝိမတိဋီကာအလို ဇမ္ဗု+သိရိမန္တ+အဝှယ (မန္တကြေ၍) ဇမ္ဗုသိရိဝှယ ဖြစ်သည်။ တိပဒဗဟုဗ္ဗီဟိ၊ သပြေပင်၏ အမည်နှင့်တူသော ကျက်သရေရှိသော အမည်ရှိသော (ဒီပေ-၌စပ်) အနက်ပေးရကြောင့် ဇမ္ဗု သိရိဝှယေပါဌ်သာ သင့်ပါသည်။

**အစနာတတ္တဒဟတော/အနေနာဒတ္တဒဟတော** ။ ။ နတ္ထိ ဩတတ္တံ ဧတ္ထာတိ အနော တတ္တံ-ဟု ဝစနတ္ထပြု၍ အဝပုဗ္ဗ တပဓာတ် တပစ္စည်းဖြင့်ပြီးရကား ပဋမက္ခရာနှင့်ရှိသော အနောတတ္တဒဟတော-သာ သင့်ပါသည်။

**ကာစဇေဟိ/ကာစစေဟိ** ။ ။ ကစ္စ ဗျဝနေ၊ ကတ္တာရိ ဏော၊ ဧကေဿ ဇဿ လောပေါ။ ကစ ဗန္ဓနေဝါ၊ အဓိကရဏေ ဏော။ စဿ ဇော၊ ကာဇော၊ ကာဇောဝိ။ (အဘိဓာန်ဋီကာ) ကစ္စဓာတ် ဏပစ္စည်း၊ ဇတစ်လုံးကိုချေ၊ က-၌ အ-ကို အာဝုဒ္ဓိပြု၍ ပြီးသောကြောင့် ကာဇေဟိ-သင့်၏။ (တစ်နည်း) ကစ ဓာတ် ဏပစ္စည်း၊ အ-ကို အာဝုဒ္ဓိပြု၊ စကို ဇပြု၍ ကာဇ-ဟု ပြီးသောကြောင့် ကာဇေဟိ-သင့်၏။ စကို ဇ-မပြုလျှင် ကာစ-ဟု ပြီးသောကြောင့် ကာစေဟိ သင့်၏။ ထို့ကြောင့် ၂-ပါဌ်လုံးသင့်ပါသည်။

> ၈။ **ဒီဃနိကာယ** ။ ။ အရှည်ဂုဏ်၏ ဒီဃ-ဟူသောအမည်ကို ဂုဏီဖြစ်သော သုတ်တို့၌တင်--ဂုဏူပစာ။ အဝိနာဘာဝနည်း။ (တစ်နည်း) ရှည်သော သုတ်တို့နှင့် နိကာယ မပြားဘဲ ပြားသကဲ့သို့ ဒီဃနိကာယ-ဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ။

> ၁၀။ **သမန္တပါသာဒိ**--၌ သံ-အနု-ဒိသဓာတ်အရ သဗ္ဗညုတဉာဏ်ကိုယူ။

> **ဝဋ္ဋံသု** (၅။၂၆)--- ဌာနီဖြစ်သော ဝဋ္ဋံမင်းသားတို့၏ "ဝဋ္ဋံသု" အမည်ကို ဌာန ဖြစ်သော ဇနပုဒ်၌တင်စား၍ ဌာနဖြစ်သော ဇနပုဒ်ကို (ဗဟုဝုစ်ဖြင့်) ဝဋ္ဋံသုဟု ဆိုသောကြောင့် ဌာနျူပစာ။ (အထင်ရှူဋ္ဌီနည်း)

> **မောဠ္ဂလိပြဖ္ဗာဏာဿ ဂေဟေ** (၅။၂၈-၂၉) ဌာနဖြစ်သော အိမ်၏ "ဂေဟေ" ဟူသောအမည်ကို ဌာနီဖြစ်သော အိမ်ရှင် ပုဏ္ဏားမဝမ်း၌တင်စား၍ ဌာနီဖြစ်သော အိမ် ရှင် ပုဏ္ဏားမဝမ်းကို "ဂေဟေ"ဟု ဆိုသောကြောင့် ဌာနူပစာ။ (နာနန္တရိကနည်း)

**ဟဒယ္ဗေ**-ကား ဌာနဖြစ်သော လက်၏ **ဟဒယ္ဗေ**ဟူသောအမည်ကို ဌာနီဖြစ်သော စိတ်၌တင်စား၍ ဌာနီဖြစ်သော စိတ် (ဟဒယ)ကို ဟတ္ထေဟု ဆိုသောကြောင့် ဌာနူပစာ။ (နာနန္တရိကနည်း)

**ဆဒ္ဒန္တဒဟတော**--- အနီးရှိသော ဆဒ္ဒန်အိုင်၏ "ဆဒ္ဒန္တဒဟ"ဟူသော အမည်ကို အနီးဖြစ်သော နတ်ဗိမာန်၊ (ဝါ) ပဒေသာပင်၌ တင်စား၍ အနီးဖြစ်သော နတ်ဗိမာန်၊ (ဝါ)ပဒေသာပင်ကို ဆဒ္ဒန္တဒဟဟု ဆိုသောကြောင့် သမီပူပစာသဒ္ဒါ။

http://www.dhammadownload.com



(တနည်း) ဌာနဖြစ်သော ဆဒ္ဒန်အိုင်၏ "ဆဒ္ဒန္တဒဟ"ဟူသော အမည်ကို ဌာနီဖြစ်သော ယင်းအိုင်၌ ပေါက်ရောက်သော သစ်ပင်အထူး၌ တင်စား၍ ယင်းသစ်ပင်အထူးကို ဆဒ္ဒန္တဒဟ-ဟု ဆိုသောကြောင့် ဌာနူပစာသဒ္ဒါ။ (နာနန္တရိကနည်း)

**ပုညပ္ပဘာဝနိဗ္ဗတ္တ**-ကား အတူဖြစ်သော မြတ်စွာဘုရား လက္ခဏာတော်၏ "ပုညပ္ပဘာဝနိဗ္ဗတ္တ" ဟူသောအမည်ကို အတူရှိသော နိမ္မိတဗုဒ္ဓရုပ၏ လက္ခဏာတော်၌ တင်--သဒိသူပစာ။

**ဗုဒ္ဓရူပံ** (၄-၃၄) အတူဖြစ်သော မြတ်စွာဘုရား ရုပ်ပုံတော်၏ "ဗုဒ္ဓရူပ"အမည်ကို အတူရှိသော နိမ္မိတဗုဒ္ဓရုပ်ပုံတော်၌ တင်--သဒိသူပစာ။

**ခုရဂ္ဂေ** (၄-၃၅) ဌာနဖြစ်သော သင်တုန်း၏ "ခုရ" ဟူသော အမည်ကို ဌာနီဖြစ်သော သင်တုန်းအမှု (သင်တုန်းဖြင့် ပြုရမည့်အမှု) ၌ တင်--ဌာနူပစာ။ (နာနန္တရိကနည်း)

**ဘေရိံ စရာပေသိ** (၄-၃၇) ဌာနီဖြစ်သော စည်၏ "ဘေရီ" ဟူသောအမည်ကို ဌာနဖြစ်သော စည်ထမ်းသူလူ၌ တင်--ဌာနျူပစာ။ (အဝိနာဘာဝနည်း)

**သီဟပဉ္စရေ** (၄-၃၅) အနီးရှိသော မြတ်သော လေသွန်တံခါး၏ "သီဟပဉ္စရေ" ဟူသော အမည်ကို အနီးဖြစ်သော မြတ်သော လေသွန်တံခါး အနီးအပါးအရပ်၌ တင် ---သမီပူပစာ။

➢ **ဒါယာဒေါသာအနုသာ** (၄။၃၈) အတူဖြစ်သော သေက္ခပုဂ္ဂိုလ်၏ "ဒါယာဒ" ဟူသော အမည်ကို အတူရှိသော မိမိရင်၌ဖြစ်သော သားသမီးကို သာသနာတွင်းသွတ်သွင်း ထားသူ၌ တင်--သဒိသူပစာ။

➢ **ပုတ္တာနံ မနံ လဘိတွာ** (၄။၃၉) အစိတ်ဖြစ်သော သား၏ "ပုတ္တ"ဟူသော အမည်ကို အပေါင်းဖြစ်သော သားသမီး၌တင်-- ဧကဒေသူပစာ၊

ဤ၌ ပုတ္တာနံ-ဟူသော နည်းသည် ပုတ္တောစ ဓိတာစ ပုတ္တာဟုတွဲ၊ ဓိတု သဒ္ဒါတစ်ခုကိုချေ၍ ပုတ္တသဒ္ဒါတခု ကြွင်းပြုသောကြောင့် ဧကသေသနည်းမည်၏။

➢ **ဝနစာရံ ဂတော** (၄။၄၁) တော၌ လှည့်လည်ခြင်း (ဝနစာရ)နှင့် သွားခြင်း (ဂတ) တို့ မပြားဘဲ ပြားသကဲ့သို့ ဝနစာရံ ဂတောဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ။

➢ **ပါဒေါဝ စသိ** (၄။၄၄) အတူဖြစ်သော ခြေ၏ "ပါဒ"ဟူသော အမည်ကို အတူ ရှိသော လှည်းဘီး (စက်) ၌ တင်--သဒိသူပစာ။

➢ **သဿတေ ဝါဒိနော** (၄။၄၄) ဌာနီဖြစ်သော အတ္တ, လောက၏ "သဿတ"ဟူသော အမည်ကို ဌာနဖြစ်သော ဝါဒ၌ တင်--ဌာနျူပစာ။ (အဝိနာဘာဝနည်း)

➢ **အန္တာနန္တိကာ** (၄။၄၆) ဌာနီဖြစ်သော အတ္တ, လောက၏ "အန္တာနန္တ"ဟူသော အမည်ကို ဌာနဖြစ်သော ဝါဒ၌ တင်--ဌာနျူပစာ။ (အဝိနာဘာဝနည်း)။

(တစ်နည်း) ဌာန, နိဿယဖြစ်သော အတ္တ, လောက၏ "အန္တာနန္တ" ဟူသော အမည်

http://www.dhammadownload.com



ကို ဌာနီ, နိဿိတဖြစ်သော ဝါဒ၌ တင်--ဌာနျူပစာသဒ္ဒါ။ (နာနတ္တရိကနည်း)။

➤ **အန္ဓနာစမာစ ပဏ္ဍိတော** (၄၄၆) ဤ၌ ဘဒ္ဒနာမောဟူသော နည်းသည် ဘဒ္ဒသာလ-ဟူသော အမည်ကို တစိတ်အားဖြင့် ခေါ်ဝေါ်အပ်သောကြောင့် ဧကဒေသဝေါဟာရနည်းမည်၏။ (ဘဒ္ဒနာမောစ၊ဘဒ္ဒသာလမည်သော မထေရ်လည်းကောင်း).

➤ **ကသ္မီရ ဂန္ဓာရာ** (၄၅၀) ကား= ဌာနဖြစ်သော ကသ္မီရတိုင်း, ဂန္ဓာရတိုင်းတို့၏ "ကသ္မီရဂန္ဓာရ" ဟူသောအမည်ကို ဌာနီဖြစ်သော ကသ္မီရတိုင်းသား, ဂန္ဓာရ တိုင်းသားတို့၌ တင်-- ဌာနူပစာသဒ္ဒါ။ (နာနတ္တရိကနည်း)။

➤ **ပဋ္စပိထေရာ ပဋ္စရဋ္ဌာနိပသာဒေသုံ** (၄၅၁) ဌာနဖြစ်သောတိုင်း၏ "ရဋ္ဌာနိ"ဟူသော အမည်ကို ဌာနီဖြစ်သော ရဋ္ဌဝါသီ (တိုင်းသား)တို့၌ တင်စား၍ ဌာနီဖြစ်သော ရဋ္ဌဝါသီတို့ကိုလည်း ရဋ္ဌာနိ-ဟု ဆိုသောကြောင့် ဌာနူပစာသဒ္ဒါ။ (နာနတ္တရိကနည်း)။

**စဇ္ဇေမူလနက္ခတ္တံနာမ** (၄၅၅) ဌာနဖြစ်သော ဇေဋ္ဌမူလနက္ခတ်၏ "ဇေဋ္ဌမူလနက္ခတ္တံ" ဟူသော အမည်ကို ဌာနီဖြစ်သော ပွဲသဘင်၌ တင်စား၍ ဌာနီဖြစ်သော ပွဲသဘင်ကို ဇေဋ္ဌမူလနက္ခတ္တံ-ဟု ခေါ်သောကြောင့် သဒိသူပစာ။

**ဏ္ဍမံ ကိရ ဓမ္မပဏ္ဏာကာရမ္ဗိ** (၄၅၆။) ကား အတူဖြစ်သော ဖက်ဖြင့်ထုပ်၍ ပေးအပ်သော လက်ဆောင်၏ "ပဏ္ဏာကာရ"ဟူသော အမည်ကို အတူရှိသော လက်ဆောင် ဟူသမျှ၌ တင်-- သဒိသူပစာ။ ဤ၌ ဖက်ဖြင့်ထုပ်၍ပေးအပ်သော လက်ဆောင်ဟူသော ထို့၌ထင်သောအားဖြင့် လက်ဆောင်ဟူသမျှဟူသော ဤ၌ "ပဏ္ဏာကာရ"ဟု ခေါ်သော ကြောင့် ရုဠ္ဌီနည်းမည်၏။

➤ **အာသန္နံ အမ္ဗရုက္ခံ** (၄၅၇) ဌာနဖြစ်သော အနီးအရပ်၏ "အာသန္န"ဟူသော အမည်ကို ဌာနီဖြစ်သောအနီး၌တည်သောသရက်ပင်၌ တင်စား၍ ဌာနီဖြစ်သော အနီး၌ တည်သောသရက်ပင်ကို အာသန္နဟု ဆိုသောကြောင့် ဌာနူပစာ။ နာနတ္တရိက။

➤ **စီရဋ္ဌိတိကတ္တာ သမ္မာသမ္ဗုဒ္ဓေါ** (၄၆၂) အပေါင်းဖြစ်သော မြတ်စွာဘုရား၏ "သမ္မာသမ္ဗုဒ္ဓ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဓာတ်တော် (သရီရ)ဝယဝ၌ တင်စား၍ အစိတ်ဖြစ်သောဓာတ်တော်ကို သမ္မာသမ္ဗုဒ္ဓေါဟု ဆိုသောကြောင့် ဧကဒေသျူပစာ။

➤**သဗ္ဗတာဠာဝစရေ ဥပဋ္ဌာပေတွာ** (၄-၆၂) ဌာနီဖြစ်သော တူရိယာ ဘဏ္ဍာတို့၏ "သဗ္ဗတာဠာဝစရေ"ဟူသော အမည်ကို ဌာနဖြစ်သော တူရိယာတီးသူ လူတို့၌ တင်စား၍ ဌာနဖြစ်သော တူရိယာတီးသူ လူတို့ကို သဗ္ဗတာဠာဝစရေဟု ဆိုသောကြောင့် ဌာနျူပစာသဒ္ဒါ။ (အဝိနာဘာဝနည်း)။

**နာဂေါ ကောဋ္ဌနာခံ နုဝိ** (၄၆၃) အတူဖြစ်သော ကြိုးကြာသံ၏ "ကောဋ္ဌနာဒ" ဟူသော အမည်ကို အတူရှိသော ဆင်အော်သံ၌ တင်စား၍ အတူရှိသော ဆင်အော်သံကို ကောဋ္ဌနာဒဟု ဆိုသောကြောင့် သဒိသူပစာ။

http://www.dhammadownload.com



**ဗုဒ္ဓမာယဲ ဟောင်းဆော** (၄-၆၃) ထင်ရှားရှိ (အသက်ထင်ရှားရှိ)သော မြတ်စွာဘုရား၏ "မဟာဝီရ"ဟူသော အမည်ကို ထင်ရှားမရှိ (အသက်ထင်ရှားမရှိ) သော ဓာတ်တော်၌ တင်စား၍ ထင်ရှားမရှိသော ဓာတ်တော်ကို မဟာဝီရဟု ဆိုသောကြောင့် တဒ္ဓမျှူပစာ။

➤ **သကလနဂရဋ္ဌ ဇနပဒေါစ** (၄-၆၅) ဌာနဖြစ်သော အလုံးစုံသောမြို့၊ ဇနပုဒ်၏ "သကလနဂရဇနပဒ"ဟူသောအမည်ကို ဌာနီဖြစ်သော မြို့သူမြို့သား၊ ဇနပုဒ်သူ ဇနပုဒ်သားတို့၌ တင်---ဌာနူပစာသဒ္ဒါ။ (နာနန္တရိကနည်း)။

ဤ-သကလနဂရဋ္ဌ ဇနပဒ-ဟူသောနည်းသည် မြို့နှင့်မြို့နေလူ၊ ဇနပုဒ်နှင့် ဇနပုဒ်နေလူကို အပြားမဲ့အားဖြင့် ဆိုအပ်သောကြောင့် အဘေဒနည်းမည်၏။

➤ **သဟာစဓာစိတတ်ဌာနာ** (၄။၇၃) ဤ၌ ဗောဓိပတိဋ္ဌာနာဟူသောနည်းသည် ဗောဓိပတိဋ္ဌာနေန-ဟု ဆိုအပ်သော တတိယာဝိဘတ်ကို ပဉ္စမီဝိဘတ်အားဖြင့် ပြန်ထားသောကြောင့် ဝိဘတ္တိဝိပလ္လာသနည်းမည်၏။ (သာရတ္ထ-၁-၁၈၆)

➤ **မဟာပထဝိအကမ္ပိ** (၄-၇၃) အစိတ်ဖြစ်သော မြေကြီးတုန်လှုပ်ခြင်း၏ "မဟာပထဝီအကမ္ပိ" ဟူသောအမည်ကို အပေါင်းဖြစ်သော မြေကြီးတုန်လှုပ်ခြင်းနှင့်တကွ အခြားသော အံ့ဖွယ်တို့၌ တင်--ဧကဒေသူပစာ။ (နိဒဿနနည်း။)

## ဝေရဉ္ဇကဏ္ဍ

### ပါဠိ[၁၆]

(က) **တေနသမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ။** [unclear]

**(က) စတေနာတိ အနိယမနိဒ္ဒေသဝစနံ။**

**(ခ) တဿ သရူပေန အဝုတ္တေနပိ အပရဘာဂေ အတ္ထတော သိဒ္ဓေန ယေနာတိ ဣမိနာ ဝစနေန ပဋိနိဒ္ဒေသော ကာတဗ္ဗော။**

**(ဂ) အပရဘာဂေ ဟိ ဝိနယပညတ္တိယာစနေဟေတုဘူတော အာယသ္မတော သာရိပုတ္တဿ ပရိဝိတက္ကော သိဒ္ဓေါ။**

**(ဃ) တသ္မာ ယေန သမယေန သော ပရိဝိတက္ကော ဥဒပါဒိ၊ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတီတိ ဧဝမေတ္ထ သမ္ဗန္ဓော ဝေဒိတဗ္ဗော။**

[၄-၁။၇၉။ မအ္ဂ၊၂ ဘာသာဋီ၊ ၁။၃၄၆။]

➤ ၁။ (ခ) တဿ၊ထို တေန-ဟူသော နိယမဖြစ်သော သဒ္ဒါကို။သရူပေန၊ယေန-ဟူသော သရုပ်အားဖြင့်။ပါဠိ၌ယံ၍။ (တစ်နည်း) နိဒါနေ၌။ အာယသ္မတာ ဥပါလိတ္ထေရေန၊ သည်။ အဝုတ္တေနာပိ။

**သေဿဓိခံ--အနက်** ။ ။ ဣတ္ထံ အတ္ထဝဏ္ဏနံ၊ဤအနက်ကို ဖွင့်ခြင်းသည်။သေယျထာ ကတမံ၊အဘယ်နည်း။ (သရူပပုစ္ဆာ) တေနာတိ အနိယမနိဒ္ဒေသ ဝစနံတျာဒိ၊တေနာတိ **အနိယမနိဒ္ဒေသဝစနံ** စသည်တည်း။ (သရူပဝိသဇ္ဇနာ)

http://www.dhammadownload.com



ဣက္ခံ အတ္တဝဏ္ဏနံ၊ဤအနက် အဖွင့်ကို။သေယျထာ ကထံ၊အဘယ်သို့သော အခြင်းအရာအားဖြင့်။ကရိဿတိ၊ပြုလတ့်နည်း။ (အကာရဏ္ဍ) တေနာတိ အနိယမနိဒ္ဒေသ ဝစနံ တဿာဒိနာ၊ တေနာတိ အနိယမ နိဒ္ဒေသဝစနံ၊ဤသို့ အစရှိသည်ဖြင့်။အတ္တဝဏ္ဏနံ၊အနက်ကို ဖွင့်ခြင်းကို။ကရိဿာမိ၊ပြုဝေအံ့။

၂။ (စ) ဝါကျသို့/ အနုသန္ဓေ ။ ဤသို့ (က)ဝါကျဖြင့် တေန၌ တ-သဒ္ဒါ၏ အနိယမ နိဒ္ဒေသ စကားဖြစ်သည်ကို ပြဆိုတော်မူပြီး၍၊ ယခုအခါ၌ ယ-တ သဒ္ဒါတို့၏ အမြဲစပ်ခြင်း ရှိသည်၏အဖြစ်ကြောင့် တေန-၌ တ-၏ နိစ္စသမ္ဗန္ဓဖြစ်သော ယ-ကို ပြလိုရကား (ခ) ဝါကျ စသည်ကိုမိန့်။

(စ) သို့/ ပုစ္ဆာတဏ် ။ ။ ဆရာ၊ ဆရာသည်၊ (က)ဝါကျဖြင့် တေန-၌ တ-သဒ္ဒါသည် အနိယမနိဒ္ဒေသ စကားဖြစ်၏ဟု ဖွင့်ပြအပ်၏။ ထို တ-သဒ္ဒါ၏ နိစ္စသမ္ဗန္ဓဖြစ်သော ယ-ကို မပြဆိုပြီလော။ (တစ်နည်း) ယနှင့်တတို့သည် အမြဲစပ်ယှဉ်သည်ဖြစ်၍ ယ-ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ တ-သဒ္ဒါ၏ နိစ္စသမ္ဗန္ဓဖြစ်သော ယ-ကား အဘယ်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။ * အဓိပ္ပါယ်ကား တ-သဒ္ဒါ၏ နိစ္စသမ္ဗန္ဓ ဖြစ်သော ယ-သဒ္ဒါကို (ခ) ဝါကျဖြင့် ငါပြဆို၏ဟူလို။

(ဂ)သို့/ အာသောင်္ကပုစ္ဆာဓောဒနာ ။ ။ ဆရာ၊ ဆရာသည် (ခ)ဖြင့် ထိုတေနဟူသောပုဒ်၏ ပါဠိတော်၌ တိုက်ရိုက်မဟောအပ်သော်လည်း နောင်အဖို့၌ အနက်အားဖြင့်ပြီးသောကြောင့် ဤ-ယေနဟူသောသဒ္ဒါဖြင့် အကျယ်ညွှန်ပြခြင်းကို ပြုအပ်သောဟု ဖွင့်ဆိုတော်မူအပ်၏။ ထိုသို့ဆိုသည်ရှိသော် ယေန-ဟူသော အနိယမနိဒ္ဒေသကို သရုပ်အားဖြင့် မဟောအပ်သောကြောင့် ယေန သမယေန (ပ) ဝိဟရတိ ဟူ၍ နိဒ္ဒေသကို မပြုအပ်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် တ-၏ ပဋိနိဒ္ဒေသ ယ-ကို ပြုအပ်ပါသနည်း။ ပါဠိတော်နှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။ * အဓိပ္ပါယ်ကား-- ပါဠိတော်၌ သရုပ်အားဖြင့် မဆိုအပ်သော်လည်း နောင်အခါ အရှင်သာရိပုတ္တရာ၏ ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော အကြံသည် ထင်ရှားပြီးစီး၏၊ ထို့ကြောင့် ယေန သမယေနဟူ၍ ပဋိနိဒ္ဒေသကို ပြုအပ်ရကား သင်တင်သော ဝိရောဓိဒေါသ ငါ၌မရောက် ကင်းပျောက်၏ဟူလို။

(ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ)ဖြင့် နောင်အခါ အရှင်သာရိပုတ္တရာ၏ ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အကြံသည် ထင်ရှား၏ဟု ဖွင့်ပြအပ်၏။ ထိုသို့ဖွင့်သဖြင့် အဘယ်သို့သော အကျိုးသည် ရရှိအပ်ပါသနည်း။ အကျိုး မရ နိရတ္ထကဟူ၍ မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

(တစ်နည်း) ဆရာ၊ ဆရာသည် (ခ-ဂ) ဝါကျတို့ဖြင့် ရှင်သာရိပုတ္တရာ၏ အကြံအစီ ပြီးသောကြောင့် ယေန-ဟူသော သဒ္ဒါဖြင့် တဖန်ညွှန်ပြခြင်းကို ပြုအပ်သောဟု ဆို၏။

http://www.dhammadownload.com



ထိုသို့ ဆိုသဖြင့် အဘယ်သို့သော အကျိုးဂုဏ်ကို ရအပ်ပါသနည်း၊ တစ်စုံတစ်ခုရအပ်သော အကျိုးဂုဏ် မရှိတော့ပြီလော၊ အကယ်၍ ရအပ်သော အကျိုးဂုဏ်ကို မပြဆိုခဲ့သော် ဆရာအား နိဂ္ဂဟကဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဃ) မိန့်။

➤ ၃။ (က)ကား တေန သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်အဖို့တစ်ပါးကို ပြသောကြောင့် ပကန္တရ။ (ခ)ကား ပဋိနိဒ္ဒေသပြုထိုက်ပုံကို ဆက်လက်အားထုတ်သောကြောင့် ဝါကျာရမ္ဘ။ (ဂ)ကား ပဋိနိဒ္ဒေသပြုရခြင်း၏ အကြောင်းကို ပြသောကြောင့် ကာရဏ။ (တစ်နည်း) ပဋိနိဒ္ဒေသာကာရကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (ဃ)ကား (ဂ)ဖြင့် ရအပ်သော အကျိုးကိုပြသောကြောင့် လဒ္ဓဂုဏ။ **[စာစဉ်]** တဿာ-ကား ကြောင့်--ကြောင့် ဝေဒိတဗ္ဗော၌ အကြောင်းဟိတ်၊ ဝေဒိတဗ္ဗောကား အကျိုးဖိုလ် အဖြစ်ဖြင့် စပ်အပ်၏။ **တဿ**-ကားကို--ကြောင့် ပဋိနိဒ္ဒေသော-၌ အဝုတ္တကံ၊ အဝုတ္တကမ္မိစပ်။ (တစ်နည်း) တဿကား ၏--ကြောင့် သံရူပေန-၌ သမ္ဗန်၊ သမ္ဗန္ဓိစပ်။

**အဝုဏ္ဏေနာဝိ**-၌ အပိကား သမ္ဘာဝနာ။ ပါဠိ၌ တိုက်ရိုက် မဟောအပ်သော်လည်း သိအပ်သေး၏၊ ဟောတော်မူသော်ကား ဆိုဘွယ်ရာ မရှိဟု သမ္ဘာဝနာ ပြသည်။

➤ ၄။ နတ္ထိ နိယမော ဧတဿာတိ **အနိယမော**။ ဧတဿ၊ဤသမယ သဒ္ဒါအား။ နိယမော၊သတ်မှတ်ခြင်းသည်။နတ္ထိ၊မရှိ။ဣတိ၊ထို့ကြောင့်။အနိယမော၊ အနိယမ မည်၏။ နတ္ထိ နိယမော ဧတဿာတိကား ဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်။ အနိယမောကား ဗဟုဗ္ဗီဟိသမာသ်ပုဒ်။ န-ပုဒ်၊ နိယမပုဒ်၊ ဧတပုဒ်။ န-နိယမဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရ သတ်မှတ်ခြင်းမရှိခြင်းဟူသော အဘာဝဘောဂုဏ်သည် မုချအားဖြင့်ရ၏။ ထို--၏ ဧတ-ဟူသော အညပုဒ်အရ သမယသဒ္ဒါနှင့် ဂုဏ် ဂုဏီ၊ နိဿ နိဿိတ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ ဧတ-ဟူသော အညပုဒ်အရ ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော သတ်မှတ်ခြင်းမရှိသော သမယသဒ္ဒါ ရ၏။

နိယမနံ **နိယမော**။ * နိယမနံ၊သတ်မှတ်ခြင်း။နိယမော၊သတ်မှတ်ခြင်း။ နိယမနံ ကား ဘာဝသာဓနကိတ်ဝိဂြိုဟ်။ နိယမောကား ဘာဝသာဓနကိတ်ပုဒ်။ နိပုဗ္ဗယမုဓာတ်၊ အပစ္စည်း၊ ဘာဝသာဓနေတို့သဘောသည် ဓာတ်အရပစ္စည်းအရ အထူးမရှိသောကြောင့် သတ်မှတ် ခြင်းကြိယာ ရ၏။

နိဒ္ဒိသီယတိ အတ္တော ဧတေနာတိ **နိဒ္ဒေသော**။ ဧတေန၊ဤသဒ္ဒါဖြင့်။အတ္တော၊အနက်ကို။နိဒ္ဒိသီယတိ၊ညွှန်ပြအပ်၏။ ဣတိ၊ ထို့ကြောင့်။နိဒ္ဒေသော၊နိဒ္ဒေသ မည်၏။ နိဒ္ဒိသီယတိ အတ္တော ဧတေနာတိကား ကရဏသာဓနေ ကိတ်ဝိဂြိုဟ်။ နိဒ္ဒေသောကား ကရဏသာဓနေ ကိတ်ပုဒ်။ နိပုဗ္ဗ ဒိသဓာတ် ဏပစ္စည်း။ ဒိသဓာတ်အရ ကတ္တုရုဠှကြိယာကား အနက်ကို ညွှန်ပြတတ်သော ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချ။ (တစ်နည်း) ဧတေန-သဒ္ဒါ၏ ဝါစကသတ္တိသည် မုချ။ ကမ္မရုဠှကြိယာကား အနက်၏ အာရမ္မဏ ပစ္စယသတ္တိ

http://www.dhammadownload.com



ပကတူပ နိဿယသတ္တိသည် ဖလူ။ ဏာပစ္စည်းအရ ထို -- သော သဒ္ဒါ ရ၏။

ဝုစ္စတိ ဧတေနာတိ **ဝစနံ**။ နိဒ္ဒေသောယေဝ ဝစနံ **နိဒ္ဒေသဝစနံ**။ နိဒ္ဒေသောယေဝ၊ ညွှန်ပြကြောင်းသည်ပင်။ဝစနံ၊သဒ္ဒါတည်း။နိဒ္ဒေသဝစနံ၊ညွှန်ပြကြောင်း သဒ္ဒါ။ နိဒ္ဒေသော ယေဝ ဝစနံ-ကား သမ္ဘာဝနာ ကမ္မဓာရည်းသမာသ်ဝိဂြိုဟ်။ နိဒ္ဒေသဝစနံကား သမ္ဘာဝနာ ကမ္မဓာရည်းသမာသ်ပုဒ်၊ နိဒ္ဒေသပုဒ်၊ ဝစနပုဒ်။

နိဒ္ဒေသ-ဟူသော ဝိသေသနပုဒ်အရ ညွှန်ပြကြောင်း၏ အဖြစ်ဟူသော သမ္ဘာဝနာ ဘောဂုဏ်သည် မုချ။ ထို--၏ ဆိုကြောင်းဖြစ်သော တေနသဒ္ဒါနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူ။ သမာသ်ပုဒ်လုံးအရ ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော ညွှန်ပြကြောင်းဖြစ်သော တေနသဒ္ဒါရ၏။

နတ္ထိ ဧတဿ နိယမောတိ **အနိယမော**။ နိဒ္ဒိသီယတိ အနေန ဧတေနာတိ **နိဒ္ဒေသော**။ ဝုစ္စတိ ဧတေနာတိ ဝစနံ။ နိဒ္ဒေသောယေဝ ဝစနံ **နိဒ္ဒေသဝစနံ**။ (အစိတ်) အနိယမဿ နိဒ္ဒေသဝစနံ **အနိယမနိဒ္ဒေသဝစနံ**။ (အပေါင်း) အနိယမဿ၊မှတ်သားခြင်း မရှိသေးသော။ (ဝါ) ရှေးဦးစွာ မမှတ်သားရသေးသော သမယကို။နိဒ္ဒေသဝစနံ၊ညွှန်ပြကြောင်းဖြစ်သော (တေန)သဒ္ဒါတည်း။ ကမ္မဣဆဋ္ဌီတပ္ပုရိသ်၊ အနိယမ+နိဒ္ဒေသဝစနပုဒ်။

အနိယမ-ဟူသော ဝိသေသနပုဒ် အရကား မှတ်သားခြင်း မရှိသေးသော (ဝါ) ရှေးဦးစွာ မမှတ်သားရသေးသော သမယသဒ္ဒါသည် မုချ။ ယင်း၏ ညွှန်ပြကြောင်းဖြစ်သော တေန-သဒ္ဒါနှင့် နိဒ္ဒိသိတဗ္ဗ နိဒ္ဒေသစပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော မှတ်သားခြင်း မရှိသေးသော (ဝါ) ရှေးဦးစွာ မမှတ်သားရသေးသော သမယကို ညွှန်ပြကြောင်းဖြစ်သော တေန-သဒ္ဒါ ရ၏။

* ဝိနယဿ ပညတ္တိ ဝိနယပညတ္တိ။ ဝိနယပညတ္တိယာ ယာစနံ ဝိနယပညတ္တိယာစနံ။

* ဝိနယပညတ္တိယာစနဿ ဟေတု ဝိနယပညတ္တိယာစနဟေတု။ ဝိနယပညတ္တိယာစနဟေတု ဟုတွာ ဘူတော **ဝိနယပညတ္တိယာစနဟေတုဘူတော**။

အာယု အဿ အတ္ထီတိ **အာယသ္မာ**။ အဿ၊ထိုအရှင်အား။အာယု၊အသက်သည်။ အတ္ထိ၊ရှိ၏။ဣတိ၊ထို့ကြောင့်။သော၊ထိုအရှင်သည်။အာယသ္မာ၊ အာယသ္မာမည်၏။ အာယုပုဒ်၊ မန္တုပစ္စည်း။ အာယု-ဟူသော တဒ္ဓိတ်ပုဒ်အရ အသက်သည် မုချ။ ထို--၏ မန္တုပစ္စည်းအရ အရှင်သာရိပုတ္တရာနှင့် နိဿယ+နိဿိတ စပ် ဌာနူ။ မန္တုပစ္စည်းအရ ထို မုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော အသက်ရှည်သော အရှင်သာရိပုတ္တရာ ရ၏။

သာရိယာ ပုတ္တော **သာရိပုတ္တော**။ သာရိယာ၊သာရိပုဏ္ဏေးမ၏။ပုတ္တော၊သားတည်း။ သာရိပုတ္တော၊သာရိပုဏ္ဏေးမ၏ သား။ ဆဋ္ဌီတပ္ပုရိသ်၊ သာရီ+ပုတ္တပုဒ်။

သာရိဟူသော ဝိသေသနပုဒ်အရ သာရီ ပုဏ္ဏေးမသည် မုချ။ ထို-၏ သားဖြစ်သော အရှင်သာရိပုတ္တရာနှင့် ဇနက+ဇညအဖြစ်ဖြင့် စပ် ဌာနူ။ သမာသ်ပုဒ်လုံးအရ ထိုမုချ

http://www.dhammadownload.com



ဠာန္ဒပစာတို့ဖြင့် မှတ်အပ်သော သာရီပုဏ္ဏေးမ၏ သားဖြစ်သော သာရိပုတ္တရာ ရ၏။

ပေါသီယတေတိ **ပုစ္ဆော**။ ပေါသီယတေ၊မွေးမြူအပ်၏။ဣတိ၊ထို့ကြောင့်။ ပုတ္တော၊ ပုတ္တမည်၏။ ပုသဓာတ်၊ တ-ပစ္စည်း။ ပုသဓာတ်အရ ကတ္တုရှုကြိယာကား မွေးမြူတတ်သော မိဘတို့၏ ဂေဟာသိတ ပေမ (ဝါ) မေတ္တာ ကရုဏာသည် မုချ။ ကမ္မရှုကြိယာကား သားဒြပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ တ-ပစ္စည်းအရ ထိုမုချ ဖလူပစာတို့ဖြင့်မှတ်အပ်သော သားဒြပ် ရ၏။

(တစ်နည်း) ပုနာတိ သောဓေတီတိ **ပုစ္ဆော**။ ဇတေန၊ ဤသားဖြင့်။ပုနာတိ သောဓေတိ၊စင်ကြယ်တတ်၏။ဣတိ၊ထို့ကြောင့်။ပုတ္တော၊ပုတ္တမည်၏။ ပု ဓာတ်+ တ-ပစ္စည်း။

ပုဓာတ်အရ ကတ္တုရှုကြိယာကား စင်ကြယ်တတ်သော အမျိုးအနွယ်သည် မုချ၊ ကရဏတ္တ ကြိယာကား သား၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ တ-ပစ္စည်းအရ ထို မုချ ဖလူပစာတို့ဖြင့် မှတ်အပ်သော သားရ၏။

* ပရိဝိတက္ကေတီတိ **ပရိဝိတက္ကော**။ ပရိဝိတက္ကေတိ၊အာရုံသို့ တက်ရောက်တတ်၏။ ဣတိ၊ထို့ကြောင့်။ပရိဝိတက္ကော၊ပရိဝိတက္က မည်၏။ပရိရှေ့ ဝိရှေ့ရှိသော တက္ကဓာတ်၊ အ-ပစ္စည်း။ တက္ကဓာတ်အရ အာရုံသို့တက်ရောက်ခြင်း လက္ခဏာ ရ၏။ အ-ပစ္စည်း အရကား ထိုလက္ခဏာရှိသော ဝိတက်စေတသိက် ရ၏။

➢ ၆။ (က) ၌ အနိယမနိဒ္ဒေသဝစနံဖြင့် တေနသမယေနဝယ် တေနသဒ္ဒါကား ရှေးဦးစွာ မမှတ်သားရသေးသော သမယ၊ (ဝါ) ယေန-သဒ္ဒါကို ညွှန်ပြကြောင်းဖြစ်သော သဒ္ဒါတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

[တနည်း] (က) ၌ အနိယမနိဒ္ဒေသဝစနံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တေန-၌ တ-သဒ္ဒါသည် သတ်မှတ်ခြင်း မရှိသော သမယကို ညွှန်ပြကြောင်း သဒ္ဒါဖြစ်သည်ကို သိစေပါသည်။ [သဗ္ဗနာမ်ပုဒ်၏ အနက်ကိုဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ။]

(ဂ) ၌ ဝိနယပညတ္တိယာစနဟေတုဘူတော စသည်ဖြင့် (ခ)ဝါကျလာ အပရဘာဂ အရ အရှင်သာရိပုတ္တရာ၏ ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်သော အကြံဖြစ်ရာအခါကို ကောက်ယူအပ်သည်ကို သိစေသည်။ [အရကောက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထ] ပရိဝိတက္ကော သိဒ္ဓေါ တဿာ-ဖြင့် အတ္ထတော၌ အတ္ထဟူသည် အရှင်သာရိပုတ္တရာ၏ အကြံပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုရင်း။ [အဓိပ္ပါယ် အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ] သိဒ္ဓေန-၌ နာဝိဘတ်သည် ဟိတ်အနက်၌ သက်သည် ကိုရင်း။ [နာဝိဘတ်၏အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထ] သိစေသည်။

(ဃ) ၌ ယေနသမယေန စသည်ဖြင့် တေန သမယေန ၌ သမယ-အရ ဝိနည်း ပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်သော အကြံဖြစ်ရာအခါကို ကောက်ယူအပ်သည်ကိုရင်း (အဘိဓေယျတ္ထ) တေန သမယေန-စသော **နိယမဝါကျ၌ ယေန**

http://www.dhammadownload.com



သမယေန သော ပရိဝိတက္ကော ဥဒပါဒိဟူသော အနိယမဝါကျထည့်စွက်၍ အနက်သမ္ဗန် အပ်သည်ကိုရင်း။ [အစဝ် ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ။] သိစေ။

➤ ၇ ။ ။ **ဝေဓမေတ္တ/ဝေဓမ္ဗေတ္တ** ။ ။ ဤ၌ ဗိ-သဒ္ဒါဖြင့် ဆည်းစရာအနက်တစ်မျိုး မရှိသောကြောင့် ဝေမေတ္တ-ပါဌ်သာ သင့်ပါသည်။

**အဝုဇ္ဈွောန/အဝုဇ္ဈွောနာပိ** ။ ။ ပါဠိ၌ တိုက်ရိုက်မဟောအပ်သော်လည်း သိအပ်သေး၏၊ဟောတော်မူသော်ကား ဆိုဖွယ်မရှိဟု သမ္ဘာဝနာအနက်ကို ပြသောကြောင့် အဝုဇ္ဈွောနာပိ-၌ အပိသဒ္ဒါပါမှ သင့်ပါသည်။

**ပဋိနိဒ္ဒေသော/ပတိနိဒ္ဒေသော** ။ ။ ကွစိ ပဋိ ပတိသသုတ်ဖြင့် ဒန္တဇ ပတိ-ကို မုဒ္ဓဇ ပဋိ-ပြုသောကြောင့်ရင်း၊ ရူပသိဒ္ဓိ သဒ္ဒနီတိ သုတ္တမာလာတို့၌ ဒန္တဇ ပတိ-ဖြင့် ပတိနိဒ္ဒေသော-ဟု ကိုရုပ် မထုတ်သောကြောင့်ရင်း ပဋိနိဒ္ဒေသော-ပါဌ်သင့်ပါသည်။

**ကာတဗ္ဗော/ဝေဒိတဗ္ဗော** ။ ။ (ခ) ဝါကျ၌ ကာတဗ္ဗော-ဟု ရှိလျှင် ပဋိနိဒ္ဒေသော၊ကို၊ ကာတဗ္ဗော၊ပြုအပ်၏။ ဝေဒိတဗ္ဗော-ဟု ရှိလျှင်လည်း ဝစနေနာတိ ပဒံ ဝေဒိတဗ္ဗောတိ ပဒေ ကာရဏံ-ဟု ပါရာဇိကဏ် ယောဇနာ၌ ဆိုသောကြောင့် ဝေဒိတဗ္ဗော၊သိအပ်၏။ ဤသို့ အတ္ထယုတ္တ ရှိသည်ချည်းဖြစ်သောကြောင့် ၂-ပါဌ်သင့်ပါသည်။

**ဝိနယပညတ္တိ / ဝိနယပဏ္ဏတ္တိ** ။ ။ ဝိနယပညတ္တိန္တိ ဝိနယဿ ပညာပနံ။ ည-ကာရဿ ပန ဏ္ဏ-ကာရေ ကတေ ဝိနယပဏ္ဏတ္တိန္တိပိ ပါဌော-ဟု သီလက္ခန်ဋီကာသစ်၌ ဆိုသောကြောင့် ၂-ပါဌ်သင့်ပါသည်။

**သုပဏ္ဏရူပေန/သုဝဏ္ဏရူပေန/သုဗဏ္ဏရူပေန** ။ ။ သုပဏ္ဏော ဝေနတေယျော၊ ဂရုဠော ဝိဟင်္ဂါမိပေါ် (ဓာန်) သုဝဏ္ဏံ ကနကေ ဝုတ္တံ၊ သုဝဏ္ဏော ဂရုဠေ တထာ (ဓာန်) တို့ကိုထောက်၍ သုပဏ္ဏနှင့် သုဝဏ္ဏတို့သည် ဂဠုန်ဟူသောအနက်ကို ဟောနိုင်သောကြောင့် သုပဏ္ဏရူပေန/သုဝဏ္ဏရူပေန-ပါဌ် သင့်ပါသည်။

ဂဠုန်အနက်ဟော သုဗဏ္ဏ-သဒ္ဒါကို အဘိဓာန်၌ မတွေ့ရပါ၊ သို့ရာတွင် ဤ ပါရာဇိကဏ် အဋ္ဌကထာ၌လာသော သုပဏ္ဏမာဏဝကောပုဒ်ကို ပါရာဇိကဏ် ယောဇနာ၌ သုဝဏ္ဏမာဏဝကောတိ သုပဏ္ဏမာဏဝကော၊ သုဝဏ္ဏံ ကနကေ ဝုတ္တံ၊ သုဝဏ္ဏော ဂရုဠော တထာတိ အဘိဓာနပ္ပဒီပိကာ သုဗဏ္ဏမာဏဝကောတိပိ အတ္ထိ-ဟု ဖွင့်ပြထားသောကြောင့် ယောဇနာ-အလို သုဗဏ္ဏရူပေနပါဌ်လည်း သင့်ပါသည်။

➤ ၈ ။ ။ **ဝိနယပညတ္တိ** ။ ။ အပေါင်းဖြစ်သော ပညတ်ပြီးသိက္ခာပုဒ် မပညတ်အပ်သေးသော သိက္ခာပုဒ်တို့၏ "ဝိနာပညတ္တိ" အမည်ကို အစိတ်ဖြစ်သော မပညတ်အပ်သေးသော သိက္ခာပုဒ်၌တင် ဧကဒေသူပစာ။ ဤ၌ ပညတ်ပြီးသော သိက္ခာပုဒ် မပညတ်အပ်သေးသော သိက္ခာပုဒ်တို့၏ ထို၌ထင်သော ဝိနယပညတ္တိ အမည်ကို မပညတ်အပ်သေးသော သိက္ခာပုဒ်ဟူသော ဤ၌တင်စား၍ ဆိုသောကြောင့် ရှင်းနည်း မည်၏။

http://www.dhammadownload.com



**ဝေရဥ္စာယံ ဝိဟရတိ** ။ ။ အနီးရှိသော ဝေရဥ္စာမြို့၏ "ဝေရဥ္စာယံ" ဟူသောအမည်ကို အနီးဖြစ်သော ပုစိမန္ဒ၌တင် သမီပူပစာ။ ရှင်္ဂီနည်း။

➤ ၁၀ ။ ။ [**လက္ခဏာဟာရနယ္တို**] ပရိဝိတက္ကော-အရ အရှင်သာရိပုတ္တရာ၏ သန္တာန်၌ ကြံစည်သောအခြင်းအရာအားဖြင့် ဖြစ်သော မဟာကြိယာဉာဏသမ္ပယုတ်၌ရှိသော ဝိတက်စေတသိက် ရ၏။ အဘယ်သို့ မှတ်အပ်သနည်းဟူမူကား-- ပရိဝိတက္ကောအရ ဝိတက်ကို ယူသဖြင့် ထို-နှင့် အာရုံ၌ စိတ်ကိုတက်ရောက်ခြင်း လက္ခဏာအားဖြင့်ရင်း အတူတကွဖြစ်ခြင်းအားဖြင့်ရင်း အာရုံ၌ထိခိုက်ခြင်း ကိစ္စအားဖြင့်ရင်း၊ ထို-နှင့် အလောဘ, အဒေါသ, အမောဟ-ဟူသော ဟိတ်ရှိသောကြောင့်ရင်း။ အလုံးစုံအာရုံအားဖြင့်ရင်း၊ အဗျာကတဇာတ်အားဖြင့်ရင်း၊ ပရမတ္ထမွေဒြပ်အားဖြင့်ရင်း၊ ကြံစည်ခြင်း ကြိယာအားဖြင့်ရင်း တူသော ဝိတက်သဟဇာတစိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။

ဗုဒ္ဓါ-၌ ဗုဓဓာတ်၏ ကံကို စတ္တာရိ သစ္စာနိ-ဟု ခံလျှင် ဗုဓဓာတ်အရ အရဟတ္တမဂ်ဉာဏ်ကိုယူ။ သဗ္ဗဓမ္မေ-ကို ခံလျှင် သဗ္ဗညုတဉာဏ်ကိုယူ။

# ဋီကာ [၁၇]

(က) သမယေနာတိ ဧတ္ထ ပန သမယသဒ္ဒေါ တာဝ--

သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတုဒိဋ္ဌိသု။

ပဋိလာဘေ ပဟာနေစ၊ ပဋိဝေဓေ စ ဒိဿတိ။

(ခ) တတ္ထ ဟိဿ "အပ္ပေဝ နာမ သွေပိ ဥပသင်္ကမေယျာမ ကာလဉ္စ သမယဉ္စ ဥပါဒါယာ"တိ ဧဝမာဒီသု သမဝါယော အတ္ထော။ (ဂ) ဣဓ ပနဿ ကာလော အတ္ထော။ (ဃ) တသ္မာ ယေန ကာလေန အာယသ္မတော သာရိပုတ္တဿ ဝိနယပညတ္တိယာစနဟေတုဘူတော ပရိဝိတက္ကော ဥဒပါဒိ၊ တေန ကာလေနာတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။

(ဋ၊၇၉။ မအူ-၂၈။ ဘာဋီ-၁၃၅၀။)

➤ ၁။ တာဝ၊နာဝိဘတ်၏ ကာရိယ ဓနေ-မှ ရှေးဦးစွာ။ (ဝါ) ဓနေ-၏ ရှေးဦးစွာ။ (တစ်နည်း) တာဝ၊သမယေန-ဟူသော သဒ္ဒါ၌ ဖြစ်သင့်သောအနက်မှ ရှေးဦးစွာ။ (ဝါ) ဖြစ်သင့်ရာအနက်၏ ရှေးဦးစွာ။* *ပဌမံ တာဝ၊ ရှိလတ်ကမူ၊ အပါဒါန်နှင့်၊ သမ္ဗန်လာမြဲ*။

➤ ၂။ (စ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က)ဖြင့် သမယ-သဒ္ဒါသည် သမဝါယ-စသော ၉-ပါးသော အနက်တို့၌ ထင်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်း သမယသဒ္ဒါ၏ သမဝါယ-စသော အနက် ၉-ပါးတို့၌ထင်ပုံကို ဥဒါဟရဏ် အာဂုံ ပါဠိတို့ဖြင့် အသီး အသီး အကျယ်ချဲ့ပြလိုသော ဆရာသည် (ဝါ) ခိုင်မြဲ စေလိုသော ဆရာသည် (ခ)မိန့်။

(စ) **သို့/** ဆရာ၊ ဆရာသည် (က) ဖြင့် သမယသဒ္ဒါသည် သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်သောဟု ဆို၏။ ယင်းသို့ဆိုသော် သမယ-ဟု တစ်ကြိမ်

http://www.dhammadownload.com



ရွှတ်လျှင်ပင် ကိုးပါးသော အနက်တို့ကို တပြိုင်နက် ဟောပါသလော။ အဘယ်သို့ (ဝါ) အဘယ်ပြယုဂ်တို့၌ သမယသဒ္ဒါသည် သမဝါယ-စသော အနက်တို့ကို ဟောပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။ (ဆင်တဲဂဏ္ဍိအာဘော်)

(စ) သို့/ **ဝိတ္ထာရဗုဒ္ဓာတက်**။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သမယသဒ္ဒါသည် သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်သောဟု ဆို၏။ သမယ သဒ္ဒါ၏ သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်ပုံကို အကျယ်အားဖြင့် မပြဆိုပြီလော၊ သမယသဒ္ဒါ ၏ သမဝါယ-စသော ကိုးပါးသောအနက်တို့၌ ထင်ပုံ အကျယ်ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ခ) ဝါကျကိုမိန့်။

* **တပ္ပါကင်္ဂကရုဏာဗုဒ္ဓာတက်**။ ။ သမယသဒ္ဒါ၏ သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်ပုံကို ဥဒါဟရုဏ် အာဂုံ ပါဠိတို့ဖြင့် ထင်စွာ မပြဆိုပြီလော၊ သမယသဒ္ဒါ၏ သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်ပုံကို ထင်စွာပြဆိုသော ဥဒါဟရုဏ် အာဂုံ ပါဠိ တို့ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

* **အာဂမဒဠှီကရဏာဗုဒ္ဓာတက်**။ ။ သမယသဒ္ဒါ သမဝါယ-စသော ကိုးပါးသော အနက်တို့ ၌ ထင်၏ဟု ဆိုသော ဆရာ့စကားသည် ဥဒါဟရုဏ် အာဂုံ ပါဠိတို့နှင့် မခိုင်မြဲရာသည် မဟုတ်ပါလော၊ ဆရာ့စကားကို ခိုင်မြဲစေတတ်သော ဥဒါဟရုဏ် အာဂုံ ပါဠိတို့ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**ဝိတ္ထာဟိမှာ၊ အဓိတ်ပြာ၊ ဖေးပါ ဝါကျတုံ-နှင့် အညီ ကျွမ်းတက်**။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သမယသဒ္ဒါသည် သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်သောဟု ဆို၏။ အဘယ်ပါဠိရပ်၌ သမယသဒ္ဒါသည် သမဝါယအနက်၌ ထင်ပါသနည်း။ (ပ) အဘယ်ပါဠိ ရပ်၌ သမယသဒ္ဒါသည် ပဋိဝေဓအနက်၌ ထင်ပါသနည်း။ သမယသဒ္ဒါ၏ သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်ပုံကို ဥဒါဟရုဏ် ပုံစံ ပါဠိတို့ဖြင့် အကျယ် မပြဆိုပြီလော။ စုဒ်ကြောင့် (ခ)မိန့်။

(ဂ) သို့/ **ဝိသေသတက်**။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သမယသဒ္ဒါသည် သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်သောဟု သာမညကိုဆို၏။ ဤသမယေန၌ သမယသဒ္ဒါသည် အဘယ်အနက်၌ ထင်ပါသနည်း၊ သမဝါယအနက်၌ ထင်ပါသလော၊ စုဒ်ကြောင့် (ဂ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က-ခ) ဖြင့် သမယသဒ္ဒါသည် သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်သောဟု ဆို၏။ ဤ တေန သမယေန၌ သမယသဒ္ဒါ သည်လည်း သမဝါယ-စသော အနက်ကိုးပါးလုံး၌ပင် ထင်ပါသလော၊ ဤ တေန သမယေန၌ သမယသဒ္ဒါသည် မည်သည့်အနက်၌ ထင်ပါသနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

*(အဓိတ်နှင့်ဖြေ၊ အဓါင်းလေ၊ တင်လေ အာဘော်သာ။)*

http://www.dhammadownload.com



(ဂ) ဒို့/ ဆရာ၊ ဆရာသည် (က) ဖြင့် သမယသဒ္ဒါသည် သမဝါယ-စသော ကိုးပါးသော အနက်တို့၌ ထင်သောဟု အတ္ထုဒ္ဓါရကို ပြဆိုတော်မူ၏။ ဤ၌ အလိုရှိအပ်သော သမယသဒ္ဒါ၏ အတ္ထုဒ္ဓေသ ဣစ္ဆာဓိပ္ပေတတ္ထကား အဘယ်ပါနည်း၊ ဤ၌ လိုအပ်သော သမယသဒ္ဒါ၏ အတ္ထုဒ္ဓေသ ဣစ္ဆာဓိပ္ပေတတ္ထကို ဆရာ မပြဆိုပြီလော။ (ဂ) မိန့်။

➤ ၃။ (ခ) သည် သမယသဒ္ဒါ၏ သမဝါယ-စသော ကိုးပါးသောအနက်တို့၌ ထင်ပုံကို ဥဒါဟရုဏ် ပုံစံ ပါဠိတို့ဖြင့် အသီး အသီး ချဲ့ပြသောကြောင့် ဝိတ္ထာရ။/ထင်စွာပြသောကြောင့် တပ္ပါကဋီကရဏ။/ဥဒါဟရုဏ် အာဂုံ ပါဠိတို့ဖြင့် ခိုင်မြဲအောင်ပြုသောကြောင့် အာဂမဒဠ္ဟီကရဏ။

(ဂ) ဝါကျသည် သမယသဒ္ဒါ၏ အတ္ထုဒ္ဓါရသာမည-မှ တစ်ပါး အတ္ထုဒ္ဓေသဝိသေသ အဓိပ္ပေတတ္ထကို ပြသောကြောင့် ပက္ခန္တရ။/ဤ၌ အလိုရှိအပ်သော သမယသဒ္ဒါ၏ အနက်ထူးကို ပြသောကြောင့် ဝိသေသဝါကျ။ (ဃ) သည် ဤ၌ ကာလအနက်ကို လိုအပ်၏ဟု ဆိုသဖြင့် ရအပ်သောအကျိုးဂုဏ်ကို ပြသောကြောင့် လဒ္ဓဂုဏဝါကျ။

➤ ၄။ ပဝဒန္တိ ဧတ္ထာတိ **ပဝါဒကော**။ (အစိတ်) ဧတ္ထ၊ဤအာရာမ်၌။ပဝဒန္တိ၊ အပြားအားဖြင့် အယူကို ပြောဆိုကြကုန်၏။ဣတိ ပဝါဒကော။ ပပုဗ္ဗ ဝဒဓာတ်အရ အယူကို အပြားအားဖြင့် ပြောဆိုကြကုန်သော စင်္ကီ, တာရုက္ခ, ပေါက္ခရသာတိ-စသော ပုဏ္ဏား၊ နိဂဏ္ဌ အစေလက ပရိဗိုဇ်စသည်တို့၏ သန္တာန်၌ တဏှာ ဒိဋ္ဌိ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ အဓိကရဏဋ္ဌ-အရကား ထို--အားတပ်သော အာရာမ်ဖြစ်၏ ပကတူပနိဿယ သတ္တိသည် ဖလူ။ ဏွု-ပစ္စည်းအရကား ထို--သော အာရာမ်ဖြစ် ရ၏။

သမယဿ ပဝါဒကော **သမယပ္ပ ဝါဒကော**။ (အပေါင်း) သမယဿ၊အယူဝါဒကို။ ပဝါဒကော၊ပြောဆိုတင်ပြရာတည်း။ ဣတိ၊ကြောင့်။သမယပ္ပဝါဒကော၊မည်၏။ ကမ္မဋ္ဌ ဆဋ္ဌီတပ္ပုရိသ်။ သမယပုဒ် ပဝါဒကပုဒ်။ သမယ-ဟူသော ဝိသေသနပုဒ်အရကား အယူဝါဒဖြစ်သည် မုချ။ ယင်း-၏ ပြောဆိုတင်ပြရာ အာရာမ်ဖြစ်နှင့် ဌာနီ-ဌာနစပ် ဌာနူ။ ပုဒ်လုံးအရကား ထို-သော အယူဝါဒကို ပြောဆိုတင်ပြရာ အာရာမ်ဖြစ်ရ၏။

[ဝိသေသနပုဒ်တို့၏သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော အန္တတ္ထသည်သာ ပဓာနအားဖြင့် ရ၏။]

ဓိယာ ပညာ ရာတိ ဂဏှာတီတိ **ဓီရော**။ (တစ်နည်း) ဓီ ပညာ ဧတဿ အတ္ထီတိ ဓီရော။ ဓီ-အရ ပညာရ၏။ ထို--၏ ပညာရှိသော ပုဂ္ဂိုလ်နှင့် ဂုဏ်-ဂုဏောစပ် ဌာနူ။ ရာဓာတ်-အရကား အကျိုးစီးပွားနှစ်ပါးကို ယူတတ်သော ပညာရှိပုဂ္ဂိုလ်၏ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး-ဖလူ။ နောက်နောက်--ကာရဏူ။ အ-ပစ္စည်းအရကား/ဓီရောပုဒ်လုံးအရကား ထို--သော ပညာရှိပုဂ္ဂိုလ်ရ၏။

* ဝုဍ္ဍိ ဝန် ပဝန်း။ (ကြီးကျယ်သောတော။) တိန္ဒုကာနံ ဓီရာ တိန္ဒုကာဓီရာ။ တိန္ဒုကာ

http://www.dhammadownload.com



စိရာယ ပရိက္ခိတ္တော **တိန္ဒုကာစိရော**။ (တဿ)

* ကော သာလာ ဗ္ဘောတိ **ကောသာလကော**။ * ကမ္ပကိလေသဝသေန သမ္ပရေ တဗ္ဗော သမ္ပာပုဏိတဗ္ဗောတိ **သမ္ပရာယော**။ (သံ-ပရာ-ဣဓာတ်+ဏ)

သမ္ပရာယေ နိယုတ္တော **သမ္ပရာယိကော**။ * သုခုမေပိ အတ္ထေသု ပဍတိ ဂစ္ဆတိ၊ ဒုက္ခာဒီနံ ပိဋ္ဋနာဒိအာကာရံ ဇာနာတီတိ ပဏ္ဍာ။ (ပဍိ+ဏ-ပညာရင်)

ပဏ္ဍာယ ဣတော ဂတောတိ ပဏ္ဍိတော။ အထဝါ ဣတာ သဉ္ဇာတာ ပဏ္ဍာ ဧတဿာတိ ဝါ ပဏ္ဍိတော။ ပဍတိ ဝါ ဉာဏဂတိယာ ဂစ္ဆတီတိ **ပဏ္ဍိတော**။

➤ ၆။ (က) ဖြင့် သမယသဒ္ဒါသည် သဒ္ဒါတစ်ပါးကို မငဲ့သော သာမညသဒ္ဒါ ဖြစ်သော် သမဝါယ-စသော ကိုးပါးသော အနက်ကို ဟောသတည်းဟု သိစေသည်။

(တနည်း) သမယသဒ္ဒါသည် သာမညနိဒ္ဒေသနည်း၊ ဧကသေသနည်းအားဖြင့် သမဝါယ-စသော ကိုးပါးသောအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

(ဂ) ဖြင့် သမယသဒ္ဒါသည် သဒ္ဒါအထူးကို မငဲ့သော် သမဝါယ-စသော ကိုးပါးသော အနက်တို့ကို ဟောသော်လည်း ဤ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္စာယံ ဝိဟရတိ-၌ သမယသဒ္ဒါကား ဝိဟရတိ-ဟူသော သဒ္ဒါအထူးကို ငဲ့သောကြောင့် ကာလအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော အဘိဓေယျတ္ထ)

(တစ်နည်း) (ဂ)ဖြင့် သမယသဒ္ဒါသည် သဒ္ဒါအထူးကို မငဲ့သော် သမဝါယ-စသော ကိုးပါးသော အနက်တို့ကို ဟောသော်လည်း ဤ သမယေန-၌ကား ကာလအနက်ကိုသာ လိုအပ်သတည်းဟု သိစေပါသည်။ (ဤ၌ အလိုရှိအပ်သော အနက်ကို ဖွင့်ပြသောကြောင့် အဓိပ္ပေတတ္ထ သံဝဏ္ဏနာ)

➤ ၇။ **တိန္ဒုကာစိရ/ တိန္ဒုကစိရ** ။ ။ ဣန္ဒြစက္က-စသော ပြယုဂ်တို့၌ ဣန္ဒြစက္က-ဟု ဆိုလိုလျက် ဝါစာသိလိဋ္ဌ အကျိုးငှာ သမာသ်၏အလယ်တွင် ဒီဃပြုသကဲ့သို့ ဤ၌လည်း ဝါစာသိလိဋ္ဌ အကျိုးငှာ က-၌ အ-သရကို အာဒီဃပြုထားသောကြောင့် တိန္ဒုကာစိရသင့်ပါသည်။ (တစ်နည်း) တိန္ဒုကပုဒ် အာစိရပုဒ်ဖြင့် ပြီးသောကြောင့် တိန္ဒုကာစိရ ပါဌ်သင့်ပါသည်။

**ပိစုမန္ဒ/ပိစုမန္ဒ** ။ ။ ပိစုနမေဝ အတ္ထော ပိစုနတ္ထော၊ ထကာရဿ ဒကာရံ ကတွာ ဝုတ္တံ-ဟူသော သာရတ္ထကိုထောက်၍ ပိစုနပုဒ် အတ္ထပုဒ်၊ ထကို ဒပြု၍ ပြီးသောကြောင့် ပိစုနဒ္ဒ သင့်ပါသည်။ **သစ်တဓဒ္ဓော၊ သဒ္ဒာပဒ္ဓော၊ ဝိပရိဏာမဒ္ဓော၊ အဘိသမယဒ္ဓော၊ အဒ္ဓကထာ၊ အဋ္ဌုပ္ပတ္တိ** စသည် နည်းတူ။

**ပရိဇ္ဇာဟသမယော/ပရိဒါဟသမယော/ပရိဠာဟသမယော** ။ ။ (ရူပသိဒ္ဓိ၊ သဒ္ဒ-နီတိ-တို့အလို) ပရိပုဗ္ဗ ဒဟဓာတ်၊ ဏပစ္စည်း၊ ပရိဒါဟ-ဟု ဆိုလိုလျက် ဒ-ကို ဠပြုလျှင် ပရိဠာဟ၊ ဠ-မပြုလျှင် ပရိဒါဟ-ဟု ရုပ်ပြီးသည်။ (နိရုတ္တိဒီပနီ-အလို) ဒဟဓာတ်၏ ဒ-

http://www.dhammadownload.com



ကို ခ-ပြုလျှင် ပရိခါဟ-ဟု ပြီးသည်။ ဤသို့ သဒ္ဒယုတ္တိ ရှိသောကြောင့် သုံးပါဌ်လုံး သင့်ပါသည်။ [ ဒဟာသ ဒေါ လံ။ ဒဟာဏ္ဏစ္စေတဿ ဓာတုဿ ဒ-ကာရော လတ္တမာပဇ္ဇတေ ဏပ္ပစ္စယေ ပရေ ဝါ။ ပရိဋ္ဌာဟော၊ ပရိဒါဟော။ (ရူ) * ဒဟဿ ဒေါ ဋ္ဌတ္တံ၊ ဒဟဓာတုဿ ဒကာရော ဋ္ဌတ္တမာပဇ္ဇတေ ဏပ္ပစ္စယေ ပရေ ဝါ။ ပရိဋ္ဌာဟော၊ ပရိဒါဟော ဝါ။ (သဒ္ဒနီတိ သုတ္တမာလာ) * ပရိဒဟန္တံ ပရိဋ္ဌာဟော၊ ဒဟဿ ဒဿ ဍောတိ ဝိကပ္ပေန ဍာဒေသော၊ ဒယှန္တံ ဍာဟော၊ ဒါဟော ဝါ။ (နိရုတ္တိဒီပနီ)]

➤ ၉။ **ကာလဥ္စ သမယဥ္စ ဥပါဒါယ** ။ ။ အပေါင်းဖြစ်သော တဏှာပါဒါန် ဒိဋ္ဌိပါဒါန် နိဿယပါဒါန် ဉာဏပါဒါန် စသည်တို့၏ ဥပါဒါယ-ဟူသော အမည်ကို အစိတ်ဖြစ်သော ဉာဏပါဒါန်၌တင်-- ဧကဒေသူပစာ။

**ကောသာလကေ** ။ ။ ရှေ့၌ဖြစ်ဘူးသော အလားအားဖြင့် ထို၌ ခေါ်ဝေါ်အပ်သော နည်းသည် ဘူတပုဗ္ဗဂတိကနည်း မည်၏။ ပြယုဂ်ကား ကောသာလကေ-တည်း။ ဤ၌ ကောသာလကေ-ဟူသော နည်းသည် တစ်ဆောင်သောကျောင်း(စရပ်)ရှိခြင်းတည်းဟူ သော ရှေး၌ဖြစ်ဘူးသော အလားအားဖြင့် ကျောင်း အများရှိသော အာရာမ်ဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်း မည်၏။ (အတွင်ရှင်ဦးနည်း)

**သမယေန** ကား- အပေါင်းဖြစ်သော သမဝါယ-စသော အနက်တို့ကိုဟောသော သမယသဒ္ဒါ၏ သမယေန-ဟူသောအမည်ကို အစိတ်ဖြစ်သော ကာလအနက်ကို ဟော သော သမယသဒ္ဒါ၌တင်-- ဧကဒေသူပစာ။

➤ ၁၀။ **တိမ္ဗရုကပုဒ်၏** ဝေဝစနာဟာရကို တိန္ဒုကော ကာဠက္ခန္ဓော စ၊ တိမ္ဗရူသက တိမ္ဗရု-ဟူ၍ ယှဉ်အပ်၏။

**ပါဌ် [၁၈]**

(က) ဓတ္တာဟ "အထ ကသ္မာ ယထာ သုတ္တန္တေ 'ဧကံ သမယ'န္တိ ဥပယောဂဝစနေန နိဒ္ဒေသော ကတော၊ အဘိဓမ္မေ စ 'ယသ္မိံ သမယေ ကာမာဝစရ'န္တိ ဘုမ္မဝစနေန၊ တထာ အကတွာ ဣဓ 'တေန သမယေနာ'တိ ကရဏဝစနေန နိဒ္ဒေသော ကတော"တိ။

(ခ) တတ္ထ တထာ ဣဓ စ အညထာ အတ္ထသမ္ဘဝတော။

(ဂ) ကထံ? သုတ္တန္တေ တာဝ အစ္စန္တသံယောဂတ္ထော သမ္ဘဝတိ။

(ဃ) ယဉှိ သမယံ ဘဂဝါ ဗြဟ္မဇာလာဒီနိ သုတ္တန္တာနိ ဒေသေသိ၊ အစ္စန္တမေဝ တံ သမယံ ကရုဏာဝိဟာရေန ဝိဟာသိ။

(င) တသ္မာ တဒတ္ထဇောတနတ္ထံ တတ္ထ ဥပယောဂနိဒ္ဒေသော ကတော။

[ဋ္ဌ-၁၊၈၀။မအဋ္ဌ-၂ ၁၆။ဘာသာဋီ-၃၆၁]

➤ ၁၁။ **ဓတ္တာဟ နိုက္ကာနည်းအနက်ပေး** ။ ။ တတ္ထ တေန သမယေနာတိ က္လမသ္မိံ

http://www.dhammadownload.com



ဌာနေ၊ဤ တေန သမယေန-ဟူသော အရာ၌။ဝိတဏ္ဍာဝါဒီ၊ဝိတဏ္ဍာ ဝါဒီပုဂ္ဂိုလ်သည်။အာဟ၊ ဆို၏။ **(ဆရာနည်းအနက်ပေးပုံ)** ဧတ္ထ ဌာနေ၊ဤ တေန သမယေန-ဟူသောအရာ၌။ဌတွာ၊ ရပ်တန့်၍။(ကြိယာဝိသေသန) စောဒကော၊စောဒကသည်။(ကတ္တား) အဋ္ဌကထာစရိယံ၊ အဋ္ဌကထာဆရာကို။စောဒနံ၊စောဒနာကို။(ကံ) အာဟ၊ဆို၏။

➤ ၂။ **ဧတ္တာဟ-ကို ငိုကာနည်းကျွန်းတက်ပုံ** ။ ။ ဧကံ သမယံ-ဟု ဒုတိယာဝိဘတ်ဖြင့်ရင်း၊ ယသ္မိံ သမယေ-ဟု သတ္တမီဝိဘတ်ဖြင့်ရင်း ညွှန်ပြခြင်းကို မပြုမူ၍ ဤဝိနည်း၌ တေန သမယေန-ဟူ၍ ကရိုဏ်းဝိဘတ်ဖြင့် ညွှန်ပြခြင်း၌ အကျိုးကို ထုတ်ပြလို၍ မျက်ကွယ် အားဖြင့် စောဒနာကို ဖြစ်စေလိုသော ဆရာသည် "ဧတ္ထာဟ" စသည်ကိုမိန့်။

(စ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က)ဝါကျဖြင့် တေန သမယေန-ဟု ကရိုဏ်းဝိဘတ် ဖြင့် ဟောတော်မူရာ၌ ဖြစ်သင့်သော ပရမ္မုခစောဒနာကို ပြပြီး၍ ဤယခုအခါ၌ ယင်း ၏ အဖြေဝိသဇ္ဇနာကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) ဝါကျကိုမိန့်။

(စ) သို့/ ဆရာ၊ ဆရာသည် (က)ဖြင့် သုတ္တန်ပိဋကတ်၌ ဧကံသမယံဟူ၍ ဒုတိယာ ဝိဘတ်ဖြင့်ရင်း၊ အဘိဓမ္မာပိဋကတ်၌ ယသ္မိံသမယေဟူ၍ သတ္တမီဝိဘတ်ဖြင့်ရင်း ညွှန်ပြ ခြင်းကို ပြုအပ်သကဲ့သို့ ဤ၌ မပြုမူ၍ တေန သမယေနဟူ၍ ကရိုဏ်းဝိဘတ်ဖြင့် ညွှန်ပြ ခြင်းကို ပြုအပ်၏ဟု ပြတော်မူအပ်၏။ အဘယ့်ကြောင့် ထိုသို့ဝိဘတ်သုံးမျိုးခွဲခြား၍ ဟောဆိုအပ်ပါသနည်း။ ဝိဘတ်သုံးမျိုးခွဲခြား၍ ဟောဆိုရခြင်း၏အကြောင်းကို မပြဆို ပြီလော။(တနည်း) သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်တို့၌ ဝိနည်းပိဋကတ်သည် ဗုဒ္ဓ ဘာသိတပါဝစန အဖြစ်ဖြင့် တူကြသည်မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။

(တစ်နည်း) ဆရာ၊ ပါဠိတော်၌ သင်္ဂါယနာတင်မထေရ်တို့သည် တေန သမယေန ဟူ၍ ကရိုဏ်းဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုအပ်၏။ သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ် တို့၌ "ဧကံ သမယံ"ဟူ၍ရင်း၊ "ယသ္မိံ သမယေ"ဟူ၍ရင်း၊ ဒုတိယာဝိဘတ်, သတ္တမီဝိဘတ် တို့ဖြင့် ညွှန်ပြသကဲ့သို့ ညွှန်ပြခြင်းကို ပြုသင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့် ကြောင့် ဤဝိနည်းပိဋကတ်၌ "တေန သမယေန"ဟူ၍ ကရိုဏ်းဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။ (ဂဏ္ဌိဟောင်း)

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ)ဖြင့် သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်၌ အစ္စန္တ သံယောဂအနက်, အဓိကရဏအနက်ဖြစ်သင့်သော်လည်း ဤဝိနည်းပိဋကတ်၌ ထိုတို့မှ တစ်ပါးသော ဟိတ်အနက်, ကရိုဏ်းအနက် ဖြစ်သင့်သောကြောင့် "တေန သမယေန"ဟူ ၍ တတိယာဝိဘတ်ဖြင့် ညွှန်ပြအပ်သည်ကို ပြုအပ်၏ဟု ဖွင့်ပြတော်မူအပ်၏။

(တစ်နည်း) ဆရာ၊ (ခ) ဖြင့် သုတ္တန်ပိဋကတ်၌ အစ္စန္တသံယောဂအနက် ဖြစ်သင့် သောကြောင့် ဧကံ သမယံဟူ၍ ဒုတိယာဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုအပ်၏ဟု ဖွင့်ပြ တော်မူအပ်၏။ [ဂ-ဝါကျသာမျှော်] ဒုတိယာဝိဘတ်သည် အနက်များစွာတို့၌ ဖြစ်သည်

http://www.dhammadownload.com



မဟုတ်ပါလော။ (တစ်နည်း) သုတ္တန်၌ ဖြစ်သင့်သော အနက်သည် သာမန်ဖြစ်နိုင်သည် မဟုတ်ပါလော။ အဘယ်သို့လျှင် သုတ္တန်၌ အစ္စန္တသံယောဂအနက် ဖြစ်နိုင်ပါသနည်း။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား--** သုတ္တန်၌ အစ္စန္တသံယောဂအနက်ဖြစ်သင့်သောကြောင့် ဟူလို။

**(ဃ) သို့/** ဆရာ၊ ဆရာသည် (ဂ)ဖြင့် သုတ္တန်ပိဋကတ်၌ အစ္စန္တသံယောဂအနက် ဖြစ်သင့်၏ဟု ဖွင့်ပြတော်မူအပ်၏။ အဘယ့်ကြောင့် အစ္စန္တ သံယောဂအနက် ဖြစ်သင့်ပါသနည်း။ ၎င်းအနက်ဖြစ်သင့်သည်ကို အကြောင်းနှင့်ကင်း၍ သိအပ်လော။**[ဂဏ္ဌိဓောင်း]** (တစ်နည်း) အဘိဓမ္မာ ဝိနည်းတို့နှင့် ဘုရားဟောအဖြစ်ဖြင့် တူသောကြောင့် ထိုသို့ နည်းတူ တစ်ပါးသော ဘုမ္မတ္ထ, ကရဏတ္ထအနက်တို့လည်း ဖြစ်သင့်ကောင်းသည် မဟုတ်ပါလော။ ထိုသို့ ဖြစ်လျက် အစ္စန္တသံယောဂအနက် ဖြစ်သင့်၏ဟုဆိုသော ဆရာ့စကား အသို့သင့်အံ့နည်း။ ယုတ္တိကင်းသော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်-- (ဃ) မိန့်။

**အဓိပ္ပါယ်ကား--** သုတ္တန်၌ ဟောသောအခါ၌မပြတ်မစဲ ကရုဏာတော်ဖြင့် နေသည် ဖြစ်၍ အစ္စန္တသံယောဂအနက် ဖြစ်သင့်ရကား သင်တင်သော ဝိရောဓိဒေါသ ငါ၌မရောက် ကင်းပျောက်၏ဟူလို။

➤ ၃။ ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်၏ စောဒနာကို ပယ်လို၍ ဆက်လက်အားထုတ်သောကြောင့် (က) စသည်ကား ဝါကျာရမ္ဘ။ ထိုတွင် အထ ကသ္မာ (ပ) ဘုမ္မဝစနေန တိုင်အောင် စောဒကာ ဘောဂဝါကျ။ တထာ အကတွာ (ပ) ကတော-တိုင်အောင် စောဒနာဝါကျ။ (ခ)ကား ပရိဟာရဘောဂ။ (တစ်နည်း) ပရိဟာရဘောဂ အဖို့တစ်ပါးကိုပြသောကြောင့် ပက္ခန္တရ။ (ဂ)ကား အတ္ထသမ္ဘဝတော၌ အတ္ထသရုပ်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။ (ဃ) ကား အစ္စန္တ သံယောဂအနက်ဖြစ်ပုံကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။/အစ္စန္တသံယောဂ အနက်ဖြစ်ခြင်း၏အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ။ အစ္စန္တသံယောဂ အနက်ဖြစ်နိုင်ပုံ အသင့်ယုတ္တိကိုပြသောကြောင့် ဒဠှီကရဏဝါကျ။ (င) လဒ္ဓဂုဏ။

**[စာစပ်]** တံ သမယံ-ကား ပတ်လုံးဟူ၍ အနက်ပေးသောကြောင့် ဒေသေသိ-၌ အစ္စန္တသံယောဂ၊ ဒေသေသိကား အစ္စန္တသံယောဂဝန္တ အဖြစ်ဖြင့်စပ်အပ်၏။ အစ္စန္တမေဝကား ဝိဟာသိ-၌ ကြိယာဝိသေသန-သျှ စပ်။

➤ ၄။ အတ္ထေ သူစေတီတိ သုတ္တံ။ (သူစ+တ) အတ္ထေ သဝတီတိ သုတ္တံ။ (သု+တ)

သူစတော်အရ အနက်ကို ထင်ရှားပြတတ်သော မြတ်စွာဘုရား၏ မဟာကရုဏာတော် စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေးဖြစ်သော ဝေနေယျသတ္တဝါတို့၏ ဟိတသုခကို လိုလားတော်မူခြင်းသည် ဖလူပစာ။ နောက်နောက်ဖြစ်သော ဒေသနာဉာဏ်တော်သည် ကာရဏူပစာ။ တပစ္စည်းအရ- ထိုမုချ ဖလူ ကာရဏူပစာတို့ဖြင့် မှတ်အပ်သော သုတ္တန် ပိဋကတ်ရ၏။

http://www.dhammadownload.com



* သုတ္တမေဝ **သုတ္တန္တံ**။ (တဗ္ဗာဝဝုတ္တိကမ္မဓာရည်း) ရှေ့ပုဒ် နောက်ပုဒ်အရ မထူးသောကြောင့် သုတ္တန်ပိဋကတ်ပင်ရ၏။

* ဥပယုဇ္ဇတိ ဥပယောဂေါ။ ဥပယောဂမေဝ ဝစနံ **ဥပယောဂဝစနံ**။ ဥပယောဂဿ ပရိဒီပကံ ဝစနံ **ဥပယောဂဝစနံ**။ ဥပယောဂ-ဟူသော ဝိသေသန ပုဒ်အရ ကပ်ယှဉ်တတ်သည်၏ အဖြစ်ဟူသော သမ္ဗာဝနာဘောဂုဏ်သည် မုချ။ ထို--၏ ဒုတိယာဝိဘတ်နှင့် ဂုဏ်+ဂုဏေး-စပ် ဌာနူပစာ။ သမာသ်ပုဒ်လုံးအရ ထို--သော ဒုတိယာဝိဘတ်ရ၏။

(တစ်နည်း) ဥပယောဂ-ဟူသော ဝိသေသနပုဒ်အရ ဒုတိယာအနက်သည် မုချ။ ထို-၏ ပြတတ်သော ဒုတိယာဝိဘတ် နှင့် ဝါစ္စ+ဝါစက- စပ် ဌာနူပစာ။ သမာသ်ပုဒ်လုံးအရ ထို--သော ဒုတိယာဝိဘတ်ရ၏။

* အဘိ အဓိကော ဓမ္မော **အဘိဓမ္မော**။ အဘိ-ဝိသေသနပုဒ်အရ အဓိကဘောဂုဏ်သည် မုချ။ ထို--၏ ဓမ္မအရ တရားနှင့် ဂုဏ်+ဂုဏေး စပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို--သော အဘိဓမ္မာပိဋကတ် ရ၏။

ဘဝန္တိ ဧတ္ထာတိ **ဘူမိ**။ ဘူမိဝိယာတိ ဘုမ္မံ။ (ဘူမိပုဒ်+ဏျ) ဘုမ္မမေဝ ဝစနံ **ဘုမ္မဝစနံ**။

ဘူမိ- ဟူသော တဒ္ဓိတ်ပုဒ်အရ ပကတိမြေကြီးသည် မုချ။ ထို--၏ တည်ရာ အာဓာရနှင့် သဒိသ+သဒိသီစပ် ဌာနူပစာ။ ဏျပစ္စည်းအရကား ထို--သော မြေကြီးနှင့်တူသော အာဓာရအနက်ရ၏။

* အညေန ပကာရေန **အညထာ**။ အည-ဟူသော တဒ္ဓိတ်ပုဒ်အရ အညဘောဂုဏ်သည် မုချ။ ထို--၏ ထာပစ္စည်းအရ ပကာရဘောဂုဏ်နှင့် ဂုဏ်+ဂုဏေး စပ် ဌာနူပစာ။ ထာပစ္စည်းအရ ထို--သော ပကာရ ရ၏။

* ဝိဟရဏံ **ဝိဟာရော** (ဝိ-ဟရ+ဏ) ဘာဝသာဓနေတို့၏သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ပရဟိတ ပဋိပတ္တိ ရ၏။

* ကံ သုခံ ရုန္ဓတီတိ ကရုဏာ။ ပရဒုက္ခေ သတိ သာဓူနံ ကမ္ပနံ ဟဒယခေဒံ ကရောတိ ဇနေတီတိ **ကရုဏာ**။ ကရဓာတ်အရ သုခကိုပိတ်ဆို့ခြင်း အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ (ဝါ) သူတစ်ပါးဒုက္ခကို ဖယ်ရှားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာသည် မုချ။ ဥန/ကုနပစ္စည်းအရ လက္ခဏဝန္တဖြစ်သော ကရုဏာရ၏။

* ဝိဟရဏံ ဝိဟာရော၊/ဝိဟရဏံ ပဋိပဇ္ဇနံ ဝိဟာရော။ (အစိတ်) ကရုဏာ ဝသေန ပဝတ္တော ဝိဟာရော **ကရုဏာ ဝိဟာရော**။ (အပေါင်း) ကရုဏာဝသေန၊မဟာကရုဏာတော်၏ အစွမ်းဖြင့်။ပဝတ္တော၊ဖြစ်သော။ဝိဟာရော၊နေခြင်းတည်း။(ဝါ) ကျင့်ခြင်းတည်း။ မဇ္ဈေလောပီ တတိယာ တပ္ပုရိသ်၊ ကရုဏာပုဒ်+ဝိဟာရပုဒ်။

ကရုဏာ-ဟူသော ဝိသေသနပုဒ်အရ ပြဟ္မဇာလ-စသောသုတ်တို့ကို ဟောတော်မူသော မြတ်စွာဘုရား၏ မဟာကရုဏာတော်ဖြစ်သည် မုချ။ ထို--၏ သူတစ်ပါးတို့၏

http://www.dhammadownload.com



အကျိုးစီးပွားကို ကျင့်ခြင်းဟုဆိုအပ်သော ပရဟိတပဋိပတ်နှင့် အကြောင်း-အကျိုးစပ်ဌာနူ။ပုဒ်လုံးအရကား ထို--သော မဟာကရုဏာတော်၏ အစွမ်းဖြင့်ဖြစ်သော သူတစ်ပါးတို့၏ အကျိုးစီးပွားကို ကျင့်ခြင်းဟုဆိုအပ်သော ပရဟိတပဋိပတ် ရ၏။

* အစ္စန္တံ နိရန္တရံ သံယောဂေါ အစ္စန္တသံယောဂေါ။ * အစ္စန္တသံယောဂမေဝ အတ္ထော အစ္စန္တသံယောဂတ္ထော။ * ဥပယုဇ္ဇိတဗ္ဗော ကိရိယာယာတိ ဥပယောဂေါ။ ဥပယောဂေ ပဝတ္တံ ဝစနံ ဥပယောဂဝစနံ။ (ဒုတိယာဝိဘတ်ရ၏)

ဘဝန္တိ ဧတ္ထာတိ ဘုမ္မံ။ (ဩကာသော) ဘုမ္မေ ပဝတ္တံ ဝစနံ ဘုမ္မဝစနံ။

ကရောတိ ကိရိယံ အဘိနိပ္ဖာဒေတီတိ ကရဏံ။ ကရဏေ ပဝတ္တံ ဝစနံ ကရဏဝစနံ။

➤ ၆။ (ဂ) ၌ သုတ္တန္တေဖြင့် (ခ)ဝါကျ တတ္ထ-၌ တ-သဒ္ဒါဖြင့် သုတ္တန်ပိဋကတ်ကို စွဲယူသုံးသပ်ရမည်ကိုရင်း (သဗ္ဗနာမလိင်္ဂတ္ထ) ထပစ္စည်း သတ္တမီ အနက်၌ သက်သည်၏ အဖြစ်ကိုရင်း (ပစ္စယတ္ထဝိဘတျတ္ထ) သိစေပါသည်။

အစ္စန္တသံယောဂတ္ထောဖြင့် အတ္ထသမ္ဘဝတောသဒ္ဒါသည် တတ္ထ တထာတို့နှင့် စပ်ယှဉ်ခိုက် အတ္ထအရ အစ္စန္တသံယောဂအနက်ကို အရကောက်ယူအပ်သည်ကို သိစေပါသည်။ [သရုပ်အရကောက်ကို ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထ သံဝဏ္ဏနာ။]

(ဃ) ၌ အစ္စန္တမေဝဖြင့် သုတ္တန်ပိဋကတ်၌ ဧကံ သမယံဝယ် အံဝိဘတ်သည် ရိုးရာကံအနက်၌ မသက်၊ အစ္စန္တသံယောဂအနက်၌ သက်သည်ကို သိစေပါသည်။ [ ဒုတိယာဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာ။]

ကရုဏာဝိဟာရေန ဝိဟာသိဖြင့် ထိုအခါ ပရဟိတပဋိပတ္တိ-ဟု ဆိုအပ်သော ကရုဏာဝိဟာရဖြင့် အကြားမရှိနေခြင်းကြောင့် အစ္စန္တသံယောဂဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ [အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။]

ယံ သမယံ စသည်ဖြင့် ဧကံ သမယံ၌ သမယဟူသည် ဗြဟ္မဇာလ-စသော သုတ္တန်တို့ကို ဟောရာအခါပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ ' တတ္ထ/ယသ္မိံ ။ ။ တတ္ထာတိ တေသု သုတ္တာဘိဓမ္မေသု-ဟု ဋီကာ၌ ဖွင့်ဆိုသောကြောင့် တတ္ထပါဌ်သာသင့်။

**ကရုဏာဝိဟာရေန/ကရုဏာဝိဟာရေန** ။ ။ သမာသ်လယ်မှာ၊ ထိမြဲအာ၊ ရဿာမပြုရာ-ဟူသော နိယံအရ ကရုဏာပုဒ်သည် နိယတက္လတ္ထိလိင်ဖြစ်သောကြောင့် ရဿမပြုရကား ကရုဏာဝိဟာရေန-ပါဌ်သာ သင့်ပါသည်။

**တိန္ဒုကာစီရေ/တိန္ဒုကစီရေ** ။ ။ စီယတေတိ စီရံ။ တိန္ဒုကာနံ စီရံ တိန္ဒုကစီရံ။ တိန္ဒုကစီရံ ယဿ အတ္ထီတိ တိန္ဒုကစီရော-ဟု ဝစနတ္ထပြု၍ တည်ပင် အနက်ဟော တိန္ဒုကပုဒ်နှင့် အစဉ်အတန်းအနက်ဟော စီရပုဒ်တို့စပ်၍ ပြီးသောကြောင့် တိန္ဒုကစီရေ-ဟု ရဿဖြင့်ရှိသောပါဌ်သင့်၏။ စီဓာတ်သည် အာစယပုဒ်ကဲ့သို့ စီခြင်းအနက်ဟောရာ၌

http://www.dhammadownload.com



အာဥပသာရ ရှေ့ရှိလေ့ရှိသောကြောင့် တိန္တုကပုဒ် အာစိရပုဒ်တို့ဖြင့် တိန္တုကာနံ အာစိရံ ယဿာတိ တိန္တုကာ စိရော-ဟု ဝစနတ္ထပြု၍ ပြီးရကား တိန္တုကာစိရေ-ဟု ဒီဃဖြင့်ရှိသော ပါဠ်လည်း သင့်ပါသည်။

**ဘုမ္မဝေစနေန/ဘူမဝေစနေန** ။ ။ ဘုမ္မာနီတိ ဘူမိယံ နိဗ္ဗတ္တာနိ-ဟု ခုဒ္ဒကအဋ္ဌကထာ ဖွင့်ပြသောကြောင့်ရင်း။ ဘူမိယံ ဘဝံ ဘုမ္မန္တိ ကတ္တုကမ္မာနံ ဩကာသဘူတံ ဘုမ္မဝစနံ၊ သတ္တမီ-ဟု ရှုဋီ-၌ ဖွင့်ပြသောကြောင့်ရင်း။ ဘူမိပုဒ် ဏပစ္စည်း။ ဏ-အနုဗန်ချေ၊ အကြွင်း၊ က္လဝဏ္ဏော ယံ နဝါသုတ်ဖြင့် က္လကို ယပြု၊ ယကို အ-သို့ကပ်၊ မကို ယကပ်၊ မွယုဂံမျော-ဟူသော နီတိသုတ်ဖြင့် မျကို မ-ပြု (တစ်နည်း) ယဝတံ တလန-စသောသုတ်၌ ယဝတံ သဒ္ဒါဖြင့် မျကို မ-ပြု "ယဝတံသုတ်၊ ပြီးပြယုဂ်၊ မုချဒွေဘော်လာမြဲတည်း" သဒ္ဒါစည်းကမ်း အရ ဒွေဘော်လာ၍ မ္မ-ဟု ဖြစ်၏။ မဒွေဘော်ရောက်လျှင် သံယောဂေ ပရေ ရဿတ္တံ အရ ဘူ၌ ဦးသည် ဥရဿဖြစ်၏။ ဤသို့ "ဘုမ္မ"ဟု ရုပ်ပြီးသောကြောင့်ရင်း "ဘုမ္မဝစနေန" ပါဠ်သာ သင့်ပါသည်။

➤ ၈။ **ကရုဏာဝိဟာရ** ။ ။ အကြောင်းဖြစ်သော မဟာကရုဏာဖြင့်နေခြင်း ကရုဏာသမာပတ်၏ "ကရုဏာဝိဟာရေန" ဟူသောအမည်ကို အကျိုးဖြစ်သော ပရဟိတ ပဋိပတ်၌တင် ကာရဏူပစာ၊ မကင်းရာဖြစ်သော မဟာကရုဏာဖြင့်နေခြင်း ကရုဏာ သမာပတ်ကို ဆိုသဖြင့် မကင်းတတ်သော ပရဟိတ ပဋိပတ်ကိုလည်းရသောကြောင့် နာနန္တရိကနည်း။

**အတ္ထသမ္ဘဝေ**-ကား သုတ္တန်၌ အစ္စန္တသံယောဂအနက် အဘိဓမ္မာ၌ အဓိကရဏ အနက်, ဘာဝေနဘာဝလက္ခဏအနက်, ဝိနည်း၌ ဟိတ်အနက်, ကရိုဏ်းအနက် ဤသို့ ရသင့်သည်အားလျော်စွာ ယူအပ်သောကြောင့် ယထာလာဘနည်း။

➤ ၁၀။ **(ပဋ္ဌာနာဟာရနေတ္တိ) သုတ္တန္တာနိ ဒေသေသီ**-၌ ဓာတ်အရ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။ (ပ) အဘယ်သို့ စိစစ်သနည်း ဟူမူကား ဒေသေသိ-၌ ဓာတ်အရ ဒေသနာဉာဏ်တော်တည်း။ ထိုဒေသနာဉာဏ်တော် ၏ ပဒဋ္ဌာန်ကား သကလဗုဒ္ဓဂုဏ်တည်း။ ထို၏ ပဒဋ္ဌာန်ကား သဗ္ဗညုတဉာဏ်တော်တည်း။ ထို-ကား ပစ္စဝေက္ခဏာဉာဏ်တော်တည်း။ ထို--ကား အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ် တည်း။ ထို--ကားအောက်မဂ် အောက်ဖိုလ်ဉာဏ်တည်း။ ထို--ကား မဟာဝဇီရဉာဏ် တော်တည်း။ ထို--ကား အာနာပါနစတုတ္ထဈာန်တည်း။ ထို--ကား စတုရင်္ဂဝီရိယတည်း။ ထို--ကား ဗောဓိမဏ္ဍိုင်တည်း။ ထို--ကား ပါရမီ ၁၀-ပါး အပြား-၃၀၊ စွန့်ခြင်းကြီး ၅-ပါး စရိယ ၃-ပါးတည်း။ ထို--ကား မဟာဘိနီဟာရတည်း။ ထို--ကား မဟာကရုဏာတော် တည်း။ ထို--ကား သတ္တဝါပညတ်တည်း။ ဤသို့ အောက်သက် ဩရုယှာရုယှအားဖြင့် ရင်း။ ထိုသည် ဝေနေယျသတ္တဝါတို့၏ မွေ့သာဝနကုသိုလ်လျှင် နီးစွာသော အကြောင်း

http://www.dhammadownload.com



တည်း။ ထိုသည် ဝေနေယျသတ္တဝါတို့၏ ဟိတသုခသည်ရင်း၊ စိန္တာမယ သုတမယ ဉာဏ်၏ရင်း နီးစွာသော အကြောင်းတည်း ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့် ရင်း ပဒဌာန်ကို ထုတ်အပ်၏။

**ပါဠိ [၁၉]**

**(က) အဘိဇမ္မေစ အဓိကရဏတ္ထော ဘာဝေနဘာဝလက္ခဏတ္ထော စ သမ္ဘဝတိ။**

**(ခ) အဓိကရဏဉ္ဟိ ကာလတ္ထော သမူဟတ္ထော စ သမယော တတ္ထ ဝုတ္တာနံ ဖဿာဒီ ဓမ္မာနံ။ (ဂ) ခဏသမဝါယဟေတုသင်္ခါတဿ စ သမယဿ ဘာဝေန တေသံ ဘာဝေါ လက္ခီယတိ။ (ဃ) တသ္မာ တဒတ္ထ ဇောတနတ္ထံ တတ္ထ ဘုမ္မဝစနေန နိဒ္ဒေသော ကတော။**

(ဋ္ဌ၊၈၀။ မအ္ဋ-၂ ၁၈။ ဘာသာဋီ-၁၊ ၃၆၄။)

➤ ၁။ (ဃ) တသ္မာ၊ထိုသို့ အဘိဓမ္မာ၌ အဓိကရဏအနက်, ဘာဝေနဘာဝ လက္ခဏအနက် ဖြစ်သင့်ခြင်းကြောင့်။တဒတ္ထဇောတနတ္ထံ၊ထိုအဓိကရဏ အနက်, ဘာဝေန ဘာဝလက္ခဏအနက်ကို ထွန်းပြခြင်းငှာ။တတ္ထ၊ထိုအဘိဓမ္မာပိဋကၥ၌။ဘုမ္မဝစနေန၊သတ္တမီ ဝိဘတ်ဖြင့်။နိဒ္ဒေသော၊ညွှန်ပြခြင်းကို။ဘဂဝတာ၊သည်။ကတော၊ပြုအပ်သတည်း။

➤ ၂။ (က) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ သုတ္တန္တေ တာဝ အစရှိသည်ဖြင့် သုတ္တန်၌ ဖြစ်သင့်သောအနက်ကို ပြပြီး၍ ယခုအခါ၌ အဘိဓမ္မာ၌ ဖြစ်သင့်သော အနက်ကို ပြလို သော ဆရာသည် (က) စသည်ကိုမိန့်။

**(ခ) သို့/ သာအောလည္ဆာ** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အဘိဓမ္မာ၌ အဓိကရဏ အနက်သည်ရင်း, ဘာဝေန ဘာဝလက္ခဏအနက်သည်ရင်း ဖြစ်သင့်၏ဟု ဆို၏။ အဘယ် သို့လျှင် အဘိဓမ္မာ၌ အဓိကရဏအနက်, ဘာဝေန ဘာဝလက္ခဏအနက် ဖြစ်သင့် ပါသနည်း၊ အဘိဓမ္မာ၌ အဓိကရဏအနက် ဘာဝေန ဘာဝလက္ခဏအနက် ဖြစ်သင့်ပုံ အကျယ်ကို ဆရာ မပြဆိုတော့ပြီလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ)ဖြင့် အဘိဓမ္မာ၌ အဓိကရဏအနက်ဖြစ်သင့်ပုံ ကို အကျယ်ကို ပြပြီး၍ ယခုအခါ၌ ဘာဝေန ဘာဝလက္ခဏအနက်ဖြစ်သင့်ပုံ အကျယ် ကို ပြလို၍ (ဂ) ကိုမိန့်။

➤ ၃။ (က) ပဋိညာ၊ (ခ-ဂ) တို့ကား အဘိဓမ္မာ၌ အဓိကရဏတ္ထ ဖြစ်သင့်ပုံ ဘာဝေန ဘာဝလက္ခဏအနက်ဖြစ်သင့်ပုံ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရဝါကျ။ ထို- -၍ (က)ကား သင်္ခေပ။ (ဂ) ကား အဘိဓမ္မာ၌ အဓိကရဏတ္ထ ဖြစ်သင့်ပုံ အကျယ်မှတစ်ပါး ဘာဝေန ဘာဝလက္ခဏအနက် ဖြစ်သင့်ပုံ အကျယ်ကိုပြသောကြောင့် ပဋိညာ၊ ထိုကို ထောက်၍ (ခ)ကား အဓိကရဏတ္ထ အကျယ်အဖို့ကို ပြသောကြောင့် ပက္ခဝါကျ။ (ဃ) လဒ္ဓဂုဏ။

http://www.dhammadownload.com



➤ ၄။ အဓိကရီယတိ အာဓာရီယတိ ဧတ္ထာတိ **အဓိကရဏံ**။ဧတ္ထ တေသွိ သမယေ၊ ဤ-ကာလတ္ထဖြစ်သော သမယ, သမူဟတ္ထဖြစ်သော သမယ၌။ဖဿာဒိဓမ္မေဟိ၊တို့သည်။ အတ္တနော အတ္တနော သဘာဝေါ၊မိမိ မိမိ၏ သဘောကို။အဓိကရီယတိ အာဓာရီယတိ၊ ဆောင်ထားအပ်၏။ဣတိ၊ကြောင့်။ အဓိကရဏံ၊မည်၏။ အဓိ-ကရ+ယု။ အဓိ-ဥပသာရ အရကား ဓာတွတ္ထဝိသေသကဘောဂုဏ်ရ၏။ ကရဓာတ်အရ ကတ္တု၌ကား ဖဿ-စသော တရားတို့၏ ဥပါဒ်သည် မှချ။ အဓိကရဏတ္ထကား ထိုဖဿ-စသော တရားတို့၏ ဥပါဒ်အားတပ်သော ကာလတ္ထ သမူဟတ္ထဖြစ်သော သမယ၏ ပကတူပနိဿယသတ္တိ သည် ဖလူ။ ယု-ပစ္စည်းအရ ထို--သော ကာလတ္ထ, သမူဟတ္ထဖြစ်သော သမယ ရ၏။

ကာလသင်္ခါတော အတ္ထော **ကာလတ္ထော**။(ကာလ-ဟုဆိုအပ်သော အနက်ဖြစ်သော။ သမယောစ၊သမယသည်ငှင်း) သမူဟသင်္ခါတော အတ္ထော **သမူဟတ္ထော**။( သမူဟ-ဟုဆိုအပ်သော အနက်ဖြစ်သော။သမယောစ၊သည်ငှင်း။) အထဝါ ကာလသဒ္ဒဿ အတ္ထော **ကာလတ္ထော**။ သမူဟသဒ္ဒဿ အတ္ထော **သမူဟတ္ထော**။ သဟ အဝယဝေန ဗျာပေတွာ အယတီတိ **သမဝါယော**။ ကလျန္တေ သင်္ချာယန္တေ အာယုပ္ပမာဏာဒယော အနေနာတိ **ကာလော**။

➤ ၆။ (က) ၌ အဘိဓမ္မေဖြင့် တတ္ထ တထာ အတ္ထသမ္ဘဝတော၌ တတ္ထ-ဝယ် တ-ဖြင့် အဘိဓမ္မကို စွဲယူသုံးသပ်ရမည်ကိုငှင်း (သဗ္ဗနာမလိင်္ဂတ္ထ) ထ-ပစ္စည်း၏ သတ္တမီ အနက်သက်--ငှင်း (ဝိဘတျတ္ထ) သိစေပါသည်။

**အဓိကရဏတ္ထော ဘာဝေနဘာဝလက္ခဏတ္ထော**-ဖြင့် တတ္ထ-၌ တ-သဒ္ဒါ အဘိဓမ္မကို စွဲယူ သုံးသပ်ခိုက် အတ္ထသမ္ဘဝတော၌ အတ္ထ-အရ အဓိကရဏအနက်, ဘာဝေနဘာဝ လက္ခဏအနက်တို့ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

(ဂ) ၌ ခဏသမဝါယဟေတုသင်္ခါတဿဖြင့် သမယ-အရ ခဏ သမဝါယဟေတုကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

**ဘာဝေါ လက္ခီယတီ**-ဖြင့် ဘာဝလက္ခဏ-ဝယ် လက္ခဏ၌ လက္ခဓာတ်၏--ငှင်း (ဒုတိယ ဓာတုပဒ) လက္ခဏပုဒ်ကို လက္ခီယတိ အနေနာတိ လက္ခဏံ ဟု ကရဏသာဓနေ- -ငှင်း (အဘိဓာနတ္ထ) ယုပစ္စည်း၏ ကရဏသာဓနေအနက်၌သက်--ငှင်း (ဒု-ပစ္စယတ္ထ) ဘာဝနှင့် လက္ခဏကို ဘာဝဿ လက္ခဏံ ဘာဝ လက္ခဏံ-ဟု ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်-- ငှင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

➤ ၇။ **တဒတ္ထဇောတနတ္ထံ/တမတ္ထဇောတနတ္ထံ** ။ ။ သော ယေဝ အတ္ထော တဒတ္ထော-ဟုပြု။ တ-ပုဒ်၊ အတ္ထပုဒ်။ သမာသ်အရာဝယ် တံသမုဒ္ဒါန စသည်ကဲ့သို့ တ-အထက်၌ နိဂ္ဂဟိတ်လာ၊ သမာသေ ဒေါ တိလိင်္ဂေ (သဒ္ဒနီတိ သုတ္တမာလာ) သုတ်ဖြင့် သမာသ်အရာဝယ် တ-အထက်၌ နိဂ္ဂဟိတ်ကို ဒ-ပြု၍ တဒတ္ထ-ဟု ပြီးသည်။ သမာသ်

http://www.dhammadownload.com



အရာ၌ နိဂ္ဂဟိတ်ကို မ-ပြုရမည့် သဒ္ဒစည်းကမ်း မရှိ၊ ထို့ကြောင့် တဒတ္ထဇောတနတ္ထံ ပါဠိသာသင့်သည်။

➤ ၉။ **ကာလစ္စော** ။ ။ ကာလသဒ္ဒါနှင့် အနက်ဖြစ်သော သမယတို့ မပြားဘဲလျက် ပြားသကဲ့သို့ ကာလစ္စော-ဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**သမူဟစ္စော** ။ ။ သမူဟသဒ္ဒါနှင့် အနက်ဖြစ်သော သမယတို့ မပြားဘဲလျက် ပြားသကဲ့သို့ သမူဟစ္စော-ဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**ခဏော** ။ ။ အပေါင်းဖြစ်သော ခဏ အားလုံးတို့၏ "ခဏ"ဟူသော အမည်ကို အစိတ်ဖြစ်သော ဗုဒ္ဓုပ္ပါဒနဝမခဏ စတုစက္ကသမ္ပတ္တိတို့၌တင်--ကေဒေသျူပစာ။

**ဟေတု** ။ ။ အပေါင်းဖြစ်သော ဇနကဟိတ် ဥပထမ္ဘကဟိတ် စသည်တို့၏ ဟေတု-ဟူသောအမည်ကို အစိတ်ဖြစ်သော ဇနကဟိတ်၌တင်--ကေဒေသျူပစာ။

➤ ၁၀။ **ကစ္စော–၌ ကရဏတ်အရ**-- ဘုရားရှင်/ရှင်အာနန္ဒာ၏ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကိုယူ၍-- ထိုသည် သာယာအပ်သောကြောင့် အဿာဒ မည်၏။ စသည်။

## ဋီကာ [၂၀]

(က) ဣမေ ပန ဟေတုအတ္ထော ကရဏတ္ထော စ သမ္ဘဝတိ။

(ခ) ယော ဟိ သော သိက္ခာပဒပညတ္တိသမယော သာရိပုတ္တာဒီဟိပိ ဒုဗ္ဗိညေယျော၊ တေန သမယေန ဟေတုဘူတေန ကရဏဘူတေန စ သိက္ခာပဒါနိ ပညာပယန္တော သိက္ခာပဒပညတ္တိဟေတုဉ္စ အပေက္ခမာနော ဘဂဝါ တတ္ထ တတ္ထ ဝိဟာသိ။

(ဂ) တသ္မာ တဒတ္ထဇောတနတ္ထံ ဣမေ ကရဏဝစနေန နိဒ္ဒေသော ကတောတိ ဝေဒိတဗ္ဗော။ (ဃ) ဟောတိ စေတ္ထ ဥပယောဂေန ဘုမ္မေန၊ တံ တံ အတ္ထမပေက္ခိယ။ အညတြ သမယော ဝုတ္တော၊ ကရဏေနေဝ သော ဣဓာတိ။

(ဋီ၊၈၀။မအ္ဌ-၂ ၁၉။ ဘာဋီ-၁၊၃၆၅။)

➤ ၁။ (က) **ဥပမာလင်္ကာရအနက်** ။ ။ ပန၊အထူးကို ဆိုဦးအံ့။အနေ့န ဝသတိ၊ ဝိဓာယ ဝသတိတိ အာဒီသု၊အစရှိသည်တို့၌။ဟေတုအတ္ထော၊သည်။သမ္ဘဝတိဝိယ၊စ၊ဖြစ်သင့်သကဲ့သို့၎င်း။ဖရသုနာ ဆိန္ဒတိ၊ ကုဒါလေန ခဏတီတိ အာဒီသု၊အစရှိသည်တို့၌။ ကရဏတ္ထော၊သည်။သမ္ဘဝတိဝိယ၊စ၊၎င်း။တထာ၊တူ။ ဣမေ ဣမသ္မိံ ဝိနယေ၊ဤဝိနည်း၌။ ဟေတုအတ္ထော၊စ၊ဟိတ်အနက်သည်လည်းကောင်း။ကရဏတ္ထော၊စ၊ကရိုဏ်းအနက်သည်လည်းကောင်း။သမ္ဘဝတိ၊ဖြစ်သင့်၏။

➤ ၂။ (က) **သို့/အနုသန္ဓေ** ။ ။ ဤသို့ သုတ္တန္တေ တာဝ အစရှိသည်ဖြင့် တတ္ထ တထာ အတ္ထသမ္ဘဝတော၏ အကျယ်ကို ပြပြီး၍ ယခုအခါ၌ ဣမေ စ အညထာ အတ္ထသမ္ဘဝတော-၏ အကျယ်ကို ပြလို၍ (က) မိန့်။

http://www.dhammadownload.com



(ခ) **သို့/ အာဘောဏိယတ္တအောဒရာ** ॥ ॥ ဆရာ၊ ဆရာသည် (က)ဖြင့် ဤဝိနည်း၌ ဟိတ်အနက်သည်ရင်း ကရိုဏ်းအနက်သည်ရင်း ဖြစ်သင့်သောဟု ဆို၏။ ဤဝိနည်း၌ ဟိတ်အနက်သည်ရင်း ကရိုဏ်းအနက်သည်ရင်း ဖြစ်သင့်ပုံအကျယ်ကို ဆရာ မပြဆိုတော့ပြီလော။ အဘယ်သို့လျှင် ဤဝိနည်း၌ ဟိတ်အနက်သည်ရင်း ကရိုဏ်းအနက်သည်ရင်း ဖြစ်သင့်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(တစ်နည်း) ဤဝိနည်း၌ ဟိတ်အနက်သည်ရင်း ကရိုဏ်းအနက်သည်ရင်း ဖြစ်သင့်ခြင်း၏ အကြောင်းကို ဆရာ မပြဆိုတော့ပြီလော။ အဘယ့်ကြောင့် ဤဝိနည်း၌ ဟိတ်အနက်သည်ရင်း ကရိုဏ်းအနက်သည်ရင်း ဖြစ်သင့်ပါသနည်း စုဒ်ကြောင့် (ခ) မိန့်။

(ဃ) **သို့/ အနုသန္ဓေ** ॥ ॥ ဤသို့ တတ္ထ တထာ အစရှိသည်ဖြင့် ထိုထိုအနက်တို့၏ ဖြစ်သင့်ခြင်းကို အကျယ်အားဖြင့် ပြပြီး၍ ယခုအခါ၌ အကျဉ်းအားဖြင့် ပြလို၍ (ဃ)မိန့်

➤ ၃။ (က) ပက္ခန္တရ။ (ခ) ဝိတ္ထာရ၊ ကာရဏ။ (တစ်နည်း) ဝိတ္ထာရ၊ ဒဋ္ဌ၊ ကာရဏ။ (ဂ) လဒ္ဓဂုဏ။ (ဃ) သခေ်ပ၊ ပကန္တရ၊ ဝါကျာရမ္ဘ။

**စာစပ်** ॥ ॥ တေန သမယေနကား ကြောင့်--ကြောင့် အပေက္ခမာနော၊ ဝိဟာသိ-တို့၌ ဟိတ်--ဟိတ်၏ဖိုလ်စပ်။ (တစ်နည်း) တေန သမယေနကား ဖြင့်--ကြောင့် ပညာပယန္တော၊ ဝိဟာသိ-တို့၌ ကရိုဏ်း-ကရိုဏ်းကြိယာစပ်။

➤ ၄။ သိက္ခိတဗ္ဗာတိ သိက္ခာ၊ ပဇ္ဇတေ ဉာမိနာတိ ပဒံ။ သိက္ခာယ ပဒံ သိက္ခာပဒံ။ ပညပနံ ပညတ္တိ၊ သိက္ခာပဒါနံ ပညတ္တိ **သိက္ခာပဒပညတ္တိ**။

သမေန္တိ ဧတ္ထ ဧတေန ဝါ သံဂစ္ဆန္တိ ဓမ္မာ သဟဇာတဓမ္မေဟိ ဥပ္ပါဒါဒီဟိ ဝါ တိ **သမယော**။ သံ-ဣဓာတ်အရ ကတ္တုကြိယာကား သဟဇာတ်တရားတို့နှင့်ရင်း၊ ဥပါဒ်စသည်တို့နှင့်ရင်း ပေါင်းဆုံမိကြကုန်သော ပရမတ္ထဓမ္မတို့သည် မှချ။ အဓိကရဏာ၌ကား ထို--အားတပ်သော အခါကာလ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ဏ-ပစ္စည်းအရကား ထို--သော အခါကာလ ရ၏။

➤ ၇။ **ပဉ္စပမာဏန္တိ/ပဉ္စပမာဏာတိ** ။ ။ အတိုင်းအရှည်ဟူသောအနက်ကို ဟောတတ်သော ဣတ္ထိလိင် ဧကဝုစ် မတ္တာ-ဟူသော သဒ္ဒန္တရတဗ္ဗပုဒ်ကို အတိုင်းအရှည် ဟူသောအနက်ကိုဟောတတ်သော နပုံလိင် ဧကဝုစ်၊ ပမာဏ-ဟူသောပုဒ် ဖွင့်ပြအပ်သည်၏ အဖြစ်ကြောင့် "ပဉ္စပမာဏ"ဟု နပုံလိင် ဧကဝုစ်သာ ရှိသင့်၏ဟု မအူနိသျှ၌ ဆိုသောကြောင့် ပဉ္စပမာဏန္တိ-သင့်သည်။

ပုန ပဉ္စ မတ္တာ ပမာဏာတိ ဗျာသော၊ နိကာရ လောပေါ စေတ္ထ နပုံသကလိင်္ဂတ္တာ-ဟူသော သီလက္ခန်ဋီကာသစ်ကိုထောက်၍ ပမာဏာနိ-ဟု ဆိုလိုလျက် နိ-ကိုချေ၍ ပမာဏာ-ဟု ရှိနေခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် သီလက္ခန် ဋီကာသစ်အလို ပဉ္စပမာဏာတိ-ပါဌ်လည်း သင့်ပါသည်။ ထို့ကြောင့် ၂-ပါဌ်လုံး သင့်သည်။

➤ ၈။ **ပဉ္စပမာဏာတိ**-ကား ပဉ္စပမာဏာနီတိ-ဟု ဆိုလိုလျက် နိ-အက္ခရာကို ချေထားသောကြောင့် ဝဏ္ဏလောပနိရုတ္တိနည်း။

**ဘိက္ခုသတာနိ**ကား ရဟန်းတို့ဒြပ်နှင့် အရာတို့ဒြပ်ကို မပြားဘဲ ပြားသကဲ့သို့ ဆိုထားသောကြောင့် အဘေဒဘေဒူပစာ၊ အဘေဒနည်း။

**ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ** ။ ။ အကြောင်းဖြစ်သော ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ-သဒ္ဒါ၏ "ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ"ဟူသောအမည်ကို အကျိုးဖြစ်သော သမ္ဗန္ဓမဟတ္တ၌တင်-- ကာရဏူပစာ။ နာနတ္တရိကနည်း။ (ဃ) ဒန္တဇ္ဈေဒနနည်း။ (င) ဒန္တသောဓနနည်း။

http://www.dhammadownload.com



**ပါဌ် [၂၇]**

(က) **အယေသ္မာသိ စေါ ဝေရဉ္စော ဗြာဟ္မဏောတိ အယေသ္မာသိတိ သုဏာ ဥပလဘိ။**

(ခ) **သောတဒ္ဒါရ သမ္ဗတ္တ၀စနနိဂ္ဃောသာနုသာရေန အညာသိ။**

(ဂ) **ခေါတိ ပဒပူရဏမတ္တေ။ (ဃ) အဝဓာရဏတ္ထေ ဝါ နိပါတော။**

(င-၁) **တတ္ထ အဝဓာရဏတ္ထေန အယေသ္မာသိ ဧဝ။**

(င-၂) **နာဿ ကောစိ သဝနန္တရာယော အဟောသီတိ အယမတ္ထော ဝေဒိတဗ္ဗော။**

·(စ) **ပဒပူရဏေန ပန ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ။**

(ဋ္ဌ၊၈၃။ မအ္ဋ-၂ ၃၅။ ဘာဋီ-၁၊ ၃၈၄။)

➤ ၁။ **ဝေရဉ္စော**၊ဝေရဉ္စာပြည်၌ မွေးဖွားသည်၏အဖြစ်ကြောင့် ဝေရဉ္စာ အမည်ရှိသော။ (ဝါ) ဝေရဉ္စာပြည်၌ ဖြစ်သည်၏အဖြစ်ကြောင့် ဝေရဉ္စာ အမည်ရှိသော။ (ဝါ) ဝေရဉ္စာပြည်ဟု ဆိုအပ်သော နေရာရှိသည်၏အဖြစ်ကြောင့် ဝေရဉ္စာ အမည်ရှိသော။

**ဗြာဟ္မဏော**၊ဗေဒင်တို့ကို ရွတ်အံ့သရဇ္ဈာယ်တတ်သော ဥဒယပုဏ္ဏားသည်။

အယေသ္မာသိ၊ကြားပြီ။ (ဝါ) ရ ပြီ။ (သဒ္ဒတ္ထ) သောတဒွါရသို့ ရောက်သော စကားသံကို အစဉ်လျှောက်၍ အောက်မေ့သဖြင့် သိပြီ။ (အဓိပ္ပါယတ္ထ) အယေသ္မာသိခေါ၊ကြားရပြီ၊ သိရပြီ။ (ခေါ-ပဒပူရဏ) ကြားသိရသည်သာလျှင်တည်း။ (ခေါ-အဝဓာရဏတ္ထ)

(ဂ-ဃ) [**နိယမာနိယမ**] ခေါတိ၊ခေါဟူသော၊ယော သဒ္ဒေါ၊အကြင်သဒ္ဒါသည်၊အတ္ထိ၊၏။ သော သဒ္ဒေါ၊သည်၊ပဒပူရဏမတ္တေ၊ပုဒ်၏ပြည့်ကြောင်းမျှ၊ပဝတ္တော၊ဖြစ်သော၊နိပါတော၊ နိပါတ်တည်း။ဝါ၊တစ်နည်း၊အဝဓာရဏတ္ထေ၊အဝဓာရဏအနက်၌၊ပဝတ္တော၊ဖြစ်သော၊ နိပါတော၊နိပါတ်တည်း။

(င-၁) **အယေသ္မာသိစေါ**၊ကြားသည်သာ။ (င-၂) အယေသ္မာသိခေါ၊ကြားရခြင်း၌ တစ်စုံတစ်ရာသော အန္တရာယ် မရှိ။ (စ) အယေသ္မာသိခေါ၊ကြားရပြီ။

➤ ၂။ (**စ**) **သို့/** ဆရာ၊ ဆရာသည် (က)ဖြင့် ကြားခြင်းဟူသည် ရခြင်းပင်တည်းဟု ဆို၏။ ရခြင်းဟူသည် ပစ္စည်းတစ်ခုကို ပိုင်ဆိုင်ခြင်းကဲ့သို့ ရခြင်းမျိုးကို ဆိုလိုပါသလော။ အဘယ်သို့ မှတ်ရပါမည်နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(တစ်နည်း) ဆရာ၊ ဆရာသည် (က) ဖြင့် အယေသ္မာသိပုဒ်ကို ကြားခြင်းဟူသည် ရခြင်းပင် ဖြစ်၏ဟု ဖွင့်ပြအပ်၏။ ရခြင်းသည် ကာယလဗ္ဘန, ဉာဏလဗ္ဘန-ဟု နှစ်မျိုးရှိရာ၌ ကာယလဗ္ဘနကို အလိုရှိအပ်ပါသလော။ အဘယ် လဗ္ဘနကို အလိုရှိအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(တစ်နည်း) ဆရာသည် (က)ဖြင့် ကြားခြင်းဟူသည် ရခြင်းဖြစ်၏ဟု ဖွင့်ပြအပ်၏။ ထိုရခြင်းကို ပရမတ္ထသဘောအားဖြင့် မပြဆိုပြီလော။ (ဝါ) ထင်ရှားရှိသော ဝတ္ထုကို ရသကဲ့သို့ ရအပ်ပါသလော။ [ဂဏ္ဌိပေါင်း] ပရမတ္ထသဘောအားဖြင့် ရခြင်းဟူသည်

http://www.dhammadownload.com



အဘယ်ပါနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

(ဓ) သို့/ အနုသန္ဓေ ။ ။ ဤသို့ ဥပလဘိဖြင့် ရပြီဟု ဖွင့်ပြပြီး၍ ယခုအခါ၌ ရခြင်းဟူသည် ကြားခြင်း၏အစွမ်းဖြင့် ရခြင်း၊ (ဝါ) သိခြင်း ပင်တည်းဟူသော အနက်ကို ပြလိုရကား (ခ) မိန့်။

(ဂ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က-ခ) တို့ဖြင့် အသောသိ-ပုဒ်၏ သဒ္ဒတ္ထ၊ အဓိပ္ပါယတ္ထကို ပြပြီး၍၊ ယခုအခါ၌ "သဗ္ဗမ္ပိ ဝါကျံ အန္တောဂဓာဝဓာရဏံ" ဟူသည်နှင့်အညီ အသောသိ-သဒ္ဒါသည်ပင် " အသောသိ ဧဝ၊ နာသ္သ ကောစိ သဝနန္တရာယော အဟောသိ"ဟု အဝဓာရဏအကျိုးရှိသောကြောင့် ခေါ်- သဒ္ဒါကား ပဒပူရဏ-ဟု ပြလိုရကား (ဂ) မိန့်။

(ဃ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (ဂ)ဖြင့် ခေါ်-သည် ပဒပူရဏမတ္တ-၌ နိပါတ်တည်းဟု ပြဆိုပြီး၍ ယခုအခါ၌ ခပ်သိမ်းသော ဝါကျသည် အဝဓာရဏအတွင်းရှိသော်လည်း ခေါ်-သဒ္ဒါသည် လိုအပ်သောအနက်မှ ပိုင်းခြားခြင်းအနက်ရှိ၏ဟု ပြလိုရကား (ဃ) မိန့်။

(တစ်နည်း) ဤသို့ (ဂ) ဖြင့် ခေါ်-သည် ပဒပူရဏမတ္တ-၌ နိပါတ်တည်းဟု ပြဆိုပြီး၍ ယခုအခါ၌ အသောသိ-သဒ္ဒါသည် နော န အသောသိ-ဟု အညတ္ထာပေါဟန အနက်ရှိသော်လည်း လိုအပ်သောအနက်မှ ပိုင်းခြားခြင်းအနက်ရှိ၏ဟု ပြလိုရကား (ဃ) မိန့်။

(င) သို့/ အနုသန္ဓေ ။ ။ ဤသို့ (ဃ) ဖြင့် ခေါ်-သဒ္ဒါသည် အဝဓာရဏအနက်၌ နိပါတ်တည်းဟု ပြဆိုပြီး၍ လိုအပ်သောအနက်မှ ပိုင်းခြားခြင်းအနက်ကိုပင် အကျယ်ပြလိုသော ဆရာသည် (င) မိန့်။

(င-၁) သို့/ ဆရာသည် (ဂ-ဃ) တို့ဖြင့် ခေါ်သဒ္ဒါသည် ပဒပူရဏအနက်, အဝဓာရဏအနက်တို့၌ ဖြစ်၏ဟု ဖွင့်ပြအပ်၏။ အဘယ်နည်းဖြင့် ခေါ်- သဒ္ဒါသည် အဝဓာရဏ အနက်၌ ဖြစ်ပါသနည်း။ ခေါ်သဒ္ဒါ၏ အဝဓာရဏအနက်၌ဖြစ်ပုံ အကျယ်ကို မပြဆိုပြီလော။ စုဒ်ကြောင့် (င-၁) ကိုမိန့်။

(င-၂) သို့/ အနုသန္ဓေ ။ ။ အသောသိဧဝ-ဝယ် ဧဝ-၏ ဝေတ္တဖလ (ဝါ) နိဝတ္တေတဗ္ဗကို ပြလိုရကား (င-၂) မိန့်။

(င-၂) သို့/ ဆရာသည် (င-၁) ဖြင့် အသောသိ ခေါ်-၌ ခေါ်-သဒ္ဒါသည် အဝဓာရဏတ္ထ ဧဝအနက်ရှိ၏ဟု ဖွင့်ပြအပ်၏။ ထိုဧဝ-သဒ္ဒါ၏ ဝေတ္တ ဖလကား အဘယ်ပါနည်း၊ ဧဝ-သဒ္ဒါဖြင့် ရအပ်သော အကျိုးအနက်ကို မပြဆိုပြီလော။ စုဒ် (င-၂) ကိုမိန့်။

(စ) အဝဓာရဏတ္ထ ခေါ်သဒ္ဒါသည် ယင်းသို့အနက်ရှိသော် ပဒပူရဏတ္ထ ခေါ်-သဒ္ဒါဖြင့် အဘယ်အကျိုးရှိသနည်း။ စုဒ်ကြောင့် (စ) မိန့်။

(စ) သို့/ (င)ဖြင့် အဝဓာရဏအနက်ရှိသော ဧဝသဒ္ဒါဖြင့် အသောသိဧဝ၊ နာဿ ကောစိ သဝနန္တရာယော-ဟု ဤသို့တော အဝဓာရဏအကျိုးကို ဆိုတော်မူ၏။ အဝဓာရဏ

http://www.dhammadownload.com



အနက်ရှိသော ဝေသဒ္ဒါဖြင့် ဣဋ္ဌတောဝစာရဏအကျိုးရှိခဲ့သော် ပဒပူရဏအနက်ရှိသော ခေါသဒ္ဒါဖြင့် အဘယ်အကျိုးရှိပါသနည်း၊ ယင်း ခေါသဒ္ဒါဖြင့် ပြအပ်သောအကျိုးကို မပြပြီလော။ စုဒ်ကြောင့် (စ) မိန့်။

(တစ်နည်း) (စ)သို့/ ဆရာသည် (ဂ-ဃ) တို့ဖြင့် ခေါသဒ္ဒါသည် ပဒပူရဏအနက်၌ဖြစ်သော နိပါတ်ဟု ဖွင့်ပြအပ်၏။ ထို ပဒပူရဏအနက်ရှိသော ခေါသဒ္ဒါဖြင့် အဘယ်အကျိုးကို ပြဆိုအပ်ပါသနည်း။ ခေါသဒ္ဒါမဖက် အသောသိပုဒ် သက်သက်ဖြင့်လည်း ကြားခြင်းအနက်ပြီးရာသည် မဟုတ်ပါလော။ စုဒ်ကြောင့် (စ) မိန့်။

**ကား**--အသောသိပုဒ်သည် ခေါသဒ္ဒါ မဖက် သူ့ချည်းသက်သက်ရှိက ရွတ်ဆိုခြင်း၌ ညက်ညောမှု မရှိ ခေါသဒ္ဒါ ထည့်စွက်သည့်အတွက်ကြောင့် ရှေ့နောက်ပုဒ်တို့ ညက်ညော ချောမောလာ၏၊ ထို့ကြောင့် အနက် အထူး မပြနိုင်သော်လည်း ရှေ့နောက်သဒ္ဒါ၏ ပြေပြစ်ချောမော ညက်ညောခြင်းအကျိုးကို ရစေနိုင်၏ဟူလို။

**(စ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (င-၁+၂)ဖြင့် အသောသိခေါ်၌ ခေါသဒ္ဒါသည် အဝဓာရဏတ္ထ ဧဝအနက်ရှိသည်ကိုရင်း၊ ဝေတ္ထဖလအနက်ရှိသည်ကိုရင်း ပြဆိုတော်မူပြီး၍ ယခုအခါ၌ ပဒပူရဏအနက်ရှိသော ခေါသဒ္ဒါ၏ ရအပ်သောအကျိုးကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (စ) မိန့်။

➤ ၃။ (က) တွင် ဥပလဘိကား သုဏာ-၏ အကျယ်ကို ဖွင့်ပြသောကြောင့် ဝိတ္ထာရ။ (ခ) ကား သုဏာ ဥပလဘိ-တို့၏ အဓိပ္ပါယတ္ထအကျယ်ကို ဖွင့်ပြသောကြောင့် ဝိတ္ထာရ။ (တစ်နည်း) ရခြင်းဟူသည် အဘယ်နည်းဟူသော စောဒနာကို ပယ်လို၍ ဆက် လက်အားထုတ်သောကြောင့် ဝါကျာရမ္ဘ။ (ဂ) ပကတ္တရ။ (ဃ) ပကတ္တရ။ (င) ကား ခေါသဒ္ဒါ၏ အဝဓာရဏတ္ထ အနက်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (င-၂) ကား ဝေတ္ထ ဖလကို ဆက်ပြသောကြောင့် ဝါကျာရမ္ဘ (စ)ကား အဝဓာရဏတ္ထမှတစ်ပါး ပဒပူရဏတ္ထ အနက်အကျယ် အဖို့တစ်ပါးကို ပြသောကြောင့် ပကတ္တရ။

➤ ၄။ ပဒဿ ပူရဏံ ပဒပူရဏံ။ (အစိတ်) ပဒပူရဏံ အတ္ထော ဧတဿာတိ **ပဒပူရဏော**။ (အုပေါင်း-အတ္ထကျေသည်။) ဧတဿ ခေါ သဒ္ဒဿ၊ထို ခေါသဒ္ဒါအား။ ပဒပူရဏံ၊ပုဒ်၏ပြည့်ခြင်းဟူသော။အတ္ထော၊အနက်သည်။အတ္ထိ၊၏။ပဒပူရဏ+အတ္ထ+ဧတ၊ တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ။ ပဒပူရဏ အတ္ထ-အရကား ပုဒ်၏ပြည့်ခြင်းအနက်သည် မုချ။ ယင်း၏ ခေါသဒ္ဒါနှင့် ဂုဏ်-ဂုဏော စပ် ဌာနူ။ ဧတ-အရကား ထို--သော ပုဒ်၏ ပြည့်ခြင်းအနက်ရှိသော ခေါသဒ္ဒါ ရ၏။

* ပူရယတိ အနေနာတိ ပူရဏံ။ ပဒဿ ပူရဏံ ပဒပူရဏံ။ ပဒပူရဏံဝ **ပဒပူရဏာ** မတ္ထံ။ ပဒ-ဟူသော ဝိသေသနပုဒ်အရကား ပုဒ်သည် မုချ။ ထို--၏ ပြည့်ကြောင်းဖြစ်သော ခေါသဒ္ဒါနှင့် နိသျ+နိဿိတစပ် ဌာနူ။ ပုဒ်လုံးအရ -- ပြည့်ကြောင်း ခေါသဒ္ဒါ ရ၏။

http://www.dhammadownload.com



သုယျတေ သဝနံ။ တံတံ သမ္မုတ္တိယာ(ထိုထိုစည်းစိမ်ကို) ဝိနိဗန္ဓနဝသေန(တားမြစ်ခြင်း၏အစွမ်းဖြင့်) သတ္တသန္တာနသ(သတ္တဝါသန္တာန်၏) အန္တရေ ဝေမဇ္ဈေ(အလယ်၌)ဧတိ အာဂစ္ဆတီတိ **အန္တရာယော**။ (မျက်မှောက်၌ဖြစ်သော အကျိုးမဲ့စသည် ရ၏။ အန္တရ-ဣ+အ) သဝနသ အန္တရာယော **သဝနန္တရာယော**။ သဝန-အရ ကြားခြင်းသည် မုချ။ ထို--၏ အန္တရာယ်နှင့် ဂုဏ်-ဂုဏေး စပ် ဌာန္။ ပုဒ်လုံးအရကား ထို-- သော ကြားခြင်း၏ အန္တရာယ် ရ၏။

* သောတမေဝ ဒွါရံ သောတဒွါရံ။ သောတဒွါရံ သမ္မုတ္တံ သောတဒွါရသမ္မုတ္တံ။ သောတဒွါရသမ္မုတ္တံ ဝစနံ သောတဒွါရ သမ္မုတ္တဝစနံ။ သောတဒွါရ သမ္မုတ္တဝစနသဒိါတော နိဗ္ဗေါသော **သောတဒွါရ သမ္မုတ္တဝစနနိဗ္ဗေါသော**။ * တဿ အနုသာရော သောတဒွါရ သမ္မုတ္တဝစန နိဗ္ဗေါသာနုသာရော။

အဝဓာရဏံဧဝ အတ္ထော **အဝဓာရဏတ္ထော**။ (တသ္မိ)

အဝဓာရဏ-ဟူသော ဝိသေသနပုဒ်အရကား ပိုင်းဖြတ်ခြင်းသည်သာဖြစ်သော အဝဓာရဏဘောဂုဏ်သည် မုချ။ ထို၏ အနက်နှင့် ဂုဏ်-ဂုဏေးစပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော ပိုင်းဖြတ်ခြင်းသည်သာဖြစ်သော အနက် ရ၏။

အဝဓာရဏံ အတ္ထော ဧတဿ ခေါသဒ္ဒဿာတိ **အဝဓာရဏတ္ထော**။

ဗျဥ္ဇနာနံ သိလိဋ္ဌော ဗျဥ္ဇနသိလိဋ္ဌော။ ဗျဥ္ဇနသိလိဋ္ဌဿ ဘာဝေါ **ဗျဥ္ဇနသိလိဋ္ဌတာ**။ (တစ်နည်း) သိလိဋ္ဌာနံ ဘာဝေါ သိလိဋ္ဌတာ။ ဗျဥ္ဇနာနံ သိလိဋ္ဌတာ ဗျဥ္ဇနသိလိဋ္ဌတာ။ (ဘာဝ) သိလိဋ္ဌ တဒ္ဓိတ်ပုဒ်အရကား ပြေပြစ်ညက်ညောကုန်သော အသောဿိ-သဒ္ဒါ ခေါသဒ္ဒါတို့သည် မုချ။ ထို၏ တာပစ္စည်းအရ ပြေပြစ် ညက်ညောခြင်း ကြိယာနှင့် (ဝါ) ဂုဏ်နှင့် နိဿျ+နိဿိတ စပ် ဌာန္။ တာပစ္စည်းအရကား ထို--သော အသောဿိ-သဒ္ဒါ ခေါ-သဒ္ဒါတို့၏ ပြေပြစ် ညက်ညောခြင်း ကြိယာ (ဝါ) ဂုဏ် ရ၏။

➤ ၆။ (က) ၌ သုဏ်ဖြင့် အသောဿိကား အသဓာတ် ပဋိသေဓ အ-အက္ခရာနှင့် သိဝိဘာတ်မဟုတ်၊ သုဓာတ်၏--ရင်း (ဓာတုပဒ) အဇ္ဇတ္တနီ ဤဝိဘာတ်၏--ရင်း (ဒုတိယ ဝိဘတ္တိပဒ) အ-အက္ခရာ သ-အက္ခရာတို့၏ အာဂုံ၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

ဥပလဘိ-ဖြင့် သုဏ်၌ သုဓာတ်သည် ပသဝန, ဟိံသနအနက်တို့ကိုမဟော၊ ရခြင်း (ဥပလဘန)အနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

(တစ်နည်း) သုဏ် ဥပလဘိဖြင့် ကြား၏ (အသောဿိ)ဟူသည် ကြားခြင်း, ရခြင်း (ကြားရခြင်း) ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(စ) ဖြင့် ရ၏ဟူသည် ထင်ရှားရှိသော ဝတ္ထုကို ရသကဲ့သို့မဟုတ်၊ သိခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိခြင်းသည်လည်း မနောဒွါရဖြင့် ဆင်ခြင် တွေးတော၍ သိခြင်းမျိုးမဟုတ်၊ သောတဒွါရသို့ ရောက်သော စကားသံသို့ အစဉ်လျှောက်၍

http://www.dhammadownload.com



အောက်မေ့သဖြင့် သိခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ခေါသဒ္ဒါ ပဒပူရဏအနက်ဟောတည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

(ဃ) ဖြင့် ခေါသဒ္ဒါ၏ နိပါတ်၏အဖြစ်ကိုရင်း (နိပါတလိင်္ဂပဒ) ခေါသဒ္ဒါ၏ နိပါတ် အနက်ဟော--ရင်း (နိပါတလိင်္ဂတ္ထ) သိစေပါသည်။

➢ ၇။ **ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ/ပဒဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ** ။ ။ ပဒဗျဉ္ဇနာနံ သိလိဋ္ဌော ပဒဗျဉ္ဇနသိလိဋ္ဌော။ ပဒဗျဉ္ဇနသိလိဋ္ဌဿ ဘာဝေါ ပဒဗျဉ္ဇနသိလိဋ္ဌတာ။ ပဒ ဗျဉ္ဇနသိလိဋ္ဌတာ ဧဝ မတ္တံ ပဒဗျဉ္ဇနသိလိဋ္ဌတာမတ္တံ-ဟု ဝစနတ္ထပြု၍ ပြီးသောကြောင့် (ပါရာဇိကဏ် ယောဇနာ-အလို) ပဒဗျဉ္ဇန သိလိဋ္ဌတာမတ္တမေဝ-သင့်ပါသည်။

ယင်း ယောဇနာ၌ပင် ဋီကာယံ ပန ပဒပူရဏေန ပန ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝါတိ ပါဌော ဒိဿတိ-ဟု ဖွင့်ဆိုသောကြောင့် ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ-ပါဌ်လည်း သင့်ပါ သည်။ ထို့ကြောင့် ၂-ပါဌ်လုံး သင့်ပါသည်။

**ပဒပူရဏေန/ပဒပူရဏတ္ထေန** ။ ။ ပဒဿ ပူရဏံ ပဒပူရဏံ၊ ပဒပူရဏမေဝ အတ္ထော ယဿာတိ ပဒပူရဏတ္ထော-ဟု ဆိုလိုလျက် အတ္ထ-ဟူသော နောက်ပုဒ်ကျေ၍ ပြီးသော ကြောင့် ပဒပူရဏေနပါဌ်သာ သင့်ပါသည်။

➢ ၈။ **[(ခ) ကို့ရှု၍] ဥပလဓိ-ကား**။ ။ အပေါင်းဖြစ်သော ကာယူပလဗ္ဘန, ဉာဏူပလဗ္ဘန နှစ်မျိုးတို့၏ **ဥပလဓိ** အမည်ကို အစိတ်ဖြစ်သော ဉာဏူပလဗ္ဘန၌တင်-- ကေဒေသျူပစာ၊ ရှုဋ္ဌီနည်း။

**[(ဃ-၁) ကို့ရှု၍] အဝဓာရဏတ္ထေန**-ဟူသော နည်းသည် အစဉ်အတိုင်း ပဒပူရဏ မဆို မူ၍ အဝဓာရဏတ္ထေန-ဟု အနီးမှစ၍ ဆိုသောကြောင့် ပစ္စာသတ္တိနည်း မည်၏။

**အဝဓာရဏတ္ထေနကား**- အဝဓာရဏနှင့် အတ္ထ မကွဲပြားသော်လည်း ကွဲပြားသကဲ့ သို့ ဆိုသောကြောင့် အဘေဒ ဘေဒူပစာ။ အဘေဒနည်း။

➢ ၁၀။ **သောတာပန္နော**-၌ သောတ-အရ အရိယာမဂ်ကိုယူ၍-- ထို--၏ ပဒဌာန် ကား ဂေါတြဘုတိုင်အောင်သော ဥပစာရသမာဓိတည်း။ ထို-- ကား ပရိကမ္မဘာဝနာ တည်း။ ဤသို့ အောက်သက် ဩရုယျောရုယှအားဖြင့်ရင်း။ ထိုအရိယာမဂ်သည် မဂ္ဂါနန္တရ ဖိုလ်၏ ပဒဋ္ဌာန်တည်း။ ထို--သည် ပစ္စဝေက္ခဏာဉာဏ်၏ ပဒဋ္ဌာန်တည်း။ ဤသို့ အထက် တက် အာရုယှာရုယှအားဖြင့်ရင်း ပဒဋ္ဌာန်ကိုထုတ်ခြင်းသည် **ပဒဋ္ဌာနဟာရ**မည်၏။

* **အယမေတ္ထ ဝေဒိတဗ္ဗော**-၌ ဓာတ်အရ ▪ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ် ရ၏။

## ပါဌ် [၂၈]

(က-၁) ဝေရဉ္စာယံ ဝါသော၊ ဝေရဉ္စာယံ ဘာဝေါ။

(က-၂) ဝေရဉ္စာ ဝါ အဿ နိဝါသောတိ ဝေရဉ္စော။

http://www.dhammadownload.com



(ခ) မာတာပိတူတိ ကာတနာမဝသေန ပနာယံ "ဥဒယော"တိ ဝုစ္စတိ။

(ဂ) ဖြဟ္မံ အဏာတီတိ ဗြာဟ္မဏော။ (ဃ) မန္တေ သဇ္ဈာယတီတိ အတ္ထော။

(င) ဣဒမေဝ တိ ဇာတိဗြာဟ္မဏာနံ နိရုတ္တိဝစနံ။

(စ) အရိယာ ပန ဗာဟိတပါပတ္တာ ဗြာဟ္မဏာတိ ဝုစ္စန္တိ။

(၄၂၈၃။ မအ္ဌ-၂၃၉။ ဘာသာဋီ-၁၊၃၈၇။)

➤ ၁။ (ဃ) [ပါဠိတော်သက္ကဒ်ဖြင့် အဋ္ဌကထာ သမ္မန်ထည့်၍ အနက်ပေး] မန္တေ၊မန္တာန်တို့ကို။သဇ္ဈာယတိ၊ သရဇ္ဈာယ်တတ်၏။ဣတိ အယံ၊ဤသည်ကား။ဗြဟ္မံ အဏာတီတိ ပဒါနံ။ဗြဟ္မံ အဏာတိ- ဟူသော ပုဒ်တို့၏။/ဗြာဟ္မဏောတိပဒဿ၊ ဗြာဟ္မဏောဟူသောပုဒ်၏။(သမ္မန်) အတ္ထော၊ အနက်တည်း။

[အဋ္ဌကထာသက္ကဒ်ဖြင့် အဋ္ဌကထာ သမ္မန်ထည့်၍ အနက်ပေး] မန္တေ၊ဗေဒင်တို့ကို။သဇ္ဈာယတိ၊သရဇ္ဈာယ် တတ်၏။ဣတိ အယံ၊ဤသည်ကား။အတ္ထော၊ဗြဟ္မံ အဏာတိပုဒ်တို့၏ အနက်တည်း။

(စ) ပန၊အဖို့တပါးကား။အရိယာ၊အရိယာပုဂ္ဂိုလ်တို့ကို။(အရိယာနံ၊အရိယာပုဂ္ဂိုလ်တို့၏) [ဟိတ်၏သမ္မန်] ဗာဟိတပါပတ္တာ၊မျှောအပ်ပြီးသော မကောင်းမှုရှိကုန်သည်၏အဖြစ်ကြောင့်။ဗြာဟ္မဏာတိ၊ဗြာဟ္မဏတို့ဟူ၍။ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။

* ဗြာဟ္မဏော=ဗေဒင်ကျမ်းကို သရဇ္ဈာယ်တတ် သင်တတ်သောသူ (သဒ္ဒတ္ထ) ပုဏ္ဏား (ဝေါဟာရတ္ထ)

➤ ၂။ (က–၂) သို့/ ဆရာသည် (က-၁) ဖြင့် ဝေရဉ္စောကို ဝေရဉ္စာယံ ဇာတော ဝေရဉ္စော-ဟု ဇာတတဒ္ဓိတ် ဝစနတ္ထပြု၍ ဏပစ္စည်း ဇာတအနက်၌ သက်သည်ကို ဖွင့်ပြတော်မူ၏။ ထို ဝေရဉ္စော-ဟူသောပုဒ်ကို ဇာတတဒ္ဓိတ် ဝစနတ္ထ-သာ ဆိုအပ်ပါသလော။ အဘယ်ဝစနတ္ထလည်း ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (က-၂) ကိုမိန့်၏။

(စ) သို့/ ဓာအရာတက် ။ ။ ဆရာသည် (က) ဖြင့် ပုဏ္ဏား၏ ဝေရဉ္စာဟူသောအမည်သည် ဒေသကိုစွဲ၍ ရရှိလာသော အမည်တည်းဟု ပြဆိုတော်မူ၏။ ဒေသကိုစွဲ၍ ယင်းသို့ ဝေရဉ္စာ-ဟု အမည်ရခဲ့သော် ယင်းပုဏ္ဏား၏ ငယ်နာမည်ကား အဘယ်ပါနည်း၊ ငယ်နာမည်ကို ဆရာ မပြဆိုတော့ပြီလော။ ငယ်နာမည်ကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်၏။

(တစ်နည်း) ဆရာသည် (က) ဖြင့် ပုဏ္ဏား၏ အနွတ္ထသညာကို ပြဆိုတော်မူ၏။ ရူဋ္ဌီသညာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်၏။ (မအ္ဌနိသျ)

(င) သို့ / ဆရာသည် (ဃ)ဖြင့် ဗြဟ္မံ အဏာတီတိ ဗြာဟ္မဏော-ဟု ဆို၏။ ဗြဟ္မတော ဇာတော ဗြာဟ္မဏော၊ ဗြဟ္မုနော အပစ္စာနိ ဗြာဟ္မဏော စသည်ဖြင့် ဗြာဟ္မဏ-သဒ္ဒါ၏ ဝစနတ္ထကို များစွာဆိုကြသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဗြဟ္မံ အဏာတီတိ ဗြာဟ္မဏော-ဟူ၍သာ ဆိုပါသနည်း၊ စုဒ်ကြောင့် (င) မိန့်၏။

http://www.dhammadownload.com



**ကား**-- (င) ဖြင့် ဗြာဟ္မဏသဒ္ဒါ၏ ဝိဂြိုဟ်သဒ္ဒါများစွာရှိသော်လည်း ဤ ဖြဟ္မံ အဏာတီတိ ဗြာဟ္မဏော-ဟူသော ဝိဂြိုဟ်သဒ္ဒါသည်သာလျှင် ဇာတိဗြာဟ္မဏတို့၏ ဝိဂြိုဟ်သဒ္ဒါဖြစ်သောကြောင့် ယင်းဝိဂြိုဟ်သဒ္ဒါကိုသာလျှင် (ဃ) ၌ ငါပြဆိုခဲ့၏ဟူလို။

(**စ**) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဂ-င) ဝါကျတို့ဖြင့် ဖြဟ္မံ အဏာတီတိ ဗြာဟ္မဏော-ဟူသော ဝစနတ္ထသည် ဇာတိဗြာဟ္မဏတို့၏ ဝစနတ္ထ ဖြစ်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ဝိသုဒ္ဓိဗြာဟ္မဏတို့၏ ဝစနတ္ထကို ပြတော်မူလိုသော ဆရာသည် (စ) မိန့်။

➤ ၃။ (က) ပက္ခန္တရ။ (ခ) ကား ပုဏ္ဏား၏ အနွတ္ထသညာမှတစ်ပါး ရုဠှီသညာကို ပြသောကြောင့် ပက္ခန္တရ။ (တစ်နည်း) ပုဏ္ဏား၏ ငယ်နာမည်ကား အဘယ်နည်းဟူ သော စောဒနာကို ပယ်လို၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဂ) ပက္ခန္တရ။ (ဃ) ဖြဟ္မ-၏အနက် အဏာတ်၏အနက်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (င) ဖြဟ္မံ အဏာတိ-ဟူသော ဝိဂြိုဟ်ဝါကျကို ထောက်ခံသောကြောင့် ယုတ္တိဒဋ္ဌီကရဏ။ (တစ်နည်း) ကာရဏ။ (စ) ဇာတိဗြာဟ္မဏ၏ ဝိဂြိုဟ်သဒ္ဒါဟူသော အဖို့မှတစ်မျိုးတစ်ပါးသော ဝိသုဒ္ဓိဗြာဟ္မဏ ၏ ဝိဂြိုဟ်သဒ္ဒါကို ပြသောကြောင့် ပက္ခန္တရ။

**စာစပ်** ။ ။ ဣဒမေဝကား သည်--ကြောင့် နိရုတ္တိဝစန၌ တုလျှတ်- လိင်္ဂတ်စပ်။

(င) ဣဒမေဝ-၌ ဝေ-၏ ဧတ္ထဖလကား• ဖြဟ္မံတော ဇာတော ဗြာဟ္မဏော-အစရှိသော ဝစနတ္ထများ ဖြစ်သည်။

➤ ၄။ ဗာဟိယိတ္ထာတိ ဗာဟိတာ။ ပါတ္တိ ရက္ခတ္တိ သုဇနာ အတ္တာနံ အသ္မာတိ ပါပံ။ ဒုဂ္ဂတိံ ပါပေတီတိ ပါပံ။ ဗာဟိတာ ပါပါ ဧတေဟိ အရိယေဟီတိ **ဗာဟိတပါပါ**။ ယေဟိ အရိယေဟိ၊တို့သည်။ပါပံ၊ကို။ဗာဟိတံ၊ပယ်သတ်အပ်ကုန်ပြီ။(တတိယာဗဟုဗ္ဗိဟိ)

ဗာဟိတပါပ-အရကား ပယ်အပ်ကုန်ပြီးသော မကောင်းမှုတို့သည် (ဝါ) မကောင်းမှု တို့၏ အဘာဝသည် မုချ။ ထို--၏ အရိယာပုဂ္ဂိုလ်တို့နှင့် ဂုဏ်-ဂုဏီးစပ် ဌာနူ။ ဧတ-အညပုဒ်အရကား ထို--သော အရိယာပုဂ္ဂိုလ်တို့ရ၏။

* ဗာဓိယိတ္ထာတိ ဗာဟိတံ။ ဗာဟိတံ ပါပံ ယေဟီတိ **ဗာဟိတပါပါ**။

ဗာဓယိံသု ပါပါနီတိ **ဗြာဟ္မဏာ**။ ယေ အရိယာ၊တို့သည်။ပါပါနိ၊မကောင်းမှုတို့ကို။ ဗာဓယိံသု၊ပယ်သတ်ကုန်ပြီ။ဣတိ တေ အရိယာ ဗြာဟ္မဏာ။ ဗာဓ+ ယု။

ဗာဓေတ်အရကား အရိယာပုဂ္ဂိုလ်တို့၏ ပဋိပဿဒ္ဓပဟာနသတ္တိရှိသော ဖိုလ်စိတ် သည် မုချ။ ရှေးရှေး၌ဖြစ်သော သမုစ္ဆေဒပဟာနသတ္တိရှိသော မဂ်စိတ်သည် ဖလူ။ နောက် နောက်၌ဖြစ်သော ဖလသမာပတ္တိ စသည်သည် ကာရဏူပစာ။ ယု-ပစ္စည်းအရကား ထို- -သော အရိယာပုဂ္ဂိုလ်တို့ဟူသော ဝိသုဒ္ဓိဗြာဟ္မဏတို့ဖြစ် ရ၏။

* ဗြဟတိ ဝုဍ္ဎိံ ဂစ္ဆတီတိ **ဗြဟ္မာ**။ (ဗြဟ+မ) ဥပရူပရိ ဗြူဟတီတိ **ဗြဟ္မာ**။ (ဗြူဟ+မ) မာနေတီတိ **မာတာ**။ ပါတိ ရက္ခတီတိ **ပိတာ**။ မာတာစ ပိတာစ **မာတာပိတရော**။

F-10-A

http://www.dhammadownload.com



မာနဓာတ်အရ မြတ်နိုးသော အခြင်းအရာအားဖြင့် ဖြစ်သော မိခင်၏ မေတ္တာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရာတု-အရ အမေ ရ၏။ မာတု-ဟူသော ရှေ့ပုဒ်အရ အမေသည် မုချ။ ထို၏ ပိတာ-အရ အဖေနှင့် ဆိုခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာန။ ပုဒ်လုံးအရ အမေအဖေ ရ၏။

ဇာတိယာ ဗြာဟ္မဏော **ဇာတိဗြာဟ္မဏော**။ ဇာတိ-ဟူသော ဝိသေသနပုဒ်အရ ပုဏ္ဏားဇာတ်သည် မုချ။ ထို-၏ ဗြာဟ္မဏ-အရ ပုဏ္ဏားတို့နှင့် နိသျ-နိဿိတစပ် ဌာန။ ပုဒ်လုံးအရ ထို--သော ဇာတ်အားဖြင့်ဖြစ်သော ပုဏ္ဏားတို့ ရ၏။

* ဇာတိယာ နိဗ္ဗတ္တော ဗြာဟ္မဏော **ဇာတိဗြာဟ္မဏော**။ ဖြဟ္မနော ဏ္ဍဒံ ဖြတ္တံ။ (ပေဒင်ကျမ်းရ၏။) ဝုစ္စတိ အနေနာတိ ဝစနံ။ နိပ္ပာရိတွာ ဥတ္တိ နိရုတ္တိ။ နိရုတ္တိယာ ဝစနံ နိရုတ္တိ **ဝစနံ**။ ကရီယိတ္ထာတိ ကတံ၊ ကတံ နာမံ ကတနာမံ။ ကတနာမသ္သ ဝသော **ကတနာမဝသော**။ မန္တိယန္တေ ဂုတ္တံ ကတွာ ဘာသိယန္တေတိ မန္တာ။(ယေ ဣရုဝေဒါဒယော၊အကြင်ဣရုပေဒင် စသည်တို့ကို။မန္တိယန္တေ-ဂုတ္တံ ကတွာ ဘာသိ ယန္တေ၊လုံခြုံစွာ ဆိုအပ်ကုန်၏။ ဏ္ဍတိ တေ **မန္တာ**။ မုနာတိ ဇာနာတိ ဓမ္မံ အနေနာတိ **မန္တော**။တော၊ ဥဿ အ။

➤ ၆။ (က) ဝေရဉ္စာယံ ဇာတောဖြင့် ဝေရဉ္စောပုဒ်ကို ဝေရဉ္စာယံ ဇာတော ဝေရဉ္စော-ဟု ဇာတတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ ဇာတတဒ္ဓိတ်၌သက်--ရင်း (ပစ္စယတ္ထ) သိစေပါသည်။

**ဝေရဉ္စာယံ ဘဝေါ**ဖြင့် ဝေရဉ္စောပုဒ်ကို ဝေရဉ္စာယံ ဘဝေါ ဝေရဉ္စော-ဟု ဘဝတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ ဘဝတဒ္ဓိတ်၌သက်--ရင်း (ပစ္စယတ္ထ) သိစေပါသည်။ ဝေရဉ္စာ အဿ နိဝါသောဖြင့် ဝေရဉ္စောပုဒ်ကို ဝေရဉ္စာ အဿ နိဝါသော ဝေရဉ္စော-ဟု နိဝါသတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ နိဝါသတဒ္ဓိတ်၌သက်--ရင်း (ပစ္စယတ္ထ) ဝါ-ဖြင့် ပက္ခန္တရဇောတက၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ ဖြဟ္မံ အဏတီဖြင့် ဗြာဟ္မဏော၌ ဖြဟ္မသဒ္ဒူပပဒ အဏဓာတ်၏--ရင်း (ဒု-ဓာတုပဒ) အပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ဖြဟ္မံ အဏတီတိ ဗြာဟ္မဏော-ဟု ကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဖြ-၌ အ-ကို အာပြု၍ ရုပ်ပြီးနေသည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဃ) ၌ မန္တေဖြင့် ဖြဟ္မံ အဏတိ-၌ ဖြဟ္မသဒ္ဒါသည် ပိတာမဟ-စသော အနက်တို့ကို မဟော၊ ဝေဒ-ပေဒင်ဟူသောအနက်ဟော--ရင်း (နာမလိင်္ဂတ္ထ) ယင်းပေဒင်၏လည်း ဣရုပေဒင် စသည်ဖြင့် များသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

**သဇ္ဈာယတီ**ဖြင့် အဏတိ-၌ အဏဓာတ်သည် ဂတိ၊ ဇီဝနအနက်တို့ကိုမဟော၊ သဒ္ဒျာယ=အသံပြုခြင်း၊ သရဇ္ဈာယ်ခြင်းအနက်ဟော၏ဟု သိစေပါသည်။ (ဓာတွတ္ထ)

http://www.dhammadownload.com



(င) ဖြင့် ဗြာဟ္မဏောပုဒ်ကို ဗြဟ္မတော ဇာတော (ဗြဟ္မာမင်းမှ လာသည်) ဗြဟ္မုနော အပစ္စံ (ဗြဟ္မာမင်း၏ သား) စသည် ဝစနတ္ထ မပြုရ၊ ဗြဟ္မံ အဏတီတိ ဗြာဟ္မဏော-ဟူသာ ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ အရိယာဖြင့် ဤ၌ ဗြာဟ္မဏ-အရ ဇာတိဗြာဟ္မဏကို မယူရ၊ အရိယာပုဂ္ဂိုလ်ဟူသော ဝိသုဒ္ဓိဗြာဟ္မဏကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**ဗာဟိတပါပတ္တာဖြင့်** ဗြာဟ္မဏော၌ ဗြဟ္မ-သဒ္ဒါ၏ ဗာဟိတအနက် ဟော--ရှင်း (နာမလိင်္ဂတ္ထ) အဏ-သဒ္ဒါသည် ပါပသဒ္ဒါ၏ ပရိယာယ်--ရှင်း (ပရိယာယ်ပြ အဘိဓေယျတ္ထ) (ဝါ) အဏ-အရ မကောင်းမှု အကုသိုလ်ကိုယူ --ရှင်း (အဘိဓေယျတ္ထ) ဗာဟိတာ အဏာ ဧတေဟီ အရိယေဟီတိ ဗြာဟ္မဏာ-ဟု တတိယာ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု--ရှင်း (အဘိဓာနတ္ထ) ဗာဟိတ အဏ-ဟု ဆိုလိုလျက် ဗာဟိတ-ကို ဗြာဟ္မပြု၍ ဗြာဟ္မဏ-ဟု ရုပ်ပြီးနေသည်ကိုရှင်း (ဘာဝတ္ထ) သိစေပါသည်။

(တစ်နည်း) ဗာဟိတပါပတ္တာဖြင့် ဗြာဟ္မဏော၌ ဗာဓောတ်၏--ရှင်း (ဒု-ဓာတုပဒ) ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်--ရှင်း (ဒု-ပစ္စယတ္ထ) ဗာဓယိံသု ပါပါနီတိ ဗြာဟ္မဏာ-ဟု ပြု--ရှင်း (အဘိဓာနတ္ထ) သိစေပါသည်။ (ဂဏ္ဌိသစ်)

(တစ်နည်း) ဗာဟိတပါပတ္တာဖြင့် ဗြာဟ္မဏော၌ ဗဟဓာတ်၏--ရှင်း (ဒု-ဓာတုပဒ) ယုပစ္စည်း ကတ္တုသာဓနအနက်၌သက်--ရှင်း (ဒု-ပစ္စယတ္ထ) ဗဟန္တိ ပါပေ ဗဟိ ကရောန္တီတိ ဗြာဟ္မဏာ-ဟု ပြု--ရှင်း (အဘိဓာနတ္ထ) သိစေပါသည်။

➤ ၇။ **ဗြာဟ္မဏော/ဗြဟ္မဏော** ။ ။ ဗြဟ္မုနော အပစ္စံ ဗြဟ္မာ၊ ဗြာဟ္မဏော၊ နာဂမော၊ ဏတ္တံ၊ ဒီဃာဒိဟူသော အဘိဓာန်ဋီကာကိုထောက်၍ ဗြဟ္မပုဒ်+ဏပစ္စည်း၊ ဗြဟ္မပုဒ်နောင် န-လာ၊ န-ကို ဏ-ပြု၊ ဗြ-၌ အ-ကို အာဒီဃပြု၍ ပြီးသောကြောင့် ဗြာဟ္မဏော-ပါဌ် သင့်ပါသည်။

**ဗြာဟ္မံ အဏာတိ/ ဗြဟ္မံ အဏာတိ** ။ ။ ဗြဟ္မနော ဣဒံ ဗြာဟ္မံ၊ ဣဒံအနက်၌ ဏ ပစ္စည်းသက်၍ "ဗြာ"ဟု ဖြစ်လာသောကြောင့် ဗြာဟ္မံ-သင့်ပါသည်။ (ဘာသာဋီ)

ဗြဟ္မာ ဝုတ္တော တထာ ဗြဟ္မံ၊ ဝေဒေ တပသိ ဝုစ္စတေ-ဟူသော အဘိဓာန်အလို ဝေဒအနက်ဟော ဗြဟ္မ-သဒ္ဒါဝယ် ရဿနှင့် ရှိသောကြောင့် ဗြဟ္မံ-ပါဌ်သင့်ပါသည်။ ထို့ကြောင့် ၂-ပါဌ်လုံးသင့်ပါသည်။

**ဗာဟိတပါပတ္တာ/ဗာဟိရပါပတ္တာ** ။ ။ ဗာဟိတာ ပါပါ ဧတေဟီတိ ဗာဟိတပါပါ၊ ဗာဟိတပါပါနံ ဘာဝေါ ဗာဟိတပါပတ္တံ၊ တသ္မာ-ဟု ဝစနတ္ထပြုရသောကြောင့်ရှင်း၊ ဗာဟိတပါပတ္တာ၊ပယ်အပ်ကုန်ပြီးသော မကောင်းမှုတို့ရှိကုန်သည်တို့၏ အဖြစ်ကြောင့်ဟု အနက်ပေးရသောကြောင့်ရှင်း၊ ဤသို့ သဒ္ဒယုတ္တိ အတ္ထယုတ္တိရှိသောကြောင့် ဗာဟိတပါပတ္တာ-ပါဌ် သင့်ပါသည်။ ပါရာဇိကဏ် ယောဇနာ၌ ဗာဟိရပါပတ္တာတိပိ အတ္ထိ-ဟု

http://www.dhammadownload.com



ပါဌ်တစ်မျိုးရှိသေးကြောင်းပြပြီး ယင်းပါဌ်ကိုပင် ဗာဟိရေ ပါပေ ကတာ စေတေဟိတိ ဗာဟိရပါပါ-ဟု ဝစနတ္ထပြုရမည်ဟု ဆိုသောကြောင့်ရင်း၊ ဗာဟိရပါပတ္တာ၊အပဉ္စုပြုအပ် ကုန်ပြီးသော မကောင်းမှုတို့ ရှိကုန်သည်တို့၏အဖြစ်ကြောင့်-ဟု အနက်ပေးရသော ကြောင့်ရင်း။ ဤသို့ အာဂမယုတ္တိ သဒ္ဒယုတ္တိ အတ္ထယုတ္တိရှိသောကြောင့် ဗာဟိရ ပါပတ္တာ ပါဌ်လည်း သင့်ပါသည်။ ထို့ကြောင့် ၂-ပါဌ်လုံး သင့်ပါသည်။

**သဗ္ဗာယတိ/သဗ္ဗယတိ** ။ ။ သဗ္ဗယတိကား သံရှေး အဓိရှေးရှိသော ဣဓာတ် တိဝိဘတ်ဖြင့် ရုပ်ပြီးသောကြောင့်ရင်း၊ သဗ္ဗာယတိကား သံရှေး အဓိရှေးရှိသော ဇျေ ဓာတ် တိဝိဘတ်ဖြင့် ရုပ်ပြီးသောကြောင့်ရင်း၊ ဣဓာတ် ဇျေဓာတ် နှစ်မျိုးလုံးပင် သရဇ္ဈာယ် ခြင်းအနက်ကို ဟောနိုင်သောကြောင့်ရင်း နှစ်ပါဌ်လုံး သင့်ပါသည်။

➤ ၈။ **မြဖ္ဖဲ့** ကား ဌာန နိဿယဖြစ်သော မန္တဝေဒ၏ "ဗြဟ္မဲ့"ဟူသောအမည်ကို ဌာနီ နိဿိတဖြစ်သော ဗြဟ္မဝေဒ, ကပ္ပဝေဒတို့၌တင်-- ဌာနူပစာ၊ နာနန္တရိကနည်း။ (တစ်နည်း) အစိတ်ဖြစ်သော မန္တဝေဒ၏ "ဗြဟ္မဲ့"ဟူသောအမည်ကို အပေါင်းဖြစ်သော ဗြဟ္မဝေဒ, ကပ္ပဝေဒတို့၌တင်-ဧကဒေသူပစာ၊ ပဓာနနည်း။ (တစ်နည်း) အပေါင်းဖြစ်သော ပိဋကမဟ, ဇိနသေဋ္ဌ စသည်တို့၏ ဗြဟ္မ အမည်ကို အစိတ်ဖြစ်သော ဗေဒင်(ဝေဒ)၌တင်- - ဧကဒေသျူပစာ

**ဝေရဉ္ဇ**-ကား ဌာနဖြစ်သော မြို့၏ ဝေရဉ္ဇာဟူသောအမည်ကို ဌာနီဖြစ်သော ဥဒယ ပုဏ္ဏားဌတင်-- ဌာနူပစာ၊ နာနန္တရိကနည်း။

➤ ၁၀။ **သဇ္ဈာယတိ**-အရ ဉာဏ် ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ရ၏။

(ဂ) ၌ ဗြဟ္မကား ဗေဒအနက်ဟောဖြစ်၍ ဝေဒေါ မန္တော သုတိတ္တိယံ-ဟု။

**ပါဌ် [၂၉]**

**(က) ဣဒါနိ ယမတ္ထံ ဝေရဉ္ဇော ဗြာဟ္မဏော အဘာသိ၊ တံ ပကာသေန္တော "သမဏော ဝေ့ သော ဝေါတမော"တိ အာဒိမာဟ။**

**(ခ) တတ္ထ သမိတပါပတ္တာ "သမဏော"တိ ဝေဒိတဗ္ဗော။**

**(ဂ) ဝုတ္တဉှေတံ "ဗာဟိတပါပေါတိ ဗြာဟ္မဏော၊ သမိတပါပတ္တာ 'သမဏော'တိ ဝုစ္စတီ"တိ။ (ဃ) ဘဂဝါစ အနုတ္တရေန အရိယမဂ္ဂေန သမိတပါပေါ။**

**(င) တေနဿ ယထာဘုစ္စဂုဏာဓိဂတမေတံ နာမံ ယဒိဒံ သမဏောတိ။**

(ဋ္ဌ၊၈၃။ မအူ-၂၄၀။ ဘာဋီ-၁၊၃၈၉)

➤ ၁။ (က) ဣဒါနိ၊ယခုအခါ၌။ယမတ္ထံ၊အကြင်အကြောင်းကို။ဝေရဉ္ဇော၊သော။ ဗြာဟ္မဏော၊သည်။အဘာသိ၊ပြီ။တမတ္ထံ၊ကို။သမဏော ခလု ဘော ဂေါတမောတိ အာဒိနာ၊ဖြင့်။(ကရိုဏ်းထည့်) ပကာသေန္တော၊ထင်ရှားပြလိုသည်ဖြစ်၍။ [ကာမတ္ထ] (ဝါ)

http://www.dhammadownload.com



ထင်ရှားပြလိုသောကြောင့် [ဟိတ်] (ဝါ) ထင်ရှားပြလိုသော၊အာယသ္မာ ဥပါလိတ္ထေရော၊ သည်။ [ဝိသေသျ ကတ္တားထည့်] သမဏော ခလု ဘော ဂေါတမောတိအာဒိံ၊ကို။ အာဟ၊လျှောက်၏။ (ပစ္စုပ္ပန်)

(ခ) ပကာသနကြိယာယ၊ပကာသနကြိယာ၏။ကရဏဘူတော၊ကရိုဏ်းဖြစ်၍ဖြစ်သော။တတ္ထ တသ္မိံ "သမဏော ခလု ဘော ဂေါတမော"တိ အာဒိဝစနေ၊ထို "သမဏော ခလု ဘော ဂေါတမော" စသော စကား၌။ (တစ်နည်း) ဗြာဟ္မဏော၊အာဟ-၌ ဗြာဟ္မဏ၏။ ကမ္မဘူတော၊ကံဖြစ်၍ဖြစ်သော။တတ္ထ တသ္မိံ "သမဏော ခလု ဘော ဂေါတမော"တိ အာဒိဝစနေ၊ထို "သမဏော ခလု ဘော ဂေါတမော" စသော စကား၌။ဘဂဝတော၊၏။ (သမ္ဗန်) သမိတပါပတ္တာ၊ ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသည်၏အဖြစ်ကြောင့်။ဘဂဝါ၊ ကို။ (ကံ) သမဏောတိ၊ဟူ၍။ဝေဒိတဗ္ဗော၊သိအပ်၏။

(ဃ) [**တုလျှတ်/ လိင်တ်**] စ၊ဆက်၍ဆိုဦးအံ့။ဘဂဝါ၊သည်။အနုတ္တရေန၊မိမိထက်လွန်သော တရားမရှိသော။အရိယမဂ္ဂေန၊မြတ်သော မဂ်ဖြင့်။သမိတပါပေါ၊ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိ၏။ [**ဟေတိ/ ဝိဂတ်**] စ၊အံ့။ဘဂဝါ၊သည်။အနုတ္တရေန၊သော။အရိယမဂ္ဂေန၊ဖြင့်။ သမိတပါပေါ၊သည်။ဟောတိ၊၏။

[**အနိယတ်/ နိယတ်**] စ၊အံ့။ယော ဘဂဝါ၊သည်။အတ္ထိ၊၏။သော ဘဂဝါ၊သည်။အနုတ္တရေန၊ သော။အရိယမဂ္ဂေန၊ဖြင့်။သမိတပါပေါ၊သည်။ဟောတိ၊၏။

➢ ၂။ (က) ဒို/ အဘယ့်ကြောင့် သမဏော ခလု ဘော ဂေါတမော စသည်ကို ဟောပြန်ပါသနည်း၊ အထခေါ ဝေရဉ္စော ဗြာဟ္မဏော ယေန ဘဂဝါ စသည်ကိုသာ ဟောသင့်သည် မဟုတ်ပါလော။ စုဒ်ကို ပယ်ခြင်းငှာ ဣဒါနိ စသည်မိန့်။

(က) ဒို/ ဆရာ၊ ပါဠိတော်၌ ဥပါလိမထေရ်သည် သမဏော ခလု ဘောဂေါတမော အစရှိသော စကားကို မိန့်ဆိုအပ်၏။ အသောသိ ခေါ ဝေရဉ္စော ဗြာဟ္မဏော-ဟူသော ပါဠိရပ်တို့ဖြင့်ပင် ဝေရဉ္စပုဏ္ဏား၏ ကြားခြင်းကိစ္စ ပြီးသည် မဟုတ်ပါလော။ အဘယ့် ကြောင့် ဆိုအပ်ပါသနည်း။ မဆိုသင့်ဘဲလျက် ဆိုချေသော် ဂန္ထဂရုဒေါသ၊ နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (က) မိန့်။

**အဖြေ**-- ကြားခြင်းကိစ္စ ပြီးရာသော်လည်း ကြားပုံအခြင်းအရာကို ထင်ရှားမပြအပ်၊ ထို့ကြောင့် ကြားပုံအခြင်းအရာ ထင်ရှားပြလိုရကား သမဏော ခလု ဘော ဂေါတမော- စသော စကားကို ပြဆိုရကား သင်တင်သော ဂန္ထဂရုဒေါသ၊ နိရတ္ထကဒေါသ ငါ၌မရောက် ကင်းပျောက်၏ဟူလို။

(စ) ဒို/ **အနုသန္ဓေ** ။ ။ ဤသို့ (က)ဖြင့် သမဏော ခလု ဘော ဂေါတမော စသော စကား၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ အကျဉ်းကို ပြပြီး၍ ယခုအခါ၌ ယင်းသမဏော ခလု ဘောဂေါတမော-စသော စကား၏ (အာဟ-ကံ) အဝယဝတ္ထ အကျယ်ကိုပြခြင်း

http://www.dhammadownload.com



ငှာ (ခ) ဝါကျကိုမိန့်။

(ဂ) **သို့/ အနုသန္ဓေ** ॥ ॥ ဤသို့ (ခ)ဖြင့် ငြိမ်းစေအပ်ကုန်ပြီးသော မကောင်းမှုတို့ ရှိသည်၏အဖြစ်ကြောင့် သမဏ-မည်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်း ဆိုအပ်ပြီးသော အနက်ကိုပင်လျှင် ဥဒါဟရုဏ်ဖြင့် ထင်စွာပြလိုသော ဆရာသည် (ဂ) မိန့်။

(တစ်နည်း) ဤသို့ အရိယာ ပန စသည်ဖြင့် အပပြုအပ်ပြီးသော မကောင်းမှုရှိသည်၏အဖြစ်ကြောင့် ဗြာဟ္မဏ၊ (ဂ)ဝါကျဖြင့် ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသည်၏အဖြစ်ကြောင့် သမဏမည်၏ဟု ပြပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ခဲ့ပြီးသော အနက်နှစ်ခုအပေါင်းကို ဥဒါဟရုဏ် နှစ်ခုအပေါင်းဖြင့် ထင်စွာပြခြင်းငှာ (ဂ) မိန့်။

(ဂ) **သို့/** ဆရာသည် (ခ)ဖြင့် ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသောကြောင့် သမဏဟူ၍ သိထိုက်သည်ကို ဖွင့်ပြအပ်၏။ ပါဠိ၌ သမဏော ခလု ဘောဂေါတမောဟူ၍ သာမညအားဖြင့် ရှိသောကြောင့် သမိတ-ဟု ဖွင့်ဆိုက လိုအပ်သောအနက် ပြီးရာသည်မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် သမိတပါပတ္တာ-ဟု ပါပ-ကို အထူးပြု၍ ဖွင့်ဆိုခြင်းသည် အဘယ်သို့သော ယုတ္တိဖြင့် သင့်ရာအံ့နည်း၊ သာမည ဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်

(ဃ) **သို့/** ဆရာသည် (ခ)ဖြင့် ငြိမ်းစေအပ်ကုန်သော မကောင်းမှုတို့ ရှိသည်၏အဖြစ်ကြောင့် သမဏ-မည်သောဟု ဆို၏။ ယင်းသို့ ဖြစ်လျှင် ဗာဟိရက ဝီတရာဂ သေက္ခ အသေက္ခပုဂ္ဂိုလ်တို့ကိုလည်း (ငြိမ်းစေအပ်ပြီးသော မကောင်းမှုတို့ရှိသည်၏အဖြစ်ကြောင့်) သမဏဟူ၍ သိအပ်ပါသလော။ (တစ်နည်း) သမိတပါပဖြစ်သောကြောင့် သမဏဟူသော မြတ်စွာဘုရားကား အမှန်တကယ် မကောင်းမှုငြိမ်းပါ၏လော။ အဘယ်သို့ မှတ်ရပါမည်နည်း၊ စုဒ်ကြောင့် (ဃ) မိန့်။

(တစ်နည်း) မြတ်စွာဘုရားမှာကား ယင်းသမိတပါပဂုဏ် ရှိပါသလော၊ အဘယ်သို့ မှတ်သားရမည်နည်း။ စုဒ်ကြောင့် (ဃ) မိန့်။

➤ ၃။ (ခ)သည် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထကို ပြသောကြောင့် ပက္ခန္တရ။ (တစ်နည်း) သမဏော ခလု ဘော ဂေါတမော အစရှိသော ပါဠိတော်၏ အဝယဝတ္ထ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။ (ဂ) အာဂမဒဠ္ဟီကရဏ။ (ဃ) သည် သမိတပါပတ္တာ သမဏောတိ ဝေဒိတဗ္ဗော-ဟူသော ပြတ်ပြီးသော (ခ) ဝါကျ စကားကို ဆက်၍ပြသောကြောင့် ဝါကျာရမ္ဘ။ (ဝါ) မြတ်စွာဘုရားမှာ ယင်းသမိတပါပဂုဏ်ရှိပါသလော-ဟု စောဒနာဖွယ်ရှိ၍ ဆက်လက်အားထုတ်ပြသောကြောင့် ဝါကျာရမ္ဘ။

(င) လဒ္ဓဂုဏဝါကျ။

**စာစပ်** ॥ ॥ ဘဂဝါကား သည်--ကြောင့် သမိတပါပေါ-၌ တုလျှတ်/လိင်္ဂတ်စပ်။

➤ ၄။ ပါပါနိ သမေတီတိ **သမဏော**။ ယော ဂေါတမော၊သည်။ပါပါနိ၊မကောင်းမှု

http://www.dhammadownload.com



တို့ကို။သမေတိ၊ငြိမ်းစေတတ်၏။ကွတိ သော ဂေါတမော သမဏော သမု+ယု။

သမုဓာတ်အရ သုဒ္ဓကတ္တုရုပ်ကြိယာအရကား မကောင်းမှုတို့၏ ငြိမ်းခြင်း, ယင်းတို့၏ မရှိခြင်း အဘာဝသည် မုချ။ ဟေတုကတ္တုရုပ်ကြိယာကား မြတ်စွာဘုရား၏ သန္တာန်၌ရှိသော အရဟတ္တမဂ်၏ သမုစ္ဆေဒပ္ပဟာနသတ္တိသည် ဖလူ။ ယု-အရ မြတ်စွာဘုရားရ၏။

သမိယိတ္ထာတိ သမာ၊ သမာ အဏာ ရာဂါဒယော ပါပါ ဓမ္မာ ဧတေန ဂေါတမေနာတိ **သမဏော**။ သမ+အဏ (သမဏ)ပုဒ်အရကား ငြိမ်းစေအပ်ကုန်ပြီးသော မကောင်းမှုတို့သည် မုချ။ ထို--၏ မြတ်စွာဘုရားနှင့် ဂုဏ် ဂုဏီးစပ် ဌာနူ။ ဧတ-အညပုဒ်အရ မြတ်စွာဘုရား ရ၏။

ပကာသယိဿတီတိ **ပကာသေန္တော**။ ယော ဥပါလိတ္ထေရော၊သည်။အတ္ထံ၊ဝေရဉ္ဇပုဏ္ဏားကြားသော "သမဏော ခလု"စသောအနက်ကို။ပကာသယိဿတိ၊ထင်ရှားစေလတ့်။ ကွတိ သော ဥပါလိတ္ထေရော ပကာသေန္တော။ ပ-ကာသု+ဏော-အန္တ။

ပ-ဥပသာရအရ ဓာတွတ္ထာနုဝတ္တကဘောဂုဏ် ရ၏။ ကာသုဓာတ်အရ သုဒ္ဓကတ္တုရုပ်ကြိယာအရကား ဝေရဉ္ဇပုဏ္ဏားကြားသော သမဏော ခလု ဘောဂေါတမော-စသော အနက်ဖြစ်သည် မုချ။ ဟေတုကတ္တုရုပ်ကြိယာအရကား ထိုအနက်ဖြစ်အားတပ်သော ဥပါလိမထေရ်၏ ကရုဏာပုဗ္ဗင်မဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဖလူ။ ဏေ-အရ ကား ရူပသိဒ္ဓိမတ္တပဒသိလိဋ္ဌတာဘောဂုဏ်ရ၏။ အန္တ-အရကား ဥပါလိထေရ်ဖြစ်ရ၏။

ဒုဂ္ဂတိံ ပါပေတီတိ **ပါပေါ**။ အပဓာတ်အရ သုဒ္ဓကတ္တုရုပ်ကား ဒုဂ္ဂတိပဋိသန္ဓေ၏ ဥပါဒ်သည် မုချ။ ဟေတုကတ္တုရုပ်ကား အကုသိုလ်စေတနာ၏ နာနာက္ခဏိကကမ္မ၊ ပကတူပနိဿယသတ္တိသည် ဖလူ။ ဏ-ပစ္စည်းအရကား ထို--သော အကုသိုလ်ရ၏။

ယော ယော ဘူတော ယထာဘူတံ။ ယထာဘူတမေဝ **ယထာဘူစ္စံ**။ ယထာဘူစ္စံစ တံ ဂုဏောစာတိ **ယထာဘူစ္စဂုဏော**။ ယထာ-ဟူသော ဝိသေသနပုဒ်အရကား ဝိစ္ဆတ္ထဘောဂုဏ်သည် မုချ။ ထို-၏ ထင်ရှားရှိခြင်းဂုဏ်နှင့် ဝိသေသန-ဝိသေသျ/ဂုဏ်-ဂုဏီးစပ်ဌာနူ။ ပုဒ်လုံးအရကား ထို--သော အကြင် အကြင် ထင်ရှားရှိသော ဂုဏ်တော် ရ၏။ * ဘူတဿ အနုရူပံ ယထာဘူတံ။ ဂုဏေန အဓိဂတံ ဂုဏာဓိဂတံ။ ယထာဘူစ္စံ ဂုဏာဓိဂတံ ယထာဘူစ္စဂုဏာဓိဂတံ။ / ယထာဘူစ္စံ ဂုဏော ယထာဘူစ္စဂုဏော၊

* ယထာဘူစ္စဂုဏေန အဓိဂတံ **ယထာဘူစ္စဂုဏာဓိဂတံ**။

ယထာဘူစ္စ ဂုဏ-ဟူသော ဝိသေသနပုဒ်အရကား အကြင် အကြင် ထင်ရှားရှိသော ဂုဏ်တော်သည် မုချ။ ထို--၏ ရအပ်သော သမဏအမည်နှင့် အကြောင်း-အကျိုးစပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော အကြင် အကြင် ထင်ရှားရှိသော ဂုဏ်တော်ကြောင့် ရအပ်သော သမဏ အမည်ရ၏။

သမိတာနိ ပါပနိ ဧတေန ဂေါတမေနာတိ **သမိတပါပေါ**။ တဿ ဘာဝေါ သမိတ

http://www.dhammadownload.com



ပါပတ္တံ။ (တသ္မာ) ဗာဟိတာနိ ပါပနိ ဧတေန ပုဂ္ဂလေနာတိ **ဗာဟိတပါပေါ**။

ဥတ္တရတော ဝိရဟိတော **အနုတ္တရော**။

➤ ၆။ (စ) ဖြင့် သမိတပါပတ္တာဖြင့် သမဏော၌ သမုဓာတ်၏--ရင်း (ဒု-ဓာတုပဒ) ယုပစ္စည်း ဟေတုကတ္တုသာနေအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ပါပါ သမေတီတိ သမဏော-ဟု --ရင်း (အဘိဓာနတ္တ) သိစေပါသည်။

(င) ဖြင့် မြတ်စွာဘုရား၏ "သမဏ"ဟူသောနာမ်သည် ရုဠှီနာမ်မဟုတ်၊ ဟုတ်မှန်သော ဂုဏ်တော်ကြောင့် ရအပ်သော အန္ဝတ္ထနာမ်တည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

➤ ၇။ **ယထာဘုစ္စ/ယထာဘုစ္စံ** ။ ။ ယထာဘူတမေဝ ယထာဘုစ္စံ၊ သကတ္တေ ဏျပစ္စယော (ပါရာဇိကဏ်ယောဇနာ) သကတ္တေ ပန ယထာဘူတမေဝ ယထာဘုစ္စံ (ရူပသိဒ္ဓိ) တို့ကို ထောက်၍ ယထာဘူတပုဒ်၊ ဏျပစ္စည်း၊ ဏ-အနုဗန်ကိုချေ၊ တ-ကို ယ-သို့ကပ်၊ ယဝတံ-သုတ်ဖြင့် တျကို စ-ပြု၊ စ-ဒွေဘော်လာ၍ ယထာဘုစ္စ-ဟု ပြီးသော ကြောင့် "ယထာဘုစ္စ"ပါဌ်သာ မှန်ပါသည်။

**အနုဿဝနတ္တေ/အနုဿဝနတ္တေ** ။ ။ သုဓာတ်သည် အပ္ပသုတော စသည်ကဲ့သို့ ဒွေဘော်ဌာနဖြစ်သောကြောင့် "အနုဿဝနတ္တေ" ဟု ဒွေဘော်နှင့်ရှိသော ပါဌ်သင့်ပါသည်။ ဂဏ္ဌိဟောင်း၌ ဒွေဘော်မဲ့ "အနုသဝနတ္တေ"ဟု ရှိသည်။

➤ ၈။ **သမိတပါပတ္တာ** ။ ။ အကြွင်းမရှိ ဝါသနာနှင့်တကွ ပါပတို့ကို ငြိမ်းစေတတ်သည်၏ အဖြစ်ကို အလွန်အားဖြင့် ယူသောကြောင့် အတိသယ နည်းမည်၏။ အပေါင်းဖြစ်သော ဗာဟိရက သမဏဗြာဟ္မဏ သေက္ခ အသေက္ခ မြတ်စွာဘုရားတို့၏ "သမိတပါပ" အမည်ကို အစိတ်ဖြစ်သော မြတ်စွာဘုရား၌တင်-- ဧကဒေသျူပစာ။

**အရိယမဂ္ဂေန** ။ ။ အပေါင်းဖြစ်သော အရိယမဂ်လေးပါးတို့၏ "အရိယမဂ္ဂေန"ဟူသော အမည်ကို အစိတ်ဖြစ်သော အရဟတ္တမဂ်၌တင်-- ဧကဒေသျူပစာ။

**သမဏ**-ကား အပေါင်းဖြစ်သော ပဗ္ဗဇ္ဇာမတ္တသမဏ, သမိတပါပသမဏတို့၏ "သမဏ"ဟူသောအမည်ကို အစိတ်ဖြစ်သော သမိတပါပသမဏ၌တင်-- ဧကဒေသျူပစာ။ (ခ-ဝါကျ သမိတပါပတ္တာကိုထောက်)

(တစ်နည်း) အပေါင်းဖြစ်သော ငြိမ်းစေအပ်ကုန်ပြီးသော မကောင်းမှုတို့ရှိသော သမဏ အမည်ရသော ပုဂ္ဂိုလ်အားလုံးတို့၏ "သမဏ"ဟူသော အမည်ကို အစိတ်ဖြစ်သော ဘုရားဒြပ်၌တင်-- ဧကဒေသျူပစာ။ (ဘဂဝါ-ထောက်)

(တနည်း) မကောင်းမှုငြိမ်းခြင်းဂုဏ်၏ "သမဏ" အမည်ကို ဂုဏီဖြစ်သော မြတ်စွာဘုရား၌တင်-- ဂုဏူပစာ။အဝိနာဘာဝနည်း။

**သမိတပါပ**-ကား ဌာနဖြစ်သော ဘုရား၏ "သမိတပါပ"အမည်ကို ဌာနီဖြစ်သော ငြိမ်းစေအပ်ပြီးသော မကောင်းမှု၌တင်-- ဌာနူပစာ။နာနန္တရိကနည်း။

http://www.dhammadownload.com



➤ ၁၀။ **ဓတာခဆေတ္တ**- အရ ကရုဏာရှေးရှိသော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ * **အာဟ**-၌ ဖြုတ်အရ -- အရှင်ဥပါလိ၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ။

**ပါဠိ [၃၀]**

(က) **ရေ့တိ** အနုသနတ္တေ နိပါတော။

(ခ) **ဘောတိ** ဗြာဟ္မဏဇာတိကာန် ဇာတိသမုဒါဂတံ အာလပနမတ္တံ။

(ဂ) ဝုတ္တမ္ပိ ဟေတံ -- "ဘောဝါဒီ နာမ သော ဟောတိ၊ သစေ ဟောတိ သကိဉ္စနော"တိ။ (ဃ) **ဝေါဓမောတိ** ဘဝဝန္တံ ဂေါတ္တဝသေန ပရိကိတ္တေတိ။

(င) တသ္မာ သမဏော ခလု ဘော ဂေါတမောတိ ဧတ္တ သမဏော ကိရ ဘော ဂေါတမဂေါတ္တောတိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော။

(စ) သကျပုတ္တောတိ ဣဒံ ပန ဘဂဝတော ဥစ္စာကုလဒီပနံ။

(ဆ) သကျကုလာ ပဗ္ဗဇိတောတိ သဒ္ဓါပဗ္ဗဇိတဘာဝဒီပနံ။

(ဇ) ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏံယေဝ တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတောတိ ဝုတ္တံ ဟောတိ။ (ဈ) တတော ပရံ ဝုတ္တတ္ထမေဝ။

(ည) **တံ့ခေါပနာတိ** ဣတ္ထမ္ဘူတာချာနတ္ထေ ဥပယောဂဝစနံ။

(ဋ) တဿ ခေါ ပန ဘောတော ဂေါတမဿာတိ အတ္ထော။

(ဋ္ဌ၊ ၈၄။ မအ္ဋ-၂၄၂။ ဘာဋီ-၁၁၉၀)

➤ ၁။ ဇာတိသမုဒါဂတံ၊ ဇာတ်အားဖြင့် လာသော။ (သဒ္ဒတ္ထ) ဇာတ်အားဖြင့် ပြီးသော (အဓိပ္ပါယတ္ထ)

➤ ၂။ (ဂ) ချို့/ ဆရာသည် (ခ)ဖြင့် ဘောဟူသော သဒ္ဒါသည် ဗြာဟ္မဏတို့၏ ဇာတ်အားဖြင့်လာသော အာလုပ်စကားမျှသာ ဖြစ်၏ဟု ဖွင့်ပြအပ်၏။ ထို ဘောသဒ္ဒါသည် ဗြာဟ္မဏဇာတ်ရှိသူတို့၏ ဇာတိ အာဂတ အာလုပ်ဖြစ်ကြောင်းကို ဆရာသာ ဖွင့်ဆိုအပ်ပါသလော။ (ဝိ-၅) အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား**-- ဘောသဒ္ဒါသည် အာလုပ်မျှဖြစ်ကြောင်းကို ငါသာ ဖွင့်ဆိုအပ်သည်မဟုတ်၊ ဘုရားရှင်လည်း ဟောတော်မူ၏ဟူလို။

(တစ်နည်း) ဆရာ၏ စကားမျှသာဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ (ဝါ) အာလုပ်သည် နိပါတ်ပုဒ်ဖြစ်၍ အနက်များစွာ ဟောနိုင်ရာသည် မဟုတ်ပါလော။ (ဟိ-၅) ထိုသို့ဖြစ်လျက် အာလပနမတ္တံဆိုသော ဆရာ့စကား မြဲစေ ပြီးစေသော အာဂမ သာကေ ဉာပကစကားကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) ချို့/ **အနုသဒ္ဒ** ။ ။ ဤသို့ (က-ခ-ဂ-ဃ) တို့ဖြင့် ခလုသဒ္ဒါသည် အနုသနတ္ထ၊

http://www.dhammadownload.com



ဘောသဒ္ဒါသည် ဇာတိသမုဒါဂတ အာလပနမတ္တ၊ ဂေါတမသဒ္ဒါသည် အနွယ်၏အစွမ်းဖြင့် ဘုရားရှင်ဟူသောအနက်ကို ဟောအံ၏ဟု ပြပြီး၍ ယခုအခါ၌ ယင်းသို့ဆိုသဖြင့် ရအပ်သော အကျိုးဂုဏ်ကို ပြလိုသော ဆရာသည် (င) မိန့်။

**(စ+ဆ) သို့/ ဟိနွရူစောအေ** ။ ။ ဆရာ၊ ဥပါလိမထေရ်သည် သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော-ဟု ဆို၏။ ယင်းနှစ်ပုဒ်တွင် တစ်ပုဒ်ပုဒ်ကိုဆိုလျှင် မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္နမင်းမျိုးကို ပြခြင်းကိစ္စ ပြီးရာသည်မဟုတ်ပါလော။ အဘယ့်ကြောင့် နှစ်ပုဒ်ကို ပါဠိ၌ ဆိုအပ်လေသနည်း။ စုဒ်ကြောင့် (စ+ဆ)မိန့်

(ဇ) သို့/ ဆရာသည် (ဆ)ဖြင့် သကျကုလာ ပဗ္ဗဇိတော-ဟူသော သဒ္ဒါသည် သဒ္ဓါပဗ္ဗဇိတဘာဝကို ပြကြောင်းသဒ္ဒါတည်းဟု ဖွင့်ဆို၏။ အဘယ်သို့လျှင် သဒ္ဓါပဗ္ဗဇိတဘာဝကို ပြပါသနည်း၊ သကျကုလာ ပဗ္ဗဇိတော-ဟူသော သဒ္ဒါသည် ဥစ္စာကုလပဗ္ဗဇိတဘာဝကို ပြကြောင့်သဒ္ဒါသာဖြစ်၍ သဒ္ဓါပဗ္ဗဇိတဘာဝကို ပြကြောင်းသဒ္ဒါ မဖြစ်နိုင်ရာသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဇ) မိန့်။

(ဈ) သို့/ ဆရာသည် (ဇ)ဖြင့် တစ်စုံတစ်ခုသော ပျက်စီးခြင်းသည် မလွှမ်းမိုးစဉ် မကုန်ခန်းသေး၊ ထိုအမျိုးကိုစွန့်၍ ရဟန်းပြုသောကြောင့် သကျကုလာ ပဗ္ဗဇိတောပုဒ်၏ သဒ္ဓါပဗ္ဗဇိတအဖြစ် ပြကြောင်းသဒ္ဒါဟု ဖွင့်ဆိုအပ်၏။ ပဗ္ဗဇိတော-ပုဒ်မှနောက်ဖြစ်သော ဝေရဉ္စာယံ ဝိဟရတိ-စသော ပုဒ်အပေါင်း၏ အနက်ကို အဘယ်သို့ မှတ်သားအပ်ပါသနည်း၊ ဆိုအပ်ပြီးသော အနက်မှတစ်ပါးသော အနက်ကိုလည်း မှတ်သားအပ်ပါသလော၊ စုဒ်ကြောင့် (ဈ) မိန့်

(ည) သို့/ ဆရာသည် (ည)ဖြင့် တံခေါ်ပန၌ ဒုတိယာဝိဘတ်သည် ဣတ္ထမ္ဘူတာချာနအနက်၌ဖြစ်၏ဟု ဖွင့်ပြအပ်၏။ ထိုစကား အဘယ်သို့သော အတ္ထယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း၊ ကမ္မတ္တေ ဒုတိယာ-ဟုဆိုသောကြောင့် ကံအနက်၌သာ ဖြစ်ကောင်းသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ည)မိန့်။

(တစ်နည်း) ဆရာ၊ ဆရာသည် (ည) ဖြင့် တံခေါ်ပန-စသော သဒ္ဒါသည် ဣတ္ထမ္ဘူတာချာနတ္ထ၌ ဒုတိယာဝိဘတ်ရှိသော သဒ္ဒါတည်းဟု ဆို၏။ ယင်း ဣတ္ထမ္ဘူတာချာနတ္ထဟူသည် ကမ္မတ္ထပင်လော။ (ဝါ) ဒုတိယာဝိဘတ်၏ အဘိဓေယျတ္ထ(သဒ္ဒါဟောအနက်) ရှိပါ၏လော။ စုဒ်ကြောင့် (ည) မိန့်။

➤ ၃။ (က) ပကာသကရ။ (ခ) ပကာသကရ။ (ဂ) ကား ဘော-၏ အာလုပ်မှုဖြစ်ပုံကို အာဂုံဖြင့် ခိုင်မြဲစေသောကြောင့် အာဂမဒဠီကရဏ။ (ဃ) ပကာသကရ။ (င) လဒ္ဓဂုဏ။

(စ-ဆ) ပကာသကရ။ (ဇ) သဒ္ဓါ ပဗ္ဗဇိတအဖြစ်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ ပဒဝိဂ္ဂဟတ္ထကိုပြသောကြောင့် ဝိတ္ထာရ။ (ဈ) ဝါကျာရမ္ဘ/ပကာသကရ (ည) ပကာသကရ။

(ည) ဣတ္ထမ္ဘူတာချာနဖြစ်နိုင်ပုံ အတ္ထယုတ္တိကို ပြသောကြောင့် ယုတ္တိဒဠီဝါကျ/ဝိတ္ထာရ

http://www.dhammadownload.com



(တစ်နည်း) တံခါးပန-စသော သဒ္ဒါသည် ဣတ္ထမ္ဘူတာချာနတ္ထ၌ ဒုတိယာဝိဘတ် ရှိသော သဒ္ဒါတည်းဟု ၎င်းတံခါးပန-စသော သဒ္ဒါ၏ ဝိဘတ်နှင့် ဝိဘတျတ္ထကို ပြပြီး နောက် ဣတ္ထမ္ဘူတာချာနတ္ထဟူသည် ကမ္ဘပင်လောဟု အတ္ထပသင်္ဂရှိ၍ ယင်းကို ကင်း ပျောက်စေခြင်းငှာ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။

**ဓာစင်** ။ ။ ဂေါတ္တဝသေနကား အံ‌ားဖြင့်--ကြောင့် ပရိကိတ္တေတိ-၌ ကြိယာ ဝိသေ သန/သျစပ်။ ပါရိဖုဒေနကား သည်--ကြောင့် အနဘိဘူတောဝယ် တပစ္စည်း၌ အဝုတ္တ ကတ္တား၊ အနဘိဘူတောကား ထိုကတ္တားကို မဟောသော အဝုတ္တကတ္တား၏ ကြိယာ။

➤ ၄။ သတ္တေ ကိဋ္ဌေန္တိ မဒ္ဒန္တိ ပလိဗုဒ္ဓန္တိတိ **ကိဋ္ဌနာနိ**။ (ယေ ရာဂါဒယော၊တို့သည်။ သတ္တေ၊တို့ကို။ကိဋ္ဌေန္တိ မဒ္ဒန္တိ ပလိဗုဒ္ဓန္တိ၊နှိပ်စက်တတ်ကုန်၏။)

သဟ ကိဋ္ဌနေဟိ ယော ဝတ္တတီတိ **သကိဋ္ဌနော**။ သဟ ကိဋ္ဌန-အရ သတ္တဝါတို့ကို နှင်းနယ်တတ်ကုန်သော ရာဂစသည်တို့နှင့် တကွဖြစ်ခြင်း သဟ ဝတ္တနဘောဂုဏ်သည် မုချ။ ထို--၏ ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ်-ဂုဏေးစပ် ဌာနူ။ ယ-အညပုဒ်အရကား ရာဂစသည် တို့နှင့် တကွဖြစ်သော ပုဂ္ဂိုလ်ဒြဗ်ရ၏။

ဗြာဟ္မဏာနံ ဇာတိ **ဗြာဟ္မဏဇာတိ**၊ ဗြာဟ္မဏဇာတိ ဧတေသံ အတ္ထီတိ **ဗြာဟ္မဏ ဇာတိကာ**။ ဗြာဟ္မဏဇာတိ တဒ္ဓိတ်ပုဒ်အရ ဗြာဟ္မဏဇာတ်သည် မုချ။ ထို--၏ က-ပစ္စည်းအရ ဗြာဟ္မဏဇာတ်ရှိသူနှင့် နိဿယ နိဿိတစပ် ဌာနူ။ က-ပစ္စည်းအရကား ဗြာဟ္မဏဇာတ်ရှိသူတို့ ရ၏။

ကုလဝံသံ အနုရက္ခိတုံ သက္ကုဏန္တိ သမတ္ထေန္တီတိ **သကျာ**။ အတ္တနော ကုလံ ပုနာတိ သောဓေတီတိ **ပုတ္တော**။ သကျဿ သုဒ္ဓေါဒနမဟာရာဇဿ ပုတ္တော **သကျပုတ္တော**။ (သာရတ္ထ)

သက္ကောတီတိ **သကျော**။ ပုနာတိ သောဓေတီတိ **ပုတ္တော**။ သကျဿ ပုတ္တော **သကျပုတ္တော**။ သကျ-ဟူသော ဝိသေသနပုဒ်အရကား သုဒ္ဓေါဒနမင်းသည် မုချ။ ထို--၏ သားဖြစ်သော မြတ်စွာဘုရားနှင့် ဇနက-ဇညစပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော သာကီဝင်မင်း၏သား မြတ်စွာဘုရား ရ၏။

ကုလတိ သန္တာနံ ဗန္ဓတီတိ **ကုလံ**၊ ဥစ္စံ ကုလံ **ဥစ္စာကုလံ**။ (တစ်နည်း) ဥစ္စံ ကုလံ ယဿာတိ **ဥစ္စာကုလော**။ ပရိဒီပေတိ ဧတေနာတိ **ပရိဒီပနံ**။ ဥစ္စာ ကုလဿ ပရိဒီပနံ **ဥစ္စာကုလပရိဒီပနံ**။ ဥစ္စာကုလ-ဝိသေသနအရကား မြတ်သော အမျိုးသည် မုချ။ ထို--၏ ပြကြောင်းဖြစ်သော သကျပုတ္တော သဒ္ဒါနှင့် နိဿိတ-နိဿယ/အကြောင်း-အကျိုး စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော ဥစ္စာကုလကိုပြကြောင်း သကျပုတ္တသဒ္ဒါ ရ၏။

ဥစ္စံ ကုလံ ဥစ္စာကုလံ၊ ပရိဒီပေတီတိ **ပရိဒီပနံ**။ ဥစ္စာကုလံ ပရိဒီပနံ **ဥစ္စာကုလပရိ ဒီပနံ**။/ပရိဒီပေတိ ဧတေန သကျပုတ္တောတိပဒေနာတိ **ပရိဒီပနံ**။ ဥစ္စာကုလဿ ပရိဒီပနံ

http://www.dhammadownload.com



ဥစ္စာကုလပရိဒီပနံ။

* ဥစ္စံ ကုလံ ဧတဿာတိ ဥစ္စာကုလော။ ဧတဿ ဘဝတော၊အား။ဥစ္စံ၊မြင့်မြတ်သော။ကုလံ၊အမျိုးသည်။အတ္ထိ၊၏။အတဂ္ဂဏ သံဝိညာဏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်။ ဥစ္စ ပုဒ် ကုလပုဒ် ဧတပုဒ်။ ဥစ္စကုလ-ဟူသော ဗဟုဗ္ဗီသမာသ်ပုဒ်လုံးအရကား မြင့်မြတ်သော မင်းမျိုးသည် မုချ။ ယင်း၏ ဘုရားဖြစ်နှင့် ဌာန-ဌာနီ၊ အဘေဒ ဘေဒစပ် ဌာနူ။ ဧတ-အရကား ထို--သော ဘုရားဖြစ်ရ၏။ ထိုသို့ပင်ရငြားသော်လည်း ယင်းဥစ္စာကုလပုဒ်၏ ဘာဝလောပ ဘာဝပ္ပဓာန်ပုဒ်ဖြစ်သောကြောင့် ဥစ္စာကုလဘာဝ-အမျိုး၏ မြင့်မြတ်သော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။ (တစ်နည်း) ဥစ္စာစ တံ ကုလဥ္စာတိ ဥစ္စာကုလံ။ (မြတ်သောအမျိုး၊ ဘာဝပ္ပဓာန် ကြံဖွယ်မလို)

ဝုတ္တော အတ္ထော ယေနာတိ ဝုတ္တတ္ထံ။ ဝုတ္တတ္ထ-အရ ဆိုအပ်ပြီးသော အနက်သည် မုချ။ ထို--၏ ယ-အညပုဒ်အရ ဝေရဉ္ဇာယံ ဝိဟရတိဟူသော ပုဒ်နှင့် အကြောင်း-အကျိုးစပ် ဌာနူ။ ယ-အညပုဒ်အရ ထို--သော ဆိုအပ်ပြီးသော အနက်ရှိသော ဝေရဉ္ဇာယံ ဝိဟရတိဟူသော ပုဒ်အပေါင်း ရ၏။

ဇာတိယာ သမုဒါဂတံ ဇာတိသမုဒါဂတံ။ ဝဒတိ သီလေနာတိ ဝါဒီ၊ ဘောတိ ဝါဒီ ဘောဝါဒီ။ ဘော ဘောတိ ဝဒတီတိ ဘောဝါဒီ။ အနုပရံ သဝနံ အနုဿဝနံ၊ အနုဿဝနံ ဧဝ အတ္ထော အနုဿဝနတ္ထော။ ဗြာဟ္မဏော ဇာတိ ဧတေသံ ဇနာနန္တိ ဗြာဟ္မဏဇာတိကာ။/ဗြာဟ္မဏဿ ဇာတိ ဗြာဟ္မဏဇာတိ၊ ဗြာဟ္မဏဇာတိယံ နိဗ္ဗတ္တာ ဗြာဟ္မဏဇာတိကာ။ လပန္တိ ဧတေန ဘောတိပဒေနာတိ လပနံ။ အာ အဘိမုခံ လပနံ အာလပနံ။ အာလပန မေဝ အာလပနမတ္တံ။ ဂံ (သဒ္ဒါနှင့်အသိဉာဏ်ကို) တာယတီတိ (စောင့်ရှောက်တတ်၏။) ဂေါတ္တံ။ (ဂေါ-တာ+တ) ဂေါတ္တဿ ဝသော ဂေါတ္တဝသော။ ဂေါတမောစ သော ဂေါတ္တဥ္စာတိ ဂေါတမဂေါတ္တံ။ ဂေါတမဂေါတ္တေ နိဗ္ဗတ္တော ဂေါတမ ဂေါတ္တော။ သဒ္ဒါယ ပဗ္ဗဇိတော သဒ္ဓါပဗ္ဗဇိတော။ တဿ ဘာဝေါ သဒ္ဓါပဗ္ဗဇိတဘာဝေါ။ သဒ္ဓါပဗ္ဗဇိတဘာဝံ ပရိဒီပနံ သဒ္ဓါပဗ္ဗဇိတဘာဝပရိဒီပနံ။ (တစ်နည်း) တဿ ပရိဒီပနံ သဒ္ဓါပဗ္ဗဇိတဘာဝ ပရိဒီပနံ။ ပရိဟီယတီတိ ပရိဟာနိ။ ပရိဟာနိယာ ဘာဝေါ ပါရိဟုညံ။ ပရိဟာနိဧဝ ပါရိဟုညံ။ အဘိဘုယျတီတိ အဘိဘူတော။ န အဘိဘူတော အနဘိဘူတော။ ပရိ ဒိဏ္ဏာတီတိ ပရိကိဏ္ဏံ။ န ပရိကိဏ္ဏံ အပရိကိဏ္ဏံ။ ပရိဟာယနံ ပရိဟာနိ။ ပရိဟာနိယေဝ ပါရိဟုညံ။ ပရိဇီရတီတိ ပရိဇိဏ္ဏော။ ပရိဇိဏ္ဏဿ ဘာဝေါ ပါရိဇုညံ။

အယံ ပကာရော ဣတ္ထံ၊ ဣတ္ထံ ဘူတော ပတ္တော ဣတ္ထမ္ဘူတော။ ဣတ္ထမ္ဘူတဿ အာချာနံ ဣတ္ထမ္ဘူတာချာနံ။ ဣတ္ထမ္ဘူတာချာနမေဝ အတ္ထော ဣတ္ထမ္ဘူတာချာနတ္ထော။

➤ ၆။ (ဇ) ၌ နိပါတေဖြင့် သမဏော ခလု၌ ခလုသဒ္ဒါသည် "ခလုပစ္ဆာဘတ္တိက"ပုဒ်၌ကဲ့သို့ နာမ်ပုဒ်မဟုတ်၊ နိပါတ်ပုဒ်တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂပဒ)

http://www.dhammadownload.com



အနုသာသနတ္ထေဖြင့် ယင်း ခလုနိပါတ်သည် ဤနေရာ၌ ပဋိသေဓ, ဝါကျာလင်္ကာရ, အဝဓာရဏ, ပသိဒ္ဓိအနက်တို့ကိုမဟော၊ အနုသာသန- တဆင့်ကြားခြင်းအနက်ကို ဟော၏ (ဝါ) အနုသာသနအနက်ကိုသာ လိုအပ်၏ဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ/ အဓိပ္ပေတတ္ထ)

(စ) ၌ အာလပနမတ္တံဖြင့် ဘောသဒ္ဒါ၏ အာလုပ်ပုဒ်၏--ဧင်း (နာမလိင်္ဂပဒ) ဘော၌ ပဌမာဝိဘတ်သည် လိင်္ဂတ္ထ၌ မသက်၊ အာလပနတ္ထ၌ သက်--ဧင်း (ဝိဘတျတ္ထ) သိ။

ဗြာဟ္မဏာဇာတိကာနံ ဇာတိသမုဒါဂတံဖြင့် ယင်းဘောဟူသော အာလုပ်သည် ပုဏ္ဏားများ ခေါ်ဝေါ်ပြောဆိုလေ့ရှိသော အာလုပ်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် ဂေါဟိ ဉာဏေဟိ ဝိသိဋ္ဌော ဂေါတမော-ဟု ဝစနတ္ထ မပြုရ၊ ဂေါတမသာ အပစ္စံ ဂေါတမော-ဟု ပြု--ဧင်း (အဘိဓာနတ္ထ) ဏာပစ္စည်း အပစ္စအနက်၌သက်--ဧင်း (ပစ္စယတ္ထ) သိစေပါသည်။ (တစ်နည်း) ဏာပစ္စည်း၏ ဇာတတဒ္ဓိတ်အနက်၌သက်--ဧင်း (ပစ္စယတ္ထ) ဂေါတမဂေါတ္တေ ဇာတော ဂေါတမော-ဟုပြု--ဧင်း (အဘိဓာနတ္ထ) ဂေါတမ ဂေါတ္တ ဟူလိုလျက် ဂေါတ္တ-ပုဒ်ကိုချေ၍ ဂေါတမ-ဟု ပုဒ်ပြီးနေသည်ကိုဧင်း (ဘာဝတ္ထ) ဂေါတမ-အရ သုဒ္ဓေါဒနမင်း အရှင်အာနန္ဒာတို့ကို မယူရ၊ ဤ၌ ဘုရားရှင်ကိုယူ--ဧင်း (အဘိဓေယျတ္ထ) သိစေပါသည်။

(တစ်နည်း) (ယ) ၌ ဂေါတ္တဝသေန ပရိကိတ္တေတိဖြင့် ဂေါတမသဒ္ဒါသည် ဇာတိသဒ္ဒါကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ ဖြစ်သည်ကို သိစေပါသည်။ (သဒ္ဒတ္ထ)

ဘဂဝန္တံ–ဖြင့် ထိုဂေါတမဟူသောအနွယ်သည် မြတ်စွာဘုရားကို ခေါ်ဝေါ်သည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(စ) ဖြင့် သကျပုတ္တောကို သကျဿ သုဒ္ဓေါဒနမဟာရာဇဿ ပုတ္တော သကျပုတ္တော-ဟု ဝစနတ္ထပြု၍ သကျပုတ္တ-အရ မြတ်စွာဘုရားကိုယူ--ဧင်း (အဘိဓေယျတ္ထ) မြတ်စွာဘုရား၏ မြင့်မြတ်သော အမျိုးရှိတော်မူသည်၏အဖြစ်ကိုဧင်း (ဘာဝတ္ထ) သိစေပါသည်။

(ဆ) ဖြင့် သကျကုလာပဗ္ဗဇိတောဟူသောသဒ္ဒါသည် သဒ္ဒါသက်သက်ဖြင့် ရဟန်းပြုသည်၏အဖြစ်ကို ပြကြောင်းသဒ္ဒါတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဇ) ၌ သဒ္ဓါယ ပဗ္ဗဇိတောဖြင့် (ဆ) ၌ သဒ္ဓါပဗ္ဗဇိတပုဒ်ကို သဒ္ဓါယ ဒေယျံ သဒ္ဓါဒေယျံကဲ့သို့ သဒ္ဓါယ ပဗ္ဗဇိတော သဒ္ဓါပဗ္ဗဇိတော-ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ဧင်း (သမာသလိင်္ဂပဒတ္ထ) ယကာရလောပ၏--ဧင်း (ဘာဝတ္ထ) သိစေပါသည်။

(ဈ) ဖြင့် တံ ဘဂဝန္တံ၌ ဒုတိယာဝိဘတ်၏--ဧင်း (ဝိဘတ္တိပဒ) ဒုတိယာဝိဘတ်၏ ကတ္တုမှုတာချာနအနက်၌သက်--ဧင်း (ဝိဘတျတ္ထ) သိစေပါသည်။

(ဉ) ဖြင့် ဒုတိယာဝိဘတ်သည် သာမျတ္တကို ဟောသတည်းဟု သိစေသည်။ (ဝိဘတျတ္ထ (ဝါ) သဒ္ဒါဟော အဘိဓေယျတ္ထ)

http://www.dhammadownload.com



➤ ၇။ ဉစ္စာကုလ/ဥစ္စကုလ ။ ။ ဥစ္စံ ကုလံ တေသာတိ ဥစ္စာကုလော-ဟု ဝစနတ္ထပြု၍ ဥစ္စကုလ-ဟု ဆိုလိုလျက် စ္စ-၌ အ-ကို အာဒီဃပြု၍ ဉစ္စာ ကုလ-ဟု ရုပ်ပြီးသောကြောင့် ဉစ္စာကုလ-ဟု ဒီဃနှင့်ရှိသော ပါဌ်သာ သင့်ပါသည်။

အပရိက္ခိဏ်/အပရိခီဏ် ။ ။ ရဿာကာရတော ပရံ ဝဂ္ဂဒုတိယေသု-ဟူသော ရူပသိဒ္ဓိကိုထောက်၍ အပရိက္ခိဏ်-ပါဌ်သာ သင့်ပါသည်။

အာလပနမတ္တံ/အာလပနမတ္တံ ။ ။ မတ္တသဒ္ဒါကား အဝဓာရဏတ္ထ၊ ယင်းဖြင့် ပုဏ္ဏားဇာတ်ရှိသူတို့၏ ဇာတ်အားဖြင့်ပြီးသော အာလုပ်သာ၊ ယင်းဖြင့် အနက်ထူးရှိသည် မဟုတ်ဟု ဂဏ္ဌိသစ်၌ ဆိုသောကြောင့် အာလပနမတ္တံ-ဟု ပဌမအက္ခရာဖြင့်ရှိသော ပါဌ်သာ သင့်ပါသည်။

ဝုတ္တာဝွေတံ/ဝုတ္တမ္ပိဟေတံ ။ ။ ဝုတ္တမ္ပိဟေတန္တိ ဟိသဒ္ဒံ ဇဟံ ဝစနံ ဓမ္မပဒေ ဝုတ္တမ္ပိ။ အပိသဒ္ဒေါ အဝုတ္တနော ဝုတ္တဝစနံ အပေက္ခတိ-ဟူသော ယောဇနာကို ထောက်၍ ဝုတ္တမ္ပိ ဟေတံ ပါဌ်သာသင့်ပါသည်။

ဘောဝါဒိနာမ/ဘောဝါဒီနာမ ။ ။ ဘော ဣတိ ဝဒတိ သီလေနာတိ ဘောဝါဒီ-ဟု ဤကာရန္တဖြင့် ဖြစ်သော်လည်း ဝါစာသိလိဋ္ဌအကျိုးငှာ ရဿပြု၍ ပြီးသောကြောင့် ဘောဝါဒိနာမ သင့်ပါသည်။ ဂါထာပါဒ၏ အစတစ်လုံးနောင်ဖြစ်၍ သဂိုဏ်း နဂိုဏ်း လွတ်ရကား ဆန္ဒာနုရက္ခဏအကျိုးငှာရင်း၊ ဝါစာသိလိဋ္ဌအကျိုးငှာရင်း၊ ရဿပြုဖွယ် မလို၊ ထို့ကြောင့် ဝဒဓာတ် ဏီပစ္စည်းဖြစ်၍ ဘောဝါဒီ နာမ သင့်ပါသည်။

ပါရိဇုညေန/ပါရိဇုညေန ။ ။ ပရိဇုန္နရှိသော ဟာဓာတ် တိပစ္စည်း၊ တိကို နိပြု၊ ဟာ၏ အာကို ဉပြု၊ ဟကို ဇပြု၊ နိ၌ ဣကို ယပြု၊ ချကို ဉ ပြု၍ ပြီးသောကြောင့် ပါရိဇုညေနပါဌ် သင့်ပါသည်။ ဟာ၏ အာကို ဉ-မပြုသော် ပါရိဇညေနပါဌ်သင့်ပါသည်။ ထို့ကြောင့် ၂-ပါဌ်သင့်ပါသည်။

➤ ၈။ **ဘော**–ကား အပေါင်းဖြစ်သော နိဂ္ဂဟိတ်လပန သဇီဝါလပနတို့၏ "ဘော" ဟူသောအမည်ကို အစိတ်ဖြစ်သော သဇီဝါလပန၌တင်-- ဧကဒေသူပစာ။ ရုဠှီနည်း။

**ဂေါတမ** ကား- အကြောင်းဖြစ်သော ဂေါတမအမျိုးအနွယ်၏ အစဆုံးပုဂ္ဂိုလ်၏ "ဂေါတမ" အမည်ကို အကျိုးဖြစ်သော ဂေါတမ အမျိုးအနွယ်ဝင် သုဒ္ဓေါဒနမင်း၏သား မြတ်စွာဘုရား၌တင်-- ကာရဏူပစာ။ နာနတ္တရိကနည်း။

(တစ်နည်း) အပေါင်းဖြစ်သော ဂေါတမအမျိုးအနွယ်ဝင် အားလုံး၏ "ဂေါတမ" ဟူသော အမည်ကို အစိတ်ဖြစ်သော မြတ်စွာဘုရား၌တင်-- ဧကဒေသူပစာ။

**အာလပနမတ္တံ** ကား အပေါင်းဖြစ်သော ပုဂ္ဂလာပန (သဇီဝါလပန) ဓမ္မာလပန နိဂ္ဂဟိတ်လပနတို့၏ "အာလပန" ဟူသော အမည်ကို အစိတ်ဖြစ်သော ပုဂ္ဂလာပန(သဇီဝါလပန) ၌တင် ဧကဒေသူပစာ။ ရုဠှီနည်း။

http://www.dhammadownload.com



**သကျပုတ္တောကား**- အကျိုးဖြစ်သော သာကီဝင်မင်းသား ဘုရား၏ "သကျပုတ္တော" ဟူသော အမည်ကို အကြောင်းဖြစ်သော ဥစ္စာကုလဘာဝ၌တင်--ဖလူပစာ။ အဝိနာ ဘာဝနည်း။

**ဥစ္စာကုလကား** - အကြောင်းဖြစ်သော မြင့်မြတ်သော အမျိုး၏ "ဥစ္စာကုလ" အမည် ကို အကျိုးဖြစ်သော သာကီဝင်မင်းသားဘုရား၌တင်-- ကာရဏူပစာ။ နာနန္တရိကနည်း။

**တံခေါပန ကား**- အစိတ်ဖြစ်သော တံခေါပန-၏ "တံခေါပန"အမည်ကို အပေါင်း ဖြစ်သော တံခေါပန ဘဝန္တ ဂေါတမံ"၌တင်-- ဧကဒေသူပစာ။

**ဣတ္ထမ္ဘူတာချာနတ္ထေ ကား**- အကြောင်းဖြစ်သော ဣတ္ထမ္ဘူတာချာနအနက်၏ "ဣတ္ထမ္ဘူတာချာနတ္ထေ" အမည်ကို အကျိုးဖြစ်သော တ ဘဂဝန္တ ဂေါတမ သဒ္ဒါတို့၌တင်- - ကာရဏူပစာ၊ နာနန္တရိကနည်း။

**သကျကုလာ ပဗ္ဗဇိတော**-ဟူသောနည်းသည် သကျပုတ္တောဖြင့် ဥစ္စာကုလအဖြစ်ကို ပြပြီးဖြစ် သော်လည်း အလွန်အားဖြင့် သဒ္ဓါပဗ္ဗဇိတအဖြစ်ကို ပြသောကြောင့် ဥတ္တရနည်း မည်၏။

➤ ၁၀။ **သကိဉ္စနာ**-၌ ကိဉ္စန-အရ ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိကိလေသာ တရားများနှင့် ဒုစရိုက်တရားများကိုယူ။ ထိုရာဂ စသည်၏ ပဒဋ္ဌာန်ကား အယော နိသောမနသိကာရ, အသဒ္ဓမ္မဿဝန, ပာလူပသေဝန, အဂ္ဂဏ, စက္ကဝိပတ္တိ, ပမာဒ စသည်တည်း။ ထိုတွင် အယောနိသော မနသိကာရကို ယူသဖြင့် ထိုလျှင်အကြောင်းရှိ သော အကုသိုလ်တရားတို့သည် လည်ကုန်၏။ (ပ) ပမာဒကိုယူသဖြင့် ထိုလျှင်အကြောင်း ရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။ ဤသို့ သဘာဂအားဖြင့် လည်စေခြင်းသည် သဘာဂါဝတ္တနဟာရ မည်၏။

**သဒ္ဓါပဗ္ဗဇိတော**-၌ ဓာတ်အရ သဒ္ဓါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကို ယူအပ်၏။ ထိုစိတ္တုပ္ပါဒ်နှင့်အတူ ဥပါဒ်သော ရုပ်သည် ရူပက္ခန္ဓာမည်၏----။

### ပါဌ် [၃၁]

(က) ကလျာဏောတိ ကလျာဏဂုဏသမန္နာဂတော။

(ခ) သော ဧဝံ ကိတ္တိသဒ္ဒေါတိ ကိတ္တိမေဝ (ဂ-၁) ...

(ဂ-၂) ထုတိဃောသော ဝါ။

(ဃ-၁) ဣတိပိ သော ဘဂဝါတိအာဒိသု ပန အယံ အတ္ထော ယောဇနာ။

(ဃ-၂) သော ဘဂဝါ ဣတိပိ အရဟံ၊ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (ပ) ဣတိပိ ဘဂဝါတိ။

(င) ဣမိနာစ ဣမိနာစ ကာရဏေနာတိ ဝုတ္တံ ဟောတိ။

(ဋ္ဌ၊၈၄။ မအ္ဌ-၂၄၅။ ဘာသာဋီ-၁၊၃၉၄)

➤ ၁။ (က-ခ-နှင့်အညီ) ကလျာဏော-ကောင်းသော။ (ဝါ) ကောင်းဂုဏ်နှင့် ပြည့်စုံ

http://www.dhammadownload.com



သော။ (ဝါ) မြတ်သော။ (ဂ-နှင့်အညီ) ကိတ္တိသဒ္ဒေါ-ကောင်းစွာ ပြောဆိုအပ်သော ဂုဏ် သတင်းသံသည်။ (ဝါ) ချီးမွမ်းခြင်းအားဖြင့်ဖြစ်သော ကျော်စောသံသည်။

➤ ၂။ (က) သို့/ ဤသို့ ရှေ့ဝါကျဖြင့် (ဘာသာပြန်) ပြီး၍ ယခုအခါ၌ ကလျာဏ ဟူသည် ဘဒ္ဒကပင်တည်း၊ ကိတ္တိသဒ္ဒ၏ ကလျာဏဘာဝသည် ကလျာဏဂုဏ်လျှင် အရာ ရှိသည်၏အဖြစ်ကြောင့်တည်းဟု ပြခြင်းငှာ (က) မိန့်။

(ခ) သို့/ **အနုသာရေန** ။ ။ ဤသို့ (က) ဖြင့် ကောင်းသော ဂုဏ်နှင့်ပြည့်စုံခြင်းသည် ကလျာဏမည်သောဟု ပြဆိုပြီး၍ ယခုအခါ၌ ကလိတဗ္ဗ သချာတဗ္ဗ ဖြစ်သည်လည်း ကလျာဏမည်ရကား ယင်းကို စင်စေလိုသဖြင့် (ခ) မိန့်။

(ခ) သို့/ **အာစရိယ** ။ ။ ဆရာသည် (က) ဖြင့် ကောင်းသောဂုဏ်နှင့် ပြည့်စုံခြင်းသည် ကလျာဏမည်သောဟု ဆို၏။ ကလိတဗ္ဗံ သချာတဗ္ဗန္တိ ကလျာဏံ ဟုပြ၍ ကလိတဗ္ဗ သချာတဗ္ဗဖြစ်ကို ကလျာဏ-ဟု ဆိုကောင်းအံ့လော။ အဘယ်ကို ကလျာဏ-ဟု ဆိုပါ သနည်း၊ ကလျာဏအရကို မပြသော် ဆရာ့အား သဒ္ဒေပ ဝိတ္ထာရဆန့်သော ဝိရောဓိ ဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။ **အား--** (ခ)ဖြင့် အထူးသဖြင့် ချီးမွမ်း အပ်သော ဂုဏ်နှင့် ပြည့်စုံမှုသည် ကလျာဏမည်၏ဟု ငါပြဆိုသည်ဖြစ်သောကြောင့် သင်တင်သော ဝိရောဓိဒေါသ ငါ့အား မရောက်ဟူလို။

(တစ်နည်း) ကလ္လကော-ကဲ့သို့ အနာမရှိခြင်းသည် ကလျာဏ-အရ ဖြစ်ကောင်း ပါသလော။ အဘယ်သည် ကလျာဏ-အရ ဖြစ်ကောင်းပါသနည်း။

(ဂ-၂) သို့/ ဆရာသည် (ဂ-၁) ဖြင့် ကိတ္တိသဒ္ဒေါကို ကိတ္တိဝေသဒ္ဒေါ ကိတ္တိသဒ္ဒေါ- ဟု အရတူ ကမ္မဓာရည်းသမာသ် ဝဇနတ္ထကို ဖွင့်ပြအပ်၏။ ထို ကမ္မဓာရည်းသမာသ် ဝဇနတ္ထသာ ဆိုအပ်ပါသလော။ အဘယ်ဝဇနတ္ထလည်း ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ဂ-၂) ကို မိန့်။ **အား--** ကိတ္တိယာ ပဝတ္တော သဒ္ဒေါ ကိတ္တိသဒ္ဒေါ-ဟု မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ် ဝဇနတ္ထလည်း ဆိုအပ်သေး၏ဟူလို။

(ဃ) သို့/ ယခုအခါ၌ "ဣတိပိ သော ဘဂဝါ" စသော် ပုဒ်တို့၌ ပဒယောဇနာ ရှေ့ သွားရှိသော အနက်ကို ပြလိုရကား (ဃ) မိန့်။

(ဃ-၂) သို့/ ဤသို့ (ခ-၁)ဖြင့် ဣတိပိ သော ဘဂဝါစသောပုဒ်တို့၌ ဤဆိုလတံ့ သည်ကား ပဒယောဇနာတည်းဟု ပဋိညာ (ဝန်ခံခြင်း) ကို ပြပြီး၍ ယခုအခါ၌ ပဋိညာတဗ္ဗ ဖြစ်သော ပဒယောဇနာကို ပြလိုရကား (ဃ-၂) ကိုမိန့်။

(ဃ-၂-နှင့် ၁) သို့/ -- ဆရာ-သည် (ဃ-၁) ဖြင့် ဣတိပိ သော ဘဂဝါ စသော ပါဠိရပ်တို့၌ ပုဒ်ကိုယှဉ်ခြင်း ပဒယောဇနာကို ဆိုအပ်၏ဟု ပဋိညာဉ်ကို ဖွင့်ပြအပ်၏။ ပဋိညာဉ်သည် ပဋိညာတဗ္ဗ ယောဇနာကာရနှင့် မကင်းရာသည် မဟုတ်ပါလော။ ပုဒ်တို့ ကို ယှဉ်စပ်ပုံ ပဒယောဇနာ ပဋိညာတဗ္ဗယောဇနာကာရကား အဘယ်ပါနည်း။ စုဒ်ကြောင့်

http://www.dhammadownload.com



(ဃ-၂-နှင့် င) ကို မိန့်။

(င) **ဒို့/** ဆရာသည် (ဃ)ဖြင့် သော ဘဂဝါ ဣတိပိ အရဟံ (ပ) ဣတိပိ ဘဂဝါ-ဟူသော ယောဇနာကို ပြတော်မူ၏။ ယင်းယောဇနာ၌ ဣတိ-သဒ္ဒါသည် မည်သည့်အနက်ကို ဟောပါသနည်း၊ ပကာရအနက်ကို ဟောပါသလော။ ပိ-သဒ္ဒါသည် မည်သည့်အနက်ကို ဟောပါသနည်း၊ နိဒ္ဒေ-စသော အနက်ကို ဟောပါသလော။ စုဒ်ကြောင့် (င)မိန့်။ **အား--** ဣတိသဒ္ဒါသည် ကာရဏအနက်ကိုဟော၏၊ ပိသဒ္ဒါသည် သမ္ပိဏ္ဍနအနက်ကိုဟော၏ဟူလို။

➤ ၃။ (က) ပက္ခန္တရ။ (ခ) ကလျာဏပုဒ်၏ ပရိယာယ် ဂုဏ္ဍတ္တကို ပြသောကြောင့် ဝိတ္ထာရ။ (ဂ) သည် ပက္ခန္တရ။ ထိုတွင် (ဂ-၂) သည် ကိတ္တိသဒ္ဒပုဒ်၏ ကမ္မဓာရည်းဝစနတ္တမှတစ်ပါး မဈ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္တကို ပြသောကြောင့် ပက္ခန္တရ။ (ဃ) ပက္ခန္တရ။ ထိုတွင် (ဃ-၂) သည် ပဋိညာတဗ္ဗတည်းဟူသော ပဒယောဇနာကိုပြသောကြောင့် ဝိတ္ထာရဝါကျ။ (င)သည် ဣတိသဒ္ဒါ ပိသဒ္ဒါတို့၏ ပိဏ္ဍတ္ထကိုပြသောကြောင့် ဝိတ္ထာရ။

**ခာစမ်** ။ ။ ကိတ္တိသဒ္ဒေါကား သည်--ကြောင့် အဇ္ဈဂ္ဂတော-၌ တုလျတ်-လိင်္ဂတ်စပ်။

➤ ၄။ ပသတ္ထာနံ ဝိသေသောတိ **သေဋ္ဌော**။ ပသတ္ထာနံ၊ချီးမွမ်းအပ်သော ပစ္စေကဗုဒ္ဓါ သာဝကတို့၏ ကျော်စောသံတို့ထက်။ဝိသေသော၊ထူးသော ကျော်စောသံတည်း။ ပသတ္ထပုဒ်+ဣဋ္ဌပစ္စည်း၊ ဝိသေသတဒ္ဓိတ်။ ပသတ္ထ-အရကား ချီးမွမ်းအပ်သော ပစ္စေကဗုဒ္ဓါ သာဝကတို့၏ ကျော်စောသံဖြစ်သည် မုချ။ ယင်း၏ ထူးသော မြတ်စွာဘုရား၏ ကျော်စောသံဖြစ်နှင့် အပါဒါန်- အပါဒီစပ် ဌာန္။ ဣဋ္ဌ-အရကား ထို--သော ပစ္စေကဗုဒ္ဓါ သာဝကတို့၏ ကျော်စောသံထက်ထူးသော မြတ်စွာဘုရား၏ ကျော်စောသံ ရ၏။

ကိတ္တိယတေတိ **ကိတ္တိ**။ ကိတ္တဓာတ်အရ ကတ္တုဌကား ချီးမွမ်းပြောဆိုအပ်သော ပုဂ္ဂိုလ်၏ ဝစီဝိညတ္တိသမုဋ္ဌာပက ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဌကား မနသာ ဝဝတ္ထာပိတသဒ္ဒ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ စိတ္တဇသဒ္ဒ၏ သဟဇာတပစ္စယသတ္တိသည် ကာရဏူပစာ။ တိပစ္စည်းအရ ထို--သော ချီးမွမ်းအပ်သော အသံ ရ၏။

[ဂ--၁--ရှု] ကိတ္တိယေဝ သဒ္ဒေါ ကိတ္တိသဒ္ဒေါ။ ကိတ္တနံ အဘိတ္ထဝနံ **ကိတ္တိ**။ (ချီးမွမ်းခြင်းရ၏။) သဒ္ဒီယတိ ကထီယတီတိ **သဒ္ဒေါ**။ (အသံရ၏။)

[ဂ--၂--ကို၍] ကိတ္တိယာ ပဝတ္တော သဒ္ဒေါ **ကိတ္တိသဒ္ဒေါ**။ ကိတ္တိယာ ပကာသကော သဒ္ဒေါ ကိတ္တိသဒ္ဒေါ။ ကိတ္တိဟူသော ဝိသေသနပုဒ်အရကား ချီးမွမ်းခြင်းဂုဏ်သည် မုချ။ ထို--၏ အသံနှင့် ဂုဏ် ဂုဏေးစပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော ချီးမွမ်းခြင်းဖြင့် ဖြစ်သော အသံ ရ၏။

ကလိတဗ္ဗော သဇ္ဇိတဗ္ဗောတိ **ကလျာဏော**။ ကလဓာတ်အရ ကတ္တုဌကား ရေ-

F-11-A

http://www.dhammadownload.com



တွက်သော သညာ ပညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌာန်း ဂုဏ်၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ ယာဏပစ္စည်းအရကား ထို--သော အကောင်းဂုဏ်တော်ရ၏။

ထဝန် အဘိတ္ထဝန် **ထုတိ**။ (ထု+တိ) ယောသီယတေတိ **ဃောသော**။ ထုတိယာ ပဝတ္တော ဃောသော **ထုတိဃောသော**။

➤ ၆။ (က) ဖြင့် ကလျာဏဟူသည် ဘဒ္ဒက-ကောင်းခြင်းပင်တည်း၊ ကိတ္တိသဒ္ဒ၏ ကလျာဏဘာဝကား မြတ်စွာဘုရား၏ ဂုဏ်တော်လျှင် အကြောင်းရင်းရှိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(တစ်နည်း) ကလျာဏအရ ကလျာဏဂုဏ်ကို ယူ--ရင်း (သရုပ်ကြား အဘိဓေယျတ္ထ) ကလျာဏပုဒ်ကို ကလျာဏေန သမန္နာဂတော ကလျာဏော-ဟု သမန္နာဂတတဒ္ဓိတ်ပြု--ရင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ --ရင်း (ပစ္စယတ္ထ) သိစေပါသည်။

(ခ) ၌ သေဋ္ဌောဖြင့် သေဋ္ဌဟူသည် ဘဒ္ဒကပင်တည်း၊ ကိတ္တိသဒ္ဒ၏ သေဋ္ဌဘာဝကား မြတ်စွာဘုရား၏ အရဟံ-စသော ဂုဏ်တော်လျှင် အကြောင်းရင်းရှိသတည်းဟု ကာရဏူပစာ၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(တစ်နည်း) သေဋ္ဌောဖြင့် ကလျာဏသဒ္ဒါသည် သေဋ္ဌ-၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

(ဂ) ၌ ကိတ္တိဝေဖြင့် ကိတ္တိသဒ္ဒေါ၌ သဒ္ဒ-သဒ္ဒါ၏ ကိတ္တိသဒ္ဒါနှင့် အနက်တူပရိယာယ်၏--ရင်း (ပရိယာယ်ပြ အဘိဓေယျတ္ထ) ကိတ္တိဧဝ သဒ္ဒေါ ကိတ္တိသဒ္ဒေါ ဟု သမ္ဘာဝနာ ကမ္မဓာရည်းသမာသ်ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

(တစ်နည်း) ကိတ္တိဝေဖြင့် ကိတ္တိသဒ္ဒ၌ ကိတ္တိပုဒ်၊ သဒ္ဒပုဒ်၊ ကိတ္တိပုဒ်ကို ကိတ္တိယတီတိ ကိတ္တိဟု ကမ္မသာဓနပြု--ရင်း (အဘိဓာနတ္ထ) က္တပစ္စည်း --ရင်း (ဒု-ပစ္စယတ္ထ) သဒ္ဒပုဒ်ကို သဒ္ဒိယတီတိ သဒ္ဒေါ-ဟု ကမ္မသာဓန--ရင်း (အဘိဓာနတ္ထ) အ-ပစ္စည်း --ရင်း (ဒု-ပစ္စယတ္ထ) ကိတ္တိနှင့် သဒ္ဒကို ကိတ္တိစ သာ သဒ္ဒေါစာတိ ကိတ္တိသဒ္ဒေါ-ဟု ကမ္မဓာရည်း--ရင်း (သမာသလိင်္ဂပဒတ္ထ) ကိတ္တိနှင့် သဒ္ဒတို့၏ ပရိယာယ်တူ--ရင်း (ပရိယာယ်ပြ အဘိဓေယျတ္ထ) သိစေပါသည်။ (သာရတ္ထ)

**ထုတိဃောသော**-ဖြင့် ကိတ္တိသဒ္ဒေါ၌ ကိတ္တိ-ဝယ် ကိတ္တဓာတ်၏ အဘိတ္ထဝအနက်ဟော--ရင်း (ဒု-ဓာတွတ္ထ) က္တပစ္စည်း ဘာဝသာဓနအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ကိတ္တနံ အဘိတ္ထဝနံ ကိတ္တိ-ဟု ဘာဝသာဓနပြု--ရင်း (အဘိဓာနတ္ထ) သဒ္ဒ-သည် ဃောသ-၏ ပရိယာယ်၏--ရင်း (ပရိယာယ်ပြ အဘိဓေယျတ္ထ) သဒ္ဒေါပုဒ်ကို သဒ္ဒိယတီတိ သဒ္ဒေါ-ဟု ကမ္မသာဓနပြု--ရင်း (အဘိဓာနတ္ထ) အ-ပစ္စည်း ကမ္မသာဓနအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ကိတ္တိနှင့် သဒ္ဒကို ကိတ္တိယာ ပဝတ္တော သဒ္ဒေါ ကိတ္တိသဒ္ဒေါ-ဟု မဇ္ဈေလောပီ တတိယာတပ္ပုရိသ်--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

http://www.dhammadownload.com



ဝါ-ဖြင့် နယန္တရဇောတကအဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ၌ သော ဘဂဝါ ဣတိပိ အရဟံ (ပ) ဣတိပိ ဘဂဝါဖြင့် ဣတိပိ သော ဘဂဝါ အစရှိသော ပါဠိတော်၌ သော ဘဂဝါ ဣတိပိ အရဟံ (ပ) ဣတိပိ ဘဂဝါ-ဟု ပဒယောဇနာ၊ ပဒသမ္ဗန္ဓပြုရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(င) ဖြင့် ဣတိပိ-၌ ဣတိသဒ္ဒါ အာသန္နပစ္စက္ခကာရဏ-အနီးဆုံးမျက်မှောက်ဖြစ် သော အကြောင်းဟူသော အနက်ကို ဟောသည်ကိုရင်း (နိပါတ လိင်္ဂတ္ထ) ဣတိပုဒ် နောင် နာဝိဘတ်ကျေနေသည်၏-ရင်း-(ဘာဝတ္ထ) ပိသဒ္ဒါသည် ဤနေရာ၌ နိန္ဒာ-စသော အနက်ကိုမဟော၊ သမ္ပိဏ္ဍနအနက်ဟော-- ရင်း (နိပါတလိင်္ဂတ္ထ) ပိသဒ္ဒါ သမ္ပိဏ္ဍနအနက် ရှိသည့်အတွက် ဂုဏ်တော်တို့၏ များသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

➤ ၇။ **ဣတိပိ/ဣတိအပိ** ။ ။ ဣတိသဒ္ဒေါ အာသန္နပစ္စက္ခကာရဏတ္ထော၊ ပိ သဒ္ဒေါ သမ္ပိဏ္ဍနတ္ထော-ဟူသော ဋီကာကိုထောက်၍ ဣတိပိ-၌ အပိ ဥပသာရပုဒ်မဟုတ်၊ ပိနိပါတ်ပုဒ်သာ ဖြစ်သောကြောင့် "ဣတိပိ" သင့်ပါသည်။ ဣတိအပိ မသင့်။

သို့ရာတွင် "ဝါပရော အသရူပါ"သုတ်၏ အစီအရင်ဖြစ်၍ ဣတိပိဟူ၍ရင်း၊ ဣတိ အပိဟူ၍ရင်း သဒ္ဒါနည်းအရ အနိစ္စဝိဓိဖြစ်သောကြောင့်ရင်း၊ ပုဒ်ဖြတ် ပုဒ်စပ် လုပ်ကာမျှ ဖြင့် အနက်ထူး မရှိသောကြောင့်ရင်း ဣတိ အပိ-ဟု ရှိလျှင်လည်း သင့်ပါသည်။ ထို့ ကြောင့် ၂-ပါဌ်လုံးသင့်ပါသည်။

**သမန္နာဂတော/သမနာဂတော/သမန္ဒာဂတော/သမ္မန္နာဂတော** ။ ။ သမှာ အနုနော နသ ဒွိတ္တံ သမန္နာဂတော-ဟူသော နိရုတ္တိဒီပနီကိုထောက်၍ သမန္နာဂတော သင့်သည်။

ပါရာဇိကဏ်ဂဏ္ဌိသစ်၌ သံရှေး အနုရှေး အာရှေးရှိသော ဂမုဓာတ်၊ တပစ္စည်း၊ နု-၏ အစိတ် ဥကို ဝ-ပြုလျှင် သမန္ဝာဂတ။ နု-၏ အစိတ် ဥကိုချေလျှင် သမနာဂတ-ပြီး သည်ဟု ဆိုပါသည်။ ထို့ကြောင့် ယင်းပါရာဇိကဏ် ဂဏ္ဌိသစ်အလို သမန္ဝာဂတ/ သမနာဂတ-ပါဌ်တို့လည်း သင့်ပါသည်။ အကွရာဝိသောဓနီကျမ်း၌ကား သမ္မန္ဝာဂတ ပါဌ်သာ သင့်သည်ဟု ဆုံးဖြတ်ထားသည်။

➤ ၈။ **ကလျာဏ** ကား- အကြောင်းဖြစ်သော အရဟံ-စသော ဂုဏ်တော်တို့၏ "ကလျာဏ" ဟူသောအမည်ကို အကျိုးဖြစ်သော ကိတ္တိသဒ္ဒဖြစ်၌တင် ကာရဏူပစာ။ နာနန္တရိကနည်း။ (တစ်နည်း) ကောင်းသော ဂုဏ်၏ "ကလျာဏ" အမည်ကို ဂုဏီးဖြစ် သော ကိတ္တိသဒ္ဒ၌တင်-- ဂုဏူပစာ။ အဝိနာဘာဝနည်း။

➤ ၁၀။ **အာဂဝေါပုဒ်အရ မြတ်စွာဘုရား၏ လောကီခန္ဓာ ငါးပါးကိုယူ။**
**ကိတ္တိသဒ္ဒ-အရ စိတ္တဇရုပ် သဒ္ဒကိုကောက်။**

http://www.dhammadownload.com



**ပါဠိ [၃၂]**

(က) ဣဓဒါနိ ဝိနယဓရာနံ သုတ္တန္တိနယကောသလ္လတ္ထံ ဝိနယသံဝဏ္ဏနာရမ္ဘေ ဗုဒ္ဓဂုဏ ပဋိသံယုတ္တာယ ဓမ္မိယာ ကထာယ စိတ္တသမ္ပဟံသနတ္ထဉ္စ ဝေတေသံ ပဒါနံ ဝိတ္ထာရနယေန ဝဏ္ဏနံ ကရိဿာမိ၊ တသ္မာ ယံ ဝုတ္တံ သော ဘဂဝါ ဣတိပိ အရဟန္တိအာဒိ။

(ခ) တတ္ထ အာရကတ္တာ၊ အရီနံ အရာနဉ္စ ဟတတ္တာ၊ ပစ္စယာဒီနံ အရဟတ္တာ၊ ပါပကရဏေ ရဟာဘာဝါတိ ဣမေဟိ တာဝ ကာရဏေဟိ သော ဘဂဝါ အရဟန္တိ ဝေဒိတဗ္ဗော။ (ဂ-၁) အာရကာ ဟိ သော သဗ္ဗကိလေသေဟိ သုဝိဒူရဝိဒူရေ ဌိတော။

(ဂ-၂) မဂ္ဂေန သဝါသနာနံ ကိလေသာနံ ဝိဒ္ဓံသိတတ္တာတိ အာရကတ္တာ **အရဟံ**။

(ဋ၊၈၄။ မအ္ဋ-၂၈၇။ ဘာဋီ-၁၊၃၉၅။)

➤ ၁။ **စိတ္တသမ္ပဟံသနတ္ထဉ္စ**- စိတ်ကိုကောင်းစွာ အပြားအားဖြင့် ရွှင်စေခြင်း အကျိုးငှာရင်း (သဒ္ဒတ္တ) စိတ်ကိုကောင်းစွာ နှစ်သိမ့်စေခြင်းအကျိုးငှာရင်း (ဝါ) စိတ်၏ ကြည်လင်ခြင်းကို ဖြစ်စေခြင်းအကျိုးငှာရင်း (အဓိပ္ပါယတ္တ)

**ဝုတ္တံ**-၏ အာစရကို ဟေဋ္ဌာ၊ ကတ္တားကို မယာ-ဟု ထည့်ပါ။

၁။ **အရဟံ**-ကိလေသာဟူသော ရန်သူတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား။

၂။ **အရဟံ**-ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

၃။ **အရဟံ**-သံသရာစက်၏ အကန့်အကွက်တို့ကို ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား။

၄။ **အရဟံ**-သက်နီးစသော ပစ္စည်းတို့ကိုရင်း၊ ပူဇော်အထူးကိုရင်း ခံယူထိုက်သော မြတ်စွာဘုရား။ ၅။ **အရဟံ**- မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ်ရာ ရှိတော်မမူသော (ဝါ) ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

➤ ၂။ (က) **သို့/ အနုသန္ဓေ** ။ ။ ယခုအခါ၌ သုတ္တန္တိကာနံ ဝစနာနမတ္ထံ၊ သုတ္တာနုရူပံ ပရိဒီပယန္တိ-ဟု အောက်၌ ဆိုအပ်ပြီးသည်၏အဖြစ်ကြောင့် အရဟံ-စသော ပုဒ်များကို ဝိသုဒ္ဓိမဂ်၌ ခပ်သိမ်းသောအခြင်းအရာအားဖြင့် ဖွင့်ပြီးဖြစ်သော်လည်း ဤအဌကထာဝယ် အကျယ်ဝိတ္ထာရအားဖြင့် ထပ်မံဖွင့်ပြရာဝယ် အကျိုး ပယောဇဉ်ကို ပြလိုသော ဆရာ သည် (က) မိန့်။ (တစ်နည်း) ယခုအခါ၌ အရဟံ-စသောပုဒ်များကို အကျယ်ဖွင့်ပြမည် ဟု ပဋိညာဉ်ကို ပြလိုသော ဆရာသည် (က) မိန့်။

(က) **သို့**/ ဆရာ-သည် သော ဘဂဝါ ဣတိပိ အရဟံ စသည်ဖြင့် ဂုဏ်ပုဒ်တို့၏ ပဒယောဇနာ အကျယ်ကို ဖွင့်ဆိုအပ်၏။ ထိုဂုဏ်ပုဒ်တို့၏အနက်ကို ဝိသုဒ္ဓိမဂ်၌ အကျယ် ပြပြီးသောကြောင့်ရင်း၊ ဝိနည်းအရာ မဟုတ်သောကြောင့်ရင်း၊ ဤ၌ မဖွင့်ဆိုထိုက်သည် မဟုတ်ပါလော။ အဘယ်အကျိုးငှာ ဖွင့်ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (က) မိန့်။

(ခ) **သို့**/ ဆရာသည် (က) ဖြင့် အရဟံ-စသောပုဒ်တို့၏ အဖွင့်ကိုပြုအံ့ဟု ပဋိညာဉ်ကို ပြဆိုတော်မူ၏။ ပဋိညာတဗ္ဗကား အဘယ်ပါနည်း စုဒ်ကြောင့် (ခ) မိန့်။

http://www.dhammadownload.com



(ဂ) သို့/ ဤသို့ (ခ) ဖြင့် အရဟံပုဒ်၏ အဖွင့် ငါးမျိုးကို အကျဉ်းပြပြီး၍ ယခုအခါ၌ ယင်းအဖွင့်ငါးမျိုးကို တစ်ခုစီ အကျယ်ဖွင့်လိုရကား (ဂ) မိန့်။

(ဂ) သို့/ **ဓောဒနာ** ။ ။ ဆရာ-သည် (ခ) ဖြင့် အာရကတ္တာ အရဟံ စသည်ဖြင့် အရဟံမည်ခြင်း၏အကြောင်းငါးမျိုးကို (ဝါ) ဟိတ်ပုဒ်ငါးမျိုးကို ပြဆိုတော်မူ၏။ ထိုအကြောင်းငါးမျိုး၏ (ဝါ) ဟိတ်ပုဒ်ငါးမျိုး၏ အကျယ်ကား အဘယ်ပါနည်း။ အကျယ်ကို ဆရာ မပြပြီလော။ အကျယ်ကို မပြဆိုက ဆရာ့အား အကျဉ်း အကျယ် ဆန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

(တစ်နည်း) ဆရာသည် (ခ) ၌ အာရကတ္တာ အရိန်ဖြင့် ကိလေသာတို့မှ ဝေးတော်မူသောကြောင့် အရဟံ မည်သောဟု ဆို၏။ အရိန်-၌ အရ-အရ မည်သည့်ကိလေသာတို့ကို ယူရမည်နည်း။ လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာ တစ်စိတ်တစ်ဒေသကိုသာ ယူရမည်လော။ အရိန်-၌ ဆဋ္ဌီဝိဘတ်သည် မည်သည့်အနက်၌ သက်ပါသနည်း၊ သမ္ဗန်အနက်၌ သက်ပါသလော။ ကိလေသာတို့မှ ဝေး၏ဟူသည် ခရီးတစ်မိုင် နှစ်မိုင် ဝေးခြင်းကဲ့သို့ အတိုင်းအတာ ပမာဏဝေးခြင်းကို ယူရမည်လော။ မည်သည့် ဝေးခြင်းကို ယူရမည်နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

**ကား**-- အရိန်-၌ အရ-အရ ကိလေသာအားလုံးကိုယူ၊ ဆဋ္ဌီဝိဘတ်ကား အပါဒါန်အနက်၌သက်သည်၊ ဝေး၏ဟူသည် ကိလေသာတို့မှ ဝေးခြင်းပင်တည်းဟူလို။

(ဂ-၁) သို့/ ဆရာသည် (ခ) ၌ အာရကတ္တာဖြင့် ဝေးကွာတော်မူသောကြောင့် မြတ်စွာဘုရားကို အရဟ-ဟူ၍ သိထိုက်သည်ကို ဖွင့်ပြအပ်၏။ အဘယ်တို့မှ ဝေးကွာတော်မူပါသနည်း၊ အမှတ်မရှိသော အရာမှဝေးကွာတော်မူပါသလော။ (ဂ-၁) ကိုမိန့်။

(ဂ-၂)သို့ / ဆရာသည် (ဂ-၁) ဖြင့် မြတ်စွာဘုရားသည် အလုံးစုံသော ကိလေသာတို့မှ ဝေး၏၊ ဝေးကွာသောအရပ်၌တည်၏ဟု ဖွင့်ပြအပ်၏။ အဘယ့်ကြောင့် ထိုသို့ ဖွင့်ဆိုအပ်ပါသနည်း၊ အခြားသော ခီဏာသဝ ရဟန္တာတို့သည်လည်း ကိလေသာအားလုံးနှင့် ဝေးကွာကြသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ-၂) ကိုမိန့်။

➤ ၃။ (က) ၌ တသ္မာ ယံ ဝုတ္တံ စသည်ကား လဒ္ဓဂုဏ။ (ခ)ကား အရဟမည်ရခြင်းအကြောင်းကိုချဲ့ပြသောကြောင့် ဝိတ္ထာရ။ (ဂ-၁) ကား အာရကတ္တာဟိတ်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (ဂ-၂) ကား ကာရဏ (တစ်နည်း) နိဂုံးဝါကျ။

(ဂ) သည် "ဟိတ်ပုဒ်နောက်မှာ၊ ဟိတက်လာ၊ ချဲ့ကာ ယူလေမင်း"ဟူသော နိယံ အရရင်း၊ "ဣဒါနိ ယထာဝုတ္တမေဝတ္ထံ ဝိဘာဝေန္တော အာဟ အာရကာ ဟိ သော တိ အာဒိ" ဟူသော သာရတ္ထဋီကာကို ထောက်၍ရင်း၊ (ခ) ဝါကျလာ ဟိတ်ပုဒ်တို့ကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ ဖြစ်ပါသည်။

**ခာစပ်** ။ ။ မဂ္ဂေန-ကား ဖြင့်--ကြောင့် ဝိဒ္ဓံသိတတ္တာဝယ် ဝိဒ္ဓံသိတ-၌ ကရိုဏ်း-

http://www.dhammadownload.com



ကရိုက်း၏ကြိယာစပ်။ (တစ်နည်း) ဝိဒ္ဓံသိတ-ဟူသော ဘာဝယောဂပုဒ်၌ ကမ္မ-ကမ္မိစပ်။ အရိနံကား တို့၏--ကြောင့် ဟတတ္တာဝယ် တ္တ-၌ သမ္ဗန်၊ သတ္တိ။ တ္တ-ပစ္စည်းကား သမ္ဗန္ဓိ သတ္တိမန္တစပ်။

➤ ၄။ ကုသလဿ ဘာဝေါ ကောသလ္လံ။ သုတ္တန္တနယေ ကောသလ္လံ **သုတ္တန္တနယကောသလ္လံ**။ သုတ္တန္တနယဟူသော ဝိသေသနပုဒ်အရကား သုတ္တန်နည်းသည် မှချ။ ထို၏ ကျွမ်းကျင်သည်၏အဖြစ်ဟုဆိုအပ်သော ဉာဏ်နှင့် အာရုံ အာရမ္မဏိကစပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော သုတ္တန်နည်း၌ ကျွမ်းကျင်သူ၏ အဖြစ်ဟူသော ဉာဏ် ရ၏။

**[အရိနံ ဟတတ္တာ-ဟု ဖွင့်ခိုက်]** အရယော ဟနိတ္တာတိ **အရဟံ**။ **[ဓောစာ ရေနေ-သော အဓွင့်ကို ထောက်လျှင်]** အရယော ဟတာ အနေနာတိ အရဟံ (ဟု အဝုတ္တကတ္တုသာခနေပြ)

**[အရာနံ ဟတတ္တာ-ဟု ဖွင့်ခိုက်]** အရာ ဟတာ အနေနာတိ အရဟံ။ အရေ ဟနိတိ အရဟံ။

**[ပစ္စယာဒီနံ အရဟတ္တာ-ဟု ဖွင့်ခိုက်]** စီဝရာဒိပစ္စယေ ပူဇာဝိသေသဉ္စ အရဟာတီတိ အရဟံ။

**[ပါပကရဏေ ရဟာဘာဝတော-ဟုဖွင့်ခိုက်]** နတ္ထိ ရဟော ပါပကရဏေ ဧတဿာတိ အရဟံ။

န-ရဟ-ဟူသော သမာသ်ပုဒ်၏အရကား ဆိတ်ကွယ်ရာ မရှိခြင်း အဘာဝဘော ဂုဏ်သည် မှချ။ ထို--၏ ဘုရားရှင်နှင့် ဂုဏ် ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ ဧတ-အညပုဒ်အရကား ထို--သော ဘုရားရှင်ရ၏။

ဝိဒူရေန ဝိဒူရော **ဝိဒူရဝိဒူရော**။ (အစိတ်) ဝိဒူရေန၊ဝေးသည်၏အဖြစ်ဖြင့်သာလျှင်။ ဝိဒူရော၊ဝေးရာတည်း။ (ဝါ) ဝေးသောအရပ်တည်း။

သုဋ္ဌု ဝိဒူရဝိဒူရော **သုဝိဒူရဝိဒူရော** (အပေါင်း) သုဋ္ဌု၊ကောင်းစွာ။ဝိဒူရဝိဒူရော၊ဝေးသည်၏အဖြစ်ဖြင့် ဝေးရာ၊ (ဝါ) ဝေးသောအရပ်။ သု+ဝိဒူရဝိဒူရ။

သု-အရကား သုဋ္ဌုဘောဂုဏ်သည် မှချ။ ယင်း၏ ဝေးသည်၏အဖြစ်ဖြင့် ဝေးရာနှင့် ဂုဏ် ဂုဏေးစပ် ဌာနူ။ ပုဒ်လုံးအရကား ကောင်းစွာ ဝေးသည်၏ အဖြစ်ဖြင့် ဝေးရာ၊ (ဝါ) ဝေးသော အရပ်ရ၏။ * **သုဝိဒူရဝိဒူရေ**၊ကောင်းစွာ ဝေးသည်၏အဖြစ်ဖြင့်သာလျှင် ဝေးရာ၌။ (ဝါ) ဝေးသောအရပ်၌။

(တစ်နည်း) ဝိဒူရော ဟုတွာ ဝိဒူရော ဝိဒူရဝိဒူရော။ (အစိတ်) ဝိဒူရော၊ဝေးသည်။ ဟုတွာ၊ဖြစ်၍။ဝိဒူရော၊ဝေးသည်တည်း။ဝိဒူရဝိဒူရော၊ဝေးသည်ဖြစ်၍ ဝေးရာ။ (ဝါ) ကောင်းစွာ အလွန်ဝေးရာ။ သုဋ္ဌု ဝိဒူရဝိဒူရော သုဝိဒူရဝိဒူရော။ (အပေါင်း) **သုဝိဒူရဝိဒူရေ**၊ကောင်းစွာ ဝေးသည်ဖြစ်၍ ဝေးရာ၌။ ကောင်းစွာ အလွန်ဝေးရာ၌။

* သုဋ္ဌု ဝိဒူရော **သုဝိဒူရော**။ သုဝိဒူရေနေဝ ဝိဒူရော **သုဝိဒူရဝိဒူရော**။ သုဝိဒူရော ဟုတွာ ဝိဒူရော **သုဝိဒူရဝိဒူရော**။

ဟညိံသူတိ ဟတာ။ ဟတာနံ ဘာဝေါ **ဟတတ္တံ**။ ဟတ တဒ္ဓိတ်အရ ဖျက်ဆီးအပ်ကုန်ပြီးသော ကိလေသာတို့သည် မှချ။ ထို-၏ တ္တ-ပစ္စည်းအရ ဖျက်ဆီးခြင်းကြိယာနှင့်

http://www.dhammadownload.com



နိဿယ နိဿိတစပ် ဌာန္။ တွ-အရ ထို--သော ဖျက်ဆီးအပ်ကုန်ပြီးသည်၏ အဖြစ်ဟုဆိုအပ်သော ဖျက်ဆီးခြင်းကြိယာ ရ၏။

အရဟန္တဿ ဘာဝေါ,**အရဟတ္တံ**။ အရဟ တဒ္ဓိတ်အရ မြတ်စွာဘုရားသည် မုချ။ ထို--၏ တ္တ-ပစ္စည်းအရ အလျှုခံထိုက်သည်၏အဖြစ်ဟုဆိုအပ်သော ဂုဏ်နှင့် နိဿ-နိဿိတစပ် ဌာန္။ တ္တ-ပစ္စည်းအရ ထို--သော အလျှုခံထိုက်သော မြတ်စွာဘုရား၏ ဖြစ်ကြောင်းဖြစ်ရာ အလှူခံခြင်းဂုဏ် ရ၏။ .

ဝိဒ္ဓံသိယိံသူတိ **ဝိဒ္ဓံသိတာ**။ ဝိဒ္ဓံသိတာနံ ဘာဝေါ **ဝိဒ္ဓံသိတတ္တာ**။ ဓံသဓာတ်အရ ကတ္တုဌကား မဂ်၏ သမုဋ္ဌေဒသတ္တိသည် မုချ။ ကမ္မဌကား ကိလေသာတို့၏ ပကတူပနိဿယသတ္တိသည် ဖလူ။ တ-အရကား ထို--သော ဖျက်ဆီးအပ်ကုန်ပြီးသော ကိလေသာတို့ ရ၏။

ဝိနယံ စရေန္တီတိ **ဝိနယစရော**။ ဝဏ္ဏိယတိ ဧတိသံ အဌကထာယန္တိ **ဝဏ္ဏနာ**။

သုဋ္ဌု ဝဏ္ဏနာ **သံဝဏ္ဏနာ**။ ဝိနယဿ သံဝဏ္ဏနာ **ဝိနယသံဝဏ္ဏနာ**။

တဿ အာရမ္ဘော **ဝိနယသံဝဏ္ဏနာရမ္ဘော**။ တသ္မိံ တသ္မိံ ကိစ္စေ ဝသတိ ပရိစယံ ဂစ္ဆတိ ပါပုဏာတိ ဧတာယာတိ **ဝါသနာ**။ ဝါသနာယ သဟ ဝတ္တတီတိ **သဝါသနာ**။ ဝိနယသံဝဏ္ဏနာယ အာရမ္ဘော ဝိနယ **သံဝဏ္ဏနာရမ္ဘော**။ အာရဗ္ဘန္တိ ဧတ္တာတိ အာရမ္ဘော။ ဗုဒ္ဓဿ ဂုဏော **ဗုဒ္ဓဂုဏော**။ ဗုဒ္ဓဂုဏေန ပဋိသံယုတ္တော **ဗုဒ္ဓဂုဏပဋိသံယုတ္တော**။ ဓမ္မော ဝေါဿာ အတ္ထီတိ **ဓမ္မီ**။ ဓမ္မဿ အနုရူပါ **ဓမ္မီ**။ စိတ္တဿ သမ္မဟံသနံ **စိတ္တသမ္မဟံသနံ**။ ပစ္စယော အာဒိ ယေသန္တိ **ပစ္စယာဒယော**။ ဝိတ္ထာရမေဝ နယော **ဝိတ္ထာရနယော**။ သဟ ဝါသနာယ ယေ ဝတ္တန္တီတိ **သဝါသနာ**။

➤ ၆။ (စ) ၌ အာရကတ္တာဖြင့် ကိလေသာတို့မှ ဝေးတော်မူသောကြောင့် အရဟံမည်သည်၏--ဌင်း (ဘာဝတ္ထ) အာရကာ-ဟု ဆိုလိုလျှက် ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် အာကို အ-ပြု၊ ကကို ဟပြု၊ နိဂ္ဂဟိတ်လာ၍ "အရဟံ"ဟု ရုပ်ပြီးသည်၏--ဌင်း (ဘာဝတ္ထ) သိစေပါသည်။

**အရီနံ ဟတတ္တာ**ဖြင့် အရဟံ-ကို အရယော ဟနိတ္တာတိ အရိဟော-ဟု ကတ္တုသာဓနေကိတန္တသမာသ်ဝစနတ္ထပြု။ (တစ်နည်း) အရယော ဟတာ အနေနာတိ အရဟံ-ဟု အဝုတ္တကတ္တုသာဓနေပြု--ဌင်း (အဘိဓာနတ္ထ) ကွိပစ္စည်း--ဌင်း (ဒု-ပစ္စယတ္ထ) အရိဟော-ဟု ဆိုလိုလျှက် ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဣကို အ-ပြု၊ ဝဏ္ဏာဂမနိရုတ္တိနည်းဖြင့် ဟ-အထက်၌ နိဂ္ဂဟိတ်လာ၍ အရဟံ-ဟု ပြီးသည်ကိုဌင်း (ဘာဝတ္ထ) သိစေပါသည်။

**အရာနံ ဟတတ္တာ**ဖြင့် အရာ ဟတာ အနေနာတိ အရဟံ-ဟု အဝုတ္တကတ္တု သာဓနေပြု--ဌင်း (အဘိဓာနတ္ထ)အရဟံ-၌ အရသဒ္ဒူပပဒ ဟနဓာတ်၏--ဌင်း (ဒု-ဓာတုပဒ) ကွိပစ္စည်းကျေနေသည်၏--ဌင်း (ဘာဝတ္ထ) ယင်းကွိပစ္စည်းသည် အဝုတ္တကတ္တားအနက်

http://www.dhammadownload.com



၌သက်--ၵင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

**ပစ္စယာဓိနံ အရဟတ္တာ**ဖြင့် စီဝရာဒိပစ္စယေ ပူဇာဝိသေသဉ္စ အရဟတီတိ အရဟံ-ဟု ကတ္တုသာဓနပြု--ၵင်း (အဘိဓာနတ္ထ) အန္တပစ္စည်း ကတ္တုသာဓန၌သက်--ၵင်း (ဒု-ပစ္စယတ္ထ) အရဟဓာတ်၏--ၵင်း (ဒု-ဓာတုပဒ) သိစေပါသည်။

**ပါပကရဏေ ရဟာဘာဝါ**ဖြင့် အရဟံ-၌ န-၏ ကာရိယ အ-သည် အဘာဝအနက်ဟော--ၵင်း (နိပါတလိင်္ဂပဒတ္ထ) နတ္ထိ ရဟော ဧတဿာတိ အရဟံ-ဟု စတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ပြု--ၵင်း (သမာသလိင်္ဂပဒတ္ထ) အရဟော-ဟု ဆိုလိုလျက် ဩကို အံ-ပြု၊ နိဂ္ဂဟိတ်လာ၍ ရုပ်ပြီးသည်ကိုၵင်း (ဘာဝတ္ထ) မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ်ရာ မရှိသောကြောင့် အရဟံ မည်သည်၏--ၵင်း (ဘာဝတ္ထ) သိစေပါသည်။

**သော ဘဂဝါ**-ဖြင့် ယခင်ဆိုအပ်ပြီးသော ဝစနတ္ထတို့ဖြင့် ပြီးသော အရဟံ-ဟူသော နိပ္ဖန္နပုဒ်အရ ဘုရားရှင်ကို အရကောက်ရမည်၏အဖြစ်ကို သိစေပါသည်။(အဘိဓေယျတ္ထ)

(ဂ) ၌ **သဗ္ဗကိလေသေဟိ**ဖြင့် အာရကတ္တာ အရိနံ-၌ အရိ-အရ သဒိသူပစာအားဖြင့် ကိလေသာအားလုံးယူ--ၵင်း (အဘိဓေယျတ္ထ) အရိနံ-၌ နိဝိဘတ်သည် သမ္ဗန်အနက်၌ မသက်၊ အပါဒါန်အနက်၌သက်--ၵင်း (ဝိဘတျတ္ထ) သိစေပါသည်။

**သုဝိဒူရဝိဒူရေ ဌိတော**ဖြင့် ကိလေသာတို့မှ ဝေး၏ဟူသည် အလွန်အကဲအားဖြင့် ဝေးသည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

**သဝါသနာနံ**-ဖြင့် ဘုရားရှင်ကိုထား၍ အခြားသော ရဟန္တာများသည် ဝါသနာနှင့် တကွ ကိလေသာကိုပယ်သတ်ခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် အခြားသော ရဟန္တာတို့နှင့် မဆက်ဆံသော မြတ်စွာဘုရား၏ အရဟတ္တဖိုလ်ကို ပြပါသည်။ (ဘာဝတ္ထ)

**သုဝိဒူရဝိဒူရေ**ဖြင့် အာရကာနိပါတ်ပုဒ်သည် အာသန္နအနက်ကို မဟော၊ သုဝိဒူရ ဝိဒူရအနက်ကိုဟောသည်ဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ)

**မဂ္ဂေန ကိလေသာနံ ဝိဒ္ဓံသိတတ္တာ**ဖြင့် မြတ်စွာဘုရား၏ ကိလေသာတို့မှ ဝေးသော အရပ်၌ တည်သည်၏အဖြစ်ဟူသည် အရပ်တစိတ်တဒေသအားဖြင့် ဝေးသည်မဟုတ်၊ စင်စစ်သော်ကား ထိုကိလေသာတို့ကို အချင်းခမ်းသိမ်း ပယ်ပြီးသည်၏အဖြစ်ကြောင့် ဝေးသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

➤ ၇။ **ဝိဒူရေ/ဝိဒုရေ** ။ ။ ဝိပုဒ်၊ ဒူရပုဒ်၊ ဒူရပုဒ်ကား ဒု-ပုဗ္ဗ အရဓာတ် အ-ပစ္စည်း၊ နောက် အသရချေပြီးလျှင် ရှေ့ဥသရကို ဦဒီဃပြု၍ပြီးသောကြောင့်ၵင်း၊ (တစ်နည်း) ဝိဒဓာတ် ဦရပစ္စည်းဖြင့်ပြီးသည်ဟု ကစ္စည်း ဝိဒါဒီဟျူရောသုတ်နှင့် ရူပသိဒ္ဓိတို့၌ လာသော ကြောင့်ၵင်း ဒူ-၌ ဒီဃနှင့်ရှိသော ဝိဒူရ-ပါဌ်သင့်ပါသည်။

**ဝေဒ်တဗ္ဗော/ဝေဒိတဗ္ဗံ** ။ ။ **ကိတကာ** အဘိဓေယျလိင်္ဂါဟူသည်နှင့်အညီ သော ဘဂဝါဟူသော ပုံလိင်ပုဒ်တို့နှင့် အရတူကောက်ယူအပ်သောကြောင့် "ဝေဒိတဗ္ဗော"ဟု

http://www.dhammadownload.com



ပုံလိုင်ဖြင့်ရှိသော ပါဠိသာသင့်ပါသည်။

**ပစ္စယာဒိနံ/ပစ္စယာနံ** ။ ။ အာဒိဖြင့် ပူဇာဝိသေသကို ယူအပ်သောကြောင့် ပစ္စယာဒိနံ-သင့်။

➤ ၈။ **အရိနံ / အာရကတ္တာ အရိနံ့ အရာနဥ္စ ဟတတ္တာ** ။ ။ ကျီးသည် မျက်စိတစ်ဖက်ဖြင့် အစာ ရန်သူနှစ်ပါးကို ကြည့်သကဲ့သို့ နှစ်ပုဒ်ကို ငဲ့သောနည်းသည် ကာကောလောကန နည်းမည်၏။ ပြယုဂ်ကား-- အာရကတ္တာ အရိနံ အရာနဥ္စ ဟတတ္တာ-ဟူသည်တည်း။ ဤပြယုဂ်၌ အရိနံ-ဟူသောနည်းသည် အရိနံ၊ ကိလေသာဟူသော ရန်သူတို့မှ။အာရကတ္တာ၊ ဝေးသည်၏အဖြစ်ကြောင့်ဟူ၍ရင်း။ အရိနံ၊တို့ကို။ဟတတ္တာ၊သတ်အပ်သည်၏အဖြစ် ကြောင့်ဟူ၍ရင်း အပါဒါန် ကံ အနက်ပေးရသောကြောင့် ကာကောလောကနနည်း မည်၏။ အတူဖြစ်သော ပကတိရန်သူတို့၏ "အရိနံ" အမည်ကို အတူရှိသော ကိလေသာရန် သူတို့၌-တင် သဒိသူပစာ။ အရိနံ-ဟူသောနည်းသည် ပကတိရန်သူတည်းဟူသော ထို၌ထင်သောအားဖြင့် ကိလေသာရန်သူတည်းဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ရူဠှီနည်းမည်၏။ **အရာနံ** --ကား အတူဖြစ်သော စက်၏ အကန့်တို့၏ "အရာနံ" အမည်ကို အတူရှိသော သံသရာ၌တင်-သဒိသူပစာ။

**သဗ္ဗကိလေသေဟိ**-ကား အစိတ်ဖြစ်သော ကိလေသာ၏ "သဗ္ဗကိလေသေဟိ" အမည် ကို အပေါင်းဖြစ်သော ကိလေသာနှင့်ယှဉ်သော စိတ္တုပ္ပါဒ်၌ တင်-- ဧကဒေသူပစာ။ ဥပလက္ခဏနည်း။

➤ ၁၀။ [**ပဋိစ္စသမုပ္ပါဒေါတရဏဟာရ**] **မဇ္ဈေန**-အရကား မြတ်စွာဘုရား၏ အရဟတ္တမဂ် ဉာဏ်ကိုကောက်။ **မဇ္ဈေန**-အရ အရဟတ္တမဂ်ဉာဏ်ကိုယူ၍ ထိုအရဟတ္တမဂ်ဖြင့် အဝိဇ္ဇာ ၏ အကြွင်းမဲ့ချုပ်ခြင်းကြောင့် "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရ နိရောဓော"ဟူသည်နှင့်အညီ သင်္ခါရသည် ချုပ်၏။ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော- နှင့်အညီ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏။ (ပ) ဇာတိချုပ်ခြင်းကြောင့် ဇရာ မရဏ စသည်တို့ချုပ်၏။ ဤသို့ ပဋိလောမပစ္စယာကာရအားဖြင့် ထည့်သွင်းခြင်းသည် ပဋိစ္စ သမုပ္ပါဒေါတရဏဟာရနေတ္တိနည်းမည်၏။

## ဝါကျ [၃၃]

(က) တေ စာနေန ကိလေသာရယော မဂ္ဂေန ဟတာတိ အရိနံ ဟတတ္တာတိ အရဟံ။

(ခ) ယဉ္စေတံ အဝိဇ္ဇာဘဝတဏှာမယနာဘိ ပုညာဒိအဘိသင်္ခါရာရံ ဇရာမရဏနေမိ အာသဝသမုဒယမယေန အက္ခေန ဝိဇ္ဈိတွာ တိဘဝရထေ သမာယောဇိတံ အနာဒိ ကာလပ္ပဝတ္တံ သံသာရစက္ကံ၊ တဿာနေန ဗောဓိမဏ္ဍေ ဝီရိယပါဒေဟိ သီလပထဝိယံ ပတိဋ္ဌာယ သဒ္ဓါဟတ္ထေန ကမ္မက္ခယကရံ ဉာဏဖရသုံ ဂဟေတွာ သဗ္ဗေ အရာ ဟတာတိ အရာနံ ဟတတ္တာပိ အရဟံ။

http://www.dhammadownload.com



(ဂ) အာဝဇ္ဇပါ သံသာရစက္ကန္တိ အနမတဂ္ဂသံသာရဝဋ္ဋံ ဝုစ္စတိ၊ တဿာဓ အဝိဇ္ဇာနာဘိ, မူလတ္တာ၊ ဇရာမရဏံ နေမိ, ပရိယောသာနတ္တာ။ [ဝါကျ (၃၄) ဆက်ကြည့်]

(ဋ္ဌ၊၈၄။ မအူ၊၂။၄၉။ ဘာသာဋီ-၁၊၃၉၈)

➤ ၁။ [**မယ-ပန္ဒိတ်ဖာဌာနက်**] အဝိဇ္ဇာဘဝတဏှာမယနာဘိ၊အဝိဇ္ဇာ ဘဝတဏှာ ဖြင့် ပြီးသော ပုံတောင်းရှိသော။

[**မယ-ပန္ဒိတ်သုတ္တအနက်**] အဝိဇ္ဇာ ဘဝ တဏှာဟူသော ပုံတောင်းရှိသော။

➤ (စ) **သို့/ စောဒနာ** ။ ။ ဆရာသည်၊ (က) ဖြင့် အရိန့် ဟတတ္တာ-ဟူသော ဟိတ်ပုဒ်၏အကျယ်ကို ပြဆိုတော်မူ၏၊ အရိန့် ဟတတ္တာ-ဟူသော ဟိတ်ပုဒ်၏အကျယ် သာ ရှိပါသလော။ အရာနံ ဟတတ္တာ-ဟူသော ဟိတ်ပုဒ်၏အကျယ်ကား အဘယ်ပါ နည်း။ အဖြေပိတတင်-- (ခ) မိန့်။

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် အရာနံ ဟတတ္တာ-ဟူသော ဝိကပ်၌ ဟောတော်မူအပ်သော အရ-ဟုဆိုအပ်သော သံသရာကို "စက္ကံဝိယ စက္ကံ"ဟု စက်ကဲ့သို့ ယူ၍ အနက်ယောဇနာပုံကို ပြဆိုပြီး၍ ယခုအခါ၌ ပဋိစ္စသမုပ္ပါဒ် ဒေသနာအစဉ်အား ဖြင့်လည်း အနက်ယောဇနာပုံကို ပြခြင်းငှာ (ဂ) မိန့်။

➤ ၃။ (က) သည် အရိန့် ဟတတ္တာ၏ အကျယ်ကိုပြသောကြောင့် ပက္ခန္တရ။ (ခ) သည် ပက္ခန္တရ။ ယင်း (ခ) ဝါကျ၌ ယဋ္ဌေတံ-မှ သံသာရစက္ကံတိုင်အောင် အနိယတ်။ တဿာနေန စသည်ကား နိယတ်ဝါကျ။ (ဂ) သည် အရာနံ ဟတတ္တာ၌ အရ-ဟုဆို အပ်သော သံသရာကို စက္ကံဝိယ စက္ကံ-ဟု ပြု၍ အတ္ထယောဇနာပုံမှတစ်ပါး ပဋိစ္စသမုပ္ပါဒ် အစဉ်အားဖြင့် သံသရာစက်ယူ၍ အနက်ယောဇနာပုံကို ပြသောကြောင့် ပက္ခန္တရ။

**စာစပ်** ။ ။ တဿ-ကို အရာ-၌ သမ္ဗန်- သမ္ဗန္ဓီစပ်။

➤ ၄။ ပုဗ္ဗေတိတိ **ဇောဓိ**။ (အရဟတ္တမဂ်ဉာဏ်ရ၏။) ပုဗ္ဗန္တိ တေန အရိယာ ဝါ တိ **ဇောဓိ**။ မဂ္ဂေတိ တွေ့တိ **မဂ္ဂေ**။ ဇောဓိယာ မဂ္ဂေ **ဇောဓိမဂ္ဂေ**။

ဇောဓိ-အရကား သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ်သည် မုချ။ ထို--၏ ကြည် လင်ရာ ဌာနနှင့် (ဝါ) ကြည်လင်ရာဖြစ်သော အခါနှင့် ဌာနီ-ဌာန၊ ကာလ-ကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ပုဒ်လုံးအရ ထို--သော သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ်၏ ကြည်လင်ရာ ဖြစ်သော ဌာန (ဝါ) ကာလရ၏။

သံပုနပ္ပုနံ သရန္တိ ခန္ဓာဒယော တွေ့တိ **သံသာရော**။ သံသာရော ဧဝ စက္ကံ **သံသာရ စက္ကံ**။ န မနိတဗ္ဗန္တိ **အနမတံ**။ အနမတံ အဂ္ဂံ ဧတဿ သံသာရဝဋ္ဋေတိ **အနမတဂ္ဂံ**။

➤ ၆။ (**အ**) ဖြင့် အရဟံပုဒ်၌ အရိသဒ္ဒူပပဒ ဟနဓာတ်၏--ရင်း (ဒု-ဓာတုပဒ) ကွိပစ္စည်းကျေနေ--ရင်း (ဘာဝတ္ထ) ယင်းကွိပစ္စည်း အဝုတ္တကတ္တားအနက် ၌သက်--ရင်း (ဒု-ပစ္စယတ္ထ) အရယော ဟတာ အနေနာတိ အရဟံ။ (တစ်နည်း) အရယော ဟနိတ္တာတိ

http://www.dhammadownload.com



အရဟံ-ဟု--ဧင်း (အဘိဓာနတ္ထ) အရိဟော-ဟု ဆိုလိုလျက် ဣကို အ-ပြု၊ ဟ-အထက်၌ နိဂ္ဂဟိတ်လာ၍ အရဟံ-ဟု ရုပ်ပြီး--ဧင်း (ဘာဝတ္ထ) အရိုးအရ ကိလေသာရန်သူတို့ကိုယူ--- ဧင်း (အဘိဓေယျတ္ထ) သတ်၏ဟူသည် မဂ်ဖြင့်သတ်ဖြတ်သည်၏---ဧင်း (ဘာဝတ္ထ) သိစေပါသည်။

(စ) ၌ အနေန သဗ္ဗေ အရာ ဟတာ-ဖြင့် အရဟံပုဒ်ကို အရာ ဟတာ အနေနာတိ အရဟံ-ဟု အဝုတ္တကတ္တုသာဓနပြု--ဧင်း (အဘိဓာနတ္ထ) အရ- ၏ ဟနဓာတ်၏--ဧင်း (ဒု-ဓာတူပဒ) ကွဲပစ္စည်းကျေနေ--ဧင်း (ဘာဝတ္ထ) ယင်းကွဲပစ္စည်း အဝုတ္တကတ္တား အနက်၌သက်--ဧင်း (ဒု-ပစ္စယတ္ထ) အရဟာ-ဟု ဆိုလိုလျက် နိဂ္ဂဟိတ်လာ၍ အရဟံ-ဟု ရုပ်ပြီး--ဧင်း (ဘာဝတ္ထ) သိစေပါသည်။

➤ ၇။ **နာဘိ/နာဘီ** ။ ။ နဘ-ဟိံသာယံ၊ဣဏ်၊ နဘတိ ဟိံသတီတိ နာဘိ-ဟူသော ဏွာဒိမောဂ္ဂလာန်အရ နဘဓာတ် ဣဏ်ပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့် နာဘိ-ဟု ရဿနှင့်ရှိသော ပါဌ်သင့်ပါသည်။ အဘိဓာန်ဋီကာ၌ နာဘိ၊ ဣတ္ထိ၊ ဤပစ္စယေ။နာဘီစ-ဟု ဆိုထားသောကြောင့် နာဘီ-လည်း သင့်ပါသည်။

**ဖရသု/ပရသု** ။ ။ ပရံ သသတိ ဟိံသတီတိ ဖရသု၊ ဥ၊ ပဿ ဖော၊ သလောပေါစ။ ပရသုပိ-ဟု အဘိဓာန်ဋီကာ၌ ဆိုထားရကား ပရသဒ္ဒူပပဒ သသ ဓာတ်၊ ဥပစ္စည်း၊ ပကို ဖပြု၊ သကိုချေလျှင် ဖရသု-ဟု ရုပ်ပြီးသောကြောင့်ဧင်း၊ ပကို ဖ-မပြုလျှင် ပရသု-ဟု ရုပ်ပြီးနိုင်သောကြောင့်ဧင်း ၂-ပါဌ် သင့်ပါသည်။

➤ ၈။ **သဒ္ဓါဟတ္ထေန** ကား- အတူဖြစ်သော ပကတိလက်၏ "ဟတ္ထ"ဟူသော အမည်ကို အတူရှိသော သဒ္ဓါ၌တင် သဒိသူပစာ။ ရူဋ္ဌီနည်း။

**ဝီရိယပါဒေဟိ** ကား- အတူဖြစ်သော ပကတိခြေတော်၏ "ပါဒ" ဟူသောအမည်ကို အတူရှိသော ဝီရိယ၌တင်--သဒိသူပစာ။ ရူဋ္ဌီ။

**သီလပထဝိယံ** ကား - အတူဖြစ်သော ပကတိမြေကြီး၏ "ပထဝီ"ဟူသောအမည်ကို အတူရှိသော သီလ၌တင်-- သဒိသူပစာ။ ရူဋ္ဌီ။

**ဉာဏဖရသုံ** ကား - အတူဖြစ်သော ပကတိပေါက်ဆိန်၏ "ဖရသု"ဟူသောအမည်ကို အတူရှိသော အရဟတ္တမဂ်ဉာဏ်၌တင်-- သဒိသူပစာ။ ရူဋ္ဌီ။

➤ ၁၀။ **ဉာဏဖရသုံ**--၌ ဉာဏ-အရကား ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ကိုယူ။

**ထိကျ [၃၆]**

**(က) အာဏာဝါ သိသာရဝတ္တန္တိ အာနမတဂ္ဂသိသာရဝဋ္ဋံ ဝုစ္စတိ။ (ခ) တဿဝ အဝိဇ္ဇာ နာဘိ, မူလတ္တာ။ (ဂ) ဇရာမရဏံ နေမိ, ပရိယောသာနတ္တာ။ (ဃ) သေသာ ဒသ ဓမ္မာ အရာ။ (င) အဝိဇ္ဇာမူလကတ္တာ ဇရာမရဏပရိယန္တတ္တာစ။**

**(၄၊၈၅။ မဒ္ဒ-၂၄၉။ ဘာဋီ-၁၊၃၉၈။) [၁၃၅၉–စုဓမ်း]**

http://www.dhammadownload.com



➤ ၁။ (က) **အနုသန္ဓိကို ဝိစ္ဆေဒ်ကုန်** ။ ။ အထဝါ၊တစ်နည်းကား။အနမတဂ္ဂ သံသာရဝဋ္ဋ၊ အဖန်ဖန်အထပ်ထပ် မသိအပ်သော ရှေးအစွန်းအစရှိသော သံသရာစက်ဝိုင်းကို။သံသာရ စက္ကန္တိ၊သံသာရစက္ကဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

➤ ၂။ (ငှ) **သို့/ အယုတ္တာဘောဂဓာဒနာဆာတ်** ။ ။ ဆရာ၊ ဆရာသည် (ဃ) ဝါကျဖြင့် အဝိဇ္ဇာ ဇရာ မရဏာတို့မှ ကြွင်းကုန်သော (၁၀) ပါးသော တရားတို့သည် အကန့်တို့ မည်ကုန်၏ဟု ဆိုတော်မူ၏။ အဘယ့်ကြောင့် ယင်းတို့သည် အကန့်တို့မည်ကုန်သနည်း။ အဝိဇ္ဇာ ဇရာ မရဏာတို့နှင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါအဖြစ်ဖြင့် တူကြသည်မဟုတ်လော။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော ဆရာသည် (င) ဝါကျကိုမိန့်။

[သင်္ခါရ- စသော (၁၀)ပါးသော တရားတို့၏ အကန့်တို့မည်ခြင်း၏ အကြောင်းကို ပြဆိုသင့်သည် မဟုတ်ပါလော-ဟုလည်း အာဘော်ထားနိုင်သည်။]

➤ ၃။ (ခ) စသော ဝါကျတို့သည် သံသရာစက်၏ ပုံတောင်းအကွပ်အကန့်ဟု ဆိုအပ်သော အလုံးစုံသော အခြင်းအရာကို ဆက်၍ပြသောကြောင့် ဝါကျာရမ္ဘဝါကျ မည်၏။ (တစ်နည်း) ဝိတ္ထာရဝါကျ။ (ဂ) ဝါကျသည် သံသရာစက်၏ အကွပ်တို့ကို ဆက်၍ ပြသောကြောင့် ဝါကျာရမ္ဘဝါကျ (တစ်နည်း) ပက္ခန္တရဝါကျ။ (ဃ) ဝါကျသည် သံသရာ စက်၏ အကန့်တို့ကို ဆက်၍ပြသောကြောင့် ဝါကျာရမ္ဘဝါကျ (တစ်နည်း) ပက္ခန္တရဝါကျ။

(င) ဝါကျသည် သင်္ခါရ စသော တရားတို့၏ အကန့်မည်ခြင်းအကြောင်းကို ပြ သောကြောင့် ကာရဏဝါကျ မည်၏။

➤ ၄။ အဝိဇ္ဇာ မူလံ ပဓာနကာရဏံ ယေသန္တိ **အဝိဇ္ဇာမူလကာ**။ (အစိတ်) အဝိဇ္ဇာ မူလကာနံ ဘာဝေါ **အဝိဇ္ဇာမူလကတ္တံ**။ (အပေါင်း) အဝိဇ္ဇာမူလက ဟူသော တဒ္ဓိတ်ပုဒ် ၏အရကား အဝိဇ္ဇာ-ဟူသော ပြဓာန်းသော အကြောင်းရှိကုန်သော သင်္ခါရ အစရှိကုန် သော တရားတို့သည် မုချ။ ထို-၏ တ္တပစ္စည်း အရ အဝိဇ္ဇာဟူသော ပြဓာန်းသော အကြောင်းနှင့် အကျိုး-အကြောင်းစပ် ဌာန။ တ္တ-ပစ္စည်းအရကား ထို--သော အဝိဇ္ဇာ ဟူသော ပြဓာန်းသော အကြောင်း ရ၏။ **နိယံ/** *မဟာဋီကာ၊ အသဿတ္တိတွင်၊ ဓာဏတင် စီးလတ်၊ သမာသ်တဒ္ဓိတ်၊ ပုဒ်ရင်းကိုသာ၊ ရအပ်ဗွာ၊ အရ မျိုး ခပ်သိမ်း* ။

➤ ၅။ **စက္က**-ကား ကရဓာတ်၊ ကရဏေ-ပြုခြင်းအနက်။ (တစ်နည်း) စ- သဒ္ဒူပပဒ ကရဓာတ်၊ ကရဏတ္တ။ (တစ်နည်း) စက္ကဓာတ်၊ ဗျထနတ္တ။ (ဟိံသနတ္တ)

**နေမိ**-ကား ဣတ္ထိလိင်၊ နီဓာတ်၊ မိ ပစ္စည်း။

➤ ၆။ **နေမိ/နေမီ** ။ ။ နီဓာတ်၊မိပစ္စည်း၊ နီ-၌ ဤကို ဝုဒ္ဓိပြု၍ပြီးသောကြောင့် နေမိ-ဟူသောပါဠ်သင့်ပါသည်။ ဤပစ္စည်းထပ်သက်လျှင် နေမီ-ဟု ပြီးသောကြောင့် နေမီ- ဟူသောပါဠ်လည်း သင့်ပါသည်။ **နယတိ စက္ကံ နေမိ၊ ယာ ဘူမိ ဖုသတိ၊ နီ နယေ၊ မိ၊ ဤ ပစ္စယေ နေမီစ**။ (ဓာန်ဋီ)

http://www.dhammadownload.com



➤ ၉။ နာဘိ ကား ။ အတူဖြစ်သော လှည်းရထားတို့၏ ပုံတောင်း၏ "နာဘိ" ဟူသောအမည်ကို အတူရှိသော အဝိဇ္ဇာ၌တင်-- သဒိသူပစာ။ ရှင်း။

**နေမိ ကား။** အတူဖြစ်သော လှည်းရထားတို့၏ အကွပ်၏ နေမိ-ဟူသောအမည်ကို အတူရှိသော ဇရာမရဏ၌တင်-- သဒိသူပစာ။ ရှင်းနည်း။

➤ ၁၀။ [**ဩရုယျော ရုယှပဒ္ဒာနဟာရနေတ္တိ**] အဝိဇ္ဇာမူလကတ္တာပုဒ်၏အရကား အဝိဇ္ဇာ ဟူသော ပဓာနအကြောင်းတရားရ၏။ ထို၏ ပဒဋ္ဌာန်ကား ဇရာမရဏမုစ္ဆာတည်း။ ထို၏ကား ဇာတိတည်း၊ ဘဝ, ဥပါဒါန်, တဏှာ, ဝေဒနာ, ဖဿ, သဠာယတန, နာမ်ရုပ်, ဝိညာဏ်, ထို၏ပဒဋ္ဌာန်ကား သင်္ခါရတည်း ဤသို့အောက်သက် ဩရုယျောရုယှအားဖြင့် ပဒဋ္ဌာန်ကို ထုတ်ခြင်းသည် ပဒဋ္ဌာနဟာရနေတ္တိနည်းမည်၏။

## ပါဠိ [၃၅]

(က) **အဂ္ဂဒက္ခိဏေယျတ္တာစ စိဝရာဒိပစ္စယေ အရဟတိ ပူဇာပိသေသဒ္ဒ။**

(ခ) **တေနေဝစ ဥပ္ပန္နေ တထာဂတေ ယေ ကေစိ မဟေသက္ခာ ဒေဝမနုဿာ၊ န တေ အညတ္ထ ပူဇံ ကရောန္တိ။** (ဂ-၁) **တထာ ဟိ ဗြဟ္မာ သဟမ္ပတိ သိနေရုမတ္တေန ရတနဒါမေန တထာဂတံ ပူဇေသိ။**

(ဂ-၂) **ယထာဗလဉ္စ အညေပိ ဒေဝါ မနုဿာစ ဗိမ္ဗိသာရကောသလရာဇာဒယော။**

(ဃ) **ပရိနိဗ္ဗုတမ္ပိစ ဘဂဝန္တံ ဥဒ္ဒိဿ ဆန္နဝုတိကောဋိဓနံ ဝိဿဇ္ဇေတွာ အသောက မဟာရာဇာ သကလဇမ္ဗုဒီပေ စတုရာသီတိဝိဟာရသဟဿာနိ ပတိဋ္ဌာပေသိ၊ ကော ပန ဝါဒေါ အညေသံ ပူဇာဝိသေသာနန္တိ။** (င) **ဣတိ ပစ္စယာဒီနံ အရဟတ္တာပိ အရဟံ။**

(စ) **ယထာ စ လောကေ ကေစိ ပဏ္ဍိတမာနိနော ဗာလာ အသိလောကဘယေန ရဟော ပါပံ ကရောန္တိ၊ ဧဝမေသ န ကဒါစိ ကရောတီတိ ပါပကရဏေ ရဟာဘာဝတောပိ အရဟံ။** (ဋ၊၈၇။ မအ္ဋ-၂၆၈။ ဘာဋီ-၁၄၀၅။)

➤ ၁။ **မဟေသက္ခာ**-ကြီးကုန်သော အစိုးရတို့ဟူ၍ ပြောကြားအပ်ကုန်သော။ (သဒ္ဒတ္ထ) ကြီးကုန်သော တန်ခိုး အခြံအရံ အကျော်အစော လက္ခဏာရှိကုန်သော။ (ဝါ) ကြီးသောအစိုးရသည်၏အဖြစ် အခြံအရံရှိကုန်သော။ (အဓိပ္ပါယတ္ထ)

**အသိလောကဘယေန** ။ အကျော်အစော မရှိသည်၏အဖြစ်မှ ကြောက်သောကြောင့် (သဒ္ဒတ္ထ) ကဲ့ရဲ့ခြင်းမှကြောက်သောကြောင့်။ (အဓိပ္ပါယတ္ထ)

**ယထာဗလံ**-အကြင် အကြင် စွမ်းအားရှိသလောက်။ (ဝိဇ္ဇာအနက်) စွမ်းအားလျော်စွာ။ (အနုရူပတ္ထ) စွမ်းအားကို မလွန်မူ၍။ (အနတိက္ကမနတ္ထ)

➤ ၂။ (စ) သို့/ ဆရာသည် (က) ဖြင့် မြတ်စွာဘုရားသည် အဂ္ဂဒက္ခိဏေယျ၏ အဖြစ်ကြောင့် သင်္ကန်း-စသော ပစ္စည်းတို့ကိုရင်း၊ ပူဇော်အထူးကိုရင်း ထိုက်တန်တော်မူ၏

http://www.dhammadownload.com



ဟု ဖွင့်ပြအပ်၏။ ထိုသို့ဆိုသော် ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကတို့သည်လည်း သက်န်း-စသော ပစ္စည်းတို့ကိုရင်း၊ ပူဇော်အံထူးကိုရင်း အလျှုခံထိုက်သည်ဖြစ်၍ မြတ်စွာဘုရားနှင့် ထူးခြားမှု မရှိနိုင်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် (က) ဖြင့် ဖွင့်ဆိုသော ဆရာ့စကား အသို့သင့်နိုင်အံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(စ) သို့/ **အနုသန္ဓ** ။ ။ ပူဇော်အထူးကို ခံယူတော်မူထိုက်သည်၏အဖြစ်ကို ပြီးစေလို၍ "တေနေဝစ" မိန့်။

(ဂ) သို့/ **ဓာဒနာ** ။ ။ ဆရာသည် (ခ) ဖြင့် မြတ်စွာဘုရားပွင့်တော်မူသည်ရှိသော် မဟေသက္ခဒေဝမနုဿတို့သည် မြတ်စွာဘုရားမှ တစ်ပါးသောပုဂ္ဂိုလ်တို့၌ မပူဇော်ကြကုန်ဟု ဆို၏။ ယင်းစကားရပ်၌ မဟေသက္ခ ဒေဝမနုဿတို့၏ သရုပ်အကျယ်ကို ဆရာ မပြပြီလော။ သရုပ်အကျယ်ကား အဘယ်ပါနည်း၊ အကျယ်ကို မပြသော် ဆရာ့အား အကျဉ်း အကျယ် ဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ)မိန့်။

(ဂ-၁) သို့/ ဆရာသည် (ခ) ဖြင့် မြတ်စွာဘုရားပွင့်တော်မူသည်ရှိသော် မဟေသက္ခဒေဝမနုဿတို့သည် မြတ်စွာဘုရားမှ တစ်ပါးသောပုဂ္ဂိုလ်တို့၌ မပူဇော်ကြကုန်ဟု ဆို၏။ အဘယ်သို့ ပူဇော်ခြင်းဖြင့် ပူဇော်သောကြောင့် ထိုသို့ ဖွင့်ဆိုအပ်ပါသနည်း။ ထူးခြားစွာ ပူဇော်ပုံ ဥဒါဟရုဏ်အထူးကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဂ-၁) ကိုမိန့်။

(ဂ-၂) သို့/ဆရာ-သည် (ဂ-၁) ဖြင့် သဟမ္ပတိဗြဟ္မာသည် မြင့်မိုရ်တောင်မျှရှိသော ရတနာ့ပန်းဆိုင်းဖြင့် မြတ်စွာဘုရားကို ပူဇော်ပြီဟု ဖွင့်ပြအပ်၏။ သဟမ္ပတိဗြဟ္မာသာ မြတ်စွာဘုရားကို ထိုသို့ပူဇော်ပါသလော။ အဘယ်ပုဂ္ဂိုလ်တို့သည်လည်း အဘယ်သို့ ပူဇော်ကြပါသေးသနည်း။ စုဒ်ကြောင့် (ဂ-၂) ကိုမိန့်။

(ဃ) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ခ-ဂ)ဝါကျတို့ဖြင့် သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရားအား ပူဇော်ကြသည်၏အဖြစ်ကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ ပရိနိဗ္ဗာန် ပြုပြီးသော မြတ်စွာဘုရားအားလည်း ပူဇော်ကြသေးသည်ဟူသော အဓိပ္ပါယ်ကို ပြတော်မူလိုသော ဆရာသည် (ဃ) မိန့်။

➤ ၃။ (ခ) သည် အင်္ဂဒက္ခိဏေယျဖြစ်ပုံကို ထောက်ခံပြသောကြောင့် ယုတ္တိဒဋ္ဌိကရဏ။ ဝါကျာရမ္ဘ။ (ဂ) သည် ဒေဝမနုဿသရုပ်အကျယ်ကို ပြသောကြောင့် ဝိတ္ထာရ။ (တစ်နည်း) ဒဋ္ဌိ။ ထိုတွင် (ဂ-၁) သည် မြတ်စွာဘုရားကိုသာ ပူဇော်၏ဟု အတ္တာပန္နနည်းအားဖြင့် ရောက်သောအနက်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (ဂ-၂) သည် ဝါကျာရမ္ဘ။ (ဃ) သည် ပက္ခန္တရ။ (င) နိဂုံး။ (စ) ပက္ခန္တရ။ ထိုတွင် ယထာစ-မှ ကရောန္တိတိုင်အောင် ဥပမာနဝါကျ။ ဧဝမေဝ စသည်ကား ဥပမေယျဝါကျမည်၏။

**ခာစပ်** ။ ။ **စထေဓနဝကား** ကြောင့်--ကြောင့် န ပူဇံ ကရောန္တိ-၌ အကြောင်းဟိတ်/ အကျိုးဖိုလ်စပ်။ **ပရိနိဗ္ဗုတမ္ပိ**-၌ ပိ-ကား သမ္ပာဝနာ ဖြစ်ပါသည်။ သက်တော်ထင်ရှား

http://www.dhammadownload.com



ရှိသော မြတ်စွာဘုရားၶ့ကား ဆိုဖွယ်ရာမရှိဟု သမ္ဗန္ဓနာ မူပါသည်။

➤ ၄။ အဇတိ သေဋ္ဌဘာဝံ ဂစ္ဆတီတိ အဂ္ဂေါ။ (အဇ+ဏ) ဒါတဗ္ဗာတိ ဒက္ခိဏာ။ (ဒါ+က္ခိဏ) ဒက္ခန္တိ ဝဍ္ဎန္တိ သတ္တာ ဧတာယာတိ ဒက္ခိဏာ။ (ဒက္ခ+ဣဏ) အဂ္ဂါစ သာ ဒက္ခိဏာစာတိ အဂ္ဂဒက္ခိဏာ။ ✱ ဒက္ခိဏံ အရဟာတီတိ ဒက္ခိဏေယျော။

ဒက္ခိဏ-တဒ္ဓိတ်ပုဒ်အရ အလှူဝတ္ထုသည် မုချ။ ထို-၏ ခံယူထိုက်သော ပုဂ္ဂိုလ်နှင့် အာရုံ အာရမ္မဏိက စပ် ဌာနူ။ ဏေယျ-ပစ္စည်းအရ ထို--သော အလှူဝတ္ထုကို ခံယူ ထိုက်သော ရဟန္တာပုဂ္ဂိုလ်ရ၏။

အဂ္ဂေါ ဟုတွာ ဒက္ခိဏေယျော **အဂ္ဂဒက္ခိဏေယျော**။ အဂ္ဂါ ဒက္ခိဏာ အဂ္ဂဒက္ခိဏာ။ အဂ္ဂဒက္ခိဏံ အရဟာတီတိ **အဂ္ဂဒက္ခိဏေယျော**။ အဂ္ဂဒက္ခိဏ-အရကား မြတ်သောအလှူ သည် မုချ။ ထို--၏ မြတ်စွာဘုရား နှင့် ဂုဏ်-ဂုဏော/သံ သာမိ/ ပဋိဂ္ဂဟေတဗ္ဗ ပဋိဂ္ဂါဟက စပ် ဌာနူ။ ဏေယျ-အရကား ထို--သော မြတ်သောအလှူကို ခံတော်မူထိုက် သော မြတ်စွာဘုရား ရ၏။ ✱ အဂ္ဂဒက္ခိဏ-အရ မြတ်သော စီဝရာဒိဝတ္ထုသည် မုချ။ ထို--၏ ဘုရားနှင့် ပဋိဂ္ဂဟေတဗ္ဗ-ပဋိဂ္ဂါဟကစပ် ဌာနူ။ ဏေယျ-အရ ဘုရား ရ၏။

အဂ္ဂဒက္ခိဏေယျဿ ဘာဝေါ **အဂ္ဂဒက္ခိဏေယျတ္တံ**။ အဂ္ဂဒက္ခိဏေယျ-ဟူသော တဒ္ဓိတ်ပုဒ်အရ မြတ်သောအလှူကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားသည် မုချ။ ထို၏ တ္တ-ပစ္စည်းအရ မြတ်သော အလှူကို ခံနိုင်ခြင်းဂုဏ်နှင့် နိဿယ-နိဿိတစပ် ဌာနူ။ တ္တ- ပစ္စည်းအရ ထို-သော မြတ်သောအလှူကို ခံယူတော်မူထိုက်သော မြတ်စွာ ဘုရား၏ ဖြစ်ကြောင်းဖြစ်ရာ မြတ်သောဂုဏ် ရ၏။

ဉ္ဇသန္တီတိ ဉ္ဇသာ။ မဟန္တာ ဉ္ဇသာ မဟေသာ။ မဟေသာတိ အက္ခာယန္တီတိ **မဟေသက္ခာ**။ မဟေသ-ဟူသော ဝိသေသနပုဒ်အရကား ကြီးကုန်သော အစိုးရတို့သည် မုချ။ ထို--၏ နတ်လူတို့နှင့် ဂုဏ် ဂုဏောစပ် ဌာနူ။ အာပုဗ္ဗ ခါဓာတ်အရ ကတ္တုဌကား ကြီးကုန်သော အစိုးရတို့ဟူ၍ ပြောကြားကုန်သော သူတို့၏ သန္တာန်၌ဖြစ်သော သတိ ဝီရိယ ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဌကား ထို--အားတပ်သော ဒေဝ မနုဿတို့၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ မဟေသက္ခ-ဟူသော သမာသ်ပုဒ်လုံး အရနှင့် အ-ပစ္စည်းအရ ထို--သော ကြီးကုန်သော အစိုးရတို့ဟူ၍ ပြောကြားအပ်သော ဒေဝ မနုဿတို့ ရ၏။ ထိုသို့ပင်ရှေးသော်လည်း မဟေသက္ခ-ဟူသောပုဒ်၌ ဝိသေသန ပုဒ်ဖြစ်ရကား ဝိသေသနပုဒ်တို့၏သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ် သောကြောင့် ဆိုခဲ့ပြီးသော အန္တတ္ထသည်သာ ပဓာနအားဖြင့် ရ၏။

ပဋိဝိသံ အတ္တေ ဝတ္တတီတိ **ပစ္စယော**။ (ပတိ-က္က+ဏ)

ပီတိံ ကရောတိ ဧတေနာတိ **ပစ္စယော**။ (ပီတိ-အယ+ဏ) ပီတိ-သဒ္ဒူပပဒ ကရ ဓာတ်အရ ကတ္တုဌကား ပစ္စည်းကိုရသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ပီတိပြဌာန်းသော

http://www.dhammadownload.com



စိတ္တုပ္ပါဒ်သည် မုချ။ ကရဏတ္တကား သက်နိုးအစရှိသော ပစ္စည်း၏ ပကတူပနိဿယသတ္တိ သည် ဖလူ။ ဏာပစ္စည်းအရ ထို--သော သက်နိုးအစရှိသော ပစ္စည်းရ၏။

ပဏ္ဍိတာတိ မညန္တီတိ **ပဏ္ဍိတမာနိနော**။ (ပဏ္ဍိတ-မန+ဏီ)

ပူဇေတဗ္ဗာတိ ပူဇာ။ ပူဇာစ သာ ဝိသေသာစာတိ ပူဇာဝိသေသော။ သိနာတိ သုစိ ကရောတီတိ **သိနေရု**။ သိနေရုမေဝ **သိနေရုမတ္တံ**။

ရတနေန နိဗ္ဗတ္တော ဒါမော ရတနဒါမော။ ဆဟိ အဓိကာ နဝုတိ ဆန္နဝုတိ။

➤ ၆။ (က) ၌ အရဟာတိဖြင့် အရဟံ-၌ အရဟဓာတ်၏--ငှင်း (ဒု-ဓာတုပဒ) အန္တပစ္စည်း ကတ္တားအနက်၌သက်--ငှင်း (ဒု-ပစ္စယတ္ထ) အရဟာတိတိ အရဟံ-ဟု ကတ္တု သာဓန ဝစနတ္ထပြ--ငှင်း (အဘိဓာနတ္ထ) သိစေပါသည်။

စိဝရာဒိပစ္စယေ ပူဇာဝိသေသဉ္စ-ဖြင့် အရဟာတိ-၌ အရဟဓာတ်၏ ကံအဖြစ်ကို သိစေသည်။(ဘာဝတ္ထ) (တနည်း) အရဟာတိ-၌ ခံထိုက်၏ဟူသည် သက်နိုးစသော ပစ္စည်း ကိုငှင်း၊ ပူဇော်အထူးကိုငှင်း ခံတော်မူထိုက်သည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

အဂ္ဂဒက္ခိဏေယျတ္တာဖြင့် မြတ်သောအလှူကို ခံတော်မူထိုက်သည်၏အဖြစ်ကြောင့် အရဟံ မည်သည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

(ခ) ၌ **ပါပကရဏေ ရဟာဘာဝတော**ဖြင့် အရဟံ-၌ န-၏ ကာရိယ အ-သည် အဘာဝအနက်ဟော--ငှင်း (နိပါတလိင်္ဂပဒတ္ထ) နတ္ထိ ရဟော ဧတဿာတိ အရဟံ-ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြ--ငှင်း (သမာသလိင်္ဂပဒတ္ထ) အရဟော-ဟု ဆိုလိုလျက် ဩကို အ-ပြု၊ နိဂ္ဂဟိတ်လာ၍ ရုပ်ပြီးသည်ကိုငှင်း (ဘာဝတ္ထ) မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ် ရာ မရှိသောကြောင့် အရဟံ မည်သည်၏--ငှင်း (ဘာဝတ္ထ) သိစေပါသည်။

➤ ၇။ **ဆန္နဝုတီ/ဆန္နဝုတိ** ။ ။ တ စတု ဆသဒ္ဒတော ပရံ ဗျဥ္ဇနံ ဒွိတ္တ အာဂစ္ဆတိ။ (ရူ-ဋီ) စတုဆေဟိ ပရဗျဥ္ဇနဿ ဒွိတ္တံ (ပ) ဆန္နဝုတိ။ (နိရုတ္တိ ဒီပနီ) အဖွင့်တို့ကိုထောက် ၍ ဆသင်္ချာသဒ္ဒါနောင် နောက်ဗျည်းသည် ဒွေဘော်ရောက်ရမြဲ ထုံးစံရှိသောကြောင့် ဆန္နဝုတိကောဋိခန့်-ပါဌ် သင့်ပါသည်။

**စတုရာသီတိ/စတုရာသီတီ** ။ ။ ဒသ ရှစ်ခုကို အာသ+ဤတိပြု၍ ပြီးသောကြောင့် စတုရာသီတိ-ပါဌ်သာ သင့်ပါသည်။

**ဥပ္ပန္နေ တထာဂတေ/ဥပ္ပန္နံ တထာဂတံ/ဥပ္ပန္နော တထာဂတော** ။ ။ ဤနေရာ၌ ဥပ္ပန္နနှင့် တထာဂတ-တို့သည် လက္ခဏ လက္ခဏဝန္တဖြစ်နေရာ လက္ခဏတ္ထအရာ၌ သတ္တမီဝိဘတ်သာ သက်ရကား ဥပ္ပန္နေ တထာဂတေ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **မိမ္ဗိသာရ**-ကား အတူဖြစ်သော အနှစ်ရှိသော ရွှေ၏ "ဗိမ္ဗိသာရ"ဟူသော အမည်ကို အတူရှိသော မင်းဖြစ်၍တင် သဒိသူပစာ။ ရုဋ္ဌီနည်း။

**ပဏ္ဍိတမာနိနော ဗာလာ** ကား အပေါင်းဖြစ်သော ဗာလမာနိဗာလ, ပဏ္ဍိတမာနိဗာလတို့

http://www.dhammadownload.com



၏ "ဗာလ"ဟူသော အမည်ကို အစိတ်ဖြစ်သော ပဏ္ဍိတ မာနိဗာလ၌တင်- ဧကဒေသျူ။

**န တေ အညဿ ပူဇံ ကရောန္တိ**-ကား အခြားပုဂ္ဂိုလ်တို့၌ ပူဇော်မှုကို မပြုဟုဆိုသဖြင့် မြတ်စွာဘုရားကိုသာ ပူဇော်မှုကို ပြု၏ဟု အနက်ရောက်သောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း မည်၏။

**ဒေဝါ**-ကား အပေါင်းဖြစ်သော နတ်မှန်သမျှတို့၏ "ဒေဝါ"ဟူသောအမည်ကို အစိတ်ဖြစ်သော မြတ်စွာဘုရားကို ပူဇော်သော နတ်၌တင်-- ဧကဒေသျူပစာ။

**အစဉ်းပိ ဒေဝါ**-၌ **ဒေဝါ**-ကား အပေါင်းဖြစ်သော နတ်ပြဟ္မာအားလုံးတို့၏ "ဒေဝါ" ဟူသောအမည်ကို အစိတ်ဖြစ်သော သဟမ္ပတိပြဟ္မာ-မှကြွင်းသော နတ်ပြဟ္မာအားလုံး၌တင်-- ဧကဒေသျူပစာ။ ပါရိသေသနည်း။

**ပရိနိဗ္ဗုတမ္ဘိ**-စသည်၌ အကြောင်းဖြစ်သော ကျောင်း၏ အမည်ကို အကျိုးဖြစ်သော အာရမ္မဏိက စိတ္တုပ္ပါဒ်၌တင်-- ကာရဏူပစာ။

➤ ၁၀။ **ဗိမ္ဗိသာရော**- ၌ ဗိမ္ဗိ-ကား ရွှေဟူသောအနက်ကို ဟောသည်။ ယင်း၏ ဝေဝစနဟာရကား - သဝဏ္ဏံ ကနကံ ဇာတ-ရူပံ သောဏ္ဏဉ္စ ကဥ္စနံ။ သတ္ထုဝဏ္ဏော ဟရိ ကမ္ဗုု၊ စာရုဟေမဉ္စ ဟာတကံ။

**ပတိဋ္ဌာပေတိ**-အရ သဒ္ဓါ ဒါန စေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ် ရ၏။

## ဝါကျ [၃၆]

(က) သမ္မာ သာမဉ္စ သစ္စဓမ္မာနံ ဗုဒ္ဓတ္တာ ပန သမ္မာသမ္ဗုဒ္ဓေါ။

(ခ) တဏှာ ဟေယျ သစ္စဓမ္မေ သမ္မာ သာမဉ္စ ဗုဒ္ဓေါ။

(ဂ) အဘိညေယျေ ဓမ္မေ အဘိညေယျတော ဗုဒ္ဓေါ၊ ပရိညေယျေ ဓမ္မေ ပရိညေယျတော, ပဟာတဗ္ဗေ ဓမ္မေ ပဟာတဗ္ဗတော, သစ္ဆိကာတဗ္ဗေ ဓမ္မေ သစ္ဆိကာတဗ္ဗတော, ဘာဝေတဗ္ဗေ ဓမ္မေ ဘာဝေတဗ္ဗတော။

(ဃ) တေနေဝ စာဟ -- အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။
ပဟာတဗ္ဗံ ပဟီနံ မေ၊ တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏာတိ။
(ဋ္ဌ၊၈၇။ မအ္ဋ-၂၇၁။ ဘာသာဋီ-၁၊၄၀၉။)

➤ ၁။ (စ) ဗြာဟ္မဏ၊သေလပုဏ္ဏား။ (ဝါ) ဗြဟ္မာယုပုဏ္ဏား။ မေ-မယာ၊ငါသည်။ အဘိညေယျံ၊ထူးသောဉာဏ်ဖြင့်သိအပ်သော ဒုက္ခသစ္စာကို။အဘိညာတံ၊ပြီး။ဘာဝေတဗ္ဗဉ္စ၊ပွားစေအပ်သော မဂ္ဂသစ္စာကိုလည်း။ဘာဝိတံ၊ပြီး။သစ္ဆိကာတဗ္ဗဉ္စ၊မျက်မှောက်ပြုအပ်သော နိရောဓသစ္စာကိုလည်း။သစ္ဆိကတံ၊ပြီး။ပဟာတဗ္ဗံ၊ပယ်အပ်သော သမုဒယသစ္စာကို။ပဟီနံ၊ပြီး။[စ-သဒ္ဒါကို အဝုတ္တသမုစ္စည်းကြံ၍. ပေးပုံတည်း]

အဘိညေယျံ၊ထူးသော ဉာဏ်ဖြင့် သိအပ်သော ဒုက္ခသစ္စာ နိရောဓသစ္စာကို။အဘိ

http://www.dhammadownload.com



ညာတံပြီ။ စသည်ပေး [စ-သဒ္ဒါကို ဝုတ္တသမုစ္စည်းကြံ၍ပေးပုံတည်း။]

➤ ၂။ (စ) သို့/ ဆရာသည် (က)ဖြင့် ကိုယ်တော်တိုင် မဖောက်မပြန် အလုံးစုံသော တရားတို့ကို သိတတ်သောကြောင့် သမ္မာသမ္ဗုဒ္ဓမည်၏ဟု ဖွင့်ပြအပ်၏။ သမ္မာသမ္ဗုဒ္ဓပုဒ်အားလျော်စွာ သမ္မာ သာမဉ္စ ဗုဒ္ဓတ္တာ-ဟု ဖွင့်က လိုအပ်သောအနက်ပြီးရာ သည် မဟုတ်ပါလော။ (တစ်နည်း) အနဝသေသ ဓမ္မတို့ကို အလုံးစုံ အကုန်အစဉ် မသိ သော် သဗ္ဗဓမ္မာနံ-ဟူသော ပုဒ်ကို မဆိုသင့်သည် မဟုတ်ပါလော။ (ဂဏ္ဌိ) ထိုသို့ဖြစ်လျက် သဗ္ဗဓမ္မာနံ-ဟု အပိုစွက်၍ ဖွင့်ခြင်းသည် အသို့သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ)ဖြင့် "ဒေသ သဗ္ဗဓမ္မေ သမ္မာ သာမဉ္စ ဗုဒ္ဓေါ"ဟု ပြဆိုပြီး၍ ယခုအခါ၌ သဗ္ဗဓမ္မေ-ဟု သာမန်ဆိုအပ်သော ဗုဇ္ဈနကြိယာ၏ ဝိသယဖြစ်သော ကံကို ခွဲခြားဝေဖန်၍ ပြခြင်းငှာ (ဂ)မိန့်။ (ဂဏ္ဌိသစ်)

[တစ်နည်း] ဤသို့ (က-ခ) တို့ဖြင့် မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် ခပ်သိမ်းသော တရားတို့ကို သိတော်မူတတ်သောကြောင့် သမ္မာသမ္ဗုဒ္ဓမည်၏ဟု ပြပြီး၍ ယခုအခါ၌ ခပ်သိမ်းသောတရားဟု သာမန်ဆိုခဲ့သော ဗုဇ္ဈနကြိယာ၏ ဝိသယ ကံပုဒ်ကို သရုပ်ထုတ်၍ ချဲ့ပြလိုရကား (ဂ) မိန့်။ (သာရတ္ထ)

(ဂ) သို့/ ဆရာ-သည် (ခ)ဖြင့် မြတ်စွာဘုရားသည် သဗ္ဗဓမ္မတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိ၏ဟု ဖွင့်ပြအပ်၏။ သိသောတရားနှင့် သိပုံ အခြင်းအရာကို အကျယ်အားဖြင့် မပြဆိုပြီလော။ အဘယ်တရားကို အဘယ်သို့သော အခြင်းအားဖြင့် သိအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဂ)ဖြင့် သဗ္ဗဓမ္မသရုပ်ကို အဘိဓေယျ စသည်ဖြင့် အကျယ်ပြပြီး၍ ယခုအခါ၌ ယင်းစကားရပ်ကို ဘုရားဟော ပါဠိတော်ဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (ဃ) မိန့်။

➤ ၃။ (ခ) သည် သဗ္ဗဓမ္မ အရကိုရင်း၊ သမ္မာ-အရ မဖောက်မပြန် အမှန်အတိုင်း သိပုံကိုရင်း အကျယ်ပြသောကြောင့် ဝိတ္ထာရ။/သမ္မာသမ္ဗုဒ္ဓေါ ၌ ဗုဓဓာတ်၏ ကံကို သဗ္ဗဓမ္မာနံ-ဟု ထည့်ဖွင့်ရာ၌ ယုတ္တိအားဖြင့် ခိုင်မြဲစေသောကြောင့် ယုတ္တိဒဋ္ဌီကရဏ။ (ဂ) သည် သဗ္ဗဓမ္မသရုပ်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။ (ဃ) သည် (ဂ)ဖြင့် သဗ္ဗဓမ္မ-အရ အဘိဓေယျ စသည်ယူရပုံကို အကိုးသာဓကဖြင့် ဖွင့်ပြသောကြောင့် အာဂမဒဋ္ဌီကရဏဝါကျ။ **စာစပ်** ။ ။ သဗ္ဗဓမ္မာနံကို ဗုဒ္ဓတ္တာ-ဝယ် ဗုဒ္ဓ-ဟူသော ဘာဝယောဂပုဒ်၌ ကမ္မ-ကမ္မီစပ်။

➤ ၄။ ဉာတဗ္ဗာတိ **ဆေယျာ**။ ယေ စတုသစ္စဓမ္မာ သမ္မာသမ္ဗုဒ္ဓေန ဉာတဗ္ဗာ ဣတိ တေ ဧယျာ။ ဉာဓာတ်+ဏျပစ္စည်း၊ ကမ္မသာဓန။ ဉာဓာတ်အရ ကတ္တုဌကား မြတ်စွာဘုရား၏ သစ္စာလေးပါးကိုသိသော မဂ်ဉာဏ်သည် မုချ။ ကမ္မဌ-ကား ထိုအား

http://www.dhammadownload.com



တပ်သော သစ္စာလေးပါးတရား၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ ဏျပစ္စည်းအရကား ထို--သော သစ္စာလေးပါးတရားတို့ ရ၏။

* အနိစ္စာဒိတော လက္ခဏရသာဒိတော စ အဘိဝိသိဋ္ဌေန ဉာဏေန ဉေ ယျာတိ **အဘိညေယျာ**။ တတိယာတပ္ပုရိသ်သမာသ်၊ အဘိ+ဉေ ယျာ။ အဘိအရကား ထူးသော ဉာဏ်သည်မှုချ။ ယင်း၏ သိအပ်သိသင့်သော သစ္စာလေးပါးတို့နှင့် အာရမ္မဏိက-အာရုံ အကျိုး-အကြောင်းစပ် ဌာန။ ပုဒ်လုံးအရကား ထို--သော အနိစ္စစသည်အားဖြင့်ရင်း၊ လက္ခဏ ရသ စသည်အားဖြင့်ရင်း ထူးသော ဉာဏ်ဖြင့် သိအပ်ကုန်သော သစ္စာလေးပါး တရားတို့ ရ၏။

* **အဘိညေယျတော-**၌ အဘိညေယျ-ကို ကောက်ခိုင်းလျှင် -- ဘာဝလောပပုဒ် ဖြစ်သောကြောင့် [ထိုသို့ပင် သစ္စာလေးပါးကို ရငြားသော်လည်း "အဘိညေယျ"ပုဒ်၏ ဘာဝလောပ (ဝါ) ဘာဝပ္ပဓာန်ပုဒ်ဖြစ်သောကြောင့် ထူးသောဉာဏ်ဖြင့် သိအပ်ကုန်သော သစ္စာလေးပါးတရားတို့၏ အဘိဇာနိတဗ္ဗဘောဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။] ဟု ဆက်ကောက်ပါ။

အဗုဇ္ဈိတိ ဗုဒ္ဓေါ၊ ဗုဒ္ဓသ ဘာဝေါ **ဗုဒ္ဓတ္တာ**။ ဗုဒ္ဓ တဒ္ဓိတ်ပုဒ်အရကား သိတတ်သော မြတ်စွာဘုရားသည် မှုချ။ ထို၏ တ္တပစ္စည်းအရ သိတတ်သည်၏ အဖြစ်ဟုဆိုအပ်သော အာရမ္မဏပစ္စယသတ္တိနှင့် နိဿယ/နိဿိတစပ် ဌာန။ တ္တ-ပစ္စည်းအရ ထို-သော သိတတ်သည်၏အဖြစ်ဟူသော သိခြင်း အာရမ္မဏပစ္စယသတ္တိ ရ၏။

ပရိဇာနိတဗ္ဗာတိ **ပရိညေယျာ**။ (တစ်နည်း) ပရိစ္ဆိန္ဒိတွာ ဉေယျာ ပရိညေယျာ။ (ဒုက္ခသစ္စာရ၏။) ပဟိယန္တေတိ **ပဟာတဗ္ဗာ**။ (သမုဒယသစ္စာ ရ၏။) သစ္ဆိကရီယန္တေတိ **သစ္ဆိကာတဗ္ဗာ**။ (နိရောဓသစ္စာ ရ၏။) ဘာဝီယန္တေတိ **ဘာဝေတဗ္ဗာ**။ (မဂ္ဂသစ္စာ ရ၏။)

➤ ၆။ (က) ၌ သာမံဖြင့် သမ္မာသမ္ဗုဒ္ဓေါ-၌ သံသဒ္ဒါသည် သမောဓာန, သဒ်ပ-စသော အနက်တို့ကိုမဟော၊ သာမံ (ဝါ) သယံ (ကိုယ်တိုင်) အနက်ကို ဟောသည်ဟု သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္တ) သာမဥ္စ၌ စသဒ္ဒါဖြင့် ကိုယ်တိုင်သာလျှင် သိသည်၊ သူများပြော၍ သိသည်မဟုတ်ဟူသော အဝဓာရဏတ္တကို သိစေပါသည်။ (ဘာဝတ္ထ)

(တနည်း) စသဒ္ဒါဖြင့် သာမံဗုဒ္ဓ-ကိုယ်တိုင်သိရုံသာမက၊ သမ္မာဗုဒ္ဓ-မှန်မှန်ကန်ကန် လည်း သိသည်ဟူသော သမ္ပိဏ္ဍနတ္တကို သိစေပါသည်။ (ဘာဝတ္ထ)

ဗုဒ္ဓတ္တာဖြင့် ဗုဒ္ဓေါ၌ ဗုဓာတ်၊ တပစ္စည်း၊ ယင်း တ-ပစ္စည်းသည် ကတ္တားအနက်၌ သက်သည်ဟု သိစေပါသည်။ (ဒု-ပစ္စယတ္ထ) (က) တဝါကျလုံးဖြင့် သမ္မာ သာမဥ္စ သစ္စာနိ အဗုဇ္ဈိတိ သမ္မာသမ္ဗုဒ္ဓေါ-ဟု ကတ္တုသာဓန-ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ)

သဗ္ဗမ္မောနံဖြင့် သိ၏ဟူသည် အလုံးစုံသောတရားတို့ကို သိ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဂ) ဖြင့် သဗ္ဗဓမ္မ-အရ အဘိညေယျဓမ္မ, ပရိညေယျဓမ္မ, ပဟာတဗ္ဗဓမ္မ, သစ္ဆိကာတဗ္ဗဓမ္မ, ဘာဝေတဗ္ဗဓမ္မအာလုံးကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➤ ၇။ **သစ္ဆိကာတဗ္ဗ/သစ္ဆိကာတဗ္ဗ** ။ ။ ကွသ ဆ္တတ္တံ သစ္ဆိ၊ သကွိ။ သဟ အကွိနာ ဝတ္တတိ အတ္ထေ နိပါတော၊ ပစ္စက္ခတ္ထိ အတ္ထော။ နိဗ္ဗာနံ သစ္ဆိကရောတိ ဟူသော နိရုတ္တိဒီပနီကိုထောက်၍ သကွိကာတဗ္ဗေ-ဟု ဆိုလိုလျက် ကွ-ကို ဆ္ပြု၍ ရုပ်ပြီးရကား သစ္ဆိကာတဗ္ဗေ-ပါဌ်သင့်ပါသည်။

**ပဟီန/ပဟီန/ပဟီဏ/ပဟီဏ** ။ ။ ဟာ စာဂေ "ကွစိဓာတူ"တိအာဒိနာ ဟာဒိတော ဤဏာဒေသေ ဏကာရဿ နတ္တံ၊ ပဟီယိတ္ထာတိ ပဟီနော ဟူသော ရူပသိဒ္ဓိကိုထောက်၍ ပပုဗ္ဗ ဟာဓာတ် တ-ပစ္စည်း၊ တ-ပစ္စည်းကို ဤဏပြု၊ ဏ-ကို န-ပြု၍ ရုပ်ပြီးသောကြောင့် ပဟီန-ပါဌ်သာ သင့်ပါသည်။

**သဗ္ဗဓမ္မာနံ/သဗ္ဗဓမ္မေ** ။ ။ သဗ္ဗဓမ္မာနန္တိ အနဝသေသာနံ နေယျဓမ္မာနံ-ဟု သာရတ္ထ၌ ဆိုသောကြောင့် သဗ္ဗဓမ္မာနံ-သာ သင့်သည်။

➤ ၈။ **ဘာဝေတဗ္ဗဥ္စ ဘာဝိတံ** -ဟူသောနည်းသည် ဘာဝေတဗ္ဗံ (ဘာဝိတံ)ဟူသော အကြောင်း မဂ္ဂသစ္စာကို ဆိုသဖြင့် သစ္ဆိကာတဗ္ဗ (သစ္ဆိကတ)ဟူသော အကျိုး နိရောဓသစ္စာကိုလည်း ရသောကြောင့် နာနန္တရိကနည်း။ အကြောင်းဖြစ်သော မဂ္ဂသစ္စာ၏ "ဘာဝေတဗ္ဗ (ဘာဝိတ)" အမည်ကို အကျိုးဖြစ်သော နိရောဓသစ္စာ၌တင်- ကာရဏူပစာ။

**ပဟာတဗ္ဗံ ပဟီနံ**-ဟူသော နည်းသည် ပဟာတဗ္ဗံ (ပဟီနံ)ဟူသော အကြောင်းကို ဆိုသဖြင့် ပရိညာတဗ္ဗ (ပရိညာတ) ဟူသော အကျိုး ဒုက္ခသစ္စာကိုလည်း ရသောကြောင့် နာနန္တရိကနည်း။ အကြောင်းဖြစ်သော သမုဒယသစ္စာ၏ ပဟာတဗ္ဗ (ပဟီန) အမည်ကို အကျိုးဖြစ်သော ဒုက္ခသစ္စာ၌တင်-- ကာရဏူပစာ။

**အဘိညေယျံ**-ဟူသောနည်းသည် ဆိုလတ့်သော ဘာဝေတဗ္ဗဥ္စ ဘာဝိတံ-အရ မဂ္ဂသစ္စာ, ပဟာတဗ္ဗံ ပဟီနံ- အရ သမုဒယသစ္စာမှကြွင်းသော ဒုက္ခသစ္စာ နိရောဓသစ္စာကို အဘိညေယျ-အရ ယူရသောကြောင့် ပါရိသေသနည်း မည်၏။ အပေါင်းဖြစ်သော သစ္စာ ၄-ပါး၏ "အဘိညေယျ" အမည်ကို အစိတ်ဖြစ်သော ဒုက္ခသစ္စာ နိရောဓသစ္စာ၌တင်-- ဧကဒေသျူပစာ။

**ပဟာတဗ္ဗ ဓမ္မ**-- ကား ပြဋ္ဌာန်းသော သမုဒယသစ္စာကို ဆိုသဖြင့် မပြဋ္ဌာန်းသော အဝိဇ္ဇာ-စသော သမုဒယအဖို့တွင် ပါဝင်သော အကုသိုလ်တရားတို့ကိုလည်း ရသောကြောင့် ပဓာနနည်း။ (နာနန္တရိကနည်း၊ သဟစရဏနည်း)

**သစ္ဆိကာတဗ္ဗ ဓမ္မ**-- ကား အစိတ်ဖြစ်သော နိဗ္ဗာန်၏ သစ္ဆိကာတဗ္ဗဓမ္မ အမည် ကို အပေါင်းဖြစ်သော နိဗ္ဗာန်နှင့်တကွ ဖိုလ်လေးပါးအပေါ်၌တင်-- ဧကဒေသူပစာ။ ဥပလက္ခဏနည်း။ / အကြောင်း အာရုံ နိဗ္ဗာန်၏ "သစ္ဆိကာတဗ္ဗ" အမည်ကို အကျိုး

http://www.dhammadownload.com



အာရမ္မဏိကဖြစ်သော ဖိုလ်၌တင်-- ကာရဏူပစာ။

**သစ္စဓမ္မာနံ** -ကား ဆဋ္ဌီဝိဘတ်မှ ဒုတိယာဝိဘတ်သို့ ပြန်သောကြောင့် ဝိဘတ္တိဝိပလ္လာသနည်းမည်၏။

➤ ၁၀။ **ပဟာတဗ္ဗ**-အရ သမုဒယသစ္စာဟူသော လောဘကိုယူ။

**အဘိညေယျ**-အရ သစ္စာလေးပါးကိုယူ။

## ဝါကျ [၃၇]

**(က) ဝိဇ္ဇာဟိ ပန စရဏေနစ သမ္ပန္နတ္တာ ဝိဇ္ဇာစရဏသမ္ပန္နော။**

**(ခ-၁) တတ္ထ ဝိဇ္ဇာတိ တိဿောပိ ဝိဇ္ဇာ အဋ္ဌပိ ဝိဇ္ဇာ။**

**(ခ-၂) တိဿော ဝိဇ္ဇာ ဘယဘေရဝသုတ္တေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ၊ အဋ္ဌ ဝိဇ္ဇာ အမ္ဗဋ္ဌသုတ္တေ။ (ခ-၃) တတြ ဟိ ဝိပဿနာဉာဏေန မနောမယိဒ္ဓိယာစ သဟ ဆ အဘိညာ ပရိဂ္ဂဟေတွာ အဋ္ဌ ဝိဇ္ဇာ ဝုတ္တာ။**

**(ဂ) စရဏန္တိ သီလသံဝရော ဣန္ဒြိယေသု ဂုတ္တဒွါရတာ ဘောဇနေ မတ္တညုတာ ဇာဂရိယာနုယောဂေါ သတ္တ သဒ္ဓမ္မာ စတ္တာရိ ရူပါဝစရဇ္ဈာနာနီတိ ဣမေ ပန္နရသ ဓမ္မာ ဝေဒိတဗ္ဗာ။**

**(ဃ-၁) ဣမေယေဝ ဟိ ပန္နရသ ဓမ္မာ, ယသ္မာ ဧတေဟိ စရတိ အရိယသာဝကော ဂစ္ဆတိ အမတံ ဒိသံ။ (ဃ-၂) တသ္မာ စရဏန္တိ ဝုတ္တာ။**

**(င) ယထာဟ "ဣဓ မဟာနာမ အရိယသာဝကော သီလဝါ ဟောတီ"တိ ဝိတ္ထာရော။ (စ) ဘဂဝါ ဣမာဟိ ဝိဇ္ဇာဟိ ဣမိနာစ စရဏေန သမန္နာဂတော၊ တေန ဝုစ္စတိ ဝိဇ္ဇာစရဏသမ္ပန္နောတိ။**

**(ဆ) တတ္ထ ဝိဇ္ဇာသမ္ပဒါ ဘဂဝတော သဗ္ဗညုတံ ပူရေတွာ ဌိတာ၊ စရဏသမ္ပဒါ မဟာကာရုဏိကတံ။** (ဋ္ဌ၊၈၈။မအ္ဋ-၂၇၆။ဘာဋီ-၁၄၁၂။)

➤ ၁။ **သမ္ပန္နတ္တာ**-တကွဖြစ်တော်မူသည်၏အဖြစ်ကြောင့်။ (သဒ္ဒတ္ထ) ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်။ (သဒ္ဒတ္ထ) မချို့ယွင်းသည်၏ အဖြစ်ကြောင့်။ (အဓိပ္ပါယတ္ထ)

**အရိယသာဝကော**-အရိယာဖြစ်သော သာဝကသည်။ (ဝါ) အရိယာဖြစ်တော်မူသော သဗ္ဗညုဘုရား၏ သာဝကသည်။ (ဝါ) အရိယာ အဖြစ်သို့ရောက်သော သာဝကသည်။

**စရဏံ**- အရိယာသာဝက၏ နိဗ္ဗာန်အရပ်သို့ သွားရောက်ကြောင်းအကျင့်။

➤ ၂။ **(စ) သို့/** ဆရာသည် (က)ဖြင့် ဝိဇ္ဇာတို့နှင့်ရင်း၊ စရဏတို့နှင့်ရင်း ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နမည်သောဟု ဆို၏။ ယင်း၌ ဝိဇ္ဇာသရုပ်ကား အဘယ်ပါနည်း။ ဝိဇ္ဇာသရုပ်ကို အကျယ် မပြပြီလော။ စုဒ်ကြောင့် (ခ) မိန့်။

**(စ-ခ) သို့/** ဆရာ-သည် (က)ဖြင့် ဝိဇ္ဇာစရဏပုဒ်၏ သမာသ်ဝစနတ္ထအနက်ကို

http://www.dhammadownload.com



ဖွင့်ပြအပ်၏။ ဝိဇ္ဇာ-ဟူသော သရူပဝန္တ၊ သချေ်ယျ၊ ပရိစ္ဆိန္နတဗ္ဗဖြစ်သော တရားသည် သရုပ် သချာ ပရိစ္ဆေဒနှင့် မကင်းရာသည် မဟုတ်ပါလော။ ထို့ကြောင့် ဝိဇ္ဇာ၏ သရုပ် သချာ ပရိစ္ဆေဒကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ-၁) မိန့်။

(ခ-၁) **အနုသန္ဓ** ။ ။ ဤသို့ (က)ဖြင့် ဝိဇ္ဇာတို့နှင့်ၚင်း၊ စရဏတို့နှင့်ၚင်း ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့် "ဝိဇ္ဇာစရဏသမ္ပန္န" မည်၏ဟု ပြတော်မူပြီး၍၊ ယခုအခါ၌ "ဝိဇ္ဇာစရဏသမ္ပန္န" ပုဒ်တွင် ဝိဇ္ဇာသရုပ်ကို ပြလိုရကား (ခ-၁) ကိုမိန့်။

(ခ-၂) သို့/ ဆရာသည် (ခ-၁)ဖြင့် ဝိဇ္ဇာဟူသည် သချာအားဖြင့် သုံးပါး (တစ်နည်း) ရှစ်ပါးရှိ၏ဟု ဖွင့်ပြအပ်၏။ ဆရာ့စကားသည် အသို့လျှင် အသင့်ယုတ္တိ ရှိနိုင်ပါအံ့နည်း။ သချေ်ယျ သရူပဝန္တဖြစ်သော တရားသည် ဝိဇ္ဇာ တစ်မျိုးတည်းဖြစ်လျက် သရုပ် သချာသည် သုံးပါး (တစ်နည်း) ရှစ်ပါးဟူ၍ မကွဲပြားသင့်သည် မဟုတ်ပါလော။ ဆရာ့အား သချာ သချေ်ယျ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ-၂) ကိုမိန့်။

(ခ-၂) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ခ-၁) ဖြင့် ဝိဇ္ဇာသရုပ်ကို ဖွင့်ပြပြီး၍ ယခုအခါ၌ ယင်းဝိဇ္ဇာတို့၏ အကျယ်ကို ညွှန်းပြလိုရကား (ခ-၂) ကိုမိန့်။

(ခ-၃) သို့/ ဆရာသည် (ခ-၂) ဖြင့် ဝိဇ္ဇာရှစ်ပါးကို အမ္ဗဋ္ဌသုတ်၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သိထိုက်၏ဟု ဖွင့်ပြအပ်၏။ ယင်းသို့ဆိုသော် အမ္ဗဋ္ဌ သုတ်၌ ဝိဇ္ဇာရှစ်ပါးကို မဟောသော် ဆရာ့စကားသည် မသင့်ရာသည် မဟုတ်ပါလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ခ-၃) မိန့်။

(ဃ) သို့/ **ဒေါသာရောပနစောဒနာ** ။ ။ ဆရာသည် (ဂ)ဖြင့် သီလသံဝရ-စသော ၁၅-ပါးသော တရားတို့ကို စရဏဟူ၍ သိအပ်သောဟုဆို၏။ ဤ (၁၅)ပါးထက်လွန်သော တရားတို့ကိုလည်း စရဏဟူ၍ ဆိုကောင်းသည် မဟုတ်ပါလော။ (အဓိကအာဘော်) (တစ်နည်း) ဤ (၁၅) ပါးမှတစ်ပါးသော တရားတို့ကိုလည်း စရဏဟူ၍ပင် ဆိုကောင်းသည် မဟုတ်ပါလော။ (အညစောဒနာ) အဘယ့်ကြောင့် ဤ(၁၅)ပါးသော တရားတို့ကိုသာ စရဏဟူ၍ ဆိုအပ်ပါသနည်း။ စရဏဟူ၍ ဆိုရခြင်း၏အကြောင်းကို မပြဆိုခဲ့သော် ဆရာ့အား ဖလ ကာရဏဆန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ (ဃ) မိန့်။

**ကား**-- (ဃ) ဖြင့် ဤ(၁၅)ပါးသော တရားတို့ဖြင့် အရိယာသာဝသည် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် ဤတရားတို့ကိုသာ စရဏဟူ၍ ဆိုအပ်ကုန်၏ဟု ငါပြဆိုသည် ဖြစ်သောကြောင့် သင်တင်သော ဝိရောဓိဒေါသ ငါ့အပေါ်၌ မရောက်၊ ကင်းစင်လွင့်ပျောက်ပါ၏ဟူလို။

**စာစပ်** ။ ။ ဓမ္မာ-ပုဒ်၏ စပ်ရာပုဒ်ကား (င) ဝါကျရှိ "ဝုတ္တာ" ဖြစ်ပါသည်။ ယသ္မာ-ပုဒ်၏ စပ်ရာပုဒ်ကား စရတိ၊ ဂစ္ဆတိ-တို့ ဖြစ်ပါသည်။

(င) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ဂ)ဖြင့် သီလသံဝရ-စသော (၁၅) ပါးသော တရားတို့

http://www.dhammadownload.com



သည် စရဏမည်၏ဟု ပြပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကို ပြီးစေခြင်းငှာ အာဂုံပါဌ်ကို ပြလိုရကား (င) ကိုမိန့်။

(ဆ) ၁၅/ ဆရာ-သည် ဆိုအပ်ခဲ့ပြီးသော ဝါကျတို့ဖြင့် မြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ (၁၅)ပါးတို့နှင့် ပြည့်စုံသည်၏အဖြစ်ကို ဖွင့်ပြအပ်၏။ သာဝကတို့၌ လည်း ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းကို ရအပ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ် အထူးရှိ၍ ဘုရားရှင်ကိုသာ ဝိဇ္ဇာ စရဏသမ္ပန္နဟူ၍ ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဆ)မိန့်။ အား-- ဝိဇ္ဇာစရဏတို့နှင့် ပြည့်စုံခြင်းကို သာဝကတို့၌ ရအပ်ပါသော်လည်း ဘုရားရှင်၏ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းသည် သာဝကတို့နှင့်မတူ၊ ဝိဇ္ဇာသမ္ပဒါသည် သဗ္ဗညုတဉာဏ်ကို ပြည့်စုံစေ၍ တည်၏၊ စရဏသမ္ပဒါသည် မဟာကရုဏာသမာပတ်ကို ပြည့်စုံစေ၍ တည်၏၊ ဤသို့ သာဝကတို့၏ ဝိဇ္ဇာစရဏသမ္ပဒါထက် ထူးသောကြောင့် ဘုရားရှင်ကိုသာ ဝိဇ္ဇာစရဏသမ္ပန္နဟူ၍ ဆိုအပ်၏ဟူလို။

➤ ၃။ (ခ-၁) သည် ဝိဇ္ဇာ-အရ သရုပ် သချာကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (ခ-၂) သည် ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး ရှိနိုင်ပုံ အသင့်ယုတ္တိကို ပြသောကြောင့် ယုတ္တိဒဋ္ဌိ ဝါကျ။ (ခ-၃) သည် အမ္ဗဋ္ဌသုတ်၌ ဝိဇ္ဇာရှစ်ပါး ဟောဆိုပုံ အသင့်ယုတ္တိကို ပြသောကြောင့် ယုတ္တိဒဋ္ဌိဝါကျ။ (ဂ) သည် ဝိဇ္ဇာ သရုပ်မှ တစ်ပါး စရဏ သရုပ်ကိုပြသောကြောင့် ပက္ခန္တရ။ (ဃ-၁) သည် (င) ဝါကျ၏ အကြောင်းကိုပြသောကြောင့် ကာရဏဝါကျ။ (ဃ-၂) သည် (ဃ-၁) ၏ အကျိုးကိုပြသောကြောင့် ဖလဝါကျ။ (ဃ) စရဏမည်ခြင်း၏ အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ၊ ဒဋ္ဌိကရဏဝါကျ။ (င) အာဂမဒဋ္ဌိကရဏ။ (စ) နိဂမ။

(ဆ) သာဝကတို့၏ ဝိဇ္ဇာစရဏသမ္ပန္နထက် ထူးခြားမှုကို အကျယ်အားဖြင့်ပြသောကြောင့် ဝိတ္ထာရ (တစ်နည်း) ဝိသေသဝါကျ။ **စာစပ်** ။ ။ တတ္ထ-ကား တို့တွင်--ကြောင့် ဝိဇ္ဇာသမ္ပဒါ၌ နိဒ္ဓါရဏသမုဒါယ-နိဒ္ဓါရဏီယစပ်။

➤ ၄။ ဝိဒိတံ ကရောတီတိ **ဝိဇ္ဇာ**။ ဝိဒတ္ထိ ဇာနန္တီတိ ဝိဇ္ဇာ။ ဝိဒဓာတ်အရ သိခြင်းလက္ခဏာ သိခြင်းသဘောသည် မုချ။ ဏျ-ပစ္စည်းအရ လက္ခဏာဝန္တ သဘာဝဝန္တဖြစ် သော ဝိဇ္ဇာသုံးပါး (တစ်နည်း) ဝိဇ္ဇာရှစ်ပါး ရ၏။

စရတိ ဧတေနာတိ **စရဏံ**။ စရဓာတ်အရ ကတ္တုဋ္ဌကား နိဗ္ဗာန်သို့ သွားတတ်သော အရိယာ သာဝက၏ သဒ္ဓါ ပညာ ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကရဏတ္ထကား အကျင့် စရဏ၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူ။ ယု-ပစ္စည်းအရ ထို--သော စရဏ (၁၅)ပါး ရ၏။

စရတိ ဂစ္ဆတိ အမတံ ဒိသံ ဧတေဟီတိ **စရဏံ**။ ဧတေဟိ၊ထိုသီလ-စသော ၁၅-ပါး သော တရားတို့ဖြင့်။အရိယသာဝကော၊သည်။အမတံ၊သေခြင်းမရှိသော။ဒိသံ၊နိဗ္ဗာန်သို့။ စရတိ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ တသ္မာ၊ထိုသို့ အရိယာသာဝက၏ သေခြင်းမရှိသော

http://www.dhammadownload.com



နိဗ္ဗာန်သို့ သွားကြောင်း၏ အဖြစ်ကြောင့်။တေဓမ္မာ၊ထိုသီလ-စသော ၁၅-ပါးသော တရားတို့သည်။စရဏံ၊စရဏမည်၏။ ကရဏာသာဓနေ၊ စရ+ယု။ စရဓာတ်၏အရ ကတ္တုရှ ကြိယာအရကား သေခြင်းမရှိသော နိဗ္ဗာန်သို့ သွားတတ်သော အရိယာသာဝက၏ မဂ် ဖိုလ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကရဏတ္ထကား ထိုအားတပ်သော စရဏ (၁၅)ပါး ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ယုပစ္စည်းအရ ထို--သော စရဏ (၁၅)ပါး ရ၏။

ဝိန္ဒိယံ ဝိန္ဒတီတိ **ဝိဇ္ဇာ**။ယာ ဓမ္မဇာတိ၊သည်။ဝိန္ဒိယံ၊သဘောအားဖြင့် ရအပ်သော ဓမ္မတို့၏ လက္ခဏာကို။ဝိန္ဒတိ၊ရတတ်၏။ဣတိ သာ ဝိဇ္ဇာ။ (ဝိဒ+ဏျ) [ဝိဇ္ဇာ ၈-ပါးရ၏။] အတ္တနော ဝါ ပဋိပက္ခံ ဝိဇ္ဈနဋ္ဌေန **ဝိဇ္ဇာ**။ အတ္တနော၊မိမိ၏။ပဋိပက္ခံ၊ဆန့်ကျင်ဘက် ကို။ဝိဇ္ဈနဋ္ဌေန၊ဖောက်ခွဲတတ်သော အနက်သဘောကြောင့်။ဝိဇ္ဇာ၊မည်၏။အတ္တနော ပဋိ ပက္ခံ ဝိဒလတိ ဝိဇ္ဈတီတိ ဝိဇ္ဇာ။ (ဝိ-ဒလ+ဏျ) [ဝိဒလတိ ဝိဇ္ဈတိ၊ဖောက်ခွဲတတ်၏။] အတ္တနော ဝိသယံ ဝိဒိတံ ကရောတီတိ **ဝိဇ္ဇာ**။ အတ္တနော၊၏။ဝိသယံ၊အလိုကို။ဝိဒိတံ၊ ထင် ရှားသည်ကို။ကရောတိ၊၏။ဣတိ ဝိဇ္ဇာ။ (ကရောတိတဒ္ဓိတ်)

ဝိဇ္ဇာစ စရဏဉ္စ ဝိဇ္ဇာစရဏံ။ သမ္ပန္နတိ သမန္တာ ဂစ္ဆတီတိ သမ္ပန္နော။ (သံ-ပဒ+တ) ဝိဇ္ဇာစရဏေန သမ္ပန္နော **ဝိဇ္ဇာစရဏသမ္ပန္နော**။

ဝိဇ္ဇာစရဏဟူသော ဝိသေသနပုဒ်အရကား ဝိဇ္ဇာစရဏတရားသည် မုချ။ ထို--၏ ဘုရားရှင်နှင့် ဂုဏ် ဂုဏေး၊ သံ သာမီစပ် ဌာန္တူ၊ ပုဒ်လုံးအရကား ထို--သော ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ရ၏။

မနေန နိဗ္ဗတ္တံ **မနောမယံ**။ မနေန၊ဈာန်စိတ်ကြောင့်။နိဗ္ဗတ္တံ၊ဖြစ်သည်တည်း။နိဗ္ဗတ္တ တဒ္ဓိတ်။ မန+မယ။ (အစိတ်) မန-အရ ဈာန်စိတ်သည် မုချ။ ယင်း၏ ခန္ဓာကိုယ်ဖြစ်နှင့် အကြောင်း အကျိုး/သာဓက သာဓျ စပ် ဌာန္တူ၊ မယပစ္စည်းအရ ထို--သော ဈာန်စိတ် ကြောင့်ဖြစ်သော "ရူပီ မနောမယ သဗ္ဗင်္ဂပစ္စင်္ဂ အဟီနိန္ဒြိယ" ခန္ဓာကိုယ်ဖြစ် ရ၏။

မနောမယဿ နိဗ္ဗတ္တိဝသေန ပဝတ္တာ ဣဒ္ဓိ **မနောမယိဒ္ဓိ**။ မနောမယဿ၊ "ရူပီ မနောမယ သဗ္ဗင်္ဂပစ္စင်္ဂ အဟီနိန္ဒြိယ" ခန္ဓာကိုယ်၏။နိဗ္ဗတ္တိဝသေန၊ဖြစ်ပေါ်လာခြင်း၏ အစွမ်းဖြင့်။ပဝတ္တာ၊ဖြစ်သော။ဣဒ္ဓိ၊တန်ခိုးတည်း။မနောမယိဒ္ဓိ--တန်ခိုး။ မဇ္ဈေလောပီ ဆဋ္ဌီတပ္ပုရိသ်သမာသ်၊ မနောမယ+ဣဒ္ဓိ။ မနောမယ-အရကား ဈာန်စိတ်ကြောင့်ဖြစ်သော "ရူပီ မနောမယ သဗ္ဗင်္ဂပစ္စင်္ဂ အဟီနိန္ဒြိယ" ခန္ဓာကိုယ်သည် မုချ။ ယင်း၏ ဈာနသမ္ပယုတ္တ ပညာဟူသော တန်ခိုးဖြစ်နှင့် အကျိုး အကြောင်း/သာဓျ သာဓကစပ် ဌာန္တူ၊ ပုဒ်လုံးအရ ထို--သော ဈာန်စိတ်ကြောင့်ဖြစ်သော "ရူပီ မနောမယ သဗ္ဗင်္ဂ ပစ္စင်္ဂ အဟီနိန္ဒြိယ" ခန္ဓာ ကိုယ်၏ ဖြစ်ခြင်း၏အစွမ်းဖြင့်ဖြစ်သော ဈာနသမ္ပယုတ္တ ပညာဟူသော တန်ခိုးရ၏။

ဝိဒိတံ ပဿတီတိ ဝိပဿနာ၊ ဇာနန္တီတိ ဉာဏံ။ ဝိပဿနာမေဝ ဉာဏံ **ဝိပဿနာ ဉာဏံ**။ ဝိပဿနာ-အရ အထူးထူး အပြားပြား ရှုတတ်သည်၏အဖြစ်ဟူသော သမ္မာဝနာ

http://www.dhammadownload.com



ဘောဂုဏ်သည် မုချ။ ထို--၏ ဉာဏ်နှင့် ဂုဏ်- ဂုဏေးစပ် ဌာန္။ ပုဒ်လုံးအရ ထို--သော ဝိပဿနာဉာဏ် ရ၏။ * ဣဒ္ဓိတိ ဓေတာယာတိ ဣဒ္ဓိ။

ဂေါပိယတေတိ ဂုတ္တံ။ ဂုတ္တဒွါရံ ယေနာတိ ဂုတ္တဒွါရော။ ဂုတ္တဒွါရဿ ဘာဝေါ ဂုတ္တဒွါရတာ။ ဂုတ္တဒွါရ တဒ္ဓိတ်အရ စောင့်ရှောက်အပ်သော စက္ခု- စသော ဒွါရရှိသူသည် မုချ။ ထို--၏ တာပစ္စည်းအရ စောင့်ရှောက်အပ်သော ဒွါရရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ သတိနှင့် နိဿယ-နိဿိတစပ် ဌာန္။ တာ အရ စောင့်ရှောက်အပ်သော ဒွါရရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ သတိ ရ၏။

သဗ္ဗံ ဇာနာတီတိ သဗ္ဗညူ။ သဗ္ဗညုနော ဘာဝေါ သဗ္ဗညုတာ။ သဗ္ဗ ဝိသေသန ပုဒ်အရ အလုံးစုံသော ဉေယျတရားသည် မုချ။ ထို-၏ မြတ်စွာဘုရားနှင့် အာရုံ အာရမ္မဏိက စပ် ဌာန္။ ညတ်အရ အလုံးစုံသော ဉေယျတရားကို သိတတ်သော ဉာဏ်သည် မုချ။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ်တို့သည် ဖလူ။ နောက်နောက်၌ ဖြစ်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ် အာသယာနုသယဉာဏ်တို့သည် ကာရဏူပစာ။ သမာသ်ပုဒ်လုံးအရလည်းဖြစ်သော ရုပစ္စည်းအရကား ထို--သော မြတ်စွာဘုရား ရ၏။

ဒုက္ခနိတ္ထရဏတ္ထိကေဟိ ဒဋ္ဌဗ္ဗာတိ **ဒိသာ**။ ဒုက္ခနိတ္ထရဏတ္ထိကေဟိ၊ဆင်းရဲမှ ထွက်မြောက်လိုကုန်သောသူတို့သည်။ဒဋ္ဌဗ္ဗာ၊ရှုအပ်၏။ ကမ္မသာဓန၊ ဒိသိ+အ-အာ။

ဒိသဓာတ်အရ ကတ္တုဋ္ဌကား ဒုက္ခမှ ထွက်မြောက်လိုသူတို့၏ ဉာဏ် ဝီရိယပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌကား နိဗ္ဗာန်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော နိဗ္ဗာန် ရ၏။

ဒိသာ ဝိယာတိ **ဒိသာ**။ ဒိသာ-တဒ္ဓိတ်အရ အရပ်မျက်နှာသည် မုချ။ ထို--၏ အပစ္စည်းအရ နိဗ္ဗာန်နှင့် သဒိသီ-သဒိသစပ် ဌာန္။ အ-ပစ္စည်းအရကား ထို--သော နိဗ္ဗာန် ရ၏။ *ဒုက္ခနိတ္ထရဏတ္ထိကေဟိ ဒဋ္ဌဗ္ဗာတိ ဒိသာ-ဟုပြုလျှင် နိဗ္ဗာန်သည် မုချ။ ပုရိသေဟိ ဒဋ္ဌဗ္ဗာတိ ဒိသာ-ဟု ပြုလျှင် အရပ်မျက်နှာသည် မုချ။ နိဗ္ဗာန်ကား သဒိသူပစာ။*

သံဝရိယတိ ဧတေနာတိ **သံဝရော**။ သီလမေဝ သံဝရော **သီလသံဝရော**။ သီလဿ သံဝရော **သီလသံဝရော**။ မဂ္ဂံ ဇာနာတီတိ **မဂ္ဂညူ**။ မဂ္ဂညုနော ဘာဝေါ **မဂ္ဂညုတာ**။ ဇာဂရောတီတိ **ဇာဂရော**။ ဇာဂရဿ ဘာဝေါ **ဇာဂရိယံ**။ ဇာဂရိယေ အနုယောဂေါ **ဇာဂရိယာနုယောဂေါ**။ သတံ ဓမ္မော **သဒ္ဓမ္မော**။ နတ္ထိ မတံ ဧတ္ထာတိ **အမတံ**။ မဟာတိ ကရုဏာ ယဿာတိ **မဟာကာရုဏိကော**။ မဟာကာရုဏိကဿ ဘာဝေါ **မဟာကာရုဏိကတာ**။ အရိယောစ သော သာဝကောစာတိ **အရိယသာဝကော**။ အရိယဿ သာဝကော **အရိယသာဝကော**။[အရိယဿ၊အရိယာအစစ်ဖြစ်တော်မူသော ဘုရား၏။သာဝကော၊ တပည့်တည်း။ မြတ်စွာဘုရားတပည့်။] (ပုထုဇဉ်အရိယာ)

http://www.dhammadownload.com



အရိယံ အရိယဘာဝံ ပတ္တော သာဝကော **အရိယသာဝကော**။

➢ ၆။ (က) ဖြင့် ဝိဇ္ဇာနှင့် စရဏကို ဝိဇ္ဇာစ စရဏဉ္စ ဝိဇ္ဇာစရဏံ-ဟု ဒွန်သမာသ် ဝစနတ္ထပြု--ၡင်း (အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ) ဝိဇ္ဇာစရဏနှင့် သမ္ပန္နကို ဝိဇ္ဇာစရဏေန သမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္နော-ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ၡင်း (အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ) သိစေသည်။

(ခ) ဖြင့် ဝိဇ္ဇာ-အရ ဝိဇ္ဇာ ၃-ပါး ဝိဇ္ဇာ ၈-ပါးကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ဖြင့် စရဏ-အရ သီလသံဝရ-စသော ၁၅-ပါးကို ကောက်ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဃ) ၌ ဧတေဟိ စရတိဖြင့် စရဏံ-၌ စရဓာတ်၏--ၡင်း (ဒု-ဓာတုပဒ) စရဏံပုဒ်ကို စရတိတိ စရဏံ-ဟု ကတ္တုသာဓနဲ ဝစနတ္ထ မပြုရ၊ စရတိ ဧတေနာတိ စရဏံ-ဟု ကရဏသာဓနဲ--ၡင်း (အဘိဓာနတ္ထ) ယုပစ္စည်းသည် ကတ္တုသာဓနအနက်၌ မသက်၊ ကရဏသာဓနအနက်၌--ၡင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။ ဂစ္ဆတိ-ဖြင့် စရတိ၌ စရဓာတ်သည် ဘက္ခန(စားခြင်း)အနက်ကို မဟော၊ ဂတိ(သွားခြင်း)အနက်ကိုဟောသတည်းဟု သိစေပါသည်။(ဒု-ဓာတွတ္ထ) အရိယသာဝကောဖြင့် စရတိ ဂစ္ဆတိ-၌ သွားတတ်၏ဟူသည် အရိယာသာဝကသည် သွားတတ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

အမတံ ဒိသံဖြင့် စရတိ-၌ သွား၏ဟူသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ သွားတတ်သည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➢ ၇။ **တိဿော/တဿော** ။ ။ ဝိဇ္ဇာ-ကား ဣတ္ထိလိင်ဖြစ်သည်၊ တိ စတုန္နံသုတ်ဖြင့် ဝိဘတ်နှင့်တကွ တိသဒ္ဒါသဒ္ဒါကို တိဿောပြုခြင်းသည် ဣတ္ထိလိင်အရာ၌သာ ဖြစ်သည်၊ ထို့ကြောင့် တိဿော ဝိဇ္ဇာ-ဟု ရှိသောပါဠ်သာ သင့်ပါသည်။

တယော-ကား ပုလ္လိင်ဖြစ်သောကြောင့် ဝိဇ္ဇာ-ဟူသော ဝိသေသျနှင့် လိင် မတူညီရကား တယော ဝိဇ္ဇာ-ဟု ရှိသောပါဠ် မသင့်ပါ။

**စရဏ/စရန** ။ ။ စရဓာတ် ယုပစ္စည်း၊ ယုပစ္စည်းကို အနပြု၊ ရကာရန္တဓာတ်နောင် အန-မှ နကို ဏ-ပြန်ရမည်ဟူသော သဒ္ဒစည်းကမ်းအရ ဏ-ပြန်၍ ရုပ်ပြီးသောကြောင့် "စရဏ"ပါဠ်သာ သင့်ပါသည်။

**ဆအဘိညာ/ဆအဘိညေ** ။ ။ အဘိညာသဒ္ဒါ၏ ကညာဒိဂိုဏ်း၏ အဖြစ်ကြောင့်ၡင်း၊ ဒုတိယာ ယော ဝိဘတ်ကို ဧ-မပြုနိုင်သောကြောင့်ၡင်း ကညာ-သဒ္ဒါကဲ့သို့ ဒုတိယာ ဗဟုဝုစ် ဆအဘိညာ-ပါဠ်သာ သင့်ပါသည်။

**မတ္တညုတာ/မတ္တညျုတာ** ။ ။ တာ ပစ္စယေ ရဿတ္တံ-ဟု ရူပသိဒ္ဓိ၌ဆိုသောကြောင့် တာပစ္စည်းနောင်းရာ၌ သုတ်ကြီးဖြင့် ရဿပြု၍ပြီးသောကြောင့် မတ္တညုတာ-ဟု ရဿ

http://www.dhammadownload.com



ဖြင့်ရှိသော ပါဌ်သာ သင့်ပါသည်။

**ယထာတံ/ယထာယံ** ။ ။ ယထာတံ ဝိဇ္ဇာစရဏသမ္ပန္နောတိ ဧတ္ထ တန္တိ နိပါတမတ္တံ-ဟု သာရတ္ထ ၌ ဆိုသောကြောင့် ယထာတံ-ပါဌ်သာ သင့်ပါသည်။

**သမ္ပန္နတ္တာ/သမာနာဂတတ္တာ** ။ ။ သမ္ပန္နတ္တာတိ သမာနာဂတတ္တာ ပရိပုဏ္ဏတ္တာ ဝါ-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့် သမာနာဂတတ္တာဖြင့် သမင်္ဂီသမ္ပန္နကိုပြ၏၊ ပရိပုဏ္ဏတ္တာဖြင့် ပရိပုဏ္ဏသမ္ပန္နကို ပြသည်၊ ထို့ကြောင့် သမ္ပန္နတ္တာ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဝိဇ္ဇာစရဏသမ္ပန္နာ၌** ဝိဇ္ဇာသမ္ပန္နကား အကြောင်းဖြစ်သော ဝိဇ္ဇာနှင့်ပြည့်စုံခြင်းကိုဆိုသဖြင့် အကျိုးဖြစ်သော သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံခြင်းကိုလည်း ရသော ကြောင့် နာန္တရိကနည်း။ အကြောင်းဖြစ်သော ဝိဇ္ဇာ၏ ပြည့်စုံခြင်း၏ ဝိဇ္ဇာသမ္ပန္န အမည် ကို အကျိုးဖြစ်သော သဗ္ဗညုတဉာဏ်၏ ပြည့်စုံခြင်း၌တင်-- ကာရဏူပစာ။

**စရဏသမ္ပန္န**-ကား အပေါင်း ဌာနဖြစ်သော စရဏနှင့် ပြည့်စုံခြင်းကိုဆိုသဖြင့် အစိတ် ဌာနီဖြစ်သော မဟာကရုဏာနှင့် ပြည့်စုံခြင်းကိုလည်း ရသောကြောင့် နာန္တရိကနည်း။ ဌာနူပစာ။

**ဝိဇ္ဇာ**-ကား အကြောင်းဖြစ်သော အာသဝက္ခယဉာဏ် (ဝါ) အရဟတ္တမဂ်ဉာဏ်၏ "ဝိဇ္ဇာ"ဟူသောအမည်ကို အကျိုးဖြစ်သော သဗ္ဗညုတဉာဏ်၌တင် -- ကာရဏူပစာ။ နာန္တရိကနည်း။ **စရဏ**-ကား အပေါင်းဖြစ်သော စရဏ (၁၅)ပါး၏ "စရဏ"ဟူ သောအမည်ကို အစိတ်ဖြစ်သော မဟာကရုဏာသမာပတ်၌တင်-- ဧကဒေသူပစာ။

**စရဏ**- ကား အတူဖြစ်သော ခြေထောက်၏ "စရဏ" အမည်ကို အတူရှိသော သီလသံဝရ-စသော တစ်ဆယ့်ငါးပါး၌တင်-- သဒိသူပစာ။ ရုဠ္ဟီနည်း။

**အမတံ ဒိသံ**- ကား အတူဖြစ်သော အရပ်မျက်နှာ၏ "ဒိသ" အမည်ကို အတူရှိသော နိဗ္ဗာန်၌တင်--သဒိသူပစာ။ ရုဠ္ဟီနည်း။ **သဗ္ဗညုတံ ပူရယိတွာ**-ကား အစိတ်ဖြစ်သော သဗ္ဗညုတဉာဏ်၏ ပြည့်စုံခြင်းကိုဆိုသဖြင့် အပေါင်းဖြစ်သော သဗ္ဗညုတဉာဏ် ဒသဗလ ဉာဏ်၏ ပြည့်စုံခြင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ ဧကဒေသူပစာ။

(၉) ဝါကျကား သီလနှင့်ပြည့်စုံခြင်း အစိတ်ကို မှတ်၍ဆိုသဖြင့် ဣန္ဒြေကို လုံခြုံ စေခြင်းစသော အလုံးစုံကိုလည်းရသောကြောင့် နိဒဿနနည်း၊ အာဒိဒီပကနည်း။

➤ ၁၀။ **အာသဝက္ခယဉာဏ်**ဟူသည် အရဟတ္တမဂ်ဉာဏ်ပင် ဖြစ်ပါသည်။

## ဝါကျ [၃၈]

(က) သောတာနုဂမနတ္တာ, သုန္ဒရံ ဌာနံ ဂတတ္တာ, သမ္မာဂတတ္တာ, သမ္မာစ ဂဒတ္တာ သုဂတော။ (ခ) ဂမနမ္ပိ ဟိ ဂတန္တိ ဝုစ္စတိ။ (ဂ) တဉ္စ ဘဂဝတော သောဘနံ ပရိသုဒ္ဓမနဝဇ္ဇံ။ (ဃ-၁) ကိံ ပန တန္တိ? (ဃ-၂) အရိယမဂ္ဂေါ။

http://www.dhammadownload.com



( င) တေန ဟေသ ဂမနေန ခေမံ ဒိသံ အသဗ္ဗမာနော ဂတောတိ **သောဘနဂမနတ္တာ သုဂတော။** (စ) **ဣတိ သောဘနဂမနတ္တာ သုဂတော။**

(ဆ) သမ္မာစ ဂတော, တေန တေန မဂ္ဂေန ပဟီနေ/ပဟီနော ကိလေသေ ပုန အပစ္စာဂစ္ဆန္တော။ (ဌ၊၈၉။ မအ္ဋ-၂၈၀။ ဘာသာဋီ-၁၄၁၅။)

➤ ၁။ **သောဘနဂမနတ္တာ**၊တောက်ပထွန်းလင်းသော သွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့်ရင်း (သဒ္ဓတ္ထ) စင်ကြယ်သော။ (ဝါ) အပြစ်ကင်းသော သွားခြင်း ရှိတော်မူသည်၏အဖြစ်ကြောင့်ရင်း (အဓိပ္ပါယတ္ထ) တင့်တယ်သော သွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့်ရင်း (သင်္ကေတတ္ထ/ဝေါဟာရတ္ထ)

**သုဂတော**- တောက်ပသော၊ (ဝါ) စင်ကြယ်သော၊ (ဝါ) အပြစ်မရှိသော။ (ဝါ) တင့်တယ်စမွယ်သော အရိယာမဂ်ဟူသော သွားခြင်းရှိတော်မူသော မြတ်စွာဘုရား။

**သုဂတော**-ကောင်းသော နိဗ္ဗာန်အရပ်သို့ ကြွသွားတော်မူတတ်သော မြတ်စွာဘုရား။

**သုဂတော**-မဂ်ဖြင့်ပယ်ပြီးသော ကိလေသာတို့ကို တဖန် မကပ်ရောက်ဘဲ ကောင်းစွာ ကြွသွားတော်မူသော မြတ်စွာဘုရား။ (သမ္မာဂတော-နှင့်အညီ)

**သုဂတော**-(ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းမှ စ၍ ဗောဓိမဏ္ဍိုင်တိုင်အောင် ပါရမီကျင့်မြတ် ပဋိပတ်ဖြင့် ခပ်သိမ်းသော လောက၏ စီးပွားချမ်းသာကိုသာလျှင် ပြုလျက် သဿတ-စသော အယုတ် တရားတို့သို့ မကပ်ရောက်ဘဲ) ကောင်းစွာ ကြွလာတော်မူ တတ်သော မြတ်စွာဘုရား။ (သမ္မာ အာဂတောနှင့်အညီ)

**သုဂတော**-ကောင်းစွာ ပြောဆိုတော်မူတတ်သော မြတ်စွာဘုရား။

➤ ၂။ (စ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က)ဖြင့် သုဂတ-ဟူသောပုဒ်ကို ဟိတ်ပုဒ် လေးမျိုးဖြင့် ဖွင့်ပြပြီး၍ ယခုအခါ၌ ယင်းဟိတ်လေးမျိုးကို အစဉ်အတိုင်း ချဲ့ပြလိုသော ဆရာသည် (ခ) စသည်ကိုမိန့်။

(စ) **သို့/** ဆရာသည် (က) ၌ သောဘနဂမနတ္တာဖြင့် သုဂတ-၏ ဝိဂြိုဟ်ကို ဖွင့်ပြ အပ်၏။ ဂတ-သဒ္ဒါသည် ကတ္တု, ကမ္မဝါစကသာ ဖြစ်ကောင်းသည်မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် ဂမနံ-ဟု ဘာဝဝါစကဖြင့် ဖွင့်ဆိုခြင်းသည် အဘယ်သို့သော ယုတ္တိဖြင့် သင့်နိုင်အံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) **သို့/** ဆရာသည် (ခ) ဖြင့် သွားခြင်းကို ဂတ-ဟူ၍ ဆိုအပ်သောဟု ဆို၏။ မြတ်စွာဘုရား၏ သွားခြင်းသည် မတင့်တယ် မစင်ကြယ် အပြစ်ရှိသော သွားခြင်းဖြစ် ကောင်းအံ့လော။ အဘယ်သို့ ဖြစ်သင့်ပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

**ကား**--- (ဂ) ဖြင့် မြတ်စွာဘုရား၏ သွားခြင်းသည် တင့်တယ်စင်ကြယ် အပြစ်ကင်း သော သွားခြင်းဖြစ်၏ ဟူလို။

(တစ်နည်း) တင့်တယ်စမွံယ်သော သွားခြင်းသည် သောဘနဂမန ဖြစ်အံ့လော။

http://www.dhammadownload.com



အဘယ်သို့ သွားခြင်းမျိုးနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

**ကား**-- (ဂ) ဖြင့် မြတ်စွာဘုရား၏ ယင်းသွားခြင်းသည် တင့်တယ်၏၊ တင့်တယ်၏ ဟူသည် စင်ကြယ်၏၊ အပြစ်မရှိဟု ငါပြ ဆို၏ဟူလို။

**(ဃ) သို့/** ဆရာ-သည် (ဂ)ဖြင့် မြတ်စွာဘုရား၏ သွားခြင်းသည် တင့်တယ်စင်ကြယ် အပြစ်ကင်းသောဟု ဆို၏။ ယင်းသွားခြင်း ဂမန-ဟူသည် ဣရိယာပထဂမန, ပဝတ္တန ဂမန, ဉာဏဂမနဟူ၍ များသောအပြားရှိသည် မဟုတ်ပါလော။ ဤ၌ အဘယ်ဂမနကို ယူရမည်နည်း။ စုဒ်ကြောင့် (ဃ) မိန့်

**ကား**-- (ဃ) ဝါကျတို့ဖြင့် အရိယာမဂ်ဟုဆိုအပ်သော ဉာဏဂမနကိုယူရမည်ဟူလို။

**(င) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဃ) ဖြင့် ဤ၌ အလိုရှိသော ဂမနကား အရိယာမဂ်ဟု ဆိုအပ်သော ဉာဏဂမနတည်းဟု ပြဆိုပြီး၍၊ ယခုအခါ၌ ဂမန-အရ ဉာဏဂမနကို ယူခြင်းအကြောင်းကို ပြတော်မူလိုသော ဆရာသည် (င) မိန့်။

**(င) သို့/** ဆရာသည် (ဃ) ဖြင့် ဂမန-အရ အရိယမဂ်ကို ယူရမည်ဟု ပြတော်မူ၏။ သောဘနဂမနတ္တာဟု သာမညအားဖြင့်ဆိုသောကြောင့် "သာမညဝစနံ သဗ္ဗသာဓာရဏံ" ဟူသော ပရိဘာသာနှင့်အညီ ဂမန-အရ ဂမန သုံးမျိုးလုံးကို ယူသင့်သည် မဟုတ်ပါလော။ (ဝါ) ဂမန-အရ ဣရိယာပထဂမန စသည်ကိုလည်း ယူသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဂမန-အရ အရိယာမဂ်(ဟုဆိုအပ်သော ဉာဏဂမန)ကိုသာ ယူရပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

**ကား**-- ထိုအရိယာမဂ်တည်းဟူသော သွားခြင်းဖြင့် ထိုမြတ်စွာဘုရားသည် ဘဝတို့၌ ကပ်ငြိတော် မမူသည်ဖြစ်၍ ယောဂလေးပါးတို့မှ ငြိမ်းသော (ဝါ) ဘေးရန်စသည်တို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်အရပ်သို့ သွားတော်မူခြင်းကြောင့် ဂမန-အရ အရိယမဂ်ကိုသာ ယူရပါသည်ဟူလို။

➤ ၄။ ဘဝိတဗ္ဗောတိ **အဓိဗ္ဗာ**။ ဘူဓာတ်အရ ကတ္တားဌကား မဂ်ဖိုလ်ကို သိနိုင်သော ပါရမီဉာဏ် ဝိပဿနာဉာဏ်တို့သည် မုချ။ ကမ္မဌကား မဂ်ဖိုလ်၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူ။ တဗ္ဗပစ္စည်း ထို--သော ကျွတ်ထိုက်သော ပုဂ္ဂိုလ်ရ၏။

အတ္တာ ဣတိ ဘဝန္တိ ဗုဒ္ဓိ သဒ္ဒါ တွေ့ တေသွာတိ ဝါ **အတ္တဘာဝေါ**။

အတ္တာ-ဝိသေသန-အရ တိတ္ထိတို့ ကြံဆအပ်သော ငါဟူသောအနက်သည် မုချ။ ထို--၏ ခန္ဓာပဉ္စကနှင့် နိဿျ-နိဿိတ/ဝိသယ-ဝိသယီ စပ် ဌာနူ။ ဘူဓာတ်အရ ကတ္တားဌကား အသိဉာဏ် သဒ္ဒါတို့၏ ဥပဝါစကသတ္တိသည် မုချ။ အဓိကရဏတ္တကား ထို-အား တပ်သော ခန္ဓာပဉ္စက၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူ။ သမာသ်ပုဒ်လုံး၏အရလည်းဖြစ်သော ဏ- ပစ္စည်းအရ ထို--သော ခန္ဓာပဉ္စကဖြစ် ရ၏။

မဏ္ဍောတိ ဥဒကံ ဘူတေတိတိ **မဏ္ဍူကော**။ မဏ္ဍ-ဓာတ်အရ ဖားဖြစ်၏ စတု သမုဋ္ဌာနိကရုပ် ဥပါဒ်သည် မုချ။ ဥကပစ္စည်းအရ ဖားဖြစ် ရ၏။

ဒိဗ္ဗန္တိ ပဉ္စကာမဂုဏေဟိ ကီဠန္တီတိ ဒေဝါ။ အတ္တနော ကုလံ ပုနာတိ သောဓေတီတိ ပုတ္တော။(ပု+တ) ပေါသိယတီတိ ပုတ္တော (ပုသ+တ) အတ္တနော ပိတု ဟဒယံ ပူရေတီတိ ပုတ္တော (ပူရ+တ) ဒေဝဿ ပုတ္တော **ဒေဝပုတ္တော**။ ဒေဝ-ဟူသော ဝိသေသနပုဒ်အရ (ဖခင်) နတ်သည် မုချ။ ထို--၏ သားဖြစ်နှင့် ဇနက-ဇည စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော နတ်သားရ၏။

ဘဗ္ဗော စ သော ပုဂ္ဂလောစာတိ ဘဗ္ဗပုဂ္ဂလော။ ပရိတ္တိန္ဒြိယတော ပရိစ္ဆေဒေါ။ (ပရိ-ဆိဒိ+ဏ) ဥက္ကဋ္ဌာနံ ပရိစ္ဆေဒေါ ဥက္ကဋ္ဌပရိစ္ဆေဒေါ။ တဿ ဝသော ဥက္ကဋ္ဌပရိစ္ဆေဒဝသော။

မဂ္ဂဖလဘာဂေါ ဧတေသန္တိ **မဂ္ဂဖလဘာဂိနော**။ ဧတေသံ တိရစ္ဆာနဂတာနံ၊တို့အား။ မဂ္ဂဖလဘာဂေါ၊မဂ်ဖိုလ်ဟူသော အဖို့သည်။ အတ္ထိ၊၏။ဣတိ-- အဿတ္ထိတဒ္ဓိတ်၊ မဂ္ဂဖလ

http://www.dhammadownload.com



သည် မုချ။ ယင်း၏ တိရစ္ဆာန်တို့ဖြစ်(တိရစ္ဆာန်တို့၏ ဒုတိယ တတိယ အတ္တဘာဝ ဖြစ်) နှင့် ဂုဏ် ဂုဏေး စပ် ဌာန္။ဤပစ္စည်းအရ ထို--သော တိရစ္ဆာန်တို့ဖြစ် (တိရစ္ဆာန်တို့၏ ဒုတိယ တတိယ အတ္တဘာဝဖြစ်) ရ၏။ * မဂ္ဂဖလမေဝ ဘာဂေါ မဂ္ဂဖလဘာဂေါ။ မဂ္ဂဖလဘာဂေါ ဧတေသံ အတ္ထီတိ **မဂ္ဂဖလဘာဂိနော**။

➤ ၆။ (က) ဖြင့် ဒေဝမနုဿပုဒ်ကို ဒေဝါစ မနုဿာစ ဒေဝမနုဿာ-ဟု ဒွန် သမာသ် ပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂပဒတ္ထ)

➤ ၇။ **အနုဿာသနိပ္ပဒါနေန/အနုဿာသနိပဒါနေန** ။ ။ ရဿ အက္ခရာနောက်ရှိ ပ-ဥပသာရသည် ဒွေဘော်ရောက်ရာ ဌာနဖြစ်သောကြောင့် အနုဿာသနိပ္ပဒါနေန-သင့်

**မဏ္ဍူက/မဏ္ဍူက** ။ ။ မဏ္ဍေတိ ဇလံ ဘူသေတီတိ မဏ္ဍူကော၊ဘေကော-ဟူသော ဏွာဒိမောဂ္ဂလာန်ကို ထောက်၍ မဏ္ဍဓာတ် ဏူကပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့်၎င်း၊ မဏ္ဍ ဘူသနေ၊ ဥကော၊ ဒီဃော-ဟု အဘိဓာန်ဋီကာကိုထောက်၍ မဏ္ဍူက-ဟု ဒီဃ နှင့်ပါ၍ သင့်ပါသည်။

**မဂ္ဂဖလဘာဂိနော/မဂ္ဂဖလလာဘိနော** ။ ။ အနက် အဓိပ္ပါယ် မထူးခြားသော်လည်း နိဿယ ဂဏ္ဌိတို့၌ မဂ္ဂဖလဘာဂိနော-မင်္ဂဖိုလ်ဟူသော အဖို့ရှိကုန်သည်ဟု အတ္ထယောဇနာ တော်မူသောကြောင့် မဂ္ဂဖလဘာဂိနော-သင့်ပါသည်။

**ဒုတီယ/ဒုတီယ** ။ ဒွိသင်္ချာသဒ္ဒါနောင် တိယပစ္စည်းဖြင့် ပြီးသောကြောင့် ဒုတိယ-သာ သင့်၏။ (တစ်နည်း) တိယပစ္စည်း တီယပစ္စည်း နှစ်မျိုးရှိနိုင်သောကြောင့် ၂-ပါ၍သင့်ပါသည်။

**သန္ဓိရုဠှိတွာ/သန္ဓိရုဠှိတွာ** ။ ။ ရုဘိ-နိဝါရဏေ၊ ရုမ္ဘတိ၊ သန္ဓိရုမ္ဘတိ၊ သန္ဓိရုမ္ဘော၊ သန္ဓိရုမ္ဘိတွာ-ဟု သဒ္ဒနီတိ ဓာတုမာလာ၌ လာသောကြောင့်၎င်း၊ သံရှေး နိရှေးရှိသော ရုဘိဓာတ်သည် ပိဋ္ဌနတ္ထကို ဟောနိုင်သောကြောင့်၎င်း သန္ဓိရုမ္ဘိတွာပါ၍သာ သင့်ပါသည်။ မအူနိဿယအလို သန္ဓိရုဠှိတွာပါ၍လည်း သင့်ပါသည်။

➤ ၈။ **မဏ္ဍူကဒေဝပုတ္တ**-ကား ရှေး၌ဖြစ်သောအလားအားဖြင့် ထို၌ ခေါ်ဝေါ် အပ်သောနည်းသည် ဘူတပုဗ္ဗဂတိကနည်း မည်၏။ ပြယုဂ်ကား မဏ္ဍူကဒေဝပုတ္တ-တည်း။ ဤ၌ မဏ္ဍူကဒေဝပုတ္တဟူသောနည်းသည် ဖားသတ္တဝါတည်းဟူသော ရှေး၌ ဖြစ်ဖူးသော အလားအားဖြင့် ဖားနတ်သားတည်းဟူသော ထို၌ ခေါ်ဝေါ်အပ်သော ကြောင့် ဘူတပုဗ္ဗဂတိကနည်း မည်၏။

**ဒေဝပုတ္တ**-ကား ဒေဝနှင့် ပုတ္တကား မပြားသော်လည်း ပြားသကဲ့သို့ ဆိုထားသော ကြောင့် အဘေဒဘေဒူပစာ။ အဘေဒနည်း။

၈၈၈။ ...... ၊ ... ၊ ၊ ၊ ၊

http://www.dhammadownload.com



သော နတ်လူတို့ကို ဒေဝမနုဿာနံ-ဟု ဆိုသဖြင့် မပြခန်းသော တိရစ္ဆာန်တို့ကိုလည်း ရသောကြောင့် ပဓာနနည်း။ ဥပလက္ခဏာနည်း၊ နိဒဿနနည်း။

**ကောဓဓ ဝန္ဒတိ ပါဓါနိ**–၌ ပါဒါနိ-ဟူသောနည်းသည် ပါဒေ-ဟု ပုံလိင်ဖြင့် ဆိုလို လျက် နပုံလိင်ဖြင့် ဆိုသောကြောင့် လိင်္ဂဝိပ္ပလ္လာသနည်းမည်၏။

**မဏ္ဍူကောဟံ**–ကား အပေါင်းဖြစ်သော ဇလစရမဏ္ဍူက, ထလစရမဏ္ဍူကတို့၏ "မဏ္ဍူက"ဟူသောအမည်ကို အစိတ်ဖြစ်သော ဇလစရမဏ္ဍူက၌တင်-- ကေဒေသူပစာ၊ ရုဠှီ-နည်း။

**အာဂစ္ဆေဘာ**-ကား ဘဂဝတာ-ဟုဆိုအပ်သော ပဉ္စမီဝိဘတ်ကို ဆဋ္ဌီဝိဘတ်အားဖြင့် ပြန်သောကြောင့် ဝိဘတ္တိ ဝိပလ္လာသနည်း မည်၏။

➤ ၁၀။ ဥပနိဿယ သမ္ဘိတ္တိယာ–၌ ဥပနိဿယ-အရ- တိဟိတ်ပဋိသန္ဓေကိုသူ။

## ဝါကျ [၅၅]

(က) ယံ ပန ကိဉ္စိ အတ္ထိ ဉေယျံ နာမ၊ တဿ သဗ္ဗဿ ဗုဒ္ဓတ္တာ ဝိမောက္ခန္တိကဉာဏ ဝသေန ဗုဒ္ဓေါ။

(ခ) ယသ္မာ ဝါ စတ္တာရိ သစ္စာနိ အတ္တနာပိ ဗုဇ္ဈိ၊ အညေပိ သတ္တေ ဗောဓေသိ၊ တသ္မာ ဧဝမာဒီဟိပိ ကာရဏေဟိ ဗုဒ္ဓေါ။

(ဂ) ဣမဿ စတ္ထဿ ဝိညာပနတ္ထံ "ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ၊ ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ" တိ ဧဝံ ပဝတ္တော သဗ္ဗောပိ နိဒ္ဒေသနယော ပဋိသမ္ဘိဒါနယော ဝါ ဝိတ္ထာရေတဗ္ဗော။ (၄၁၉၄။ မအူ-၂။၁၂၀။ ဘာဋီ-၁။၄၄၃။)

➤ ၁။ **(က–နှင့်အညီ) ဗုဒ္ဓေါ**- အလုံးစုံသော ဉေယျတရားတို့ကို ဝိမောက္ခဉာဏ်၏ အစွမ်းဖြင့် သိတော်မူတတ်သော မြတ်စွာဘုရား။

**(ခ–နှင့်အညီ) ဗုဒ္ဓေါ**-သစ္စာ လေးပါးတရားတို့ကို ကိုယ်တိုင်လည်းသိ, သူတစ်ပါးတို့ကို လည်း သိစေတော်မူတတ်သော မြတ်စွာဘုရား။

➤ ၂။ (စ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က)ဝါကျဖြင့် အလုံးစုံသော ဉေယျတရားတို့ ကို ဝိမောက္ခန္တိကဉာဏ်၏အစွမ်းဖြင့် သိတော်မူတတ်သောကြောင့် ဗုဒ္ဓမည်သည်၏အဖြစ် ကို ပြပြီး၍၊ ယခုအခါ၌ သစ္စာလေးပါးတို့ကို ကိုယ်တိုင်လည်းသိ, သူတစ်ပါးတို့ကိုလည်း သိစေတော်မူတတ်သောကြောင့် ဗုဒ္ဓမည်သည်၏အဖြစ်ကို ပြတော်မူလိုသော ဆရာသည် (ခ) ဝါကျမိန့်။ **(တစ်နည်း)** ယခုအခါ၌ ဗုဒ္ဓေါ-ပုဒ်၏ သမ္ဘာသမ္ဘူဒ္ဓပုဒ်မှ အထူးကို ပြတော်မူလိုသော ဆရာသည် (ခ)မိန့်။(တစ်နည်း) ဤသို့ (က)ဝါကျဖြင့် သဗ္ဗညုတဉာဏ် နှင့်ခပ်သိမ်းသော ဉာဏ်တော်ကြောင့် ဗုဒ္ဓမည်၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ အရဟတ္တ မဂ်ဉာဏ်တော်ကြောင့် ဗုဒ္ဓမည်၏ဟု ပြလိုရကား (ခ)ဝါကျမိန့်။

http://www.dhammadownload.com



**တစ်နည်း မအူသျှစက်မှု** ။ ။ မဟာနိဒ္ဒေသ ပဋိသမ္ဘိဒါမဂ်တို့၌ လာသော နည်းဖြင့်လည်း ဝစနတ္ထကို ပြခြင်းငှာ (ခ)မိန့်။

(စ) ဒို/ ဆရာ-သည် (က)ဖြင့် ဝိမောက္ခန္တိကဉာဏ်၏ အစွမ်းဖြင့် အလုံးစုံသော တရားတို့ကို သိတော်မူတတ်သောကြောင့် ဗုဒ္ဓ-မည်သောဟု ဖွင့်ပြတော်မူအပ်၏။ ထိုအကြောင်း ဗျုပ္ပတ်ကြောင့်သာ ဗုဒ္ဓမည်တော်မူပါသလော။ အဘယ်အကြောင်းတို့ကြောင့်လည်း ဗုဒ္ဓမည်နိုင်ပါသေးသနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) ဒို/ **ဒေါ်ဒေဿာရောပနာအယူတွေအောဒနာ** ။ ။ ဆရာ-သည် (ခ)ဝါကျဖြင့် သစ္စာလေးပါး တရားတို့ကို ကိုယ်တိုင်လည်းသိ, သူတစ်ပါးတို့ကိုလည်း သိစေတော်မူတတ်သောကြောင့် ဗုဒ္ဓမည်သောဟုဆို၏။/ဗုဒ္ဓဟူသောပုဒ်၏ အတိတသုဒ္ဓကတ္တုသာဓ်, ဟေတုကတ္တုသာဓ် ဝစနတ္ထကို ပြဆို၏။ အဘယ်သို့သော အာဂုံပါဠိသာဓကကိုထောက်၍ ယင်းသို့ဆိုပါသနည်း၊ ဆရာကိုယ်တိုင် သယမ္ဘူဉာဏ်ရ၍ ဆိုပါသလော၊ အာဂုံသာဓကကို မပြသော် သာဓျ-သာဓကဆန့်သော (သို့) ဒဋ္ဌိယ-ဒဋ္ဌိကရဏဆန့်သော ဝိရောဓိဒေါသသင့်ရောက် ရာ၏။ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

➤ ၃။ (က)သည် ဒေဝမနုဿာနံ-ဟူသော ဂုဏ်တော်၏ အဖွင့်မှတစ်ပါး ဗုဒ္ဓေါ ဟူသော ဂုဏ်တော်၏ အဖွင့်ကိုပြသောကြောင့် ပက္ခန္တရ။ ပန-ကား ပက္ခန္တရဇောတက။ ထိုတွင် ယံပန-စသည်ကား အနိယမဝါကျ။ တဿ-စသည်ကား နိယမဝါကျ။ (ခ) သည် ဗုဒ္ဓမည်ခြင်း၏ အကြောင်းတစ်မျိုးကို ပြသောကြောင့် ပက္ခန္တရ။/သမ္မာသမ္ဗုဒ္ဓပုဒ်မှ ဗုဒ္ဓပုဒ်၏ အထူးကိုပြသောကြောင့် ဝိသေသဝါကျ။ ယင်း (ခ) ၌ ယသ္မာ ဝါ-မှ ဗောဓေတိ-တိုင်အောင်ကား အနိယတ်။ တသ္မာ စသည်ကား နိယတ်ဝါကျ။ ယင်းအနိယတ်ဝါကျ၌ အညေပိ သတ္တေ ဗောဓေတိကား သုဒ္ဓကတ္တုသာဓ် ဝစနတ္ထမှတစ်ပါး ဟေတုကတ္တုသာဓ် ဝစနတ္ထကို ပြသောကြောင့် ပက္ခန္တရ။ (ဂ) သည် အာဂမဒဋ္ဌိကရဏ။ ဝါကျာရမ္ဘ။

**စာစပ်** ။ ။ ယသ္မာ-ကို ဗုဇ္ဈိ၊ ဗောဓေသိ-ပုဒ်တို့၌ ဟိတ်/ဟိတ်၏ဖိုလ်စပ်။ တသ္မာ-ကို ဗုဒ္ဓေါ၌ ဟိတ်/ဟိတ်၏ဖိုလ်စပ်။ တဿ သဗ္ဗဿ-ကား ကို-- ကြောင့် ဗုဒ္ဓတ္တာဝယ် ဗုဒ္ဓ၌ ကမ္မ/ကမ္မိစပ်။

➤ ၄။ သဗ္ဗသော ပဋိပက္ခေဟိ ဝိမုစ္စတီတိ **ဝိမောက္ခော**။ (သဗ္ဗသော၊အချင်းခပ်သိမ်း။ပဋိပက္ခေဟိ၊ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့မှ။ဝိမုစ္စတိ၊လွတ်တတ်၏။ ဝိမောက္ခ-အရ အရဟတ္တမဂ်ရ၏။) မုစဓာတ်အရ အချင်းခပ်သိမ်း ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့မှလွတ်ခြင်း ဝိမုစ္စနသတ္တိ လက္ခဏာ သဘာဝ ရ၏။ ဏပစ္စည်းအရကား သတ္တိမန္တ လက္ခဏဝန္တ သဘာဝဝန္တဖြစ်သော အရဟတ္တမဂ် ရ၏။

သုဋ္ဌု မုတ္တော, ဝိဝိဓေဟိ ဝါ ကိလေသေဟိ မောက္ခော မုတ္တောတိ **ဝိမောက္ခော**။

[ဝိဝိဓေဟိ၊အထူးထူး အပြားပြား များကုန်သော။ကိလေသေဟိ၊ကိလေသာတို့မှ။

http://www.dhammadownload.com



မောက္ခော မုတ္တော၊လွတ်ပြီ။ကတ္တိကြောင့်။ဝိမောက္ခော၊ဝိမောက္ခမည်၏။]

ပဉ္စမီတပ္ပုရိသ်၊ဝိ+မောက္ခပုဒ်။ ဝိ-အရ အထူးထူး အပြားပြားသော ကိလေသာတို့သည် မုချ။ ယင်းအထူးထူးသော ကိလေသာတို့၏ မဂ်လေးပါးတို့နှင့် ပဟာတဗ္ဗ-ပဟာယက စပ် ဌာန။ပုဒ်လုံးအရကား ထို--သော အရိယာ မဂ် ၄-ပါးရ၏။

ဝိမောက္ခဿ အန္တော **ဝိမောက္ခန္တော**။ (ဝိမောက္ခဿ၊အချင်းခပ်သိမ်း ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့မှလွတ်သော အရဟတ္တမဂ်၏။အန္တော၊အဆုံးတည်း။ ဝိမောက္ခန္တော၊ အချင်း(ပ)မဂ်၏အဆုံး (အရဟတ္တဖိုလ်)။ ဝိမောက္ခ-ဟူသော ဝိသေသနပုဒ် အရကား အလုံးစုံသော အခြင်းအရာအားဖြင့် ဆန့်ကျင်ဘက် ကိလေသာတို့မှလွတ်မြောက်သော အရဟတ္တမဂ်သည် မုချ။ ထို--၏ အရဟတ္တဖိုလ်နှင့် အကြောင်း-အကျိုးစပ် ဌာန။ ပုဒ်လုံးအရကား ထို--သော အရဟတ္တဖိုလ်ရ၏။

ဝိမောက္ခန္တေ ဘဝံ **ဝိမောက္ခန္တိကံ**။ ဝိမောက္ခန္တေ၊အချင်း (ပ) အရဟတ္တဖိုလ်၌။ဘဝံ၊ဖြစ်သည်တည်း။ (ဝိမောက္ခန္တ+ဣက) ဝိမောက္ခန္တ- ဟူသော တဒ္ဓိတ်ပုဒ်အရကား အချင်းခပ်သိမ်း ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့မှလွတ်သော အရဟတ္တမဂ်၏အဆုံး အရဟတ္တဖိုလ်သည် မုချ။ ယင်း--၏ အလုံးစုံသော ဗုဒ္ဓဉာဏ်တော်နှင့် အကြောင်း-အကျိုးစပ် ဌာန။ ဣကပစ္စည်းအရ ထို--သော အချင်းခပ်သိမ်း ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့မှလွတ်သော အရဟတ္တမဂ်၏အဆုံး အရဟတ္တဖိုလ်၏ အလုံးစုံသော ဗုဒ္ဓဉာဏ်တော်ရ၏။ ✱ ဝိမောက္ခန္တ္တ တံ ဉာဏဥ္စာတိ **ဝိမောက္ခန္တိကဉာဏံ**။

ဇာနိတဗ္ဗန္တိ **ဧဥ္ယံ**။ ဉာဓာတ်အရ ကတ္တုဒွကား သဗ္ဗညုတဉာဏ်တော်သည် မုချ။ ကမ္မဒွကား ဧဥ္ယဓမ်တရားငါးပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဏျပစ္စည်းအရကား ထို--သော ဧဥ္ယဓမ်တရားငါးပါးရ၏။

အာရမ္မဏံ စိန္တေတီတိ **စိတ္တံ**။ [ယံ၊ ဓမ္မဇာတံ၊အကြင်တရားသဘောသည်။အာရမ္မဏံ၊ ကို။စိန္တေတိ၊ကြံစည်တတ် သိတတ်၏။ဣတိ တသ္မာ တံ ဓမ္မဇာတံ စိတ္တံ။ ကတ္တုသာဓနေ၊ စိန္တ+တ။ စိန္တဓာတ်အရကား အာရုံကို ကြံစည်ခြင်း သိခြင်း အာရမ္မဏဝိဇာနန သတ္တိလက္ခဏာ သဘာဝ ရ၏။ တ-ပစ္စည်းအရား သတ္တိမန္တ လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော စိတ်ဒြပ်ရ၏။

ဖုသတီတိ **ဖဿော**။ ဖုသ+ဏ။ ဖုသဓာတ်အရ အာရုံ၌ တွေ့ထိခြင်း ဖုသန သတ္တိလက္ခဏာ သဘာဝ ရ၏။ ဏ-ပစ္စည်းအရား သတ္တိမန္တ လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော ဖဿစေတသိက်ရ၏။

➢ ၆။ (က) ၌ ဗုဒ္ဓတ္တာဖြင့် ဗုဒ္ဓေါ-၌ ဗုဓဓာတ်၏--ငှင်း (ဒု-ဓာတုပဒ) ဗုဇ္ဈတီတိ ဗုဒ္ဓေါ-ဟု ကတ္တုသာဓနေ--ငှင်း (အဘိဓာနတ္ထ) တ-ပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်-
[illegible]

http://www.dhammadownload.com



၏--ဧ။ (ဘာဝတ္ထ) ယင်း၏ကံကို သဗ္ဗံ-ဟု ထည့်ရမည်၏--ဧ။ (ဘာဝတ္ထ) သိစေသည်။

ဝိမောက္ခန္တိကဉာဏဝသေန-ဖြင့် သိ၏ဟူသည် ဝိမောက္ခန္တိကဉာဏ်၏ အစွမ်းဖြင့် သိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) (တစ်နည်း) ယင်းပါဠ်ဖြင့် အလုံးစုံသော ဉေယျကို သိ၏ဟူသည် ဘုရားဖြစ်တော်က သိသည်မဟုတ်၊ ဝိမောက္ခန္တိကဉာဏ်က သိ၏ ဟု ကတ္တားသတ္တိကို သိစေပါသည်။ (ဘာဝတ္ထ) (တစ်နည်း) ယင်းပါဠ်ဖြင့် ဝိမောက္ခန္တိက ဉာဏ်ကြောင့်သာ ဗုဒ္ဓခေါ်သည်ဟု သိစေသည်။ (ဘာဝတ္ထ)

ယံ ပန ကိဉ္စိ အတ္ထိ ဉေယျံ နာမ-ဖြင့်တဿ သဗ္ဗဿ-၌ တ-သဒ္ဒါဖြင့် ဉေယျတရား အားလုံးကို စွဲယူသုံးသပ်ရမည်ဟု သိစေသည်။(သဗ္ဗနာမလိင်္ဂတ္ထ)

(တစ်နည်း) ယင်းပါဠ်ဖြင့် သဗ္ဗဿ ဝါကျ၌ ဆောင်၍သိအပ်သော တဿ-ဟူသော နိယတ်၏ အနိယတ်ကား ယံ ပန ကိဉ္စိ အတ္ထိ ဉေယျံ-တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ ဗုဇ္ဈိ-ဖြင့် ဗုဒ္ဓေါ-၌ ဗုဓောတ်၏--ဧ။ (ဒု-ဓာတုပဒ) ဗုဒ္ဓေါပုဒ်ကို ဗုဇ္ဈိတိ ဗုဒ္ဓေါ-ဟု အတီတကာလိက ကတ္တုသာဓန--ဧ။ (အဘိဓာနတ္ထ) တ-ပစ္စည်း၏ ကတ္တု သာဓနဖြင့်သက်--ဧ။ (ဒု-ပစ္စယတ္ထ) သိစေပါသည်။

အတ္တာ-ဖြင့် သစ္စာ ၄-ပါးကို သူတစ်ပါး ဟောပြောသဖြင့် သိသည် မဟုတ်၊ သယမ္ဘူ ဉာဏ်ဖြင့် ကိုယ်တိုင်သိသည်၏--ဧ။ (ဘာဝတ္ထ) အတ္တနာပိ-၌ အပိ-သဒ္ဒါဖြင့် သစ္စာ ၄-ပါးကို ကိုယ်တိုင်သိကာမျှ မကသေး၊ သူတစ်ပါးတို့ကိုလည်း သိစေတတ်သည်၏--ဧ။ (ဘာဝတ္ထ) သိစေပါသည်။

စတ္တာရိ သစ္စာနိ-ဖြင့် ကိုယ်တိုင်လည်း သိပြီဟူသည် သစ္စာ ၄-ပါးတို့ကို သိသတည်း ဟု သိစေပါသည်။ (ဘာဝတ္ထ) ဗောဓေသိ-ဖြင့် ဗုဒ္ဓေါ-၌ ဗုဓောတ်၏--ဧ။ (ဒု-ဓာတုပဒ) ဗုဒ္ဓေါပုဒ်ကို ဗောဓေသီတိ ဗုဒ္ဓေါ-ဟု ကတ္တုသာဓန--ဧ။ (အဘိဓာနတ္ထ) တ-ပစ္စည်း၏ အတီတကာလိက ကတ္တုသာဓနဖြင့်သက်--ဧ။ (ဒု-ပစ္စယတ္ထ) ဟိတ်အနက် အတွင်းငုတ် သည်၏--ဧ။ (ဘာဝတ္ထ) သိစေပါသည်။

အညေ သတ္တေ-ဖြင့် ကာရိုက်ကံ၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ) ပိ-ဖြင့် သူတစ်ပါးတို့ကိုသာ သိစေသည်မဟုတ်၊ ကိုယ်တိုင်လည်း သိသည်၏အဖြစ်ကို သိစေ ပါသည်။ (ဘာဝတ္ထ) အပေါင်း သံဝဏ္ဏနာဖြင့် ဗုဒ္ဓေါစ ဗုဒ္ဓေါစ ဗုဒ္ဓေါ-ဟု ဧကသေသ တဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ)

➤ ၇။ ယံ ပန ကိဉ္စိ အတ္ထိ ဉေယျံ/ယောပန ကောစိ အတ္ထိ ဉေယျော ။ ။ ယံ ပန ကိဉ္စီတိ ဧတ္ထ ယန္တိ အနိယမိတဝစနံ၊ တထာ ကိဉ္စီတိ-ဟု သာရတ္ထ၌ ဖွင့်သောကြောင့် "ယံ ပန ကိဉ္စိ အတ္ထိ ဉေယျံ"ဟု နပုံလိင်နှင့်ရှိသောပါဠ် သင့်ပါသည်။

(က) ၌ သဗ္ဗဿပိ/သဗ္ဗဿ ။ ။ ပီတိ ဥပရိ ဝုစ္စမာနော ဝိသေသော ဇောတီယတိ-

http://www.dhammadownload.com



(ဂ) ၌ သစ္စာနိ/သစ္စာနံ ။ ။ ဇမ္ဗုတွန္တဿ တု ကမ္ဗုဋ္ဌော၊ ဆဋ္ဌီ ဘဝတိ ကေဒါ-ဟူသော ကစ္စာယနသာရကိုထောက်၍ ဇမ္ဗုပစ္စည်း တုပစ္စည်းအဆုံးရှိသော ပုဒ်တို့၏ အယှဉ်၌ ရုံခါ ဆဋ္ဌီကံ ရုံခါ ဒုတိယာ ကံနေနိုင်သောကြောင့် သစ္စာနိ/သစ္စာနံ နှစ်ပါဌ်လုံး သင့်ပါသည်။

ဗုဒ္ဓေါ/ဗောဓ္ဓော ။ ။ ပဏ္ဏသုသာ-၌ ဝုဒ္ဓိမရောက်ဘဲ ရုပ်ပြီးသကဲ့သို့ ဗုဒ္ဓေါပုဒ်၌လည်း ကာရိုက်ပစ္စည်း ပါဝင်စေကာမူ ဝုဒ္ဓိမရောက်ဘဲ ရုပ်ပြီးစီးမှု ရှိသောကြောင့် ဗုဒ္ဓေါ-သာ သင့်ပါသည်။

**နိဒ္ဒေသနယော ပဋိသမ္ဘိဒါနယောဝါ/နိဒ္ဒေသနယောဝါ ပဋိသမ္ဘိဒါနယောဝါ**

နိဒ္ဒေသနည်း၏ ပဋိသမ္ဘိဒါနည်းနှင့် အထူး မရှိသောကြောင့် တစ်နည်းနည်းကိုယူလျှင် ပြီးနိုင်ရကား ဝါ-သဒ္ဒါ နှစ်လုံးမလို၊ ထို့ကြောင့် နိဒ္ဒေသနယော ပဋိသမ္ဘိဒါနယောဝါ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဗုဒ္ဓေါ**-ကား ဂုဏ်ဖြစ်သော သိခြင်း၏ ဗုဒ္ဓ အမည်ကို ဂုဏီဖြစ်သော ဘုရားဒြဗ်၌တင်-- ဂုဏူပစာ။

ဗုဒ္ဓေါစ ဗုဒ္ဓေါစ ဗုဒ္ဓေါ-ကိုယ်တိုင်လည်း သိ၊ ဝေနေယျသတ္တဝါတို့ကိုလည်း သိစေ၏။ ဤသို့ ဗုဒ္ဓသဒ္ဒါနှစ်ခုကို တစ်ခုကြွင်းပြုထားသောကြောင့် ကေသေသနည်း မည်၏။

**အညေပိ သတ္တေ**-ကား အပေါင်းဖြစ်သော သတ္တဝါအားလုံး၏ အညေပိ သတ္တေ-အမည်ကို အစိတ်ဖြစ်သော ကျွတ်ထိုက်သော သတ္တဝါ၌တင်-- ဧကဒေသူပစာ။

**ဝိမောက္ခန္တိကဉာဏဝသေန**-ဟူသောနည်းသည် ဝိမောက္ခန္တိကဉာဏဝသေန၊ ဝိမောက္ခန္တိကဉာဏ်၏ အစွမ်းဖြင့်။ဗုဒ္ဓတ္တာ၊သိတော်မူတတ်သည်၏အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ဗုဒ္ဓမည်တော်မူ၏ဟူ၍ရင်း။ ဝိမောက္ခန္တိကဉာဏဝသေန၊အစွမ်းကြောင့်။ဗုဒ္ဓေါ၊ဗုဒ္ဓမည်တော်မူ၏ဟူ၍ရင်း။ နှစ်ပုဒ်ကိုငဲ့သောကြောင့် ကာကောလောကနနည်း မည်၏။

➤ ၁၀။ **ဝိမောက္ခ**-အရ အရဟတ္တမဂ်။ **ဝိမောက္ခန္တ**-အရ အရဟတ္တဖိုလ်။

**ဝိမောက္ခန္တိက**-အရ သဗ္ဗညုတဉာဏ်နှင့်တကွ အလုံးစုံသော ဗုဒ္ဓဉာဏ်။

**ဓါတုဓ္ဓ [၅၆]**

(က) ဘဂဝါတိ ဣဒံ ပနဿ ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဓိဝစနံ။

(ခ) တေနာဟု ပေါရာဏာ-- "ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါတိ ဝစနမုတ္တမံ။
ဂရု ဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတီ"တိ။

(ဂ) စတုဗ္ဗိဓံ ဟိ နာမံ အာဝတ္ထိကံ လိင်္ဂိကံ နေမိတ္တိကံ အဓိစ္စသမုပ္ပန္နန္တိ။

(ဃ) အဓိစ္စသမုပ္ပန္နံ နာမ လောကိယဝေါဟာရေန "ယဒိစ္ဆက"န္တိ ဝုတ္တံ ဟောတိ။

(င) တတ္ထ ဝစ္ဆော ဒမ္မော ဗလိဗဒ္ဒေါတိ ဧဝမာဒိ အာဝတ္ထိကံ၊ ဒဏ္ဍီ ဆတ္တီ သိခီ ကရီတိ ဧဝမာဒိ လိင်္ဂိကံ၊ တေဝိဇ္ဇော ဆဠဘိညောတိ ဧဝမာဒိ နေမိတ္တိကံ၊ သိရိဝဍ္ဎကော

http://www.dhammadownload.com



ဓနဝဍ္ဎကောတိ ဓဝမာဒိ ဝစနတ္ထမနပေက္ခိတွာ ပဝတ္တံ အာဓိစ္စသမုပ္ပန္နံ။

(ခ) ဣတ္ထံ ပန ဘဂဝါတိ နာမံ နေမိတ္တိကံ၊ န မဟာမာယာယ, န သုဒ္ဓေါဒန မဟာရာဇေန န အသီတိယာ ဉာတိသဟဿေဟိ ကတံ, န သက္ကသန္တုသိတာဒီဟိ ဒေဝတာဝိသေသေဟိ။

(ဃ) ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။ ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ ဘဂဝါ တတောတိ။

(ဇ) တတ္ထ ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယယောတိ ဧတံ နိရုတ္တိလက္ခဏံ ဂဟေတွာ သဒ္ဒနယေန ဝါ ပိသောဒရာဒိပက္ခေပလက္ခဏံ ဂဟေတွာ ယသ္မာ လောကိယလောကုတ္တရသုခါဘိနိဗ္ဗတ္တကံ ဒါနသီလာဒိပါရပ္ပတ္တံ ဘာဂျမဿ အတ္ထိ၊ တသ္မာ ဘာဂျဝါတိ ဝတ္တဗ္ဗေ ဘဂဝါတိ ဝုစ္စတီတိ ဉာတဗ္ဗံ။ (၄၅၉၄/၉၅။ မအူ၊၂။၁၂၁။ ဘာဋီ-၁။၄၄၄။)

➤ ၁။ ဘဂဝါတိဝစနံ၊ဘဂဝါဟူသော သဒ္ဒါသည်။သေဋ္ဌံ၊အထူးသဖြင့် ချီးမွမ်းအပ်၏။(ဝစနံပုဒ် သဒ္ဒါဟော), ဘဂဝါတိဝစနံ၊ဘဂဝါဟူသော သဒ္ဒါသည် ဟောအပ်သော အနက်သည်။သေဋ္ဌံ၏။ (ဝစနံပုဒ် ဝစနီယတ္ထဟော)

(ဇ) ဝုစ္စတိ ဉာတဗ္ဗံ-တို့၏ ကတ္တားကို ပဏ္ဍိတေန-ဟု ထည့်ပါ။

➤ ၂။ (ခ) သို့/ ဆရာသည် (က)ဖြင့် ဘဂဝါ-ဟူသောသဒ္ဒါသည် သီလ-စသော ဂုဏ်တို့ဖြင့်ထူးသော သတ္တဝါတို့ထက်မြတ်သော အလေးပြုအပ်သောသူ၌ အလေးပြုတတ်သူ၏အဖြစ်ဖြင့် ဆိုအပ်သော ရုဠှီသဒ္ဒါဖြစ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့ ဆိုသော်လည်း ဘဂေါ အဿ အတ္ထိတိ ဘဂဝါ-စသော ဝစနတ္ထဖြင့်လည်း ပြီးကောင်းသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် ရုဠှီသဒ္ဒါဟုဆိုသော ဆရာ့စကား အဘယ်သို့သော ပရဝစနသာဓကဖြင့် သင့်နိုင်ပါအံ့နည်း။ (ဝါ) ယုံကြည်လေးစား မှတ်သားအပ်ပါသနည်း၊ (ခ)မိန့်။

(ဂ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က-ခ)တို့ဖြင့် မြတ်စွာဘုရား၏ ဘဂဝါ-ဟူသော အမည်သည် ဂုဏ်အထူးလျှင် အကြောင်းရင်းရှိသော နာမည်တည်းဟု သဒ်ေပအားဖြင့် ပြဆိုပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင် ဝိတ္ထာရအားဖြင့် ဝေဘန်လိုသော ဆရာသည် ရှေးဦးစွာ နာမ်ကိုပင် အတ္တုဒ္ဓါရ၏ အစွမ်းဖြင့် ပြလိုရကား (ဂ) မိန့်။

(ဂ) သို့/ ဆရာသည် (က)ဖြင့် ဘဂဝါ-ဟူသောအမည်သည် မြတ်စွာဘုရား၏ ဂုဏ်တော်မှလာသော အမည်ဖြစ်၏ဟု ဖွင့်ပြအပ်၏။ ဝိဘာဂဝန္တဖြစ်သော နာမ်တို့၏ သဘောကို ထင်စွာပြခြင်းသည် ဝိဘာဂကို အဦးမူသဖြင့်သာ ဖြစ်ကောင်းသည် မဟုတ်ပါလော။ ထို့ကြောင့် ဝိဘာဂဝန္တဖြစ်သော နာမ်တို့၏ အကျယ် ဝိဘာဂကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာသည် (ဂ)ဖြင့် နာမ်သည် အာဝတ္ထိကနာမ် လိင်္ဂိကနာမ် နေမိတ္တိကနာမ် အဓိစ္စသမုပ္ပန္နနာမ်-ဟု ၄-ပါးအပြားရှိသောဟု ဆို၏။ အဓိစ္စသမုပ္ပန္နမည်သည်ကို

http://www.dhammadownload.com



လောကိယဝေါဟာရအားဖြင့် အဘယ်သို့ ဆိုအပ်ပါသနည်း၊ ယင်းနာမ်ကို လောကိယဝေါဟာရအားဖြင့်လည်း အမိစ္စသမုပ္ပန္နနာမ်ဟုပင် ဆိုအပ်ပါသလော။ စုဒ်-(ဃ) မိန့်။

(င) **သို့/ အနုသန္ဓေ**။ ။ ဤသို့ (ဂ) ဖြင့် နာမ်သည် အာဝတ္ထိကနာမ် လိင်္ဂိကနာမ် နေမိတ္တိကနာမ် အမိစ္စသမုပ္ပန္နနာမ်-ဟု ၄-ပါးအပြားရှိ၏ဟု ပြပြီး၍ ယခုအခါ၌ ယင်းအာဝတ္ထိက-စသော နာမ်တို့ကို သရုပ်အားဖြင့် ပြလိုရကား (င) မိန့်။

(စ) **သို့/ အနုသန္ဓေ**။ ။ ဤသို့ စတုဗ္ဗိဓံဟိ စသည်ဖြင့် အတ္ထုဒ္ဓါရကို ပြပြီး၍ ယခုအခါ၌ အတ္ထာဓိပ္ပေတကို ပြတော်မူလိုသော ဆရာသည် (စ) မိန့်။

**န မဟာမာယာယ စသည်သို့/ အနုသန္ဓေ**။ ။ က္လာဒံ ပန စသည်ဖြင့် ဆိုအပ်ပြီးသောအနက်ကို ဗျတိရေက၏ အစွမ်းဖြင့် ပြီစေလို၍ န မဟာမာယာယ--မိန့်။

(ဈ) **သို့/ အနုသန္ဓေ**။ ။ ဤသို့ (က) ဖြင့် ဘဂဝါမည်ခြင်း၏ အကြောင်း ၆-မျိုးကို အကျဉ်းသင်္ဂဟဂါထာဖြင့် ပြတော်မူပြီး၍ ယခုအခါ၌ ယင်းတို့ကို အသီးသီးခွဲ၍ပြလိုရကား (ဈ) မိန့်။

➤ ၃။ (ခ) သည် အာဂမဒဠှီကရဏ။ (ဂ) သည် ဝိတ္ထာရ။ (ဃ) သည် လောကဝေါဟာရအားဖြင့်လည်း အမိစ္စသမုပ္ပန္နဟူ၍ပင် သုံးစွဲကြပါသလော-ဟု စောဒနာကို ပယ်လို၍ ဆက်လက်ပြသောကြောင့် ဝါကျာမ္ဘ။ (င) သည် အာဝတ္ထိကနာမ် စသည် ၄-မျိုးတို့၏ သရုပ်အကျယ်ကို ပြသောကြောင့် ဝိတ္ထာရ။ (စ) သည် ပကာသန/ဝိသေသ၊ ဝါကျာရမ္ဘ။ ယင်း (စ) ၌ န မဟာမာယာယ စသည်ကား ဗျတိရေကဝါကျ။ (ဆ) ပကာသန။ (ဈ) ဝိတ္ထာရ။

➤ ၄။ ဂရုံ ကရောတီတိ ဂရု။ (အလေးအမြတ်ပြုတတ်သော ပုဂ္ဂိုလ်) ဂရုကာတဗ္ဗော[အလေးပြုအပ်၏။]တိ ဂရု။(ဂရုပုဒ် ဏာပစ္စည်း၊ ကာတဗ္ဗတဒ္ဓိတ်) ဂရုနော ဘာဝေါ ဂါရဝံ။ (အပေါင်း) ဂရုနော၊အလေးအမြတ်ပြုတတ်သော ပုဂ္ဂိုလ်၏။ဘာဝေါ၊ဖြစ်ကြောင်းတည်း။ ဂရုပုဒ်+ဏာပစ္စည်း။ ဂရု-ဟူသောတဒ္ဓိတ်ပုဒ်အရကား အလေးအမြတ်ပြုတတ်သောသူ ဒြဗ်သည်မုချ။ ယင်း၏(အလေးအမြတ်ပြုသူ၏ ဖြစ်ကြောင်းဟုဆိုအပ်သော) ပရမနိပစ္စာကာရနိစဝုတ္တိ အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဒါပဝတ္တိနိမိတ် စိတ္တုပ္ပါဒ်နှင့် ဉာန ဉာနီ/ဂုဏော ဂုဏ် စပ် ဉာန။ ဏာပစ္စည်းအရကား ထို--သော (အလေးအမြတ်ပြုသူ၏ ဖြစ်ကြောင်း ဟုဆိုအပ်သော) ပရမနိပစ္စာကာရနိစဝုတ္တိ အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဒါပဝတ္တိနိမ စိတ္တုပ္ပါဒ် ရ၏။ [ ဂရု-အရ အလေးအမြတ်ပြုတတ်သော ပုဂ္ဂိုလ်သည် မုချ။ ထို၏ အလေးအမြတ်ပြုတတ်သောသူ၏ ဖြစ်ကြောင်းဖြစ်ရာ သဒ္ဒါပြဓာန်းသော စိတ္တုပ္ပါဒ်နှင့် ဉာန ဉာနီ/ဂုဏော ဂုဏ် စပ် ဉာန။ ဏာပစ္စည်းအရကား ထို--သော အလေးအမြတ်ပြုတတ်သောသူ၏ ဖြစ်ကြောင်းဖြစ်ရာ သဒ္ဒါပြဓာန်းသော စိတ္တုပ္ပါဒ် ရ၏။]

ဂရုကာတဗ္ဗောတိ ဂရု။ ဂိရတိ ဝမတီတိ ဂရု။ ဂရတိ သိဉ္စတီတိ ဂရု။ ဂရဓာတ်အရ

http://www.dhammadownload.com



ကတ္တုဌကား လေးစားတတ်သော ပုဂ္ဂိုလ်၏ သဒ္ဒါဒိ ပုဗ္ဗဂ်မ စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဌကား အလေးအမြတ်ပြုအပ်သော မြတ်စွာဘုရား၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဥ-ပစ္စည်းအရကား ထို--သော မြတ်စွာဘုရား ရ၏။

ဂုဏေဟိ[အပရိမိတနိရူပမဖြစ်သော သီလ-စသော ဂုဏ်တို့ဖြင့်။]ဝိသိဋ္ဌော[ထူးသည်တည်း။] ဂုဏာဝိသိဋ္ဌော။ (တတိယာတပ္ပုရိသ်၊ ဂုဏနှင့် ဝိသိဋ္ဌ ဂုဏ်-ဂုဏော ဝိသေသန-ဝိသေသျစပ်) သတ္တေဟိ ဥတ္တမော သတ္တုတ္တမော။ ဂုဏာဝိသိဋ္ဌောစ သော သတ္တုတ္တမော စာတိ **ဂုဏာဝိသိဋ္ဌသတ္တုတ္တမော**။ ဝိသေသနောဘယပဒ ကမ္မဓာရည်း။

ဂုဏာဝိသိဋ္ဌ ဝိသေသန-အရ ဂုဏာဝိသိဋ္ဌဘောဂုဏ်သည် မုချ။ သတ္တုတ္တမ-ဝိသေသန ပုဒ်အရ သတ္တုတ္တမ ဘောဂုဏ်သည် မုချ။ ထို--၏ မြတ်စွာဘုရားနှင့် ဝိသေသန-ဝိသေသျ စပ် ဌာနူ။ ပုဒ်လုံး အရ ထို--သော ဂုဏ်တော်တို့ဖြင့်လည်းထူး, သတ္တဝါတို့ထက်လည်း မြတ်သော မြတ်စွာဘုရား ရ၏။

ဂုဏာဝိသိဋ္ဌသတ္တုတ္တမောစ သော ဂရုစာတိ ဂုဏာဝိသိဋ္ဌသတ္တုတ္တမဂရု။ ဂုဏာဝိသိဋ္ဌ သတ္တုတ္တမဂရုမှိ ဂါရဝံ **ဂုဏာဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝံ**။ ဂုဏာဝိသိဋ္ဌ သတ္တုတ္တမဂရုနော ဂါရဝါဓိဝစနံ **ဂုဏာဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဓိဝစနံ**။ အဝတ္ထာယ ဝိဒိတံ **အာဝတ္ထိကံ**။ လိင်္ဂေန ဝိဒိတံ **လိင်္ဂိကံ**။ နိမိတ္တေန အာဂတံ **နေမိတ္တိကံ**။ အဝိစ္စ နိမိတ္တံ အတိက္ကမ္မ သမုပ္ပန္နံ **အဓိစ္စသမုပ္ပန္နံ**။

ပကာ္သပနံ ပကာ္သေပေါ။ (ပ-ခိပ+ယု) ပကာ္သေပေါဧဝ လက္ခဏံ ပကာ္သေပလက္ခဏံ။ ပိသော ဒရာဒိသု ပကာ္သေပလက္ခဏံ **ပိသောဒရာဒိပကာ္သေပလက္ခဏံ**။

ပိသော ဒရာဒိသု၊ပိသောဒရ စသည်တို့၌။(ဝါ) ပိသောဒရာဒိဂိုဏ်းတို့၌။ပကာ္သပန လက္ခဏံ၊ထည့်သွင်းခြင်းလက္ခဏာတည်း။ ပိသောဒရာဒိ-အရကား ပိသောဒရ-စသော သဒ္ဒါ၊ (ဝါ) ပိသောဒရာဒိဂိုဏ်းသည် မုချ။ ယင်း၏ ထည့်သွင်းခြင်းလက္ခဏာနှင့် အာဓာရ-အာဓိ/အဘေဒ-ဘေဒ စပ် ဌာနူ။ ပုဒ်လုံးအရကား ပိသောဒရာဒိ- စသော သဒ္ဒါ၌ (ဝါ) ပိသောဒရာဒိဂိုဏ်း၌ ထည့်သွင်းခြင်း လက္ခဏာ ရ၏။

ဘာဂေါ ဧတ္ထ အတ္ထီတိ **ဘာဂျံ**။ ဘာဂေါ၊ဣဌဝိပါကဟူသော အဖို့သည်။ဧတ္ထ၊ ဤကုသိုလ်၌။အတ္ထိ၊၏။ ဘာဂပုဒ်+ဏျပစ္စည်း။

➤ ၆။ (က) ဖြင့် ဘဂဝါ-ဟူသောအမည်သည် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ ဖြင့်ထူးသော ယင်းသို့ ထူးသောကြောင့် သတ္တဝါတို့ထက်မြတ်သော အလေးပြုအပ်သော မြတ်စွာဘုရား၌ အလေးပြုတတ်သောသူ၏ အဖြစ်ဖြင့်ဆိုအပ်သော နာမည်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ၌ ယုတ္တော ဘာဂေဟိ-ဖြင့် ဘဂဝါပုဒ်ကို ဘဂါ အဿ သန္တီတိ ဘဂဝါ-ဟု အဿတ္ထိတဒ္ဓိတ်ပြု--ရင်း (အဘိဓာနတ္ထ) ဝန္တုပစ္စည်း၏ --ရင်း (ပစ္စယတ္ထ) သိစေသည်။

(ဂ) ၌ ဘာဂျမဿတ္ထိဖြင့် ဘဂဝါပုဒ်ကို ဘာဂျံ အဿ အတ္ထီတိ ဘဂဝါ-ဟု အဿတ္ထိ

http://www.dhammadownload.com



တဒ္ဓိတ်ပြု--ရင်း (အဘိဓာနဋ္ဌ) ဝဿ ပစ္စည်း၏ --ရင်း (ပစ္စယဋ္ဌ) ဘာဂဗ္ဗ‌ဝါ-ဟု ဆိုလိုလျက် ဘာ-၌ အာကို အ-ပြုခြင်း ဝဏ္ဏဝိကာရ ယချေခြင်း ဝဏ္ဏလောပနိရုတ္တိနည်းအားဖြင့် ဘဂဝါ-ဟု ရုပ်ပြီးသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

ဒါနသီလာဒိပါရမိတ္တံဖြင့် ဘာဂျံ-အရ အသုဘကမ္မကို မယူရ သုဘကမ္မ (ဝါ) ကုသိုလ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

**ဘဂ္ဂဝါ–ပုဒ်အကျယ်** ။ ။ အဘဉ္ဇိ-ဖြင့် ဘဂ္ဂဝါကို အဘဉ္ဇိတိ ဘဂ္ဂဝါ-ဟု အတိတ်ကတ္တုသာဓနပြု--ရင်း (အဘိဓာနဋ္ဌ) တဝန္တုပစ္စည်း၏ အတိတ်ကတ္တုသာဓန၌ သက်--ရင်း (ဒုတိယပစ္စယတ္ထ) ဘဂ္ဂဝါပုဒ်၌ ဘဉ္ဇဓာတ်၏--ရင်း (ဒုတိယဓာတုပဒ) သိစေသည်။

**ဘဂဝါ–ရုပ်ပြီးပုံ** ။ ။ ဘဂ္ဂဝါ-ဟု ဆိုလိုလျက် သံယုဂ် "ဂ"ကို ချေခြင်း ဝဏ္ဏလောပ နိရုတ္တိနည်းဖြင့် ဘဂဝါ-ဟု ပြီးသည်။

**ဝိဘတ္တဝါပုဒ် အကျယ်** ။ ။ **ဝိဘဇိတွာ ဝိဝရိတွာ ဒေသိတဝါ** (၉၇) ဖြင့် ဝိဘတ္တဝါ-၌ ဘဇဓာတ်--ရင်း (ဒု-ဓာတုပဒ) အကျယ်ဖွင့်၍ ဟောသည်ကိုပင် ဝိဘတ္တဝါ-ဟု ဆိုအပ်သည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

**ဘဂဝါ–ရုပ်ပြီးပုံ** ။ ။ ဝိဘတ္တဝါ-ဟု ဆိုလိုလျက် ဝိ-ကိုချေခြင်း ဝဏ္ဏလောပ၊ တ-ကို ချေခြင်း ဝဏ္ဏလောပ၊ တ-ကို ဂပြုခြင်း ဝဏ္ဏဝိကာရဖြင့် ဘဂဝါ-ဟု ရုပ်ပြီးသည်။

**ဘတ္တဝါပုဒ် အကျယ်** (၄၊၉၇) ဘဇိ-ဖြင့် ဘတ္တဝါ-ကို ဘဇိတိ ဘတ္တဝါ-ဟု အတိတ်ကတ္တုသာဓနဝစနတ္ထပြု--ရင်း (အဘိဓာနဋ္ဌ) တဝန္တုပစ္စည်း၏ အတိတ်ကတ္တု သာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ဘတ္တဝါ-သဒ္ဒါ၏ ဘဇဓာတ်၏--ရင်း (ဒု-ဓာတုပဒ) သိစေပါသည်။

သေဝိ-ဖြင့် ဘဇိ-၌ ဘဇဓာတ်သည် မှီဝဲခြင်းအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ) ဗဟုလမကာသိ-ဖြင့် မှီဝဲ၏ဟူသည် အကြိမ်များစွာ ပြုခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) **ဘဂဝါ–ရုပ်ပြီးပုံ** ။ ။ ဘတ္တဝါ-ဟု ဆိုလိုလျက် တ-ကိုချေခြင်း ဝဏ္ဏလောပ၊ တ-ကို ဂ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် "**ဘဂဝါ**" ပြီးပါသည်။

**ဝန္တဂမနော ဘဝေသုပုဒ် အကျယ်** (၄၊၉၇) ဂမနံ အနေန ဝန္တံ-ဖြင့် ဝန္တ ဂမနံ အနေနာတိ ဝန္တဂမနော-ဟု တတိယာဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြု--ရင်း (အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒတ္ထ) ဝန္တံပုဒ်ကို ဝမိယိတ္ထာတိ ဝန္တံ-ဟု ကမ္မသာဓန--ရင်း (အဘိဓာနဋ္ဌ) တ-ပစ္စည်း၏ --ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

တဏှာသင်္ခါတံ–ဖြင့် ဂမနံ-အရ တဏှာကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) တီသု-ဖြင့် ဘဝေသု-၌ ဘဝ-အရ ကာမ, ရူပ, အရူပဘဝ သုံးပါးကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➤ ၇။ **ဗလိဗဒ္ဒ/ဗလိဗဒ္ဓ/ဗလီဗဒ္ဓ/ဗလိဗဒ္ဒ** ။ ။ ဗလံ ဝဒ္ဓယတီတိ ဗလိဗဒ္ဒါ၊ နိပါ

F-15-A

http://www.dhammadownload.com



တနာ-ဟူသော အဘိဓာန်ဋီကာကိုထောက်၍ ဗလသဒ္ဒူပပဒ ဝဒ္ဓဓာတ် အပစ္စည်း၊ နိပါတနာ-သုတ်ကြီးဖြင့် လ-၏အစိတ် အ-ကို ဤပြု၊ ဒ္ဓ-ကို ဒ္ဒပြု၍ ရုပ်ပြီးသောကြောင့် ဗလီဗဒ္ဒ-သင့်ပါသည်။

ပါရာဇိကဏ် ဂဏ္ဌိသစ်၌ ဗလံ ဝဒ္ဓေတီတိ ဗလိဗဒ္ဓေါ-ဟု ဝစနတ္ထပြု၊ အ-ကို ဣပြု၊ ဝ-ကို ဗပြု၍ ဗလိဗဒ္ဓ-ဟု ရုပ်ပြီးကြောင်း ပြဆိုထားပါသည်။ ထို့ကြောင့် ယင်းအလို ဗလိဗဒ္ဓ-ပါဌ် သင့်ပါသည်။ [ ၄-ပါဌ်လုံး သင့်နိုင်သည်။]

**ယဒိစ္ဆကံ/ယာဒိစ္ဆကံ** ။ ။ ယံ ယံ ဣစ္ဆာ ယဒိစ္ဆာ၊ ယဒိစ္ဆာယ ပဝတ္တံ ယဒိစ္ဆကံ။ (ယဒိစ္ဆ+ကဏ်) ဤသို့သော သဒ္ဒယုတ္တိကြောင့်ရင်း၊ သာရတ္ထ၌လည်း ယဒိစ္ဆာယ ပဝတ္တံ ယဒိစ္ဆာယ အာဂတံ ယဒိစ္ဆကံ-ဟု ယ-၌ ရဿနှင့်ဆိုသောကြောင့်ရင်း "ယဒိစ္ဆကံ"ပါဌ် သင့်ပါသည်။ ယာ ယာ ဣစ္ဆာ ယဒိစ္ဆာ၊ ယဒိစ္ဆာယ ပဝတ္တံ ယာဒိစ္ဆကံ (ယဒိစ္ဆ+ကဏ်) ဏာ-အနုဗန်ကြောင့် ယ-၌ အ-ကို အာဝုဒ္ဓိပြု၊ ဤသို့သော သဒ္ဒယုတ္တိကြောင့်ရင်း၊ ယာ ဒိစ္ဆကံနာမ ယဒိစ္ဆာယ ကတသင်္ကေတနာမ-ဟု သဒ္ဒနီတိသုတ္တမာလာ၌ ဆိုသောကြောင့် ရင်း ယာဒိစ္ဆကံ-လည်း သင့်ပါသည်။

**ဂရှ/ဂုရှ** ။ ။ ဂါရဝေါ-ဟူသော တဒ္ဓိတ်ရုပ်ပြီးပုံကိုထောက်၍ ဂရှ-ပါဌ်သာ သင့်ပါ သည်။ (တစ်နည်း)' ဂရဓာတ်, ဂိရဓာတ်, ဂမုဓာတ် ဥပစ္စည်းဖြင့် ပြီးသောကြောင့်ရင်း၊ ဂါရဝေါစ နိဝါတောစ-ကိုထောက်၍ရင်း ဂရု-ပါဌ်သာသင့်ပါသည်။

**ဝိပရိယယော/ဝိပရိယာယော** ။ ။ ဝိရှေ့ ပရိရှေ့ရှိသော ဣဓာတ် အ-ပစ္စည်း၊ ဣကို ဧပြု၊ ဧကို အယပြု၍ အ-ကို အာဒီယ မပြုလျှင် ဝိပရိယယော သင့်ပါသည်။ အ-ကို အာဒီယပြုလျှင် ဝိပရိယာယော သင့်ပါသည်။ ထို့ကြောင့် ၂-ပါဌ်လုံး သင့်ပါသည်။

**သုခါဘိနိဗ္ဗတ္တကံ/သုခါဘိနိဗ္ဗတ္တိကံ** ။ ။ အဘိနိဗ္ဗတ္တ-ကား အဘိရှေ့ နိရှေ့ရှိသော ဝတ္တဓာတ် ဏျပစ္စည်းဖြင့် ပြီးသောကြောင့်ရင်း၊ ယင်းပုဒ်သည် ဘာဝရုပ်၏ ဝိသေသန ပုဒ်ဖြစ်၍ နပုံလိင်ဖြစ်သောကြောင့်ရင်း၊ ဣတ္ထိလိင်၌သာလျှင် ဏျပစ္စည်း၏ ကာရိယ အက- ၏ အ-ကို ဣပြုရသောကြောင့်ရင်း၊ ဤ၌ အက-၏ အ-ကို ဣ-မပြုဘဲ " သုခါဘိ နိဗ္ဗတ္တကံ" ပါဌ်သာ သင့်ပါသည်။

**သာဌေယျ/သာဓေယျ** ။ ။ သဌ ကေတဝေ-ဟု ဓာတ်ကျမ်းလာသောကြောင့်ရင်း၊ သဌတိ ဝဉ္စေတီတိ သဌော၊ ကေရာဋိကော။ သဌဿ ဘာဝေါ ကမ္မံ ဝါ သာဌေယျံ (ရှ) သဌပုဒ် ဏေယျ ပစ္စည်းဖြင့် ပြီးသောကြောင့်ရင်း "သာဌေယျ" ပါဌ်သာ သင့်ပါသည်။

**လဃိမာ/လိဃိမာ** ။ ။ လဃုနော ဘာဝေါ လဃိမာ၊-လဃုပုဒ်နောင် ဣမပစ္စည်း သက်၍ လဃိမာ-ဟုပြီးသောကြောင့် လဃိမာ-ပါဌ်သာ သင့်သည်။

➤ ၈။ **ဘဂဝါတိဝစနံ**- ကား အကြောင်း(ဌာန)ဖြစ်သော ဘဂဝါဟူသော စိတ္တဇ သဒ္ဒ, စိတ္တပစ္စယသဒ္ဒ, စိတ္တပစ္စယ ပရမ္ပရသဒ္ဒ၏ "ဘဂဝါတိဝစနံ" ဟူသော အမည်ကို အကျိုး

http://www.dhammadownload.com



(ဌာနီ)ဖြစ်သော သေဋ္ဌဂုဏ်ဟူသောအနက်၌တင်-- ကာရဏူပစာ (ဌာနူပစာ) နာနန္တရိက နည်း။

**ဘဂဝါတိဝစနံ့မူဋ္ဌမံ-နည်းတူ။**

**ဘဂဝါတိဝစနံ သေဋ္ဌံ**-ကား အကြောင်းဘုရားတည်းဟူသော အနက်၏ မြတ်ခြင်း၏ "ဘဂဝါတိဝစနံ သေဋ္ဌံ"ဟူသောအမည်ကို အကျိုးဖြစ်သော ဘဂဝါ-ဟူသော သဒ္ဒါ၏ မြတ်ခြင်း၌တင်-- ကာရဏူပစာ။ ဌာနူပစာ။

**သေဋ္ဌံ**-ကား အကြောင်းဖြစ်သော ပဝတ္တနိမိတ်ဂုဏ်၏ "သေဋ္ဌ"အမည်ကို အကျိုး ဖြစ်သော ဘဂဝါသဒ္ဒါ၌တင်-- ကာရဏူပစာ။

**ဂရုဂါရဝယုတ္တော**-ဟူသောနည်းသည် လေးစားခံထိုက်သူ ပုဂ္ဂိုလ်တို့တွင် အလွန်အကဲ လေးစားခြင်းငှာ ထိုက်သော မြတ်စွာဘုရားကို ယူရသောကြောင့် အတိသယနည်းမည်၏။ (ကေဒေသျူပစာ)

**ဝဏ္ဏဂမနော**-ကား ထင်ရှားရှိသော ပျို့အန်အပ်သော အစာ၏ "ဝန္တ" အမည်ကို ထင် ရှား မရှိသော ပျို့အန်၍ မရကောင်းသော တဏှာ၌တင်-- တဒ္ဓမ္မူပစာ မည်၏။

**ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော**-ကား အစိတ်ဖြစ်သော နိရုတ္တိလက္ခဏာ နှစ်ခုတို့၏ ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယာယ အမည်ကို အပေါင်းဖြစ်သော ဝဏ္ဏာဂမ ဝဏ္ဏဝိပရိယာယ ဝဏ္ဏဝိကာရ ဝဏ္ဏလောပ ဓာတုအတ္ထေန နိယောဇနတို့၌တင်-- ကေဒေသူပစာ။ ဥပ လက္ခဏနည်း၊ နိဒဿနနည်း။

**တေံ နိရုတ္တိလက္ခဏံ**- ကား အပေါင်းဖြစ်သော ဝဏ္ဏာဂမ-စသော နိရုတ္တိလက္ခဏာ ၅-မျိုးတို့၏ "နိရုတ္တိလက္ခဏံ"ဟူသော အမည်ကို အစိတ်ဖြစ်သော ဝဏ္ဏာဂမ ဝဏ္ဏ ဝိပရိယာယတို့၌တင်-- ဧကဒေသျူပစာ မည်၏။

**ဘာဂျံ**-ကား အပေါင်းဖြစ်သော အသုဘကမ္မ, သုဘကမ္မ, သုဘာသုဘကမ္မတို့၏ "ဘာဂျ" အမည်ကို အစိတ်ဖြစ်သော သုဘကမ္မ (ကုသိုလ်)၌တင်-- ဧကဒေသျူပစာ။

➤ ၁၀။ ဓါရဝ-အရ သဒ္ဒါဒိပုဗ္ဗင်္ဂမကုသိုလ်ကြိယာ စိတ္တုပ္ပါဒ် ရ၏။

[**ဓမ္မေနာတရဏဟာရ**] ဘဂဝါ-အရ မြတ်စွာဘုရား၏ ခန္ဓာပဋ္ဌကဒြပ်ကိုယူ၍- ထိုတွင် ဘုရားရှင်၏ သန္တာန်၌ဖြစ်သော စတုသမုဋ္ဌာနိကရုပ်သည် ရူပက္ခန္ဓာမည်၏။ စေတသိက် တို့တွင်--ဘုရားရှင်၏စိတ်တော်သည် ဝိညာဏက္ခန္ဓာ မည်၏။

**ပါဠိ [၅၇]**

(က) **သော** ဣမံ **လောကန္တိ** သော ဘဂဝါ ဣမံ လောကံ။ (ခ) ဣဒါနိ ဝတ္တဗ္ဗံ နိဒဿေတိ။ (ဂ) **သဒေဝကန္တိ** သဟ ဒေဝေဟိ သဒေဝကံ။ (ဃ) ဇဝံ သဟ မာရေန **သမာရကံ**။ (င) သဟ ဗြဟ္မုနာ **သဗြဟ္မကံ**။ (စ) သဟ သမဏဗြာဟ္မဏေဟိ **သဿမဏ ဗြာဟ္မဏိံ**။ (ဆ) ပဇာတတ္တာ ပဇာ၊ တံ ပဇံ။ (ဇ) သဟ ဒေဝမနုဿေဟိ **သဒေဝမနုဿံ**။

http://www.dhammadownload.com



(ဈ) တတ္ထ သဒ္ဒေဝကာဝစနေန ပဥ္စကာမာဝစရဒေဝဂ္ဂဟဏံ ဝေဒိတဗ္ဗံ။

(ည) သမာရကာဝစနေန ဆဋ္ဌကာမာဝစရဒေဝဂ္ဂဟဏံ။

(ဋ) ပဇာဝစနေန သတ္တလောကဂ္ဂဟဏံ၊ သဒေဝမနုဿဝစနေန သမ္မုတိဒေဝ အဝသေသမနုဿဂ္ဂဟဏံ။

(ဌ) ဧဝမေတ္ထ တီဟိ ပဒေဟိ ဩကာသလောကော၊ ဒွီဟိ ပဇာဝသေန သတ္တလောကော ဂဟိတောတိ ဝေဒိတဗ္ဗော။

(ဌ၊၉၇။ မအ္ဃ-၂။၁၄၄။ ဘာသာဋီ-၁။၄၆၂။)

➤ ၁။ (ခ) တေန ပဒေန၊ထို ဣမံ လောကံ-ဟူသောပုဒ်ဖြင့်။ (ကရိုဏ်းထည့်) ဣဒါနိ၊ ၌။ဝတ္တဗ္ဗံ၊သဒေဝကံ စသည်ဖြင့် ဆိုအပ်လတ္တံ့သော လောကကို။ ဥပါလိတ္ထေရော၊ သည်။နိဒ္ဒိသေတိ၊ညွှန်ပြ၏။

➤ ၂။ (စ) သို့/ **ယောတာလကာံရထယာတိကာ**။ ။ ဆရာ၊ ဥပါလိထေရ်သည် "ဣမံ လောကံ"ဟု ဆိုတော်မူ၏။ ဣမသဒ္ဒါ အစ္စန္တသမီပဝါစက ဖြစ်သောကြောင့် (ဟိတ်) အာသန္နပစ္စက္ခကရဏ၏ အစွမ်းဖြင့် များစွာသောသူ၏ မျက်မှောက်လောကမျှကို ရည်၍ "ဣမံ လောကံ"ဟူသော စကားကို ဆိုအပ်ပါသလော။ အဘယ်ကို ရည်၍ ဆိုအပ်ပါ သနည်း။(ဝါ) အဘယ်ကို ညွှန်ပြပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

ကား-- (ခ) ဖြင့် ထို ဣမံ လောကံ-ဟူသောပုဒ်ဖြင့် ယခု သဒေဝကံ စသည်ဖြင့် ဆိုတော့မည့်လောကကို ညွှန်ပြ၏ဟု ငါပြဆို၏ဟူလို။

(ဈ) သို့/ ဆရာသည် (က)စသော ဝါကျတို့ဖြင့် သဒေဝကံ-စသောပုဒ်တို့၏ ဝစနတ္ထ အဘိဓာနတ္ထကို ဆိုတော်မူ၏။ ဝစနတ္ထ အဘိဓာနတ္ထ-သာ ရှိပါသလော။ ဝစနီယတ္ထ အဘိ ဓေယျတ္ထကား အဘယ်ပါနည်း၊ ဝစနီယတ္ထ အဘိဓေယျတ္ထကို မပြသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဈ) မိန့်။

(ဈ-ည) သို့/ ဆရာ-သည် (ဂ-ဃ)ဖြင့် သဒေဝကံ သမာရကံပုဒ်တို့၏ ဝစနတ္ထကို ဖွင့်ဆိုတော်မူအပ်၏။ ထို သဒေဝကံ သမာရကံပုဒ်တို့ဖြင့် ရသင့်တိုင်းသော နတ်တို့ကို ယူအပ်ပါသလော။ အဘယ်ပုဒ်ဖြင့် အဘယ်ကို ယူအပ်ပါသနည်း။ စုဒ်ကြောင့်- (ဈ-ည) တို့ကိုမိန့်။

(ဌ) သို့/ ဆရာသည် (ဂ) စသော ဝါကျတို့ဖြင့် သဒေဝကံ စသောပုဒ်တို့၏ ဝစနတ္ထ အဘိဓေယျတ္ထကို ဖွင့်ပြတော်မူအပ်၏။ (တစ်နည်း) ပါဠိတော်၌ သင်္ဂါယနာတင် မထေရ် တို့သည် သဒေဝကံ-စသော ငါးပုဒ်ကို ဟောတော်မူအပ်၏။ ဣမံ လောကံ-ဟူသော ပုဒ်ဖြင့်ပင် ထို သဒေဝကံ-စသော ပုဒ်တို့၏ လိုအပ်သောအနက် ပြီးရာသည် မဟုတ်ပါ လော။ ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် သဒေဝကံ-စသော ငါးပုဒ်ကို ဟောဆိုအပ်ပါ သနည်း၊ စုဒ်ကြောင့် (ဌ) မိန့်။

http://www.dhammadownload.com



➢ ၃။ (ခ) သည် ပါဠိတော်၌ ဣမံ လောကံဟုဆိုရာ ဣမသဒ္ဒါ အစ္စန္တသမီပ ဝါစကဖြစ်သဖြင့် အများမျက်မြင်လောကကိုသာ ယူမည်စိုး၍ ဆက်လက်အားထုတ်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဂ) သည် ပက္ခန္တရ။ (ဃ) ပက္ခန္တရ။ (င) ပက္ခန္တရ။ (စ) ပက္ခန္တရ။ (ဆ) သည် သဿမဏဗြာဟ္မဏိ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ် ဝစနတ္ထမှတစ်ပါး ပဇံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဝစနတ္ထ-ဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရ။ (ဇ) ပဇံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဝစနတ္ထ-မှတစ်ပါး သဒေဝမနုဿံဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၏ ဝစနတ္ထ-ဟု ဆိုအပ်သော အဖို့တစ်ပါးကိုပြသောကြောင့် ပက္ခန္တရ။

(ဈ) သည် သဒေဝကံဟူသောပုဒ်၏ ဝစနတ္ထမှတစ်ပါး ဝစနီယတ္ထ-ဟုဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရ။ (ည) ပက္ခန္တရ။ (ဋ) ဝါကျာရမ္ဘ။

➢ ၄။ ကမ္မကိလေသသင်္ခါတေဟိ ပကာရေဟိ ဇနိယတီတိ ပဇာ။ သော သတ္တော၊ ကို။ကမ္မကိလေသင်္ခါတေဟိ၊ ကံ ကိလေသာဟု ဆိုအပ်ကုန်သော။ပကာရေဟိ၊အပြားတို့သည်။ဇနိယတိ၊ဖြစ်စေအပ်၏။ဣတိ၊ကြောင့်။သော သတ္တော၊သည်။ပဇာ။ ဟေတုကမ္မသာဓန၊ ပ-ဇန+ကွိ။ ပ-ဥပသာရအရကား ပကာရဘောဂုဏ်သည် ပဓာနအားဖြင့် ရ၏။ ကံ ကိလေသာတို့သည် အပဓာနအားဖြင့် ရ၏။ ဇနဓာတ်အရ ဟေတုကတ္တုရှုကြိယာအရကား ကံ ကိလေသာတို့ ၏ ဥပါဒ်သည် မုချ။ ဟေတုကမ္မ၌အရကား သတ္တဝါဟုဆိုအပ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ နာနာက္ခဏိကာဒိပစ္စယုပ္ပန္နဘောဂုဏ်သည် ကာရဏူပစာ။ ကွိပစ္စည်းအရ ထို--သော သတ္တဝါဟုဆိုအပ်သော ခန္ဓာပဉ္စကဖြစ် ရ၏။

(တနည်း) ပကာရေန ဇာယတီတိ ပဇာ။ ယော သတ္တော၊သည်။ပကာရေန၊အပြားအားဖြင့်။ဇာယတိ၊ဖြစ်တတ်၏။ဣတိ သော သတ္တော ပဇာ။ သုဒ္ဓကတ္တုသာဓန။

ပ-ဥပသာရအရကား ပကာရဘောဂုဏ် ရ၏။ ဇနဓာတ်အရကား သတ္တဝါ၏ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ ဥပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော ကံ ကိလေသာတို့သည် ဖလူ။ နောက်နောက်၌ဖြစ်သော ဘဝင်စသော စိတ္တုပ္ပါဒ် ယင်းစိတ္တုပ္ပါဒ်နှင့် ဥပါဒ်ပြိုင်သော ရုပ်တရားတို့သည် ကာရဏူပစာ။ ကွိ-ပစ္စည်းအရကား ထို----သော သတ္တဝါဟု ဆိုအပ်သော ခန္ဓာပဉ္စကဖြစ် ရ၏။

(တစ်နည်း) ယထာသကံ ကမ္မကိလေသ သင်္ခါတေဟိ ပကာရေဟိ ဇနီယတေတိ ပဇာ။ ဇနဓာတ်အရ ကတ္တု၌ကား ကံ ကိလေသာတို့၏ ဇနက ဥပထမ္ဘကသတ္တိသည် မုချ။ ဟေတုကမ္မ၌ကား ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ ဥပါဒ် (ဝါ) ယင်းတို့၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ကွိ-ပစ္စည်းအရကား ထို--သော သတ္တဝါအပေါင်း ရ၏။

ပကာရေဟိ-ဟူသော သမာသ်ပုဒ်အရ ကံ ကိလေသာ အပြားရ၏။ ထို၏ သတ္တဝါတို့နှင့် ဇနက-ဇည/နိဗ္ဗတ္တက-နိဗ္ဗတ္တေတဗ္ဗ စပ် ဌာန။ ပဇာ-ဟူသော သမာသ်ပုဒ်လုံး အရကား ထို--သော သတ္တဝါအပေါင်းရ၏။

http://www.dhammadownload.com



သံ မညတေတိ **သမ္မုတိ**။ မနစာတ်အရ ကတ္တုဠ္ဌကား တိုင်းသား ပြည်သူတို့၏ ပီတိသောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌကား မင်း၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူ။ တိပစ္စည်းအရကား ထို--သော မင်း ရ၏။

➤ ၆။ (က) ၌ ဘဂဝါ-ဖြင့် သော-ပုဒ်ဝယ် တ-သဒ္ဒါကား ဣတိပိ သော ဘဂဝါ-စသော ရှေးပါဠိတော်ဝါကျ၌ပါသော အရဟံ-စသော ဒိုးမွမ်းအပ်သော ဂုဏ်ရှိသော မြတ်စွာဘုရားကိုစွဲသော ပဋ္ဌတ္တဝိသယ တ-တည်းဟု သိစေပါသည်။ (သဒ္ဒနာမလိင်္ဂတ္ထ)

(ခ) ဖြင့် ဣမံ လောကံ-၌ ဣမ-သဒ္ဒါသည် အနီးဟော (အစ္စန္တသမီပဝါစက)ဖြစ်၍ အများ မျက်မြင်လောကကို ယူရမည်လားဟု သံသယဖြစ်ဖွယ်ရှိ၏၊ အများ မျက်မြင် လောကကို မယူရ၊ သဒေဝကံ စသည် ယခုဆိုတော့မည့် လောကအားလုံးကို ယူဟု သိစေသည်။ (ဘာဝတ္ထ)

(ဂ) ၌ သဟ ဒေဝေဟိ-ဖြင့် သဒေဝကံ၌ သ-သဒ္ဒါသည် သန္တ, သမာန, ပသတ္ထ-သဒ္ဒါတို့၏ ကာရိယမဟုတ် (ဗျ) သဟ-သဒ္ဒါ၏ ကာရိယ၏--ငင်း (နိပါတလိင်္ဂပဒ) သဒေဝကံပုဒ်ကို သဟ ဒေဝေဟိ ယော ဝတ္တတီတိ သဒေဝကော (တံ သဒေဝကံ)ဟု သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်--ငင်း (အဘိဓာနတ္ထ သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

(ဃ) ၌ ပဇာတတ္တာဖြင့် ပဇာပုဒ်ကို ကမ္မကိလေသေဟိ ပဇာယတီတိ ပကာရေဟိ ဇနီယ တီတိ ပဇာ-ဟု ဟေတုကမ္မသာဓန ဝစနတ္ထပြု--ငင်း (အဘိဓာနတ္ထ) ကွိပစ္စည်း၏ --ငင်း (ဒု-ပစ္စယတ္ထ) ပဇာ-၌ ပပုဗ္ဗ ဇနဓာတ်၏--ငင်း (ဒု-ဓာတုပဒ) သိစေသည်။

(တစ်နည်း) ပဇာတတ္တာဖြင့် ပဇာပုဒ်ကို ပကာရေန ဇာယတီတိ ပဇာ- ဟု ကတ္တုသာဓန--ငင်း (အဘိဓာနတ္ထ) ကွိပစ္စည်း၏--ငင်း (ဒု-ပစ္စယတ္ထ) ပဇာ-၌ ပပုဗ္ဗ ဇနဓာတ် ၏--ငင်း (ဒု-ဓာတုပဒ) သိစေပါသည်။

**တံ ပဇံ**–ဖြင့် ပဇာ-ဟု ပဌမန္တဖြင့် ဖွင့်ဆိုခဲ့သော်လည်း သံဝဏ္ဏေတဗ္ဗပါဠိ၌ ဒုတိယန္တရှိ သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(င) ၌ ပဇာ ဝစနေန သတ္တလောကဂ္ဂဟဏံဖြင့် ပဇံ-သဒ္ဒါသည် သဒေဝကံ-စသော ပုဒ်တို့နှင့် တုလျတ္ထ မဖြစ်ငြားသော်လည်း ဩကာသလောကကို မယူအပ်၊ သတ္တလောက ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

**သမ္မုတိဒေဝ** အာဝသေသ မနုဿဂ္ဂဟဏံ-ဖြင့် သဒေဝမနုဿံ-၌ ဒေဝ-အရ ဥပပတ္တိ နတ်ကို မယူအပ်၊ သမ္မုတိနတ်ကို ယူရမည်ကိုငင်း (သရုပ်ကြား အဘိဓေယျတ္ထ) မနုဿ-အရ ယင်းသမ္မုတိနတ်မှကြွင်းသော လူတို့ကို ယူရမည်ကိုငင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

➤ ၇။ **သတ္တလောကဂ္ဂဟဏံ/သတ္တလောကဂဟာဏံ** ။ ။ ဂဟဓာတ်၏ အာဒိဗျည်း သည် ဒွေဘော်ဌာနဖြစ်သောကြောင့် ဒွေဘော်နှင့်ရှိသော သတ္တလောကဂ္ဂဟဏံ-ပါဌ်သာ

http://www.dhammadownload.com



သင့်ပါသည်။

**ဒေဝဂ္ဂဟာဏံ/ဒေဝဂဟာဏံ** ။ ။ ရသာကာရတော ပရံ ပ ပဋိ ပတိ ကမု ကုသ ကုစ ကီ ဂဟ ဝုတ ဉာ သိ သု သူ သမ္ဘု သရ သသာဒိနမာဒိဗျဥ္ဇနံ ဒွေဘာဝံ-ဟူသော ရူပသိဒ္ဓိကိုထောက်၍ ရသအက္ခရာနောက်ရှိ ဂဟဓာတ်၏ အစဗျည်းသည် ဒွေဘော် ရောက်ရမည့် ဌာနဖြစ်သောကြောင့် ဒေဝဂ္ဂဟဏံ-ဟု ဒွေဘော်နှင့်ရှိသော ပါဌ်သာ သင့် ပါသည်။

**ပစ္စတ္ထိကာ/ပစ္စတ္ထိကာ** ။ ။ ပဋိပက္ခဲ့ အတ္ထယန္တိ ဣစ္ဆန္တိတိ ပစ္စတ္ထာ၊ ပစ္စတ္ထာ ဧဝ ပစ္စတ္ထိကာ-ဟု ဝစနတ္ထပြု၍ ပဋိပုဗ္ဗ အတ္ထဓာတ် ဣကပစ္စည်းဖြင့်ပြီးသောကြောင့် ပစ္စတ္ထိကာပါဌ်သာ သင့်ပါသည်။

➤ ၈။ **သဒေဝကံ**– ဟူသောနည်းသည် ဆိုလတ္တံ့ဖြစ်သော ဝသဝတ္တီနတ်ပြည်, ဗြဟ္မာ့ပြည်မှကြွင်းသော ကာမာဝစရနတ်ပြည်ငါးထပ်ကို "ဒေဝ" အရ ယူရသောကြောင့် ပါရိသေသနည်း မည်၏။ အပေါင်းဖြစ်သော ကာမာဝစရနတ်ပြည် ၆-ထပ်, ဗြဟ္မာ့ ပြည်နှင့်တကွဖြစ်သော လောက၏ "သဒေဝကံ" ဟူ သောအမည်ကို အစိတ်ဖြစ်သော ကာမာဝစရနတ်ပြည် ၅-ထပ်နှင့်တကွဖြစ်သော လောက၌တင်-- ဧကဒေသူပစာ။

**သဒေဝကံ-၌ ဒေဝ**-ကား အပေါင်းဖြစ်သော ကာမာဝစရနတ်, ဗြဟ္မာ, လူသား ရှင်ဘုရင်တို့၏ "ဒေဝ"အမည်ကို အစိတ်ဖြစ်သော ကာမာဝစရနတ်ပြည် ငါးထပ်ရှိ နတ် များ၌တင်-- ဧကဒေသူပစာ။

**သမာရကံ**–ဟူသောနည်းသည် နတ်ပြည် ၆-ထပ်တည်းဟူသော ရသင့်တိုင်းကို မယူမူ၍ ဝသဝတ္တီနတ်ပြည်တည်းဟူသော အနီးကိုသာ ယူရသောကြောင့် ပစ္စာသတ္တိ နည်း မည်၏။ အပေါင်းဖြစ်သော ကာမာဝစရနတ်ပြည် ၆-ထပ်လုံး၏ "သမာရက"ဟူ သော အမည်ကို အစိတ်ဖြစ်သော ဝသဝတ္တီနတ်ပြည်၌တင်-- ဧကဒေသူပစာ။

**သမာရကံ**–ဟူသောနည်းသည် ဝသဝတ္တီနတ်ပြည်၌ မာရ်နတ်မင်းနှင့် အတူတကွ နေဖော်နေဖက် ဖြစ်သောကြောင့် သဟစရဏနည်း။

**သဿမဏဗြာဟ္မဏီ**–ကား အစိတ်ဖြစ်သော ရန်သူရဟန်း ပုဏ္ဏား သမိတပါပ ဗာဟိတပါပ ရဟန္တာ ရဟန်း ပုဏ္ဏားတို့၏ "သမဏ ဗြာဟ္မဏ" အမည်ကို အပေါင်းဖြစ် သော ရန်သူရဟန်း ပုဏ္ဏား, ရန်သူမဟုတ်သော ရဟန်းပုဏ္ဏား, ရဟန္တာရဟန်းပုဏ္ဏား ရဟန္တာ မဟုတ်သော ရဟန်းပုဏ္ဏားတို့၌တင်-- ဧကဒေသူပစာ။ နိဒဿနနည်း။

**သဒေဝကန္တိ သဟ ဒေဝေဟိ**–၌ ဒေဝေဟိ-ကား ဌာနီဖြစ်သော နတ်တို့၏ "ဒေဝ"ဟူ သောအမည်ကို ဌာနဖြစ်သော ကာမာဝစရနတ်ပြည်ငါးထပ်၌-- တင် ဌာနျူပစာ၊ အဝိနာဘာဝနည်း။

**သဟ မာရေန သမာရကံ**–၌ မာရေန-ကား ဌာနီဖြစ်သော မာရ်နတ်၏ "မာရ"

http://www.dhammadownload.com



အမည်ကို ဌာနဖြစ်သော ဝသဝတ္တီနတ်ပြည်၌တင်-- ဌာနျူပစာ။ အဝိနာဘာဝနည်း။

**သဟ ဗြဟ္မကာ သဗြဟ္မကံ**-၌ ဗြဟ္မကာ-ကား ဌာနီဖြစ်သော ဗြဟ္မာ၏ "ဗြဟ္မာ" အမည်ကို ဌာနဖြစ်သော ဗြဟ္မပြည်၌တင်-- ဌာနျူပစာ။ အဝိနာဘာဝနည်း။

**သဒေဝမနုဿ**-ကား အပေါင်းဖြစ်သော သမ္မုတိနတ် (ရာဇာ) ဥပပတ္တိနတ် ဝိသုဒ္ဓိနတ် (ဘုရား)တို့၏ **"ဒေဝ"** အမည်ကို အစိတ်ဖြစ်သော သမ္မုတိနတ်၌တင်-- ဧကဒေသျူပစာ။ပါရိသေသနည်း။ အပေါင်းဖြစ်သော လူအားလုံး၏ **"မနုဿ"** အမည်ကို အစိတ်ဖြစ်သော သမ္မုတိနတ်(ရာဇာ) ၌တင်-- ဧကဒေသျူပစာ။ ပါရိသေသနည်း။

**ဣမံ လောကံ**-ကား အကျိုးဖြစ်သော ဩကာသလောက သတ္တလောကတို့၏ "ဣမံ လောကံ"ဟူသောအမည်ကို အကြောင်းဖြစ်သော သင်္ခါရလောက၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

➢ ၁၀။ [**လက္ခဏာဟာရနေတ္တိ**] (ဃ) ဝါကျ **မာရေန**-အရ မာရ်နတ်မင်းကိုယူ၍ ထိုကိုယူသဖြင့် ထိုနှင့် အနီးစွ-စသော လက္ခဏာအားဖြင့် တူသောကြောင့်ရင်း၊ ထိုနှင့် တကွဖြစ်လေ့ရှိသောကြောင့်ရင်း၊ ထိုနှင့် သူတစ်ပါးတို့ဖန်ဆင်းသော စည်းစိမ်ချမ်းသာတို့ကို မိမိအလိုသို့ လိုက်စေခြင်းကိစ္စ တူသောကြောင့်ရင်း၊ ထိုနှင့် ယင်းဘုံ၌ဖြစ်စေတတ်သော ကုသိုလ်ကံတည်းဟူသော အကြောင်းတူသောကြောင့်ရင်း၊ ထိုနှင့် ယင်းနတ်ဘုံ၌ ဖြစ်ရခြင်းတည်းဟူသော အကျိုးတူသောကြောင့်ရင်း၊ ထိုနှင့် သူတစ်ပါးတို့ဖန်ဆင်အပ်သော စည်းစိမ်ချမ်းသာတည်းဟူသော အာရုံတူသောကြောင့်ရင်း၊ ထိုနှင့် ဝသဝတ္တီနတ်ဇာတ် တူသောကြောင့်ရင်း၊ ထိုနှင့် ပဏီတ-စသော ဂုဏ်တူသောကြောင့်ရင်း၊ ထိုနှင့် ဝသဝတ္တီနတ်အမည် တူသောကြောင့်ရင်း။ ကြွင်းသော ဝသဝတ္တီနတ်များကိုလည်း ယူအပ်၏။ ဤသို့ သုတ်၌ မလာသော တရားတို့ကို ဧကလက္ခဏာ စသည်ဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာဟာရ မည်၏။

**ဝါကျ [၄၈]**

(က) **သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတီတိ ဧတ္ထ ပန သယန္တိ သာမံ။**

(ခ) အပရနေယျော ဟုတွာ။ (ဂ) **အဘိညာတိ** အဘိညာယ။

(ဃ) အဓိကေန ဉာဏေန ဉတွာတိ အတ္ထော။ (င) **သစ္ဆိကတွာတိ** ပစ္စက္ခံ ကတွာ။

(စ) ဧတေန အနုမာနာဒိပဋိက္ခေပေါ ကတော ဟောတိ။

(ဆ) **ပဝေဒေတီတိ** ဗောဓေတိ ဉာပေတိ ပကာသေတိ။

(ဇ-၁) **သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ (ပ) ပရိယောသာနကလျာဏန္တိ** သော ဘဂဝါ သတ္တေသု ကာရုညတံ ပဋိစ္စ ဟိတွာပိ အနုတ္တရံ ဝိဝေကသုခံ ဓမ္မံ ဒေသေတိ။

(ဇ-၂) တဉ္စ ခေါ အပ္ပံ ဝါ ဗဟုံ ဝါ ဒေသေန္တော အာဒိကလျာဏာဒိပ္ပကာရမေဝ ဒေသေတိ။ (၄။၉၈။ မအ္ဂ-၂။၁၅၂။ ဘာဋီ-၁။၄၇၃။)

http://www.dhammadownload.com



➤ ၁။ **[က-နှင့်အညီ]** သယံ၊ကိုယ်တိုင်။ (ဝါ) ကိုယ်တော်အလိုလို။

**[ခ-နှင့်အညီ]** သယံ၊သူတစ်ပါးတို့ မသိစေအပ်သည်ဖြစ်၍။

**[ဃ-နှင့်အညီ]** အဘိညာ- အဘိညာယ၊လွန်ကဲသော သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူ၍။ သစ္ဆိကတွာ၊မျက်မှောက်ပြု၍။ပဝေဒေတိ၊သိစေတော်မူ၏။ (သဒ္ဒတ္ထ) ထင်ရှားပြတော်မူ၏။

➤ ၂။ **( စ) သို့/ အနုယာေ**။ ။ ဤသို့ (က)ဖြင့် သယံ-သဒ္ဒါသည် သာမတ္ထကို ဟော၏ဟု ပြပြီး၍ ယခုအခါ၌ သယံ-သဒ္ဒါ၏ အညတ္ထာပေါဟနနည်းအားဖြင့် (ဝါ) အန္တော နီတာဝဓာရဏအားဖြင့် ရအပ်သောအနက်ကို ပြတော်မူလိုသော ဆရာသည် (ခ) မိန့်။

**(ဃ) သို့/** ဆရာသည် (ဂ)ဖြင့် အဘိညာကို အဘိညာယ-ဟု ဖွင့်၏။ အဘိညာယ-၌ အဘိ-သည် မည်သည့်အနက်ကို ဟောပါသနည်း၊ ဝုဒ္ဓိမန္တ- စသော အနက်ကိုပင် ဟောပါသလော။ ယ-သည် အဘယ်၏ ကာရိယဖြစ်ပါသနည်း၊ နာဝိဘတ်၏ ကာရိယ ပင်ဖြစ်ပါသလော။ အဘိ-ဥပသာရပုဒ်နောင် မည်သည့်ဝိဘတ်ကျေနေပါသနည်း၊ သိ ဝိဘတ်ပင် ကျေနေပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

**ဖြေ--** အဘိ-သည် အဓိကအနက်ကိုဟော၏၊ ယ-သည် တွာပစ္စည်း၏ ကာရိယ ဖြစ်၏။ အဘိ-နောင် နာဝိဘတ်ကျေနေသည်ဟု ငါပြဆိုပါ၏ဟူလို။

**(စ) သို့/ စောဒနာ**။ ။ ဆရာ၊ ဥပါလိမထေရ်သည် သစ္ဆိကတွာ-ဟု ဟောတော်မူ၏။ သယံ အဘိညာ-ဟူသောပုဒ်ဖြင့်ပင် လိုအပ်သောအနက် ပြီးကောင်းသည် မဟုတ်ပါ လော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် သစ္ဆိကတွာ-ဟု ဟောတော်မူပါသနည်း။ မဟောသင့်ဘဲလျက် ဟောချေသော် ဒေသက ဥပါလိမထေရ်အား ပုနရုတ္တိဒေါသ၊ အဗျာ ပိတ ဒေါသ သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (စ) မိန့်။

**ဖြေ--** သယံ အဘိညာ-ဟု ဆိုက လိုအပ်သောအနက် ပြီးငြားသော်လည်း သစ္ဆိ ကတွာဟူသောပုဒ်ဖြင့် မြတ်စွာဘုရားသည် မျက်မှောက်အားဖြင့် သိ၏၊ မှန်းဆ၍ သိသည် မဟုတ်၊ ထို့ကြောင့် သစ္ဆိကတွာ-ဟု ထပ်၍ ဟောရကား သင်တင်သော ပုနရုတ္တိဒေါသ၊ အဗျာပိတဒေါသ ဥပါလိမထေရ်အား မရောက်ဟူလို။

**(ဆ-၁) သို့ /လိင်္ဂနိုဒ္ဒေသစောဒနာ**။ ။ဆရာ၊ ပါဠိတော်၌ သော ဓမ္မံ ဒေသေတိ စသည်ဖြင့် မြတ်စွာဘုရား တရားဟော၏ဟု ဖွင့်ဆိုအပ်၏။ အဘယ့်ကြောင့် တရားဟောပါသနည်း။ လောကာမိသကိုငဲ့၍ တရားဟောပါသလော။ စုဒ်ကြောင့် (ဆ-၁) ကိုမိန့်။

**(ဆ-၂) သို့ /** ဆရာ-သည် (ဆ-၁) ဖြင့် သော-၌ တ-သဒ္ဒါသည် ဘဂဝါပုဒ်ကို စွဲယူသုံးသပ်၍ မြတ်စွာဘုရားသည် သတ္တဝါတို့အပေါ်၌ သနားခြင်းကို အကြောင်းပြု၍ အနုတ္တရဝိဝေကသုခကို စွန့်၍လည်း တရားဟော၏ဟု ဖွင့်ပြအပ်၏။ ထိုသို့ဆိုသော် အာဒိ ကလျာဏ-စသော ပုဒ်တို့သည် ဓမ္မံ-ဟူသော ပုဒ်မှ အသီးအခြား ဖြစ်ကုန်၏။ ထိုသို့ဖြစ် သောကြောင့် ဓမ္မံ-ဟူသောပုဒ်၏ အသီးအခြားဖြစ်သော အာဒိကလျာဏ-စသော ပုဒ်တို့

http://www.dhammadownload.com



၏အနက်ကို သိကောင်း အံ့လော။ အဘယ်သို့လျှင် သိအပ်ပါသနည်း။ စုဒ်ကြောင့် (၈-၂) မိန့်။ (တစ်နည်း) ဌပနာတူ။ သော ဓမ္မံ ဒေသေတိ-ဟုဆိုက လိုအပ်သောအနက် ပြီးကောင်းရာသည် မဟုတ်ပါလော။ အာဒိကလျာဏံစသည်ကို အဘယ်ကိုပြလို၍ ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (၈-၂) ကိုမိန့်။ (ဂဏ္ဌိဟောင်း)

➤ ၃။ (ခ) သည် သယံပုဒ်၏ အညတ္ထာပေါဟနနည်းအားဖြင့် ဖြစ်သင့်သော နိဝတ္တေတဗ္ဗတ္ထကား အဘယ်နည်းဟူသော စောဒနာကို ပယ်လို၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဝါ) ဗျတိရေကဝါကျ။ (ဂ) ပက္ခန္တရ။ (ဃ) သည် ငုတ်နေသော အဘိ-သဒ္ဒါ၏အနက်နှင့် ယ-၏ ကာရိကို ဖော်ထုတ်ပြသောကြောင့် ဝိတ္ထာရ။ (င) ပက္ခန္တရ။ (စ) သည် သယံ အဘိညာ-ဟုဆိုက ပြီးကောင်းလျက် အဘယ့်ကြောင့် သစ္ဆိကတွာကို ထပ်မံ၍ ဟောပြန်ပါသနည်းဟူသော စောဒနာကို ပယ်လို၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဆ) ပက္ခန္တရ။ ထိုတွင် ဉာပေတိကား ဓာတ်နက်ငုတ်ကို ဖော်ထုတ်ပြသောကြောင့် ဝိတ္ထာရ။ (ဝါ) ဓာတွတ္ထပသင်္ဂကို ပယ်သောကြောင့် ဝါကျာရမ္ဘ။ ပကာသေတိ-လည်းနည်းတူ။ (ဇ) ပက္ခန္တရ။

**စာစပ်** ။ ။ သယံ-ကား ကိုယ်တိုင်--ကြောင့် (တစ်နည်း) ၍--ကြောင့် အဘိညာ-၌ ကြိယာဝိသေသန-သျှစပ်။ အာဒိကလျာဏံ-ကား သော--ကြောင့် ဓမ္မံ-၌ တုလျာဓိကရဏ ဝိသေသန-သျှစပ်။ (တစ်နည်း) အောင်--ကြောင့် ဒေသေတိ-၌ ကြိယာ ဝိသေသန- သျှစပ်။ **ဗာဟိရတ္ထာပိ**-၌ ပိ-ကား သမ္ဘာဝနာ။ (ဝါ) သမ္ပိဏ္ဍနတ္ထ။

➤ ၄။ ပရေဟိ နေယျော ပရနေယျော။ (သူတစ်ပါးတို့သည် သိစေအပ် သိအောင် ဟောပြအပ်သူရ၏။) န ပရနေယျော **အပရနေယျော**။ (ယုတ္တတ္ထ သမာသ်)

န-ပုဒ်အရကား ပဋိသေဓဘောဂုဏ် ရ၏။ ထို--၏ သူတစ်ပါးတို့သည် သိစေအပ်သူ မဟုတ်သော ဘုရားရှင်နှင့် ဂုဏ် ဂုဏေးစပ် ဌာနူ။ ပုဒ်လုံးအရကား သူတစ်ပါးတို့သည် သိစေအပ်သူမဟုတ်သော ဘုရားရှင် ရ၏။

ပရေဟိ အနေယျော **အပရနေယျော**။ (အယုတ္တသမာသ်) ပရေဟိ၊သူတစ်ပါးတို့သည်။ အနေယျော၊မသိအပ်သည်တည်း။ န-ပုဒ်၊ ပရပုဒ်၊ နေယျပုဒ်။ န-ဟူသော ဝိသေသနပုဒ်အရကား ပသဇ္ဇပဋိသေဓဘောဂုဏ် ရ၏။ ပရ-ဟူသော ဝိသေသန ပုဒ်အရကား သူတစ်ပါးတို့ဖြစ်သည် မှချ။ ယင်း၏ မြတ်စွာဘုရားဖြစ်နှင့် ကတ္တား ကတ္တိ စပ် ဌာနူ။ ပုဒ်လုံးအရကား သူတစ်ပါးတို့ မသိစေအပ်သော ဘုရားဖြစ် ရ၏။

ကရုဏာယေဝ **ကာရုညံ**။ ကာရုညံ ယဿ အတ္ထီတိ **ကာရုညော**။ ကာရုညဿ ဘာဝေါ **ကာရုညတာ**။ ကာရုည တဒ္ဓိတ်အရ ကရုဏာရှိတော် မူသော မြတ်စွာဘုရား သည် မှချ။ ထို--၏ တာပစ္စည်းအရ မဟာကရုဏာနှင့် နိဿ-နိဿိတ စပ် ဌာနူ။ တာ-ပစ္စည်း-အရ ထို--သော ကရုဏာရှိတော်မူသော မြတ်စွာဘုရား၏ ဖြစ်ကြောင်းဖြစ်ရာ

http://www.dhammadownload.com



မဟာကရုဏာ ရ၏။

✱ ဝိဝေစနံ ပီဝေကော။ ဝိဝိစ္စတိ ဝိဝေစေတိ ဝါ ကိလေသေဟိ ပီဝေကော။ ဝိဝေကတော ဇာတံ သုခံ **ဝိဝေကဇံ**။ ဝိဝေက-အရ ဖလသမာပတ်သည် မုချ။ ထို--၏ ချမ်းသာခြင်းနှင့် အပေါင်း-အစိတ် စပ် ဌာန။ ပုဒ်လုံးအရ ဖလသမာပတ် ချမ်းသာရ၏။

➤ ၆။ (က) ၌ သာမံ-ဖြင့် သယံ-သဒ္ဒါသည် သာမတ္ထကို ဟောသတည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ) (တစ်နည်း) သာမံ-ဖြင့် သယံသဒ္ဒါသည် သာမံ-သဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

(တစ်နည်း) သာမံ-ဖြင့် သယံ-သဒ္ဒါသည် သကေ သယေ-ကဲ့သို့ မိမိဥစ္စာဟူသော အနက်ကို မဟော၊ ကိုယ်တိုင်ဟူသော သာမတ္ထကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ)

(ခ) ဖြင့် ကိုယ်တိုင် သိ၏ဟူသည် သူတစ်ပါးတို့ မသိစေအပ် (သူပြော သူပြော ကြောင့် သိသည် မဟုတ်) ဟူသော အညတ္ထာပေါဟနနည်း၊ (ဝါ) အန္တောဂဓာဝဓာရဏ နည်းအားဖြင့် ရအပ်သော နိဝတ္တေတဗ္ဗတ္ထကိုရင်း (ဘာဝတ္ထ) သယံနိပါတ်ပုဒ်နှောင် ပဥ္စမာဝိဘတ် ကျေသည်၏--ရင်း (ဝိဘတ္တိပဒ) ယင်း ပဥ္စမာဝိဘတ်၏ ကြိယာဝိသေသန အနက်၌သက်-- ရင်း (ဝိဘတျတ္ထ) သိစေပါသည်။

(ဂ) ဖြင့် အဘိညာသဒ္ဒါကား ပဋိသင်္ခါယောနိသော သဒ္ဒါဒေယျံ ဥပါဒါရုပ် စသည်တို့ ၌ကဲ့သို့ ယကာရလောပတည်းဟု သိစေပါသည်။ (ဘာဝတ္ထ (ဝါ) လောပသန္ဓိဟု ဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒ)

(တစ်နည်း) အဘိညာယဖြင့် အဘိညာသဒ္ဒါကား သညာ ပညာ စသည်တို့၌ကဲ့သို့ ပဥ္စမန္တမဟုတ်၊ ယကာရလောပတည်းဟု သိစေပါသည်။ (အဓိပ္ပါယ်ကိုဖွင့်ပြသောကြောင့် ဘာဝတ္ထ (ဝါ) လောပသန္ဓိဟု ဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒ)

(ဃ) ဖြင့် အဘိညာယ-၌ အဘိသဒ္ဒါသည် ဝုမိုမန္တ-စသော အနက်ကိုမဟော၊ အဓိကအနက်ကိုဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဘိ-အရ အဓိကအနက်ကို အဦးပဓာန ပြု၍ ဉာဏ်ကိုယူ-ရင်း (အဘိဓေယျတ္ထ) အဘိသဒ္ဒါနှောင် နာဝိဘတ်ကျေ-ရင်း (ဝိဘတ္တိပဒ) သိစေပါသည်။ ဉ တွာ-ဖြင့် အဘိညာယ- ၌ ယ-သဒ္ဒါသည် သ-စသော ဝိဘတ်၏ ကာရိယမဟုတ်၊ တွာပစ္စည်း၏ ကာရိယတည်းဟု သိစေပါသည်။ (ဒု-ပစ္စယပဒ)

(င) ၌ ပစ္စက္ခံ ကတွာဖြင့် သစ္ဆိကတွာ၌ သစ္ဆိနိပါတ်ပုဒ်သည် ပစ္စက္ခအနက်ဟော-- ရင်း (နိပါတလိင်္ဂတ္ထ) သစ္ဆိပုဒ်၌ ဒုတိယာ ဧကဝုစ် အံဝိဘတ်ကျေ နေသည်၏-- ရင်း (ဝိဘတ္တိပဒ) သိစေပါသည်။

(စ) ဖြင့် မှန်းဆ၍ သိခြင်းစသည်ကို ပယ်မြစ်သည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဆ) ၌ ဗောဓေတိ-ဖြင့် ပဝေဒေတိ-၌ ပ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက

http://www.dhammadownload.com



အနတ္ထကာ၏-- ၎င်း (ဥပသဂ္ဂလိင်္ဂတ္တ) ဝိဒစာတ်သည် ခံစားခြင်း=ဝေဒယိတအနက်ကို မဟော၊ သိခြင်း=ဗောဓနအနက်ကို ဟော--၎င်း (ဓာတွတ္ထ) သိစေပါသည်။

ဉာပေတိ-ဖြင့် ဗောဓေတိ-၌ ဗုဓဓာတ်သည် နိုးကြားခြင်း=ဇာဂရ, ပွင့်ခြင်း= ဝိက သသန-စသော အနက်တို့ကိုမဟော၊ သိခြင်း=ဉာဏအနက်ကို ဟောသတည်းဟု သိစေ ပါသည်။ (ဓာတွတ္ထ) ပကာသေတိ-ဖြင့် သိစေ၏ဟူသည် ထင်ရှားအောင် ပြခြင်းပင်တည်း ဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **သာဓေန္တော/သာဝေန္တော** ။ ။ သာဓ သံသိဒ္ဓိယံ။ သာဓာတ် ကာရိုက် ဏေပစ္စည်း အန္တပစ္စည်းဖြင့်ပြီးသောကြောင့်၎င်း၊ သာဓေန္တော=ပြီးစေလျက် ဟူသော အနက်၏ ယုတ္တိရှိသောကြောင့်၎င်း သာဓေန္တောပါဌ် သင့်ပါသည်။ ဝိမတိဋီကာ၌ သာဝေန္တောတိ အဇ္ဈဂ္ဂတောတိ ယောဇနာ-ဟုဆိုသည်။ ယင်း အလို သုဓာတ် ကာရိုက် ဏေပစ္စည်း အန္တပစ္စည်းဖြင့်ပြီးသောကြောင့်၎င်း၊ သာဝေန္တော=ကြားစေလျက် ဟူသော အနက်၏ ယုတ္တိရှိသောကြောင့်၎င်း သာဝေန္တောပါဌ်လည်း သင့်ပါသည်။

**ဗျာကတွာပိ/ဗျာကတွာ** ။ ။ ဝိသဒ္ဒေါ အဗျာကတွာတိ ဉာပေတိ-ဟု ယောဇနာ၌ ဖွင့်ဆို သောကြောင့်၎င်း၊ ဖလသမာပတ်ချမ်းသာနှင့် ရောလျက် မြတ်စွာဘုရား၏ ဒေသနာ တော်သည် တစ်ခါ တစ်ရံ၌ဖြစ်သောကြောင့်၎င်း ဗျာကတွာပိ-ဟု အပိ-သဒ္ဒါဖြင့်ရှိသော ပါဌ် သင့်ပါသည်။

➤ ၈။ **ဉာဏေန**-ကား အပေါင်းဖြစ်သော ဉာဏ်အားလုံး၏ "ဉာဏေန" အမည် ကို အစိတ်ဖြစ်သော သဗ္ဗညုတဉာဏ်၌တင်-- ဧကဒေသူပစာ၊ရုဋ္ဌီနည်း။

**သန္တိကတွာ**-ကား အဘိညာဖြင့် ထူးသော ဉာဏ်ဖြင့်သိခြင်း ကိစ္စပြီးပါလျက် မျက် မှောက် သိခြင်းကိစ္စကို အလွန်အားဖြင့်ဆိုသောကြောင့် ဥက္ကဋ္ဌနည်း။

(တစ်နည်း) ပစ္စက္ခ အသိကို ဆိုသဖြင့် မှန်းဆ၍သိသော အနုမာန-စသော သိခြင်း မဟုတ်ဟု အနက်ရောက်သောအားဖြင့် ယူအပ်သောကြောင့် အတ္ထာပန္နနည်း မည်၏။

**အနုတ္တရံ ဝိဝေက သုခံ**-ကား အပေါင်းဖြစ်သော လောကီသမာပတ် လောကုတ္တရာ သမာပတ်တို့၏ "အနုတ္တရံ ဝိဝေကသုခံ" အမည်ကို အစိတ်ဖြစ်သော လောကုတ္တရာ သမာပတ်၌တင်-- ဧကဒေသူပစာ။ ရုဋ္ဌီနည်း။ (တစ်နည်း) အပေါင်းဖြစ်သော ကာယ ဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေက- တို့၏ "ဝိဝေက"ဟူသောအမည်ကို အစိတ်ဖြစ်သော စိတ္တဝိဝေက-၌တင် -- ဧကဒေသူပစာ။ ရုဋ္ဌီနည်း။

➤ ၁၀။ **သော အဂ္ဂါ သမ္ဘောသ ကာရုညတံ**-အရ မဟာကရုဏာကိုယူ။

**ဝိဝေကသုခ**-အရ မြတ်စွာဘုရား၏ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်။

**အဘိညာ**-၌ ဓာတ်အရ သဗ္ဗညုတဉာဏ်ကိုယူ။

http://www.dhammadownload.com



**ပါဠိကျမ်း [၄၉]**

**(က) သာတ္ထံ သဗျဉ္ဇနန္တိ ဧဝမာဒီသု ပန ယသ္မာ ဣမံ ဓမ္မံ ဒေသေန္တော သာသန ဗြဟ္မစရိယံ မဂ္ဂဗြဟ္မစရိယဉ္စ ပကာသေတိ။**

**(ခ) နာနာနယေဟိ ဒီပေတိ။ (ဂ) တဉ္စ ယထာနုရူပံ အတ္ထသမ္ပတ္တိယာ သာတ္ထံ။ ဗျဉ္ဇနသမ္ပတ္တိယာ သဗျဉ္ဇနံ။**

**(ဃ) သင်္ကာသနပကာသန ဝိဝရဏ ဝိဘဇန ဥတ္တာနီကရဏ ပညတ္တိ အတ္ထပဒ သမာယောဂတော သာတ္ထံ၊ အက္ခရပဒဗျဉ္ဇနာကာရနိရုတ္တိနိဒ္ဒေသသမ္ပတ္တိယာ သဗျဉ္ဇနံ။**

(၄၅။၉၉။ မအ္ဋ-၂။ ၁၅၉။ ဘာသာဋီ-၁၊ ၄၈၁။)

➤ ၁။ **ပကာသေတိ**၊အထူးထူးသော နည်းတို့ဖြင့် ထင်ရှားစေတော်မူ၏။ (သဒ္ဒတ္ထ) အထူးထူးသော နည်းတို့ဖြင့် ထင်ရှားပြတော်မူ၏။(အဓိပ္ပါယတ္ထ)

**ဗျဉ္ဇနသမ္ပတ္တိယာ**၊ သိထိလ ဓနိတ-စသည် ဆယ်ပါးသော သဒ္ဒါနှင့်ပြည့်စုံခြင်းကြောင့်။

**သဗျဉ္ဇနံ**၊သိထိလ ဓနိတ-စသည် ဆယ်ပါးသော သဒ္ဒါနှင့် ပြည့်စုံ၏။

➤ ၂။ **(ခ) သို့/** ဆရာ-သည် (က)၌ ပကာသေတိ-ဟု ဆိုခဲ့၏။ ပကာသေတိ-၌ ပ-ဥပသာရသည် ဤနေရာ၌ အာဒိကမ္မ-စသောအနက်တို့ကို ဟောပါသလော။ မည် သည့် အနက်ကို ဟောပါသနည်း။ ကာသုဓာတ်သည် အသံပြုခြင်းအနက်ကို ဟောပါ သလော။ မည်သည့်အနက်ကို ဟောပါသနည်း။ ပ-ဥပသာရနောင် သိဝိဘတ်ကျေနေ ပါသလော။ မည်သည့်ဝိဘတ် ကျေနေပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**(ဂ) သို့/** ဆရာသည် (က-ခ)တို့ဖြင့် ဤတရားကို ဟောတော်မူသည်ရှိသော် ဗြဟ္မစရိယကိုလည်း ပြသည်မည်၏ဟု ဓမ္မဒေသနာနှင့် ဗြဟ္မစရိယပကာသနတို့ကို မထူး သောအားဖြင့် ဖွင့်ဆိုတော်မူ၏။ ယင်းသို့ မထူးပါဘဲလျက် အဘယ့်ကြောင့် သာတ္ထံ သ ဗျဉ္ဇနံ (ပ) ပရိသုဒ္ဓံ-ဟု ဟောပါသနည်း။ မဟောသင့်သည် မဟုတ်ပါလော။ မဟောသင့်ဘဲ ဟောချေသော် ပုနရုတ္တိဒေါသ နိရတ္ထကဒေါသ ဘုရားအားရောက်ရာသည် မဟုတ်လော။ စုဒ်ကြောင့် (ဂ) မိန့်။ **အား--** အတ္ထသမ္ပတ္တိ ဗျဉ္ဇနသမ္ပတ္တိ-စသော အကြောင်းတို့ကြောင့် သာတ္ထံ (ပ) ပရိသုဒ္ဓံ-ဟု ဟောတော်မူ၏ဟု အကြောင်းကို ငါပြဆိုပါ၏ဟူလို။

**(ဃ) သို့/ အနုသန္ဓေ ။** ။ ဤသို့ (ဂ)ဖြင့် အနက်၏ပြည့်စုံခြင်းကြောင့် သာတ္ထ၊ သိထိလ-စသော ဆယ်ပါးအပြားရှိသော သဒ္ဒါ၏ပြည့်စုံခြင်းကြောင့် ဗျဉ္ဇနမည်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ နေတ္တိနည်းဖြင့်လည်း သာတ္ထ၊ သဗျဉ္ဇနပုဒ်တို့၏ အနက်ကိုပြလိုသော ဆရာ သည် (ဃ) ဝါကျကိုမိန့်။

➤ ၃။ (ခ) သည် ပကာသေတိ-၌ ပ-ဥပသာရနှင့် ကာသုဓာတ်၏ ငုတ်နေသော အနက်ကို ဖော်ပြသောကြောင့် ဝိတ္ထာရ။ (ဂ) သည် ဓမ္မဒေသနာနှင့် ဗြဟ္မစရိယပကာသန တို့ မထူးပါဘဲလျက် သာတ္ထံ၊ သဗျဉ္ဇနံ စသည်ကို ဟောတော်မူရာ၌ ဓောဒနာဘွယ်ရှိ၍

http://www.dhammadownload.com



ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (တစ်နည်း) (ခ) ဝါကျပါ နာနာနယေဟိ-ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (ဃ)သည် နေတ္တိနည်းဖြင့်လည်း သာတ္ထ၊သဗျဉ္ဇနပုဒ်တို့၏ အနက်ကိုပြသောကြောင့် ပကာသန။

➤ ၄။ အတ္ထေန သဟ ယံ ဝတ္တတီတိ **သာတ္ထံ**။ ယံ ဗြဟ္မစရိယံ၊သည်။အတ္ထေ၊ အနက်အကျိုးနှင့်။သဟ၊တကွ။ဝတ္တတိ၊ဖြစ်တတ်၏။ သဟပုဗ္ဗပဒဗဟုဗ္ဗီဟိ။ သဟပုဒ်၊ အတ္ထပုဒ်၊ ယပုဒ်။ သဟ အတ္ထ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား အနက်အကျိုးနှင့် ပြည့်စုံခြင်း အတ္ထသမ္ပတ္တိဘောဂုဏ်သည် မုချ။ ယင်း၏ ဗြဟ္မစရိယနှင့် ဂုဏ် ဂုဏောစပ် ဌာနူ။ ယ-အညပုဒ်အရ ထို--သော အနက်အကျိုးနှင့်ပြည့်စုံသော ဗြဟ္မစရိယ ရ၏။

ဗျဉ္ဇနေန သဟ ယံ ဝတ္တတီတိ **သဗျဉ္ဇနံ**။ ယံ တန္တိ ဓမ္မသင်္ခါတံ သာသနဗြဟ္မစရိယံ၊ အကြင်ပါဠိဓမ္မ-ဟုဆိုအပ်သော သာသနဗြဟ္မစရိယသည်။ဗျဉ္ဇနေန၊ သိထိလ ဓနိတ-စသော သဒ္ဒါနှင့်။သဟ၊တကွ။ဝတ္တတိ၊ဖြစ်တတ်၏။ ဣတိ တံ သဗျဉ္ဇနံ။ သဟပုဒ်၊ ဗျဉ္ဇနပုဒ်၊ ယပုဒ်။ သဟဗျဉ္ဇန-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံး အရကား သိထိလ ဓနိတ-စသော သဒ္ဒါနှင့်ပြည့်စုံခြင်း ဗျဉ္ဇနသမ္ပတ္တိဘောဂုဏ်သည် မုချ။ ယင်း၏ ပါဠိဓမ္မဟူသော သာသနဗြဟ္မစရိယနှင့် ဂုဏ် ဂုဏောစပ် ဌာနူ။ ယ-အညပုဒ်အရကား သိထိလ ဓနိတ-စသော သဒ္ဒါနှင့် ပြည့်စုံသော ပါဠိဓမ္မဟူသော သာသနဗြဟ္မစရိယ ရ၏။

ကာသိယတိ ဒိပိယတိ ဝိဘာဝိယတီတိ **ကာသနံ**။ သမ္မေဝ ကာသနံ **သင်္ကာသနံ**။ ပဌမံ ကာသနံ **ပကာသနံ**။ ဝိဝရိယတီတိ **ဝိဝရဏံ**။ ဝိဘာဇိယတီတိ **ဝိဘဇနံ**။ သမ္မေဝ ကာသိယတီတိ ဒိပိယတိ ဝိဘာဝိယတီတိ **သင်္ကာသနံ**။ ပဌမံ ကာသိယတီ **ပကာသနံ**။

➤ ၆။ (က) ၌ သာသနဗြဟ္မစရိယံ မဂ္ဂဗြဟ္မစရိယံ-ဖြင့် ဗြဟ္မစရိယ-သဒ္ဒါသည် ဒါန-စသော အနက်များစွာတို့၌ ထင်သော်လည်း ဤနေရာ၌ ဗြဟ္မစရိယ-အရ သာသနဗြဟ္မစရိယနှင့် မဂ္ဂဗြဟ္မစရိယတို့ကိုသာ ယူရမည်ဟု (ဝါ) လိုအပ်သည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(က) တစ်ဝါကျလုံးဖြင့် ဓမ္မဒေသနာနှင့် ဗြဟ္မစရိယ ပကာသနတို့သည် သဒ္ဒါအနက်ထူးသော်လည်း အဓိပ္ပါယ်တူသည်၏အဖြစ်ကိုရင်း (ဘာဝတ္ထ) သာတ္ထံ-စသော ပုဒ်တို့သည် ဣမံ ဓမ္မံ-၌ ဓမ္မံ-၏ ဝိသေသန မဟုတ်၊ ဗြဟ္မစရိယ၏ ဝိသေသန၏ အဖြစ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(စ) ၌ နာနာနယေဟိ-ဖြင့် ပကာသေတိ-၌ ပ-ဥပသာရသည် အာဒိကမ္မ, ပဋ္ဌာဘာဝ-စသော အနက်တို့ကိုမဟော၊ အထူးထူးသော နည်းဟူသော ပကာရအနက်ကို ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ပဥပသာရပုဒ်နောက်၌ တတိယာဝိဘတ်ကျေ--ရင်း (ဝိဘတ္တိပဒ) သိစေပါသည်။ ဒီပေတိ-ဖြင့် ပကာသေတိ ၌ ကာသုဓာတ်သည် အသံပြုခြင်း-သဒ္ဒ အနက်ကိုမဟော၊ ဒိတ္တိအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

http://www.dhammadownload.com



(၈) ၌ အတ္ထသမ္ပတ္တိယာ-ဖြင့် သာတ္ထံ-၌ သ-သဒ္ဒါသည် သန္တ, သမာန-စသော သဒ္ဒါတို့၏ ကာရိယမဟုတ်၊ သဟသဒ္ဒါ၏ ကာရိယ၏--ဧင်း (နိပါတ လိင်္ဂပဒ) ယင်း သဟ-သဒ္ဒါသည် သဟတ္ထကို မဟော၊ သမ္ပတ္တိအတ္ထကို ဟော--ဧင်း (နိပါတလိင်္ဂတ္ထ) အတ္ထေန သဟ ယံ ဝတ္တတီတိ သာတ္ထံ-ဟု သဟပုဗ္ဗ ပဒ ဗဟုဗ္ဗီသမာသ်--ဧင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

ဗျဉ္ဇနသမ္ပတ္တိယာ-ဖြင့် သဗျဉ္ဇနံ-၌ သ-သဒ္ဒါသည် သန္တ, သမာန-စသော သဒ္ဒါတို့၏ ကာရိယမဟုတ်၊ သဟသဒ္ဒါ၏ ကာရိယ၏--ဧင်း (နိပါတ လိင်္ဂပဒ) ယင်း သဟ-သဒ္ဒါသည် သဟတ္ထကို မဟော၊ သမ္ပတ္တိအတ္ထကို ဟော--ဧင်း (နိပါတလိင်္ဂတ္ထ) ဗျဉ္ဇနေန သဟ ယံ ဝတ္တတီတိ သဗျဉ္ဇနံ-ဟု သဟပုဗ္ဗ ပဒ ဗဟုဗ္ဗီသမာသ်--ဧင်း (အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ) သိစေပါသည်။

➤ ၇။ **သာတ္ထံ/သတ္ထံ** ။ ။ သကာရဿ သရလောပေ ကတေ ကွစိ အန္တအတ္ထသဒ္ဒါနံ အကာရော ဒီဃံ ပပ္ပေါတိ-ဟူသော သဒ္ဒနီတိ သုတ္တမာလာကို ထောက်၍ သဟသဒ္ဒါ၏ ကာရိယ သ-အက္ခရာ၏ အစိတ် အသရကျေသည်ရှိသော် အတ္ထသဒ္ဒါ၏ အ-သည် ဒီဃရောက်ရမည်ဖြစ်သောကြောင့် သာတ္ထံ ဟု ဒီဃနှင့်ရှိသောပါဌ်သာ သင့်ပါသည်။

**ဣတိ-ပါ/မပါ** ။ ။ သရိက္ခကဇနပ္ပသာဒကန္တိ ဧတ္ထ ဣတိသဒ္ဒေါ ဟေတုအတ္ထော-ဟု သာရတ္ထ၌ ဆိုသောကြောင့် ဣတိ-ပါသော ပါဌ်သာ သင့်ပါသည်။

➤ ၈။ **သရိက္ခကဇနပ္ပသာဒကံ**-ကား အကျိုးဖြစ်သော ကုသလဂဝေသီပုဂ္ဂိုလ်တို့ ကြည်ညိုခြင်းကိုဖြစ်စေခြင်း၏ "သရိက္ခကဇနပ္ပသာဒက" အမည်ကို အကြောင်းဖြစ်သော သာတ္ထ-၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

**လောကိယဇနပ္ပသာဒကံ**-ကား အကျိုးဖြစ်သော လူတို့၏ ကြည်ညိုခြင်းကို ဖြစ်စေခြင်း၏ "လောကိယဇနပ္ပသာဒက"ဟူသော အမည်ကို အကြောင်းဖြစ်သော သဗျဉ္ဇန-၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

(က) ၌ **ဗြဟ္မစရိယံ**-ကား အပေါင်းဖြစ်သော ဗြဟ္မစရိယ (၁၀)ပါးလုံး၏ "ဗြဟ္မ စရိယ"ဟူသောအမည်ကို အစိတ်ဖြစ်သော သာသနဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယ၌တင်-- ဧကဒေသူပစာ။ ရုဋ္ဌီနည်း။

➤ ၁၀။ **ဓိပေတိ**-၌ ဓာတ်အရ ကရုဏာပုဗ္ဗင်္ဂမဒေသနာဉာဏ်ကိုယူ။

**ဝါကျ [၃၈]**

(က) **သိက္ခတ္တယသင်္ဂဟိတာ** ဗြဟ္မဘူတေဟိ **သေဋ္ဌေဟိ** စရိတဗ္ဗတော **တေသဉ္စ** **စရိယာဘာဝတော** ဗြဟ္မစရိယံ။

(ခ) **တသ္မာ** **သာတ္ထံ** **သဗျဉ္ဇနံ** (ပ) ဗြဟ္မစရိယံ **ပကာသေတီတိ** ဝုစ္စတိ။

http://www.dhammadownload.com



(ဂ) အပိစ ယသ္မာ သနိဒါနံ သဥပ္ပတ္တိကဉ္စ ဒေသေန္တော အာဒိကလျာဏံ ဒေသေတိ၊ ဝေနေယျာနံ အနုရူပတော အတ္ထဿ အဝိပရီတတာယစ ဟေတုဒါဟရဏယုတ္တတောစ မဇ္ဈေကလျာဏံ၊ သောတူနံ သဒ္ဓါပဋိလာဘေန နိဂမနေန စ ပရိယောသာနကလျာဏံ ဒေသေတိ။ (ဃ) ဧဝံ ဒေသေန္တောစ ဗြဟ္မစရိယံ ပကာသေတိ။

(ဌ။ ၉၉။ မအူ-၂။ ၁၆၀။ ဘာသာဋီ-၁။ ၄၈၂။ )

➤ ၁။ (က) ဗြဟ္မစရိယဿ၏။ (သမ္ဗန်) သိက္ခတ္တယပရိဂ္ဂဟိတတ္တာ၊ကြောင့်။

(ဂ) သနိဒါနံ၊ဒေသ ဒေသက ပရိသတ်ကို ညွှန်ပြကြောင်းဖြစ်သော နိဒါန်းနှင့်လည်း တကွဖြစ်သော။[သဒ္ဒတ္ထ၊ သရူပတ္ထ] သဥပ္ပတ္တိကဉ္စ၊ဒေသနာတော် ဖြစ်ပေါ်လာသော အကြောင်းဝတ္ထုနှင့်လည်း တကွဖြစ်သော။

ဗြဟ္မစရိယံ၊မြတ်ကုန်သော သူတို့သည် ကျင့်သင့် ကျင့်ထိုက်သော အကျင့်ကို။ (ဝါ) မြတ်ကုန်သောသူတို့၏ အကျင့်ကို။

➤ ၂။ (စ) သို့/ အနုသန္ဓိ။ ။ ဤသို့ ဆိုအပ်ခဲ့ပြီးသော ဝါကျတို့ဖြင့် သာတ္ထ သဗျဉ္ဇန ကေဝလပရိပုဏ္ဏ ပရိသုဒ္ဓ ဗြဟ္မစရိယ ငါးပုဒ်တို့၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထနှင့်တကွ အတ္ထ ယောဇနာကို ပြဆိုတော်မူပြီး၍၊ ယခုအခါ၌ ယင်းငါးပုဒ်တို့၏ ဆိုအပ်ပြီးသည်သာလျှင် ဖြစ်သော အနက်ကို တစ်ပါးလည်းဖြစ်သော ပရိယာယ်ဖြင့် ဖြည့်စွက်၍ ထင်စွာ ပြလို သော အဋ္ဌကထာဆရာသည် (ဂ) ဝါကျကို မိန့်။

(ဃ) သို့/ ဆရာသည် (ဂ)ဖြင့် သနိဒါန သဥပ္ပတ္တိက ဒေသနာတော်ကို ဟောတော်မူ သည်ရှိသော် အာဒိကလျာဏ မဇ္ဈေကလျာဏ ပရိယောသာန ကလျာဏမျှကို ဟော သည်မည်၏ဟု ဖွင့်ပြတော်မူအပ်၏။ အာဒိကလျာဏ မဇ္ဈေကလျာဏ ပရိယောသာန ကလျာဏတို့၏ ဓမ္မနှင့် တုလျာဓိကရဏ ဝိသေသန၏ အဖြစ်ကြောင့် ဓမ္မ၏ အာဒိ ကလျာဏ-စသော ဂုဏ်ကိုသာ ပြဆိုအပ်ပါသလော။ အဘယ်ကိုလည်း ပြဆိုအပ်ပါ သေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

ကား-- ဓမ္မ၏ အာဒိကလျာဏ-စသော ဂုဏ်ကိုသာ ပြဆိုသည်မဟုတ်၊ ဗြဟ္မစရိယ ကိုလည်း ထင်ရှားအောင် ပြဆိုသေး၏ဟူလို။

➤ ၃။ (ခ) ဖလ။ (ဂ) ဆိုအပ်ခဲ့ပြီးသော အနက်ကိုပင် တစ်ပါးသော ပရိယာယ်ဖြင့် ဆက်လက်အားထုတ်သောကြောင့် ဝါကျာရမ္ဘ။ နယန္တရပက္ခန္တရ။ (ဃ) သည် ဝါကျာရမ္ဘ။

➤ ၄။ တိဏ္ဏံ သမူဟော တယံ။ သိက္ခာနံ တယံ သိက္ခတ္တယံ။ သိက္ခ-ဟူသော ဝိသေသနပုဒ်အရ သိက္ခာသုံးပါးသည် မုချ။ ထို--၏ သုံးပါးအပေါင်းနှင့် သမူဟိ/သမူဟ၊ နိသျ/နိဿိတစပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော သိက္ခာတို့၏ သုံးပါးတို့၏ အပေါင်းရ၏။

✱ နိဒဿေတိ ဒေသနာတိ နိဒါနံ။ သဟ နိဒါနေန ယော ဝတ္တတီတိ သနိဒါနော။ သဟ နိဒါန ဗဟုဗ္ဗိဟိ-အရ နိဒါန်းနှင့်တကွ ဖြစ်ခြင်းဂုဏ်သည် မုချ။ ထို-၏ တရား

http://www.dhammadownload.com



တော်နှင့် ဂုဏ် ဂုဏော း စပ် ဌာန္နပစာ။ ယ-အညပုဒ်အရ ထို--သော နိဒါန်းနှင့်တကွ ဖြစ်သော တရားတော်ရ၏။

* သဟ ဥပ္ပတ္တိ ယော ဝတ္တတီတိ သဥပ္ပတ္တိကော။ (အတ္ထသ ဥပ္ပတ္တိ အတ္ထုပ္ပတ္တိ သဟ အတ္ထုပ္ပတ္တိယာ ယော ဝတ္တတီတိ သဥပ္ပတ္တိကော။ သဟ အတ္ထုပ္ပတ္တိကဟု ဆိုလိုလျက် အတ္ထပုဒ်ကျေ။) * သိက္ခတ္တယေ ပရိဂ္ဂဟိတံ သိက္ခတ္တယ ပရိဂ္ဂဟိတံ။ * အာဒိမှိ ကလျာဏော အာဒိကလျာဏော။ ကလျာဏော အာဒိ ယဿာတိ **အာဒိကလျာဏော**။

➤ ၁၀။ **ပါဏာတိပါတာ**-၌ ပါဏ-အရ **ပရမတ္ထဓမ္မ**-ကား ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ-တည်း။ ထို-သည် ဇီဝိတိန္ဒြေမည်၏-ဟု ထုတ်ပါ။ **ဝေါဟာရဓမ္မ**-ကား သတ္တဝါတည်း။ ထိုသတ္တဝါ-ဟုဆိုအပ်သော ခန္ဓာငါးပါး၏ ပဒဋ္ဌာန်ကား သာမညအားဖြင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ တည်း စသည်ဖြင့် လောကော-နှင့်အတူထုတ်။

## ဝါကျ [၆၅]

(က) ပုန ဗြာဟ္မဏော တမေဝ အဘိဝါဒနာဒိကမ္မံ ဘဂဝတိ အပဿန္တော ဣမံ အာဂမ္မ အယံ လောကတန္တိ လောကပဝေဏီ ဥစ္ဆိဇ္ဇတီတိ မညမာနော ဘဂဝန္တံ "ဥစ္ဆေဒဝါဒေါ"တိ အာဟ။

(ခ) ဘဂဝါ ပန ယသ္မာ အဋ္ဌသု လောဘသဟဂတစိတ္တေသု ပဉ္စကာမဂုဏိကရာဂဿ ဒွီသု အကုသလစိတ္တေသု ဥပ္ပဇ္ဇမာနကဒေါသဿ စ အနာဂါမိမဂ္ဂေန ဥစ္ဆေဒံ ဝဒတိ။

(ဂ) သဗ္ဗာကုသလသမ္ဘဝဿ ပန နိရဝသေသဿ မောဟဿ အရဟတ္တမဂ္ဂေန ဥစ္ဆေဒံ ဝဒတိ။

(ဃ) ဌပေတွာ တေ တယော အဝသေသာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ယထာနုရူပံ စတူဟိ မဂ္ဂေဟိ ဥစ္ဆေဒံ ဝဒတိ၊ တသ္မာ တံ ဥစ္ဆေဒဝါဒံ အတ္တနိ သမ္ပဿမာနော အပရမ္ပိ ပရိယာယံ အနုဇာနာတိ။ (၄။၁၀၅။ မအ္ဋ-၂။၂၀၁။ ဘာသာဋီ-၁။၅၃၁။)

➤ ၂။ (က) သို့/ ဆရာ၊ ဥပါလိမထေရ်သည် ဥစ္ဆေဒဝါဒေါ ဘဝံ ဂေါတမော-ဟု ပုဏ္ဏားဆိုအပ်သည်၏အဖြစ်ကို မိန့်တော်မူ၏။ ရာဂ-စသည်ကို ဖြတ်အပ်၏ဟု ဟောတော်မူသော အရာကိုပင် သိ၍ ပုဏ္ဏားသည် ဘုရားရှင်ကို ဥစ္ဆေဒဝါဒေါ-ဟု ဆိုပါသလော။ အဘယ့်ကြောင့် ဆိုပါသနည်း။ စုဒ်ကြောင့် (က) မိန့်။

(ခ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က)ဖြင့် ဥစ္ဆေဒဝါဒေါ-ဟု ဘုရားရှင်ကို ပုဏ္ဏားဆိုခြင်း၏အကြောင်း ပုဏ္ဏား၏ သန္ဓာယဘာသိတကို ပြပြီး၍ ယခုအခါ၌ အတ္ထိခွေသ စသည်ဖြင့် ဘုရားရှင် ဝန်ခံတော်မူခြင်း၏အကြောင်း ဘုရားရှင်၏ သန္ဓာယဘာသိတကို ပြခြင်းငှာ (ခ) မိန့်။

➤ ၃။ (က) သည် ဝါကျာရမ္ဘ/ပက္ခန္တရ/အနုသန္ဓေဝါကျ။ (ခ) စသည် ပက္ခန္တရ/ ဝါကျာရမ္ဘ။ ထိုတွင် (ဂ) သည် ရာဂဒေါသတို့ကို ဖြတ်ခြင်းမှတစ်ပါး ကြွင်းသော အကုသိုလ်ဓမ္မတို့ကို ဖြတ်ခြင်းကို ပြသောကြောင့် ပက္ခန္တရ။ (ဃ) သည် ရာဂ ဒေါသ မောဟ-တို့ကို

http://www.dhammadownload.com



ဖြတ်ခြင်းမှတစ်ပါး ကြွင်းသော အကုသိုလ် ဓမ္မတို့ကို ဖြတ်ခြင်းကိုပြသောကြောင့် ပကတ္တုရ။

➤ ၄။ ဉစ္ဆိန္နတော ဥစ္ဆေဒေါ။ (ပြတ်ခြင်း) သုဒ္ဓဘာဝသာဓန။ ဥ-အရ ဓာတွတ္ထ ဝိသေသကဘောဂုဏ် ရ၏။ ဆိဒိဓာတ်နှင့် ဏ-ပစ္စည်းအရ ပြတ်ခြင်း ကြိယာရ၏။

(တစ်နည်း) ဥစ္ဆိန္ဒတော ဥစ္ဆေဒေါ။ (ဖြတ်စေခြင်း) ဟေတုဘာဝသာဓန။ ဥ-အရ ဓာတွတ္ထဝိသေသကဘောဂုဏ် ရ၏။ ဆိဒိဓာတ် ဏ-ပစ္စည်း အရ သုဒ္ဓဘာဝသာဓန ကြိယာကား ရာဂ ဒေါသ မောဟနှင့်တကွ ကြွင်းသော အကုသိုလ်ဓမ္မတို့၏ အဘာဝ-ဟု ဆိုအပ်သော ဖြတ်ခြင်းကြိယာသည် မုချ။ ဟေတုဘာဝသာဓနကြိယာကား မဂ်လေးပါး တို့၏ သမုစ္ဆေဒ ပဟာနသတ္တိ-ဟုဆိုအပ်သော ဖြတ်စေခြင်းကြိယာသည် ဖလူ။

(တစ်နည်း) ဥစ္ဆိန္ဒတေတိ ဥစ္ဆေဒေါ။ ဥ-အရ ဓာတွတ္ထဝိသေသကဘောဂုဏ် ရ၏။ ဆိဒိဓာတ်အရ ကတ္တုရုပ်ကား အရိယာမဂ်တို့သည် မုချ။ ကမ္မရုပ်ကား ရာဂ-စသည်တို့၏ ပကတူပနိဿယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရကား ဖြတ်အပ် ဖြတ်ထိုက်သော ရာဂ စသည်တို့ရ၏။ ထိုသို့ပင် ရငြားသော်လည်း ဥစ္ဆေဒ-ပုဒ်သည် ဤ၌ ဘာဝပ္ပဓာန်ပုဒ် ဖြစ်သောကြောင့် ဖြတ်တောက်သည်၏အဖြစ်ဟုဆိုအပ်သော ဥစ္ဆေဒဘာဝ (ဖြတ်ခြင်း ကြိယာ) သည်သာ ပဓာနအားဖြင့်ရ၏။

တနောတိ ဝိတ္ထာရေတီတိ **တန္တိ**။ (တနု+တိ) လောကဿ တန္တိ **လောကတန္တိ**။ ပဝေဏတိ ပဗန္ဓာ ဂစ္ဆတိ ပဝတ္တတီတိ **ပဝေဏီ**။ (ဆက်ကာဆက်ကာဖြစ် တတ်၏။) [ပ-ဝေဏ+က္က] ဤပစ္စည်းထပ်သက်၍ ပဝေဏီ-ဟုလည်းရှိသည်။ လောကဿ ပဝေဏီ **လောကပဝေဏီ**။ ကာမာဝေ ဂုဏာ ကောဋ္ဌာသာ **ကာမဂုဏာ**။ ပဉ္စ ကာမဂုဏာ **ပဉ္စကာမဂုဏာ**။ ပဉ္စကာမဂုဏေသု အဘိသင်္ဂဝသေန ဉပ္ပဇ္ဇတီတိ **ပဉ္စကာမဂုဏိကော**။ ပဉ္စကာမဂုဏိကော ရာဂေါ **ပဉ္စကာမဂုဏိကရာဂေါ**။ ဉပ္ပဇ္ဇိဿတီတိ **ဉပ္ပဇ္ဇနကော**။ ဉပ္ပဇ္ဇနကော ဒေါသော **ဉပ္ပဇ္ဇနကဒေါသော**။ နတ္ထိ အဝသေသော ဧတဿ မောဟဿာတိ **နိရဝသေသော**။ * အနုရှုပါနိ ယထာ **ယထာနုရူပံ**။

➤ ၆။ (က) ဖြင့် ဇေဒ္ဒောပစာယနဓမ္မော ဥစ္ဆိဇ္ဇိယတေတိ ဥစ္ဆေဒေါ-ဟု ပြု--ရင်း (အဘိဓာနတ္ထ) ဏပစ္စည်း ကမ္မသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ဥစ္ဆေဒေါ က္ကတိ ပဝတ္တော ဝါဒေါ က္ကမဿ ဘောတော ဂေါတမဿာတိ ဥစ္ဆေဒဝါဒေါ-ဟု --ရင်း (သမာသလိင်္ဂပဒတ္ထ) ဥစ္ဆေဒဝါဒ-အရ ဘုရားရှင်ကိုယူ- ရင်း (အဘိဓေယျတ္ထ) ဥစ္ဆေဒဝါဒေါ-ဟု ဆိုကြောင်း ပုဏ္ဏားဲ၏ သန္ဓာယဘာသိတ အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ) ဖြင့် ပါဠိတော် ရာဂဿ ဒေါသဿ-၌ ရာဂ-အရ လောဘမူစိတ် ၈-ခု၌ဖြစ် သော ပဉ္စကာမဂုဏိကရာဂကိုယူ--ရင်း (အဘိဓေယျတ္ထ) ဒေါသ-အရ ဒေါသမူစိတ် ၂-ပါး၌ ဖြစ်လတ္တံ့သော ဒေါသကိုယူ--ရင်း (အဘိဓေယျတ္ထ) ဆဋ္ဌီ သဝိဘတ်၏ ကံအနက်၌ သက်--ရင်း (ဝိဘတျတ္ထ) သိစေပါသည်။

http://www.dhammadownload.com



(ဂ) ဖြင့် ပါဠိတော် မောဟသ-၌ မောဟ-အရ အလုံးစုံသော အကုသိုလ်ဓမ္မ၌ ဖြစ်သော အကြွင်းမရှိသော မောဟကိုယူ--ရင်း (အဘိဓေယျတ္ထ) ဆဋ္ဌီ သဝိဘတ်၏ ကံ အနက်၌သက်--ရင်း (ဝိဘတျတ္ထ) သိစေပါသည်။ အရဟတ္တမဂ္ဂေန-ဖြင့် (ဘာဝတ္ထ)

(ဃ) ဖြင့် ပါဠိတော် အကုသလာနံ ဓမ္မာနံ-အရ ရာဂ ဒေါသ မောဟ-တို့မှကြွင်းသော အကုသိုလ်ဓမ္မတို့ကို ပါရိသေသနည်းအားဖြင့် ယူ--ရင်း (အဘိဓေယျတ္ထ) ဓမ္မာနံ-၌ ဆဋ္ဌီဝိဘတ်သည် ကံအနက်၌သက်-- ရင်း (ဝိဘတျတ္ထ) သိစေပါသည်။

(ခ--ဂ--ဃ) ဝါကျတို့ဖြင့် ရာဂါဒယော ဥစ္ဆိန္နာယန္တီတိ ဥစ္ဆေဒါ-ဟု ပြု--ရင်း (အဘိဓာနတ္ထ) ဏပစ္စည်း ကမ္မသာဓန၌သက်-ရင်း (ဒု-ပစ္စယတ္ထ) ဥစ္ဆေဒါ ဣတိ ပဝတ္တော ဝါဒေါ ဣမဿ တထာဂတဿာတိ ဥစ္ဆေဒဝါဒေါ-ဟု ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) ဥစ္ဆေဒဝါဒ-အရ ဘုရားရှင်ကိုယူ--ရင်း (အဘိဓေယျတ္ထ) ဘုရားရှင်ကား ပုဂ္ဂိုလ်ပြတ်ခြင်း အတိုင်း မဟုတ်၊ ရာဂစသည်တို့ကို ဖြတ်ခြင်းကို ဟောတော်မူခြင်းကို မိမိ၌မြင်တော်မူသော ကြောင့် ဥစ္ဆေဒ ဝါဒေါ-ဟု ခွင့်ပြုတော်မူသည်ဟူသော ဗုဒ္ဓသန္ဓာယ ဘာသိတ အဓိပ္ပါယ် ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

➤ ၇။ **လောကတန္တိ/လောကတန္တိ။ လောကပဝေဏီ/လောကပဝေဏီ**

အယံ ဥစ္ဆိန္ဒတိ-ကို ထောက်၍ ဥစ္ဆိန္ဒတိ-သည် အကမ္မကဒိဝါဒိရုပ် ဖြစ်သောကြောင့် **လောကတန္တိ/လောကပဝေဏီ**-ဟု ပထမန္တနှင့်ရှိသော ပါဌ်သာသင့်ပါသည်။

**လောကပဝေဏီ/လောကပဝေဏီ** ။ ။ ပဝေဏောတိ ပဗန္ဓာ ဂစ္ဆတိ ပဝတ္တတိ-ဆက်ကာဆက်ကာ ဖြစ်တတ်၏။ဣတိ ပဝေဏီ၊ ပပုဗ္ဗ ဝေဏဓာတ်၊ ဂတိ အနက်ဟော၊ ဣပစ္စည်းဖြင့် ပဝေဏိ-ဟု ပြီးသည်၊ ဤ-ပစ္စည်းထပ်သက်၍ ပဝေဏီ-ဟုလည်း ရှိ၏။ ထို့ကြောင့် နှစ်ပါဌ်လုံး သင့်ပါသည်။

➤ ၈။ **သဗ္ဗာကုသလသင်္ဂဟဿ နိရဝသေသဿ မောဟဿ**-ကား အပေါင်းဖြစ်သော အကုသိုလ်စိတ်အားလုံး၌ရှိသော မောဟ၏ "သဗ္ဗာကုသလ သင်္ဂဟဿ နိရဝသေသဿ မောဟဿ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ဥဒ္ဓစ္စသဟဂုတ်စိတ်တို့၌ရှိသော မောဟ၌တင်--ဧကဒေသူပစာ။

**အနေကဝိဟိတာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ**-ကား ဆိုခဲ့ပြီး ရာဂဿ ဒေါသဿ မောဟဿတို့ အရမှကြွင်းသော သက္ကာယဒိဋ္ဌိ-စသော အကုသိုလ်ဓမ္မတို့ကိုသာ "အနေက ဝိဟိတာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ"အရ ယူရသောကြောင့် ပါရိသေသနည်း။ဧကဒေသူပစာ။

**ဒွိပဝတ္တာ ဓေတ တယော (ပ) စတ္တာရိ မဂ္ဂဝဇ္ဈာ ဥစ္ဆေဒံ ဝဒတိ**-ကား သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဖြင့် ကြွင်းသော အကုသိုလ်ကို မဂ် လေးပါးဖြင့် ပယ်သည်ဟု ရသင့်သည်အားလျော်စွာ ယူရသောကြောင့် ယထာလာဘနည်း၊ ယထာသမ္ဘဝနည်း။

➤ ၁၀။ **ဥစ္ဆေဒံ**--၌ ဓာတွတ္ထအရ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ကိုယူ။

http://www.dhammadownload.com



**ဝါကျ [၆၆]**

(က) ပုန ဗြာဟ္မဏော "ဓိဂ္ဃတိ မညေ သမဏော ဝေါတမော ဣတ္ထိ ဝယောဝုဏ္ဏာနံ အာဘိဝါဒနာဒီကုလသမုဒါစာရကမ္မံ၊ တေန တံ န ကရောတီ"တိ မညမာနော ဘဂဝန္တံ "ဓေဇ္ဇုန္တိ"တိ အာဟ။ (ခ) ဘဂဝါ ပန ယသ္မာ ဓိဂ္ဃတိ ကာယဒုစ္စရိတာဒီဟိ။

(ဂ) ကိံ ဝုတ္တံ ဟောတိ၊ ယဥ္စ တိဝိဓံ ကာယဒုစ္စရိတံ၊ ယဥ္စ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ၊ ယဥ္စ တိဝိဓံ မနောဒုစ္စရိတံ၊ ယာ စ ဌပေတွာ တာနိ ဒုစ္စရိတာနိ အဝသေသာနံ လာမ ကာဒ္ဓေန ပါပကာနံ အကောသလ္လသမ္ဘူတဋ္ဌေန အကုသလာနံ ဓမ္မာနံ သမာပတ္တိ သမာ ပဇ္ဇနာ သမင်္ဂိဘာဝေါ၊ တံ သဗ္ဗမ္ပိ ဂူထံ ဝိယ မဠာနကာဇာတိယော ပုရိသော ဇိဂုစ္ဆတိ။

(ဃ) တသ္မာ တံ ဓေဇ္ဇုန္တိတံ အတ္တနိ သမ္ပဿမာနော အပရမ္ပိ ပရိယာယံ အနုဇာနာတိ။

(င) တတ္ထ **ကာယဒုစ္စရိတေနာ**တိ ဥပယောဂတ္ထေ ကရဏဝစနံ ဒဋ္ဌဗ္ဗံ။

(ဌ၊၁၀၆။ မအ္ဒ-၂၊၂၀၃၊ ဘာသာဋီ-၁၊၅၃၂။)

➤ ၁။ ဇိဂုစ္ဆတိမညေ၊စက်ဆုပ်သကဲ့သို့ ဖြစ်၏။ (မညေ-ကား ပရိဘာဂတ္ထနိပါတ်)။ (ဝါ) ဇိဂုစ္ဆတိ၊စက်ဆုပ်၏။ဣတိ၊သို့။(ထည့်) မညေ မညာမိ၊မှတ်၏။

(မညေ-ကား အာချာတ်ပုဒ်။မနဓာတ်၊ဒိဝါဒိ ယပစ္စည်း။ မိ-ဝိဘတ်ကို ဧပြု၊ ဇိဂုစ္ဆတိ နောင် ဣတိ-ကျေသည်။) (ဂဏ္ဌိသစ်၊ ၂-၁၂၂။)

➤ ၂။ (ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ)ဝါကျဖြင့် ဘုရားရှင်၏ သန္တာယဘာသိတ ကို ပြပြီး၍၊ ယခုအခါ၌ ယင်း (ခ)ဝါကျ၌ ပိဏ္ဍတ္ထအဓိပ္ပါယ်ကို ပြလိုရကား၊ (ဝါ) ယင်း (ခ) ဝါကျ၌ ဥဇုဝုစ်ဖြစ်သောအနက်ကို ပြလိုရကား (ဂ) ဝါကျမိန့်။

(ဃ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ-ဂ)ဝါကျတို့ဖြင့် ပိဏ္ဍတ္ထနှင့်တကွ အကြောင်းကို ပြပြီး၍၊ ယခုအခါ၌ အကျိုးကို ပြခြင်းငှာ (ဂ) ဝါကျမိန့်။

(င) သို့/ **ဖွင့်** ။ ။ ဆရာ၊ ဥပါလိမထေရ်သည် ဇိဂုစ္ဆာမိ ကာယဒုစ္စရိတေန-စသည် ဖြင့် မိန့်ဆိုတော်မူ၏။ (တနည်း) ဆရာ၊ ဆရာသည် (ခ) စသော ဝါကျတို့ဖြင့် အတ္တိ ခွေသ-စသည်ဖြင့် ဘုရားရှင်ဝန်ခံခြင်း၏အကြောင်း ဗုဒ္ဓသန္တာယဘာသိတကို (ဝါ) အနု သန္ဓေကို ပြဆိုတော်မူ၏။ ကာယဒုစ္စရိတေန-စသည်၌ တတိယာဝိဘတ်၏အနက်ကား အဘယ်ပါနည်း။ ကရိုဏ်းအနက်ဟူ၍ပင် မှတ်အပ်ပါသလော။ စုဒ်ကြောင့် (င)ဝါကျမိန့်။

➤ ၃။ (က) ဝါကျာရမ္ဘ/ပဏ္ဍက္ခရ/အနုသန္ဓေဝါကျ။ (ခ) ဝါကျာရမ္ဘ/ပဏ္ဍက္ခရ။

(ဂ) ဝိတ္ထာရ။ (ဃ) ဖလဝါကျ။ (င) သည် ကာယဒုစ္စရိတေန (ပါဠိတော်) ၌ တတိယာ ဝိဘတ်သည် ကရိုဏ်းအနက်၌ပင် သက်ပါသလော-ဟူသော စောဒနာကို ပယ်လို၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (တစ်နည်း) အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထမှ တစ်ပါး အဝယဝတ္ထကို ပြသောကြောင့် ပဏ္ဍက္ခရ။

**စာစပ်**= ဘဂဝါ-ကို အနုဇာနာတိ-၌ စပ်။

http://www.dhammadownload.com



➤ ၄။ မဏ္ဍယတိ သီလေနာတိ **မဏ္ဍနော**။ မဏ္ဍနောယေဝ **မဏ္ဍနကော**။

မဏ္ဍနကော ဇာတိ ယဿာတိ **မဏ္ဍနကဇာတိယော**။ မဏ္ဍနကဇာတိ-အရ တန်ဆာဆင်လေ့ရှိသူ၏ အဖြစ်ဟူသော သဘောသည် မုချ။ ထို--၏ ယောက်ျားဒြပ်နှင့် ဂုဏ်ဂုဏေး/သဘာဝ သဘာဝဝန္တ စပ် ဌာနူ။ ယ-အညပုဒ်အရကား ထို--သော တန်ဆာဆင်လေ့ရှိသူ၏အဖြစ်ဟူသော သဘောရှိသော ယောက်ျားဒြပ် ရ၏။

တယော ဝိဓာ ပကာရာ ယဿ ကာယဒုစ္စရိတဿာတိ **တိဝိဓံ**။ စတ္တာရော ဝိဓာ ယဿ ဝစီဒုစ္စရိတဿာတိ **စတုဗ္ဗိဓံ**။ တယော ဝိဓာ ယဿ မနော ဒုစ္စရိတဿာတိ **တိဝိဓံ**။ လာမကော အတ္ထော **လာမကတ္ထော**။ ကုသလဿ ဘာဝေါ **ကောသလ္လံ**။

ကောသလ္လဿ ပဋိပက္ခံ **အကောသလ္လံ**။ အကောသလ္လတော သမ္ဘူတာ **အကောသလ္လသမ္ဘူတာ**။

➤ ၆။ (က) ဖြင့် ဇေဌာပစာယနမွေဿ ဇိဂုစ္ဆနံ ဇေဂုစ္ဆာ-ဟု ဝစနတ္ထပြု--ဍင်း (အဘိဓာနတ္ထ) ဆ-ပစ္စည်း ဘာဝသာဓနအနက်၌သက်--ဍင်း (ဒု- ပစ္စယတ္ထ) ဇေဂုစ္ဆာ အဿ အတ္ထီတိ ဇေဂုစ္ဆီ-ဟုပြု--ဍင်း (အဘိဓာနတ္ထ) ဤ-ပစ္စည်း အဿတ္ထိအနက်၌သက်--ဍင်း (ပစ္စယတ္ထ) ဇေဂုစ္ဆီ-အရ ဘုရားရှင်ကို ယူ--ဍင်း (အဘိဓေယျတ္ထ) ပုဂ္ဂိုလ်၏ သန္တာယဘာသိတ အဓိပ္ပါယ်ကိုဍင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ) ဖြင့် ကာယဒုစ္စရိတာဒိနံ ဇိဂုစ္ဆနံ ဇေဂုစ္ဆာ-ဟုပြု-ဍင်း (အဘိဓာနတ္ထ) ဆ-ပစ္စည်း ဘာဝသာဓနအနက်၌--ဍင်း (ဒု-ပစ္စယတ္ထ) ဇေဂုစ္ဆာ အဿ အတ္ထီတိ ဇေဂုစ္ဆီ-ဟုပြု--ဍင်း (အဘိဓာနတ္ထ) ဤ-ပစ္စည်း အဿတ္ထိအနက်၌သက်--ဍင်း (ပစ္စယတ္ထ) ဇေဂုစ္ဆီ-အရ ဘုရားရှင်ကိုယူ-- ဍင်း (အဘိဓေယျတ္ထ) ဘုရားရှင်၏ သန္တာယဘာသိတအဓိပ္ပါယ်ကိုဍင်း (ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ ယဥ္စ တိဝိဓံ (ပ) အဝသေသာနံ-ဖြင့် ကာယဒုစ္စရိတေန-အရ ကာယဒုစရိုက် သုံးပါးကိုယူ--ဍင်း။ ဝစီဒုစ္စရိတေန-အရ ဝစီဒုစရိုက် ၄-ပါးကိုယူ-ဍင်း။ မနောဒုစ္စရိတေန-အရ မနောဒုစရိုက် ၃-ပါးကိုယူ--ဍင်း။ အနေကဝိဟိတာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ-အရ ဒုစရိုက် ၁၀-ပါးမှကြွင်းသော အကုသိုလ်ဓမ္မတို့ကို ယူ--ဍင်း (အဘိဓေယျတ္ထ) သိစေပါသည်။

လာမကဋ္ဌေန-ဖြင့် ပါပကာနံ-၌ ပါပကသဒ္ဒါ၏ လာမကအနက်ဟော--ဍင်း (နာမလိင်္ဂတ္ထ) (တစ်နည်း) ပါပေန္တီတိ ပါပကာ-ဟု ဝစနတ္ထပြု၍ အကုသိုလ်တရားတို့ကို ယူ--ဍင်း (အဘိဓေယျတ္ထ) သိစေပါသည်။

အကောသလ္လသမ္ဘူတဋ္ဌေန-ဖြင့် ကုစ္ဆိတေ အကုသလေ ဓမ္မေ သာတိ အဝသာနံ ကရောတီတိ ကုသံ၊ ကုသေန လာတဗ္ဗာ ပဝတ္တေတဗ္ဗာတိ ကုသလာ၊ န ကုသလာ အကုသလာ-ဟု ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ)

http://www.dhammadownload.com



သမာပတ္တိယာ သမင်္ဂီဘာဝေါ-ဖြင့် သမာပတ္တိ-ကား ယင်းသမာပဇ္ဇနာ၊ သမင်္ဂီဘာဝ-၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

(တစ်နည်း) သမာပဇ္ဇနာ-ဖြင့် သမာပတ္တိပုဒ်ကို သမာပဇ္ဇနာ သမာပတ္တိ-ဟု ဘာဝ သာဓန ပြု--ရင်း (အဘိဓာနတ္ထ) တိ-ပစ္စည်း၏ ဘာဝသာဓနေ၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။ သမင်္ဂီဘာဝေါ-ဖြင့် ယင်း သမာပဇ္ဇနသည်လည်း အာရမ္မဏ ကရဏအား ဖြင့် မဟုတ်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(င) ၌ ကရဏဝစနံ-ဖြင့် ကာယဒုစ္စရိတေန-၌ ဧန-သည် နာဝိဘတ်၏ ကာရိယ၏ အဖြစ်ကို သိစေပါသည်။ (ဝိဘတ္တိပဒ)

ဥပယောဂတ္ထေ-ဖြင့် ယင်း နာဝိဘတ်သည် ကရိုဏ်းအနက်၌ မသက်၊ ဥပယောဂတ္ထ ၌ သက်သည်၏အဖြစ်ကို သိစေပါသည်။ (ဝိဘတျတ္ထ)

➤ ၇။ **ဇေဂုစ္ဆိတံ/ဇေဂုစ္ဆိတ** ။ ။ ဇေဂုစ္ဆိနော ဘာဝေါ ဇေဂုစ္ဆိတာ-ဟုပြု၊ ဇေဂုစ္ဆိ ပုဒ်+တာပစ္စည်းဖြစ်၍ ကွစာဒိနာ တာပစ္စယေ ရဿတ္တံ (ရူ)နှင့်အညီ တာပစ္စည်းနှောင်း ရာ၌ ရဿပြု၍ပြီးသောကြောင့် ဇေဂုစ္ဆိတံ-ဟု ရဿနှင့်ရှိသောပါဠိ သင့်ပါသည်။

**ဟီရီယတိ/ဟိရီယတိ/ဟာရာယတိ/ဟီရာယတိ** ။ ။ ဟာရေ လဇ္ဇာယံ၊ အလုတ္တန္တောယ မေကာရန္တော ဓာတု၊ ဂိလေ ပီတိကွယေတိဓာတုဝိယ။ ဟာရာယတိ-ဟူသော (နီတိ၊ဓာတု) ကို ထောက်၍ ဟာရေဓာတ်ဖြင့် ဟာရာယတိ-ဟုရှိသောပါဠိ သင့်ပါသည်။

ဟိရီ လဇ္ဇိယံ၊က္လ၊ဟိရီယတိ ပါပါတိ ဟိရီ (အဘိဓာန်ဋီကာ)ကိုထောက်လျှင် ဟိရီ ဓာတ်ဖြင့် ဟိရီယတိ-ဟုရှိသောပါဠိ သင့်သည်။

ဟိရီ ဒိ လဇ္ဇနေ ဟောတိ။ (ဓာတွတ္ထသင်္ဂဟ) ယင်းကို ပုံစံထုတ်ရာ၌ ဟိရီယတိ၊ ဟိရယိတဗ္ဗေနာတိ ဟိရီ-ဟု ထုတ်ပြထားသည်ကိုထောက်၍ရင်း၊ ဟိရီယတိ ကာယ ဒုစ္စရိတေန-ဟူသော ပုံစံပြယုဂ်ကိုထောက်၍ရင်း၊ ဟိရီဓာတ်ဖြင့် ဟိရီယတိ-သင့်သည်။

[ လဇ္ဇာအနက်ဟော ဟိရေဓာတ် ဧကို အာယပြု၍ ပြီးသောကြောင့် ဟိရာယတိ-သင့်၏။ လဇ္ဇာအနက်ဟော၊ ဟာရေဓာတ် ဧကို အာယပြု၍ပြီးသောကြောင့် ဟာရာယတိ-လည်းသင့်၏။ ကမ္ဘရုပ်အရာ၌ကား ဟိရီယတိ၊ ဟရီယတိ ၂-ချက်သင့်၏။]

➤ ၈။ **အကုသလာနံ ဓမ္မာနံ သမာပတ္တိ (ပ) ဇိဂုစ္ဆတိ** -ကား မကောင်းတတ်သော အကုသိုလ်သို့ ရောက်ခြင်းကို စက်ဆုပ်သည်ကို ဆိုသဖြင့် မကောင်းရာဖြစ်သော အကုသိုလ်တို့ကို စက်ဆုပ် သည်ကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း။ ဂုဏ်ဖြစ်သော အကုသိုလ်သို့ ရောက် ခြင်းကို စက်ဆုပ်သည်ကို ဂုဏောဖြစ်သော အကုသိုလ်တို့ကို စက်ဆုပ်ခြင်း၌တင်-- ဂုဏူပစာ။ [ဂုဏ်ဖြစ်သော အကုသိုလ်တရားတို့ကို စက်ဆုပ်ခြင်း၏ "ဇိဂုစ္ဆန" အမည်ကို ဂုဏောဖြစ်သော သမင်္ဂီဘာဝ၌တင်-- ဂုဏူပစာ။

မကောင်းတတ်သော အကုသိုလ်တရားတို့ကို ဆိုသဖြင့် မကောင်းရာသော သမင်္ဂီဘာဝ

http://www.dhammadownload.com



ကိုလည်း ယူနိုင်သောကြောင့် အဝိနာဘာဝနည်း မည်၏။]

**အနေကဝိဟိတာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ**-ကား အပေါင်းဖြစ်သော အကုသိုလ်ဓမ္မ အားလုံးတို့၏( ) အမည်ကို အစိတ်ဖြစ်သော ဒုစရိုက်ဆယ်ပါးမှကြွင်းသော အကုသိုလ်ဓမ္မတို့၌တင်-- ကေဒေသျူပစာ။ ပါရိသေသနည်း။

> ၁၀။ [**သဘာဂါဝဇ္ဇနမဟာ**] အကောသလ္လ-အရ ဉာဏ်၏ဆန့်ကျင်ဘက် မောဟကိုယူ။ ထိုမောဟ၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရ အသဒ္ဓမ္မသဝန စသည်တည်း။ ထိုတွင် အယောနိသောမနသိကာရကို ယူသဖြင့် အယောနိသော ဘိက္ခဝေ မနသိကရောတော စသည်ဖြင့် --ထုတ်။

## ဋီကာ [၆၇]

(က) ပုန ဗြာဟ္မဏော တမေဝ အဘိဝါဒနာဒိကမ္မံ ဘဂဝတိ အပဿန္တော "အယံ ဣမံ လောကဓမ္မကာကမ္မံ ဝိနေတိ ဝိနာသေတိ။

(ခ) အထ ဝါ ယသ္မာ ဇတိ သာမီစိကမ္မံ န ကရောတိ၊ တသ္မာ အယံ ဝိနေတဗ္ဗော နိဂ္ဂဟိတဗ္ဗော"တိ မညမာနော ဘဂဝန္တံ "ဝေနယိကော"တိ အာဟ။

(ဂ) တတြာယံ ပဒတ္ထော၊ ဝိနယတီတိ ဝိနယော။ (ဃ) ဝိနာသေတီတိ ဝုတ္တံ ဟောတိ။

(င) ဝိနယော ဧဝ ဝေနယိကော။ (စ) ဝိနယံ ဝါ အရဟတီတိ ဝေနယိကော။

(ဆ) နိဂ္ဂဟံ အရဟတီတိ ဝုတ္တံ ဟောတိ။ (၃။၁၀၆။မဓူ-၂။၂၀၄။ ဘာဋီ-၁။၅၃၄။)

> ၁။ (က-နှင့်အညီ) **ဝေနယိကော**၊လောက၌ ကြီးသူတို့အပေါ် ပြုထိုက်သော ရိုသေမှုကို ဖျက်ဆီးတတ်သူတည်း။

(**ခ-နှင့်အညီ**) **ဝေနယိကော**၊ကြီးသူတို့အား ရိုသေမှုကို မပြုတတ်သဖြင့် နှိပ်ကွပ်ဆုံးမထိုက်သူတည်း။ (**ဂ-ဃ-င-နှင့်အညီ**) ဘဝံ ဂေါတမော၊သည်။ဝေနယိကော၊လောက၌ ကြီးသောသူတို့အား ပြုသင့်သော (ရှိခိုးခြင်းစသော) အမှုကို ဖျက်ဆီးတတ်၏။ (ဝါ) ဖျက်စီးစေတတ်၏။

(**စ-ဆ-နှင့်အညီ**) ဘဝံ ဂေါတမော၊သည်။ဝေနယိကော၊နှိပ်ကွပ်သင့် နှိပ်ကွပ်ထိုက်၏။

> ၂။ (က-စ) **သို့/ အာဆောဏ်ယုတ္တအောဒနာ** ။ ။ ဆရာ၊ ဥပါလိမထေရ်သည် ဝေနယိကော ဘဝံ ဂေါတမော-ဟု ပုဏ္ဏားဆိုအပ်သည်၏အဖြစ်ကို မိန့်တော်မူ၏။ မြတ်စွာဘုရား၏ ရာဂ-စသည်ကို ဖျက်ဆီးခြင်းအလို့ငှာ တရားဟောတော်မူတတ်သည်ကိုပင် သိမြင် မှတ်ထင်၍ ဘုရားရှင်ကို ဝေနယိကော-ဟု ပုဏ္ဏားဆိုလေသလော။ အဘယ့်ကြောင့် ဝေနယိကော-ဟူ၍ ပုဏ္ဏားဆိုလေသနည်း။ စုဒ်ကြောင့် (က-ခ) မိန့်။

(စ) **သို့/ သာမိစ္ဆိယာနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ဝေနယိကော-ဝယ် ဝိနယ-၌ ဝိပုဗ္ဗ နီဓာတ်ကား အတ္တာတိသယအားဖြင့် ဤ၌ ဝိနာသနတ္ထ၊ (ဝါ) ဝိ-ကား ဝိမလံ စသည်၌ကဲ့

http://www.dhammadownload.com



သို့ အဘာဝတ္ထ၊ နိစာတ်ကား ပါပနတ္ထ၊ မရှိခြင်းသို့ ရောက်စေ၏ဟူသည် ဖျက်ခြင်း ပျက်စီးစေခြင်းပင်တည်းဟု ပြဆိုပြီး၍ ယခုအခါ၌ ဝိပုဗ္ဗ နိစာတ်ကား အတ္တာတိသယအားဖြင့် (ဝါ) အနေကတ္ထအားဖြင့် နိဂ္ဂဟတ္ထ-ဟု ပြလိုရကား (ခ) မိန့်။

(တစ်နည်း) ဝိရှေးရှိသော နိစာတ်၏ ဝိနာသတ္ထ ကတ္တုသာဓ်ကို ပြပြီး၍ ယခုအခါ၌ နိဂ္ဂဟတ္ထ ကမ္မသာဓ်ကို ပြလို၍ အထဝါ-စသော (ခ) မိန့်။

(စ) သို့/ ဆရာ-သည် (က) ဖြင့် ဝေနယိကော-ဝယ် ဝိရှေးရှိသော နိစာတ်၏ ကာရိတန္တောဂဓ အဖြစ်ကိုငင်း၊ အတ္တာတိသယနည်းအားဖြင့် ဖျက်ဆီးခြင်းအနက် ဟောသည်ကိုငင်း၊ ဝိနေတိ ဝိနာသေတီတိ ဝိနယော၊ ဝိနယော ယေဝ ဝေနယိကော-ဟု ဝစနတ္ထ ပြုအပ်သည်ကိုငင်း၊ ဖွင့်ပြတော်မူအပ်၏။ ထို ဝေနယိကော-၌ ဆိုအပ်ပြီးသော အနက်နှင့် ဝစနတ္ထတို့ကိုသာ သိအပ်ပါသလော။ အဘယ်အနက်နှင့် အဘယ်ဝစနတ္ထတို့ကိုလည်း သိနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

ကား-- နိစာတ်၏ နိဂ္ဂဟအနက်နှင့် ဝိနယနံ နိဂ္ဂဏှာနံ ဝိနယော၊ ဝိနယံ အရဟာတီတိ ဝေနယိကော-ဟူသော ဝစနတ္ထကိုလည်း မှတ်သားအပ်၏ဟူလို။

(ဂ) **စသည် သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က-ခ) တို့ဖြင့် အတ္ထဝိကပ်နှစ်မျိုးဖြင့် အနုသန္ဓေကို ပြပြီး၍ ယခုအခါ၌ ပဒတ္ထကိုပြလို၍ (ဂ) မိန့်။

(ဃ) သို့/ ဆရာ-သည် (ဂ) ဖြင့် ဝိနယတီတိ ဝိနယော-ဟု ဖွင့်ပြအပ်၏။ ယင်း၌ နိစာတ်သည် အဘယ်အနက်၌ ဖြစ်ပါသနည်း၊ ဆောင်ခြင်းအနက်၌ ဖြစ်ပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

➤ ၃။ (ခ) သည် ပက္ခန္တရ။ (ဂ) စသည်သည် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထမှ တစ်ပါး အဝယဝတ္ထ ပဒတ္ထ ဟူသော အဖို့တစ်ပါးကိုပြသောကြောင့် ပက္ခန္တရ။

(တစ်နည်း) ပဒတ္ထအကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။ (ဃ) သည် ဝိနယတီတိ ဝိနယော-၌ ဝိနယတိ-ဝယ် နိစာတ်၏အနက် ငုပ်နေသည်ကို ဖော်ပြလို၍ (ဝါ) ဝိနယတိ ပုဒ်၏ ပိဏ္ဍတ္ထကို ပြလို၍ တက်လာသောကြောင့် ပဒပိဏ္ဍတ္ထပြ ဝိတ္ထာရဝါကျ။ (င) သည် အစိတ်ပုဒ်၏ ဝစနတ္ထမှတစ်ပါး အပေါင်းပုဒ်၏ ဝစနတ္ထကိုပြသောကြောင့် ပက္ခန္တရ။ (တစ်နည်း) ဝိနယံ အမိတေ ဝေနယိကော-ဟု ဝစနတ္ထပြုရမည်လောဟု စောဒနာဖွယ်ရှိ၍ ဆက်လက် ဖွင့်ပြသောကြောင့် ဝါကျာရမ္ဘ။ (စ) သည် ဝေနယိကောပုဒ်၏ သွတ္ထတဒ္ဓိတ် ဝစနတ္ထဟူသော အဖို့မှတစ်ပါး အရဟာတိ တဒ္ဓိတ်ဝစနတ္ထကို ပြသောကြောင့် ပက္ခန္တရ။ (ဆ) သည် ပဒပိဏ္ဍတ္ထကိုပြသောကြောင့် ဝိတ္ထာရ။

➤ ၄။ ဝိနယတီတိ **ဝိနယော**။ ယော ဂေါတမော၊သည်။လောကဇေဋ္ဌကကမ္မံ၊ကို။ ဝိနယတိ ဝိနာသေတိ၊ပျက်စီးစေတတ်၏။ (ဝါ) ဖျက်ဆီးစေတတ်၏။ ဣတိ သော ဂေါတမော ဝိနယော။ ဝိ-နီ+အ-ပစ္စည်း။ ဝိ-ဥပသာရပုဒ်အရကား ဓာတွတ္ထဗာဓကဘောဂုဏ်ရ၏။

http://www.dhammadownload.com



နိဓာတ်၏အရကား အရှင်ဂေါတမ၏ မာနပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော အယောနိသောမနသိကာရ စသည်သည် ဖလူ။ နောက်နောက်၌ဖြစ်သော အကျိုးမဲ့မှုန်သမျှသည် ကာရဏူပစာ။ အ-ပစ္စည်းအရကား ထို--သော လောကဇေ္ဇက ကမ္မကို ဖျက်ဆီးတတ်သော အရှင်ဂေါတမဖြစ် ရ၏။

ဝိနေတီတိ **ဝိနယော**။ ဝိရှေးရှိသော နိဓာတ် ကတ္တုဋ္ဌကား ရှိခိုးခြင်းအမှု၏ အဘာဝသည် မုချ။ ဟေတုကတ္တုဋ္ဌကား ပျက်စီးစေတတ်သော ဘုရားရှင်၏ သန္တာန်၌တည်သော ပုဏ္ဏား ရည်ညွှန်း၍ဆိုအပ်သော မောဟ မာန စသည်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဖလူ။ အယောနိသော မနသိကာရ-စသော ရှေးရှေးသော အကြောင်းသည် ဒုတိယ ဖလူ။ ရှိခိုးခြင်းစသည်ကို မပြုခြင်းကြောင့် မလိမ္မာသည်၏အဖြစ် ပညာရှိတို့၏ ဟဒယကို တုန်လှုပ်စေတတ်သည်၏ အဖြစ်သည် ကာရဏူ။ အ-ပစ္စည်းအရ ရှုပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ဘောဂုဏ် ရ၏။ တိဝိဘတ်အရ ထို--သော မြတ်စွာဘုရားရ၏။ (ပုဏ္ဏားအလို)

ဝိနယံ အရဟတီတိ **ဝေနယိကော**။ ယော ဂေါတမော၊သည်။ဝိနယံ၊ကို။အရဟတိ၊၏။ ဣတိ သော ဂေါတမော ဝေနယိကော။ ဝိနယ+ဏိက။ ဝိနယ-ဟူသော တဒ္ဓိတ်ပုဒ် အရကား နှိပ်ကွပ်ခြင်းကြိယာသည် မုချ။ ယင်း၏ ဂေါတမဖြစ်နှင့် ဂုဏ်-ဂုဏေး စပ် ဌာနူ။ ဏိကပစ္စည်းအရကား ထို--သော နှိပ်ကွပ် ထိုက်သော ဂေါတမဖြစ် ရ၏။ (ပုဏ္ဏားအလို)

အဝုဓိတိ **ဗုဓော**။ အယဥ္စ ဝုဓော အယဥ္စ ဝုဓော သဗ္ဗေ ဣမေ ဝုဓာ အယမိမေသံ ဝိသေသေန ဝုဓောတိ **ဇေဋ္ဌော**။ ဇေဋ္ဌောယေဝ **ဇေဋ္ဌကော**။ လောကေ ဇေဋ္ဌကော လောက**ဇေဋ္ဌကော**။ လောကဇေ္ဇကာနံ ကတ္တဗ္ဗံ ကမ္မံ **လောကဇေဋ္ဌကကမ္မံ**။ လောကဇေ္ဇက အရကား လောက၌ကြီးကုန်သော သူတို့သည် မုချ။ ထို--၏ ရှိခိုးခြင်းစသော အမှုနှင့် ဌာန ဌာနီ/ဂုဏ် ဂုဏေ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော လောက၌ကြီးကုန်သော သူတို့အားပြုအပ်သော ရှိခိုးခြင်းစသော အမှုရ၏။

(တစ်နည်း) ပသံသီယတေတိ **ပသတ္ထံ**။ ဣဒဥ္စ ပသတ္ထံ ဣဒဥ္စ ပသတ္ထံ သဗ္ဗေ ဣမေ ပသတ္ထာ ဣဒမိမေသံ ဝိသေသေန ပသတ္ထန္တိ ဇေဋ္ဌံ။ ဇေဋ္ဌံ ဝ **ဇေဋ္ဌကံ**။ ကရီယတေ ကမ္မံ။ လောကေ ဇေဋ္ဌကံ **လောကဇေဋ္ဌကံ**။ လောကဇေ္ဇကသမ္မတံ ကမ္မံ **လောကဇေဋ္ဌကကမ္မံ**။ ဝိသေသနပုဒ်အရကား လောက၌ ချီးမွမ်းအပ် မြတ်၏ဟု သမုတ်အပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် မုချ။ ထို--၏ ရှိခိုးခြင်းစသော အမှုနှင့် ဂုဏ် ဂုဏေး စပ် ဌာနူ။ ပုဒ်လုံးအရ ကား ထို--သော လောက၌ ချီးမွမ်းအပ် မြတ်၏ဟု သမုတ်အပ်သော ရှိခိုးခြင်းစသော အမှုရ၏။ (သာရတ္ထ)

ပဒသ္သ အတ္ထော **ပဒတ္ထော**။ (သာမီ-သံ စပ်) ပဒေန အဘိဟိတော အတ္ထော **ပဒတ္ထော**။ (အကြောင်း အကျိုးစပ်) * ဝိနယနံ နိဂ္ဂဏှနံ **ဝိနယော**။

➢ ၆။ (က) ဖြင့် ဝေနယိကော-၌ ဝိနယ-ကို ဝိနေတီတိ ဝိနယော-ဟု ကတ္တု

http://www.dhammadownload.com



သာဓေပြု--ၐၢင်း (အဘိဓာနတ္ထ) အ-ပစ္စည်း ကတ္တုသာဓနအနက်၌သက်- ၐၢင်း (ဒု-ပစ္စယတ္ထ) ဝိနေတိ-၌ ဝိ-၏ ဓာတွတ္ထဗာဓက၏--ၐၢင်း (ဥပသဂ္ဂလိင်္ဂတ္ထ) နီ-ဓာတ်၏ ဝိနာသနအနက်ဟော--ၐၢင်း (ဓာတွတ္ထ) (တစ်နည်း) ဝိနေတိ- ၌ ဝိ-၏ ဝိမလ-စသည်တို့ ကဲ့သို့ အဘာဝအနက်ဟော--ၐၢင်း (ဥပသဂ္ဂလိင်္ဂတ္ထ) နီ-ဓာတ်၏ ပါပနအနက်ဟော--ၐၢင်း (ဓာတွတ္ထ) မရှိခြင်းသို့ရောက်စေ၏ဟူသည် ဖျက်ခြင်း ပျက်စီးစေခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုၐၢင်း (ဘာဝတ္ထ) ဝိနယော ဧဝ ဝေနယိကော-ဟု သွတ္ထတဒ္ဓိတ်ပြု--ၐၢင်း (အဘိဓာနတ္ထ) ဏိက-ပစ္စည်း သွတ္ထ၌သက်--ၐၢင်း (ပစ္စယတ္ထ) သိစေပါသည်။

(ခ) ဖြင့် ဝေနယိကော၌ ဝိ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏--ၐၢင်း (ဥပသဂ္ဂလိင်္ဂတ္ထ) နီဓာတ်၏ နိဂ္ဂဟအနက်ဟော--ၐၢင်း (ဒု-ဓာတွတ္ထ) သိစေပါသည်။

(က+ခ) အပေါင်း သံဝဏ္ဏနာဖြင့် ဝေနယိကော-ဟု ဆိုကြောင်း ပုဏ္ဏား၏ သန္ဓာယဘာသိတ အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ၌ ဝိနယတိ-ဖြင့် ဝိနယောပုဒ်ကို ဝိနယတီတိ ဝိနယော-ဟု ကတ္တုသာဓနပြု--ၐၢင်း (အဘိဓာနတ္ထ) အ-ပစ္စည်း ကတ္တုသာဓနအနက်၌သက်--ၐၢင်း (ဒု-ပစ္စယတ္ထ) သိ။

(ဃ) ၌ ဝိနာသေတိ-ဖြင့် ဝိနယတိ-၌ နီဓာတ်သည် နယနတ္ထကို မဟော၊ ဝိနာသတ္ထကို ဟော--ၐၢင်း (ဓာတွတ္ထ) ဝိ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏--ၐၢင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။ (တစ်နည်း) ဝိနာသေတိ-ဖြင့် ဝိနယတိ-၌ ဝိပုဗ္ဗ နီဓာတ်ကား အတ္တာတိသယအားဖြင့် ဤ၌ ဝိနာသတ္ထ (ဓာတွတ္ထ) (ဝါ) ဝိ-ကား ဝိမလ စသည်၌ကဲ့သို့ အဘာဝတ္ထ (ဥပသဂ္ဂလိင်္ဂတ္ထ) နီ-ကား ပါပနတ္ထ (ဓာတွတ္ထ) မရှိခြင်းသို့ ရောက်စေ၏ဟူသည် ဖျက်ခြင်း ပျက်စေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(င) ဖြင့် ဝေနယိကော-၌ ဏိကပစ္စည်းသည် အဓိစ္စေတဒ္ဓိတ်၌ မသက်၊ သွတ္ထတဒ္ဓိတ်၌သက်- ၐၢင်း (ပစ္စယတ္ထ) ဝေနယိကောပုဒ်ကို ဝိနယံ အဓိစ္စေ ဝေနယိကော-ဟု အဓိစ္စေတဒ္ဓိတ် ဝစနတ္ထ မပြုရ၊ ဝိနယော ဧဝ ဝေနယိကော-ဟု သွတ္ထတဒ္ဓိတ်-- ၐၢင်း (အဘိဓာနတ္ထ) သိစေပါသည်။

(စ) ၌ ဝိနယံ အရဟတိ-ဖြင့် ဝေနယိကော၌ ဏိကပစ္စည်း၏ အရဟတိတဒ္ဓိတ်၌သက်-- ၐၢင်း (ပစ္စယတ္ထ) ဝိနယံ အရဟတီတိ ဝေနယိကော-ဟု အရဟတိ တဒ္ဓိတ်--ၐၢင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ဆ) ၌ နိဂ္ဂဟံ-ဖြင့် ဝိနယံ-၌ ဝိ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏ --ၐၢင်း (ဥပသဂ္ဂလိင်္ဂတ္ထ) နီဓာတ်သည် နယနတ္ထကိုမဟော၊ နှိပ်ကွပ်ခြင်း-နိဂ္ဂဟအနက်ကိုဟော--ၐၢင်း (ဒု-ဓာတွတ္ထ) သိစေပါသည်။

➤ ၇။ ဗြာဟ္မဏော/ဗြဟ္မဏော ။ ။ ဗြဟ္မံနော အပစ္စံ ဗြဟ္မာ၊ ဗြာဟ္မဏောစ။ နာဂမော၊ ဏတ္တံ၊ ဒီဃာဒိ-ဟူသော အဘိဓာန်ဋီကာကိုထောက်၍ ဗြဟ္မပုဒ်၊ ဏပစ္စည်း၊

http://www.dhammadownload.com



အလယ်၌ န-လာ၊ န-ကို ဏ-ပြု၊ ဗြ-၌ အ-ကို အာဒီယပြု၍ပြီးသောကြောင့် ဗြာဟ္မဏော-ဟု ဒီဃနှင့်ရှိသော ပါဠိသာ သင့်ပါသည်။

➢.၈။ **လောကဇေဋ္ဌကကမ္မံ**–ဟူသောနည်းသည် တစ်ပုဒ်တည်းဖြစ်လျက် သတ္တိ ပြားသဖြင့် (ဝါ) အချင်းချင်းစပ်သဖြင့် (ဝါ) နှစ်ခုသောချည်ကို ပြီးစေသကဲ့သို့ လောက ဇေဋ္ဌကကမ္မံ=လောက၌ကြီးကုန်သောသူတို့အား ပြုအပ်သောအမှုကိုဟုရင်း၊လောက ဇေဋ္ဌကကမ္မံ= လောက၌ ချီးမွမ်းအပ် မြတ်၏ဟု သမုတ်အပ်သော အမှုကို-ဟုရင်း ဤသို့ နှစ်နက်ဟော စွမ်းနိုင်သောကြောင့် ဘိန္နသတ္တိသမဝေတနည်း၊ (ဝါ) သိလေသနည်း၊ (ဝါ) တန္တနည်း။

**ဓေနယိက**- ကား အကျိုးဖြစ်သော ဖျက်ဆီးတတ်သူ ဆုံးမခြင်းငှာထိုက်သူဟု ဆို နိုင်ခြင်း၏ "ဝေနယိက" အမည်ကို အကြောင်းဖြစ်သော မိမိအပေါ် အဘိဝါဒန-စသော အမှုကို မပြုခြင်း၌တင်-- ဖလူပစာ။

**ဝိနေတိ**–ကား ဟောမြဖြစ်သော ဆုံးမခြင်းအနက်မှ လွန်သော ဖျက်ဆီးခြင်း အနက်ကို လည်း ရသောကြောင့် အတ္ထာတိသယနည်း မည်၏။

➢ ၁၀။ **သာမိစိ ကမ္မံ န ကရောတိ**–အရ မောဟ မာန ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်။ [ဤကား ပုဂ္ဂိုလ်-အလို]

**အာဟ**-၌ ဓာတ်အရ ဝေနယိကော ဘဝံ ဂေါတမော-ဟု ပြောဆို (ဆဲရေးသော) ဝေရဉ္စပုဂ္ဂိုလ်၏ ဒေါသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

### ဓါကျ [၆၈]

(စ) ဝိနယံ ဝါ အရဟတီတိ ဝေနယိကော။ (ဆ) နိဂ္ဂဟံ အရဟတီတိ ဝုတ္တံ ဟောတိ။

*(ဤဝါကျ၌ပါပြီး)*

(က) ဘဂဝါ ပန ယသ္မာ ရာဂါဒီနံ ဝိနယာယ ဝူပသမာယ ဓမ္မံ ဒေသေတိ၊ တသ္မာ ဝေနယိကော ဟောတိ။ (ခ) အယမေဝ စေတ္ထ ပဒတ္ထော။ (ဂ) ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝေနယိကော။ (ဃ) ဝိစိတြာ ဟိ တဒ္ဓိတဝုတ္တိ။

(င) သွာယံ တံ ဝေနယိကဘာဝံ အတ္တနိ သမ္ဘဝမာနော အာပရဉ္စ ပရိယာယံ အနုဇာနာတိ။ (၄၊၁၀၆။ မအ-၂။၂၀၆။ ဘာသာဋီ-၁။၅၃၅။)

➢ ၂။ (က) သို့/ ဆရာ-သည် (ရှေ့-စ+ဆ) တို့ဖြင့် ဝေနယိကောပုဒ်၏ ပဒတ္ထ ကို ပုဂ္ဂိုလ်၏ အလိုအားဖြင့် ဖွင့်ပြတော်မူအပ်၏။ ယင်း ဝေနယိကောပုဒ်၏ ပဒတ္ထကို ဘုရားရှင်အလိုအားဖြင့် အဘယ်သို့ မှတ်သားအပ်ပါသနည်း။ ပုဂ္ဂိုလ်၏ သန္ဓာယ ဘာသိတ နည်းတူ မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (က) မိန့်။

(ဃ) **သို့/အယုတ္တစောဒနာ** ။ ။ ဆရာ-သည် (ဂ) ဖြင့် ဝေနယိကောပုဒ်ကို ဒေသေတိ

http://www.dhammadownload.com



တဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ဆိုတော်မူ၏။ [ဝိနယောဝေ ဝေနယိကော၊ ဝိနယံ ဝါ အရဟတီတိ ဝေနယိကော-ဟူသော] ရှေးဦးစွာ ဆိုအပ်ကုန်ပြီးသော အတ္ထဝိကပ်နှစ်ခုတို့၌ သကတ္ထ၊ အရဟတ္ထတို့၌ တဒ္ဓိတ်ပစ္စည်းသည် သဒ္ဒါသုတ်အားဖြင့် ထင်သည်မဟုတ်ပါလော။ (အန္ဒယာဘောဂ) ဝိနယာယ ဓမ္မံ ဒေသေတိ-ဟူသော ဤအနက်၌ကား တဒ္ဓိတ်ပစ္စည်းသည် သဒ္ဒါသုတ်အားဖြင့် မထင်သည် မဟုတ်ပါလော။ (ဗျတိရေကာဘောဂ) ထို့ကြောင့် ယင်း ဒေသေတိ၌ အဘယ်သို့လျှင် တဒ္ဓိတ်ပစ္စည်း ဖြစ်ပါသနည်း။ သဒ္ဒါကျမ်းနှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ယ) မိန့်။

ကား-- တဒ္ဓိတ်ပစ္စည်းသည် အနေကဘာဝအားဖြင့် ဆန်းကြယ်သည်မဟုတ်၊ တစ်ခုတည်းပင်ဖြစ်သော်လည်း များစွာသောအနက်တို့၌ ဖြစ်ခြင်းကြောင့် လောကပမာဏအားဖြင့် ဆန်းကျယ်သည် လောကီလူတို့ ခေါ်ဝေါ်တိုင်းသော အနက်၌ပင် ဖြစ်သောကြောင့်ဟူလို။ [(ယ)ဖြင့် တဒ္ဓိတ်ပစ္စည်း၏ဖြစ်ခြင်းသည် လောကပမာဏအားဖြင့် ဆန်းကြယ်သောကြောင့် ဒေသေတိတဒ္ဓိတ်ဝစနတ္ထလည်းပြုသင့်၏ဟူလို။]

➤ ၃။ (က) သည် ဝေနယိကပုဒ်၏ သဒ္ဒါရုပ်ပြီးပုံ ပုဏ္ဏား၏ သန္ဓာယ ဘာသိတမှ ဝေနယိကောပုဒ်၏ သဒ္ဒါရုပ်ပြီးပုံ မြတ်စွာဘုရား၏ သန္ဓာယ ဘာသိတကို ပြသောကြောင့် ပက္ခန္တရ။ ထိုတွင် ယသ္မာ-စသည်ကား ကာရဏ။ တသ္မာ စသည်ကား ဖလ။ (ခ) သည် ပဒတ္ထကို ဆက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဂ) ဝိတ္ထာရ။ (ဃ) ဝေနယိကောပုဒ်၏ ဓမ္မံ ဒေသေတိ ဆိုနိုင်ပုံ အသင့်ယုတ္တိအားဖြင့် ပြသောကြောင့် ယုတ္တိဒဋ္ဌိကရဏ။/ကာရဏဝါကျ။ [ဝေနယိကောပုဒ်ကို ဒေသေတိတဒ္ဓိတ် ဝစနတ္ထပြုရာဝယ် သဒ္ဒလက္ခဏာ (ဝါ) သဒ္ဒါကျမ်း၌လာသော သုတ် မထင်ရှားသဖြင့် ယင်းသို့သော ဝစနတ္ထပြုသင့်သလောဟု စောကြောဖွယ်ရှိ၍ တက်လာသောကြောင့် ယုတ္တိဒဋ္ဌိကရဏဝါကျ] (င) သည် (က) ဝါကျ၏ အကျိုးကိုပြသောကြောင့် ဖလဝါကျ။ (တစ်နည်း) ကိုယ်တော်မြတ်ကိုယ်တိုင် ဝေနယိကော ဆိုနိုင်ပုံ ဆက်လက်အားထုတ်ပြသောကြောင့် ဝါကျာရမ္ဘ။

➤ ၄။ ဝိနယနံ **ဝိနယော**။ နိဂ္ဂဏှနံ **နိဂ္ဂဓော**။ (နိ-ဂဟ+အ) ဘာဝသာဓနတို့သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် နှိပ်ကွပ်ခြင်း ကြိယာရ၏။

ရာဂေါ အာဒိ ယေသန္တိ **ရာဂါဒယော**။ ရာဂေါ အာဒိ-ဗဟုဗ္ဗိဟိအရ ရာဂ အစရှိသည်သည် မှချ။ ထို--၏ ယ-အညပုဒ်အရ ကြွင်းကိလေသာနှင့် အာဒိ-အာဒိဝန္တစပ် ဌာနူ။ ယ-အညပုဒ်အရ ထို--သော ရာဂနှင့်တကွ ရာဂ-အစရှိသော ကိလေသာရ၏။

တေသံ ဟိတံ တဒ္ဓိတံ။ တဒ္ဓိတသဒ္ဒါတာ ဝုတ္တိ **တဒ္ဓိတဓုတ္တိ**။ (တစ်နည်း) တဒ္ဓိတာနံ ဝုတ္တိ တဒ္ဓိတဝုတ္တိ။ တဒ္ဓိတ-ဟူသော ဝိသေသနအရ တဒ္ဓိတ်ပုဒ်တို့သည် မှချ။ ထို--၏ ဖြစ်ခြင်း ဥဒါဟရုဏ်နှင့် နိဿယ-နိဿိတစပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော တဒ္ဓိတ်တို့၏ဖြစ်ခြင်း ဥဒါဟရုဏ် ရ၏။

http://www.dhammadownload.com



ဝိနယာယ ဓမ္မံ ဒေသေတီတိ **ဝေနယိကော**။ ယော ဘဂဝါ၊သည်။ရာဂါဒီနံ၊တို့ကို။ ဝိနယာယ၊ပယ်ဖျောက်ငြိမ်းအေးစေခြင်းငှာ။ဓမ္မံ၊ကို။ဒေသေတိ၊၏။ (ဝိနယပုဒ်+ဏိက)

ဝိနယ-အရကား ရာဂစသည်တို့ကို ပယ်ဖျောက်ခြင်း ငြိမ်းအေးစေခြင်းသည် မုချ။ ထို--၏ တရားဟောတော်မူသော မြတ်စွာဘုရားနှင့် အကျိုး အကြောင်းစပ် ဌာနူ။ ဏိက-ပစ္စည်းအရ ထို--သော ရာဂစသည်တို့ကို ပယ်ဖျောက် ငြိမ်းအေးစေခြင်းငှာ တရား ဟောသော မြတ်စွာဘုရားရ၏။

➤ ၆။ (က) ဖြင့် ဝေနယိကော-၌ ဝိနယ-ကို ရာဂါဒီနံ ဝိနယနံ ဝိနယော-ဟု --ရင်း (အဘိဓာနတ္ထ) ဏပစ္စည်း ဘာဝသာစနေအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ဝိ-၏ ဓာတွတ္ထဗာဓက၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) နီဓာတ်၏ ဝိနာသနအနက်ဟော-- ရင်း (ဒု-ဓာတွတ္ထ) ဖျက်ဆီး၏ဟူသည် ငြိမ်းစေခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝေနယိကော-ဟု--ရင်း (အဘိဓာနတ္ထ) ဏိကပစ္စည်း ဒေသေတိ တဒ္ဓိတ်အနက်၌သက် --ရင်း (ပစ္စယတ္ထ) သိစေပါသည်။

ယသ္မာ (ပ) တသ္မာ-ဖြင့် ဗုဒ္ဓ၏ သဗ္ဗာဘာသိတအားဖြင့် မြတ်စွာဘုရား၏ ဝေနယိက အမည်ဖြစ်ကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် ဝေနယိကောပုဒ်ကို ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝေနယိကော-ဟု ဒေသေတိတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏိကပစ္စည်း၏ ဒေသေတိ တဒ္ဓိတ် အနက်၌သက်--ရင်း (ပစ္စယတ္ထ) သိစေပါသည်။

➤ ၇။ **အယမေဝ စေတ္ထ/အယမေဝစ တတြ** ။ ။ ဧတ္ထာတိ ဝေနယိကောတိ ပဒေ-ဟု ယောဇနာ၌ဆိုသောကြောင့် အယမေဝ စေတ္ထ-ပါဠ် သင့်ပါသည်။

**သွာယံ/သွာဟံ** ။ ။ အနုဇာနာတိ-ဟူသော ပဌမပုရိသ် တိဝိဘတ်ကိုထောက်၍ သွာယံပါဌ် သင့်ပါသည်။

**ရာဂါဒီနံ/ရာဂါဒယော** ။ ။ ဝိနယာယ ဝူပသမာယ-တို့ဝယ် ဘာဝဟော ဏပစ္စည်း ရှိသောကြောင့် ယင်း၏ ကံသည် ဒုတိယာ ကံ-မဖြစ်နိုင်၊ ဆဋ္ဌီကံဖြစ်ရကား ရာဂါဒီနံ-ပါဌ်သင့်ပါသည်။

➤ ၈။ **ရာဂါဒီနံ**--ကား အစိတ်ဖြစ်သော ရာဂါဒိ ကိလေသာကိုဆိုသဖြင့် အပေါင်း ဖြစ်သော အကုသိုလ်စိတ် အားလုံးကိုလည်းရသောကြောင့် ဥပလက္ခဏနည်း။ ဧက ဒေသူပစာ။

**ဝိစိတြ တဒ္ဓိတဝုတ္တိ**--ကား အကျိုးဖြစ်သော တဒ္ဓိတ်တို့၏ ဆန်းကြယ်ခြင်း၏ "ဝိစိတြ တဒ္ဓိတဝုတ္တိ" အမည်ကို အကြောင်းဖြစ်သော လောကီလူများ၏ ဝေါဟာရဆန်းကြယ် ခြင်း၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

**တဒ္ဓိတ**-ဟူသော နည်းသည် တစ်ပုဒ်တည်းဖြစ်လျက် သတ္တိပြားသဖြင့် (ဝါ) အချင်း

J-7U-A

http://www.dhammadownload.com



ချင်းစပ်သဖြင့် (ဝါ) တစ်ခုသော ရက္ကန်းသမားသည် နှစ်ထပ်သောချည်ကို ပြီးစေသကဲ့သို့ တဒ္ဓိတာ-ထိုသုဒ္ဓ, သမာသ်, တဒ္ဓိတ်-ဟူသော သုံးပါးအပြားရှိသော လိင်နှောင်နှောင်းသည်ဖြစ်၍ ဣတ္ထိလိင် ပုံလိင် နပုံလိင်တို့နှင့် တကွဖြစ်သောပစ္စည်းတို့တည်း-ဟူ၍ရင်း၊ တဒ္ဓိတာ-ထိုနာမ်တို့၏ အစီးအပွားဖြစ်ကုန်သော (ဝါ) ထိုနာမ်တို့အား ကျေးဇူးပြုတတ်ကုန်သော ပစ္စည်းတို့တည်းဟူ၍ရင်း။ ဤသို့ နှစ်နက်ဟောစွမ်းနိုင်သောကြောင့် ဘိန္နသတ္တိသမဝေတနည်း၊ သိလေသနည်း၊ တန္တနည်း မည်၏။

➤ ၁၀။ **ဓမ္မဒေသတိ**-၌ ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်ကိုယူ။

**အတ္ထနိ သမ္ပသာမာနေ**-အရ သဗ္ဗညုတဉာဏ် ရ၏။ (တစ်နည်း) ကိုယ်တော်မြတ်၏ အရဟတ္တဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ရ၏။

**ပါဠိ [၆၉]**

(က) ပုန ဗြာဟ္မဏော ယသ္မာ အဘိဝါဒနာဒီနိ သာမီစိကမ္မာနိ ကရောန္တာ ဝယောဝုဒ္ဓေ တောသေန္တိ ဟာသေန္တိ။

(ခ) အကာရောန္တာ ပန ဟာပေန္တိ ပီဏေသေန္တိ ဒေါမနဿံ နေသံ ဥပ္ပါဒေန္တိ။

(ဂ) ဘဂဝါစ တာနိ န ကရောတိ။

(ဃ) တသ္မာ "အယံ ဝယောဝုဒ္ဓေ တပတီ"တိ မညမာနော သပ္ပုရိသာစာရ ဝိရဟိတ တတ္တာ ဝါ "ကပဏပုရိသော အယ"န္တိ မညမာနော ဘဂဝန္တံ "တပဿီ"တိ အာဟ။

(ဋ္ဌ။၁၀၆။ မအူ-၂။၂၀၆။ ဘာသာဋီ-၁။၅၃၆။)

➤ ၁။ ( င) ဟိတ်သမ္ဗန်-ဏ္ဍမယ ဘောတော ဂေါတမဿ။

➤ ၂။ (က) **စသည်သို့/ အယုတ္တာဘောဏေဘာအရာ** ။ ။ ဆရာ၊ ဥပါလိမထေရ်သည် တပဿီ ဘဝံ ဂေါတမော-ဟု ပုဏ္ဏားဆိုအပ်သည်၏အဖြစ်ကို မိန့်တော်မူ၏။ အဘယ့်ကြောင့် တပဿီ ဘဝံ ဂေါတမော-ဟု ပုဏ္ဏားဆိုလေသနည်း၊ ဘုရားရှင်၏ အကုသိုလ်တရားတို့ကို ပူပန်စေတတ် ဖျက်ဆီးတော် မူတတ်သည်၏အဖြစ်ကိုပင် သိမြင်မှတ်ထင်၍ တပဿီ ဘဝံ ဂေါတမောဟူ၍ ပုဏ္ဏားဆိုလေသလော။ စုဒ်ကြောင့် (က) စသည်မိန့်။

(ခ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က)ဖြင့် အဘိဝါဒန-စသော ရိုသေမှုတို့ကို ပြုသူတို့သည် အရွယ်အားဖြင့်ကြီးသူတို့ကို နှစ်သက်စေကုန်၏ ရွှင်စေတတ်ကုန်၏ဟု အနွယ်ကို ပြပြီး၍ ယခုအခါ၌ ဗျတိရေကကို ပြလိုသောဆရာသည် (ခ) မိန့်။

(ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် အဘိဝါဒန-စသော ရိုသေမှုတို့ကို မပြုသူတို့သည်ကား ပူလောင်စေကုန်၏ ညှဉ်းဆဲကုန်၏ ထိုကြီးရင့်တို့၏ နှလုံးမသာယာခြင်းကို ဖြစ်စေကုန်၏ဟု ဆိုတော်မူ၏။ ထို (အကာရောန္တ-အရဖြစ်သော) သူတို့သည်သာလျှင် သာမိစိကမ္မ-တို့ကို မပြုကုန်သလော။ အဘယ်သူသည် မပြုပါသေးသနည်း။ စုဒ်- (ဂ) မိန့်။

http://www.dhammadownload.com



**(ဂ–ဃ–ဌ ဏ–ကိုရှ)** ဆရာ-သည် အယံ ဝယော ဝုဗ္ဗေ တပတိ-ဖြင့် အရွယ်အားဖြင့်ကြီးသူထို့ကို လောင်မြိုက်တတ်သောကြောင့် မြတ်စွာဘုရားကို တပဿီ-ဟူ၍ ဆိုအပ်သည်ကို ဖွင့်ပြအပ်၏။ ယင်းသို့ မှတ်ထင်သည်ဖြစ်၍သာလျှင် မြတ်စွာဘုရားကို တပဿီ-ဟူ၍ ဆိုအပ်ပါသလော။ အဘယ်သို့ မှတ်ထင်သည်ဖြစ်၍လည်း မြတ်စွာဘုရားကို တပဿီ-ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် သပ္ပုရိသာစာရ-စသည်မိန့်။

➢ ၃။ (က) စသည်သည် ပက္ခန္တရ/ဝါကျာရမ္ဘ/အနုသန္ဓေဝါကျ။ ထိုတွင် (က) သည် အန္ဒယ။ (ခ) သည် ဗျတိရေက။ (ဂ) သည် ဝါကျာရမ္ဘ။ (ဃ)သည် ဖလဝါကျ။

➢ ၄။ တပေါ် အဿ အတ္ထီတိ **တပဿီ**။ တပ-ပုဒ်အရကား သာမီစိကမ္မကို မပြုခြင်းသည် မုချ။ ထို--၏ မြတ်စွာဘုရားနှင့် ဌာနီ-ဌာန/ဂုဏ်-ဂုဏေး စပ် ဌာနူ။ သီ-ပစ္စည်းအရကား ထို--သော သာမီစိကမ္မကို ပြုခြင်းမရှိသော ဘုရားရှင် ရ၏။

တပေ အဿိ နိရဿီတိ **တပဿီ**။ (ကိတန္တသမာသ်) တပ-ဟူသော ဝိသေသနပုဒ်အရကား ပူပန်စေတတ်သော အကုသိုလ်တရားများသည် မုချ။ ထို--၏ မြတ်စွာဘုရားနှင့် ပဟာတဗ္ဗ ပဟာယက စပ် ဌာနူ။ အသုဓာတ်အရကား အကုသိုလ်တရားတို့ကို ပယ်သတ် ဖျက်ဆီးတတ်သော ဘုရား၏သန္တာန်၌ဖြစ်သော အရဟတ္တမဂ်၏ သမုစ္ဆေဒပဟာနသတ္တိသည် မုချ။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ် စသည်သည် ဖလူ။ နောက်နောက်၌ဖြစ်သော အရဟတ္တဖိုလ်ဉာဏ် စသည်သည် ကာရဏူပစာ။ ဏီပစ္စည်းအရလည်းဖြစ်သော တပဿီ-ဟူသော ကိတန္တသမာသ်ပုဒ်လုံးအရကား ဘုရားရှင်ရ၏။

သောဘဏာ ပုရိသာ **သပ္ပုရိသာ**။သပ္ပုရိသာနံ အာစာရော **သပ္ပုရိသာစာရော**။ သပ္ပုရိသာစာရသ္မာ ဝိရဟိတော **သပ္ပုရိသာစာရဝိရဟိတော**။ သပ္ပုရိသာစာရဝိရဟိတဿ ဘာဝေါ **သပ္ပုရိသာစာရဝိရဟိတတ္တံ**။(တသ္မာ) သပ္ပုရိသာစာရဝိရဟိတ တဒ္ဓိတ်ပုဒ်အရ သူတော်ကောင်းတို့၏အကျင့်မှ ကင်းသူသည် မုချ။ ထို--၏ တ္တ-ပစ္စည်းအရ သာမီစိကမ္မကို မပြုခြင်းအမှုနှင့် နိဿယ-နိဿိတ စပ် ဌာနူ။ တ္တ-ပစ္စည်းအရ ထို--သော သာမီစိကမ္မကို မပြုခြင်းအမှု ရ၏။

➢ ၆။ (က) ၌ ဟာသေန္တိ-ဖြင့် တာပေန္တိ-၌ ပူပန်စေခြင်းဟူသည် နှစ်သက်ရွှင်လန်းခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

(စ) ၌ ဝိဟေသေန္တိ-ဖြင့် တာပေန္တိ-၌ ပူပန်စေခြင်းဟူသည် ညှဉ်းဆဲခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ဒေါမနဿံ နေသံ ဥပ္ပါဒေန္တိ-ဖြင့် ညှဉ်းဆဲခြင်းဟူသည် နှလုံးမသာယာခြင်းကို ဖြစ်စေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် တပဿီ-အရ ပုဏ္ဏားအလို မြတ်စွာဘုရားကို အရကောက်၍ အဘိဝါဒန-စသော သာမီစိကမ္မကို မပြုသောကြောင့် မြတ်စွာဘုရားအား တပဿီ-ဟု ဆိုရကြောင်းကို သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဃ) ၌ အယံ ဝယော ဝုဍ္ဍေ တပတိ-ဖြင့် တပဿီ-၌ သီပစ္စည်းသည် အဿတ္ထိ အနက်၌သက်--ရင်း (ပစ္စယတ္ထ) တပေါ အဿ အတ္ထီတိ တပဿီ-ဟု အဿတ္ထိတဒ္ဓိတ်ပြု--ရင်း (အဘိဓာနတ္ထ) ကြီးသူတို့ကို လောင်မြိုက်စေတတ်သောကြောင့် တပဿီ-ဟု ခေါ်ဆိုရခြင်းကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

ကပဏော အယံ-ဖြင့် တပဿီပုဒ်၏ ကပဏပုရိသဝါစက ရုဠှီ အနိပ္ဖန္နပါဋိပဒိကပုဒ် ဖြစ်သည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

သပ္ပုရိသာစာရဝိရဟိတတ္တာ-ဖြင့် တပဿီပုဒ်၏ အနိပ္ဖန္နပါဋိပဒိကပုဒ် ဖြစ်ရကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **တပဿီ/တပဿီ** ။ ။ (တပါဒိတော၊ သက်သော သီမှာ၊ ဒွေးဘော်လာ) ဟူသော နိယံအရ တပဿီ-၌ သီ-ပစ္စည်းသည် ဒွေဘော်လာရာဌာန ဖြစ်သောကြောင့်ရင်း၊ တပဿိ ယသဿိ တေဇဿီတိ ဧတ္ထစ ပုရိမေသု ဒွိသု သုခုစ္စာရဏတ္ထံ သဿ ဒွိတ္တံ၊ ပစ္ဆိမေ ပန သုဒ္ဓေါ သကာရော-ဟူသော နီတိ၊ သုတ္တ-ကိုထောက်၍ သုခုစ္စာရဏအကျိုးငှာ သ-လာ၍ ဒွေဘော်လာရသောကြောင့်ရင်း တပဿီ-ဟု ဒွေဘော်နှင့်ရှိသောပါဌ် သင့်ပါသည်။

➤ ၈။ **တပဿီ**-ကား ဌာန မကောင်းရာဖြစ်သော အရှင်ဂေါတမကို တပဿီ-ဟုဆိုသဖြင့် ဌာနီ မကောင်းတတ်သော သာမိစိကမှုကို မပြုခြင်းကိုလည်း ရသောကြောင့် နာနန္တရိကနည်း။ ဌာနူပစာ။ [ အထီးကျန်မှု ထင်ရှားရှိသော ယောကျ်ားတို့၏ **တပဿီ**-ဟူသော အမည်ကို အထီးကျန်မှု ထင်ရှားမရှိသော မြတ်စွာဘုရား၌တင်-- တဒ္ဓမ္မူပစာ။ တပဿီ-သဒ္ဒါသည် အထီးကျန်သော ယောကျ်ားကို ဟောသော်လည်း မြတ်စွာဘုရား၌ တင်စား၍ဆိုသောကြောင့် ရုဠှီနည်း မည်၏။ *ကပဏပုရိသော*-ကိုရှု။]

➤ ၁၀။ **တပဿီ**-အရ ဘုရားရှင်၏ ခန္ဓာပဉ္စကကိုယူ။

**ဇိဂုစ္ဆတိ**-အရ ဒေါသမူစိတ္တုပ္ပါဒ်/ဒေါမနဿ ဝေဒနာကိုယူ။

## ဓါတ်ကျ [၇၈]

(က) တပတီတိ တပေါ။ (ခ) ရောသေတိ ဝိဟေသေတီတိ ဝုတ္တံ ဟောတိ။

(ဂ) **သာမီစိကမ္မာကရဏယောဟိ နာမံ**။ (ဃ) တပေါ အဿ အတ္ထီတိ **တပဿီ**။

(င) ဒုတိယေ အတ္တပ္ပဋိကာရေပ္ပ ဗျဥ္ဇနာနိ အဝိစာရေတွာ လောကေ ကပဏပုရိသော တပဿီတိ ဝုစ္စတိ။ (ဋ္ဌ။၀၆၆။ မအူ-၂။၂၀၇။ ဘာသာဋီ-၁။၅၃၆။)

➤ ၁။ **တပတီ**၊ပူပန်စေတတ်၏။ (သဒ္ဒတ္ထ) ညှဉ်းဆဲတတ်၏။ (အဓိပ္ပါယတ္ထ) ဘယ်ဂေါတမောသည်။**တပဿီ**-အရွယ်ကြီးကုန်သောသူတို့ကို ပူပန်စေတတ် ညှဉ်းဆဲတတ်သော အရိုအသေအမှုကို မပြုခြင်းရှိ၏။

http://www.dhammadownload.com



➤ ၂။ (ခ) သို့/ ဆရာ-သည် (က) ဖြင့် တပဿီ-၌ တပေါ-ကို တပတီတိ တပေါ-ဟု ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ဤ၌ တပ-ဟူသည် အဘယ်ပါနည်း။ တပ-မည်ပုံကို ထင်ရှားစွာ မပြဆိုပြီလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ-သည် (က) ဖြင့် တပတီတိ တပေါ-ဟု ဝစနတ္ထပြုရမည်ကို ပြဆိုတော်မူ၏။ ယင်းသို့သော ဝစနတ္ထကြောင့် တပ-သဒ္ဒါသည် အကုသိုလ်, ပုဂ္ဂိုလ်-စသောအားဖြင့် များစွာသောအနက်တို့ကို ဟောတတ်ရကား ဤ တပဿီပုဒ်၌ တပ-အရ ပူပန်စေတတ် ညှဉ်းဆဲတတ်သော အကုသိုလ်ပုဂ္ဂိုလ်-စသော အားလုံးကို ယူရမည်လော။ အဘယ်ကို တပ-အရ ယူရပါမည်နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

[တပ-ပုဒ်၏ အဘိဓာနတ္ထ ဝစနတ္ထ-သာ ရှိပါသလော။ အဘိဓေယျတ္ထကား အဘယ်ပါနည်း။]

(တစ်နည်း) (က-ခ) တို့ဖြင့် စိတ်ကိုဖျက်ဆီးတတ်, ညှဉ်းဆဲတတ်သော သဘောသည် တပ-မည်သောဟု တပ-ပုဒ်၏ အဘိဓာနတ္ထ သဘာဝတ္ထကို ဖွင့်ပြတော်မူအပ်၏။ ဤ၌ တပ-အရ အဘယ်ကို အလိုရှိအပ်ပါသနည်း။ ပူပန်စေတတ် ညှဉ်းဆဲတတ်သော အလုံးစုံသော သတ္တဝါသခ်ိါရနှင့် ကိလေသာတို့ကို ကောက်ယူအပ်ပါသလော။ စုဒ်--(ဂ) မိန့်။

(င) သို့/ ဆရာ-သည် (က) စသောဝါကျတို့ဖြင့် ပဌမဝိကပ်အရ တပဿီပုဒ်၏ ဝစနတ္ထ သဘာဝတ္ထ အဘိဓေယျတ္ထတို့ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့ ဖွင့်ဆိုသော် ဒုတိယဝိကပ်အလို တပဿီပုဒ်၏ အဘိဓာနတ္ထ စသည်ကိုလည်း ဖွင့်ဆိုသင့်သည် မဟုတ်ပါလော။ (တစ်နည်း) တပဿီ-၏ သဒ္ဒတ္ထသို့ လိုက်၍ပင် "ကပဏပုရိသော"ဟု ဆိုအပ်လေသလော။ မဖွင့်ဆိုချေသော် အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဒုတိယဝိကပ်အလို တပဿီပုဒ်၏ အဘိဓာနတ္ထ စသည်ကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။ ကား-- ဒုတိယဝိကပ်အလို တပဿီပုဒ်သည် ကပဏပုရိသဝါစက ရုဠီ့ အနိပ္ဖန္န ပါဋိပဒိကပုဒ်ဖြစ်သောကြောင့် အဘိဓာနတ္ထ စသည်ကို မစိစစ်တော့ဟူလို။

(င) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က-ခ-ဂ-ဃ) ဝါကျတို့ဖြင့် အယံ ဝယော ဝုဗ္ဗေ တပတီတိ မညမညနော-ဟူသော ပဌမ အတ္ထဝိကပ်၏ အကျယ် ဝိတ္ထာရ ပဒတ္ထကိုပြပြီး၍ ယခုအခါ၌ သပ္ပုရိသာစာရ ဝိရဟိတတ္တာ-အစရှိသော ဒုတိယအတ္ထဝိကပ်၌ တိဿ ဒတ္တ အစရှိကုန်သော သဒ္ဒါတို့၌ကဲ့သို့ (ဥပမာ) တပဿီ-ဟူသောပုဒ်၌ အနိပ္ဖန္နပါဋိပဒိကပုဒ်၏ အဖြစ်ကြောင့် (ဟိတ်) ဤအမည်ရှိသော ပစ္စည်းတည်းဟု မကြံသင့်သည်၏အဖြစ်ကို ပြလို၍ (င) မိန့်။

➤ ၃။ (ခ) ပဒပိဏ္ဍတ္ထကို ပြသောကြောင့် ဝိတ္ထာရ။ (ဂ) သည် တပ-ပုဒ်၏ အဘိဓာနတ္ထမှတစ်ပါး အဘိဓေယျတ္ထကို ပြသောကြောင့် ပက္ခန္တရ။(ဝါ) ဝါကျာရမ္ဘ။ (ဃ) သည် ပက္ခန္တရ။ (င) ပဌမဝိကပ်၏ အကျယ်မှတစ်ပါး သပ္ပုရိသာစာရ-စသော ဒုတိယဝိကပ်၏

http://www.dhammadownload.com



အကျယ်ကိုပြသောကြောင့် ပကဏ္ဍရ။

➤ ၄။ တပတီတိ **တပေါ**။ ယံ သာမီစိကမ္မာကရဏံ၊အကြင်အရိုအသေအမှုကို မပြုခြင်းဟူသော မာန-စသည် ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည်။ဝယော ဝုဍ္ဎေ၊ အရွယ်ကြီးကုန်သော သူတို့ကို။တပတိ၊ပူပန်စေတတ်, ညှဉ်းဆဲတတ်၏။ဣတိ တံ တပေါ။ တပ+အ။ဟေတုကတ္တုသာဓန။ တပဓာတ် အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရကား အရွယ်ကြီးကုန်သော သူတို့၏ ပူပန်ခြင်း ဒေါမနဿသည် မုချ။ ဟေတုကတ္တုဋ္ဌကြိယာကား ထိုအားတပ်သော ရဟန်းဂေါတမ၏ မာန-စသည်ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ဟူသော သာမီစိကမ္မာကရဏ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော ရဟန်းဂေါတမ၏ မာန-စသည် ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဟူသော သာမီစိကမ္မာကရဏ ရ၏။ [ပုဏ္ဏား၏ သန္တာယဘာသိတနှင့်အညီ]

ပဏတိ ဗျဝဟရတိ ဓေတေနာတိ ပဏော။ (ဥစ္စာ ရ၏။) ကုစ္ဆိတော ပဏော ယဿာတိ **ကပဏော**။ ကပဏ-အရကား စက်ဆုပ်အပ်သော ဥစ္စာသည် မုချ။ ထို--၏ သူဆင်းရဲနှင့် ဌာနီ-ဌာန/သံ-သာမီ စပ် ဌာနူ။ ယ-အရကား ထို--သော စက်ဆုပ်အပ်သော ဥစ္စာရှိသော သူဆင်းရဲရ၏။ ထိုသို့ရငြားသော်လည်း ဤ၌ ကပဏ-ပုဒ်သည် သဒ္ဒိသူပစာသဒ္ဒါဖြစ်သောကြောင့် သပ္ပုရိသာစာရ (ဂုဏ်) မှ ကင်းသောသူရ၏။

(တစ်နည်း) ကပိတဗ္ဗော ကရုဏာယိတဗ္ဗောတိ **ကပဏော**။

ကပိတဗ္ဗော ဒယိတဗ္ဗောတိ **ကပဏော**။ ကပဓာတ်/ကပိဓာတ်အရ ကတ္တုဋ္ဌကား ကရုဏာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌကြိယာအရကား ထိုအားတပ်သော သူဆင်းရဲဒြပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ယု-ပစ္စည်းအရကား ထို-- သော သနား စရာ ကောင်းသော သူဆင်းရဲဒြပ် ရ၏။

* ကပဏော ပုရိသော **ကပဏပုရိသော**။ သာမီစိ သက္ကစ္စံ ကမ္မာနိ **သာမီစိကမ္မာနိ**။ သာမီစိကမ္မာနံ အကရဏံ **သာမီစိကမ္မာကရဏံ**။(တဿ) ကပ္ပနံ **ကပ္ပေါ**။ ဝိသေသတော ကပ္ပေါ ဗိကပ္ပေါ။ အတ္တဿ ဝိကပ္ပေါ အတ္တဗိကပ္ပေါ။

➤ ၆။ (က) ဖြင့် တပေါ-၌ အပစ္စည်း ကတ္တုသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) တပတီတိ တပေါ-ဟု ပြု--ရင်း (အဘိဓာနတ္ထ) ကာရိတန္တောဂဓ, ကာရိတလောပ၏-- ရင်း (ဘာဝတ္ထ) သိစေပါသည်။

(စ) ၌ ရောသေတိ-ဖြင့် တပတိ-၌ တပဓာတ်သည် တောက်ပခြင်း ဒိတ္တိအနက်ကို မဟော၊ ပူပန်ခြင်း တပနအနက်ကိုဟော--ရင်း (ဓာတွတ္ထ) တပတိ-၌ ကာရိုက်ဏေ ပစ္စည်းကျေသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။ ဝိဟေသေတိ-ဖြင့် ပူပန်စေခြင်း ဟူသည် ညှဉ်းဆဲခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် တပဿီ-၌ တပ-အရ ပူပန်စေတတ်, ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်ဒြပ်ကို

http://www.dhammadownload.com



မယူရ၊ သာမိစိကမ္မာကရဏကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

(ဃ) ဖြင့် တပဿီပုဒ်ကို တပေါ် အဿ အတ္ထီတိ တပဿီ-ဟုံ အဿတ္ထိတဒ္ဓိတ်ပြု-ဌင်း (အဘိဓာနတ္ထ) သီပစ္စည်း၏ ယင်းအဿတ္ထိအနက်၌သက်--ဌင်း (ပစ္စယတ္ထ) သဒ္ဒေ ဘော်လာ၍ တပဿီ-ဟု ပြီးသည်၏--ဌင်း (ဘာဝတ္ထ) သိစေပါသည်။

(င) ဖြင့် သပ္ပုရိသာစာရဝိရဟိတတ္တာ ဒုတိယဝိကပ်၌ တပဿီသဒ္ဒါကား အန္ဒတ္ထ နာမ်မျိုး မဟုတ်၊ အနိပ္ဖန္နပါဋိပဒိက ရုဠှီနာမ်ပုဒ်မျိုး၏--ဌင်း (နာမလိင်္ဂတ္ထ) ယင်း တပဿီ-သဒ္ဒါ၏ ကပဏပုရိသအနက်ဟော--ဌင်း (နာမလိင်္ဂတ္ထ) သိစေပါသည်။

➤ ၇။ **ကပဏ/ကပန** ။ ။က+ပဏ။ ပဏ-ပဏတိ ဗျဝဟရတိ ဧတေနာတိ ပဏော။ (ဧတေန၊ထိုဥစ္စာဖြင့်။ပဏတိ ဗျဝဟရတိ၊ရောင်းဝယ်တတ်၏) ပဏ+အ။ ကုစ္ဆိတော ပဏော ယဿာတိ ကပဏော။ (အဘိဓာန်ဋီကာ) [တစ်နည်း] ကပ- အဝကမ္ပနေ။ ကပဏောတိ ကရုဏာယိတဗ္ဗော (နီတိ၊ဓာတု) ကပ+ယု၊ န-ကို ဏပြန်လျှင် ကပဏ-ဟု ပြီးသည်။ ထို့ကြောင့် ကပဏ-သင့်သည်။[ပဏ-သဒ္ဒါကသာလျှင် ဥစ္စာကို ဟောနိုင်သောကြောင့် ကပဏ-သင့်ပါသည်။]

**ရောသေတိ/ဒေါသေတိ** ။ ။ ဒုသဓာတ် ဒိဝါဒိ ဂဏိကဓာတ်၊ ထို့ကြောင့် ဒုဿတိ-ဟုသာ ရှိ၏။ ဒေါသေတိ-ဟု မရှိ။ ရုသ-ဓာတ်မှာကား စုရာဒိ ဂဏိကဖြစ်၍ ရောသေတိ-ဟု ရုပ်ပြီး၏။ ရုသ-ရောသနေ။ ရောသနံ ကောပရဏံ-ဟု ဓာတ်နက်ကိုဖွင့်ပြသော နီတိ၊ဓာတု-နှင့် ဒေါမနဿံ ဥပ္ပါဒေန္တိ-ဟုဖွင့်သော အဋ္ဌကထာနှင့် နီးနှောမိ၏။ ထို့ကြောင့် ရောသေတိ-ဟု ရှိသောပါဌ်သာ သင့်ပါသည်။

(တစ်နည်း) ဒေါမနဿံ နေသံ ဥပ္ပါဒေန္တိ အဖွင့်ကို ထောက်၍ ဒုသဓာတ်ဖြင့် ပြီးသော "ဒေါသေတိ"ပါဌ် သင့်၏။ ရုသဓာတ်သည်လည်း ညှဉ်းဆဲခြင်း ဟိံသနအနက်ကို ဟောနိုင်သောကြောင့် ရောသေတိ- ညှဉ်းဆဲဖျက်ဆီး၏။ ဤသို့ အဓိပ္ပါယ် မပျက်သော အနက်ရနိုင်ရကား "ရောသေတိ"ပါဌ်လည်း သင့်ပါသည်။

**ကပဏပုရိသော/ကပဏပူရိသော** ။ ။ ပုရေတီတိ ပုရိသော, ပေါရိသောစ၊ ဣသော၊ ရဿဿ ဒီဃတာယ၊ ပူရိသောစ-ဟူသော အဘိဓာန်ဋီကာကို ထောက်၍ ပုရဓာတ် ဣသပစ္စည်းဖြင့် ပုရိသ-ဟု ပြီးသည်။ ပ-၏ အစိတ် ဥ-ကို ဦဒီဃပြုလျှင် ပူရိသ-ဟု ပြီးသည်။ထို့ကြောင့် နှစ်ပါဌ်သင့်ပါသည်။

➤ ၈။ **တပတီတိ တပေါ**-ကား အပေါင်းဖြစ်သော ပူပန်စေတတ်သော အကုသိုလ်, ပုဂ္ဂိုလ်, သာမိစိကမ္မာကရဏတို့၏ "တပ"ဟူသောအမည်ကို အစိတ်ဖြစ်သော သာမိစိ ကမ္မာကရဏ၌တင်-- ဧကဒေသူပစာ။ နေယျတ္ထနည်း၊ ရုဠှီနည်း။

(တစ်နည်း) ဌာနဖြစ်သော ပူပန်စေတတ်သော ပုဂ္ဂိုလ်၏ "တပ" ဟူသောအမည်ကို ဌာနီဖြစ်သော သာမိစိကမ္မာကရဏ၌တင်-- ဌာနူပစာ။ နာနတ္ထရိကနည်း။

http://www.dhammadownload.com



➤ ၁၀။ **တပဿီ-** ၌ သုဒ္ဓကတ္တုရ္ဓ-အရ အရွယ်ကြီးသူတို့၏ သန္တာန်၌ဖြစ်သော ဒေါမနဿဝေဒနာစေတသိက်ကို မုချအားဖြင့်ယူ၍--

## **ပါဠိ [ရ၁]**

(က) **ဘဂဝါ ပန ယေ အကုသလာ ဓမ္မာ လောကံ တပနတော တပနီယာတိ ဝုစ္စန္တိ၊ တေသံ ပဟီနတ္တာ ယသ္မာ တပဿီတိ သင်္ချံ ဂတော၊ တသ္မာ တံ တပဿိတံ အတ္တနိ သမ္ပဿမာနော အပရမ္ပိ ပရိယာယံ အနုဇာနာတိ။**

(ခ-၁) **တတြာယံ ပဒတ္ထော၊ တပန္တီတိ တပါ၊**

(ခ-၂) **အကုသလဓမ္မာနမေတံ အဓိဝစနံ။**

(ဂ) **ဝုတ္တမ္ပိ စေတံ "ဣဓ တပ္ပတိ ပေစ္စ တပ္ပတီ"တိ။**

(ဃ) **တဿာ တေ တပေ အဿိ နိရဿိ ပဟာသိ ဝိဒ္ဓံသေသီတိ တပဿီ။**

(၄။၁၀၆။ မအဋ္ဌ-၂။၂၀၈။ ဘာသာဋီ-၁။၅၃၇။)

**တပဿီ**-လောကကို ပူပန်စေတတ်သော အကုသိုလ်တရားတို့ကို ပယ်ပြီး ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား။ (သံဝဏ္ဏနာများနှင့်အညီ)

**အဿိ**၊ပယ်ပြီ။ (သဒ္ဒတ္ထ) ဖျက်ဆီးပြီ။ (အဓိပ္ပါယတ္ထ)

➤ ၂။ (က) သို့/ ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ကိုယ်တော်တိုင် တပဿီ-ဟူ၍ ဝန်ခံပြောဆိုအပ်၏။ အဘယ့်ကြောင့် မြတ်စွာဘုရားသည် ကိုယ်တော်တိုင် တပဿီ-ဟူ၍ ဝန်ခံပြောဆိုအပ်ပါသနည်း။ ပုဏ္ဏား၏ သန္တာယဘာသိတအားလျော်သော တပဿီမည်သည် မရှိသည် မဟုတ်ပါလော။ စုဒ်ကြောင့် (က) မိန့်။

(ခ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (က) ဖြင့် အနုသန္ဓေကိုပြပြီး၍ ယခုအခါ၌ ပဒတ္ထကိုပြလို၍ (ခ) ဝါကျကိုမိန့်။

(ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် ဗုဒ္ဓသန္တာယဘာသိတအားလျော်စွာ တပ-ပုဒ်၏ ဝစနတ္ထ အဘိဓေယျတ္ထကို ပြဆိုတော်မူ၏။ ယင်းသို့ ပြဆိုသော (ခ) ဝါကျ စကားရပ်သည် အာဂုံ ပါဠိသာဓကနှင့်ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော အာဂုံပါဠိကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(တစ်နည်း) ဆရာ-သည် (ခ-၂) ဖြင့် တပ-ဟူသည် အကုသလဓမ္မတို့၏ အမည်ဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။ တပ-သဒ္ဒါသည် သာမညဖြစ်၍ အမည် အားလုံးတို့နှင့် ဆက်ဆံနိုင်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အကုသလဓမ္မ-ဟု ယင်း၏အနက်ကို ဝိသေသထုတ်၍ ပြဆိုခြင်းသည် အသို့ သင့်နိုင်အံ့နည်း။ ဝစန-ဝစနီယ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား**-- ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ-ဟူသော သာဓက စကားကို ထောက်၍ ငါဆို

http://www.dhammadownload.com



ရကား သင်တင်တိုင်းသော ဝိရောဓိဒေါသ ငါ၌မရောက် ကင်းပျောက်၏ဟူလို။

➤ ၃။ (က) သည် ပက္ခန္တရ။ ဝါကျာရမ္ဘ။ အနုသန္ဓေဝါကျ။ (ခ) ပက္ခန္တရ။ ဝိတ္ထာရ။ ယင်း (ခ)၌ တတြာယံ ပဒတ္ထောကား ဝိတ္ထာရပါဒက၊ သခေ်ပ။ တပန္တီတိ-စသည်ကား ဝိတ္ထာရ။ (ဂ) သည် အာဂမဒဠှီကရဏ။ (ဃ) သည် အစိတ်ပုဒ်၏ ဝစနတ္ထမှတစ်ပါး အပေါင်းပုဒ်၏ ဝစနတ္ထအဖွင့်ကိုပြသောကြောင့် ပက္ခန္တရ။ **စာစဉ်** ။ ။ ပဟီနတ္တာ-ကား ကြောင့်--ကြောင့် သမ္ဗန္ဓမာနော-၌ ဟိတ်-ဟိတ်၏ဖိုလ်စပ်။ တပနတော-ကား ကြောင့်--ကြောင့် ဝုစ္စန္တိ-၌ အကြောင်း ဟိတ်/အကျိုးဖိုလ်စပ်။

➤ ၄။ တပန္တီတိ **တပနီယာ**။ တပဓာတ်အရ လောင်မြိုက်တတ်သော အကုသိုလ် တရားတို့၏သတ္တိသည် မုချ။ ယုပစ္စည်းအရ သတ္တိမန္တဖြစ်သော အကုသိုလ် တရားတို့ရ၏။ ထိုသို့ပင်ရငြားသော်လည်း ဤ "တပန"သဒ္ဒါသည် ဘာဝပဓာန ဘာဝလောပဖြစ်သော ကြောင့် လောင်မြိုက်တတ်ကုန်သည်၏ အဖြစ်ဟုဆိုအပ်သော လောင်မြိုက်ခြင်းကြိယာ သည်သာ မုချ ပဓာနအားဖြင့် ရ၏။

ပဟီယိံသူတိ ပဟီနာ။ ပဟီနာနံ ဘာဝေါ **ပဟီနတ္တံ**။ ပဟီန တဒ္ဓိတ်အရ ပယ်အပ်ကုန် ပြီးသော အကုသိုလ်ဓမ္မတို့သည် မုချ။ ထို--၏ တ္တ-အရ အကုသိုလ်ဓမ္မတို့၏ မရှိခြင်း အဘာဝဘောဂုဏ်နှင့် နိသျ-နိဿိတစပ် ဌာနူ။ တ္တ-ပစ္စည်း အရ ထို--သော ပယ်အပ် ကုန်ပြီးသော အကုသိုလ်ဓမ္မတို့၏ ဖြစ်ကြောင်းဖြစ်ရာ အကုသလဓမ္မတို့၏ မရှိခြင်း အဘာဝ ဘောဂုဏ် ရ၏။ * တပေ အဿိ တပဿိ။ တပဿိနော ဘာဝေါ **တပဿိတာ**။

တပန္တီတိ **တပါ**။ ယေ အကုသလာဓမ္မာ၊တို့သည်။လောကံ၊သတ္တလောကကို။တပန္တိ၊ ပူပန်စေတတ်ကုန်၏။ဣတိ တေ အကုသလာဓမ္မာ တပါ။ တပ+အ။ ဟေတုကတ္တုသာဓန။

တပဓာတ်အရ သုဒ္ဓကတ္တုဌကြိယာအရကား သတ္တလောက၏ ပူပန်ခြင်းကုဏ္ဍုစ္စ, ဝိပ္ပဋိသာရပြဋ္ဌာန်းသော နောက်နောက်သော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ဟေတု ကတ္တုဌကြိယာအရကား ထိုအားတပ်သော ရှေးရှေးသော အကုသိုလ်တရားတို့၏ အနန္တ ရာဒိသတ္တိ, ပကတူပနိဿယသတ္တိ သည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော ရှေးရှေး သော အကုသိုလ်တရားတို့ရ၏။

အဿိ နိရဿီတိ **အဿီ**။ ယော ဘဂဝါ၊သည်။တပေ၊တို့ကို။အဿိ နိရဿိ၊ပယ်ပြီ။ ဣတိ သော ဘဂဝါ အဿီ။ အသု+ဏီ။ကတ္တုသာဓန။ အသုဓာတ် အရကား မြတ်စွာ ဘုရားသန္တာန်၌ရှိသော အရဟတ္တမဂ်၏ သမုစ္ဆေဒပဟာနသတ္တိသည် မုချ။ ရှေးရှေး၌ ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ် အောက်မဂ် အောက်ဖိုလ်ဉာဏ်တို့သည် ဖလူ။ နောက်နောက်၌ဖြစ်သော အရဟတ္တဖိုလ်ဉာဏ် စသည်တို့သည် ကာရဏူပစာအားဖြင့် ရ၏။ ဏီ-ပစ္စည်းအရကား ထို--သော မြတ်စွာဘုရားဖြစ် ရ၏။

တပေ အဿီ **တပဿီ**။ တပေ၊တို့ကို။အဿီ၊ပယ်ပြီး ဖျက်ဆီးပြီးသော မြတ်စွာဘုရား။

http://www.dhammadownload.com



ဒုတိယာ တပ္ပုရိသ်သမာသ်၊ တပပုဒ်+အဿီပုဒ်။ တပ-ဟူသော ဝိသေသနပုဒ်အရကား ပူပန်စေတတ်သော အကုသိုလ်တရားတို့သည် မုချ။ ယင်းတို့၏ မြတ်စွာဘုရားဖြစ်နှင့် ပဟာတဗ္ဗ ပဟာယက စပ် ဌာန။ ပုဒ်လုံးအရ ထို--သော ပူပန်စေတတ်သော အကုသိုလ်တရားတို့ကို ပယ်ပြီး ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား ရ၏။

➤ ၆။ (က) ဖြင့် တာပေန္တီတိ တပနီယာ၊ တာပေန္တီတိ တပါ-ဟု ပြု--ရင်း (အဘိဓာနတ္ထ) အနီယပစ္စည်း (ဝါ) ဏပစ္စည်း ဟေတုကတ္တုသာဓန အနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) တပ-နှင့် တပနီယ-ကား အနက်တူဝေဝုစ် ပရိယာယ်၏--ရင်း (ပရိယာယ်ပြု အဘိဓေယျတ္ထ) တပ-အရ အကုသိုလ် ဓမ္မကိုယူ--ရင်း (အဘိဓေယျတ္ထ) တပေ အဿီတိ တပဿီ-ဟု ဝစနတ္ထပြု၍ တပဿီ-အရ ဘုရားရှင်ကိုယူ--ရင်း (အဘိဓေယျတ္ထ) အကုသိုလ် တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် ငါဘုရားသည် တပဿီ-မည်၏ဟု ပါဠိတော်၌ အတ္တိခွေသ စသည်ဖြင့် ဝန်ခံခြင်း၏အကြောင်း ဗုဒ္ဓသန္တာယဘာသိတကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ တပန္တိ-ဖြင့် တပ-ပုဒ်ကို တပန္တီတိ တပါ-ဟု ကတ္တုသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) အ-ပစ္စည်း၏ ကတ္တုသာဓန ၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ကာရိတန္တောဂဓ၊ ကာရိတလောပ၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ-၂) ဖြင့် တပ-အရ ပူပန်စေတတ်သော ပုဂ္ဂိုလ်ကို မယူရ၊ အကုသိုလ်တရားတို့ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဃ) ၌ တပေ အဿီ-ဖြင့် တပဿီ-၌ အဿီပုဒ်ကို အဿီတိ အဿီ-ဟု ကတ္တုသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏီ-ပစ္စည်း၏ ကတ္တုသာဓန ၌သက်--ရင်း (ဒု-ပစ္စယတ္ထ) တပေ အဿီ တပဿီ-ဟု ဒုတိယာတပ္ပုရိသ်သမာသ်ပြု--ရင်း (သမာသ လိင်္ဂပဒတ္ထ) သိစေပါသည်။

နိရဿီ-ဖြင့် အဿီ- ကား နာမ်ပုဒ်မဟုတ်၊ အာချာတ်ပုဒ်တည်း (ဝါ) အဿီ-သည် နိရဿီ-၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ပဟာသိ-ဖြင့် အဿီ-၌ အသု ဓာတ်သည် ခေပနတ္ထ၊ (ဝါ) ပဟာနတ္ထကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ) ဝိဒ္ဓံသေတိ-ဖြင့် ပယ်ခြင်းဟူသည် ဖျက်ဆီးခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ နိရဿီ/နိဒ္ဓဿီ ။ ။ နိရဿီပုဒ်သည် အဿီ-ဟူသော သံဝဏ္ဏေတဗ္ဗ၏ သံဝဏ္ဏနာဖြစ်သောကြောင့် နိ+အဿီ-ဟု ပဒစ္ဆေဒပြုပြီးနောက် ရ-အက္ခရာလာခြင်း ပဒသန္ဓိပြုသင့်သောကြောင့်ရင်း၊ သဒ္ဒနီတိ၌လည်း အသု-ခေပနေ နိရဿတိ ဆဋ္ဌေတိ-ဟု ရ-အာဂုံဖြင့်ဆို၍ "ပုနစတုး နိနှင့်ဒုး ပါတုပါတနောင်၊ သရနှောင်းက၊ အာဂမ ရ-ကောက် အမြဲဆောင်"ဟူသော နိယံအရ နိနောက် ရ-အာဂုံ လာသင့်သောကြောင့်ရင်း၊ သက္ကတသဒ္ဒါကျမ်းတို့၌ သရနှောင်းရာဝယ် နိ-ဥပသာရသာ ရှိရမည်ဟုဆိုသောကြောင့်

http://www.dhammadownload.com



ရင်း၊ နိရယံ-ပါဠိသာ သင့်ပါသည်။

**အာယိ/အာယီ** ။ ။ အသုဓာတ် ဓေပနအနက်ဟော ဤ့ဝိဘတ် ဒိဝါဒိ ယပစ္စည်း ဤ-ကို ဣ-ရဿပြု၍ ပြီးသောကြောင့် အာယိပါဠိသင့်ပါသည်။ ကိတ်ပုဒ်ဟူ၍ ယူဆသော် အသုဓာတ်၊ ဏီပစ္စည်း ပုံလိင် ရတ္တာဒိဂိုဏ်း။ ယင်းအလို အာယီပါဠိ သင့်ပါသည်။

➢ ၈။ **တပနိယာ ဓမ္မန္တိ**–ကား အပေါင်းဖြစ်သော အကုသလဓမ္မ, သာမီစိကမ္မ အာကရဏာတို့၏ --- အမည်ကို အစိတ်ဖြစ်သော အကုသလဓမ္မ၌တင် ကေဒေသျူပစာ၊ ရုဠှီနည်း။ **တပနတော**-ကား လောင်မြိုက်တတ်သော သတ္တိ မရှိသော အကုသလဓမ္မ၏ -- အမည်ကို လောင်မြိုက်တတ်သော ကတ္တုသတ္တိ ရှိသကဲ့သို့ တင်-- တဒ္ဓမ္မူပစာ။

**တပန္တိတိ တဝါ**-ကား အပေါင်းဖြစ်သော ပူပန်စေတတ်သော အကုသိုလ်ဓမ္မ၊ ပုဂ္ဂိုလ်၊ သာမီစိကမ္မာကရဏာတို့၏ "တပ" ဟူသောအမည်ကို အစိတ်ဖြစ်သော ပူပန်စေတတ်သော အကုသိုလ်ဓမ္မ၌တင်-- ကေဒေသျူပစာ။ ရုဠှီနည်း။

(တစ်နည်း) ဌာနဖြစ်သော ပူပန်စေတတ်သော ပုဂ္ဂိုလ်၏ "တပ"ဟူသောအမည်ကို ဌာနီဖြစ်သော အကုသိုလ်ဓမ္မ၌တင်-- ဌာနူပစာ။ နာနတ္တရိကနည်း။

**လောက် တပနတော**-ကား အပေါင်းဖြစ်သော လောကသုံးပါး၏ "လောက"ဟူသော အမည်ကို အစိတ်ဖြစ်သော သတ္တလောက၌တင်-ကေဒေသျူပစာ။

➢ ၁၀။ **ပဗ္ဗိနုဏ္ဏော**-၌ ပ-ဟာဓာတ်အရ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ကိုယူ။

**ဏ္ဍမ တပ္ပတိ ဓမ္မ တပ္ပတိ**-၌ တပ္ပတိ-အရ ဒေါမနဿ ဝေဒနာ။ (တစ်နည်း) ဝိပ္ပဋိ သာရစိတ္တုပ္ပါဒ်ကိုယူ။

## ဋီကာ [၅၂]

(က) ပုန ပြာဟ္မဏော တံ အဘိဝါဒနာဒိကမ္မံ ဒေဝလောကဂဗ္ဘသမ္ပတ္တိယာ ဒေဝလောကပဋိသန္ဓိပဋိလာဘာယ သံဝတ္တတီတိ မညမာနော ဘဂဝတိ စဿ အဘာဝံ ဒိသွာ ဘဂဝန္တံ "အပဂဗ္ဘော"တိ အာဟ။

(ခ) ကောဓဝသေန ဝါ ဘဂဝတော မာတုကုစ္ဆိသ္မိံ ပဋိသန္ဓဂ္ဂဟဏေ ဒေါသံ ဒေသေန္တောပိ ဝဒမာဟ။

(ဂ) တတြာယံ ပဒတ္ထော- ဂဗ္ဘတော အပဂတောတိ အပဂဗ္ဘော။ (ဃ) အဘဗ္ဗော ဒေဝလောကူပသမ္ပတ္တိံ ပါပုဏိတုန္တိ အဓိပ္ပါယော။ (င) ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော။ (စ) ဒေဝလောကဂဗ္ဘပရိဗာဟိရတ္တာ အာယတိံ ဟီနဂဗ္ဘပဋိလာဘဘာဂီတိ။

(ဆ) ဟီနော ဝါဿ မာတုကုစ္ဆိမှိ ဂဗ္ဘဝါသော အဟောသီတိ အဓိပ္ပါယော။

(၄။၁၀၇။ မဇ္ဈ-၂။၂၁၀။ ဘာသာဋီ-၁။ ၅၃၈။)

➢ ၁။ (ဂ-နှင့်အညီ) **အပဂဗ္ဘော**-နတ်ပြည်ပဋိသန္ဓေမှ ကင်း၏။ (သဒ္ဒတ္ထ)

http://www.dhammadownload.com



(ယ-နှင့်အညီ) **အပစေ္စာ**။ နတ်ပြည်ပဋိသန္ဓေသို့ မရောက်ထိုက်။ (အဓိပ္ပါယတ္ထ)

(င-နှင့်အညီ) **အပစေ္စာ**။ ယုတ်ညံ့သော ပဋိသန္ဓေရှိ၏။ (သဒ္ဒတ္ထ)

(စ-နှင့်အညီ) **အပစေ္စာ**။ နတ်ပြည် ပဋိသန္ဓေမှ အပဖြစ်သောကြောင့် နောင်အခါ၌ ယုတ်ညံ့သော ပဋိသန္ဓေကို ရခြင်းအဘို့ရှိ၏။ (အဓိပ္ပါယတ္ထ)

(ဆ-နှင့်အညီ) **အပစေ္စာ**။ အမိ ဝမ်း၌ ယုတ်ညံ့သော ကိုယ်ဝန်အဖြစ်ဖြင့် နေခြင်းရှိ၏။ (အဓိပ္ပါယတ္ထ)

* **အဓိပ္ပါယတ္ထ**-၏ သမ္ဗန် ဗြာဟ္မဏာသာ-ထည့်။ (စ) ၌ ဘဝိဿတိ-ကြိယာထည့်။

➢ ၂။ (က) **ဘဂဝတိ စသော/သို့**-- ဆရာသည်၊ ပုန ဗြာဟ္မဏော စသည်ဖြင့် နတ်ပြည် ပဋိသန္ဓေကိုရခြင်း အကျိုးငှာဖြစ်၏ဟု မှတ်ထင်လျက် အပဂဗ္ဘော-ဟူ၍ ဆိုအပ်သည်ကို ဖွင့်ပြအပ်၏။ အောက်မေ့မှတ်ထင်ကာမျှဖြင့်သာ ဆိုအပ်လေသလော။ (ဝါ) ဘုရားရှင်၌ ရှိခိုးခြင်း စသည်ရှိက မဆိုသင့်သည် မဟုတ်ပါလော။ အဘယ်ကိုမြင်၍လည်း အပဂဗ္ဘော-ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် ဘဂဝတိ-စသည်မိန့်။

(ခ) **သို့/ အဟေရာနုသန္ဓေ**။ ။ ယခုအခါ၌ အမိအဖို့မှ မစင်ကြယ်သည်၏အဖြစ်ကိုပြပြီး၍ ဆဲရေးလိုသောသူအား ကျွန်မ၏ သားဟူ၍ ကျွန်မဝမ်း၌ အဖြစ်ကိုပြ ဆဲရေးသကဲ့သို့ (ဥမာလကာရ) ထို့အတူ ဘုရားရှင်အား အမိဝမ်း၌ ပဋိသန္ဓေအဖြစ်ကိုပြ၍ ဆဲရေးလိုသော ပုဏ္ဏားသည် (ခ) မိန့်။

(ဂ) **သို့**/ ဆရာ-သည် (ခ) ဖြင့် မြတ်စွာဘုရားကို အပဂဗ္ဘော-ဟူ၍ ဆိုရခြင်း အကြောင်းနှစ်မျိုးကို ဖွင့်ပြတော်မူအပ်၏။ ထိုအကြောင်းနှစ်မျိုးကြောင့် မြတ်စွာဘုရားကို အပဂဗ္ဘ-ဟူ၍ ဆိုအပ်ပါသလော။ အဘယ်အကြောင်းကြောင့်လည်း မြတ်စွာဘုရားကို အပဂဗ္ဘော-ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ဂ) မိန့်

(ဃ) **သို့**/ ဆရာသည် (ဂ)ဖြင့် အပဂဗ္ဘော-ကို ဂဗ္ဘတော အပဂတော အပဂဗ္ဘော-ဟူ၍ ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ဆရာ ဆိုအပ်ပြီးသော ဝိဂြိုဟ်အနက်ကို အဓိပ္ပါယတ္ထအားဖြင့် ထင်ရှားပေါ်လွင်စွာ မပြပြီလော။ အဓိပ္ပါယ်အနက်ကို မည်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်

(င) **သို့**/ ဆရာ-သည်၊ (ဂ) ဖြင့် အပဂဗ္ဘော-၌ အပ-ဥပသာရ၏ အပဂတ အနက်ဟောသည်၏အဖြစ်ကိုဎင်း၊ အပဂဗ္ဘ-ပုဒ်၏ ပဉ္စမီတပ္ပုရိသ်သမာသ်၏ အဖြစ်ကို ၎င်း၊ ဖွင့်ပြတော်မူ၏။ အပဂဗ္ဘ-၌ အပ-ဥပသာရသည် အပဂတအနက် တစ်မျိုးတည်းသာ ဖြစ်နိုင်ပါသလော။ မည်သည့်အနက် ဖြစ်နိုင်ပါသေးသနည်း။ အပနှင့် ဂဗ္ဘ-ကို ပဉ္စမီ တပ္ပုရိသ်တစ်မျိုးသာ ပြုနိုင်ပါသလော။ မည်သည့် ဝစနတ္ထ ပြုနိုင်ပါသေးသနည်း။(င)မိန့်။

(စ) **သို့/ အနုသန္ဓေ**။ ။ ဤသို့ (င) ဖြင့် ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော-ဟု ဝစနတ္ထကိုပြပြီး၍ ယခုအခါ၌ ယင်းဝစနတ္ထ၏ အဓိပ္ပါယ်ကို ပရိယာယ်တစ်မျိုးဖြင့် ပြလို

http://www.dhammadownload.com



သော ဆရာသည် (စ) မိန့်။

(တစ်နည်း) ဤသို့ (င) ဖြင့် ယုတ်သော ပဋိသန္ဓေရှိသောကြောင့် မြတ်စွာဘုရားသည် အပဂဗ္ဘ-မည်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်း၏အကြောင်းကို ပြလိုသော ဆရာသည် (စ) မိန့်။

**(ဆ) သို့/ အနုသန္ဓေ**။ ။ ဤသို့ (စ) ဖြင့် ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော-ဟူသော ဝိဂ္ဂဟ-၏ အဓိပ္ပါယ်ကို ပရိယာယ်တစ်မျိုးဖြင့် ဖွင့်ပြပြီး၍ ယခုအခါ၌ တဖန် ယင်းဝိဂ္ဂဟ-ကိုပင် "ကောဝေသေန (ပ) ဒဿေန္တော"ဟု အောက်၌ဆိုခဲ့ပြီးသော နည်းအားလျော်စွာ ပြ၍ အဓိပ္ပါယ်ကိုပြလိုသောဆရာသည် (ဆ) ဝါကျကို မိန့်။

➤ ၃။ (ခ) နယန္တရ ပက္ခန္တရ။(ဂ) စသောဝါကျတို့သည် ဝိဂ္ဂဟ။ ထိုတွင် တတြာယံ ပဒတ္ထောသည် စကားပျိုးသခေ်ပ။ ဂဗ္ဘတော-စသည်သည် စကားရိုး ဝိဂ္ဂဟ။ (ဃ) သည် စကားကျကိုပြသောကြောင့် ဝိဂ္ဂဟ။ (င) ပက္ခန္တရ။ (စ)သည် ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော-ဟူသော ဝိဂ္ဂဟ၏ အဓိပ္ပါယ်ကို ပရိယာယ်တစ်မျိုးဖြင့် အကျယ်ချဲ့ပြသောကြောင့် ဝိဂ္ဂဟ။/အကြောင်းကိုပြသောကြောင့် ကာရဏ။ (ဆ) သည် ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော-ဟူသော ဝိဂ္ဂဟ၏ နောက်ထပ် အဓိပ္ပါယ်တစ်မျိုးကိုပြသောကြောင့် ပက္ခန္တရဝါကျ။

➤ ၄။ ဂဗ္ဘတိ အတ္တဘာဝဘာဝေန ပဝတ္တတီတိ **ဂဗ္ဘော**။ ဂဗ္ဘတော အပဂတော **အပဂဗ္ဘော**။ [ဂ-ဃ-နှင့်အညီ] ဂဗ္ဘတော၊နတ်ပြည် ပဋိသန္ဓေမှ။ အပဂတော၊ကင်းသော သူတည်း။အပဂဗ္ဘော၊သူ။ အပ+ဂဗ္ဘ၊ ပဉ္စမီတပ္ပုရိသ်။ဂဗ္ဘ-ဟူသော ဝိသေသနပုဒ်အရကား နတ်ပြည် ပဋိသန္ဓေသည် မုချ။ ယင်း၏ ကင်းသော ရှင်ဂေါတမနှင့် အပါဒါန်-အပါဒီ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော နတ်ပြည် ပဋိသန္ဓေမှကင်းသော အရှင်ဂေါတမဖြစ် ရ၏။

**(င--စ--နှင့်အညီ)** ဟီနော ဂဗ္ဘော အဿာတိ **အပဂဗ္ဘော**။ အဿ ဘောတော ဂေါတမဿ၊အား။ဟီနော၊နတ်ပြည်ပဋိသန္ဓေမှ အပဖြစ်သော ယုတ်ညံ့ အောက်တန်းကျသော။ဂဗ္ဘော၊ပဋိသန္ဓေသည်။အတ္ထိ၊၏။စတုတ္ထီဗဟုဗ္ဗီဟိသမာသ်၊ အပ+ဂဗ္ဘ+တ-ပုဒ်။

အပ+ဂဗ္ဘ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား နတ်ပြည်ပဋိသန္ဓေမှ အပဖြစ်သော ယုတ်ညံ့အောက်တန်းကျသော ပဋိသန္ဓေသည် မုချ။ ယင်း၏ အရှင်ဂေါတမဖြစ်နှင့် အဘေဒ-ဘေဒ စပ် ဌာနူ။ တ-အညပုဒ်အရကား ထို--သော နတ်ပြည် ပဋိသန္ဓေမှ အပဖြစ်သော ယုတ်ညံ့အောက်တန်းကျသော ပဋိသန္ဓေရှိသော အရှင်ဂေါတမ ဖြစ်ရ၏။

**(င--ဆ--နှင့်အညီ)** ဟီနော ဂဗ္ဘော အဿာတိ **အပဂဗ္ဘော**။ အဿ ဘောတော ဂေါတမဿ၊အား။ဟီနော၊ယုတ်ညံ့သော အောက်တန်းကျသော။ဂဗ္ဘော၊အမိဝမ်း၌ ပဋိသန္ဓေနေခြင်းသည်။အတ္ထိ၊၏။ အပဂဗ္ဘ-အရကား ယုတ်ညံ့အောက်တန်းကျသော ပဋိသန္ဓေနေခြင်းသည် မုချ။ ယင်း၏ အရှင်ဂေါတမဖြစ် နှင့် အဘေဒ-ဘေဒ စပ် ဌာနူ။ တ-အရ

http://www.dhammadownload.com



ယုတ်ညံ့အောက်တန်းကျသော ပဋိသန္ဓေနေခြင်းရှိသော အရှင်ဂေါတမဖြစ် ရ၏။

ဂဗ္ဘတိ အတ္တဘာဝဘာဝေန ပဝတ္တတီတိ **ဂဗ္ဘော**။ ယော ကလလာဒိ အဝတ္ထော ဓမ္မပဗန္ဓော၊အကြင် ကလလရေကြည် စသည် အခိုက်အတန့်ဖြစ်သော တရားအစဉ်သည်။ အတ္တဘာဝဘာဝေန၊အတ္တဘော၏အဖြစ်ဖြင့်။ဂဗ္ဘတိ ပဝတ္တတိ၊ဖြစ်တတ်၏။ဣတိ သော ဂဗ္ဘော။ ဂဗ္ဘစာတ်အရကား ကလလရေကြည်စသည် အခိုက်အတန့်ဖြစ်သော ဓမ္မပဗန္ဓ၏ ဥပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော အဝိဇ္ဇာ တဏှာ ကံ အာဟာရ-စသော အကြောင်းတရားတို့သည် ဖလူ။ နောက်နောက်၌ဖြစ်သော. ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ-စသော အကျိုးတရားတို့သည် ကာရဏူ။ အ-ပစ္စည်းအရကား ထို--သော ကလလရေကြည်စသည် အခိုက်အတန့်ဖြစ်သော ဓမ္မပဗန္ဓဟူသော ပဋိသန္ဓေရ၏။ (ပဋိသန္ဓေဟော ဂဗ္ဘ-အကောက်)

(တစ်နည်း) ဂဗ္ဘစာတ်အရကား နတ်ပြည်ပဋိသန္ဓေ၏ ဥပါဒ်သည်မုချ။ ရှေးရှေး၌ ဖြစ်သော အဘိဝါဒန-စသော အကြောင်းကံသည် ဖလူ။ နောက်နောက်၌ဖြစ်သော ဒေဝ လောကသမ္ပတ္တိ-စသည်သည် ကာရဏူ။ အ-ပစ္စည်းအရကား နတ်ပြည်ပဋိသန္ဓေ ရ၏။

ဒေဝဿ လောကော ဒေဝလောကော။ ဒေဝလောကဿ ဂဗ္ဘော ဒေဝလောက ဂဗ္ဘော။ ဒေဝလောကဂဗ္ဘဿ သမ္ပတ္တိ **ဒေဝလောကဂဗ္ဘသမ္ပတ္တိ**။

ဒေဝလောကဂဗ္ဘ-ဟူသော ဝိသေသနပုဒ်အရ နတ်ပြည် ပဋိသန္ဓေသည် မုချ။ ထို--၏ ပြည့်စုံခြင်းကြီးယာနှင့် နိဿ-နိဿိတ စပ် ဥာနူ။ ပုဒ်လုံးအရ ထို--သော နတ်ပြည် ပဋိသန္ဓေ၏ ပြည့်စုံခြင်း ရ၏။

မာနေတီတိ **မာတာ**။ ဒီရံ ပါယေတီတိ **မာတာ**။ ကုသိယတိ အဂ္ဂေါသီယတီတိ **ကုစ္ဆိ**။ မာတုယာ ကုစ္ဆိ **မာတုကုစ္ဆိ**။ မာတု-ဟူသော ဝိသေသနပုဒ်အရ မိခင်သည် မုချ။ ထို--၏ ဝမ်းတိုက်နှင့် အဝယဝီ-အဝယဝ စပ် ဥာနူ။ ပုဒ်လုံးအရ- မိခင်၏ ဝမ်းရ၏။

➤ ၆။ (စ) ၌ မာတုကုစ္ဆိသို့ ပဋိသန္ဓိဂ္ဂဟဏော-ဖြင့် ဂဗ္ဘ-သဒ္ဒါ၏ ပဋိသန္ဓိဝါစက အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ) ကောဓဝသေန-ဖြင့် အပ ဂဗ္ဘော-၌ အပ-သဒ္ဒါ ၏ ဟီနဝါစကအဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ဟီနော ဂဗ္ဘော အဿာတိ အပဂဗ္ဘော-ဟု ဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဒေါသံ ဒဿေန္တောပိ-ဖြင့် အထက်ပါ အကြောင်းနှစ်မျိုးကြောင့်သာ အပဂဗ္ဘော-ဟု ဆိုအပ်သည် မဟုတ်သေး၊ အမိက စ၍ မစင်ကြယ်ကြောင်းကိုရင်း၊ ယုတ်ညံ့သော ပဋိ သန္ဓေ နေခဲ့ရကြောင်းကိုရင်း ပြလို၍ အပဂဗ္ဘော-ဟူ၍ ဆိုရခြင်းအဓိပ္ပါယ်ကို သိစေပါ သည်။ (ဘာဝတ္ထ)

(ဂ)-ဖြင့် အပဂဗ္ဘော-၌ အပ-ဥပသာရသည် နိဒ္ဒေသ, ဝဇ္ဇန, ပူဇာ-စသော အနက် တို့ကိုမဟော၊ အပဂတအနက်ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အပ-နှင့် ဂဗ္ဘ-ကို အဗျယီ

http://www.dhammadownload.com



ဘော သမာသ် ဝစနတ္ထ မပြုရ၊ ဂဗ္ဘတော အပဂတော အပဂဗ္ဘော-ဟု ပဉ္စမီတပ္ပုရိသ် သမာသ်ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေသည်။

➢.၈။ **လောကဇေဋ္ဌကကမ္မံ**-ဟူသောနည်းသည် တစ်ပုဒ်တည်းဖြစ်လျက် သတ္တိပြားသဖြင့် (ဝါ) အချင်းချင်းစပ်သဖြင့် (ဝါ) နှစ်ခုသောချည်ကို ပြီးစေသကဲ့သို့ လောကဇေဋ္ဌကကမ္မံ=လောက၌ကြီးကုန်သောသူတို့အား ပြုအပ်သောအမှုကိုဟုရင်း၊လောကဇေဋ္ဌကကမ္မံ= လောက၌ ချီးမွမ်းအပ် မြတ်၏ဟု သမုတ်အပ်သော အမှုကို-ဟုရင်း ဤသို့ နှစ်နက်ဟော စွမ်းနိုင်သောကြောင့် ဘိန္နသတ္တိသမဝေတနည်း၊ (ဝါ) သိလေသနည်း၊ (ဝါ) တန္တနည်း။

**ဝေနယိက**- ကား အကျိုးဖြစ်သော ဖျက်ဆီးတတ်သူ ဆုံးမခြင်းငှာထိုက်သူဟု ဆိုနိုင်ခြင်း၏ "ဝေနယိက" အမည်ကို အကြောင်းဖြစ်သော မိမိအပေါ် အဘိဝါဒန-စသော အမှုကို မပြုခြင်း၌တင်-- ဖလူပစာ။

**ဝိနေတိ**-ကား ဟောမြဲဖြစ်သော ဆုံးမခြင်းအနက်မှ လွန်သော ဖျက်ဆီးခြင်း အနက်ကိုလည်း ရသောကြောင့် အတ္ထာတိသယနည်း မည်၏။

➢ ၁၀။ **သာမိစိ ကမ္မံ န ကရောတိ**-အရ မောဟ မာန ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်။ [ဤကား ပုဏ္ဏား-အလို]

**အာဟ**-၌ ဓာတ်အရ ဝေနယိကော ဘဝံ ဂေါတမော-ဟု ပြောဆို (ဆဲရေးသော) ဝေရဉ္စပုဏ္ဏား၏ ဒေါသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

## ပါဌ် [၆၈]

(စ) ဝိနယံ ဝါ အရဟတီတိ ဝေနယိကော။ (ဆ) နိဂ္ဂဟံ အရဟတီတိ ဝုတ္တံ ဟောတိ။

*(ရှေ့ပါဌ်ကျန်ပါပြီး)*

(က) ဘဂဝါ ပန ယသ္မာ ရာဂါဒီနံ ဝိနယာယ ဥပသမာယ ဓမ္မံ ဒေသေတိ၊ တသ္မာ ဝေနယိကော ဟောတိ။ (ခ) အယမေဝ စေတ္ထ ပဒတ္ထော။ (ဂ) ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝေနယိကော။ (ဃ) ဝိစိတြာ ဟိ တဒ္ဓိတဝုတ္တိ။

(င) သွာယံ တံ ဝေနယိကဘာဝံ အတ္တနိ သမ္ပဿမာနော အပရမ္ပိ ပရိယာယံ အနုဇာနာတိ။ (ဠ။၁၀၆။ မအူ-၂။၂၀၆။ ဘာသာဋီ-၁။၅၃၅။)

➢ ၂။ (က) သို့/ ဆရာ-သည် (ရှေ့-စ+ဆ) တို့ဖြင့် ဝေနယိကောပုဒ်၏ ပဒတ္ထကို ပုဏ္ဏား၏ အလိုအားဖြင့် ဖွင့်ပြတော်မူအပ်၏။ ယင်း ဝေနယိကောပုဒ်၏ ပဒတ္ထကို ဘုရားရှင်အလိုအားဖြင့် အဘယ်သို့ မှတ်သားအပ်ပါသနည်း။ ပုဏ္ဏား၏ သန္ဓာယ ဘာသိတနည်းတူ မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (က) မိန့်။

(ဃ) **သို့/အယုတ္တဓာတ်** ။ ။ ဆရာ-သည် (ဂ) ဖြင့် ဝေနယိကောပုဒ်ကို ဒေသေတိ

http://www.dhammadownload.com



တဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ဆိုတော်မူ၏။ [ဝိနယောဇဝ ဝေနယိကော၊ ဝိနယံ ဝါ အရဟတီတိ ဝေနယိကော-ဟူသော] ရှေးဦးစွာ ဆိုအပ်ကုန်ပြီးသော အတ္ထဝိကပ်နှစ်ခု တို့၌ သကတ္ထ၊ အရဟတ္ထတို့၌ တဒ္ဓိတ်ပစ္စည်းသည် သဒ္ဒါသုတ်အားဖြင့် ထင်သည်မဟုတ် ပါလော။ (အန္ဒယာဘောဂ) ဝိနယာယ ဓမ္မံ ဒေသေတိ-ဟူသော ဤအနက်၌ကား တဒ္ဓိတ် ပစ္စည်းသည် သဒ္ဒါသုတ်အားဖြင့် မထင်သည် မဟုတ်ပါလော။ (ဗျတိရေကာဘောဂ) ထို့ကြောင့် ယင်း ဒေသေတိ၌ အဘယ်သို့လျှင် တဒ္ဓိတ်ပစ္စည်း ဖြစ်ပါသနည်း။ သဒ္ဒါကျမ်း နှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ယ) မိန့်။

ကား-- တဒ္ဓိတ်ပစ္စည်းသည် အနေကဘာဝအားဖြင့် ဆန်းကြယ်သည်မဟုတ်၊ တစ်ခု တည်းပင်ဖြစ်သော်လည်း များစွာသောအနက်တို့၌ ဖြစ်ခြင်းကြောင့် လောကပမာဏ အားဖြင့် ဆန်းကျယ်သည် လောကီလူတို့ ခေါ်ဝေါ်တိုင်းသော အနက်၌ပင် ဖြစ်သော ကြောင့်ဟူလို။ [(ယ)ဖြင့် တဒ္ဓိတ်ပစ္စည်း၏ဖြစ်ခြင်းသည် လောကပမာဏအားဖြင့် ဆန်းကြယ်သောကြောင့် ဒေသေတိတဒ္ဓိတ်ဝစနတ္ထလည်းပြုသင့်၏ဟူလို။]

➤ ၃။ (က) သည် ဝေနယိကပုဒ်၏ သဒ္ဒါရုပ်ပြီးပုံ ပုဏ္ဏားရဲ၏ သန္တာယ ဘာသိတ- မှ ဝေနယိကောပုဒ်၏ သဒ္ဒါရုပ်ပြီးပုံ မြတ်စွာဘုရား၏ သန္တာယ ဘာသိတကို ပြသော ကြောင့် ပက္ခန္တရ။ ထိုတွင် ယသ္မာ-စသည်ကား ကာရဏ။ တသ္မာ စသည်ကား ဖလ။ (ခ) သည် ပဒတ္ထကို ဆက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဂ) ဝိတ္ထာရ။ (ဃ) ဝေနယိကောပုဒ်၏ ဓမ္မံ ဒေသေတိ ဆိုနိုင်ပုံ အသင့်ယုတ္တိအားဖြင့် ပြသောကြောင့် ယုတ္တိဒဋ္ဌိကရဏ။/ကာရဏ ဝါကျ။ [ဝေနယိကောပုဒ်ကို ဒေသေတိတဒ္ဓိတ် ဝစနတ္ထပြုရာဝယ် သဒ္ဒလက္ခဏာ (ဝါ) သဒ္ဒါကျမ်း၌လာသော သုတ် မထင်ရှားသဖြင့် ယင်းသို့သော ဝစနတ္ထပြုသင့်သလောဟု စောကြောဖွယ်ရှိ၍ တက်လာသောကြောင့် ယုတ္တိဒဋ္ဌိကရဏဝါကျ] (င) သည် (က) ဝါကျ၏ အကျိုးကိုပြသောကြောင့် ဖလဝါကျ။ (တစ်နည်း) ကိုယ်တော်မြတ်ကိုယ်တိုင် ဝေနယိကော ဆိုနိုင်ပုံ ဆက်လက်အားထုတ်ပြသောကြောင့် ဝါကျာရမ္ဘ။

➤ ၄။ ဝိနယနံ **ဝိနယော**။ နိဂ္ဂဏှနံ **နိဂ္ဂဟော**။ (နိ-ဂဟ+အ) ဘာဝသာဓနတို့ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် နိုပ်ကွပ်ခြင်း ကြိယာရ၏။

ရာဂေါ အာဒိ ယေသန္တိ **ရာဂါဒယော**။ ရာဂေါ အာဒိ-ဗဟုဗ္ဗီဟိအရ ရာဂ အစရှိသည် သည် မှချ။ ထို--၏ ယ-အညပုဒ်အရ ကြွင်းကိလေသာနှင့် အာဒိ-အာဒိဝန္တစပ် ဌာန။ ယ-အညပုဒ်အရ ထို--သော ရာဂနှင့်တကွ ရာဂ-အစရှိသော ကိလေသာရ၏။

တေသံ ဟိတံ တဒ္ဓိတံ။ တဒ္ဓိတသဒ္ဒါတာ ဝုတ္တိ **တဒ္ဓိတဝုတ္တိ**။ (တစ်နည်း) တဒ္ဓိတာနံ ဝုတ္တိ တဒ္ဓိတဝုတ္တိ။ တဒ္ဓိတ-ဟူသော ဝိသေသနအရ တဒ္ဓိတ်ပုဒ်တို့သည် မှချ။ ထို--၏ ဖြစ်ခြင်း ဥဒါဟရုဏ်နှင့် နိဿယ-နိဿိတစပ် ဌာန။ ပုဒ်လုံးအရ ထို--သော တဒ္ဓိတ်တို့ ၏ဖြစ်ခြင်း ဥဒါဟရုဏ် ရ၏။

http://www.dhammadownload.com



ဝိနယာယ ဓမ္မံ ဒေသေတီတိ **ဝေနယိကော**။ ယော ဘဂဝါ၊သည်။ရာဂါဒီနံ၊တို့ကို။ ဝိနယာယ၊ပယ်ဖျောက်ငြိမ်းအေးစေခြင်းငှာ။ဓမ္မံ၊ကို။ဒေသေတိ၊၏။ (ဝိနယပုဒ်+ဏိက)

ဝိနယ-အရကား ရာဂစသည်တို့ကို ပယ်ဖျောက်ခြင်း ငြိမ်းအေးစေခြင်းသည် မှချ။ ထို--၏ တရားဟောတော်မူသော မြတ်စွာဘုရားနှင့် အကျိုး အကြောင်းစပ် ဌာန။ ဏိက-ပစ္စည်းအရ ထို--သော ရာဂစသည်တို့ကို ပယ်ဖျောက် ငြိမ်းအေးစေခြင်းငှာ တရားဟောသော မြတ်စွာဘုရားရ၏။

➤ ၆။ (က) ဖြင့် ဝေနယိကော-၌ ဝိနယ-ကို ရာဂါဒီနံ ဝိနယနံ ဝိနယော-ဟု --ဥင်း (အဘိဓာနတ္ထ) ဏပစ္စည်း ဘာဝသာဓနအနက်၌သက်--ဥင်း (ဒု-ပစ္စယတ္ထ) ဝိ-၏ ဓာတွတ္ထဟာကေ၏--ဥင်း (ဥပသဂ္ဂလိင်္ဂတ္ထ) နီဓာတ်၏ ဝိနာသနအနက်ဟော-- ဥင်း (ဒု-ဓာတွတ္ထ) ဖျက်ဆီး၏ဟူသည် ငြိမ်းစေခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကိုဥင်း (ဘာဝတ္ထ) ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝေနယိကော-ဟု--ဥင်း (အဘိဓာနတ္ထ) ဏိကပစ္စည်း ဒေသေတိ တဒ္ဓိတ်အနက်၌သက် --ဥင်း (ပစ္စယတ္ထ) သိစေပါသည်။

ယသ္မာ (ပ) တသ္မာ-ဖြင့် ဗုဒ္ဓ၏ သန္တာဘာသိတအားဖြင့် မြတ်စွာဘုရား၏ ဝေနယိက အမည်ဖြစ်ကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် ဝေနယိကောပုဒ်ကို ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝေနယိကော-ဟု ဒေသေတိတဒ္ဓိတ် ဝစနတ္ထပြု--ဥင်း (အဘိဓာနတ္ထ) ဏိကပစ္စည်း၏ ဒေသေတိ တဒ္ဓိတ် အနက်၌သက်--ဥင်း (ပစ္စယတ္ထ) သိစေပါသည်။

➤ ၇။ **အယမေဝ စေတ္ထ/အယမေဝစ တတြ** ॥ ॥ **စေတ္ထာ**တိ ဝေနယိကောတိ ပဒေ-ဟု ယောဇနာ၌ဆိုသောကြောင့် အယမေဝ စေတ္ထ-ပါဌ် သင့်ပါသည်။

**သွာယံ/သွာဟံ** ॥ ॥ အနုဇာနာတိ-ဟူသော ပဌမပုရိသ် တိဝိဘတ်ကိုထောက်၍ သွာယံပါဌ် သင့်ပါသည်။

**ရာဂါဒီနံ/ရာဂါဒယော** ॥ ॥ ဝိနယာယ ဝူပသမာယ-တို့ဝယ် ဘာဝဟော ဏပစ္စည်း ရှိသောကြောင့် ယင်း၏ ကံသည် ဒုတိယာ ကံ-မဖြစ်နိုင်၊ ဆဋ္ဌီကံဖြစ်ရကား ရာဂါဒီနံ-ပါဌ်သင့်ပါသည်။

➤ ၈။ **ရာဂါဒီနံ**-ကား အစိတ်ဖြစ်သော ရာဂါဒိ ကိလေသာကိုဆိုသဖြင့် အပေါင်းဖြစ်သော အကုသိုလ်စိတ် အားလုံးကိုလည်းရသောကြောင့် ဥပလက္ခဏနည်း။ ဧက ဒေသူပစာ။

**ဝိစိတြ တဒ္ဓိတဝုတ္တိ**-ကား အကျိုးဖြစ်သော တဒ္ဓိတ်တို့၏ ဆန်းကြယ်ခြင်း၏ "ဝိစိတြ တဒ္ဓိတဝုတ္တိ" အမည်ကို အကြောင်းဖြစ်သော လောကီလူများ၏ ဝေါဟာရဆန်းကြယ်ခြင်း၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

**ဓာဒ္ဓိဓာ**-ဟူသော နည်းသည် တစ်ပုဒ်တည်းဖြစ်လျက် သတ္တိပြားသဖြင့် (ဝါ) အချင်း

http://www.dhammadownload.com



ချင်းစပ်သဖြင့် (ဝါ) တစ်ခုသော ရက္ကန်းသမားသည် နှစ်ထပ်သောချည်ကို ပြီးစေသကဲ့သို့ တဒ္ဓိတာ-ထိုသုဒ္ဓ, သမာသ်, တဒ္ဓိတ်-ဟူသော သုံးပါးအပြားရှိသော လိင်နှောင်နှောင်းသည်ဖြစ်၍ ဣတ္ထိလိင် ပုံလိင် နပုံလိင်တို့နှင့် တကွဖြစ်သောပစ္စည်းတို့တည်း-ဟူ၍ငင်း။ တဒ္ဓိတာ-ထိုနာမ်တို့၏ အစီးအပွားဖြစ်ကုန်သော (ဝါ) ထိုနာမ်တို့အား ကျေးဇူးပြုတတ်ကုန်သော ပစ္စည်းတို့တည်းဟူ၍ငင်း။ ဤသို့ နှစ်နက်ဟောစွမ်းနိုင်သောကြောင့် ဘိန္နသတ္တိသမဝေတနည်း၊ သိလေသနည်း၊ တန္တနည်း မည်၏။

➤ ၁၀။ **စခုသေတိ**-၌ ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်ကိုယူ။

**အတ္တနိ သမ္ပဿမာနော**-အရ သဗ္ဗညုတဉာဏ် ရ၏။ (တစ်နည်း) ကိုယ်တော်မြတ်၏ အရဟတ္တဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ရ၏။

**ပါဠိ [၆၉]**

(က) ပုန ဗြာဟ္မဏော ယသ္မာ အဘိဝါဒနာဒီနိ သာမီစိကမ္မာနိ ကရောန္တာ ဝယောဝုဍ္ဍေ တောသေန္တိ ဟာသေန္တိ။

(ခ) အကာရောန္တာ ပန တာပေန္တိ ပီဠေသေန္တိ ဒေါမနဿံ နေသံ ဥပ္ပါဒေန္တိ။

(ဂ) ဘဂဝါစ တာနိ န ကရောတိ။

(ဃ) တသ္မာ "အယံ ဝယောဝုဍ္ဍေ တပတီ"တိ မညမာနော သပ္ပုရိသာစာရ ဝိရဟိတတ္တာ ဝါ "ကပဏပုရိသော အယ"န္တိ မညမာနော ဘဂဝန္တံ "တပဿီ"တိ အာဟ။

(၄။၁၀၆။ မအူ-၂။၂၀၆။ ဘာသာဋီ-၁။၅၃၆။)

➤ ၁။ (င) ဟိတ်သမ္ဗန်-ဣမသ္သ ဘောတော ဂေါတမဿ။

➤ ၂။ (က) **စသည်သို့/ အယုတ္တာဘောဂဓောဒနာ** ။ ။ ဆရာ၊ ဥပါလိမထေရ်သည် တပဿီ ဘဝံ ဂေါတမော-ဟု ပုဏ္ဏားဆိုအပ်သည်၏အဖြစ်ကို မိန့်တော်မူ၏။ အဘယ့်ကြောင့် တပဿီ ဘဝံ ဂေါတမော-ဟု ပုဏ္ဏားဆိုလေသနည်း၊ ဘုရားရှင်၏ အကုသိုလ်တရားတို့ကို ပူပန်စေတတ် ဖျက်ဆီးတော် မူတတ်သည်၏အဖြစ်ကိုပင် သိမြင်မှတ်ထင်၍ တပဿီ ဘဝံ ဂေါတမောဟူ၍ ပုဏ္ဏားဆိုလေသလော။ စုဒ်ကြောင့် (က) စသည်မိန့်။

(ခ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က)ဖြင့် အဘိဝါဒန-စသော ရိုသေမှုတို့ကို ပြုသူတို့သည် အရွယ်အားဖြင့်ကြီးသူတို့ကို နှစ်သက်စေကုန်၏ ရွှင်စေတတ်ကုန်၏ဟု အန္ဝယကို ပြပြီး၍ ယခုအခါ၌ ဗျတိရေကကို ပြလိုသောဆရာသည် (ခ) မိန့်။

(ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် အဘိဝါဒန-စသော ရိုသေမှုတို့ကို မပြုသူတို့သည်ကား ပူလောင်စေကုန်၏ ညှဉ်းဆဲကုန်၏ ထိုကြီးရင့်တို့၏ နှလုံးမသာယာခြင်းကို ဖြစ်စေကုန်၏ဟု ဆိုတော်မူ၏။ ထို (အကရောန္တ-အရဖြစ်သော) သူတို့သည်သာလျှင် သာမီစိကမ္မ-တို့ကို မပြုကုန်သလော။ အဘယ်သူသည် မပြုပါသေးသနည်း။ စုဒ်- (ဂ) မိန့်။

http://www.dhammadownload.com



(ဂ-ဃ-၌ ဖါ-ကိုစ္စ) ဆရာ-သည် အယံ ဝယော ဝုဒ္ဓေ တပတိ-ဖြင့် အရွယ်အားဖြင့် ကြီးသူတို့ကို လောင်မြိုက်တတ်သောကြောင့် မြတ်စွာဘုရားကို တပဿီ-ဟူ၍ ဆိုအပ် သည်ကို ဖွင့်ပြအပ်၏။ ယင်းသို့ မှတ်ထင်သည်ဖြစ်၍သာလျှင် မြတ်စွာဘုရားကို တပဿီ-ဟူ၍ ဆိုအပ်ပါသလော။ အဘယ်သို့ မှတ်ထင်သည်ဖြစ်၍လည်း မြတ်စွာဘုရားကို တပဿီ-ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် သပ္ပုရိသာစာရ-စသည်မိန့်။

➢ ၃။ (က) စသည်သည် ပက္ခန္တရ/ဝါကျာရမ္ဘ/အနုသန္ဓေဝါကျ။ ထိုတွင် (က) သည် အန္ဓယ။ (ခ) သည် ဇာတိရေက။ (ဂ) သည် ဝါကျာရမ္ဘ။ (ဃ)သည် ဖလဝါကျ။

➢ ၄။ တပေါ် အဿ အတ္ထီတိ **တပဿီ**။ တပ-ပုဒ်အရကား သာမီစိကမ္မကို မပြု ခြင်းသည် မုချ။ ထို--၏ မြတ်စွာဘုရားနှင့် ဌာနီ-ဌာန/ဂုဏ်-ဂုဏေး စပ် ဌာနူ။ သီ- ပစ္စည်းအရကား ထို--သော သာမီစိကမ္မကို ပြုခြင်းမရှိသော ဘုရားရှင် ရ၏။

တပေ အဿီ နိရယသီတိ **တပဿီ**။ (ကိတန္တသမာသ်) တပ-ဟူသော ဝိသေသနပုဒ် အရကား ပူပန်စေတတ်သော အကုသိုလ်တရားများသည် မုချ။ ထို--၏ မြတ်စွာဘုရား နှင့် ပဟာတဗ္ဗ ပဟာယက စပ် ဌာနူ။ အသုဓာတ်အရကား အကုသိုလ်တရားတို့ကို ပယ် သတ် ဖျက်ဆီးတတ်သော ဘုရား၏သန္တာန်၌ဖြစ်သော အရဟတ္တမဂ်၏ သမုစ္ဆေဒပဟာန သတ္တိသည် မုချ။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ် စသည်သည် ဖလူ။ နောက်နောက်၌ဖြစ်သော အရဟတ္တဖိုလ်ဉာဏ် စသည်သည် ကာရဏူပစာ။ ဏီပစ္စည်း အရလည်းဖြစ်သော တပဿီ-ဟူသော ကိတန္တသမာသ်ပုဒ်လုံးအရကား ဘုရားရှင်ရ၏။

သောဘဏာ ပုရိသာ **သပ္ပုရိသာ**။သပ္ပုရိသာနံ အာစာရော **သပ္ပုရိသာစာရော**။ သပ္ပုရိသာစာရသ္မာ ဝိရဟိတော **သပ္ပုရိသာစာရဝိရဟိတော**။ သပ္ပုရိသာစာရဝိရဟိတဿ ဘာဝေါ **သပ္ပုရိသာစာရဝိရဟိတတ္တံ**။(တသ္မာ) သပ္ပုရိသာစာရဝိရဟိတ တဒ္ဓိတ်ပုဒ်အရ သူတော်ကောင်းတို့၏အကျင့်မှ ကင်းသူသည် မုချ။ ထို--၏ တ္တ-ပစ္စည်းအရ သာမီစိကမ္မ ကို မပြုခြင်းအမှုနှင့် နိဿယ-နိဿိတ စပ် ဌာနူ။ တ္တ-ပစ္စည်းအရ ထို--သော သာမီစိကမ္မ ကို မပြုခြင်းအမှု ရ၏။

➢ ၆။ (က) ၌ ဟာသေန္တိ-ဖြင့် တာပေန္တိ-၌ ပူပန်စေခြင်းဟူသည် နှစ်သက်ရွှင် လန်းခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

(ခ) ၌ ဝိဟေသေန္တိ-ဖြင့် တာပေန္တိ-၌ ပူပန်စေခြင်းဟူသည် ညှဉ်းဆဲခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ဒေါမနဿံ နေသံ ဥပ္ပါဒေန္တိ-ဖြင့် ညှဉ်းဆဲခြင်းဟူသည် နှလုံးမသာယာခြင်းကို ဖြစ်စေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် တပဿီ-အရ ပုဂ္ဂိုလ်အလို မြတ်စွာဘုရားကို အရကောက်၍ အဘိဝါဒန- စသော သာမီစိကမ္မကို မပြုသောကြောင့် မြတ်စွာဘုရားအား တပဿီ-ဟု ဆိုရကြောင်း ကို သိစေသည်။ (ဘာဝတ္ထ)

ဝ-၂၂-၁

http://www.dhammadownload.com



(ဃ) ၌ အယံ ဝယော ဝုမေ့ တပတိ-ဖြင့် တပဿီ-၌ သီပစ္စည်းသည် အဿတ္ထိ အနက်၌သက်--၎င်း (ပစ္စယတ္ထ) တပေါ အဿ အတ္ထီတိ တပဿီ-ဟု အဿတ္ထိတဒ္ဓိတ်ပြု-၎င်း (အဘိဓာနတ္ထ) ကြီးသူတို့ကို လောင်မြိုက်စေတတ်သောကြောင့် တပဿီ-ဟု ခေါ်ဆိုရခြင်းကို၎င်း (ဘာဝတ္ထ) သိစေပါသည်။

ကပဏော အယံ-ဖြင့် တပဿီပုဒ်၏ ကပဏပုရိသဝါစက ရုဠှီ အနိပ္ဖန္နပါဋိပဒိကပုဒ် ဖြစ်သည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

သပ္ပုရိသာစာရဝိရဟိတတ္တာ-ဖြင့် တပဿီပုဒ်၏ အနိပ္ဖန္နပါဋိပဒိကပုဒ် ဖြစ်ရကြောင်း ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **တပဿီ/တပဿီ** ။ ။ (တပါဒိတော၊ သက်သော သီမှာ၊ ဒွေးဘော်လာ) ဟူသော နိယံအရ တပဿီ-၌ သီ-ပစ္စည်းသည် ဒွေဘော်လာရာဌာန ဖြစ်သောကြောင့်၎င်း၊ တပဿီ ယသဿီ တေဇဿီတိ ဧတ္ထစ ပုရိမေသု ဒွိသု သုခုစ္စာရဏတ္ထံ သဿ ဒွိတ္တံ၊ ပစ္ဆိမေ ပန သုဒ္ဓေါ သကာရော-ဟူသော နီတိ၊ သုတ္တ-ကိုထောက်၍ သုခုစ္စာရဏအကျိုး ငှာ သ-လာ၍ ဒွေဘော်လာရသောကြောင့်၎င်း တပဿီ-ဟု ဒွေဘော်နှင့်ရှိသောပါဠ် သင့်ပါသည်။

➤ ၈။ **တပဿီ**-ကား ဌာန မကင်းရာဖြစ်သော အရှင်ဂေါတမကို တပဿီ-ဟုဆိုသဖြင့် ဌာနီ မကင်းတတ်သော သာမီစိကမ္မကို မပြုခြင်းကိုလည်း ရသောကြောင့် နာနန္တရိကနည်း။ ဌာနူပစာ။ | အထီးကျန်မှု ထင်ရှားရှိသော ယောကျ်ားတို့၏ **တပဿီ**-ဟူသော အမည်ကို အထီးကျန်မှု ထင်ရှားမရှိသော မြတ်စွာဘုရား၌တင်-- တဒ္ဓမ္မူပစာ။ တပဿီ-သဒ္ဒါသည် အထီးကျန်သော ယောကျ်ားကို ဟောသော်လည်း မြတ်စွာဘုရား၌ တင်စား၍ဆိုသောကြောင့် ရုဠှီနည်း မည်၏။ *ကပဏပုရိသော*-ကိုရှု။|

➤ ၁၀။ **တပဿီ**-အရ ဘုရားရှင်၏ ခန္ဓာပဉ္စကကိုယူ။

**ဝိဓဟာစသေတိ**-အရ ဒေါသမူစိတ္တုပ္ပါဒ်/ဒေါမနဿ ဝေဒနာကိုယူ။

## ပါဠိ [ ၇ ၈ ]

(က) တပတီတိ တပေါ။ (ခ) ရောသေတိ ဝိဟေသေတီတိ ဝုတ္တံ ဟောတိ။

(ဂ) သာမီစိကမ္မာကရဏသေတံ နာမံ။ (ဃ) တပေါ အဿ အတ္ထီတိ **တပဿီ**။

(င) ဒုတိယေ အတ္ထဝိကပ္ပေ ဇိဂုစ္ဆနာနိ အဝိစာရေတွာ လောကေ ကပဏပုရိသော တပဿီတိ ဝုစ္စတိ။ (ဋ္ဌ။၁၀၆။ မဓူ-၂။၂၀၇။ ဘာသာဋီ-၁။၅၃၆။)

➤ ၁။ **တပတီ**၊ပူပန်စေတတ်၏။ (သဒ္ဒတ္ထ) ညှဉ်းဆဲတတ်၏။ (အဓိပ္ပါယတ္ထ) ဘဝံ ဂေါတမော၊သည်။**တပဿီ**-အရွယ်ကြီးကုန်သောသူတို့ကို ပူပန်စေတတ် ညှဉ်းဆဲတတ် သော အရိုအသေအမှုကို မပြုခြင်းရှိ၏။

http://www.dhammadownload.com



➢ ၂။ (ခ) သို့/ ဆရာ-သည် (က) ဖြင့် တပဿီ-၌ တပေါ-ကို တပတီတိ တပေါ-ဟု ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ဤ၌ တပ-ဟူသည် အဘယ်ပါနည်း။ တပ-မည်ပုံကို ထင်ရှားစွာ မပြဆိုပြီလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ-သည် (က) ဖြင့် တပတီတိ တပေါ-ဟု ဝစနတ္ထပြုရမည်ကို ပြဆိုတော်မူ၏။ ယင်းသို့သော ဝစနတ္ထကြောင့် တပ-သဒ္ဒါသည် အကုသိုလ်, ပုဂ္ဂိုလ်-စသောအားဖြင့် များစွာသောအနက်တို့ကို ဟောတတ်ရကား ဤ တပဿီပုဒ်၌ တပ-အရ ပူပန်စေတတ် ညှဉ်းဆဲတတ်သော အကုသိုလ်ပုဂ္ဂိုလ်-စသော အားလုံးကို ယူရမည်လော။ အဘယ်ကို တပ-အရ ယူရပါမည်နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

[တပ-ပုဒ်၏ အဘိဓာနတ္ထ ဝစနတ္ထ-သာ ရှိပါသလော။ အဘိဓေယျတ္ထကား အဘယ်ပါနည်း။]

(တစ်နည်း) (က-ခ) တို့ဖြင့် စိတ်ကိုဖျက်ဆီးတတ်, ညှဉ်းဆဲတတ်သော သဘောသည် တပ-မည်သောဟု တပ-ပုဒ်၏ အဘိဓာနတ္ထ သဘာဝတ္ထကို ဖွင့်ပြတော်မူအပ်၏။ ဤ၌ တပ-အရ အဘယ်ကို အလိုရှိအပ်ပါသနည်း။ ပူပန်စေတတ် ညှဉ်းဆဲတတ်သော အလုံးစုံသော သတ္တဝါသန္တာနရှိ ကိလေသာတို့ကို ကောက်ယူအပ်ပါသလော။ စုဒ်--(ဂ) မိန့်။

(ဃ) သို့/ ဆရာ-သည် (က) စသောဝါကျတို့ဖြင့် ပဌမဝိကပ်အရ တပဿီပုဒ်၏ ဝစနတ္ထ သဘာဝတ္ထ အဘိဓေယျတ္ထတို့ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့ ဖွင့်ဆိုသော် ဒုတိယဝိကပ်အလို တပဿီပုဒ်၏ အဘိဓာနတ္ထ စသည်ကိုလည်း ဖွင့်ဆိုသင့်သည် မဟုတ်ပါလော။ (တစ်နည်း) တပဿီ-၏ သဒ္ဒတ္ထသို့ လိုက်၍ပင် "ကပဏပုရိသော"ဟု ဆိုအပ်လေသလော။ မဖွင့်ဆိုချေသော် အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဒုတိယဝိကပ်အလို တပဿီပုဒ်၏ အဘိဓာနတ္ထ စသည်ကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။ အား-- ဒုတိယဝိကပ်အလို တပဿီပုဒ်သည် ကပဏပုရိသဝါစက ရုဠ္ဟီ အနိပ္ဖန္န ပါဋိပဒိကပုဒ်ဖြစ်သောကြောင့် အဘိဓာနတ္ထ စသည်ကို မစိစစ်တော့ဟူလို။

(င) သို့/ အနုသန္ဓေ။ ။ ဤသို့ (က-ခ-ဂ-ဃ) ဝါကျတို့ဖြင့် အယံ ဝယော ဝုဍ္ဎော တပတီတိ မညမညနော-ဟူသော ပဌမ အတ္ထဝိကပ်၏ အကျယ် ဝိတ္ထာရ ပဒတ္ထကိုပြပြီး၍ ယခုအခါ၌ သပ္ပုရိသာစာရ ဝိရဟိတတ္တာ-အစရှိသော ဒုတိယအတ္ထဝိကပ်၌ တိဿ ဒတ္တ အစရှိကုန်သော သဒ္ဒါတို့၌ကဲ့သို့ (ဥပမာ) တပဿီ-ဟူသောပုဒ်၌ အနိပ္ဖန္နပါဋိပဒိကပုဒ်၏ အဖြစ်ကြောင့် (ဟိတ်) ဤအမည်ရှိသော ပစ္စည်းတည်းဟု မကြံသင့်သည်၏အဖြစ်ကို ပြလို၍ (င) မိန့်။

➢ ၃။ (ခ) ပဒဝိဂ္ဂဟတ္ထကို ပြသောကြောင့် ဝိတ္ထာရ။ (ဂ) သည် တပ-ပုဒ်၏ အဘိဓာနတ္ထမှတစ်ပါး အဘိဓေယျတ္ထကို ပြသောကြောင့် ပက္ခန္တရ။ (ဝါ) ဝါကျာရမ္ဘ။ (ဃ) သည် ပက္ခန္တရ။ (င) ပဌမဝိကပ်၏ အကျယ်မှတစ်ပါး သပ္ပုရိသာစာရ-စသော ဒုတိယဝိကပ်၏

http://www.dhammadownload.com



အကျယ်ကိုပြသောကြောင့် ပကတ္တရ။

➤ ၄။ တပတီတိ **တပေါ**။ ယံ သာမီစိကမ္မာကရဏံ၊အကြင်အရိုအသေအမှုကို မပြုခြင်းဟူသော မာန-စသည် ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည်။ဝယော ဝုဍ္ဍေ၊ အရွယ်ကြီးကုန်သော သူတို့ကို။တပတိ၊ပူပန်စေတတ်, ညှဉ်းဆဲတတ်၏။ဣတိ တံ တပေါ။ တပ+အ။ဟေတုကတ္တုသာဓန။ တပဓာတ် အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရကား အရွယ်ကြီး ကုန်သော သူတို့၏ ပူပန်ခြင်း ဒေါမနဿသည် မုချ။ ဟေတုကတ္တုဋ္ဌကြိယာကား ထိုအား တပ်သော ရဟန်းဂေါတမ၏ မာန-စသည်ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ဟူသော သာမီစိကမ္မာကရဏ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော ရဟန်းဂေါတမ၏ မာန-စသည် ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဟူသော သာမီစိကမ္မာ ကရဏ ရ၏။ [ပုဏ္ဏားၡ သန္တာယဘာသိတနှင့်အညီ]

ပဏာတိ ဗျဝဟရတိ ဧတေနာတိ ပဏော။ (ဥစ္စာ ရ၏။) ကုစ္ဆိတော ပဏော ယဿာတိ **ကပဏော**။ ကပဏ-အရကား စက်ဆုပ်အပ်သော ဥစ္စာသည် မုချ။ ထို--၏ သူဆင်းရဲ နှင့် ဌာနီ-ဌာန/သံ-သာမီ စပ် ဌာနူ။ ယ-အရကား ထို--သော စက်ဆုပ်အပ်သော ဥစ္စာရှိ သော သူဆင်းရဲရ၏။ ထိုသို့ရပြသော်လည်း ဤ၌ ကပဏ-ပုဒ်သည် သဒ္ဒိသူပစာသဒ္ဒါ ဖြစ်သောကြောင့် သပ္ပုရိသာစာရ (ဂုဏ်) မှ ကင်းသောသူရ၏။

(တစ်နည်း) ကပိတဗ္ဗော ကရုဏာယိတဗ္ဗောတိ **ကပဏော**။

ကပိတဗ္ဗော ဒယိတဗ္ဗောတိ **ကပဏော**။ ကပဓာတ်/ကပိဓာတ်အရ ကတ္တုဋ္ဌကား ကရုဏာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌကြိယာအရကား ထိုအားတပ်သော သူဆင်းရဲဒြပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ယု-ပစ္စည်းအရကား ထို-- သော သနား စရာ ကောင်းသော သူဆင်းရဲဒြပ် ရ၏။

* ကပဏော ပုရိသော **ကပဏပုရိသော**။ သာမီစိ သက္ကစ္စံ ကမ္မာနိ **သာမီစိကမ္မာနိ**။ သာမီစိကမ္မာနံ အကရဏံ **သာမီစိကမ္မာကရဏံ**။(တဿ) ကပ္ပနံ **ကပ္ပော**။ ဝိသေသတော ကပ္ပော **ဝိကပ္ပော**။ အတ္တာသ ဝိကပ္ပော **အတ္တာဝိကပ္ပော**။

➤ ၆။ (က) ဖြင့် တပေါ-၌ အပစ္စည်း ကတ္တုသာဓနဲ့၌သက်--ရင်း (ဒု-ပစ္စယတ္ထ) တပတီတိ တပေါ-ဟု ပြု--ရင်း (အဘိဓာနတ္ထ) ကာရိတန္တောဂဓ, ကာရိတလောပ၏-- ရင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ ရောသေတိ-ဖြင့် တပတိ-၌ တပဓာတ်သည် တောက်ပခြင်း ဒိတ္တိအနက်ကို မဟော၊ ပူပန်ခြင်း တပနအနက်ကိုဟော--ရင်း (ဓာတွတ္ထ) တပတိ-၌ ကာရိက်ဏေ ပစ္စည်းကျေသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။ ဝိဟေသေတိ-ဖြင့် ပူပန်စေခြင်း ဟူသည် ညှဉ်းဆဲခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် တပဿီ-၌ တပ-အရ ပူပန်စေတတ်, ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်ဒြပ်ကို

http://www.dhammadownload.com



မယူရ သာမိစိကမ္မာကရဏကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

(ဃ) ဖြင့် တပဿီပုဒ်ကို တပေါ် အဿ အတ္ထီတိ တပဿီ-ဟုံ အဿတ္ထိတဒ္ဓိတ်ပြု-ရင်း (အဘိဓာနတ္ထ) သီပစ္စည်း၏ ယင်းအဿတ္ထိအနက်၌သက်--ရင်း (ပစ္စယတ္ထ) သဒ္ဒဘော်လာ၍ တပဿီ-ဟု ပြီးသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(င) ဖြင့် သပ္ပုရိသာစာရဝိရဟိတတ္တာ ဒုတိယဝိကပ်၌ တပဿီသဒ္ဒါကား အန္ွတ္ထ နာမ်မျိုး မဟုတ်၊ အနိပ္ဖန္နပါဋိပဒိက ရုဋ္ဌီနာမ်ပုဒ်မျိုး၏--ရင်း (နာမလိင်္ဂတ္ထ) ယင်း တပဿီ-သဒ္ဒါ၏ ကပဏပုရိသအနက်ဟော--ရင်း (နာမလိင်္ဂတ္ထ) သိစေပါသည်။

➤ ၇။ ကပဏ/ကပန ။ ။ က+ပဏ။ ပဏးပဏတိ ဗျဝဟရတိ ဧတေနာတိ ပဏော။ (ဧတေန၊ထိုဥစ္စာဖြင့်။ပဏတိ ဗျဝဟရတိ၊ရောင်းဝယ်တတ်၏) ပဏ+အ။ ကုစ္ဆိတော ပဏော ယဿာတိ ကပဏော။ (အဘိဓာန်ဋီကာ) [တစ်နည်း] ကပ- အဝကမ္ပနေ။ ကပဏောတိ ကရုဏာယိတဗ္ဗော (နီတိ၊ဓာတု) ကပ+ယု၊ န-ကို ဏပြန်လျှင် ကပဏ-ဟု ပြီးသည်။ ထို့ကြောင့် ကပဏ-သင့်သည်။[ပဏ-သဒ္ဒါကသာလျှင် ဥစ္စာကို ဟောနိုင်သောကြောင့် ကပဏ-သင့်ပါသည်။]

**ရောသေတိ/ဒေါသေတိ** ။ ။ ဒုသဓာတ် ဒိဝါဒိ ဂဏ်ကဓာတ်၊ ထို့ကြောင့် ဒုဿတိ-ဟုသာ ရှိ၏။ ဒေါသေတိ-ဟု မရှိ။ ရုသ-ဓာတ်မှာကား စုရာဒိ ဂဏ်ကဖြစ်၍ ရောသေတိ-ဟု ရုပ်ပြီး၏။ ရုသ-ရောသနေ။ ရောသနံ ကောပရဏံ-ဟု ဓာတ်နက်ကိုဖွင့်ပြသော နီတိ၊ဓာတု-နှင့် ဒေါမနဿံ ဥပ္ပါဒေန္တိ-ဟုဖွင့်သော အဋ္ဌကထာနှင့် နီးနှောမိ၏။ ထို့ကြောင့် ရောသေတိ-ဟု ရှိသောပါဠိသာ သင့်ပါသည်။

(တစ်နည်း) ဒေါမနဿံ နေသံ ဥပ္ပါဒေန္တိ အဖွင့်ကို ထောက်၍ ဒုသဓာတ်ဖြင့် ပြီးသော "ဒေါသေတိ"ပါဠိ သင့်၏။ ရုသဓာတ်သည်လည်း ညှဉ်းဆဲခြင်း ဟိံသနအနက်ကို ဟောနိုင်သောကြောင့် ရောသေတိ- ညှဉ်းဆဲဖျက်ဆီး၏။ ဤသို့ အဓိပ္ပါယ် မပျက်သော အနက်ရနိုင်ရကား "ရောသေတိ"ပါဠိလည်း သင့်ပါသည်။

**ကပဏပုရိသော/ကပဏပူရိသော** ။ ။ ပုရေတီတိ ပုရိသော, ပေါရိသော၊ ဝါသော၊ ရဿသ ဒီဃတာယ၊ ပူရိသောစ-ဟူသော အဘိဓာန်ဋီကာကို ထောက်၍ ပုရဓာတ် ဣသပစ္စည်းဖြင့် ပုရိသ-ဟု ပြီးသည်။ ပ-၏ အစိတ် ဥ-ကို ဦဒီဃပြုလျှင် ပူရိသ-ဟု ပြီးသည်။ထို့ကြောင့် နှစ်ပါဠိသင့်ပါသည်။

➤ ၈။ **တပဿိံ တပေါ**-ကား အပေါင်းဖြစ်သော ပူပန်စေတတ်သော အကုသိုလ်, ပုဂ္ဂိုလ်, သာမိစိကမ္မာကရဏတို့၏ "တပ"ဟူသောအမည်ကို အစိတ်ဖြစ်သော သာမိစိကမ္မာကရဏ၌တင်-- ဧကဒေသူပစာ။ နေယျတ္ထနည်း၊ ရုဋ္ဌီနည်း။

(တစ်နည်း) ဌာနဖြစ်သော ပူပန်စေတတ်သော ပုဂ္ဂိုလ်၏ "တပ" ဟူသောအမည်ကို ဌာနီဖြစ်သော သာမိစိကမ္မာကရဏ၌တင်-- ဌာနူပစာ။ နာနတ္ထရိကနည်း။

http://www.dhammadownload.com



➤ ၁၀။ တပတိ- ၌ သုဒ္ဓကတ္တုရ-အရ အရွယ်ကြီးသူတို့၏ သန္တာန်၌ဖြစ်သော ဒေါမနဿဝေဒနာစေတသိက်ကို မှူအားဖြင့်ယူ၍--

## ပါဠိ [ရ၁]

(က) ဘဂဝါ ပန ယေ အကုသလာ ဓမ္မာ လောကံ တပနတော တပနီယာတိ ဝုစ္စန္တိ၊ တေသံ ပဟီနတ္တာ ယသ္မာ တပဿီတိ သင်္ချံ ဂတော၊ တသ္မာ တံ တပဿိတံ အတ္တနိ သမ္ပဿမာနော အာဟရုဠိ ပရိယာယံ အနုဇာနာတိ။

(ခ-၁) တပြော ယံ ပဒတ္ထော၊ တပန္တိတိ တပါ၊

(ခ-၂) အကုသလဓမ္မာနမေတံ အဓိဝစနံ။

(ဂ) ဝုတ္တမ္ပိ ဟေတံ "ဣဓ တပ္ပတိ ပေစ္စ တပ္ပတီ"တိ။

(ဃ) တသော တေ တပေ အဿိ နိရဿိ ပဟာသိ ဝိဒ္ဓံသေသီတိ တပဿီ။

(၄။၁၀၆။ မအ-၂။၂၀၈။ ဘာသာဋီ-၁။၅၃၇။)

တပဿီ-လောကကို ပူပန်စေတတ်သော အကုသိုလ်တရားတို့ကို ပယ်ပြီး ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား။ (သံဝဏ္ဏနာများနှင့်အညီ)

အဿသိ၊ပယ်ပြီ။ (သဒ္ဒတ္ထ) ဖျက်ဆီးပြီ၊ (အဓိပ္ပါယတ္ထ)

➤ ၂။ (က) အို/ ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ကိုယ်တော်တိုင် တပဿီ-ဟူ၍ ဝန်ခံပြောဆိုအပ်၏။ အဘယ့်ကြောင့် မြတ်စွာဘုရားသည် ကိုယ်တော်တိုင် တပဿီ-ဟူ၍ ဝန်ခံပြောဆိုအပ်ပါသနည်း။ ပုဏ္ဏား၏ သန္တာယဘာသိတအားလျော်သော တပဿီမည်သည် မရှိသည် မဟုတ်ပါလော။ စုဒ်ကြောင့် (က) မိန့်။

(ခ) အို/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် အနုသန္ဓေကိုပြပြီး၍ ယခုအခါ၌ ပဒတ္ထကိုပြလို၍ (ခ) ဝါကျကိုမိန့်။

(ဂ) အို/ ဆရာ-သည် (ခ) ဖြင့် ဗုဒ္ဓသန္တာယဘာသိတအားလျော်စွာ တပ-ပုဒ်၏ ဝစနတ္ထ အဘိဓေယျတ္ထကို ပြဆိုတော်မူ၏။ ယင်းသို့ ပြဆိုသော (ခ) ဝါကျ စကားရပ်သည် အာဂုံ ပါဠိသာဓကနှင့်ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော အာဂုံပါဠိကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(တစ်နည်း) ဆရာ-သည် (ခ-၂) ဖြင့် တပ-ဟူသည် အကုသလဓမ္မတို့၏ အမည်ဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။ တပ-သဒ္ဒါသည် သာမညဖြစ်၍ အမည် အားလုံးတို့နှင့် ဆက်ဆံနိုင်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အကုသလဓမ္မ-ဟု ယင်း၏အနက်ကို ဝိသေသထုတ်၍ ပြဆိုခြင်းသည် အသို့ သင့်နိုင်အံ့နည်း။ ဝစန-ဝစနီယ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

ကား-- ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ-ဟူသော သာဓက စကားကို ထောက်၍ ငါဆို

http://www.dhammadownload.com



ရကား သင်တင်တိုင်းသော ဝိရောစိဒေါသ ငါ၌မရောက် ကင်းပျောက်၏ဟူလို။

➤ ၃။ (က) သည် ပက္ခန္တရ။ ဝါကျာရမ္ဘ။ အနုသန္ဓေဝါကျ။ (ခ) ပက္ခန္တရ။ ဝိတ္ထာရ။ ယင်း (ခ)၌ တကြောယံ ပဒတ္ထောကား ဝိတ္ထာရပါဒက၊ သခေ်ပ။ တပန္တိတိ-စသည်ကား ဝိတ္ထာရ။ (ဂ) သည် အာဂမဒဋ္ဌီကရဏ။ (ဃ) သည် အစိတ်ပုဒ်၏ ဝစနတ္ထမှတစ်ပါး အပေါင်းပုဒ်၏ ဝစနတ္ထအဖွင့်ကိုပြသောကြောင့် ပက္ခန္တရ။ စာစဉ် ။ ။ ပဟီနတ္တာ-ကား ကြောင့်--ကြောင့် သမ္ဗသမာနော-၌ ဟိတ်-ဟိတ်၏ဖိုလ်စပ်။ တပနတော-ကား ကြောင့်--ကြောင့် ဝုစ္စတိ-၌ အကြောင်း ဟိတ်/အကျိုးဖိုလ်စပ်။

➤ ၄။ တပန္တိတိ **တပနိယာ**။ တပဓာတ်အရ လောင်မြိုက်တတ်သော အကုသိုလ် တရားတို့၏သတ္တိသည် မုချ။ ယုပစ္စည်းအရ သတ္တိမန္တဖြစ်သော အကုသိုလ် တရားတို့ရ၏။ ထိုသို့ပင်ရငြားသော်လည်း ဤ "တပန"သဒ္ဒါသည် ဘာဝပဓာန ဘာဝလောပဖြစ်သော ကြောင့် လောင်မြိုက်တတ်ကုန်သည်၏ အဖြစ်ဟုဆိုအပ်သော လောင်မြိုက်ခြင်းကြိယာ သည်သာ မုချ ပဓာနအားဖြင့် ရ၏။

ပဟီယိံသူတိ ပဟီနာ။ ပဟီနာနံ ဘာဝေါ **ပဟီနတ္တံ**။ ပဟီန တဒ္ဓိတ်အရ ပယ်အပ်ကုန် ပြီးသော အကုသိုလ်မွေတို့သည် မုချ။ ထို--၏ တ္တ-အရ အကုသိုလ်မွေတို့၏ မရှိခြင်း အဘာဝဘောဂုဏ်နှင့် နိသျ-နိဿိတစပ် ဌာနူ။ တ္တ-ပစ္စည်း အရ ထို--သော ပယ်အပ် ကုန်ပြီးသော အကုသိုလ်မွေတို့၏ ဖြစ်ကြောင်းဖြစ်ရာ အကုသလမွေတို့၏ မရှိခြင်း အဘာဝ ဘောဂုဏ် ရ၏။ * တပေ အဿ တပဿိ။ တပဿိနော ဘာဝေါ **တပဿိတာ**။

တပန္တိတိ **တပါ**။ ယေ အကုသလာဓမ္မာ၊တို့သည်။လောကံ၊သတ္တလောကကို။တပန္တိ၊ ပူပန်စေတတ်ကုန်၏။က္ကတိ တေ အကုသလာဓမ္မာ တပါ။ တပ+အ။ ဟေတုကတ္တုသာဓန။

တပဓာတ်အရ သုဒ္ဓကတ္တုရုကြိယာအရကား သတ္တလောက၏ ပူပန်ခြင်းကုတ္တုစ္စ, ဝိပ္ပဋိသာရပြဋ္ဌာန်းသော နောက်နောက်သော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ဟေတု ကတ္တုရုကြိယာအရကား ထိုအားတပ်သော ရှေးရှေးသော အကုသိုလ်တရားတို့၏ အနန္တ ရာဒိသတ္တိ, ပကတူပနိဿယသတ္တိ သည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော ရှေးရှေး သော အကုသိုလ်တရားတို့ရ၏။

အဿ နိရဿိတိ **အဿီ**။ ယော ဘဂဝါ၊သည်။တပေ၊တို့ကို။အဿ နိရဿိ၊ပယ်ပြီ။ က္ကတိ သော ဘဂဝါ အဿီ။ အသု+ဏီ။ကတ္တုသာဓန။ အသုဓာတ် အရကား မြတ်စွာ ဘုရားသန္တာန်၌ရှိသော အရဟတ္တမဂ်၏ သမုစ္ဆေဒပဟာနသတ္တိသည် မုချ။ ရှေးရှေး၌ ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ် အောက်မဂ် အောက်ဖိုလ်ဉာဏ်တို့သည် ဖလူ။ နောက်နောက်၌ဖြစ်သော အရဟတ္တဖိုလ်ဉာဏ် စသည်တို့သည် ကာရဏူပစာအားဖြင့် ရ၏။ ဏီ-ပစ္စည်းအရကား ထို--သော မြတ်စွာဘုရားဒြပ် ရ၏။

တပေ အဿီ **တပဿီ**။ တပေ၊တို့ကို။အဿီ၊ပယ်ပြီး ဖျက်ဆီးပြီးသော မြတ်စွာဘုရား။

http://www.dhammadownload.com



ဒုတိယာ တပ္ပုရိသ်သမာသ်၊ တပပုဒ်+အဿီပုဒ်။ တပ-ဟူသော ဝိသေသနပုဒ်အရကား ပူပန်စေတတ်သော အကုသိုလ်တရားတို့သည် မုချ။ ယင်းတို့၏ မြတ်စွာဘုရားဖြစ်နှင့် ပဟာတဗ္ဗ ပဟာယက စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ပူပန်စေတတ်သော အကုသိုလ်တရားတို့ကို ပယ်ပြီး ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား ရ၏။

➤ ၆။ (က) ဖြင့် တာပေန္တီတိ တပနီယာ၊ တာပေန္တီတိ တပါ-ဟု ပြု--ရင်း (အဘိဓာနတ္ထ) အနီယပစ္စည်း (ဝါ) ဏပစ္စည်း ဟေတုကတ္တုသာဓန အနက်၌သက်--ရင်း (ဒုပစ္စယတ္ထ) တပ-နှင့် တပနီယ-ကား အနက်တူဝေဝုစ် ပရိယာယ်၏--ရင်း (ပရိယာယ်ပြ အဘိဓေယျတ္ထ) တပ-အရ အကုသိုလ် ဓမ္မကိုယူ--ရင်း (အဘိဓေယျတ္ထ) တပေ အဿီတိ တပဿီ-ဟု ဝစနတ္ထပြု၍ တပဿီ-အရ ဘုရားရှင်ကိုယူ--ရင်း (အဘိဓေယျတ္ထ) အကုသိုလ်တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် ငါဘုရားသည် တပဿီ-မည်၏ဟု ပါဠိတော်၌ အတ္ထိခွေသ စသည်ဖြင့် ဝန်ခံခြင်း၏အကြောင်း ဗုဒ္ဓသန္တာယဘာသိတ,ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ တပန္တိ-ဖြင့် တပ-ပုဒ်ကို တပန္တီတိ တပါ-ဟု ကတ္တုသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) အ-ပစ္စည်း၏ ကတ္တုသာဓန ၌သက်--ရင်း (ဒုပစ္စယတ္ထ) ကာရိတန္တောဂဓ, ကာရိတလောပ၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ-၂) ဖြင့် တပ-အရ ပူပန်စေတတ်သော ပုဂ္ဂိုလ်ကို မယူရ အကုသိုလ်တရားတို့ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဃ) ၌ တပေ အဿီ-ဖြင့် တပဿီ-၌ အဿီပုဒ်ကို အဿီတိ အဿီ-ဟု ကတ္တုသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏီ-ပစ္စည်း၏ ကတ္တုသာဓန ၌သက်--ရင်း (ဒုပစ္စယတ္ထ) တပေ အဿီ တပဿီ-ဟု ဒုတိယာတပ္ပုရိသ်သမာသ်ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

နိရဿီ-ဖြင့် အဿီ- ကား နာမ်ပုဒ်မဟုတ်၊ အာချာတ်ပုဒ်တည်း (ဝါ) အဿီ-သည် နိရဿီ-၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ပဟာသိ-ဖြင့် အဿီ-၌ အသုဓာတ်သည် ခေပနတ္ထ၊ (ဝါ) ပဟာနတ္ထကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ) ဝိဒ္ဓံသေတိ-ဖြင့် ပယ်ခြင်းဟူသည် ဖျက်ဆီးခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **နိရဿီ/နိဋ္ဌဿီ** ။ ။ နိရဿီပုဒ်သည် အဿီ-ဟူသော သံဝဏ္ဏေတဗ္ဗ၏ သံဝဏ္ဏနာဖြစ်သောကြောင့် နိ+အဿီ-ဟု ပဒစ္ဆေဒပြုပြီးနောက် ရ-အက္ခရာလာခြင်း ပဒသန္ဓိပြုသင့်သောကြောင့်ရင်း၊ သဒ္ဒနီတိ၌လည်း အသု-ခေပနေ နိရဿတိ ဆဋ္ဌေတိ-ဟု ရ-အာဂုံဖြင့်ဆို၍ "ပုနစတုံ၊ နိနှင့်ဒု၊ ပါတုပါတနောင်၊ သရနှောင်းက၊ အာဂမ ရ-ကောက် အမြဲဆောင်"ဟူသော နိယံအရ နိနောက် ရ-အာဂုံ လာသင့်သောကြောင့်ရင်း၊ သက္ကတသဒ္ဒါကျမ်းတို့၌ သရနှောင်းရာဝယ် နိ-ဥပသာရသာ ရှိရမည်ဟုဆိုသောကြောင့်

http://www.dhammadownload.com



ရင်း၊ နိရယ်-ပါဌ်သာ သင့်ပါသည်။

**အဿိ/အဿီ** ။ ။ အသုဓာတ် ခေပနအနက်ဟော ဤဝိဘတ် ဒိဝါဒိ ယပစ္စည်း ဤ-ကို ဿ-ရဿပြု၍ ပြီးသောကြောင့် အဿိပါဌ်သင့်ပါသည်။ ကိတ်ပုဒ်ဟူ၍ ယူဆသော် အသုဓာတ်၊ ဏီပစ္စည်း ပုံလိင် ရတ္တာဒိဂိုဏ်း၊ ယင်းအလို အဿီပါဌ် သင့်ပါသည်။

➢ ၈။ **တပနိယာ ဓမ္မန္တိ**–ကား အပေါင်းဖြစ်သော အကုသလဓမ္မ, သာမိစိကမ္မ အကာရဏာတို့၏ --- အမည်ကို အစိတ်ဖြစ်သော အကုသလဓမ္မ၌တင် ဧကဒေသူပစာ၊ ရုဠှီနည်း။ **တပနဓော**-ကား လောင်မြိုက်တတ်သော သတ္တိ မရှိသော အကုသလဓမ္မ၏ -- အမည်ကို လောင်မြိုက်တတ်သော ကတ္တုသတ္တိ ရှိသကဲ့သို့ တင်-- တဒ္ဓမ္မူပစာ။

**တပန္တီတိ တပါ**-ကား အပေါင်းဖြစ်သော ပူပန်စေတတ်သော အကုသိုလ်ဓမ္မ၊ ပုဂ္ဂိုလ်၊ သာမိစိကမ္မာကာရဏာတို့၏ "တပ" ဟူသောအမည်ကို အစိတ်ဖြစ်သော ပူပန်စေတတ်သော အကုသိုလ်ဓမ္မ၌တင်-- ဧကဒေသူပစာ။ ရုဠှီနည်း။

(တစ်နည်း) ဌာနဖြစ်သော ပူပန်စေတတ်သော ပုဂ္ဂိုလ်၏ "တပ"ဟူသောအမည်ကို ဌာနီဖြစ်သော အကုသိုလ်ဓမ္မ၌တင်-- ဌာနူပစာ။ နာနတ္ထရိကနည်း။

**လောကံ တပနဓော**-ကား အပေါင်းဖြစ်သော လောကသုံးပါး၏ "လောကံ"ဟူသော အမည်ကို အစိတ်ဖြစ်သော သတ္တလောက၌တင်-ဧကဒေသူပစာ။

➢ ၁၀။ **ပဟိနတ္တာ**-၌ ပ-ဟာဓာတ်အရ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ကိုယူ။

**ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ**-၌ တပ္ပတိ-အရ ဒေါမနဿ ဝေဒနာ။ (တစ်နည်း) ဝိပ္ပဋိသာရစိတ္တုပ္ပါဒ်ကိုယူ။

**ပါဠိ [၅၂]**

(က) ပုန ဗြာဟ္မဏော တံ အဘိဝါဒနာဒိကမ္မံ ဒေဝလောကဂဗ္ဘသမ္ပတ္တိယာ ဒေဝလောကပဋိသန္ဓိပဋိလာဘာယ သံဝတ္တတီတိ မညမာနော ဘဂဝတိ စဿ အဘာဝံ ဒိသွာ ဘဂဝန္တံ "အပဂဗ္ဘော"တိ အာဟ။

(ခ) ကောဓဝသေန ဝါ ဘဂဝတော မာတုကုစ္ဆိသ္မိံ ပဋိသန္ဓိဂ္ဂဟဏေ ဒေါသံ ဒဿေန္တောပိ ဧဝမာဟ။

(ဂ) တတြာယံ ပဒတ္ထော– ဂဗ္ဘတော အပဂတောတိ အပဂဗ္ဘော။ (ဃ) အဘဗ္ဗော ဒေဝလောကူပပတ္တိံ ပါပုဏိတုန္တိ အဓိပ္ပါယော။ (င) ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော။ (စ) ဒေဝလောကဂဗ္ဘပရိဗာဟိရတ္တာ အာယတိံ ဟီနဂဗ္ဘပဋိလာဘဘာဂီတိ။

(ဆ) ဟီနော ဝါဿ မာတုကုစ္ဆိမှိ ဂဗ္ဘဝါသော အဟောသီတိ အဓိပ္ပါယော။

(၄။၁၀၇။ မအ္ဋ-၂။၂၁၀။ ဘာသာဋီ-၁။ ၅၃၈။)

➢ ၁။ (ဂ-နှင့်အညီ) **အပဂဗ္ဘော**-နတ်ပြည်ပဋိသန္ဓေမှ ကင်း၏။ (သဒ္ဒတ္ထ)

http://www.dhammadownload.com



(ဃ-နှင့်အညီ) **အပဇ္ဈော**= နတ်ပြည်ပဋိသန္ဓေသို့ မရောက်ထိုက်။ (အဓိပ္ပါယတ္ထ)

(င-နှင့်အညီ) **အပဇ္ဈော**= ယုတ်ညံ့သော ပဋိသန္ဓေရှိ၏။ (သဒ္ဒတ္ထ)

(စ-နှင့်အညီ) **အပဇ္ဈော**= နတ်ပြည် ပဋိသန္ဓေမှ အပဖြစ်သောကြောင့် နောင်အခါ၌ ယုတ်ညံ့သော ပဋိသန္ဓေကို ရခြင်းအဘို့ရှိ၏။ (အဓိပ္ပါယတ္ထ)

(ဆ-နှင့်အညီ) **အပဇ္ဈော**= အမိ ဝမ်း၌ ယုတ်ညံ့သော ကိုယ်ဝန်အဖြစ်ဖြင့် နေခြင်းရှိ၏။ (အဓိပ္ပါယတ္ထ)

* **အဓိပ္ပါယော**-၏ သမ္ဗန် ဗြာဟ္မဏာဿ-ထည့်။ (စ) ၌ ဘဝိဿတိ-ကြိယာထည့်။

➤ ၂။ (က) **ဘဂဝတိ စသော/သို့**-- ဆရာသည်၊ ပုန ဗြာဟ္မဏော စသည်ဖြင့် နတ်ပြည် ပဋိသန္ဓေကိုရခြင်း အကျိုးငှာဖြစ်၏ဟု မှတ်ထင်လျက် အပဂဗ္ဘော-ဟူ၍ ဆို အပ်သည်ကို ဖွင့်ပြအပ်၏။ အောက်မေ့မှတ်ထင်ကာမျှဖြင့်သာ ဆိုအပ်လေသလော။ (ဝါ) ဘုရားရှင်၌ ရှိခိုးခြင်း စသည်ရှိက မဆိုသင့်သည် မဟုတ်ပါလော။ အဘယ်ကိုမြင်၍လည်း အပဂဗ္ဘော-ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် ဘဂဝတိ-စသည်မိန့်။

(ခ) **သို့/ အယုတ္တနုသန္ဓေ**။ ။ ယခုအခါ၌ အမိအဖို့မှ မစင်ကြယ်သည်၏အဖြစ်ကိုပြပြီး၍ ဆဲရေးလိုသောသူအား ကျွန်မ၏ သားဟူ၍ ကျွန်မဝမ်း၌ အဖြစ်ကိုပြ ဆဲရေးသကဲ့သို့ (ဥမာလက်ာရ) ထို့အတူ ဘုရားရှင်အား အမိဝမ်း၌ ပဋိသန္ဓေအဖြစ်ကိုပြ၍ ဆဲရေးလို သော ပုဏ္ဏားသည် (ခ) မိန့်။

(ဂ) **သို့/** ဆရာ-သည် (ခ) ဖြင့် မြတ်စွာဘုရားကို အပဂဗ္ဘော-ဟူ၍ ဆိုရခြင်း အကြောင်းနှစ်မျိုးကို ဖွင့်ပြတော်မူအပ်၏။ ထိုအကြောင်းနှစ်မျိုးကြောင့် မြတ်စွာဘုရား ကို အပဂဗ္ဘ-ဟူ၍ ဆိုအပ်ပါသလော။ အဘယ်အကြောင်းကြောင့်လည်း မြတ်စွာဘုရား ကို အပဂဗ္ဘော-ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ဂ) မိန့်

(ဃ) **သို့/** ဆရာသည် (ဂ)ဖြင့် အပဂဗ္ဘော-ကို ဂဗ္ဘတော အပဂတော အပဂဗ္ဘော- ဟူ၍ ပဥ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ဆရာ ဆိုအပ်ပြီးသော ဝိဂြိုဟ်အနက်ကို အဓိပ္ပါယတ္ထအားဖြင့် ထင်ရှားပေါ်လွင်စွာ မပြပြီလော။ အဓိပ္ပါယ်အနက် ကို မည်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်

(င) **သို့/** ဆရာ-သည်၊ (ဂ) ဖြင့် အပဂဗ္ဘော-၌ အပ-ဥပသာရ၏ အပဂတ အနက်ဟောသည်၏အဖြစ်ကိုရင်း၊ အပဂဗ္ဘ-ပုဒ်၏ ပဥ္စမီတပ္ပုရိသ်သမာသ်၏ အဖြစ်ကို ၎င်း၊ ဖွင့်ပြတော်မူ၏။ အပဂဗ္ဘ-၌ အပ-ဥပသာရသည် အပဂတအနက် တစ်မျိုးတည်းသာ ဖြစ်နိုင်ပါသလော။ မည်သည့်အနက် ဖြစ်နိုင်ပါသေးသနည်း။ အပနှင့် ဂဗ္ဘ-ကို ပဥ္စမီ တပ္ပုရိသ်တစ်မျိုးသာ ပြုနိုင်ပါသလော။ မည်သည့် ဝစနတ္ထ ပြုနိုင်ပါသေးသနည်း။(င)မိန့်။

(စ) **သို့/ အနုသန္ဓေ**။ ။ ဤသို့ (င) ဖြင့် ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော-ဟု ဝစနတ္ထကိုပြပြီး၍ ယခုအခါ၌ ယင်းဝစနတ္ထ၏ အဓိပ္ပါယ်ကို ပရိယာယ်တစ်မျိုးဖြင့် ပြလို

http://www.dhammadownload.com



သော ဆရာသည် (စ) မိန့်။

(တစ်နည်း) ဤသို့ (င) ဖြင့် ယုတ်သော ပဋိသန္ဓေရှိသောကြောင့် မြတ်စွာဘုရားသည် အပဂဗ္ဘ-မည်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်း၏အကြောင်းကို ပြလိုသော ဆရာသည် (စ) မိန့်။

**(ဆ) သို့/ အနုသန္ဓေ**။ ။ ဤသို့ (စ) ဖြင့် ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော-ဟူသော ဝိဂ္ဂဟ-၏ အဓိပ္ပါယ်ကို ပရိယာယ်တစ်မျိုးဖြင့် ဖွင့်ပြပြီး၍ ယခုအခါ၌ တဖန် ယင်းဝိဂ္ဂဟ-ကိုပင် "ကောဝဝသေန (ပ) ဒဿေန္တော"ဟု အောက်၌ဆိုခဲ့ပြီးသော နည်းအားလျော်စွာ ပြ၍ အဓိပ္ပါယ်ကိုပြလိုသောဆရာသည် (ဆ) ဝါကျကို မိန့်။

➤ ၃။ (ခ) နယန္တရ ပက္ခန္တရ။(ဂ) စသောဝါကျတို့သည် ဝိတ္ထာရ။ ထိုတွင် တတြာယံ ပဒတ္ထောသည် စကားပျိုးသခေ်ပ။ ဂဗ္ဘတော-စသည်သည် စကားရိုး ဝိတ္ထာရ။ (ဃ) သည် စကားကျကိုပြသောကြောင့် ဝိတ္ထာရ။ (င) ပက္ခန္တရ။ (စ)သည် ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော-ဟူသော ဝိဂ္ဂဟ၏ အဓိပ္ပါယ်ကို ပရိယာယ်တစ်မျိုးဖြင့် အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရ။/အကြောင်းကိုပြသောကြောင့် ကာရဏ။ (ဆ) သည် ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော-ဟူသော ဝိဂ္ဂဟ၏ နောက်ထပ် အဓိပ္ပါယ်တစ်မျိုးကိုပြသောကြောင့် ပက္ခန္တရဝါကျ။

➤ ၄။ ဂဗ္ဘတိ အတ္တဘာဝဘာဝေန ပဝတ္တတီတိ **ဂဗ္ဘော**။ ဂဗ္ဘတော အပဂတော **အပဂဗ္ဘော**။ [ဂ-ဃ-နှင့်အညီ] ဂဗ္ဘတော၊နတ်ပြည် ပဋိသန္ဓေမှ။ အပဂတော၊ကင်းသော သူတည်း။အပဂဗ္ဘော၊သူ။ အပ+ဂဗ္ဘ၊ ပဥ္စမီတပ္ပုရိသ်။ဂဗ္ဘ-ဟူသော ဝိသေသနပုဒ်အရကား နတ်ပြည် ပဋိသန္ဓေသည် မုချ။ ယင်း၏ ကင်းသော ရှင်ဂေါတမနှင့် အပါဒါန်-အပါဒီ စပ် ဌာန္။ ပုဒ်လုံးအရ ထို--သော နတ်ပြည် ပဋိသန္ဓေမှကင်းသော အရှင်ဂေါတမဖြစ် ရ၏။

**(င-စ-နှင့်အညီ)** ဟီနော ဂဗ္ဘော အဿာတိ **အပဂဗ္ဘော**။ အဿ ဘောတော ဂေါတမဿ၊အား။ဟီနော၊နတ်ပြည်ပဋိသန္ဓေမှ အပဖြစ်သော ယုတ်ညံ့ အောက်တန်းကျသော။ဂဗ္ဘော၊ပဋိသန္ဓေသည်။အတ္ထိ၊၏။စတုတ္ထီဗဟုဗ္ဗီဟိသမာသ်၊ အပ+ဂဗ္ဘ+တ-ပုဒ်။

အပ+ဂဗ္ဘ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား နတ်ပြည်ပဋိသန္ဓေမှ အပဖြစ်သော ယုတ်ညံ့အောက်တန်းကျသော ပဋိသန္ဓေသည် မုချ။ ယင်း၏ အရှင်ဂေါတမဖြစ်နှင့် အဘေဒ-ဘေဒ စပ် ဌာန္။ တ-အညပုဒ်အရကား ထို--သော နတ်ပြည် ပဋိသန္ဓေမှ အပဖြစ်သော ယုတ်ညံ့အောက်တန်းကျသော ပဋိသန္ဓေရှိသော အရှင်ဂေါတမ ဖြစ်ရ၏။

**(င-ဆ-နှင့်အညီ)** ဟီနော ဂဗ္ဘော အဿာတိ **အပဂဗ္ဘော**။ အဿ ဘောတော ဂေါတမဿ၊အား။ဟီနော၊ယုတ်ညံ့သော အောက်တန်းကျသော။ဂဗ္ဘော၊အမိဝမ်း၌ ပဋိသန္ဓေနေခြင်းသည်။အတ္ထိ၊၏။ အပဂဗ္ဘ-အရကား ယုတ်ညံ့အောက်တန်းကျသော ပဋိသန္ဓေနေခြင်းသည် မုချ။ ယင်း၏ အရှင်ဂေါတမဖြစ် နှင့် အဘေဒ-ဘေဒ စပ် ဌာန္။ တ-အရ

http://www.dhammadownload.com



ယုတ်ညံ့အောက်တန်းကျသော ပဋိသန္ဓေနေခြင်းရှိသော အရှင်ဂေါတမဖြစ် ရ၏။

ဂဗ္ဘတိ အတ္တဘာဝဘာဝေန ပဝတ္တတီတိ **ဂဗ္ဘော**။ ယော ကလလာဒိ အဝတ္ထော ဓမ္မပဗန္ဓော၊အကြင် ကလလရေကြည် စသည် အခိုက်အတန့်ဖြစ်သော တရားအစဉ်သည်။ အတ္တဘာဝဘာဝေန၊အတ္တဘော၏အဖြစ်ဖြင့်။ဂဗ္ဘတိ ပဝတ္တတိ၊ဖြစ်တတ်၏။ဣတိ သော ဂဗ္ဘော။ ဂဗ္ဘဓာတ်အရကား ကလလရေကြည်စသည် အခိုက်အတန့်ဖြစ်သော ဓမ္မပဗန္ဓ၏ ဥပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော အဝိဇ္ဇာ တဏှာ ကံ အာဟာရ-စသော အကြောင်း တရားတို့သည် ဖလူ။ နောက်နောက်၌ဖြစ်သော ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ-စသော အကျိုးတရားတို့သည် ကာရဏူ။ အ-ပစ္စည်းအရကား ထို--သော ကလလရေကြည်စသည် အခိုက်အတန့်ဖြစ်သော ဓမ္မပဗန္ဓဟူသော ပဋိသန္ဓေရ၏။ (ပဋိသန္ဓေဟော ဂဗ္ဘ-အကောက်)

(တစ်နည်း) ဂဗ္ဘဓာတ်အရကား နတ်ပြည်ပဋိသန္ဓေ၏ ဥပါဒ်သည်မုချ။ ရှေးရှေး၌ ဖြစ်သော အဘိဝါဒန-စသော အကြောင်းကံသည် ဖလူ။ နောက်နောက်၌ဖြစ်သော ဒေဝ လောကသမ္ပတ္တိ-စသည်သည် ကာရဏူ။ အ-ပစ္စည်းအရကား နတ်ပြည်ပဋိသန္ဓေ ရ၏။

ဒေဝဿ လောကော ဒေဝလောကော။ ဒေဝလောကဿ ဂဗ္ဘော ဒေဝလောက ဂဗ္ဘော။ ဒေဝလောကဂဗ္ဘဿ သမ္ပတ္တိ **ဒေဝလောကဂဗ္ဘသမ္ပတ္တိ**။

ဒေဝလောကဂဗ္ဘ-ဟူသော ဝိသေသနပုဒ်အရ နတ်ပြည် ပဋိသန္ဓေသည် မုချ။ ထို-- ၏ ပြည့်စုံခြင်းကြီးယာနှင့် နိဿ-နိဿိတ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော နတ်ပြည် ပဋိသန္ဓေ၏ ပြည့်စုံခြင်း ရ၏။

မာနေတီတိ **မာတာ**။ ဒီရံ ပါယေတီတိ **မာတာ**။ ကုသီယတိ အဘ္တောသီယတီတိ **ကုစ္ဆိ**။ မာတုယာ ကုစ္ဆိ **မာတုကုစ္ဆိ**။ မာတု-ဟူသော ဝိသေသနပုဒ်အရ မိခင်သည် မုချ။ ထို--၏ ဝမ်းတိုက်နှင့် အဝယဝီ-အဝယဝ စပ် ဌာနူ။ ပုဒ်လုံးအရ- မိခင်၏ ဝမ်းရ၏။

➤ ၆။ (စ) ၌ မာတုကုစ္ဆိသို့ ပဋိသန္ဓိဂ္ဂဟဏော-ဖြင့် ဂဗ္ဘ-သဒ္ဒါ၏ ပဋိသန္ဓိဝါစက အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ) ကောဓဝသေန-ဖြင့် အပ ဂဗ္ဘော-၌ အပ-သဒ္ဒါ ၏ ဟီနဝါစကအဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ဟီနော ဂဗ္ဘော အဿာတိ အပဂဗ္ဘော- ဟု ဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဒေါသံ ဒဿေန္တောပိ-ဖြင့် အထက်ပါ အကြောင်းနှစ်မျိုးကြောင့်သာ အပဂဗ္ဘော-ဟု ဆိုအပ်သည် မဟုတ်သေး၊ အမိက စ၍ မစင်ကြယ်ကြောင်းကိုရင်း၊ ယုတ်ညံ့သော ပဋိ သန္ဓေ နေခဲ့ရကြောင်းကိုရင်း ပြလို၍ အပဂဗ္ဘော-ဟူ၍ ဆိုရခြင်းအဓိပ္ပါယ်ကို သိစေပါ သည်။ (ဘာဝတ္ထ)

(ဂ)-ဖြင့် အပဂဗ္ဘော-၌ အပ-ဥပသာရသည် နိဒ္ဒေသ, ဝဇ္ဇန, ပူဇာ-စသော အနက် တို့ကိုမဟော၊ အပဂတအနက်ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အပ-နှင့် ဂဗ္ဘ-ကို အဇ္ဈယိ

http://www.dhammadownload.com



ဘော သမာသ် ဝစနတ္ထ မပြုရ၊ ဂဗ္ဘတော အပဂတော အပဂဗ္ဘော-ဟု ပဉ္စမီတပ္ပုရိသ် သမာသ်ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေသည်။

(ယ) ဖြင့် အပဂဗ္ဘ•နတ်ပြည်ပဋိသန္ဓေမှ ကင်းသောသူဟူသည် နတ်ပြည်ပဋိသန္ဓေသို့ ရောက်ခြင်းငှာ မထိုက်သူပင်တည်းဟူသော အဓိပ္ပါယ်ကိုရင်း၊ (ဘာဝတ္ထ) ဂဗ္ဘတော အပဂတော-၌ ဂဗ္ဘ-အရ လူ့ပြည်ပဋိသန္ဓေကို မယူရ၊ နတ်ပြည်ပဋိသန္ဓေကို ယူ--ရင်း (အဘိဓေယျတ္ထ) သိစေပါသည်။

(င) ဖြင့် အပဂဗ္ဘော-၌ အပ-သဒ္ဒါသည် ဂရဟာအနက် (ဝါ) ဟီနအနက်ကိုဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အပဂဗ္ဘောပုဒ်ကို ဟီနော ဂဗ္ဘော ယဿာတိ အပဂဗ္ဘော-ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

(စ) ဖြင့် ယုတ်သော ပဋိသန္ဓေရှိ၏ဟူသည် နတ်ပြည်ပဋိသန္ဓေမှ အပဖြစ်သော ကြောင့် နောင်အခါ၌ ယုတ်ညံ့သော ပဋိသန္ဓေကို ရခြင်းအဘို့ရှိခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဆ) ဖြင့် (င) ၌ ယုတ်ညံ့သော ပဋိသန္ဓေရှိ၏ဟူသည် အမိဝမ်း၌ ယုတ်ညံ့သော ကိုယ်ဝန်အဖြစ်ဖြင့် နေခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

➤ ၇။ **ဂဗ္ဘဝါသော/ဂဗ္ဘာဝါသော** ။ ။ ဂဗ္ဘသ္မိ ဘာဝေန ဝါသော ဂဗ္ဘဝါသော-ဟုကိုယ်ဝန်၏အဖြစ်ဖြင့်နေခြင်း။ ဂဗ္ဘ-ကား ကုစ္ဆိဋ္ဌသတ္တအနက်၊ ဂဗ္ဘော ဟုတွာ ဝါသော ဂဗ္ဘဝါသော-ဟုပြု။ ကိုယ်ဝန်အဖြစ်ဖြင့်နေခြင်း။ ဤသို့ သဒ္ဒယုတ္တိ အတ္ထယုတ္တိရှိသော ကြောင့် ဂဗ္ဘဝါသော-သင့်ပါသည်။

**ဟီန/ဟီဏ** ။ ။ ဟီနော-ကား ဟာဓာတ် တ-ပစ္စည်း၊ ကွစိဓာတု-သုတ်ဖြင့် တ-ပစ္စည်းကို ဤအပြု၊ ဏ-ကို န-ပြု၍ ပြီးသောကြောင့် ဟီန-သင့်ပါသည်။

**ဟီနောဝါဿ/ဟီနောဝဿ** ။ ။ န မာ ဒါ ဝါ သွာ တြ ဏှာ တွာဒီနံ သရလောပေ အယျုညွှဿယုဿာန မကာရော ဒီဃံ-ဟူသော နီတိ၊သုတ္တ-နှင့်အညီ ဝါ-အဿ-ဟု ပုဒ်ဖြတ်၍ ဝါ-၏အစိတ် အာ-ကိုချေပြီး နောက်သံယုက်နှောင်းသော်လည်း နောက် အဿ-၏ အစိတ် အ-ကို အာဒီဃပြု၍ ရုပ်ပြီးသောကြောင့်ရင်း၊ ဟီနော ဝါဿ-ဟု ဝိကပ္ပနတ္ထ ဝါ-သဒ္ဒါဖြင့် ပါဠ်မှန်ရှိစေဟု ဘာသာဋီကာ၌ ဆိုသောကြောင့်ရင်း ဟီနောဝါဿ-သင့်ပါသည်။

**ဒဿေန္တောပိ/ဒဿေန္တော** ။ ။ အပိသဒ္ဒေါ ပုစ္ဆနယေ ဝုတ္တံ မညနံ အပေက္ခတိ-ဟူသော ယောဇနာကိုထောက်၍ ဒဿေန္တောပိ-သင့်ပါသည်။

**အပဂဗ္ဘော/အပ္ပဂဗ္ဘော** ။ ။ အပ-ဥပသာရဖြစ်၍ အပဂဗ္ဘော-သင့်ပါသည်။

➤ ၈။ ဂဗ္ဘ-ကား ဌာနဖြစ်သော အမိဝမ်း၏ “ဂဗ္ဘ”ဟူသောအမည်ကို ဌာနီဖြစ်သော ပဋိသန္ဓေ၌တင်-- ဌာနူပစာ။ နာနန္တရိကနည်း။

http://www.dhammadownload.com



(တစ်နည်း) အတူဖြစ်သော ကုဋ္ဌိဋ္ဌသတ္တဂဗ္ဘသေယျကသတ္တဝါ၏ "ဂဗ္ဘ"ဟူသော အမည်ကို အတူရှိသော ဥပပါတ် ပဋိသန္ဓေ၌တင်-- သဒိသူပစာ။ ရှုဦးနည်း။

(တစ်နည်း) အတူဖြစ်သော လူ-စသော ပဋိသန္ဓေ၏ "ဂဗ္ဘ"အမည်ကို အတူရှိသော အမိဝမ်း မရှိသော နတ်ပဋိသန္ဓေ၌တင်-- သဒိသူပစာ။

**အပဂဗ္ဘ**-ကား အတူဖြစ်သော ဝမ်း၌တည်နေသော သတ္တဝါမှကင်းခြင်း၏ "အပဂဗ္ဘ" ဟူသောအမည်ကို အတူရှိသော ပဋိသန္ဓေမှကင်းခြင်း၌တင်-- သဒိသူပစာ။

ဤ၌ အပဂဗ္ဘ-သဒ္ဒါသည် ဝမ်းတိုက်၌တည်နေသော သတ္တဝါမှကင်းခြင်းကို ဟောနိုင် သော်လည်း ပဋိသန္ဓေမှကင်းခြင်းကို အထင်အားဖြင့် ဆိုခြင်းကြောင့် ရှုဦးနည်း မည်၏။

(တစ်နည်း) ဌာနဖြစ်သော အမိဝမ်းတိုက်မှကင်းခြင်း၏ "အပဂဗ္ဘ"ဟူသောအမည်ကို ဌာနီဖြစ်သော ပဋိသန္ဓေမှကင်းခြင်း ၌တင်-- ဌာနူပစာ။

➢ ၁၀။ (ဂ) ဂန္ဓ-အရ နတ်ပြည်ပဋိသန္ဓေဟု ဆိုအပ်သော မဟာဝိပါက် ၈-ပါးတို့ တွင် တစ်ပါးပါး။ (ခ) အဟိတ်ပဋိသန္ဓေ ၂-ပါး။

[ **စန္ဒာဓာရဏဘာရစနဋ္ဌိ** ] ဂန္ဓ–အရ ကလလာဒိ အဝတ္ထော ဓမ္မပ္ပဗန္ဓော-ဟူသော (သာရတ္ထ-အရ) ကာယ, ဘာဝ, ဝတ္ထုဒသက-ဟူသော ကလာပ် သုံးစည်း၊ ရုပ်သုံးဆယ်ကို မုချအားဖြင့် ယူအပ်၏။ ထိုရုပ်သုံးဆယ်ကိုယူသဖြင့် ထိုနှင့် မကင်းကောင်းသော ပဋိသန္ဓေ စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။ ထိုတွင် ကလာပ်သုံးစည်း ရုပ်သုံးဆယ်သည် ရူပကန္ဓာမည် ၏--စသည်။

## ပါဠိ [၅၃]

(က) **တဤ စ ယဿ ဓေါ ဗြာဟ္မဏ အာယတိံ ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာတိ ဇတေသိ ပဒါနိ ဇဝမတ္တော ဒင္ဓဗ္ဗော။**

(ခ) ဗြာဟ္မဏ ယဿ ပုဂ္ဂလဿ အနာဂတေ ဂဗ္ဘသေယျာ ပုနဗ္ဘဝေ စ အဘိနိဗ္ဗတ္တိ အနုတ္တရေန မဂ္ဂေန ဝိဟတတကာရဏတ္တာ ပဟီနာတိ။

(ဂ) ဂဗ္ဘသေယျဂ္ဂဟဏေန စေတ္ထ ဇလာဗုဇယောနိ ဂဟိတာ။ ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိဂ္ဂဟ ဏေန ဣတရာ တိဿောပိ။ (၄။၁၀၇။မအ-၂။၂၁၁။ ဘာသာဋီ-၁။၅၄၀။)

➢ ၁။ **သဒ္ဒတ္ထဝါစ္စ–အနက်** ။ ။ ဗြာဟ္မဏ၊ပုဏ္ဏား။ယဿ၊အား။(ဝါ)သည်။အာယတိံ၊ နောင်အခါ၌။ဂဗ္ဘသေယျာ၊အမိဝမ်း၌ ကိန်းအောင်းခြင်းကိုရင်း။(ဝါ)အမိဝမ်း၌ ကိန်းသော ဇလာဗုဇယောနိကိုရင်း။ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၊တဖန်ဘဝသစ်၌ ဖြစ်ခြင်းကိုရင်း။(ဝါ) တဖန်ဘဝသစ်၌ဖြစ်သော ယောနိ ကိုရင်း။အနုတ္တရေန မဂ္ဂေန၊အရဟတ္တမဂ်ဖြင့်။ (ကရိုဏ်း) ဝိဟတကာရဏတ္တာ၊ဖျက်ဆီးအပ်ပြီးသော အကြောင်းရှိသည်၏အဖြစ်ကြောင့်။(ဟိတ်) ပဟီနာ၊ပယ်အပ်ကုန်ပြီ။

http://www.dhammadownload.com



➤ ၂။ (စ) သို့/ ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ဟု ဟောတော်မူအပ်၏။ ယင်းတရားများသည် စင်စစ် ပဟာတဗ္ဗတရားများ မဖြစ်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ဟု ပဋိသန္ဓေတရားများ ပယ်ခြင်းကို ဟောဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။ အား-- ယင်းပဋိသန္ဓေတရားများသည် စင်စစ် ပဟာတဗ္ဗတရားများ မဟုတ်ငြားလည်း ယင်းတို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာ တဏှာ ပြဋ္ဌာန်းသော ကိလေသာတို့ကို ဖလူပစာအားဖြင့် ပယ်အပ်သည်ကို ပြလိုရကား ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ဟု ဟောတော်မူအပ်၏ဟူလို။

(ဂ) သို့/ **စောဒနာ** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ဟု ဟောတော်မူ၏။ ဂဗ္ဘသေယျာနှင့် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိသည် ဘဝသစ်၌ ပဋိသန္ဓေနေခြင်းအဖြစ်ဖြင့် အတူတူပင်ဖြစ်သည်မဟုတ်လော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ဟု ဟောတော်မူပါသနည်း။ (အန္ွယ) အဘယ့်ကြောင့် ဂဗ္ဘသေယျာ ပဟီနာ-ဟုသာ ဟောတော်မမူပါသနည်း။ (ဗျတိရေက) အကယ်၍ ဂဗ္ဘသေယျာ ပဟီနာ-ဟု ဟောကပြီးကောင်းလျက် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ကို ထပ်၍ ဟောတော်မူခဲ့သော် ဒေသကဘုရားရှင်အား ပုနရုတ္တိဒေါသ၊ နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။ အား-- (ဂ) ဖြင့် ဂဗ္ဘသေယျ-သဒ္ဒါဖြင့် ဇလာဗုဇယောနိ-ကို ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-သဒ္ဒါဖြင့် ယောနိ ၄-ပါးကို ယူရမည်ဖြစ်သောကြောင့် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ဟု ဟောတော်မူ၏ဟု ငါပြဆိုသည်ဖြစ်ရကား--ဟူလို။

(ဂ) **ဒုတိယဝါကျသို့**/ ဆရာ-သည် (ဂ) ရှေ့ပိုင်းဖြင့် ဂဗ္ဘသေယျ-သဒ္ဒါဖြင့် ဇလာဗုဇယောနိကို ယူရမည်ဟု ပြဆို၏။ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-သဒ္ဒါဖြင့်ကား အဘယ်ယောနိကို ယူရမည်နည်း၊ ဇလာဗုဇယောနိ-မှတစ်ပါး ကျန် ယောနိ ၃-ပါးကိုသာ ယူရမည်လော။ စုဒ်ကြောင့် (ဂ) ဒုတိယဝါကျမိန့်။

➤ ၃။ (က-ခ) တို့သည် သမုဒါယတ္ထ-မှတစ်ပါး ပဒတ္ထကိုပြသောကြောင့် ပက္ခန္တရ။ ထိုတွင် (ခ) သည် ဝိတ္ထာရ။ (ဂ) ဝါကျာရမ္ဘ/ဝိသေသဝါကျ။

➤ ၄။ ဇရံ ဇီရဏ်ံ ဘေဒံ ယာတိ ဥပေတီတိ **ဇလာဗု**။ ဇရံ ဧတီတိ **ဇလာဗု**။ ဇလာဗုမှိ ဇာတာ **ဇလာဗုဇာ**။ ဇလာဗု-ပုဒ်အရကား သားအိမ် (အမိဝမ်းခြံဗ်) သည် မုချ။ ထို--၏ ပဋိသန္ဓေနှင့် ဌာန-ဌာနီ စပ် ဌာနူ။ ပုဒ်လုံးအရကား ဇလာဗုဇပဋိသန္ဓေ ရ၏။

ဂဗ္ဘေ မာတုကုစ္ဆိမှိ သေယျာ **ဂဗ္ဘသေယျာ**။ ဂဗ္ဘေမာတုကုစ္ဆိမှိ၊အမိဝမ်း၌၊သေယျာ၊ကိန်းသော ပဋိသန္ဓေတည်း။ (ဇလာဗုဇ-နှင့်အတူကောက်)

ဂဗ္ဘေ သေယျာ **ဂဗ္ဘသေယျာ**။ ဂဗ္ဘ-အရ အမိဝမ်းတိုက်သည် မုချ။ ထို--၏ ကိန်းခြင်းနှင့် ဌာန-ဌာနီ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော အမိဝမ်း၌ ကိန်းခြင်း ရ၏။

http://www.dhammadownload.com



ဝိဟတံ ကာရဏံ ဧတာသန္တိ ဝိဟတကာရဏာ။ ဝိဟတံ ကာရဏံ ဝိဟတကာရဏာ။ ဝိဟတကာရဏာနံ ဘာဝေါ **ဝိဟတကာရဏတ္တံ**။ ဝိဟတကာရဏ-တဒ္ဓိတ်အရ အဝိဇ္ဇာ တဏှာ ကံ ကိလေသာဟူသော ဖျက်ဆီးအပ်ပြီးသော အကြောင်းရှိသော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်သည် မုချ။ ထို--၏ ဖျက်ဆီးအပ်ပြီးသည်၏အဖြစ်ဟူသော အဘာဝဘော ဂုဏ်နှင့် နိဿယ-နိဿိတ စပ် ဌာန္။ တ္တ-ပစ္စည်းအရ ထို--သော ဖျက်ဆီးအပ်ပြီး သည်၏အဖြစ်ဟူသော အဘာဝ ဘောဂုဏ် ရ၏။

➤ ၆။ (စ) ၌ ဗြာဟ္မဏာဿ ပုဂ္ဂလဿ-ဖြင့် ပါဠိ၌ ဗြာဟ္မဏာပုဒ်ကို ရှေးဦးစွာ အနက် ယောဇနာရမည်၏--ဧင်း (ဘာဝတ္ထ) ယဿ-၌ ယ-သဒ္ဒါ၏ ပုဂ္ဂလ-ကို စွဲသည် ၏--ဧင်း (သဗ္ဗနာမလိင်္ဂတ္ထ) သိစေပါသည်။

အနာဂတေ-ဖြင့် အာယတိံ-၌ ဒုတိယာဝိဘတ်သည် သတ္တမီအနက်၌သက်--ဧင်း (ဝိဘတျတ္ထ) အာယတိ-သဒ္ဒါ၏ အာဂါမိကာလအနက်ဟော--ဧင်း (နာမလိင်္ဂတ္ထ) သိ။

(တစ်နည်း) အာယတိံ-၌ နိဂ္ဂဟိတ်သည် ဟာရာဏသိံ စသည်တို့ကဲ့သို့ သတ္တမီ ဝိဘတ်၏ ကာရိယအဖြစ်ကို သိစေပါသည်။ (ဝိဘတ္တိပဒ)

**ပုနဗ္ဘဝေ အဘိနိဗ္ဗတ္တိ**-ဖြင့် ပုနဗ္ဘဝ-နှင့် အဘိနိဗ္ဗတ္တိကို သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂပဒတ္ထ) စ-သဒ္ဒါဖြင့် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ဟူသော ပါဠိတော်၌ သမုစ္စည်းအနက်ကား အတ္ထပူရဏတည်း၊ (ဝါ) သမုစ္စည်းအနက်ဖြည့်စွက် အနက်ယောဇနာရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(တစ်နည်း) သမုစ္စည်းအနက်ရှိသော စသဒ္ဒါ၏ လုတ္တနိဒ္ဒိဋ္ဌ (ဝါ) ဂမျမာန် (ဝါ) ပါဌ သေသ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ) **အနုပ္ပတ္တိဓမ္မတံ အာပါဒိတာ**-ဖြင့် ပဟီနာ-၌ ဟာဓာတ်၏ ကရိုဏ်း၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

**ဝိဟတကာရဏတ္တာ**-ဖြင့် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-တို့၏ အပဟာတဗ္ဗ အဖြစ်ကိုဧင်း (ဘာဝတ္ထ) ယင်းသို့ဖြစ်သော်လည်း ယင်းတို့အကြောင်းဖြစ်သော ကံ ကိလေသာတို့ကို ပယ်လျှင် ယင်းတို့၏လည်း မဖြစ်ခြင်းကြောင့် ဖလူပစာအားဖြင့် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိ ပဟီနာ-ဟု ဆိုအပ်သည်၏--ဧင်း (ဘာဝတ္ထ) သိစေပါသည်။

➤ ၇။ ပုနဗ္ဘဝေစ/ပုနဗ္ဘဝေ ॥ ॥ စသဒ္ဒေါ ဝါကျာရမ္ဘော စသဒ္ဒေါ ဂဗ္ဘသေယျာစ အဘိနိဗ္ဗတ္တိစာတိ ယောဇေတဗ္ဗော-ဟူသော ယောဇနာကိုထောက်၍ ပုနဗ္ဘဝေစ-ပါဌ် သာသင့်ပါသည်။

ပုနဗ္ဘဝေ/ပုနဘာဝေ ॥ ॥ ပုနရ်-ဟု သက္ကတ၌ရှိသောကြောင့် ပါဠိ၌ ပျောက်သွား သော ရ-အစား နောက်ပုဒ်၌ ဒွေဘော်လာရသည်၊ ထို့ကြောင့် ပုနဗ္ဘဝေပါဌ် သင့်ပါသည်။

➤ ၈။ **ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ**-ကား အကျိုးဖြစ်သော ဇလာဗုဇ- စသော ပဋိသန္ဓေလေးမျိုး၏ "ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ" အမည်ကို အကြောင်းဖြစ်

http://www.dhammadownload.com



သော ကံ ကိလေသာတို့၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-ကား ဇလာဗုဇယောနိ-မှ ကြွင်းသော အဏ္ဍဇ သံသေဒဇ ဩပပါတိက ယောနိ သုံးပါးကိုလည်း ရသောကြောင့် ပါရိသေသနည်း။

➤ ၁၀။ **အနုတ္တရေန မဂ္ဂေန**-အရ အရဟတ္တမဂ်ရ၏။

[**အနုတ္တရေနအရဟတ္တမဂ္ဂ**] ဝိဟတကာရဏတ္တာ-၌ ကာရဏ-အရ လောကီကုသိုလ်သတ္တရသ၊ အကုသိုလ်ဒွါဒသ၌ရှိသော စေတနာဟုဆိုအပ်သော ကံနှင့် တဏှာ-စသော ကိလေသာတို့ရ၏။ ထိုကံနှင့် ကိလေသာတို့ကိုယူသဖြင့် ကြွင်းသော စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်သည်။ ထို့ကြောင့် နာမက္ခန္ဓာ ၄-ပါး၌သွင်းလေ။

**ဝါကျ [၇၄]**

(က) အပိစ ဂဗ္ဘသ သေယျာ ဂဗ္ဘသေယျာ။

(ခ) ပုနဗ္ဘဝေါ ဧဝ အဘိနိဗ္ဗတ္တိ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။

(ဂ) ယထာ စ ဝိညာဏဋ္ဌိတီတိ ဝုတ္တေပိ န ဝိညာဏတော အညာ ဌိတိ အတ္ထိ၊ ဧဝမိဓာပိ န ဂဗ္ဘတော အညာ သေယျာတိ ဝေဒိတဗ္ဗာ။

(ဃ) အဘိနိဗ္ဗတ္တိစ နာမ ယသ္မာ ပုနဗ္ဘဝဘူတာပိ အပုနဗ္ဘဝဘူတာပိ အတ္ထိ၊ ဣဓ စ ပုနဗ္ဘဝဘူတာ အဓိပ္ပေတာ၊ တသ္မာ ဝုတ္တံ "ပုနဗ္ဘဝေါ ဧဝ အဘိနိဗ္ဗတ္တိ ပုနဗ္ဘဝါဘိနိဗ္ဗတ္တီ"တိ။

(၄။၁၀၇။ မအ္ဃ-၂။၂၁၂။ ဘာသာဋီ-၁။၅၄၁။)

➤ ၂။ **(က) သို့/အဿရာနုသန္ဓေ** ။ ။ ယခုအခါ၌ သဂ္ဂ-သဒ္ဒါ၏ ပရိယာယ်ဖြစ်သော (ဝါ) သတ္တဝါကိုဟောသော ဂဗ္ဘ-သဒ္ဒါ၏ အစွမ်းဖြင့် ဝိဂြိုဟ်အထူးကို ပြလိုရကား (က) မိန့်။

(ဂ) သို့/ ဆရာ-သည် (က) ဖြင့် ကိုယ်ဝန်၏ကိန်းရာသည် ဂဗ္ဘသေယျမည်သောဟု ဆို၏။ ယင်းသို့ဖြစ်လတ်သော် "အာယတိံ ဂဗ္ဘသေယျာ ပဟီနာ"ဟူ၍ ပါဠိတော်၌ ဟောတော်မူအပ်သောကြောင့် ကိုယ်ဝန်၏ ကိန်းရာကိုသာလျှင် ပယ်အပ်၏၊ ကိုယ်ဝန်ကိုကား မပယ်အပ်ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ အဘယ်သို့ မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (ဂ) မိန့်။ **ကား**-- (ဂ) ဖြင့် ဝိညာဏဿ ဌိတိ ဝိညာဏဋ္ဌိတိ-ဟု ဆိုအပ်သော် ဝိညာဏ်မှတစ်ပါးသော တည်ရာမည်သည် မရှိ အဘေဒဘေဒူပစာအားဖြင့် ဝိညာဏ်ကိုပင် ယူအပ်သကဲ့သို့ ဤ၌လည်း ဂဗ္ဘသ သေယျာ-ဟု ဆိုအပ်သော်လည်း ကိုယ်ဝန်မှတစ်ပါး ကိန်းရာမည်သည် မရှိ ကိုယ်ဝန်ကိုပင် အရကောက်ရမည်ဟူသော အဓိပ္ပါယ်ကို မှတ်သားအပ်ပါ၏ဟူလို။

**(ဃ) သို့/ စောဒနာ** ။ ။ ဆရာ-သည် (ခ) ဖြင့် ပုနဗ္ဘဝေါ ဧဝ အဘိနိဗ္ဗတ္တိ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-ဟု ပုနဗ္ဘဝ-နှင့် အဘိနိဗ္ဗတ္တိကို အရတူအဖြစ်ဖြင့် ပြဆိုတော်မူ၏။ ယင်းသို့ အရတူနေလျှင် ပါဠိတော်၌ အဘိနိဗ္ဗတ္တိမျှကိုသာ ဟောတော်မူသင့်သည် မဟုတ်ပါလော။ အဘိနိဗ္ဗတ္တိမျှကိုသာ မဆိုမူ၍ အဘယ့်ကြောင့် (ဝါ) အဘယ်အကျိုးငှာ ပုနဗ္ဘဝ-သဒ္ဒါကို ဆို

P-17-1

http://www.dhammadownload.com



ပြန်ပါသနည်း၊ ပုနဗ္ဘဝ-သဒ္ဒါကို ဆိုပြန်ခြင်း၏အကြောင်းကို မပြသော် ဆရာ့အား အကြောင်းမှယုတ်သော ဟီနတ္ထဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဃ) မိန့်။

**ကား**-- (ဃ) ဖြင့် အဘိနိဗ္ဗတ္တိသည် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ, အပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-ဟု နှစ်မျိုးရှိရကား ဤ၌ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-ကိုသာ လိုအပ်သောကြောင့် အဘိနိဗ္ဗတ္တိမျှကိုသာ မဆိုဘဲ ပုနဗ္ဘဝ-သဒ္ဒါကို ဆိုပြန်၏ဟူလို။

➤ ၃။ (က) ပကေ္ခန္တရ။ (ခ) သည် ဂဗ္ဘသေယျာပုဒ်၏ အဖွင့်မှတစ်ပါး ပုနဗ္ဘဝါဘိနိဗ္ဗတ္တိပုဒ်၏ အဖွင့်ကိုပြသောကြောင့် ပကေ္ခန္တရ။ (ဂ) သည် (က) ဝါကျ စကားကို ဥပမာန ဥပမေယျဖြင့် ထင်စွာပြသောကြောင့် တပ္ပါကဋီကရဏဝါကျ။ (တစ်နည်း) (က) စကား ရပ်၌ စောဒနာဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဃ) သည် ဝါကျာရမ္ဘ။ ယင်း (ဃ) ၌ အဘိနိဗ္ဗတ္တိ-စသည်ကား ကာရဏဝါကျ။/အနိယတ်။ တသ္မာ ဝုတ္တံ-စသည်ကား ဖလဝါကျ/ နိယတ်ဝါကျ။ ယင်းအနိယတ်ဝါကျ၌ အဘိနိဗ္ဗတ္တိစ နာမ-မှ အတ္ထိ-တိုင်အောင် အဘိနိဗ္ဗတ္တိ၏ သရုပ်ကိုပြသောကြောင့် အတ္ထုဒ္ဒါရ/သာမညဝါကျ။ တ္ထစ စ ပုနဗ္ဘဝဘူတာ အဓိပ္ပေတာ-ကား ဤ၌ လိုအပ်သော အဘိနိဗ္ဗတ္တိကို အထူးထုတ်၍ ပြသောကြောင့် အတ္ထုဒ္ဓေသ/ဝိသေသဝါကျ။

**စာစပ်** ။ ။ အဘိနိဗ္ဗတ္တိနာမ-ကား ကို--ကြောင့် အဓိပ္ပေတာ-၌ ကမ္မ- ကမ္မိ စပ်။

➤ ၄။ သယန္တိ ဧတ္ထာတိ **သေယျာ**။ ဂဗ္ဘေ သေယျာ **ဂဗ္ဘသေယျာ**။ ဂဗ္ဘသ္မိ၊ ကိုယ်ဝန်၏။သေယျာ၊ကိန်းရာတည်း။ဂဗ္ဘသေယျာ၊ကိုယ်ဝန်၏ကိန်းရာ။ဆဋ္ဌီတပ္ပုရိသ် သမာသ်၊ ဂဗ္ဘပုဒ်၊သေယျပုဒ်။ ဂဗ္ဘ-အရကား ကိုယ်ဝန်ဖြစ်သည် မုချ။ ယင်း၏ ကိန်းရာနှင့် အဘေဒ-ဘေဒ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ကိုယ်ဝန်၏ကိန်းရာ ရ၏။

* ဝိသေသေန ဇာနာတီတိ **ဝိညာဏံ**။ ဋ္ဌိယတေ ဋ္ဌိတိ။ ဝိညာဏဿ ဋ္ဌိတိ **ဝိညာဏ ဋ္ဌိတိ**။ ဝိညာဏမေဝ ဋ္ဌိတိ ဝိညာဏဋ္ဌိတိ။ ဝိညာဏ-ဟူသော ဝိသေသနအရ စိတ်ဝိညာဉ် သည် မုချ။ ထို--၏ တည်ခြင်းကြိယာနှင့် အဘေဒ ဘေဒ/ဌာန-ဌာနီ စပ် ဌာနူ။ ပုဒ် လုံးအရကား ထို--သော ဝိညာဉ်၏ တည်ခြင်းရ၏။

* ပုနော ဘဝေါ **ပုနဗ္ဘဝေါ**။ န ပုနဗ္ဘဝေါ အပုနဗ္ဘဝေါ။ အပုနဗ္ဘဝေါ ဟုတွာ ဘူတာ **အပုနဗ္ဘဝဘူတာ**။ အပုနဗ္ဘဝ-ဟူသော ဝိသေသန-အရ တစ်ဖန် ဘဝ မဟုတ်ခြင်းဟူသော အဘာဝဘောဂုဏ် (တစ်နည်း) သမ္ဘာဝနာဘောဂုဏ်သည် မုချ။ ထို-၏ ဖြစ်၍ဖြစ်ဆဲသော ယခုဘဝ ရုပ်နာမ်တရားတို့နှင့် ဂုဏ်- ဂုဏီ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော တစ်ဖန် ဘဝမဟုတ်သည်ဖြစ်၍ဖြစ်သော ယခုဘဝဖြစ်ဆဲသော ရုပ်နာမ်တို့ရ၏။

➤ ၆။ (က) ၌ ဂဗ္ဘဿ သေယျာ-ဖြင့် ဂဗ္ဘသေယျာ-ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲရမည်ဟု သိစေသည်။ (သမာသလိင်္ဂပဒတ္ထ)

(ခ) ဖြင့် ပုနဗ္ဘဝ-နှင့် အဘိနိဗ္ဗတ္တိ-ကို ပုနဗ္ဘဝဿ အဘိနိဗ္ဗတ္တိ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-ဟု

http://www.dhammadownload.com



ဆင္ဒိတပ္ပုရိသ်သမာသ် ဝစနတ္တ မပြုရ၊ အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္တပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂပဒတ္တ)

ဧဝမေတ္တ အတ္တေ ဒဌဗ္ဗော-ဖြင့် ဂဗ္ဘသေယျာ-၌ ဆဋ္ဌိတပ္ပုရိသ်သမာသ်၊ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-၌ အဝဓာရဏကမ္မဓာရယ်သမာသ် အနက်တို့ကို နည်းတစ်ပါးအားဖြင့် သိထိုက်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္တ)

(ဃ) ၌ အဘိနိဗ္ဗတ္တိစ နာမ (ပ) အတ္တိ-ဖြင့် အဘိနိဗ္ဗတ္တိ-သည် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ, အပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-ဟု နှစ်မျိုးရှိသတည်းဟု သိစေသည်။(အဘိဓေယျတ္တ) ဣဓစ ပုနဗ္ဘဝဘူတာ အဓိပ္ပေတာ-ဖြင့် ဤ၌ ပုနဗ္ဘဝါအဘိနိဗ္ဗတ္တိ-ကိုသာ အလိုရှိအပ်သတည်းဟု သိစေပါသည်။ (အဓိပ္ပေတတ္တ/နာမလိင်္ဂ/အဘိဓေယျတ္တ)

➤ ၇။ **အဘိနိဗ္ဗတ္တိ/အဘိနိပ္ဖတ္တိ** ။ ။ ဤ၌ ပြီးခြင်းအနက်ကို အလိုမရှိအပ်၊ ဖြစ်ခြင်းအနက်ကို အလိုရှိအပ်သည်ဖြစ်၍ နိပုဗ္ဗ ပဒဓာတ် တိပစ္စည်း၊ (တစ်နည်း) နိပုဗ္ဗ ဝတ္တဓာတ် က္တ-ပစ္စည်း (တစ်နည်း) ဝတုဓာတ် က္တ-ပစ္စည်းဖြင့်ပြီးသော ဖြစ်ခြင်းအနက်ဟော အဘိနိဗ္ဗတ္တိ-ကိုသာ လိုအပ်သောကြောင့် အဘိနိဗ္ဗတ္တိ-ပါဌ်သာ သင့်ပါသည်။

*** ဧဝမေတ္တ/ဧဝမေ့တ္တ** ။ ။ အပိစ-ဟူသော နယန္တရဇောတက နိပါတ်ပုဒ် ပါပြီးဖြစ်၍ ဤ၌ သီးခြားဆည်းစရာ အနက်ကြွင်းကျန် မရှိသောကြောင့် ဧဝမေတ္တ-ပါဌ်သာ သင့်။

➤ ၈။ **ဂဗ္ဘသေယျာ**-ကား ကိုယ်ဝန်နှင့် ကိန်းရာကို မပြားဘဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။ အဘေဒနည်း။ ဂဗ္ဘသယ-ဟုဆိုက လိုအပ်သောအနက်သည် ပြီးပါလျက် သေယျာ-ဟု အလွန်အားဖြင့် ဆိုခြင်းကြောင့် ဥက္ကဋ္ဌနည်းမည်း၏။

**ဝိညာဏက္ခန္ဓိ**-ကား ဝိညာဏ်နှင့် တည်ရာကို မပြားဘဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။ အဘေဒနည်း။

**အဘိနိဗ္ဗတ္တိ**—ကား အပေါင်းဖြစ်သော ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ, အပုနဗ္ဘဝါဘိနိဗ္ဗတ္တိတို့၏ "အဘိနိဗ္ဗတ္တိ" အမည်ကို အစိတ်ဖြစ်သော ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၌တင်-- ဧကဒေသျူပစာ။ နေယျတ္တနည်း၊ ရုဠှီနည်း။

**ဓမ္မဓာတုံ ပဋိဝိဇ္ဈိတွာ**-ကား အပေါင်းဖြစ်သော ဓမ္မဓာတ်အားလုံး၏ "ဓမ္မဓာတု" အမည်ကို အစိတ်ဖြစ်သော သဗ္ဗညုတဉာဏ်၌တင်--ဧကဒေသျူပစာ။

**ဂဗ္ဘ**-ကား အပေါင်းဖြစ်သော ဩဝါဒကႏတိုက်ခန်း, ကုစ္ဆိ-ဝမ်းတိုက်, ကုစ္ဆိဋ္ဌသတ္တ-ကိုယ်ဝန် သူငယ်တို့၏ "ဂဗ္ဘ" အမည်ကို အစိတ်ဖြစ်သော ကိုယ်ဝန် သူငယ်၌တင်-- ဧကဒေသျူပစာ။ ဌာနဖြစ်သော မိခင် ဝမ်းတိုက်၏ "ဂဗ္ဘ"အမည်ကို ဌာနီဖြစ်သော ကိုယ်ဝန်သူငယ်၌တင်-- ဌာနူပစာ။

➤ ၁၀။ **အပုနဗ္ဘဝ**-အရ ခဏတိုင်း ခဏတိုင်းဖြစ်နေသော ရုပ်နာမ်တရား ရ၏။ **ဓမ္မဓာတုံ**—အရ သဗ္ဗညုတဉာဏ် ရ၏။

http://www.dhammadownload.com



**ဝါကျ [၇၅]**

(က) တတ္ထ သေယျထာတိ ဩပမ္မတ္ထေ နိပါတော။ (ခ) ပီတိ သမ္ဘာဝနတ္ထေ။

(ဂ) ဥဘာယေနာပိ ယထာနာမ ဩပမ္မလာတိ ဒဿေတိ။

(ဃ-၁) ကုက္ကုဋိယာ အဏ္ဍာနိ အဋ္ဌ ဝါ ဒသ ဝါ ဒွါဒသ ဝါတိ ဧတ္ထ ပန ကိဉ္စာပိ ကုက္ကုဋိယာ ဝုတ္တပ္ပကာရတော ဦနာဓိကာနိပိ အဏ္ဍာနိ ဟောန္တိ။

(ဃ-၂) အာဟ ခေါ ဝစနသိလိဋ္ဌတာယ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

(င) ဧဝဉှိ လောကေ သိလိဋ္ဌဝစနံ ဟောတိ။

(စ) တာနဿုတိ တာနိ အဿု။ (ဆ) ဘဝေယျုန္တိ ဝုတ္တံ ဟောတိ။

(၄။၁၀၈။ မအူ-၂။၂၁၇။ ဘာသာဋီ-၁။၅၄၆။)

➤ ၂။ (ဂ) သို့/ ဆရာ-သည် (က-ခ) ဝါကျတို့ဖြင့် သေယျထာ နိပါတ်သည် ဩပမ္မအနက်၊ ပိ-သည် သမ္ဘာဝနာအနက်၌ ဖြစ်သည်ကို ဖွင့်ပြအပ်၏။ အနက် အသီး အခြားကိုဟောသော သဒ္ဒါဖြစ်ရကား အသီးသီးပင် အနက်ဖြစ်ရာ၏ဟု မှတ်သား အပ်ပါသလော။/သေယျထာ-သဒ္ဒါ တစ်ခုတည်းဖြင့်သာလျှင် ယထာနာမ-ဟူသော ဥပမာ အနက်ကိုသာ ပြအပ်ပါသလော။[ပိ-၅] အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။ ကား-- ဥပမာအနက်၌ဖြစ်သော သေယျထာ တစ်ခုတည်းဖြင့်သာ ယင်း ဥပမာနအနက်ကို ထွန်းပြသောကြောင့် အသီးသီး အနက်ကို မမှတ်သားအပ်၊ နှစ်ပုဒ် လုံးဖြင့်လည်း ဥပမာအနက်တစ်နက်ကိုသာ ပြ၏ဟူလို။

(ဃ) သို့/အယုတ္တစောဒနာ ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ကုက္ကုဋိယာ အဏ္ဍာနိ အဋ္ဌ ဝါ ဒသ ဝါ ဒွါဒသ ဝါ-ဟု ဟောတော်မူ၏။ ကြက်မအား ဆိုအပ်ပြီးသော ၈-လုံး ၁၀-လုံး ၁၂-လုံးတို့အောက် (ဝါ) တို့ထက် အယုတ်အလွန်ဖြစ်ကုန်သော ဥတို့သည် ဖြစ်ကုန် ရာသည်မဟုတ်ပါလော။ အဘယ့်ကြောင့် အဋ္ဌ ဝါ ဒသ ဝါ ဒွါဒသ ဝါ-ဟု ဟောတော် မူပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

ကား-- (ဃ) ဖြင့် ကြက်မအား ဆိုအပ်ခဲ့ပြီးသော အပြားအောက် (ဝါ) ထက် အယုတ် အလွန်ဖြစ်ကုန်သော ဥ-တို့သည် ဖြစ်ကုန် (ဥကုန်)ပါသော်လည်း သဒ္ဒါသဒ္ဒါ၏ ပြေပြစ် သည်၏အဖြစ်ကြောင့် ယင်းသို့ အဋ္ဌ ဝါ ဒသ ဝါ ဒွါဒသ ဝါ-ဟု ဟောတော်မူ၏ဟူလို။

(ဃ-၂) သို့/ ဆရာသည် (ဃ-၁) ဖြင့် ကြက်မ၏ ပါဠိတော်၌ဆိုအပ်သော ၈-လုံး ၁၀-လုံး ၁၂-လုံးထက် အပိုအလို ဖြစ်သော ကြက်ဥတို့သည်လည်း ရှိနိုင်ကောင်း၏ဟု ဖွင့်ပြအပ်၏။ ထိုသို့ဆိုသော် ပါဠိတော်၌ ကုက္ကုဋိယာ အဏ္ဍာနိ အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ ဝုတ္တပ္ပကာရတော ဦနာဓိကာနိဝါ-ဟူ၍ ဟောဆိုသင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ် လျက် အဘယ့်ကြောင့် (ဝါ) အဘယ်အကျိုးငှာ ကုက္ကုဋိယာ အဏ္ဍာနိ အဋ္ဌဝါ ဒသဝါ ဒွါဒသ ဝါ-ဟူ၍သာ မိန့်ဆိုတော်မူအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ-၂) မိန့်။

http://www.dhammadownload.com



(င) ၌/ ဆရာ-သည် (ဃ-၂) ဖြင့် ဝစနသိလိဋ္ဌအကျိုးငှာ ဤသို့ ၈-လုံး ၁၀-လုံး ၁၂-လုံးဟူ၍ ဆိုအပ်သည်ကို သိထိုက်၏ဟု ဖွင့်ဆိုအပ်၏။ အဋ္ဌ-အစရှိသော တစ်ခုသော အရေအတွက် သချာကိုပင် ဟော၍ ဝစနသိလိဋ္ဌဖြစ်လေသော်လည်း ထိုသို့ဆိုကောင်းအံ့လော။/ထိုသို့ဆိုသော် သချာသုံးပုဒ်ကို မဆိုမူ၍ အဋ္ဌ-စသော တစ်ပုဒ်စီဖြင့်ပင် ဆိုသင့်ဆိုကောင်းသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ-ဟူ၍ ဝစနသိလိဋ္ဌတာ အကျိုးငှာ သချာသုံးပုဒ်ကိုဆိုသော ဆရာ့စကား အသို့ပင်သင့်နိုင်အံ့နည်း။ စုဒ်ကြောင့် (င) မိန့်။

**ကား**-- သချာတစ်ခုတည်းကိုသာ မဆိုမူ၍ ဒွေဝါ တယောဝါ ဥဒကဖုသိတာနိ-ကဲ့သို့ တစ်ပါးသော သချာနှင့်တကွ ဆိုခြင်းသည် လောက၌ ပြေပြစ်သော စကားဟု ဆိုခြင်းကြောင့် သချာသုံးပုဒ်ကို ဆိုအပ်၏ဟူလို။

(ဆ) ၌/ ဆရာ-သည် (စ) ဖြင့် တာနသု-ကို တာနိ+အသု-ဟု ပဒစ္ဆေဒပြုတော်မူ၏။ အသု-သည် အသု ဝသာ ခေဠော-ကဲ့သို့ နာမ်ပုဒ်ဖြစ်ပါ သလော။ တဒါသု ကဏှံ ယုဥ္ဇန္တိ။ သွသုတံ ဝပာတေ ဓုရံ-ဟူသော ကေနိပါတ် တတိယဝဂ် နဝမကဏှဇာတ်၌ အသုံတိ နိပါတဓတ္တံ-၌ကဲ့သို့ နိပါတ်မျှလော။ တယသု မေဝှာ ဇဟိတာ ဘဝန္တိ၌ကဲ့သို့ ဇေသတ္တနိပါတ်လော။အသဓာတ်၏အစိတ်နှင့်တကွ အန္တိဝိဘတ်ကို သု-ပြုအပ်သော အသု-လော။ အဘယ်ပုဒ်မျိုးဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

**ကား**-- (ဆ) ဖြင့် အသု-ကား အာချာတ်ပုဒ်၊ အသဓာတ် ဘုဝိအနက်ဟော၊ အသဓာတ်၏အစိတ် သ-နှင့်တကွ ယေျုဝိဘတ်ကို သု-ပြုထားသော ပုဒ်ဖြစ်၏ဟူလို။

➤ ၃။ (ခ) ပကၡန္တရ။ (ဂ) ပိဏ္ဍတ္ထကိုပြသောကြောင့် ဝိတ္ထာရ။ (ဃ) ဝါကျာရမ္ဘ။ ထိုတွင် (ဃ-၁)ကား စောဒကာဘောဂဝါကျ။ သမ္ဘာဝနာဝါကျ။ (ဃ-၂) ကား ပရိဟာရာဘောဂဝါကျ/ဂရဟာဝါကျ။ (င) သည် (ဃ-၂) ကိုဆိုသဖြင့် ရအပ်သော အကျိုးကိုပြသောကြောင့် လဒ္ဓဂုဏဝါကျ။ (ဝါ) (ဃ-၂) ဝါကျကို ယုတ္တိအားဖြင့် ခိုင်မြဲအောင်ပြုသောကြောင့် ယုတ္တိဒဠီကရဏဝါကျ။ (စ) ပကၡန္တရ။ (ဆ) ကား (စ) ၌ အသုပုဒ်၏ အနက်ငုပ်ကို ဖော်ထုတ်၍ ပြသောကြောင့် ဝိတ္ထာရ။ (တနည်း) (စ) ၌ စောဒနာဖွယ်ကို ပယ်လို၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။

ဥဇီကာနိမိ-၌ အပိ-ကား အညမညသမ္ပိဏ္ဍန။

➤ ၄။ ဝုစ္စတိ ဧတေဟီတိ **ဝစနာနိ**။ သိလိသန္တီတိ **သိလိဋ္ဌာ**။ သိလိဋ္ဌာနံ ဘာဝေါ **သိလိဋ္ဌတာ**။ ဝစနာနံ သိလိဋ္ဌတာ **ဝစနသိလိဋ္ဌတာ** (တာယ)

ဝစနာနံ၊အဋ္ဌ, ဒသ, ဒွါဒသ-ဟူသော သချာသဒ္ဒါတို့၏။သိလိဋ္ဌတာ၊ပြေပြစ်ညက်ညောကုန်သည်တို့၏အဖြစ်။ဝစနသိလိဋ္ဌတာ၊တို့၏အဖြစ်။ ဆဋ္ဌီတပ္ပုရိသ် သမာသ်၊ ဝစနပုဒ်+သိလိဋ္ဌတာပုဒ်။ ဝစန-ဟူသော ဝိသေသနပုဒ်အရကား အဋ္ဌ, ဒသ, ဒွါဒသ-ဟူသော

http://www.dhammadownload.com



သင်္ချာသဒ္ဒါတို့သည် မှချ။ ယင်း၏ ပြေပြစ်ညက်ညောကုန်သည်တို့၏ အဖြစ်နှင့် ဂုဏ်ပေါး ဂုဏ် စပ် ဌာန။ ပုဒ်လုံးအရ ထို--သော အဌ, ဒသ, ဒွါဒသ-ဟူသော သင်္ချာသဒ္ဒါတို့၏ ပြေပြစ်ညက်ညောကုန်သည်တို့၏အဖြစ် (ဝါ) သင်္ချာသဒ္ဒါတို့၏ ပြေပြစ်ညက်ညောခြင်း ဂုဏ် ရ၏။

ဥပမီယတေတိ ဥပမာ။ ဥပမာယေဝ ဩပမ္မံ/ ဥပမာယ ဘာဝေါ ဩပမ္မံ။ [နှိုင်းယှဉ်ကြောင်း ဥပမာ၏ ပဋိဘာဂတ္တနှင့် နိသျ-နိဿိတ စပ်။]

ဩပမ္မယေဝ အတ္ထော ဩပမ္မတ္ထော/ ဩပမ္မမေဝ အတ္ထော ဩပမ္မတ္ထော။ ဩပမ္မ ဝိသေသန-အရ နှိုင်းယှဉ်ကြောင်း ဥပမာ၏အဖြစ်ဟူသော အဝတရဏာဘောဂုဏ်သည် မှချ။ ထို--၏ အနက်နှင့် ဂုဏ်-ဂုဏေး စပ် ဌာန။ ပုဒ်လုံးအရ ဥပမာအနက် ရ၏။

ကုံ ပထဝိ ကုရုတိ ဆိန္ဒတီတိ ကုဏ္ဍာရို။ (ကု-သဒ္ဒူပပဒ ကုဍ+ဏ) ကုကတိ ဝေါစရံ အာဒဒါတီတိ ကုဏ္ဍာရို။ ကု-ဝိသေသနအရကား မြေကြီးသည် မှချ။ ထို--၏ ဖြတ်ခြင်းကြိယာနှင့် (ဝါ) ဖြတ်တတ်သော ကြက်မနှင့် ကမ္မ-ကမ္မီ/ဌာန-ဌာနီ စပ် ဌာန။ ကုဍ ဓာတ်အရ ဖြတ်တတ်သော ကြက်မ၏ ကာယဝိညတ္တိ သမုဋ္ဌာပက ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ရ၏။ သမာသ်ပုဒ်အရနှင့် ဏ-ပစ္စည်းအရ ထို--သော ကြက်မ ရ၏။

➤ ၆။ (က) ဖြင့် သေယျထာ-သဒ္ဒါ နိပါတ်ပုဒ်၏--ငှင်း (နိပါတလိင်္ဂပဒ) ယင်း သေယျထာ-သဒ္ဒါ၏ ဥပမာအနက်ဟော--ငှင်း (နိပါတလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ဝိ-သဒ္ဒါ၏ နိပါတ်ပုဒ်၏--ငှင်း (နိပါတလိင်္ဂပဒ) ယင်း ဝိ-သဒ္ဒါ၏ သမ္ဘာဝနာ အနက်ဟော--ငှင်း (နိပါတလိင်္ဂတ္ထ) သိစေပါသည်။

(ဂ) ဖြင့် သေယျထာ-နှင့် ဝိ-ကို အသီးသီး ခွဲခြားဖွင့်ပြသော်လည်း အနက်ကိုကား ပေါင်း၍ ယောဇနာရမည်ဟု သိစေသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် တာနဿု-ကို တာနိ+အဿု-ဟု ပဒစ္ဆေဒပြုရမည်ဟု သိစေပါသည်။ (သန္ဓိလိင်္ဂပဒ) (င) ဖြင့် တာနဿု-၌ အဿု-ကား နာမ်, နိပါတ်, အာချာတ် သုံးမျိုးတွင် ဤ၌ အာချာတ်ပုဒ်၏--ငှင်း (ဘာဝတ္ထ) အသဓာတ်၏--ငှင်း (ဓာတုပဒ) ယင်း အသ ဓာတ်၏ ဘုဝိ-ဖြစ်ခြင်းအနက်ဟော--ငှင်း (ဓာတွတ္ထ) ဓာတွန် သ-နှင့်တကွ ဖယျုံဝိဘတ် ကို သု-ပြု၍ အဿု-ဟု ရုပ်ပြီးနေသည်ကိုငှင်း (ဒုတိယ ဝိဘတ္တိပဒ) သိစေပါသည်။

➤ ၇။ ဝုတ္တပ္ပကာရတော/ဝုတ္တပကာရတော ။ ။ ရဿနောက်ရှိ ပ-ဥပသာရသည် ဒွေဘော်ဌာနဖြစ်သောကြောင့် ဝုတ္တပ္ပကာရတော-ပါဌ် သင့်ပါသည်။

(ခ) ပီတိ/အာပီတိ ။ ။ အပိတိ အဝတ္ထာ ပိတိ ဝဒန္တော ပိသဒ္ဒေါပိ ဝိသုံ အတ္ထိ နိပါတောတိ ဒဿေတိ-ဟူသော ဋီကာကိုထောက်၍ ဤ၌ အပိ-ဥပသာရကို အလိုမရှိ အပ်၊ သီးခြားသော ဝိ-နိပါတ်ကိုသာ အလိုရှိအပ်သောကြောင့် ပီတိ-ပါဌ်သာသင့်သည်။

➤ ၈။ **အဿု**-ကား အပေါင်းဖြစ်သော နာမ်, နိပါတ်, အာချာတ် အဿု-တို့၏

http://www.dhammadownload.com



"အသုံ"ဟူသောအမည်ကို အစိတ်ဖြစ်သော အာချာတ် အသုံ- ၌တင်-- ကေဒေသျှုပစာ။ အသုံ-သဒ္ဒါသည် အပေါင်းဖြစ်သော နာမ် နိပါတ် အာချာတ်တို့ကို ဟောသော်လည်း ဤ၌ အစိတ်ဖြစ်သော အာချာတ်၌သာ ထင်သောကြောင့် ရှင်္ဂီနည်း မည်၏။

**ကုက္ကုဋ္ဋိယာ**-ကား အပေါင်းဖြစ်သော ကြက်မအားလုံးတို့၏ ကုက္ကုဋိယာ-ဟူသော အမည်ကို အစိတ်ဖြစ်သော အမိရင်းဖြစ်သော ကြက်မ၌တင်-- ကေဒေသျှုပစာ။ ရှင်္ဂီ။

**အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ**-ကား ၈-လုံး ၁၀-လုံး ၁၂-လုံးကိုမှတ်၍ ဆိုသဖြင့် ယင်းတို့ထက် အပို အလိုဖြစ်သော ၁၄/၁၅-စသော သချ်ာ၊ ခုနစ်၊ ခြောက်-စသော သချ်ာတို့ကိုလည်း ရအပ်သောကြောင့် ဥပလက္ခဏာနည်း။

**သမ္မာဝနေတ္တေ**-ကား အပေါင်းဖြစ်သော ချိုးမွမ်းခြင်း သမ္မာဝနာအနက်, ကြံစည်စိတ်ကူးခြင်း သမ္မာဝနာအနက်တို့၏ သမ္မာဝနတ္တေ အမည်ကို အစိတ်ဖြစ်သော ကြံစည်စိတ်ကူးခြင်း သမ္မာဝနာအနက်၌တင်-- ကေဒေသျှုပစာ။

➢ ၁၀။ (ဃ) ဝုတ္တံ-၌ ဝစခါတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်တော်ကိုယူ။

**ပါကျ [၇၆]**

**(က) ကုက္ကုဋ္ဋိယာ သမ္မာ အဓိသယိတာနိတိ တာယ ဇနေတ္တိယာ ကုက္ကုဋိယာ ပက္ခေ ပသာရေတွာ တေသံ ဥပရိ သယန္တိယာ သမ္မာ အဓိသယိတာနိ။**

**(ခ) သမ္မာ ပရိသေဒိတာနိတိ ကာလေန ကာလံ ဥတုံ ဂဏှာပေန္တိယာ သုဋ္ဌု သမန္တတော သေဒိတာနိ။** **(ဂ) ဥသ္မီကတာနီတိ ဝုတ္တံ ဟောတိ။**

**(ဃ) သမ္မာ ပရိဘာဝိတာနိတိ ကာလေန ကာလံ သုဋ္ဌု သမန္တတော ဘာဝိတာနိ။**

**(င) ကုက္ကုဋဂန္ဓံ ဂါဟာပိတာနီတိ ဝုတ္တံ ဟောတိ။**

(ဋ္ဌ။၁၀၈။ မအ္ဋ-၂။၂၁၈။ ဘာသာဋီ-၁။၅၅၄။)

➢ ၁။ ကာလေန၊လျောက်ပတ်သောအခါဖြင့်။ကာလံ၊အခါပတ်လုံး။ (တစ်နည်း) ကာလေန ကာလံ၊အခါအခါ၌။ (ဝါ) ရံခါ ရံခါ။ [ဝိဘတ္တိပဋိရူပက နိပါတ်ကြံ]

**သေဒိတာနိ**၊လွှတ်စေအပ်ကုန်သည်။ (သဒ္ဒတ္ထ) ပူစေအပ်ကုန်သည်။ (အဓိပ္ပါယတ္ထ)

➢ ၂။ (က) **ဒုဗ္ဗိ/ ထိန္နရွာအဓာအရာ** ။ ။ ဆရာ မြတ်စွာဘုရားသည် ကုက္ကုဋိယာ သမ္မာ အဓိသယိတာနိ-ဟု ဟောတော်မူ၏။ ကုက္ကုဋိယာ-သည် ရှေ့ကြက်မမှတစ်ပါး မွေးစားသော အထိန်းကြက်မပင် ဖြစ်ပါသလော။ မည်သည့်ကြက်မ ဖြစ်ပါသနည်း။ သမ္မာ-သည် အဝိပရီတအနက်ကို ဟောပါသလော။ မည်သည့်အနက်ကို ဟောပါသနည်း။ အဓိ-သဒ္ဒါသည် ဥတ္တမအနက်ကိုဟောပါသလော။ မည်သည့်အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (က) မိန့်။

**တား**-- (က) ဖြင့် ကုက္ကုဋိယာ သမ္မာ အဓိသယိတာနိ-၌ ကုက္ကုဋိယာ-ကား ကုက္ကုဋိယာ

http://www.dhammadownload.com



အဏ္ဏာနိ စသည်ဖြင့် ဆိုအပ်ပြီးသော အမေရင်း ကြက်မဖြစ်သည်။ သမ္ဗာ-သဒ္ဒါ ဉာယ (ဝါ) သုန္ဒရအနက်ကို ဟောသည်။ အဝိ-သဒ္ဒါသည် ဥပရိအနက်ကို ဟောသည်ဟု ငါပြဆိုပါ၏ဟူလို။

➤ ၃။ (က) သည် ပကွန္တရ။ (ခ) ပကွန္တရ။ (ဂ) ပဒဝိဂ္ဂဟတ္တကိုပြသောကြောင့် ဝိတ္ထာရ။ (ဃ) ပကွန္တရ။ (င) ဝိတ္ထာရ။

➤ ၄။ ဇနေတိတိ **ဇနေတ္တိ**။ ဇနမာတ်အရ သုဒ္ဓကတ္တုဠကြိယာကား ကြက်ငယ်ကြက်ဥတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းဟူသော ဥပပတ္တိဘဝ တစ်စိတ်သည် မုချ။ ဟေတုကတ္တုဠကြိယာကား ထို-အားတပ်သော ကြက်မ၏ ပဂတူပနိသျသတ္တိသည် ဖလူ။ တိ-ပစ္စည်းအရကား ထို--သော အမိရင်းဖြစ်သော ကြက်မရ၏။

သယိတဗ္ဗာနိတိ **သယိတာနိ**။ အဓိ ဥပရိ သယိတာနိ **အဓိသယိတာနိ**။

သေဒိတဗ္ဗာနိတိ **သေဒိတာနိ**။ ပရိ သမန္တတော သေဒိတာနိ **ပရိသေဒိတာနိ**။

➤ ၆။ (က) ၌ တာယ ကုက္ကုဋိယာ-ဖြင့် ကုက္ကုဋိယာ သမ္ဗာ အဓိသယိတာနိ-စသည်၌ ကုက္ကုဋိယာ-ကား ကုက္ကုဋိယာ အဏ္ဏာနိ စသည်ဖြင့် ဆိုအပ်ပြီးသော ကြက်မပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဇနေတ္တိယာ-ဖြင့် ကုက္ကုဋိယာ-အရ အမိရင်းဖြစ်သော ကြက်မကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ပဏ္ဍေ ပဿာရေတ္တာ-ဖြင့် သမ္ဗာ-နိပါတ်ပုဒ်၏ ဉာယတ္ထ (ဝါ) သုန္ဒရအဖြစ်ကို သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

**တေသံ ဥပရိ သယန္တိယာ**-ဖြင့် အဓိသယိတာနိ-၌ အဓိ-ဥပသာရ၏ ဥပရိအနက်ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဓိ-ဥပသာရ၏ သမ္ဗန်ကို တေသံ-ဟု ထည့်၍ အနက်ပေးရမည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ သုဋ္ဌု-ဖြင့် သမ္ဗာ-သဒ္ဒါ အဝိပရိတအနက်ကို မဟော၊ သုဋ္ဌုအနက်ဟောဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ) သမန္တတော-ဖြင့် ပရိသေဒိတာနိ-၌ ပရိ-သဒ္ဒါသည် သမန္တအနက်ဟောဟု သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ)

**ကာလေန ကာလံ ဥတုံ ဂဏှာပေန္တိယာ**-ဖြင့် သုဋ္ဌု-ကောင်းစွာဟူသည် ရံခါ ရံခါ အငွေ့ကို ယူစေခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

(ဂ) ၌ **ဥသ္မီကတာနိ**-ဖြင့် သေဒိတာနိ-၌ နွေးစေအပ် နွေးအပ်ဟူသည် ဥသ္မီကတ-အငွေ့ရအောင် ပြုခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ၌ သုဋ္ဌု-ဖြင့် သမ္ဗာ-သဒ္ဒါ အဝိပရိတအနက်ကို မဟော၊ သုဋ္ဌုအနက်ဟောဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ) **သမန္တတော**-ဖြင့် ပရိဘာဝိတာနိ-၌ ပရိ-သဒ္ဒါသည် သမန္တအနက်ဟောဟု သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ)

http://www.dhammadownload.com



(ဃ)ဖြင့် ဘာဝိတာနိ-၌ ဘာဝနာဟူသည် ဝဍုန၊ ယင်းသည်လည်း ဝါသနာပင် တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **သေဒိတာနိ/သေမိတာနိ** ။ ။ သိဒ မောစနေ၊ သိဒတိ၊ သေဒေါ-ဟု (နိတိ၊ဓာတု)၌ ဆိုသောကြောင့်ရင်း၊ ယင်း မောစနအနက်ကိုပင် ဤ၌ အလိုရှိအပ်သော ကြောင့်ရင်း၊ သေဒိတာနိ-ပါဌ်သာ သင့်ပါသည်။

**ကုက္ကုစ္စဝိနယဂါယာပိတာနိ/ ကုက္ကုစ္စဝိနယနာနိ ဂါယာပိတာနိ** ။ ။ ကာရိတာနံ သက် ကမ္မံ၊ ဝစ္ဆံ ကတ္တာ ပယောဇကော-ဟူသော ကစ္စာယနသာရနှင့်အညီ အဏ္ဍာနိ-ဟူသော မိမိကံကိုသာ ဂါယာပိတာနိ-ဟူသော ကာရိုက်ပစ္စည်း အဆုံးရှိသောပုဒ်သည် ဟော သည်ဖြစ်၍ (ဝါ) ကာရိုက်ပစ္စည်းက ဟောသည်ဖြစ်၍ ကုက္ကုစ္စဝိနယ-ဟူသော ဓာတ်ကံကို မဟောသောကြောင့်ရင်း၊ တေနာဟ “ကုက္ကုစ္စဝိနယ ဂါယာပိတာနိတိ” ဟု သာရတ္ထ ဆိုသောကြောင့်ရင်း ကုက္ကုစ္စဝိနယ-ပါဌ်သာ သင့်ပါသည်။

**ဥသ္မိကတာနိ/ဥသ္မိကတာနိ** ။ ။ ယထာရဟ မိဝဏ္ဍာဂမော ဘူကရေသု (နိတိ၊ သုတ္တ)ကိုထောက်၍ ဘသ္မိကတာ ပြယုဂ်ကဲ့သို့ ကရဓာတ်နှောင်းရာ၌ ဤ-လာ၍ ရုပ်ပြီး သောကြောင့်ရင်း၊ မအူနိသျ-၌ ဥသ္မိကတံ ဧတေသု အဏ္ဍေသူတိ ဥသ္မိကတာနိ-ဟု ဝစနတ္ထပြု၍ ဥသ္မိကတာနိ-ပြုအပ်သော အငွေ့ရှိကုန်သည်ဟု အနက်ပေးထားသော ကြောင့်ရင်း၊ ဥသ္မိကတာနိ-ဟု ဒီယနှင့်ရှိသော ပါဌ်သာသင့်ပါသည်။

ဘာသာဋီကာ၌ ဥသ္မာ ယေသံ အတ္ထီတိ ဥသ္မိနိ (အဏ္ဍာနိ) ဥသ္မိနိ ကတာနိ ဥသ္မိကတာနိ၊ မဇ္ဈေ ရဿ-ဟု ဝစနတ္ထပြုပြီး ဥသ္မိကတာနိ-အငွေ့ရှိသည်တို့ကို ပြု အပ်ကုန်သည်-ဟု အနက်ပေးပြထားသည်။ ယင်းအလို ဥသ္မိကတာ-ဟု ရဿနှင့်ရှိသော ပါဌ်လည်း သင့်ပါသည်။

➤ ၈။ **ဥသ္မိကတာနိ**-ကား အကြောင်းဖြစ်သော မကင်းရာဖြစ်သော မိမိကိုယ်ငွေ့ ဥသ္မာဓာတ်ကို ပြုခြင်းကို ဥသ္မိကတာနိ-ဟုဆိုသဖြင့် မကင်းတတ်သော ကြက်ဥတို့၏ ပူပြင်းသော အစေး ခန်းခြောက်ခြင်းကိုလည်း ရသောကြောင့် နာနန္တရိကနည်း။ ကာရဏူပစာ။

**အာဓော၏ သံဝဏ္ဏနာ** [၄။၁၀၉]

(က) **ကုက္ကုစ္စဓာပကာနန္တိ ကုက္ကုစ္စပေါင္ဍကာနံ။ (ခ) ကိန္တိ သွယာ ဝစနီယောတိ သော ကိန္တိ ဝစနီယော အာယာ။ (ဂ) ကိန္တိ ဝတ္ထဗ္ဗော ဘဝေယျ ဓေရှေ့ာဝါ ကာနိရှေ့ာဝါတိ။**

(က) ဖြင့် ဆာပက-သဒ္ဒါ ပေါတက (အငယ်)အနက်ကို ဟောသတည်းဟု သိစေ ပါသည်။ (နာမလိင်္ဂတ္ထ) (တစ်နည်း) ဆာပက-သဒ္ဒါကား ပေါတက-၏ ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ခ) ဖြင့် သွယာ-ကို သော+အယာ-ဟု ပဒစ္ဆေဒပြု--ရင်း (သန္ဓိလိင်္ဂပဒ) သော ကိန္တိ

http://www.dhammadownload.com



ဝစနီယော အသ-ဟု ယောဇနာရမည်၏--ငင်း (သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ ဝတ္တဗ္ဗော-ဖြင့် ဝစနီယော-၌ ဝစဓာတ်၏ ဝိယတ္တိဝါစာအနက်ဟော- ငင်း (ဒု-ဓာတွတ္ထ) အနီယပစ္စည်းသည် နိယျာနိက စသည်၌ကဲ့သို့ ကတ္တုသာဓန၌ မသက်၊ ကမ္မသာဓန၌သက်--ငင်း (ဒု-ပစ္စယတ္ထ) ဝစိတဗ္ဗောတိ ဝစနီယော ဟု ကမ္မသာဓန ဝစနတ္ထပြု--ငင်း (အဘိဓာနတ္ထ) သိစေပါသည်။ ဘဝေယျ-ဖြင့် အသ-၌ အသဓာတ်၏ ဘုဝိ (ဖြစ်ခြင်း)အနက်ကိုဟော--ငင်း (ဓာတွတ္ထ) အသ-သဒ္ဒါသည် မြင်းဟော နာမနာမ်၊ က္လမ-သဒ္ဒါဖြင့်ပြီးသော သဗ္ဗနာမ် မဟုတ်၊ အာချာတ်ပုဒ်၏--ငင်း (ဘာဝတ္ထ) သ- သဒ္ဒါ၏ ယေျဝိဘတ်၏ ကာရိယ ၏--ငင်း (ဒု-ဝိဘတ္တိပဒ) ဓေရဥ္စောဝါ ကနိဋ္ဌောဝါ-ဖြင့် ကိံ-ပုစ္ဆာသဒ္ဒါ၏ ပုစ္ဆနာကာရ (မေးပုံအခြင်းအရာ)ကို သိစေပါသည်။ (ဘာဝတ္ထ)

#### ပါဠိ [ ၇၇ ]

**(က) တတော ဗြာဟ္မဏော အာဟ "ဓေရဥ္စောတိဿ ဘော ဂေါတမ ဝစနီယော"တိ။**

**(ခ) ဘော ဂေါတမ ဘော "ဓေရဥ္စော"တ္တိ အဿ ဝစနီယော။**

**(ဂ) ကသ္မာတိ စေ။ (ဃ) ဘော ဟိ နေယံ ဓေရဥ္စော။ (င) [ယသ္မာ] တသ္မာ ဘော နေယံ ဝုစ္စတရောတိ အတ္ထော။**

**(စ) အာဏာယ ဘဂဝါ ဩပမ္မံ သမ္ပဋိပါဒေန္တော အာဟ "ဝေဝမေဝ ခေါ အဟံ ဗြာဟ္မဏာ"တိ အာဟ။**

**(ဆ) ယထာ ဘော ကုက္ကုဋိဗ္ဗာပကော ဓေရဥ္စောတိ သင်္ချံ ဂစ္ဆတိ၊ ဧဝမဟမ္ပိ အဝိဇ္ဇာ ဂတာယ ပဇာယ။** (ဋ္ဌ၊၁၀၉၊ မအူ-၂၊၂၂၊ ဘာသာဋီ-၁၊၅၅၁။)

➤ ၁။ (ဆ) သောကုက္ကုဋိဗ္ဗာပကော၊ထိုကြက်ငယ်သည်။ဓေရဥ္စောတိ၊အကြီးဆုံးဟူ၍။သင်္ချံ၊ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့။ဂစ္ဆတိ ယထာ၊ရောက်သကဲ့သို့။ဧဝံ တထာ၊ဤ အတူ။အဟမ္ပိ၊ငါဘုရားသည်လည်း။အဝိဇ္ဇာဂတာယ၊အဝိဇ္ဇာ၌ဖြစ်သော။ပဇာယ၊သတ္တဝါတို့ ၏ အပေါင်း၌။ (ဓေရဥ္စောတိ၊ဟူ၍။သင်္ချံ၊သို့။ဂတော၊မှုပြီ။) [တစ်နည်း] အဝိဇ္ဇာဂတာယ၊သော။ ပဇာယ၊တွင်။(ဧကောဝ၊တစ်ဆူတည်းသာလျှင်။အဘိသမ္ဘုဒ္ဓေါ၊ထိုးထွင်း၍ သိတော်မူပြီ။(ဝါ) ရတော်မူပြီ။) [ဥပမေယျဘက်၌ ပါဌ်သေသ-ထည့်။]

➤ ၂။ (စ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (က) ဖြင့် ဓေရဥ္စောတိဿ အစရှိသော သဒ္ဒါ၏ အနုသန္ဓေကိုပြပြီး၍ ယခုအခါ၌ အတ္ထယောဇနာကို (ဝါ) အဝယဝတ္ထကို ပြလိုသော ဆရာ သည် (ခ) မိန့်။

**(ဂ-ဃ-င)သို့/** ဆရာ-သည်၊ ပါဠိတော်၌ ဓေရဥ္စောတိဿ ဘောဂေါတမ ဝစနီယော၊ ဘော ဟိ နေယံ ဓေရဥ္စော ဟောတိ-ဟူ၍ ဓေရဥ္စ-နှစ်ပုဒ်ကို ဆိုအပ်၏။ ဓေရဥ္စောတိဿ ဝစနီယော-ဟု ဆိုလျှင်ပင် ဓေရဥ္စ-အဖြစ် ပြီးကောင်းသည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက်

http://www.dhammadownload.com



သော ဟိ နေသံ ဇေဌော ဟောတိ-ဟု ဆိုပြန်ခြင်းသည် ဇေဌ နှစ်ထပ်ဖြစ်၍ ပုနရုတ္တိဒေါသ ရောက်ရာ၏။ အဘယ့်ကြောင့် တစ်ဖန်ပြန်၍ ဆိုလေသနည်း။ (ဂ-ဃ-င) မိန့်။

(ဂ-ဃ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က-ခ) တို့ဖြင့် ဇေဋ္ဌောတိဿ ဘော ဂေါတမ ဝစနီယော-ဟူသော ပါဠိတော်၌ အနုသန္ဓေ သမ္ဗန္ဓ ပဒတ္ထ (အတ္ထယောဇနာ) ကို ပြပြီး၍ ယခုအခါ၌ ဇေဋ္ဌောတိဿ ဘောဂေါတမ ဝစနီယော၊ သော ဟိ နေသံ ဇေဋ္ဌော ဟောတီတိ (ပါဠိတော်) ဝါကျတို့တွင် ရှေ့ဝါကျကား အကျိုး နောက်ဝါကျကား အကြောင်းဟု သိစေလို၍ (ဂ-ဃ) တို့ကိုမိန့်။

(စ) **သို့/ အောအရာ** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဧဝမေဝ ခေါ အဟံ ဗြာဟ္မဏ စသည်ကို ဟောတော်မူ၏။ ဇေဋ္ဌောတိဿ ဘော ဂေါတမ စသည်ဖြင့် ပုဏ္ဏားသည် ဘုရားရှင်၏ ဇေဋ္ဌ-အဖြစ်ကို ဝန်ခံပြီးသည် မဟုတ်ပါလော။ (ဒူရအဲဘော်) [တစ်နည်း] ပုဏ္ဏားဝန်ခံပြီးသည်ဖြစ်သောကြောင့် ဥပမာကို ပြပြီးသည် မဟုတ်ပါလော။ (ဒူရဟိတ်-အာသန္နအာဘော်) ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဧဝမေဝ ခေါ အဟံ ဗြာဟ္မဏ-စသည်ကို ဟောပြန်သနည်း။ (ပုနရုတ္တိဒေါသ တင်) စုဒ်ကြောင့် (စ) မိန့်။

➤ ၃။ (ခ) စသည်သည် ပက္ခန္တရ/ဝိတ္ထာရ။ ထိုတွင် (ဂ-ဃ) သည် ပါဠိတော်၌ စုဒ်ကြောင့် ဝါကျာရမ္ဘ။ ထိုတွင် (ဂ) သည် စောဒနာဝါကျ။ (ဃ) ပရိဟာရဝါကျ။ (င) သည် (ဃ) ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (စ) ဝါကျာရမ္ဘ။ (ဆ) သည် (စ) ဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။/အနုသန္ဓေမှတစ်ပါး ယောဇနာကိုပြသောကြောင့် ပက္ခန္တရ။

➤ ၄။ ဥပမီယတေ တေနာတိ **ဥပမာ**။

ဥပ-အရ ဓာတွတ္ထာနုဝတ္တကဘောဂုဏ် ရ၏။ မာ-ဓာတ်အရ ကတ္တုဗြကား နှိုင်းယှဉ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကရဏ-အရကား ထို-အားတပ်သော ဥပမာန-၏ ပကတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော ဥပမာန ရ၏။ ✱ ဥပမာ ဝေ ဩမမ္ဓံ။

သမ္ပဋိပါဒေတီတိ **သမ္ပဋိပါဒေတ္တော**။ သံ-ပဋိ ပုဗ္ဗ ပဒဓာတ်အရ သုဒ္ဓကတ္တုဗြကား ပြီးတတ်.ဆက်စပ်ရောနှောသော ဥပမာသည် (တစ်နည်း) ဧဝမေဝ ခေါ-ဟူသော ဒေသနာတော်သည် မုချ။ ဟေတုကတ္တုဗြကား ပြီးစေတတ်သော မြတ်စွာဘုရား၏ ဒေသနာဉာဏ်တော်သည် ဖလူ။ ဏေ-ပစ္စည်းအရ ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာဘောဂုဏ် ရ၏။ အန္တ-ပစ္စည်းအရ ထို--သော မြတ်စွာဘုရား ရ၏။

ဆုပတ္တိ သမ္မုသတ္တိ တံ တံ ဝတ္ထုံ ကိဋ္ဌဝသေနာတိ **ဆာပကာ**။ (ဆုပ+ဏွု)

ကုက္ကုဋ္ဌောစ သော ဆာပကောစာတိ **ကုက္ကုဋ္ဌဆာပကော**။ ဆာပက-ဝိသေသန အရကား ငယ်သောဂုဏ်သည် မုချ။ ထို--၏ ကြက်နှင့် ဂုဏ်-ဂုဏေး စပ် ဌာန္။ ပုဒ်လုံးအရ ထို--သော ကြက်ငယ် ရ၏။

http://www.dhammadownload.com



➤ ၆။ (စ) ၌ ဇေဋ္ဌော ကတိ အဿ-ဖြင့် ဇေဋ္ဌောတိဿ-ကို ဇေဋ္ဌောတု+အဿ-ဟု ပဒစ္ဆေဒ မပြုရ၊ ဇေဋ္ဌော+ကတိ+အဿ-ဟု ပဒစ္ဆေဒပြုရမည်ဟု သိစေပါသည်။ (သန္ဓိလိင်္ဂပဒ)

(ဆ) ၌ ယသ္မာ-ဖြင့် သော ဟိ-၌ ဟိ-နိပါတ်၏ ကာရဏတ္ထဇောတကအဖြစ်ကို သိစေပါသည်။ (နိပါတလိင်္ဂတ္ထ) ဝုဍ္ဎ တရော-ဖြင့် ဇေဋ္ဌော-၌ ဇ-၏ ဝုဍ္ဎ-သဒ္ဒါ၏ ကာရိယ ၏--၎င်း (နာမလိင်္ဂပဒ) ဣဋ္ဌ-ပစ္စည်း၏ ဝိသေသတ္ထ (ဝါ) အတိသယတ္ထ၏--၎င်း (ပစ္စယတ္ထ) ဇေဋ္ဌော-၌ ဝုဍ္ဎပုဒ် ဣဋ္ဌပစ္စည်း ဖြစ်သည်ကို၎င်း (ပစ္စယပဒ) သိစေပါသည်။

➤ ၇။ (င) ယသ္မာ/တသ္မာ ။ ။ ဟိ-သည် ကာရဏတ္ထ၊ ဇ-သည် ဝုဍ္ဎ-၏ ကာရိယ၊ ဣဋ္ဌပစ္စည်းသည် ဝိသေသတ္ထကို ပြလို၍ ယသ္မာ-အစမိန့်။ ဤသို့ မအူနိသျ ဂဏ္ဌိသစ်တို့၌ ဆိုသောကြောင့်၎င်း၊ သော ဟိ-၌ ဟိ-အတွက် ယသ္မာ-ဟု ဖွင့်သင့်ရကား ဤအဋ္ဌကထာ ၌ တသ္မာ-သည် ပါဠ်ပျက်၊ ယသ္မာ-ဟု ရှိသော ပါဌ်သာ အမှန်ဟု ဘာသာဋီကာ၌ ဆိုသောကြောင့်၎င်း ယသ္မာ-ရှိသောပါဌ်သာ သင့်ပါသည်။

➤ ၈။ ဝုဍ္ဎတရော-ကား ထင်သော တရပစ္စည်းဖြင့် မထင်သော ဣဋ္ဌပစ္စည်းကို သိစေတတ်သောကြောင့် ဂေါကဏ္ဏနည်း။

**ပဇာယ**-ကား အပေါင်းဖြစ်သော အတြဇ(မိမိသား)အနက်၊ သတ္တဝါအနက်တို့၏ "ပဇာယ"အမည်ကို အစိတ်ဖြစ်သော သတ္တဝါအနက်၌တင်-- ဧကဒေသူပစာ။ ရှဋ္ဌီ။

**အဝိဇ္ဇာ ဂတာယ**-ကား အစိတ်ဖြစ်သော အဝိဇ္ဇာ၌ဖြစ်သော သတ္တဝါကိုဆိုသဖြင့် အပေါင်းဖြစ်သော အဝိဇ္ဇာ၌ ဖြစ်/မဖြစ် သတ္တဝါတို့ကိုလည်း ရသောကြောင့် ဧကဒေသူပစာ။ဥပလက္ခဏနည်း။ (စ) အဓိကာရနည်း။ (ဆ) ၌ အာဝုတ္တိနည်း ရသည်။

**ပါဠိ [၇၈]**

(က) အဝိဇ္ဇာ ဂတာယာတိ **အဝိဇ္ဇာ ဝုစ္စတိ** အညာဏံ၊ တတ္ထ ဂတာယ။

(ခ) **ပဇာယာတိ** သတ္တာဓိဝစနမေတံ။

(ဂ) တသ္မာ ဧတ္ထ အဝိဇ္ဇဏ္ဍကောသဿ အန္တော ပဝိဋ္ဌေသု သတ္တေသူတိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော။ (ဃ) **အဏ္ဍဘူတာယာတိ** အဏ္ဍေ ဘူတာယ ဇာတာယ သဉ္ဇာတာယ။

(င) ယထာ ဟိ အဏ္ဍေ နိဗ္ဗတ္တာ ဧကစ္စေ သတ္တာ အဏ္ဍဘူတာတိ ဝုစ္စန္တိ၊ ဧဝမယံ သဗ္ဗာပိ ပဇာ အဝိဇ္ဇဏ္ဍကောသေ နိဗ္ဗတ္တတ္တာ အဏ္ဍဘူတာတိ ဝုစ္စတိ။

(စ) **ပရိယောနဒ္ဓါယာတိ** တေန အဝိဇ္ဇဏ္ဍကောသေန သမန္တတော ဩနဒ္ဓါယ ဗဒ္ဓါယ ဝေဌိတာယ။ (၃။၁၀၉။ မအူ-၂။၂၂၂။ ဘာသာဋီ-၁။ ၅၅၂။)

➤ ၁။ **ပရိယောနဒ္ဓါယ**-ထက်ဝန်းကျင်မှ ဖွဲ့အပ်သော။ (သဒ္ဒတ္ထ)
**ပရိယောနဒ္ဓါယ**-ထက်ဝန်းကျင်မှ ရစ်ပတ်အပ်သော (အဓိပ္ပါယတ္ထ)

http://www.dhammadownload.com



➤ ၂။ (ဂ) ဒို/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် ပဇာယ-သည် သတ္တဝါဟူသော အနက်ကို ဟော၏ဟု ပြပြီး၍ ယခုအခါ၌ အဝိဇ္ဇာဂတာယ-၌ အဝိဇ္ဇာကို သတ္တဝါ၏ ဖြစ်ခြင်းကြိယာ၏ ဝိသယအဖြစ်ဖြင့် ပဇာယ-၌ ပဇာ-ကို အဟံ ကောဝ-၌ နိဒ္ဓါရဏစပ်၍ အပေါင်းအများအဖြစ်ဖြင့် ယူသင့်သည်ကို ပြလိုသော ဆရာသည် (ဂ) မိန့်။

(င) ဒို/ **အာဘောဂါယုတ္တစောဒနာ** ။ ။ ဆရာသည် (ဃ) ဖြင့် အဏ္ဍေ ဘူတာ အဏ္ဍဘူတာ-ဟု သတ္တမီတပ္ပုရိသ်ပြုရမည်၏အဖြစ်ကို ပြဆိုတော်မူ၏။ ယင်းသို့ဖြစ်လျှင် အဏ္ဍဘူတာယ ဖြင့် ပဇာယ-၌ အဏ္ဍဇယောနိသတ္တဝါကိုသာ ယူသင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် ခပ်သိမ်းသော (အဏ္ဍဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဩပပါတိက) သတ္တဝါ အပေါင်းကိုလည်း ယူအပ်သည်၏အဖြစ်ကို အဘယ့်ကြောင့် အဘယ်သို့သော ဥပမာဖြင့် သိအပ်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (က-ခ) ပက္ခန္တရ။ (ဂ) သည် လဒ္ဓဂုဏ။ (ဃ) သည် ပက္ခန္တရ။ (င) သည် တပ္ပါကဋိကရဏ။ (စ) ပက္ခန္တရ။ **စာစပ်** ။ ။ တွေ့ကို ဒဠှဗ္ဗော-၌ အာဓာရ-အာဓာရီ စပ်။ **သမ္ဘာဝိ**–၌ အပိ-ကား အဝယဝသမ္ပိဏ္ဍန။

➤ ၄။ ပရိ သမန္တတော အဝနယှတိ ဗန္ဓီယတီတိ **ပရိယောနဒ္ဓါ**။

ပရိ-ဥပသာရအရကား ပရိသမန္တဘောဂုဏ် ရ၏။ အဝ-ဥပသာရပုဒ်အရကား ဓာတွတ္ထနုဝတ္တကဘောဂုဏ် ရ၏။ နဟ-ဓာတ်အရ ကတ္တုဠှကြိယာကား ဖွဲ့တတ် ရစ်ပတ်တတ်သော မောဟပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဠှကြိယာ အရကား ထို-အားတပ်သော သတ္တဝါ-ဟု သမုတ်အပ်သော လောကီခန္ဓာငါးပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရ သတ္တဝါဟု သမုတ်အပ်သော လောကီခန္ဓာငါးပါးရ၏။

* အဏ္ဍသ္မိ ကောသော အဏ္ဍကောသော။ အဝိဇ္ဇာ ဧဝ အဏ္ဍကောသော အဝိဇ္ဇဏ္ဍကောသော။ ဉာဏာသိ ပဋိပက္ခံ အညာဏံ။

➤ ၆။ (က) ၌ အဝိဇ္ဇာ ဝုစ္စတိ အညာဏံ-ဖြင့် အဝိဇ္ဇာ-အရ မောဟကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

တတ္ထ ဂတာယ-ဖြင့် အဝိဇ္ဇာ-နှင့် ဂတ-ပုဒ်ကို အဝိဇ္ဇာယ ဂတာ အဝိဇ္ဇာဂတာ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂပဒတ္ထ)

(ခ) ဖြင့် ပဇာ-သဒ္ဒါသည် အတြဇအနက်ကို မဟော၊ သတ္တ (သတ္တဝါ)အနက်ကို ဟောသည်ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(ဃ) ၌ အဏ္ဍေ ဘူတာယ-ဖြင့် အဏ္ဍ-နှင့် ဘူတ-ကို အဏ္ဍေ ဘူတာ အဏ္ဍဘူတာ-ဟု သတ္တမီတပ္ပုရိသ်သမာသ်ပြုရမည်ဟု သိစေသည်။(သမာသ လိင်္ဂပဒတ္ထ)

ဇာတာယ-ဖြင့် ဘူတာယ-၌ ဘူဓာတ်သည် ဘုဝိ၊ ဇနနတ္ထဟောဟု သိစေပါသည်။ (ဓာတွတ္ထ) [တစ်နည်း] ဇာတာယ-ဖြင့် ဘူတ-သဒ္ဒါ သစ်ပင် စသော အနက်ကို မဟော၊

http://www.dhammadownload.com



ဖြစ်ခြင်း(ဇာတ)အနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ/ အဘိဓေယျတ္ထ/အဓိပ္ပေတတ္ထ)

သဉ္ဇာတာယ-ဖြင့် ဇာတ-သဒ္ဒါသည် အပေါင်း (စယ)အနက်ကို မဟောဖြစ်ခြင်း (ဘူတ)အနက်ကို ဟောသတည်းဟု သိ။ (နာမလိင်္ဂတ္ထ/အဘိဓေယျတ္ထ/အဓိပ္ပေတတ္ထ)

(၈) ဒ္ဓ တေန အဝိဇ္ဇဏ္ဍကောသေန သမန္တတော ပြိနဒ္ဓါယ ဗဒ္ဓါယ-ဖြင့် ပရိ-သဒ္ဒါသည် ပရိစ္ဆေဒ-စသော အနက်ကို မဟော၊ သမန္တအနက်ကို ဟော- ၎င်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဝ-၏ ဓာတွတ္ထာနုဝတ္တကၡ၏--၎င်း (ဥပသဂ္ဂလိင်္ဂတ္ထ) နဟဓာတ်၏ ဗန္ဓနအနက်ဟော-- ၎င်း (ဒု-ဓာတွတ္ထ) ပရိသမန္တတော အဝနယှတိ ဗန္ဓိယတိတိ ပရိယောနဒ္ဓါ-ဟု ကမ္မသာဓန ပြု--၎င်း (အဘိဓာနတ္ထ) တ-ပစ္စည်း ကမ္မသာဓနဥ္ဖသက်--၎င်း (ဒု-ပစ္စယတ္ထ) ထက်ဝန်းကျင်မှ မြှေးယှက်အပ် ဖွဲ့အပ်ဟူသည် သွေး အညစ်အကြေးတို့သည် မြှေးယှက်အပ်သည် မဟုတ်၊ အဝိဇ္ဇာဟူသော ဥဇ္ဈသည် မြှေးယှက်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ဝေဠိတာယ-ဖြင့် ထက်ဝန်းကျင် ဖွဲ့အပ်၏ဟူသည် ရစ်ပတ်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ ဝေဠိတာယ/ဝေမိတာယ/ဝေဏိတာယ ။ ။ ဝေဌ ဝေဌနေ။ ဝေဌတိ၊ နိဗ္ဗေဌတိ၊ ဝေဌနံ နိဗ္ဗေဌနံ။ (နီတိ၊ ဓာတု) ၌ လာသောကြောင့် ဝေဌဓာတ်ဖြင့် ပြီးရကား မုဒ္ဓဇ ဒုတိယဝဂ္ဂရာနှင့်ရှိသော ဝေဠိတာယ-ပါဌ် သင့်ပါသည်။

ပြိနဒ္ဓါယ/ပြိနဒ္ဓာယ ။ ။ အဝပုဗ္ဗ နဟဓာတ်၊ တ-ပစ္စည်း၊ တ-ကို ဓပြု၊ ဟကို ဒ-ပြု၍ ပြီးသောကြောင့် ပြိနဒ္ဓါယ-ပါဌ် သင့်ပါသည်။

(တစ်နည်း) အဝ-ရှေ့ရှိသော နဟဓာတ်ကသာလျှင် မြှေးယှက်ခြင်းအနက်ကို ဟောသောကြောင့် ပြိနဒ္ဓါယ-ပါဌ်သာ သင့်ပါသည်။

ဗဒ္ဓါယ ဝေဠိတာယ-ဟူသော နောက်နောက် သံဝဏ္ဏနာများကိုထောက်၍ ဤ၌ ဗန္ဓန အနက်ကိုသာ အလိုရှိအပ်သောကြောင့် အဝရှေ့ရှိသော ဟန ဓာတ်+တပစ္စည်းဖြင့်ပြီး သော ပြိနဒ္ဓါယ-ပါဌ် သင့်ပါသည်။ ဤ၌ နန္ဒန, သမိဒ္ဓိ အနက်ကို အလိုမရှိအပ်သော ကြောင့် နန္ဒဓာတ်+တပစ္စည်းဖြင့်ပြီးသော ပြိနန္ဒာယ-ကား မသင့်ပါ။

အဘိညာပဏ္ဍေ/ဆအဘိညာပဏ္ဍေ ။ ။ အာသဝက္ခယအဘိညာဉ်ဟူသည် အရဟတ္တဖိုလ်တည်း၊ ယင်းအာသဝက္ခယအဘိညာဉ်ပါမှ အဘိညာဉ် ၆-ပါး ဖြစ်မည်။ အဝိဇ္ဇဏ္ဍကောသ် ပဒါလေတွာပါဌ်အရ ဖောက်ခွဲဆဲ၌ ယင်းအဘိညာဉ် မပါနိုင်၊ ဖောက်ခွဲပြီး ဆိုမှသာ ပါနိုင်သည်၊ ထို့ကြောင့် ဤ၌ အာသဝက္ခယအဘိညာဉ်ကို မလိုအပ်၊ လောကီ အဘိညာဉ် ၅-ပါးသာ လိုအပ်ရကား "အဘိညာပဏ္ဍေ"ပါဌ်သာ သင့်ပါသည်။

ပပ္ဖောဋေတွာ/ပပ္ဖေါဋေတွာ ။ ။ စုဋ ပုဋ ဖုဋဝိဘေဒေ-ဟု (နီတိ၊ဓာတု)၌ ဓာတွတ္ထ ချင်းအတူ ဖွင့်ပြသောကြောင့် ၂-ပါဌ်သင့်ပါသည်။

http://www.dhammadownload.com



➤ ၈။ **အဏ္ဍဘူတာ**-ကား အတူဖြစ်သော ဥခွံဖြင့် မြွေးယှက်အပ်သော အဏ္ဍဇ သတ္တဝါတို့၏ "အဏ္ဍဘူတာ"ဟူသောအမည်ကို အတူရှိသော အဝိဇ္ဇာ ဥခွံဖြင့် မြွေးယှက် အပ်သော အလုံးစုံသော သတ္တဝါအပေါင်း၌တင်-- သဒိသူပစာ။

ဤ၌ အလုံးစုံသော သတ္တဝါအပေါင်းကို အထင်အားဖြင့် အဏ္ဍဘူတာ-ဟု ဆို သောကြောင့် ရုဠ္ဌီနည်း။ (တစ်နည်း) အစိတ်ဖြစ်သော ဥခွံ၌ဖြစ်သော သတ္တဝါအပေါင်း၏ "အဏ္ဍဘူတာ"အမည်ကို အပေါင်းဖြစ်သော အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိက သတ္တဝါအပေါင်း၌တင်-- ဧကဒေသူပစာ။ ဥပလက္ခဏာနည်း။

**ပရိယောနဒ္ဓါယ**-ကား [ယ-သံဝဏ္ဏနာကိုရှု] ရစ်ပတ်တတ်သော သတ္တိ မရှိသော အဝိဇ္ဇာ ၏ "ပရိယောနဒ္ဓါယ"အမည်ကို ရစ်ပတ်တတ်သော ကြိုး, သွေး, အညစ်အကြေးကဲ့သို့ တင်စားဆိုသောကြောင့် တဒ္ဓမ္မူပစာ။

(တစ်နည်း) အတူဖြစ်သော သွေးကြော စသည်တို့ဖြင့် ရစ်ပတ်ခြင်း၏ ပရိယော နဒ္ဓါယ-အမည်ကို အတူရှိသော အဝိဇ္ဇာဖြင့် ရစ်ပတ်ခြင်း၌တင်-- သဒိသူပစာ။ ရုဠ္ဌီနည်း။

**ဝရဘူရိမေဓသော**-ကား အတူဖြစ်သော မြေကြီး၏ "ဘူရိ"ဟူသောအမည်ကို အတူ ရှိသော ပညာ၌တင်-- သဒိသူပစာ၊ နေယျတ္ထနည်း၊ ရုဠ္ဌီနည်း။

➤ ၁၀။ **အဏ္ဍဋ္ဌာနီယတ္တာ**-အရကား ဥခွံ၌ဖြစ်သော သတ္တဝါတို့၏ ပဋိသန္ဓေနာမက္ခန္ဓာ ကဋတ္တာရုပ်ကို ယူရမည်။

**အာဂေါဟိသံဝဏ္ဏနာ** [ဋ္ဌ။၁၀၉]

(က) **အဝိဇ္ဇဏ္ဍကောသံ ပဒါလေတွာတိ တံ အဝိဇ္ဇာမယံ အဏ္ဍကောသံ ဘိန္ဒိတွာ။**

(ခ) **ဧကောဝ လောကေတိ သကလေပိ လောကသန္နိဝါသေ အဟမေဝ ဧကော အဒုတီယော။**(ဂ) **အနုတ္တရန္တိ ဥတ္တရဝိရဟိတံ သဗ္ဗသေဋ္ဌံ။**

(ဃ) **သမ္မာသမ္ဗောဓိန္တိ သမ္မာ သာမဉ္စ ဗောဓိံ။** (င) **အထဝါ ပသတ္ထံ သုန္ဒရဉ္စ ဗောဓိံ။** (စ) **ဗောဓီတိ ရုက္ခောပိ မဂ္ဂေါပိ သဗ္ဗညုတဉာဏမ္ပိ နိဗ္ဗာနမ္ပိ ဝုစ္စတိ။**

(ဆ) **ဣဓ ပန ဘဂဝတော အရဟတ္တမဂ္ဂဉာဏံ အဓိပ္ပေတံ။**

(ဇ) **သဗ္ဗညုတဉာဏန္တိပိ ဝဒန္တိ။** (ဋ္ဌ။၁၀၉/၁၁၀။)

(ဈ) **အဘိသမ္ဗုဒ္ဓေါတိ အဗ္ဘညာသိံ ပဋိဝိဇ္ဈိံ။ ပတ္တောမှိ အဓိဂတောမှီတိ ဝုတ္တံ ဟောတိ။**

(က) ၌ အဝိဇ္ဇာမယံ အဏ္ဍကောသံ-ဖြင့် အဝိဇ္ဇာနှင့် အဏ္ဍကောသ-ကို အဝိဇ္ဇာ မယော အဏ္ဍကောသော အဝိဇ္ဇဏ္ဍကောသော-ဟု ကမ္မဓာရယ်သမာသ် ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) တံ-ဖြင့် ဆိုခဲ့ပြီးအဝိဇ္ဇဏ္ဍကောသ-ပင်တည်းဟူသော အဓိပ္ပါယ်ကို ရင်း (ဘာဝတ္ထ) ဘိန္ဒိတွာ-ဖြင့် ပဒါလေတွာ-၌ ဒလဓာတ်၏ ဖောက်ခွဲခြင်း ဝိဒါရဏတ္ထ ကိုဟော--ရင်း (ဒု-ဓာတွတ္ထ) ပ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

A-77-I

http://www.dhammadownload.com



(ခ) ၌ သကလေပိ လောကသန္နိဝါသေ-ဖြင့် လောက-အရ အလုံးစုံသော သတ္တလောကကိုယူ--ရင်း (အဘိဓေယျတ္ထ) အဟာမေဝ-ဖြင့် ဧကောဝ-ကို ဧကော+ဧဝ-ဟု ပဒစ္ဆေဒပြု--ရင်း (သန္ဓိလိင်္ဂပဒ) ဧဝ-ပုဒ်ကို အဟံ-ပုဒ်နှင့် ယှဉ်စပ်၍ အတ္ထယောဇနာပြု--ရင်း (ဘာဝတ္ထ) အဒုတိယော-ဖြင့် ဧက-သဒ္ဒါသည် သေဋ္ဌ-စသော အနက်ကိုမဟော၊ အသဟာယအနက်ကိုဟော--ရင်း (နာမလိင်္ဂတ္ထ/အဘိဓေယျတ္ထ/အဓိပ္ပေတတ္ထ) သိစေပါသည်။

(ဂ) ၌ ဥတ္တရဝိရဟိတံ-ဖြင့် အနုတ္တရံ-၌ န-သဒ္ဒါသည် ပဋိသေဓ-စသော အနက်ကိုမဟော၊ ဝိရဟအနက်ကို ဟော--ရင်း (နိပါတလိင်္ဂတ္ထ) ဥတ္တရတော ဝိရဟိတံ အနုတ္တရံ-ဟု ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထ မပြုရ၊ နတ္ထိ ဧတဿ ဥတ္တရန္တိ အနုတ္တရံ-ဟု ဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

သဗ္ဗသေဋ္ဌံ-ဖြင့် မိမိထက် သာလွန်သော တရားမှကင်း၏ဟူသည် အလုံးစုံသော တရားတို့ထက် အမြတ်ဆုံးပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ၌ သမ္မာ သာမဥ္စ ဗောဓိ-ဖြင့် သမ္မာသမ္ဗောဓိ-၌ သမ္မာသဒ္ဒါ၏ အဝိပရီတတ္ထကိုဟော--ရင်း (နိပါတလိင်္ဂတ္ထ) သံ-သဒ္ဒါသည် သမောဓာန-စသောအနက်ကိုမဟော၊ သာမတ္ထကိုဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။ [စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗောဓိ၊ သယမေဝ ဗောဓိ သမ္ဗောဓိ၊ အဝိပရိ တေနာကာရေန သမ္ဗောဓိ **သမ္မာသမ္ဗောဓိ**]

(င) ဝါကျ၌ ပသတ္ထံ သုန္ဒရဉ္စ-ဖြင့် သမ္မာ-သဒ္ဒါ၏ ပသတ္ထအနက်ကိုဟော--ရင်း (နိပါတလိင်္ဂတ္ထ) သံ-သဒ္ဒါ၏ သုန္ဒရအနက်ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) စ-သဒ္ဒါဖြင့် ပသတ္ထအနက်ကိုလည်း ဆည်းသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(စ) ဖြင့် ဗောဓိ-သဒ္ဒါသည် သာမညနိဒ္ဒေသအားဖြင့် ဗောင်ဗုဒ္ဓဟောပင်, အရဟတ္တမဂ်, သဗ္ဗညုတဉာဏ်, နိဗ္ဗာန်အနက်တို့ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

(ဆ) ဖြင့် သမ္မာသမ္ဗောဓိ-၌ ဗောဓိ-သဒ္ဒါသည် အရဟတ္တမဂ်ဉာဏ်ဟူသော အနက်ကို ဟောသည်ဟု သိစေသည်။ (နာမလိင်္ဂတ္ထ/ အဘိဓေယျတ္ထ/အဓိပ္ပေတတ္ထ)

(ဇ) ဖြင့် အပရေဆရာတို့အလို ဗောဓိ-သဒ္ဒါသည် သဗ္ဗညုတဉာဏ်အနက်ကိုလည်း ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ/အဘိဓေယျတ္ထ/အဓိပ္ပေတတ္ထ)

(ဈ) ၌ အဗ္ဘညာသိ-ဖြင့် အဘိသမ္ဗုဒ္ဓေါ-၌ ဗုဓဓာတ်သည် ဇာဂရ-စသော အနက်ကိုမဟော၊ ဉာဏအနက်ကိုဟော --ရင်း (ဒု-ဓာတွတ္ထ) တ-ပစ္စည်း၏ အတိတ်ကတ္တုသာဓနၥ၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) အဘိသမ္ဗုဇ္ဈိတ္ထာတိ အဘိသမ္ဗုဒ္ဓေါ-ဟု အတိတ်ကတ္တုသာဓနပြု-- ရင်း (အဘိဓာနတ္ထ) အဘိ-သံ-ဥပသာရတို့၏ ဓာတွတ္ထာနုဝတ္တက၏-- ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

ပဋိဝိဇ္ဈိ-ဖြင့် သိ၏ဟူသည် အနုမာန (မှန်းဆသော) အားဖြင့် သိသည်မဟုတ်၊ မျက်

http://www.dhammadownload.com



မှောက်ပြု၍ သိ၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

ပဋ္ဌောမှိ အဓိဂတောမှိ-ဖြင့် မျက်မှောက်ပြု၍ သိ၏ဟူသည် ရောက်ခြင်း ရခြင်း ပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

## ဝါကျ [၇၉]

(က) ဖဝံ ဘဂဝါ အတ္တနော အနုတ္တရံ ဇေဋ္ဌသေဋ္ဌဘာဝံ ဗြာဟ္မဏဿ ပကာသေတွာ ဣဒါနိ ယာယ ပဋိပဒါယ တံ အဓိဂတော၊ တံ ပဋိပဒံ ပုဗ္ဗဘာဂတော ပဘုတိ ဒဿေတုံ "အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏာ"တိ အာဒိမာဟ။

(ခ) ဣမံ ဝါ ဘဂဝတော အနုတ္တရံ ဇေဋ္ဌသေဋ္ဌဘာဝံ သုတွာ ဗြာဟ္မဏဿ စိတ္တမေဝ မုပ္ပန္နံ "ကာယ နုခေါ ပဋိပဒါယ ဣမံ ပတ္တော"တိ။ တဿ စိတ္တမညာယ "ဣမာယာဟံ ပဋိပဒါယ ဣမံ အနုတ္တရံ ဇေဋ္ဌသေဋ္ဌဘာဝံ ပတ္တောတိ" ဒဿေန္တော ဧဝမာဟ။

(ဂ) တတ္ထ အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ ဝီရိယံ အဟောသီတိ ဗြာဟ္မဏ န မယာ အယံ အနုတ္တရော ဇေဋ္ဌသေဋ္ဌဘာဝေါ ကုသီတေန မုဋ္ဌဿတိနာ သာရဒ္ဓကာယေန ဝိက္ခိတ္တ စိတ္တေန အဓိဂတော။

(ဃ) အပိစ ခေါ တဒဓိဂမာယ အာရဒ္ဓံ ခေါ ပန မေ ဝီရိယံ အဟောသိ။

(င) ဗောဓိမဏ္ဍေ နိသိန္နေန မယာ စတုရင်္ဂသမန္နာဂတံ ဝီရိယံ အာရဒ္ဓံ အဟောသိ။

(စ) ပဂ္ဂဟိတံ အသိထိလပ္ပဝတ္တိတန္တိ ဝုတ္တံ ဟောတိ။

(ဆ) အာရဒ္ဓတ္တာယေဝစ မေ တံ အသလ္လီနံ အဟောသိ။

(ဌ။၁၁၁။မအဋ္ဌ-၂။၂၃၁။ ဘာသာဋီ-၁။၅၅၉။)

➤ ၁။ (ဂ) [ဒဿနကြိယာယ၏။ကရဏဘူတောသော။ဗြဲခာတုယာ၏။ကမ္မဘူတောသော။] တတ္ထ တသ္မိံ အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏာတိ အာဒိ ဝစနေ၊ထို အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ-အစရှိသော စကားရပ်၌။အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ ဝီရိယံ အဟောသီတိ၊ဟူသည်ကား။ဗြာဟ္မဏ၊ပုဏ္ဏား။အယံ အနုတ္တရော၊ဤ ဇေဋ္ဌ သေဋ္ဌ ဘာဝထက် မြတ်သောဂုဏ်မရှိသော။အယံ ဇေဋ္ဌသေဋ္ဌဘာဝေါ၊ဤအကြီးဆုံး၏ အဖြစ်, အမြတ်ဆုံး၏အဖြစ်ကို။ကုသီတေန၊ပျင်းရိသော။ မုဋ္ဌဿတိနာ၊ပျောက်ကင်းသော သတိရှိသော။သာရဒ္ဓကာယေန၊ပူလောင်သော ကိုယ်ရှိသော။ဝိက္ခိတ္တစိတ္တေန၊ပျံ့လွင့်သော စိတ်ရှိသော။[ဝိသေသနကြံ] မယာ၊ ငါသည်။ န အဓိဂတော၊ရအပ်သည် မဟုတ်။

(တစ်နည်း) တတ္ထ၊ထို အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ-အစရှိသော စကားရပ်၌။ အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ ဝီရိယံ အဟောသီတိ၊ဟူသည်ကား။ဗြာဟ္မဏ၊ပုဏ္ဏား။ မယာ၊ငါသည်။အယံ အနုတ္တရော၊ဤ ဇေဋ္ဌ သေဋ္ဌဘာဝထက် မြတ်သောဂုဏ်မရှိသော။ အယံ ဇေဋ္ဌသေဋ္ဌဘာဝေါ၊ဤအကြီးဆုံး၏ အဖြစ်, အမြတ်ဆုံး၏အဖြစ်ကို။ကုသီတေန၊

http://www.dhammadownload.com



ပျင်းရိသည်။ မုဋ္ဌဿတိနှာ၊ပျောက်ကင်းသော သတိရှိသည်။သာရဒ္ဓကာယေန၊ပူလောင်သော ကိုယ်ရှိသည်။ဝိက္ခိတ္တစိတ္တေန၊ပျံ့လွင့်သော စိတ်ရှိသည်။[ဣတ္ထားပိုဗြဲ] ဟုတ္ထာ၊ဖြစ်၍။န အဝိကာတော၊ရအပ်သည် မဟုတ်။

➤ ၂။ (က) သို့/ အာဘောဂဏ္ဍာ ။ ။ ဆရာ၊ မြတ်စွာဘုရားသည် အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ အစရှိသည်ကို ဟောတော်မူ၏။ နာဟံ တံ ဗြာဟ္မဏ ပဿာမိ-အစရှိသော ဒေသနာအစဉ်ဖြင့် (ဂဏ္ဌိသစ်) သေယျထာပိ ဗြာဟ္မဏ-စသည်ဖြင့် (မဒ္ဒူသျ) မြတ်စွာဘုရားသည် မိမိ၏ အနုတ္တရဇေ့ဋ္ဌသေဋ္ဌအဖြစ်ကို ပုဏ္ဏားကြီးအား ပြပြီးသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် အာရဒ္ဓံ ခေါ အစရှိသည်ကို ဟောတော်မူပါသနည်း၊ စုဒ်ကြောင့် (က) မိန့်။

ကား-- အနုတ္တရဇေ့ဋ္ဌသေဋ္ဌ အဖြစ်ကို ရတော်မူသော အကျင့်ကို ရှေးအဘို့မှစ၍ ပြလိုသောကြောင့် အာရဒ္ဓံ ခေါ အစရှိသည်ကို ဟောတော်မူပါ၏ဟူလို။

(ခ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် အတ္တဇ္ဈာသယအားဖြင့် အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ-စသော ပါဠိတော်၏ အနုသန္ဓေကို ပြပြီး၍ ယခုအခါ၌ ပရဇ္ဈာသယအားဖြင့် အနုသန္ဓေကို ပြခြင်းငှာ (ခ) မိန့်။

(ဂ) သို့/ အနုသန္ဓေ ။ ။ ဤသို့ ဧဝံ ဘဂဝါ-စသည်ဖြင့်လည်းကောင်း၊ ဣမံ ဝါ ဘဂဝတော-စသည်ဖြင့်လည်းကောင်း၊ အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ ဝီရိယံ-စသော ဒေသနာ၌ အနုသန္ဓေကို ပြပြီး၍၊ ယခုအခါ၌ "အာရဒ္ဓံ ခေါ ပန" စသော ဝါကျ၏အနက်ကို ဗျတိရိက်အားဖြင့်လည်းကောင်း၊ အန္ဝယအားဖြင့်လည်းကောင်း ပြခြင်းငှာ တတ္ထ-စသော (ဂ) ဝါကျကို မိန့်။

➤ ၃။ (က)သည် "အာရဒ္ဓံ ခေါ ပန" စသော ဝါကျ၏အနုသန္ဓေကို ပြသောကြောင့် အနုသန္ဓေဝါကျ။ (ခ) သည် အတ္တဇ္ဈာသယအားဖြင့် အနုသန္ဓေ မှတစ်ပါး ပရဇ္ဈာသယအားဖြင့် အနုသန္ဓေကိုပြသောကြောင့် ပက္ခန္တရ။ (ဂ)- စသော ဝါကျတို့သည် အာရဒ္ဓံ ခေါ ပန-စသော (က-ခ) ဝါကျလာ ကံပုဒ်တို့ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။/အနုသန္ဓေ၊ သမ္ဗန္ဓ၊ သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထကို ပြသောကြောင့် ပက္ခန္တရ။ ထိုတွင် (ဂ)သည် "အာရဒ္ဓံ ခေါ ပန" စသော ဝါကျ၏အနက်ကို ဗျတိရေကအားဖြင့် ပြသောကြောင့် ဗျတိရေကဝါကျ။ (ဃ-င) ဝါကျတို့သည် "အာရဒ္ဓံ ခေါ ပန" စသော ဝါကျ၏အနက်ကို အန္ဝယအားဖြင့် ပြသောကြောင့် အန္ဝယဝါကျ။ (တစ်နည်း) (ဃ-င) ဝါကျတို့သည် ဗျတိရေကမှတစ်ပါး အန္ဝယကို ပြသောကြောင့် ပက္ခန္တရ။ (စ) သည် ပဂ္ဂဟိတံပုဒ်၏ ပဒ ပိဏ္ဍတ္ထကိုပြသောကြောင့် ဝိတ္ထာရ။ (တစ်နည်း) (စ) ဝါကျသည် အာရဒ္ဓံ-၏ အာပုဗ္ဗ ရဘဓာတ်ကား အဘယ်အနက်ကိုဟောပါသနည်း စသော အာရဒ္ဓ-၏ ဓာတွတ္ထ ဘာဝတ္ထ တို့ ကွင်းကျန်နေ၍ ထိုစောဒနာကို ပယ်လှန်ကာ တက်လာသောကြောင့် ဝါကျာရမ္ဘ။

http://www.dhammadownload.com



(ဆ) သည် အသလ္လီန်-ဟူသော စကားကျန်နေ၍ ထိုစကားကို ဆက်ကာဖွင့်ပြသော ကြောင့် ဝါကျာရမ္ဘ။/အာရဒ္ဓ ဝီရိယ-တို့၏ အဖွင့်မှုတစ်ပါး အသလ္လီန်-ပုဒ်၏ အဖွင့်ဟူသော အဖို့တစ်ပါးကိုပြသောကြောင့် ပက္ခန္တရ။

**ခာစပ်** ။ ။ တတ္ထ-ကို ဝေဒိတဗ္ဗော၌ စပ်။ မယာ-ကို အဓိဂတော၊ အာရဒ္ဓ ပုဒ်တို့၌ အဝုတ္တကတ္တား -- ကတ္တိ စပ်။

➤ ၄။ အဗုဇ္ဈိ ဧတ္ထာတိ **ဗောဓိ**။ **[သမ်ပင်သော]** ဧတ္ထ၊ဤညောင်ဗုဒ္ဓဟေပင်၌။ဘဂဝါ၊ သည်။စတ္တာရိ သစ္စာနိ၊တို့ကို။အဗုဇ္ဈိ၊သိပြီ။ဣတိ သော ရုက္ခော ဗောဓိ။ ဗုဓ+ဣ-ပစ္စည်း။

ဗုဓဓာတ်အရ ကတ္တုရုကြိယာကား မြတ်စွာဘုရား၏ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်သည် မုချ။ အဓိကရဏတ္တကြိယာအရ ထိုအားတပ်သော ညောင်ဗုဒ္ဓဟေပင်၏ ပကာတူပနိသျှ သတ္တိသည် ဖလူ။ ဣ-ပစ္စည်းအရကား ထို--သော ညောင်ဗုဒ္ဓဟေပင်ရ၏။

သယံ ဗုဇ္ဈတီတိ **ဗောဓိ**။ **[မဂ်သော]** သယံ၊အရဟတ္တမဂ်ကိုယ်တိုင်။ဗုဇ္ဈတိ၊သိတတ်၏။ ဣတိ ဗောဓိ။ကတ္တုသာဓနေ၊ဗုဓ+ဣ။ ဗုဓဓာတ်၏ ကတ္တုရုအရကား နိဗ္ဗာန်ကိုသိခြင်း အကုသိုလ်ကိုပယ်ခြင်း လက္ခဏာ သဘာဝ ရ၏။ ဣပစ္စည်း၏အရကား လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော အရဟတ္တမဂ်ဉာဏ်ရ၏။

ဗုဇ္ဈန္တိ ဧတေနာတိ **ဗောဓိ**။ **(အရဟတ္တမဂ်)** ဧတေန မဂ္ဂေန၊ဖြင့်။အရိယာ၊တို့သည်။ဗုဇ္ဈန္တိ၊ သစ္စာ ၄-ပါးတို့ကို သိတတ်ကုန်၏။ဣတိ သော မဂ္ဂေါ ဗောဓိ။ ကရဏသာဓနေ။

ဗုဓဓာတ်၏အရကား အရဟတ္တမဂ်စိတ္တုပ္ပါဒ်၏ ဥပ္ပါဒ်ခဏသည် မုချ။ အရဟတ္တမဂ်ဉာဏ်၏ ဟေတု သဟဇာတ-စသော ပစ္စယသတ္တိသည် ဖလူ။ ဣပစ္စည်း၏အရကား ထို--သော အရဟတ္တမဂ်ဉာဏ် ရ၏။[ဗုဓဓာတ်အရ ကတ္တုရုကြိယာကား အရိယာပုဂ္ဂိုလ်တို့၏ မဂ္ဂသမ္ပယုတ္တဓမ္မသည် မုချ။ ကရဏတ္တကြိယာအရကား ထိုအားတပ်သော မဂ်၏ ပကာတူပနိသျှသတ္တိသည် ဖလူ။ ဣ-ပစ္စည်းအရကား ထို--သော မဂ် ရ၏။]

သဗ္ဗဓမ္မေ သဗ္ဗာကာရတော ဗုဇ္ဈတိ ပဋိဝိဇ္ဈတီတိ **ဗောဓိ**။ **(သဗ္ဗညုတဉာဏ်)** ယံ သဗ္ဗညုတဉာဏံ၊သည်။သဗ္ဗဓမ္မေ၊တို့ကို။သဗ္ဗာကာရတော၊ခပ်သိမ်းသော အခြင်းအရာ အားဖြင့်။ဗုဇ္ဈတိ ပဋိဝိဇ္ဈတိ၊ထိုးထွင်း၍ သိတော်မူတတ်၏။ဣတိ တံ သဗ္ဗညုတဉာဏံ၊ ဗောဓိ။ ဗုဓဓာတ်၏ ကတ္တုရုအရကား သဗ္ဗညုတဉာဏ်၏ အလုံးစုံသော တရားတို့ကို သိခြင်း လက္ခဏာ သဘာဝ ရ၏။ ဣပစ္စည်း၏အရကား လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော သဗ္ဗညုတဉာဏ် ရ၏။

ဗုဇ္ဈတေ သစ္ဆိကရီယတီတိ **ဗောဓိ**။ **[နိဗ္ဗာန်သော]** ယံ နိဗ္ဗာနံ၊ကို။အရိယေဟိ၊တို့သည်။ ဗုဇ္ဈတေ သစ္ဆိကရီယတိ၊မျက်မှောက်ပြုအပ်၏။ဣတိ တံ နိဗ္ဗာနံ ဗောဓိ။ ဗုဓဓာတ်အရ ကတ္တုရုကြိယာကား အရိယာပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် မုချ။ ကမ္မရုကြိယာကား ထို-အားတပ်သော နိဗ္ဗာန်၏ အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ

http://www.dhammadownload.com



သတ္တိသည် ဖလူ။ ဣ-ပစ္စည်းအရကား ထို--သော နိဗ္ဗာန် ရ၏။

ကုဿိတေန အာကာရေန သီဒတီတိ **ကုသီတော**။ ကု-ပုဒ်အရကား ကုစ္ဆိတာကာရ ဘောဂုဏ် ရ၏။ သီဒဓာတ်အရကား ဆုတ်နစ်သော အခြင်းအရာအားဖြင့်ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော အယောနိသောမနသိကာရသည် ဖလူပစာ။ နောက်နောက်၌ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်သည် ကာရဏူပစာ။ အ-ပစ္စည်းအရကား ထို--သော ပျင်းရိသောသူ ရ၏။

* မုသတီတိ **မုဋ္ဌာ**။ မုဋ္ဌာ သတိ ဧတဿာတိ **မုဋ္ဌဿတိ**။ အာရမ္ဘတီတိ **အာရဒ္ဓေါ**။ သဟ အာရဒ္ဓေန ယော ဝတ္တတီတိ **သာရဒ္ဓေါ**။ သာရဒ္ဓေါ ကာယော ဧတဿာတိ **သာရဒ္ဓကာယော**။ ဝိဝိဓံ ခိတ္တံ ဝိက္ခိတ္တံ။ ဝိက္ခိတ္တံ စိတ္တံ ယဿာတိ **ဝိက္ခိတ္တစိတ္တော**။

ဗုဇ္ဈတီတိ **ဗောဓိ**၊ မဂ္ဂတီတိ ဓမ္မောတိ **မဂ္ဂေါ**။ ဗောဓိယာ မဂ္ဂေါ **ဗောဓိမဂ္ဂေါ**။ စတ္တာရိ အင်္ဂါနိ စတုင်္ဂ၊ စတုရင်္ဂေန သမန္နာဂတံ **စတုရင်္ဂသမန္နာဂတံ**။ ပဂ္ဂယှတိ ဥက္ခိပီယတီတိ **ပဂ္ဂဟိတံ**။ န သိထိလံ **အသိထိလံ**။ အသိထိလေန ပဝတ္တိတံ **အသိထိလပဝတ္တိတံ**။

ဝိရယတီတိ ဝီရော၊ ဝီရာနံ ဘာဝေါ ကမ္မံ **ဝီရိယံ**။ ဝိဓိနာ နယေန ဥပါယေန ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ **ဝီရိယံ**။

➤ ၆။ (က) ၌ မယာ-ဖြင့် မေ-၌ စတုတ္ထီ ဆဋ္ဌီ ကေဝုစ်ဝိဘတ် မဟုတ်၊ တတိယာ ကေဝုစ် နာ-ဝိဘတ်၏--ၐင်း (ဝိဘတ္တိပဒ) အာရဒ္ဓ-၌ တ-ပစ္စည်းသည် ကမ္မသာဓနအနက် ၌သက်--ၐင်း (ဒု-ပစ္စယတ္ထ) အာရဘီယတေတိ အာရဒ္ဓ-ဟု ကမ္မသာဓနပြု--ၐင်း (အဘိဓာနတ္ထ) သိစေပါသည်။

( င) ၌ **စတုရင်္ဂသမန္နာဂတံ ဝီရိယံ**-ဖြင့် ဝီရိယ-အရ ကေဒေသျူပစာအားဖြင့် အင်္ဂါ ၄-ပါးနှင့်ပြည့်စုံသော ဝီရိယကိုယူရမည်ဟု သိစေပါသည်။(အဘိဓေယျတ္ထ)

**မယာ ဝီရိယံ အာရဒ္ဓံ အဟောသိ**-ဖြင့် အာရဒ္ဓံ ခေါ်ပန မေ ဗြာဟ္မဏ ဝီရိယံ အဟောသိ-ကို ပါဠိရှိအတိုင်း အနက် မယောဇနာရ ဗြာဟ္မဏ မေ ဝီရိယံ အာရဒ္ဓံ အဟောသိ-ဟု ယောဇနာရမည်ကို သိစေပါသည်။ (သမ္ဗန္ဓ/ဘာဝတ္ထ)

(စ) ၌ ပဂ္ဂဟိတံ-ဖြင့် အာရဒ္ဓ-၌ အာပုဗ္ဗ ရဘဓာတ်သည် ဝါယမတ္ထကို ဟော၏ဟု သိစေပါသည်။ (ကိတ်ဓာတ်၏အနက်ကို ဖွင့်သောကြောင့် ဒုတိယ ဓာတွတ္ထ သံဝဏ္ဏနာ မည်၏။) **အသိထိလပဝတ္တိတံ**-ဖြင့် ပဂ္ဂဟိတ-အားထုတ်၍ယူအပ်၏ဟူသည် လျော့လျော့ မပြုမူ၍ လွန်စွာအားထုတ်ခြင်းဟု ဆိုအပ်သော လုံ့လဖြင့် ယူအပ်သည်ဟု သိစေသည်။ (ပဂ္ဂဟိတပုဒ်၏ အဓိပ္ပါယ်အနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။)

➤ ၇။ **ကုသီတေန/ကုသီဒေန/ကုသီတေန** ။ ။ ဝီရိယေနာတိ ဂန္တဗ္ဗဿ အတ္ထဿ အလာဘတော ကုစ္ဆိတေနာကာရေန သီဒတီတိ ကုသီတော၊ ကုသီတောတိ စေတ္ထ ဒဿ တတ္တံ၊ သုဂတောတိ ဧတ္ထ ဝိယ။ (နီတိ၊ဓာတု) ဆိုသောကြောင့်ၐင်း။ ယင်းအလို ကုပုဗ္ဗ

http://www.dhammadownload.com



သီဒဓာတ်၊ အ-ပစ္စည်း၊ ဓာတွန် ဒ-ကို တ-ပြု၍ ကုသိတ-ဟု ရုပ်ပြီးသောကြောင့်ရင်း၊ ဏွာဒိမောဂ္ဂလာန်၌လည်း ကုသိယတေ အဏ္ဏောသီယတေတိ ကုသိတော-ဟု ပြု၍ ကုသဓာတ် တ-ပစ္စည်း၊ ဤ-လာ၍ ကုသိတ-ဟု ရုပ်ပြီးပုံကို ပြဆိုထားသောကြောင့် ကုသိတေန-ပါဌ်သာ သင့်ပါသည်။

**စိတ္တမေဝမုပ္ပန္နံ/စိတ္တမေဝ ဥပ္ပန္နံ** ။ ။ စိတ္တမေဝ မုပ္ပန္နန္တိ ဧဝံ ဥပရိ ဝက္ခမာန ပရိဝိတက္ကဝသေန စိတ္တမုပ္ပန္နန္တိ အတ္ထော၊ "စိတ္တမေဝ မုပ္ပန္န"န္တိပိ ပါဌော။ တတ္ထ စိတ္တမေဝ ဥပ္ပန္နံ။ န တာဝ ဘဂဝတိ ပသာဒေါတိ အတ္ထော (သာရတ္ထ)ကိုထောက်၍

စိတ္တမေဝ မုပ္ပန္နံ-ဟု ရှိလျှင် စိတ္တံ+ဧဝံ+ဥပ္ပန္နံဟု ပုဒ်ဖြတ်၍ ဧဝံ၊ဤအထက်၌ ဆိုအပ်လတ့်သော ကြံစည်ခြင်း၏အစွမ်းဖြင့်။စိတ္တံ၊စိတ်သည်။ဥပ္ပန္နံ၊ဖြစ်၏-ဟု အနက်ပေး ရသောကြောင့်ရင်း။

စိတ္တမေဝ ဥပ္ပန္နံ-ဟုရှိလျှင် စိတ္တမေဝ၊စိတ်သည်သာလျှင်။ဥပ္ပန္နံ၊ဖြစ်၏။ဘဂဝတိ၊၌။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။န တာဝ ဥပ္ပန္နံ၊မဖြစ်သေး။ဟု အနက်ပေးရသောကြောင့် ရင်း ဤသို့ သဒ္ဒယုတ္တိ အတ္ထယုတ္တိတို့ရှိရကား နှစ်ပါဌ်လုံးသင့်ပါသည်။

**ဝီရိယံ/ဝီရိယ** ။ ။ ဝီရယ ဘာဝေါ ဝီရိယံ၊ ရဿတ္တေ ဝိရိယံ (နီတိ၊သုတ္တ)ကိုထောက် ၍ နှစ်ပါဌ်လုံး သင့်ပါသည်။

➤ ၈။ **ဗောဓိမဏ္ဍေ**-ကား အနီးရှိသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာဖြစ်သော ညောင်ဗုဒ္ဓဟေပင်၏ "ဗောဓိမဏ္ဍ"ဟူသော အမည်ကို အနီးဖြစ် သော ညောင်ဗုဒ္ဓဟေပင်၏အနီး အောက်အရပ်၌တင်-- သမီပျူပစာ၊ ရှုဋ္ဌီနည်း။

**ဗောဓိ**-ကား အပေါင်းဖြစ်သော သဗ္ဗညုတဉာဏ် အရိယာမဂ် ဗောဓိမင်းသားဟူသော နာမပညတ် ညောင်ဗုဒ္ဓဟေပင်တို့၏ "ဗောဓိ"ဟူသောအမည်ကို အစိတ်ဖြစ်သော သဗ္ဗ ညုတဉာဏ် အရဟတ္တမဂ်ဉာဏ်တို့၌တင်-- ဧကဒေသျူပစာ၊ ရှုဋ္ဌီနည်း။

**ပုဗ္ဗဘာဂဝဓော**-ကား ဌာန (ကာလ) ဖြစ်သော ရှေ့အဖို့ (ရှေ့ကာလ) ၏ "ပုဗ္ဗဘာဂ" အမည်ကို ဌာနီဖြစ်သော ဝိပဿနာဘာဝနာ၏ ရှေ့အဖို့၌ဖြစ်သော လုံ့လ ဝီရိယပြုခြင်း စသည်၌တင်-- ဌာနူပစာ။

(၈) ဝါကျ၌ **ဓမ**-ကား မေ၊ငါသည်။အာရဒ္ဓံ၊အားထုတ်အပ်သည်။အဟောသိ၊ဖြစ်ပြီ- ဟုရင်း။ မေ၊ငါ၏။ဝီရိယံ၊ဝီရိယသည်။အဟောသိ၊ဖြစ်ပြီ-ဟုရင်း။ အာရဒ္ဓံ-နှင့် ဝီရိယံ နှစ်ပုဒ် ကို ငဲ့သောကြောင့် ကာကောလောကနနည်း မည်၏။

➤ ၁၀။ **အာဟ**-၌ ဓာတ်အရ ကရုဏာရှေ့သွားရှိသော ဒေသနာဉာဏ်ကိုယူ။

http://www.dhammadownload.com



**ပါဠိ [၈၀]**

(က) **ပဿဒ္ဓေါ ကာယော အသာရဒ္ဓေါတိ** ကာယစိတ္တပဿဒ္ဓိဝသေန ကာယောပိ မေ ပဿဒ္ဓေါ အဟောသိ။

(ခ) တတ္ထ ယသ္မာ နာမကာယေ ပဿဒ္ဓေ ရူပကာယောပိ ပဿဒ္ဓေါယေဝ ဟောတိ၊ တသ္မာ နာမကာယော ရူပကာယောတိ အဝိသေသေတွာဝ ပဿဒ္ဓေါ ကာယောတိ ဝုတ္တံ။

(ဂ-၁) **အသာရဒ္ဓေါတိ** သော စခေါ ပဿဒ္ဓတ္တာယေဝ အသာရဒ္ဓေါ။

(ဂ-၂) ဝိဂတဒရထောတိ ဝုတ္တံ ဟောတိ။

(ဃ) သမာဟိတံ စိတ္တံ ဧကဂ္ဂန္တိ စိတ္တမ္ပိ မေ သမ္မာ အာဟိတံ သုဋ္ဌု ဌပိတံ အပ္ပိတံ ဝိယ အဟောသိ။ (င) သမာဟိတတ္တာ ဧဝ စ ဧကဂ္ဂံ အစလံ နိပ္ပန္ဒန္တိ။

(စ) ဧတ္တာဝတာ ဈာနဿ ပုဗ္ဗဘာဂပဋိပဒါ ကထိတာ ဟောတိ။

(ဋ္ဌ။၁၁၁။ မအ-၂။၂၃၃။ ဘာသာဋီ-၁။၅၆၂။)

➤ ၁။ (စ) ဧတ္တာဝတာ၊ဤမျှအတိုင်းအရှည်ရှိသော အာရဒ္ဓ ခေါပန အစရှိသည်ဖြင့် ဝီရိယ သတိ ပဿဒ္ဓိ သမာဓိတို့၏ ကိစ္စပြီးခြင်းကို ပြခြင်းဖြင့်။

➤ ၂။ (ခ) သို့ / **အာဘောဂါယုတ္တအာဒရာ** ။ ။ ဆရာ၊ ဘုရားရှင်သည် "ပဿဒ္ဓေါ ကာယော အသာရဒ္ဓေါ"ဟု ဟောတော်မူ၏။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ နှစ်ပါး၏အစွမ်းဖြင့်လည်း နာမကာယ-သာ ငြိမ်းသင့်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် "နာမကာယော"ဟု ဝိသေသအားဖြင့် မဟောပါသနည်း။(ဗျတိရေက) "ပဿဒ္ဓေါ ကာယော"ဟုသာ ဟောပါသနည်း (အနွယ) စုဒ်ကြောင့် (ခ) မိန့်။

**ကား--** နာမကာယ ငြိမ်းအေးသည်ရှိသော် ရူပကာယလည်း ငြိမ်းအေးသည်သာ ဖြစ်သောကြောင့် ဟူလို။

(ဂ-၂) သို့/ ဆရာ-သည် (ဂ-၁) ဖြင့် ကာယ၏ ပဿဒ္ဓိကြောင့်သာ အသာရဒ္ဓဖြစ်၏ဟု ရှေ့ပုဒ်ဟူသမျှ အကြောင်းကြောင့် နောက်ပုဒ်ဟူသမျှ အကျိုးရသည်ကို ဖွင့်ပြအပ်၏။ သာရဒ္ဓေါ-ကို သ+အရဒ္ဓေါ-ဟု ပဒစ္ဆေဒပြု၍ အာပုဗ္ဗ ရဘဓာတ်သည် ရှေးကဲ့သို့ ဆေဒန-စသော အနက်ကို ဟောအံ့လော။ အဘယ်အနက်ကို ဟောပါသနည်း၊ စုဒ်ကြောင့် (ဂ-၂) ကို မိန့်။

(င) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဃ) ဖြင့် ငါ၏စိတ်ကိုလည်း ကောင်းစွာ ထားအပ်သည် အပ္ပနာသို့ ရောက်သကဲ့သို့ ဖြစ်ပြီဟု ဖွင့်ပြပြီး၍ ယခုအခါ၌ သမာဟိတံ-သည် ဧကဂ္ဂံ-၏ အကြောင်းတည်းဟု ပြလိုသော ဆရာသည် (င) မိန့်။

➤ ၃။ (က) သည် ပက္ခန္တရ။ (ခ) သည် ပါဠိတော်၌ စောဒနာဘွယ်ရှိ၍ ဆက်လက် ပြသောကြောင့် ဝါကျာရမ္ဘ။ ထိုတွင် ယသ္မာ ဟောတိ-တိုင်အောင် အနိယတ်ဝါကျ။ (ဝါ) ကာရဏဝါကျ၊ တသ္မာ-စသည်ကား နိယတ်ဝါကျ/ဖလဝါကျ။ (ဂ-ဃ)တို့သည် ပက္ခန္တရ။

http://www.dhammadownload.com



(င) ဝါကျာရမ္ဘ။ (တစ်နည်း) သမာဟိတံ စိတ္တံ ပုဒ်၏ အဖွင့်မှတစ်ပါး ကေဂ္ဂ-ပုဒ်၏ အဖွင့်ကိုပြသောကြောင့် ပက္ခန္တရ။ (စ) သည် ဇဝံ ဘဂဝါ စသည်ဖြင့် ဆိုအပ်ပြီးသော ပုဗ္ဗဘာဂပဋိပဒါကို နိဂုံး အုပ်ပြသောကြောင့် နိဂမနဝါကျ။

➤ ၄။ ဧကံ အဂ္ဂံ အာရမ္မဏံ အဿာတိ **ဧကဂ္ဂံ**။ ဧက-အဂ္ဂ သမာသ်ပုဒ်အရ တစ်ခုတည်းသော အာရုံသည် မှချ။ ထို--၏ ဘုရားရှင်၏ သမာဓိနှင့်ယှဉ်သော စိတ်တော်နှင့် အာရုံ-အာရမ္မဏကိုက စပ် ဌာန္။ ဣမ-အညပုဒ်အရ ထို--သော သမာဓိနှင့်ယှဉ်သော ဘုရားရှင်၏ စိတ်တော်ရ၏။

သဟ အာရဒ္ဓေန ယော ဝတ္တတီတိ သာရဒ္ဓေါ။ နတ္ထိ သာရဒ္ဓေါ ဧတဿ ကာယဿာတိ **အသာရဒ္ဓေါ**။ န+သာရဒ္ဓ-ဟူသော ဗဟုဗ္ဗိဟိ-အရ ကိလေသာဟူသော ပူပန်ခြင်းသည် မှချ။ ထို--၏ ဧတ-အညပုဒ်အရ နာမကာယ, ရူပကာယနှင့် ဂုဏ်-ဂုဏီ စပ် ဌာန္။ ဧတ-အညပုဒ်အရကား ထို--သော ကိလေသာဟူသော ပူပန်ခြင်းမရှိသော နာမကာယ ရူပကာယ ရ၏။

* ဝိဂတော ဒရထော ဧတဿ ကာယဿာတိ **ဝိဂတဒရထော**။ ဒရထော ဝိဂတော **ဝိဂတဒရထော**။ နတ္ထိ စလံ ဧတဿ စိတ္တဿာတိ **အစလံ**။ နတ္ထိ ဖန္ဒနံ ဧတဿ စိတ္တဿာတိ **နိပ္ဖန္ဒနံ**။ ဧကံ ပရိမာဏံ အဿ အတ္ထီတိ **ဓတ္တာဝါ** (ဧတေန) ပုဗ္ဗေ ဘဝေါ ပုဗ္ဗော။ ပုဗ္ဗော ဘာဂေါ ပုဗ္ဗဘာဂေါ။ ပုဗ္ဗဘာဂေ ပဝတ္တာ ပဋိပဒါ ပုဗ္ဗဘာဂပဋိပဒါ။

➤ ၆။ (က) ၌ ကာယစိတ္တပဿဒ္ဓိဝသေန-ဖြင့် စိတ္တပဿဒ္ဓိ၏အစွမ်းဖြင့် စိတ်၊ ကာယပဿဒ္ဓိ၏အစွမ်းဖြင့် ကာယ ငြိမ်းသော်လည်း ပဿဒ္ဓေါ ကာယော-အရကား အဝိနာဘာဝနည်းအားဖြင့် နာမကာယ ရူပကာယနှစ်မျိုးလုံးကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

**ကာယောပိ မေ ပဿဒ္ဓေါ အဟောသိ**-ဖြင့် ကာယောပုဒ်နောင် ဝိ-ကျေနေသည်၏--ရင်း (ဘာဝတ္ထ) ကာယော-၏ သမ္ဗန်ကို မေ-ဟု ထည့်၍ ကြိယာကို အဟောသိ-ဟု ထည့်ကာ အနက်ပေးရမည်ကိုရင်း (သမ္ဗန္ဓ) သိစေပါသည်။

(ဂ) ၌ ပဿဒ္ဓတ္တာယေဝ အသာရဒ္ဓေါ-ဖြင့် ပဿဒ္ဓိသည် အသာရဒ္ဓ၏ အကြောင်းတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ဝိဂတဒရထော-ဖြင့် အသာရဒ္ဓေါ-၌ န-၏ ဝိဂတ အနက်ဟော--ရင်း (နိပါတလိင်္ဂတ္ထ) သံပုဗ္ဗ ရဘာဓာတ်၏ ဒရထ-ဟုဆိုအပ်သော တာပန အနက်ဟော--ရင်း (ဒု-ဓာတွတ္ထ) နတ္ထိ သာရဒ္ဓေါ အဿာတိ အသာရဒ္ဓေါ-ဟု စတုတ္ထီ ဗဟုဗ္ဗိဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

(ဃ) ၌ စိတ္တမ္ပိ-ဖြင့် စိတ္တံပုဒ်နောင် ပိ-ကျေသည်၏--ရင်း (ဘာဝတ္ထ) မေ-ဖြင့် စိတ္တံ-၏ သမ္ဗန်ကို မေ-ဟု ထည့်ရမည်၏--ရင်း (ဘာဝတ္ထ) သမ္မာ အာဟိတံ-ဖြင့် သမာဟိတံ-ကို သံ+အာဟိတံ-ဟု ပဒစ္ဆေဒပြု--ရင်း (သန္ဓိလိင်္ဂပဒ) သံ-ဥပသာရ၏ သမ္မာအနက်ကို

http://www.dhammadownload.com



ဟော--ဟု (ဥပသဂ္ဂလိဂ်တ္ထ) သုဋ္ဌု ဓာပိတံ-ဖြင့် သမ္မာ-သဒ္ဒါ၏ သုဋ္ဌုအနက်ဟော--ရင်း (နိပါတလိင်္ဂတ္ထ) အာပုဗ္ဗ ဓာတ်၏ ထပနအနက်ဟော--ရင်း (ဒု-ဓာတွတ္ထ) အာ-ဥပသာရ၏ ဓာတွတ္ထ ဇာတက၏--ရင်း (ဥပသဂ္ဂလိဂ်တ္ထ) သိစေပါသည်။

အပ္ပိတံ ဝိယ အာဟောသိ–ဖြင့် ကောင်းစွာထား၏ဟူသည် တစ်ခုတည်းသော အာရုံ၌ သွင်းထားအပ်သကဲ့သို့ ဖြစ်ခြင်း (ဝါ) အပ္ပနာ ကျသကဲ့သို့ဖြစ်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(င)၌ သမာဟိတတ္တာ-ဖြင့် သမာဟိတ-၏ ဇေကဂ္ဂ-၏ အကြောင်း၏-ရင်း (ဘာဝတ္ထ) အစလံ နိပ္ပန္ဒနံ-ဖြင့် တည်ကြည်၏ဟူသည် မတုန်လှုပ်ခြင်းပင် တည်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) ဣတိ-ဖြင့် ပုဗ္ဗဘာဂပဋိပဒါ၏ အပြီးအဆုံး (ပရိသမာပန)၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

➤ ၇။ **ပုဗ္ဗဘာဂပဋိပဒါ/ပုဗ္ဗပဋိပဒါ** ။ ။ ပုဗ္ဗပဋိပဒါတိ ပုဗ္ဗေ ပဝတ္တပဋိပဒါ-ဟု ယောဇနာ ဆိုသောကြောင့်ရင်း၊ သာရတ္ထ၌ ဈာနဿ ပုဗ္ဗပဋိပဒါ ကထိတာတိ ဒဿဓွံ-ဟု ဆိုသောကြောင့်ရင်း၊ ဤ အဋ္ဌကထာ၌ တံ ပဋိပဒံ ပုဗ္ဗဘာဂတော ပဘုတိ-ဟု ဆိုသောကြောင့်ရင်း နှစ်ပါဌ်လုံး သင့်ပါသည်။

**ဌပိတံ/ဓာပိတံ** ။ ။ ထပေါ စ ထပနေ သိယာ-ဟူသော ဓာတွတ္ထသင်္ဂဟ-အလိုထားခြင်းအနက်ကို ထပဓာတ်ကသာ ဟောသောကြောင့် ထပဓာတ်+တပစ္စည်း+က္က-အာဂုံဖြင့်ပြီးသော ထပိတံ-ပါဌ်သာ သင့်ပါသည်။ ဌာဓာတ် ဏာပေပစ္စည်း တ-ပစ္စည်းတို့ဖြင့် ပြီးသောကြောင့်ရင်း၊ ထပဓာတ်၏ ထ-ကို ဌပြု၍ ပြီးနိုင်သောကြောင့်ရင်း၊ မုဒ္ဓဇ ဒုတိယ အက္ခရာဖြင့်ရှိသော ဌပိတံ-ပါဌ်လည်း သင့်ပါသည်။

➤ ၈။ **ပဿဒ္ဓေါ ကာယော**-ကား အကြောင်းဖြစ်သော နာမကာယငြိမ်းခြင်း၏ "ပဿဒ္ဓေါ ကာယော"ဟူသော အမည်ကို အကျိုးဖြစ်သော ရူပကာယငြိမ်းခြင်း၌တင်--ကာရဏူပစာ။ နာနန္တရိကနည်း။[နာမကာယေ ပဿဒ္ဓေ ရူပကာယောပိ ပဿဒ္ဓေါယေဝ ဟောတိ-ကို ရှု]

(တစ်နည်း) အကျိုး မကင်းတတ်သော ကာယပဿဒ္ဓိကို ပဿဒ္ဓေါ ကာယော-ဟု ဆိုသဖြင့် အကြောင်း မကင်းရာဖြစ်သော စိတ္တပဿဒ္ဓိကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း။ ဖလူပစာ။

**ပုဗ္ဗဘာဂပဋိပဒါ**–ကား မကင်းရာဖြစ်သော ဝီရိယ သတိ ပဿဒ္ဓိ သမာဓိ ၄-မျိုးကို "ပုဗ္ဗဘာဂပဋိပဒါ"ဟု ဆိုသဖြင့် မကင်းတတ်သော သဒ္ဓါ ပညာတို့ကိုလည်း ရသောကြောင့် နာနန္တရိကနည်း။(အဝုတ္တသိဒ္ဓိနည်း) (တစ်နည်း) အစိတ်ဖြစ်သော ဝီရိယ သတိ သမာဓိ ပဿဒ္ဓိ ၄-ပါးကို မှတ်၍ ပုဗ္ဗဘာဂပဋိပဒါ-ဟုဆိုသဖြင့် အပေါင်းဖြစ်သော ဝီရိယ သတိ ပဿဒ္ဓိ သဒ္ဓါ ပညာတို့ကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ ဧကဒေသူပစာ။

http://www.dhammadownload.com



➤ ၁၀။ မုစ္စအာဂမနိမိတ်-အရ သဒ္ဓါ ပညာ ဝီရိယ သတိ သမာဓိ ပဿဒ္ဓိ ၆-ပါးကိုယူ၍ ထို၏ ပဒဋ္ဌာန်ကား မဟာဗောဓိ-တည်း။ ထို၏ကား ပါရမီဉာဏ် စသည်တည်း။ ထို၏ကား မဟာဘိနီဟာရတည်း။ ဤသို့စသည်ဖြင့် အောက်သက် ဩရုယှာရုယှ အားဖြင့်ရင်း။ ထို ၆-ပါးသည် အာနပါန စတုတ္ထဈာန်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် မဟာဝဇီရဉာဏ်တော်၏---တည်း။ ထို--သည် အောက်မဂ် အောက်ဖိုလ်ဉာဏ်၏--တည်း။ ထို--သည် အရဟတ္တမဂ်၏ နီးစွာသော အကြောင်းတည်း။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်ရင်း ---။ ဓိဋ္ဌာန်–အရ ဥပစာရသမာဓိစိတ်ကိုယူ။

## ပါဠိ [၈၁]

(က) သေယျထာပိ--- ဝိဝိစ္စေဝ ကာမေဟီတိ ကာမေဟိ ဝိဝိစ္စိတွာ ဝိနာ ဟုတွာ အပသက္ကိတွာ။

(ခ) ယော ပနာယမေတ္ထ ဧဝကာရော၊ သော နိယမတ္ထောတိ ဝေဒိတဗ္ဗော။

(ဂ) ယသ္မာ စ နိယမတ္ထော၊ တသ္မာ တသ္မိံ ပဌမဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရဏသမယေ အဝိဇ္ဇမာနာနမ္ပိ ကာမာနံ တဿ ပဌမဇ္ဈာနဿ ပဋိပက္ခဘာဝံ ကာမပရိစ္စာဂေနေဝ စဿ အဓိဂမံ ဒီပေတိ။

(ဃ) ကထံ? ဝိဝိစ္စေဝ ကာမေဟီတိ ဧဝံ ဟိ နိယမေ ကရိယမာနေ ဣဒံ ပညာယတိ။

(င) နူနိမဿ ဈာနဿ ကာမာ ပဋိပက္ခဘူတာ၊ ယေသု သတိ ဣဒံ န ပဝတ္တတိ အန္ဓကာရေ သတိ ပဒီပေါ ဝိယ၊ တေသံ ပရိစ္စာဂေနေဝ စဿ အဓိဂမော ဟောတိ ဩရိမတီရပရိစ္စာဂေန ပါရိမတီရဿေဝ။

(စ) တသ္မာ နိယမံ ကရောတီတိ။ (၄။၁၁၂။ မဇ္ဈ-၂။၂၃၇။ ဘာသာဋီ-၁။ ၅၆၅။)

➤ ၁။ **သေယျထိဒံ–အနက်** ။ ။ ဣဒံ အတ္ထပကာသနံ၊ဤအနက်ကို ပြရာပြကြောင်းဖြစ်သော အဋ္ဌကထာနည်းသည်။သေယျထာ ကတမံ၊ကား။ဝိဝိစ္စေဝ (ပ) အပသက္ကိတွာတျာဒိ၊တည်း။ [ဤကား သရူပပုစ္ဆာ] * ဣဒံ အတ္ထံ၊ကို။သေယျထာ ကထံ၊ဖြင့်။ပကာသယိဿာမိ၊မူကား။ဝိဝိစ္စေဝ (ပ) အပသက္ကိတွာတျာဒိနာ၊ဖြင့်။ပကာသယိဿာမိ၊အံ့။ [ဤကား အာကာရပုစ္ဆာ]

➤ ၂။ **(ခ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ဝိဝိစ္စေဝ ကာမေဟိ-၌ ဝိဝိစ္စ-ပုဒ်၊ ကာမ-ပုဒ်တို့၏ အဖွင့် သံဝဏ္ဏနာ အတ္ထဝိနိစ္ဆယကို ပြပြီး၍ ယခုအခါ၌ ဧဝ-သဒ္ဒါ၏ အဖွင့်သံဝဏ္ဏနာ အတ္ထဝိနိစ္ဆယကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ခ) သို့/ ဆရာသည် (က) ဖြင့် ဝိဝိစ္စေဝ-၌ ဝိဝိစ္စ-ပုဒ်၏ အနက်ကို ဖွင့်ပြတော်မူအပ်၏။ ထိုသို့ ဝိဝိစ္စပုဒ်၏ အနက်ကိုသာ ဖွင့်ပြအပ်သော် ပါဠိတော်၌ ဝိဝိစ္စေဝ-ဟု ဧဝ-သဒ္ဒါကို ထည့်စွက်၍ မဟောဆိုသင့်သည် မဟုတ်ပါလော။ [ ပါဠိတော်၌ ဝိဝိစ္စပုဒ်

http://www.dhammadownload.com



ကိုသာ မဆိုအပ်၊ ဝိဝိစ္စေဝ-ဟု ဧဝ သဒ္ဒါ၏ အနက်ကိုလည်း ဆိုထားအပ်သည် မဟုတ်ပါလော။ ထို့ကြောင့် ဝိဝိစ္စပုဒ်၏ အနက်ကိုသာ မဖွင့်ဆိုသင့်၊ ဧဝ-သဒ္ဒါ၏ အနက်ကိုလည်း ဖွင့်ဆိုသင့်သေး၏။| ဧဝ-သဒ္ဒါ၏ အနက်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) ဆို့/ ဆရာသည် (ခ) ဖြင့် ဧဝ-သဒ္ဒါသည် နိယမအနက်ရှိ၏ဟု ဖွင့်ဆိုတော်မူအပ်၏။ ထိုမျှသာ ဖွင့်ဆိုလတ်သော် ဧဝ-သဒ္ဒါ၏ နိယမတ္ထဖြစ်ပုံကို အကျယ်အားဖြင့် မသိအပ်သေးသည် မဟုတ်ပါလော။| ကာမတို့၏ အဲဘာဝမျှကိုသာ ပြဆိုအပ်ပါသလော။ ထို့ကြောင့် ဧဝ-သဒ္ဒါ၏ နိယမအနက်ကိုသာ မပြဆိုသင့်။ နိယမအနက်ရှိပုံ နိယမတ္ထဖြစ်ပုံ အကျယ်ကိုလည်း ပြဆိုသင့်သေး၏။| နိယမတ္ထဖြစ်ပုံ အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ-င) ဆို့/ အာအောဂဏ္ဍ** ။ ။ ဆရာသည် (ဂ) ဖြင့် နိယမအနက်ရှိသော ဧဝ-သဒ္ဒါဖြင့် "ပဌမဈာန်ကို ပြည့်စုံစေ၍ နေရာအခါ၌ ထင်ရှား မရှိကုန်သော ကာမတို့၏ ပဌမဈာန်၏ ဆန့်ကျင်ဘက်၏အဖြစ်ကိုရင်း၊ ကာမတို့ကို စွန့်၍သာလျှင် ပဌမကို ရ၏" ဟူ၍ရင်း ပြသောဟု ဆို၏။ ဘယ်ပုံဘယ်နည်း ပြပါသနည်း၊ ပြပုံ အနက်အဓိပ္ပါယ်ကို ဥပမာဖြင့် ထင်စွာ မပြပြီလော။ စုဒ်ကြောင့် (ဃ-င) မိန့်။

➢ ၃။ (ခ) သည် ပက္ခန္တရ/ဝါကျာရမ္ဘ။ (ဂ) သည် ဧဝ-သဒ္ဒါ၏ နိယမတ္ထဖြစ်ပုံကို ဆက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဃ) တပ္ပါကဋီကရဏ။ ထိုတွင် ကထံ-ကား ပုစ္ဆာဝါကျ။ ဝိဝိစ္စေဝ ကာမေဟိ-စသည်ကား ပရိဟာရဝါကျ။ (င) သည် ဣဒံ ပညာယတိ-၌ ဣဒံ သရုပ်ကို အကျယ်ချဲ့၍ ပြသောကြောင့် ဝိတ္ထာရ။ (စ) သည် နိဂုမ်းဝါကျ။

**အဓိဇ္ဈာနာနမ္ဓိ**-၌ အပိ-ကား သမ္ဘာဝနတ္ထ ဖြစ်ပါသည်။

➢ ၄။ နိယမနံ နိယမော။ (နိ-ယမု+အ) နိယမိတဗ္ဗောတိ ဝါ နိယမော။ [အစိတ်] နိယမော အတ္ထော ဧတဿ ဧဝကာရဿာတိ **နိယမတ္ထော**။ [အပေါင်း] ဧတဿ ဧဝ ကာရဿ၊ထိုဧဝ-သဒ္ဒါအား။နိယမော၊မှတ်ခြင်းဟူသော။ (ဝါ) မှတ်အပ်သော။အတ္ထော၊ အနက်သည်။အတ္ထိ၏။ဣတိ သော နိယမတ္ထော နိယမ+အတ္ထ+ဧတ-ပုဒ်။

နိယမ-အတ္ထ-အရကား မှတ်ခြင်း (ဝါ) မှတ်အပ်သော အနက်သည် မုချ။ ယင်း၏ ဧဝ-သဒ္ဒါနှင့် အကျိုး အကြောင်း/အကြောင်း-အကျိုး စပ် ဌာန္။ ဧတ-အညပုဒ်အရကား ထို--သော သတ်မှတ်ခြင်းအနက်ရှိသော ဧဝ-သဒ္ဒါ ရ၏။

ကာမေဟိ **ကာမာ**။ ကမုဓာတ်အရ ကိလေသာကာမ၏ ရဇ္ဇနသတ္တိသည် မုချ။ အယောနိသော မနသိကာရ စသော ရှေးရှေးသော အစုသည် ဖလူ။ အကျိုးမဲ့ အစုသည် ကာရဏူ။ ဏ-ပစ္စည်းအရကား ထို--သော ကိလေသာကာမ ရ၏။

ကာမီယန္တီတိ **ကာမာ**။ ကမုဓာတ်အရ ကဲတ္တုဌကား ကိလေသာ ကာမ၏ ရဇ္ဇနသတ္တိသည် မုချ။ ကမ္မဌကား ထို-အားတပ်သော ဝတ္ထုကာမ၏ အာရမ္မဏ ပစ္စယသတ္တိ

http://www.dhammadownload.com



သည် ဖလူ။ ဏော-ပစ္စည်းအရကား ထို--သော ဝတ္ထုကာမ ရ၏။

ကရီယတေ ဥစ္စာရီယတေတိ ကာရော။ ဧဝ ဣတိ ကာရော **ဧဝကာရော**။ အဝရီယတီတိ ဩရော။(အဝ-ရာ+က) ဩရေ ဘဝံ **ဩရိမံ**။ ဩရိမံ တီရံ **ဩရိမတီရံ**။

ပရောယေဝ ပါရော၊ ပါရေ ဘဝံ ပါရိမံ။ ပါရိမံ တီရံ **ပါရိမတီရံ**။

➤ ၆။ (က) ၌ **ဝိဝိစ္စေဝ**-ဖြင့် ဝိဝိစ္စ-သဒ္ဒါ၏ ဝိပုဗ္ဗ ဝိစဓာတ်၏-ရင်း (ဒု-ဓာတုပဒ) စ္စ- သဒ္ဒါသည် ပဏ္ဍိစ္စံ စသည်၌ကဲ့သို့ ဏျပစ္စည်း၏ ကာရိယ မဟုတ်၊ တွာပစ္စည်း၏ ကာရိယ၏--ရင်း (ဒု-ပစ္စယပဒ) ဝိဝိစ္စေဝ ကာမေဟိ-ကို သဒ္ဒက္ကမရှိတိုင်း မယောဇနာရ ကာမေဟိ ဝိဝိစ္စ-ဟု အတ္ထက္ကမအားလျော်စွာ ယောဇနာရမည်၏--ရင်း (ဘာဝတ္ထ) သိစေ ပါသည်။ ဝိနာ ဟုတွာ-ဖြင့် ဝိဝိစ္စ-၌ ဝိပုဗ္ဗ ဝိစဓာတ်၏ ဝိဝေစနအနက်ဟော--ရင်း (ဒု-ဓာတွတ္ထ) ဝိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

(တစ်နည်း) **ဝိနာ ဟုတွာ**-ဖြင့် ဝိဝိစ္စ-၌ ဝိပုဗ္ဗ ဝိစိဓာတ်၏ကင်းခြင်း ဝိဂတအနက် ဟော--ရင်း (ဒု-ဓာတွတ္ထ) ဝိ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။ **အပသက္ကိတွာ**-ဖြင့် ကင်းခြင်းဟူသည် ဖဲခွာခြင်းကို ဆိုသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(**ခ**) ဖြင့် ဝိဝိစ္စေဝ-၌ ဧဝ-သဒ္ဒါကား အဝဓာရဏ, သန္နိဋ္ဌာန ပဒပူရဏအနက်တို့ကို မဟော၊ နိယမအနက်ကို ဟောသတည်းဟု သိစေပါသည်။(နိပါတလိင်္ဂတ္ထ)

➤ ၇။ **အပသက္ကေတွာ/အပသက္ကိတွာ/အပက္ကမိတွာ** ။ ။ အပသက္ကေတွာ-ဟု ရှိလျှင် အပ-ရှေ့ရှိသော သက္က-ဓာတ်သည် ဂတျတ္ထ၊ အပ-ဥပသာရကြောင့် အပက္ကမနတ္ထ ကို ဟောနိုင်သောကြောင့်ရင်း၊ သာရတ္ထ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာတို့၌ "ပဇဟနဝသေန အပက္ကမိတွာတိ အတ္ထော"ဟု ဖွင့်ဆိုသောကြောင့်ရင်း၊ အပ-ရှေ့ရှိသော သက္ကဓာတ်၊ အ- ပစ္စည်း၊ တွာပစ္စည်း၊ အ-ကို ပြေ၍ ရုပ်ပြီးသောကြောင့်ရင်း အပသက္ကေတွာ-ဟု ရှိသော ပါဠ် သင့်ပါသည်။

အပသက္ကိတွာ-ဟုရှိလျှင် အပပုဗ္ဗ သက္ကဓာတ်၊ တွာပစ္စည်း၊ ဣ-အာဂုံလာ၍ ရုပ်ပြီး သောကြောင့်ရင်း၊ သာရတ္ထဋီကာ၌ (တေနာဟ "ဝိနာ ဟုတွာ အပသက္ကိတွာ"တိ) ဟု ဆို သောကြောင့်ရင်း အပသက္ကိတွာ-ဟု ရှိသောပါဠ် သင့်ပါသည်။

အပက္ကမိတွာ-ဟုရှိလျှင် အပက္ကမိတွာတိ ပဇဟနဝသေန အတိက္ကမိတွာ-ဟု အဋ္ဌ သာလိနီ ယောဇနာ၌ ဆိုသောကြောင့်ရင်း၊ လက်ရှိ ဆဋ္ဌမူ အဋ္ဌသာလိနီ အဋ္ဌကထာ၌ အပက္ကမိတွာ-ဟုပင် ရှိသောကြောင့်ရင်း အပက္ကမိတွာ-ပါဠ်လည်း သင့်သည်။ ထို့ကြောင့် ၃-ပါဠ်လုံးသင့်ပါသည်။

**ဧဝကာရော/ဧဝသဒ္ဒေါ** ။ ။ အက္ခရေဟိ ကာရ-သုတ်ဖြင့် အက္ခရာနောင် ကာရ ပစ္စည်းသက်နိုင်၍ ပုဒ်နောင် ကာရပစ္စည်း မသက်နိုင်သောကြောင့် ဧဝသဒ္ဒေါ-ဟု ရှိသော

http://www.dhammadownload.com



ပါဌ် သင့်သည်။ ပါရာဇိကဏ် ဂဏ္ဌိသစ်၌ ဝတ္တိစ္ဆာအားဖြင့် ဖြစ်ခြင်းကြောင့် ဝေကာရော-ပင် ရှိသင့်ကြောင်း ဆုံးဖြတ်သည်။ ဝေ ကာရော၊ ဝေသဒ္ဒေါ နှစ်ပါဌ်လုံး ဝေ-သဒ္ဒါသည်ဟုပင် အနက်ထွက်သောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

**နူနီမဿ/နူနမဿ/နန္ဒိမဿ** ။ ။ နူနီမဿ၊ နူနမဿ နှစ်ချက်သည် သန္ဓိအစီအရင် မျှသာ ကွဲသည်၊ နူန+ဣမဿ-ဟု ပုဒ်ဖြတ်၊ ဝါပရော အသရူပါသုတ်ဖြင့် ဣ-ကိုချေလျှင် နူနမဿ။ မချေလျှင် နူနီမဿ-ဟု ရုပ်ပြီးသောကြောင့်ရင်း၊ ပါရာဇိကဏ် ဂဏ္ဌိသစ်၌ "နိစ္ဆယေ စာနုမာနသ္မိံ၊ သိယာ နူန ဝိတက္ကေန" ဟူသည်တွင် ဤ၌ နူန-ကား နိစ္ဆယတ္ထ-ဟု ဆိုသောကြောင့်ရင်း နူနီမဿ၊ နူနမဿ နှစ်ပါဌ် သင့်ပါသည်။

နန္ဒိမဿ-ဟုရှိလျှင် နနု+ဣမဿ-ဟုပုဒ်ဖြတ်၊ ဥကို ဝ-ပြု၍ နန္ဒိမဿ-ဟုပြီးသည်။ မအူနိသျ၌လည်း "တေ ကာမာ၊ထိုကာမတို့သည်။ဣမဿ ဈာနဿ၏။ပဋိပက္ခဘူတာ၊ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်သည်။ ဟောန္တိ နနု၊ဖြစ်ကုန်သည် မဟုတ်လော။"ဟု အနက် ပေးပြသောကြောင့် နန္ဒိမဿ ပါဌ်လည်း သင့်ပါသည်။

➢ ၈။ **ဝိဝိစ္စေဝ ကာမေဟိ**-ကား အကြောင်း မကင်းရာဖြစ်သော ကာမတို့မှ ကင်း ဆိတ်ခြင်းကို "ဝိဝိစ္စေဝ ကာမေဟိ"ဟု ဆိုသဖြင့် အကျိုးမကင်းထတ်သော ဈာနပဋိပက္ခ ဘာဝ၊ ဈာနာဓိဂမကိုလည်း ရသောကြောင့် နာန္တရီကနည်း၊ ကာရဏူပစာ။

**ကာမပရိစ္စာဂေနေဝ**-ကား အကျိုးဖြစ်သော ကိလေသာကာမတို့ကို စွန့်ခြင်းကိုဆိုသ ဖြင့် အကြောင်းဖြစ်သော ဝတ္ထုကာမတို့ကိုလည်း စွန့်၏ဟု ယူရသောကြောင့် အဝိနာ ဘာဝနည်း။ ဖလူပစာ။ **ကာမေဟိ**-၌ ဧကသေသနည်း၊ သာမညနိဒ္ဒေသနည်း ရသည်။

➢ ၁၀။ [**တေသုဓမ္မေသုအနာဒရ**] **ပဉ္စမဿ ဈာနဿ**-အရ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါငါးပါးအပေါင်းဟုဆိုအပ်သော ပဉ္စမဈာန်ကို ယူ၍-- ထို-ကိုယူသဖြင့် ထိုနှင့်အတူဥပါဒ်သော ပဉ္စမဈာန်စိတ္တုပ္ပါဒ်ကိုရင်း၊ ယင်းစိတ္တုပ္ပါဒ်ကြောင့် ဖြစ်သော စိတ္တဇရုပ် တရားများကိုရင်း ယူအပ်၏။ ထိုတရား အပေါင်းသည် ခန္ဓာငါးပါး တည်း။ (ကြွင်း လောက-အရနှင့် အတူထုတ်)

✱ **ကိလေသာကာမ**-အရ-- တဏှာကိုယူ။ **ဝတ္ထုကာမ**-အရ အာရုံငါးပါးကိုယူ။

**ပါဠိ [၈၂]**

(က) တတ္ထ သိယာ "ကသ္မာ ပနေသ ပုဗ္ဗပဒေယေဝ ဝုတ္တော, န ဥတ္တရပဒေ၊ ကိံ အကုသလေဟိ ဓမ္မေဟိ အဝိဝိစ္စာပိ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျာ"တိ။ (ခ) န ခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ။ (ဂ) တံ နိဿရဏတော ဟိ ပုဗ္ဗပဒေယေဝ ဧသ ဝုတ္တော။

(ဃ) ကာမဓာတုသမတိက္ကမနတော ဟိ ကာမရာဂပဋိပက္ခတော စ ဣဒံ ဈာနံ ကာမာနမေဝ နိဿရဏံ။ (င) ယထာဟ "ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မ"န္တိ။

(ဌ။၁၁၂။ မအူ-၂။၂၃၈။ ဘာသာဋီ-၁။ ၅၆၇။) [ရှေ့ဆက်ကြည့်]

http://www.dhammadownload.com



➤ ၁။ (က) တတ္ထ တသ္မိံ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိတိ ပဒဒွယေ၊ဟူသော ပုဒ်နှစ်ပါးအပေါင်း၌။ဋ္ဌတွာ၊ရပ်၍။ ကဿစိ၊တစ်စုံတစ်ယောက်သော။စောဒကဿ၊ စောဒက၏။စောဒနာ၊စောဒနာခြင်းသည်။သိယာ၊ဖြစ်ရာ၏။ကိံ၊အဘယ်မည်သော။စောဒနာ၊ သည်။သိယာ၊ဖြစ်ရာသနည်း။

တံ နိဿရဏဆော၊ ထိုကာမတို့သည် (ဝါ) ထိုကာမတို့၏ (ဝါ) ထိုကာမတို့မှ ထွက်မြောက်ကြောင်း ထွက်မြောက်ရာ၏ အဖြစ်ကြောင့်။(သဒ္ဒတ္ထ)

တံနိဿရဏဆော၊ထိုကာမတို့ကို ပယ်စွန့်ရာ ပယ်စွန့်ကြောင်း၏ အဖြစ်ကြောင့်။ (အဓိပ္ပါယတ္ထ)

➤ ၂။ (ဂ) သို့/ ဖုဏ္ဏ ။ ။ ဆရာ-သည် (ခ)ဝါကျဖြင့် ရှေ့ပုဒ်၌သာ ဝေသဒ္ဒါကို ဆိုခြင်းကို စောဒက ဆရာဆိုသည့်အတိုင်း မမှတ်အပ်ဟုဆို၏၊ အဘယ့်ကြောင့် စောဒက ဆရာဆိုသည့်အတိုင်း မမှတ်အပ်ပါသနည်း (မဒ္ဒူနိသျ)။ တစ်နည်း--- ယင်းသို့ မမှတ်အပ်သည်ရှိသော် အဘယ့်ကြောင့် ရှေ့ပုဒ်၌သာ ဓဝသဒ္ဒါကို ဟောပါသနည်း။ (ဂဏ္ဌိသစ်) စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

(တစ်နည်း) ဆရာသည် (ခ) ဖြင့် စောဒကပုဂ္ဂိုလ်ကြံဆသော အခြင်းအရာအား ဖြင့် မမှတ်သားထိုက်သည်ကို ဖွင့်ပြတော်မူအပ်၏။ အဘယ့်ကြောင့် စောဒကပုဂ္ဂိုလ်၏ ကြံဆသော အခြင်းအရာကို မမှတ်သားထိုက်ပါသနည်း။ ဝိဝိစ္စေဝ ကာမေဟိ-ဟူ၍သာ ရှေ့ပုဒ်၌ ဓဝ-သဒ္ဒါကို ဆိုထား၏။ ဝိဝိစ္စေဝ အကုသလေဟိ ဓမ္မေဟိဟူ၍ နောက်ပုဒ်၌ ဓဝ-သဒ္ဒါကို မဆိုထားအပ်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ–င) သို့/ ဓောအရာ ။ ။ ဆရာသည် (ဂ) ဖြင့် ကာမတို့၏ ထွက်မြောက်ကြောင်း ထွက်မြောက်ရာဖြစ်သောကြောင့် ရှေ့ပုဒ်၌ ဓဝ-သဒ္ဒါကို ဟောတော်မူသောဟု ဆို၏။ ပဌမဈာန်သည် ကာမစ္ဆန္ဒနီဝရဏကဲ့သို့ ဗျာပါဒ-စသော နီဝရဏတို့ကိုလည်း တန်းတူ ညီမျှ ပယ်ခွါနိုင်သည် မဟုတ်ပါလော။ သို့ပါလျက် အဘယ့်ကြောင့် "ကာမတို့သည် ထွက် မြောက်ကြောင်း"ဟုသာ ဆိုရပါသနည်း။ ယင်းသို့ ဆိုရခြင်း၏ ယုတ္တိ အာဂုံကို မပြဆိုခဲ့ သော် ဆရာအား ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဃ-င) မိန့်။

(ဃ) သို့/ ဆရာ-သည် (ဂ) ဖြင့် ဈာန်၏ ကာမတို့၏ ထွက်ရာ ထွက်ကြောင်း၏ အဖြစ်ကြောင့် ရှေ့ပုဒ်၌ ဓဝ-သဒ္ဒါကို ဆိုအပ်သောဟု ဖွင့်ဆိုတော်မူအပ်၏။ | ထိုသို့ပင် ဖွင့်ဆိုအပ်ပါသော်လည်း| ကာမစ္ဆန္ဒနီဝရဏနှင့် ဗျာပါဒ အစရှိသော ကြွင်းသော နီဝရဏ တို့၏ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခွါအပ်သည်၏အဖြစ်ဖြင့် တူမျှသည် မဟုတ်ပါလော။ |ယင်း သို့ တူမျှသောကြောင့် ဈာန်၏ ကာမတို့၏ ထွက်ရာ ထွက်ကြောင်း၏ အဖြစ်ကြောင့် ရှေ့ပုဒ်၌သာ ဓဝ-သဒ္ဒါကို ဆိုအပ်သောဟုသာ မဖွင့်ဆိုသင့်။ ဈာန်သည် ကာမတို့၏သာ ထွက်ရာ ထွက်ကြောင်းဟုဆိုသော စကား၏ အသင့်ယုတ္တိကိုလည်း ပြဆိုသင့်သေး၏။|

http://www.dhammadownload.com



အသင့်ယုတ္တိကား အဘယ်ပါနည်း။ စုဝ်ကြောင့် (ဃ) မိန့်။

➢ ၃။ (က) စသော ဝါကျတို့သည် ဝိဝိစ္စေဝ ကာမေဟိ-စသော ပါဠိတော်ဝယ် ရှေ့ပုဒ်၌သာ ဧဝ-သဒ္ဒါကို ဟောတော်မူရာ၌ စောဒနာဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ ထိုတွင် (က) ၌ တတ္ထ သိယာ-ကား ပါဒကဝါကျ။ ကသ္မာ ပနေသ-မှ န ဥတ္တရပဒေ-တိုင်အောင် စောဒနာဝါကျ။ ကိံ အကုသလေဟိ-မှ ဝိပာရေယျ-တိုင်အောင် ကား စောဒကာဘောဂဝါကျ။ (တစ်နည်း) ကာရဏ/ဒဋ္ဌီကရဏ။ (ခ) သည် ပရိဟာရ ပက္ခန္တရ။ (ဂ) သည် ပရိဟာရဘောဂ/ကာရဏ/ဝိတ္ထာရ/ ဒဋ္ဌီဝါကျ။ (ဃ) သည် ဝိတ္ထာရ/ယုတ္တိဒဋ္ဌီဝါကျ။

➢ ၄။ နိဿရန္တိ နိဂ္ဂစ္ဆန္တိ ဧတေန, ဧတ္ထ ဝါ တိ **နိဿရဏံ**။ ဧတေန၊ဤပဌမဈာန်ဖြင့်။ဝါ၊တစ်နည်းကား။ဧတ္ထ၊ဤပဌမဈာန်၌။ကာမာ၊ကာမတို့သည်။နိဿရန္တိ နိဂ္ဂစ္ဆန္တိ၊ ထွက်မြောက် ကင်းပျောက်တတ်ကုန်၏။ ကရဏသာဓနေ၊ နိ-သရ+ယု။ နိ-ဥပသာရ ပုဒ်အရကား ဓာတွတ္ထဝိသေသက ဘောဂုဏ် ရ၏။ သရဓာတ်အရ ကတ္တုဋ္ဌကြိယာကား ထွက်မြောက် ကင်းပျောက်ကုန်သော ကာမတရားတို့သည် မုချ။ ကရဏတ္ထ (ဝါ) အဓိ ကရဏတ္ထ ကြိယာအရကား ပဌမဈာန်၏ ဝိက္ခမ္ဘနပဟာနသတ္တိသည် ဖလူ။ ယု-ပစ္စည်း အရကား ထို--သော ပဌမဈာန် ရ၏။

တေသံ နိဿရဏံ **တန္နိဿရဏံ**။ တေသံ ကာမာနံ၊ထိုကာမတို့သည်။စိတ္တသန္တာနတော၊ စိတ်အစဉ်မှ။ နိဿရဏံ၊ ထွက်မြောက်ကြောင်း ထွက်မြောက်ရာတည်း။ ဆဋ္ဌီတပ္ပုရိသ် သမာသ်။ တ+နိဿရဏ။ တ-ပုဒ်အရကား ကာမတရားတို့သည် မုချ။ ယင်း ကာမတရား တို့၏ ပဌမဈာန်နှင့် ပဟာတဗ္ဗ ပဟာယက စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော ပဌမဈာန် ရ၏။

ကာမောယေဝ ဓာတု **ကာမဓာတု**။ အတိက္ကမတိ ဧတ္ထ ဧတေနာတိ ဝါ **အတိက္ကမနံ**၊ သုဋ္ဌု အတိက္ကမနံ **သမတိက္ကမနံ**။ ကာမဓာတုယာ သမတိက္ကမနံ **ကာမဓာတုသမတိက္ကမနံ**။ နိက္ခမတီတိ နိက္ခမံ။ နိက္ခမယေဝ နေက္ခမ္မံ။

➢ ၆။ **(ဃ)** ၌ ကာမာနမေဝ နိဿရဏံ-ဖြင့် တံနိဿရဏံ-၌ တ-သဗ္ဗနာမ်ပုဒ်၏ ကာမတရားကို စွဲယူ--ဂုဏ်း (သဗ္ဗနာမလိင်္ဂတ္ထ) တ-နှင့် နိဿရဏကို တေသံ နိဿရဏံ တံနိဿရဏံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု--ဂုဏ်း (သမာသလိင်္ဂပဒတ္ထ) တနိဿရဏ-ဟု ဆိုလိုလျက် နိဂ္ဂဟိတ်လာ၍ တံ နိဿရဏံ-ဟု ရုပ်ပြီးနေသည်ကိုဂုဏ်း (နေယျတ္ထ) သိစေ ပါသည်။ ကာမဓာတုသမတိက္ကမနတော-ဖြင့် ပဌမဈာန်၏ ကာမပရိညာ၏အဖြစ်ကို သိ စေပါသည်။(ဘာဝတ္ထ)

ကာမရာဂပဋိပက္ခတော-ဖြင့် မေတ္တာသည် ဗျာပါဒ၊ ကရုဏာသည် ဝိဟိံသ၏ ဖြောင့် ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့ ယင်းဈာန်သည် ကာမရာဂ၏ ဖြောင့်ဖြောင့်ဆန့်ကျင်

http://www.dhammadownload.com



ဘက် ဖြစ်သည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **နေက္ခမ္မံ/နိက္ခမ္မံ/နေက္ခမ** ။ ။ နိပုဗ္ဗ ကမု ပဒဝိက္ခေပေ၊ ကရ ကရဏေ ဝါ (သူစိ) နှင့်အညီ နေက္ခမ္မ-ကား နိပုဗ္ဗ ကမုဓာတ် (ဝါ) ကရဓာတ်၊ ဏျပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့်ရင်း၊ "နေက္ခမ္မန္တိ ပဌမဈာနံ" ဟူ၍ သာရတ္ထ၌ ဆိုသောကြောင့်ရင်း၊ "နေက္ခမ္မံ ပဌမဈာနေ" ဟု အဘိဓာန်၌ ဆိုသောကြောင့်ရင်း နေက္ခမ္မံပါ၌သာ သင့်ပါသည်။

**တံနိဿရဏတော/ တန္နိဿရဏတော/ တနိဿရဏတော** ။ ။ "ယ တ-သဒ္ဒါ၊ ရှေးရှိရာဝယ်၊ နောက်၌ဒွေဘော်၊ လာသော်လည်း ရှိ၊ မလာဘိမူ၊ ယ,တ-၏နောက်၊ ဗိန္ဒုရောက်သည်၊ မှတ်လောက်ထုံးစံ အမြဲတည်း" ဟူသော နိယံအရ တ-အထက်၌ နိဂ္ဂဟိတ်လာ၍ရင်း၊ မလာလျှင် ဒွေဘော်လာ၍ရင်း ရုပ်ပြီးရမည်ဖြစ်သောကြောင့် တံနိဿရဏတော/တန္နိဿရဏတော-ပါ၌တို့ သင့်ပါသည်။

➤ ၈။ **နေက္ခမ္မံ**- ကား အပေါင်းဖြစ်သော ပဌမဈာန်, ရဟန်း၏အဖြစ်, နိဗ္ဗာန်, ဝိပဿနာ, အလုံးစုံသော ကုသိုလ်တို့၏ "နေက္ခမ္မ"ဟူသော အမည်ကို အစိတ်ဖြစ်သော ပဌမဈာန်၌တင်-- ဧကဒေသျူပစာ။ ရုဠ္ဟီနည်း။

**ကာမာနမေဝ နိဿရဏံ**-ကား ဈာန်သည် ကာမတို့၏သာ ထွက်မြောက်ကြောင်း ထွက်မြောက်ရာဖြစ်၏ဟု အစိတ်ကိုမှတ်၍ဆိုသဖြင့် အလုံးစုံသော နီဝရဏ, အကုသိုလ်တရားတို့၏ ထွက်မြောက်ကြောင်း ထွက်မြောက်ရာဖြစ်၏ဟူသော အလုံးစုံကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ ပဓာနနည်း။ ဧကဒေသူပစာ။

**ကာမာနမေဝ**-ကား ကာမတစ်စိတ်စွန့်ခြင်းကို ဆိုသဖြင့် အလုံးစုံသော နီဝရဏ အကုသိုလ်မှုတို့၏ စွန့်ခြင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ ဧကဒေသူပစာ။

➤ ၁၀။ **ကာမာနံ**-အရ ကိလေသာကာမကိုယူ၍ ထို၏ ပဒဌာန်ကား အယောနိသောမနသိကာရ-တည်း။ ထို-၏ကား တဒ္ဓပသေဝနတည်း။ ဤသို့ အောက်သက်ထုတ်။ ထိုကိလေသာကာမသည် သောက, ဘယ စသည်တို့၏ ပဒဌာန်တည်း။ ထို သောက ဘယ-စသည်သည် ဒုဂ္ဂတိ၏ ပဒဌာန်တည်း။ ဤသို့ အထက်တက်ထုတ်။

**နိဿရဏ**-အရ ပဌမဈာန်ကိုယူ။

၁၂၂၆-၃ မေး

(က) တတ္ထ သိယာ "ကသ္မာ ပနေသ ပုဗ္ဗပဒေယေဝ ဝုတ္တော၊ န ဥတ္တရပဒေ။

(ခ) ကိံ အကုသလေဟိ ဓမ္မေဟိ အဝိဝိစ္စာပိ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျာ"တိ။

(ဂ) န ခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ။ (ဃ) တံ နိဿရဏတော ဟိ ပုဗ္ဗပဒေယေဝ ဧသ ဝုတ္တော။ (င) ကာမဓာတုသမတိက္ကမနတော ဟိ ကာမရာဂပဋိပက္ခတော စ ဣဒံ ဈာနံ ကာမာနမေဝ နိဿရဏံ။ (စ) ယထာဟ "ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မန္တိ"။

F-23-A

http://www.dhammadownload.com



➤ ၁။ [ဓာတ္ထ သိယာ-အနက်] တတ္ထ တသ္မိံ၀စနေ၊ထို ဝိဝိစ္စေ၀ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော စကားရပ်၌။ကေသစိ၊တစ်စုံတစ်ယောက်၏။ (သမ္ဗန်) ပရိဝိတက္ကော၊အကြံသည်။(ကတ္တား) သိယာ၊ဖြစ်ရာ၏။

[ယထာ ယ-၌ ယထာ-ကို ယထာ ရဇော တကယ္ကျ၍ အနက်] ယထာ-ယေန ပကာရေန၊အကြောင် အပြား အားဖြင့်။ (မယာ၊ငါသည်။ဝုတ္တံ၊ဆိုအပ်ပြီ။တထာ-တေန ပကာရေန၊ထိုအပြားအားဖြင့်။ ပါဠိယမ္ပိ၊ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လည်း။မဟာထေရော၊မဟာထေရ်သည်။) အာဟ၊ မိန့် တော်မူပြီ။ [တစ်နည်း] ယထာ-ယေန ပကာရေန၊အကြောင်အပြားအားဖြင့် (ဣဒံ ဈာန်၊ဤ ပဌမဈာန်သည်။ကာမာနမေ၀၊ကာမတို့၏သာလျှင်။နိဿရဏံ၊ ထွက်မြောက်ရာ ထွက် မြောက်ကြောင်းတည်း။တထာ-တေန ပကာရေန၊ထိုအပြားအားဖြင့်။ပါဠိယမ္ပိ၊ပဋိသမ္ဘိဒါ မဂ်ပါဠိတော်၌လည်း။မဟာထေရော၊သည်။) အာဟ၊မိန့်တော်မူပြီ။ (သီ-ဋီသစ်)

➤ ၂။ (စ) သို့/ အာသောဂဇောအရာထက် ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် "ဝိဝိစ္စေ၀ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ" ပုဒ်တို့၌ စောဒနာကို ပြတော်မူ၏။ စောဒနာ သည် စောဒနာဘောဂနှင့် မကင်းကောင်းသည် မဟုတ်ပါလော။ ယင်းစောဒနာ၏ စော ဒနာဘောဂကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာ တော်မူလိုသော ဆရာသည် (ခ) ဝါကျကိုမိန့်။

➤ ၃။ (ခ) သည် စောဒကာဘောဂဝါကျ။/ပက္ခန္တရဝါကျ။ (ဂ) ပရိဟာရဝါကျ/ သောဓနာဝါကျ/ပက္ခန္တရဝါကျ။ (ဃ) ယုတ္တိဒဠှီကရဏ ဝါကျ/ကာရဏဝါကျ။ (င) ယုတ္တိဒဠှီကရဏဝါကျ/ဝိတ္ထာရ/ဝါကျာရမ္ဘဝါကျ။ (စ) အာဂမဒဠှီကရဏ ဝါကျ/ဉာပက ကာရဏဝါကျ။

➤ ၄။ ကာမေန္တီတိ **ကာမာ**။ ယေ ကိလေသကာမာ၊အကြောင်ကိလေသကာမ တို့သည်။ဝတ္ထုကာမံ၊ဝတ္ထုကာမကို။ကာမေန္တိ၊အလိုရှိတတ်ကုန်၏။ဣတိ၊ ထိုသို့ ဝတ္ထုကာမ ကို အလိုရှိတတ်သော သတ္တိကြောင့်။တေ ကိလေသကာမာ၊ထိုကိလေသကာမတို့သည်။ ကာမာ၊ကာမတို့မည်ကုန်၏။ ကာမေန္တီတိ-ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်။ ကာမာ-ကား ကတ္တုသာဓနကိတ်ပုဒ်။ ကမုဓာတ်+ဏပစ္စည်း။ ကမုဓာတ်အရ ဝတ္ထုကာမကို အလိုရှိ တတ်သော သတ္တိ ရ၏။ ဏ-ပစ္စည်း အရ သတ္တိမန္တဖြစ်သော ကိလေသကာမတို့ ရ၏။

(တစ်နည်း) ကာမေန္တိ ဧတေဟီတိ **ကာမာ**။ ဧတေဟိ ကိလေသကာမေဟိ၊ဤ ကိလေသကာမတို့ဖြင့်။သမ္ပယုတ္တဓမ္မာ၊သမ္ပယုတ်တရားတို့သည်။ဝတ္ထုကာမံ၊ဝတ္ထုကာမကို။ ကာမေန္တိ၊အလိုရှိတတ်ကုန်၏။ဣတိ တသ္မာ၊ထိုသို့ သမ္ပယုတ်တရားတို့၏ ဝတ္ထုကာမကို အလိုရှိကြောင်းဖြစ်သော သတ္တိကြောင့်။တေ ကိလေသကာမာ၊ထိုကိလေသကာမတို့သည်။ ကာမာ၊ကာမတို့ မည်ကုန်၏။

ကာမေန္တိ ဧတေဟီတိ-ကား ကရဏသာဓနကိတ်ဝိဂြိုဟ်၊ ကာမာ-ကား ကရဏ

http://www.dhammadownload.com



သာနေကိတ်ပုဒ်။ ကမုဓာတ်+ဏပစ္စည်း။ ကမုဓာတ်၏အရ ကတ္တုရှ ကြိယာကား ဝတ္ထုကာမကို အလိုရှိသော သမ္ပယုတ္တဓမ္မတို့သည် မုချအားဖြင့် ရ၏။ ကရဏတ္တကြိယာကား ကိလေသကာမတို့၏ သဟဇာတာဒိ ပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။ ဏပစ္စည်း၏ အရကား ထို မုချ ဖလူပစာတို့ဖြင့် မှတ်အပ်သော ကိလေသကာမတို့ ရ၏။

**(ဆ) သို့/** ဆရာ-သည် (စ) ဖြင့် အပ္ပနာအတွင်း၌ ပီတိ၏ ပျံ့နှံ့ခြင်းဖြင့် အလုံးစုံသော ကာယသည် သုခသို့ သက်ဝင်သည်ဖြစ်၏ဟု ဖွင့်ဆိုတော်မူ၏။ အပ္ပနာအတွင်း ပီတိနှင့် ဥပစာရအတွင်း ပီတိသည် ခဏတ္တယသမင်္ဂီအဖြစ်ဖြင့် အတူတူပင် မဟုတ်ပါလော။ (ဝါ) တူရကား နာမကာယသည်သာ ပီတိဖရဏဖြင့် သုခေါက္ကန္တဖြစ်သင့်သည် မဟုတ်ပါလော။ (ဝါ) သုခေါက္ကန္တကာယဖြစ်သော်လည်း ဝိသမာသနုပတာယ စသည်ဖြင့် ဒုက္ခိန္ဒြေဖြစ်သင့်သည် မဟုတ်ပါလော။အဘယ့်ကြောင့် ယင်းသဗ္ဗကာယသည် သုခေါက္ကန္တဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

➤ ၃။ (က) ၌ ဓာတ္တုပ္ပန္နံ စသည်ကား ပုစ္ဆာ/စောဒနာဝါကျ။ အတိသယနိရောဓတ္တာ-ကား ဝိသဇ္ဇနာ/ပရိဟာရဝါကျ။ (ခ) ဝိတ္ထာရ (ဂ) အန္ဝယ/ ဝိသေသဝါကျ။ (ဃ) ဒဠှီကရဏ/ဝိတ္ထာရ။ (င) နယန္တရ ပက္ခန္တရ။ (စ) အန္ဝယ/ဝိသေသဝါကျ။ (ဆ) ဝါကျာရမ္ဘ။

**စာစပ်** ။ ။ ပဋိပက္ခေန-ကား သည်--ကြောင့် အဝိဟတတ္တာ-၌ ကတ္တား/ကတ္တိ စပ်။

➤ ၄။ အတိသယေန နိရောဓော **အတိသယနိရောဓော**။ အတိသယနိရောဓဿ ဘာဝေါ **အတိသယနိရောဓတ္တာ**။ (ဘာဝတဒ္ဓိတ်)

အတိသယနိရောဓ-အရ အလွန်အားဖြင့် ချုပ်ခြင်းသည် မုချ။ ထို--၏ တ္တပစ္စည်းအရ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့၏ ငြိမ်းခြင်းနှင့် နိသျ နိဿိတ စပ် ဌာနူ။ တ္တ-ပစ္စည်းအရကား ထို--သော အလွန်အားဖြင့် ချုပ်ခြင်း၏ ဖြစ်ကြောင်းဖြစ်ရာ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့၏ ငြိမ်းခြင်း ရ၏။

နာနာအာဝဇ္ဇနံ တေသွံ ပဌမဇ္ဈာနုပစာရေတိ **နာနာဝဇ္ဇနာ**။ နာနာ အာဝဇ္ဇနံ ယဿ ဥပစာရဿာတိ **နာနာဝဇ္ဇနော**။ (ဗဟုဗ္ဗီဟိသမာသ်)

နာနာ အာဝဇ္ဇနာ-အရ အထူးထူးသော အာဝဇ္ဇန်းသည် မုချ။ ထို--၏ တေ-အညပုဒ်အရ ပဌမဈာန်၏ ဥပစာနှင့် အကြောင်း-အကျိုး စပ် ဌာနူ။ တေ အညပုဒ်အရ ထို--သော အထူးထူးသော အာဝဇ္ဇန်းရှိသော ပဌမဈာန်၏ ဥပစာ ရ၏။

အာသီယတေ **အာသနံ**။ ဝိသမံ အာသနံ **ဝိသမာသနံ**။ ဝိသမာသနေန ဥပ္ပန္နော ဥပတာပေါ **ဝိသမာသနုပတာပေါ**။ (တေန)

http://www.dhammadownload.com



ဝိသမာသန-အရ မညီမညွတ်ထိုင်နေခြင်းသည် မှချ၊ ထို--၏ ဖြစ်သော ပင်ပန်းခြင်း နှင့် အကြောင်း-အကျိုး စပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော မညီမညွတ် ထိုင်နေခြင်း ကြောင့်ဖြစ်သော ပင်ပန်းခြင်း ရ၏။

* အပ္ပနာယ အန္တော အန္တောအပ္ပနာ။ သုခံ ဩက္ကန္တော သုခေါက္ကန္တော။ သုခေါက္ကန္တော ကာယော ဧတဿ ပုဂ္ဂလဿာတိ သုခေါက္ကန္တကာယော။

➤ ၇။ ဥံသမကသာဒိသမ္ဖဿေန/ဥံသမသကာဒိသမ္ဖဿေန ။ ။ (၄။၁၂၃) မက-ပါနေ၊ အသော။ မကတိ လောဟိတံ ပိဝတီတိ မကသော။ မသကောပိ။ မသ-ဟိံသာယံ။ (သူစိ) မသကောတိ မကသော။ (နီတိ၊ဓာတု) တို့ကိုထောက်၍ မကသ-ဟုရှိလျှင် မက ဓာတ် အသပစ္စည်း၊ မသက-ဟုရှိလျှင် မသဓာတ်+ဏွု ပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့် ၎င်း၊ ပစ္စဝေက္ခဏာပါဠိ၌ ဍံသမကသ။ ကစ္စည်းပါဠိ၌ မသကာနံ ဘာဝေါ နိမ္မသကံ-ဟု ရှိသောကြောင့်၎င်း၊ နှစ်ပါဌ်လုံး သင့်ပါသည်။

➤ ၈။ **အတိသယနိရောဓော**-ကား အပေါင်းဖြစ်သော ခဏတ္တယ သုံးချက်ပြည့်၍ ချုပ်ခြင်း, ပယ်အပ်သည်ဖြစ်၍ ငြိမ်းခြင်းတို့၏ "အတိသယနိရောဓ" အမည်ကို အစိတ် ဖြစ်သော ပယ်အပ်သည်ဖြစ်၍ ငြိမ်းခြင်း၌တင်-- ဧကဒေသူပစာ။

**ပီတိဖရဏေန**-ကား အကြောင်းဖြစ်သော ပီတိဖြန့်ခြင်း၏ "ပီတိဖရဏ" အမည်ကို အကျိုးဖြစ်သော ပီတိကြောင့်ဖြစ်သော ပဏီတရုပ်တို့၏ တစ်ကိုယ်လုံး ပျံ့နှံ့ခြင်း၌တင်-- ကာရဏူပစာ။ **သဗ္ဗောကာယော သုခေါက္ကန္တော**-ကား အကျိုးဖြစ်သော သုခဝေဒနာ ခံစားခြင်း၏ "သုခေါက္ကန္တ" အမည်ကို အကြောင်းဖြစ်သော ပဏီတရုပ် ကိုယ်ခန္ဓာ၌ ပျံ့နှံ့ ခြင်း၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

➤ ၁၀။ **နာနာဝဇ္ဇနေ**-၌ အာဝဇ္ဇန-အရ မနောဒွါရာဝဇ္ဇန်းကို ယူ။

## ဓါတုဗျ [၁၀၉]

(က) ဧတ္ထာဟ "အာဓေယံ တဿ တဿ ဈာနဿူပစာရေ ပဟီနာပိ ဧတာ ဝေဒနာ တ္တမေ ကသ္မာ သမာဟရီ"တိ။ (ခ) သုခဂ္ဂဟဏတ္ထံ။

(ဂ) ယာ ဟိ အယံ "အဒုက္ခမသုခ"န္တိ ဧတ္ထ အဒုက္ခမသုခါ ဝေဒနာ ဝုတ္တာ၊ သာ သုခုမာ အတိဒုဝိညေယျာ၊ န သက္ကာ သုခေန ဂဟေတုံ။

(ဃ) တသ္မာ ယထာနာမ ဒုဋ္ဌဿ ယထာဝါ တထာဝါ ဥပသင်္ကမိတွာ ဂဟေတုံ အသက္ကုဏေယျဿ ဂေါဏဿ ဂဟဏတ္ထံ ဂေါပေါ ဧကသ္မိံ ဝဇေ သဗ္ဗေ ဂါဝေါ သမာဟရတိ၊ အထေကေကံ နီဟရန္တော ပဋိပါဋိယာ အာဂတံ "အယံ သော၊ ဂဏှထ န"န္တိ တမ္ပိ ဂါဟာပယတိ။ ဧဝမေဝ ဘဂဝါ သုခဂ္ဂဟဏတ္ထံ သဗ္ဗာ ဧတာ သမာဟရိ။

(၄။၀၂၄။ မဒ္ဒူ၂။ ၃၀၇။ ဘာသာဋီ၁။၆၂၄။)

http://www.dhammadownload.com



➤ ၂။ (က) **စသည်သို့**/ ဆရာ၊ မြတ်စွာဘုရားသည် သုခဿစ ပဟာနာ စသည် ဖြင့် ဟောတော်မူ၏။ အဘယ်အကျိုးငှာ (ဝါ) အဘယ့်ကြောင့် ဟောတော်မူပါသနည်း။ သုခ, ဒုက္ခ စသည်တို့ကို ထိုထိုချာန်၏ ဥပစာ၌ ပယ်အပ်ပြီးဖြစ်ရကား ထိုထိုချာန်တို့၌ ပင် သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ စသည်ကို ဟောသင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (က) စသည်မိန့်။

(ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် ချမ်းသာစွာဖြင့်ယူခြင်းအကျိုးငှာ ဤသုခ ဒုက္ခ ဝေဒနာတို့ကို ဤစတုတ္ထချာန်၌ ပေါင်း၍ဟောတော်မူပြီဟု ဖွင့်ပြတော်မူ၏။ ထိုသို့ ချမ်းသာစွာ ယူလွယ်စိမ့်သောငှာဆိုသော် မယူလွယ်အပ်သောအရာကား အဘယ်နည်း။ မယူလွယ်သော အရာကို မပြဆိုပြီလော။ [ဂဏ္ဌိဟောင်း] ယူလွယ်ပုံကို အကျယ်အားဖြင့် မပြဆိုပြီလော။ [ဂဏ္ဌိသစ်] စုဒ်ကြောင့် (ဂ) မိန့်။

➤ ၃။ (က) စောဒနာဝါကျ။ (ခ) ပရိဟာရဝါကျ။ (ဂ) စသည် ဝိတ္ထာရ/ဝါကျာ ရမ္ဘ/ဒဋ္ဌိ။ (ဃ) တသ္မာ ဘဂဝါ သမာဟရိ-ကား လဒ္ဓဂုဏ။ ယူလွယ်စိမ့်သောငှာ တစ်ပေါင်းတည်းဟောသည်ကို ဥပမာဖြင့် ထင်စွာပြသောကြောင့် ယထာနာမ-စသည် ကား တပ္ပါကဋီကရဏဝါကျ။

**စာစပ်** ။ ။ (ဃ) ၌ တသ္မာ-ကား ကြောင့်--ကြောင့် သမာဟရိ-၌ အကြောင်း ဟိတ်/အကျိုးဖိုလ် စပ်။

➤ ၄။ ဂယှတေ **ဂဟဏံ**။ သုခေန ဂဟဏံ **သုခဂ္ဂဟဏံ**။

သုခ-အရ ချမ်းသာ ခြင်းဂုဏ် (ဝါ) လွယ်ကူခြင်းဂုဏ်သည် မုချ။ ထို--၏ ယူခြင်း ကြိယာနှင့် ဂုဏ်-ဂုဏေး စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော ချမ်းသာစွာယူခြင်း (ဝါ) လွယ်ကူစွာယူခြင်းကြိယာ ရ၏။

ဝိညာတဗ္ဗာတိ **ဝိညေယျာ**။ ဒုက္ခေန ဝိညေယျာ ဒုဝိညေယျာ။ အတိဝိယ ဒုဝိညေယျာ **အတိဒုဝိညေယျာ**။ အတိ-အရ အတိရေကဘောဂုဏ်သည် မုချ။ ထို--၏ ခဲယဉ်းစွာ သိအပ်သော အဒုက္ခမသုခါဝေဒနာနှင့် ဂုဏ်-ဂုဏေး စပ် ဌာနူ။ ပုဒ်လုံးအရကား ထို-- သော အလွန်သိနိုင်ခဲသော အဒုက္ခမသုခါဝေဒနာ ရ၏။

ဒုသီယတေတိ **ဒုဋ္ဌော**။ ဒုသဓာတ်အရ ကတ္တုရုပ်ကား ဖျက်ဆီးတတ်သော ဒေါသ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မရုပ်ကား ပျက်စီးသော နွား၏ ဖောက်ပြန်သော အမူအရာ၏ သဟဇာတပစ္စယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရကား ထို--သော ပျက်စီးသော နွားရ၏။

အဒုက္ခာစ သာ အသုခါစာတိ **အဒုက္ခမသုခါ**။ အဒုက္ခာ-အရ ဒုက္ခ မဟုတ်ခြင်းသည် မုချ။ အသုခါ-အရ သုခ မဟုတ်ခြင်းဂုဏ်သည် မုချ။ ထို--၏ ဝေဒနာနှင့် ဂုဏ်-ဂုဏေး စပ် ဌာနူပစာ။ ပုဒ်လုံးအရကား ထို--သော ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော

F-28-B

http://www.dhammadownload.com



ဥပေက္ခာဝေဒနာ ရ၏။

➢ ၇။ ဒုဗ္ဗိညေယျံ/ဒုဗ္ဗိညေယျာ/အတိဒုဗ္ဗိညေယျာ/ဒုဝိညေယျာ

အဋ္ဌသာလိနီ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်တို့၌ ဒုဗ္ဗိညေယျာ/ဒုဝိညေယျာ-ဟု ရှိသောကြောင့်၎င်း၊ တတောဝေ အနိမိတ္တဝသဘာဝတ္တာ ဒုဗ္ဗိညေယျာ-ဟု သာရတ္ထ၌ ဖွင့်သောကြောင့်၎င်း ဒုဗ္ဗိညေယျာ-ပါဌ် သင့်ပါသည်။ ဂဏ္ဌိသစ်၌ ဒုဗ္ဗိညေယျံ-ဟု ဆိုသော်လည်း "သာ"ပုဒ်နှင့် လိင်ကွဲပြားသောကြောင့် ဒုဗ္ဗိညေယျံ-ပါဌ် မသင့်ပါ။

**နီဟာရန္တော/နီဟရန္တော** ။ ။ ဟရ-အပနယနေ။ အပနယနံ နီဟရဏံ။ နီဟရတိ၊ နီဟာရေ-ဟူသော သဒ္ဒနီတိ ဓာတုမာလာကိုထောက်၍ နိပုဗ္ဗ ဟရဓာတ်ဖြင့် ပြီးသောကြောင့် နီဟရန္တောပါဌ်သာ သင့်ပါသည်။

**ဒုက္ခပ္ပဟာနာဒယော/သုခပ္ပဟာနာဒယော** ။ ။ ပဋ္ဌမဈာန်စသည်၏ ဥပစာသည် ဒုက္ခကိုသာ ပယ်သောကြောင့်၎င်း၊ သာရတ္ထ-၌လည်း ဒုက္ခပ္ပဟာနာဒယောတိစ သောပစာရာ ပဌမဈာနာဒယောဝေတ္ထ အဓိပ္ပေတာ-ဟု ဆိုသောကြောင့်၎င်း ဒုက္ခပ္ပဟာနာဒယော ပါဌ်သာ သင့်ပါသည်။ (၄။၁၂၄)

➢ ၈။ **သာ သုခုမာ**- ကား အဒုက္ခမသုခါဝေဒနာ၏ သိမ်မွေ့သည်ကိုဆိုသဖြင့် သုခဒုက္ခဝေဒနာတို့ မသိမ်မွေ့ ပေါ်လွင်ထင်ရှား၏ဟု အနက်ရောက်သောအားဖြင့် သိအပ်သောကြောင့် အတ္ထာပန္နနည်း၊ ဇောတိရေကနည်း။

**ဒုဋ္ဌဿ**-ကား ဌာနီဖြစ်သော ပျက်သော ပယောဂ၏ "ဒုဋ္ဌဿ" ဟူသော အမည်ကို ဌာနဖြစ်သော နွား၌တင်-- ဌာနူပစာ။

➢ ၁၀။ **သမာဟိတ**- အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။

**ဓါတု [၁၁၈]**

(က) **ယထာ ဝါ အညတ္ထ ပဟီနာပိ သက္ကာယဒိဋ္ဌိအာဒယော တတိယမဂ္ဂဿ ဝဏ္ဏဘဏနတ္ထံ တတ္ထ ပဟီနာတိ ဝုတ္တာ။**

(ခ) **ဧဝံ ဝဏ္ဏဘဏနတ္ထမ္ပေတဿ ဈာနဿေတာ ဣမေ ဝုတ္တာတိပိ ဝေဒိတဗ္ဗာ။**

(ဂ) **ပစ္စယဃာတေန ဝါ ဧတ္ထ ရာဂဒေါသာနံ အတိဒူရဘာဝံ ဒဿေတုမ္ပေတာ ဝုတ္တာတိ ဝေဒိတဗ္ဗာ။**

(ဃ) **ဧတေသု ဟိ သုခံ သောမနဿဿ ပစ္စယော၊ သောမနဿံ ရာဂဿ၊ ဒုက္ခံ ဒေါမနဿဿ၊ ဒေါမနဿံ ဒေါသဿ။**

(င) **သုခါဒိဃာတေန စ တေ သပ္ပစ္စယာ ရာဂဒေါသာ ဟတာတိ အတိဒူရေ ဟောန္တီတိ။** (စ) **အဒုက္ခမသုခန္တိ ဒုက္ခာဘာဝေန အဒုက္ခံ၊ သုခါဘာဝေန အသုခံ။**

(၄။၁၂၄။ မအ္ဂ-၂။၃၁၀။ ဘာသာဋီ-၁။၆၂၆။)

http://www.dhammadownload.com



➤ ၁။ **အညတ္ထ**-တစ်ပါးသော အောက်မင် အောက်ဖိုလ်တို့၌။ (ဝါ) တစ်ပါးသော သောတာပတ္တိမဂ်၌။ **တတ္ထ**-ထိုတတိယမဂ်၌။ **တေသံ**-ဤဝေဒနာ တို့ကို။ **ဓမ္မ**-ဤစေတုတ္တ ဈာန်၌။ **ဇှာ**-ဤစေတုတ္တဈာန်၌။

➤ ၂။ (ဂ) **သို့/ သာအောဏ္ဍာ** ။ ။ ဆရာသည်၊ (က-ခ) တို့ဖြင့် ဤစေတုတ္တဈာန်၏ ကျေးဇူးကို ချီးမွမ်းခြင်းအကျိုးငှာ (ဝါ) ချီးမွမ်းလိုသောကြောင့် ဝေဒနာ လေးပါးတို့ကို ဤဈာန်၌ပေါင်းခြင်း၌ ဟောတော်မူသောဟု ဆို၏။ ယင်းအကြောင်းကြောင့်သာ ဝေဒနာ လေးပါးတို့ကို ဤဈာန်၌ပေါင်း၍ ဟောတော်မူပါသလော။ အဘယ်အကြောင်းကြောင့် လည်း ဟောတော်မူပါသေးသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား** -- အကြောင်းကိုပယ်သတ်သဖြင့် ရာဂဒေါသတို့၏ အလွန်ဝေးသည်၏အဖြစ် ကို ပြခြင်းအကျိုးငှာလည်း ဝေဒနာလေးပါးတို့ကို ဤဈာန်၌ပေါင်း၍ ဟောတော်မူ၏ဟု အကြောင်းတစ်မျိုးကိုလည်း ငါပြဆိုပါ၏ဟူလို။

**(ဂ) ဝါကျ၌ ဝုတ္တာ-မှ တော-ဟူသို့ ဖရတ်စာထွက်** ။ ။ ဆရာသည်၊ ဝုတ္တာ-ဟူသော အာရမ္မဏိကပစ္စယုပ္ပန်တရားကို ဆိုတော်မူ၏။ ထို၏ အာရုံပစ္စည်းတရားကား အဘယ်ပါနည်း၊ အာရုံပစ္စည်းတရားသည် နိဗ္ဗာန်စသည် ဖြစ်ကောင်းအံ့လော။ စုဒ်ကြောင့် တော-မိန့်။

**ကား**-- တော-အရ ဝေဒနာလေးပါးသည် အာရုံပစ္စည်းတရား ဖြစ်၏ဟူလို။

(ဃ) **သို့/** ဆရာ-သည် (ဂ)ဖြင့် အကြောင်းကိုပယ်သတ်ခြင်းကြောင့် စေတုတ္တဈာန် ၌ ရာဂ ဒေါသတို့၏ အလွန်ဝေးကုန်သည်၏အဖြစ်ကို ပြခြင်းငှာလည်း ဤဝေဒနာတို့ ဟောအပ်၏ ဖွင့်ပြတော်မူ၏။ အဘယ်သည် အဘယ်၏ အကြောင်းဖြစ်၍ အဘယ် အကြောင်းကို သတ်သဖြင့် ရာဂ, ဒေါသ ဝေးပါသနည်း။ ထိုအလုံးစုံကို အကျယ်အားဖြင့် မပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

➤ ၃။ (က-ခ) နှစ်ဝါကျသည် ပစ္စယဒဿနတ္ထကြောင့် ဝေဒနာလေးပါးကို ပေါင်း ၍ ဟောတော်မူသည့်နည်းမှတစ်ပါး ဝဏ္ဏဘဏနကြောင့် ဝေဒနာလေးပါးကို ပေါင်း၍ ဟောတော်မူသည့်နည်းကို ပြသောကြောင့် ပက္ခန္တရ။ ထိုတွင် (က) သည် ဥပမာနဝါကျ။ (ခ) သည် ဥပမေယျဝါကျ။ (ဂ) သည် ပက္ခန္တရ။ (ဃ) ဝိတ္ထာရ/ဒဠှီ။ (င) သည် (ဂ) ဝါကျစကားရပ်၌ စောဒနာဖွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။

**စာစပ်** ။ ။ သက္ကာယဒိဋ္ဌိအာဒယော-ကား တို့ကို--ကြောင့် ဝုတ္တာ-၌ ကမ္မ။ ဝုတ္တာ-ကား ကမ္မိ-စပ်။ ပဏိနာဝိ-၌ ပိ-ကား သမ္ပိဏ္ဍနာ။

➤ ၄။ ကုစ္ဆိတာနံ ကေသာဒီနံ အာယော ပဝတ္တိဋ္ဌာနန္တိ ကာယော။ သန္တော ကာယော သက္ကာယော။ မိစ္ဆာ ပဿတိတိ ဒိဋ္ဌိ။ သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

သက္ကာယပုဒ်အရကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးသည် မှချ။ ထို-- ၏ ဒိဋ္ဌိနှင့် အာရုံ အာရမ္မဏိက စပ် ဌာနူ။ ပုဒ်လုံးအရကား ခန္ဓာငါးပါးကို အကြောင်း

http://www.dhammadownload.com



ပြု၍ဖြစ်သော ဣဋ္ဌိ ရ၏။

(တစ်နည်း) ကာယေ ဣဋ္ဌိ **ကာယဣဋ္ဌိ**။ သတိ ကာယဣဋ္ဌိ **သက္ကာယဣဋ္ဌိ**။

ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ ပစ္စယော။ ဟာနန့် ယာတော။ ပစ္စယသ ယာတော **ပစ္စယယာတော**။ ပစ္စယ-အရ သုခ သောမနဿ-စသော အကြောင်းသည် မုချ။ ထို--၏ သတ်ခြင်းကြိယာနှင့် ကမ္မ-ကမ္မိ စပ် ဌာန။ ပုဒ်လုံးအရကား ထို--သော အကြောင်းကို သတ်ခြင်းကြိယာ ရ၏။

အတိဝိယ ဒူရော အာတိဒူရော။ သဟ ပစ္စယေဟိ ယော ရာဂါဒယော ဟောန္တီတိ သပ္ပစ္စယာ။ သုခါဒိနံ ယာတော **သုခါဒိယာတော**။

➤ ၆။ (စ) ၌ ဒုက္ခာဘာဝေန-ဖြင့် အဒုက္ခံ-၌ အ-သဒ္ဒါသည် ဝုဒ္ဓိ အညှ-စသော အနက်ကိုမဟော၊ အဘာဝအနက်ကိုဟော--ရင်း (နိပါတလိင်္ဂတ္တ) နတ္ထိ ဒုက္ခံ ယတ္ထာတိ အဒုက္ခံ-ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

(တစ်နည်း) ဒုက္ခာဘာဝေန-ဖြင့် အဒုက္ခံ ၌ အ-သည် အညအနက်ဟော--ရင်း (နိပါတလိင်္ဂတ္ထ) န ဒုက္ခံ အဒုက္ခံ-ဟု ဥဘေတပဒ္ဓရိုယ်သမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) ဒုက္ခ မရှိသည်၏အဖြစ်ကြောင့် အဒုက္ခမည်သည်၏အဖြစ်ကိုရင်း (ဘာဝတ္ထ) သိစေသည်။

သုခါဘာဝေန-ဖြင့် အသုခံ-၌ အ-သဒ္ဒါသည် ဝုဒ္ဓိ အညှ-စသော အနက်ကိုမဟော၊ အဘာဝအနက်ကိုဟော--ရင်း (နိပါတလိင်္ဂတ္ထ) နတ္ထိ သုခံ ယတ္ထာတိ အသုခံ-ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

တစ်ဝါကျလုံးဖြင့် အဒုက္ခမသုခံပုဒ်ကို အဒုက္ခဉ္စ တံ အသုခဉ္စာတိ အဒုက္ခမသုခံ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂပဒတ္ထ)

➤ ၇။ **သုခနိရောဓပဒဋ္ဌာနာ/သုခဒုက္ခနိရောဓပဒဋ္ဌာနာ** ။ ။ သုခနိရောဓော ပဒဋ္ဌာနံ ဧတိဿာတိ သုခနိရောဓပဒဋ္ဌာနာ-ဟု ဝစနတ္ထပြု၍ သုခနိရောဓောနာမ ဣဓ စတုတ္ထ ဈာနုပစာရော၊ သော ပဒဋ္ဌာနံ ဧတိဿာတိ သုခနိရောဓပဒဋ္ဌာနာ-ဟု သာရတ္ထ၌ ဆိုသောကြောင့် ဒုက္ခ-သဒ္ဒါ မပါသော သုခနိရောဓပဒဋ္ဌာနာ-ပါဌ်သာ သင့်ပါသည်။

**သုခါဒီယာတောနစ/သုခါဒီယာတောနဿစ** ။ ။ သုခါဒိယာတောနာတိ သုခါဒီနံ ပဟာနေန အဿ ဈာနဿ-ဟု မူလဋီကာ၌ ဆိုသောကြောင့် သုခါဒိယာတောနဿစ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ပစ္စယယာတေန**-ကား အကြောင်းဖြစ်သော သုခ, ဒုက္ခ, ဒေါမနဿတို့ကို ပယ်သတ်ခြင်း၏ ပစ္စယယာတ-ဟူသောအမည်ကို အကျိုးဖြစ်သော ရာဂ, ဒေါသတို့ကို ပယ်သတ်ခြင်း၌တင်-- **ကာရဏူပစာ**။ နာနန္တရိကနည်း။

**သုခံ သောမနဿဿ**-ကား အပေါင်းဖြစ်သော ကာယိကသုခ, စေတသိကသုခ၏ "သုခံ သောမနဿဿ"ဟူသောအမည်ကို အစိတ်ဖြစ်သော ကာယိကသုခ၌တင်-- ဧက

http://www.dhammadownload.com



ဒေသျှပစာ။ ရှင့်နည်း။ အကြောင်းဖြစ်သော သောမနဿ ဝေဒနာ၏ "**သုခံ သောမနဿ**" အမည်ကို အကျိုးဖြစ်သော ရာဂ၌တင်-- ကာရဏူပစာ။

(ဂ+ဃ) ကား သုခ သောမနဿတို့နှင့် ရာဂ၊ ဒုက္ခ, ဒေါမနဿတို့နှင့် ဒေါသ ဤသို့ အစဉ်အတိုင်း ယှဉ်အပ်သောကြောင့် ယထာက္ကမနည်း။

➢ ၁၀။ **မာအာ-၌** ဓာတ်အရ-- ဈာန်လေးပါး၏ ဝိက္ခမ္ဘနပဟာနသတ္တိ/ စတုတ္ထဈာန်ကိုယူ။

**ပစ္စယယာခေါနန-၌** ပစ္စယ-အရ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကိုယူပါ။

**ဋီကာ [၁၁၁]**

(က) **ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ** ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိံ။

(ခ-၁) ဣမသ္မိဉ္ဟိ ဈာနေ သုပရိသုဒ္ဓါ သတိ။

(ခ-၂) ယာ စ တဿာ သတိယာ ပရိသုဒ္ဓိ၊ သာ ဥပေက္ခာယ ကတာ န အညေန။

(ဂ) တသ္မာ ဧတံ "ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ" ဝုစ္စတိ။

(ဃ) ဝိဘင်္ဂေပိ ဝုတ္တံ "အယံ သတိ ဣမာယ ဥပေက္ခာယ ဝိသဒါ ဟောတိ ပရိသုဒ္ဓါ ပရိယောဒါတာ၊ တေန ဝုစ္စတိ ဥပေက္ခာသတိပါရိသုဒ္ဓီ"န္တိ။

(င-၁) ယာယ စ ဥပေက္ခာယ ဧတ္ထ သတိယာ ပါရိသုဒ္ဓိ ဟောတိ။

(င-၂) သာ အတ္ထတော တတြမဇ္ဈတ္တတာ ဝေဒိတဗ္ဗာ။

(စ-၁) န ကေဝလဉ္စေတ္ထ တာယ သတိယေဝ ပရိသုဒ္ဓါ၊ အပိစ ခေါ သဗ္ဗေပိ သမ္ပယုတ္တဓမ္မာ။ (စ-၂) သတိသီသေန ပန ဒေသနာ ဝုတ္တာ။

(၅။၁၂၄။မအူ-၂။၃၁၀။ ဘာသာဋီ-၆၂၈)

➢ ၁။ **ဥပေက္ခာသတိပါရိသုဒ္ဓိံ** - တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းရှိသော။[စတုတ္ထဈာန်-၌စပ်]

(ဂ) ၌ ဝုစ္စတိ-၏ ကတ္တားကို ဘဂဝတာ-ဟု ထည့်ပါ။

(စ-၁) ကေဝလံ၊မရောမယှက် (ဝါ) မယှဉ်မဖက် [သဒ္ဒတ္တ] (ဝါ) သက်သက် [အဓိပ္ပါယတ္တ] အပိစခေါ၊စင်စစ်ကား။ [ဧကံသတ္တ] (စ-၂) ပန၊ထိုသို့ပင် စင်ကြယ်ပါကုန်သော်လည်း။သတိသီသေန၊သတိဟူသော အဦးအားဖြင့်။ (ဝါ) သတိကို အဦးပြုသောအားဖြင့်။ [သဒ္ဒတ္တ] (ဝါ) သတိကို ပဓာနပြုသောအားဖြင့်။ [အဓိပ္ပါယတ္တ] ဒေသနာ၊ဒေသနာကို၊ ဘဂဝတာ၊သည်။ဝုတ္တာ၊ဟောတော်မူအပ်ပြီ။

➢ ၂။ (စ) သို့/ ဆရာသည် (က) ဖြင့် ဥပေက္ခာသတိပါရိသုဒ္ဓိ-ကို ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိ-ဟု ဖွင့်ပြတော်မူ၏။ ယင်းပုဒ်၌ ဥပေက္ခာဇနိတ-ဟူသော အစိတ်ပုဒ်၊ သတိပါရိသုဒ္ဓိ-ဟူသော အစိတ်ပုဒ်တို့၏ ဝစနတ္ထတည်းဟူသော အကျယ်ကို မသိအပ်

http://www.dhammadownload.com



သည်မဟုတ်ပါလော။ အကျွယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(စ–ခ) သို့/ ဆရာသည် (က) ဖြင့် စတုတ္ထဈာန်သည် ဥပေက္ခာသည်ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသော ဈာန်ဟု ဖွင့်ပြတော်မူ၏။

[တစ်နည်း] ဆရာ၊ မြတ်စွာဘုရားသည် စတုတ္ထဈာန်ကို ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟု ဟောတော်မူ၏။ အခြားသော ဈာန်တို့၌လည်း သတိ၏ စင်ကြယ်ခြင်းရှိသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဤစတုတ္ထဈာန်ကိုသာ ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟု ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ခ-၁) ကိုမိန့်။ **ကား**-- အခြားဈာန်ရှိသော သတိသည် ထက်ဝန်းကျင်စင်ကြယ်ရုံမျှ ဖြစ်၏၊ အလွန်မစင်ကြယ်၊ ဤစတုတ္ထဈာန်၌ရှိသော သတိသည်ကား အလွန်ထက်ဝန်းကြင်စင်သောကြောင့် ဤစတုတ္ထဈာန်၌ရှိသော သတိကိုသာ ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟု ဆိုအပ်၏ဟူလို။

(စ–၂) သို့ / **သာဓောဏ္ဍာ** ။ ။ ဆရာသည် (ခ-၁)ဖြင့် စတုတ္ထဈာန်၌ သတိသည် ကောင်းစွာ ထက်ဝန်းကျင်မှ စင်ကြယ်၏ဟု ဆိုတော်မူ၏။ ထိုသတိ၏ ကောင်းစွာ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းကို ဥပေက္ခာမှတစ်ပါးသော တရားသည် ပြုအပ်သည် မဟုတ်ပါလော။ အဘယ်တရားသည် ပြုအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော ဆရာသည် (ခ-၂) ကိုမိန့်။

**ကား** -- သတိ၏ ကောင်းစွာထက်ဝန်းကျင်မှ စင်ကြယ်ခြင်းကို ဥပေက္ခာမှတစ်ပါးသော တရားသည် ပြုအပ်သည်မဟုတ်၊ ဥပေက္ခာသည် ပြုအပ်၏ဟူလို။

(စ–၂) သို့ / **သာဓောဓောဒနာတက်** ။ ။ ဆရာသည် (ခ-၁) ဖြင့် ဤစတုတ္ထဈာန်၌ သတိသည် ကောင်းစွာထက်ဝန်းကျင်မှ စင်ကြယ်သောဟု ဆို၏။ သတိ၏ စင်ကြယ်ခြင်းကို အဘယ်တရားသည် ပြုအပ်ပါသနည်း။ သတိ၏ စင်ကြယ်ခြင်းကား သူ့အလိုလိုပင် စင်ကြယ်ပါသလော။ အကယ်၍ သတိ၏ စင်ကြယ်ခြင်းကို တစ်ပါးသောတရားသည် ပြုအပ်၏ဟု မဆိုသော် ဆရာ့အား သဘာဝ သဘာဝဝဏ္ဍ ဆန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ-၂) ကိုမိန့်။

[သတိ၏ စင်ကြယ်ခြင်းကို တတြမဇ္ဈတ္တုပေက္ခာမှ တစ်ပါးသော ဖဿ-စသောတရားတို့သည် ပြုအပ်ပါသလော။] **(အညစောဒနာ)**

(ဂ) သို့/ ဆရာသည် (ခ-၂) ဖြင့် သတိ၏ စင်ကြယ်ခြင်းသည် ဥပေက္ခာသည် ပြုအပ်၏၊ အခြားသော ဖဿ-စသော သမ္ပယုတ်တရားတို့သည် မပြုအပ်ဟု ဖွင့်ပြတော်မူ၏။ ထိုသို့ ဖွင့်ခြင်းကြောင့် အဘယ်သို့သော အကျိုး ရနိုင်ပါသနည်း။ အကျိုးမရ နိရတ္ထက-ဟု မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာ-သည် (က) စသော ဝါကျတို့ဖြင့် စတုတ္ထဈာန်၏ ဥပေက္ခာသတိပါရိသုဒ္ဓိဖြစ်ပုံကို အကြောင်းအကျိုးနှင့်တကွ ဖွင့်ဆိုတော်မူ၏။ ဆရာသာ ထိုသို့ ဖွင့်ဆို

http://www.dhammadownload.com



အပ်ပါသလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ယ) မိန့်။

(င) သို့/ ဓောဒကာ ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟု ဟောတော်မူ၏။ယင်း၌ ဥပေက္ခာ-အရ မည်သည့်တရားကို ကောက်ရမည်နည်း။ ဝေဒနာ (သို့မဟုတ်) ပညာကို၊ (သို့မဟုတ်) ဝီရိယ-ကို ကောက်ရမည်လော။ ဤ၌ ဥပေက္ခာ-အရကို မပြသော် ဥပေက္ခာတရားကိုယ်လေးပါးလုံး၌ ပျံ့နှံ့သော အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (င) မိန့်။

(င) စသည်သို့/ အနုသန္ဓေ ။ ။ ဤသို့ ဥပေက္ခာ သတိ ပါရိသုဒ္ဓိ၌ စသည်ဖြင့် စတုတ္ထ ဈာန်၏ ဥပေက္ခာသတိပါရိသုဒ္ဓိဖြစ်ပုံ အလုံးစုံကို အကျယ်အားဖြင့် ပြတော်မူပြီး၍ ယခုအခါ၌ ဥပေက္ခာ သတိ ပါရိသုဒ္ဓိ-ဝယ် ဥပေက္ခာ-အရ အောက်၌ဖော်ပြအပ်သော ဥပေက္ခာဆယ်ပါးတို့တွင် အဘယ်ပါနည်းဟု မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလို သော အဋ္ဌကထာဆရာသည် (င) စသည်မိန့်။

(င-၂) သို့/ ဆရာ-သည် (င-၁) ဖြင့် ဥပေက္ခာကြောင့် သတိစင်ကြယ်ခြင်းသည် ဖြစ်၏ဟု ဖွင့်ဆိုတော်မူ၏။ ဥပေက္ခာ-အရ အဘယ်ကို ကောက်ယူရပါမည်နည်း။ အောက်၌ ဖော်ပြအပ်သော ဥပေက္ခာတရားကိုယ် ဆယ်ပါးလုံးကို ယူရပါမည်လော။[အာဂမစောဒနာ] တတြ မဇ္ဈတ္တုပေက္ခာမှတစ်ပါးသော ဥပေက္ခာကို ကောက်ယူရပါမည်လော။[အနုစောဒနာ] ဥပေက္ခာ အရကို မပြသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ (င-၂) မိန့်။

(စ) သို့/ ဆရာ-သည် (င) ဖြင့် ဥပေက္ခာသတိပါရိသုဒ္ဓိ-၌ ဥပေက္ခာဟူသည် တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာ-ပင်တည်းဟု ဆို၏။ အကယ်၍ တတြမဇ္ဈတ္တတာ-ကို ဤ၌ ဥပေက္ခာ-ဟု အလိုရှိအပ်သည်ဖြစ်အံ့၊ ယင်းသို့ဖြစ်လျှင် အဘယ့်ကြောင့် သတိကိုသာ ပါရိသုဒ္ဓိ-ဟု ဆိုပါသနည်း။ ဤဈာန်၌ သတိ-သာမက အလုံးစုံသော သမ္ပယုတ္တ ဓမ္မတို့လည်း စင်ကြယ်ကုန်သည် မဟုတ်တုံလော။ စုဒ်ကြောင့် (စ) မိန့်။

(စ-၂) သို့/ ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ဥပေက္ခာသတိပါရိသုဒ္ဓိ စသည်ဖြင့် သတိ-၏ စင်ကြယ်ခြင်းကိုသာ ဟောတော်မူ၏။ အလုံးစုံသော သမ္ပယုတ် တရားတို့သည်လည်း ဥပေက္ခာကြောင့် စင်ကြယ်ကြကုန်သည် မဟုတ်ပါလော။ အဘယ့် ကြောင့် သတိ၏ စင်ကြယ်ခြင်းကိုသာ ဟောတော်မူပါသနည်း။ စုဒ်- (စ-၂) ကိုမိန့်။

➤ ၃။ (ခ)သည်·ဝိတ္ထာရ/ကာရဏ/ဒဋ္ဌီဝါကျ။ ထိုတွင် (ခ-၁) သည် ယုတ္တိဒဋ္ဌီ ကရဏ။ (ခ-၂) သည် သတိ၏ စင်ကြယ်ခြင်းကို အဘယ်တရားသည် ပြုအပ်ပါသနည်း စောဒနာဘယ်ကို ပယ်ဖျက်လို၍ ဆက်တက်လာသောကြောင့် ဝါကျာရမ္ဘ။ (ဂ) ကား နိဂုံးအုပ်သောကြောင့် နိဂမဝါကျ။ (ဝါ) ရအပ်သောအကျိုးကို သတ်မှတ်ပြသောကြောင့် လဒ္ဓဂုဏ။ (ယ) ကား ဆိုပြီးစကားကို အာဂမအားဖြင့် ခိုင်မြဲအောင်ပြုသောကြောင့် အာဂမဒဋ္ဌီကရဏ။ (င) ဥပေက္ခာ တရားကိုယ်ကို ဆက်ပြသောကြောင့် ဝါကျာရမ္ဘ။ (စ)

http://www.dhammadownload.com



ဝါကျာရမ္ဘ။ ယင်း၌ န ကေဝလဥ္စေတ္ထ-မှ ပရိသုဒ္ဓါ-တိုင်အောင် ဗျတိရေကဝါကျ။ အပိစ သဗ္ဗေပိ သမ္ပယုတ္တဓမ္မာ-ကား အန္ဝယ။ သတိသီသေန-စသည်ကား ဝါကျာရမ္ဘ။

**စာစပ်** ။ ။ (က) ၌ ဥပေက္ခာယ-ကား သည်--ကြောင့် ဇနိတ သတိပါရိသုဒ္ဓိ-ဝယ် ဇနိတ-ဟူသော ပုဒ်တစ်စိတ်၌ ဇနေတ် တ-ပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကေ သည် မဟောအပ်သော အဝုတ္တကတ္တား။ ဇနိတာ-ဟူသော ပုဒ်တစ်စိတ်ကား ကတ္တား၏ ကြိယာ။ (ဝါ) ထိုကတ္တားကို မဟောသော ကိတ်ကြိယာဝါစကတည်း။

(ယ) ၌ **စာေန**-ကား ကြောင့်--ကြောင့် ဝုစ္စတိ-၌ အကြောင်း ဟိတ်/အကျိုး ဖိုလ်အဖြစ်ဖြင့် စပ်အပ်၏။ **ဥပေက္ခာသတိပါရိသုဒ္ဓိ**-ကား ဟူ၍--ကြောင့် ဝုစ္စတိ-၌ အာကာရ၊ ဝုစ္စတိ-ကား အာကာရဝန္တ အဖြစ်ဖြင့် စပ်အပ်၏။

(င-၁) ၌ **ဥပေက္ခာယ**-ကား ကြောင့်--ကြောင့် ပါရိသုဒ္ဓိ-၌ ဟိတ်။ ပါရိသုဒ္ဓိကား ဟိတ်၏ဖိုလ် အဖြစ်ဖြင့် စပ်အပ်၏။ (တစ်နည်း) ဥပေက္ခာယ-ကား ဖြင့်--ကြောင့် ဟောတိ-၌ ကရိုဏ်း၊ ဟောတိ-ကား ကရိုဏ်း၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

➤ ၄။ သတိယာ ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ။ ဥပေက္ခာယ ဇနိတာ ဥပေက္ခာ**ဇနိတာ**။ [အစိတ်] ဥပေက္ခာဇနိတာ သတိပါရိသုဒ္ဓိ ဧတဿ ဈာနဿာတိ **ဥပေက္ခာသတိပါရိသုဒ္ဓိ**။

ဧတဿ ဈာနဿ၊ဤစတုတ္ထဈာန်အား။ဥပေက္ခာဇနိတာ၊ဥပေက္ခာသည် ဖြစ်စေအပ်သော။သတိပါရိသုဒ္ဓိ၊သတိ၏စင်ကြယ်ခြင်းသည်။အတ္ထိ၊၏။ဣတိ၊ကြောင့်။တံ ဈာနံ၊ ထိုစတုတ္ထဈာန်သည်။ဥပေက္ခာသတိပါရိသုဒ္ဓိ၊မည်၏။ ဥပေက္ခာပုဒ်+သတိပါရိသုဒ္ဓိပုဒ်+ ဧတပုဒ်။ တဂ္ဂုဏသံဝိညာဏ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်၊ (ဇနိတာပုဒ်ကျေ)

ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းဂုဏ်သည် မှုချ။ ယင်း၏ စတုတ္ထဈာန်နှင့် ဂုဏ်-ဂုဏေး စပ် ဌာနူ။ ဧတ-အညပုဒ်အရကား ထို--သော တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သည် အပဓာနအားဖြင့် ရ၏။ [ထိုသို့ပင် ရငြားသော်လည်း ဝိသေသန ပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ ပြီးသော သမ္ဘန် သကတ်ဟုဆိုအပ်သော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။]

* ဥပေက္ခာယ ဇနိတာ **ဥပေက္ခာဇနိတာ**။ ဥပေက္ခာ-ဟူသော ဝိသေသနပုဒ်အရကား ဥပေက္ခာသည် မှုချ။ ထို--၏ ဖြစ်စေအပ်သော သတိနှင့် ဂုဏ်-ဂုဏေး စပ် ဌာနူ။ ပုဒ်လုံး အရကား ထို--သော ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ ရ၏။

* သတိယာ ပါရိသုဒ္ဓိ **သတိပါရိသုဒ္ဓိ**။ သတိ-ဟူသော ဝိသေသနပုဒ်အရကား သတိသည် မှုချ။ ထို--၏ စင်ကြယ်ခြင်းကြိယာနှင့် ဌာန-ဌာနီ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော သတိ၏ ထက်ဝန်းကြင်စင်ကြယ်ခြင်း ရ၏။

http://www.dhammadownload.com



* ဥပ က္ကကွတီတိ **ဥပေက္ခာ**။ ဥပပုဗ္ဗ က္ကကွဓာတ်အရကား လျစ်လျူရှုခြင်း လက္ခဏာသည် မုချ။ ရှေးရှေး၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ဖလူ။ နောက်နောက်၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ကာရဏူ။ ဏ-ပစ္စည်းအရကား ထို--သော လျစ်လျူရှုခြင်း လက္ခဏာရှိသော ဥပေက္ခာဝေဒနာ ရ၏။ [ဒွိန္နံ ဝေဒနာနံ သမီပေ ပဝတ္တာ က္ကကွာ အနုဘဝနန္တိ **ဥပေက္ခာ**။]

ဈာယတီတိ **ဈာနံ**။ ဈေဓာတ်အရကား ရှူးရှူးစိုက်စိုက်ရှုခြင်း လက္ခဏာသည် မုချ။ ရှေးရှေး၌ဖြစ်သော ဥပစာစိတ်တို့သည် ဖလူ။ နောက်နောက်၌ဖြစ်သော သမာပတ္တိစိတ်တို့သည် ကာရဏူ။ ယုပစ္စည်းအရကား ထို--သော စတုတ္ထဈာန်ရ၏။

ပရိသုဇ္ဈတီတိ **ပရိသုဒ္ဓိ**။ သုဒ္ဓ ပရိသုဒ္ဓိ **သုမရိသုဒ္ဓိ**။ သု-ဟူသော ဝိသေသနပုဒ်အရကား ဘုသတ္ထဘောဂုဏ်သည် မုချ။ ထို--၏ ထက်ဝန်းကျင်စင်ကြယ်သော သတိနှင့် ဂုဏ်-ဂုဏီး စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော အလွန်ထက်ဝန်းကျင် စင်ကြယ်သော သတိ ရ၏။

ဝိဘဇန္တိ ဧတ္ထာတိ **ဝိဘင်္ဂေ**။ ဝိပုဗ္ဗ ဘဇဓာတ်အရ ကတ္တုဒ္ဓကား ဈာန်စသည်တို့ကို ဝေဖန်သော ဘုရားရှင်သန္တာန်၌ဖြစ်သော ဒေသနာဉာဏ်ပြဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် မုချ။ အဓိကရဏတ္ထကား ဝိဘင်းကျမ်း၏ အာရမ္မဏပစ္စယသတ္တိ, ပကတူပနိဿယသတ္တိသည် ဖလူ။ ဏပစ္စည်း အရကား ဝိဘင်းကျမ်းရ၏။

* မဇ္ဈေ ဘာဝေါ အတ္တာ သဘာဝေါ ယဿာတိ **မဇ္ဈတ္တံ**။ မဇ္ဈတ္တဿ ဘာဝေါ **မဇ္ဈတ္တတာ**။ တတြ မဇ္ဈတ္တတာ **တတြမဇ္ဈတ္တတာ**။ တတြ-ဟူသော ဝိသေသနပုဒ်အရကား သမ္ပယုတ်တရားတို့သည် မုချ။ ထို--၏ တတြမဇ္ဈတ္တတာ စေတသိက်နှင့် အာဓာရ-အာဓာရီ စပ် ဌာနူ။ ပုဒ်လုံး အရကား ထို--သော တတြမဇ္ဈတ္တတာ စေတသိက် ရ၏။

သတိသခီတံ သီသံ **သတိသီသံ**။[တေန သတိသီသေန] သတိ-ဟူသော ဝိသေသန ပုဒ်အရကား သတိဟူ၍ ခေါ်ဆိုခြင်းဂုဏ်သည် မုချ။ ထို--၏ သီသ-အရ ဦးခေါင်းနှင့် ဂုဏ်-ဂုဏီး စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော သတိဟုဆိုအပ်သော ဦးခေါင်းရ၏။

ဒေသီယတီတိ **ဒေသနာ**။ ဒိသဓာတ်အရ ကတ္တုဒ္ဓကား မြတ်စွာဘုရားရှင်၏ ဒေသနာ ဉာဏ်ပြဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဒ္ဓကား ဥပေက္ခာ သတိပါရိသုဒ္ဓိ-စသော ဒေသနာဟု ဆိုအပ်သော မနသာဝဝတ္ထပိတသဒ္ဒ၏ အာရမ္မဏ ပစ္စယသတ္တိသည် ကာရဏူ။ (တစ်နည်း) ဒေသနာဟု ဆိုအပ်သော သဝိညတ္တိက ဝစီ ဘေဒစိတ္တဇသဒ္ဒ၏ သဟဇာတပစ္စယသတ္တိသည် ဖလူ။ ယုပစ္စည်းအရကား ထို--သော ဥပေက္ခာသတိပါရိသုဒ္ဓိ-စသော ဒေသနာ ရ၏။ * သမ္ပယုဇ္ဇန္တိ **သမ္ပယုတ္တာ**။ ဓာရေန္တီတိ **ဓမ္မာ**။ သမ္ပယုတ္တာစ တေ ဓမ္မာစာတိ **သမ္ပယုတ္တဓမ္မာ**။

➢ ၆။ (က) ၌ ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိ-ဖြင့် ဥပေက္ခာနှင့် ဇနိတ-ပုဒ်ကို ဥပေက္ခာယ ဇနိတာ ဥပေက္ခာဇနိတာ-ဟု တတိယာတပ္ပုရိသ်သမာသ်ပြု--ရင်း (သမာသ

http://www.dhammadownload.com



လိင်္ဂပဒတ္ထ) သတိနှင့် ပါရိသုဒ္ဓိကို သတိယာ ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ-ဟု တပ္ပုရိသ် သမာသ်ပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) ဥပေက္ခာ ဇနိတာ သတိပါရိသုဒ္ဓိ ဧတဿာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) ဥပေက္ခာ ဇနိတာ-ဟူသော ရှေ့ပုဒ်၌ ဇနိတာ-ဟူသော နောက်ပုဒ်ကျေသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(စ-၁) ၌ သုပရိသုဒ္ဓါ-ဖြင့် ပါရိသုဒ္ဓိ-သဒ္ဒါသည် ထက်ဝန်းကျင် စင်ကြယ်ခြင်း သာမည အနက်၌ မဖြစ်၊ အလွန်ထက်ဝန်းကျင် စင်ကြယ်ခြင်းဟူသော အတိသယအနက်၌ ဖြစ်သည်ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ဤမည်း ဈာနေ-ဖြင့် ဥပေက္ခာ သတိပါရိသုဒ္ဓိကို သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု၍ စတုတ္ထဈာန်ကို ကောက်ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(စ-၂) ၌ တဿာ သတိယာ ပါရိသုဒ္ဓိ-ဖြင့် သတိပါရိသုဒ္ဓိ-ကို သတိယာ ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၍ ယင်းသမာသ်၏ သမ္ဗန်အနက် ၌ဖြစ်သည်ကို သိစေပါသည်။(သမာသလိင်္ဂပဒတ္ထ)

သာ ဥပေက္ခာယ စသည်ဖြင့် ထိုသတိ၏ စင်ကြယ်ခြင်းသည် ဥပေက္ခာသည် ပြုအပ်၏၊ အခြားသော တရားတို့သည် မပြုအပ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(ဇ) ဖြင့် ဥပေက္ခာ-အရ ဝေဒနာနုပေက္ခာ စသည်ကို မယူရ၊ တတြမဇ္ဈတ္တုပေက္ခာကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(စ-၂) ဖြင့် ပဓာနနည်းအားဖြင့် သတိကိုခေါင်းတပ်၍ ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟု ဟောဆိုရခြင်း အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ သုခနိရောဓပဒဋ္ဌာနာ/သုခဒုက္ခနိရောဓပဒဋ္ဌာနာ ။ ဒုက္ခဒေါမနဿ သုခါနိ ပဌမဒုတိယတတိယာနံ ဥပစာရက္ခဏေသု-ဟူသော ဤ အဋ္ဌကထာ-စကားအရ ဒုက္ခ ဝေဒနာကို ပဌမဈာန်၏ ဥပစာရက္ခဏ၌ ပယ်ပြီးဖြစ်သောကြောင့်ရင်း၊ သုခနိရောဓော နာမ ဣဓ စတုတ္ထဇ္ဈာနူပစာရေ၊ သော ပဒဋ္ဌာနံ ဧတိဿာတိ သုခနိရောဓပဒဋ္ဌာနာ-ဟု သာရတ္ထ ဆိုသောကြောင့်ရင်း၊ ပါရာဇိကဏ် ဂဏ္ဌိသစ်၌လည်း "ဤပဒဋ္ဌာန်အရာ၌ သုခ နောင် ဒုက္ခ-သဒ္ဒါ ရှိတတ်၏၊ အနက်သဘော မသင့်သောကြောင့် ဒုက္ခ မရှိသင့်"ဟု ဆိုထားသောကြောင့်ရင်း "သုခနိရောဓပဒဋ္ဌာနာ"ပါဌ်သာ သင့်ပါသည်။

**ဝိဝဋ္ဋာ/ဗီသဒါ** ။ ။ ဈာနဝိဘင်းပါဠိတော် အာလောကသညီပုဒ်၏ ပဒဘာဇနီ၌ ဝိဝဋ္ဋာ ပရိသုဒ္ဓါ ပရိယောဒါတာ-ဟု ရှိသောကြောင့်ရင်း၊ သမ္မောဒနီယ အဋ္ဌကထာ မူလဋီကာ အနုဋီကာတို့၌ နိဝရဏေဟိ ဝိဝဋ္ဋာ၊ တံသဘာဝတ္တာ ဝိဝဋ္ဋာ၊ ဝိဝဋ္ဋာ အပဋိစ္ဆာဒနာ-ဟု ဖွင့်သောကြောင့်ရင်း ဝိဝဋ္ဋာပါဌ် သင့်သည်။

သမ္ပဟံသန ပညာဝိယ သုပရိသုဒ္ဓါ သုဝိသဒါစ ဟောတိ-ဟု သာရတ္ထ၌ ဖွင့်သော

http://www.dhammadownload.com



ကြောင့်ရှင်း၊ ဝိသဒါ-စသည်မှာ ဟိတ်စပ်ဟု ဂဏ္ဌိသစ်၌ဆိုသောကြောင့်ရှင်း၊ ဝိသဒါ-သန့်ရှင်းသည်-ဟု နိဿယများ၌ ယောဇနာသောကြောင့်ရှင်း၊ ပရိသုဒ္ဓါတို့နှင့် လျော်သောကြောင့်ရှင်း ဝိသဒါ-ပါဌ်လည်း သင့်ပါသည်။

[ ဝိသဒါ-ကား ဝိပုဗ္ဗ သဒဓာတ်ဖြစ်၍ သန့်ရှင်းခြင်းအနက်ကိုဟော၏။ ဝိဝဋာ-ကား ဝိပုဗ္ဗ ဝရဓာတ်ဖြစ်၍ ဖွင့်ခြင်းအနက်ကိုဟော၏။ ဤနေရာ၌ ပရိသုဒ္ဓါ ပရိယောဒါတာ-တို့ကို ထောက်ဆကြည့်ပါက ပရိသုဒ္ဓါ ပရိယောဒါတာ-ပုဒ်တို့သည် နောက်နောက်ပုဒ်သည် ရှေ့ရှေ့ပုဒ်၏ အဖွင့်ဖြစ်သည့်အတွက် အဓိပ္ပါယ် အနက်တူရမည်ဖြစ်သဖြင့် သန့်ရှင်းခြင်း အနက်ကိုဟောသော ဝိသဒါ-ပါဌ်သာ မှန်ပါသည်။] (အဖြေစုံ)

**ဥပေက္ခာစေတနမေဝ/ဥပေက္ခေကဂ္ဂတာမေဝ** ။ ။ စတုတ္ထဈာန်သည် မုချအားဖြင့် ဥပေက္ခာ ဧကဂ္ဂတာ-ဟူသော အင်္ဂါနှစ်ပါးရှိသော ဈာန်ဖြစ်သောကြောင့် "ဥပေက္ခေကဂ္ဂတမေဝ"ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဥပေက္ခာသတိပါရိသုဒ္ဓိ**-ကား -- သတိတည်းဟူသော ပြဋ္ဌာန်းသည်ကိုဆိုသဖြင့် ခပ်သိမ်းသော သမ္ပယုတ္တဓမ္မတည်းဟူသော မပြဋ္ဌာန်းသည်ကိုလည်း ရသောကြောင့် ပဓာနနည်း မည်၏။ အစိတ်ဖြစ်သော သတိ၏ "**သတိ**"ဟူသောအမည်ကို အပေါင်း ဖြစ်သော သတိသမ္ပယုတ္တဓမ္မ၌တင်--ဧကဒေသူပစာ။

* အစိတ်ဖြစ်သော သတိ စင်ကြယ်ခြင်း၏ "**သတိပါရိသုဒ္ဓိ**"ဟူသောအမည်ကို အပေါင်းဖြစ်သော သတိ, သတိသမ္ပယုတ္တဓမ္မ၌တင်-- ဧကဒေသူပစာ။

ပြဋ္ဌာန်းသော သတိစင်ကြယ်ခြင်းကိုဆိုသဖြင့် မပြဋ္ဌာန်းသော သမ္ပယုတ္တဓမ္မ စင်ကြယ်ခြင်းကိုလည်း ရသောကြောင့် ပဓာနနည်း၊ ဥပလက္ခဏနည်း၊ နိဒဿနနည်း။

**ဥပေက္ခာ**-ကား အပေါင်းဖြစ်သော ဥပေက္ခာ (၁၀) ပါး၏ "ဥပေက္ခာ"ဟူသောအမည်ကို အစိတ်ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ၌တင်-- ဧကဒေသျူပစာ။ ရုဠှီနည်း။

**ဈာန**-ကား အပေါင်းဖြစ်သော ဈာန်အားလုံးတို့၏ "ဈာန"ဟူသော အမည်ကို အစိတ်ဖြစ်သော စတုတ္ထဈာန် (တစ်နည်း) ပဉ္စမဈာန်၌တင် ဧကဒေသျူပစာ။

**သုပရိသုဒ္ဓ**ကား-- ဂုဏ်ဖြစ်သော အလွန်ထက်ဝန်းကျင် စင်ကြယ်ခြင်း၏ "သုပရိသုဒ္ဓ" ဟူသော အမည်ကို ဂုဏေးဖြစ်သော သတိ၌တင် ဂုဏူပစာ။

**သတိသီသေန**-ကား အတူဖြစ်သော ဦးခေါင်း၏ "သီသ"ဟူသောအမည်ကို အတူရှိသော သတိစေတသိက်၌တင်--သဒိသူပစာ၊ ရုဠှီနည်း။

**တတြမဇ္ဈတ္တတာ**-ကား ကတ္တုသတ္တိ ထင်ရှားရှိသော လျစ်လျူရှုတတ်သော သဘော၏ "တတြမဇ္ဈတ္တတာ"ဟူသော အမည်ကို ကတ္တုသတ္တိထင်ရှား မရှိသော တတြမဇ္ဈတ္တတာ စေတသိက်၌တင်-- တဒ္ဓမ္မူပစာ။ ရုဠှီနည်း။

➤ ၁၀။ [ဖဒ္ဓာနယာရုနတ္ထိ] ဥပေက္ခာသတိပါရိသုဒ္ဓိ-၏ အဘိဓေယျတ္ထ-အရ စတုတ္ထ

http://www.dhammadownload.com



ဈာန်ကိုယူ၍-- ယင်းစတုတ္ထဈာန်၏ ပဒဌာန်ကား စတုရင်္ဂဝီရိယ-တည်း။ ထို--ကား မဟာဗောဓိမဏ္ဍိုင်တည်း။ ထို--ကား ပါရမီ ၁၀-ပါး၊ အပြား-၃၀၊ စွန့်ခြင်းကြီး ၅-ပါး၊ စရိယ ၃-ပါးတည်း။ ထို--ကား မဟာဘိနီဟာရ တည်း။ ထို--ကား မဟာကရုဏာတော်တည်း။ ထို--ကား ဒုက္ခိတသတ္တဝါအပေါင်းတည်း။ ဤသို့ အောက်သက် ဩရုယှော ရုယှအားဖြင့်ရင်း၊ စတုတ္ထဈာန်သည် မဟာဝဇိရဉာဏ်တော်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် အောက်မဂ်အောက်ဖိုလ်ဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် အရဟတ္တမဂ်ဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် အရဟတ္တဖိုလ်ဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် ပစ္စဝေက္ခဏာဉာဏ်၏ နီးစွာသော အကြောင်း တည်း။ထိုသည် သဗ္ဗညုတဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် သကလ ဗုဒ္ဓဂုဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် ဒေသနာဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် ဝေနေယျသတ္တဝါတို့၏ ဟိတသုခ၏ နီးစွာသော အကြောင်းတည်း။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်ရင်း ဝေဖန်စိစစ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏ဟူလို။

**[ဩတရဏာဟာရအရွက်]** **ဥပေက္ခာသတိပါရိသုဒ္ဓိ**-၌ ပရိယာယ်အားဖြင့် ဈာန်လေးပါးလုံးကို ရ၏။ နိပ္ပရိယာယ(မုချ)အားဖြင့် စတုတ္ထဈာန် ရ၏။

**မုချ--အရ** စတုတ္ထဈာန်စိတ္တုပ္ပါဒ်တို့တွင် ဝေဒနာစေတသိက်သည် ဥပေက္ခိန္ဒြေမည်၏။ နာမ်ဇီဝိတ-သည် ဇီဝိတိန္ဒြေမည်၏။ သဒ္ဓါ-သည် သဒ္ဓိန္ဒြေမည်၏။ ဝီရိယ-သည် ဝီရိယိန္ဒြေမည်၏။ သတိ-သည် သတိန္ဒြေမည်၏။ ဧကဂ္ဂတာ-သည် သမာဓိန္ဒြေမည်၏။ပညာ-သည် ပညိန္ဒြေ မည်၏။

**ပရိယာယ်--အရ** ပဌမဈာန်စသော ဈာန်လေးပါးတို့တွင် သောမနဿဝေဒနာသည် သောမနဿိန္ဒြေ မည်၏။ ဥပေက္ခာသည် ဥပေက္ခိန္ဒြေမည်၏။ (ပ) သုခဝေဒနာသည် သုခိန္ဒြေ သုခိန္ဒြေ မည်၏။ ဧကဂ္ဂတာသည် သမာဓိန္ဒြေ မည်၏။ဤသို့ ဣန္ဒြေအားဖြင့် သွင်းခြင်းသည် "ဣန္ဒြိယောတရဏာဟာရနေတ္တိနည်း" မည်၏ဟူလို။ ဝုတ္တံ- ၌ ဓာတ်-အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကိုယူ။

**ပါဠိ [၁၃၂]**

**(က) ဣတိ ဣမာနိ စတ္တာရိ ဈာနာနိ ဧကေသဥ္စ စိတ္တေကဂ္ဂတတ္ထာနိ ဟောန္တိ၊ ဧကေသဥ္စ ဝိပဿနာပါဒကာနိ၊ ဧကေသဥ္စ အဘိညာပါဒကာနိ၊ ဧကေသဥ္စ နိရောဓပါဒကာနိ၊ ဧကေသဥ္စ ဘဝေါက္ကမနတ္ထာနိ။ (ခ) တတ္ထ ခီဏာသဝါနံ စိတ္တေကဂ္ဂတတ္ထာနိ ဟောန္တိ။**

**(ဂ) တေ ဟိ သမာပဇ္ဇိတွာ "ဧကဂ္ဂစိတ္တာ သုခံ ဒိဝသံ ဝိဟရိဿာမာ"တိ ဣစ္စေဝံ ကသိဏပရိကမ္မံ ကတွာ အဋ္ဌ သမာပတ္တိယော နိဗ္ဗတ္တေန္တိ။**

(၄။၁၂၆။ မအ-၂။၃၁၇။ ဘာသာဋီ-၂။ ၁။)

http://www.dhammadownload.com



➤ ၁။ **စိတ္တေကဂ္ဂတတ္ထာနိ**-စိတ်၏တစ်ခုတည်းသော အာရုံရှိသည်၏အဖြစ်ဟူသော အကျိုးရှိကုန်သည်။[သဒ္ဒတ္ထ] (ဝါ) စိတ်၏ တည်ကြည်ခြင်းအကျိုးရှိကုန်သည်။ (ဝါ) မျက်မှောက်ပစ္စုပ္ပန်အတ္တဘော၌ ချမ်းသာစွာနေရခြင်းအကျိုးရှိကုန်သည်။[အဓိပ္ပါယတ္ထ]

**အဓစိတ္တာမနုတ္ထာနိ**-ဘဝတို့သို့ သက်ဝင်ခြင်းအကျိုးရှိကုန်သည်။[သဒ္ဒတ္ထ] (ဝါ) ဘဝတို့၌ ဖြစ်ခြင်းအကျိုးရှိကုန်သည်။[အဓိပ္ပါယတ္ထ]

➤ ၂။ (က) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ဖြင့် ဈာန်လေးပါးတို့၏ အဖွင့်ကိုပြတော်မူပြီး၍ ယခုအခါ၌ ယင်းဈာန်လေးပါးတို့သည် ပေးအပ်သော လောကီဂုဏ်, လောကုတ္တရာဂုဏ်တို့ကို အကျိုးပေးပုံကို ပြတော်မူလိုသော အဌကထာဆရာသည် (က) မိန့်။

(ခ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ဈာန်လေးပါးတို့သည် အချို့ပုဂ္ဂိုလ်တို့အား စိတ်၏တည်ကြည်ခြင်း အကျိုးရှိကုန်၏ဟု အကျဉ်းသဘောပကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ ယင်းအချို့ပုဂ္ဂိုလ်အရနှင့် စိတ်၏တည်ကြည်ခြင်းအကျိုးရှိပုံကို အကျယ်အားဖြင့် ပြတော်မူလိုသော အဌကထာဆရာသည် (ခ) မိန့်။

(ခ) **သို့/ သာသောဓက္ခာ** ။ ။ ဆရာ-သည် (က) ၌ ကေသဉ္စိ စိတ္တေကဂ္ဂတတ္ထာနိ ဟောန္တိ-ဖြင့် ဈာန်လေးပါးတို့သည် အချို့ပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်း အကျိုးရှိကုန်သောဟု ဆို၏။ အဘယ်ပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်း အကျိုးရှိပါကုန်သနည်း။ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်း အကျိုးရှိပါကုန်သလော။ စုဒ် (ခ) မိန့်။

(ဂ) **သို့/ အရာသောဓက္ခာ** ။ ။ ဆရာ-သည် (ခ) ဖြင့် ဈာန်လေးပါးတို့သည် ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်း အကျိုးရှိကုန်သောဟု ဆို၏။ အဘယ့်ကြောင့် ဈာန်လေးပါးတို့သည် ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်း အကျိုးရှိပါကုန်သနည်း။ (တစ်နည်း) အဘယ်သို့လျှင် ဈာန်လေးပါးတို့သည် ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်တည် ကြည်ခြင်း အကျိုးရှိပါသနည်း။ | စိတ်တည်ကြည်ခြင်း အကျိုးရှိပုံကို အကျယ်အားဖြင့် ဆရာမပြဆိုပြီလော။ | စုဒ်ကြောင့် (ဂ) မိန့်။

➤ ၃။ (က) ၌ ကေသဉ္စိ ဝိပဿနာ-စသည်ကား စိတ္တေကဂ္ဂတတ္ထ-စသော အကျိုးမှတစ်ပါး ဝိပဿနာပါဒက-စသော အကျိုးအဖို့တစ်ပါးကိုပြသောကြောင့် ပက္ခန္တရ။

(ခ) သည် ကေသဉ္စိ စိတ္တေကဂ္ဂတတ္ထာနိ-စသော သဘောပကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။

(ဂ) သည် (ခ)ဝါကျလာ စကားရပ်၏ အကြောင်းကိုပြသောကြောင့် ကာရဏဝါကျ။/ ရဟန္တာတို့၏ဈာန်သည် စိတ္တေကဂ္ဂတာ အကျိုးဖြစ်ပုံ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။

**စာစပ်** ။ ။ (ခ) ၌ **အတ္တ**-ကား တို့တွင်--ကြောင့် ခီဏာသဝါနံ-၌ နိဒ္ဓါရဏသမုဒါယ၊ ခီဏာသဝါနံ-ကား နိဒ္ဓါရဏီယအဖြစ်ဖြင့် စပ်အပ်၏။

(ဂ) ၌ **သမာပန္နိတွာ**-ကား ၍--ကြောင့် ဝိဟရိဿာမ-၌ ပုဗ္ဗကာလကြိယာဝိသေသန၊

http://www.dhammadownload.com



ဝိဟာရိသာမ-ကား ပုဗ္ဗကာလကြိယာဝိသေသျ-စပ်။

➤ ၄။ ဘဝေ သြက္ကမန် ဘဝေါက္ကမန်။/ဘဝေသု သြက္ကမန် ဘဝေါက္ကမန်။ ဘဝေါက္ကမန် အတ္တော ဧတေသန္တိ **ဘဝေါက္ကမနတ္ထာနိ**။ ဘဝေါက္ကမ+အတ္ထ ဟူသော ဗဟုဗ္ဗိဟိ-အရကား ဘဝတို့သို့ သက်ရောက်ခြင်းဟူသော အကျိုးသည် မုချ။ ထို--၏ ဈာန်လေးပါးတို့နှင့် အကျိုး-အကြောင်း စပ် ဌာန္။ ဧတ- အညပုဒ်အရကား ထို--သော ဘဝတို့သို့ သက်ရောက်ခြင်းအကျိုးရှိသော ဈာန်လေးပါးရ၏။

ခီဏာ အာသဝါ ယေသန္တိ **ခီဏာသဝါ**။ ခီဏာသဝ-ဟူသော ဗဟုဗ္ဗိဟိ-အရ ကုန်ပြီးသော အာသဝေါတရားတို့သည် မုချ။ ထို--၏ ယ-အညပုဒ်အရ ရဟန္တာပုဂ္ဂိုလ်နှင့် ဌာနီ-ဌာန/နိဿိတ-နိဿျ စပ် ဌာန္။ ယ-အညပုဒ်အရကား ထို--သော ကုန်ပြီးသော အာသဝေါရှိသော ရဟန္တာပုဂ္ဂိုလ် ရ၏။

ထိုသို့ပင် ရငြားသော်လည်း ဤ ခီဏာသဝ-သဒ္ဒါသည် ဧကဒေသျူပစာသဒ္ဒါဖြစ်သောကြောင့် သုက္ခဝိပဿက ရဟန္တာတို့သာ မုချအားဖြင့် ရ၏။

ဧကံ အဂ္ဂံ အာရမ္မဏံ ဧတဿ စိတ္တဿာတိ **ဧကဂ္ဂံ**။ ဧကဂ္ဂံ စိတ္တံ ဧတေသံ အမှာကန္တိ **ဧကဂ္ဂစိတ္တာ**။ ဧကဂ္ဂစိတ္တ-ဟူသော ဗဟုဗ္ဗိဟိ-အရကား တစ်ခု တည်းသော အာရုံရှိသော စိတ်သည် မုချ။ ထို--၏ ယ-အညပုဒ်အရ ရဟန္တာပုဂ္ဂိုလ်တို့နှင့် သံ-သာမိ/ဌာနီ-ဌာန/နိဿိတ-နိဿျ-စပ် ဌာန္။ ယ-အညပုဒ် အရကား ထို--သော တစ်ခုတည်းသော အာရုံရှိသော စိတ်ရှိသော ရဟန္တာပုဂ္ဂိုလ် ရ၏။

* သုဋ္ဌု အာဟိတံ ဌပိတံ **သမာဟိတံ**။ * စိတ္တေကဂ္ဂတာ အတ္တော ပယောဇနံ ဤမေသံ ဈာနန္တိ **စိတ္တေကဂ္ဂတတ္ထာနိ**။ ဝိပဿနာယ ပါဒကာနိ **ဝိပဿနာပါဒကာနိ**။

➤ ၆။ (စ) ၌ ခီဏာသဝါနံ-ဖြင့် (က) ဝါကျလာ ဧကသဋ္ဌိ-အရ အာသဝေါကုန်ပြီးသော ရဟန္တာကို ကောက်ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဂ) ၌ ဧကဂ္ဂစိတ္တာ-စသည်ဖြင့် (ခ) ဝါကျလာ ခီဏာသဝါနံ-အရ သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်ကို ဧကဒေသျူပစာအားဖြင့် ကောက်ယူရမည်၏ အဖြစ်ကိုရင်း (အဘိဓေယျတ္ထ) ပမာနနည်းအားဖြင့် စိတ္တေကဂ္ဂတတ္ထာ-အရ ဒိဋ္ဌဓမ္မသုခ ဝိဟာရကိုလည်း ယူရမည်၏ အဖြစ်ကိုရင်း (အဘိဓေယျတ္ထ) သိစေပါသည်။

➤ ၇။ **ဘဝေါက္ကမနတ္ထာနိ/ဘဝေါကမနတ္ထာနိ** ။ ။ ဘဝေါက္ကမနတ္ထာနီတိ ဘဝေသု နိဗ္ဗတ္တိအတ္ထာနိ-ဟု သာရတ္ထဋီကာဆိုသောကြောင့်ရင်း။ မအူနိဿျ-၌ ဘဝံ သြက္ကမန် ဘဝေါက္ကမန်၊ ဘဝေါက္ကမန် အတ္တော ပယောဇနံ ဤမေသံ ဈာနာနန္တိ ဘဝေါက္ကမနတ္ထာနိ-ဟု ဝိဂ္ဂဟပြုထားသောကြောင့်ရင်း၊ သြက္ကမန်-၌ အဝပုဗ္ဗ ကမုဓာတ် ယုပစ္စည်း။ ရဿ နောက်ရှိ ကမုဓာတ်၏ အစဗျည်းသည် ဒွေဘော်ဌာနဖြစ်သောကြောင့်ရင်း ဘဝေါက္ကမနတ္ထာနိ-ပါဌ်သာသင့်ပါသည်။

http://www.dhammadownload.com



**စိတ္တေကဂ္ဂတတ္တာနိ/စိတ္တေကဂ္ဂတ္တာနိ** ။ ။ စိတ္တေ ကဂ္ဂံ အတ္တော ပယောဇနံ ဧတေသန္တိ စိတ္တေကဂ္ဂတ္တာနိ-ဟု ယောဇနာ၌ဆိုသောကြောင့်ရင်း၊ ဘာသာဋီကာ၌ ယင်းပါဌ်ကိုပင် အနက်ယောဇနာသောကြောင့်ရင်း ယင်းတို့အလို စိတ္တေကဂ္ဂတ္တာနိပါဌ် သင့်ပါသည်။

သာရတ္ထ၌ စိတ္တေကဂ္ဂတတ္တာနိတိ စိတ္တသမာဓတ္ထာနိ-ဟု ဧကဂ္ဂတာ၏ ပရိယာယ် သမာဓိကို ဖွင့်ဆိုသောကြောင့် စိတ္တေကဂ္ဂတတ္တာနိပါဌ်လည်း သင့်ပါသည်။

**က္လမေ့ဝံ/က္လမေ့ဝ** ။ ။ က္လမေ့ဝါတိ ဧဝမေဝ မနသိကတွာ၊ ဧဝသဒ္ဒေါ န အည် မနသိကတွာတိ ဉာပေတိ-ဟု ယောဇနာ၌ဆိုသောကြောင့်ရင်း၊ ဘာသာဋီကာ၌လည်း ဤ က္လမေ့ဝ-ပါဌ်ကိုသာ အနက်ယောဇနာသောကြောင့်ရင်း က္လမေ့ဝ-ပါဌ်သာ သင့်သည်။

➢ ၈။ **စိတ္တေကဂ္ဂတတ္တာနိ**-ကား ပြဓာန်းသော စိတ္တေကဂ္ဂတာ-ကို ဆိုသဖြင့် မပြ ဓာန်းသော ဒိဋ္ဌဓမ္မသုခဝိဟာရကိုလည်း ရသောကြောင့် ပဓာနနည်းမည်၏။

အစိတ်ဖြစ်သော စိတ္တေကဂ္ဂတာအကျိုး၏ "စိတ္တေကဂ္ဂတတ္တာနိ"ဟူသောအမည်ကို အပေါင်းဖြစ်သော စိတ္တေကဂ္ဂတာအကျိုး, ဒိဋ္ဌဓမ္မသုခ ဝိဟာရ အကျိုးနှစ်မျိုး၌တင်--- ဧကဒေသူပစာ။

**ခီဏာသဝါနံ**-ကား အပေါင်းဖြစ်သော ရဟန္တာပုဂ္ဂိုလ်အားလုံး၏ "ခီဏာသဝါနံ"ဟူ သော အမည်ကို အစိတ်ဖြစ်သော သုက္ခဝိပဿကရဟန္တာ ၌တင်-- ဧကဒေသျူပစာ။ ရုဋ္ဌီနည်း။

**စတ္တာရိ ဈာနာနိ**-ကား ဤ၌ စတ္တာရိ ဈာနာနိ-ဟု သာမညဆိုသော်လည်း စိတ္တေ ကဂ္ဂတာ, ဘဝေါက္ကမနတ္ထ, ဝိပဿနာ ပါဒက-တို့သည် ဈာန်လေးပါးတို့၏ အကျိုးဖြစ် သည်။ အဘိညာပါဒက, နိရောဓပါဒက အကျိုးနှစ်ပါးသည် စတုတ္ထဈာန်၏ အကျိုးသာ ဖြစ်သည်ဟု ရသင့်သည့်အားလျော်စွာ ယူရသောကြောင့် ယထာလာဘနည်းမည်၏။

**သိက္ခာပစ္စက္ခဿယ**-ကား သိက္ခာပုဒ်နှင့် ပညတ်ခြင်းကို မကွဲပြားသော်လည်း ကွဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

➢ ၁၀။ **အဘိညာ**-အရ အဘိညာဉ်ဒွေး (တစ်နည်း) ရူပါဝစရပဉ္စမဈာန် နှစ်ပါး၌ ရှိသော ပညာကိုယူ။

**[ပဒဋ္ဌာနဟာရ] စတ္တာရိ ဈာနာနိ**-အရ ဈာန်လေးပါးကိုယူ၍ -- ထို၏ ပဒဋ္ဌာန်ကား ဂေါတြဘုတိုင်အောင်သော ဥပစာရသမာဓိတည်း။ ထို၏ ပဒဋ္ဌာန်ကား ပရိကမ္မဘာဝနာ တည်း။ ဤသို့ အောက်သက်ဩရုယှောရုယှအားဖြင့်ရင်း။ ထိုဈာန်လေးပါးသည် အချို့ ပုဂ္ဂိုလ်အတွက် စိတ္တေကဂ္ဂတတ္တ၏ ပဒဋ္ဌာန်တည်း။ အချို့ပုဂ္ဂိုလ်အတွက် ဘဝေါက္ကမနတ္ထ ၏ ပဒဋ္ဌာန်တည်း။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်ရင်း ပဒဋ္ဌာန်ကို ထုတ် ခြင်းသည် ပဒဋ္ဌာနဟာရမည်၏။

Y-47-J

http://www.dhammadownload.com



**ပါဌ် [၁၁၃]**

(က) တာဂတော ပနိဒံ စတုတ္ထဈာနံ ဗောဓိရုက္ခမူလေ နိဗ္ဗတ္တိကံ။

(ခ) တံ တဿ ဝိပဿနာပါဒကဥ္စ အဘော သိ အဘိညာပါဒကဉ္စ နိရောဓပါဒကဉ္စ သဗ္ဗကိစ္စသာဓကဉ္စ သဗ္ဗလောကိယလောကုတ္တရဂုဏဒါယကဥ္စ ဝေဒိတဗ္ဗံ။

(ဂ) ယေသဥ္စ ဂုဏာနံ ဒါယကံ အဟောသိ၊ တေသံ ဧကဒေသံ ဒဿေန္တော "သော ဧဝံ သမာဟိတေ စိတ္တေ"တိ အာဒိမာဟ။

(ဃ) တတ္ထ သောတိ သော အဟံ။ (င-၁) ဧဝန္တိ စတုတ္ထဈာနက္ကမနိဒဿနမေတံ။

(င-၂) ဣမိနာ ကမေန စတုတ္ထဈာနံ ပဋိလဘိတွာတိ ဝုတ္တံ ဟောတိ။

(စ) သမာဟိတေတိ ဣမိနာ စတုတ္ထဈာနသမာဓိနာ သမာဟိတေ။

(ဋ၊၁၂၆၊ မအ္ဋ-၂၊၃၁၉၊ ဘာသာဋီ-၂၊၂၊)

➤ ၁။ (င) သမာဟိတေတိ၊ကား။ဣမိနာ စတုတ္ထဈာနသမာဓိနာ၊ဖြင့်။စိတ္တေ၊ရူပါဝစရစိတ်ကို။[လက္ခဏာဝန္တကံ] သမာဟိတေ၊ကောင်းစွာအာရုံ၌ ထားအပ်သော်။[သဒ္ဒတ္ထ] စိတ္တေ၊သည်။သမာဟိတေ၊တည်ကြည်လတ်သော်။[အဓိပ္ပါယတ္ထ]

➤ ၂။ (က) သို့/ ဆရာ-သည်၊ အထက်ပါပါဌ်တို့ဖြင့် ရဟန္တာပုဂ္ဂိုလ်တို့၏ စတုတ္ထဈာန်သည် စိတ်တည်ကြည်ခြင်း အကျိုးရှိကုန်၏ဟု ဖွင့်ပြတော်မူ၏။ ဘုရားရှင်သည် ဖြစ်စေအပ်သော စတုတ္ထဈာန်သည် ဆိုအပ်ပြီးသော ပုဂ္ဂိုလ်တို့၏ စတုတ္ထဈာန်ကဲ့သို့ စိတ္တေကဂ္ဂတ အကျိုးသာမန်ကိုသာ ပေးပါသလော။ အဘယ်သို့ မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (က) မိန့်။

(ခ) သို့/သာဓာကဏ္ဍ ။ ။ ဆရာ-သည် (က) ဖြင့် မြတ်စွာဘုရားသည် ဤစတုတ္ထဈာန်ကို ဗောဓိပင်၏အနီး၌ဖြစ်စေအပ်ကုန်၏ဟု ဆို၏။ စတုတ္ထဈာန်သည် အောက်ပါ ပုဂ္ဂိုလ် ငါးယောက်တို့အားကဲ့သို့ သဗ္ဗညုဘုရားအား တစိတ်တဒေသ အကျိုးကိုသာ ပေးနိုင်ပါသလော။ မည်သည့် အကျိုးကို ပေးနိုင်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**အား**-- ဘုရားရှင်၏ စတုတ္ထဈာန်သည် ဘုရားရှင်အား အလုံးစုံသော လောကီ လောကုတ္တရာဂုဏ်ကို ပေးတတ်၏ဟူလို။

(ဂ) သို့/ ဆရာ-သည်၊ (ခ) ဖြင့် ဘုရားရှင်၏ စတုတ္ထဈာန်သည် အလုံးစုံသော လောကီ လောကုတ္တရာဂုဏ်ကို ပေးတတ်သောဟု ဆို၏။ ဤ၌ လောကီလောကုတ္တရာ အလုံးစုံသောဂုဏ်ကိုပင် ပြလိုသောကြောင့် "သော ဧဝံ သမာဟိတေ စိတ္တေ" စသည်ကို ဟောတော်မူပါသလော။ အဘယ့်ကြောင့် ဟောတော်မူပါသနည်း။ [အကြောင်းကို မပြသော် အကြောင်းမှယုတ်သော ဟီနတ္ထဒေါသ သင့်ရောက်ရာ၏။] (ခ-၂)ကိုမိန့်။

**အား** -- ထိုဂုဏ်တို့တွင် တစိတ်တဒေသကို ပြလိုသောကြောင့် "သော ဧဝံ" စသည်ကို ဟောတော်မူ၏ဟု အကြောင်းကို ငါပြဆိုရကား သင်တင်တိုင်းသော ဟီနတ္ထဒေါသ

http://www.dhammadownload.com



ငါ၌ မရောက်ဟူလို။

(ဃ) သို့ /**ယေဘာယထာရအယာနုသန္ဓေ**။ ။ ယခုအခါ၌ စတုတ္ထဈာန် ဥပသမ္ပဇ္ဇ ဝိဟာသိ-ဟု ပါဠိတော်၌ ဆိုပြီးနောက် "သော"ဟူ၍ ဆက်၍ဆိုအပ်သောကြောင့် သော-အရ အမှယောဂ အဟံ-ကို စွဲယူသုံးသပ်ရမည်ကို ပြလိုသော ဆရာသည် (ဃ) မိန့်။

(င-၂) သို့/ ဆရာ-သည် (င-၁) ဖြင့် ဧဝံ-သဒ္ဒါသည် စတုတ္ထဈာန်၊ ယင်းစတုတ္ထဈာန်ကိုရကြောင်း အစဉ်ကိုညွှန်ပြကြောင်း နိဒဿနတ္ထ နိပါတ်ဟု ဖွင့်ဆိုတော်မူ၏။ ထို ဧဝံ-သဒ္ဒါ၏ နိဒဿနတ္ထဖြစ်ပုံ ပိဏ္ဍတ္ထ အဓိပ္ပါယ်အကျယ်ကို ဆရာ မပြဆိုပြီလော။ ဧဝံ-သဒ္ဒါ၏ နိဒဿနတ္ထဖြစ်ပုံ ပိဏ္ဍတ္ထအဓိပ္ပါယ် အကျယ်ကား အဘယ်ပါနည်း။ (င-၂)မိန့်။

➤ ၃။ (က) သည် ဝိသေသဝါကျ။ (ခ) သည် စတုတ္ထဈာန်ကို ဖြစ်စေသည်မှတပါး ယင်းဈာန်ကြောင့် ရလာသည့် အကျိုးဂုဏ်ကိုပြသောကြောင့် ပက္ခန္တရ။ (ဂ) ဝါကျာရမ္ဘ။ (ဃ) သည် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထ အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရ။/ အထက် အာကာရဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။

(င-၁) ပက္ခန္တရ။ (င-၂) ဝိတ္ထာရ/ဝါကျာရမ္ဘ။ (စ) ပက္ခန္တရ။

**စာစပ်** ။ ။ ဧဝံ-ကား ဖြင့်--ကြောင့် သမာဟိတေ-၌ ကရိဏ်း၊ သမာဟိတေ-ကား ကရိဏ်း၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။ (တစ်နည်း) ဧဝံ-ကား ဖြင့်--ကြောင့် ပဋိလဘိတွာ-၌ ကရိဏ်း၊ ပဋိလဘိတွာ-ကား ကရိဏ်း၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

➤ ၄။ အဗုဒ္ဓိ ဗုဇ္ဈတိ **ဗောဓိ**။ (ဗောဓိပင်ရ၏။) ရုဟတီတိ **ရုက္ခော**။

ဗောဓိစ သော ရုက္ခောစာတိ **ဗောဓိရုက္ခော**။ မူလတိ ဗုဇ္ဈတိ **မူလံ**။

ဗောဓိရုက္ခဿ မူလံ **ဗောဓိရုက္ခမူလံ**။ ဗောဓိရုက္ခ-အရ ဗောဓိပင်သည် မုချ။ ထို--၏ အနီးအရပ်နှင့် သမီပီ-သမီပ စပ် ဌာနူ။ပုဒ်လုံးအရကား ထို-- သော ဗောဓိပင်၏ အနီးအရပ် ရ၏။ ＊ စတုတ္ထဉ္စ တံ ဈာနဉ္စာတိ **စတုတ္ထဈာနံ**။ နိဒဿေတီတိ **နိဒဿနံ**။

စတုတ္ထဈာနဉ္စ ကမောစ **စတုတ္ထဈာနက္ကမာ**။ စတုတ္ထဈာန်-ဟူသော ရှေ့ပုဒ်အရ စတုတ္ထဈာန်သည် မုချ။ ထို--၏ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်အစဉ်နှင့် ညွှန်ပြခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဌာနူ။ ပုဒ်လုံးအရကား ထို--သော စတုတ္ထဈာန်၊ ယင်းစတုတ္ထဈာန်ဖြင့် မှတ်အပ်သော ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်အစဉ်တို့ရ၏။

＊ စတုတ္ထဈာနက္ကမာနံ နိဒဿနံ **စတုတ္ထဈာနက္ကမနိဒဿနံ**။

စတုတ္ထဈာနက္ကမ-ဟူသော ဝိသေသနပုဒ်အရကား စတုတ္ထဈာန်၊ ယင်းစတုတ္ထဈာန်ကိုရကြောင်းဖြစ်သော ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်အစဉ်သည် မုချ။ ထို--၏ နိဒဿန-အရ ဧဝံနိပါတ်နှင့် နိဒဿေတဗ္ဗ-နိဒဿန စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော စတုတ္ထဈာန်၊ ယင်းစတုတ္ထဈာန်ကိုရကြောင်းဖြစ်သော ပထမဈာန်, ဒုတိယဈာန်,

P-67-B

http://www.dhammadownload.com



တတိယစျာန်တို့၏ အစဉ်ကို ညွှန်ပြကြောင်းဖြစ်သော ဝေ-သဒ္ဒါ ရ၏။

* စတုတ္ထဇ္ဈာနက္ကမသ္သ နိဒဿနံ **စတုတ္ထဇ္ဈာနက္ကမနိဒဿနံ**။

* နိဗ္ဗတ္တိယတိတိ **နိဗ္ဗတ္တိတံ**။

➤ ၆။ (ဃ) ၌ သော အဟံ-ဖြင့် "စတုတ္ထဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာသိ"ဟု ဆိုပြီး ဖြစ်ရကား သော-၌ တ-သဒ္ဒါဖြင့် အဟံ-ကို စွဲယူသုံးသပ်ရမည်၏ အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ) [တစ်နည်း] စိတ္တံ အဘိနိန္နာမေသိ-ဟု အထက်ကြိယာကို အမှယောဂကြိယာဖြင့် ဆိုလတ့်ဖြစ်ရကား သော-၌ တ-သဒ္ဒါဖြင့် အဟံ-ကို စွဲယူသုံးသပ်ရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(င) ၌ စတုတ္ထဇ္ဈာနနိဒဿနံ-ဖြင့် ဝေ-သဒ္ဒါ နိဒဿနအနက်ဟော--ရင်း (နိပါတလိင်္ဂတ္ထ) ယင်း ဝေ-သဒ္ဒါဖြင့် အောက်စျာန် ၃-ပါးကိုရသော အစဉ်ဖြင့်ပြီးသော စတုတ္ထစျာန် သမာဓိကို ညွှန်ပြသည်ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

**က္ကမိနာ** ကမေန **စတုတ္ထဇ္ဈာနံ** ပဋိလဘိတွာ-ဖြင့် ဝေ-နိပါတ်နောင် နာဝိဘတ် ကျေနေသည်ကိုရင်း (ဝိဘတ္တိပဒ) ဝေ-ကို သမာဟိတေ-၌ မစပ်ရ၊ ပဋိလဘိတွာ-ဟူသော ပါဌ်သေသ၌ စပ်ရမည်ကိုရင်း (သမ္ဗန္ဓ) အောက်စျာန် ၃-ပါးကို ရသောအစဉ်ဖြင့် စတုတ္ထစျာန်ကို ရတော်မူ၏ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(စ) ၌ က္ကမိနာ စတုတ္ထဇ္ဈာနသမာဓိနာ-ဖြင့် သမာဟိတေ-၌ ကောင်းစွာ အာရုံ၌ ထားအပ်၏ဟူသည် စတုတ္ထစျာန်သမာဓိဖြင့် ထားအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **နိရောဓပါဒကဥ္စ/သနိရောဓပါဒကဥ္စ** ။ ။ ဝိပဿနာပါဒကဥ္စေဝ အဘိညာပါဒကဥ္စ စသည်တို့၌ သ-သဒ္ဒါ မပါရှိခဲ့ခြင်းကြောင့်ရင်း၊ ပါရာဇိကဏ် ဂဏ္ဌိသစ်၌လည်း "များစွာသော ပေတို့၌ ဤသို့သာ ပါဌ်ရှိ၏၊ ယောဇနာ၌ကား သနိရောဓပါဒကံ-ဟု ရှိလိုရိပ်ထင်၏၊ သင့်အံ့မထင်"ဟု ဆိုသောကြောင့်ရင်း နိရောဓပါဒကဥ္စ-ပါဌ်သာ သင့်သည်။

➤ ၈။ **တံ သဗ္ဗလောကိယလောကုတ္တရဂုဏဒါယကံ-** ကား အကျိုးဖြစ်သော အလုံးစုံသော လောကီ လောကုတ္တရာဂုဏ်ကို ပေးစွမ်းနိုင်သော အရဟတ္တမဂ်၏ " သဗ္ဗလောကိယ-လောကုတ္တရဂုဏဒါယကံ"ဟူသောအမည်ကို အကြောင်းဖြစ်သော စတုတ္ထစျာန်၌တင်--ဖလူပစာ။အဝိနာဘာဝနည်း။

(ဇ) **စတုတ္ထဇ္ဈာနက္ကမ**-ကား စတုတ္ထဇ္ဈာနဥ္စ စတုတ္ထဇ္ဈာနက္ကမောစ စတုတ္ထဇ္ဈာနက္ကမံ-ဟု သရူပေကသေသ ဝစနတ္တပြု၍ တစ်ခုကြွင်းပြုထားသောကြောင့် ဧကသေသနည်း။

➤ ၁၀။ **နိဗ္ဗတ္တိတံ**–၌ ဟာဟုတ္တ/တ-ပစ္စည်းအရ ဘုရားရှင်၏ စတုတ္ထစျာန်ကိုယူ။

http://www.dhammadownload.com



**ပါဌ် [၁၁၄]**

(က) **သမာဟိတေတိ ဣမိနာ စတုတ္ထဇ္ဈာနသမာဓိနာ သမာဟိတေ စိတ္တေတိ ရူပါဝစရစိတ္တေ။** (ခ) **ပရိသုဒ္ဓေတိ အာဒီသု ပန ဥပေက္ခာသတိ ပါရိသုဒ္ဓိဘာဝေန ပရိသုဒ္ဓေ။**

(ဂ) **ပရိသုဒ္ဓတ္တာယေဝ ပရိယောဒါတေ။** (ဃ) **ပဘဿရေတိ ဝုတ္တံ ဟောတိ။**

(၄၊၁၂၇။ မအ္ဋ၊၂။ ၃၂၁။ ဘာသာဋီ၊၂ ၃၊)

➤ ၂။ (စ) **သို့/** ဆရာသည် (က) ဖြင့် စတုတ္ထဈာန် သမာဓိဖြင့် တည်ကြည်၏ဟု ဖွင့်ဆိုတော်မူအပ်၏။ ထိုစတုတ္ထဈာန် သမာဓိကြောင့်ပင် ပရိသုဒ္ဓ ဖြစ်ပါသလော။ အဘယ်၏အဖြစ်ဖြင့် ပရိသုဒ္ဓ ဖြစ်ပါသနည်း။ ပရိသုဒ္ဓဖြစ်ပုံကို မပြက ဆရာ၌ အဗျာပိတ ဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) **သို့/** ဆရာ-သည် (ခ) ဖြင့် ဥပေက္ခာသတိပါရိသုဒ္ဓိအဖြစ်ဖြင့် ပရိသုဒ္ဓဖြစ်သော ဟု ဆိုတော်မူအပ်၏။ ပရိယောဒါတဖြစ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ပရိသုဒ္ဓအကြောင်းမှတစ်ပါးသော အကြောင်းကြောင့်လည်း ဖြစ်ပါသလော။ စုဒ်- (ဂ) မိန့်။

(ဃ) **သို့/** ဆရာ-သည် (ဃ) ဖြင့် ပရိသုဒ္ဓဟူသော အကြောင်းကြောင့်သာ စိတ်သည် ပရိယောဒါတဖြစ်၏ဟု ဖွင့်ပြအပ်၏။ ပရိယောဒါတ ထက်ဝန်းကျင် ဖြူစင်သည် ဟူသည် အဘယ်နည်း။ ပကတိအဖြူရောင်ကဲ့သို့ မှတ်သားအပ်ပါသလော။ (ဃ) မိန့်။

➤ ၃။ (ဂ) ပက္ခန္တရ /ပရိသုဒ္ဓကြောင့် ပရိယောဒါတဖြစ်ပုံကို ဆက်လက်အား ထုတ်သောကြောင့် ဝါကျာရမ္ဘ။ (ဃ) ဝါကျာရမ္ဘ/ပရိယောဒါတဖြစ်ပုံ ဥဇုကတ္ထကို ပြသောကြောင့် ဝိတ္ထာရ။

➤ ၄။ ပကာရေန ဘာတီတိ ပဘာ။ သရတိ နိဿရတိ ဣတော စိတ္တတောတိ **ပဘဿရံ။** (တစ်နည်း) သရတိ နိဿရတိ ဣတောတိ အာရံ။

ပဘာယ သရံ **ပဘဿရံ။** ပဘာ-ဟူသော ဝိသေသနပုဒ်အရကား အရောင်သည် မှ၍။ ထို--၏ သရ-ဟူသော နောက်ပုဒ်အရ စတုတ္ထဈာန်စိတ်နှင့် အကျိုး-အကြောင်း စပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော အရောင်ထွက်ရာဖြစ်သော စတုတ္ထဈာန်စိတ် ရ၏။

➤ ၆။ (က) ၌ သမာဟိတေ စသည်ဖြင့် ဇဝံ-ဖြင့် အကြောင်းဖြစ်သော အောက် ဈာန်သုံးပါး သမာဓိနှင့်တကွ စတုတ္ထဈာန်သမာဓိကို ပြသော်လည်း သတိပါရိသုဒ္ဓိရှိသော် စတုတ္ထဈာန်သမာဓိသာလျှင် ဣဒ္ဓိ၏ တည်ရာ၏အဖြစ်ကြောင့် ပြဌာန်းသည်ဟု သိစေ ပါသည်။ (ဘာဝတ္ထ)

ရူပါဝစရစိတ္တေ-ဖြင့် စိတ္တေ-အရ ရူပါဝစရ စတုတ္ထဈာန်စိတ်ကို ယူရမည်ဟု သိစေ ပါသည်။ (အဘိဓေယျတ္ထ)

(စ) ၌ ဥပေက္ခာသတိပါရိသုဒ္ဓိဘာဝေန-ဖြင့် ဤစတုတ္ထဈာန်စိတ်၏ ပရိသုဒ္ဓ ဖြစ်ခြင်းသည် အခြားမဟုတ်၊ ဥပေက္ခာသတိပါရိသုဒ္ဓိ ဖြစ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်

http://www.dhammadownload.com



ကို သိစေပါသည်။ (ဘာဝတ္ထု)

(ဂ) ၌ ပရိသုဒ္ဓတ္တာယေဝ-ဖြင့် ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းဟူသည် ထက်ဝန်းကျင်မှ ဖြူစင်ခြင်းပင် တည်းဟု သိစေပါသည်။ (ဘာဝတ္ထု)

(ဃ). ၌ ပဘဿရေ-ဖြင့် စိတ်၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းဟူသည် ပြိုးပြိုး ပြက်ပြက် အရောင်ရှိခြင်းပင်တည်း ဟု သိစေပါသည်။ (ဘာဝတ္ထု)

➤ ၇။ **ပဘဿရေ/ပဘာဿရေ** ။ ။ ပဘာပုဒ်၊ သရပုဒ်၊ နှစ်ပုဒ်ကို သမာသ်တွဲစပ်၍ ပြီးသောအခါ အာဒိယနောက်ရောက်သော သရဓာတ်၏ အာဒိဗျည်းသည် ဒွေဘော်ဌာနဖြစ်သောကြောင့်ရင်း၊ သံယုဂ်ကြောင့် အာ-၏ ရဿပြုပြီးသောကြောင့်ရင်း၊ ပဘာ ဿရောတိ ပဘဿရသီလော-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့်ရင်း ပဘဿရေ-ပါဌ် သင့်ပါသည်။

➤ ၈။ **ပဘဿရေ**-ကား အတူဖြစ်သော ကောင်းစွာမှတ်အပ် ပွတ်တိုက်အပ်သော ရွှေ၏ "ပဘဿရ"ဟူသောအမည်ကို အတူရှိသော စင်ကြယ်သော စတုတ္ထဈာန်၌တင်-- သဒိသူပစာ။ (တစ်နည်း) ထင်ရှားရှိသော ပြိုးပြိုးပြက်ပြက် ထွက်သောအရောင်ရှိသော ရွှေ၏ "ပဘဿရ"အမည်ကို ပြိုးပြိုးပြက်ပြက် ထွက်သောအရောင် ထင်ရှားမရှိသော စတုတ္ထဈာန်၌တင်-- တဒ္ဓမ္မူပစာ။

**ဏ္ဍမိနာ စတုတ္ထဈာန သမာဓိနာ**-ကား ပြဌာန်းသော သမာဓိကိုဆိုသဖြင့် မပြဌာန်းသော ကြွင်းစတုတ္ထဈာန် စိတ္တုပ္ပါဒ်ကိုလည်း ရသောကြောင့် ပဓာနနည်း။ကေသူပစာ။

(တစ်နည်း) အကျိုးဖြစ်သော စတုတ္ထဈာန်သမာဓိ၏ "စတုတ္ထဈာန သမာဓိနာ" ဟူသောအမည်ကို အကြောင်းဖြစ်သော စတုတ္ထဈာန်သမာဓိကို ရကြောင်း အစဉ်ဖြစ်သော ပထမဈာန် ဒုတိယဈာန် တတိယဈာန် သမာဓိ၌တင်-- ဖလူပစာ။

**စိတ္တေ**-ကား အပေါင်းဖြစ်သော စိတ်အားလုံး၏ "စိတ္တေ" ဟူသောအမည်ကို အစိတ်ဖြစ်သော ရူပါဝစရ စတုတ္ထဈာန်စိတ်၌တင် ဧကဒေသူပစာ။

**ဓါတ်ချ [၁၁၅]**

(က) **သုခါဒီနံ ပစ္စယာနံ ဃာတေန ပီတာတရာဂါဒိအင်္ဂဏတ္တာ အနင်္ဂဏော။**

(ခ) **အနင်္ဂဏတ္တာယေဝစ ဝိဂတူပက္ကိလေသော။**

(ဂ) **အနင်္ဂဏေန ဟိ စိတ္တံ ဥပက္ကိလိဿတိ။**

(ဃ) **သုဘာဝိတတ္တာ မုဒုဘူတော။ (င) ဝသီဘာဝပ္ပတ္တောတိ ဝုတ္တံ ဟောတိ။**

(စ) **ဝသေ ဝတ္တမာနံ ဟိ စိတ္တံ မုဒူတိ ဝုစ္စတိ။**

(ဌ။၁၂၇။ မဇ္ဈ၂။ ၇၂၁။ ဘာသာဋီ၊၂ ၄။)

➤ ၁။ (င) **ဝသီဘာဝပ္ပတ္တော**။ အာဝဇ္ဇန-စသော ဝသီဘော်ဖြင့်။ (ဝါ) တစ်ဆယ့်

http://www.dhammadownload.com



လေးပါးအပြားရှိသော ဆုံးမခြင်းဖြင့် အလိုသို့လိုက်သည်၏အဖြစ်သို့ ရောက်လတ်သော်။ [သဒ္ဒတ္ထ] (ဝါ) အာဝဇ္ဇန-စသော ဝသီဘော်ဖြင့်။ (ဝါ) တစ်ဆယ့်လေးပါးအပြားရှိသော ဆုံးမခြင်းဖြင့် အလိုသို့လိုက်ခြင်းငှာ ကပ်ရောက်လတ်သော်။ [အဓိပ္ပါယတ္ထ]

(စ) ဟိ၊မှန်၏။ဝသေ၊မိမိအလို၌။ဝတ္တမာနံ၊ဖြစ်သော။စိတ္တံ၊ကို။ပဂုဏဘာဝါပတ္တိယာ၊ လေ့လာအပ်သည်၏အဖြစ်သို့ ရောက်ခြင်းကြောင့်။[ဟိတ်] မုဒုတိ၊မုဒုဟူ၍။ဝုစ္စတိ၊အပ်၏။

➢ ၂။ (ဂ) သို့/ ဆရာ-သည် (ခ)ဖြင့် အင်္ဂဏတရား မရှိသောကြောင့်ပင် ဥပက္ကိလေသ ကင်း၏ဟု အင်္ဂဏနှင့် ဥပက္ကိလေသကို အတူပြု၍ ဖွင့်ဆိုတော်မူ၏။ အင်္ဂဏ ဥပက္ကိလေသ နှစ်ပါးတို့သည် သဒ္ဒါအားဖြင့် ထူးသောကြောင့် အနက်အားဖြင့်လည်း ထူးရာသည်မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အနက်တူထား၍ ဖွင့်ဆိုခြင်းသည် အဘယ်သို့သော အကြောင်းယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ဖြေ** -- သဒ္ဒါအားဖြင့် ထူးသော်လည်း အနက်အရကောက်အားဖြင့် အင်္ဂဏတရားကြောင့် စိတ်သည် ညစ်နွမ်း၏ဟု မစင်ကြယ်ပုံယုတ်ညံ့ပုံအားဖြင့်တူသောကြောင့် ငါဆိုသော စကား သင့်၏ဟူလို။

(စ) သို့/ ဆရာ-သည် (င) ဖြင့် မုဒုဘူတေ-ကို ဝသီဘာဝပ္ပတ္တေ-ဟု ဖွင့်ဆိုတော်မူ၏။ သာမည သုဘာဝိတ စိတ်ပင်ဖြစ်သော်လည်း မုဒုဘာဝဖြစ်နိုင် ကောင်းရာသည် မဟုတ်ပါလော။[ဂဏ္ဌိဟောင်း] ဝသီဘာဝပ္ပတ္တစိတ်သည် မုဒုဘူတ ဖြစ်နိုင်ကောင်း၏လော။ [ဂဏ္ဌိသစ်] ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် မုဒုဘူတေ-ကို ဝသီဘာဝပ္ပတ္တေ-ဟု ဖွင့်ဆို တော်မူပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။

➢ ၃။ (က) ပက္ခန္တရ။ (ခ) ဝါကျာရမ္ဘ/ပက္ခန္တရ။ (ဂ) ဒဠှီကရဏ/ကာရဏ။ (ဃ) ပက္ခန္တရ။ (င) ဝါကျာရမ္ဘ/ဝိတ္ထာရ။ (စ) ဒဠှီကရဏ/ကာရဏ။

**စာစပ်** ။ ။ **ဖွယာန်**-ကား တို့ကို--ကြောင့် ယာတေန-၌ ဆဋ္ဌီကံ။ **ယာစေနေ-ကား** ဆဋ္ဌီကမ္မိ။ ယာတေန-ကား အားဖြင့်--ကြောင့် ဝိဟတာ-၌ တတိယာဝိသေသန၊ ဝိဟတာ-ကား တတိယာဝိသေသျ စပ်။ ယာတေန-ကား ကြောင့်--ကြောင့် ဝိဟတာ-၌ အကြောင်း ဟိတ်/အကျိုးဖိုလ် စပ်။

➢ ၄။ အင်္ဂဏ္ဍိ တေဟိ တံ သမင်္ဂီပုဂ္ဂလာ နိဟိနဘာဝံ ဂစ္ဆန္တီတိ **အင်္ဂဏာနိ**

အင်္ဂဓာတ်အရ ကတ္တုဌကား သတ္တဝါတို့၏ ယုတ်ညံ့သည်၏အဖြစ်ဟူသော အဓိပ္ပါယ် သို့ ရောက်ခြင်းသည် မုချ။ ကရဏဌကား ရာဂစသည်တို့၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ယုပစ္စည်းအရ-- ရာဂ စသည်ရ၏။

နတ္ထိ အင်္ဂဏာနိ ဧတသ္မာတိ **အနင်္ဂဏံ**။ အနင်္ဂဏ-ဟူသော ဗဟုဗ္ဗီဟိ-အရ ရာဂ-စသော အင်္ဂဏတရား မရှိခြင်းဂုဏ်သည် မုချ။ ထို--၏ ဧတ- အညပုဒ်အရ စတုတ္ထဈာန်စိတ်နှင့် ဂုဏ်-ဂုဏော/ဌာနီ-ဌာန စပ် ဌာနူ။ ဧတ-အညပုဒ်အရ ထို--သော ရာဂ-

http://www.dhammadownload.com



စသော အင်္ဂဏတရားမရှိသော စတုတ္ထဈာန် စိတ် ရ၏။

* အနင်္ဂဏသ ဘာဝေါ **အနင်္ဂဏတ္တာ**။ အနင်္ဂဏ-ဟူသော တဒ္ဓိတ်ပုဒ်အရ စတုတ္ထဈာန်စိတ်သည် မုချ။ ထို--၏ တ္တ-ပစ္စည်းအရ အင်္ဂဏတရား မရှိခြင်းဂုဏ်နှင့် နိဿယ-နိဿိတ စပ် ဌာနူ။ တ္တ-ပစ္စည်းအရ ထို--သော အင်္ဂဏတရား မရှိခြင်းဂုဏ် ရ၏။

* ဥပဂန္တွာ စိတ္တံ ကိလေသေန္တိ ဝိဗာဓေန္တိ ဥပတာပေန္တီတိ ဝါ ဥပက္ကိလေသာ။

* ဝသန် သမတ္တန် **ဝသော**။ ဝသော ယဿ အတ္ထီတိ **ဝသီ**။ ဝသိနော ဘာဝေါ **ဝသီဘာဝေါ**။ ဝသီဘာဝံ ပတ္တံ **ဝသီဘာဝပ္ပတ္တံ**။ ဝသံ ဝတ္တတီတိ **ဝသီ**၊ ဝသိနော ဘာဝေါ **ဝသီဘာဝေါ**။ ဝိဟာတရာဂါဒိ အင်္ဂဏံ ယေန စိတ္တေနာတိ **ဝိဟာတရာဂါဒိအင်္ဂဏာ**။

➢ ၆။ (က) ၌ **ဝိဟာတရာဂါဒိအင်္ဂဏတ္တာ**-ဖြင့် အနင်္ဂဏေ-၌ အင်္ဂဏ-အရ ရာဂဒေါသတို့ကိုယူ--ရင်း (အဘိဓေယျတ္ထ) အနင်္ဂဏပုဒ်ကို နတ္ထိ အင်္ဂဏာနိ ဧတဿာတိ အနင်္ဂဏံ-ဟု ဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) ပယ်အပ် ဖျောက်အပ်ပြီးသော ရာဂ-စသော အင်္ဂဏတရား ရှိသည်၏အဖြစ်ကြောင့် အနင်္ဂဏမည်သည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။ **သုခါဒီနံ ပစ္စယာနံ ဃာတေန**-ဖြင့် အင်္ဂဏတရား မရှိဟူသည် သုခ စသည်တို့၏အကြောင်း ဖြစ်သော ရာဂ ဒေါသတို့ကို ပယ်ပြီးခြင်းကြောင့် မရှိဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ၌ အင်္ဂဏတ္တာယေဝ-ဖြင့် ဥပက္ကိလေသ-အရ ရာဂ ဒေါသတို့ကိုပင်ယူ--ရင်း (အဘိဓေယျတ္ထ) စိတ္တမုပဂန္တွာ ကိလေသေန္တိ ဝိဗာဓေန္တိ ဥပတာပေန္တီတိ ဥပက္ကိလေသာ-ဟု ဝစနတ္ထပြု-ရင်း (အဘိဓာနတ္ထ) ဏ-ပစ္စည်း ကတ္တုသာဓနဲ့သက်-ရင်း (ဒု-ပစ္စယတ္ထ) ဥပပုဗ္ဗ ကိလိသဓာတ်၏ မလိနအနက်ဟော-- ရင်း (ဒု-ဓာတွတ္ထ) အင်္ဂဏတရား မရှိခြင်းကြောင့်ပင် ဝိဂတူပက္ကိလေသမည်၏ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

➢ ၇။ **ဝသီဘာဝပ္ပတ္တေ/ဝသီဘာဝပ္ပတ္တေ** ။ ။ ယထာဂမ မိဝဏ္ဏာဂမော ဘူကရေသု-ဟူသော သဒ္ဒနီတိကိုထောက်၍ ဘူဓာတ် ကရဓာတ်ယှဉ်ရာ၌ ထိုက်သည်အားလျော်စွာ ဣ-ဤ နှစ်မျိုး လာနိုင်သောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

**ဝသေ/ဝသီဝသေန** ။ ။ သာမည သုဘာဝိတစိတ်ပင်ဖြစ်သော်လည်း မုဒုဘာဝဖြစ်အံ့၊ အသို့မူ၍ ဝသီဘာဝပ္ပတ္တေ ဆိုသင့်အံ့၊ နည်းရှိ၍ ဝသီဝသေန စသည်မိန့်ဟု ဂဏ္ဌိဟောင်း၌ဆိုသောကြောင့် ဝသီဝသေန-ပါဌ် သင့်ပါသည်။

ဂမနအနက်ရှိသော ဓာတ်အယှဉ်၌ ကံ အာဓာရနှစ်ပါးတွင် တစ်ပါးပါးရှိမြဲ (ဝါ) ကံအနက်၌ သတ္တမီမြဲ။ ထို့ကြောင့် ဝသေ-ဟူ၍ရှိသင့်၏။ ဤသို့ ဂဏ္ဌိသစ်၌ဆိုသောကြောင့် ယင်းအလို ဝသေ-ပါဌ် သင့်ပါသည်။ ဝိသုဒ္ဓိမဂ် မဟာဋီကာ သာရတ္ထဋီကာတို့၌ ဝသေ-ဟူ၍သာ သံဝဏ္ဏေတဗ္ဗရှိသောကြောင့် ဝသေ-ပါဌ်သာ သင့်မြတ်ပါသည်။

➢ ၈။ **အင်္ဂဏ**-ကား အပေါင်းဖြစ်သော ဘူမိဘာဂ ကိလေသတို့၏ အင်္ဂဏ-

http://www.dhammadownload.com



ဟူသောအမည်ကို အစိတ်ဖြစ်သော မလအနက်၌တင်--ဓာကေဒေသျပစာ။ ရှုဋ္ဌိနည်း။

မုဒု-ကား အတူဖြစ်သော နယ်အပ်သော သားရေ ကောင်းစွာပြုအပ်သော ချိတ်တို့၏ "မုဒု"ဟူသောအမည်ကို အတူရှိသော မိမိအလိုကျဖြစ်သော စတုတ္ထဈာန်စိတ်၌တင်-သဒိသူပစာ။/တဒ္ဓမ္မူပစာ။

➤ ၁၀။ ပဉ္စယာနံ-အရ ရာဂ ဒေါသတို့ကို ယူပါ။

## ဝါကျ [၁၁၆]

(က) မုဒုတ္တာယေဝစ ကမ္မနိယေ ကမ္မက္ခမေ (ခ) ကမ္မယောဂ္ဂေတိ ဝုတ္တံ ဟောတိ။

(ဂ) မုဒု တိ စိတ္တံ ကမ္မနိယံ ဟောတိ သုဓန္တမိဝ သုဝဏ္ဏံ။

(ဃ) တဒုဘယမ္ပိစ သုဘာဝိတတ္တာဝေ။

(င) ယထာဟ -- နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဘာဝိတံ ဗဟုလီကတံ မုဒုစ ဟောတိ ကမ္မနိယဉ္စ၊ ယထယိဒံ ဘိက္ခဝေ စိတ္တန္တိ။

(ဋ္ဌ။၁၂၇။ မအူ၊ ၂။ ၃၂၂။ ဘာသာဋီ၊၂ ၅၊)

➤ ၁။ (ဂ) သုဓန္တံ-ကောင်းစွာ ဖိုဝ၌ မှုတ်အပ်ပြီးသော [သဒ္ဒတ္ထ] (ဝါ) ကောင်းစွာကြည်အပ် ဦးအပ်ပြီးသော။[အဓိပ္ပါယတ္ထ]

➤ ၂။ (စ) သို့/ ဆရာသည် (က) ဖြင့် ကမ္မနိယဖြစ်ခြင်း၏ အကြောင်းကိုရင်း၊ ကမ္မနိ ခမံ ကမ္မနိယံ-ဟု ဝစနတ္ထပြု၍ က္ခယပစ္စည်း ခမအနက်၌ သက်သည်ကိုရင်း ဖွင့်ပြတော်မူ၏။ ဘူခန္တိသု ခမာ ယောဂျေ၊ ဟိတေ ယုတ္တေ ခမော တိသု။ (အဘိဓာန်-၉၉၅) အရ ခမ-သဒ္ဒါသည် ဘူခန္တိအနက်တို့၌ ဖြစ်ပါသလော။ (တစ်နည်း) မြေအမှု, အမှု၌ သည်းခံခြင်း စသည်တို့ကို ဆိုလိုပါသလော။ ယင်း ကမ္မက္ခမဟူသည် အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။ ကား-- ခမ-သဒ္ဒါသည် ဘူခန္တိအနက်တို့ကိုမဟော၊ ယောဂ္ဂ-ယောဂျအနက်ကို ဟော၏ဟူလို။

(တစ်နည်း) ဆရာသည် (က) ဖြင့် နူးညံ့ခြင်းကြောင့်သာ ကမ္မနိယမည်သောဟု ဖွင့်ဆိုတော်မူ၏။ မုဒု, ကမ္မနိယ နှစ်ပါးတို့သည် အဘိညာဉ်၏ အဘိနိဟာရ အင်္ဂါတစ်ပါးစီမျှ ဖြစ်ကြသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် မုဒုသည် ကမ္မနိယ၏ အကြောင်းဟု ဆိုသော ဆရာ့စကား အဘယ်သို့လျှင် သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

ကား -- ကောင်းစွာ မှုတ်အပ်ပြီးသော ရွှေသည် ပုတီး နားဆွဲ စသည်ပြုလုပ်မှု၌ ခံသလို ထို့အတူ နူးညံ့သော စိတ်သည်လည်း အဘိညာဉ်မှု၌ ခံသည်ဖြစ်၍ မုဒုကြော ကမ္မနိယဖြစ်၏ဟုဆိုသော ဋီကာစကား သင့်၏ဟူလို။

(ဂ) သို့/ဆရာ-သည် (ခ) ဖြင့် အဘိညာဉ်အမှု၌ ခံ၏ဟူသည် အဘိညာဉ်အမှုအယှဉ်စပ်ထိုက်၏ဟု အဓိပ္ပါယ်ကို ဖွင့်ဆိုတော်မူ၏။ ·အဘယ်သို့လျှင် အဘိညာဉ်အမှု

http://www.dhammadownload.com



ယှဉ်စပ်ထိုက်ပါသနည်း။ အဘိညာဉ်တို့၌ ယှဉ်စပ်ထိုက်ပုံကို ဥပမာနှင့်တကွ ပြဆိုသင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာ-သည် (က) ဖြင့် နူးညံ့ခြင်းကြောင့် ကမ္မနိယဖြစ်၏ဟု ဖွင့်ဆိုတော်မူ၏။ နူးညံ့ခြင်းကြောင့်သာ ကမ္မနိယ ဖြစ်ပါသလော။ အဘယ်အကြောင်းကြောင့်လည်း ကမ္မနိယ ဖြစ်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ဓာအဓာ ။ ။ ဆရာ-သည် (ဃ) ဖြင့် မုဒု, ကမ္မနိယ နှစ်ပါးစုံသည် သုဘာဝိတကြောင့်ဖြစ်၏ဟု ဆိုတော်မူ၏။ သုဘာဝိတတ္တာ မုဒုဘူတေ အဖွင့်အရ သုဘာဝိတ-သည် မုဒုဘူတ-၏အကြောင်းသာ ဖြစ်သင့်သည် မဟုတ်ပါလော။ ထိုသို့ ဖြစ်ပါလျက် သုဘာဝိတသည် မုဒု, ကမ္မနိယ နှစ်ပါးစုံတို့၏ အကြောင်းဖြစ်၏ဟူသော ဆရာ့စကား အသို့လျှင်ဖြစ်နိုင်ပါအံ့နည်း။ ရှေ့နောက် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (င) မိန့်။ ဓာအ -- နာဟံ ဘိက္ခဝေ (ပ) စိတ္တန္တိ-ဟူသော သာဓကပါဠိတော်ကို ထောက်ဆ၍ ငါဆိုသော စကား သင့်ရကား သင်တင်သော ဝိရောဓိဒေါသ ငါ၌ မရောက်ကင်းပျောက်၏ဟူလို။

➢ ၃။ (က) ပကၡန္တရ/ဝါကျာရမ္ဘ။ (ခ) ဝိတ္ထာရ/ဝါကျာရမ္ဘ။ (ဂ) ဒဋ္ဌီကရဏ/ကာရဏ/ကမ္မနိယဖြစ်ပုံကို ဥပမာဖြင့် ထင်ရှားစွာ ပြဆိုသောကြောင့် တပ္ပါကဋီကရဏ။ (ဃ) ဝါကျာရမ္ဘ။ (င) အာဂမဒဠှီကရဏ။

➢ ၄။ ဓမိယိတ္တာတိ ဓန္တံ။ ဓမုဓာတ်အရ ကတ္တုရှကား ပန်းတိမ်သည်၏ ရွှေကိုမှုတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဝိရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ကမ္မ၌ ကြိယာအရကား ရွှေ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့်ရ၏။ တ-ပစ္စည်းအရကား ထို--သော ရွှေ ရ၏။

သုဋ္ဌု ဓန္တံ သုဓန္တံ။ သု-ဟူသော ဝိသေသနအရကား သုန္ဒရဘောဂဏ်သည် မုချ။ ထို--၏ မှုတ်အပ်သော ရွှေနှင့် ဂုဏ်-ဂုဏေး စပ် ဌာန္။ ပုဒ်လုံးအရ ကား ထို--သော ကောင်းစွာ မှုတ်အပ်သော ရွှေရ၏။

* သောဘနော ဝဏ္ဏော ယဿာတိ သုဝဏ္ဏော။ သုဝဏ္ဏ-ဗဟုဗ္ဗိဟိ-အရ တင့်တယ်သော အဆင်းသည် မုချ။ ထို--၏ ယ-အညပုဒ်အရ ရွှေနှင့် ဂုဏ်-ဂုဏေး/ဌာနီ-ဌာန စပ် ဌာန္။ ယ-အညပုဒ်အရ ထို--သော တင့်တယ်သော အဆင်းရှိသော ရွှေရ၏။

➢ ၆။ (က) ၌ မုဒုတ္တာ-ဖြင့် ပါဠိ၌ မုဒုဘူတေ-ကား ကမ္မနိယေ-၏ အကြောင်းတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ကမ္မက္ခမေ-ဖြင့် ကမ္မနိယေ-၌ နိယ-ပစ္စည်း၏ ခမအနက်၌သက်--ရင်း (ပစ္စယတ္ထ) ကမ္မနိ ခမံ ကမ္မနိယံ-ဟု ခမတဗ္ဗိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ ကမ္မယောဂ္ဂေ-ဖြင့် ကမ္မက္ခမ (အမှု၌ခံ၏)ဟူသည် ကမ္မယောဂ္ဂ (အမှု

http://www.dhammadownload.com



၌ယှဉ်စပ်ထိုက်သည်)တည်း။ (ဝါ) အမှုအား သင့်လျော်လျောက်ပတ် သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) (တစ်နည်း) ခမ-သဒ္ဒါသည် ဘူခန္တိ-စသော အနက်တို့ကိုမဟော၊ သင့်လျော်လျောက်ပတ်ခြင်း (ယောဂ္ဂ-ယောဂျ) အနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

➤ ၇။ **သုဒန္တံ/သုဓန္တံ/သုဒ္ဓန္တံ** ။ ။ ဓမော သဒ္ဓဂ္ဂိ သံယောဂေ၊ ဒမော ဂတေ ဒမု ဘူဝိ ဒမနေ-ဟူသော ဓာတွတ္ထသင်္ဂဟ-အရ သွားခြင်း ဆုံးမခြင်းဟူသော ဒမုဓာတ်ကို အလိုမရှိအပ်၊ သဒ္ဓဂ္ဂ သံယောဂ-မီးကိုမှုတ်ခြင်း ဓမုဓာတ်ကိုသာ ဤ၌ အလိုရှိအပ်သော ကြောင့် သုဓန္တံပါဌ်သာ သင့်ပါသည်။

သု-ဥပသာရပုဒ်နောင် ဒွေဘော် မမြဲသောကြောင့် သုဒ္ဓန္တံပါဌ်လည်း သင့်နိုင်ပါသည်။

**ဗဟုလီကတံ/ဗဟုလိကတံ** ။ ။ အဘူတဗ္ဘာဝေ ကရာသဘူယောဂ္ဂေ ဝိကာစီ-သုတ်အရ အဘူတတဗ္ဘာဝအနက်၌ စီပစ္စည်း (တစ်နည်း) ဧ-အနုဗန်ရှိသော ဤပစ္စည်း သက်၍ ပြီးသောကြောင့် ဗဟုလီကတံ-ဟု ဒီဃနှင့်ရှိသော ပါဌ်သာသင့်ပါသည်။

➤ ၈။ **ကမ္မက္ခမ**-ကား အပေါင်းဖြစ်သော အမှုအားလုံးတို့၌ ခံ့မှု၏ "ကမ္မက္ခမ" ဟူသောအမည်ကို အစိတ်ဖြစ်သော ဝိကုဗ္ဗန-စသော ဣဒ္ဓိအမှု ခံ့မှု၌တင်- ကေဒေသျူ။

➤ ၁၀။ (**စ**) ဝါကျ၌ **ကရိုဏ်းပါဌ်**-အရ သဗ္ဗညုတဉာဏ်ကိုယူပါ။

## ဝါကျ [၁၁၈]

(က) ဧတောသု ပရိသုဒ္ဓဘာဝါဒီသု ဌိတတ္တာ ဋ္ဌိတော။

(ခ) ဌိတတ္တာယေဝ **အာနေဥ္စပ္ပတ္တေ**။ (ဂ) အာစလေ နိရိဉ္စနေတိ ဝုတ္တံ ဟောတိ။

(ဃ) မုဒုကမ္မညဘာဝေန ဝါ အတ္တနော ဝသေ ဌိတတ္တာ ဋ္ဌိတော။ (င) သဒ္ဓါဒီဟိ ပရိဂ္ဂဟိတတ္တာ **အာနေဥ္စပ္ပတ္တေ**။ (စ) သဒ္ဓါပရိဂ္ဂဟိတံ ဟိ စိတ္တံ အဿဒ္ဓိယေန န ဣဉ္စတိ။

(၅။၁၂၇။ မအ္ဋ၊၂။ ၃၂၄။ ဘာသာဋီ၊၂ ၆။)

➤ ၁။ (င) **ပရိဂ္ဂဟိတတ္တာ**-ထက်ဝန်းကျင် ယူအပ်သည်၏အဖြစ်ကြောင့်။[သဒ္ဒတ္ထ] (ဝါ) ထောက်ခံအပ်သည်၏အဖြစ်ကြောင့်။[အဓိပ္ပါယတ္ထ]

(စ) **အဿဒ္ဓိယေန**-သဒ္ဓါတရား မရှိသောသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ် စိတ္တုပ္ပါဒ်ကြောင့်။ [သဒ္ဒတ္ထ] (ဝါ) သဒ္ဓါ၏ဆန့်ကျင်ဘက်ဖြစ်သော တရားကြောင့်။[အဓိပ္ပါယတ္ထ]

➤ ၂။ (ဂ) **သို့**/ ဆရာ-သည် (ခ) ဖြင့် တည်တံ့ခြင်းကြောင့်ပင် စတုတ္ထဈာန်စိတ်သည် တုန်လှုပ်ခြင်း မရှိသည်၏အဖြစ်သို့ ရောက်၏ဟု ဖွင့်ပြတော်မူ၏။ ထိုတုန်လှုပ်ခြင်းမရှိသည်၏အဖြစ်သို့ ရောက်သည်ဟူသည် အဘယ်ပါနည်း။ တုန်လှုပ်ခြင်း မရှိသည်၏အဖြစ်သို့ ရောက်သည်ကို ဥဇုကတ္ထအားဖြင့် ပြဆိုသင့်သည် မဟုတ်ပါလော။ (ဂ)မိန့်။

**ကား**-- တုန်လှုပ်ခြင်းမရှိသည်၏အဖြစ်သို့ ရောက်၏ဟူသည် မတုန်လှုပ်ခြင်းဟူလို။

http://www.dhammadownload.com



(ဃ) သို့/ ဆရာ-သည် (က) ဖြင့် ပရိသုဒ္ဓဘောဂုဏ် စသည်တို့၌ တည်သောကြောင့် ဋ္ဌိတ-မည်သောဟု ဆိုတော်မူ၏။ ပရိသုဒ္ဓဘောဂုဏ် စသည်တို့၌ တည်တတ်သောကြောင့်သာ စတုတ္ထဈာန်စိတ်သည် ဋ္ဌိတ မည်ပါသလော။ အဘယ်အကြောင်းကြောင့်လည်း ဋ္ဌိတ မည်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(စ) သို့/ ဆရာ-သည် (င) ဖြင့် သဒ္ဓါ-စသည်တို့သည် ထောက်ခံအပ်သည်၏ အဖြစ်ကြောင့် စတုတ္ထဈာန်စိတ်သည် အာနေဉ္ဇပ္ပတ္တ မည်သောဟု ဖွင့်ဆိုတော်မူ၏။ သဒ္ဓါစသည်တို့ ထောက်ခံအပ်သည်ကို အကျယ်အားဖြင့် ဆရာ ပြဆိုသင့်သည် မဟုတ်ပါလော။ အဘယ်သို့လျှင် သဒ္ဓါစသည်တို့ ထောက်ခံအပ်ပါသနည်း။ (စ) မိန့်။

**ကား**-- သဒ္ဓါ-စသည် စောင့်ရှောက်အပ်သော စတုတ္ထဈာန်စိတ်သည် အဿဒ္ဓိ-စသော ဆန့်ကျင်ဘက်တို့ မလှုပ်နိုင်သည်၏အဖြစ်ဖြင့် စောင့်ရှောက်နိုင်၏ဟူလို။

➤ ၃။ (က-ခ) ပက္ခန္တရ။ (ဂ) ပဒပိဏ္ဍတ္ထကိုပြသောကြောင့် ဝိတ္ထာရ/တုန်လှုပ်ခြင်းမရှိသော စိတ်၏အဖြစ်သို့ ရောက်၏ဟူသည် မတုန်လှုပ်ခြင်းပင်တည်းဟု ဆက်၍ပြသောကြောင့် ဝါကျာရမ္ဘ။ (ဃ) ဋ္ဌိတမည်ပုံ နည်းတပါးအဖို့ကို ပြသောကြောင့် ပက္ခန္တရ။ (င) အာနေဉ္ဇပ္ပတ္တမည်ပုံ နည်းတစ်ပါးအဖို့ကို ပြသောကြောင့် ပက္ခန္တရ။ (စ) သဒ္ဓါ-စသည် ထောက်ခံပုံ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။

**စာစပ်** ။ ။ **သဒ္ဓါဒီဟိ**-ကား သည်--ကြောင့် ပရိဂ္ဂဟိတတ္တာ၀ယ် ပရိဂ္ဂဟိတ-၌ အဝုတ္တကတ္တား/အဝုတ္တကတ္တိ စပ်။ **အဿဒ္ဓိယေန**-ကား ကြောင့်--ကြောင့် န ဣဉ္ဇတိ-၌ အကြောင်းဟိတ်၊ န ဣဉ္ဇတိ-ကား အကျိုးဖိုလ်အဖြစ်ဖြင့် စပ်အပ်၏။

➤ ၄။ ဣဉ္ဇနံ ဣဉ္ဇော။ နတ္ထိ ဣဉ္ဇော ယဿာတိ **အနိဉ္ဇံ**။ န-ဣဉ္ဇ-ဟူသော ဗဟုဗ္ဗီဟိ-အရ တုန်လှုပ်ခြင်း မရှိခြင်းဟူသော အဘာဝဂုဏ်သည် မုချ။ ထို--၏ စတုတ္ထဈာန် နှင့် ဂုဏ်-ဂုဏီ စပ် ဌာန။ ယ-အညပုဒ်အရကား ထို--သော တုန်လှုပ်ခြင်းမရှိသော စတုတ္ထဈာန်စိတ် ရ၏။

* အနိဉ္ဇဿ ဘာဝေါ **အာနေဉ္ဇံ**။ အနိဉ္ဇ-ဟူသော တဒ္ဓိတ်ပုဒ်အရ တုန်လှုပ်ခြင်း မရှိသော စတုတ္ထဈာန်သည် မုချ။ ထို--၏ တုန်လှုပ်ခြင်း မရှိခြင်းဂုဏ်နှင့် နိဿိတ-နိဿ္ယ စပ် ဌာန။ ဏ-ပစ္စည်းအရကား ထို--သော မတုန်လှုပ်ခြင်းဂုဏ် ရ၏။

အာနေဉ္ဇံ ပတ္တံ **အာနေဉ္ဇပ္ပတ္တံ**။ အာနေဉ္ဇ-ဟူသော ဝိသေသနပုဒ်အရကား မတုန်လှုပ်ခြင်းဂုဏ်သည် မုချ။ ထို--၏ ပတ္တံ-ဟူသော နောက်ပုဒ်အရ ထိုဂုဏ်သို့ရောက်သော စတုတ္ထဈာန်စိတ်နှင့် ဂုဏ်-ဂုဏီ စပ် ဌာန။ သမာသ်ပုဒ်လုံးအရကား ထို--သော တုန်လှုပ်ခြင်းမရှိသော စတုတ္ထဈာန်စိတ် ရ၏။ * သဒ္ဓါယ ပရိဂ္ဂဟိတံ **သဒ္ဓါပရိဂ္ဂဟိတံ**။ နတ္ထိ သဒ္ဓါ ယဿာတိ **အဿဒ္ဓေါ**။ အဿဒ္ဓဿ ဘာဝေါ **အဿဒ္ဓိယံ**။

➤ ၆။ (က) ၌ ဋ္ဌိတတ္တာ-ဖြင့် ဋ္ဌိတေ-၌ ဌာဓာတ်၏-ရင်း (ဒု-ဓာတုပဒ) တိဋ္ဌတီတိ

http://www.dhammadownload.com



ဋ္ဌိတံ-ဟု ကတ္တုသာဓနေ ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) တ-ပစ္စည်း ကတ္တုသာဓနေအနက် ၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

ပရိသုဒ္ဓါ ဘာဝါဒီသု-ဖြင့် အခြားသော တရားတို့၌ မတည်၊ ပရိသုဒ္ဓဘောဂုဏ် အစရှိသည်တို့၌ တည်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဧတေသု-ဖြင့် ဤပရိသုဒ္ဓဘောဂုဏ်သည်လည်း တစ်ပါးသော ပရိသုဒ္ဓဘောဂုဏ် မဟုတ်၊ ရှေး၌ဆိုအပ်သော ပရိသုဒ္ဓဘောဂုဏ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ) အပေါင်း သံဝဏ္ဏနာဖြင့် ထိုပရိသုဒ္ဓဘောဂုဏ်စသည် ၌ တည်သောကြောင့် စတုတ္ထဈာန်စိတ်သည် ဋ္ဌိတမည်ခြင်း၏အကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

(၈) ၌ အစလေ-ဖြင့် အာနေဉ္ဇ-၌ ဣဉ္ဇဓာတ်သည် စလအနက်ဟောသည်၏အဖြစ်ကို သိစေပါသည်။ (ဒု-ဓာတွတ္ထ) နိရိဉ္ဇနေ-ဖြင့် အာနေဉ္ဇ-၌ န- သည် ပဋိသေဓအနက်ဟော သည်၏အဖြစ်ကို သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

အပေါင်း သံဝဏ္ဏနာဖြင့် တုန်လှုပ်ခြင်း မရှိသည်၏အဖြစ်သို့ ရောက်၏ဟူသည် မတုန်လှုပ်ခြင်းပင်ဟူသော ဥဇုကတ္ထ အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ သဒ္ဓါ ပရိဂ္ဂဟိတံ/သဒ္ဓပရိဂ္ဂဟိတံ ။ ။ သမာသ်လယ်မှာ၊ ထိမြဲအာ၊ ရဿာ မပြုရာ-ဟူသော နိယံအရ သဒ္ဓါပုဒ်သည် နိယတက္ကတ္တိလိင်ဖြစ်၍ ရဿ အပြု မရှိကောင်း သောကြောင့် သဒ္ဓါပရိဂ္ဂဟိတံ-ဟု ဒီဃနှင့်ရှိသောပါဌ်သာ သင့်ပါသည်။

အာဏေဥ္ဇပ္ပတ္တ/အာနေဉ္ဇပ္ပတ္တ ။ ။ ဆင်တဲဂဏ္ဌိဟောင်း၌ အာဏဉ္ဇပ္ပတ္တ-ဟု ရှိ၏။ သို့ပင်ရှိငြားသော်လည်း န ဣဉ္ဇတီတိ အနိဥ္ဇံ၊ အနိဉ္ဇဿ ဘာဝေါ အာနေဥ္ဇံ။ တံ ပတ္တံ မဇ္ဈေ ဝုဒ္ဓိရောက်ရကား ဧသရ ပဋိသေဓဖြစ်ရကား ဒန္တဇ န-နှင့်လိုသည်။ ဣဉ္ဇဓာတ် ဖြင့်ပြီးသောကြောင့် တတိယဝဂ္ဂရာဖြင့် လိုသည်ဟု ဂဏ္ဌိသစ်၌ ဆိုသောကြောင့်ရင်း၊ ပါဠိ တော် ဋီကာတို့၌လည်း အာနေဉ္ဇပ္ပတ္တ-ဟု ရှိသောကြောင့်ရင်း၊ အာနေဉ္ဇပ္ပတ္တ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **အာနေဉ္ဇပ္ပတ္တ**-ကား အကျိုးဖြစ်သော မတုန်လှုပ်ခြင်းကိုဆိုသဖြင့် အကြောင်း ဖြစ်သော သဒ္ဓါစသည် စောင့်ရှောက်ခြင်းကိုလည်း ရသော ကြောင့် အဝိနာဘာဝနည်း။

**စိတ္တံ**-ကား အပေါင်းဖြစ်သော စိတ်အားလုံး၏ "စိတ္တ"ဟူသောအမည်ကို အစိတ်ဖြစ် သော စတုတ္ထဈာန်စိတ်၌တင်--ဧကဒေသျူပစာ။ ရုဠ္ဍီနည်း။

(တစ်နည်း) အစိတ်ဖြစ်သော စတုတ္ထဈာန်စိတ်၏ စိတ္တ-ဟူသောမည်ကို အပေါင်း ဖြစ်သော စတုတ္ထဈာန်စိတ်, ယင်းစိတ်နှင့်ယှဉ်သော စေတသိက်တို့၌တင်- ဧကဒေသူပစာ။

ပြဋ္ဌာန်းသော စတုတ္ထဈာန်စိတ်ကိုဆိုသဖြင့် ထိုစိတ်နှင့်ယှဉ်သော မပြဋ္ဌာန်းသော စေတသိက်ကိုလည်းရသောကြောင့် ပဓာနနည်း။

➤ ၁၀။ **အဿာသ္စိမယေန**-အရ -- အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

http://www.dhammadownload.com



**ပါဠိ [၁၁၈]**

(က) အပရော နယော- စတုတ္ထဇ္ဈာန **သမာဓိနှာ သမာဟိတေ**။

(ခ) နိဝရဏာဒူရိဘာဝေန **ပရိသုဒ္ဓေ**။ (ဂ) ပီတဏ္ဍာဒိသမတိက္ကမေန **ပရိယောဒါတေ**။

(ဃ) ဈာနပ္ပဋိလာဘပစ္စယာနံ ပါပကာနံ ဣစ္ဆာဝစရာနံ အဘာဝေန **အနင်္ဂဏေ**။

(င) အဘိဇ္ဈာဒီနံ စိတ္တုပက္ကိလေသာနံ ဝိဂမေန **ဝိဂတူပက္ကိလေသေ**။

(စ) ဥဘယမ္ပိ စေတံ **အနင်္ဂဏဝတ္ထုသုတ္တာနုသာရေန** ဝေဒိတဗ္ဗံ။

(ဌ။၁၂၇။ မအ္ဂ၊၂။ ၃၂၆။ ဘာသာဋီ၊၂ ၈။)

> ၂။ (စ)ဒို/ ဆရာ-သည် (ဃ-င) တို့ဖြင့် စတုတ္ထဈာန်စိတ်၏ အနင်္ဂဏအဖြစ် ဝိဂတူပက္ကိလေသအဖြစ်ကို ဖွင့်ဆိုတော်မူ၏။ ယင်းနှစ်ပုဒ်တို့၏ ဖြစ်ပုံကို အဘယ့်ကြောင့် ယင်းသို့ ဖွင့်ဆိုအပ်ပါသနည်း။ ရှေ့၌ဆိုအပ်ခဲ့ပြီးသော ရာဂ-စသော အင်္ဂဏတရားကင်းခြင်းကြောင့် အနင်္ဂဏ၊ အနင်္ဂဏ၏ အဖြစ်ကြောင့်သာ ဝိဂတူပက္ကိလေသဖြစ်၏ဟူ၍သာ ဖြစ်ပုံကို ဆိုသင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (စ) မိန့်။

> ၃။ (က) သည် နယန္တရ ပက္ခန္တရ။ (ခ-ဂ-ဃ-င) ပက္ခန္တရ။

(စ) ဝါကျာရမ္ဘ/အဋ္ဌကရဏ။

> ၄။ အပါယံ ပါပေန္တီတိ **ပါပကာ**။ ပ-ပုဒ္ဒ အပဒါတ်အရ သုဒ္ဓကတ္တုပြကား အပါယ် ပဋိသန္ဓေဟု ဆိုအပ်သော ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ်တို့၏ ဥပါဒ်သည် မှ၍။ ဟေတုကတ္တုပြကား မာယာ သာဌေယျ-စသော အကုသိုလ်တရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိ၊ ပကတူပနိဿယသတ္တိသည် ဖလ္လ။ ဏျပစ္စည်းအရ ယုတ်မာသော မာယာ သာဌေယျ-စသော အကုသိုလ်တို့ရ၏။

ဣစ္ဆာယ အဝစရာ **ဣစ္ဆာဝစရာ**။(တေသံ) ဣစ္ဆာ-ဟူသော ဝိသေသနပုဒ်အရကား ယုတ်မာသော အလိုဆိုးသည် မှ၍။ ထို--၏ သက်ရောက်အပ်သော တရားတို့နှင့် ဂုဏ်-ဂုဏီ စပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော အလိုဆိုးသည် သက်ရောက်အပ်သော မာယာ သာဌေယျ ရ၏။

အနင်္ဂဏဉ္စ ဝတ္ထုဉ္စ **အနင်္ဂဏဝတ္ထူ**။ အနင်္ဂဏ-ဟူသော ရှေ့ပုဒ်အရ အနင်္ဂဏသုတ်သည် မှ၍။ ထို--၏ ဝတ္ထသုတ်နှင့် အစဉ်လိုက်ခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်း ငုံသကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာနူ။ ပုဒ်လုံးအရကား ထို--သော အနင်္ဂဏသုတ်, ဝတ္ထသုတ် ရ၏။

အနင်္ဂဏဝတ္ထမေဝ သုတ္တံ **အနင်္ဂဏဝတ္ထသုတ္တံ**။ အနင်္ဂဏဝတ္ထ-ဟူသော ဝိသေသန ပုဒ်အရကား အနင်္ဂဏသုတ် ဝတ္ထသုတ်၏ အဖြစ်ဟုဆိုအပ်သော အဝဓာရဏဘောဂုဏ်သည် မှ၍။ ထို--၏ သုတ္တန်နှင့် ဂုဏ်-ဂုဏီ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော အနင်္ဂဏသုတ် ဝတ္ထသုတ် ရ၏။

http://www.dhammadownload.com



* အနင်္ဂဏဝတ္ထုသုတ္တံ အနုသာရေ၊ **အနင်္ဂဏသုတ္တာနုသာရေ၊**

➤ ၆။ (ဃ) ၌ အဘာဝေန-ဖြင့် အနင်္ဂဏပုဒ်ကို န+အင်္ဂဏ-ဟု ပဒစ္ဆေဒပြု--ရင်း (သန္ဓိလိင်္ဂပဒ) န-၏ အဘာဝအနက်ဟော--ရင်း (နိပါတလိင်္ဂတ္ထ) ယင်း န-ကို အန်-ပြု၍ ပြီးသည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

**ဈာနပ္ပဋိလာဘ ပစ္စယာနံ ပါပကာနံ ဣစ္ဆာဝစရာနံ**-ဖြင့် အင်္ဂဏ-အရ ဈာန်ရခြင်း၏ အကြောင်းဖြစ်ကုန်သော ယုတ်မာသော အလိုဆိုးသည် သက်ရောက်အပ်သော မာယာ သာဌေယျတို့ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

အပေါင်းသံဝဏ္ဏနာဖြင့် အနင်္ဂဏပုဒ်ကို နတ္ထိ အင်္ဂဏံ ဧတဿာတိ အနင်္ဂဏံ-ဟု ဗဟုဗ္ဗိသမာသ် ဝစနတ္ထပြု၍ ယင်းသမာသ်၏ သမ္ဗန္ဓိအနက်၌ ဖြစ်သည်ကို သိစေသည်။ (သမာသလိင်္ဂပဒတ္ထ)

(င) ၌ ဝိဂမေန-ဖြင့် ဝိဂတူပက္ကိလေသ၌ ဝိဂတသည် ဝိပုဗ္ဗ ဂမုဓာတ်, တပစ္စည်း၏-ရင်း (ဒု-ဓာတုပဒ)၊ ယင်း တပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) ဝိဂမနံ ဝိဂတော-ဟု ဘာဝသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

**(တစ်နည်း)** ဝိဂတသဒ္ဒါ၏ ဝိဂမနအနက်ဟောသည်၏အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ) အဘိဇ္ဈာဒီနံ စိတ္တုပက္ကိလေသာနံဖြင့် ဥပက္ကိလေသအရ စိတ်ညစ်နွမ်းခြင်းကို ပြုတတ်သော အဘိဇ္ဈာ-အစရှိသော တရားတို့ကို ကောက်ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) * အပေါင်းသံဝဏ္ဏနာဖြင့် ဝိဂတူပက္ကိလေသကို ဝိဂတ+ဥပက္ကိလေသဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုရင်း (သန္ဓိလိင်္ဂပဒ) ဝိဂတော ဥပက္ကိလေသော ယသ္မာတိ ဝိဂတူပက္ကိလေသော-ဟု ပဉ္စမီ ဗဟုဗ္ဗိသမာသ် ဝစနတ္ထပြု၍ ယင်းသမာသ်၏ အပါဒါန်အနက်၌ ဖြစ်သည်ကိုရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

➤ ၇။ **ဈာနပ္ပဋိလာဘ ပစ္စယာနံ/ဈာနပ္ပဋိလာဘ ပစ္စနိကာနံ ။ ။** ဈာနပ္ပဋိလာဘ ပစ္စယာနန္တိ ဈာနပ္ပဋိလာဘ ဟေတုကာနံ-ဟု ဝိမတိဋီကာဖွင့်သောကြောင့်ရင်း၊ ယင်း ဋီကာ၌ပင် ပေါတ္ထကေသု ပန ဈာနပ္ပဋိလာဘ ပစ္စနိကာနန္တိ ပါဌ်ံ လိခန္တိ၊ သော ပမာဒ ပါဌောတိ ဂဟေတဗ္ဗော-ဟု ဈာနပ္ပဋိလာဘ ပစ္စနိကာနံပါဌ်ကို တားမြစ်ထားသော ကြောင့်ရင်း၊ ဈာနပ္ပဋိလာဘ ပစ္စယာနံ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ပရိသုဒ္ဓေ၊ ပရိယောဒါတေ**-ကား နိဝရဏတို့မှ အလွန်ဝေးသောကြောင့် ရင်း၊ ဝိတက်စသည်တို့မှ အလွန် လွန်မြောက်သောကြောင့်ရင်း၊ ဤသို့ အလွန်အကဲအားဖြင့် ရသောကြောင့် အတိသယနည်း မည်၏။

**အဘိဇ္ဈာ**-ကား အပေါင်းဖြစ်သော နိဝရဏသဘောရှိသော လောဘ, နိဝရဏသဘော မရှိသော လောဘတို့၏ "အဘိဇ္ဈာ"ဟူသောအမည်ကို အစိတ်ဖြစ်သော နိဝရဏသဘော မရှိသော လောဘ၌တင်-- ဧကဒေသျူပစာ။ ဆိုအပ်ပြီးသော နိဝရဏဒူရီဘာဝေန၌

http://www.dhammadownload.com



နီဝရဏသဘောရှိသော လောဘမှကြွင်းသော နီဝရဏသဘော မရှိသော လောဘကို ယူရသောကြောင့် ပါရိသေသနည်း။

အနင်္ဂဏဝိဂတူပက္ကိလေသ-တို့၌ **အင်္ဂဏ ဥပက္ကိလေသ**-ကား အပေါင်းဖြစ်သော ရုန့်ရင်းကြမ်းတမ်းသော အဘိဇ္ဈာ, မာန, မာယာ, သာဌေယျ၊ သိမ်မွေ့ နူးညံ့သော အဘိဇ္ဈာ, မာန, မာယာ, သာဌေယျတို့၏ "အင်္ဂဏ ဥပက္ကိလေသ"ဟူသောအမည်ကို အစိတ်ဖြစ်သော သိမ်မွေ့နူးညံ့သော အဘိဇ္ဈာ, မာန, မာယာ, သာဌေယျတို့၌တင်- ဧကဒေသူပစာ။

➢ ၁၀။ **ဣဒ္ဓာစရောနံ**-အရ -- အဘိဇ္ဈာ, မာန, မာယာ, သာဌေယျ-တို့ကိုယူ။

## ဋီကာ [၁၁၉]

(က) **ပုဗ္ဗေနိဝါသာနုဿတိဉာဏာယာတိ ဧဝံ အဘိညာပါဒကေ ဈာနေ စေတသို စိတ္တေ ပုဗ္ဗေနိဝါသာနုဿတိမှိ ယံ ဉာဏံ၊ တဒတ္ထာယ။** (ခ) **တတ္ထ ပုဗ္ဗေနိဝါသောတိ ပုဗ္ဗေ အတီတဇာတီသု နိဝုတ္ထက္ခန္ဓာ။** (ဂ) **နိဝုတ္ထာတိ အဇ္ဈာဝုတ္ထာ အနုဘူတာ အတ္တနော သန္တာနေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါ။** (ဃ) **နိဝုတ္ထဓမ္မာ ဝါ နိဝုတ္ထာ။** (င) **ဂေါစရနိဝါသေန နိဝုတ္ထာ။**

(စ) **အတ္တနော ဝိညာဏေန ဝိညာတာ ပရိစ္ဆိန္နာ ပရဝိညာဏဝိညာတာပိ ဝါ ဆိန္နဝဋုမကာနုဿရဏာဒီသု။** (၄။၁၂၈။ မအ-၂။၃၂၈။ ဘာသာဋီ-၂ ၁၁။)

➢ ၂။ (စ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏာယပုဒ်ကို အကျဉ်းဖွင့်ပြပြီး၍ ယခုအခါ၌ အကျဉ်းအားဖြင့် ဆိုအပ်ပြီးသော အနက်ကို ဖွင့်လိုရကား ရှေးဦးစွာ ပုဗ္ဗေနိဝါသကိုပြ၍ ယင်း၌ သတိဉာဏ်တို့ကို ပြခြင်းငှာ (ခ) မိန့်။

(စ) **သို့/** ဆရာ-သည် (က)ဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-၌ သတ္တမီတပ္ပုရိသ်သမာသ်ကိုရင်း၊ တဒတ္ထ သမ္ပဒါန်အနက်၌ သဝိဘတ်သက်၍ ပြီးသည်ကိုရင်း၊ အကျဉ်းအားဖြင့် ပြဆိုတော်မူ၏။ ထို၌ ပုဗ္ဗ-အရ ရှေးဟူသော သာမညအနက်၊ နိဝါသ-အရ နေခြင်း နေရာဟူသော အနက်တို့ကို မှတ်သား အပ်ပါသလော။ ပုဗ္ဗ-အရနှင့် နိဝါသ-အရတို့ကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။ **ကား** - ပုဗ္ဗ-အရ ရှေးသာမန်အနက်နှင့် နိဝါသ-အရ နေခြင်းနေရာအနက်တို့ကို မယူရ၊ အတိတ်ဘဝနှင့် ယင်းအတိတ်ဘဝတို့၌ နေအပ်ဖူးသော ခန္ဓာတို့ကို ယူရပါမည်ဟူလို။

(ဂ) **သို့/** ဆရာ-သည် (ခ)ဖြင့် ပုဗ္ဗ-အရ အတိတ်ဘဝကိုရင်း၊ နိဝသိယိတ္ထာတိ နိဝါသော-ဟု ဝစနတ္ထပြု၍ ခန္ဓာမှလွတ်သော နိဝါသိတဓမ္မ မရှိ၍ နိဝါသ-အရ နိဝုတ္ထက္ခန္ဓာကိုရင်း ယူရမည်ကို ပြဆိုတော်မူ၏။ နိဝါသ-အရ နိဝုတ္ထဟူသည် အဘယ်ပါနည်း။ နေရာဌာနဘုံဘဝဟု မှတ်သားရပါမည်လော။ စုဒ်ကြောင့် (ဂ) မိန့်။

(တစ်နည်း) ဆရာ-သည် (ခ) ဝါကျရှိ နိဝုတ္ထက္ခန္ဓာ-ဖြင့် အဇ္ဈာဝုတ္ထ, ဂေါစရ-ဟူသော နိဝုတ္ထနှစ်မျိုးလုံးနှင့် ဆက်ဆံသောအားဖြင့် နိဝါသ၏-အရကို ဆိုတော်မူ၏။ ယင်း နိဝုတ္ထ

http://www.dhammadownload.com



ကွန္တာ၌ "နိဂ္ဂဟ"ဟူသည် အဘယ်ပါနည်း။ အလျှာဝုတ္တ ဂေါစရ နှစ်မျိုးလုံးပင် ဖြစ်ရာသည် မဟုတ်ပါလော။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဌကထာဆရာသည် (ဂ) မိန့်။

**(ဃ) သို့/ အာဘောဂဏ္ဍ** ။ ။ ဆရာ-သည် (ဂ) ဖြင့် မိမိသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏အစွမ်းဖြင့် နိဝါသ-သဒ္ဒါ၏အနက်ကို ပြဆိုတော်မူ၏။ မိမိသန္တာန်၌ဖြစ်သော ဓမ္မ၏ အစွမ်းဖြင့်သာ နိဝါသ-သဒ္ဒါ၏အနက်ကို သိအပ်ပါသလော။ အဘယ်၏အစွမ်းဖြင့် နိဝါသသဒ္ဒါ၏ အနက်ကို သိအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

**ကား** -- (ဃ) ဖြင့် သာမန်အားဖြင့် (ဝါ) မိမိသန္တာန် သူတစ်ပါးသန္တာန် နှစ်ပါးစုံနှင့် ဆက်ဆံသည်၏ အစွမ်းဖြင့်လည်း နိဝါသ-သဒ္ဒါ၏ အနက်ကို သိအပ်ပါသေး၏ဟူလို။

**(ဃ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဂ)ဖြင့် မိမိသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏အစွမ်းဖြင့် နိဝါသ-သဒ္ဒါ၏ အနက်ကိုပြပြီး၍ ယခုအခါ၌ သာမညအားဖြင့် (ဝါ) မိမိသန္တာန် သူတစ်ပါးသန္တာန် နှစ်ပါးစုံနှင့် ဆက်ဆံသည်၏ အစွမ်းဖြင့် နိဝါသ-သဒ္ဒါ၏ အနက်ကိုပြခြင်းငှာ (ဃ) မိန့်။

**(စ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (င) ဖြင့် ဂေါစရနိဝါသ၏ အစွမ်းဖြင့် နိဂ္ဂဟဓမ္မ၏ နိဂ္ဂဟအမည်ကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ သကဝိညာဏဂေါစရ, ပရဝိညာဏဂေါစရ အဖြစ်အားဖြင့် နှစ်ပါးပြားကုန်ရကား ယင်းနှစ်ပါးစုံကို ပြဆိုတော်မူလိုသော အဌကထာဆရာသည် (စ) မိန့်။

➤ ၃။ (ခ) သည် (က)ဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (ဂ) သည် နိဂ္ဂဟကွန္တာ၌ နိဂ္ဂဟ-ဟူသည် အဘယ်နည်းဟု မေးဖွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (တစ်နည်း) နိဂ္ဂဟကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။ (ဃ) သည် မိမိသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏အစွမ်းဖြင့် နိဝါသ-သဒ္ဒါ၏အနက်ဟူသော အဖို့မှတစ်ပါး မိမိသန္တာန် သူတစ်ပါးသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏အစွမ်းဖြင့် နိဝါသ-သဒ္ဒါ၏အနက်တစ်မျိုးကို ပြသောကြောင့် ပက္ခန္တရ။ [ထိုကိုထောက်၍ (ဂ)သည် မိမိသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏အစွမ်းဖြင့် နိဝါသ-သဒ္ဒါ၏အနက်ဟူသော အဖို့ကိုပြသောကြောင့် ပက္ခဝါကျ။]

(င) သည် (ဃ) ဝါကျ၏အနက်ကို ဖွင့်ပြသောကြောင့် ဝိတ္ထာရဝါကျ။

(စ) သည် ဂေါစရနိဝါသေန နိဂ္ဂဟာ-ဟု ဆိုအပ်ပြီးသော အနက်ကိုပင် ချဲ့ပြသောကြောင့် ဝိတ္ထာရ။ ထိုတွင် ပရဝိညာဏ-စသည်ကား သကဝိညာဏ ဝိညာတ-မှတစ်ပါး ပရဝိညာဏဝိညာတကိုပြသောကြောင့် ပက္ခန္တရဝါကျ။

**စာစပ်** ။ ။ **ဧတာသို့ ဝိဂ္ဂဟ-ကား** သည်--ကြောင့် ဇာတေ-၌ လက္ခဏဝန္တ ပကတိကတ္တား။ ဇာတေ-ကား လက္ခဏကြိယာ။ **အဘိညာပါဒကေ-ကား** သည်--ကြောင့် ဇာတေ-၌ လက္ခဏဝန္တ ဝိကတိကတ္တား။ ဇာတေ-ကား လက္ခဏကြိယာ။ **ဓာတော-ကား** သော-

F-5U-A

http://www.dhammadownload.com



ကြောင့် အဘိနိန္နာမေသိ-၌ လက္ခဏာ၊ အဘိနိန္နာမေသိ-ကား လက္ခ အဖြစ်ဖြင့် စပ်အပ်၏။

➤ ၄။ ဝဋ္ဋတော ဂမျတေ ဝဋ္ဋမံ။ (တစ်နည်း) ဝဇန္တိ ဧတ္ထာတိ ဝဋ္ဋမံ။ ဝဇဓာတ်အရ ကတ္တုရှုကား သွားတတ်သော ပုဂ္ဂိုလ်၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မရှု ကား လမ်း၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ဥမ-ပစ္စည်းအရကား ထို--သော သွား အပ်သော လမ်းရ၏။ ထိုသို့ပင် ရငြားသော်လည်း ဝဋ္ဋမ-သဒ္ဒါသည် သဒိသူပစာဖြစ် သောကြောင့် သံသရာလမ်းခရီးနှင့်တူသော ကုသိုလ် အကုသိုလ် ကမ္မဝဋ်သည်သာ မုချ အားဖြင့် ရ၏။

အစ္ဆိန္နိယတ္ထာတိ **ဆိန္န**။ ဝဇန္တိ ဧတ္ထာတိ **ဝဋ္ဋမံ**။(အစိတ်) ဆိန္နံ ဝဋ္ဋမံ ဧတေသန္တိ **ဆိန္နဝဋ္ဋမကာ**။ ဧတေသံ၊ထိုသဗ္ဗညုဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့အား။ဆိန္နံ၊ဖြတ်အပ် ပြီးသော။ဝဋ္ဋမံ၊သံသရာလမ်းခရီးသည်/ကုသိုလ် အကုသိုလ်ဟူသော ကမ္မဝဋ်သည်/ သံသရာဝဋ်သည်။အတ္ထိ၊၏။ဣတိ၊ကြောင့်။တေ၊တို့သည်။ ဆိန္နဝဋ္ဋမကာ၊မည်၏။

အတဂ္ဂုဏသံဝိညာဏ ဧတုတ္တိ ဗဟုဗ္ဗီဟိသမာသ်၊ ဆိန္နပုဒ်+ဝဋ္ဋမပုဒ်+ဧတ-ပုဒ်၊ သမာသန္တ က-ပစ္စည်း။ ဆိန္နဝဋ္ဋမ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ဖြတ်အပ်ပြီးသော သံသရာ လမ်းခရီး (တစ်နည်း) ကုသိုလ် အကုသိုလ်ဟူသော ကမ္မဝဋ် (တစ်နည်း) သံသရာဝဋ်သည် မုချ။ ယင်း၏ သဗ္ဗညုဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် ပဟာတဗ္ဗ-ပဟာယက စပ် ဌာန္။ ဧတ-ဟူသော အညပုဒ်အရကား ထို--သော သဗ္ဗညု ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့ရ၏။

* ဆိန္နဝဋ္ဋမကာနံ အနုဿရဏံ **ဆိန္နဝဋ္ဋမကာနုဿရဏံ**။

* အတ္တနော သန္တာနံ အဓိကိစ္စ အာဝသိံသူတိ **အဇ္ဈာဝုတ္ထာ**။ [ယေ ဓမ္မာ၊အကြင် ခန္ဓာ ငါးပါး တရားတို့သည်။အတ္တနော၊မိမိ၏။သန္တာနံ၊သန္တာန်ကို။အဓိကိစ္စ၊စွဲ၍။အာဝသိံသု၊နေ ကြလေကုန်ပြီ။ဣတိ၊ ကြောင့်။တေ၊တို့သည်။အဇ္ဈာဝုတ္ထာ၊မည်၏။အဓိ-အာ-ဝသ+တ။]

* အနုဿရတီတိ **အနုဿတိ**။ ပုဗ္ဗေ အတီတဇာတိသု နိဝါသော **ပုဗ္ဗေနိဝါသော**။ ပုဗ္ဗေ နိဝါသံ အနုဿတိ **ပုဗ္ဗေနိဝါသာနုဿတိ**။ (တစ်နည်း) အနုဿရဏံ အနုဿတိ။ အနုဿရတိ ဧတာယာတိ ဝါ **အနုဿတိ**။ ပုဗ္ဗေနိဝါသဿ အနုဿတိ **ပုဗ္ဗေနိဝါသာ နုဿတိ**။ * တဿ ဉာဏာသု အတ္ထော **တဒတ္ထော**။ * အတီတာ ဇာတိယော **အတီတ ဇာတိယော**။ နိဝုသိံသူတိ **နိဝုတ္ထာ**။ နိဝုတ္ထာ ခန္ဓာ **နိဝုတ္ထက္ခန္ဓာ**။

* ဂေါစရံ ကတွာ နိဝါသော **ဂေါစရနိဝါသော**။ နိဝုတ္ထော ဓမ္မော **နိဝုတ္ထဓမ္မာ**။

➤ ၆။ (က) ၌ ပုဗ္ဗေနိဝါသာနုဿတိမှိ ယံ ဉာဏံ-ဖြင့် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏပုဒ်ကို ပုဗ္ဗေနိဝါသာနုဿတိယံ ဉာဏံ ပုဗ္ဗေနိဝါသာနုဿတိဉာဏံဟု သတ္တမီ တပ္ပုရိသ်သမာသ် တွဲစပ်ရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂပဒတ္ထ)

**တဒတ္ထာယ**- ဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-၌ အာယ-သည် နာဝိဘတ်၏

http://www.dhammadownload.com



ကာရိယ မဟုတ်၊ စတုတ္ထီ သဝိဘတ်၏ ကာရိယ၏--ငင်း (ဝိဘတ္တိပဒ) ယင်း သဝိဘတ်၏ တဒတ္ထသမ္ပဒါန်အနက်၌သက်--ငင်း (ဝိဘတျတ္ထ) သိစေပါသည်။

ဓဝံ (ပ) စိတ္တေ-ဖြင့် ယင်း စတုတ္ထစျာန်စိတ်သည် အဘိညာဏ်၏ အခြေခံဖြစ်လတ်သော် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ ပုဗ္ဗေ အတီတဇာတီသု-ဖြင့် ပုဗ္ဗေ-အရ အတိတ်ဘဝတို့ကိုယူ--ငင်း (အဘိဓေယျတ္ထ) ပုဗ္ဗေ-၌ ဗဟုဝုစ်ကို ဧကဝုစ်ပြန်သော ဝစနဝိပလ္လာသ၏--ငင်း (ဝိဘတ္တိပဒ) [တစ်နည်း] ပုဗ္ဗေ၌ ဇာတျာပေက္ခ ဧကဝုစ်၏အဖြစ်ကိုငင်း (ဘာဝတ္ထ) သိစေပါသည်။

နိဝုတ္ထက္ခန္ဓာ-ဖြင့် နိဝါသော-၌ နိပုဗ္ဗ ဝသဓာတ်၏-ငင်း ဒု-ဓာတုပဒ) ဏပစ္စည်း အတိတ်ကမ္မသာဓနအနက်၌သက်--ငင်း (ဒု-ပစ္စယတ္ထ) နိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏--ငင်း (ဥပသဂ္ဂလိင်္ဂတ္ထ) နိဝသီယိတ္ထာတိ နိဝါသော-ဟု ကမ္မသာဓနပြု--ငင်း (အဘိဓာနတ္ထ) ခန္ဓာမှလွတ်သော နိဝသိတဗ္ဗမည်သည် မရှိသောကြောင့် နိဝါသ-အရ ခန္ဓာကိုယူ--ငင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေသည်။

အပေါင်း သံဝဏ္ဏနာဖြင့် ပုဗ္ဗေ နိဝါသော ပုဗ္ဗေနိဝါသော-ဟု အလုတ္တသတ္တမီတပ္ပုရိသ်သမာသ် ပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(ဂ) ၌ အဇ္ဈာဝုတ္ထာ-ဖြင့် နိဝုတ္ထ-ဟူသည် နေရာဌာန ဘုံဘဝ မဟုတ်၊ မိမိသန္တာန်၌ ဖြစ်ဖူးကုန်သော ခန္ဓာတို့ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

အနုဘူတာ-ဖြင့် အဇ္ဈာဝုတ္ထ-မိမိသန္တာန်၌ဖြစ်ဖူးသော ခန္ဓာတရားဟူသည် အစိုးတရအားဖြင့်ဖြစ်သော ခန္ဓာတရားမဟုတ်၊ အဖန်တလဲလဲဖြစ်ဖူးကုန်သော ခန္ဓာတို့ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

အတ္တနော သန္တာနေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါ-ဖြင့် အဖန်တလဲလဲဖြစ်ဖူးကုန်သော ခန္ဓာတို့ဟူသည် အနုဘဝန (ခံစားခြင်း)မဟုတ်။ မိမိသန္တာန်၌ ဖြစ်ကုန်ပြီး၍ ချုပ်ကုန်ပြီးသော ခန္ဓာတို့ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် နိဝါသ-အရ မိမိသန္တာန် သူတစ်ပါးသန္တာန်၌ အကျုံးဝင်သော ခန္ဓာနှစ်မျိုးလုံးကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(တစ်နည်း) နိဝုတ္ထဓမ္မာ-ဖြင့် နိဝုတ္ထက္ခန္ဓာ-ဟု ဆိုအပ်သော ခန္ဓာသာ နိဝုတ္ထမည်သည် မဟုတ်သေး၊ နေဖူးသော နာမဂေါတ္တ-စသော တရားတို့သည်လည်း နိဝုတ္ထမည်၏ဟု နိဝုတ္ထ-အရ နည်းတစ်ပါးကို သိစေပါသည်။ (ဘာဝတ္ထ)

(င) ၌ ဂေါစရနိဝါသေန-ဖြင့် မိမိသန္တာန် သူတစ်ပါးသန္တာန်၌ ဖြစ်ဖူးသော ဓမ္မတို့ကို အာရုံပြု၍ သိနိုင်ခြင်း၏အစွမ်းဖြင့် နိဝုတ္ထမည်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ အတ္တနော ဝိညာဏေန ဝိညာတာ ပရိစ္ဆိန္နာ-ဖြင့် ပုဗ္ဗေနိဝါသသည် မိမိ

r-30-B

http://www.dhammadownload.com



မိမိဉာဏ်ဖြင့် သိအပ်သောတရား, သူတစ်ပါးဝိညာဏ်ဖြင့် သိအပ်သော တရားဟု နှစ်မျိုးရှိရာတွင် မိမိဝိညာဏ်ဖြင့် သိရသောတရားတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ပရဝိညာဏဝိညာတာပိ ဝါ-ဖြင့် သူတစ်ပါးဝိညာဏ်ဖြင့် သိအပ်သော အာရုံများသည်လည်း နိဝါသ မည်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

**ဆိန္နဝဋုမကာနုဿရဏာဒီသု**-ဖြင့် ပရဝိညာဏဝိညာတဖြစ်သော နိဝါသတို့တွင် ထိပ်တန်း အထက်တန်းအကျဆုံးဖြစ်သော နိဝါသကား သံသရာဝဋ်မြစ် ပြတ်ပြီးသော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သာဝကတို့ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **နိဝုတ္ထဓမ္မာ ဝါ နိဝုတ္ထာ/နိဝုတ္ထဓမ္မာ ဝါ နိဝုတ္ထာတိ** ။ ။ "က္တဒါနိ အဝိသေသေန ဝတ္တုံ 'နိဝုတ္ထမ္မော ဝါ နိဝုတ္ထာ'တိ ဝတွာ တံ ဝိဝရိတုံ 'ဂေါစရ နိဝါသေနာ'တိ အာဒိ ဝုတ္တံ"ဟု သာရတ္ထဆိုသောကြောင့်ရင်း၊ သံဝဏ္ဏေတဗ္ဗပုဒ်ကို နိဝုတ္ထာတိ အန္တာဝုတ္တာ-ဟု ဥလ္လိင်္ဂနည်းဖြင့် ဖွင့်ခဲ့ပြီးဖြစ်၍ နောက်ထပ် က္တတိ-နှင့် ဖွင့်ခြင်းသည် မသင့်-ဟု ပါရာဇိကဏ် ဂဏ္ဌိသစ် ဆိုသောကြောင့်ရင်း နိဝုတ္ထမ္မော ဝါ နိဝုတ္ထာ-ဟု က္တတိ မပါသောပါဌ်သာ သင့်ပါသည်။

ပရဝိညာဏေန ဝါ ဝိညာတာပိ/ပရဝိညာဏေနပိ ဝိညာတာဝါ/ပရဝိညာဏေန ဝိညာတာပိဝါ/ပရဝိညာဏဝိညာတာပိ ဝါ ။ ။ ပိ-သဒ္ဒါသည် သကဝိညာဏ ဝိညာတ-ကို ဆည်းရကား ဝိညာတ-ပုဒ်နောင် ပိ-သဒ္ဒါထိုင်ရမည်ဖြစ်သောကြောင့်ရင်း၊ နယန္တရ ဇောတက ဝါသဒ္ဒါကို တပုဒ်နောင်သာ ထားရိုးထုံးစံ ရှိသောကြောင့်ရင်း ပရဝိညာဏေန ဝါ ဝိညာတာပိ-ပါဌ် သင့်ပါသည်။ ဝါကျနှင့် သမာသ်သာ ထူး၍ အနက်မထူးခြားသောကြောင့် ပရဝိညာဏ ဝိညာတာပိ ဝါ-ပါဌ်လည်း သင့်ပါသည်။

➤ ၈။ **ပုဗ္ဗေနိဝါသာနုဿတိမှိ**-ကား ပုဗ္ဗေနိဝါသာနုဿတိယံ ဆိုလိုလျက် ယံ-သဒ္ဒါကို မှိပြုသော အက္ခရဝိပလ္လာသနည်းအားဖြင့် ပုဗ္ဗေနိဝါသာနုဿတိမှိ ဟု ဆိုပါသည်။

(တစ်နည်း) ပုဗ္ဗေနိဝါသာနုဿတိယံ-ဟူသော က္တတ္ထိလိင်ပုဒ်ကို ပုဗ္ဗေနိဝါသာနုဿတိမှိ-ဟု ပုလ္လိင်ကဲ့သို့ပြန်သောကြောင့် လိင်္ဂဝိပလ္လာသနည်း။

[ယံ-ဟုဆိုအပ်သော အက္ခရာ တစ်ပါးကို မှိ-ဟုဆိုအပ်သော အက္ခရာတစ်ပါးဖြင့် ပြန်သောကြောင့် အက္ခရဝိပလ္လာသနည်း ဖြစ်ပါသည်။]

**ပုဗ္ဗေနိဝါသာနုဿတိ**-ကား အစိတ်ဖြစ်သော ရှေးအတိတ်ဘဝတို့၌ နေခဲ့ဖူးသော ခန္ဓာတို့ကို အောက်မေ့ခြင်း၏ "ပုဗ္ဗေနိဝါသာနုဿတိ"ဟူသော အမည်ကို အပေါင်းဖြစ်သော ရှေးအတိတ်ဘဝတို့၌ နေခဲ့ဖူးသော ခန္ဓာတို့ကို အောက်မေ့ခြင်း, ဘဝတစိတ်တဒေသကို အောက်မေ့ခြင်းတို့၌တင်-- ဧကဒေသူပစာ။

**ပုဗ္ဗေနိဝါသ**-ကား ဘဝနှင့်ခန္ဓာကို မပြားဘဲ ပြားသကဲ့သို့ တင်စား၍ ဆိုသောကြောင့် အဘေဒဘေဒူပစာ။ ပုဗ္ဗ-အရ အတိတ်ဘဝကိုယူသဖြင့် လိုအပ်သောအနက် ပြီးကောင်း

http://www.dhammadownload.com



သော်လည်း နိဝါသော-ဟု အလွန်အားဖြင့် ဆိုသောကြောင့် ဥက္ကဋ္ဌနည်း မည်၏။

(ဂ) ကို၍ နိဝုတ္ထ-ကား အပေါင်းဖြစ်သော အဇ္ဈာဝုတ္ထနိဝုတ္ထ, ဂေါစရနိဝုတ္ထတို့၏ နိဝုတ္ထ-ဟူသောအမည်ကို အစိတ်ဖြစ်သော အဇ္ဈာဝုတ္ထနိဝုတ္ထ၌တင်-- ဧကဒေသူပစာ။

(ဃ) ကို၍ နိဝုတ္ထကား--အပေါင်းဖြစ်သော အဇ္ဈာဝုတ္ထနိဝုတ္ထ, ဂေါစရနိဝုတ္ထတို့၏ နိဝုတ္ထ-ဟူသောအမည်ကို အစိတ်ဖြစ်သော ဂေါစရနိဝုတ္ထ၌တင်-- ဧကဒေသူပစာ။

**အတ္တာစေဝ သန္တာစေ**-ကား အတ္တနော၊မိမိ၏။သန္တာနေ၊သန္တာန်၌။အနုဘူတာ၊အထပ်ထပ် ဖြစ်ဖူးကုန်သော ခန္ဓာတို့တည်း-ဟူ၍ငင်း၊ အတ္တနော၊မိမိ၏။သန္တာနေ၊သန္တာန်၌။ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်၍။နိရုဒ္ဓါ၊ချုပ်ကုန်ပြီးသော ခန္ဓာတို့တည်း ဟူ၍ငင်း၊ ဤသို့ အနုဘူတာ, နိရုဒ္ဓါ နှစ်ပုဒ်ကိုငဲ့သောကြောင့် ကာကောလောကနနည်း/မဇ္ဈေဒီပကနည်း မည်၏။

**နိဝါသ/နိဝုတ္ထက္ခန္ဓာ**-ကား ဌာန (အကြောင်း)ဖြစ်သော ခန္ဓာငါးပါးတို့၏ နိဝါသ/ နိဝုတ္ထက္ခန္ဓာ-ဟူသောအမည်ကို ဌာနီ(အကျိုး)ဖြစ်သော နာမဂေါတ္တစသည်၌တင်--ဌာနူပစာ။(ကာရဏူပစာ) နာနန္တရိကနည်း။

➢ ၁၀။ **နိဝါသ/နိဝုတ္ထက္ခန္ဓာ**-အရ နေအပ်ခဲ့ဖူးသော ခန္ဓာငါးပါးကိုယူ။

**ဓမ္မ**-အရ ကုသိုလ်ကံ အကုသိုလ်ကံကို ယူ။

## ပါဠိ [၁၂၈]

(က) **ပုဗ္ဗေနိဝါသာနုဿတိတိ** ယာယ သတိယာ ပုဗ္ဗေနိဝါသံ အနုဿရတိ၊ သာ ပုဗ္ဗေနိဝါသာနုဿတိ။ (ခ) **အဘိနိန္နာမေသိန္တိ** အဘိနီဟရိံ။ (ဂ) **သောတိ** သော အဟံ။

(ဃ) **အနေကဝိဟိတန္တိ** အနေကဝိဓံ။ (င) အနေကေဟိ ဝါ ပကာရေဟိ ပဝတ္တိတံ။

(စ) **သံဝဏ္ဏိတန္တိ** အတ္ထော။ (ဆ) **ပုဗ္ဗေနိဝါသန္တိ** သမနန္တရာတီတံ ဘဝံ အာဒိံ ကတွာ တတ္ထ တတ္ထ နိဝုတ္ထသန္တာနံ။ (ဌ။၁၂၈။ မအဋ္ဌ၊၂။ ၃၃၀။ ဘာသာဋီ၊၂ ၁၄။)

➢ ၁။ (ဃ) ၌-- **အနေကဝိဟိတံ**=ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ စသည်တို့၏အစွမ်းဖြင့် များစွာသော အပြားရှိသော။(ပုဗ္ဗေနိဝါသံ ၌စပ်)

(င)-၌-- **အနေက ဝိဟိတံ**=ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသစသည် တို့၏အစွမ်းဖြင့် များစွာကုန်သော အပြားတို့ဖြင့်ဟောအပ်သော။[သဒ္ဒတ္ထ]

(စ) ၌-- **အနေကဝိဟိတံ**=ချဲ့အပ် ချီးမွမ်းအပ်သော။ [အဓိပ္ပါယတ္ထ]

➢ ၂။ (င) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ဃ)ဖြင့် အနေကဝိဟိတံ-၌ ဝိဟိတ-သဒ္ဒါကား ဝိဓ-သဒ္ဒါ၏ ပရိယာယ်ဟု ပြပြီး၍ ယခုအခါ၌ ဝိဟိတ-သဒ္ဒါကား ပဝတ္တနတ္ထ၊ အနေက-သဒ္ဒါဖြင့်လည်း ဘေဒနိဿိတ-ဟု ပြခြင်းငှာ အလိုရှိတော်မူသော ဆရာသည် (င) မိန့်။

(စ) သို့/ ဆရာ-သည် (င) ဖြင့် အနေကဝိဟိတံ-၌ ဝိဟိတ-သဒ္ဒါသည် ပဝတ္တန အနက်ဟောသည်ကို ဖွင့်ပြတော်မူ၏။ (တစ်နည်း) အနေကဝိဟိတံ-၌ ဝိဟိတ-သဒ္ဒါကို

http://www.dhammadownload.com



ပဝတ္တိတံ-ဟု ဖွင့်ဆိုတော်မူ၏။ ဤ၌ ပပုဗ္ဗ ဝတုဓာတ်၏ အဓိပ္ပါယ်အနက်ကို အဘယ်သို့ မှတ်သားရပါမည်နည်း။ ပြုအပ်ဟူသော အနက်ကို မှတ်သားရပါမည်လော။ စုဒ်ကြောင့် (စ) မိန့်။ **ကား** -- ဓမ္မစက္ကံ ပဝတ္တိတံ ဒေဝါနံ သမ္ပဝတ္တယိ-တို့၌ကဲ့သို့ ပပုဗ္ဗ ဝတုဓာတ်၏ ကထနအနက်ကို မှတ်သားရပါမည်ဟူလို။

➤ ၃။ (က-ခ-ဂ-ဃ) ပက္ခန္တရ။ (င) နယန္တရ ပက္ခန္တရ။ (စ) ဝိတ္ထာရ/ဝါကျာရမ္ဘ။ (ဆ) ပက္ခန္တရ။

➤ ၄။ န ဧကော **အနေကော**။ န-ဟူသော ဝိသေသနပုဒ်အရကား ပဋိသေဓ ဘောဂုဏ်သည် မုချ။ ထို--၏ ဧက-နောက်ပုဒ်အရ တစ်ပါးသော သချာနှင့် ဂုဏ်-ဂုဏီ စပ်။ ပုဒ်လုံးအရကား ထို--သော တစ်ပါးမက အများရ၏။

* [ဃ--နှင့်အညီ] ဝိစိတ္တဘာဝေန ဓိယတိ ဓာရိယတိ ဌပိယတီတိ ဝါ ဝိဟိတော။ (အစိတ်ဝိဂ္ဂဟ) အနေကော ဝိဟိတော ဧတဿ ပုဗ္ဗေနိဝါသဿာတိ **အနေကဝိဟိတော**။ [တံ အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ] (အပေါင်းဝိဂ္ဂဟ) ဧတဿ ပုဗ္ဗေနိဝါသဿ၊အား။ အနေကော၊ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၏အစွမ်းဖြင့် များစွာသော။ ဝိဟိတော၊အပြားသည်။အတ္ထိ၊၏။ဣတိ၊ကြောင့်။သော ပုဗ္ဗေနိဝါသော၊သည်။အနေက ဝိဟိတော၊မည်၏။ အနေကပုဒ်+ဝိဟိတပုဒ်+ဧတပုဒ်။ တဂ္ဂုဏသံဝိညာဏ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်။ အနေက ဝိဟိတ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၏အစွမ်းဖြင့် များစွာသော အပြားသည် မုချ။ ယင်း၏ ပုဗ္ဗေနိဝါသနှင့် ဂုဏ်-ဂုဏီ စပ် ဌာန။ ဧတ-ဟူသော အညပုဒ်အရကား ထို--သော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၏အစွမ်းဖြင့် များစွာသော အပြားရှိသော ပုဗ္ဗေနိဝါသ ရ၏။ (ဝိသေသနဆက်ကောက်)

* [င--စ--နှင့်အညီ] ဝိဓိယတိ ကထိယတီတိ ဝိဟိတော (အစိတ်ဝိဂ္ဂဟ) အနေကေဟိ ပကာရေဟိ ဝိဟိတော အနေကဝိဟိတော။ (တစ်နည်း) အနေကပကာရေဟိ သဒ္ဓိံ ဝိဟိတော **အနေကဝိဟိတော**။ (အပေါင်း ဝိဂ္ဂဟ) အနေကေဟိ၊ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသစသည်တို့၏အစွမ်းဖြင့် များစွာကုန်သော။ပကာရေဟိ၊အပြား တို့ဖြင့်။(ဝါ)တို့နှင့်။သဒ္ဓိံ၊တကွ။ဝိဟိတော၊ဟောအပ်သည်တည်း။အနေကဝိဟိတော၊-- ဟောအပ်သည်။(အနေကပုဒ်+ဝိဟိတပုဒ်+မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ်)

အနေက-ဟူသော ဝိသေသနပုဒ် အရကား ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသစသည်တို့၏အစွမ်းဖြင့် များစွာကုန်သော အပြားတို့ဖြစ်သည် မုချ။ ယင်းတို့၏ ဟောအပ်သော ပုဗ္ဗေနိဝါသဖြစ်နှင့် ပကာရ-ပကာရဝန္တ/ဂုဏ်-ဂုဏီ စပ် ဌာန။ ပုဒ်လုံးအရကား ထို--သော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသစသည်တို့၏ အစွမ်းဖြင့် များစွာကုန်သော အပြားတို့ဖြင့်။ (ဝါ) တို့နှင့်တကွ ဟောအပ်သော ပုဗ္ဗေ -

http://www.dhammadownload.com



နိဝါသ ရ၏။ (ဝိသေသနဆက်ကောက်)

* ဗုဒ္ဓါဒီဟိ သံဝဏ္ဏိယတေ ဝိတ္ထာရီယတေတိ **သံဝဏ္ဏိတော**။ ဝဏ္ဏ- ခတ်အရ ကတ္တုဌကား ချီးမွမ်းတတ် ချဲ့တတ်သော ဘုရား-စသော သူတော်ကောင်းတို့ သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။ ကမ္မဌကား ပုဗ္ဗေနိဝါသ-၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရကား ထို--သော ချီးမွမ်းအပ် ချဲ့အပ် သော ပုဗ္ဗေနိဝါသ ရ၏။

* အနေကာ ဝိဓာ ယဿာတိ **အနေကဝိဓော**။ အနေကဝိဓ-ပုဒ်လုံးအရကား အထူး ထူးသော ဘဝ ယောနိ-စသော အပြားတို့သည် မှချ။ ထို--၏ ယ-အညပုဒ်အရ ပုဗ္ဗေ နိဝါသနှင့် ဌာနီ-ဌာန စပ် ဌာနူ။ ယ-အညပုဒ်အရကား ထို--သော အထူးထူးသော ဘဝ, ယောနိ-စသော အပြားရှိသော ပုဗ္ဗေနိဝါသ ရ၏။

* အနေကော ဝိဓော ဧတဿာတိ **အနေကဝိဓော**။

➤ ၆။ (က) ၌ ယာ အနုဿရတိ-ဖြင့် အနုဿတိပုဒ်ကို အနုဿရတိ ဧတာယာတိ အနုဿတိ-ဟု ကရဏသာဓနဝစနတ္ထပြု-ရင်း (အဘိဓာနတ္တ) တိပစ္စည်း၏ ကရဏသာဓန အနက်၌သက်--ရင်း (ဒု-ပစ္စယတ္တ) အနုဿတိ-ပုဒ်၏ သရဓာတ်၏--ရင်း (ဒု-ဓာတုပဒ) သတိယာ-ဖြင့် အနုဿတိ-အရ သတိကိုယူ--ရင်း (အဘိဓေယျတ္တ) ပုဗ္ဗေနိဝါသံ အနု ဿတိ-ဖြင့် ပုဗ္ဗေနိဝါသနှင့် အနုဿတိပုဒ်ကို ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု-- ရင်း (သမာသ လိင်္ဂပဒတ္တ) သိစေပါသည်။

(ခ) ၌ အဘိနီဟရိ-ဖြင့် အဘိရှေ့ နီရှေ့ရှိသော နမုဓာတ်၏ နီဟရဏအနက်ဟော- ရင်း (ဓာတွတ္ထ) ဏေပစ္စည်းကား ကာရိုက်မဟုတ်၊ စုရာဒိ ဏေပစ္စည်း၏-ရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ သော အဟံ-ဖြင့် ပါဠိ၌ အဘိနိန္နာမေသိ-ဟု ဥတ္တမပုရိသ်နှင့်ယှဉ်ခြင်းကြောင့် သောပုဒ်၌ အဟ-သဒ္ဒါကိုဆောင်၍ ဆိုလျှင်ပင် အနက်ထင်ရှားသတည်းဟု သိစေသည်။ (ဘာဝတ္ထ) [တစ်နည်း] အနုဿရာမိ-ဟု အမှယောဂဖြင့် ကြိယာပုဒ်ကို ဆိုခြင်းကြောင့် သောပုဒ်၌ အဟံ-သဒ္ဒါကို ဆောင်၍ဆိုလျှင် အနက်ထင်ရှားသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) (ဃ) ၌ အနေကဝိဓံ-ဖြင့် ဝိဟိတသဒ္ဒါကား ဝိဓ-သဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္တ)

(င) ဖြင့် ဝိပုဗ္ဗ ဓာဓာတ်၏ ပဝတ္တနတ္ထကို ဟော--ရင်း (ဒု-ဓာတွတ္ထ) (ဝါ) ဝိဟိတ- သဒ္ဒါ၏ ပဝတ္တနတ္ထကိုဟော--ရင်း (နာမလိင်္ဂတ္ထ) အနေကေဟိ ပကာရေဟိ ဝိဟိတံ အနေကဝိဟိတံ-ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂပဒတ္တ) ပကာရ-ဟူသော အလယ်ပုဒ်ကျေသည်၏--ရင်း (ဘာဝတ္ထ) အနေက-သဒ္ဒါကား ဘေဒ (ပကာရ) နိဿိတ-၏--ရင်း (ဘာဝတ္ထ) (ဝါ) အနေက-အရ ပကာရကိုယူ--ရင်း (အဘိ

http://www.dhammadownload.com



ဝေယျတ္ထ) သိစေပါသည်။ (စ) ဖြင့် ပဝတ္တိတံ-၌ ပပုဗ္ဗ ဝတုဓာတ်သည် ဖြစ်ခြင်း ပဝတ္တနတ္ထကို မဟော၊ ဒေဝါနံ သမ္ဘဝတ္တယိ-၌ကဲ့သို့ ဟောခြင်း=ကထနတ္ထကို ဟောသတည်းဟု သိစေပါသည်။ (ဒု-ဓာတွတ္ထ)

(ဆ) ၌ သမနန္တရာတီတံ ဘဝံ အာဒိံ ကတွာ-ဖြင့် ပုဗ္ဗ-သဒ္ဒါသည် အင်္ဂအနက် (ဝါ) အတီတအနက်ဟော--ဝှင်း (နာမလိင်္ဂတ္ထ) ပုဗ္ဗ-အရ အခြားမဲ့လွန်လေပြီးသော တုသိတာနတ်ဘဝကို အစပြု၍ လွန်ပြီးဘဝ ခန္ဓာကိုယူ--ဝှင်း (အဘိဓေယျတ္ထ) သိစေပါသည်။

တတ္ထ တတ္ထ နိဝုတ္ထသန္တာနံ-ဖြင့် နိဝသိယိတ္ထာတိ နိဝါသော-ဟု ကမ္မသာဓန ဝစနတ္ထပြု--ဝှင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ ကမ္မသာဓနအနက်၌သက်--ဝှင်း (ဒု-ပစ္စယတ္ထ) နိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက ၏--ဝှင်း (ဥပသဂ္ဂလိင်္ဂတ္ထ) နိဝါသ-သဒ္ဒါသည် အတွင်း၌ဝင်သော အပြားရှိသော နိဝုတ္ထသန္တာန်ကို ဟောသောသဒ္ဒါ၏--ဝှင်း (နာမလိင်္ဂတ္ထ)

[တစ်နည်း] နိဝါသ-အရ ခန္ဓာအစဉ်ကို ကောက်ယူ--ဝှင်း (အဘိဓေယျတ္ထ) ပုဗ္ဗနှင့် နိဝါသကို ပုဗ္ဗေ နိဝါသော ပုဗ္ဗေနိဝါသော-ဟု အလုတ္တ သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ဝှင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

➢ ၇။ အာဒိံ ကတွာ/အာဒိကတွာ ။ ။ အာဒိန္တိ ပဒံ ကတွာတိ ပဒေ ဝိကတိကမ္မံ ကြိယာဝိသေသနံ ဝါ-ဟု ယောဇနာ၌ဆိုသောကြောင့်၎င်း၊ "မာန အန္တ၊ တုံ တုန-နှင့်၊ တွာန တွာ၊ နောက်ပုဒ်ပါမူ၊ ဝါကျသာမှတ် သမာသ်မဖြစ် ဆိုတုံလှစ်၏"ဟု နိယံများ၌ဆိုသောကြောင့်၎င်း၊ သမာသ်ပုဒ်အနေနှင့် မရှိနိုင်မူ၍ ဝါကျအဖြစ်သာ ရှိသင့်သောကြောင့် အာဒိံ ကတွာ-ပါဌ်သာ သင့်ပါသည်။

➢ ၈။ ဘဝ-ကား အပေါင်းဖြစ်သော ဘဝအားလုံးတို့၏ "ဘဝ"ဟူသောအမည်ကို အစိတ်ဖြစ်သော တုသိတာဘုံ၌ဖြစ်သော ဘဝ၌တင်-- ဧကဒေသူပစာ။ ရှဋီနည်း။

တတ္ထ တတ္ထ နိဝုတ္ထသန္တာနံ-ကား ထိုထိုဘဝနှင့် ထိုထိုဘဝတို့၌ ဖြစ်ဖူးသော ခန္ဓာအစဉ်ကို မပြားဘဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

➢ ၁၀။ နိဝုတ္ထသန္တာန-အရကား နေဖူးသော ခန္ဓာငါးပါးကိုယူ။

**ပါဠိ [၁၂၁]**

(က-၁) အနုဿရာမီတိ "ဧကမ္ပိ ဇာတိံ ဒွေပိ ဇာတိယော"တိ ဧဝံ ဇာတိပဋိပါဋိယာ အနုဂန္တွာ အနုဂန္တွာ သရာမိ။ (က-၂) အနုဒေဝ ဝါ သရာမိ။

(ခ) စိတ္တေ အဘိနိန္နာမိတမတ္တေ ဧဝ သရာမီတိ ဒဿေတိ။ (ဂ) ပူရိတပါရမီနဉှိ မဟာပုရိသာနံ ပရိကမ္မကရဏံ နတ္ထိ။ (ဃ) တေန တေ စိတ္တံ အဘိနိန္နာမေတွာဝ သရန္တိ။

(င) အာဒိကမ္မိကကုလပုတ္တာ ပန ပရိကမ္မံ ကတွာဝ သရန္တိ။

(စ) တသ္မာ တေသံ ဝသေန ပရိကမ္မံ ဝတ္တဗ္ဗံ သိယာ။

(၄၊၁၂၈။ မအူ-၂၊၃၃၂။ ဘာသာဋီ-၂၊၁၃၅)

http://www.dhammadownload.com



➤ ၁။ **အနုသာသရာမိ**-ဘဝအစဉ်အားဖြင့် အစဉ်လျှောက်၍ အစဉ်လျှောက်၍ အောက်မေ့၏။ (ဝါ) ပုဗ္ဗေနိဝါသသို့ စိတ်ကိုညွတ်စေကာမျှ၌သာလျှင် အောက်မေ့၏။

**အနုဿရာမိ** = ညွတ်စေသည်၏အခြားမဲ့၌သာလျှင် အောက်မေ့နိုင်၏။[သဒ္ဒတ္ထ]

(ဝါ) ဉာဏ ဂတိအားဖြင့် ဘဝအစဉ်လျှောက်၍ သိနိုင်၏။ [အဓိပ္ပါယတ္ထ]

➤ ၂။ (က–၂) သို့/ **အနုဿရ** ။ ။ ဤသို့ (က-၁)ဖြင့် အနုဿရာမိ-၌ အနု-ဥပသာရပုဒ်သည် ဝိစ္ဆာ အနွောနီတ အနုဂမနတ္ထ၌ ဖြစ်သည်ကို ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ ယင်း အနုဥပသာရပုဒ်နောင် ဧဝ-သဒ္ဒါကျေ၍ အနန္တရတ္ထဖြစ်သည်ကို ဖွင့်ပြတော်မူလိုသော အဌကထာဆရာသည် (က-၂) ကိုမိန့်။

(ခ) သို့/ **အနုဿရ** ။ ။ ဤသို့ (က)ဖြင့် အနုဿရာမိ-ကို အနုဒေဝ ဝါ သရာမိ-ဟု ဖွင့်ပြပြီး၍ ယခုအခါ၌ အနုသဒ္ဒါ၏ အနန္တရတ္ထကို ချဲ့ပြလိုသော ဆရာသည် (ခ) မိန့်။

(ခ) သို့/ **သာအောဏဆ္ဍ** ။ ။ ဆရာသည် (က-၂) ဖြင့် အနုဿရာမိ-ကို အနုဒေဝ သရာမိ-ဟု တစ်နည်းအားဖြင့် ဖွင့်ဆိုတော်မူ၏။ ထို အနုဒေဝ သရာမိ-ဟူသည် အဘယ်ပါနည်း။ အနုဒေဝသရာမိဖြစ်ပုံ အကျယ်ကို ပြဆိုသင့်သည် မဟုတ်ပါလော။ (ခ) မိန့်။

(ဂ) သို့/ ဆရာသည် (ခ) ဖြင့် စတုတ္ထဈာန်စိတ်ကို ပုဗ္ဗေနိဝါသသို့ ရှေးရှုညွတ်စေအပ်ကာမျှဖြင့်သာလျှင် အောက်မေ့နိုင်သောဟု ဆို၏။ အဘယ့်ကြောင့် ယင်းသို့ အောက်မေ့နိုင်ပါသနည်း။ ပရိကံနှင့်ကင်း၍ အဘိညာဏ် မဖြစ်ရာသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ) မိန့်။ **ကား** -- ပါရမီဖြည့်ပြီးပုဂ္ဂိုလ်တို့အား ပရိကံပြုဘွယ်ကိစ္စ မရှိသောကြောင့် ယင်းသို့ အောက်မေ့နိုင်ပါ၏ဟူလို။

(ဃ) သို့/ **အောဒရာ** ။ ။ (ဌပနာတူ) အဘိညာဉ်တို့မည်သည် ပရိကံနှင့်ကင်း၍ မဖြစ်ကောင်းရာသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် စိတ်ကို ရှေးရှုညွတ်စေအပ်ကာမျှဖြင့် အောက်မေ့နိုင်၏ဟူသော ဆရာ့စကား အသို့လျှင် သင့်နိုင်ပါအံ့နည်း။ အဘိဓမ္မာနှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့် ရောက်ရာ၏။ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ **အောဒရာ** ။ ။ ဆရာ-သည် (ဂ-ဃ) တို့ဖြင့် ပါရမီဖြည့်ပြီးပုဂ္ဂိုလ်တို့အား ပရိကံပြုဖွယ်ကိစ္စ မရှိသောကြောင့် စတုတ္ထဈာန်စိတ်ကို ပုဗ္ဗေနိဝါသသို့ ရှေးရှုညွတ်စေအပ်ကာမျှဖြင့် အောက်မေ့နိုင်သောဟု ဆို၏။ ပုဂ္ဂိုလ်တိုင်း ယင်းသို့ အောက်မေ့နိုင်ပါသလော။ အဘယ် ပုဂ္ဂိုလ်တို့သည် ပရိကံပြု၍သာ အောက်မေ့နိုင်ပါသနည်း။ (အဗျာပိတ-တင်) **ကား**-- (င) ဖြင့် အာဒိကမ္မိကပုဂ္ဂိုလ်တို့အား ပရိကံပြု၍သာလျှင် အောက်မေ့နိုင်၏ဟု ငါပြဆိုရကား သင်တင်သော အဗျာပိတဒေါသ ငါ့အား မရောက်ဟူလို။

➤ ၃။ (က-၂) နယန္တရ ပက္ခန္တရ။ (ခ) ဝိတ္ထာရ။ (ဂ) ယုတ္တိဒဠှီကရဏ။ (ဃ) သည် ပရိကံလိုအပ်သော ပုဂ္ဂိုလ်အထူးကို ပြသောကြောင့် ဝိသေသဝါကျ။ (တစ်နည်း) မဟာပုရိသတို့၏ အောက်မေ့ပုံမှတစ်ပါး အာဒိကမ္မိကပုဂ္ဂိုလ်တို့၏ အောက်မေ့ပုံကို

http://www.dhammadownload.com



ပြသောကြောင့် ပက္ကန္တရ။ (င) ပက္ကန္တရ။ (စ) လဒ္ဓ ဂုဏ။

**စာစပ်** ။ ။ တသ္မာ-ကား ကြောင့်--ကြောင့် ဝတ္တဗ္ဗံ သိယာ-၌ အကြောင်းဟိတ်။ ဝတ္တဗ္ဗံ သိယာ-ကား အကျိုးဖိုလ်အဖြစ်ဖြင့် စပ်အပ်၏။

➤ ၄။ ပူရေတဗ္ဗာတိ ပူရိတာ။ ပရမာနံ သော ပါရမီ။ ပူရိတာ ပါရမီ ယေဟီတိ **ပူရိတပါရမိယော**။ (တေသံ) ပူရိတ ပါရမီ-ဟူသော ဗဟုဗ္ဗီဟိအရ ဖြည့်အပ်ပြီးသော ပါရမီတို့သည် မုချ။ ထို-၏ ယ-အညပုဒ်အရ မဟာပုရိသတို့နှင့် သာချ-သာကေ/ဌာနိ-ဌာန စပ် ဌာန္။ ယ-အညပုဒ်အရကား ထို-- သော ပါရမီရှိသော မဟာပုရိသတို့ ရ၏။

* ပူရိတာ ပါရမိယော ဧတေဟိ မဟာပုရိသေဟီတိ **ပူရိတပါရမီ**။ ပူရိတပါရမီပုဒ် အရကား ဖြည့်ကျင့်အပ်ပြီးသော ပါရမီတို့သည် မုချ။ ထို--၏ ယောက်ျားမြတ်တို့နှင့် သံ-သာမီ/ဂုဏ်-ဂုဏော စပ် ဌာန္။ ဧတ-အရကား ထို--သော ဖြည့်ကျင့်အပ်ပြီးသော ပါရမီတို့ရှိသော ယောက်ျားမြတ်တို့ ရ၏။ (ဝိသေသနဆက်ကောက်)

* အာဒိစ တံ ကမ္မဥ္စာတိ အာဒိကမ္မံ။ အာဒိကမ္မေ နိယုတ္တာ အာဒိကမ္မိကာ။ အာဒိ ကမ္မိကာစ တေ ကုလပုတ္တာ စာတိ **အာဒိကမ္မိကကုလပုတ္တာ**။ အာဒိကမ္မိက-ဟူသော ဝိသေသနပုဒ်အရ အစစွာသော အဘိညာဉ်အမှု၌ယှဉ်သည်၏အဖြစ်ဟုဆိုအပ်သော ဂုဏ်သည် မုချ။ ထို--၏ အမျိုးကောင်းသားနှင့် ဂုဏ်-ဂုဏော စပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော အစစွာသော အဘိညာဉ်အမှု၌ယှဉ်သော အမျိုးကောင်းသားတို့ ရ၏။

* အာဒိမှိ ကမ္မံ **အာဒိကမ္မံ**။ [အာဒိမှိ၊အစ၌။ကမ္မံ၊ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်း အမှုတည်း။အာဒိကမ္မံ--အမှု။] အာဒိကမ္မေ နိယုတ္တာ **အာဒိကမ္မိကာ**။ (အပေါင်းဝိဂ္ဂဟ)

အာဒိကမ္မေ၊အစ၌ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းအမှု၌။နိယုတ္တာ၊ယှဉ်ကုန်သောသူ တို့တည်း။အာဒိကမ္မိကာ၊--သူတို့။ အာဒိကမ္မ-ပုဒ်+ ဏိကပစ္စည်း။နိယုတ္တတဒ္ဓိတ်။

အာဒိကမ္မ-အရ အစ၌ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းအမှုသည် မုချ။ ယင်း၏ ယှဉ်သော ပုဂ္ဂိုလ်တို့ဖြစ်နှင့် ကမ္မ-ကမ္မီ/ သာချ-သာကေ စပ် ဌာန္။ ဏိက-ပစ္စည်း အရကား ထို--သော အစ၌ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းအမှု၌ယှဉ်သော သူတို့ရ၏။

(တစ်နည်း) ပဌမံ အာဒိယတီတိ အာဒိ။ ကရီယတီတိ ကမ္မံ။ အာဒိမှိ ကမ္မံ ဧတေသံ ကုလပုတ္တာနန္တိ **အာဒိကမ္မိကာ**။ အာဒိကမ္မိကပုဒ်အရကား အစ၌ ပုဗ္ဗေနိဝါသကို အောက် မေ့ခြင်းအမှုသည် မုချ။ ထို--၏ အမျိုးကောင်းသားတို့နှင့် ဂုဏ်-ဂုဏော စပ် ဌာန္။ ဧတ-အညပုဒ်အရကား ထို--သော အစ၌ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းအမှုရှိသော အမျိုး ကောင်းသားတို့ ရ၏။ * ဇာတိနံ ပဋိပါဋိ **ဇာတိပဋိပါဋိ**။

➤ ၆။ (က) ၌ အနုဂန္ဒာ အနုဂန္ဒာ သရာမိ-ဖြင့် အနုဿရာမိ-ကို အနု+သရာမိ- ဟု ပဒစ္ဆေဒပြု--ရင်း (သန္ဓိလိဂ်ပဒ) အနုသဒ္ဒါသည် ပဏ္ဍာ, ဘုသ- စသော အနက်တို့ကို မဟော၊ အနုဂတအနက်ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ဝိစ္ဆာအတွင်းဝင်နေသည်၏--ရင်း

http://www.dhammadownload.com



(ဘာဝတ္ထ) သိစေပါသည်။

**ဧကာမ္ပိ ဇာတိ (ပ) ဇာတိ ပဋိပါဋိယာ**-ဖြင့် အစဉ်လျှောက်၍ အောက်မေ့၏ဟူသည် ဘဝအစဉ်အားဖြင့် အောက်မေ့သည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

**အနုဒေဝ သရာမိ**-ဖြင့် အနုဿရာမိ-ကို အနု+သရာမိ-ဟု ပုဒ်ဖြတ်--ရင်း (သန္ဓိ လိဂ်ပဒ) အနုသဒ္ဒါ အနန္တရအနက်ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အနုနောင် ဧဝ-သဒ္ဒါ ကျေနေသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(စ) ၌ စိတ္တေ အဘိနိန္နာမိတမတ္တေဧဝ-ဖြင့် အခြားမဲ့၌သာလျှင် အောက်မေ့နိုင်၏ဟူသည် စိတ်ကို ပုဗ္ဗေနိဝါသသို့ ရှေးရှုညွှတ်စေအပ်ကာမျှဖြင့်သာလျှင် အောက်မေ့ နိုင်သည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ) [တစ်နည်း) အနုသဒ္ဒါ အနန္တရ အနက်ဟောဟု သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ)

➢ ၇။ **အနောတတ္တ/အနောဒတ္တ ။ ။** နတ္ထိ ဩတတ္တံ ဧတ္ထာတိ အနောတတ္တံ-ဟု ပြု။ အဝပုဗ္ဗ တပဓာတ်၊တပစ္စည်းဖြင့် ရုပ်ပြီးရကား ပဥ္စမက္ခရာနှင့်သာ လိုသည်-ဟု ပါရာဇိကဏ်ဂဏ္ဌိသစ်၌ ဆိုသောကြောင့်ရင်း၊ တတြ သူရိယရံသိသမ္ဗန္ဓာဘာဝေန န အဝတပတိ ဥဒကမေတ္ထာတိ အနောတတ္တော-ဟူသော (ဓာန်ဋီ၊၆၇၉) ဝစနတ္ထအရ နေရောင်တွေ့ထိမှု မရှိသဖြင့် အလွန်မပူသော ရေရှိရာ ရေအိုင်ဟူ၍ အနက်ထွက်သော ကြောင့်ရင်း၊ အနောတတ္တ-ဟု ပဥ္စမက္ခရာနှင့်ရှိသော ပါဌ်သင့်ပါသည်။

**အဘိနိန္နာမိတမတ္တေ/အဘိနိန္နာမိတမတ္တေဧဝ ။ ။** မတ္တ-ကား သန္နိဋ္ဌာန်၊ ဧဝ-ဖြင့် ပရိကံကို ကန့်သည်-ဟု မအူ၊ ဂဏ္ဌိသစ်တို့ ဆိုသောကြောင့် အဘိနိန္နာမိတမတ္တေဧဝ-ဟု ဧဝ-ပါသော ပါဌ်သာ သင့်ပါသည်။

**ပူရိတပါရမိနဉ္စ/ပူရိတပါရမိနံတိ ။ ။** ဖောဉ် -သုတ်သည် ဓေနိပါတ် ဟိနိပါတ် နှောင်းရာ၌ နိဂ္ဂဟိတ်ကို ဥ ပြုရာဝယ် လိုက်လာသော ဝါသဒ္ဒါ၏ ဝဝတ္ထိတဝိဘာသာ အနက်ရှိရကား ဥ -အပြု မမြဲသောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

➢ ၈။ **စိတ္တေ/စိတ္တံ**-ကား အပေါင်းဖြစ်သော စိတ်အားလုံး၏ စိတ္တေ/စိတ္တံ- ဟူသောအမည်ကို အစိတ်ဖြစ်သော စတုတ္ထဈာန်စိတ်၌တင်--ဧကဒေသူပစာ။ ရှုဋ္ဌီနည်း။

**ဇာတိ ပဋိပါဋိယာ**-ကား အစိတ်ဖြစ်သော ဘဝအစဉ်၏ ဇာတိပဋိပါဋိယာ-ဟူသော အမည်ကို အပေါင်းဖြစ်သော ခန္ဓာအစဉ်၊ စုတိအစဉ်၊ ပဋိသန္ဓေအစဉ်တို့၌တင်-- ဧကဒေ သူပစာ။ ဥပလက္ခဏနည်း။ (တစ်နည်း) ဌာနဖြစ်သော ဘဝအစဉ်၏ "ဇာတိပဋိ ပါဋိယာ"ဟူသောအမည်ကို ဌာနီဖြစ်သော ခန္ဓာအစဉ်၊ စုတိအစဉ်၊ ပဋိသန္ဓေအစဉ်တို့၌ တင်-- ဌာနူပစာ။ နာနန္တရိကနည်း။

➢ ၁၀။ **ဧကမ္ပိ ဇာတိ**-၌ ဇာတိ-အရ ပဋိသန္ဓေစိတ္တုပ္ပါဒ်နှင့် နိပ္ဖန္နရုပ် အဌာရသကိုယူ။ **ကုလပုတ္တာနံ**-အရ အမျိုးကောင်းသားတို့၏ လောကီခန္ဓာငါးပါးကိုယူ။

http://www.dhammadownload.com



## ပါဠိ [၁၂၂]

(က) စသေယျထိဒန္တိ အာရဒ္ဓပ္ပကာရ ဒဿနတ္ထော နိပါတော။ (ခ) တေနေဝ ယ္ဂာယံ ပုစ္ဆိတဗ္ဗာသော အာရဒ္ဓါ၊ တဿ ပကာရပ္ပဘေဒံ ဒဿေန္တော "ကေမ္ပိ ဇာတိ"န္တိ အာဒိမာဟ။

(ဂ) တတ္ထ ကေမ္ပိ ဇာတိန္တိ ဧကမ္ပိ ပဋိသန္ဓိမူလံ စုတိပရိယောသာနံ ဧကဘဝပရိယာပန္နံ ခန္ဓသန္တာနံ။ (ဃ) ဧသ နယော ဒွေပိ ဇာတိယောတိအာဒီသု။ (င) အနေကေပိ သံဝဋ္ဋကပ္ပေတိအာဒီသု ပန ပရိဟာယမာနော ကပ္ပေါ သံဝဋ္ဋကပ္ပေါ။ ဝဍ္ဍမာနော ဝိဝဋ္ဋကပ္ပေါတိ ဝေဒိတဗ္ဗော။ (စ) တတ္ထ သံဝဋ္ဋေန သံဝဋ္ဋဌာယီ ဂဟိတော ဟောတိ တံမူလကတ္တာ။ ဝိဝဋ္ဋေန စ ဝိဝဋ္ဋဌာယီ။

(ဆ) ဧဝဉှိ သတိ ယာနိ တာနိ "စတ္တာရိမာနိ ဘိက္ခဝေ ကပ္ပဿ အသင်္ချေယျာနိ။ ကတမာနိ စတ္တာရိ? သံဝဋ္ဋော သံဝဋ္ဋဌာယီ ဝိဝဋ္ဋော ဝိဝဋ္ဋဌာယီ"တိ ဝုတ္တာနိ၊ တာနိ သင်္ဂဟိတာနိ ဟောန္တိ။ (ဠ။၁၂၈။ မအ္ဋ-၂။၃၃၃။ ဘာသာဋီ-၂။၁၇။)

> ၁။ **သေယျထိဒံ**=အောက်မေ့ရန်အတွက် အားထုတ်ပြီးသော ပုဗ္ဗေနိဝါသ အပြားကား အဘယ်နည်း။[သရူပပုစ္ဆာ] ဧကမ္ပိဇာတိံတျာဒိ=ဧကမ္ပိဇာတိံ စသည်တည်း။ [သရူပဝိသဇ္ဇနာ] **ပရိဟာယမာနော**=ယုတ်ဆဲ လျှော့ဆဲဖြစ်သော။ [သဒ္ဒတ္ထ] ကုန်ဆဲ ပျက်ဆဲဖြစ်သော။ [အဓိပ္ပါယတ္ထ]

**တံမူလကတ္တာ**=ထိုသံဝဋ္ဋ-ဟူသော အကြောင်းရင်းရှေ့သွား ရှိသည်၏အဖြစ်ကြောင့်။ (ဝါ) ထိုဝိဝဋ္ဋ-ဟူသော အကြောင်းရင်းရှေ့သွား ရှိသည်၏အဖြစ်ကြောင့်။

> ၂။ (စ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (က) ဖြင့် သေယျထိဒံ နိပါတ်ပုဒ်သည် အားထုတ်အပ်သော ပုဗ္ဗေနိဝါသအပြားကို ပြခြင်းအနက်၌ဖြစ်သော နိပါတ်ဟု သေယျထိဒံ ပုဒ်၏ အဖွင့်ကို ပြတော်မူပြီး၍ ယခုအခါ၌ ထိုသေယျထိဒံဖြင့် ပုဗ္ဗေနိဝါသ အပြားကို မပြမီ ရှေးဦးစွာ အနုသန္ဓေ သမ္ဗန္ဓကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) မိန့်။

(စ) သို့/ ဆရာ-သည် (က) ဖြင့် သေယျထိဒံ နိပါတ်ပုဒ်သည် အားထုတ်အပ်သော ပုဗ္ဗေနိဝါသအပြားကို ပြခြင်းအနက်၌ဖြစ်သော နိပါတ်ဟု သေယျထိဒံပုဒ်၏ အဖွင့်ကို ပြတော်မူ၏။ "အနေကတ္ထာ ဝိသယာ ဖြဝုံ နိပါတာ"ဟူသော ပရိဘာသာနှင့်အညီ နိပါတ် ပုဒ်တို့မည်သည် များစွာသော အနက်တို့ကို ဟောဆိုနိုင်သည် မဟုတ်ပါလော။ ထိုသို့ဖြစ် လျက် အဘယ့်ကြောင့် အာရဒ္ဓပကာရ ဒဿနတ္ထ နိပါတ်ဟု ဆိုအပ်ပါသနည်း။ စုဒ် ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် သေယျထိဒံ နိပါတ်ဖြင့် အားထုတ်အပ်သော ပုဗ္ဗေနိဝါသ အပြားကို မပြမီ ရှေးဦးစွာ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ဧကမ္ပိ ဇာတိ စသည်ဖြင့် ဖွင့်ပြတော်မူ၏။ ထို ဧကမ္ပိ ဇာတိ စသည်၌ ဧကမ္ပိ ဇာတိဟူသည် အဘယ် ပါနည်း။ နိကာယေ သန္တိ သာမညာ-ဟူသည်နှင့်အညီ ဧကမ္ပိ ဇာတိ-၌ ဧကဇာတိ-အရ

http://www.dhammadownload.com



တစ်ခုသော ပဋိသန္ဓေ သာမညကိုသာ ကောက်ယူအပ်ပါသလော။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာသည် (ဂ) ဖြင့် ဧကမ္ပိ ဇာတိံ-၌ ဧကဇာတိ-အရ ပဋိသန္ဓေအစ စုတိအဆုံး တစ်ဘဝလုံး၌ အကျုံးဝင်သော ခန္ဓာအစဉ်ကို ယူရမည်ဟု ဖွင့်ပြတော်မူ၏။ ဒွေပိ ဇာတိယောတို့၌လည်း ဒွေပိ ဇာတိ-တို့အရ အဘယ်တို့ကို ကောက်ယူရပါမည်နည်း။ ဧကမ္ပိ ဇာတိ-အရ ကောက်ယူအပ်သော နည်းမှတစ်ပါး အခြားသော နည်းတို့ဖြင့် ကောက်ယူခြင်းကို မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

(စ) သို့/ **အာအရ** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဤပုဗ္ဗေနိဝါသခန်း၌ "အနေကေပိ သံဝဋ္ဋကပ္ပေ အနေကေပိ ဝိဝဋ္ဋကပ္ပေ"ဟု ဟောတော်မူ၏။ သံဝဋ္ဋကပ် သံဝဋ္ဋဋ္ဌာယီကပ် ဝိဝဋ္ဋကပ် ဝိဝဋ္ဋဋ္ဌာယီကပ်ဟု အသင်္ချေယျကပ် လေးကပ်ရှိသည်မဟုတ်ပါလော။ ထိုသို့ ဖြစ်လျက် အသို့မူ၍ "သံဝဋ္ဋကပ္ပေ ဝိဝဋ္ဋ ကပ္ပေ"ဟုသာ ဟောတော်မူပါသနည်း။ (စ)မိန့်။

(ဆ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (စ) ဖြင့် သံဝဋ္ဋဖြင့် သံဝဋ္ဋဋ္ဌာယီကပ်ကို၊ ဝိဝဋ္ဋ-ဖြင့် ဝိဝဋ္ဋဋ္ဌာယီကပ်ကို ယူရမည်ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းသို့ ယူရခြင်း၏ အကျိုးကိုပြလိုသော ဆရာသည် (ဆ) မိန့်။

(ဆ) သို့/ ဆရာ-သည် (စ) ဖြင့် သံဝဋ္ဋဖြင့် သံဝဋ္ဋဋ္ဌာယီကပ်ကို၊ ဝိဝဋ္ဋ-ဖြင့် ဝိဝဋ္ဋဋ္ဌာယီကပ်ကို ယူရမည်ဟု ဖွင့်ဆိုတော်မူ၏။ ယင်းသို့ ယူသဖြင့် အဘယ်အကျိုးရှိပါသနည်း။ ယင်းယူရခြင်း၏အကျိုးကို မပြပြီလော။ စုဒ်ကြောင့် (ဆ) မိန့်။

➤ ၃။ (ခ) သည် သေယျထိဒံ နိပါတ်၏ အာရဒ္ဓပကာရ ဒဿနတ္ထဖြစ်ပုံ အကြောင်းကို ပြသောကြောင့် ပက္ခန္တရ/ကာရဏဝါကျ။ (ဂ) စသည်ကား အနုသန္ဓေ သမ္ဗန္ဓမှတပါး အဝယဝတ္ထကိုပြသောကြောင့် ပက္ခန္တရ/ဝိတ္ထာရ။ (ဃ) ပက္ခန္တရ/ဝါကျာရမ္ဘ။ (င) ပက္ခန္တရ (စ) ဝါကျာရမ္ဘ။ ယင်း၌ ဝိဝဋ္ဋေန ဝိဝဋ္ဋဋ္ဌာယီကား ပက္ခန္တရ။ (ဆ) ကား လဒ္ဓဂုဏ/ဖလဝါကျ။ **စာစပ်** ။ ။ ဇဝံ သတိ-ကား သော--ကြောင့် ဟောန္တိ-၌ လက္ခဏ။ ဟောန္တိကား လက္ချ။

တတ္ထ-ကား တို့တွင်--ကြောင့် သံဝဋ္ဋေန-၌ နိဒ္ဓါရဏ သမုဒါယ/နိဒ္ဓါရဏီယ စပ်။

➤ ၄။ ဇာယတီတိ **ဇာတိ**။ ဇနဓာတ်အရ စုတိ ပဋိသန္ဓေဖြင့် ပိုင်းခြားအပ်သော တစ်ဘဝ၌ အကျုံးဝင်သော ခန္ဓာအစဉ်၏ ဥပါဒ်သည် မုချ။ ရှေးရှေးသော ကုသိုလ် အကုသိုလ်ကံတို့သည် ဖလူ။ နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူ။ တိ-ပစ္စည်း အရကား ထို--သော ဥပ္ပါဒဝန္တဖြစ်သော စုတိ ပဋိသန္ဓေတို့ဖြင့် ပိုင်းခြားအပ်သော တစ်ဘဝ ၌ အကျုံးဝင်သော ခန္ဓာအစဉ် ရ၏။

သော မူလံ ယဿာတိ တံမူလကော။ တံ မူလကဿ ဘာဝေါ တံ မူလကတ္တံ။

တံ-မူလက-ဟူသော တဒ္ဓိတ်ပုဒ်အရကား ထိုသံဝဋ္ဋကပ်လျှင် မူလရှိသော သံဝဋ္ဋဋ္ဌာယီကပ်သည် မုချ။ ထို--၏ တ္တ-ပစ္စည်းအရ ထိုသံဝဋ္ဋကပ်လျှင် မူလရှိခြင်းဂုဏ်နှင့်

http://www.dhammadownload.com



နိယိတ-နိယယ စပ် ဌာန္။ တ္တ-ပစ္စည်းအရကား ထို--သော ထို သံဝဋ္ဋကပ်လျှင် မူလရှိခြင်း ဂုဏ် ရ၏။

* သံဝဋ္ဋတိ ဝိနဿတီတိ **သံဝဋ္ဋော**။ ယော ကပ္ပေါ၊အကြင် အသင်္ချေယျကပ်သည်။ သံဝဋ္ဋတိ ဝိနဿတိ၊ပျက်တတ်၏။ ဣတိ၊ကြောင့်။သော ကပ္ပေါ၊သည်။သံဝဋ္ဋော၊မည်၏။ ကတ္တုသာဓန၊ သံပုဗ္ဗ ဝဋ္ဋ/ဝတု+အ-ပစ္စည်း။ သံ-ဟူသော ဥပသာရပုဒ်အရကား ဓာတွတ္ထဝိသေသက ဘောဂုဏ် ရ၏။ ဝဋ္ဋ/ဝတုဓာတ်အရကား အသင်္ချေယျကပ်၏ ယုတ်လျော့ခြင်း (ဝါ) ကုန်ခြင်း, ပျက်ခြင်းဟူသော ဘဂ်ကြွဏသည် မုချ။ အ-ပစ္စည်းအရကား ထို--သော ဘဂ်ကြွဏသမင်္ဂီဖြစ်သော အသင်္ချေယျကပ် ရ၏။ (ဝိသေသန ဆက်ကောက်)

သာသပရာသယောပမာဒီဟိ ကပ္ပိယတိ သင်္ချိယတီတိ **ကပ္ပေါ**။

ကပ္ပဓာတ်အရ ကတ္တုဠကား မုံညင်းစေ့ဥပမာ စသည်တို့ဖြင့် ကြံစည်သောအခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဠကား ထို--အားတပ်သော အသင်္ချေယျကပ်၏ (ဝါ) ကာလပညတ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော အသင်္ချေယျကပ် (ဝါ) ကာလပညတ် ရ၏။

* ပရိစ္ဆေဒဝသေန ကပ္ပိယတီတိ **ကပ္ပေါ**။ ကပ္ပဓာတ်အရ ကတ္တုဠကား ပိုင်းဖြတ်တတ်သော လူတို့၏ သညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဠကား လူတို့သတ်မှတ်အပ်သော ကာလပညတ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော လူတို့သတ်မှတ်အပ်သော ကာလပညတ် ရ၏။

သံဝဋ္ဋော စ သော ကပ္ပေါစာတိ **သံဝဋ္ဋကပ္ပေါ**။ သံဝဋ္ဋော စ၊ပျက်ဆဲသည်လည်း။ ဟောတိ၊ဟုတ်၏။ကပ္ပေါ စ၊အသင်္ချေယျကပ်သည်လည်း။ဟောတိ၊ဟုတ်၏။ဣတိ၊ကြောင့်။ သော၊ထိုကပ်သည်။သံဝဋ္ဋကပ္ပေါ၊မည်၏။ သံဝဋ္ဋ-ဟူသော ဝိသေသနပုဒ်အရကား ပျက်ဆဲ (ပျက်နေခြင်း) သံဝဋ္ဋဘောဂုဏ်သည် မုချ။ ယင်း၏ အသင်္ချေယျကပ်နှင့် ဂုဏ်-ဂုဏီ စပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော ပျက်ဆဲကပ် ရ၏။ ထိုသို့ပင် ရငြားသော်လည်း သံဝဋ္ဋကပ္ပ-သဒ္ဒါ၏ ဌာနူပစာသဒ္ဒါဖြစ်သောကြောင့် ယင်းအခါ၌ သဒ္ဒါရတရားတို့၏ ဆုတ်ယုတ်ပျက်စီးခြင်းသည် ဌာနူပစာအားဖြင့် ရ၏။

* ဝိဝဋ္ဋတိ ပဝတ္တတိ ဝဍ္ဎတီတိ ဝါ ဝိဝဋ္ဋော။ ဝိဝဋ္ဋော ကပ္ပေါ ဝိဝဋ္ဋကပ္ပေါ။ * သံဝဋ္ဋနံ ဝိနဿနံ သံဝဋ္ဋော။ သံဝဋ္ဋတော ဥဒ္ဓံ သံဝဋ္ဋာကာရေန တိဋ္ဌတိ သီလေနာတိ **သံဝဋ္ဋဋ္ဌာယီ**။

[သံဝဋ္ဋတော၊ယုတ်လျော့ကုန်ပျက်ခြင်းမှ။ဥဒ္ဓံ၊အထက်၌။သံဝဋ္ဋာကာရေန၊ယုတ်လျော့ကုန်ပျက်သော အခြင်းအရာဖြင့်။သီလေန၊အလေ့အားဖြင့်။တိဋ္ဌတိ၊တည်တတ်၏။ဣတိ၊ကြောင့်။သံဝဋ္ဋဋ္ဌာယီ-ယုတ်လျော့ခြင်း ကုန်ပျက်ခြင်းမှ အထက်၌ ယုတ်လျော့သော ကုန်ပျက်သော အခြင်းအရာအားဖြင့် တည်လေ့ရှိသော အသင်္ချေယျကပ်။]

http://www.dhammadownload.com



* ဝိဝဋ္ဋနံ နိဗ္ဗတ္တနံ ဝဍ္ဎနံ ဝါ ဝိဝဋ္ဋော။ ဝိဝဋ္ဋတော ဥဒ္ဓံ ဝိဝဋ္ဋကာရေန တိဋ္ဌတိ သိလေနာတိ **ဝိဝဋ္ဋဋ္ဌာယီ**။[ဝိဝဋ္ဋတော၊ဖြစ်ခြင်း ကြီးပွားခြင်းမှ။ဥဒ္ဓံ၊အထက်၌။ဝိဝဋ္ဋကာရေန၊ ဖြစ်သော ကြီးပွားသော အခြင်းအရာဖြင့်။သိလေန၊အလေ့အားဖြင့်။တိဋ္ဌတိ၊တည်တတ် ၏။ဣတိ၊ကြောင့်။ဝိဝဋ္ဋဋ္ဌာယီ-ဖြစ်ခြင်း ကြီးပွားခြင်းမှ အထက်၌ဖြစ်သော ကြီးပွားသော အခြင်းအရာဖြင့် တည်လေ့ရှိသော အသင်္ချေယျကပ်။]

* ပဋိသန္ဓိမူလံ တေသံ ခန္ဓသန္တာနေတိ **ပဋိသန္ဓိမူလော**။ (တံ) * စုတိ ပရိယောသာနံ တေသံ ခန္ဓသန္တာနေတိ **စုတိပရိယောသာနော**။ (တံ)

➤ ၆။ (က) ဖြင့် သေယျထိဒံပုဒ်၏ နိပါတ်ပုဒ်၏--ဌင်း (နိပါတလိင်္ဂပဒ) ယင်း နိပါတ်၏ သရူပပုစ္ဆာ အာကာရပုစ္ဆာအနက် နှစ်ပါးတွင် အာကာရပုစ္ဆာ အနက်ကိုမဟော၊ သရူပ ပုစ္ဆာအနက်ကို ဟော--ဌင်း (နိပါတလိင်္ဂတ္တ) သိစေပါသည်။

(ခ) ဖြင့် ဇာတိ-သဒ္ဒါသည် နိကာယ-စသော အနက်ကို မဟော၊ ဘဝအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္တ)

(ဂ) ၌ ပရိဟာယမာနော ကပ္ပေါ-ဖြင့် သံဝဋ္ဋော-၌ သံရှေးရှိသော ဝဋ္ဋဓာတ်သည် ဝိနဿနအနက်ဟော--ဌင်း (ဒု-ဓာတွတ္ထ) အ-ပစ္စည်း ကတ္တားအနက်၌သက်--ဌင်း (ဒု-ပစ္စယတ္ထ) သံဝဋ္ဋတိ ဝိနဿတီတိ သံဝဋ္ဋော-ဟု ကတ္တုသာဓနပြု--ဌင်း (အဘိဓာနတ္ထ) သံ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏--ဌင်း (ဥပသဂ္ဂလိင်္ဂတ္တ) သံဝဋ္ဋနှင့် ကပ္ပ-ကို သံဝဋ္ဋော ကပ္ပေါ သံဝဋ္ဋကပ္ပေါ-ဟု ကမ္မဓာရယ်သမာသ်ပြု--ဌင်း (သမာသလိင်္ဂတ္တ) သိစေပါသည်။

ဝဍ္ဎမာနော ကပ္ပေါ-ဖြင့် ဝိရှေးရှိသော ဝဋ္ဋဓာတ်သည် ဝဍ္ဎနအနက်ဟော--ဌင်း (ဒု-ဓာတွတ္ထ) အ-ပစ္စည်း ကတ္တားအနက်၌သက်-ဌင်း (ဒု-ပစ္စယတ္ထ) ဝိဝဋ္ဋတိ ပဝတ္တတိ ဝဍ္ဎတီတိ ဝါ ဝိဝဋ္ဋော-ဟု ပြု--ဌင်း (အဘိဓာနတ္ထ) ဝိ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏--ဌင်း (ဥပသဂ္ဂလိင်္ဂတ္တ) ဝိဝဋ္ဋနှင့် ကပ္ပ-ကို ဝိဝဋ္ဋော ကပ္ပေါ ဝိဝဋ္ဋကပ္ပေါ-ဟု ကမ္မဓာရယ် သမာသ်ပြု--ဌင်း (သမာသလိင်္ဂတ္တ) သိစေပါသည်။

(ဃ) ဖြင့် ဤပါရာဇိကဏ်ပါဠိ၌ သံဝဋ္ဋကပ္ပ-ဟု ဟောသော်လည်း သံဝဋ္ဋဋ္ဌာယီကပ် ကိုလည်း ယူရမည်ဟု သိစေပါသည်။(ဘာဝတ္ထ/အဘိဓေယျတ္ထ)

တံမူလကတ္တာ-ဖြင့် သံဝဋ္ဋဋ္ဌာယီကပ်၏ အရင်းခံ ရှေ့သွားကား သံဝဋ္ဋကပ်တည်း၊ ထို့ကြောင့် သံဝဋ္ဋ-ဖြင့် သံဝဋ္ဋဋ္ဌာယီကို ယူရမည်ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

(တစ်နည်း) တံမူလကတ္တာ-ဖြင့် ဝိဝဋ္ဋဋ္ဌာယီကပ်၏ အရင်းခံရှေ့သွားကား ဝိဝဋ္ဋ ကပ်တည်း၊ ထို့ကြောင့် ဝိဝဋ္ဋ-ဖြင့် ဝိဝဋ္ဋဋ္ဌာယီကို ယူရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ/ အဘိဓေယျတ္ထ)

➤ ၇။ (ယ) ဝါကျ၌ တတ္ထ/တတ္ထစ ။ ။ တတ္ထ တေသု သံဝဋ္ဋဝိဝဋ္ဋကပ္ပေသု၊တို့တွင်။

http://www.dhammadownload.com



[စ-ကား ဝါကျာရမ္ဘ] ဤသို့ ဂဏ္ဌိသစ်၌ဆိုသောကြောင့်ရင်း၊ အကယ်၍ စ-သဒ္ဒါ မပါလျှင် ဝိတ္ထာရဝါကျနှင့် ယုံမှားဘွယ်ရှိနိုင်သောကြောင့် တတ္ထစ-ပါဌ်သာ သင့်ပါသည်။

**သံဝဋ္ဋော/သံဝတ္တော။ ဝိဝဋ္ဋော/ဝိဝတ္တော ။ ။** ဝဋ္ဋသဒ္ဒေါ ဝိနာသဝါစီ-ဟုရင်း၊ ဝတုသဒ္ဒေါ ဝါ ဂတိယမေဝ တကာရဿ စေတ္တ ဋကာရာဒေသော-ဟုရင်း သီလက္ခန် ဋီကာသစ်၌ဆိုရကား ဝဋ္ဋဓာတ်ဖြင့်ပြီးလျှင် သံဝဋ္ဋ၊ ဝတုဓာတ်ကြံလျှင်လည်း တ-ကို ဋ-ပြု၍ သံဝဋ္ဋ-ဟုပင် ရုပ်ပြီးသောကြောင့် သံဝဋ္ဋ/ ဝိဝဋ္ဋပါဌ်သာ သင့်ပါသည်။

**ဇံမ္ဗုလကဋ္ဌာ/ဇမ္ဗုလကဋ္ဌာ ။ ။** "ယတနှင့်စပ်၊ ထိုသမာသ်မှာ၊ ဗိန္ဒုလာ၊ ရံခါ ဒွေဘော်ဆင့်" "ယတသဒ္ဒါ ရှေ့ရှိရာဝယ် နောက်၌ဒွေဘော် လာသည်လည်းရှိ၊မလာဘိမ္မ ယ,တ၏နောက် ဗိန္ဒုရောက်သည် မှတ်လောက်ထုံးစံ အမြဲတည်း" ဟူသော နိယံအရ တ-နောင်ရှိသော ပုဒ်၌ ဒွေဘော်လာ၍ရင်း၊ ဒွေဘော် မလာဘဲ နိဂ္ဂဟိတ်လာ၍ရင်း၊ ပြီး နိုင်သောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

➤ ၈။ **သံဝဋ္ဋကပ္ပေါ**-ကား ဌာနကာလဖြစ်သော ကာလပညတ်၏ "သံဝဋ္ဋကပ္ပ" ဟူသောအမည်ကို ဌာနီကာလဝန္တဖြစ်သော သင်္ခါရတရားများ၏ ပျက်စီးခြင်း၌တင်-- ဌာနူပစာ။ နာနန္တရိကနည်း။

**ဝိဝဋ္ဋကပ္ပေါ**-ကား ဌာနကာလဖြစ်သော ပညတ်၏ "ဝိဝဋ္ဋကပ္ပ"ဟူသောအမည်ကို ဌာနီ ကာလဝန္တဖြစ်သော သင်္ခါရတရားတို့၏ တိုးပွားခြင်း၌တင်-- ဌာနူပစာ။ နာနန္တရိကနည်း။

**အနေကေပိ သံဝဋ္ဋကပ္ပေ ဝိဝဋ္ဋကပ္ပေ**-ကား အကြောင်းမကင်းရာဖြစ်သော သံဝဋ္ဋ ကပ် ဝိဝဋ္ဋကပ်ကို "သံဝဋ္ဋကပ္ပေ ဝိဝဋ္ဋကပ္ပေ"ဟု ဆိုသဖြင့် အကျိုးမကင်းတတ်သော သံဝဋ္ဋ ဌာယီ ဝိဝဋ္ဋဌာယီကပ်တို့ကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

**အနေကေပိ သံဝဋ္ဋကပ္ပေ**-ကား အကြောင်းဖြစ်သော သံဝဋ္ဋကပ်၏ သံဝဋ္ဋကပ္ပေ-ဟူသော အမည်ကို အကျိုးဖြစ်သော သံဝဋ္ဋဌာယီကပ်၌တင်- ကာရဏူပစာ။ နာနန္တရိကနည်း။

**အနေကေပိ ဝိဝဋ္ဋကပ္ပေ**-ကား အကြောင်းဖြစ်သော ဝိဝဋ္ဋကပ်၏ "ဝိဝဋ္ဋကပ္ပေ"ဟူ သော အမည်ကို အကျိုးဖြစ်သော ဝိဝဋ္ဋဌာယီကပ်၌တင်-- ကာရဏူပစာ။ နာနန္တရိက။

**ကပ္ပ**-ကား ဌာနဖြစ်သော ကာလပညတ်၏ ကပ္ပ-ဟူသောအမည်ကို ဌာနီဖြစ်သော ထိုကာလ၌ဖြစ်သော သင်္ခါရတရားစု၌တင်-- ကာရဏူပစာ။ နာနန္တရိကနည်း။

(တစ်နည်း) အပေါင်းဖြစ်သော အာယု, အန္တရ, အသင်္ချေယျ, မဟာကပ်တို့၏ ကပ္ပ-ဟူသောအမည်ကို အစိတ်ဖြစ်သော အသင်္ချေယျကပ်၌တင်-- ဧကဒေသူပစာ။

**အာဘဿရတော ဓေဟဿ** [ဌ၁၂၉] ကား အစိတ်ဖြစ်သော အာဘဿရာဘုံ၏ "အာဘဿရာ" ဟူသောအမည်ကို အပေါင်းဖြစ်သော ဒုတိယဈာန် ၃-ဘုံ၌တင်-- ဧက ဒေသူပစာ။ အာဘဿရတော-ဟု အစိတ်ကိုမှတ်၍ဆိုသဖြင့် ဒုတိယဈာန်ဘုံဟူသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။

http://www.dhammadownload.com



**သုဘာကိဏှာတော ဖောဋ္ဌာ**-ကား အစိတ်ဖြစ်သော သုဘာကိဏှာဘုံ၏ သုဘာကိဏှာ-ဟူသောအမည်ကို အပေါင်းဖြစ်သော တတိယဈာန် ၃-ဘုံ၌တင်-- ကေဒေသူပစာ။

**ဝေဟပ္ဖလတော ဖောဋ္ဌာ**-ကား အစိတ်ဖြစ်သော ဝေဟပ္ဖိုလ်ဘုံ၏ ဝေဟပ္ဖလ-ဟူသောအမည်ကို အပေါင်းဖြစ်သော စတုတ္ထဈာန်ဘုံ၌တင်-- ကေဒေသူပစာ။

➤ ၁၀။ **အာဟာ**-အရ ကရုဏာရှေ့ရှိသော ဒေသနာဉာဏ်ကိုယူ။

**စန္ဒသန္တာနံ**--အရ ခန္ဓာငါးပါးကိုယူ၍ ထို၏ပဒဋ္ဌာန်ကား သာမညအားဖြင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ-တည်း စသည်ဖြင့် လောကော-နှင့် အတူထုတ်ပါ။

## ပါဠိ [၁၂၃]

(က) **အမုတြာသိန္တိ အမုမှိ သံဝဋ္ဋကပ္ပေ အဟံ အမုမှိ ဘဝေ ဝါ ယောနိယာ ဝါ ဂတိယာ ဝါ ဝိညာဏဋ္ဌိတိယာ ဝါ သတ္တာဝါသေ ဝါ သတ္တနိကာယေ ဝါ အဟောသိံ။**

(ခ) **ဧဝံနာမောတိ ဝေဿန္တရောဝါ ဇောတိပါလော ဝါ။**

(ဋ္ဌ။၁၂၉။ မအ္ဃ၊၂ ၃၃၈။ ဘာသာဋီ၊၂ ၂၁။)

➤ ၁။ အမုတြ-ဤမည်သော (ဝါ) ဤမည် ဤမည်သော သံဝဋ္ဋကပ်၌ရင်း, သံဝဋ္ဋဋ္ဌာယီကပ်၌ရင်း, ဝိဝဋ္ဋကပ်၌ရင်း, ဝိဝဋ္ဋဋ္ဌာယီကပ်၌ရင်း။

➤ ၂။ (စ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က)ဖြင့် အမုတြာသိပုဒ်၏ အဖွင့်ကိုပြပြီး၍ ယခုအခါ၌ သဗ္ဗညုဘုရားရှင်၏ အစွမ်းဖြင့် ယင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ် လာရကား သဗ္ဗညုဘုရား၏အမည် စသည်တို့၏အစွမ်းဖြင့် အနက်ကိုယှဉ်၍ ပြလိုသော အဋ္ဌကထာဆရာသည် (ခ) မိန့်။

➤ ၄။ ဧဝံ နာမံ တဿာတိ **ဧဝံနာမော**။ တဿ ဘဂဝတော၊အား။ဧဝံ၊ဤ သို့သော။နာမံ၊ဝေဿန္တရာ-စသော နာမည်သည်။အတ္ထိ၏။ဣတိ။ကြောင်း။သော ဘဂဝါ၊ သည်။ဧဝံနာမော၊မည်၏။ တဂ္ဂုဏသံဝိညာဏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်၊ ဧဝံပုဒ်+နာမ ပုဒ်+တပုဒ်။ ဧဝံနာမ-ဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်အရကား ဤသို့သော ဝေဿန္တရာ-စသော နာမည်သည် မုချ။ ယင်း၏ မြတ်စွာဘုရားဖြစ်နှင့် နာမ-နာမိ/သညာ-သညီ စပ်ဌာန္။ တ-အညပုဒ်အရကား ထို--သော ဝေဿန္တရာ-စသော နာမည်ရှိသော ဘုရား (ဝါ) ဘုရားလောင်းဖြစ်ရ၏။

➤ ၆။ (က) ဖြင့် အမုတြာသိပုဒ်ကို အမုတြ+အာသိ-ဟု ပဒစ္ဆေဒပြု--ရင်း (သန္ဓိလိင်္ဂပဒ) အမုတြ-၌ တြ-ပစ္စည်း၏ သတ္တမီအနက်၌သက်--ရင်း (ဝိဘတျတ္ထ) အမုတြ အမုတြ-ဟု ဆိုလိုလျက် သာမညနိဒ္ဒေသနည်း (ဝါ) ဝိစ္ဆာလောပအားဖြင့် အမုတြ-ဟု ဆိုလိုသည်၏--ရင်း (ဘာဝတ္ထ) အာသိ-၌ အသဓာတ်၏ ဖြစ်ခြင်း-ဘုဝိအနက်ကိုဟော--ရင်း (ဓာတွတ္ထ) အမှယောဂ ဣဝိဘတ်၏--ရင်း (ဒု-ဝိဘတ္တိပဒ) အမု-သဗ္ဗနာမ်၏

http://www.dhammadownload.com



သံဝဋ္ဋကပ် စသည်ကို စွဲသည်၏--ဤင်း (သဗ္ဗနာမလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ဖြင့် ဓဝံနာမော-ဟု သာမညဆိုစေကာမူ ဘုရားရှင်၏ ပုဗ္ဗေနိဝါသာနုဿတိ အရာဖြစ်၍ ဘုရားရှင်ဖြစ်ဖူးသော ဝေဿန္တရာ-စသော နာမည်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

➤ ၈။ **အမုမှိ သံဝဋ္ဋကပ္ပေ**-ကား အစိတ်ဖြစ်သော သံဝဋ္ဋကပ်၏ အမုမှိ သံဝဋ္ဋကပ္ပေ-ဟူသောအမည်ကို အပေါင်းဖြစ်သော သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဋ္ဌာယီကပ်တို့၌တင်-- ဧကဒေသူပစာ။ဥပလက္ခဏနည်း၊ နိဒဿနနည်း။

**အမုတြာသိံ**-၌ အမုတြ-ဟူသောနည်းသည် အမုတြ၊ဤမည် ဤမည်သော သံဝဋ္ဋကပ်၌။ဤသို့ အနက်ပြားလျက် အမုတြသဒ္ဒါချင်းတူသည်၏အဖြစ်ဖြင့် တစ်ခုတည်း ပြုသောကြောင့် သာမညနိဒ္ဒေသနည်းမည်၏။ (ဓာသေသနည်းလည်း ရနိုင်သည်။) အမုတြ အမုတြ-ဟု ဆိုလိုလျက် အမုတြသဒ္ဒါကို ချေခြင်းကြောင့် ဝဏ္ဏလောပနိရုတ္တိနည်း။

## ဝါကျ [၁၂၆]

(က) ဣတီတိ ဧဝံ။ (ခ-၁) **သာကာရံ သဥဒ္ဒေသန္တိ နာမဂေါတ္တဝသေန သဥဒ္ဒေသံ။** (ခ-၂) **ဝဏ္ဏာဒိဝသေန သာကာရံ။** (ဂ-၁) **နာမဂေါတ္တဝသေန ဟိ သတ္တော "ဒတ္တော တိဿော ဂေါတမော"တိ ဥဒ္ဒိသီယတိ။** (ဂ-၂) **ဝဏ္ဏာဒီဟိ ဩဒါတော သာမောတိ နာနတ္တတော ပညာယတိ။** (ဃ-၁) **တသ္မာ နာမဂေါတ္တံ ဥဒ္ဒေသော။** (ဃ-၂) **ဣတရေ အာကာရာ။** (င) **ကိံ ပန ဗုဒ္ဓါယေဝ ပုဗ္ဗေနိဝါသံ သရန္တီတိ? ဝုစ္စတေ၊ န ဗုဒ္ဓါယေဝ၊ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝက တိတ္ထိယာပိ။** (၄။၁၃၀။ မအူ-၂။၃၄၂။ ဘာသာဋီ-၂။၂၅။)

➤ ၁။ **သာကာရံ**-သိကြောင်းဖြစ်သော ဝဏ္ဏ-စသော အသွင်အပြင်နှင့်တကွ ဖြစ်သော။(ပုဗ္ဗေနိဝါသံ၌စပ်) **သဥဒ္ဒေသံ**-ညွှန်ကြားအပ်ကြောင်းဖြစ်သော အမည်အနွယ်နှင့်တကွဖြစ်သော။ **ဝုစ္စတေ-အနက်** ။ ။ ဇတ္ထဋ္ဌာနေ၊ဤပုဗ္ဗေနိဝါသအရာ၌။(အာစာရ) စောဒကဿ၏။စောဒနာယ၊ကိံ ပန ဗုဒ္ဓါယေဝ စသော စောဒနာ၏။(သမ္ဗန်) ပရိဟာရော၊ ကို။(ကံ) မယာ၊သည်။(ကတ္တား) ဝုစ္စတေ၊၏။

➤ ၂။ (ဂ)သို့/ ဆရာသည် (ခ) ဖြင့် နာမဂေါတ္တနှင့် စပ်သဖြင့် သဥဒ္ဒေသမည်၏၊ ဝဏ္ဏ-စသည်နှင့် စပ်သဖြင့် သာကာရမည်၏ဟု ဆို၏။ အဘယ့်ကြောင့် နာမဂေါတ္တသည် ဥဒ္ဒေသမည်ပါသနည်း၊ ဝဏ္ဏ စသည်သည် သာကာရ မည်ပါသနည်း။ ပါဠိတော်၌ သဥဒ္ဒေသံ သာကာရံဟူ၍ သာမညအားဖြင့် ဆိုထားသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ) မိန့်။

(ဂ-၂) သို့ / ဆရာ-သည် (ခ-၂)ဖြင့် ဝဏ္ဏ စသည်တို့၏အစွမ်းဖြင့် သာကာရ မည်သောဟု ဖွင့်ဆိုတော်မူ၏။ အဘယ့်ကြောင့် ဝဏ္ဏ-စသည်သည် အာကာရမည်ပါသနည်း၊ ဝဏ္ဏ-စသည်တို့၏ အာကာရမည်ခြင်းအကြောင်းကို မပြဆိုပြီလော။ စုဒ်ကြောင့်

http://www.dhammadownload.com



(ဂ-၂) ကိုမိန့်။

(င) **ခ္ခ်ဳ/** ဆရာ၊ မြတ်စွာဘုရားသည် ပုဗ္ဗေနိဝါသံ အနုဿရာမိ-ဟု ဟောတော်မူ၏။ ပါဠိတော်၌ ပုဗ္ဗေနိဝါသံ အနုဿာမိ-ဟု ဟောတော်မူသောကြောင့် ဘုရားရှင်တို့သည် သာလျှင် ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကုန်ရာ၏ဟု မှတ်ရမည်လော။ အဘယ်သို့ မှတ်ရ ပါမည်နည်း။ စုဒ်ကြောင့် (င) မိန့်။

**ကား** -- ဘုရားရှင်တို့သည်သာ အောက်မေ့နိုင်သည် မဟုတ်၊ ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝက တိတ္ထိတို့လည်း အောက်မေ့နိုင်ပါ၏ဟူလို။

(င) **ႏြ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝက တိတ္ထိယာပိ-သို့/** ဆရာ-သည်၊ န ဗုဒ္ဓါယေဝ-၌ ဧဝသဒ္ဒါကို ဆိုတော်မူ၏။ ယင်း ဧဝ-သဒ္ဒါ၏ ဧဝဖလကို မပြပြီလော။ ယင်းဧဝသဒ္ဒါ၏ ဧဝဖလကား အဘယ်ပါနည်း။ စုဒ်ကြောင့် ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝက တိတ္ထိယာပိ-မိန့်။

**ကား**-- ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝက တိတ္ထိတို့သည်လည်း ပုဗ္ဗေနိဝါသကို အောက်မေ့နိုင် ကုန်၏ဟု ဧဝဖလကို ငါပြဆို၏ဟူလို။

(တစ်နည်း) ဆရာ-သည်၊ န ဗုဒ္ဓါယေဝ-ဖြင့် ဘုရားရှင်တို့သည်သာ ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကုန်သည် မဟုတ်ဟု ဆိုတော်မူ၏။ ဘုရားရှင်တို့သည်သာ ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကုန်သည် မဟုတ်လျှင် အဘယ်ပုဂ္ဂိုလ်တို့သည်လည်း ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကုန်သနည်း။ ဘုရားရှင်မှတစ်ပါး ပုဗ္ဗေ နိဝါသကို အောက်မေ့နိုင်ကုန်သော ပုဂ္ဂိုလ်တို့ကို မပြပြီလော။ စုဒ်ကြောင့် ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝက တိတ္ထိယာပိ-မိန့်။

➤ ၃။ (ခ-၁+၂) ပက္ခန္တရ။ (ခ-၂) ပက္ခန္တရ။ (ဂ) သည် နာမဂေါတ္တ၏ ဥဒ္ဒေသ နာမည်ရခြင်း၏အကြောင်းကို ပြသောကြောင့် ကာရဏ/ဒဋ္ဌဝါကျ။ (ဂ-၂) ကား ဝဏ္ဏ- စသည်၏ အာကာရနာမည်ရခြင်း၏အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ။ (ဃ) ဖလဝါကျ။ (င) သည် ဘုရားရှင်တို့သာ ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ပါသလော-ဟု မေးဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ ယင်း (င) ဝါကျ၌ ကိံ ပန သရန္တီတိ ကား ပုစ္ဆာဝါကျ။ ဝုစ္စတေ ကား အဖြေပရိဟာရ၏ အခြေခံဖြစ်သောကြောင့် ပရိဟာရ ပါဒကဝါကျ။ (ဝါ) အဖြေကိုဆိုပေအံ့-ဟု ဝန်ခံသောကြောင့် ပဋိညာဝါကျ။ န ဗုဒ္ဓါယေဝ- ကား ဆန့်ကျင်ဘက်အနက်ကိုပြသောကြောင့် ဗျတိရေက ပရိဟာရဝါကျ။ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝက တိတ္ထိယာပိ-ကား အလျော်အနက်ကိုပြသောကြောင့် အန္ဝယဝါကျ။

**စာစပ်** ။ ။ သတ္တော-ကို ဥဒ္ဒိသီယတိ၊ ပညာယတိ-တို့၌ ဝုတ္တကမ္မ-ကမ္မိစပ်။

➤ ၄။ ဥဒ္ဒိသီယတိ သတ္တော ဧတေနာတိ **ဥဒ္ဒေသော**။ သာရတ္ထ၊ (၁-၃၉၂။) ဧတေန နာမ ဂေါတ္တေန၊ထိုအမည်အနွယ်ဖြင့်။သတ္တော၊သတ္တဝါကို။ဥဒ္ဒိသီယတိ၊ညွှန်ကြ အပ်၏။ ဣတိ၊ နာမဂေါတ္တံ၊ ဥဒ္ဒေသော။ကရဏသာဓန။ ဥပုဗ္ဗ+ဒိသဓာတ်+ဏ-ပစ္စည်း

ဥ-ဟူသော ဥပသာရပုဒ်အရကား ဓာတွတ္ထာနုဝတ္တက ဘောဂုဏ်ရ၏။ ဓာတ်-

http://www.dhammadownload.com



(ခ) **သို့/ ယှဉ်းယှဉ်ပုစ္ဆာ** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် အာသဝါနံ ခယဉာဏာယ-ဟု ဟောတော်မူ၏။ ယင်း အာသဝါနံ ခယဉာဏာယ-အရ မည်သည့်တရားကို ယူရမည်နည်း။ မဂ်, ဖိုလ်, နိဗ္ဗာန်, ဘင်-ဟုဆိုအပ်သော အာသဝက္ခယ ၄-မျိုးလုံးကို ယူရပါမည်လော။ စုဒ်ကြောင့် (ခ) မိန့်။

**ဖြေ**-- အာသဝါနံ ခယဉာဏာယ-အရ မဂ်, ဖိုလ်, နိဗ္ဗာန်, ဘင်-ဟုဆိုအပ်သော အာသဝက္ခယ ၄-မျိုးလုံးကို မယူရ အရဟတ္တမဂ်ကိုသာ ယူရမည်ဟူလို။

(ဂ) **သို့/ သာဓကပုစ္ဆာ** ။ ။ ဆရာ-သည် (ခ) ဖြင့် အာသဝါနံ ခယ-ဟူသည် အရဟတ္တမဂ်ဉာဏ်တည်းဟု ဆို၏။ မဂ် ဖိုလ် နိဗ္ဗာန် ဘင်က္ခဏဟူ၍ ၄-မျိုးရှိသည် မဟုတ်ပါလော။ ထိုသို့ ဖြစ်ပါလျက် အာသဝါနံ ခယ-ဟူသည် အရဟတ္တမဂ်ဉာဏ်တည်းဟု ဖွင့်ဆိုသော ဆရာ့စကားသည် အသို့လျှင် သင့်ရာပါအံ့နည်း။ (ဝါ) အဘယ့်ကြောင့် အရဟတ္တ မဂ်ကိုသာ အာသဝါနံ ခယ-ဟူ၍ ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) **သို့/ အနုသာသနီ** ။ ။ ဤသို့ (ခ) ဖြင့် အာသဝါနံ ခယဉာဏာယ-ကို အရဟတ္တမဂ္ဂဉာဏတ္ထာယ-ဟု ဖွင့်ပြပြီး၍၊ ယခုအခါ၌ အာသဝါနံခယ-ပုဒ်နှင့် ဉာဏပုဒ်ကို သတ္တမီ တပ္ပုရိသ်သမာသ်ပြုရမည်ဟု ပြလိုသော ဆရာသည် (ဃ) မိန့်။

http://www.dhammadownload.com



(ဃ) ၌/ ဆရာ-သည် (ဂ) ဖြင့် အရဟတ္တမဂ်၏ အာသဝါနံခယ မည်ကြောင်းကို ဖွင့်ပြတော်မူ၏။ ထိုအာသဝါနံ ခယနှင့် ဉာဏကို အဘာယ်သမာသ် တွဲစပ်သင့်ပါသနည်း။ ဆဋ္ဌီ တပ္ပုရိသ်သမာသ် တွဲစပ်သင့်ပါသလော။ စုဒ်ကြောင့် (ယ) မိန့်။ ကား-- အာသဝါနံ ခယေ ဉာဏံ အာသဝါနံ ခယဉာဏံ-ဟု သတ္တမီ တပ္ပုရိသ်သမာသ် တွဲစပ်ရမည်ဟူလို။

➤ ၃။ (က-ခ) ပက္ခန္တရ။ (ဂ) အရဟတ္တမဂ်ကို အာသဝါနံ ခယ-ဟူ၍ ဆိုသင့်ခြင်းအကြောင်းကို အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစွာ ပြသောကြောင့် ယုတ္တိဒဋ္ဌီကရဏ။

(ယ) အာသဝါနံ ခယဟူ၍ ဆိုအပ်သည်မှတစ်ပါး အာသဝါနံ ခယဉာဏံ-ဟူ၍ ဆိုအပ်သည်ကို ပြသောကြောင့် ပက္ခန္တရ။/ အာသဝါနံ ခယဉာဏ၌ အာသဝါနံ ခယ ဖွင့်ပြပြီးနောက် ခယနှင့်ဉာဏကို အဘာယ်သို့ တွဲစပ်ရမည်နည်းဟု စောဒနာဖွယ်ရှိ၍ ဆက်လက်ဖွင့်ပြသောကြောင့် ဝါကျာရမ္ဘ။ **စာစပ်** ။ ။ တတြ-ကား ၌--ကြောင့် ဇတံ ဉာဏံ-၌ အပေါင်း အာဓာရ ဇတံ ဉာဏံ-ကား အစိတ် အာဓာယ အဖြစ်ဖြင့်စပ်အပ်၏။

➤ ၄။ ခေပေတိ ပါပဓမ္မေ သမုစ္ဆိန္ဒတီတိ **ခယော**။ ယော မဂ္ဂေါ၊အကြင်အရဟတ္တမဂ်သည်။ပါပဓမ္မေ၊အကုသိုလ်တရားတို့ကို။ခေပေတိ၊ကုန်ခန်းစေတတ်၏။သမုစ္ဆိန္ဒတိ၊ အကြွင်းမဲ့ သတ်ဖြတ်တတ်၏။ဣတိ၊ကြောင့်။သော မဂ္ဂေါ၊သည်။ခယော၊ခယ မည်၏။ ဟေတုကတ္တုသာဓန။ခီဓာတ်+ဏပစ္စည်း။

ခီဓာတ်အရ သုဒ္ဓကတ္တုဌ ကြိယာအရကား အကုသိုလ်တရားသည် မုချ။ ဟေတုကတ္တုဌကြိယာအရကား အရဟတ္တမဂ်၏ သမ္ဗန္ဓေ ပဟာနသတ္တိသည် ဖလူ။ ဏ-ပစ္စည်း အရကား ထို--သော သတ္တိမန္တဖြစ်သော အရဟတ္တမဂ် ရ၏။

(တစ်နည်း) အာသဝေ ခေပေတီတိ **ခယော**။ ခီဓာတ်အရ သုဒ္ဓကတ္တုဌကား ကုန်ခန်းသွားသော အာသဝေါတရားတို့၏ အဘာဝသည် မုချ။ ဟေတုကတ္တုဌကား အရဟတ္တမဂ်၏ ပကတူပနိဿယသတ္တိသည် (ဝါ) သမုဒ္ဒေဒပဟာန သတ္တိသည် ဖလူ။ ဏပစ္စည်း အရကား ထို--သော အရဟတ္တမဂ် ရ၏။

* ခီယန္တိ အာသဝါ ဧတေနာတိ **ခယော**။ (အကောက်တူ)

* ဝိပဿနာယ ပါဒကံ **ဝိပဿနာပါဒကံ**။ * စတုတ္ထဇ္ဈာနေ သမ္ပယုတ္တံ စိတ္တံ **စတုတ္ထဇ္ဈာနစိတ္တံ**။ * အရဟတ္တမဂ္ဂဿ ဉာဏံ **အရဟတ္တမဂ္ဂဉာဏံ**။

* အရဟတ္တမဂ္ဂဉာဏမေဝ အတ္ထော **အရဟတ္တမဂ္ဂဉာဏတ္ထော**။ * ဝိနာသိယတေ **ဝိနာသနံ**။ * အာသဝါနံ ဝိနာသနံ **အာသဝဝိနာသနံ**။ * တသ္မိံ အရဟတ္တမဂ္ဂေ ပရိယာပန္နံ **တပ္ပရိယာပန္နံ**။ တပ္ပရိယာပန္နဿ ဘာဝေါ **တပ္ပရိယာပန္နတ္တံ**။

➤ ၆။ (က) ဖြင့် သမာဟိတေ စိတ္တေ-၌ စိတ္တ-အရ အဘိညာပါဒက စတုတ္ထဈာန်ကို မယူရ၊ ဝိပဿနာပါဒက စတုတ္ထဈာန်စိတ်ကို ယူရမည်ဟု သိ။ (အဘိဓေယျတ္ထ)

(စ) ၌ အရဟတ္တမဂ္ဂဉာဏတ္ထာယ-ဖြင့် အာသဝါနံ ခယဉာဏ-အရ အရဟတ္တ

http://www.dhammadownload.com



မင်ဂဏ်ကိုယူ--ရင်း (အဘိဓေယျတ္တ) အာယ-သည် စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ၏--ရင်း (ဝိဘတ္တိပဒ) ယင်း သဝိဘတ်သည် တုမတ္ထသမ္ပဒါန်အနက်၌ မသက်၊ တဒတ္ထသမ္ပဒါန်အနက်၌သက်--ရင်း (ဝိဘတျတ္ထ) သိစေပါသည်။

(ဂ) ၌ အာသဝဝိနာသနတော-ဖြင့် အာသဝါနံ ခယော-၌ ခီဓာတ်သည် ဝိနာသန အနက်ဟော--ရင်း (ဒုဓာတွတ္ထ) ဏပစ္စည်း ဟေတုကတ္တားအနက်၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) အာသဝေ ခေပေတီတိ ခယော-ဟု ဟေတုကတ္တုသာဓနပြု--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။ အရဟတ္တမဂ္ဂေါ-ဖြင့် အာသဝါနံခယ-အရ အရဟတ္တမဂ်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္တ)

(ဃ) ၌ တတြ စေတံ ဉာဏံ-ဖြင့် ခယ ဉာဏာယပုဒ်ကို ခယေ ဉာဏံ ခယဉာဏံ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၍ ယင်းသမာသ်၏ အာဓာရအနက်၌ ဖြစ်သည်ကို သိစေပါသည်။ (သမာသလိင်္ဂပဒတ္ထ) တပ္ပရိယာပန္နတ္တာ-ဖြင့် ခယေ-၌ သတ္တမီဝိဘတ် (ဝါ) တတြ-၌ တြ-သည် အာကာသေ သကုဏာ ပက္ခန္တိ-ကဲ့သို့ ဝိသယ၌ မသက်၊ ရုက္ခေ သာခါ-ကဲ့သို့ အာဓာရ၌ သတ္တမီတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

➤ ၇။ **ဝိပဿနာပါဒကံ/ဝိပဿနပါဒကံ** ။ ။ သမာသ်လယ်မှာ ထီမြဲအာ ရဿမပြုရာဟူသော နိယံအရ ဝိပဿနာပုဒ်သည် နိယတ ဣတ္ထိလိင်ဖြစ်၍ အာကို ရဿပြုခြင်း ပုလ္လိင်ကဲ့သို့ပြန်ခြင်း မရှိနိုင်သောကြောင့် ဝိပဿနာပါဒကံ-သင့်ပါသည်။

**အာသဝ ဝိနာသနတော/အာသဝါနံ ဝိနာသနတော** ။ ။အနိစ္စ သမာသ်ပုဒ်ဖြစ်သောကြောင့်ရင်း, သမာသ်ဝါကျတွင် အနက်ထူးမရှိသောကြောရင်း နှစ်ပါဌ်သင့်။ သို့သော် အာသဝါနံ ခေပနတောဟူသော ဋီကာကိုထောက်၍ရင်း, အာသဝါနံ ခယ ဉာဏာယဟူသော သံဝဏ္ဏေတဗ္ဗကိုထောက်၍ရင်း အာသဝါနံ ဝိနာသနတောဟူသော ဝါကျသည်သာ ယုတ္တတရ ဖြစ်ပါသည်။

**တပ္ပရိယာပန္နတ္တာ/တပရိယာပန္နတ္တာ** ။ ။ တသ္မိံ ပရိယာပန္နံ တပ္ပရိယာန္နံ-ဟုပြု။ ယ-တနှင့်စပ်၊ ထိုသမာသ်မှာ၊ ဗိန္ဒုလာ၊ ရုံခါဒွေဘော်ဆင့်ဟူသော သဒ္ဒါစည်းကမ်းနှင့်အညီ တပရိယာပန္န-ဟု ဆိုလိုလျက် သဒိသဒွေဘော် ပ-လာ၍ ရုပ်ပြီးသောကြောင့် တပ္ပ ရိယာပန္နတ္တာ ပါဌ်သာသင့်ပါသည်။

➤ ၈။ **အာသဝါနံ ခယဉာဏာယ**-ကား အပေါင်းဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန် ဘင်္ဂဉာဏ-ဟူသော အာသဝက္ခယ ၄-မျိုးတို့၏ "အာသဝါနံခယ" ဟူသောအမည်ကို အစိတ်ဖြစ်သော အရဟတ္တမဂ်၌တင်-- ကေဒေသျူပစာ။ ရှင်္ဂီနည်း။ အာသဝါနံ ခယ-အရ အာသဝက္ခယ ၄-မျိုးလုံးကို ယူသင့်သော်လည်း အရဟတ္တမဂ်ကိုသာ ဤ၌ အလွန် အားဖြင့် "အာသဝါနံခယ"ဟူ၍ ဆိုအပ်သောကြောင့် ဥက္ကဋ္ဌနည်း မည်၏။

**(ဃ-ကို)** အာသဝါနံ ခယေ-အရ သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် ဉာဏ-အရ အမောဟ

http://www.dhammadownload.com



စေတသိက်တို့ မပြားဘဲ ပြားသကဲ့သို့ ဆိုထားသောကြောင့် အဘေဒဘေဒူပစာ။

**(ခ-ကို)** အပေါင်းဖြစ်သော မဂ်ဉာဏ် လေးပါးတို့၏ "အာသဝါနံ ခယဉာဏာယ" ဟူသောအမည်ကို အစိတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်၌တင်-- ကေဒေသျူပစာ။ ဤ၌ အာသဝါနံ ခယဉာဏာယ-ဟူသောနည်းသည် မဂ်ဉာဏ်လေးပါးလုံးကို ဟောနိုင်သော်လည်း အစိတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်၌သာ ဖြစ်သောကြောင့် ရှဋ္ဌိနည်း မည်၏။

* အပေါင်းဖြစ်သော ဉာဏ်တို့၏ "ခယ"ဟူသော အမည်ကို အစိတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်၌တင်-- ကေဒေသျူပစာ။ ရှဋ္ဌိနည်း။

**သမာဟိတေ စိတ္တေ**-ကား အပေါင်းဖြစ်သော စိတ်အားလုံး၏ "စိတ္တေ"ဟူသော အမည်ကို အစိတ်ဖြစ်သော ဝိပဿနာပါဒက စတုတ္ထဈာန်၌တင်-- ကေဒေသျူပစာ။ ရှဋ္ဌိနည်း။ (တစ်နည်း) အပေါင်းဖြစ်သော အဘိညာပါဒက စတုတ္ထဈာန်စိတ်, ဝိပဿနာပါဒက စတုတ္ထဈာန်စိတ်တို့၏ "စိတ္တေ"ဟူသော အမည်ကို အစိတ်ဖြစ်သော ဝိပဿနာပါဒက စတုတ္ထဈာန်၌တင်-- ကေဒေသျူပစာ။ ရှဋ္ဌိနည်း။

**တတြ ဧတံ ဉာဏံ**-ကား မဂ်လေးပါးလုံးကိုဆိုက အာသဝကို ကုန်စေခြင်းကိစ္စပြီးကောင်းပါလျက် အရဟတ္တမဂ်ဉာဏ်ကိုသာ အလွန်အားဖြင့်ဆိုသောကြောင့် ဥက္ကဋ္ဌနည်း၊ အတိသယနည်း။ အပေါင်းဖြစ်သော အရဟတ္တမဂ်၏ "ဉာဏ"ဟူသောအမည်ကို အစိတ်ဖြစ်သော သမ္မာဒိဋ္ဌိဉာဏ်၌တင်-- ကေဒေသျူပစာ။ ရှဋ္ဌိနည်း။

➤ ၁၀။ **တတြ ဧတံ ဉာဏံ**-၌ ဉာဏ-အရ အရဟတ္တမဂ်၌ရှိသော သမ္မာဒိဋ္ဌိဉာဏ်ကိုယူ။ **အာသဝါနံ ခယဉာဏာယ**-အရ အရဟတ္တမဂ်ဉာဏ်ကိုယူ။

## ပါဠိ [၁၄၈]

(က) **စိတ္တံ အဘိနိန္နာမေသိန္တိ** ဝိပဿနာစိတ္တံ အဘိနီဟရိ။ (ခ) **သော ဣဒံ ဒုက္ခန္တိ** ဧဝမာဒီသု "ဧတ္တကံ ဒုက္ခံ၊ န ဣတော ဘိယျော"တိ သဗ္ဗမ္ပိ ဒုက္ခသစ္စံ သရသလက္ခဏပဋိဝေဓေန ယထာဘူတံ အဗ္ဘညာသိံ ဇာနိံ ပဋိဝိဇ္ဈိံ။ (ဂ) တဿ စ ဒုက္ခဿ နိဗ္ဗတ္တိကံ တဏှံ "အယံ ဒုက္ခသမုဒယော"တိ။ (ဃ) တဒုဘယမ္ပိ ယံ ဌာနံ ပတွာ နိရုဇ္ဈတိ၊ တံ တေသံ အပ္ပဝတ္တိံ နိဗ္ဗာနံ "အယံ ဒုက္ခနိရောဓော"တိ။

(င) တဿ စ သမ္ပာပကံ အရိယမဂ္ဂံ "အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"တိ သရသလက္ခဏပဋိဝေဓေန ယထာဘူတံ အဗ္ဘညာသိံ ဇာနိံ ပဋိဝိဇ္ဈိန္တိ ဝေဒိတဗ္ဗော။

(၄။၁၃၆။ မအဋ္ဌ။၂။၃၇၇။ ဘာသာဋီ-၂။၅၅။)

➤ ၂။ (က) **သို့/ ဘယ်သို့ပါနည်း ဖွင့်** ။ ။ ဆရာ၊ ဥပါလိမထေရ်သည် (သို့) မြတ်စွာဘုရားသည် စိတ္တံ အဘိနိန္နာမေသိံ-ဟု ဟောတော်မူ၏။ စိတ္တံ-အရ အောက်ဝိဇ္ဇာ နှစ်ပါး၌ကဲ့သို့ ပါဒကစိတ်ကို ယူရပါမည်လော။ အဘယ်ကို ယူရပါမည်နည်း။ စုဒ်ကြောင့် (က)

http://www.dhammadownload.com



မိန့်။ ကား--ဝိပဿနာစိတ်ကိုယူရမည် ဟူလို။

**(ခ) န ဣတော ဘိယျော--သို့/ အရသနေ့**။ ။ ဤသို့ တွေ့က ဒုက္ခံ-ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ ယူအပ်သည်၏အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ ဒုက္ခသစ္စာကို အကြွင်းမဲ့ယူအပ်သည်၏ အဖြစ်ကို ပြလိုသော ဆရာသည် န ဣတော ဘိယျော-ကိုမိန့်။

( င) သို့/ ဆရာ-သည် (ယ) ဖြင့် နိရုဇ္ဈတိ ဧတ္ထာတိ နိရောဓော-ဟု ဝစနတ္ထပြ၍ နိရောဓ-အရ နိဗ္ဗာန်ကို ကောက်ယူရမည်ကို ဖွင့်ဆိုတော်မူ၏။ နိရောဓသစ္စာ၏ ဝစနတ္ထနှင့် အရကောက်ကိုသာ သိရ၍ မဂ္ဂသစ္စာ၏ အရကောက်နှင့် ဝစနတ္ထကို မသိရသေးသည် မဟုတ်ပါလော။ (တစ်နည်း) ဘုရားရှင်၏ မဂ္ဂသစ္စာ သိပုံအခြင်းအရာကို မပြဆိုအပ်သေးသည် မဟုတ်ပါလော။ ဘုရားရှင်သည် အဘယ်သို့ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိအပ်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (ခ) စသည် ပက္ခန္တရ။ (ဂ) ကား ဒုက္ခသစ္စာကို ဟုတ်မှန်စွာ သိပုံမှတစ်ပါး သမုဒယသစ္စာကို ဟုတ်မှန်စွာ သိပုံ အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရ။ (ယ) ကား သမုဒယသစ္စာကို ဟုတ်မှန်စွာ သိပုံမှတစ်ပါး နိရောဓသစ္စာကို ဟုတ်မှန်စွာသိပုံ အဖို့တစ်ပါးကိုပြသောကြောင့် ပက္ခန္တရ။ (င) ကား နိရောဓသစ္စာကို ဟုတ်မှန်စွာသိပုံမှတစ်ပါး မဂ္ဂသစ္စာကို ဟုတ်မှန်စွာသိပုံ အဖို့တပါးကိုပြသောကြောင့် ပက္ခန္တရဝါကျ။

**စာစပ်** ။ ။**သော ဣဒံ ဒုက္ခန္တိ ယောဇနာ (ပဒေသ)** ကား တို့၌--ကြောင့် ဝေဒိတဗ္ဗော-၌ အာခါရ၊ ဝေဒိတဗ္ဗောကား အာခါရီအဖြစ်ဖြင့် စပ်အပ်၏။

(ယ) ၌ ဏ္ဍတိ-ကား သို့--ကြောင့် ယထာဘူတံ-၌ စဉ်းငယ်စပ်၍ အဗ္ဘညာသိံ-၌ နိဒဿန၊ အဗ္ဘညာသိံ-ကား နိဒဿနဝန္တအဖြစ်ဖြင့် စပ်အပ်၏။

➤ ၄။ ဒုက္ခယတီတိ **ဒုက္ခံ**။ နိရုဇ္ဈတိ ဧတေန, ဧတ္ထာတိ ဝါ **နိရောဓော**။ ဒုက္ခဿ နိရောဓော **ဒုက္ခနိရောဓော**။ ဂမေတိ, ဂစ္ဆတိ ဝါ ဧတာယာတိ **ဂါမိနီ**။ ဒုက္ခနိရောဓဿ ဂါမိနီ **ဒုက္ခနိရောဓဂါမိနီ**။ ဒုက္ခနိရောဓ-အရကား ဒုက္ခ၏ ချုပ်ရာ ချုပ်ကြောင်း နိဗ္ဗာန်သည် မုချ။ ထို--၏ အရိယာမဂ်နှင့် အာရုံ အာရမ္မဏိက စပ် ဌာနူ။ ပုဒ်လုံးအရကား ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယာမဂ်ရ၏။ (ဝိသေသနဆက်ကောက်)

ဧတံ ပရိမာဏံ ယဿာတိ **ဧတ္တကံ**။ ဧတ-တဒ္ဓိတ်ပုဒ်အရကား အတိုင်းအရှည်ပမာဏသည် မုချ။ ထို--၏ တ္တက-ပစ္စည်းအရ ဒုက္ခနှင့် ပမာဏ- ပမာဏဝန္တ စပ် ဌာနူ။ တ္တက-ပစ္စည်းအရကား ထို--သော ဤမျှအတိုင်းအရှည်ရှိသော ဒုက္ခ ရ၏။

* ရသီယတိ ဉာယတီတိ ရသော။ သဿ အတ္တနော ရသော **သရသော**။ သရသသင်္ခါတံ လက္ခဏံ **သရသလက္ခဏံ**။ [မိမိ၏သဘောဟု ဆိုအပ်သော လက္ခဏာ]

ပဋိဝိဇ္ဈန် ပဋိဝေဓော။ သရသလက္ခဏဿ အသမ္မောဟဿ ပဋိဝေဓော **သရသလက္ခဏပဋိဝေဓော**။ သရသလက္ခဏ-ဟူသော ဝိသေသနပုဒ်အရကား မိမိ၏ သဘော

http://www.dhammadownload.com



လက္ခဏာသည် မှချ။ ထို--၏ ပဋိဝေဓ-အရ ထိုးထွင်း၍ သိခြင်းကြိယာနှင့် ကမ္မ-ကမ္မိ စပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော မိမိ၏ သဘောလက္ခဏာကို ထိုးထွင်း၍သိခြင်း လက္ခဏာ ရ၏။

* သမုဒေတိ နိဗ္ဗတ္တေတီတိ **သမုဒယော**။ သံရှေ့ ဥရှေ့ရှိသော ဣဓာတ်အရ သုဒ္ဓကတ္တုဌကား ဒုက္ခသစ္စာ၏ ဥပါဒ်သည် မှချ။ ဟေတုကတ္တုဌကား သမုဒယသစ္စာ တဏှာ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ဏပစ္စည်းအရကား ထို--သော တဏှာ သမုဒယသစ္စာ ရ၏။ * ဒုက္ခဿ သမုဒယော **ဒုက္ခသမုဒယော**။ (အကြောင်း-အကျိုး စပ်။)

* ပဝတ္တတိ ယာယာတိ **ပဝတ္တိ**။ (တစ်နည်း) ပဝတ္တတိ ဝတ္တာတိ **ပဝတ္တိ**။ န ပဝတ္တိ **အပ္ပဝတ္တိ**။ န-ဟူသော ဝိသေသနပုဒ်အရကား ပဋိသေဓဘောဂုဏ်သည် မှချ။ ထို--၏ မဖြစ်ကြောင်း မဖြစ်ရာ နိဗ္ဗာန်နှင့် ဂုဏ်-ဂုဏော စပ် ဌာန္။ ပုဒ်လုံး အရကား ထို--သော ဖြစ်ကြောင်းဖြစ်ရာ မဟုတ်သော နိဗ္ဗာန်ရ၏။

* သမ္ပာပေတီတိ **သမ္ပာပကော**။ သံရှေ့ ပရှေ့ရှိသော အပဓာတ်အရ သုဒ္ဓကတ္တုဌကား နိဗ္ဗာန်သည် မှချ။ ဟေတုကတ္တုဌကား ယင်း နိဗ္ဗာန်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဏွုပစ္စည်းအရကား ထို--သော အရိယာမဂ်ရ၏။

နိရုဇ္ဈတိ ဧတေန, ဧတ္ထာတိ ဝါ **နိရောဓော**။ နိပုဗ္ဗ ရုဓဓာတ်အရ ကတ္တုဌကား ဒုက္ခသမုဒယ၏ ဘင်ခဏသည် မှချ။ အဓိကရဏဌအရကား နိဗ္ဗာန်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ဏပစ္စည်းအရကား ထို--သော နိဗ္ဗာန်ရ၏။

* ဘူတဿ အနုရူပံ **ယထာဘူတံ**။ * ဥဘိန္နံ သမူဟော ဥဘယံ။ တာသံ (ဒုက္ခတဏှာနံ) ဥဘယံ တဒုဘယံ။ ပါပေတီတိ ပါပကော။ သုဋ္ဌု ဧဝ ပါပကော သမ္ပာပကော။ * သမုဒေတီတိ သမုဒယော။ ဒုက္ခဿ သမုဒယော ဒုက္ခ သမုဒယော။[ဂဏ္ဌိသည်း] * နိရုဇ္ဈတိ ဧတေန, ဧတ္ထာတိ ဝါ နိရောဓော။ ဒုက္ခဿ နိရောဓော ဒုက္ခနိရောဓော။

➤ ၆။ (က) ၌ ဝိပဿနာ စိတ္တံ-ဖြင့် စိတ္တံ အဘိနိန္နာမေသိ-၌ စိတ္တံ-အရ ရှေး ဝိဇ္ဇာနှစ်ပါး၌ကဲ့သို့ ပရိကံစိတ်ကို မယူရ ဝိပဿနာစိတ်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) အဘိနိဟရိ-ဖြင့် အဘိနိန္နာမေသိ-၌ အဘိရှေ့ နိရှေ့ရှိသော နမုဓာတ်၏ နီဟရဏအနက်ဟော--ရင်း (ဓာတွတ္ထ) ဏေ ပစ္စည်းသည် ကာရိုက်ဏေပစ္စည်းမဟုတ်၊ စုရာဒိ ဏေပစ္စည်း၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ ဇာနိ-ဖြင့် အဗ္ဘညာသိ-၌ အဘိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) [ကံ ပုရိသံ ဉာတိ တုဿတီတိ ကညာ၊ ကံ ပုရိသံ ဧ_တိ တောသေတီတိ ကညာ-တို့၌ကဲ့သို့] ဉာဓာတ်သည် တောသနအနက်ကို မဟော၊ ဗုဒ္ဓိ-သိခြင်းအနက် ဟော--ရင်း (ဓာတွတ္ထ) ဉာဓာတ်သည် ဤနေရာ၌ ဘူဝါဒိဂဏိကဓာတ်မဟုတ်၊ ကိယာဒိဂဏိကဓာတ်--ရင်း (ဘာဝတ္ထ) သိစေပါသည်။

http://www.dhammadownload.com



ပဋိဝိဇ္ဈိ-ဖြင့် သိ၏ (ဇာနိ)ဟူသည် ထိုးထွင်းခြင်း (ဝါ) ထိုးထွင်းသိခြင်း ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) [တစ်နည်း] ပဋိဝိဇ္ဈိ-ဖြင့် အဇ္ဈညာသိ ဇာနိ-တို့၌ ဉာဓာတ်သည် တောသနအနက်ကို မဟော၊ ပဋိဝိဇ္ဈနအနက်ဟော ဟု သိစေပါသည်။ (ဓာတွတ္ထ)

**ဧတ္တာဏံ** ဒုက္ခံ-ဖြင့် ဒုက္ခသစ္စာကို ပိုင်းဖြတ်၍ သိအပ်ယူအပ်သည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

**န ဣတော ဘီယျော**-ဖြင့် အကြွင်းအကျန်မရှိ သိအပ်ယူအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ) သရသလက္ခဏာ ပဋိဝေဓေန-ဖြင့် သဘောလက္ခဏာကို မတွေဝေသောအားဖြင့် ထိုးထွင်း၍သိခြင်းဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

(ဂ) ၌ ဒုက္ခဿ နိဗ္ဗတ္တိကံ-ဖြင့် ဒုက္ခသမုဒယောပုဒ်ကို ဒုက္ခံ သမုဒေတီတိ ဒုက္ခ သမုဒယော-ဟု ဟေတုကတ္တုသာဓနေ ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ် ပြု--ရင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) ဏပစ္စည်း ဟေတုကတ္တားအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သမုဒယ-၌ သံရှေ့ ဥ-ရှေ့ရှိသော ဣဓာတ်၏ နိဗ္ဗတ္တနအနက်ဟော --ရင်း (ဒု-ဓာတွတ္ထ) သိစေပါသည်။ **တဏှံ**-ဖြင့် ဒုက္ခသမုဒယ-အရ တဏှာကို အရကောက်ရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

(ဃ) ၌ တဒုဘယမ္ပိ ယံ ဌာနံ ပတွာ နိရုဇ္ဈတိ တံ ဝေသံ အပ္ပဝတ္တိ-ဖြင့် ဒုက္ခနိရောဓော-ပုဒ်ကို ဒုက္ခံ နိရုဇ္ဈတိ ဧတေန, ဧတ္ထာတိ ဝါ ဒုက္ခနိရောဓော ဟု ကရဏသာဓနေ (ဝါ) အဓိကရဏသာဓနေ ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ်ပြု--ရင်း (အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ) ဏပစ္စည်း၏ ကရဏသာဓနေ၊ (ဝါ) အဓိကရဏသာဓနေ၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

နိဗ္ဗာနံ-ဖြင့် ဒုက္ခနိရောဓ-အရ နိဗ္ဗာန်ကို ယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ)

(င) ၌ **တဿ သမ္ပာပကံ**-ဖြင့် ဒုက္ခနိရောဓဂါမိနီပုဒ်ကို ဒုက္ခနိရောဓံ ဂမေတိ ဂစ္ဆတိ ဝါ တေနယာတိ ဒုက္ခနိရောဓဂါမိနီ-ဟု ဟေတုကတ္တုသာဓနေ (ဝါ) ကရဏသာဓနေ ကိတန္တ တပ္ပုရိသ်သမာသ်ပြု--ရင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) ဏီပစ္စည်း၏ ဟေတု ကတ္တုသာဓနေ (ဝါ) ကရဏသာဓနေ၌သက်-- ရင်း (ဒု-ပစ္စယတ္ထ) ဂမုဓာတ်၏ ပါပုဏန အနက်ဟော--ရင်း (ဒု-ဓာတွတ္ထ) သိစေပါသည်။ **အရိယမဂ္ဂံ**-ဖြင့် ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ-အရ အရိယမဂ်ကို ယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ)

**ဇာနိ**-ဖြင့် အဇ္ဈညာသိ-၌ အဘိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏--ရင်း (ဥပသဂ္ဂ လိင်္ဂတ္ထ) [ကံ ပုရိသံ ဉာတိ တုဿတီတိ ကညာ၊ ကံ ပုရိသံ ဧေ တိ တောသေတီတိ ကညာ-တို့၌ကဲ့သို့] ဉာဓာတ်သည် တောသနအနက်ကို မဟော၊ ဗုဇ္ဈ-သိခြင်းအနက် ဟော--ရင်း (ဓာတွတ္ထ) ဉာဓာတ်သည် ဤနေရာ၌ ဘူဝါဒိဂဏိကဓာတ်မဟုတ်၊ ကိယာဒိ ဂဏိကဓာတ်--ရင်း (ဘာဝတ္ထ) သိစေပါသည်။

http://www.dhammadownload.com



ပဋိဝိဇ္ဈိ-ဖြင့် သိ၏ (ဇာနိ)ဟူသည် ထိုးထွင်းခြင်း (ဝါ) ထိုးထွင်းသိခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) [တစ်နည်း] ပဋိဝိဇ္ဈိ-ဖြင့် အဗ္ဘညာသိ ဇာနိ-တို့၌ ဉာဓာတ်သည် တောသနအနက်ကို မဟော၊ ပဋိဝိဇ္ဈနအနက်ဟောဟု သိစေပါသည်။ (ဓာတွတ္ထ)

သရသလက္ခဏ ပဋိဝေဓေန - ဖြင့် သဘောလက္ခဏာကို မတွေဝေသောအားဖြင့် ထိုးထွင်း၍ သိခြင်းဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

➢ ၇။ **နိဗ္ဗတ္တကံ/နိဗ္ဗတ္တိကံ** ။ ။ နိပုဗ္ဗ ဝတုဓာတ် (ဝါ) ဝတ္တဓာတ် ဏွုပစ္စည်း၊ ဏွုပစ္စည်းကို အကပြု၊ တဏှံ-ဟူသော ဝိသေသျလိင်သို့လိုက်၍ ဤနေရာ၌ ဣတ္ထိလိင်ဖြစ်ရကား "ဣတ္ထိလိင်တွင်၊ အက-မြင်၊ အ-လျှင်၊ ဣ-ဖြစ်မြဲ"ဟူသော သဒ္ဒစည်းကမ်းအရ အက-မှ အ-ကို ဣပြု၍ပြီးသောကြောင့် နိဗ္ဗတ္တိကံ-ပါဌ်သာ သင့်ပါသည်။

➢ ၈။ **ယံ ဌာနံ ပတ္တော**-ကား ဌာနဖြစ်သော ဒုက္ခ, သမုဒယနှစ်ပါးစုံရှိသော ပုဂ္ဂိုလ်၏ ရောက်ခြင်း၏ "ပတ္တာ"ဟူသောအမည်ကို ဌာနီဖြစ်သော ဒုက္ခ သမုဒယ နှစ်ပါး၏ ရောက်ခြစ်း၌တင်-- ဌာနူပစာ။ ဌာနမကင်းရာဖြစ်သော ပုဂ္ဂိုလ်၏ရောက်ခြင်းကို "ပတ္တာ" ဟုဆိုသဖြင့် ဌာနီ မကင်းတတ်သော ဒုက္ခ, သမုဒယသစ္စာ နှစ်ပါး၏ရောက်ခြင်းကိုလည်း ရသောကြောင့် နာနန္တရိကနည်း။ **ဒုက္ခနိရောဓော**-ကား အကျိုးဖြစ်သော ဒုက္ခသစ္စာချုပ်ခြင်း၏ "ဒုက္ခနိရောဓ" ဟူသော အမည်ကို အကြောင်းဖြစ်သော သမုဒယသစ္စာ ချုပ်ခြင်း၌ တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

**ဣမေ အာသဝါတိ ယထာဘူတံ**-ကား အစိတ်ဖြစ်သော အာသဝေါတရားတို့၏ "ဣမေ အာသဝါ"ဟူသောအမည်ကို အပေါင်းဖြစ်သော အလုံးစုံသော ကိတလသာ၌ တင်-- ဧကဒေသူပစာ။ ပဓာနနည်း။ ဥပလက္ခဏနည်း။

➢ ၁၀။ **ဒုက္ခသစ္စံ**-အရ လောကီစိတ်-၈၁၊ လောဘကြဉ်သော စေ-၅၁၊ ရုပ်-၂၈ ကိုယူ။ **[ဝုဍ္ဍိဗော တရုတာဟာ ရအနဲ့ထ္တီ]** **အရိယမဂ္ဂံ**-အရ -- သမ္မာဒိဋ္ဌိသည် ပညိန္ဒြေမည်၏။ သမ္မာဝါယာမသည် ဝီရိယိန္ဒြေ မည်၏။ သမ္မာသတိသည် သတိန္ဒြေမည်၏။ သမ္မာသမာဓိသည် သမာဓိန္ဒြေမည်၏။ ဤသို့ ဣန္ဒြေ၌သွင်းခြင်းသည် **ဝုဍ္ဍိဗော တရုတာဟာ ရအနဲ့ထ္တီ** နည်း မည်၏။

**ပါဠိ [၁၄၁]**

(က) **ဇဝံ သရူပတော သစ္စာနိ ဒဿေတွာ ဣဒါနိ ကိလေသဝသေန ပရိယာယတော ဒဿေန္တော "ဣမေ အာသဝါ"တိ အာဒိမာဟ။** (ခ) **တဿ ဧဝံ ဇဝံ ဇာနတော ဇဝံ ပဿတောတိ တဿ မယှံ ဇဝံ ဇာနန္တဿ ဇဝံ ပဿန္တဿ။** (ဂ) **သဟ ဝိပဿနာယ ကောဋိပ္ပတ္တံ မဂ္ဂံ ကထေတိ။** (ဃ) **ကာမာသဝါတိ ကာမာသဝတော။**

(င) **"ဝိမုစ္စိတ္ထာ"တိ ဣမိနာ ဖလက္ခဏံ ဒဿေတိ။** (စ) **မဂ္ဂက္ခဏေ ဟိ စိတ္တံ ဝိမုစ္စတိ၊ ဖလက္ခဏေ ဝိမုတ္တံ ဟောတိ။** (ဆ) **"ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ"န္တိ ဣမိနာ ပစ္စဝေက္ခဏဉာဏံ ဒဿေတိ။** (၄။၁၃၇။ မအ္ဋ၊၂။ ၃၇၉။ ဘာသာဋီ၊၂ ၅၇။ )

http://www.dhammadownload.com



➤ ၂။ (က) ဒီ့/ ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ဣမေ အာသဝါ အစရှိသော စကားတို့ကို ဟောတော်မူ၏။ သော ဣဒံ ဒုက္ခံ အစရှိသော ပါဠိရပ်တို့ဖြင့် ပင် သရုပ်အားဖြင့် သစ္စာလေးပါးတို့ကို ပြဆိုအပ်ပြီးသည် မဟုတ်ပါလော။ ထိုသို့ ပြဆိုအပ်ပြီးသည်၏အဖြစ်ကြောင့် "ဣမေ အာသဝါ" စသော စကားတို့ကို မဟောသင့်။ အဘယ့်ကြောင့် ဟောအပ်ပါသနည်း။ စုဒ်ကြောင့် (က)မိန့်။ အား-- ကိလေသာနှင့်စပ် သဖြင့် ပရိယာယ်အားဖြင့် သစ္စာလေးပါးတို့ကို ပြတော်မူလိုသောကြောင့်--ဟူလို။

(ဂ) ဒီ့/ ဆရာ-သည် (ခ) ဖြင့် တဿ မေ-၌ မေ-သည်ငှင်း၊ ဇာနတော ပဿတော-တို့၌ တော-သည်ငှင်း ဆဋ္ဌီ သဝိဘတ်၏ ကာရိယဖြစ်သည်ကို ဖွင့်ဆိုတော်မူ၏။ ထို တဿ မေ-စသော ပါဠိတော်ဖြင့် အဘယ်ကို ဟောပါသနည်း။ လောကီဝိပဿနာ မဖက် လောကုတ္တရာမဂ် သက်သက်ကိုသာ ဟောပါသလော။ စုဒ်ကြောင့် (ဂ) မိန့်။

(စ) ဒီ့/ ဆရာ-သည် (င) ဖြင့် ဝိမုစ္စိတ္ထ-ဟူသောပါဌ်ဖြင့် ဖိုလ်ခဏကို ပြဆိုတော် မူ၏။ မဂ်သည်လည်း ကိလေသာတို့မှ လွတ်ပြီးတရားဖြစ်သည် မဟုတ်ပါလော။ ထိုသို့ ဖြစ်လျက် ဖိုလ်ခဏကိုသာ ဝိမုစ္စိတ္ထ-ဟု ဆိုခြင်းသည် အဘယ်သို့သော အကြောင်းယုတ္တိ ဖြင့် သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (စ)မိန့်

➤ ၃။ (ခ) ပက္ခန္တရ။ (ဂ) ဝါကျာရမ္ဘ။ (ဃ-င-ဆ) ပက္ခန္တရ။ (စ) ဒဠှီကရဏ။

**စာစပ်** ။ ။ တဿ မယှံ-ကား ၏--ကြောင့် စိတ္တံ-၌ သမ္ဗန်၊ စိတ္တံ-ကား သမ္ဗန္ဓီ စပ်။ ဝိမုတ္တသ္မိံ-ကား လတ်သော်--ကြောင့် ဉာဏံ ဟောတိ-၌ လက္ခဏ။ ဉာဏံ ဟောတိ-ကား လက္ချအဖြစ်ဖြင့် စပ်အပ်၏။

➤ ၄။ ဇာနာတီတိ **ဇာနန္တော**။ ဉာဓာတ်အရကား ဘုရားရှင်၏ သစ္စာလေးပါးကို သိသော သစ္စာပဋိဝေဓဉာဏ်သည် မုချ။ ရှေးရှေးသော ပါရမီဉာဏ် ဝိပဿနာဉာဏ် တို့သည် ဖလူ။ နောက်နောက်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ကာရဏူ။ အန္တပစ္စည်း အရကား ထို--သော သစ္စာလေးပါးကိုသိသော ဘုရားရှင်ရ၏။

* ပဿတီတိ **ပဿန္တော**။ [ဉာသ်ကောက်တူ]

* ဝိဝိဓေန အာကာရေန ပဿတီတိ **ဝိပဿနာ**။ ဝိ-ဥပသာရအရကား ဝိဝိဓ ဘောဂုဏ် ရ၏။ ဒိသဓာတ်အရကား ရှုခြင်းလက္ခဏာ ရ၏။ ယုပစ္စည်းအရကား ထို-- သော ရှုခြင်းလက္ခဏာရှိသော ဝိပဿနာဉာဏ် ရ၏။

* ကောဋိံ ပတ္တော **ကောဋိပ္ပတ္တော**။ ကောဋိ-ဟူသော ဝိသေသနပုဒ်အရကား အထွဋ်အထိပ်သည် မုချ။ ထို--၏ ထိုသို့ရောက်သောမဂ်နှင့် ကမ္ဗ ကမ္မီ စပ် ဌာနူ။ ပုဒ်လုံး အရကား ထို--သော အထွဋ်အထိပ်သို့ရောက်သော မဂ်ရ၏။

* ဖလမေဝ ခဏံ **ဖလက္ခဏံ**။/ဖလဿ ခဏံ **ဖလက္ခဏံ**။

➤ ၆။ (ခ) ၌ တဿ မယှံ-ဖြင့် တ-သဒ္ဒါ၏ ပသိဒ္ဓဝိသယ တ-၏--ငှင်း (သဗ္ဗနာမ

http://www.dhammadownload.com



လိင်္ဂတ္ထ) မေ-သဒ္ဒါ၏ စတုတ္ထီ သဝိဘတ်၏ ကာရိယ၏--ရုပ်း (ဝိဘတ္တိပဒ) သိစေပါသည်။

ဇာနန္တဿ ပဿန္တဿ-ဖြင့် ဇာနတော ပဿတော-၌ အန္တပစ္စည်းကို န္တပစ္စည်းကဲ့သို့ ငဲ့၍ သဝိဘတ်နှင့်တကွ တောပြု၍ ပြီးသတည်းဟု သိစေပါသည်။ (ဝိဘတ္တိပဒ)

(ဂ) ၌ သဟ ကထေသိ-ဖြင့် တဿ မေ-စသော ဤပါဠိဖြင့် အထွတ်အထိပ်သို့ ရောက်သော ဝိပဿနာ, အထွတ်အထိပ်သို့ရောက်သော မဂ်ကိုဟောတော်မူ၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ၌ ကာမာသဝတော-ဖြင့် ကာမာသဝါ-၌ အာ-သဒ္ဒါသည် ယောဝိဘတ် သိဝိဘတ်၏ ကာရိယမဟုတ်၊ သွာဝိဘတ်၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ)

(စ) ၌ ပစ္စဝေက္ခဏာဉာဏံ ဒဿေတိ-ဖြင့် ဉာဏံ-အရ သုတမယဉာဏ် စိန္တာမယဉာဏ်တို့ကို မကောက်ယူရ၊ မဂ်ဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ကို ကောက်ယူရမည်ဟု သိစေပါသည်။

➤ ၇။ **ဝိမုတ္တမိတိ/ဝိမုတ္တမှီတိ** ။ ။ စိတ္တေ၊စိတ်သည်။ဝိမုတ္တသ္မိံ၊အာသဝေါတို့မှ လွတ်ပြီ-ဟု အာသဝေါတို့မှလွတ်သော အရဟတ္တဖိုလ်စိတ်ကို အာရုံပြု၍သာ ပစ္စဝေက္ခဏာဉာဏ် ဖြစ်နိုင်၏။ ဝိမုတ္တမှိ ဝိမုတ္တော အမှို၊ငါသည် အာသဝေါတို့မှ လွတ်ပြီ-ဟု မိမိကိုယ်ကို အာရုံပြု၍ ပစ္စဝေက္ခဏာဉာဏ် မဖြစ်နိုင်ရကား ဝိမုတ္တမိတိ-ပါဌ်သာ သင့်ပါသည်။

**ဝိမုစ္စတိ/ဝိမုစ္စတိ** ။ ။ ရူဓာဒိရုပ်သည် မိဂံ ဗန္ဓနာ မုဥ္စတိ-ကဲ့သို့ ကံကိုငဲ့၏၊ ဒိဝါဒိရုပ်ကား ကံကို မငဲ့၊ အပါဒါန်နှင့် ကတ္တားကိုသာ ငဲ့ရကား ဤ၌ ကာမာသဝါ-ဟူသော အပါဒါန်၊ စိတ္တံ-ဟူသော ကတ္တားတို့ကိုထောက်၍ ဒိဝါဒိရုပ်ဖြင့်ရှိသော ဝိမုစ္စတိ-ပါဌ်သာ သင့်သည်။

➤ ၈။ **ဖလက္ခဏံ**-ကား မဂ်ခဏနောင်ဖြစ်သော ဖိုလ်မှ ယနေ့တိုင်အောင်ဖြစ်သော ဖိုလ်ခဏ အားလုံးဟူသော ရသင့်တိုင်းကို မယူမူ၍ မဂ်ခဏနှင့် နီးသော ဖိုလ်ခဏကိုသာ ယူရသောကြောင့် ပစ္စာသတ္တိနည်း မည်၏။ အပေါင်းဖြစ်သော လွတ်ပြီးဖိုလ်ခဏအားလုံးတို့၏ "ဖလက္ခဏ"ဟူသောအမည်ကို အစိတ်ဖြစ်သော မဂ်နောင် ပထမဆုံး ဖိုလ်ခဏ၌တင်-- ဧကဒေသူပစာ။

➤ ၁၀။ **ဝိပဿနာ**- အရ -- မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးပါး၌ရှိသော ဝိပဿနာဉာဏ်ကိုယူ။

## ပုစ္ဆာ [၁၄၂]

(က) **ဝိဇ္ဇာဇာတိတိ အာဒီတိ တဿ ဘူမိ**။ (ခ) **တေန ဟိ ဉာဏေန ဘဂဝါ ပစ္စဝေက္ခန္တော "ဝိဇ္ဇာ ဇာတာ"တိ အာဒိနိ အာဟ္ဗညာသိ**။ (ဂ) **တတော ပန ဘဂဝတော ဇာတိ ဝိဇ္ဇာ၊ ကထဉ္စ နံ အာဇ္ဗညာသိတိ**။? (ဃ) **ဝုစ္စတေ**။

http://www.dhammadownload.com



**(င) န တာဝဿ အတီတာ ဇာတိ ခီဏာ ပုဗ္ဗေဝ ခီဏတ္တာ၊ န အနာဂတာ အနာဂတေ ဝါယာမာဘာဝတော၊ န ပစ္စုပ္ပန္နာ ဝိဇ္ဇမာနတ္တာ။**

**(စ) ယာ ပန မဂ္ဂဿ အဘာဝိတတ္တာ ဥပ္ပဇ္ဇေယျ ဧကစတုပဉ္စဝေါကာရဘဝေသု ဧကစတုပဉ္စက္ခန္ဓပ္ပဘေဒါ ဇာတိ၊ သာ မဂ္ဂဿ ဘာဝိတတ္တာ အနုပ္ပါဒဓမ္မတံ အာပဇ္ဇနေန အာပဇ္ဇနေန ခီဏာ။** (ဋ္ဌ။၁၃၇။ မဒ္ဒ။ ၂။ ၃၈၀။ ဘာသာဋီ၊၂ ၅၈။ )

➤ ၂။ (စ) သို့/ ဆရာ-သည် (က) ဖြင့် ခီဏာ ဇာတိ စသည်တို့ဖြင့် ပစ္စဝေက္ခဏာ ဉာဏ်၏ ဘူမိကို ပြသောဟု ဖွင့်ဆိုတော်မူ၏။ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ-ဟူသောပါဠိဖြင့် ပစ္စဝေက္ခဏာဉာဏ်၏ ဘူမိကို ပြရာသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် ခီဏာ ဇာတိ စသည်ဖြင့် ယင်းကို ပြသည်ဆိုသော စကားသည် အဘယ်သို့သော အကြောင်း ယုတ္တိဖြင့် သင့်ရာအံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(စ) သို့/ ဆရာ-သည် (င) ဖြင့် ကာလသုံးပါးတို့၌ဖြစ်သော ဇာတိသည် မကုန်ဟု အကြောင်းနှင့်တကွ ဖွင့်ပြတော်မူ၏။ ယင်းသို့ဆိုအပ်သော် အဘယ်ကာလ၌ရှိသော ဇာတိသည် ကုန်ပါသနည်း။ ကာလသုံးပါးမှလွတ်သော ပရမတ္ထတရားမည်သည် မရှိသော ကြောင့် တစ်ပါးပါးသော ကာလ၌ ထင်ရှားဖြစ်သော ဇာတိသည် ကုန်ရာသည် မဟုတ် ပါလော။ စုဒ်ကြောင့် (စ) မိန့်။

**ကား** -- မဂ္ဂဘာဝနာဖြင့် အနာဂတ်ဇာတိ၏ အကြောင်းကို ဖျက်ဆီးခြင်းဟူသော အကြောင်းဖြင့် ဇာတိကုန်သည်၏အဖြစ်ကို သိအပ်၏ဟူလို။

➤ ၃။ (ခ) ဒဋ္ဌကရဏ/ကာရဏ။ (ဂ) စောဒနာ။ (ဃ) ပရိဟာရ သခေ်ပ။ (င) စသည် ပရိဟာရ ဝိတ္ထာရ။ ယင်းတွင် ဝိဇ္ဇမာနတ္တာတိုင်အောင်ကား ဂရဟာဝါကျ။ (စ) ယာ ပန စသည်ကား အနုဂ္ဂဟဝါကျ။ (ဝါ) အန္ဝယဝါကျ။

➤ ၄။ ဘဝန္တိ ဓတ္တာတိ **ဘူမိ**။ ဘူဓာတ်အရ ကတ္တုရုကား ပဟီနကိလေသာကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်၏ ဥပါဒ်သည် မုချ။ အဓိကရဏတ္ထကား ဖြစ်ရာ ဘုံဌာန (ဝါ) အာရုံ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ မိ-ပစ္စည်းအရကား ထို--သော ပစ္စဝေက္ခဏာဉာဏ်၏ ဖြစ်ရာဘုံဌာန (ဝါ) အာရုံရ၏။

* ပစ္စဝေက္ခတီတိ **ပစ္စဝေက္ခဏ္ဏာ**။ ပတိရှေ့ရှိသော ဣက္ခဓာတ်အရ ဆင်ခြင်တတ် သော ပစ္စဝေက္ခဏာဉာဏ်သည် မုချ။ ရှေးရှေး၌ဖြစ်သော အရဟတ္တဖိုလ်ဉာဏ်သည် ဖလူ။ နောက်နောက်၌ဖြစ်သော သဗ္ဗညုတဉာဏ်တော်သည် ကာရဏူပစာ။ အန္တပစ္စည်းအရ ကား မြတ်စွာဘုရား ရ၏။

ခီယိတ္ထာတိ ခီဏာ။ ခီဏာယ ဘာဝေါ **ခီဏတ္တံ**။ (တသ္မာ) ခီဏ-ဟူသော တဒ္ဓိတ်ပုဒ် အရကား ဇာတိသည် မုချ။ ထို--၏ တ္တ-ပစ္စည်းအရ ကုန်ခြင်း (မဖြစ်ခြင်း) ကြိယာနှင့် နိဿယ-နိဿိတ စပ် ဌာနူ။ တ္တ-ပစ္စည်းအရကား ထို--သော ကုန်ခြင်း (မဖြစ်ခြင်း)

http://www.dhammadownload.com



ကြိယာ ရ၏။

**အနုပ္ပန္နံ** အနုပ္ပါဒေါ။ အနုပ္ပဒေါ ဓမ္မော ဇတိဿာ ဇာတိယာတိ **အနုပ္ပါဒဓမ္မာ**။ အနုပ္ပါဒဓမ္မာယ ဘာဝေါ **အနုပ္ပါဒဓမ္မတာ**။ အနုပ္ပါဒဓမ္မ-ဟူသော တဒ္ဓိတ်ပုဒ်အရကား နောင်တစ်ဖန် မဖြစ်ခြင်း သဘောမရှိသော ဇာတိသည် မုချ။ ထို--၏ တာ-ပစ္စည်းအရ နောင်တစ်ဖန် မဖြစ်ခြင်းကြိယာနှင့် နိဿယ- နိဿိတ စပ် ဌာနူ။ တာ-ပစ္စည်းအရကား နောင်တစ်ဖန် မဖြစ်ခြင်းကြိယာ ရ၏။

* ဥပ္ပန္နံ ဥပ္ပါဒေါ။ ဥပ္ပါဒေါစ သော ဓမ္မောစာတိ **ဥပ္ပါဒဓမ္မော**။ နတ္ထိ ဥပ္ပါဒဓမ္မော ယဿာတိ **အနုပ္ပါဒဓမ္မာ**။ (ဇာတိ)

* ပဋိစ္စ ဥပ္ပန္နာ **ပဋိစ္စသမုပ္ပန္နာ**။ * ဝိဓ္ဓတီတိ **ဝိဒ္ဓမာနာ**။ ဝိဒ္ဓမာနာယ ဘာဝေါ **ဝိဒ္ဓမာနတ္တံ**။

* န ဘာဝိယိတ္ထာတိ **အဘာဝိတော**။ အဘာဝိတဿ ဘာဝေါ **အဘာဝိတတ္တံ**။

➤ ၅။ **ခီဏာ**- ခိ+တ။ **ဇာတိ**- ဇန+တိ။ **ဝိဒ္ဓမာန**- ဝိဒ+ယ-မာန။ **ဓကာ**- ဣ+က။ **ခန္ဓ**- ခံသဒ္ဒူပပဒ ဓာ+အ။/ခါဒ+ဏ။/ခန+ဓ။ **ဓမ္မ**- ဓရ+ရမ္မ။

➤ ၆။ (က) ၌ တဿ ဘူမိ-ဖြင့် ခီဏာ ဇာတိ-ဟူသော စကားဖြင့် ပစ္စဝေက္ခဏာ ဉာဏ်၏ ဖြစ်ရာဌာန ဖြစ်ရာအာရုံကို ခီဏာ ဇာတိ-စသောပုဒ်တို့ ဖြင့် ပြ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **အဇ္ဈညာသိ/အဇ္ဈညာသိံ** ။ ။ ဘဂဝါ-ဟူသော ကတ္တားကိုထောက်၍ အဇ္ဈညာသိ-ပါဌ် သင့်ပါသည်။ ဂဏ္ဌိသစ်၌ ဟိ-ယသ္မာ အဇ္ဈညာသိံ တသ္မာ ဘူမိ ဒဿေန္တိ-ဟု ဆိုသောကြောင့် ဂဏ္ဌိသစ်အလို အဇ္ဈညာသိံ-ပါဌ်လည်း သင့်ပါသည်။

➤ ၈။ **ခီဏာ ဇာတိ**-ကား အကျိုးဖြစ်သော ပဋိသန္ဓေနေရမှု မရှိတော့ခြင်း၏ "ခီဏာ ဇာတိ"ဟူသောအမည်ကို အကြောင်းဖြစ်သော နောင်ပဋိသန္ဓေ အကျိုးမပေး တော့သည့် ကံ၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

**န အနာဂတာ**-ကား အပေါင်းဖြစ်သော အနာဂတတ္တသာမည, အနာဂတတ္တဝိသေသ တို့၏ န အနာဂတာ-ဟူသောအမည်ကို အစိတ်ဖြစ်သော အနာဂတတ္တသာမည၌တင်-- ကေဒေသျူပစာ။

**(ခ) ဝါကျ၌ ရနိုင်သောနည်း** ။ ။ အနာဂတ်ဇာတိ၏ အကြောင်းကို မဂ္ဂဘာဝနာဖြင့် ဖျက်ဆီးခြင်းဟူသော အကြောင်းကုန်ခြင်းကိုဆိုသဖြင့် အကျိုးဖြစ်သော အနာဂတ်ခန္ဓာ မဖြစ်ခြင်းကိုလည်း သိအပ်သောကြောင့် နာနန္တရိကနည်း။

➤ ၁၀။ (ဓ) ၌ **ကေ**-အရ အသညသတ်ဘုံကိုယူ။

**ကေစန္တ**--အရ ယင်းဘုံ၌ဖြစ်သော ဇီဝိတနဝကကလာပ်ရုပ်ကိုယူ။

http://www.dhammadownload.com



**ဝါကျ [၁၄၃]**

(က–၁) ဝုသိတန္တိ ဝုတ္ထံ ပရိဝုတ္ထံ၊ (က–၂) ကတံ စရိတံ နိဋ္ဌိတန္တိ အတ္ထော။

(ခ) ဗြဟ္မစရိယန္တိ မဂ္ဂဗြဟ္မစရိယံ။ (ဂ) ပုထုဇ္ဇနကလျာဏကေန ဟိ သဒ္ဓိံ သတ္တ သေက္ခာ ဗြဟ္မစရိယဝါသံ ဝသန္တိ နာမ။ (ဃ) ခီဏာသဝေါ ဝုတ္ထဝါသော။

(င) တသ္မာ ဘဂဝါ အတ္တနော ဗြဟ္မစရိယဝါသံ ပစ္စဝေက္ခန္တော "ဝုသိတံ ဗြဟ္မစရိယ"န္တိ အာဟ။ (ဠ၁၀၇၊မအူ-၂၊၁၈၂။ ဘာသာဋီ-၂၊၆၀။)

➤ ၁။ ဝုသိတံ၊နေအပ်ပြီ။ (ဝါ) ကျင့်သုံးအပ်ပြီ။ [သဒ္ဒတ္ထ]

ဝုသိတံ•ပြုအပ် ကျင့်အပ် ပြီးဆုံးစေအပ်ပြီ။ [အဓိပ္ပါယတ္ထ]

➤ ၂။ (က–၂) သို့/ **အဓိပ္ပာယတ္ထ**။ ။ ယခုအခါ၌ ဗြဟ္မစရိယကို ကျင့်သုံးခြင်းဟူသည် မဂ္ဂဗြဟ္မစရိယကို ဖြစ်စေခြင်းသာ ပြီးဆုံးခြင်းသာဟူသော အဓိပ္ပါယ်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (က-၂) ကိုမိန့်။

(ဂ) သို့/ **စောဒနာ**။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဝုသိတံ ဗြဟ္မစရိယံ-ဟု အတိတ်ကာလဖြင့် ဟောတော်မူ၏။ အဘယ့်ကြောင့် အတိတ်ကာလဖြင့် ဟောတော်မူပါသနည်း။ ကလျာဏပုထုဇဉ်နှင့်တကွ သေက္ခပုဂ္ဂိုလ်တို့လည်း ဗြဟ္မစရိယကို ကျင့်သုံးကြသည် မဟုတ်ပါလော။ အတိတ်ကာလဖြင့် ဟောတော်မူခြင်း၏ အကြောင်းကို မပြသော် ဆရာ့အား အကြောင်းမှယုတ်သော ဟီနတ္ထဒေါသ သင့်ရောက်ရာ၏။ (ဂ) မိန့်။

**ကား** -- ကလျာဏပုထုဇဉ်နှင့်တကွ သေက္ခပုဂ္ဂိုလ်တို့သည် ဗြဟ္မစရိယကို ကျင့်သုံးဆဲမည်၏။ ခီဏာသဝပုဂ္ဂိုလ်သည် ကျင့်သုံးပြီးမည်၏။ ဘုရားရှင်သည် မိမိ၏ ခီဏာသဝဖြစ်သည်ကို သိတော်မူသောကြောင့် ဝုသိတံ ဗြဟ္မစရိယံ-ဟု အတိတ်ကာလဖြင့် ဟောတော်မူ၏ဟူလို။

(ဂ) သို့/ **အဓိပ္ပာယစောဒနာ**။ ။ ဆရာသည် (က-ခ) ဝါကျတို့ဖြင့် ဗြဟ္မစရိယ-အရ မဂ္ဂဗြဟ္မစရိယကိုယူ၍ ယင်းမဂ္ဂဗြဟ္မစရိယကို ဘုရားရှင်သည် ကျင့်သုံးအပ်ပြီဟု အတိတ်ကာလဖြင့် ဖွင့်ပြတော်မူ၏။ ယင်းသို့ဆိုသော် ဘုရားရှင်သာ မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးပြီးသည် မဟုတ်၊ ကလျာဏပုထုဇဉ်နှင့်တကွ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့သည်လည်း မဂ္ဂဗြဟ္မစရိယကိုကျင့်သုံးကြသည် မဟုတ်ပါလော။ အဘယ်သို့သော ယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း စုဒ်ကြောင့် (ဂ) မိန့်။

➤ ၃။ (က) ပက္ခန္တရ။ ထိုတွင် (က-၂) ကား ဝိတ္ထာရ။ (ဂ) သည် ဝုသိတံ-ဟု အတိတ်ကာလအားဖြင့် ဟောတော်မူရာ၌ စောဒနာဘယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။(တစ်နည်း) ဝုသိတံ-ဟု အတိတ်ကာလဖြင့် ဟောတော်မူရခြင်း၏အကြောင်းကို ခိုင်မြဲစွာပြသောကြောင့် ဒဠှီကရဏ။ (ဃ) ပက္ခန္တရ။ (င) လဒ္ဓဂုဏ။

**စာစပ်**။ ။ တသ္မာ-ကား ကြောင့်--ကြောင့် အာဟ-သိ-၌ ဟိတ်။ အာဟ-သိ-ကား

http://www.dhammadownload.com



ဟိတ်၏ ဖိုလ်အဖြစ်ဖြင့် စပ်အပ်၏။ ပစ္စဝေက္ခန္တော-ကား သော်--ကြောင့် အဇ္ဈညာသိ-၌ လက္ခဏ။ အဇ္ဈညာသိ-ကား လက္ခ အဖြစ်ဖြင့် စပ်အပ်၏။

ဘဂဝါ-ကား သည်--ကြောင့် ပစ္စဝေက္ခန္တော-၌ စဉ်းငယ်စပ်၍ အဇ္ဈညာသိ-၌ ပကတိကတ္တား၊ အဇ္ဈညာသိ-ကား ပကတိကတ္တား၏ ကြိယာ။

➤ ၄။ ခီယိံသူတိ **ခီဏာ**။ ခီဓာတ်အရ ကုန်သော အာသဝတို့၏ ဘာဂ်က္ခဏ ရ၏။ တ-ပစ္စည်းအရကား ဘဂ်က္ခဏဝန္တဖြစ်သော ကုန်ပြီးသော အာသဝေါတရား ရ၏။

အာ ဘဝဂ္ဂံ သဝန္တီတိ **အာသဝါ**။ ခီဏာ အာသဝါ ယဿာတိ **ခီဏာသဝေါ**။

ခီဏာသဝ-ဟူသော ဗဟုဗ္ဗိဟိအရကား ကုန်ပြီးသော အာသဝေါတရားသည် မုချ။ ထို--၏ ယ-အညပုဒ်အရ ရဟန္တာပုဂ္ဂိုလ်နှင့် ဌာနီ-ဌာန စပ် ဌာနူ။ ယ-အညပုဒ်အရ ထို--သော ကုန်ပြီးသော အာသဝေါရှိသော ရဟန္တာရ၏။

* ဝသီယိတ္ထာတိ **ဝုတ္ထော**။ ဝသန် **ဝါသော**။ ဝုတ္ထော ဝါသော ယေနာတိ **ဝုတ္ထဝါသော**။

ဝုတ္ထဝါသ-ဟူသော ဗဟုဗ္ဗိဟိ-အရကား ကျင့်သုံးအပ်ပြီးသော မဂ္ဂဗြဟ္မစရိယသည် မုချ။ ထို--၏ ရဟန္တာပုဂ္ဂိုလ်နှင့် ဌာနီ-ဌာန စပ် ဌာနူ။ ယ-အည ပုဒ်အရကား ထို--သော ကျင့်သုံးအပ်ပြီးသော မဂ္ဂဗြဟ္မစရိယရှိသော ရဟန္တာပုဂ္ဂိုလ်ရ၏။

* ဗြဟ္မံ စရိယံ **ဗြဟ္မစရိယံ**။ ဝါသံ ဗြဟ္မစရိယံ **ဗြဟ္မစရိယဝါသံ**။ တေဟိ တေဟိ ဂုဏဝိသေသေဟိ ဗြူဟိတာ ပရိဝုဒ္ဓါတိ **ဗြဟ္မာနော**။ စရိတဗ္ဗန္တိ **စရိယံ**။ ဗြဟ္မေဟိ စရိယံ **ဗြဟ္မစရိယံ**။ ဗြဟ္မ-ဟူသော ဝိသေသနပုဒ်အရကား မြတ်သောဘုရား အစရှိသော အရိယာတို့သည် မုချ။ ထို--၏ မဂ်တည်းဟူသော အကျင့်နှင့် သာမီ-သံ/ဂုဏေး-ဂုဏ် စပ် ဌာနူ။ ပုဒ်လုံးအရကား မဂ္ဂဗြဟ္မစရိယ ရ၏။

ဝုဿတိ ဝုသီယတိ စရိယတီတိ **ဝုသိတံ**။ ယံ ဗြဟ္မစရိယံ၊အကြင်မဂ်တည်းဟူသော မြတ်သောအကျင့်ကို။မေ၊ငါဘုရားသည်။ဝုဿတိ ဝုသီယတိ စရိယတိ၊ကျင့်သုံးအပ်၏။ ဣတိ၊ကြောင့်။တံ ဗြဟ္မစရိယံ၊သည်။ဝုသိတံ၊မည်၏။ ဝသဓာတ်+တပစ္စည်း၊ ကမ္မသာဓန။

ဝသဓာတ်အရ ကတ္တုရှုကား မဂ္ဂဗြဟ္မစရိယကို ကျင့်တော်မူသော ဘုရားရှင်၏ မဂ္ဂသမ္ပယုတ္တခမ္မသည် မုချ။ ကမ္မရှုကြိယာကား ထိုအားတပ်သော မဂ္ဂဗြဟ္မစရိယ၏ သဟဇာတာဒိပစ္စယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရကား မဂ္ဂဗြဟ္မစရိယ ရ၏။

ကလျာဏော ပုထုဇ္ဇနော ပုထုဇ္ဇနကလျာဏော။

ဗြဟ္မစရိယဿ ဝါသော ဗြဟ္မစရိယဝါသော။

➤ ၆။ (က) ၌ ဝုတ္ထံ-ဖြင့် ဝုသိတ-သည် ဝုတ္ထ-၏ ပရိယာယ်၏အဖြစ်ကို သိစေ ပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ) ပရိဝုတ္ထံ-ဖြင့် ဝုတ္ထ-သည် ပရိဝုတ္ထ-၏ ပရိယာယ် ၏ အဖြစ်ကို သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ) ကတံ-ဖြင့် ဝုတ္ထံ ပရိဝုတ္ထံ-၌ ကျင့်သုံးအပ်ပြီဟူသည် ပြုအပ်ပြီးသည်ကိုပင် ဆိုသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

F-35-B

http://www.dhammadownload.com



စရိတံ-ဖြင့် ကတံ-၌ ပြုအပ်ဟူသည် ကျင့်အပ်သည်ကိုပင် ဆိုသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) နိဋ္ဌိတံ-ဖြင့် ကျင့်အပ်ပြီးဟူသည် ပြီးဆုံးစေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ မဂ္ဂဗြဟ္မစရိယံ-ဖြင့် ဗြဟ္မစရိယ-အရ သာသနဗြဟ္မစရိယကို မယူရ၊ မဂ္ဂဗြဟ္မစရိယကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

(တစ်နည်း) ဗြဟ္မစရိယ-သဒ္ဒါသည် ဒါန အပ္ပမညာ-စသော အနက်တို့ကိုမဟော၊ အရိယာမဂ်ဟူသော အနက်ကို ဟောသည်ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

➤ ၇။ **နိဋ္ဌိတံ/နိဋ္ဌာပိတံ** ။ ။ ကတံ-၌ ကရဓာတ်၊ စရိတံ-၌ စရဓာတ်တို့သည် သကမ္မကဓာတ်များဖြစ်ကြသည်၊ သကမ္မကဓာတ်များကို အကမ္မက ဓာတ်များဖြင့် ဖွင့်ပြရာ၌ အကမ္မကဓာတ်နောင် ကာရိုက်ပစ္စည်းသက်ပေးမှ မူလ သကမ္မကဓာတ်၏အနက်ကို မှီသောကြောင့်ရင်း၊ ကတံ ကရဏီယံ-ကို နိဋ္ဌာပိတံ-ဟု ဖွင့်လတ့်သည်ကို ထောက်၍ရင်း၊ နိဋ္ဌာပိတံ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဗြဟ္မစရိယ**-ကား အပေါင်းဖြစ်သော သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယတို့၏ "ဗြဟ္မစရိယ"ဟူသော အမည်ကို အစိတ်ဖြစ်သော မဂ္ဂဗြဟ္မစရိယ၌တင်-- ကေဒေသျူပစာ။ ရှုဋီနည်း။

➤ ၁၀။ (က) **ဝါကျ အရ** -- အရဟတ္တမဂ်တည်းဟူသော ဗြဟ္မစရိယကိုယူ၍ ထို၏ပဒတ္ထာန်ကား အောက်မဂ် အောက်ဖိုလ်ဉာဏ်တော်တည်းစသည် ထုတ်။

**ပစ္စဝေက္ခဏ္ဍော**-အရ မဟာကြီယာ ဉာဏသမ္ပယုတ်လေးပါး၌ရှိသော ပစ္စဝေက္ခဏာဉာဏ်ကိုယူ။ (တစ်နည်း) ဆင်ခြင်သော အခြင်းအရာအားဖြင့်ဖြစ်သော မြတ်စွာဘုရား၏ ခန္ဓာပဥ္စကကိုယူ။

## ဝါကျ [၁၄၄]

(က) **ကတံ ကရဏီယန္တိ စတူသု သစ္စေသု စတူဟိ မဂ္ဂေဟိ ပရိညာပဟာန သစ္ဆိကိရိယာဘာဝနာဘိသမယဝသေန သောဠသဝိဓမ္ပိ ကိစ္စံ နိဋ္ဌာပိတန္တိ အတ္ထော။**

(ခ) ပုထုဇ္ဇနကလျာဏကာဒယော ဟိ ဧတံ ကိစ္စံ ကရောန္တိ၊ ခီဏာသဝေါ ကတကရဏီယော။ (ဂ) တသ္မာ ဘဂဝါ အတ္တနော ကရဏီယံ ပစ္စဝေက္ခန္တော "ကတံ ကရဏီယ"န္တိ အဗ္ဘညာသိ။ (ဃ-၁) နာပရံ ဣတ္ထတ္တာယာတိ ဣဒါနိ ပုန ဣတ္ထတ္တဘာဝါယ ဧဝံသောဠသကိစ္စဘာဝါယ (ဃ-၂) ကိလေသက္ခယာယ ဝါ မဂ္ဂဘာဝနာကိစ္စံ မေ နတ္ထီတိ အဗ္ဘညာသိ။ (င) ဣဒါနိ ဧဝံ ပစ္စဝေက္ခဏာဉာဏပရိဂ္ဂဟိတံ တံ အာသဝါနံ ခယဉာဏာဓိဂမံ ဗြာဟ္မဏဿ ဒဿေန္တော "အယံ ခေါ မေ ဗြာဟ္မဏာ" တိ အာဒိ မာဟ။

(၄။၁၃၇။ မအ္ဆ-၂။၁၈၃။ ဘာသာဋီ-၂။၆၀။)

http://www.dhammadownload.com



➤ ၁။ (င) ဝါကျ [ဒသောန္တော-၏ ကြိယာဝိသေသန-ထည့်၍အနက်] ဣဒါနိ ဣမသ္မိံ ကာလေ၊ယခုအခါ၌။ဧဝံ၊သို့။ပစ္စဝေက္ခဏဉာဏပရိဂ္ဂဟိတံ၊ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမ်းယူအပ်သော။တံ အာသဝါနံ ခယဉာဏာဓိဂမံ၊ထိုအာသဝတို့ကို ကုန်စေတတ်သော ဉာဏ်ကိုရတော်မူခြင်းကို။ဗြာဟ္မဏဿ၊ပုဏ္ဏားအား။ နိဂမဝသေန၊နိဂုံး၏ အစွမ်းအားဖြင့်။ [ကြိယာဝိသေသန]ဒသောန္တော၊ပြတော်မူလိုသည်၊ဟုတွာ၍။အယံ ခေါ မေ ဗြာဟ္မဏာဒိ အာဒိ၊အစရှိသော။ဝစနံ၊ကို။ အာဟ၊မိန့်တော်မူ၏။

➤ ၂။ (စ) **သာဓောဝဏ္ဏနာ** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ကတံ ကရဏီယံ-ဟု အတိတ်ကာလအားဖြင့် ဟောတော်မူ၏။ ကလျာဏပုထုဇဉ် စသည်တို့သည်လည်း ထိုကိစ္စကို ပြုကြကုန်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ကတံ ကရဏီယံ-ဟု အတိတ်ကာလအားဖြင့် ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် ကလျာဏပုထုဇဉ် စသည်တို့သည် တစ်ဆယ့်ခြောက်ပါးအပြားရှိသော ကိစ္စကိုပြုကုန်ဆဲဖြစ်၏၊ ခီဏာသဝပုဂ္ဂိုလ်ကား ပြုအပ်ပြီးသော ကိစ္စရှိ၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ အကျိုးလဒ္ဓဂုဏ်ကို ပြလိုသော ဆရာသည် (ဂ) မိန့်။

(ဃ-၂) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ မဂ္ဂပစ္စဝေက္ခဏအားဖြင့် ဖွင့်ပြပြီး၍ ယခုအခါ၌ ပဟီနကိလေသပစ္စဝေက္ခဏအားဖြင့် ဖွင့်ပြလိုသော ဆရာသည် (ဃ-၂) ကိုမိန့်။

➤ ၃။ (ခ) သည် ပါဠိတော်၌ စောဒနာဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဂ) လဒ္ဓဂုဏ။ (င) အနုသန္ဓေ၊ ပက္ခန္တရ။

**စာစပ်** ။ ။ ဧဝံ သောဠသကိစ္စဘာဝါယ-ကား ဌာ--ကြောင့် နတ္ထိ-၌ သမ္ဗန်၊ နတ္ထိ-ကား သမ္ဗန်၏ကြိယာအဖြစ်ဖြင့် စပ်အပ်၏။ ပုန-ကား ၌-- ကြောင့် နတ္ထိ၌ ကာလတ္ထကိုဟောသော အာဓာရ နတ္ထိ-ကား ကာလတ္ထအာဓာရ၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

➤ ၄။ ဣမေ ပကာရာ **ဣတ္ထံ**။ ဣမေ၊ဤသို့ သဘောရှိကုန်သော။ပကာရာ၊မဂ်၏ ကိစ္စဗျာပါရဖြစ်သော ပရိညာ-စသော အပြားတို့တည်း။ဣတ္ထံ၊တို့။

(တစ်နည်း:) ဣမေ ပကာရာ အဿ အတ္ထီတိ **ဣတ္ထံ**။ အဿ၊ထိုမဂ်အား။ဣမေ ပကာရာ၊ဤသို့သဘောရှိကုန်သော မဂ်၏ကိစ္စ ဗျာပါရဖြစ်သော ပရိညာ-စသော အပြားတို့သည်။အတ္ထိ၊ရှိကုန်၏။ဣတိ၊ကြောင့်။ဣတ္ထံ၊မည်၏။ ဣမပုဒ်+ထံပစ္စည်း၊ အဿတ္ထိ။

ဣမပုဒ်အရကား မဂ်၏ကိစ္စ ဗျာပါရ ဖြစ်သော ပရိညာ-စသော အပြားတို့သည် မှချ။ ထို--၏ မဂ်နှင့် ဂုဏ်-ဂုဏီ စပ် ဌာနူ။ ထံ-ပစ္စည်းအရကား ထို--သော ပရိညာ-စသော အပြားတို့ရှိသော မဂ်ရ၏။

* ဣတ္ထတ္တံ ဘာဝေါ **ဣတ္ထတ္တံ**။ ဣတ္ထ-ဟူသော တဒ္ဓိတ်ပုဒ်အရကား အထူးထူး အပြားပြားသော (၁၆)ပါးသော ကိစ္စသည် မှချ။ ထို--၏ တ္တ-ပစ္စည်း အရ ဗျာပါရသတ္တိနှင့် နိဿယ-နိဿိတ စပ် ဌာနူ။ တ္တ-ပစ္စည်းအရ အထူးထူး အပြားပြားသော (၁၆)ပါးသော

http://www.dhammadownload.com



မဂ်ကိစ္စ၏ ဗျာပါရသတ္တိ ရ၏။

ပဟီယတေ ဗဟာနံ။ ဟာဓာတ်အရ ကတ္တုဌကား ပယ်တတ်သော မဂ်၏ သမုစ္ဆေဒ ပဟာနသတ္တိသည် မုချ။ ကမ္မဌကား သမုဒယသစ္စာ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ယု-ပစ္စည်းအရကား ထို--သော ပယ်အပ်သော သမုဒယသစ္စာ ရ၏။

* ဆာစ ဒသစ သောဠဿ။ သောဠသ ဝိဓာ ပကာရာ တေသံ ကိစ္စာနာတိ သောဠသဝိဓံ။ ကတံ ကရဏီယံ ဧတေန ဒိဏ္ဏာဘာဝေနာတိ ကတကရဏီယော။

* ခေပေတီတိ ခယော။ (မဂ် ရ၏။) ခယော ဉာဏံ ခယဉာဏံ။

အဓိဂမနံ အဓိဂမော။ ခယဉာဏဿ အဓိဂမော ခယဉာဏာဓိဂမော။

➤ ၆။ (က) ၌ ကိစ္စံ-ဖြင့် ကတံ ကရဏီယံ-၌ ကရဏီယ-သဒ္ဒါသည် ကိစ္စ၏ ပရိယာယ်အဖြစ်ကို သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

(တစ်နည်း) ကိစ္စံ-ဖြင့် ကရဏီယံ-၌ အနီယပစ္စည်း ကမ္မသာဓနအနက်၌သက်--ငင်း (ဒု-ပစ္စယတ္ထ) ကတ္တဗ္ဗန္တိ ကရဏီယံ-ဟု ကမ္မသာဓနပြု--ငင်း (အဘိဓာနတ္ထ) သိစေသည်။

စတူသု သစ္စေသု (ပ) သောဠသဝိဓမ္ပိ-ဖြင့် ကရဏီယ-အရ (ဝါ) ကိစ္စံ-အရ (မဂ် တစ်ပါးတစ်ပါး၌ ပရိညာ ပဟာန သစ္ဆိကိရိယာ ဘာဝနာ-ဟု လေးပါးစီပြားရကား) မဂ်လေးပါးအတွက် ကိစ္စ တစ်ဆယ့်ခြောက်ပါးကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) နိဋ္ဌာပိတံ-ဖြင့် ကတံ-၌ ပြုအပ်၏ဟူသည် ပြီးစေအပ်သည်ကိုပင် ဆိုသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ၌ ဣဒါနိ-ဖြင့် ပါဠိတော်၌ ဣဒါနိပုဒ်ကို ထည့်၍ အနက်ပေးရမည်အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ) ပုန-ဖြင့် နာပရံ-၌ အပရံ-သဒ္ဒါ ပုန॰ ပစ္ဆာဘာဝအနက်ကို ဟောသည်၏အဖြစ်ကို သိစေပါသည်။ (နိပါတလိင်္ဂတ္ထ) ဣတ္ထတ္တဘာဝါယ-ဖြင့် ဣတ္ထတ္တာ-၌ တ္တ-ပစ္စည်းသည် ဘာဝတဒ္ဓိတ်၌ သက်--ငင်း (ပစ္စယတ္ထ) ဣတ္ထံ ဘာဝေါ ဣတ္ထတ္တံ-ဟု ဘာဝတဒ္ဓိတ် ပြု--ငင်း (အဘိဓာနတ္ထ) သိစေပါသည်။ ဇဝံ သောဠသကိစ္စဘာဝါယ-ဖြင့် ဣတ္ထံ၌ ဣမ-သဒ္ဒါ၏ နိဒဿနအနက်ဟော--ငင်း (သဗ္ဗနာမလိင်္ဂတ္ထ) ဣတ္ထံပုဒ်ကို ဣမေ ပကာရာ ဣတ္ထံ-ဟု ဝစနတ္ထပြု၍ ယင်းအရ အရိယာမဂ်၏ ဗျာပါရဖြစ်သော ပရိညာ-စသည်ကို ယူ--ငင်း (အဘိဓေယျတ္ထ) သိစေပါသည်။

(ဃ) ၌ ကိလေသက္ခယာယ-ဖြင့် ပရိညာ-စသည်တို့တွင် ပဟာန-သည်သာ ပြဓာန်းသောကြောင့် ဣတ္ထ-အရ ကိလေသာကုန်ခြင်း ပဟာနကိစ္စကိုသာ ပဓာနအားဖြင့် အရ ကောက်ရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ) မဂ္ဂဘာဝနာကိစ္စံ-ဖြင့် နတ္ထိ-၏ ကတ္တား အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ) နတ္ထိ-ဖြင့် နာပရံ-၌ န-သည် အဘာဝအနက် ဟောသည်၏အဖြစ်ကို သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

➤ ၇။ ဣတ္ထတ္တာဘာဝါယ/ဣတ္ထတ္တာဘာဝါယ ။ ။ နိဂ္ဂဟိတ်ကိုချေခြင်း, မချေခြင်းဟူသည်

http://www.dhammadownload.com



သုခုစ္စာရဏအကျိုးငှာ သန္တိအစီအရင်ဝင်ခြင်း မဝင်ခြင်းမျှသာ ဖြစ်သည်၊ ဤ၌ နိဂ္ဂဟိတ်ချေက ဣတ္ထဘာဝါယ၊ မချေက ဣတ္ထံဘာဝါယ-ဟု ပြီးသောကြောင့်ရင်း၊ နှစ်ပါဌ်လုံးသုခုစ္စာရဏဖြစ်သောကြောင့်ရင်း၊ နှစ်ပါဌ် လုံး သင့်ပါသည်။

**ပုထုဇ္ဇနကလျာဏကေန/ပုထုဇ္ဇနကလျာဏကေန** ။ ။ ယာဏ လာဏာသုတ်ဖြင့် ကလဓာတ်နောင် ယာဏပစ္စည်းသက်၍ ကလျာဏ-ဟု ရုပ်ပြီးသော ကိတ်နာမ်ပုဒ်သာ ဤနေရာ၌ သင့်လျော်သည်၊ ကလျာဏပုဒ်နောင် ဘာဝတဒ္ဓိတ်အနက်၌ ကဏ်ပစ္စည်းသက်၍ ကလျာဏက-ဟု ရုပ်ပြီးသော ဘာဝတဒ္ဓိတ်ကား ဤနေရာ၌ မသင့်လျော်၊ ထို့ကြောင့် ပုထုဇ္ဇနကလျာဏကေန-ပါဌ်သာ သင့်ပါသည်။

**အဗ္ဘညာသိ/အဗ္ဘညာသိံ** ။ ။ ရှေ့ဝါကျရှိ ဘဂဝါကတ္တားလိုက်လာ၍ အဗ္ဘညာသိ-ဟု ပါဌ်ရှိစေ-ဟု ဘာသာဋီကာ၌ မှတ်ချက်ပြုသောကြောင့် ယင်းအလို အဗ္ဘညာသိ-ပါဌ် သင့်ပါသည်။ ဘဂဝါ ကတ္တားလိုက်သည်ဟု မယူဆမူ၍ မူရင်းပါဠိတော်ရှိ နာပရံ ဣတ္ထတ္တာယာတိ အဗ္ဘညာသိံ-၌ အဗ္ဘညာသိံ ကြိယာကို စပ်ဟပ်၍ ထည့်ဖွင့်သည်ဟု ယူဆပါက အဗ္ဘညာသိံ-ပါဌ်လည်း သင့်ပါသည်။

➢ ၈။ **ကိလေသက္ခယာယ-**ကား ပြဋ္ဌာန်းသော ပဟာနကိစ္စကိုဆိုသဖြင့် မပြဋ္ဌာန်းသော ကြွင်းပရိညာဘာဝနာ သစ္ဆိကိရိယာတို့ကိုလည်း ရသောကြောင့် ပဓာနနည်း။ ဧကဒေသူပစာ။ (တစ်နည်း) အကျိုးဖြစ်သော ကိလေသက္ခယ၏ ပဟာနကိစ္စကိုဆိုသဖြင့် အကြောင်းဖြစ်သော ပရိညာကိစ္စ စသည်ကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း။ ဖလူပစာ။

**ဣတ္ထ-**ကား အစိတ်ဖြစ်သော ပဟာနကိစ္စ၏ "ဣတ္ထ"ဟူသောအမည်ကို အပေါင်းဖြစ်သော ပရိညာ ပဟာန သစ္ဆိကိရိယ စသည်တို့၌တင်-- ဧကဒေသူပစာ။ ပြဋ္ဌာန်းသော ပဟာနကိစ္စကို "ဣတ္ထ"ဟုဆိုသဖြင့် မပြဋ္ဌာန်းသော ပရိညာ စသည်ကိုလည်း ရသောကြောင့် ပဓာနနည်း၊ ဥပလက္ခဏနည်း။

**မဂ္ဂဘာဝနာကိစ္စံ မေ နတ္ထိ-**ကား အဆုံး၌တည်လျက် ဇဝ် သောဠသကိစ္စဘာဝါယ၊ ဤ ၁၆-ပါးသော မဂ်ကိစ္စတို့၏ ဖြစ်ကြောင်းဖြစ်ရာ နောက်ထပ်မဂ်ကိစ္စအလို့ငှာ။ မဂ္ဂဘာဝနာကိစ္စံ၊မဂ်ကိုဖြစ်စေဖွယ်ကိစ္စသည်။မေ၊ငါ့အား။နတ္ထိ၊မရှိပြီ-ဟူ၍ရင်း၊ဝါ၊ တနည်းကား။ ကိလေသက္ခယာယ၊ကိလေသာတို့၏ ကုန်ကြောင်း ပဟာနကိစ္စအကျိုးငှာ။ မဂ္ဂဘာဝနာကိစ္စံ၊သည်။မေ၊အား။နတ္ထိ၊မရှိပြီ-ဟူ၍ရင်း၊ ဤသို့ အလုံးစုံသော ဝါကျအား ကျေးဇူးပြုတတ်သောကြောင့် အန္တဒီပကနည်း မည်၏။

**ဣတ္ထတ္တံ-**ကား အစိတ်ဖြစ်သော ကိလေသာတို့ကို ကုန်စေခြင်း ပဟာန၏ ဣတ္ထတ္တံ-ဟူသောအမည်ကို အပေါင်းဖြစ်သော ပရိညာ စသည်တို့၌တင်-- ဧကဒေသူပစာ။ ပဓာနနည်း။

http://www.dhammadownload.com



➤ ၁၀။ **ကိစ္စ ကာရဏ္တီ**-၌ ကြိယာပုဒ်အရ -- အားထုတ်သော အခြင်းအရာအား ဖြင့်ဖြစ်သော ဝီရိယပြဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

**ဓယညာဏာဝိဂမံ**-၌ ခယဉာဏ-အရ --- အရဟတ္တမဂ်ဉာဏ်ကိုယူ။

## **ဋီကာ [၁၅၅]**

(က) ဝေဠု ပန ဝတ္တာ ပုန တံ ဘဂဝတော မေမ္ဗဒေသနံ အာဗုန္ဒမောဒမာနော **"အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမာ"**တိ အာဒိမာဟ။

(ခ) တတ္ထာယံ အဘိက္ကန္တသဒ္ဒေါ ခယသုန္ဒရာဘိရူပအာဗ္ဘနုမောဒနေသု ဒိဿတိ။

(ဂ) "အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ နိက္ခန္တော ပဌမော ယာမော၊ စိရနိသိန္နော ဘိက္ခုသံဃော"တိ အာဒီသု ဟိ ခယေ ဒိဿတိ။ (ပ) အာဗ္ဘနုမောဒနေ။

(ဃ) ဣဓာပိ အာဗ္ဘနုမောဒနေယေဝ။ (၄။၁၁၉။ မဏ္ဍူ-၂။၁၈၈။ ဘာဋီ-၂။၆၄။)

➤ ၁။ ရတ္တိ၊ညဥ့်သည်။**အဘိက္ကန္တာ**၊ကျော်လွန်ပြီ။ [သဒ္ဒတ္ထ] ကင်းပြီ။ [အဓိပ္ပါယတ္ထ] **အဘိက္ကန္တတရော**-အလွန်လည်းနှစ်သက်အပ် မြတ်၏။[သဒ္ဒတ္ထ] အလွန်လည်း ကောင်း၏။[အဓိပ္ပါယတ္ထ] **အဘိက္ကန္တဝဏ္ဏာ**-အလွန်နှစ်သက်အပ်သော။[သဒ္ဒတ္ထ] လျှောက်ပတ်သော အဆင်းဖြစ်သော။[အဓိပ္ပါယတ္ထ]

➤ ၂။ (က) ၌ **သမ္ဗန္ဓ ထွေးလုံးဖြင့် လိုရင်းအောက်ပုံ** ။ ။ (က) ၌ လိုရင်းကား အဗ္ဘနုမောဒနော၊ အာဟ-ဟူသည်တည်း။ အဓိပ္ပါယ်ကား-- အလွန်ဝမ်းမြောက်သည်ဖြစ်၍ လျှောက်ပြီဟူလို။

**ကဲ့ဆိုသို့ မည်သည်ကို လျှောက်ထားလဲ** ။ ။ ဆရာ၊ ဆရာသည် အဗ္ဘနုမောဒနော အာဟ-ဖြင့် ဝေရဥ္စ ပုဏ္ဏားသည် အလွန်ဝမ်းမြောက်သည်ဖြစ်၍ လျှောက်သောဟု ဆို၏။ အဘယ်စကားရပ်ကို လျှောက်ပါသနည်း။ "သုတံ မေတံ ဘော ဂေါတမ" အစရှိသော စကားရပ်ကို လျှောက်ပါ သလော။ ဤသို့မေးဘွယ်ရှိ၍ "အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမာ"တိ အာဒိမာဟ-မိန့်၏။ **အဓိပ္ပါယ်ကား** -- အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမ အစရှိသော စကားကို လျှောက်ပါ၏ဟူလို။

(ဃ) **၌ / အာအောက်လ္လာ** ။ ။ ဆရာ-သည်၊ (ခ-ဂ) တို့ဖြင့် အဘိက္ကန္တသဒ္ဒါသည် ခယ သုန္ဒရ အဘိရူပ အဗ္ဘနုမောဒန-ဟူသော အနက်လေးပါးတို့၌ ဖြစ်သောဟု ဆို၏။ ဤ "အဘိက္ကန္တံ ဘော ဂေါတမ"ဟူသော ပါဠိရပ်၌လည်း အဘိက္ကန္တသဒ္ဒါသည် ခယ သုန္ဒရ အဘိရူပ အဗ္ဘနုမောဒန-ဟူသော အနက်လေးပါးလုံး၌ပင် ဖြစ်ပါသလော။ ဤ၌ မည်သည့် အနက်၌ ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

➤ ၃။ (ခ) သည် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထကို ပြသောကြောင့် ပက္ခန္တရ/ဝိတ္ထာရ။ (ဂ) သည် တပ္ပါကဋီကရဏ/ဒဠှီ/ဝိတ္ထာရ။ (ဃ) သည်

http://www.dhammadownload.com



အတ္တုဒ္ဓါရသာမညမှတစ်ပါး အတ္တုဒ္ဓေသဝိသေသကိုပြသောကြောင့် ပက္ခန္တရ။ (တစ်နည်း) ဤ၌ လိုအင်္ဂါသောအနက်ကို အထူးထုတ်ပြသောကြောင့် ဝိသေသဝါကျ။

➤ ၄။ စိရံ နိသိန္နေသ အသာတိ **စိရနိသိန္နော**။(ဗာဟိရတ္တစတုက္ကိဗဟုဗ္ဗီဟိ)

စိရနိသိန္နပုဒ်အရကား ထိုင်နေသော ရဟန်းသံဃာ၏ ကြာမြင့်သော ကာလသည် မှချ။ ထို၏ ရဟန်းအပေါင်းနှင့် ကာလ-ကာလဝန္တ/ဂုဏ်-ဂုဏော စပ် ဌာနူ။ တ-အည ပုဒ်အရကား ကြာမြင့်စွာနေထိုင်ပြီးသော ကာလရှိသော ရဟန်းသံဃာရ၏။

[**ဓယ-အနက်ဖော**] အဘိက္ကမိတ္ထ ဝိဂစ္ဆိတ္ထာတိ **အဘိက္ကန္တာ**။ ယာ ရတ္တိ၊သည်။အဘိက္က မိတ္ထ ဝိဂစ္ဆိတ္ထ၊ကျော်လွန်ပြီ။ အဘိ-ကမု+တ။ ကတ္တုသာဓန။ အဘိ-ဥပသာရပုဒ်အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ ကမုဓာတ်အရကား ကျော်လွန်ခြင်းကင်းခြင်းကြိယာ ရ၏။ ယင်း၏ ညဉ့်ဒြပ်နှင့် ကာလဝန္တ-ကာလ စပ် ဌာနူ။ တ-ပစ္စည်းအရကား ကျော် လွန်သော ကင်းသော ညဉ့်ဒြပ်ရ၏။

[**သုန္ဒရ-အနက်ဖော**] အတိဝိယ ကာမိယတီတိ **အဘိက္ကန္တော**။ (ယော ပုဂ္ဂလော၊ကို။ ဝိညူဟိ၊တို့သည်။အတိဝိယ၊အလွန်လျှင်။ကာမိယတိ၊အလိုရှိအပ်၏။က္ကတိ၊ကြောင့်။သော၊ သည်။အဘိက္ကန္တော၊မည်၏။)

အဘိ-ဥပသာရအရကား အတိဝိယဘောဂုဏ် ရ၏။ ကမုဓာတ်အရ ကတ္တုဋ္ဌကြိယာ ကား နှစ်သက်သော အခြင်းအရာအားဖြင့်ဖြစ်သော ပညာရှိတို့၏ ဆန္ဒ ပီတိ စသည် ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။ ကမ္မဋ္ဌကြိယာအရကား ထိုစိတ္တုပ္ပါဒ်အားတပ်သော ပုဂ္ဂိုလ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရကား ထို--သော အလွန်နှစ် သက်အပ်သော ပုဂ္ဂိုလ်ရ၏။

* အနု ပုနပ္ပုနံ မောဒမာနော **အနုမောဒမာနော**။ အဘိ အတိရေကံ အနုမောဒ မာနော **အဗ္ဘနုမောဒမာနော**။ * အတိသယေန အဘိက္ကန္တောတိ **အဘိက္ကန္တတရော**။

➤ ၆။ (ဓ) ဖြင့် အဘိက္ကန္တသဒ္ဒါသည် သဒ္ဒန္တရိုက်ကို မငဲ့လျှင် ခယ သုန္ဒရ အဘိရူပ အဗ္ဘနုမောဒနအနက်တို့၌ ဖြစ်သတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(**ဃ**) ဖြင့် အဘိက္ကန္တံ ဘော ဂေါတမ-ဟူသော ပါဠိတော်၌ အဘိက္ကန္တသဒ္ဒါသည် အဗ္ဘနုမောဒနအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ) (တစ်နည်း) အဗ္ဘနု မောဒနအနက်ကိုသာ လိုအပ်သတည်းဟု သိစေပါသည်။ (အဓိပ္ပေတတ္ထ)

➤ ၇။ အာမေဍိတ်/အာမေဍိတ် ။ ။ မေဍိ ဥမ္မာဒနေ၊ အာပုဗ္ဗော ဒွိတ္တိကြတ္တု၊ မှစ္စာရဏေ ဝတ္တတိ-ဟူသော အဘိဓာန်ဋီကာကိုထောက်၍ အာပုဗ္ဗ မေဍိဓာတ် တ-ပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့် အာမေဍိတ်-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဓကာ စဓ ဝန္ဒတိ** ပါဒါနိ-၌ ပါဒါနိ-ကား ပါဒေ-ဟုဆိုအပ်သော ပုံလိင်ကို ပါဒါနိ-ဟု နပုံလိင်ဖြင့် ဆိုအပ်သောကြောင့် လိင်္ဂဝိပလ္လာသနည်း။

http://www.dhammadownload.com



**ဣန္ဒြိယာ**-ကား အပေါင်းဖြစ်သော ဒေဝိန္ဒြိ နာဂိန္ဒြိ စသည်တို့၏ "ဣန္ဒြိ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဒေဝိန္ဒြိ-၌တင်-- ဧကဒေသျူပစာ။

**အဘိက္ကန္တ**-ကား အပေါင်းဖြစ်သော ခယ, သုန္ဒရ, အဘိရူပ, အဗ္ဘနုမောဒနအနက်တို့၏ "အဘိက္ကန္တ"ဟူသော အမည်ကို အစိတ်ဖြစ်သော အဗ္ဘနုမောဒန အနက်၌တင်-- ဧကဒေသျူပစာ။

➤ ၁၀။ **အဘိက္ကန္တံ**-၌ ကမ္မဓာတ်အရကား ဝေရဉ္စပုဏ္ဏားကြီး၏ သဒ္ဓါ ပီတိ ဆန္ဒ-စသည်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

## ပါဠိ [၁၄၆]

(က) အာမေ ဝါ **အဘိက္ကန္တန္တိ** အဘိက္ကန္တ အဘိမနာပံ။ (ခ) အဘိသုန္ဒရန္တိ ဝုတ္တံ ဟောတိ။ (ဂ) တတ္ထ ဧကေန အဘိက္ကန္တသဒ္ဒေန ဒေသနံ ထောမေတိ၊ ဧကေန အတ္တနော ပသာဒံ။

(ဃ) အယံ ဟိ ဧတ္ထ အဓိပ္ပါယော-- အဘိက္ကန္တံ ဘော ဂေါတမ ယဒိဒံ ဘောတော ဂေါတမဿ ဓမ္မဒေသနာ၊ အဘိက္ကန္တံ ယဒိဒံ ဘောတော ဂေါတမဿ ဓမ္မဒေသနံ အာဂမ္မ မမ ပသာဒေါတိ။ (ဋ္ဌ။၁၃၉။ မဏ္ဍူ-၂။၃၉၁။ ဘာသာဋီ-၂။၆၇။)

➤ ၁။ (ဂ) **ကတ္တား နှင့် သမ္ဗန်ထည့်** ။ ။ ဤသို့နှစ်ခုကုန်သော။တတ္ထ တေသု အဘိက္ကန္တသဒ္ဒေသု၊တို့တွင်။ဧကေန၊တစ်ခုသော။အဘိက္ကန္တသဒ္ဒေန၊အဘိက္ကန္တသဒ္ဒါဖြင့်။ဗြာဟ္မဏော၊ပုဏ္ဏားသည်။(ကတ္တား) ဘဂဝတော၏။ (သမ္ဗန်) ဒေသနံ၊ဒေသနာတော်ကို။ထောမေတိ၊ချီးမွမ်း၏။ဧကေန၊သော။အဘိက္ကန္တသဒ္ဒေန၊ဖြင့်။အတ္တနော၊မိမိ၏။ပသာဒံ၊ကြည်ညိုခြင်းကို။ထောမေတိ၊ချီးမွမ်း၏။ (ဃ) အဓိပ္ပါယော-၏ သမ္ဗန်ကို ဗြာဟ္မဏဿ၊ပုဏ္ဏား၏။အဓိပ္ပါယော၊အလိုတည်း။ဟုပေး။

➤ ၂။ (က) **စသည်သို့/ အနုသန္ဓေ** ။ ။ ဤသို့ အာမေဒိုတ်၏အစွမ်းဖြင့် အဘိက္ကန္တသဒ္ဒါကို နှစ်ကြိမ်ဆိုအပ်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ဤအဘိက္ကန္တသဒ္ဒါကို အာမေဒိုတ်၏အစွမ်းဖြင့်သာ နှစ်ကြိမ်ဆိုအပ်သည် မဟုတ်သေး၊ စင်စစ်သော်ကား အနက်နှစ်ပါး၏အစွမ်းဖြင့်လည်း နှစ်ကြိမ်ဆိုအပ်သည်ဟု ပြလိုသော ဆရာသည် (က) စသည်မိန့်။

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က-ခ)တို့ဖြင့် အဘိက္ကန္တသဒ္ဒါ၏ သဒ္ဒတ္ထနှင့် ပဒပိဏ္ဍတ္ထကို (ဝါ)အဓိပ္ပါယတ္ထကို ပြပြီး၍ ယခုအခါ၌ ပါဠိတော်၌လာသော အဘိက္ကန္တသဒ္ဒါနှစ်ခုတို့၏ အထူးကို ပြလိုသောဆရာသည် (ဂ) မိန့်။

(ဃ) သို့/ ဆရာ-သည် (ဂ) ဖြင့် ဝေရဉ္စပုဏ္ဏားကြီးသည် တစ်ခုသော အဘိက္ကန္တသဒ္ဒါဖြင့် ဘုရားရှင်၏ ဒေသနာတော်ကို၊ တစ်ခုသော အဘိက္ကန္တသဒ္ဒါဖြင့် မိမိ၏ ကြည်ညိုခြင်းကို ချီးမွမ်းသောဟု ဆိုတော်မူ၏။ ထိုသို့ချီးမွမ်းရာ၌ ပုဏ္ဏားကြီး၏အလိုကို အကျယ်အားဖြင့် မသိအပ်သည် မဟုတ်ပါလော။ ပုဏ္ဏားကြီး၏အလို ချီးမွမ်းပုံအကျယ်ကား

http://www.dhammadownload.com



အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

➤ ၃။ (ခ) သည် အဘိက္ကန္တသဒ္ဒါ၏ ပဒပိဏ္ဍတ္ထကိုပြသောကြောင့် ဝိတ္ထာရ။ (ဂ) သည် ပါဠိတော်၌လာသော အဘိက္ကန္တသဒ္ဒါနှစ်ခု အထူးကိုပြသောကြောင့် ဝိသေသဝါကျ။ (တစ်နည်း) အဘိက္ကန္တသဒ္ဒါ၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထမှတစ်ပါး အဘိက္ကန္တသဒ္ဒါ နှစ်ခုထူးခြားပုံကိုပြသောကြောင့် ပကၡန္တရ။ (ဃ) သည် ဒေသနံ ထောမေတိ၊ ပသာဒံ ထောမေတိ-ဟူသော စကားရပ်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (တစ်နည်း) ထင်ရှားပြသောကြောင့် တပ္ပါကဋီကရဏ။/ဒဋီ။

➤ ၄။ ကန္တိယတေတိ **ကန္တံ**။ (ကသု+တ) ကသုဓာတ်အရ ကတ္တုဒြကြိယာကား အလိုရှိသော အခြင်းအရာအားဖြင့်ဖြစ်သော ပုဏ္ဏားကြီး၏ ကုသလစ္ဆန္ဒ ၊ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဒြကြိယာအရကား ထိုအားတပ်သော ဒေသနာတော်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရကား ထို--သော အလိုရှိအပ်သော ဒေသနာတော်ရ၏။

အတိသယ ကန္တံ **အဘိက္ကန္တံ**။ အတိ-အရကား အတိသယဘောဂုဏ် ရ၏။ ထို--၏ အလိုရှိအပ်သော ဒေသနာတော်နှင့် ဂုဏ်-ဂုဏေး စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော အလွန်အလိုရှိအပ်သော ဒေသနာတော်ရ၏။

မနံ အပ္ပါယတိ ဝဍ္ဎေတီတိ **မနာပံ**။/ မနံ အပ္ပေတိ ဝဍ္ဎေတီတိ **မနာပံ**။ အတိသယံ မနာပံ **အတိမနာပံ**။ * အတိဝိယ သုန္ဒရံ **အတိသုန္ဒရံ**။ ဒေသိယတေ ဒေသနာ။ ဓမ္မဿ ဒေသနာ **ဓမ္မဒေသနာ**။/ဒေသိယိတ္ထာတိ ဒေသနာ၊ ဓမ္မောဧဝ ဒေသနာ **ဓမ္မဒေသနာ**။

➤ ၅။ **ယဒိဒံ-၏ထိုက်ဟာ** -- **ပဌမ** ယဒိဒံ-ကား ယဒိဒံ-ယာ အယံ ဓမ္မဒေသနာ-ဟု ဓမ္မဒေသနာနှင့်တွဲ၍ အနက်ပေးရသောကြောင့် ကတ္တိလိင် ဖြစ်ပါသည်။ **ဒုတိယ ယဒိဒံ**-ကား ယဒိဒံ-ယော အယံ ပသာဒေါ-ဟု ပသာဒပုဒ်နှင့် တွဲဘက်၍ အနက်ပေးရသောကြောင့် ပုံလိင် ဖြစ်ပါသည်။

➤ ၆။ (က) ၌ အတိက္ကဠ-ဖြင့် အဘိက္ကန္တ-၌ အဘိ-ဥပသာရသည် အတိသယ အနက်ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ကမုဓာတ်သည် ပဒဝိက္ခေပအနက်ကို မဟော၊ ကန္တာအနက်ဟော--ရင်း (ဒု-ဓာတွတ္ထ) တပစ္စည်း ကမ္မသာဓနအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) အဘိက္ကမိယတေတိ အဘိက္ကန္တံ-ဟု ကမ္မသာဓနပြု--ရင်း (အဘိဓာနတ္ထ) [တစ်နည်း] အတိသယံ ကမိယတီတိ အဘိက္ကန္တံ-ဟု ကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

**အတိမနာပံ**-ဖြင့် အတိက္ကဠ=အလွန်အလိုရှိအပ်ဟူသည် အတိမနာပ=အလွန်စိတ်နှစ်လုံးကို ပွားစေတတ်သည်၏ အဖြစ်ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ အတိသုန္ဒရံ-ဖြင့် အတိက္ကဠ=အလွန်အလိုရှိအပ်၊ အတိမနာပ=အလွန် စိတ်

http://www.dhammadownload.com



နှလုံးကို ပွားစေတတ်ဟူသည် အတိသုန္ဒရ-အလွန်ကောင်းခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ) (ဂ) ဖြင့် ပါဠိတော်ဝယ် အဘိက္ကန္တသဒ္ဒါနှစ်ခုအနက် တစ်ခုသော အဘိက္ကန္တသဒ္ဒါဖြင့် ဒေသနာတော်ကို၊ တစ်ခုသော အဘိက္ကန္တသဒ္ဒါဖြင့် ပသာဒကို ချီးမွမ်းသည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **အတိက္ကန္ဒ/အတိက္ကတ္တံ** ။ ။ ဣသုတာတ် တပစ္စည်း၊ သာဒိသန္တပုဗ္ဗဘာနဟံသာ ဒီဟိ ဋ္ဌော-သုတ်ဖြင့် တတွန် သ-ကို တပစ္စည်းနှင့်တကွ ဋ္ဌပြု၍ ရုပ်ပြီးသောကြောင့် အတိက္ကန္ဒ-ပါဌ်သာ သင့်ပါသည်။

**အဘိက္ကန္တံ/အဘိက္ကန္တာ** ။ ။ အဘိက္ကန္တန္တိ ဝစနံ အပေက္ခိတွာ နပုံသကလိင်္ဂဝသေန ဝုတ္တံ-ဟု သာရတ္ထကို ထောက်၍ အဘိက္ကန္တံ-ဟု နိဂ္ဂဟိတန္တနှင့်ရှိသောပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဓာတာ သဒ္ဒါ ဓမ္မဒေသနာ**-ကား အစိတ်ဖြစ်သော သဒ္ဒါ၏ "သဒ္ဒါ"ဟူသောအမည် ကို အပေါင်းဖြစ်သော သဒ္ဒါ အပါအဝင် လောကီဂုဏ်အားလုံး၌ တင်--ဧကဒေသူပစာ။ ပြဋ္ဌာန်းသော သဒ္ဒါကိုဆိုသဖြင့် မပြဋ္ဌာန်းသော လောကီဂုဏ်ကိုလည်းရသောကြောင့် ပဓာနနည်း။ ဉပလက္ခဏနည်း၊ နိဒဿနနည်း။

**ပညာဓမ္မဒေသနာ**-ကား အစိတ်ဖြစ်သော ပညာ၏ "ပညာ"ဟူသောအမည်ကို အပေါင်း ဖြစ်သော လောကုတ္တရာဂုဏ်၌တင်-- ဧကဒေသူပစာ။ ပြဋ္ဌာန်းသော ပညာကိုဆိုသဖြင့် မပြဋ္ဌာန်းသော လောကုတ္တရာဂုဏ်ကိုရသောကြောင့် ပဓာနနည်း။ ဉပလက္ခဏနည်း၊ နိဒဿနနည်း။

**အဘိက္ကန္တံ**-ကား ဓမ္မဒေသနာကိုငဲ့၍ အဘိက္ကန္တာ-ဟု ဣတ္ထိလိင်၊ ပသာဒေါ-ကိုငဲ့၍ အဘိက္ကန္တော-ဟု ပုံလိင်အားဖြင့်ဆိုသင့်လျက် အဘိက္ကန္တံ-ဟု နပုံလိင် အားဖြင့်ဆိုသော ကြောင့် လိင်္ဂဝိပလ္လာသနည်းမည်၏။

**ဓမ္မဒေသနာ**-ကား ဓမ္မနှင့် ဒေသနာကို မပြားသော်လည်း ပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။ (တစ်နည်း) အပေါင်းဖြစ်သော အလုံးစုံသော တရားဒေသနာတော် ၏ "ဓမ္မဒေသနာ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဝေရဉ္ဇာပုဏ္ဏားကြီးအား ဟောကြား တော်မူအပ်သော ဒေသနာ၌တင်--ဧကဒေသျူပစာ။

➤ ၁၀။ **ဣဓ္ဓံ**-၌ ဣသုတာတ်အရ ဝေရဉ္ဇာပုဏ္ဏားကြီး၏ သန္တာန်၌ ကုသလစ္ဆန္ဒ ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

## အာဘောဂ်သံဝဏ္ဏနာ

(က) နိက္ကုဇ္ဇိတန္တိ အဓောမုခဋ္ဌပိတံ၊ ဟေဋ္ဌာမုခဇာတံ ဝါ။ (ခ) ဉက္ကုဇ္ဇေယျာတိ ဉပရိမုခံ ကရေယျ။ (ဂ) ဓဋိစ္ဆန္နန္တိ တိဏာပဏ္ဏာဒိပဋိစ္ဆာဒိတံ။ (ဃ) ဝိဝရေယျာတိ ဉဃ္ဃာဋေယျ။

(င) မူဠှဿာတိ ဒိသာမူဠှဿ။ (စ) မဂ္ဂံ အာစိက္ခေယျာတိ ဟတ္ထေ ဂဟေတွာ

http://www.dhammadownload.com



"ဓေသမဂ္ဂေါ"တိ ဝဒေယျ။ (ဆ) အန္ဓကာရေတိ ကာဠပက္ခစာတုဒ္ဒသီ အဒ္ဓရတ္တဃနဝန သဏ္ဍမေဃပဋလေဟိ စတုရင်္ဂေ တမသိ။ (၄။၁၄၀။ ဘာသာဋီ၊၂ ၆၉။)

* နိက္ကုဇ္ဇိတံ-(မိမိသဘောအားဖြင့်ပင် (ဝါ) သူ့အလိုလို) အောက်၌မျက်နှာရှိသည် ဖြစ်သော။ (ဝါ) မှောက်နေသော။ ဥက္ကုဇ္ဇေယျ-အထက်၌မျက်နှာပြုရာ၏။ (ဝါ) လှန်ရာ၏။

(က) ၌ အဓောမုခဌပိတံ-ဖြင့် ကုဇ္ဇဓာတ်၏ အဓောမုခီကရဏ(အောက်၌မျက်နှာပြုခြင်း) အနက်ဟော--ရင်း (ဒု-ဓာတွတ္ထ) နိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ပရပယောဂဖြင့် မှောက်သည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ) ဖြင့် ဥပုဗ္ဗ ကုဇ္ဇဓာတ်၏ ဥပရိမုခကရဏ(အထက်၌မျက်နှာပြုခြင်း)အနက်ဟော--ရင်း (ဓာတွတ္ထ) ဥ-ဥပသာရ၏ ဓာတွတ္ထဟာကေ၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေသည်။

(ဂ) ၌ ပဋိစ္ဆာဒိတံ-ဖြင့် ပဋိစ္ဆန္နံ-၌ နှ-သဒ္ဒါ၏ တ-ပစ္စည်း၏ ကာရိယ၏--ရင်း (ဒု-ပစ္စယပဒ) ပဋိစ္ဆန္နံပုဒ်ကို ပဋိစ္ဆာဒီယတီတိ ပဋိစ္ဆန္နံ-ဟု ကမ္မသာဓနေဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) တ-ပစ္စည်း၏ ကမ္မသာဓနေ၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

တိဏပဏ္ဏာဒိ-ဖြင့် ဖုံးလွှမ်းအပ်၏ဟူသည် မြက်စသည်ဖြင့် ဖုံးလွှမ်းအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် ဝိဝရေယျ-၌ ဝရဓာတ်၏ ဝိဝရဏ(ဖွင့်လှစ်ခြင်း)အနက်ဟောသည်၏--ရင်း (ဓာတွတ္ထ) ဝိ-ဥပသာရ၏ ဓာတွတ္ထဟာကေ၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

(င) ဖြင့် မူဠ္ဍ-အရ အရပ်မျက်နှာဖြင့် တွေဝေသောသူကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(စ) ၌ ဝဒေယျ-ဖြင့် အာစိက္ခေယျ-၌ အာပုဗ္ဗ စိက္ခဓာတ်၏ ကထနအနက်ဟော--ရင်း (ဓာတွတ္ထ) အာ- ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။ ဟတ္ထေ ဂဟေတွာ ဓေသမဂ္ဂေါတိ-ဖြင့် ပြောဆိုပုံအခြင်းအရာ (ကထနာကာရ)ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဆ) ၌ တမသိ-ဖြင့် အန္ဓကာရသဒ္ဒါကား အမိုက်မှောင်ဟော တမ-သဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်း၊ (ပရိယာယ်ပြု အဘိဓေယျတ္ထ) [တစ်နည်း] အန္ဓကာရသဒ္ဒါသည် တမ (အမိုက်မှောင်) အနက်ကို ဟော--ရင်း (နာမ လိင်္ဂတ္ထ) အန္ဓကာရေ-၌ ဧ-သဒ္ဒါ၏ သတ္တမီဝိဘတ်၏ ကာရိယ၏--ရင်း (ဝိဘတ္တိပဒ) သိစေပါသည်။ ကာဠပက္ခ (ပ) စတုရင်္ဂေ-ဖြင့် အမိုက်တိုက်၏ အင်္ဂါလေးပါးကို သိစေပါသည်။ (ဘာဝတ္ထ)

**မိစ္ဆာဒိဋ္ဌိဂဟန/မိစ္ဆာဒိဋ္ဌိဂဟဏ** ။ ။ တောချုံဟော ဂဟန-သဒ္ဒါကား ဂဟဓာတ် ယုပစ္စည်း၊ ယင်းကို အနပြု၊ ဒန္တဇ န-ကို မုဒ္ဓဇ ဏ-မပြုရ၊ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိဂဟန-ပါဌ်သာ သင့်ပါသည်။

http://www.dhammadownload.com



**ဓါတ်ဂူ [၁၄၇]**

(က) ဧဝံ ဒေသနံ ဝောဓေတွာ ဣမဿာယ ဒေသနာယ ရတနတ္တယေ ပသန္နစိတ္တော ပသန္နာကာရံ ကရောန္တော "သော ဟန္တိ" အာဒိ မာဟ။ (ခ) တတ္ထ သောဟန္တိ ဧသော အဟံ။ (ဂ) ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမီတိ ဘဝန္တံ ဂေါတမံ သရဏန္တိ ဂစ္ဆာမိ။

(ဃ) ဘဝံ မေ ဂေါတမော သရဏံ ပရာယဏံ အဃဿ တာတာ, ဟိတဿ စ ဝိဓာတာတိ ဣမိနာ အဓိပ္ပါယေန ဘဝန္တံ ဂေါတမံ ဂစ္ဆာမိ ဘဇာမိ သေဝါမိ ပယိရုပါသာမိ။ (င) ဧဝံ ဝါ ဇာနာမိ ဗုဇ္ဈာမီတိ။ (စ) ယေသံ ဟိ ဓာတူနံ ဂတိ အတ္ထော၊ ဗုဒ္ဓိပိ တေသံ အတ္ထော။ (ဆ) တသ္မာ "ဂစ္ဆာမီ"တိ ဣမဿ ဇာနာမိ ဗုဇ္ဈာမီတိ အယမ္ပိ အတ္ထော ဝုတ္တော။ (ဋ၊၁၄၀။ မအ္ဌ-၂။၃၉၈။ ဘာသာဋီ-၂။၇၂။)

➤ ၁။ ဘဝံ ဂေါတမောသည်။ သရဏံ•ဘေးကိုညှဉ်းဆဲတတ်သူတည်း။ (သဒ္ဒတ္ထ) ကိုးကွယ်ရာတည်း။(သင်္ကေတတ္ထ) ပရာယဏံ•အလွန်ရောက်အပ်ရာတည်း။(သဒ္ဒတ္ထ) လည်းလျောင်းရာတည်း။ (သင်္ကေတတ္ထ)

➤ ၂။ (ဃ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ဂ)ဖြင့် ဘဝန္တံ သရဏံ ဂစ္ဆာမိ-၌ သရဏံ-ကား ပဌမန္တ၊ ယင်းနောင် ဣတိ-သဒ္ဒါ လုတ္တနိဒ္ဒိဋ္ဌဟု ပြပြီး၍ ယခုအခါ၌ သရဏဟူသည် ကိုးကွယ်လည်းလျောင်းရာ အဖြစ်တည်း၊ ယင်းသည်လည်း အစီးအပွားမဲ့မှ တားမြစ်ခြင်း အကျိုးစီးပွားကို ပြီးစေခြင်းဖြင့် ဖြစ်သည်ဟုပြခြင်းငှာ (ဃ) မိန့်။

(ဃ) သို့ -- ဆရာ-သည် (ဂ) ဖြင့် သရဏံ ဂစ္ဆာမိ-၌ သရဏံပုဒ်နောင် ဣတိသဒ္ဒါ ကျေသည်ကိုရင်း၊ ယင်းသရဏံပုဒ်၏ ပဌမန္တအဖြစ်ကိုရင်း ဖွင့်ပြတော်မူ၏။ ထိုသရဏဟူသည် အဘယ်နည်း၊ မည်ကဲ့သို့ ဆည်းကပ်ခြင်းကို ဂစ္ဆာမိ-ဟု ဆိုအပ်ပါသနည်း။ သရဏ၏ အဓိပ္ပါယ်နှင့် ဂစ္ဆာမိ-၏ ဆည်းကပ်ပုံ အခြင်းအရာကို မပြဆိုပြီလော။(ဃ)မိန့်။

(င) သို့/ ဆရာ-သည် (ဃ)ဖြင့် ဂစ္ဆာမိ-ကို ဘဇာမိ-ဟု ဂမုဓာတ်၏ ဣရိယာပထ ဂတိအနက်ကို ဖွင့်ပြတော်မူ၏။ ဂစ္ဆာမိ-၌ ဂမုဓာတ်သည် ဣရိယာပထဂတိအနက် တစ်မျိုးသာ ဖြစ်ပါသလော။ မည်သည့်အနက် ဖြစ်သင့်ပါသေးသနည်း။ စုဒ်ကြောင့် (င) မိန့်။ ကား-- ဉာဏဂတိအနက်ဖြစ်ပါသေး၏ဟူလို။

(စ) သို့ / **အယုတ္တယုတ္တ**။ ။ ဆရာ-သည် (င)ဖြင့် ဂစ္ဆာမိ-ဟူသော ပုဒ်၏အနက်ကို ဇာနာမိ ဗုဇ္ဈာမိ-ဟု ဖွင့်ဆိုတော်မူ၏။ ဂစ္ဆာမိ-ဟူသောပုဒ်၏ ဇာနာမိ ဗုဇ္ဈာမိ-ဟူသော ဤအနက်ကို အဘယ်ကြောင့် ရအပ်ပါသနည်း။ ဂမုဓာတ်သည် သွားခြင်းအနက်ရှိသည်သာ ဖြစ်ရာသည် မဟုတ်ပါလော။စုဒ်ကြောင့် (စ) မိန့်။ ကား-- (စ)ဖြင့် ဂတိအနက်ရှိသော ဓာတ်ဟူသမျှသည် ဗုဒ္ဓိအနက်ရှိသောကြောင့် ဂစ္ဆာမိ-ဟူသောပုဒ်၏ ဇာနာမိ ဗုဇ္ဈာမိ-ဟူသောအနက်ကို ရအပ်၏ဟု ငါပြဆိုပါ၏ဟူလို။

➤ ၃။ (က) သည် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကိုပြသောကြောင့် သင်္ခေပ

http://www.dhammadownload.com



ဝါကျ။ (ခ) စသည်ကား အဝယဝတ္ထု အကျယ်ကိုပြသောကြောင့် ဝိတ္ထာရဝါကျ။ (ဂ) ပက္ခန္တရ။ (ဃ) သည် သရဏံပုဒ် ဂစ္ဆာမိပုဒ်တို့၏ ငုတ်လျှိုးနေသော အနက်ကို ဖော်ပြသောကြောင့် ဝိတ္ထာရ။ (င) သည် ဂစ္ဆာမိ-၌ ဂမုဓာတ်၏ ဣရိယာပထဂတိမှတစ်ပါး ဉာဏဂတိကိုပြသောကြောင့် ပက္ခန္တရ။ (တစ်နည်း) ဂမုဓာတ်၏ ဘဇနအနက်မှတစ်ပါး ဇာနနအနက်ကိုပြသောကြောင့် ပက္ခန္တရ။ (စ) သည် ဂစ္ဆာမိ-ကို ဇာနာမိ ဗုဇ္ဈာမိ-ဟု ဖွင့်ပြရခြင်း၏အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ။ (ဆ) လဒ္ဓဂုဏဝါကျ။

**စာစဉ်** ။ ။ ဣမိနာ အဓိပ္ပါယေန-ကား အားဖြင့်--ကြောင့် ဂစ္ဆာမိ-၌ တတိယာ ဝိသေသန၊ ဂစ္ဆာမိ-ကား တတိယာ ဝိသေသျ။

➤ ၄။ သရတိ ဟိံသတီတိ **သရဏံ**။ သရဓာတ်အရ အလုံးစုံသော ဒုက္ခကို ဖျက်ဆီးခြင်းသဘောရ၏။ ယုပစ္စည်းအရ ထိုဖျက်ဆီးခြင်းသဘောရှိသော ရတနာသုံးပါးရ၏။

န ဟန္တိ ဧတ္တိတိ **အဃံ**။ (တစ်နည်း) သာဓူဟိ န ဟနိတဗ္ဗံ န ဂန္တဗ္ဗန္တိ **အဃံ**။

န-နိပါတ်ပုဒ်အရကား ပဋိသေဓဘောဂုဏ်ရ၏။ ဟနဓာတ်အရ ကတ္တုရုပ္ပကား အကုသိုလ်သို့ မရောက်သော သူတော်ကောင်းတို့၏ သန္တာန်၌ ဟိရိ ဩတ္တပ္ပပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မ၌ကား အကုသိုလ်၏ ပကတူပနိဿယသတ္တိ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ကွိပစ္စည်းအရကား ထို--သော အကုသိုလ်ရ၏။

အဓိပယတိ စိန္တေတီတိ **အဓိပ္ပါယော**။ (ကတ္တုသာဓန) အဓိပီယတေတိ ဝါ **အဓိပ္ပါယော**။ (ကမ္မသာဓန) အဓိရှေးရှိသော ပယဓာတ်အရ ကတ္တု၌ကား ကြံစည်သော အခြင်းအရာအားဖြင့်ဖြစ်သော ဝေရဥ္ဇပုဏ္ဏားကြီး၏ သဒ္ဓါ ပညာ-စသည်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မ၌ကြိယာ၏အရကား ထို--အားတပ်သော ဘဝံ မေ ဂေါတမော အစရှိသော အကြံအစည်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဏပစ္စည်းအရကား ထို--သော ဘဝံ မေ ဂေါတမော အစရှိသော အလိုအကြံအစည် ရ၏။

ပသီဒိံသူတိ **ပသန္နာ**။ အာဒရံ ကရဏံ **အာကာရော**။ ပသန္နေဟိ ကတ္တဗ္ဗော အာကာရော **ပသန္နာ ကာရော**။ ပသန္နေဟိ၊ကြည်ညိုကုန်သောသူတို့သည်။ကတ္တဗ္ဗော၊ပြုအပ်သော။အာကာရော၊အရိုအသေပြုခြင်းတည်း။ပသန္နာကာရော၊ကြည်ညိုကုန်သောသူတို့သည် ပြုအပ်သော အရိုအသေပြုခြင်း။ မဇ္ဈေလောပီ တတိယာ တပ္ပုရိသ်သမာသ်။ ပသန္နပုဒ်+ကတ္တဗ္ဗပုဒ်။ ပသန္န-ဟူသော ဝိသေသနပုဒ်အရကား ကြည်ညိုကုန်သောသူတို့ ဒြဗ်သည် မုချ။ ယင်းတို့၏ ပြုအပ်သော အရိုအသေအမှုနှင့် သာစေ-သာချ/နိပ္ဖာဒက-နိပ္ဖာဒေတဗ္ဗ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော ကြည်ညိုကုန်သောသူတို့သည် ပြုအပ်သော အရိုအသေအမှု ရ၏။

ပသန္နံ စိတ္တံ အဿ ဗြာဟ္မဏဿာတိ **ပသန္နစိတ္တော**။ * တာယတိ အဝဿယံ ကရောတီတိ **တာတာ**။ * ဝိဒဟတိ သံဝိဓာနံ ကရောတီတိ **ဝိဓာတာ**။

http://www.dhammadownload.com



➤ ၅။ သရဏီ=သရဏတ်+ဟိ၊ သနက္ခ၊ ပဥ္စမာဝိဘတျန္တပုဒ်။ အဃဿ-၌ ဝိဘတျန္တကား နိဿက္ကဋ္ဌ (ဝါ) အပါဒါနတ္ထဖြစ်ပါသည်။ ဗီဇဿ-၌ ဝိဘတျန္တကား ဥပယောဂတ္ထ (ဝါ) ကမ္မတ္ထ ဖြစ်သည်။ တာတာ=တာဓာတ်+တုပစ္စည်း၊ ပုံလိင်၊ သတ္တာဒိဂိုဏ်း၊ ဧကာရန္တ။ ဗီဇာတာ=ဝိ-ဓာ+တု၊ ပုံလိင်၊ သတ္တာဒိဂိုဏ်း၊ ဧကာရန္တ။ ပယိရုပါသာမိ= ပရိ-ဥပ-အာသ+အ+မိဝိဘတ်။ သေဝါမိ=သိ+ဏ+မိဝိဘတ်။ ဓာတု=ဓာ+တု။ ဗီဇ=ဟိ+တ။

➤ ၆။ (စ) ဖြင့် သောဟံပုဒ်ကို သော+အဟံ-ဟု ပဒစ္ဆေဒ မပြုရ၊ ဖသော+အဟံ-ဟု ပဒစ္ဆေဒပြုရမည်ဟု သိစေပါသည်။ (သန္ဓိလိင်္ဂပဒ)

(ဂ) ၌ သရဏန္တိ-ဖြင့် ဂစ္ဆာမိ-၌ ဂမုဓာတ်သည် အဇံ ဂါမံ နေတိ-၌ နီဓာတ်ကဲ့သို့ ဒွိကမ္မကဓာတ် မဟုတ်သောကြောင့် သရဏံပုဒ်နောင် ဣတိ-ကျေသည်၏--ရင်း (ဘာဝတ္ထ) ယင်းသရဏံပုဒ်၏ ပဌမန္တ၏--ရင်း (ဝိဘတ္တိပဒ) သိစေပါသည်။

(ဃ) ၌ ပရာယဏံ-ဖြင့် သရဏ-သဒ္ဒါ ပရာယဏသဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ) [တစ်နည်း] ယင်း ပရာယဏံ-ဖြင့် သရဏသဒ္ဒါသည် ဆည်းကပ်ကိုးကွယ်ရာ (ပရာယဏ)အနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ) အဃဿစ တာတာ ဗီဇဿစ ဗီဓာတာ-ဖြင့် ကိုးကွယ်ရာအဖြစ်ဟူသည် အကျိုးမဲ့ကို တားမြစ်ခြင်းဖြင့်ရင်း၊ အစီးအပွားကို ပြီးစေခြင်းဖြင့်ရင်း ဖြစ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဘဇာမိ-ဖြင့် ဂစ္ဆာမိ-၌ ဂမုဓာတ်၏ ပဝတ္တနဂတိ, ဉာဏဂတိ, ဣရိယာပထဂတိ သုံးပါးတို့တွင် ဆည်းကပ်ခြင်း ဣရိယာပထဂတိအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ) သေဝါမိ-ဖြင့် ဘဇာမိ-၌ ဘဇဓာတ်၏ ဝိဿာသ, သေဝန, ဘဇန, ဒါနအနက် လေးပါးတို့တွင် သေဝနအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

ပယိရုပါသာမိ- ဖြင့် သေဝါမိ-၌ သိဓာတ်၏ သေဝန, ဗန္ဓန နှစ်ပါးတွင် သေဝန အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ) [တစ်နည်း] ဘဇာမိ သေဝါမိ ပယိရုပါသာမိ-ဖြင့် ကိုးကွယ်လိုသဖြင့် ဆည်းကပ်ခြင်းသည် ဘဇန၊ အနီး၌ကျင်လည်ခြင်းသည် သေဝန၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်းဖြင့် လုပ်ကျွေးခြင်းသည် ပယိရုပါသနမည်၏ဟု ဆည်းကပ်ပုံသုံးမျိုးကို သိစေပါသည်။ (ဘာဝတ္ထ)

ဣတိ ဣမိနာ အဓိပ္ပါယေန-ဖြင့် ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ-၌ သရဏံပုဒ်နောင် ဣတိသဒ္ဒါ ကျေနေသည်ကိုရင်း (ဘာဝတ္ထ) ယင်း လုတ္တနိဒ္ဒိဋ္ဌ ဣတိသဒ္ဒါ၏ အာကာရ အနက်ဟောသည်၏အဖြစ်ကိုရင်း (နိပါတလိင်္ဂတ္ထ) သိစေပါသည်။

(င) ၌ ဇာနာမိ-ဖြင့် ဂစ္ဆာမိ-၌ ဂမုဓာတ်သည် ဉာဏဂတိအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

ဗုဇ္ဈာမိ-ဖြင့် ဇာနာမိ-၌ ဉာဓာတ်သည် မာရဏ, တောသန, နိသာနအနက်ကို မဟော၊

http://www.dhammadownload.com



အဝဟောနေအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

➢ ၇။ **အဃဿ ဗာတာ/အဃဿ ဟာတာ** ။ ။ အဃဿာတိ ဒုက္ခဿာတိ ဝဒန္တိ၊ ပါပဿာတိ ပန အတ္ထော ယုတ္တော၊ နိဿက္ကတ္ထေစေတံ သာမိဝစနံ-ဟူသော သာရတ္ထနှင့်အညီ အဃဿ-၌ အပါဒါန်အနက်ဖြစ်ကြောင်း ထင်ရှား၏၊ အပါဒါန်အနက် ဖြစ်လျှင် အပါဒါန်ကိုငဲ့သော ကြိယာရှိရမည်၊ တာတာ-၌ တာဓာတ် တုပစ္စည်း၊ တာ ဓာတ်ကား ရက္ခဏတ္ထ၊ ရက္ခဏတ္ထာန မိဿိတံ- သုတ်နှင့်အညီ တာတာ-ဟုရှိသော ပါဌ်ကသာလျှင် အပါဒါန်ကိုငဲ့သောကြောင့်ရင်း၊ ဝိမတိဋီကာ၌လည်း အဃဿာတိ အဃတော ပါပတော၊ တာတာတိ ဟိ ပဒံ အပေက္ခိတွာ နိဿက္ကသော ဝ ယုတ္တတ္တာ-ဟု ဆိုသောကြောင့်ရင်း အဃဿ တာတာ-ပါဌ်သာ ယုတ္တတရ ဖြစ်ပါသည်။

အဃဿ၊ဆင်းရဲ။ဟတာ၊ပယ်ဖျောက်တတ်၏။ဟု အနက်ပေး၍ သဒ္ဒယုတ္တိ အတ္ထ ယုတ္တိရှိသောကြောင့် အဃဿ ဟတာ-ပါဌ်လည်း သင့်ပါသည်။

**ပသန္နာကာရံ/ပသန္နကာရံ** ။ ။ ပသန္နေဟိ ကာတဗ္ဗံ သက္ကာရံ-ဟု ဋီကာ၌ဖွင့်၍ အာကာရသဒ္ဒါသည် သက္ကာရအနက်ကို မဟော၊ ကာရောဂဘောဒေ သက္ကာဒရ-ဟူသော အဘိဓာန်အရ ကာရ-သဒ္ဒါကသာ သက္ကာရအနက်ကိုဟောသောကြောင့် ပသန္နကာရံပါဌ် သင့်ပါသည်။

ပသန္နကာရံ-ဟုဆိုလိုလျက် ဝါစာသိလိဋ္ဌအကျိုးငှာ ဒီဃပြုထားသောကြောင့် ပသန္နာ ကာရံ-ပါဌ်လည်း သင့်ပါသည်။

➢ ၈။ **အဃဿ တာတာ**-ကား ပဥ္စမီဝိဘတ်ဖြင့် ဆိုသင့်လျက် အဃဿ-ဟု ဆဋ္ဌီဝိဘတ်ဖြင့် ဆိုသောကြောင့် ဝိဘတ္တိဝိပလ္လာသနည်း မည်၏။

အာရုံ အကြောင်းဖြစ်သော ဗုဒ္ဓရတနာဖြစ်သော မကောင်းမှုကို စောင့်ရှောက်ခြင်း၏ "အဃဿ တာတာ"ဟူသော အမည်ကို အာရမ္မဏိက အကျိုးဖြစ်သော ပုဏ္ဏားသန္တာန် ၌ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်၌တင်-- ကာရဏူပစာ။

ဓိန္နံ-ကား အကြောင်းဖြစ်သော အာရုံ လှူဘွယ်ဝတ္ထု၏ "ဒိန္န"ဟူသောအမည်ကို အကျိုးဖြစ်သော အာရမ္မဏိက ဒါနစေတနာ၌တင်-- ကာရဏူပစာ၊ နာနန္တရိကနည်း။

**ဂန္ထာမိ**-ကား အပေါင်းဖြစ်သော ပဝတ္တနဂတိ, ဉာဏဂတိ, က္ကရိယာပထဂတိတို့၏ "ဂန္ထာမိ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဉာဏဂတိ, က္ကရိယာပထဂတိတို့၌တင်-- ဧကဒေသျူပစာ။ ရုဠှီနည်း။

➢ ၁၀။ **ဂန္ထာမိ**-၌ အန္တတ္ထအရ-- ဝေရဉ္ဇာပုဏ္ဏားကြီး၏ သန္တာန်၌ဖြစ်သော သဒ္ဓါ ပညာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍--

http://www.dhammadownload.com



**ပါဌ် [၁၄၈]**

(က) ဓမ္မဉ္စ ဘိက္ခုသံဃဉ္စာတိဝတ္တာ ပန အဓိဂတမဂ္ဂေ, သစ္ဆိကတနိရောဓေ, ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေစ စတူသု အပါယေသု အပတမာနေ ဓာရေတီတိ ဓမ္မော။

(ခ) သော အတ္ထတော အရိယမဂ္ဂေါ စေဝ နိဗ္ဗာနဉ္စ။ (ဂ) ဝုတ္တဉှေတံ "ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ တေသံ အဂ္ဂမက္ခာယတီ"တိ ဝိတ္ထာရော။ (ဃ) န ကေဝလဉ္စ အရိယမဂ္ဂေါစေဝ နိဗ္ဗာနဉ္စ၊ အပိစ ခေါ အရိယဖလေဟိ သဒ္ဓိံ ပရိယတ္တိဓမ္မောပိ။ (င) ဝုတ္တမ္ပိဟေတံ ဆတ္တမာဏဝကဝိမာနေ--

"ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသင်္ခတမပ္ပဋိကူလံ။
မဓုရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေဟီ"တိ။
(ဋ္ဌ။၁၄၀။ မအ္ဌ-၂။၃၉၉။ ဘာသာဋီ-၂။၇၄။)

➢ ၂ **(က) ၌ ယထာနုသိဋ္ဌံ-သည်သို့/ ဌပနာတိက ဖွင့်** ။ ။ ဆရာ-သည် အဓိဂတမဂ္ဂေ သစ္ဆိကတနိရောဓေ စတူသု အပါယေသု အပတမာနေ ဓာရေတီတိ ဓမ္မော-ဖြင့် ရအပ်ပြီးသော မဂ္ဂသစ္စာရှိကုန်သော မျက်မှောက်ပြုအပ်ပြီးသော နိရောဓသစ္စာရှိကုန်သော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့ကို အပါယ်လေးပါး၌ မကျရောက်အောင် ဆောင်တတ်သောကြောင့် ဓမ္မ-မည်သောဟု ဆိုတော်မူ၏။ ယင်းဓမ္မသည် ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ကိုသာ အပါယ်လေးပါး၌ မကျရောက်အောင် ဆောင်တတ်ပါသလော။ အဘယ်ပုဂ္ဂိုလ်တို့ကိုလည်း ဆောင်တတ်ပါသေးသနည်း။ စုဒ်ကြောင့် ယထာနုသိဋ္ဌံ-စသည်ကိုမိန့်၊

**အား**-- ဘုရားဆုံးမသည့်အတိုင်း ကျင့်ဆဲဖြစ်ကုန်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကိုလည်း အပါယ်လေးပါး၌ မကျအောင် ဆောင်တတ်ပါသေး၏ဟူလို။

**(ခ) သို့/ စောဒနာ** ။ ။ ဆရာ-သည် (က) ဖြင့် ဓမ္မပုဒ်၏ အဘိဓာနတ္ထ ဝစနတ္ထကို ပြဆိုတော်မူ၏။ ဓမ္မပုဒ်၏ အဘိဓာနတ္ထ ဝစနတ္ထသာ ရှိပါသလော။ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ အဘိဓေယျတ္ထကို မပြသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

**(ဃ) သို့**/ ဆရာ-သည် (ခ) ဖြင့် အရိယာမဂ်နှင့် နိဗ္ဗာန်ကို ဓမ္မ-အရ ယူရမည်ဟု ဆိုတော်မူ၏။ အရိယာမဂ်နှင့် နိဗ္ဗာန်ကိုသာ ဓမ္မ-အရ ယူရပါမည်လော။ အဘယ်တရားများကိုလည်း ယူနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။ **အား** -- အရိယာဖိုလ်နှင့် တကွ ပရိယတ္တိဓမ္မကိုလည်း ယူနိုင်ပါသေး၏ဟူလို။

➢ ၃။ (ခ) သည် အဘိဓာနတ္ထမှတပါး အဘိဓေယျတ္ထကိုပြသောကြောင့် ပက္ခန္တရ။ (ဂ) အာဂမဒဋ္ဌီကရဏ။ (ဃ) သည် အရိယာမဂ်နှင့် နိဗ္ဗာန်သာ ဓမ္မမည်ပါသလောဟု မေးဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ ထိုတွင် န ကေဝလဉ္စ-စသည်ကား ဗျတိရေက။ အပိစ ခေါ-စသည်ကား အန္ဝယ။ (င) သည် အာဂမဒဋ္ဌီကရဏ။

http://www.dhammadownload.com



**ဓာစပ်** ။ ။ သတ္တိကတနိရောဓေ ပဋိပဇ္ဇမာနေ-တို့ကား တို့ကို--ကြောင့် ဓာရေတိ-၌ အဝုတ္တကံ၊ ဓာရေတိ-ကား အဝုတ္တကံ၏ ကြိယာ စပ်။ အပတမာနေ-ကား တို့ကို--ကြောင့် ကတွာ-ဟူသော ပါဌသေသ-၌ အဝုတ္တကံ၊ ကတွာ-ကား အဝုတ္တကံ၏ ကြိယာ စပ်။

➤ ၄။ ရဉ္ဇတီတိ ရာဂေါ။ (ရဉ္ဇ+ဏ) ဝိရဇ္ဇတိ ပဟီယတိ ဧတေနာတိ ဝိရာဂေါ။ ရာဂဿ ဝိရာဂေါ ရာဂဝိရာဂေါ။ ရာဂ-အရ ရာဂ ရ၏။ ထို--၏ ပယ်ကြောင်းမဂ်နှင့် ပဟာတဗ္ဗ ပဟာယက စပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော ရာဂကို ပယ်ကြောင်း ဖြစ်သော မဂ် ရ၏။

လာဘာဒီသု ဧဇတိ ကမ္ပတီတိ ဧဇာ။ (ဧဇ+အ) နတ္ထိ ဧဇာသင်္ခါတာ တဏှာ ဧတသ္မိန္တိ အနေဇံ။ န ဧဇာ-ပုဒ်အရကား တဏှာမရှိခြင်းသည် မုချ။ ထို-၏ အရိယာဖိုလ်နှင့် ဂုဏ် ဂုဏော စပ် ဌာန္။ ဧတ-အညပုဒ်အရကား တဏှာမရှိရာဖြစ်သော ဖိုလ်ရ၏။

အဓိဂတော မဂ္ဂေါ ယေဟိ ဖလဋ္ဌေဟီတိ **အဓိဂတမဂ္ဂါ**။ အဓိဂတမဂ္ဂပုဒ်အရကား ရအပ်ပြီးသော မဂ္ဂသစ္စာသည် မုချ။ ထို--၏ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့နှင့် သာမီ-သံ/ဂုဏ်-ဂုဏော စပ် ဌာန္။ ယ-အညပုဒ်အရကား ထို--သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ ရ၏။

အနုသာသီယတေတိ အနုသိဋ္ဌော။ အနုသာသီယန္တေ သတ္တာ ဧတေနာတိ အနုသိဋ္ဌော။ အနုသိဋ္ဌဿ အနုရူပံ **ယထာနုသိဋ္ဌံ**။ အနုသိဋ္ဌ-ဟူသော ဝိသေသနပုဒ်အရကား ဆုံးမကြောင်းဖြစ်သော တရား (ဝါ) ဒေသနာသည် မုချ။ ထို--၏ လျော်စွာဖြစ်ခြင်း ဂုဏ်နှင့် အနုလောမ-အနုလောမိတ စပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော လျော်စွာ ဖြစ်ခြင်းဂုဏ် ရ၏။

* ပဋိပဇ္ဇန္တီတိ ပဋိပဇ္ဇမာနာ။ အဇ္ဇ အဂ္ဂိနိ အဇ္ဇဂ်ီ။ အဇ္ဇဂ် တေသံ မဂ္ဂဿ အတ္ထီတိ အဇ္ဇဂ်ီကော။ နတ္ထိ သောကော ဧတသ္မိန္တိ အသောကံ။ (ဖိုလ်ရ၏) ယထာသဘာဝံ ဓာရေတီတိ ဓမ္မော။(နိဗ္ဗာန်ရ၏။) န သင်္ခရီယတီတိ အသင်္ခတော။ (နိဗ္ဗာန်ရ၏) နတ္ထိ ပဋိကူလော ဝိရုဒ္ဓတ္တော ဧတသ္မိန္တိ အပ္ပဋိကူလော။ (ပရိယတ္တိဓမ္မ ရ၏။) ပဂုဏေန ပဝတ္တိတော ပဂုဏော။ ပကဋ္ဌော ဝါ ဂုဏော ဧတသ္မိန္တိ ပဂုဏော။ (ပရိယတ္တိဓမ္မ ရ၏။) ဥဒ္ဒေသနိဒ္ဒေသာဒိနာ သမ္မာ ဝိဘဇီယတီတိ သုဝိဘတ္တော။ (ပရိယတ္တိဓမ္မ ရ၏)

သတ္တိကတော နိရောဓော ယေဟိ ဖလဋ္ဌေဟီတိ သတ္တိ ကတနိရောဓာ။ ဆတ္တမာဏဝက ဝိမာနဿ ဝတ္ထု ကာရဏံ ဝတ္ထာတိ ဆတ္တမာဏဝကဝိမာနံ။

➤ ၆။ (က) ၌ ဓာရေတိ-ဖြင့် ဓမ္မော-၌ ဓရဓာတ်၏--ငင်း (ဒု-ဓာတုပဒ) ရမ္မ-ပစ္စည်း ကတ္တုသာဓနအနက်၌သက်--ငင်း (ဒု-ပစ္စယတ္ထ) ဓာရေတီတိ ဓမ္မော-ဟု ကတ္တု သာဓနပြု--ငင်း (အဘိဓာနတ္ထ) ဓရဓာတ်၏ ဤနေရာ၌ စုရာဒိဂဏိကဓာတ်၏--ငင်း (ဘာဝတ္ထ) သိစေပါသည်။ အပတမာနေ-ဖြင့် ဓာရေတိ-၌ ဆောင်၏ဟူသည် မကျ သည်ကိုပြု၍ ဆောင်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

Ⅰ-၁၀-B

http://www.dhammadownload.com



စတူသု အပါယေသု-ဖြင့် မကျသည်ကိုပြု၍ ဆောင်၏ဟူသည် အပါယ်လေးပါး တို့၌ မကျသည်ကိုပြု၍ ဆောင်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**အဓိဂတမဂ္ဂေ သစ္ဆိကတနိရောဓေ ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ-ဖြင့် ဓာရေတိ-၌** ဆောင်၏ဟူသည် ရအပ်ပြီးသော မဂ္ဂသစ္စာရှိသော မျက်မှောက်ပြုအပ်ပြီးသော နိရောဓ သစ္စာရှိသော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ကိုရင်း၊ ဘုရားဆုံးမသည့်အတိုင်း ကျင့်ဆဲဖြစ်သော မဂ္ဂ ဋ္ဌာန် ပုဂ္ဂိုလ်တို့ကိုရင်း ဆောင်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**(စ)** တစ်ဝါကျလုံးဖြင့် ဓမ္မ-အရ မုချအားဖြင့် အရိယာမဂ်နှင့် နိဗ္ဗာန်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**(ဃ)** ဖြင့် ဓမ္မ-အရ အရိယာမဂ်နှင့် နိဗ္ဗာန်ကိုသာမက ဥပစာအားဖြင့် အရိယာဖိုလ် နှင့် ပရိယတ်ကိုလည်း ယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ)

➤ ၇။ **သရဏတ္ထံ/သရဏတ္တံ** ။ ။ သရဏတ္ထံ သရဏာယ ပရာယဏာယ-ဟူသော သီလက္ခန်ဋီကာသစ်ကိုထောက်၍ သရဏတ္ထံ-၌ ထ္ထံ-သည် စတုတ္ထီကေဝုစ် သဝိဘတ် ဖြစ် ကြောင်း ထင်ရှားသောကြောင့် သရဏတ္ထံ-ပါဠ်သာ သင့်ပါသည်။

**အပတမာနေ/အပတမာနေ ကတွာ** ။ ။ အပတမာနေ-ကား ဓာရဏာကာရ၊ ထို့ကြောင့် အပတမာနေ၊မကျသည်တို့ကို။ကတွာ၊ပြု၍-ဟုထည့် သမ္ဗန်၊ ဤသို့ ဂဏ္ဌိသစ် ၌ဆိုသောကြောင့် ကတွာ-မပါသော အပတမာနေ-ပါဠ်သာ သင့်ပါသည်။

**အဂ္ဂမက္ခာယတိ/အဂ္ဂေါ မက္ခာယတိ** ။ ။ အဂ္ဂေါ အက္ခာယတိတိ ဝတ္တဗ္ဗေ ဩကာ ရဿ အကာရံ မကာရာဂမဉ္စ ကတွာ "အဂ္ဂမက္ခာယတီ"တိ ဝုတ္တံ-ဟူသော သီလက္ခန် ဋီကာသစ်ကိုထောက်၍ အဂ္ဂေါ မက္ခာယတိ-ဟု ဆိုလိုလျက် ဩ-ကို အ-ပြု၊ မ-လာ၍ ပြီးသော အဂ္ဂမက္ခာယတိ-ပါဠ် သင့်ပါသည်။

➤ ၈။ **စတူသု အပါယေသု**-ကား အစိတ်ဖြစ်သော အပါယ်လေးပါး၏ "စတူသု အပါ ယေသု"ဟူသောအမည်ကို အပေါင်းဖြစ်သော အပါယ် ၄-ပါးနှင့်တကွ အလုံးစုံသော ဝဋ်ဆင်းရဲတို့၌ တင်-- ဧကဒေသူပစာ။ ပြတ်စန်းသော အပါယ်လေးပါးကို "စတူသု အပါ ယေသု"ဟု ဆိုသဖြင့် မပြတ်စန်းသော သံသာရဒုက္ခကိုလည်း ရသောကြောင့် ပဓာနနည်း။

**အဓိဂတမဂ္ဂေ သစ္ဆိကတနိရောဓေ**-ကား ပဋိပဇ္ဇမာနေ-ဟု ဆိုလတံ့ဖြစ်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် မှ ကြွင်းသော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ကိုသာ "အဓိဂတမဂ္ဂေ သစ္ဆိကတနိရောဓေ" အရ ယူရ သောကြောင့် ပါရိသေသနည်း။(ပုညဉာဏသမ္ဘာရနည်း၊ ဂေါဗလိဗဒ္ဒနည်း)

အပေါင်းဖြစ်သော မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့၏ "အဓိဂတမဂ္ဂေ သစ္ဆိကတနိရောဓေ" ဟူသောအမည်ကို အစိတ်ဖြစ်သော ဖလဋ္ဌာန်လေး ယောက်၌တင်-- ဧကဒေသျူပစာ။

**ဓာရေတီတိ ဓမ္မော**-ကား အကြောင်းဖြစ်သော အရိယာမဂ်, နိဗ္ဗာန်တို့၏ "ဓမ္မ"ဟူသော

http://www.dhammadownload.com



အမည်ကို အကျိုးဖြစ်သော အရိယာဖိုလ်၌တင်-- ကာရဏူပစာ၊ နာနန္တရိကနည်း။

(တစ်နည်း) အကျိုးဖြစ်သော အရိယာမဂ်, နိဗ္ဗာန်တို့၏ "ဓမ္မ" ဟူသော အမည်ကို အကြောင်းဖြစ်သော ပရိယတ္တိ၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

➤ ၁၀။ **ပဋိပန္နမာစနံ**-အရ -- ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ။

ရာဂဝိရာဂ-အရ မဂ်ကိုယူ၍- ထို၏ပဒဋ္ဌာန်ကား ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု-ဟူသော ဥပစာရသမာဓိတည်း။ ထို၏ပဒဋ္ဌာန်ကား ပရိကမ္မဘာဝနာတည်း။ ဤသို့ အောက်သက် ဩရုယှောရုယှအားဖြင့်ရင်း။ ထိုမဂ်သည် မဂ္ဂါနန္တရဖိုလ်၏ ပဒဋ္ဌာန်တည်း။ ထို သည် ပစ္စဝေက္ခဏာဉာဏ်၏ ပဒဋ္ဌာန်တည်း။ ဤသို့ အထက်တက် အာရုယှာရုယှ အားဖြင့်ရင်း၊ ပဒဋ္ဌာန်ကို ထုတ်အပ်၏။

**ဋီကာ [၁၅၉]**

**(က) ဝတ္ထု တိ ရာဇဝိရာဇဂါတိ မဂ္ဂေါ ကထိတော။ အနေဇမသောကန္တိ ဖလံ။ ဓမ္မမသင်္ခတန္တိ နိဗ္ဗာနံ။ (ခ) အပ္ပဋိကူလံ မဓုရမိမံ ပဂုဏံ သုဝိဘတ္တန္တိ ပိဋကတ္တယေန ဝိဘတ္တာ သဗ္ဗဓမ္မက္ခန္ဓာတိ။ (ဂ) ဒိဋ္ဌိသီလသင်္ဃာတေန သံဟတောတိ သံဃော။**

**(ဃ) သော အတ္ထတော အဋ္ဌအရိယပုဂ္ဂလသမူဟော။**

**(င) ဝုတ္တဉ္စေတံ ဝိမာနေ --**

**"ယတ္ထ စ ဒိန္နမဟပ္ဖလမာဟု၊ စတူသု သုစီသု ပုရိသယုဂေသု။**
**အဋ္ဌ စ ပုဂ္ဂလ ဓမ္မဒသာ တေ၊ သံဃမိမံ သရဏတ္ထမုပေဟီ"တိ။**

**(စ) ဘိက္ခူနံ သံဃော ဘိက္ခုသံဃော။**

**(ဆ) ဝတ္ထုတ္တယဝသေန ဝုတ္တာ တီဏိ သရဏဂမနာနိ ပဋိဝေဒေသိ။**

(၄။၁၄၁။ မအူ-၂။၄၀၂။ ဘာသာဋီ-၂။၇၆။)

➤ ၁။ **ယတ္ထ ဒိန္နံ မဟပ္ဖလမာဟု စတူသု**-အကြင်ယောက်ျားအစုံတို့အားလည်း။(ဝါ) အကြင်ယောက်ျားအစုံတို့၌လည်း။ **အာဟု**-ကတ္တား ဗုဒ္ဓါ-ထည့်။

➤ ၂။ (ဃ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ဂ) ဖြင့် သံဃောပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထ တို့ကို ပြပြီး၍ ယခုအခါ၌ အဘိဓေယျတ္ထကိုပြလိုသော ဆရာသည် (ဃ) ကိုမိန့်၏။

(ဃ) သို့/ ဆရာ-သည် (ဂ)ဖြင့် သံဃောကို သံဟတောတိ သံဃော-ဟု ဝစနတ္ထ ပြုအပ်သည်ကိုရင်း၊ အယူသီလတူမျှသည်၏ အဖြစ်အားဖြင့် ပေါင်းအပ်ဟူသောအဓိပ္ပါယ်ကိုရင်း ဖွင့်ပြတော်မူ၏။ ဤ၌ သံဃ-အရ အဘယ်သံဃာကို ယူရပါမည်နည်း။ သမုတိ သံဃာ အရိယာသံဃာ နှစ်မျိုးလုံးကိုပင် ယူရပါမည်လော။ စုဒ်ကြောင့် (ဃ) မိန့်၏။

(င) သို့/ ဆရာ-သည် (ဃ) ဖြင့် သံဃ-အရ အရိယာသံဃာကိုသာ ယူရမည်ဟု ဖွင့်ပြတော်မူ၏။ အရိယာသံဃာကို ယူရခြင်း၏ အာဂမယုတ္တိကို မပြဆိုပြီလော။ အရိယာ

http://www.dhammadownload.com



သံယာကို ယူနိုင်ရခြင်း၏ အာဂမယုတ္တိကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င) မိန့်။

(စ) သို့/ ဆရာ-သည် (ဂ) ဖြင့် သံယောဟူသော အစိတ်ပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ သံယော-ဟူသော အစိတ်ပုဒ်၏ ဝစနတ္ထသာ ရှိပါသလော။ ဘိက္ခုသံယော-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (စ) မိန့်။

➤ ၃။ (က-ခ-ဂ-ဃ) ပက္ခန္တရ။ (င) အာဂမဒဋ္ဌိ။ (စ) ပက္ခန္တရ။ (ဆ) ဝါကျာရမ္ဘ/ နိဂုံး။ **စာစပ်** ။ ။ ပုရိသယုဂေသု-ကား တို့အား--ကြောင့် ဒိန္န- ၌ သမ္ပဒါန်၊ ဒိန္န-ကား သမ္ပဒါန်၏ကြိယာ စပ်။ (တစ်နည်း) တို့၌--ကြောင့် ဒိန္န-၌ အာဓာရ၊ ဒိန္န-ကား အာဓာရ အဖြစ်ဖြင့် စပ်အပ်၏။

➤ ၄။ ဒါတဗ္ဗန္တိ ဓိန္နံ။ ဒီယိတ္ထာတိ ဓိန္နံ။ ဒါဓာတ်အရ ကတ္တု၌ကား ဒါနစေတနာ ပြဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မ၌ကား ထိုအားတပ် သော လှူဘွယ်ဝတ္ထု၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရကား လှူဘွယ်ဝတ္ထု ရ၏။ ထိုသို့ပင် ရငြားသော်လည်း ဒိန္န-သည် ဤ၌ ကာရဏူပစာသဒ္ဒါဖြစ်သောကြောင့် ဒါနစေတနာ သည်သာ ကာရဏူပစာအားဖြင့် ရ၏။

မဟန္တံ ဖလံ ဧတဿ ဒါနဿာတိ **မဟပ္ဖလံ**။ မဟန္တဖလ-အရ များသောအကျိုး သည် မုချ။ ထို--၏ ဒါနစေတနာနှင့် အကျိုး-အကြောင်း စပ် ဌာန။ ဧတ-အညပုဒ်အရ ကား ဒါနစေတနာ ရ၏။ * ဖမ္မံ ဒဿန္တီတိ **ဓမ္မဒဿာ**။ ဖမ္မံ ပဿန္တီတိ **ဓမ္မဒဿာ**။ (အရိယာပုဂ္ဂိုလ် ၈-ယောက်ရ၏။)

➤ ၆။ (က) မဂ္ဂေါ ကထိတော-ဖြင့် ရာဂေါ ဝိရဇ္ဇတိ ပဟီယတိ ဧတေနာတိ ရာဂဝိရာဂေါ-ဟု ဝစနတ္ထပြ၍ ယင်းအရ မဂ်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) ဖလံ-ဖြင့် နတ္ထိ ဧဇာ သင်္ခါတာ တဏှာ တသ္မိန္တိ အနေဇံ၊ နတ္ထိ သောကော တသ္မိန္တိ အသောကံ-ဟု ဝစနတ္ထပြ၍ ဖိုလ်ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

နိဗ္ဗာန်-ဖြင့် ယထာသဘာဝံ ဓာရေတီတိ ဓမ္မော-ဟု ဝစနတ္ထပြ၍ နိဗ္ဗာန်ကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ)

(ခ) ၌ ပိဋကတ္တယေန ဝိဘတ္တာ သဗ္ဗမ္မက္ခန္ဓာ-ဖြင့် နတ္ထိ ပဋိကူလော ဝိရုဒ္ဓတ္တော ဧတသ္မိန္တိ အပ္ပဋိကူလော။ ပဂုဏ္ဏေန ပဝတ္တိတော ပကဋ္ဌော ဝါ ဂုဏော တသ္မိန္တိ ပဂုဏော။ ဥဒ္ဒေသနိဒ္ဒေသာဒိနာ သမ္မာ ဝိဘဇ္ဇီယတီတိ သုဝိဘတ္တော-ဟု ဝစနတ္ထပြ၍ ပရိယတ္တိကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဂ) ဖြင့် သံယော-၌ သံ-ဟနဓာတ်၏--ရင်း (ဒု-ဓာတုပဒ) ရ-ပစ္စည်း ကံအနက် ၌သက်--ရင်း (ဒု-ဓာတွတ္ထ) သံဟညတေတိ သံယော-ဟု ပြု-ရင်း (အဘိဓာနတ္ထ) ပေါင်း အပ်ဟူသည် အယူသီလတူမျှသည်၏အဖြစ်ဖြင့် ပေါင်းအပ်သည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

http://www.dhammadownload.com



(ဃ) ဖြင့် သံယ-အရ အနရိယသံယာကို မယူရ၊ အရိယာပုဂ္ဂိုလ် ၈-ယောက်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(စ) ဖြင့် ဘိက္ခုသံယောပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

➤ ၇။ **ဓမ္မဒသာ/ဓမ္မရသာ** ။ ။ အဌစ ပုဂ္ဂလာ ဓမ္မဒသာ တေတိ ပုရိသယုဂဋ္ဌဝသေန စတ္တာရောပိ ပုဂ္ဂလဝသေန အဋ္ဌေဝ အရိယဓမ္မဿ ပစ္စက္ခဒဿာဝိတာယ ဓမ္မဒသာ-ဟူသော သာရတ္ထကိုထောက်၍ ဓမ္မဒသာ-၌ ဓမ္မဒဿနပပဒ ဒိသဓာတ်ဖြစ်ကြောင်း ထင်ရှားသောကြောင့် ဓမ္မဒသာ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဒိန္န**-ကား အကြောင်းဖြစ်သော ဒါနစေတနာ၏ "ဒိန္န"ဟူသောအမည်ကို အကျိုးဖြစ်သော လှူဖွယ်ဝတ္ထု၌တင်-- ကာရဏူပစာ။ နာနန္တရိကနည်း။

မဓုရ-ကား အတူဖြစ်သော ချိုသော အရသာ၏ "မဓုရ"ဟူသောအမည်ကို အတူရှိသော ပရိယတ္တိ၌တင်-- သဒိသူပစာ။ ရှဋ္ဌိနည်း။

**ဘိက္ခုသံဃယာ**-ကား ဘိက္ခု-ဟူသော ရှေ့ပုဒ်နှင့် သံယော-ဟူသော နောက်ပုဒ်တို့ မပြားသော်လည်း ပြားသကဲ့သို့ ဆိုထားသောကြောင့် အဘေဒ ဘေဒူပစာ။ အဘေဒနည်း။

➤ ၁၀။ **သရဏတ္တံ ဥပေမတိ**-အရ -- သဒ္ဓါ ဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။ **ဘိက္ခုသံဃ**-အရ ရဟန်းအပေါင်းတို့၏ ခန္ဓာပဥ္စကကိုယူ။

## ပါဌ် [၁၅၈]

(က) **အဓိဝါစေတိ ဝတ္တ** အယံ အဂ္ဂသဒ္ဒေါ အာဒိကောဋိကောဋ္ဌာသသေဋ္ဌေသု ဒိဿတိ။ (ခ) ဤ္ဂမ ပနာယံ အာဒိမှိ ဒဋ္ဌဗ္ဗော။

(ဂ) တသ္မာ **အဓိဝါစေတိ** အဓိတံ အာဒိံ ကတွာတိ ဝပမေတ္တ အတ္ထော ဝေဒိတဗ္ဗော။

(ဃ) **အဇ္ဇတဂ္ဂေ** အဇ္ဇဘာဝံ ဝုတ္တံ ဟောတိ။ (င) **အဇ္ဇဒဂ္ဂေ** ဤ္ဂမ ဝါ ပါဌော။

(စ) ဒကာရော ပဒသန္ဓိကရော။ (ဆ) အဇ္ဇ အဂ္ဂံ ကတွာ ဝုတ္တံ ဟောတိ။

(ဌ။၁၄၂။ မအူ-၂။၄၀၆။ ဘာသာဋီ-၂။၇၉။)

➤ ၂။ (စ) သို့/ ဆရာ-သည် (က) ဖြင့် အဂ္ဂ-သဒ္ဒါသည် အာဒိ, ကောဋိ, ကောဋ္ဌာသ, သေဋ္ဌ အနက်တို့၌ ထင်၏ဟု ဖွင့်ပြတော်မူ၏။ ထိုသို့ဆိုသော် ဤ၌ အနက်လေးပါးကိုပင် အလိုရှိအပ်ပါသလော။ အဘယ်အနက်ကို အလိုရှိအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဃ) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ဂ)ဖြင့် အဇ္ဇတဂ္ဂေ၌ အဇ္ဇတံ+အဂ္ဂေ-ဟု ပုဒ်ဖြတ်၍ အဂ္ဂေ-၌ ဧ-ကား ဒုတိယာကေဝစ် အံဝိဘတ်၏ ကာရိယ။ (တစ်နည်း) အဂ္ဂေ-ကား ဝစနဝိပလ္လာသ၊ ကတွာ-ဟူသော ပါဌသေသထည့်၍ စာစပ်ရမည်ဟု ပြပြီး၍ ယခုအခါ၌

http://www.dhammadownload.com



အဋ္ဌတံ-၌ တာ-ပစ္စည်းကား ဘောအနက်၌ဖြစ်၏ဟု ပြလိုသောဆရာသည် (ဃ) မိန့်။

(င) သို့/ **အနုသန္ဓေ**။ ။ ဤသို့ ပဉ္စမက္ခရာဖြင့် တွေ့မြင်အပ်သော ပါဠ်အားလျော်စွာ အနက်ကိုဖွင့်ပြပြီး၍ ယခုအခါ၌ တတိယက္ခရာဖြင့် တွေ့မြင်အပ်သော ပါဠ်အားလျော်စွာ အနက်ကိုပြတော်မူလိုသော အဋ္ဌကထာဆရာသည် (င) မိန့်။

(စ) သို့/ ဆရာ-သည် (င) ဖြင့် အဋ္ဌဒဂ္ဂေ-ဟုလည်း ပါဠိရှိကြောင်း ပြဆိုတော်မူ၏။ ယင်း၌ ဒ-သည် အာဒေသ ဒ-ပင်ဖြစ်ပါသလော။ မည်သည့် ဒ-ဖြစ်ပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။ **ကား** -- (စ) ဖြင့် အဋ္ဌဒဂ္ဂေ-၌ ဒ-သည် ပုဒ်စပ်မှုကို ပြထားသော အာဂမ ဒ-ဖြစ်၏ဟု ငါပြဆိုပါ၏ဟူလို။

➢ ၃။ (ခ) သည် အတ္တုဒ္ဓါရသာမညမှတစ်ပါး အတ္ထုဒ္ဓေသဝိသေသကို ပြသောကြောင့် ပက္ခန္တရ/ဝိသေသဝါကျ။ (ဂ) လဒ္ဓဂုဏ။ (ဃ) ဝိတ္ထာရ။ [တစ်နည်း] အဋ္ဌတဂ္ဂေ-ဟူသော အပေါင်းပုဒ်၏ အဖွင့်မှတစ်ပါး အဋ္ဌတံ-ဟူသော ပုဒ်အစိတ်ကို ဖွင့်ပြသောကြောင့် ပက္ခန္တရ။ (င) ပက္ခန္တရ။ (စ) ဝါကျာရမ္ဘ။ (ဆ) ဝိတ္ထာရ။

➢ ၄။ ဣမသ္မိံ ကာလေ, ဣမသ္မိံ ဒိဝသေ ဝါ **အဇ္ဇ**။ (ဣမပုဒ်+ဇ္ဇပစ္စည်း+အဗျယတဒ္ဓိတ်) အဇ္ဇ ဘာဝေါ **အဇ္ဇတာ**။ (တံ အဋ္ဌတံ) အဇ္ဇယနေ့၏။ဘာဝေါ၊အဖြစ်တည်း။ အဇ္ဇတာ၊ယနေ့၏အဖြစ်။ ဘာဝတဒ္ဓိတ်၊ အဇ္ဇပုဒ်+တာပစ္စည်း။

အဇ္ဇ-အရ ယနေ့ဟုဆိုအပ်သော ဝေရဉ္စာပုဏ္ဏားကြီး၏ သရဏဂုံ ဆောက်တည်ရာ အချိန်အခါကာလသည် မုချ။ ထို--၏ သရဏဂုံဆောက်တည်ခြင်းကြိယာနှင့် ဂုဏ်-ဂုဏေး/ ကာလ- ကာလဝန္တ စပ် ဌာနူ။ တာ-ပစ္စည်း အရကား ယနေ့၏အဖြစ်တည်း ဟူသော သရဏဂုံဆောက်တည်ခြင်း ကြိယာရ၏။

* ဒ ဓဝ ကာရော ဒကာရော။ ဒ ဣတိ ကာရော ဒကာရော။ ပဒါနံ သန္ဓိ ပဒသန္ဓိ။ ပဒသန္ဓိံ ကရောတီတိ ပဒသန္ဓိကရော။

➢ ၆။ (က) ဖြင့် အဂ္ဂ-သဒ္ဒါသည် သဒ္ဒန္တရိက်ကို မငဲ့သော သာမညသဒ္ဒါဖြစ်သော် ယင်းကောဋ္ဌာသ-စသော အနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(ခ) ဖြင့် အဋ္ဌတဂ္ဂေ-၌ အဂ္ဂ-သဒ္ဒါ အာဒိအနက်ဟောဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

(ဂ) ၌ အဋ္ဌတံ အာဒိံ ကတွာ-ဖြင့် အဋ္ဌတဂ္ဂေ-ကို အဋ္ဌတံ+အဂ္ဂေ-ဟု ပဒစ္ဆေဒ ပြုရမည်၏--ရင်း (သန္ဓိလိင်္ဂပဒ) အဂ္ဂ-သဒ္ဒါ ကောဋ္ဌာသ-စသောအနက်ကို မဟော၊ အာဒိ အနက်ဟော--ရင်း (နာမလိင်္ဂတ္ထ) အဂ္ဂေ-၌ ဧ-သည် ဒုတိယာဧကဝုစ် အံဝိဘတ်၏ ကာရိယ၏--ရင်း (ဝိဘတ္တိပဒ) [တစ်နည်း] အဂ္ဂံ-ဟူ သော ဒုတိယာ ဧကဝုစ်ကို အဂ္ဂေ-ဟု ဒုတိယာ ဗဟုဝုစ်ပြန်သော ဝစနဝိပလ္လာသ၏--ရင်း (ဘာဝတ္ထ) [တစ်နည်း] အဂ္ဂေ-၌ အံ-ဝိဘတ်ကို သို့ဝိဘတ်အဖြစ် ပြန်ထားသော ဝိဘတ္တိဝိပလ္လာသ၏--ရင်း (ဘာဝတ္ထ) အဋ္ဌတဂ္ဂေ-ပုဒ်ကို ကတွာ-ဟူသော ပါဌသေသထည့်၍ စာစပ်ရမည်ကိုရင်း (သမ္ဗန္ဓ (ဝါ)

http://www.dhammadownload.com



ဘာဝတ္ထ) သိစေပါသည်။

(ဃ) ၌ အဓွဘာဝံ-ဖြင့် အဓွတံ-၌ တာပစ္စည်းသည် ဒေဝတာ-စသည်၌ကဲ့သို့ သွတ္ထတဒ္ဓိတ်၌ မသက်၊ ဘာဝတဒ္ဓိတ်၌ သက်သည်ကိုရင်း (ပစ္စယတ္ထ) အဓွ ဘာဝေါ အဓွတာ-ဟု ဘာဝတဒ္ဓိတ်ပြု--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

(စ) ဖြင့် အဓွဒဂ္ဂေ-၌ ဒ-သည် အာဂုံလာထားသော ဒ-၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ) (ဆ) ဖြင့် အဓွ-သဒ္ဒါ၏ နိပါတ်ပုဒ်၏--ရင်း (နိပါတလိင်္ဂပဒ) အဂ္ဂေ-၌ ဧ-၏ အံဝိဘတ်၏ ကာရိယ၏--ရင်း (ဝိဘတ္တိပဒ) (ဝါ) ဧကဝုစ်ကို ဗဟုဝုစ်ပြန်သော ဝစနဝိပလ္လာသ၏--ရင်း (ဘာဝတ္ထ) အဓွ ဒဂ္ဂေ-ပုဒ်ကို ကတွာ-ဟူသော ပါဌ်သေသထည့်၍ စာစပ်ရမည်ကိုရင်း (သမ္ဗန္ဓ (ဝါ) ဘာဝတ္ထ) သိစေပါသည်။

➤ ၇။ **အဓွဘာဝံ/အဓွဘာဝံ** ။ ။ ဘာဝတ္တေ တာသဒ္ဒေါတိ ဒဿေတိ "အဓွဘာဝ"န္တိ ဣမိနာ-ဟူသော သီလက္ခန်ဋီကာသစ်ကို ထောက်၍ အဓွ ဘာဝံ-ပါဌ်သာ သင့်ပါသည်။

**အဓွတာဂ္ဂေ/အဓွဒဂ္ဂေ** ။ ။ အဓွတဂ္ဂေ-ကို အဓွတံ အာဒိ ကတွာဟုရင်း၊ အဓွတန္တိ အဓွဘာဝံ-ဟုရင်း ဖွင့်ပြသောကြောင့် အဓွ တဂ္ဂေ-၌ ရှေ့ပုဒ်သည် အဓွပုဒ်၊ ဘာဝတဒ္ဓိတ် တာပစ္စည်းဖြင့် ပြီးသည်၊ သန္ဓိစပ်၍ အဓွတဂ္ဂေ-ဟု ဖြစ်သည်။ ထို့ကြောင့် အဓွတဂ္ဂေ-ပါဌ် သင့်ပါသည်။

အဓွဒဂ္ဂေ ဣစ္စေဝ ဝါ ပါဌော-ဟု ပါဌန္တရကို အဋ္ဌကထာ၌ပြသောကြောင့်ရင်း၊ ပါဌန္တရကိုလည်း "တံ န သုန္ဒရံ"ဟု မပယ်မြစ်သောကြောင့်ရင်း၊ အဓွပုဒ်+အဂ္ဂပုဒ် ဒ-အာဂုံလာ၍ အဓွဒဂ္ဂေ-ဟု ရုပ်ပြီးသောကြောင့်ရင်း၊ အဓွဒဂ္ဂေါယန္တေ့ကို အစပြု၍ဟု အနက်ယောဇနာက အတ္ထယုတ္တိရှိသောကြောင့်ရင်း၊ အဓွဒဂ္ဂေ-ပါဌ်လည်း သင့်ပါသည်။

**အဓွ အဂ္ဂံ ကတွာတိ ဝုတ္တံ ဟောတိ/ အဓွ အဂ္ဂံ ကတွာတိ အတ္ထော** ။ ။ ဝုတ္တံ ဟောတိ-နှင့် အတ္ထော-သည် ဂုဠ္ဌတ္ထကို ဖော်ထုတ်သော ဥဇုကတ္ထပြ ဖြစ်သောကြောင့်ရင်း၊ ပါရာဇိကကဏ် အဋ္ဌကထာ၌ ဝုတ္တံ ဟောတိ-ရှိပြီး သီလက္ခန် အဋ္ဌကထာ၌ အတ္ထော-ဟု ရှိသောကြောင့်ရင်း၊ နှစ်ပါဌ်လုံး သင့်ပါသည်။

➤ ၈။ **အဓွတံ-**၌ အဓွ-ကား အပေါင်းဖြစ်သော ယနေ့ နံနက်အရုဏ်တက်မှစ၍ နောက်နေ့ နံနက်အရုဏ်တိုင်အောင် အချိန်ကာလ၏ "အဓွ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဝေရဥ္ဇာပုဏ္ဏား၏ သရဏဂုံဆောက်တည်စဉ်ကာလ၌တင်-- ဧကဒေသူပစာ။ ရှုဋ္ဌီနည်း။ (တစ်နည်း) ဌာနဖြစ်သော ထိုနေ့၌မှီသော အရုဏ်တက်ရာမှစ၍ တစ်ဖန် အရုဏ်တက်သည်တိုင်အောင် အကြားကာလ၏ "အဓွ"ဟူသောအမည်ကို ဌာနီဖြစ်သော ထိုနေ့၌ဖြစ်သော ကြည်ညိုခြင်းစသည်၌တင်-- ဌာနူပစာ။

**အဓွဒဂ္ဂေ**-၌ အဂ္ဂေကား-- အပေါင်းဖြစ်သော အာဒိ, ကောဋိ, ကောဋ္ဌာသ, သေဋ္ဌ အနက်တို့၏ "အဂ္ဂေ"ဟူသော အမည်ကို အစိတ်ဖြစ်သော အာဒိအနက်၌တင်-- ဧက

http://www.dhammadownload.com



ဒေသျှုပစာ။ (ဝစနဝိပလ္လာသနည်း။ ဝိဘတ္တိဝိပလ္လာသနည်းလည်း ရသည်။)

**ဓေဋ္ဌဂ္ဂံ**-ကား ဝေဋ္ဌနော-ဝါး၏။အဂ္ဂ၊အဖျားတည်း။ဟု အနက်ပေး၍ ဝါးနှင့် အဖျား မပြားဘဲ ပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**ဥဋ္ဌဂ္ဂံ**-ကား ကြံနှင့် အဖျား မပြားဘဲ ပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**အင်္ဂုလဂ္ဂံ**-ကား လက်နှင့်အဖျား မပြားဘဲ ပြားသကဲ့သို့ဆိုသောကြောင့် အဘေဒ ဘေဒူပစာ။

➤ ၁၀။ ဓုရဏ္ဏံ–၌ ဝစဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ ထို၏ပဒဋ္ဌာန်ကား ယောနိသော မနသိကာရတည်း။--

**အဋ္ဌကထာ**-အရ -- သရဏဂုံဆောက်တည်ခြင်းဟူသော သဒ္ဓါ ဝီရိယ ပညာပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်ကိုယူ။

## ပါဌ် [၁၅၁]

(က) ပါဏုပေတန္တိ ပါဏေဟိ ဥပေတံ။ (ခ) ယာဝ မေ ဇီဝိတံ ပဝတ္တတိ၊ တာဝ ဥပေတံ အနညသတ္ထုကံ တီဟိ သရဏဂမနေဟိ သရဏဂတံ မံ ဘဝံ ဂေါတမော ဓာရေတု ဇာနာတု။ (ဂ) အဟဉှိ သစေပိ မေ တိခိဏေန အသိနာ သီသံ ဆိန္ဒေယျုံ၊ နေဝ ဗုဒ္ဓံ န ဗုဒ္ဓေါတိ ဝါ ဓမ္မံ “န ဓမ္မော”တိ ဝါ, သံဃံ “န သံဃော”တိ ဝါ ဝဒေယျန္တိ။ (ဃ) ဧတ္ထ စ ဧကော “ပါဏုပေတံ သရဏဂတ”န္တိ ပုန သရဏဂမနံ ဝဒန္တော အတ္တသန္နိယျာတနံ ပကာသေတီတိ ဝေဒိတဗ္ဗော။ (၄။၁၄၂။ မအ-၂။၄၀၇။ ဘာသာဋီ-၂။၈၀။)

➤ ၁။ **အနညသတ္ထုကံ**-ရတနာ၃ပါး၏ သုံးပါးတို့၏အပေါင်းမှ တစ်ပါးသော ကိုးကွယ် ရာဖြစ်သော ဆရာမရှိသော။ (တစ်နည်း) အရှင်ဂေါတမမှ တစ်ပါးသော ကိုးကွယ်ရာ ဆရာ မရှိသည်ကို။

➤ ၂။ (ခ) သို့/ **အနညသတ္ထု** ။ ။ ဤသို့ (က)ဖြင့် ပါဏုပေတံပုဒ်ကို တတိယာ တပ္ပုရိသ်သမာသ်ပြုရမည့်အဖြစ်ကို ပြဆိုပြီး၍ ယခုအခါ၌ ယင်း ပါဏုပေတံပါဌ်ဖြင့် ပုဏ္ဏားကြီးဆောက်တည်အပ်သော သရဏဂုံ၏ အာပါဏကောဋိကသရဏဂုံ၏ အဖြစ်ကို ပြတော်မူလိုသော ဆရာသည် (ခ) မိန့်။

(တစ်နည်း) ဤသို့ (က)ဖြင့် ပါဏုပေတံပုဒ်၏ ဝစနတ္ထကိုပြပြီး၍ ယခုအခါ၌ အဓိပ္ပါယတ္ထကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ဂ) သို့/ **အနညသတ္ထု** ။ ။ ဤသို့ (က-ခ) တို့ဖြင့် ပါဏုပေတံပုဒ်ကို တတိယာတပ္ပုရိသ် ပြုရမည်၏အဖြစ်ကိုရင်း၊ ယင်းပါဏုပေတံ-ဖြင့် ပုဏ္ဏားကြီး ဆောက်တည်အပ်သော သရဏ ဂုံ၏ အာပါဏကောဋိကသရဏဂုံ၏အဖြစ်ကိုရင်း ပြဆိုပြီး၍၊ ယခုအခါ၌ အသက်နှင့် တကွ မိမိကိုယ်ကို ရတနာသုံးပါးကို ပူဇော်လျက် သရဏဂုံကိုလည်း စောင့်ပါ၏ဟု

http://www.dhammadownload.com



ဖြစ်သော ပုဏ္ဏားကြီး၏အလိုကို တစ်ဖန်ထင်ရှားပြလိုသော ဆရာသည် (ဂ) မိန့်။

(တစ်နည်း) ဤသို့ (က-ခ) တို့ဖြင့် အဋ္ဌတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ-၌ နီတတ္ထအားဖြင့် ပုဏ္ဏား၏ သရဏဂုံ၏ အတ္တသန္နိယျာတနအဖြစ်ကို ပြပြီး၍ ယခုအခါ၌ နေယျတ္ထအားဖြင့် ပုဏ္ဏားကြီး၏အလို အဓိပ္ပါယ်ကိုပြလိုသော ဆရာသည် (ဂ) မိန့်။

(ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် အာပါဏကောဋိကသရဏဂုံကိုပြသောဟု ဆိုတော်မူ၏။ ယင်းသို့ဆိုသော် အာပါဏကောဋိကသရဏဂုံသည် ပါဠိတော်၌တိုက်ရိုက်မရှိသည်၏အဖြစ်ကြောင့် မသင့်ရာသည် မဟုတ်ပါလော။ အဘယ်သို့သော ယုတ္တိဖြင့်သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ **စောဒနာ** ။ ။ ဆရာ၊ ဝေရဉ္စပုဏ္ဏားကြီးသည် ပါဏုပေတံ သရဏံ ဂတံ-ဟု ဆို၏၊ သောဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခု သံဃဉ္စ-ဖြင့်ပင် သရဏဂုံဆောက်တည်ခြင်းကိစ္စ ပြီးစီးသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့်ပုဏ္ဏားကြီးသည် ပါဏုပေတံ သရဏံ ဂတံ ဟု ထပ်၍ ဆိုပါသနည်း။ မဆိုသင့်ဘဲလျက်ဆိုချေသော် ပုဏ္ဏားကြီးအား ပုနရုတ္တိဒေါသ နိရတ္ထကဒေါသ သင့်ရောက်ရာ၏။(ဃ)မိန့်။

**အား** -- အတ္တသန္နိယျာတနဟူသော အတ္ထန္တရဝိညာပနအကျိုးငှာ ထပ်၍ဆိုသည်ဖြစ်သောကြောင့် သင်တင်သော ပုနရုတ္တိဒေါသ နိရတ္ထကဒေါသ ငါ၌ မရောက် ကင်းပျောက်၏ဟူလို။

➤ ၃။ (ခ) ၌ ယာဝ (ပ) ဥပေတံ-သည် ဝစနတ္ထမှတစ်ပါး အဓိပ္ပါယတ္ထကို အကျယ်ချဲ့၍ပြသောကြောင့် ဝိတ္ထာရ။ (ခ) ၌ အနညသတ္ထုကံ-စသည်ကား ပါဏုပေတံ ပုဒ်၏ အဖွင့်မှတစ်ပါး သရဏံ ဂတံပုဒ်၏ အဖွင့်ကိုပြသောကြောင့် ပက္ခန္တရ။

(ဂ) ကာရဏ/ယုတ္တိဒဋ္ဌိကရဏ။ (ဃ) သည် ပါဏုပေတံ သရဏံ ဂတံ-ကို ထပ်၍ဆိုရာ၌ စောဒနာဖွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။

➤ ၄။ အသီယတိ ခိပီယတီတိ **အသိ**။ အသဓာတ်အရ ကတ္တုရှကား ပစ်ချသော အခြင်းအရာအားဖြင့်ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မရှကား ထိုအား တပ်သော သံလျှက်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဣ-ပစ္စည်းအရကား ထို--သော သံလျှက် ရ၏။

အာယုံ အသတိ ခေပေတီတိ **အသိ**။ အသုဓာတ်အရ သုဒ္ဓကတ္တုရှကား ကုန်တတ်သော အသက် ရ၏။ ဟေတုကတ္တုရှကား ထိုအားတပ်သော သံလျှက်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ဣ-ပစ္စည်းအရကား ထို--သော သံလျှက် ရ၏။

နတ္ထိ အညော သတ္ထာ ဧတဿာတိ **အနညသတ္ထုကော**။ (တံ အနညသတ္ထုကံ) ဧတဿ ဗြာဟ္မဏဿ၊ထိုဝေရဉ္စပုဏ္ဏားအား။အညော၊ဘုရားမှ တစ်ပါးသော။သတ္ထာ၊ဆရာသည်။နတ္ထိ၊မရှိ။ဣတိ၊ကြောင့်။အနညသတ္ထုကော၊မည်၏။

http://www.dhammadownload.com



န အညသတ္ထု-ဟူသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်လုံးအရကား ရတနာသုံးပါးမှတစ်ပါး ဆရာမရှိခြင်း အဘာဝဗောဂုဏ်သည် မုချ။ ယင်း၏ ဝေရဉ္ဇာပုဏ္ဏားဖြစ်နှင့် ဂုဏ်-ဂုဏေး စပ် ဌာန။ တေ-အညပုဒ်အရကား ထို--သော ဘုရားမှတစ်ပါး ဆရာမရှိသော ဝေရဉ္ဇာ ပုဏ္ဏားရ၏။ (ဝိသေသနဆက်ကောက်)

အညော သတ္ထာ အညသတ္ထာ။ နတ္ထိ အညသတ္ထာ ဧတဿာတိ အနညသတ္ထုကော။ (ဉာဉ်ကောက်တူ) ✱ သရဏံ ဂ္ဂတိ ဂမနာနိ သရဏာဂမနာနိ။

✱ အတ္တနော ရတနတ္တယဿ သန္နိယျာတနံ အတ္တသန္နိယျာတနံ။

တေဇယိတ္တာတိ ဇာိခိဏံ။ က္လသိနာတိ ဗန္ဓတိ ကေသမောဠိ ကရဏာဝဒေသန ဇတ္တာတိ သီသော။/သယန္တိ ဧတ္တ ဉိကာတိ သီသံ။

➤ ၆။ (က) ဖြင့် ဉပေတိ ဉပဂစ္ဆတီတိ ဉပေတော၊ ပါဏေဟိ ဉပေတော ပါဏုပေတော-ဟု တတိယာ တပ္ပုရိသ်သမာသ်ပြုရမည်ဟု သိစေသည်။ (သမာသလိင်္ဂတ္ထ)

(ခ) ဖြင့် ပုဏ္ဏားဆောက်တည်အပ်သော သရဏဂုံ၏ အာပါဏကောဋိကသရဏဂုံ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဓ) ၌ အနညသတ္ထုကံ-ဖြင့် သဗ္ဗဝါကျ၊ သာဝဓာရဏံ-ဟူသည်နှင့်အညီ ပါဏုပေတံ-၌ ပါဏုပေတံ ဧဝ-ဟု အဝဓာရဏအနက်ဖြစ်သင့်သောကြောင့် ယင်း ဧဝ-၏ ဧဝတ္ထဖလ ကို သိစေပါသည်။ (ဘာဝတ္ထ) ဓာနာတု-ဖြင့် ဓာရေတု-၌ ဆောင်တော်မူပါလော့-ဟူ သည် အသိအမှတ်ပြုတော်မူပါလော-ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဇာိဟိ သရဏာဂမနေဟိ-ဖြင့် သရဏာဂတာ-၌ သရဏ-အရ ရတနာသုံးပါးကို ကောက်ယူရမည်ကိုရင်း (အဘိဓေယျတ္ထ) ဂတံ-၌ ဂမုဓာတ်၊ တ-ပစ္စည်း၊ ယင်း တ-ပစ္စည်း ၏ ဘာဝသာဓနေ၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ဂမနံ ဂတံ-ဟု ဘာဝသာဓန ဝစနတ္ထပြု-- ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

➤ ၇။ ပါဏေဟိ/ပါနေဇာိ ။ ။ ပဏန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ ပါဏော-ဟူသော ဝစနတ္ထအရ ပပုဗ္ဗ အနဓာတ် ဏပစ္စည်း၊ ဓာတွန် န-ကို ဏပြု၍ ရုပ်ပြီး သောကြောင့် ပါဏေဟိပါဠ်သာ သင့်ပါသည်။

အတ္တသန္နိယျာတနံ/အတ္တသန္နိယျာဒနံ ။ ။ နိယျာတေတိ၊ နိယျာတယတိ၊ တကာရဿ ပန ဒကာရတ္တေ ကတေ နိယျာဒေတိ၊ နိယျာဒယတိ-ဟူသော သဒ္ဒနီတိ ဓာတုမာလာကို ထောက်၍ အတ္တသန္နိယျာတန-ကား သံရှေး နိရှေးရှိသော ယတဓာတ် ယုပစ္စည်း၊ တ- ကို ဒ-မပြုလျှင် အတ္တသန္နိယျာတနံပါဠ် သင့်ပါသည်။ တ-ကို ဒ-ပြုလျှင် အတ္တသန္နိယျာ ဒနံ-ပါဠ် သင့်ပါသည်။

➤ ၈။ **ခေသိနာ**-ကား အစိတ်ဖြစ်သော သံလျှက်၏ "အသိနာ"ဟူသောအမည်ကို အပေါင်းဖြစ်သော ဉီးခေါင်းကိုဖြတ်ကြောင်း၊ လက်နက်ဟူသမျှ၌ တင်-- ကေဒေသူပစာ။

http://www.dhammadownload.com



ဥပလက္ခဏနည်း။ (ဂ) ဋ္ဌိ ရနိုင်သောနည်းကား-- ပုဏ္ဏားသည် အလွန်အကဲဆိုသောကြောင့် ဥက္ကဋ္ဌနည်း (ဝါ) အတိသယနည်း။

ပါဏ-ကား အပေါင်းဖြစ်သော ဝေါဟာရအားဖြင့် သတ္တ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ၏ "ပါဏ"ဟူသောအမည်ကို အစိတ်ဖြစ်သော ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ၌တင်-- ဧကဒေသူပစာ။ ရှဋ္ဌိနည်း။

➤ ၁၀။ ပါဏ-အရ ဇီဝိန္ဒြေကိုယူ။ (ဝါ) ရုပ်ဇီဝိတ နာမ်ဇီဝိတကိုယူ၍-- ထိုတွင် ရုပ်ဇီဝိတ-သည် ရူပက္ခန္ဓာ၊ နာမ်ဇီဝိတ-သည် သင်္ခါရက္ခန္ဓာ မည်၏။

## ပါဠိ [၁၅၂]

(က) ဧဝံ အတ္တာနံ နိယျာတေတွာ ဘဂဝန္တံ သပရိသံ ဥပဋ္ဌာတုကာမော အာဟ "**အဓိဝါသေတု စ မေ ဘဝံ ဂေါတမော ဝေရဉ္ဇာယံ ဝဿာဝါသံ သဒ္ဓိံ ဘိက္ခုသံဃေနာ**"တိ။

(ခ) ကိံ ဝုတ္တံ ဟောတိ ဥပါသကဥ္စ မံ ဘဝံ ဂေါတမော ဓာရေတု၊ အဓိဝါသေတု စ မေ ဝေရဉ္ဇာယံ ဝဿာဝါသံ။ (ဂ) တယော မာသေ ဝေရဉ္ဇံ ဥပနိဿာယ မမ အနုဂ္ဂဟတ္ထံ ဝါသံ သမ္ပဋိစ္ဆတူတိ။ (ဃ) **အဓိဝါသေသိ ဘဂဝါ တုဏှီဘာဝေနာ**တိ အထဿ ဝစနံ သုတွာ ဘဂဝါ ကာယင်္ဂံ ဝါစင်္ဂံ အစောပေတွာ အဗ္ဘန္တရေယေဝ ခန္တိံ ဓာရေန္တော တုဏှီဘာဝေန အဓိဝါသေသိ။ (င) ဗြာဟ္မဏဿ အနုဂ္ဂဟတ္ထံ မနသာဝ သမ္ပဋိစ္ဆီတိ ဝုတ္တံ ဟောတိ။ (၃။၁၄၂။ မဒ္ဒ-၂။၄၀၈။ ဘာသာဋီ-၂။၈၁။)

➤ ၁။ (ခ) [**ကာရကာသမ္ဗန္ဓည်းကြံ**] မေ၏။ဝေရဉ္ဇာယံ၌။ဝဿာဝါသံ၏မိုးလပတ်လုံး သီတင်းသုံးတော်မူခြင်းကိုလည်း။အဓိဝါသေတု၊သာယာတော်မူလော့။ (ဝါ) ခံယူတော်မူလော့။ (ဝါ) ကောင်းစွာ ရှေးရှု အလိုရှိတော်မူလော့။ [**ကြိယာသမ္ဗန္ဓည်းကြံ**] မေ၏။ဝေရဉ္ဇာယံ၊ ၌။ဝဿာဝါသံ၊မိုးလပတ်လုံး သီတင်းသုံးတော်မူခြင်းကို။အဓိဝါသေတုစ၊သာယာလည်း သာယာတော်မူပါလော။

* [**ကာရကာသမ္ဗန္ဓည်းကြံ**] ဘဝံ ဂေါတမော၊သည်။မံ၊ကို။ဥပါသကဥ္စ၊ဥပါသကာဟူ၍လည်း။ ဓာရေတု၊ မှတ်တော်မူလော။ [**ကြိယာသမ္ဗန္ဓည်းကြံ**] ဘဝံ ဂေါတမော၊သည်။မံ၊ကို။ဥပါသကံ၊ဟူ၍။ဓာရေတုစ၊မှတ်လည်း မှတ်တော်မူပါလော။

(ဂ) [**ကာရကာသမ္ဗန္ဓည်းကြံ**] တယော မာသေ၊သုံးလတို့ပတ်လုံး။ဝေရဉ္ဇံ၊ကို။ဥပနိဿာယ၊မှီ၍။မမ၊အား။အနုဂ္ဂဟတ္ထံ၊ချီးမြှောက်ခြင်းငှာ။ဝါသံ၊နေခြင်းကိုလည်း။သမ္ပဋိစ္ဆတု၊ဝန်ခံတော်မူပါလော။ [**ကြိယာသမ္ဗန္ဓည်းကြံ**] (ပ) သမ္ပဋိစ္ဆတုစ၊ဝန်ခံလည်း ဝန်ခံတော်မူပါလော။

➤ ၂။ (က) သို့/ ဆရာ၊ ဝေရဉ္ဇာပုဏ္ဏားသည် အဓိဝါသေတုစ မေ (ပ) ဘိက္ခုသံဃေန-ဟု လျှောက်၏။ ပါဏုပေတံ သရဏံ ဂတံ-ဟူသော စကားဖြင့်ပင် မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းပြီးသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့်

http://www.dhammadownload.com



အဓိဝါသေတုစ (ပ) ဘိက္ခုသံဃေန-ဟု လျှောက်ပြန်ပါသနည်း။ စုဒ်ကြောင့် (က) မိန့်။

(ခ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (က) ဖြင့် အဓိဝါသေတု စ မေ အစရှိသော ပါဠိတော်၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကိုပြပြီး၍ ယခုအခါ၌ အဓိဝါသေတု စ-ဝယ် စသဒ္ဒါဖြင့် ဆည်းအပ်သော သမုစ္စယတ္ထကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ငဲ) သို့/ ဆရာ-သည် (ဃ) ဖြင့် နှစ်သက်ခြင်းကိုဖြစ်စေ၍ ဆိတ်ဆိတ်အဖြစ်ဖြင့် လက်ခံတော်မူ၏ဟု ဖွင့်ပြတော်မူ၏။ လက်ခံတော်မူပါလျက် အဘယ့်ကြောင့် ဆိတ်ဆိတ် နေဘိသနည်း။ ကာယင် ဝါစင်ကို လှုပ်ရှားစေလျက် လက်ခံသင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (က) သည် အနုသန္ဓေပြ ပက္ခန္တရ။ (ခ-ဂ) တို့သည် ဝါကျပိဏ္ဍတ္ထပြ ဝိတ္ထာရ။ ထိုတွင် (ဂ)သည် ငုတ်နေသော ပဒ်သမ္ဗန္ဓ ဝိဘတျတ္ထ ဓာတွတ္ထတို့ကို ဖော်ပြသောကြောင့် ဝိတ္ထာရ။ (ဃ) သည် ပက္ခန္တရ။ (င) သည် အဓိဝါသေသိ ဘဂဝါ တုဏှီဘာဝေန-၏ ပိဏ္ဍတ္ထ အဓိပ္ပါယ်ကိုပြသောကြောင့် ဝိတ္ထာရ။ **စာစပ်** ။ ။ မေ-ကား အား--ကြောင့် အနုဂ္ဂဟတ္ထံ-ဟူသော ပါဌ်သေသ၌ သမ္ပဒါန်၊ အနုဂ္ဂဟတ္ထံ-ကား သမ္ပဒါန်၏ကြိယာ။

➤ ၄။ ပရိသမန္တတော သေန္တိ ဧတ္ထာတိ ပရိသာ။ (ပရိ-သိ+အ-အာ)

သဟ ပရိသာယ ယော ဘဂဝါ ဝတ္တတီတိ **သပရိသော**။ သဟ-ပရိသဟူသော သမာသ်ပုဒ်အရကား ပရိသတ်နှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်သည် မုချ။ ထို--၏ ဘုရားရှင်နှင့် ဂုဏ် ဂုဏေး စပ် ဌာနူ။ ယ-အညပုဒ်အရကား ပရိသတ်နှင့်တကွဖြစ် သော ဘုရားရှင်ရ၏။ (ဝိသေသနဆက်ကောက်) ✱ ဝသေ အာဝါသေ ဝသာပါသော။

✱ ကာယဿ အဂ္ဂံ **ကာယဂ္ဂံ**။ ကာယ-အရ ဘုရားရှင်၏ ကိုယ်ကာယတော်သည် မုချ။ ထို--၏ အစိတ်ဖြစ်သော ဦးခေါင်းစသော ကိုယ်အင်္ဂါအစိတ်နှင့် အဝယဝီ-အဝယဝ စပ် ဌာနူ။ ပုဒ်လုံးအရကား ကိုယ်တော်၏အစိတ်ဖြစ်သော ဦးခေါင်း-စသော အစိတ်ရ၏။

➤ ၆။ (ခ) ၌ ဥပါသကဥ မံ ဘဝံ ဂေါတမော ဓာရေတု-ဖြင့် အဓိဝါသေတုစ-၌ စသဒ္ဒါသည် ဥပါသကဥ မံ ဘဝံ ဂေါတမော ဓာရေတု-ဟူသော ရှေ့၌ဆိုခဲ့ပြီးသော ဝါကျကို ပြန်ဆည်းသည့် ဝုတ္တသမုစ္စည်းအနက်ရှိသည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

(ဂ) ၌ တယော မာသေ ဝါသံ-ဖြင့် ဝဿာဝါသံ-၌ ဝဿ-သဒ္ဒါသည် သံဝစ္ဆရ-နှစ် ဟူသော အနက်၊ မိုး-ဟူသော အနက်တို့ကို မဟော၊ မိုးဥတု-ဟူသော အနက်ကိုဟော- -ငှင်း (နာမလိင်္ဂတ္ထ) ဝဿ-အရ ဝဿန္တဥတု-မိုးလေးလလုံးကို မယူရ၊ ကေဒေသျူပစာ အားဖြင့် ဝါတွင်သုံးလကိုယူ--ငှင်း (အဘိဓေယျတ္ထ) ဝဿာဝါသံပုဒ်ကို ဝသေ အာဝါ သော/ ဝဿံ အာဝါသော ဝဿာဝါသော-ဟု တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဝေရဥ္စာယံ ဥပနိဿာယ-ဖြင့် ပါဠိတော်၌ ဝေရဥ္စာယံကား သာမီဝိကာဓာရ

http://www.dhammadownload.com



သမိပျှုပစာပုဒ်တည်းဟု သိစေသည်။ (ဘာဝတ္ထ) မမ-ဖြင့် အဓိဝါသေတုစ မေ-၌ မေ-ကား စတုတ္ထီ သဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ)

အနုဂ္ဂဟတ္ထံ-ဖြင့် ပါဠိတော်၌ မေ-ကို ဝေရဥ္စာယံ ၌ မစပ်ရ၊ အနုဂ္ဂဟတ္ထံဟူသော ပါဌ်သေသ၌ စပ်ရမည်ကိုရင်း (သမ္ဗန္ဓ/ဘာဝတ္ထ) မေ-၌ သဝိဘတ်သည် သမ္ဗန်အနက်၌ မသက်၊ သမ္ပဒါန်အနက်၌သက်--ရင်း (ဝိဘတျတ္ထ) သိစေပါသည်။

သမ္မဋ္ဌိစ္ဆာတု-ဖြင့် အဓိဝါသေတု-၌ အဓိဥပသာရ၏ ဓာတွတ္ထဝိသေသက၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဓိ-ဥပသာရကြောင့် ဝါသဓာတ်သည် ဤ၌ ဥပသေဝတ္ထကို မဟော၊ သာဒိယနအနက်ကိုဟော--ရင်း (ဓာတွတ္ထ) သာယာတော်မူလော့-ဟူသည် စိတ်တော်ဖြင့် ပုဏ္ဏားကြီး၏ စကားကို ခံယူတော်မူပါလော့-ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

➤ ၇။ **နိယျာတေတွာ/နိယျာဒေတွာ** ။ ။ နိဗ္ဗေရှိသော ယတဓာတ် ဏေပစ္စည်း တွာပစ္စည်း၊ တ-ကို ဒ-မပြုလျှင် နိယျာတေတွာ၊ တ-ကို ဒ-ပြုလျှင် နိယျာဒေတွာ၊ ထို့ကြောင့် နှစ်ပါဌ်လုံး သင့်ပါသည်။

**ခဏ္ဍိ စာရေတွာ/ခဏ္ဍိ ဓာရေတွာ** ။ ။ ခဏ္ဍိ စာရေတွာတိ ခဏ္ဍိ ပဝတ္တေတွာ၊ ရုစိ ဥပ္ပါဒေတွာတိ ဝုတ္တံ ဟောတိ။ "ခဏ္ဍိ ဓာရေတွာ"တိ ဝါ ပါဌော၊ ဥပ္ပန္နံ ရုစိံ အဗ္ဘန္တရေယေဝ ဓာရေတွာ ဝဓီဘေဒေန အပကာသေတွာတိ ဝုတ္တံ ဟောတိ-ဟူသော သာရတ္ထကို ထောက်၍ ခဏ္ဍိ စာရေတွာ-ဟုရှိလျှင် ခဏ္ဍိ၊အလိုကို။စာရေတွာ၊ဖြစ်စေတော်မူ၍-ဟု အနက်ပေးရသောကြောင့်ရင်း။ ခဏ္ဍိ ဓာရေတွာ-ဟုရှိလျှင် ဥပ္ပန္နံ၊ဖြစ်သော။ခဏ္ဍိ၊အလိုကို။ဓာရေတွာ၊ ဝစီဘေဒဖြင့် မပြဘဲ ဆောင်တော်မူ၍-ဟု အနက်ပေးရသောကြောင့်ရင်း။ ဤသို့ သဒ္ဒယုတ္တိ အတ္ထယုတ္တိရှိသောကြောင့် နှစ်ပါဌ်လုံး သင့်ပါသည်။

**ဝါသံ/ဝဿဝါသံ** ။ ။ ဝဿာဝါသံ-ဟူသော သံဝဏ္ဏေတဗ္ဗ၌ ဝဿ-ကို တယော မာသေ-ဟု ဖွင့်ပြီးဖြစ်သောကြောင့် ဝါသံ-ပါဌ်သာ သင့်ပါသည်။

အဥ္စလိ/အဥ္ဇလိ ။ ။ ဒသနခသမောဓာနသမုဇ္ဇလံဖြင့် အဘာုသော ဇလတိ ဒိပ္ပတီတိ အဥ္စလိ-ကိုပြသည်။ (ဝါ) အဥ္ဇတိ ဒိပ္ပတီတိ အဥ္ဇလိ-ပြု။ အဥ္ဇ-ဗျတ္တိဂတိကန္တီသု အလိ၊ အဥ္ဇလိ။ (ဓာန်ဋီ) အဥ္ဇေတိ ဘတ္တိံ မနေန ပကာသေတီတိ အဥ္ဇလိ-ကာရပုဗ္ဗော (မောဂ်) ထို့ကြောင့် အဥ္ဇလိ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဝဿာဝါသံ**-ကား အပေါင်းဖြစ်သော မိုးလေးလ၏ "ဝဿ"ဟူသော အမည်ကို အစိတ်ဖြစ်သော မိုးသုံးလ၌တင်-- ဧကဒေသူပစာ။ နေယျတ္ထနည်း၊ ရှင်ဦးနည်း။

➤ ၁၀။ **အနုဂ္ဂဟာတ္ထံ**-အရ-- မေတ္တာ ကရုဏာပြဌာန်းသော မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ။

http://www.dhammadownload.com



**ဝါကျ [၁၅၃]**

(က) ဝုဋ္ဌိက္ခာတိ ဒုလ္လဘဘိက္ခာ။ (ခ) သာ ပန ဒုလ္လဘဘိက္ခတာ ယတ္ထ မနုဿာ အာယတ္တိံ ဟောန္တိ အပ္ပသဿာ၊ တတ္ထ သုဿဿကာလေပိ အတိသမဂ္ဃေပိ ပုဗ္ဗဏ္ဏာပရဏ္ဏေ ဟောတိ။ (ဂ) ဝေရဉ္ဇာယံ ပန ယသ္မာ န တထာ အဟောသိ၊ အပိစ ခေါ ဒုဿဿတာယ ဆာတကာဒေါသေန အဟောသိ၊ တသ္မာ တမတ္ထံ ဒဿေန္တော "ဒွီဟိတိကာ"တိ အာဒိမာဟ။ (၄။၁၄၃။ မအ္ဋ-၂။၄၁၁။ ဘာသာဋီ-၂။ ၈၄။)

➤ ၁။ **သုဿဿကာလေပိ**-ကောင်းသောကောက်ရိုးရာဖြစ်သော အခါ၌ပင်။(သုန္ဒရဿ) ပြည့်စုံသော ကောက်ရိုးရာဖြစ်သောအခါ၌ပင်း(သမ္ပန္နဿ)

➤ ၂။ (က) သို့/ **လိမ္မာရေးအောရာ** ။ ။ ဆရာ ဥပါလိမထေရ်သည် ဒုဗ္ဘိက္ခာ-ဟု ဟောတော်မူ၏။ ဒုဗ္ဘိက္ခာ-၌ ဒု-သဒ္ဒါသည် ကုစ္ဆိတအနက်ကိုပင် ဟောပါသလော။ မည်သည့်အနက်ကို ဟောပါသနည်း။ ဒုဗ္ဘိက္ခာ-ပုဒ်ကို ကမ္မဓာရယ်သမာသ်ပြုရမည်လော။ မည်သည့်သမာသ်ပြုရမည်နည်း။ ဒု-သဒ္ဒါ၏ ဖြစ်နိုင်သောအနက်နှင့် ဒုဗ္ဘိက္ခပုဒ်၏ ဖြစ်သင့်သော ဝစနတ္ထကို မပြသော် ဒေသကပုဂ္ဂိုလ်အား သဒ္ဒ-အတ္ထဆန်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏ စုဒ်ကြောင့် (က) မိန့်။ **ကား**-- ဒု-သဒ္ဒါသည် အသမိဒ္ဓိအနက်ကိုဟော၏၊ ဒုဗ္ဘိက္ခာ-ပုဒ်ကို ဗဟုဗ္ဗီဟိသမာသ်ပြုရမည်ဟု ငါပြဆိုရကား သင်တင်သော ဝိရောဓိဒေါသ ဒေသကပုဂ္ဂိုလ်အား မရောက်ဟူလို။

(ခ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ဒုဗ္ဘိက္ခာတိ ဒုလ္လဘဘိက္ခာ-ဟု ဖွင့်ပြပြီး၍ ယခုအခါ၌ ဒုလ္လဘဘိက္ခဖြစ်ရခြင်းအကြောင်းကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ခ) သို့/ ဆရာ-သည် (က) ဖြင့် ဒုဗ္ဘိက္ခာတိ ဒုလ္လဘဘိက္ခာ-ဟု ဖွင့်ပြတော်မူ၏။ ယင်းသို့ဆိုသော် ဒုဗ္ဘိက္ခာပုဒ်၏ အနွတ္ထဖြစ်သော ဒုလ္လဘဘိက္ခတာဟူသည် ပြည့်စုံသော ကောက်ရှိသောအခါ၌ ဖြစ်လေသလော။ (ဝါ) ငတ်မွတ်ခြင်းတည်းဟူသော အပြစ်ဒေါသ ကြောင့် ဖြစ်လေသလော။ အဘယ်သို့ မှတ်ရမည်နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် အချို့ဇနပုဒ်ပြည်ရွာများ၌ ကောက်ပဲသီးနှံ ပြည့်စုံသော်လည်း လူတို့၏ သဒ္ဓါတရားနည်းပါးသော ကြောင့် ဒုဗ္ဘိက္ခဖြစ်သောဟု ဆိုတော်မူ၏။ ဝေရဉ္ဇာပြည်၌လည်း ထိုကဲ့သို့သော အခြင်းအရာအားဖြင့်ပင် ဒုဗ္ဘိက္ခဖြစ်ပါသလော။ ဝေရဉ္ဇာပြည်၌ အဘယ့်ကြောင့် ဒုဗ္ဘိက္ခဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား**-- ဝေရဉ္ဇာပြည်၌ ကောက်ပဲသီးနှံ မပြည့်စုံသောကြောင့် ဒုဗ္ဘိက္ခဖြစ်၏ဟူလို။

➤ ၃။ (ခ) သည် ဒုလ္လဘဘိက္ခ ဒုဗ္ဘိက္ခဖြစ်ခြင်း အကြောင်းကား အဘယ်ပါနည်းဟု မေးဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဂ) သည် ဝေရဉ္ဇာပြည်၌ ဒုလ္လဘဘိက္ခဖြစ်ပုံ အထူးကိုပြသောကြောင့် ဝိသေသဝါကျ။/ဝါကျာရမ္ဘ။

(ဂ) ၌ ဝေရဉ္ဇာယံ ပန-စသည်ကား ကာရဏဝါကျ။ တသ္မာ-စသည်ကား ဖလဝါကျ။

http://www.dhammadownload.com



ဝေရဉ္ဇာယံ-- အဟောသိ-ကား ဖြစ်ရေက။ အပိစခေါ စသည်ကား အနွယဝါကျ။

➤ ၄။ ဒုလ္လဘာ ဘိက္ခာ ဧတ္ထာတိ ဒုဗ္ဘိက္ခာ။ ဧတ္ထ၊ဤဝေရဉ္ဇာပြည်၌။ဒုလ္လဘာ၊ ခဲယဉ်းသဖြင့် ရအပ်သော။(ဝါ) ရခဲသော။ဘိက္ခာ၊ဆွမ်းသည်။အတ္ထိ၊ရှိ၏။ ဣတိ၊ကြောင့်။ သာ ဝေရဉ္ဇာ၊သည်။ဒုဗ္ဘိက္ခာ၊မည်၏။ ဒု+ဘိက္ခာ+တေပုဒ်၊ သတ္တမီဗဟုဗ္ဗီဟိ။

ဒု-ဘိက္ခာ ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ခဲယဉ်းသဖြင့် ရအပ်သော ဆွမ်း (ဝါ) ရခဲသောဆွမ်းသော မုချ။ ယင်း၏ ဝေရဉ္ဇာပြည်ဒြဗ်နှင့် ဌာနီ-ဌာန စပ် ဌာနူပစာ။ တေ-အညပုဒ်အရကား ထို--သော ဝေရဉ္ဇာပြည်ဒြဗ်ရ၏။

သသန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ သဿံ။ (သသ+သ) သေ ခေတ္တေ သေတိ, ရုဟတီတိ ဝါ သဿံ။ (သ-သိ+အ) သုန္ဒရံ သဿံ ဧတ္ထ ကာလေတိ သုသဿော။

သု-သဿပုဒ်အရကား ကောင်းသော (ဝါ) ပြည့်စုံသော ကောက်သည် မုချ။ ထို--၏ အချိန်အခါနှင့် ကာလဝန္တ-ကာလ စပ် ဌာနူ။ တေ-အညပုဒ်အရကား ထို--သော ကောင်းသော (ဝါ) ပြည့်စုံသော ကောက်ရှိရာ အချိန်အခါကာလရ၏။

အတိသယေန သံ အပ္ပေါ် အဋ္ဌော် တေသာတိ အတိသမဋ္ဌ။

အတိ-သံ-အဋ္ဌပုဒ်အရကား အလွန်နည်းသော အဘွံသည် မုချ။ ထို--၏ ကောက်ပဲ သီးနှံနှင့် ဂုဏ်-ဂုဏီ စပ် ဌာနူ။ တေ-အညပုဒ်အရကား ထို--သော အလွန်နည်းသော အဘွံရှိသော ကောက်ပဲရ၏။ * အတိသယေန သံ အပ္ပံ အဋ္ဌတီတိ အတိသမဋ္ဌ။

* အဒီယတိ ဘိက္ခိယတီတိ အန္နံ။ အဒဓာတ်အရ ကတ္တုကြိယာကား စားသော အခြင်းအရာအားဖြင့်ဖြစ်သော ရသတဏှာပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မ ကြိယာအရကား ထိုအားတပ်သော ထမင်းစသော အစာအာဟာရ၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူ။ တ-ပစ္စည်းအရကား ထို--သော ထမင်း စသော အစာရ၏။

* အပရေ ပဝတ္တံ အန္နံ အပရဏ္ဏံ။ အပရ-ဟူသော ဝိသေသနပုဒ်အရကား နောက် ကာလသည် မုချ။ ထို--၏ အစာနှင့် ကာလ- ကာလဝန္တ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို --သော နောက်အဖို့၌ဖြစ်သော အစာ ရ၏။

ဒုဋ္ဌု သဿံ တေသံ ဝေရဉ္ဇာယန္တိ ဒုသဿာ။ ဆာတေန္တီတိ ဆာတကာ။ ဆာတကာနံ ဒေါသော ဆာတကဒေါသော။ * သုသဿော ကာလော သုသဿကာလော။ * အသမိဒ္ဓိ ဘိက္ခာ ယတ္ထာတိ ဒုဗ္ဘိက္ခာ။ * လဘီတဗ္ဗာတိ လဘာ။ ဒုက္ခေန လဘာ ဒုလ္လဘာ။ ဒုလ္လဘာ ဘိက္ခာ တေသံ ဝေရဉ္ဇာယန္တိ ဒုလ္လဘဘိက္ခာ။ * န သဒ္ဒဟန္တီတိ အသဒ္ဓါ။ နတ္ထိ သဒ္ဓါ ဧတေသံ မနုဿာနန္တိ ဝါ အသဒ္ဓါ။ * န ပသီဒန္တီတိ အပ္ပသန္နာ။ နတ္ထိ ပသန္နံ ဧတေသံ မနုဿာနန္တိ ဝါ အပ္ပသန္နာ။ * အဒီယတိ ဘက္ခိယတီတိ အန္နံ။ ပုဗ္ဗေ ပဝတ္တံ အန္နံ ပုဗ္ဗဏ္ဏံ။ ပုဗ္ဗဏ္ဏဉ္စ အပရဏ္ဏဉ္စ ပုဗ္ဗဏ္ဏာပရဏ္ဏံ။

➤ ၆။ (က) ၌ ဒုလ္လဘဘိက္ခာ-ဖြင့် ဒုဗ္ဘိက္ခာ-၌ ဒု-သည် အသမိဒ္ဓိအနက်ဟော--

http://www.dhammadownload.com



ရင်း (ဥပသဂ္ဂလိင်္ဂတ္တ) ဒုလ္လဘာ ဘိက္ခာ ဧတ္ထာတိ ဒုဗ္ဘိက္ခာ။ (တနည်း) အသမိဒ္ဓိ ဘိက္ခာ ယတ္ထာတိ ဒုဗ္ဘိက္ခာ-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂတ္တ) သိစေသည်။

➤ ၇။ ပုဗ္ဗဏ္ဏာ/ပုဗ္ဗဏ္ဏ/အာပရဏ္ဏာ/အာပရဏ္ဏ ။ ။ ပုဗ္ဗန္နတော အပရဘာဂေ ပဝတ္တံ အန္နံ အပရန္နံ၊ အပရန္နညွှ၊ အပရန္နသာ ပုဗ္ဗေ ပဝတ္တံ အန္နံ ပုဗ္ဗန္နံ။ ပုဗ္ဗန္နညွှ-ဟူသော အဘိဓာန်ဋီကာကိုထောက်၍ န္န-ကို ဏ္ဏ-ပြုလျှင် ပုဗ္ဗဏ္ဏ/အပရဏ္ဏပါဠိ သင့်ပါသည်။ မပြုလျှင် ပုဗ္ဗန္န/အပရန္န-ပါဠိ သင့်ပါသည်။

**အာတိသမဋ္ဌေပိ/အာတိမဟာဋ္ဌေပိ/အနုတိမဟာဋ္ဌေပိ** ။ ။ အတိသမဋ္ဌေပီတိ အတိ သယေန အပ္ပဋ္ဌေပိ (သာရတ္ထ) အတိသမဋ္ဌေပိ-အလွန်အားဖြင့် အဖိုးအနည်းထိုက် သော်လည်း။ သံ-ကား အပ္ပတ္ထ၊ အဋ္ဌ-ကား မူလတ္ထ၊ ဤသို့ ဂဏ္ဌိသစ်၌ ဆိုသောကြောင့် အတိသမဋ္ဌေပိ-ပါဠိသာ သင့်ပါသည်။

➤ ၈။ **ပုဗ္ဗဏ္ဏ**-ကား အကျိုးဖြစ်သော ပဲ၏ ရှေ့၌ဖြစ်သော ထမင်း၏ "ပုဗ္ဗဏ္ဏ"ဟူ သော အမည်ကို အကြောင်းဖြစ်သော ပဲ၏ ရှေ့၌ဖြစ်သော ကောက်စပါး၌တင်-- ဖလူ ပစာ။ အဝိနာဘာဝနည်း။

**အပရဏ္ဏ**-ကား အကျိုးဖြစ်သော ကောက်စပါး၏ နောက်၌ဖြစ်သော ထမင်း၏ "အပရဏ္ဏ"ဟူသော အမည်ကို အကြောင်းဖြစ်သော ကောက်စပါး၏ နောက်၌ဖြစ်သော ပဲ၌တင်--ဖလူပစာ။ အဝိနာဘာဝနည်း။

**ပုဗ္ဗဏ္ဏာပရဏ္ဏ**-ကား အကျိုးဖြစ်သော ထမင်း၏ "ပုဗ္ဗဏ္ဏာပရဏ္ဏ"ဟူသောအမည်ကို အကြောင်းဖြစ်သော ကောက်, ပဲ၌တင်--ဖလူပစာ။အဝိနာဘာဝနည်း။

**အန္န**-ကား အကျိုးဖြစ်သော ထမင်းစသော အစာအာဟာရ၏ "အန္န"ဟူသောအမည် ကို အကြောင်းဖြစ်သော သလေးစသော ကောက်၊ ပဲနောက်- စသော ပဲ၌တင်-- ဖလူ ပစာ။ အဝိနာဘာဝနည်း။

(၉) **ဝါကျစဉ် ရနိုင်သောနည်း** ။ ။ ဝေရဉ္စာပြည်၌ ဒုဗ္ဘိက္ခဖြစ်ခြင်းအကြောင်းကိုလည်း ပြသည်၊ ဒွိဟိတိကာ-ဟု ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ပြသည်၊ ဤသို့ နှစ် ကိစ္စ ပြီးသောကြောင့် အမ္ဗသေစနဂရုသိနာနနည်း မည်၏။

➤ ၁၀။ **အသဒ္ဓါ-အရ**--- သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်၏ ခန္ဓာပဉ္စကကိုယူ။

**ပါဠိ [၁၅၆]**

(က) တတ္ထ ဒွိဟိတိကာတိ ဒွိဓာ ပဝတ္တဇ္ဈာဟိတိကာ။ (ခ) ဇ္ဈာဟိတံနာမ ဇ္ဈာရိယာ။

(ဂ) ဒွိဓာ ပဝတ္တာ စိတ္တဇ္ဈာရိယာ စိတ္တဇ္ဈာဟာ။ (ဃ) "ဧတ္ထ လစ္ဆာမ နုခေါ ကိဉ္စိ ဘိက္ခမာနာ, န လစ္ဆာမာ"တိ။ (င) "ဇီဝိတုံ ဝါ သက္ခိဿာမ နုခေါ, နော"တိ အယမေတ္ထ အဓိပ္ပါယော။ (၄။၁၄၃။ မအ္ဋ-၂။၄၁၂။ ဘာသာဋီ-၂။၈၅။)

http://www.dhammadownload.com



➤ ၂။ (ခ) သို့/ **ဝိဿသာနုသာဒ္ဓေ**။ ။ ဤသို့ (က) ဖြင့် ဒွိဟိတိကာပုဒ်ကို ဒွိဓာ ပဝတ္တံ ဤဟိတံ ဧတ္ထာတိ ဒွိဟိတိကာ-ဟု မဇ္ဈေလောပီ ဗာဟိရတ္ထ သမာသ်ပြုရမည်၏အဖြစ်ကို ပြပြီး၍ ယခုအခါ၌ ဤဟိတံ-ဟူသော အစိတ်ပုဒ်ကို ဤဟနံ ဤဟိတံ-ဟု ဘာဝသာဓန ပြုရမည်၏အဖြစ်ကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ဂ) သို့/ ဆရာ-သည်၊ (ခ) ဖြင့် ဤဟိတမည်သည် အမူအရာကြိယာတည်းဟု ဆို၏။ အမူအရာ ကြိယာဟူသည် အဘယ်၏အမူအရာ ကြိယာနည်း။ ကိုယ်၏ အမူအရာပင် ဖြစ်လေသလော။ စုဝ်ကြောင့် (ဂ) မိန့်။ **ကား**-- (ဂ) ဖြင့် ဤဟိတ-ဟူသည် နှစ်ဖြာဖြစ်သော စိတ်၏ အမူအရာ ကြိယာတည်းဟု ငါပြဆို၏ဟူလို။

(ဃ--င) သို့/-- ဆရာသည် (ဂ) ဖြင့် နှစ်ဖြာသော စိတ်၏ အမူအရာကြိယာတည်း ဟု ဆိုတော်မူ၏။ ဝေရဉ္စာပြည်၌ အဘယ်သို့လျှင် စိတ်အမူအရာ နှစ်ဖြာဖြစ်ပါသနည်း၊ ဝေရဉ္စာပြည်၌ စိတ်၏အမူအရာ နှစ်ဖြာဖြစ်ပုံ အကျယ်ကို မပြပြီလော။ (ဃ-င) မိန့်။

(စ) သို့/ **အနုသာဒ္ဓေ**။ ။ ဤသို့ (ဃ)ဖြင့် လူဆင်းရဲတို့၏ စိတ်အမူအရာ နှစ်ဖြာနှစ်ခွ ဖြစ်ပုံကိုပြပြီး၍ ယခုအခါ၌ အစိုးရသူတို့၏ စိတ်၏အမူအရာ နှစ်ဖြာနှစ်ခွဖြစ်ပုံကို ပြလို သော ဆရာသည် (င) မိန့်။

➤ ၃။ (ခ) သည် ဒွိဟိတိကာ-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထမှတစ်ပါး ဤဟိတ-ဟူသော အစိတ်ပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် ပကရဏ္ဍရ။ (တစ်နည်း) ဤဟိတ-ကို အဘယ်သို့ ဝစနတ္ထပြုရမည်နည်းဟု မေးဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဂ) သည် ဤဟိတ-ဟူသည် ကိုယ်၏အမူအရာပင် ဖြစ်ပါသလောဟု မေးဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (တစ်နည်း) ဤဟိတပုဒ်၏ ဝစနတ္ထမှတစ်ပါး အဘိဓေယျတ္ထကို ပြသောကြောင့် ပကရဏ္ဍရ။ (ခ-င) တို့သည် စိတ်၏အမူအရာ နှစ်ဖြာ နှစ်ခွဖြစ်ပုံကို အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရ။ ထိုတွင် (င) သည် လူဆင်းရဲတို့၏ စိတ်နှစ်ဖြာ နှစ်ခွဖြစ်ပုံမှတစ်ပါး အစိုးရသူတို့၏ စိတ်၏ အမူအရာ နှစ်ဖြာနှစ်ခွဖြစ်ပုံကို ပြသောကြောင့် ပကရဏ္ဍရ။

➤ ၄။ ဤဟနံ **ဤဟိတံ**။ ဤဟနံ၊ဆင်းရဲသူတွေ၏ တောင်းစားလို့မှ ရပါမလား ဟူသော စိတ်၏အမူအရာကြိယာ၊ အစိုးရသူ ချမ်းသာသူတွေ၏ "သက်ဆိုးမှရှည်ပ့ါမလား" ဟူသော စိတ်အမူအရာကြိယာတည်း။ ဘာဝသာဓနေ၊ ဤဟ+တ။ ဤဟဓာတ်အရကား ဆင်းရဲသူတွေ၏ တောင်းစားလို့မှ ရပါမလားဟူသော စိတ်၏အမူအရာကြိယာ၊ အစိုးရသူ ချမ်းသာသူတွေ၏ "သက်ဆိုးမှရှည်ပ့ါမလား"ဟူသော စိတ်အမူအရာကြိယာ ရ၏။ တ-ပစ္စည်း၏ အရလည်း ဘာဝသာဓနေတို့၏သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိ သောကြောင့် ယင်း ဆင်းရဲသူတွေ၏ တောင်းစားလို့မှ ရပါမလားဟူသော စိတ်၏ အမူအရာကြိယာ၊ အစိုးရသူ ချမ်းသာသူတွေ၏ "သက်ဆိုးမှရှည်ပ့ါမလား"ဟူသော စိတ်

F-37-B

http://www.dhammadownload.com



အမူအရာကြီယာ ရ၏။

ဒွိဓာ ပဝတ္တံ ဤုဟိတံ ဧတ္တာတိ ဒွိဓာဟိတိကာ။ ဧတ္ထ၊ဤ၊ဝေဠဉာပြည်၌။ဒွိဓာ၊နှစ်ဖြာ။ ပဝတ္တံ၊ဖြစ်သော။ဤုဟိတံ၊ဆင်းရဲသူတွေ၏ တောင်းစားလို့မှ ရပါမလားဟူသော စိတ်၏ အမူအရာကြီယာ၊ အစိုးရသူ ချမ်းသာသူတွေ၏ "သက်ဆိုးမှုရှည်ပါ့မလား"ဟူသော စိတ် အမူအရာကြီယာသည်။အတ္ထိ၊၏။ဣတိ၊ကြောင့်။သာ ဝေဠဉာ၊ ဒွိဟိတိကာ။ ဒွိ+ဤုဟိတ+ ဧတ+ဗဟုဗ္ဗီဟိသမာသ်။ ဒွိ+ဤုဟိတ-အရကား နှစ်ဖြာဖြစ်သော ဆင်းရဲသူတွေ၏ တောင်းစားလို့မှ ရပါမလားဟူသော စိတ်၏အမူအရာကြီယာ၊ အစိုးရသူ ချမ်းသာသူတွေ ၏ "သက်ဆိုးမှုရှည်ပါ့မလား"ဟူသော စိတ်အမူအရာကြီယာ ရ၏။ ယင်း၏ ဝေဠဉာပြည် နှင့် ဌာနီ ဌာန-စပ် ဌာနူ။ ဧတ-အညပုဒ်အရ ထို--သော နှစ်ဖြာဖြစ်သော ဆင်းရဲသူတွေ၏ တောင်းစားလို့မှ ရပါမလားဟူသော စိတ်၏အမူအရာကြီယာ၊ အစိုးရသူ ချမ်းသာသူတွေ ၏ "သက်ဆိုးမှုရှည်ပါ့မလား"ဟူသော စိတ်အမူအရာရှိသော ဝေဠဉာပြည်ရ၏။

* ဘိက္ခာမ ယာစာမာတိ ဘိက္ခမာနာ။ စိတ္တဿ ဣရိယာ စိတ္တဣရိယာ။ စိတ္တဿ ဣဟာ စိတ္တဤဟာ။

➤ ၆။ (က) ဖြင့် ဒွိဟိတိကာပုဒ်ကို ဒွိဓာ ပဝတ္တံ ဤုဟိတံ ဧတ္တာတိ ဒွိဟိတိကာ-ဟု မဇ္ဈေလောပီဗာဟိရတ္ထဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) ဒွိဓာ ပဝတ္တ ဤု ဟိတိကာ-ဟု ဆိုလိုလျက် ဓာပစ္စည်း၊ ပဝတ္တပုဒ်တို့ ကျေနေသည်၏--ရင်း (ဘာဝတ္ထ) သွတ္တ ဏိကပစ္စည်း (ဝါ) သမာသန္တ ကပစ္စည်းသက်၊ တ-၌ အ-ကို ဣ-ပြု၍ ဒွိဟိတိကာ-ဟု ရုပ်ပြီးနေသည်ကိုရင်း (ဘာဝတ္ထ) |တစ်နည်း| ဏိကပစ္စည်း သွတ္တ၌သက်--ရင်း (ပစ္စ ယတ္ထ) သိစေပါသည်။

(စ) ၌ ဣရိယာ-ဖြင့် ဤုဟိတံ-၌ ဤုဟဓာတ်သည် အားထုတ်ခြင်း ဤုဟာအနက် ဟော--ရင်း (ဒု-ဓာတွတ္ထ) တ-ပစ္စည်း ဘာဝသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ဤုဟနံ ဤုဟိတံ-ဟု ဘာဝသာဓနပြု--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ၌ စိတ္တဣရိယာ-ဖြင့် ဤုဟိတ-အရ (ဝါ) ဣရိယာ-အရ စိတ်၏အမူအရာကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) စိတ္တဤဟာ-ဖြင့် စိတ္တ ဣရိယာ-၌ ဣရိယ-သဒ္ဒါသည် ဤုဟ-သဒ္ဒါ၏ ပရိယာယ်၏အဖြစ်ကို သိစေပါသည်။ (ပရိယာယ်ပြ အဘိ ဓေယျတ္ထ) (ဂ) ဝါကျ အပေါင်းဖြင့် ဤုဟိတ-အမူအရာဟူသည် နှစ်ဖြာသော စိတ်၏ အမူအရာပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ ပဝတ္တဤဟိတိကာ/ပဝတ္တာ ဤဟိတိကာ ။ ။ ပဝတ္တ-သည် ဤုဟိတိ-၌သာ စပ်၏၊ ဏိကပစ္စည်းနှင့် မစပ်သောကြောင့် ပဝတ္တဤုဟိတိကာ ဟု သမာသ်ရှိသော ပါဌ်သာ သင့်ပါသည်။

**ဒွိဟိတိကာ/ဒုဟိတိကာ** ။ ။ ဒွိဓာ ပဝတ္တဤုဟိတိကာ-ဟူသော အဋ္ဌကထာနှင့် ဒုဟိ

http://www.dhammadownload.com



တိကာတိပိ ပါဌော၊ တတ္ထာပိ ဝုတ္တနယေနေဝတ္ထော ဝေဒိတဗ္ဗော-ဟူသော သာရတ္ထတို့ကိုထောက်၍ ဒွိဟိတိကာနှင့် ဒုတိဟိတိကာ-တို့ကား ဒွိကို ဒုပြုခြင်း၊ ကာရိ ကာရိယမျှသာ ထူး၍ အနက်တူပင်ဖြစ်သောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

➤ ၈။ ဤဟိတံ-ကား အပေါင်းဖြစ်သော ကိုယ်အမှုအရာ, စိတ်အမှုအရာ ကြိယာ၏ "ဤဟိတ"ဟူသောအမည်ကို အစိတ်ဖြစ်သော စိတ်အမှုအရာ ကြိယာ၌တင်- - ဧကဒေသျူပစာ။ နေယျတ္ထနည်း၊ ရုဠှီနည်း။

**(ဃ–င) ၌ ရနိုင်သောနည်း** ॥ ॥ (ဃ) ဝါကျသည် လှူဆင်းရဲတို့အတွက်သာဖြစ်ပြီး၊ (င) ဝါကျသည် အစိုးရသူတို့အတွက်သာ ဖြစ်၏။ သို့အတွက် ရသင့်သည်အားလျော်စွာ ယူရသောကြောင့် ယထာလာဘနည်းမည်၏။

➤ ၁၀။ **လဒ္ဓာမ–အရ**-- လှူဆင်းရဲတို့၏ ခန္ဓာ ၅-ပါးတို့ကိုယူ။

**ဝါကျ [၁၅၅]**

(က) အာဏဝါ ဒွိဟိတိကာတိ ဒုဗ္ဘိက္ခာ။ (ခ) ဤဟိတံ ဤဟာ ကူရိယန် ပဝတ္တာနံ ဇီဝိတန္တိအာဒီနိ ပဒါနိ ဧကတ္ထာနိ။ (ဂ) တသ္မာ ဒုက္ခေန ဤဟိတံ ဧတ္ထ ပဝတ္တာတီတိ ဒွိဟိတိကာတိ အယမေတ္ထ ပဒတ္ထော။ (ဃ) **သေတဋ္ဌိကာတိ သေတကာနိ အဋ္ဌီနိ ဧတ္ထာတိ သေတဋ္ဌိကာ**။ (င) ဒိဝသမ္ပိ ယာစိတွာ ကိဉ္စိ အလဒ္ဓါ မတာနံ ကပဏမနုဿာနံ အဟိစ္ဆတ္တကဝဏ္ဏောပိ အဋ္ဌီတိ တတြ တတြ ပရိကိဏ္ဏာတိ ဝုတ္တံ ဟောတိ။

(စ) **သေတဋ္ဋိကာတိပိ** ပါဌော။ (ဆ) **တဿတ္ထော -- သေတာ အဋ္ဋိ ဧတ္ထာတိ သေတဋ္ဋိကာ။ ဓဋ္ဋီတိ အာတုရတာ ဗျာဓိရောဂါ**။

**(ဇ) တတ္ထ စ သဿာနံ ဂဗ္ဘဂ္ဂဟဏကာလေ သေတကရောဂေန ဥပဟတမေဝ ပဏ္ဍုနာဠိ** ခီရံ အဂ္ဂဟိတတဏ္ဍုလံ ပဏ္ဍုရပဏ္ဍုရံ သာလိသီသံ ဝါ ယဝဂေါဓုမသီသံ ဝါ နိက္ခမတိ၊ တသ္မာ သေတဋ္ဋိကာတိ ဝုစ္စတိ။ (၄။၁၄၃။ မအ္ဋ-၂။၄၁၃။ ဘာသာဋီ-၂။၈၆။)

➤ ၂။ **(ဓ) ဝါကျကို သဒ္ဒသံသယ အတ္ထသံသယအာဖော်ထား၍ ကျမ်းတက်** ॥ ॥ ဆရာ-သည် (က) ဖြင့် ဒွိဟိတိကာ-ကို ဒုဗ္ဘိက္ခ-ဟု ဖွင့်ဆိုတော်မူ၏။ ဒွိဟိတိကာ-၌ ဤဟိတ-သဒ္ဒါသည် ဇီဝိကအနက်ကို ဟောပါ၏လော။(သဒ္ဒသံသယ) ဇီဝိကတ္ထသည် ဤဟိတ-သဒ္ဒါ၏ အနက်ဟုတ်ပါ၏လော။ (အတ္ထသံသယ) အဘယ့်ကြောင့် ဒွိဟိတိကာ-ကို ဒုဗ္ဘိက္ခ-ဟု ဖွင့်သနည်း။ (ဝါ) ဇီဝိကတ္ထသည် ဤဟိတ-သဒ္ဒါ၏ အနက်မဟုတ်ခဲ့သော် ဒွိဟိတိကာတိ ဒုဗ္ဘိက္ခ-ဟု ဖွင့်ခြင်းသည် အသို့သင့်ရာအံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

**(င) သို့/ စောဒနာ** ॥ ॥ ဆရာသည်၊ (ဃ) ဖြင့် ဖွေးဖွေးဖြူသော အရိုးရှိရာဖြစ်သောကြောင့် ဝေရဉ္စာပြည်သည် သေတဋ္ဌိကမည်သောဟု ဆို၏။ ဝေရဉ္စာပြည်၌ ဘယ်ပုံဘယ်နည်း ဖွေးဖွေးဖြူသော အရိုးရှိပါသနည်း။ ဖွေးဖွေးဖြူသော အရိုးရှိပုံကို အကျယ်

http://www.dhammadownload.com



မသိအပ်သည် မဟုတ်ပါလော။ မပြဆိုက ဆရာအား သင်္ခေပ ဝိတ္ထာရဆန္ဒသော ဝိရောဓိ ဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့် (င) မိန့်။

(ဆ) သို့/ ဆရာ-သည် (စ)ဖြင့် သေတင္ဂိကာဟူ၍လည်း ပါဠိတစ်မျိုးရှိ၏ဟု ဖွင့်ပြတော်မူ၏။ ထို သေတင္ဂိကာပုဒ်သည် အတ္ထယုတ္တိရှိပါ၏လော။ မရှိသော် သေတင္ဂိကာ ဟူ၍ ပါဠိတစ်မျိုးကိုဆိုသော ဆရာ့စကား အသို့ သင့်နိုင်ပါအံ့နည်း။ စုဒ်-- (ဆ) မိန့်။

➤ ၃။ (ခ) သည် ဉ္ဇုဟိတ-ကို ဇိဝိက-ဟု ဖွင့်ရာ၌ ယုတ္တိအားဖြင့် ခိုင်မြဲစေသော ကြောင့် ယုတ္တိဒဠ္ဟိကရဏ။ (တစ်နည်း) ဉ္ဇုဟိတ-သည် ဇိဝိက အနက်ဟောနိုင်ပါ၏လော ဟု စောဒနာဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဂ) သည် လဒ္ဓဂုဏ။ (ဃ) သည် ပက္ခန္တရ။ (င) သည် ပဒပိဏ္ဍတ္ထကို ပြသောကြောင့် ဝိတ္ထာရ။ (စ) သည် ပက္ခန္တရ။ (ဆ) သည် ပဒသံဝဏ္ဏနာကား အဘယ်နည်းဟု စောဒနာဘွယ်ရှိ၍ ဆက်လက် ပြသော ကြောင့် ဝါကျာရမ္ဘ (ဇ) သည် ဝေရဉ္စာပြည်၌ သေတင္ဂိကဖြစ်ပုံကို (ဝါ) ဖြူသော ကောက်နာရှိပုံကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။/ဆက်ပြသောကြောင့် ဝါကျာရမ္ဘ။ ယင်း (ဇ) ဝါကျ၌ တသ္မာ သေတင္ဂိကာတိ ဝုစ္စတိ-ကား နိဂုံးဝါကျ။

* ဒီဝသန္ဓိ-၌ ပိ-ကား ဂရဟာအနက်။

➤ ၄။ ဒုက္ခေန ဉ္ဇုဟိတံ ပဝတ္တတိ ဧတ္ထာတိ **ဒွိဟိတိကာ**။ ဧတ္ထ၊ဉ္ဇုဝေရဉ္စာပြည်၌။ ဒုက္ခေန၊ဆင်းရဲသဖြင့်။ဉ္ဇုဟိတံ၊အသက်မွေးခြင်းသည်။ပဝတ္တတိ၊ ဖြစ်၏။ဣတိ၊ကြောင့်။သာ၊ ဒွိဟိတိကာ။ ဒု+ဉ္ဇုဟိတ+ဏပုဒ်။(သွတ္ထဏိကသက်) ဒု-ဉ္ဇုဟိတ-အရကား ဆင်းရဲသဖြင့် အသက်မွေးခြင်းသည် မှချ။ ယင်း၏ ဝေရဉ္စာပြည်နှင့် ဌာနီ-ဌာန စပ် ဌာနူ။ ဏ-အညပုဒ်အရကား ထို--သော ဆင်းရဲသဖြင့် အသက်မွေးခြင်းရှိသော ဝေရဉ္စာပြည်ရ၏။

အဟိစ္ဆတ္တကဿ ဝဏ္ဏောဝိယ ဝဏ္ဏော ဧတေသံ အင်္ဂနန္တိ **အဟိစ္ဆတ္တကဝဏ္ဏာနိ**။

အဟိစ္ဆတ္တကဝဏ္ဏ-အရကား မှိုအဆင်းနှင့်တူသော အဆင်းသည် မှချ။ ထို--၏ အရိုးတို့နှင့် ဂုဏ် ဂုဏီ စပ် ဌာနူ။ ဧတ-အညပုဒ်အရကား ထို--သော မှိုအဆင်းနှင့်တူသော အဆင်းရှိသော အရိုးတို့ရ၏။ (ဝိသေသနဆက်ကောက်)

သေတကာနိ အဋ္ဌိနိ ဧတ္ထာတိ **သေတဋ္ဌိကာ**။ ဧတ္ထ၊ဉ္ဇုဝေရဉ္စာပြည်၌။သေတကာနိ၊ ဖြူကုန်သော။အဋ္ဌိနိ၊လူအရိုးတို့သည်။သန္တိ၊ရှိကုန်၏။ဣတိ၊ကြောင့်။ သာ၊ သေတဋ္ဌိကာ။ သေတ+အဋ္ဌိ+ဏပုဒ်+သမာသန္တ က-ပစ္စည်း၊ သတ္တမီ ဗဟုဗ္ဗီဟိသမာသ်။

သေတ-အဋ္ဌိဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ဖြူသော အရိုးတို့ဖြစ်သည် မှချ။ ယင်းတို့၏ ဝေရဉ္စာပြည်ဖြစ်နှင့် ဌာနီ ဌာန စပ် ဌာနူ။ ဏ-အညပုဒ်အရကား ထို--သော ဝေရဉ္စာဖြစ် ရ၏။

သေတာ အင်္ဂ ဧတ္ထာတိ **သေတင္ဂိကာ**။ ဧတ္ထ၊ဉ္ဇုဝေရဉ္စာပြည်၌။သေတာ၊ဖြူသော။ အင်္ဂ၊ကောက် အနာသည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။သာ၊ သေတင္ဂိကာ။ သေတ+အင်္ဂ+

http://www.dhammadownload.com



ဓတုပုဒ်၊ သမာသန္တ က-ပစ္စည်း။ သေတဋ္ဌိကာ-ဟူသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်လုံးအရကား ဖွေးဖွေးဖြူသော ကောက်အနာသည် မှချ။ ယင်း ၏ ဝေရဉ္ဇာပြည်နှင့် ဌာနီ -ဌာန စပ် ဌာနူ။ တေ-အညပုဒ်အရကား ထို--သော ဖွေးဖွေးဖြူသော ကောက်နာရှိသော ဝေရဉ္ဇာ ပြည်ရ၏။

ဓကော အတ္ထော ဓတေသံ ပဒါနန္တိ ဓကာတ္ထာနိ။ ပရိသမန္တတော ကိဏ္ဏာ ပရိကိဏ္ဏာ။ ဂဏှန္တိ သသောတိ ဓတ္ထ ကာလေတိ ဂဟဏ်၊ ဂဗ္ဘသ ဂဟဏံ ဂဗ္ဘဂ္ဂဟဏံ၊ ဂဗ္ဘဂ္ဂဟဏံ ကာလော ဂဗ္ဘဂ္ဂဟဏကာလော။(တသ္မိံ)။ သေတံ ကရောတီတိ သေတကော။ သေတကော ရောဂေါ သေတကရောဂေါ။ ဥပ ဟနီယိတ္တာတိ ဥပဟတံ။ ပစ္စိဋ္ဌိတ္တာတိ ပစ္စိန္နံ၊ ပစ္စိန္နံ ဒီရံ တေသာတိ ပစ္စိန္နဒီရံ။ န ဂယှိတ္တာတိ အဂ္ဂဟိတော။ အဂ္ဂဟိတော တဏ္ဍုလော ဓတေနာတိ အဂ္ဂဟိတတဏ္ဍုလံ။ သာလိနော သီသံ သာလိသီသံ။ အဋ္ဌတိ ဟိံသတီတိ အဋ္ဌိ။ အဋ္ဌတေတိ အဋ္ဌိ။ (အဋ္ဌ+က္က)

➤ ၆။ (က) ၌ ဒုဋ္ဌိဝိကာ-ဖြင့် ဒွိဟိတိကာပုဒ်ကို ဒု+ဤဟိတိကာ-ဟု ပုဒ်ဖြတ်ရ မည်၏--ဟူ၍ (သန္ဓိလိင်ပဒ) ဒု-၏ အစိတ် ဥ-ကို ဝ-ပြု၍ ဒွိဟိတိကာ-ဟု ရုပ်ပြီးနေ သည်ကိုလည်း (ဘာဝတ္ထ) ဤဟိတ-သည် ဇီဝိက-၏ ပရိယာယ်၏အဖြစ်ကိုလည်း (ပရိယာယ် ပြ အဘိဓေယျတ္ထ) သိစေပါသည်။

(ဂ) ၌ ဒုက္ခေန ဤဟိတံ ဓတ္ထ ပဝတ္တတိ-ဖြင့် ဒွိဟိတိကာ၌ ဒု-သဒ္ဒါ ဆင်းရဲ ငြိုငြင်ခြင်းအနက်ကိုဟော--ဟူ၍ (ဥပသဂ္ဂလိင်္ဂတ္ထ) ဒွိဟိတိကာပုဒ်ကို သတ္တမီ ဗဟုဗ္ဗိဟိပြု--ဟူ၍ (သမာသလိင်္ဂတ္ထ) သိစေပါသည်။ (ဃ) ဖြင့် သေတဋ္ဌိကာပုဒ်ကို သတ္တမီ ဗဟုဗ္ဗိဟိ ပြု--ဟူ၍ (သမာသလိင်္ဂတ္ထ) က-၏ သမာသန္တ က-၏ --ဟူ၍ (ဘာဝတ္ထ) သိစေပါသည်။

(ဆ) ၌ သေတာ အဋ္ဌိ ဓတ္ထာတိ သေတဋ္ဌိကာ-ဖြင့် သေတဋ္ဌိကပုဒ်ကို သတ္တမီ ဗဟုဗ္ဗိဟိ ပြု--ဟူ၍ (သမာသလိင်္ဂတ္ထ) က-၏ သမာသန္တ က-၏--ဟူ၍ (ဘာဝတ္ထ) သိစေပါသည်။

အာတုရတာ-ဖြင့် အဋ္ဌတိ ဟိံသတီတိ အဋ္ဌိ-ဟု ဝစနတ္ထပြု၍ ယင်းအရ အနာရောဂါ ကိုယူရ မည်၏--ဟူ၍ (အဘိဓေယျတ္ထ) [တစ်နည်း] အဋ္ဌိ-သဒ္ဒါ ငြီးငွေ့ခြင်းအနက်ကို မဟော၊ အနာဟူသောအနက်ကိုဟော--ဟူ၍ (နာမလိင်္ဂတ္ထ) သိစေပါသည်။

ဗျာဓိ ရောဂေါ-ဖြင့် အာတုရတာ-သည် ဗျာဓိ ရောဂ-တို့၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

➤ ၇။ အတိစ္ဆတ္တက/အတိဆတ္တက ။ ။ ရဿာကာရတော ပရံ ဝဂ္ဂဒုတိယေသု-ဟူသော ရူပသိဒ္ဓိကိုထောက်၍ ရဿအက္ခရာနောက်ရှိ ဝဂ်ဒုတိယက္ခရာသည် ဒွေဘော် ဌာနဖြစ်သောကြောင့် အဟိစ္ဆတ္တက-ဟု ဒွေဘော်နှင့်ရှိသော ပါဠ်သာသင့်ပါသည်။

(ဂ) ဝါကျ၌ ဝတ္တာနံ/ဓဝတ္တာနံ ။ ။ ဇီဝနံ ဝုတ္တိ ဇီဝိကာ၊ အာဇီဝေါ ဝတ္တနံ စာထ-ဟူသော အဘိဓာန်ကိုထောက်၍ ဝတ္တနံ-ပါဠ်သာ ယုတ္တတရ ဖြစ်ပါသည်။

http://www.dhammadownload.com



**သေတဋ္ဋိကာ/သေတဋ္ဌိကာ** ။ ။ သေတဝဏ္ဏကရဏဝသေန အဋ္ဌတိ ဟိံသတီတိ သေတဋ္ဌိကာ။ သာဝေ သေတဋ္ဌိကာ-ဟူသော အဘိဓာန်ဋီကာကို ထောက်၍ နှစ်ပါဋ္ဌ် လုံးသင့်ပါသည်။ (တနည်း) သေတဋ္ဌိကာ-ဟုရှိလျှင် သေတကာနိ အဋ္ဌီနိ ဧတ္ထာတိ သေတ ဋ္ဌိကာ-ဟု ဝစနတ္ထပြု၊ သေတပုဒ်+အဋ္ဌိပုဒ်+ သမာသန္တ ကပစ္စည်းသက်၍ ရုပ်ပြီးသော ကြောင့်ရင်း (သဒ္ဒယုတ္တိ) ဝေရဥ္စာပုဏ္ဏားက ဘုရားရှင်ကို တောင်းပန်ရာအခါ၌ ဝေရဥ္စာ ပြည်သည် ဒုဗ္ဘိက္ခဘေးကြောင့် သေကြကုန်သော သူဆင်းရဲတို့၏ ဖြူကုန်သော လူရိုး တို့ရှိကုန်ရာ ဖြစ်သောကြောင့်ရင်း၊ သေတဋ္ဌိကာပါဌ် သင့်ပါသည်။

သေတဋ္ဋိကာ-ဟုရှိလျှင် သေတာ အဋ္ဋိ ဧတ္ထာတိ သေတဋ္ဋိကာ-ဟုပြု၊ သေတပုဒ်+ အဋ္ဋိပုဒ်+သမာသန္တ ကပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့်ရင်း၊ ဝေရဉ္ဇာပုဏ္ဏား ဘုရားရှင်ကို တောင်းပန်ရာအခါ၌ ဝေရဉ္ဇာပြည်သည် ဖြူသော ကောက်နာရှိရာဖြစ်သောကြောင့်ရင်း သေတဋ္ဋိကာပါဌ်လည်း သင့်ပါသည်။

➤ ၈။ **သေတာ(အဋ္ဋိ)**-ကား အကျိုးဖြစ်သော ရောဂါကြောင့် ဖြူနေသော သလေး နှံ့, မုယောနှံ့တို့၏ "သေတ"ဟူသောအမည်ကို အကြောင်းဖြစ်သော ရောဂါ၌တင်-- ဖလ ူပစာ။ အဝိနာဘာဝနည်း။

**သေတဋ္ဋိကာ**-ကား ဌာနီဖြစ်သော ဖလံဖြူခွဲနေသော ကောက်တို့၏ "သေတဋ္ဋိကာ" ဟူသောအမည်ကို ဌာန ဖြစ်သော ဝေရဉ္ဇာပြည်၌တင်-- ဌာန္ယူပစာ။ အဝိနာဘာဝနည်း။

**ဝဏ္ဏဂ္ဂမာဏကာလေ**-၌ ဂဗ္ဘ-ကား အတွင်းဖြစ်သော ကိုယ်ဝန်၏ "ဂဗ္ဘ"ဟူသောအမည် ကို အတွင်းရှိသော စပါးအဖုံး (စပါးခွံ)၌တင်-- သဒိသူပစာ။

**ဒွိဟိတိကာ**-ကား နှစ်လုံးနှစ်ခွဖြစ်သော အမူအရာရှိသည်ဟူ၍ရင်း၊ ဆင်းရဲသဖြင့် အသက်မွေးခြင်းရှိ၏ဟူ၍ရင်း သတ္တိပြားသဖြင့် နှစ်နက်ရကောင်းသောကြောင့် ဘိန္နသတ္တိ သမဝေတနည်း။ သိလေသနည်း။ ပဒီပနည်း၊ တန္တနည်း။ ကေသေသနည်း။။

➤ ၁၀။ **ဗုဒ္ဓတိ**-၌ ဝစဓာတ်အရ-- ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်ကိုယူ။ **အဋ္ဌ**-အရ-- အဝိနိဗ္ဘောဂရုပ် ၈-ပါးကိုယူ။

**ဓါတ္ယ [၁၅၆]**

(က) ဝပ္ပကာလေ သုဋ္ဌု အဘိသင်္ခရိတွာပိ ဝုတ္တသဿံ တတ္ထ သလာကာဓဝ သမ္ပဇ္ဇတီတိ သလာကာဝုတ္တာ။ (ခ) သလာကာယ ဝါ တတ္ထ ဇီဝိကံ ပဝတ္တေန္တီတိ သလာကာဝုတ္တာ။

(ဂ) ကိံ ဝုတ္တံ ဟောတိ-- တတ္ထ ကိရ တတ္ထ ကိရ ဓညဝိက္ကယကာနံ သန္တိကံ ကာယကေသု ဂတေသု ဒုဗ္ဗလမနုဿေ အဘိဘဝိတွာ ဗလဝမနုဿာဝ (ပ) ဓည် ဂဏှန္တိ။

(ဃ) ဇဝံ သလာကာယ တတ္ထ ဇီဝိကံ ပဝတ္တေန္တီတိ သလာကာဝုတ္တာ။

(ဌ။၁၄၄။ မအဋ္ဌ-၂။၄၁၅။ ဘာသာဋီ-၂။၈၈)

http://www.dhammadownload.com



➤ ၂။ (စ) သို့/ ဆရာ-သည်၊ (က)ဖြင့် သလာကာဝုတ္တာပုဒ်ကို သတ္တမီ ဗဟုဗ္ဗီဟိ သမာသ်ပြုရမည်အဖြစ်ကို ပြဆိုတော်မူ၏။ သလာကာဝုတ္တာပုဒ်၌ ယင်း ဝစနတ္ထ တစ်မျိုးသာ ဖြစ်သင့်ပါသလော။ မည်သည့်ဝစနတ္ထ ဖြစ်သင့်ပါသေးသနည်း။ (ခ) မိန့်။

**ဏား**-- တတိယာတပ္ပုရိသ်သမာသ်လည်း ဖြစ်နိုင်ပါသေး၏ဟူလို။

ဆရာ-သည် (က) ဖြင့် သလာကာဝုတ္တာ-ပုဒ်၌ ဝုတ္တ-သဒ္ဒါ နိပ္ပတ္တိ သမ္ပဒ္ဒတိအနက်ဟောဟု ဆိုတော်မူ၏။ ဝုတ္တသဒ္ဒါသည် နိပ္ပတ္တိ သမ္ပဒ္ဒတိအနက်တစ်မျိုးကိုသာ ဟောပါသလော။ ဝုတ္တသဒ္ဒါ မည်သည့်အနက် ဟောနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**ဏား**-- ဇီဝိကအနက်ကိုလည်း ဟောနိုင်သေး၏ဟူလို။ (သာရတ္ထ)

(ဂ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ခ)ဖြင့် စာရေးတံဖြင့် အသက်မွေးရာဖြစ်သောကြောင့် ဝေရဉ္ဇာမြို့သည် သလာကာဝုတ္တမည်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ စာရေးတံဖြင့် အသက်မွေးရပုံကို အကျယ်ချဲ့ပြလိုသော ဆရာသည် (ဂ) မိန့်။

➤ ၃။ (ခ) သည် ပကဋ္ဌရ။ (ဂ)သည် စာရေးတံဖြင့် အသက်မွေးရပုံကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (ဃ) သည် နိဂမနဝါကျ။

**စာစပ်** ။ ။ ကယကေသု၊ဝယ်ကုန်သောသူတို့သည်။ဂတေသု၊သွားကုန်လတ်သော်။ (အဘိဘဝိတွာ ကိဏိတွာ ဂစ္ဆန္တိတို့မှာ စပ်) ဂတေသု၊သွားကုန်သော။ကယကေသု၊တို့တွင်။ (ဒုဗ္ဗလမနုဿေ၊ ဗလဝမနုဿာ-တို့မှာ စပ်)

➤ ၄။ ဝတ္တတိ သမ္ပဒ္ဒတီတိ **ဝုတ္တံ**။ ယံ သဿံ၊အကြင်ကောက်နှံသည်။သလာကာ မတ္တံ၊ကောက်ရိုးတံမျှသာလျှင်။ဝတ္တတိ သမ္ပဒ္ဒတိ၊ပြည့်စုံ၏။ဣတိ၊ တံ သဿံ၊ ဝုတ္တံ။ ကတ္တုသာဓန၊ ဝတု+တ။ ဝတုဓာတ်အရကား ပြည့်စုံသော အခြင်းအရာအားဖြင့်ဖြစ်သော ကောက်နှံဟူသော အဋ္ဌကလာပ်ရုပ် (၈)ခုတို့၏ ဥပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော အဋ္ဌကလာပ်ရုပ် (၈)ခုတို့သည် ဖလူ။ နောက်နောက်၌ဖြစ်သော အဋ္ဌကလာပ်ရုပ် (၈)ခုတို့သည် ကာရကူ။ တ- ပစ္စည်းအရကား ဥပ္ပါဒဝန္တဖြစ်သော ကောက်နှံရ၏။

သလာကာ မတ္တံ ဝုတ္တံ ဧတ္ထာတိ **သလာကာဝုတ္တာ**။ ဧတ္ထ၊ဤဝေရဉ္ဇာပြည်၌။သလာကာမတ္တံ၊ ကောက်ရိုးတံ မျှသာလျှင်။ဝုတ္တံ၊ပြည့်စုံ၏။ဣတိ၊ သာ၊ သလာကာဝုတ္တာ။ သလာကာပုဒ်+ ဝုတ္တာပုဒ်+ဧတပုဒ်၊ သတ္တမီ ဗဟုဗ္ဗီဟိသမာသ်။ သလာကာဝုတ္တ-အရကား ကောက်ရိုးတံမျှသာ ပြည့်စုံခြင်းသည် မုချ။ ယင်း၏ ဝေရဉ္ဇာပြည်နှင့် ဌာနီ ဌာန စပ် ဌာနူ။ ဧတ-အညပုဒ်အရ ထို--သော ဝေရဉ္ဇာပြည်ရ၏။

* အဂ္ဃေ အဓိဂတော အဍ္ဎကျော။ ဝဏ္ဏော အဍ္ဎကျော ဝဏ္ဏာဍ္ဎကျော။ (ဝဏ္ဏော၊အသပြာ၌။အဍ္ဎကျော၊အကြီးအကဲတည်း။ဝဏ္ဏာဍ္ဎကျော၊ငွေသိမ်းသူ။) ဝပ္ပန္တိ ဧတ္ထာတိ ဝပ္ပေါ။ ဝပ္ပေါ ကာလော ဝပ္ပကာလော။ ဝုတ္တံ သဿံ ဝုတ္တသဿံ။ ခေပံ ဝိက္ကိဏန္တီတိ ခေပဝိက္ကယကာ။ နတ္ထိ ဗလံ ဧတေသံ မနုဿာနန္တိ ဒုဗ္ဗလာ။ ဒုဗ္ဗလာ မနုဿာ ဒုဗ္ဗလမနုဿာ။ ဗလံ ဧတေသံ

http://www.dhammadownload.com



မနုဿာနန္တိ ဗလဝန္တော။ ဗလဝန္တော မနုဿာ ဗလဝမနုဿာ။ ကရောန္တိ တ္တေ ဌာနေတိ ကာရဏံ။ * ခေလဿ ကရဏံ ခေဠကရဏံ။ * ခေဠကရဏံ ဌာနံ ခေဠကရဏဋ္ဌာနံ။ မာပေတီတိ မာပကော။ ခေဠံ မာပကော ခေဠမာပကော။ အင်္ဂတော ဝတေသံ မနုဿာနံ အင်္ဂီတိ အင်္ဂီကာ။ ခေဠေန အင်္ဂီကာ ခေဠင်္ဂီကာ။ အာဂမိဿတိ အာဂတာ။ အာဂတာနံ ပဋိပါဋိ အာဂတပဋိပါဋိ။ ဒီယိတ္ထာတိ ဒိန္နာ။ ဒိန္နာယ ပဋိပါဋိ ဒိန္နပဋိပါဋိ။

➤ ၆။ (က) ၌ ဗဟုတရာနိ-ဖြင့် ယေဘုယျေန-သဒ္ဒါ၏ ဗဟုလဝါစက၏--၎င်း (နိပါတလိင်္ဂတ္ထ) ယင်းပုဒ်ကို လောမာနိ-၌ ဝိသေသနစပ်ရမည်၏--၎င်း (ဘာဝတ္ထ) ယင်း ပုဒ်၌ ပဋ္ဌမာဗဟုဝုစ်ဝိဘတ်ကျေသည်၏--၎င်း (ဝိဘတ္တိပဒ) သိစေပါသည်။

(ခ) ဖြင့် ဟံသနာကာရကို သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဂ) ဖြင့် ဗျတိရေက အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် ယေဘုယျ-အရ လောမဝတ္တ သတ္တဝါကိုယူ--၍င်း (အဘိဓေယျတ္ထ) ယင်း၏ ဗဟုလဝါစက၏--၍င်း (နိပါတလိင်္ဂတ္ထ) ယင်း၌ ဆဋ္ဌီဗဟုဝုစ်ဝိဘတ်ကျေသည်၏--၍င်း (ဝိဘတ္တိပဒ) သိစေပါသည်။

(င) ဖြင့် ဗျတိရေက အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

## တိကျ [၁၇၆]

**(က) ဂ္ဂဒါနိ အယံ စေါ သာရိပုတ္တ ဟောတူတိ အာဒီ နိဂမနံ။** (ခ) ယဋ္ဌေတ္ထ အန္တရန္တရာ န ဝုတ္တံ၊ တံ ဥတ္တာနတ္ထမေဝ။ (ဂ) တသ္မာ ပါဠိတ္တမေနေဝ ဝေဒိတဗ္ဗံ။ (ဃ) ယံ ပန ဝုတ္တံ **န စိရဋ္ဌိတိကံ အဟောသိတိ၊ တံ ပုရိသယုဂဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။**

(င) ဝဿဂဏနာယ ဟိ ဝိပဿိဿ ဘဂဝတော အသီတိဝဿသဟဿာနိ အာယု။ သမ္ဗုဒ္ဓသာဝကာနမ္ပိဿ တတ္တကမေဝ၊ ဓရမာနဿ ယသ္မာယံ သဗ္ဗပစ္ဆိမကော သာဝကော၊ တေန သဟ ဃဋ္ဋေတွာ သတသဟဿံ, သဋ္ဌိမတ္တာနိစ ဝဿသဟဿာနိ ဗြဟ္မစရိယံ အဋ္ဌာသိ။ (စ) ပုရိသယုဂဝသေန ပန ယုဂပရမ္ပရာယ အာဂန္တွာ ဒွေယေဝ ပုရိသယုဂါနိ အဋ္ဌာသိ။ (ဆ) တသ္မာ န စိရဋ္ဌိတိကန္တိ ဝုတ္တံ။

(၄။၁၅၇။ မအ္ဌ၊၂။ ၄၈၀။ ဘာသာဋီ၊၂ ၁၃၉။)

➤ **ပုရိသယုဂဝသေန**-ယောက်ျားတို့၏ အစုံအစွမ်းဖြင့်။ [သဒ္ဒတ္ထ] ယောက်ျားတို့၏ ကာလအစွမ်းဖြင့်။(ဝါ) ယောက်ျားတို့၏ အသက်အတိုင်းအရှည်အစွမ်းဖြင့်။(အဓိပ္ပါယတ္ထ)

➤ ၂။ **(စ)** သို့/ ဆရာ-သည် (က) ဖြင့် အယံ ခေါ်-စသော စကားသည် နိဂုံးဟု ဖွင့်ဆိုတော်မူ၏။ ယင်းသို့ဆိုသော် အကြားအကြား၌ မဖွင့်ခဲ့သော ပါဠိတို့ကား အနက်မရှိသောကြောင့် မဖွင့်ဆိုလေသလော။ အသို့ဖြစ်၍ မဖွင့်ဆိုလေသနည်း။ စုဒ်- (ခ) မိန့်။

(င) သို့/ ဆရာ-သည် (ဃ) ဖြင့် န စိရဋ္ဌိတိကံ အဟောသိကို ပုရိသယုဂ၏ အစွမ်းအားဖြင့် ဟောအပ်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုသော် နှစ်အရေအတွက် အစွမ်းဖြင့်သာ ယင်း န စိရဋ္ဌိတိကံ အဟောသိ-ကို ဟောသင့်ရာသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် ပုရိသယုဂ၏ အစွမ်းအားဖြင့် န စိရဋ္ဌိတိကံ-ကို ဟော၏ဟုဆိုသော စကားသည် အဘယ်သို့သော အကြောင်းယုတ္တိဖြင့် သိနိုင်ပါအံ့နည်း။ လောကဝိရောဓိ သင့်ရောက်ရာသည် မဟုတ်ပါလော။ စုဒ်ကြောင့် (င) မိန့်။

**(စ)** သို့/ ဆရာ-သည် (င) ဖြင့် ဝိပဿီဘုရားရှင်၏ သာသနပြဟ္မစရိယသည် အနှစ်တစ်သိန်းခြောက်သောင်း တည်သောဟု ဆိုတော်မူ၏။ ယင်းသို့ဆိုသော် ထိုအနှစ်တစ်သိန်းခြောက်သောင်းကာလ၏ အစွမ်းအားဖြင့် စိရဋ္ဌိတိကံ-ဟု ဟောသင့်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် န စိရဋ္ဌိတိကံ-ဟု ဟောပါသနည်း။

http://www.dhammadownload.com



စုဒ်ကြောင့် (စ) မိန့်။

➤ ၃။ (က) ပက္ကန္တရ။ (ခ) ဝါကျာရမ္ဘ။ (ဂ) လဒ္ဓဂုဏ။ (ဃ) ဝါကျာရမ္ဘ။ (င) ဒဠှီ/ဝိတ္ထာရ။ (စ) ဝါကျာရမ္ဘ။ (ဆ) လဒ္ဓဂုဏ။

**စာစပ်** ။ ။ အဿ-ကား ၏--ကြောင့် ယွာယံ ယောအယံ သာဝကော-၌ သမ္ဗန်/သမ္ဗန္ဓီ စပ်။ ပုရိသယုဂဝသေန-ကား အားဖြင့်--ကြောင့် အာဂန္တာ အဠာသိ နှစ်ပုဒ်တို့၌ တတိယာဝိသေသန/ဝိသေသျ စပ်။ သတသဟဿံ-ကား ပတ်လုံး--ကြောင့် အဠာသိ-၌ အစ္စန္တသံယောဂ/သံယောဂဝန္တ စပ်။

➤ ၄။ ဗြူဟောတိ ဝဍ္ဎေတီတိ ဗြဟ္မံ။ စရိတဗ္ဗန္တိ စရိယံ။ ဗြဟ္မဉ္စ တံ စရိယဉ္စာတိ **ဗြဟ္မစရိယံ**။ ဗြဟ္မ-ဟူသော ရှေ့ပုဒ်အရကား မြတ်သောဂုဏ်သည် မုချ။ ထို၏ သာသနာတော်နှင့် ဂုဏ်-ဂုဏီ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော သာသနာရ၏။

ပုရိသာနံ ယုဂံ **ပုရိသယုဂံ**။ ပုရိသ-ဟူသော ဝိသေသနပုဒ်အရကား ယောကျ်ားတို့သည် မုချ။ ထို၏ အသက်ရှည်ရာကာလနှင့် ကာလဝန္တ-ကာလ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော ယောကျ်ားတို့၏ အသက်ရှည်ရာကာလ ရ၏။

စိရံ ဋ္ဌိတိ ယဿာတိ **စိရဋ္ဌိတိကံ**။ စိရဋ္ဌိတိပုဒ်အရကား ကြာမြင့်စွာတည်ခြင်းဂုဏ်သည် မုချ။ ထို၏ သာသနာ့ဗြဟ္မစရိယနှင့် ဂုဏ်-ဂုဏီ စပ် ဌာနူ။ ယ-အညပုဒ်အရကား ထို--သော ကြာမြင့်စွာတည်ခြင်းရှိသော သာသနာ့ဗြဟ္မစရိယ ရ၏။

သန္တိဿမာနံ မုခံ ယေသန္တိ **သမ္မုခါ**။ သမ္မုခါစ တေ သာဝကာစာတိ **သမ္မုခသာဝကာ**။ ပရာစ ပရာစ **ပရမ္ပရာ**။ ယုဂါနံ ပရမ္ပရာ **ယုဂပရမ္ပရာ**။ * ပစ္ဆာ ဇာတော **ပစ္ဆိမော**။ ပစ္ဆိမော ဧဝ **ပစ္ဆိမကော**။ သဗ္ဗေသံ သာဝကာနံ ပစ္ဆိမကော **သဗ္ဗပစ္ဆိမကော**။

➤ ၇။ ယဍ္ဍေတွာ/ယဋ္ဌေတွာ ။ ။ ယဍ္ဍော ဘူ စု၊ စေတာယံ စုတ ဟိံသနေ၊ ဒိတ္တိသု ဘူစု သဃာတေ။ ယဍ္ဎော စု တာဠနိဟာသု၊ စုဘူ တု စလေန ဟူသော ဓာတ်ကျမ်းအရ ပေါင်းစပ်ခြင်းအနက်ကို ယဍဓာတ်ကသာ ဟောသောကြောင့် ယဍ္ဍေတွာ-ပါဌ်သာ သင့်ပါသည်။

အာဂန္တွာ/အာဂန္တာ ။ ။ ဒွေယေဝ ယုဂါနိကို ထောက်လျှင် အာဂန္တွာ-ဟု မရှိဘဲ အာဂန္တာ-ဟုသာ ရှိသင့်၏။ ယောဇနာအလို အာဂန္တာ-ပါဌ် သင့်ပါသည်။

➤ ၈။ ပုရိသယုဂံ-ကား ပုရိသနှင့် ယုဂကို မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

အပေါင်းဖြစ်သော ယောကျ်ားအားလုံးတို့၏ အသက်ရှည်ရာကာလ၏ "ပုရိသယုဂ" ဟူသောအမည်ကို အစိတ်ဖြစ်သော ဘုရားရှင်နှင့် သဗ္ဗပစ္ဆိမသာဝကတို့၏ အသက်ရှည်ရာကာလ နှစ်ဆက်၌တင်-- ဧကဒေသူပစာ။

➤ ၁၀။ (ခ) ဗုဒ္ဓံ-၌ ဓာတ်အရ အဋ္ဌကထာဆရာ၏ သန္တာန်၌ ဖွင့်ဆိုသော အခြင်း

http://www.dhammadownload.com



အရာအားဖြင့်ဖြစ်သော ဉာဏ် ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ။

(ဃ) ဝုစ္ဆံ-၌ ဓာတ်အရ -- မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကိုယူ။

## ပါဠိ [၁၅၅]

(က-၁) **အစ္စန္တိယံ** အဒ္ဓါနက္ခမံ။ (က-၂) **ဒီဃကာလိကန္တိ ဝုတ္တံ ဟောတိ။**

(ခ) **အာဂမေဟိ တွန္တိ တိဋ္ဌ တာဝ တွံ။** (ဂ) **အဓိဝါသေဟိ တာဝ တွန္တိ ဝုတ္တံ ဟောတိ။** (ဃ) **အာဒရတ္ထဝသေနေဝေတ္ထ ဒွိက္ခတ္တုံ ဝုတ္တံ။** (င) **ဧတေန တာဂဝါ သိက္ခာပဒပညတ္တိယာ သာဝကာနံ ပီဠာယဘာဝံ ပဋိပက္ခိပိတွာ "ဗုဒ္ဓဝိသယောဝ သိက္ခာပဒပညတ္တီ"တိ အာဝိကရောန္တော "တာဆာဂတောဝ"တိ အာဒိမာဟ။**

(စ) **တတ္ထ စ တတ္ထာတိ သိက္ခာပဒပညတ္တိယာစနာပေက္ခံ ဘုမ္မဝစနံ။**

(၃။၁၅၉။ မအူ-၂။၄၈၇။ ဘာသာဋီ-၂။၁၄၄။)

➤ ၁။ **အစ္စန္တိယံ**-အရှည်ခန့်သည်။ ကြာရှည်ခံသည်။ **အာဂမေဟိ**-ရပ်ပါဦးလော။ (သဒ္ဒတ္ထ) သည်းခံဦးလော။ (အဓိပ္ပါယတ္ထ)

➤ ၂။ (ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် အာဂမေဟိ-၌ အာပုဗ္ဗ ဂမုဓာတ်၏ လာခြင်းဟူသည် တခဏမျှ ရပ်တည်ဦးလော့ဟူသော အနက်အဓိပ္ပါယ် ဖြစ်၏ဟု ဖွင့်ပြတော်မူ၏။ တခဏမျှရပ်တည်ခြင်းအနက်ကို အာပုဗ္ဗ ဂမုဓာတ်က မဟောဆိုအပ်သည် မဟုတ်ပါလော။ အာပုဗ္ဗ ဂမုဓာတ်၏ သဒ္ဒတ္ထကို အသို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။ **အား**-- တခဏမျှ ရပ်တည်ခြင်းဟူသည် သည်းခံခြင်းပင်ဖြစ်ရကား အာပုဗ္ဗ ဂမုဓာတ်၏ အဓိဝါသန ကို ငါပြဆိုပါ၏ဟူလို။

(ဃ) သို့/ ဆရာ၊ မြတ်စွာဘုရားသည် အာဂမေဟိ တွံ သာရိပုတ္တ၊ အာဂမေဟိ တွံ သာရိပုတ္တ-ဟု နှစ်ကြိမ်မိန့်တော်မူ၏။ ယင်း အာဂမေဟိ တွံ သာရိပုတ္တ-ကို အာမေဍိတ် လက္ခဏာတို့တွင် အဘယ်၏အစွမ်းဖြင့် နှစ်ကြိမ်မိန့်တော်မူပါသနည်း။ ကောဓ ဘယ-၏ အစွမ်းဖြင့်ပင် နှစ်ကြိမ်ဆိုပါသလော။ စုဒ်ကြောင့် (ဂ) မိန့်။

(င) သို့/ ဆရာ၊ မြတ်စွာဘုရားသည် တထာဂတောဝ တတ္ထ ကာလံ ဇာနိဿတိ-ဟု မိန့်တော်မူ၏။ တောင်းပန်သည်နှင့် လျော်ညီစွာ အာဂမေဟိ တွံ သာရိပုတ္တ-ဟု မိန့်တော်မူက လိုအပ်သောအနက်ပြီးရာသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် တထာဂတောဝ တတ္ထ ကာလံ ဇာနိဿတိ-ဟု မိန့်တော်မူအပ်ပါသနည်း။ ပုနရုတ္တိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (က-၁) ပက္ခန္တရ။ (က-၂) ပဒဝိဂ္ဂဟတ္ထကို ပြသောကြောင့် ဝိတ္ထာရ။ (ခ) ပက္ခန္တရ။ (ဂ) ပဒဝိဂ္ဂဟတ္ထကို ပြသောကြောင့် ဝိတ္ထာရ။ (ဃ) ဝါကျာရမ္ဘ။ (င) ပက္ခန္တရ။

http://www.dhammadownload.com



(တစ်နည်း) ပါဠိတော်၌ စောဒနာဖွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (၈) ဝါကျာရမ္ဘ။ **စာစပ်** ။ ။ တတ္ထ-ကား ၌--ကြောင့် ဇာနိဿတိ-၌ အာဓာရ/အာဓာရီ စပ်။

➤ ၄။ ယာစတီတိ **ယာစနာ**။ သိက္ခာပဒပညတ္တိယာဝ ယာစနာ **သိက္ခာပဒပညတ္တိယာစနာ**။ (အစိတ်) သိက္ခာပဒပညတ္တိယာစနံ အပေက္ခတီတိ **သိက္ခာပဒပညတ္တိယာစနာပေက္ခံ**။ (အပေါင်း) ယံ ဘုမ္မဝစနံ၊အကြင်သတ္တမီဝိဘတ်ရှိသော တတ္ထ-ဟူသောပုဒ်သည်။သိက္ခာပဒပညတ္တိယာစနံ၊တောင်းပန်အပ်သော သိက္ခာပုဒ်ကို ပညတ်ခြင်းကို။အပေက္ခတိ၊ငဲ့တတ်၏။ဣတိ၊ တံ ဘုမ္မဝစနံ၊သည်။သိက္ခာပဒပညတ္တိယာစနာပေက္ခံ၊မည်၏။ သိက္ခာပဒပညတ္တိယာစန သဒ္ဒူပပဒ အပပုဗ္ဗ ဣက္ခဓာတ်+အ-ပစ္စည်း။ကတ္တု သာဓနေကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်။ သိက္ခာပဒပညတ္တိယာစန-ဟူသော ဝိသေသန ပုဒ်အရကား တောင်းပန်အပ်သော သိက္ခာပုဒ်ကို ပညတ်ခြင်းသည် မုချ။ ယင်း၏ သတ္တမီ ဝိဘတ်ရှိသော တတ္ထ-ဟူသော ပုဒ်နှင့် ဝါစ္စ-ဝါစက စပ် ဌာနူ။ အပ-ဟူသော ဥပသာရ ပုဒ်အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ ဣက္ခဓာတ်၏အရကား သတ္တမီဝိဘတ် ရှိသော တတ္ထ-ဟူသောပုဒ်၏ ဝါစကသတ္တိရ၏။ အ-ပစ္စည်း အရကား သတ္တိမန္တဖြစ်သော သတ္တမီဝိဘတ်ရှိသော တတ္ထ-ဟူသောပုဒ် ရ၏။

ဒွိ ဝါရေ **ဒွိက္ခတ္တုံ**။ ဒွိ-အရကား နှစ်ခုသချာသည် မုချ။ ထို--၏ အကြိမ်နှင့် သချာ-သချေယျ စပ်။ က္ခတ္တုံပစ္စည်းအရကား ထို--သော နှစ်ကြိမ်ရ၏။

အာဒရဏံ အာဒရော။ အာဒရဿ ဝသော အာဒရဝသော။

ဗုဒ္ဓါနံ ဝိသယော ဗုဒ္ဓ ဝိသယော။ ဘုမ္မံ ဝစနံ ဧတဿ တတ္ထာတိဝစနေတိ ဘုမ္မဝစနံ။

➤ ၆။ (က--၁) ဖြင့် အဒ္ဓနိယံ-၌ အဒ္ဓ-သဒ္ဒါသည် အဒ္ဓါန-ရှည်စွာသော ကာလ အနက်ဟော--ရင်း (နာမလိင်္ဂတ္ထ) အဒ္ဓဿ ခမံ အဒ္ဓနိယံ-ဟု ခမ (ယောဂ္ဂ) တဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဣယပစ္စည်း၏ ခမတဒ္ဓိတ်၌သက်--ရင်း (ပစ္စယတ္ထ) န-လာ၍ အဒ္ဓနိယ-ဟု ရုပ်ပြီးသည်၏--ရင်း (ဘာဝတ္ထ) သိစေပါသည်။

(က--၂) ဖြင့် အဒ္ဓနိယ=ရှည်စွာသော ကာလအား ခံ၏ဟူသည် ရှည်စွာသော ကာလ ရှိသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

(ခ) ၌ တိဋ္ဌ-ဖြင့် အာဂမေဟိ-၌ အာ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏--ရင်း (ဥပသဂ္ဂ လိင်္ဂတ္ထ) ဂမုဓာတ်သည် ဂတိအနက်ကို မဟော၊ ရပ်ခြင်း-တိဋ္ဌ (ဝါ) ဂတိနိဝတ္တိအနက်ကို ဟော--ရင်း (ဓာတွတ္ထ) သိစေပါသည်။

(ဂ) ၌ အဓိဝါသေဟိ-ဖြင့် တိဋ္ဌ-ရပ်ဦးလော-ဟူသည် သည်းခံဦးလော-ဟု ဆိုလို သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် အာဂမေဟိ တွံ သာရိပုတ္တ-ဟူ၍ နှစ်ကြိမ်ဆိုခြင်းသည် အာမေဍိတ် လက္ခဏာတို့တွင် ပသာဒလက္ခဏာ၏ အစွမ်းဖြင့် ဆိုအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေ

F-41-A

http://www.dhammadownload.com



ပါသည်။ (ဘာဝတ္ထု)

(●) ဖြင့် တတ္ထ-၌ တ-၏ ပဉ္စတ္ထဝိသယ တ-၏--ရင်း (သဗ္ဗနာမလိင်္ဂတ္ထ) ထပစ္စည်း၏ သတ္တမီအနက်၌သက်--ရင်း (ဝိဘတျတ္ထ) တတ္ထ-၌ တ-ဖြင့် တောင်းပန်ခြင်းဖြင့် အထူးပြု အပ်သော သိက္ခာပုဒ်ပညတ်ခြင်းကို စွဲယူသုံးသပ်ရမည်ကိုရင်း (သဗ္ဗနာမလိင်္ဂတ္ထ) သိ။

➤ ၇။ အာဗိကရောန္တော/အာဗီကရောန္တော ။ ။ အာဝိ-ကား သတ္တမျန္တနိပါတ် ဖြစ်သောကြောင့်ရင်း၊ "ယထာရဟမိဝဏ္ဏာဂမော ဘူကရေသု"သုတ်အရ ကရဓာတ် အယှဉ်ဖြစ်သောကြောင့်ရင်း အာဝိကရောန္တောပါ၍သာ သင့်ပါသည်။

ဗုဒ္ဓဝိသယော၀/ဗုဒ္ဓဝိသယော ။ ။ တထာဂတော၀ တတ္ထ ကာလံ ဇာနိဿတိ-ဟူ သော မူလသံဝဏ္ဏနာတပ္ပ၌ ဧဝ-ဖြင့် ဆိုထားသောကြောင့်ရင်း၊ သာဝကအရာကို တားမြစ် ပြီး ဗုဒ္ဓအရာကို ခိုင်မြဲစွာ ဆိုသောအရာဖြစ်သောကြောင့်ရင်း ဗုဒ္ဓဝိသယော၀-ပါ၍သာ သင့်ပါသည်။

➤ ၈။ **ဗုဒ္ဓဝိသယော၀ သိက္ခာပဒပညတ္တိ**-ကား သိက္ခာပုဒ်ပညတ်ခြင်းသည် ဘုရား ရှင်တို့၏ အရာသာဟု အလျော်အားဖြင့်ဆိုသဖြင့် သာဝက ပစ္စေကဗုဒ္ဓါတို့၏ အရာ မဟုတ်ဟု ပြန်သောအားဖြင့် ယူရသောကြောင့် ဗျတိရေကနည်း မည်၏။ အနက်ရောက် ရာသောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း မည်၏။

အပေါင်းဖြစ်သော သာဝကဗုဒ္ဓ ပစ္စေကဗုဒ္ဓ သဗ္ဗညုဗုဒ္ဓတို့၏ "ဗုဒ္ဓ"ဟူသောအမည်ကို အစိတ်ဖြစ်သော သဗ္ဗညုဗုဒ္ဓ၌တင်- ဧကဒေသူပစာ။ (တစ်နည်း) ဌာနဖြစ်သော မြတ်စွာ ဘုရား၏ အရာကို "ဗုဒ္ဓဝိသယော"ဟု ဆိုသဖြင့် ဌာနီဖြစ်သော သဗ္ဗညုတဉာဏ်အရာ ကိုလည်း ရသောကြောင့် ဌာနူပစာ။ နာနတ္ထရိကနည်း။

➤ ၁၀။ **အာဟ**-၌ ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကိုယူ။

**အာဝိကရောန္တော**-အရ-- ဆန္ဒရှေ့ရှိသော ဉာဏ်ပြဓာန်းသော မဟာကြိယာ ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ်ကိုယူ။

ဋီကာ [၁၇၆]

(က) တတ္ထ အာဿဝါ တိဋ္ဌန္တိ ဧတေသူတိ **အာသဝဋ္ဌာနိယာ**။

(ခ) ယေသု ဒိဋ္ဌဓမ္မိကသမ္ပရာယိကာ ဒုက္ခာသဝါ ကိလေသာသဝါစ ပဋ္ဌပဝါဒပိပ္ပဋ္ဌိ သာရဝဇ္ဇနာဒယော စေဝ အပါယဒုက္ခဝိသေသဘူတာစ အာသဝါ တိဋ္ဌန္တိယေဝ။

(ဂ) ယသ္မာ နေသံ တေ ကာရဏံ ဟောန္တီတိ အတ္ထော။ (ဃ) တေ အာသဝဋ္ဌာနိယာ ဝီတိက္ကမဓမ္မာ ယာဝ န သံဃေ ပါတုဘဝန္တိ၊ န တာဝ သတ္ထာ သာဝကာနံ သိက္ခာပဒံ ပညပေတီတိ အယမေတ္ထ ယောဇနာ။ (င) ယဒိ ဟိ ပညပေယျ၊ ပဋ္ဌပဝါဒံ ပဋ္ဌပါရမ္ဘာ ဂရဟာဒေါသာ န ပရိမုစ္စေယျ။ (၄။၁၅၉။ မဓူ-၂။၄၈၉။ ဘာသာဋီ-၂ ၁၄၅။)

http://www.dhammadownload.com



➤ ၁။ (စ) ယေသု ဝီတိက္ကမဓမ္မေသုအကြောင်းလွန်ကျူးခြင်းဟုဆိုအပ်သော အပြစ်တို့၌။ (ဝါ) တို့ကြောင့်။ (ဂ) နေသံ ပရူပဝါဒါဒိ အာသဝါနံ-ထိုသူတစ်ပါးတို့၏ စွပ်စွဲခြင်းအစရှိသော ဘေးရန်တို့၏။ (ဃ) တေ ဝီတိက္ကမဓမ္မာ-တို့သည်။

➤ ၂။ (စ) သို့/ **အာသဝေါဃယ္ဘာအောဒ္ဓရ** ။ ။ ဆရာသည် (က) ဖြင့် အာသဝဋ္ဌာနီယ-ပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ယင်း၌ အာသဝတို့ဟူသည် အဘယ်နည်း၊ ယင်းအာသဝတို့၏တည်ရာ အာသဝဋ္ဌာနီယဓမ္မတို့ဟူသည် အဘယ်နည်း၊ အာသဝ-၏ သရုပ်၊ အာသဝဋ္ဌာနီယဓမ္မတို့၏ သရုပ်ကို မသိအပ်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။ **ကား**-- အာသဝ-အရ ဒိဋ္ဌဓမ္မိက, သမ္ပရာယိကဖြစ်သော ဒုက္ခာသဝ စသည်ကို ယူရမည်၊ အာသဝဋ္ဌာနီယ-အရ ဝီတိက္ကမဓမ္မကို ယူရမည်ဟု သရုပ်အကျယ်ကို ငါပြဆိုပါ၏ဟူလို။

(ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် ဝီတိက္ကမဓမ္မတို့၌ ဘေးရန်တို့တည်ကုန်၏ဟု ဆို၏။ အဘယ့်ကြောင့် ဝီတိက္ကမဓမ္မတို့၌ ဘေးရန်တို့ တည်ကုန်သနည်း။ ဘေးရန်တို့တည်ခြင်း၏အကြောင်းကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဂ) မိန့်။

(င) သို့/ **အရာအောဃယ္ဘာအောဒ္ဓရ** ။ ။ ဆရာ-သည် (ဃ) ဖြင့် အာသဝဋ္ဌာနီယဖြစ်သော ဝီတိက္ကမဓမ္မတို့ သံဃာ၌ ထင်ရှားမဖြစ်သေးသမျှ ကာလပတ်လုံး သိက္ခာပုဒ် မပညတ်သေးဟု ဆို၏။ [ ယင်းသို့ဆိုသော် ဝီတိက္ကမဓမ္မတို့ မဖြစ်မီ သိက္ခာပုဒ်ကို ပညတ်သော် တစ်စုံ တစ်ခုသော အပြစ်ဒေါသ စသည်မရှိက ပညတ်ရာသည် မဟုတ်ပါလော။] အာသဝဋ္ဌာနီယဖြစ်သော ဝီတိက္ကမဓမ္မတို့ ထင်ရှားမရှိဘဲ သိက္ခာပုဒ်ပညတ်ခြင်း၌ အဘယ်အပြစ်ရှိပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (ခ) သည် အာသဝနှင့် အာသဝဋ္ဌာနီယတို့ကို သရုပ်ထုတ်၍ ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (တစ်နည်း) ဝစနတ္ထမှတစ်ပါး ယောဇနာကို ပြသောကြောင့် ပက္ခန္တရ။ (ဂ) ကာရဏ။ (ဃ) သည် (ခ) ဝါကျ ယေသု-ဟူသော အနိယတ်၏ နိယတ်ကို ပြသောကြောင့် နိယမ။ (တစ်နည်း) အနိယတ်မှတစ်ပါး နိယတ်ကိုပြသောကြောင့် ပက္ခန္တရ။ (င) သည် ဝီတိက္ကမဓမ္မ ထင်ရှားမရှိဘဲ သိက္ခာပုဒ်ပညတ်ရာ၌ အဘယ်အပြစ်ရှိသနည်းဟု စောဒနာဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။/သိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်းကိုပြသောကြောင့် ကာရဏ။

**စာစပ်** ။ ။ ယေသု-ကား တို့၌--ကြောင့် တိဋ္ဌန္တိယေဝ-၌ အာဓာရ/အာဓာရီ စပ်။ (တစ်နည်း) ယေသု-ကား တို့ကြောင့်--ကြောင့် တိဋ္ဌန္တိယေဝ-၌ နိမိတ္တ/နိမိတ္တဝန္တ စပ်။

➤ ၄။ အာသဝန္တိ တေန တေန ပစ္စယဝသေန ပဝတ္တန္တီတိ **အာသဝါ**။ ယေ ဥပဒ္ဒဝါ၊ အကြင်ဒိဋ္ဌဓမ္မိကဖြစ်သော ပရူပဝါဒ-စသော ဘေးရန်, သမ္ပရာယိကဖြစ်သော အပါယဒုက္ခ ဟူသော ဘေးရန်တို့သည်။တေန တေန ပစ္စယဝသေန၊ထိုထိုအကြောင်း၏ အစွမ်းဖြင့်။အာသဝန္တိ ပဝတ္တန္တိ၊ဖြစ်တတ်ကုန်၏။ဣတိ၊ တေ ဥပဒ္ဒဝါ၊ အာသဝါ။ အာပုဗ္ဗ သု+ဏ၊

F-41-B

http://www.dhammadownload.com



ကတ္တုသာဓန။ အာရှေးရှိသော သုဓာတ်အရ ထိုထိုအကြောင်း၏ အစွမ်းဖြင့်ဖြစ်တတ်သော ဒိဋ္ဌဓမ္မိကဖြစ်သော ပရူပဝါဒ-စသော ဘေးရန်, သမ္ပရာယိကဖြစ်သော အပါယဒုက္ခဟူသော ဘေးရန်တို့၏ သတ္တိ လက္ခဏာ သဘာဝ ရ၏။ ဏပစ္စည်း အရကား သတ္တိမတ္တ လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော ဒိဋ္ဌဓမ္မိကဖြစ်သော ပရူပဝါဒ-စသော ဘေးရန်, သမ္ပရာယိကဖြစ်သော အပါယဒုက္ခဟူသော ဘေးရန်တို့ ရ၏။

တိဋ္ဌန္တိ ဧတေသူတိ ဌာနီယာ။ (အစိတ်) အာသဝါနံ ဌာနီယာ **အာသဝဋ္ဌာနီယာ**။

အာသဝါနံ၊ဘေးရန်တို့၏။ဌာနီယာ၊တည်ရာအကြောင်းတို့သည်။ ဆဋ္ဌီ တပ္ပုရိသ်သမာသ်၊ အာသဝပုဒ်+ဌာနီယပုဒ်။ အာသဝ-ဟူသော ဝိသေသနပုဒ်အရကား ဒိဋ္ဌဓမ္မိကဖြစ်သော ပရူပဝါဒ-စသော ဘေးရန်, သမ္ပရာယိကဖြစ်သော အပါယဒုက္ခဟူသော ဘေးရန်တို့သည် မုချ။ ယင်း၏ ဝီတိက္ကမဒေါသနှင့် အကျိုး-အကြောင်း စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ဒိဋ္ဌဓမ္မိကဖြစ်သော ပရူပဝါဒ-စသော ဘေးရန်, သမ္ပရာယိကဖြစ်သော အပါယဒုက္ခဟူသော ဘေးရန်တို့၏ တည်ရာအကြောင်းဖြစ်သော ဝီတိက္ကမရ၏။

ပရေသံ ဥပဝါဒေါ ပရူပဝါဒေါ။ ဒိဋ္ဌဓမ္မေ ပဝတ္တာ **ဒိဋ္ဌဓမ္မိကာ**။ သမ္ပရာယေ ပဝတ္တာ **သမ္ပရာယိကာ**။ အပါယေသု ဒုက္ခံ အပါယဒုက္ခံ။ အပါယဒုက္ခသ ဝိသေသော အပါယဒုက္ခဝိသေသော။ အပါယဒုက္ခဝိသေသော ဟုတွာ ဘူတာ အပါယဒုက္ခဝိသေသဘူတာ။ ပရေသံ ဥပါရမ္ဘော ပရူပါရမ္ဘော။ ဂရဟာသဂ်ိတော ဒေါသော ဂရဟာဒေါသော။

➤ ၅။ **တေသ္ဓ**• အဗျယတဒ္ဓိတ်၊ အလိင်၊ ဂဏာဝိမုတ်၊ အကာရန္တ။ **အာသဝါ**•ကိတ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ။ **တိဋ္ဌန္တိ**• အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိဂိုဏ်း၊ အာကာရန္တ။ **ဧတေသု**• သဗ္ဗနာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ။ **ဣတိ**• နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣကာရန္တ။ **အာသဝဋ္ဌာနီယာ**• ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ။

➤ ၆။ (က) ဖြင့် အာသဝဋ္ဌာနီယာ-၌ အာသဝသဒ္ဒူပပဒ ဌာဓာတ်၏--ရင်း (ဒုဓာတုပဒ) အာသဝါ တိဋ္ဌန္တိ ဧတေသူတိ အာသဝဋ္ဌာနီယာ-ဟု ပြု-ရင်း (အဘိဓာနတ္ထ) [လဟုကနည်း] (ဝါ) တိဋ္ဌန္တိ ဧတေသူတိ ဌာနီယာ-ဟု အဓိကရဏသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) အနီယပစ္စည်း၏ အဓိကရဏသာဓနအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) အာသဝနှင့် ဌာနီယပုဒ်ကို အာသဝါနံ ဌာနီယာ အာသဝဋ္ဌာနီယာ-ဟု [ဂရုကနည်း] ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ ဒိဋ္ဌဓမ္မိကသမ္ပရာယိကာ ဒုက္ခာသဝါ ကိလေသာသဝါစ-ဖြင့် အာသဝါ-၏ သရုပ်ကိုရင်း (အဘိဓေယျတ္ထ) ပရူပဝါဒ (ပ) ဗန္ဓနာဒယော-ဖြင့် ဒိဋ္ဌဓမ္မိကသရုပ်ကိုရင်း (အဘိဓေယျတ္ထ) အပါယဒုက္ခဝိသေသဘူတာ-ဖြင့် သမ္ပရာယိကသရုပ်ကိုရင်း (အဘိဓေယျတ္ထ) သိစေပါသည်။

http://www.dhammadownload.com



(ဂ) ၌ ကာရဏံ-ဖြင့် ဌာနီယသဒ္ဒါကို အဓိကရဏသာဓ်ပြုသော်လည်း တည်ရာသာမည မဟုတ်၊ တည်ရာအကြောင်းတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ၌ ဝိတိက္ကမဓမ္မာ-ဖြင့် အာသဝဋ္ဌာနီယ-အရ ဝီတိက္ကမကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

➢ ၇။ **ကာရဏံ/ကာရဏာ** ။ ။ ဝါစကော ပကတိသဒ္ဒေါ၊ ဂဏှာတိသာ ပဓာနတော-ဟူသော ကစ္စာယနသာရနှင့်အညီ (ဂ) ဝါကျ၌ တေ-ဟူသော ပကတိကတ္တားနှင့် ဟောန္တိ-ဟူသော ဝါစကကြိယာတို့ ဗဟုဝုစ်ချင်း တူညီရမည်၊ ကာရဏံ-ဟူသော ဝိကတိကတ္တားကား ကြိယာနှင့် တူညီစရာ မလိုသောကြောင့် ကာရဏံ-ပါဌ်၌ သင့်ပါသည်။

တေ-ဟူသော ပကတိကတ္တားနှင့်အညီ ကာရဏာ-ဟု ရှိကလည်း သဒ္ဒါရေးအားဖြင့် မဆန့်ကျင်သောကြောင့် သင့်ပါသည်။ ထို့ကြောင့် ၂-ပါဌ်လုံး သင့်ပါသည်။

**ပရိမုစ္စေယျ/ပရိမုစ္စေယျ** ။ ။ မုစော ဝိ မောက္ခေ-လွတ်ခြင်းအနက် အဗျာပါရ၊ မုစော ရှ စာဂေ-လွတ်ခြင်း အနက် ဗျာပါရကြိယာကို ဟောသည်၊ ဤ၌ နိဗျာပါရဖြစ်သော မောက္ခတ္ထကိုသာ အလိုရှိအပ်သောကြောင့် ပရိမုစ္စေယျ-ပါဌ်သာ သင့်ပါသည်။

➢ ၈။ **သံဃေ** ပါတုဘဝန္တိ-ကား အပေါင်းဖြစ်သော သံဃာ၏ "သံဃေ"ဟူသော အမည်ကို အစိတ်ဖြစ်သော ဝီတိက္ကမပုဂ္ဂိုလ်၌တင်-- ဧကဒေသူပစာ။ ရုဠ္ဟီနည်း။

**အာသဝါ တိဋ္ဌန္တိဓေယျ**-ကား အပေါင်းဖြစ်သော သေအရက်, ဘေးရန်, အာသဝ ၄-ပါးတို့၏ "အာသဝါ"ဟူသော အမည်ကို အစိတ်ဖြစ်သော ဘေးရန်၌တင်-- ဧကဒေသူပစာ။ ရုဠ္ဟီနည်း။

**ဝီတိက္ကမဓမ္မာ**-ကား အကြောင်းဖြစ်သော လွန်ကျူးမှု၏ "ဝီတိက္ကမ"ဟူသော အမည်ကို အကျိုးဖြစ်သော ဘေးရန်(အာသဝ) ၌တင်-- ကာရဏူပစာ။ နာနန္တရိကနည်း။

➢ ၁၀။ **ဝီတိက္ကမဓမ္မ**– အရ မေထုန်မှီဝဲခြင်းစသော လွန်ကျူးမှုဖြစ်၍ ဝီတိက္ကမစေတနာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

[**လက္ခဏာဟာရနေတ္တိ**] ဝိပ္ပဋိသာရ-အရ -- ကုက္ကုစ္စကိုယူ၍ ထိုနှင့် နမနလက္ခဏာတူသော ကြောင့်ရင်း, (ဝါ) အနိစ္စ-စသော လက္ခဏာတူသောကြောင့်ရင်း, ထိုနှင့် တကွဖြစ်လေ့ရှိသောကြောင့်ရင်း, ထိုနှင့် နောင်တ တဖန်ပူပန်ခြင်းကိစ္စတူသောကြောင့်ရင်း, ထိုနှင့် အယောနိသောမနသိကာရ-စသော အကြောင်း တူသောကြောင့်ရင်း, ထိုနှင့် ကာယိက ဒုက္ခစေတသိကဒုက္ခ-စသော အကျိုးတူသောကြောင့်ရင်း, ထိုနှင့် ကာမအာရုံတူသောကြောင့်ရင်း, ထိုနှင့် နမနဇာတ် တူသောကြောင့်ရင်း, ဒေါသမူစိတ္တုပ္ပါဒ်ကို ယူအပ်၏။ ဤသို့စသည်ဖြင့် ထုတ်ခြင်းသည် လက္ခဟာရနေတ္တိနည်းမည်၏။

http://www.dhammadownload.com



**ပါဌ်ကျ [၁၇၇]**

(က-၁) တတ္ထ ယဒေတိ ယဒါ။ (က-၂) ယသ္မိံ ကာလေတိ ဝုတ္တံ ဟောတိ။

(ခ) သေသံ ဝုတ္တာနုသာရေနေဝ ဝေဒိတဗ္ဗံ။ (ဂ) အယံ ပါ ဟေတ္ထ သင်္ခေပတ္ထော။

(ဃ) ယသ္မိံ သမယေ "အာသဝဋ္ဌာနိယာ ဓမ္မာ"တိ သင်္ချံ ဂတာ ဝီတိက္ကမဒေါသာ သံဃေ ပါတုဘဝန္တိ၊ တဒါ သတ္ထာ သာဝကာနံ သိက္ခာပဒံ ပညပေတိ ဥဒ္ဒိသတိ ပါတိမောက္ခံ။

(င) ကသ္မာ? တေသံယေဝ "အာသဝဋ္ဌာနိယာ ဓမ္မာ"တိ သင်္ချံ ဂတာနံ ဝီတိက္ကမဒေါသာနံ ပဋိဃာတာယ။ (၄၅။၁၆၀။ မအဋ္ဌ၊၂။ ၄၉၅။ ဘာသာဋီ၊၂ ၁၅၀။)

➢ ၂။ (ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် ကြွင်းသောပုဒ်တို့၏ အစိတ်အစိတ်သော အနက်ကို ဆိုအပ်သောနည်းကို အစဉ်မှီးသဖြင့်သာ သိအပ်၏ဟု ဖွင့်ပြတော်မူ၏။ ထိုသို့ ဆိုသော် ပုဒ်တို့၏အပေါင်းဖြစ်သော အနက်ကိုလည်း ယင်းဖြင့်သာ သိအပ်မည်လော။ အဘယ်သို့ သိအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(င) သို့/ ဆရာ-သည် (ဃ) ဖြင့် အာသဝဋ္ဌာနိယဓမ္မ-ဟု ဆိုအပ်သော ဝီတိက္ကမ ဒေါသတို့သည် သံဃာ၌ ထင်ရှားဖြစ်လတ်သော် မြတ်စွာဘုရားသည် သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်၏၊ ပါတိမောက်ကို ရွတ်ဆို၏ဟု ဖွင့်ပြတော်မူ၏။ အဘယ့်ကြောင့် သာဝကတို့အား သိက္ခာပုဒ်ကိုပညတ်၊ ပါတိမောက်ကို ရွတ်ဆိုရပါသနည်း။ အာသဝဋ္ဌာ နိယ ဓမ္မ-ဟု ဆိုအပ်သော ဝီတိက္ကမဒေါသတို့မှတစ်ပါးသော အကုသိုလ်တရားတို့ကြောင့် လည်း သိက္ခာပုဒ်ကိုပညတ် ပါတိမောက်ကို ရွတ်ဆိုအပ်ပါသလော။ စုဒ်-- (င) မိန့်။

➢ ၃။ (က-၂) ပဒပိဏ္ဍတ္ထကို ပြသောကြောင့် ဝိတ္ထာရ။ (ခ) ကြွင်းသောပုဒ်တို့၏ အဖွင့်အဖွဲ့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရ။ (ဂ) စသည် နယန္တရ။/ဝါကျာရမ္ဘ။/ဒဋ္ဌိ။ ထိုတွင် (ဂ)ကား စကားမျိုးသင်္ခေပ။ (ဃ) ဝိတ္ထာရ။ ထိုတွင် ယသ္မိံ သမယေ စသည်ကား အနိယမ။ တဒါ စသည်ကား နိယမ။ (တစ်နည်း) အထ သတ္ထာတိ အဖွင့်အဖွဲ့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရ။ (င) ကသ္မာ-ကား ကရဏပုစ္ဆာ။ တေသံယေဝ-ကား ကရဏ ဝိသဇ္ဇနာ။ **ခာစဝ်** ။ ။ ပဋိဃာတာယ-ကား ၄ာ--ကြောင့် ပညပေတိ, ဥဒ္ဒိသတိပုဒ်တို့၌ သမ္ပဒါန်/သမ္ပဒါန်၏ကြိယာ စပ်။

➢ ၄။ ဝိရူပါ အတိက္ကမာ ဝီတိက္ကမာ။ ဝီတိက္ကမာ ဣတိ သင်္ခါတာ ဒေါသာ **ဝီတိက္ကမဒေါသာ**။ ဝီတိက္ကမ-ဟူသော ဝိသေသနပုဒ်အရ ဖောက်ဖောက် ပြန်ပြန် လွန်ကျူး ခြင်းဂုဏ်သည် မုချ၊ ထို--၏ အပြစ်တို့နှင့် ဂုဏ်-ဂုဏီ စပ် ဌာန္ဓ။ ပုဒ်လုံးအရကား ထို- -သော ဖောက်ဖောက်ပြန်ပြန် လွန်ကျူးခြင်းဟု ဆိုအပ်ကုန်သော အပြစ်တို့ရ၏။

သင်္ခါတာနံ ဘာဝေါ **သင်္ချံ**။ သခ်-အရကား ရေတွက်အပ်သော ဝီတိက္ကမဒေါသ တို့သည် မုချ၊ ထို--၏ ယ-ပစ္စည်းအရ ရေတွက်ခြင်းကြိယာနှင့် နိဿယ-နိဿိတ စပ်

http://www.dhammadownload.com



ဌာန်။ ယပစ္စည်းအရ ထို--သော ရေတွက်ခြင်းကြိယာ ရ၏။

➤ ၆။ (က--၁) ဖြင့် ယတော-၌ တောပစ္စည်းသည် ပဥ္စမျတ္ထ၌ မသက်၊ သတ္တမျတ္ထ (ဘုမ္မတ္ထ)၌ သက်သတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

(က--၂) ဖြင့် ယဒါ-၌ ဒါပစ္စည်း၏ သတ္တမျတ္ထ၏--ရင်း (ဝိဘတျတ္ထ) ယ-သဒ္ဒါ၏ ကာလအနက်ကို စွဲသည်၏--ရင်း (သဗ္ဗနာမလိင်္ဂတ္ထ) သိစေသည်။

(ဃ) ၌ ယသ္မိံ သမယေ-ဖြင့် ယတော-၌ တောပစ္စည်းသည် သတ္တမျတ္ထ၏--ရင်း (ဝိဘတျတ္ထ) ယ-သဒ္ဒါ၏ သမယအနက်ကို စွဲသည်၏--ရင်း (သဗ္ဗနာမလိင်္ဂတ္ထ) သိစေ။

ဝီတိက္ကမဓေါသာ-ဖြင့် အာသဝဋ္ဌာနီယာ ဓမ္မာ-အရ ဝီတိက္ကမဒေါသကို ယူရမည်ဟု သိစေပါသည်။(အဘိဓေယျတ္ထ) တဒါ-ဖြင့် အထ-၏ ကာလတ္ထ သတ္တမျတ္ထနိပါတ်ဖြစ်သည်ကို သိစေပါသည်။ (နိပါတလိင်္ဂပဒ)

➤ ၇။ အယံ ဝါ ဓတ္တ/အယံ ဝါ ဟေတ္တ ။ ။ ဝါတိ အပရော နယော၊ ဧတ္တာတိ ယတောတိ အာဒိဝစနေ-ဟူသော ယောဇနာကိုထောက်၍ ယင်းအလို ဟိနိပါတ် မပါသော အယံဝါဓတ္တ-ပါဌ် သင့်ပါသည်။

တတ္ထ ဝါသဒ္ဒေါ အဝဓာရဏော။ ဟိ သဒ္ဒေါ ပသိဒ္ဓိယံ၊ အယမေဝ ဟေတ္တာတိ အတ္ထော-ဟု ဝိမတိ ဖွင့်၍ ယင်းအလို ဟိနိပါတ်ပါသော အယံဝါဟေတ္တ-ပါဌ် သင့်သည်။

➤ ၈။ **ဝီတိက္ကမဒေါသာနံ ပဋိဃာတာယ**-ကား ဌာနီဖြစ်သော ဝီတိက္ကမဒေါသတို့ကို ပယ်မြစ်ခြင်း၏ "ဝီတိက္ကမဒေါသာနံ ပဋိဃာတာယ"ဟူသော အမည်ကို ဌာနဖြစ်သော သိက္ခာပုဒ် လွန်ကျူးသော ရဟန်းတို့ကို တားမြစ်ခြင်း၌တင်-- ဌာနျူပစာ။ အဝိနာဘာဝနည်း။

➤ ၁၀။ **စေဒိတဖွံ့**-၌ ဓာတ်အရ-- ပညာရှိသန္တာန်၌ သတိ ဝီရိယ ညာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

## **ပါဠိ [၁၇၈]**

(က) ရတ္တိယော ဇာနန္တိတိ ရတ္တညူ။ (ခ) အတ္တနော ပဗ္ဗဇိတာဒိဝသတော ပဋ္ဌာယ ဗဟုကာ ရတ္တိယော ဇာနန္တိ။

(ဂ) စိရပဗ္ဗဇိတာတိ ဝုတ္တံ ဟောတိ။ (ဃ) ရတ္တညုဟိ မဟတ္တံ ရတ္တညုမဟတ္တံ။

(င) စိရပဗ္ဗဇိတေဟိ မဟန္တဘာဝန္တိ အတ္ထော။ (စ) တတြ ရတ္တညုမဟတ္တံ ပတ္တေ သံဃေ ဥပသေနံ ဝင်္ဂန္တပုတ္တံ အာရဗ္ဘ သိက္ခာပဒံ ပညတ္တန္တိ ဝေဒိတဗ္ဗံ။

(ဆ) သောဟာယသ္မာ ဦနဒသဝဿော ဘိက္ခု (ပ) သဒ္ဓိဝိဟာရိကံ ဥပသမ္ပာဒေသိ။

(၃။၁၆၁။ မဇ္ဈ-၂။၄၉၇။ ဘာသာဋီ-၂။၁၅၁)

➤ ၁။ **စိရပဗ္ဗဇိတေဟိ**-ရဟန်းပြုကုန်သော ရဟန်းတို့အား ကြာမြင့်စွာသော အခါရှိကုန်သော ရဟန်းတို့တည်း။ [သဒ္ဒတ္ထ] ရဟန်းပြု၍ ကြာမြင့်ကုန်သော ရဟန်းတို့တည်း။

http://www.dhammadownload.com



[အဓိပ္ပါယတ္ထ] ထေရ်ကြီး ဝါကြီးဖြစ်ကုန်သော ရဟန်းတို့တည်း။ [ဝေါဟာရတ္ထ]

➤ ၂။ (စ) သို့/ ယေဟာလက်ဏာနုသာနေန ။ ။ ဤသို့ (က) ဖြင့် ရတ္တိယော ဇာနန္တိတိ ရတ္တညူ-ဟု ဝစနတ္ထပြုရမည်ကို ပြဆိုပြီး၍၊ ယခုအခါ၌ သိအပ်ကုန်သော ညဉ့်တို့၏ သာမညာ၏အဖြစ်ကြောင့် (ဟိတ်) ဝိသေသအားဖြင့် သိအပ်ကုန်သော ညဉ့်တို့ကို ပြ တော်မူလိုသော ဆရာသည် (ခ) မိန့်။

(စ) သို့/ ဆရာ-သည် (က) ဖြင့် ရတ္တိယော ဇာနန္တိတိ ရတ္တညူ-ဟု ဝစနတ္ထပြုရမည် ကို ဖွင့်ပြတော်မူ၏။ သိအပ်သော ညဉ့်၏ သာမညဖြစ်၍ အနီး အဝေး အရှည် အတို အလုံးစုံရနိုင်ရာသည် မဟုတ်ပါလော။ ဤ၌ အဘယ်သို့သော ညဉ့်ကို သိသည်ကို ဆို အပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(စ) သို့/ အနုသနေန ။ ။ ပညတ်ရာအခါကို ပြပြီး၍ ပညတ်အပ်သော သိက္ခာပုဒ်ကို ပြလို၍ (စ) မိန့်။

(စ) သို့/ ဆရာ-သည် (ဃ) ဖြင့် ရတ္တညုမဟတ္တံ-၌ တတိယာ တပ္ပုရိသ်ကိုရင်း (င) ဖြင့် တ္တပစ္စည်း ဘာဝတ္ထ၌ သက်သည်ကိုရင်း၊ ရတ္တညုမဟတ္တဟူသည် စိရပဗ္ဗဇိတတို့ ၏ များသည်၏အဖြစ်ဟူသော အဓိပ္ပါယ်ကိုရင်း၊ ဖွင့်ပြတော်မူ၏။ ပညတ်ခြင်း၏ ဥပ္ပတ္တိ ကာလ ဆိုသည်နှင့်အညီ ပညတ်ရသည်ကို မပြဆိုပြီလော။ အဘယ်သို့ မည်သူကို အကြောင်းပြု၍ ပညတ်ရပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။

(ဆ) သို့/ ဆရာ-သည် (စ) ဖြင့် သံဃာသည် ရတ္တညုမဟတ္တသို့ ရောက်သည်ရှိ သော် ဝင်္ကပုဏ္ဏား၏ သားဖြစ်သော ဥပသေနထေရ်ကို အကြောင်းပြု၍ သိက္ခာပုဒ် ပညတ်တော်မူသည်၏အဖြစ်ကို သိအပ်သောဟု ဖွင့်ဆို၏။ ဝေရဉ္ဇကဏ္ဍပါဠိတော်၌ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို အကြောင်းပြု၍ သိက္ခာပုဒ်ပညတ်တော်မူသည်ဟု မပြဆိုအပ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် ဥပသေနကို အကြောင်းပြု၍ သိက္ခာပုဒ်ပညတ်သည်ဟု ဆိုသော ဆရာ့စကားသည် အဘယ်သို့လျှင် သင့်နိုင်ရာပါအံ့ နည်း။ စုဒ်ကြောင့် (ဆ) မိန့်။

[ဝိတ္ထာရလာက်လိုသော်] ဥပသေနသည် ဤမည်သော ဝိတိက္ကမဒေါသကို လွန်ကျူးသော ကြောင့် ဤမည်သော သိက္ခာပုဒ်ကို ပညတ်၏ဟူသော အကျယ်ဝိတ္ထာရကိုလည်း ဆိုသင့် ရာသည် မဟုတ်ပါလော။ [ကာရဏာလာက်လိုသော်] သံဃာသည် ရတ္တညုမဟတ္တသို့ ရောက် သော် (ဝါ) ရောက်သောကြောင့် (ဝါ) ရောက်ခါမှုဖြင့်ပင် သိက္ခာပုဒ်ကို မပညတ်သည် မဟုတ်ပါလော။

➤ ၃။ (ခ) ဝိတ္ထာရ။ (ဂ) ဥဇုကတ္ထကို ပြသောကြောင့် ဝိတ္ထာရ။ (ဃ-င) ပက္ခန္တရ။ (င) ဝိတ္ထာရ။ (စ) ကား န တာဝ သာရိပုတ္တ-စသော ပုဒ်တို့၏ အဖွင့်ကိုပြသောကြောင့် ပက္ခန္တရ။ (ဆ) ဒဠီကရဏ/ဝိတ္ထာရ။ စာစပ် ။ ။ တတြကား တို့တွင်--ကြောင့် ရတ္တညု

http://www.dhammadownload.com



မဟာတ္တံ-၌ နိဒ္ဒါရဏာသမုဒါယ/နိဒ္ဒါရဏီယ

➤ ၄။ ရတ္တိယော ဇာနန္တီတိ **ရတ္တညူ**။ ရတ္တိ-ဟူသော ဝိသေသနပုဒ်အရကား ညဥ့်တို့ဖြစ်သည် မုချ။ ယင်းတို့၏ သိခြင်းကြိယာနှင့် ကမ္မ-ကမ္မီ/အာရုံ အာရမ္မဏိက စပ် ဌာနူ။ [သမ်ာသ်ကောက်] ဉာဓာတ်၏အရကား ထေရ်ကြီး ဝါကြီးရဟန်းတို့၏ သတိ ပညာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော ခိုင်မြဲသော သညာ၊ နှလုံး သွင်း စသည်သည် ဖလူ။ နောက်နောက်ဖြစ်သော စိရပဗ္ဗဇိတဂုဏ် စသည်သည် ဖလူ။ ရူ-ပစ္စည်းအရကား ထို--သော ညဥ့်တို့ကိုသိသော ရဟန်းတို့ဖြစ်ရ၏။

စိရံ ပဗ္ဗဇိတာနံ ဧတေသံ ဘိက္ခူနန္တိ **စိရပဗ္ဗဇိတာ**။ ပဗ္ဗဇိတာနံ၊ရဟန်းပြုကုန်သော။ ဧတေသံ ဘိက္ခူနံ၊တို့အား။စိရံ၊ ကြာမြင့်စွာသော ကာလသည်။အတ္ထိ၊၏။ဣတိ၊ **စိရပဗ္ဗဇိတာ**။ စိရ+ပဗ္ဗဇိတ+ဧတပုဒ်။ဗာဟိရတ္ထဗဟုဗ္ဗီဟိသမာသ်။ စိရပဗ္ဗဇိတ-အရ ရဟန်းပြုကုန်သော သူတို့၏ ကြာမြင့်စွာသော ကာလသည် မုချ။ ယင်းကာလ၏ ရဟန်းတို့ဖြစ်နှင့် ကာလ-ကာလဝန္တ စပ် ဌာနူ။ ဧတ-အရ ထို--သော ရဟန်းတို့၏ဖြစ် ရ၏။

ဒသ ဝဿာနိ **ဒသဝဿံ**။ ဦနံ ဒသဝဿံ ယေသန္တိ **ဦနဒသဝဿာ**။ ဦနဒသဝဿ-အရကား ယုတ်လျော့သော ဆယ်ဝါသည် မုချ။ ထို--၏ ရဟန်းတို့နှင့် ဂုဏ်-ဂုဏေး စပ် ဌာနူ။ ယ-အညပုဒ်အရ ထို--သော ယုတ်လျော့သော ဆယ်ဝါရှိသော ရဟန်းတို့ရ၏။

ဒသစ တာနိ ဝဿာနိ စာတိ **ဒသဝဿာနိ**။ ဦနာနိ ဒသဝဿာနိ ဧတေသံ ဘိက္ခူနန္တိ **ဦနဒသဝဿာ**။ ပဗ္ဗဇ္ဇာယ ဧတ္ထ ဒိဝသေတိ **ပဗ္ဗဇိတော**။ ပဗ္ဗဇိတော ဒိဝသော **ပဗ္ဗဇိတဒိဝသော**။ ဝဂ်ိန္တဿ ပုတ္တော **ဝဂ်ိန္တပုတ္တော**။ ဥပဇ္ဈာယာ ဟုတွာ ဥပသမ္ပာဒေန္တီတိ **ဥပသမ္ပာဒေန္တာ**။ ဧကံ ဝဿံ ဧတဿ အာယသ္မတော ဥပသေနဿာတိ **ဧကဝဿော**။ သဒ္ဓိံ ဝိဟရတီတိ **သဒ္ဓိဝိဟာရိကော**။

➤ ၆။ (က) ဖြင့် ရတ္တညူပုဒ်ကို ရတ္တိယော ဇာနန္တီတိ ရတ္တညူ-ဟု ကတ္တုသာဓန ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) ရူပစ္စည်း၏ ကတ္တုသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

(ခ) ဖြင့် ညဥ့်တို့ကို သိကုန်၏ဟူသည် မိမိရဟန်းပြုရာနေ့မှစ၍ များစွာကုန်သော ညဥ့်တို့ကို သိကုန်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် ရတ္တညူ-အရ ရဟန်းပြုပြီး၍ ကြာမြင့်စွာသော ကာလရှိကုန်သော ရဟန်း တို့ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဃ) ဖြင့် ရတ္တညူမဟာတ္တံပုဒ်ကို ဒုတိယာတပ္ပုရိသ် ဝစနတ္ထ မပြုရ၊ ရတ္တညူဟိ မဟာတ္တံ ရတ္တညု မဟာတ္တံ-ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(င) ၌ မဟန္တဘာဝံ-ဖြင့် မဟန္တဿ ဘာဝေါ မဟာတ္တံ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြု--

http://www.dhammadownload.com



ရင်း (အဘိဓာနတ္ထ) တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်--ရင်း (ပစ္စယတ္ထ) မဟာ-သဒ္ဒါ၏ မဟတ္တသဒ္ဒါ၏ ကာရိယ၏--ရင်း (နာမလိင်္ဂပဒ) သိစေပါသည်။

**စိရပဗ္ဗဇိတေတိ**-ဖြင့် ရတ္တညုမဟတ္တံ-၌ ရတ္တညူ-အရ စိရပဗ္ဗဇိတကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

➤ ၇။ **ဗဟုကာ/ဗဟူ/ဗဟုလာ** ။ ။ ဘိယျော သမ္ဗဟုလံ ဗဟုံ၊ ယေဘုယျံ ဗဟုလဥ္စာထ (ဓာန်) ဗဟ ဝုဍ္ဎိယံ၊ဥ၊ ဗဟတိ ဝုဍ္ဎိ ဂစ္ဆတီတိ ဗဟု။ ဗဟူ အတ္ထေ လာတီတိ ဗဟုလံ။ (ဓာန်ဋီ) တို့ကိုထောက်၍ ဗဟုနှင့် ဗဟုလ-သည် အနက်တူပရိယာယ် ဝေဝုစ် ဖြစ်သောကြောင့်ရင်း၊ ဗဟ+ဥ။ ဗဟုသဒ္ဒူပပဒ လာဓာတ်+အပစ္စည်းတို့ဖြင့် အသီးအသီး ရုပ်ပြီးသောကြောင့်ရင်း ဗဟူ/ဗဟုလာပါဌ်တို့ သင့်ပါသည်။ ဗဟုနောင် သွတ္တ က-ပစ္စည်း သက်လျှင်ကား ဗဟုကာ ပါဌ်လည်းသင့်ပါသည်။ ထို့ကြောင့် ၃-ပါဌ်လုံး သင့်ပါသည်။

➤ ၈။ **ဥပဓသေနံ ဝင်္ဂန္တပုတ္တံ**--ကား ဌာနဖြစ်သော ဥပသေနမထေရ်၏ "ဥပသေန" ဟူသောအမည်ကို ဌာနီဖြစ်သော သိက္ခာပုဒ်ကို လွန်ကျူးခြင်း ဝီတိက္ကမ၌တင်-- ဌာနူပစာ။ နာနန္တရိကနည်း။

## ပါဠိ [၁၇၉]

**(က) ဝေပုလ္လမဟတ္တန္တိ ဝိပုလဘာဝေန မဟတ္တံ။ (ခ) သံဃော ဟိ ယာဝ န ဓောရနုဝ မဟိုမာနံ ဝသေန ဝေပုလ္လမဟတ္တံ ပတ္တော ဟောတိ၊ တာဝ သေနာသနာနိ ပဟောန္တိ။**

**(ဂ) သာသနေ ကေစ္စိ အာသဝဋ္ဌာနိယာ ဓမ္မာ န ဥပ္ပဇ္ဇန္တိ။ (ဃ) ဝေပုလ္လမဟတ္တံ ပန ပတ္တေ တေ ဥပ္ပဇ္ဇန္တိ။ (င) အထ သတ္ထာ သာဝကာနံ သိက္ခာပဒံ ပညပေတိ။**

(၄။၁၆၁။ မအ္ဓ-၂။၄၉၉။ ဘာသာဋီ-၂။၁၅၃။)

➤ ၁။ (ဃ) သံဃော၊သည်။(ကတ္တား) ဝေပုလ္လမဟတ္တံ၊သို့။ပတ္တော၊သော်။တေ အာသဝ ဋ္ဌာနိယာ ဓမ္မာ၊တို့သည်။ဥပ္ပဇ္ဇန္တိ၊ကုန်၏။

➤ ၂။ **(စ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ဝိပုလာနံ ဘာဝေါ ဝေပုလ္လံ၊ ဝေပုလ္လေန မဟတ္တံ ဝေပုလ္လမဟတ္တံ-ဟု ဝစနတ္ထကို ပြပြီး၍ ယခုအခါ၌ ယင်းကိုပင် ချဲ့ပြလိုသော ဆရာသည်/ယုတ္တိအားဖြင့် ခိုင်မြဲစေလိုသော ဆရာသည်/ဝေပုလ္လမဟတ္တသည် သိက္ခာ ပုဒ်ပညတ်ခြင်း ကာလ၏ အကြောင်းဖြစ်၏ဟု ပြတော်မူလိုသော ဆရာသည် (ခ) မိန့်။

(စ) သို့/ ဆရာ-သည် ဝေပုလ္လမဟတ္တံ-ကို (က) ဖြင့် ဝိပုလာနံ ဘာဝေါ ဝေပုလ္လံ၊ ဝေပုလ္လေန မဟတ္တံ ဝေပုလ္လမဟတ္တံ-ဟု ဝစနတ္ထကို ဖွင့်ပြတော်မူ၏။ သံဃာသည် ဝေပုလ္လ မဟတ္တသို့ ရောက်သောအခါ သိက္ခာပုဒ်ကို ပညတ်၏ဟူသော အကျဉ်းမျှဖြစ်သော အနက် ကိုသာ သိအပ်သည် မဟုတ်ပါလော။ ယင်း၏ အကျယ်ဖြစ်သော အနက်ကို အဘယ်သို့ သိအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

http://www.dhammadownload.com



(စ) **သေနာသနာနိ ပဟောန္တိ-သို့ ဗျာက်ပုစ္ဆာထွက်** ။ ။ ဆရာသည် (ဂ) ဖြင့် သာသနာတော်၌ အချို့ကုန်သော အာသဝဋ္ဌာနီယဓမ္မတို့သည် မဖြစ်ကြကုန်သေးဟု ဆို၏။ အဘယ့်ကြောင့် မဖြစ်ကြပါကုန်သေးသနည်း။ စုဒ်ကြောင့် သေနာသနာနိ ပဟောန္တိ-ကိုမိန့်။

**ကား--** သေနာသနာနိ ပဟောန္တိကား ဓမ္မာ န ဥပ္ပဇ္ဇန္တိ၏ အကြောင်း၊ ကျောင်းနေ လောက်သေးသောကြောင့် မဖြစ်ကုန်ဟူလို။

(ယ) သို့/ ဆရာ-သည် (ခ-ဂ) တို့ဖြင့် သံဃာသည် ထေရ နဝ မဇ္ဈိမတို့၏အစွမ်းဖြင့် ဝေပုလ္လမဟတ္တသို့ မရောက်သေးသမျှ ကျောင်း အိပ်ရာ နေရာတို့သည် လောက်ကုန်၏၊ ထို့ကြောင့် သာသနာ၌ အချို့သော အာသဝဋ္ဌာနီယဓမ္မတို့သည် မဖြစ်ကုန်ဟု ဖွင့်ပြတော်မူ၏။ သံဃာ၏ ဝေပုလ္လမဟတ္တသို့ ရောက်သော်ကား အဘယ်သို့ မှတ်သားအပ်ပါသနည်း။ သာသနာ၌ အချို့သော အာသဝဋ္ဌာနီယဓမ္မတို့ မဖြစ်ဟု မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (ယ) မိန့်။

➤ ၃။ (ခ) သည် ဝိတ္ထာရ/ဒဋ္ဌီ/ကာရဏ။ ထိုတွင် ယာဝ (ပ) ပဟောန္တိ ဟောတိ-ကား အနိယမဝါကျ။ တာဝ သေနာသနာနိ ပဟောန္တိ-ကား နိယမ ဝါကျ။ (ဂ) သည် ဖလဝါကျ။ ထိုကိုထောက်၍ (ခ) ဝါကျ သေနာသနာနိ ပဟောန္တိ-ကား ကာရဏဝါကျ။ (ယ) သည် အန္ဝယပက္ခန္တရ။ ထိုကိုထောက်၍ (ဂ) ကား ဗျတိရေကပက္ခဝါကျ။ (င) သည် ဝါကျာရမ္ဘ/ပက္ခန္တရ။ **စာစပ်** ။ ။ ပဟောန္တိ-ကား လတ်သော်--ကြောင့် ဥပ္ပဇ္ဇန္တိ-၌ လက္ခဏ/ လက္ခဏဝန္တစပ်။

➤ ၄။ သေန္တိ ဧတ္ထာတိ **သေနာနိ**။ အာသန္တိ ဧတ္ထာတိ **အာသနာနိ**။ သေနာနိစ တာနိ အာသနာနိ စာတိ **သေနာသနာနိ**။ (ဝိသေသနပုဗ္ဗ ကမ္မဓာရယ်)

သေန အာသနာ-ဟူသော ပုဒ်တို့အရ အိပ်ရာ၏အဖြစ် နေရာ၏အဖြစ်ဟူသော သေနာသနဘောဂုဏ်သည် မုချ။ ထို--၏ ကျောင်းစသည်နှင့် ဂုဏ်-ဂုဏီ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော ကျောင်းစသည်ရ၏။

✱ ဝိသေသေန ပုလတီတိ ဝိပုလံ။ ဝိပုလာနံ ဘာဝေါ ဝိပုလဘာဝေါ။

ထေရောစ နဝါစ မဇ္ဈိမာစာတိ **ထေရနဝမဇ္ဈိမာ**။ ထေရ-ဟူသော ရှေ့ပုဒ်အရ ထေရ်သည် မုချ။ ထို--၏ နဝ မဇ္ဈိမတို့နှင့် ပြန့်ပြောများပြားခြင်းဂုဏ်ကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာနူ။ ပုဒ်လုံးအရ ထို--သော ထေရ နဝ မဇ္ဈိမတို့ ရ၏။

➤ ၆။ (ဏ) ဖြင့် ဝေပုလ္လမဟတ္တံ-၌ ဝေပုလ္လ-ဝယ် ဏျပစ္စည်း ဘာဝတဒ္ဓိတ်အနက် ၌သက်--ရင်း (ပစ္စယတ္ထ) ဝိပုလာနံ ဘာဝေါ ဝေပုလ္လံ-ဟု ဘာဝတဒ္ဓိတ်ပြု--ရင်း (အဘိဓာနတ္ထ) အပေါင်းပုဒ်ကို ဝေပုလ္လေန မဟတ္တံ ဝေပုလ္လမဟတ္တံ-ဟု တတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

http://www.dhammadownload.com



➤ ၇။ အာသဝဋ္ဌာနိယာ/အာသဝဋ္ဌာနိယာ/အာသဝဋ္ဌာနိယာ

အာသဝဋ္ဌာနိယာတိ ဧတ္ထ အဓိကရဏေ အနီယသဒ္ဒေါဟူသော သာရတ္ထကို ထောက်၍ အာသဝသဒ္ဒူပပဒ ဌာဓာတ် အနီယပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့် အာသဝ ဌာနီယာ-ပါဌ် သင့်ပါသည်။

အာသဝ သဒ္ဒူပပဒ ဌာဓာတ် အနီယ ပစ္စည်းဖြင့် ပြီးသောကြောင့်ရင်း၊ ဌာ၌ ဒွေဘော် ရောက်သင့်သောကြောင့်ရင်း၊ အာသဝဋ္ဌာနိယာပါဌ်လည်း သင့်ပါသည်။

➤ ၈။ **သိက္ခာပဒံ**-ကား အပေါင်းဖြစ်သော သိက္ခာပုဒ်အားလုံး၏ "သိက္ခာပဒံ" ဟူသော အမည်ကို အစိတ်ဖြစ်သော ပဌမ သဟသေယျ၊ အနုဝဿ ဓေဝဿ သိက္ခာပုဒ်တို့၌တင်-- ဧကဒေသျူပစာ။ ရှုဥ်နည်း။

**ဝေပုလ္လမဟတ္တံ**-ကား ဝေပုလ္လ-အရ ပြန့်ပြောသည်၏အဖြစ်နှင့် မဟတ္တ-အရ များသည်၏အဖြစ်တို့ အရ မကွဲသော်လည်း ကွဲပြားသကဲ့သို့ဆိုသောကြောင့် အဘေဒ ဘေဒူပစာ။ (တစ်နည်း) အစိတ်ဖြစ်သော ထေရ နဝ မဇ္ဈိမတို့၏ "ဝေပုလ္လမဟတ္တ" ဟူသော အမည်ကို အပေါင်းဖြစ်သော သံဃာ၏ ပြန့်ပြောများပြားခြင်း၌တင်-- ဧကဒေသူပစာ။

ထေရ နဝ မဇ္ဈိမတို့၌ ထင်ရှားသော "ဝေပုလ္လမဟတ္တ" ဟူသောအမည်ကို သံဃာ ဟူသော ဤ၌ တင်းစား၍ဆိုသောကြောင့် အထင်ရှုဥ်နည်း မည်၏။

➤ ၁၀။ **အာသဝဋ္ဌာနိယာ ဓမ္မာ**-အရ အာဝါသမစ္ဆရိယ-စသော အကုသိုလ်ဓမ္မတို့ကိုယူ။

[**ပဒဋ္ဌာနဟာရနေတ္တိ**] ထေရ နဝ မဇ္ဈိမတို့၏အရ ဥပါဒါနက္ခန္ဓာကိုယူ၍ ထို၏ပဒဋ္ဌာန်ကား အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရတည်း၊ ထိုတွင် အဝိဇ္ဇာ၏ ပဒဋ္ဌာန်ကား အာသဝေါတရားလေးပါးတို့တည်း။ တဏှာ၏ ပဒဋ္ဌာန်ကား ဝေဒနာတည်း။ ဥပါဒါန်၏ ပဒဋ္ဌာန်ကား တဏှာတည်း။ ကံ၏ ပဒဋ္ဌာန်ကား ဥပါဒါန်တည်း။ အာဟာရ၏ ပဒဋ္ဌာန်ကား ခဲဖွယ်ဘောဇဉ်ဟူသော အဋ္ဌကလာပ်ရုပ်နှင့် အဇ္ဈတ္တသမုဋ္ဌာနိကရုပ်ကလာပ်တည်း။ ဤသို့ သြရုယှော်ရှုယှအားဖြင့် စိစစ်ကြောင်း လက္ခဏာရှိသော ဟာရသည် သြရုယှော်ရှုယှပဒဋ္ဌာနဟာရမည်၏ဟူလိုသော်။

**ဝါကျ [၁၈၈]**

(က) **လာဘဂ္ဂမဟတ္တန္တိ** လာဘာဿ အဂ္ဂမဟတ္တံ။ (ခ) ယော လာဘာဿ အဂ္ဂေါ ဥတ္တမော မဟန္တဘာဝေါ၊ တံ ပတ္တော ဟောတီတိ အတ္ထော။ (ဂ) လာဘေန ဝါ အဂ္ဂမဟတ္တမ္ပိ။ (ဃ) လာဘေန သေဋ္ဌတ္တဉ္စ မဟန္တတ္တဉ္စ ပတ္တောတိ အတ္ထော။ (င) ယံ ယော တိ ယာဝ န လာဘဂ္ဂမဟတ္တံ ပတ္တော ဟောတိ၊ တာဝ န လာဘံ ပဋိစ္စ အာသဝဋ္ဌာနိယာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ပတ္တေ ပန ဥပ္ပဇ္ဇန္တိ။ (ဌ။၁၆၁။ မဇ္ဈူ-၂၅၀၀။ ဘာသာဋီ-၂။၁၅၄။)

http://www.dhammadownload.com



➤ ၂။ (ဂ) သို့/ **အနုသန္ဓေ** ။ ဤသို့ (က-ခ) တို့ဖြင့် လာဘဂ္ဂမဟတ္တပုဒ်ကို လာဘဿ အဂ္ဂမဟတ္တံ လာဘဂ္ဂမဟတ္တံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို ပြဆိုပြီး၍ ယခုအခါ၌ လာဘေန အဂ္ဂမဟတ္တံ လာဘဂ္ဂမဟတ္တံ-ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထလည်း ပြုနိုင်သေး၏ဟု ပြတော်မူလိုသော ဆရာသည် (ဂ) မိန့်။

(ဃ) သို့/ ဆရာ-သည် (ဃ) ဖြင့် လာဘ်လာဘဖြင့် မြတ်သည်၏အဖြစ် များသည်၏အဖြစ်သို့ ရောက်သောဟု ဆို၏။ လာဘဂ္ဂမဟတ္တ-သည် သိက္ခာပုဒ်ကို ပညတ်ခြင်း၏ ကာလ အဘယ့်ကြောင့် ဖြစ်လေသနည်း။ လာဘဂ္ဂမဟတ္တ-၏ သိက္ခာပုဒ်ကို ပညတ်ခြင်း ကာလ၏ အကြောင်းကို ဆရာ မပြပြီလော။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (ခ) သည် ဝိတ္ထာရ။ (ဂ) သည် ပက္ခန္တရ။ (ဃ) ဝိတ္ထာရ။/ဝါကျာရမ္ဘ။ (င) ကာရဏ။/ဝိတ္ထာရ။/ဒဠှီ။ ယင်း (င) ဝါကျ၌ သံယော ဟိ-မှ ဓမ္မာ ဥပ္ပန္နတ္တိ-တိုင်အောင် ဗျတိရေကဝါကျ။ ပစ္ဆာ ပန ဥပ္ပန္နတ္တိ-ကား အန္ဝယဝါကျ။

➤ ၄။ လဘိတဗ္ဗောတိ **လာဓောာ**။ ယော စီဝရာဒိပစ္စယော၊အကြင်သက်နီးစသော ပစ္စည်းကို။ဘိက္ခုနာ၊ရဟန်းသည်။လဘိတဗ္ဗော၊ရအပ်၏။ဣတိ၊ သော စီဝရာဒိပစ္စယော၊ သည်။လာဘော၊လာဘမည်၏။ လာဓာတ်+ဏပစ္စည်း။ကမ္မသာဓန။ လာဓာတ်၏အရ ကတ္တုရုကြိယာအရကား ရဟန်း၏ ပီတိ သောမနဿပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။ ကမ္မရုကြိယာအရကား ထိုအားတပ်သော သင်္ကန်းစသော ပစ္စည်း၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလ္။ ဏပစ္စည်းအရကား ထို--သော သင်္ကန်းစသော ပစ္စည်းရ၏။

**(က-ခ-အလို)** မဟန္တဿ ဘာဝေါ **မဟတ္တံ**။ အဂ္ဂဉ္စ တံ မဟတ္တဉ္စာတိ **အဂ္ဂမဟတ္တံ**။ လာဘဿ အဂ္ဂမဟတ္တံ **လာဘဂ္ဂမဟတ္တံ**။

**(ဂ+ဃ-အလို)** အဂ္ဂေါစ မဟန္တောစ **အဂ္ဂမဟန္တ**။ အဂ္ဂမဟန္တဿ ဘာဝေါ အဂ္ဂမဟတ္တံ။ လာဘေန အဂ္ဂမဟတ္တံ **လာဘဂ္ဂမဟတ္တံ**။ လာဘ-အရကား သင်္ကန်းစသော ပစ္စည်းသည် မှချ။ ထို--၏ မြတ်သည်၏အဖြစ် များသည်၏အဖြစ်နှင့် နိဿယ-နိဿိတ စပ် ဌာန္။ ပုဒ်လုံးအရကား လာဘ်တို့၏ မြတ်သည်၏အဖြစ် များသည်၏အဖြစ် ရ၏။

➤ ၆။ (က) ဖြင့် လာဘဂ္ဂမဟတ္တ-ကို လာဘဿ အဂ္ဂမဟတ္တံ လာဘဂ္ဂမဟတ္တံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(ခ) ၌ ဥတ္တမော မဟန္တဘာဝေါ-ဖြင့် အဂ္ဂ-သဒ္ဒါသည် အာဒိ-စသော အနက်ကို မဟော၊ ဝရ (ဥတ္တမ)အနက်ဟော--ရင်း (နာမလိင်္ဂတ္ထ) မဟတ္တံပုဒ်ကို မဟန္တဿ ဘာဝေါ မဟတ္တံ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက် ၌သက်--ရင်း (ပစ္စယတ္ထ) မဟတ္တံ-၌ မဟ-သဒ္ဒါ၏ မဟန္တသဒ္ဒါ၏ ကာရိယ၏-- ရင်း (နာမ လိင်္ဂပဒ) အဂ္ဂနှင့် မဟတ္တံပုဒ်ကို အဂ္ဂဉ္စ တံ မဟတ္တဉ္စာတိ အဂ္ဂမဟတ္တံ-ဟု ကမ္မဓာရယ် သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

http://www.dhammadownload.com



လာဘာသ အဂ္ဂေါ ဥတ္တမော မဟန္တဘာဝေါ-ဟူသော အပေါင်း သံဝဏ္ဏနာဖြင့် လာဘာသ အဂ္ဂမဟတ္တံ လာဘဂ္ဂမဟတ္တံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (သမာသလိင်္ဂတ္ထ) တံ ပတ္တော ဟောတိ-ဖြင့် လာဘဂ္ဂမဟတ္တံ-၌ ဒုတိယာ ဝိဘတ်၏ ကမ္မတ္ထ၌သက်--ငင်း (ဝိဘတျတ္ထ) ယင်းပုဒ်ကို ပတ္တော၌စပ်၍ အနက်ယောဇနာ ရမည်၏--ငင်း (သမ္ဗန္ဓ/ဘာဝတ္ထ) သိစေပါသည်။

(ဂ) ဖြင့် လာဘေန အဂ္ဂမဟတ္တံ လာဘဂ္ဂမဟတ္တံ-ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(ဃ) ဖြင့် အဂ္ဂမဟတ္တံ-၌ အဂ္ဂသဒ္ဒါ၏ သေဋ္ဌအနက်ဟော--ငင်း (နာမလိင်္ဂတ္ထ) မဟ-သဒ္ဒါ၏ မဟန္တသဒ္ဒါ၏ ကာရိယ၏--ငင်း (နာမလိင်္ဂပဒ) အဂ္ဂ- နှင့် မဟန္တကို အဂ္ဂေါစ သော မဟန္တောစာတိ အဂ္ဂမဟန္တော (မဇ္ဈ) အဂ္ဂေါစ မဟန္တောစ အဂ္ဂမဟန္တံ (ဘာသာဋီ) ဟု ဝစနတ္ထပြု--ငင်း (သမာသလိင်္ဂတ္ထ) အပေါင်းပုဒ်ကို အဂ္ဂမဟန္တဿ ဘာဝေါ အဂ္ဂ မဟတ္တံ-ဟု ဘာဝတဒ္ဓိတ်ပြု--ငင်း (အဘိဓာနတ္ထ) တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်--ငင်း (ပစ္စယတ္ထ) အပေါင်းပုဒ်ကို လာဘေန အဂ္ဂမဟတ္တံ လာဘဂ္ဂမဟတ္တံ-ဟု တတိယာ တပ္ပုရိသ်သမာသ်ပြု--ငင်း (သမာသလိင်္ဂတ္ထ) လာဘဂ္ဂမဟတ္တံ-၌ ဒုတိယာ ဝိဘတ်၏ ကမ္မတ္ထ၌သက်--ငင်း (ဝိဘတျတ္ထ) ယင်းပုဒ်ကို ပတ္တော၌စပ်၍ အနက်ယောဇနာ ရမည်၏--ငင်း (သမ္ဗန္ဓ/ဘာဝတ္ထ) သိစေပါသည်။

➤ ၇။ **အဂ္ဂမဟတ္တမ္ပိ/အဂ္ဂံ မဟန္တမ္ပိ** ။ ။ လာဘေန သေဋ္ဌတ္တဉ္စ မဟန္တဉ္စ ပတ္တော-ဟူသော (ဃ) ဝါကျ သံဝဏ္ဏနာများကို ထောက်၍ငင်း၊ ယောဇနာ၌ လာဘေန အဂ္ဂ မဟတ္တံပိ ပတ္တောတိ သမ္ဗန္ဓော၊ လာဘနံ လာဘော၊ အဂ္ဂတ္တဉ္စ မဟတ္တဉ္စ အဂ္ဂမဟတ္တံ၊ အပိ သဒ္ဒေါ ပုရိမနယံ အပေက္ခတိ-ဟု ဆိုသော ကြောင့်ငင်း အဂ္ဂမဟတ္တမ္ပိ-ပါဌ် သင့်သည်။

မဇ္ဈူနိသျှ၌ လာဘေန၊လာဘ်ဖြင့်။အဂ္ဂမ္ပိ၊မြတ်သည်၏အဖြစ်သို့ငင်း။မဟန္တမ္ပိ၊များ သည်၏အဖြစ်သို့ငင်း။ ဤသို့ ဘာဝပ္ပဓာန ဘာဝလောပကြံ၍ အနက်ပေးသောကြောင့် အဂ္ဂံ မဟန္တမ္ပိ-ပါဌ်လည်း သင့်ပါသည်။

➤ ၈။ **လာဘဂ္ဂမဟတ္တံ**-ဟူသော နည်းသည် လာဘဂ္ဂမဟတ္တံ=လာဘ်၏ ကောင်း မြတ်သော မဟန္တ၏အဖြစ်သို့။ (ဝါ) လာဘ်အားဖြင့် ကောင်းသည်၏အဖြစ် များသည်၏ အဖြစ်သို့၊ ဤသို့ အနက်ပြားလျက် သဒ္ဒါချင်းတူသည်၏အဖြစ်ဖြင့် တစ်ခုတည်းညွှန် ပြသောကြောင့် သာမညနိဒ္ဒေသနည်းမည်၏။

**လာဘ**-ကား အပေါင်းဖြစ်သော ရထိုက်သော ပစ္စည်းအားလုံးတို့၏ "လာဘ" ဟူသောအမည်ကို အစိတ်ဖြစ်သော ရယာန်းနှင့်သက်ဆိုင်သော သက်န်းစသော ပစ္စည်း လေးပါး၌တင်-- ဧကဒေသျူပစာ။ ရူဠ္ဟီနည်း။

(စ) ဝါကျကား အကြောင်းဖြစ်သော လာဘ်၏ ကောင်းသည်၏အဖြစ် များသည်၏

http://www.dhammadownload.com



အဖြစ်သို့ ရောက်သည်ကိုဆိုသဖြင့် အကျိုးဖြစ်သော အချို့ အာသဝဋ္ဌာနိယဓမ္မတို့ ဖြစ်ခြင်းကိုလည်း သိအပ်သောကြောင့် နာနန္တရိကနည်း မည်၏။

➤ ၁၀။ **အာသဝဋ္ဌာနိယာ ဓမ္မာ-** အရ ။ ။ ဣဿာ မစ္ဆရိယ အရင်းခံသော အကုသိုလ်ဝီတိက္ကမဓမ္မတို့ကိုယူ။

## ဋီကာ [၁၈၁]

**(က) ဗာဟုသစ္စမဟတ္တန္တိ ဗာဟုသစ္စဿ မဟန္တဘာဝံ။ (ခ) သံဃော ဟိ ယာဝ န ဗာဟုသစ္စမဟတ္တံ ပတ္တော ဟောတိ၊ တာဝ န အာသဝဋ္ဌာနိယာ ဓမ္မာ ဥပ္ပဇ္ဇန္တိ။**

**(ဂ) ဗာဟုသစ္စမဟတ္တံ ပတ္တေ ပန ယသ္မာ ဧကမ္ပိ နိကာယံ ဒွေပိ (ပ) ပဉ္စပိ နိကာယေ ဥဂ္ဂဟေတွာ အယောနိသော ဥမ္မုဇ္ဇမာနာ ပုဂ္ဂလာ ရသေန ရသံ သံသန္ဒိတွာ ဥဒ္ဓမ္မံ ဥဗ္ဗိနယံ သတ္ထုသာသနံ ဒီပေန္တိ။**

**(ဃ) အထ သတ္ထာ "ယော ပန ဘိက္ခု ဧဝံ ဝဒေယျ တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ (ပ) သမဏုဒ္ဒေသောပိ စေ ဧဝံ ဝဒေယျာ"တိအာဒိနာ နယေန သိက္ခာပဒံ ပညပေတီတိ။** (၄။၁၆၂။ မဏ္ဍူ-၂။၅၀၂။ ဘာသာဋီ-၂။၁၅၅။)

➤ ၁။ (ဂ) ရသေန၊အနဝဇ္ဇသဘောနှင့်။ရသံ၊သာဝဇ္ဇသဘောကို။ (ဝိမတိ)

(တစ်နည်း) ရသေန၊အပြစ်မရှိသော ဖမွေ့ရာ အစရှိသည်တို့၏ အတွေ့ကို သာယာခြင်းနှင့်။ရသံ၊အပြစ်ရှိသော မာတုဂါမ၏အတွေ့ကို သာယာခြင်းကို။သံသန္ဒိတွာ၊သဘောတူရောနှော၍။(သာရတ္ထ)

➤ ၂။ (ခ) သို့/ ဆရာ-သည် (က) ဖြင့် ဗာဟုသစ္စ မဟတ္တံ-ပုဒ်ကို မဟန္တဿ ဘာဝေါ မဟတ္တံ၊ ဗာဟုသစ္စဿ မဟတ္တံ ဗာဟုသစ္စမဟတ္တံ-ဟု ဝစနတ္ထပြုရမည်ကို ဖွင့်ပြတော်မူ၏။ သံဃာသည် ဗာဟုသစ္စမဟတ္တသို့ ရောက်သော် သိက္ခာပုဒ်ကို ပညတ်၏ဟူသော အကျဉ်းဖြစ်သော အနက်ကိုသာ သိအပ်၏၊ အကျယ်ဖြစ်သော အနက်ကို မသိနိုင်ရာသည် မဟုတ်ပါလော။ ယင်းသင်္ခေပ၏ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ-သည် (ခ) ဖြင့် သံဃာသည် ဗာဟုသစ္စမဟတ္တ အဖြစ်သို့ မရောက်သေးသမျှကာလပတ်လုံး အာသဝဋ္ဌာနိယဓမ္မတို့ မဖြစ်ဟု ဖွင့်ပြတော်မူ၏။ ဗာဟုသစ္စမဟတ္တသို့ ရောက်သော်ကား အဘယ်သို့ မှတ်သားအပ်ပါသနည်း။ မိမိတို့၏ ဗဟုသုတဖြင့် ဓမ္မဝိနယနှင့် ညီညွတ်အောင် သာသနာတော် ကို ထွန်းပြကြကုန်သလော။ (ဂ) မိန့်။

**(ဂ)ရသေနရသံသံသန္ဒိတွာ—သို့ဗွောတက်** ။ ။ ဆရာသည် ဗာဟုသစ္စမဟတ္တံ (ပ) အယောနိသော ဥမ္မုဇ္ဇမာနာ ပုဂ္ဂလာ-ဖြင့် သံဃာသည် ဗာဟုသစ္စမဟတ္တ-သို့ ရောက်သည်ရှိသော် နိကာယ်တို့ကို သင်ယူကြကုန်လျက် အကြောင်းမဟုတ်သောအားဖြင့် (ဝါ) အကြောင်း

http://www.dhammadownload.com



မဟုတ်သည်ကို အကြောင်းဟု နှလုံးသွင်းကြကုန်သောဟု ဆို၏။ အဘယ်သို့လျှင် အကြောင်း မဟုတ်သည်ကို အကြောင်းဟု နှလုံးသွင်းကြလေသနည်း။ အကြောင်း မဟုတ်သည်ကို အကြောင်းဟု နှလုံးသွင်းပုံကို ဆရာ မပြဆိုပြီလော။ စုဒ်ကြောင့် ရသေန ရသံ သံသန္ဒိတွာ-မိန့်။

(ဃ) **ဆို/ အနုသန္ဓေ** ။ ။ ဤသို့ (ဂ) ဖြင့် သံယာသည် ဗာဟုသစ္စမဟတ္တသို့ ရောက်လတ်သော် နိကာယ်တစ်ရပ်ကိုဝင်း, နိကာယ်နှစ်ရပ်တို့ကိုဝင်း, နိကာယ်သုံးရပ်တို့ကိုဝင်း, နိကာယ်လေးရပ်တို့ကိုဝင်း, နိကာယ် ငါးရပ်တို့ကိုဝင်း၊ သင်ယူပြီး၍ မသင့်သောအကြောင်းအားဖြင့် မော်ကြမောက်ကြကုန်သော ပုဂ္ဂိုလ်တို့သည် အနဝဇ္ဇသဘောနှင့် သာဝဇ္ဇသဘောကို သဘောတူ ရောနှော၍ မြတ်စွာဘုရား၏ သာသနာတော်ကို တရားမှ ထွက်သွားအောင် ဝိနည်းမှ ထွက်သွားအောင် ပြကြကုန်သောဟု ဆိုပြီး၍၊ ယခုအခါ၌ ယင်းသို့ ပြကြကုန်သည်တို့၏ အဖြစ်ကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပြတော်မူလိုသော ဆရာသည် (ဃ) မိန့်။

➢ ၃။ (က) စသည် ပက္ခန္တရ။ ထိုတွင် (ခ) သည် ကာရဏ။/ဒဋ္ဌ။/ဝိတ္ထာရ။ (ဂ) သည် ဗျတိရေကမှတစ်ပါး အနွယကိုပြသောကြောင့် ပက္ခန္တရ။ (ဃ) သည် ဝါကျာရမ္ဘ။ /လဒ္ဓဂုဏ။

➢ ၄။ ဗဟု သုတံ ဧတေသံ ဘိက္ခူနန္တိ **ဗဟုဿုတာ**။ (များသော အကြားအမြင်၏ ရဟန်းတို့နှင့် ဂုဏ်-ဂုဏော စပ်) [တစ်နည်း] ဗဟု သုတံ ယေန သံယေနာတိ ဗဟုဿုတော။ ဗဟုဿုတဿ ဘာဝေါ **ဗာဟုသစ္စံ**။ ဗဟုဿုတ-အရကား များသော သုတ ရှိသော သံယာသည် မုချ။ ထို--၏ ဖြစ်ကြောင်းဖြစ်ရာ များသောသုတနှင့် ဂုဏော ဂုဏ် စပ် ဥာန္။ ဏျပစ္စည်းအရကား ထို--သော များသော သုတ ရ၏။

ဥမ္မုန္တီတိ **ဥမ္မုန္တမာနာ**။ ဥ-ဥပသာရပုဒ်အရကား ဓာတွတ္ထဝိသေသကဘောဂုဏ် ရ၏။ မုဒ္ဓဓာတ်အရ မသင့်သောအားဖြင့် ဖောက်ပြန်စွာသိသော ပုဂ္ဂိုလ်၏ ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်သည် မုချ။ အယောနိသော မနသိကာရ-စသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူ။ သာသနာတော်ကို ဓမ္မဝိနယ မဟုတ်သည်ကိုပြု၍ ဟောပြောပို့ချခြင်းသည် ကာရဏူ။ မာနပစ္စည်းအရကား ထို--သော ဖောက်ပြန်သောအားဖြင့် သိကုန်သော ပုဂ္ဂိုလ်တို့ရ၏။

➢ ၆။ (က) ဖြင့် ဗာဟုသစ္စမဟတ္တ-၌ မဟတ္တ-ဝယ် တ္တပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက်၌သက်--ရင်း (ပစ္စယတ္ထ) မဟန္တဿ ဘာဝေါ မဟတ္တ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) မဟ-သဒ္ဒါ၏ မဟန္တသဒ္ဒါ၏ ကာရိယ၏--ရင်း (နာမလိင်္ဂပဒ) အပေါင်းပုဒ်ကို ဗာဟုသစ္စဿ မဟတ္တံ ဗာဟုသစ္စမဟတ္တံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

http://www.dhammadownload.com



➤ ၇။ **ဥမ္မုဇ္ဇမာနာ/ဥပ္ပဇ္ဇမာနာ** ။ ။ အယောနိသော ဥမ္မုဇ္ဇမာနာတိ အနုပါယေန အဘိနိဝိသမာနာ၊ ဝိပရိတတော ဇာနမာနာတိ အတ္ထော-ဟု သာရတ္ထ၌ ဆိုသောကြောင့်ရင်း၊ ဥပုဇ္ဇ မုဇ္ဇခါတ် မာနပစ္စည်း၊ အချို့ပေ၌ ဩဋ္ဌဇ ပဉ္စမက္ခရာနှင့် ဥပ္ပဇ္ဇမာနာ-ဟု ရှိ၏၊ မသင့်ဟု ဂဏ္ဌိသစ်၌ ဆိုသောကြောင့်ရင်း ဥမ္မုဇ္ဇမာနာပါဌ်သာ သင့်ပါသည်။

**သတ္တုသာသနံ/ သတ္တု သာသနံ** ။ ။ သမာသ် ဝါကျမျှသာ ထူး၍ အနက်အဓိပ္ပါယ် မထူးသောကြောင့်ရင်း၊ ဂဏ္ဌိသစ်၌လည်း သတ္ထု၏။သာသနံ၊ကို။ (ဝါ) သတ္ထုသာသနံ၊ကို။ သမာသ် ဝါကျ နှစ်ပါးသင့်ဟု ဆိုသောကြောင့်ရင်း၊ နှစ်ပါဌ်လုံး သင့်ပါသည်။

**ဗာဟုသစ္စံ/ဗာဟုသစ္စံ** ။ ။ ဗဟုသုတဿ ဘာဝေါ ဗာဟုသစ္စံ၊ တေသု ဝုဒ္ဓိတိ အာဒိနာ ဥကာရဿ အကာရော-ဟု (ရူပသိဒ္ဓိ) ၌ ဆိုသောကြောင့် ဒွေဘော်ဖြင့်ရှိသော ဗာဟုသစ္စံ-ပါဌ် သင့်ပါသည်။

ဒွေဘော်သည် အနိစ္စဝိဓိဖြစ်၍ ဒွေဘော်မဲ့ ဗာဟုသစ္စံ-ပါဌ်လည်း သင့်ပါသည်။

**သံသန္ဒိတွာ/သမ္ဗိသေတွာ** ။ ။ သဘာဝေန သံသန္ဒိတွာတိ ဘာဝေန သဘာဝံ သံသန္ဒိတွာ၊ သမာနဘာဝံ ဥပနေတွာတိ အတ္ထော-ကိုထောက်၍ သံသန္ဒိတွာပါဌ် သင့်ပါသည်။

➤ ၈။ **သမဏုဒ္ဒေသ**-၌ သမဏ-ကား အတူဖြစ်သော ရဟန်းဖြစ်၏ "သမဏ" ဟူသောအမည်ကို အတူရှိသော သာမဏေ(ကိုရင်ကြီး) ၌တင်-- သဒ္ဒိသူပစာ။ ရှုဋ္ဌီနည်း။

➤ ၁၀။ **ဥမ္မုဇ္ဇမာနာ**-အရ အကြောင်းမဟုတ်သောအားဖြင့် နှလုံးသွင်းကြကုန်သော ပုဂ္ဂိုလ်တို့၏ ခန္ဓာပဉ္စကကိုယူ။ **ဒိဋ္ဌိ**-အရ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ။

## ဓါကျ [၁၈၂]

(က) ဧဝံ ဘဂဝါ အာသဝဋ္ဌာနီယာနံ ဓမ္မာနံ အနုပ္ပတ္တိကာလဉ္စ ဥပ္ပတ္တိကာလဉ္စ ဒဿေတွာ တသ္မိံ သမယေ သဗ္ဗသောပိ အဘာဝံ ဒဿေန္တော "နိရဗ္ဗုဒေါ ဟိ သာရိပုတ္တာ"တိ အာဒိမာဟ။ (ခ) တတ္ထ နိရဗ္ဗုဒေါတိ အဗ္ဗုဒဝိရဟိတော။

(ဂ) အဗ္ဗုဒါ ဝုစ္စန္တိ စောရာ။ နိစ္စောရောတိ အတ္ထော။ (ဃ) စောရာတိစ ဣမသ္မိံ အတ္ထေ ဒုဿီလာဝ အဓိပ္ပေတာ။ (င) တေ ဟိ အဿမဏာဝ ဟုတွာ သမဏပဋိညာတာယ ပရေသံ ပစ္စယေ စောရေန္တိ၊ (စ) တသ္မာ နိရဗ္ဗုဒေါတိ နိစ္စောရော၊ နိဒ္ဒုဿီလောတိ ဝုတ္တံ ဟောတိ။ (၄။၁၆၂။ မအ္ဋ-၂။၅၀၃။ ဘာသာဋီ-၂။၁၅၆။)

➤ ၁။ (ခ) ဒဿနကြိယာယ၊ဒဿနကြိယာ၏။ကရဏဘူတေ၊ကရိုဏ်းဖြစ်၍ ဖြစ်သော။ဗြူဓာတုယာ၊အာဟ-၌ ဗြူဓာတ်၏။ကမ္မဘူတေ၊ကံဖြစ်၍ဖြစ်သော။တတ္ထ တသ္မိံ နိရဗ္ဗုဒေါ ဟိ သာရိပုတ္တာတိ အာဒိဝစနေ၊ထိုနိရဗ္ဗုဒေါ ဟိ သာရိပုတ္တ-အစရှိသော စကားရပ်၌။(အဝယဝတ္ထော ဧဝံ ဝေဒိတဗ္ဗော)

http://www.dhammadownload.com



(ဂ) ဣမသ္မိံ အတ္ထေ။ဤ နိရဗ္ဗုဒေါ ဟိ သာရိပုတ္တ ဘိက္ခုသံဃော-ဟု ဟောတော်မူအပ်သော ဘိက္ခုသံဃဟူသောအနက်၌။ (ဝါ) ဤသံဃအရာ၌။

➤ ၂။ (ဂ) သို့/ ဥပမာလက်ာရသာဒေါဃဏ္ဍာထက် ။ ။ ဆရာသည် (ခ) ဖြင့် နိရဗ္ဗုဒေါ-ဟူသည် အဗ္ဗုဒ-မှ ကင်းသောဟု ဆို၏။ နိရဗ္ဗုဒေါ-၌ အဗ္ဗုဒသဒ္ဒါသည် "ကလလာ ဟောတိ အဗ္ဗုဒံ"၌ကဲ့သို့ အမြှုပ်ဟူသောအနက်ကို ဟောပါသလော။ သကနာမေဟိ-သုတ်၌ လာသော အဗ္ဗုဒသဒ္ဒါကဲ့သို့ သင်္ကေတ ပညတ်အားဖြင့် အဗ္ဗုဒသင်္ချာဟူသော အနက်ကို ဟောပါသလော။ ဤ၌ အဗ္ဗုဒသဒ္ဒါသည် မည်သည့်အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။ ကား -- ခိုးသူဟူသောအနက်ကို ဟော၏ ဟူလို။

(ဃ) သို့/ ဆရာ-သည် (ဂ) ဖြင့် အဗ္ဗုဒသဒ္ဒါ စောရအနက်ကို ဟောသောဟု ဆို၏။ သာမညဖြစ်ကုန်သော ခိုးသူတို့ကို စောရဟူ၍ (ဝါ) အဗ္ဗုဒ-ဟူ၍ ဆိုအပ်ကုန်သလော။ ဤ "နိရဗ္ဗုဒေါ ဟိ သာရိပုတ္တ ဘိက္ခုသံဃော"ဟူ၍ ဟောတော်မူအပ်သောအရာ၌ (ဝါ) သံဃအရာ၌ အဘယ်ကို စောရဟူ၍ (ဝါ) အဗ္ဗုဒဟူ၍ ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ အယုတ္တာဘောဃဏ္ဍာ ။ ။ ဆရာ-သည် (ဃ) ဖြင့် ဤသံဃအရာ၌ ဒုဿီလပုဂ္ဂိုလ်တို့ကိုသာ စောရဟူ၍ လိုအပ်သောဟု ဆို၏။ ဒုဿီလပုဂ္ဂိုလ်တို့၏ စောရအဖြစ်ကား အဘယ်နည်း။ (ဝါ) အဘယ့်ကြောင့် ဒုဿီလပုဂ္ဂိုလ်တို့ကို စောရ-ဟု လိုအပ်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။ (တစ်နည်း)

(၄ပနာတူ။) ယင်းသို့ဆိုသော် ဒုဿီလဖြစ်ခါမျှဖြင့် ယင်းပုဂ္ဂိုလ်တို့ကို စောရတို့ဟူ၍ မလိုအပ်ရာသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် ယင်းဒုဿီလတို့ကို စောရတို့ဟူ၍ လိုအပ်သောဟူသော စကားသည် အဘယ်သို့သော ယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (ခ) သည် ပက္ခန္တရ။/ဝိတ္ထာရ။ (ဂ) ဝါကျာရမ္ဘ။ (ဂ) ၌ နိစ္စောရောတိ အတ္ထော-ကား ဝိတ္ထာရ။/ဝါကျာရမ္ဘ။ (ဃ) ဝါကျာရမ္ဘ။ (င) ကာရဏ။ ဒဋ္ဌီ။ (စ) လဒ္ဓဂုဏ။ (စ) ၌ နိဒ္ဒုဿီလောတိ ဝုတ္တံ ဟောတိ-ကား ပဒပိဏ္ဍတ္ထကို ပြသောကြောင့် ဝိတ္ထာရ။

**စာစပ်** ။ ။ ဟုတ္ဝာ-ကား ၍---ကြောင့် သမဏပဋိညတာယ-၌ ကြိယာဝိသေသန/ကြိယာဝိသေသျ စပ်။

➤ ၄။ ပဋိဇာနန် ပဋိညာ။ သမဏာ ဣတိ ပဋိညာ ယေသံ တေ **သမဏပဋိညာ**။ ယေသံ ဒုဿီလာနံ၊အကြင်ဒုဿီလ ရဟန်းတို့အား။သမဏာ ဣတိ၊ရဟန်းစစ်တို့ဟူ၍။ ပဋိညာ၊ဝန်ခံခြင်းတို့သည်။သန္တိ၊ရှိကုန်၏။ဣတိ၊ တေ ဒုဿီလာ၊ သမဏပဋိညာ။ သမဏ+ပဋိညာ+ယ-ပုဒ်၊ ဗဟုဗ္ဗီဟိသမာသ်။ သမဏပဋိညာ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား ရဟန်းတို့ဟု ဝန်ခံခြင်းသည် မုချ။ ယင်း၏ ဒုဿီလရဟန်းတို့နှင့် ဂုဏ်-ဂုဏော စပ်

http://www.dhammadownload.com



ဌာန္။ ယ-အညပုဒ်အရကား ထို--သော ရဟန်းစစ်တို့ဟု ဝန်ခံခြင်းရှိသော ဒုဿီလ ရဟန်းတို့ဖြစ် ရ၏။

သမဏပဋိညာနံ ဘာဝေါ **သမဏပဋိညတာ**။ သမဏပဋိညာနံ၊ရဟန်းစစ်တို့ဟု ဝန်ခံခြင်းရှိသော ဒုဿီလရဟန်းတို့၏၊ဘာဝေါ၊အဖြစ်တည်း၊သမဏပဋိညာ၊--အဖြစ်။ သမဏပဋိညာ+တာပစ္စည်း။ သမဏပဋိညာ-ဟူသော တဒ္ဓိတ်ပုဒ်အရကား ရဟန်းစစ်တို့ဟု ဝန်ခံခြင်းရှိသော ဒုဿီလရဟန်းတို့၏ဖြစ်သည် မုချ။ ယင်း၏ ရဟန်းစစ်တို့ဟု ဝန်ခံခြင်းနှင့် ဂုဏော-ဂုဏ် စပ် ဌာန္။ တာ-ပစ္စည်းအရကား ထို--သော ရဟန်းစစ်တို့ဟု ဝန်ခံခြင်းရ၏။

နတ္ထိ အဗ္ဗုဒေါ ဧတဿ ဘိက္ခုသံဃဿာတိ **နိရဗ္ဗုဒေါ**။ နိ+အဗ္ဗုဒ+ဧတပုဒ်။ နိ-အဗ္ဗုဒ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား ခိုးသူ အမြုပ် ဒုဿီလပုဂ္ဂိုလ်တို့၏ မရှိခြင်း ကင်းခြင်း ဝိရဟဘောဂုဏ်သည် မုချ။ ယင်း၏ ဘိက္ခုသံဃာဖြစ်နှင့် ဂုဏ်-ဂုဏော စပ် ဌာန္။ ဧ-အညပုဒ်အရကား ထို--သော ခိုးသူ အမြုပ် ဒုဿီလ မရှိသော ကင်းသော ဘိက္ခုသံဃာရ၏။

အဗ္ဗုဒ္ဓံ ဟိံသတီတိ အဗ္ဗုဒေါ။ (အဗ္ဗ+ဥဒ) ပကတိခိုးသူတို့ ရ၏။ * အဗ္ဗုဒေါ ဝိယာတိ အဗ္ဗုဒေါ။ (ဒုဿီလပုဂ္ဂိုလ်ရ၏။) အဗ္ဗုဒေဟိ ဝိရဟိတော နိရဗ္ဗုဒေါ။ (ပဉ္စမီ အဗျယီဘော) အဗ္ဗုဒ-အရ ဒုဿီလဟုဆိုအပ်သော ခိုးသူဖြစ်သည် မုချ။ ထို--၏ ဘိက္ခုသံဃာနှင့် အပါဒါန်-အပါဒါနီ စပ် ဌာန္။ ပုဒ်လုံးအရကား ထို--သော ဒုဿီလဟုဆိုအပ်သော ခိုးသူ ဖြစ်မှကင်းသော ဘိက္ခုသံဃာရ၏။

စောရေန္တီတိ **စောရော**။ (ယေ ဒုဿီလာ စောရေန္တိ တေ စောရာ) စုရဓာတ်+ဏ+ ကတ္တုသာဓန။ စုရဓာတ်၏အရကား ရဟန်းစစ် မဟုတ်ကြဘဲ ရဟန်းဟု ဝန်ခံခြင်းဖြင့် ရဟန်းစစ်တို့အတွက် လှူဒါန်းမည့် ပစ္စည်းလေးပါးတို့ကို ခိုးယူတတ် (အလှူခံတတ်)သော ဒုဿီလပုဂ္ဂိုလ်တို့၏ မာယာ သာဌေယျစသည် ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေ့၌ဖြစ်သော အယောနိသော မနသိကာရ-စသည်တို့သည် ဖလူ။ နောက် နောက်၌ဖြစ်သော အနိဋ္ဌဖလ မှန်သမျှသည် ကာရဏူပစာ။ ဏပစ္စည်းအရကား ထို-- သော ဒုဿီလပုဂ္ဂိုလ်ဖြစ် ရ၏။

စောရေဟိ ဝိရဟိတော **နိစ္စောရော**။ နတ္ထိ စောရော ဣမဿ ဘိက္ခုသံဃဿာတိ **နိစ္စောရော**။ နတ္ထိ သီလံ ဧတေသံ ပုဂ္ဂလာနန္တိ **ဒုဿီလာ**။ ဒုဿီလေဟိ ဝိဂတော **နိဒ္ဒုဿီလော**။ နတ္ထိ ဒုဿီလာ ဣမဿ ဘိက္ခုသံဃဿာတိ **နိဒ္ဒုဿီလော**။

➢ ၆။ (စ) ဖြင့် နိရဗ္ဗုဒေါ-ကို နိ+အဗ္ဗုဒေါ-ဟု ပဒစ္ဆေဒပြု--ရင်း (သန္ဓိလိင်္ဂပဒ) ရ-၏ အာဂုံ၏--ရင်း (ဘာဝတ္ထ) နိ-၏ ဝိရဟအနက်ဖော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဗ္ဗုဒေဟိ ဝိရဟိတော နိရဗ္ဗုဒေါ-ဟု ပဉ္စမီ အဗျယီဘောသမာသ်ပြု--ရင်း (သမာသ

http://www.dhammadownload.com



လိင်္ဂတ္ထ) [တစ်နည်း] နတ္ထိ အဗ္ဗုဒေါ ဧတဿ ဘိက္ခု သံဃဿာတိ နိရဗ္ဗုဒေါ-ဟု စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဂ) ၌ အဗ္ဗုဒါ ဝုစ္စန္တိ စောရာ-ဖြင့် ဤ၌ အဗ္ဗုဒ-သဒ္ဒါသည် အမြုပ် သချာ ဟူသောအနက်တို့ကိုမဟော၊ ခိုးသူဟူသော အနက်ကိုဟောသည်၏အဖြစ်ကို သိစေ ပါသည်။ (နာမလိင်္ဂတ္ထ) နိစ္စောရော-ဖြင့် ခိုးသူမှကင်း၏ဟူသည် ခိုးသူမရှိခြင်းပင်တည်း ဟု သိစေ။ (ဘာဝတ္ထ) (ဃ) ဖြင့် ဤသံဃအရာ၌ ဒုဿီလပုဂ္ဂိုလ်ကိုသာ သဒိသူပစာ အားဖြင့် စောရ-အရ (ဝါ) အဗ္ဗုဒ-အရ ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

(င) ၌ စောရေန္တိ-ဖြင့် စောရာ-၌ စုရဓာတ်၏--ရင်း (ဒု-ဓာတုပဒ) ဏပစ္စည်း ကတ္တုသာဓနေ၌သက်--ရင်း (ဒု-ပစ္စယတ္ထ) စောရေန္တီတိ စောရာ-ဟု ကတ္တုသာဓနပြု-- ရင်း (အဘိဓာနတ္ထ) သိစေပါသည်။ တစ်ဝါကျလုံးဖြင့် ဒုဿီလပုဂ္ဂိုလ်တို့ကို စောရ-ဟု ခေါ်ဆိုရခြင်း၏အကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ ဒုဿီလာဝ/ဒုဿီလာဝ ။ ။ ဥ ဒု နိ ဥပသဂ္ဂတော နိစ္စံ ဒွိတ္တံ-ဟူသော ရှုပ သိဒ္ဓိကို ထောက်၍ ဒု-ဥပသာရနောက်ရှိ သီလ၌ သ-သည် ဒွေဘော်ဌာနဖြစ်သောကြောင့် ဒုဿီလာဝ-ပါဌ်သာ သင့်ပါသည်။ သိ ဗန္ဓနေ၊ လော၊ သိနောတိ ဗန္ဓတိ စိတ္တံ ဧတေနာတိ သီလံ-ဟူသော သူစိကိုထောက်လျှင်လည်း ရဿ အက္ခရာနောက်ရှိ သိဓာတ်သည် ဒွေ ဘော် ရောက်ရမည်သာဖြစ်သောကြောင့် ဒုဿီလာဝ-ပါဌ်သာ သင့်ပါသည်။

အဗ္ဗုဒ/အဗ္ဗုဒ ။ ။ အဗ္ဗ-ဟိံသာဂတိမှိ ဒေါ အာဂမသံ့ (သူစိ) အဗ္ဗဓာတ်+ဒပစ္စည်း၊ ဓာတွန်ကျေပြီးမှလာသော အ-ကို ဥပြု၍ အဗ္ဗုဒ-ဟု ရုပ်ပြီးသောကြောင့်ရင်း၊ အဗ္ဗု ဝုစ္စတိ ဥပဒ္ဒဝံ၊ တံ ဒေတီတိ အဗ္ဗုဒံ။ (သီ-ဋီ) ၌ အဗ္ဗုသဒ္ဒူပပဒ ဒါဓာတ် အ-ပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့်ရင်း၊ ပါရာဇိကကဏ်ဂဏ္ဌိသစ်၌လည်း အဗ္ဗဓာတ် ဥဒပစ္စည်းဖြင့် ရုပ် ပြီးသောကြောင့်ရင်း၊ အဗ္ဗုဒ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **အဗ္ဗုဒ**-ကား အပေါင်းဖြစ်သော အမြုပ်, အဗ္ဗုဒသချာ, ခိုးသူအနက်တို့၏ "အဗ္ဗုဒ"ဟူသောအမည်ကို အစိတ်ဖြစ်သော ခိုးသူ၌တင်-- ဧကဒေသူပစာ။ ရုဋ္ဌိနည်း။

အတူဖြစ်သော ခိုးသူ၏ "အဗ္ဗုဒ"ဟူသောအမည်ကို အတူရှိသော ဒုဿီလ ပုဂ္ဂိုလ် ၌တင်-- သဒိသူပစာ၊ ရုဋ္ဌိနည်း။

**နိရဗ္ဗုဒ**-ကား အပေါင်းဖြစ်သော အမြုပ်, အဗ္ဗုဒသချာ, ခိုးသူတို့ မရှိခြင်း၏ "နိရဗ္ဗုဒ"ဟူသောအမည်ကို အစိတ်ဖြစ်သော ခိုးသူမရှိခြင်း၌တင်--ဧကဒေသူပစာ၊ ရုဋ္ဌိနည်း။ (တနည်း) အတူဖြစ်သော ခိုးသူမရှိခြင်း၏ "နိရဗ္ဗုဒ"ဟူသောအမည်ကို အတူ ရှိသော ဒုဿီလပုဂ္ဂိုလ်၏ မရှိခြင်း၌တင်-သဒိသူပစာ။

➤ ၁၀။ **အဗ္ဗုဒ**-အရ ဒုဿီလပုဂ္ဂိုလ်တို့၏ ခန္ဓာပဉ္စကကိုယူ။

**ဗဇ္ဇယော စောရေန္တိ**-အရ ဝီတိက္ကမစေတနာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

http://www.dhammadownload.com



**ပါဌ် [၁၈၃]**

(က) နိရာဒီနဝေါတိ နိဂ္ဂုပဒ္ဒဝေါ နိဂ္ဂုပသဂ္ဂေါ။ (ခ) ဒုဿီလာဒီနဝဂုပ်ဘောယေဝါတိ ဝုတ္တံ ဟောတိ။ (ဂ) **အပဂတကာဠကောတိ** ကာဠကာ ဝုစ္စန္တိ ဒုဿီလာယေဝ။

(ဃ) တေ ဟိ သုဝဏ္ဏဝဏ္ဏာပိ သမာနာ ကာဠကမ္မေယောဂါ ကာဠကာတွေဝ ဝေဒိတဗ္ဗာ။ (င) တေသံ အဘာဝါ အပဂတကာဠကော။ (စ) **အပဂတကာဠကောတိပိ** ပါဌော။ (၄။၁၆၂။ မအူ-၂။၅၀၄။ ဘာသာဋီ-၂။၁၅၇။)

➢ ၁။ (ဃ) တေ=ထို သီလမရှိကုန်သော ပုဂ္ဂိုလ်တို့ကို။

(င) တေသံ ကာဠကာနံ= ထို သီလမရှိကုန်သော ပုဂ္ဂိုလ်တို့၏။

➢ ၂။ (ဃ) ဒှိ/ ဆရာ-သည် (ဂ) ဖြင့် ဒုဿီလပုဂ္ဂိုလ်တို့ကိုသာ ကာဠကဟူ၍ ဆိုအပ်ကုန်သောဟု ဆို၏။ ယင်းဒုဿီလပုဂ္ဂိုလ်တို့သည် ရွှေအဆင်းကဲ့သို့ အဆင်းရှိကြကုန်သည် မဟုတ်ပါလော။ (ဝါ) ကာဠကသဒ္ဒါသည် မည်းသောအဆင်းကိုသာ ဟောသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ဒုဿီလပုဂ္ဂိုလ်တို့ကိုသာ ကာဠကတို့ဟူ၍ ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

➢ ၃။ (က) သည် ပက္ခန္တရ။ (ခ) သည် ပဒပိဏ္ဍတ္ထကိုပြသောကြောင့် ဝိတ္ထာရ။ (ဂ) ပက္ခန္တရ။ (ဃ) သည် ဒုဿီလတို့ကို ကာဠကတို့ဟူ၍ ဆိုအပ်ရာ၌ ယုတ္တိအားဖြင့် ခိုင်မြဲစေသောကြောင့် ယုတ္တိဒဠ္ဟီကရဏဝါကျ။ (င) သည် ကာဠက-ဟူသော အစိတ်ပုဒ်၏ အဖွင့်မှတပါး အပဂတကာဠကဟူသော အပေါင်းပုဒ်၏အဖွင့်ကိုပြသောကြောင့် ပက္ခန္တရ။ (င) ပက္ခန္တရ/ဝါကျာရမ္ဘ။ **သုဝဏ္ဏဝဏ္ဏာပိ**-၌ အပိ-ကား ဂရဟာ ဖြစ်သည်။

➢ ၄။ အာဘုသော ဒီနံ ဝါယတိ ဂမယတီတိ **အာဒီနဝေါ**။ (တစ်နည်း) အာဒီနံ အတိဝိယ ကပဏဘာဝံ ဒုက္ခံ ဝါတိ ဂစ္ဆာတိ အဓိဂစ္ဆတိ ဝေတနာတိ ဝါ **အာဒီနဝေါ**။

(တစ်နည်း) အာဒီနံ ဝါတိ ပါပုဏာတိ ဝေတနာတိ **အာဒီနဝေါ**။ အာဒီန-အရဆင်းရဲပင်ပန်းခြင်း ရ၏။ ဝါဓာတ်အရ ကတ္တုဌကား ဆင်းရဲပင်ပန်းသော အခြင်းအရာအားဖြင့်ဖြစ်သော ကာယိကဒုက္ခ စေတသိကဒုက္ခပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကရဏဌကား ထိုအားတပ်သော အပြစ်ဘေးရန်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော အပြစ်ဘေးရန်ရ၏။

နတ္ထိ အာဒီနဝေါ ဧတဿ ဘိက္ခုသံဃဿာတိ **နိရာဒီနဝေါ**။ န အာဒီနဝပုဒ်အရကား ဒုဿီလဟူသော အပြစ်ဘေးရန် မရှိခြင်းသည် မုချ။ ထို---၏ ဘိက္ခုသံဃာနှင့် ဂုဏ်-ဂုဏီ စပ် ဌာနူ။ ဧတ-အညပုဒ်အရကား ထို--သော ဒုဿီလဟူသော အပြစ်ဘေးရန် မရှိသော ဘိက္ခုသံဃာရ၏။

အပဂတာ ဝိဂတာ ကာဠကာ ဧတသ္မာ သံဃမှာတိ **အပဂတကာဠကော**။ ဧတသ္မာ သံဃမှာ၊ဤသံဃာမှ။အပဂတာ ဝိဂတာ၊ကင်းကုန်သော။ကာဠကာ၊ဒုဿီလတို့သည်။သန္တိ၊

http://www.dhammadownload.com



ရှိကုန်၏။ဣတိ သော သံယော အပဂတကာဠကော။ အပဂတ+ကာဠက+တေပုဒ်၊ ပဥ္စမီ ဗဟုဗ္ဗီဟိသမာသ်။ အပဂတကာဠက-အရကား မည်းညစ်သော ဒုဿီလတို့မှကင်းခြင်း ဒုဿီလတို့ မရှိခြင်းသည် မုချ။ ယင်း၏ သံဃာဖြစ်နှင့် ဂုဏ်-ဂုဏော စပ် ဌာန။ တေ-အညပုဒ်အရ ထို--သော ဒုဿီလကင်းသော မရှိသော သံဃာရ၏။

သုဝဏ္ဏဿ ဝဏ္ဏော သုဝဏ္ဏဝဏ္ဏော။ သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏော ဧတေသန္တိ သုဝဏ္ဏဝဏ္ဏာ။ တေသံ ဒုဿီလပုဂ္ဂလာနံ၊ ထိုဒုဿီလပုဂ္ဂိုလ်တို့၏။သုဝဏ္ဏဝဏ္ဏော ဝိယ၊ ရွှေအဆင်းကဲ့သို့သော။ဝဏ္ဏော၊အဆင်းသည်။အတ္ထိ၊ရှိ၏။ဣတိ၊ တေ ဒုဿီလပုဂ္ဂလာ သုဝဏ္ဏဝဏ္ဏာ။ ဥပမာန ပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်၊ သုဝဏ္ဏဝဏ္ဏ+ဝိယ+ဝဏ္ဏ+တေပုဒ်။

သုဝဏ္ဏဝဏ္ဏာ-အရကား ရွှေ၏အဆင်းကဲ့သို့သော အဆင်းသည် မုချ။ ယင်းရွှေ၏ အဆင်းကဲ့သို့သော အဆင်း၏ ဒုဿီလပုဂ္ဂိုလ်တို့နှင့် ဂုဏ်-ဂုဏော စပ် ဌာန။ တေ-အညပုဒ်အရ ထို--သော ဒုဿီလပုဂ္ဂိုလ်တို့ဖြစ်ရ၏။

ဥပဒ္ဒဝေဟိ ဝိရဟိတော နိရုပဒ္ဒဝေါ။ (တစ်နည်း) နတ္ထိ ဥပဒ္ဒဝေါ ဧတဿ ဘိက္ခုသံဃဿာတိ နိရုပဒ္ဒဝေါ။ ဥပသဂ္ဂေဟိ ဝိရဟိတော နိရုပသဂ္ဂေါ။

(တစ်နည်း) နတ္ထိ ဥပသဂ္ဂေါ ဧတဿ ဘိက္ခုသံဃဿာတိ နိရုပသဂ္ဂေါ။ ဒုဿီလ သင်္ခါတာ အာဒီနဝါ ဒုဿီလျာဒီနဝါ။ တေဟိ ဝိရဟိတော ဒုဿီလျာဒီနဝဝိရဟိတော။ ကာဠကာ ဓမ္မာ ကာဠကဓမ္မာ။ ကာဠကဓမ္မေဟိ ယောဂေါ ကာဠကဓမ္မယောဂေါ။

➢ ၆။ (က) ၌ နိရုပဒ္ဒဝေါ-ဖြင့် နိရာဒီနဝ-သည် နိရုပဒ္ဒဝ-၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ) [တစ်နည်း] နိရာဒီနဝေါ-၌ အာဒီနဝ-သဒ္ဒါသည် ဥပဒ္ဒဝအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ) နိရုပသဂ္ဂေါ-ဖြင့် နိရုပဒ္ဒဝ-သည် နိရုပသဂ္ဂ-၏ ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ခ) ဖြင့် နိရာဒီနဝေါ-၌ အာဒီနဝ-အရ ဒုဿီလဟူသော အပြစ်ဘေးရန်ကို ယူ--ရင်း (အဘိဓေယျတ္ထ) နိ-ဥပသာရ၏ ဝိရဟအနက်ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အာဒီနဝေဟိ ဝိရဟိတော နိရာဒီနဝေါ-ဟု ပဥ္စမီ အဗျယီဘောပြု(တစ်နည်း) နတ္ထိ အာဒီနဝေါ ဧတဿ ဘိက္ခုသံဃဿာတိ နိရာဒီနဝေါ-ဟု စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဂ) ဖြင့် အပဂတကာဠကော-၌ ကာဠကသဒ္ဒါသည် ရှဉ့်နက်ဟူသောအနက်ကို မဟော၊ သဒိသူပစာ ဂုဏူပစာအားဖြင့် ဒုဿီလအနက်ဟော၏ဟု သိ။ (နာမလိင်္ဂတ္ထ)
[တစ်နည်း] ကာဠက-အရ ဒုဿီလပုဂ္ဂိုလ်တို့ကို ယူရမည်ဟု သိစေ။ (အဘိဓေယျတ္ထ)

(ဃ) ဖြင့် ဒုဿီလ၏အဖြစ်ဟူသော မည်းညစ်သော အကုသိုလ်ဓမ္မနှင့် ယှဉ်ခြင်းကြောင့် ဂုဏူပစာအားဖြင့် ဒုဿီလပုဂ္ဂိုလ်တို့ကို ကာဠကဟူ၍ သိအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(င) ဖြင့် အပဂတကာဠကာပုဒ်ကို ကာဠကေဟိ အပဂတော အပဂတကာဠကော-ဟု ပဉ္စမီ တပ္ပုရိသ်ပြု/ အပဂတာ ကာဠကာ ဣမဿ ဘိက္ခုသံယဿာတိ အပဂတ ကာဠကော-ဟု စတုတ္ထီ ဗဟုဗ္ဗီဟိပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

➢ ၇။ **နိရာဒီနဝ/နိရာဒီနဝ** ။ ။ အာဒီနသဒ္ဒါပုပဒ ဝါစာတ်ဖြင့် ရုပ်ပြီးသော ကြောင့် နိရာဒီနဝ-ပါဌ်သာ သင့်ပါသည်။

**အပဂတကာဠကော/အပဟာတကာဠကော** ။ ။ အပဂတကာဠကော-၌ အပဂတ-ဝယ် အပရှေ့ရှိသော ဂမုဓာတ်။ အပဟာတကာဠကော-၌ အပဟာတ-ဝယ် အပရှေ့ရှိ သော ဟနဓာတ်ဖြစ်၍ ဂမုဓာတ် ဟနဓာတ်တို့သည် ဂတိအနက်ရှိသောကြောင့် အနက် ထူး မရှိသဖြင့်၎င်း၊ ဤအဌကထာ၌ အပဟာတ ကာဠကောတိပိ ပါဌော-ဟု ဆိုထားသော ကြောင့်၎င်း၊ နှစ်ပါဌ်လုံး သင့်ပါသည်။

➢ ၈။ **ကာဠကာ-ကား** အကုသိုလ်ဓမ္မ၏ အမည်းဂုဏ်၏ "ကာဠက"ဟူသော အမည်ကို ဂုဏီဖြစ်သော ဒုဿီလပုဂ္ဂိုလ်၌တင်-- ဂုဏူပစာ။

(တစ်နည်း) အတူဖြစ်သော အမည်း၏ "ကာဠက"ဟူသောအမည်ကို အတူရှိသော ဒုဿီလပုဂ္ဂိုလ်၌တင်-- သဒိသူပစာ။ ရှင်ဦးနည်း။ ဂုဏ်နှင့် ဂုဏီ မကင်းကောင်းသော ကြောင့် သဟစရဏနည်း မည်၏။

(တစ်နည်း) ဌာန အကြောင်းဖြစ်သော ညစ်ညူးသော အကုသိုလ်ဓမ္မ၏ "ကာဠက" ဟူသော အမည်ကို ဌာနီ အကျိုးဖြစ်သော ဒုဿီလပုဂ္ဂိုလ်၌တင်-- ဌာနူပစာ။

➢ ၁၀။ **[ခန္ဓာတရဏာဟာရနည်း] ကာဠကဓမ္မ**--အရ အကုသိုလ်ဓမ္မကိုယူ။ ကာဠကဓမ္မ-၏ အရဖြစ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် -- မည်၏။ ဝေဒနာ သညာတို့မှကြွင်းသော စေ-(၂၅) သည် သင်္ခါရက္ခန္ဓာမည်၏။ အကုသိုလ်စိတ် ဒွါဒသသည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့ ခန္ဓာအားဖြင့် သွင်းခြင်းသည် ခန္ဓောတရဏာဟာရမည်၏ဟူလိုသော်။

## ဓါတ္ထ [၁၈၄]

(က) **သုဓော္ဓာတိ အပဂတကာဠကတ္တာယေဝ သုဓော္ဓ ပရိယောဒါတော ပဘဿရော။**

